www.dhammaransi.com

အနန္တရာယ်ကင်းတံဆိပ်တော်။

ကျေးဇူးရှင်

# လယ်တီဆရာတော်ဘုရားကြီး

ဖြေကြား ဆုံးဖြတ်တော် မူအပ်သော

# လယ်တီ ပုစ္ဆာအဖြေပေါင်းချုပ် ကျမ်းကြီး။

## ပထမတွဲ။

ခုတနသပုံ-လယ်တီစကြင်နိုကျောင်းအမကြီးဒေါ်လုံ

(က)

ဒုတိယအကြိမ်-ရိုက်နှိပ်ပါသည်။

အမျိုးသားစာပုံနှိပ်တိုက်။

နံပါတ် ၄၇။ ၅၁=လမ်း။

ရန်ကုန်မြို့။

www.dhammaransi.com



www.dhammaransi.com

# ( နိဒါန်း။ )

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး။ သက်တော်ထင်ရှားရှိတော်မူစဉ်။အကြောင်းသို့သောမြို့ရွာခရိုင်။နိုင်ငံအရပ်ရပ်သို့။ဒေသစာရီ။ကြွချီတော်မူရာတွင်။ လျှောက်လာသမျှ ပုစ္ဆာအရပ်ရပ်တို့ကိုရင်း။ ။ရဟန်းရှင်လူ။ခပ်သိမ်းသူတို့။ အယူ့ဝါဒ။ယုံမှားကြသော။ပသက်များစွာ။ပြဿနာတို့ကိုရင်း။ ။မြေခြား-ရေခြား။တိုင်းတပါးက။ ထူးခြားစွာလှ။ခဲယဉ်းလှသော။ဝိဝါဒါမိကရဏ်း။ဖြေထုံးနက်နဲ။ခက်ခဲစွာဘိ၊အံ့ဘွယ်ရှိသော။ ဝိသေသပဉ္စာ။ပြဿနာတို့ကိုရင်း။ ။ဘာသာမတူ။မြေးတုအဝိဇ္ဇာ။ပိတ်ဆီးကာသော။မဟာဘမ၊လူအန္ဓတို့က။သဗ္ဗညုတ,သခင်။ ဘုရားရှင်ကို။အတင်တင်စွပ်စွဲ၍။အနဲနဲပုတ်ခတ်သော။အရပ်ရပ်ပုစ္ဆာဘို့ကို။ဖြေဆိုရာအခက်းခက်းတို့ဖြင့်ရင်း။ ။ဗုဒ္ဓဘုရား။ထင်ရှားရှိစဉ်။မာန်လွင်တံခွန်။ကဲကဲချွန်သော၊လူလွှန်သစ္စက။ပမာဏသို့။ ဒုဗ္ဗစ်သတ္တဝါ။လူမသိမာတို့၏။အဖြာဖြာသောမေးခွန်းတို့ကို။ရွှန်း ရွှန်းဝေအောင်ဖြေကြားတော်မူခြင်း တည်းဟူသော-ပုစ္ဆာအရပ်ရပ်တို့ဖြင့်ရင်း။ ဥရောပရဋ္ဌာန်၊ အင်္ဂလန်တိုင်းသူ။သရိုင်းပညူလောက်သော်။ မစ္စတ်ဒေဗစ်ခေါ်“ပါဠိဒေဗီဆရာမကြီး”၏။ အနည်းနည်းအဝဝ။ခဏာခဏာမေးမြန်းအပ်သော။အဘိဓမ္မဏ္ဌအချာ။များစွာသောခဲဆစ်ပုစ္ဆာအပေါင်းတို့ကိုရင်း။ ။သက်သတ်စားထိုက်,မစားထိုက်။စရိုက်အယူ လွဲမလွဲ။ ခက်ခဲသောပုစ္ဆာအရပ်ရပ်ဘို့ကို။ ကင်းပြတ်ပသက်ရှိကြစေရန်။ရည်သန်တော်မူသောအားဖြင့်။ ဖြေကြားတော်မူခဲ့သော-ပုစ္ဆာအရပ်ရပ်တို့ကို။ကစဉ့်ကလျား။တဖြင့်တပါးပျက်ပြားမြုပ်တိမ်ခြင်းမရှိရန်။ရည်သန်သောအားဖြင့်။သားနားကောင်းမွန်စွာ-စက်တင်ပုံနှိပ်လုပ်ဆောင်ပါသည်။

လယ်တီဓောဇာဒုရ

၁၂၇၅-ခု။ပြာသိုလ်ဆန်း(၈)ရက်။

မဏ္ဍလေးမြို့။

www.dhammaransi.com

# လယ်တီပုစ္ဆာအဖြေပေါင်းချုပ်
# ကျမ်းကြီး။
## ပထမတွဲ—မာတိကာ။


| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၁ | ဝေံဂေလိ-ပုစ္ဆာအဖြေ | |
| ၂ | ခရစ်ယန်အဆို အပြစ်—၁၁-ချက်ကိုပြခြင်း | ၉ |
| ၃ | ၎င်းအပြစ်ဆိုချက်—၁၁-ချက်ကို ဆရာတော်ဘုရားကြီးဖြေဆိုချက် | ၁၅ |
| ၄ | ဗိုးကုန်းကြီးခရစ်ယန်အသင်းသားတို့မေးခွန်းပုစ္ဆာ | |
| ၅ | ၁၆—ချက်နှင့်-၎င်းအဖြေ | ၄၉ |
| ၆ | ပြင်သစ်ပုစ္ဆာ—ဝိသဇ္ဇနာအဖြေ | ၇၂ |
| ၇ | အသားစားခြင်း,ပုစ္ဆာအဖြေ | ၉၀ |
| ၈ | လန်ဒန်ဒေဝီ၏နိယာမ,ပုစ္ဆာအဖြေ | ၉၇ |
| ၉ | လန်ဒန်—အာကာသ—ပုစ္ဆာအဖြေ | ၁၃၄ |
| ၁၀ | မာတုဂါမ,ရဟန်းပြုပုစ္ဆာအဖြေ | ၁၃၉ |
| ၁၁ | သီဟိုဠ်—ကိုလံဗို—ပုစ္ဆာအဖြေ | ၁၅၄ |
| ၁၂ | မော်လမြိုင် ကောနွတ်ပုစ္ဆာအဖြေ | ၁၅၈ |
| ၁၃ | လန်ဒန်ပါဠိဒေဝီ၏—၂၄—ပစ္စည်းပုစ္ဆာအဖြေ | ၁၆၆ |
| ၁၄ | ကမ္မဝါဒ,ပုစ္ဆာအဖြေ | ၂၂၀ |
| ၁၅ | လန်ဒန်ပါဠိဒေဝီ၏သညာပုစ္ဆာအဖြေ | ၂၂၄ |
| ၁၆ | ဓားငယ်ပုစ္ဆာအဖြေ | ၂၂၈ |
| ၁၇ | အတ္တ,အနတ္တ,ပုစ္ဆာအဖြေ | ၂၄၄ |
| ၁၈ | ရွှေဥဒေါင်း ပုစ္ဆာအဖြေ | ၂၇၅ |
| ၁၉ | ဇေယျာပူရဇာမရီရှင်စန္ဒာဝရပုစ္ဆာအဖြေ | ၃၃၁ |
| ၂၀ | ဗုဒ္ဓဘာသာ—မြမ္မာဘာသာရှင်းလင်းချက်ပုစ္ဆာအဖြေ | ၃၈၀ |
| ၂၁ | ပရမတ္ထသဒ္ဒါနှင့် ပညတ္တိသဒ္ဒါခွဲခက်းပုစ္ဆာအဖြေ | ၄၂၃ |
| ၂၂ | ဓညဝတီပုစ္ဆာအဖြေ | ၄၂၈ |
| ၂၃ | ရှင်ရာဇိန္ဒပုစ္ဆာအဖြေ | ၄၃၆ |
| ၂၄ | ဥက္ကံပုစ္ဆာအဖြေ | ၄၄၁ |

www.dhammaransi.com

# မာတိကာ၊



| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာ နံပါတ်။ |
|---|---|---|
| ၂၅ | ရန်ကုန်ပုဏ္ဏားအဖြေ | ၄၄၀ |
| ၂၆ | ဥာဏ်အသင်း–မာရ်အသင်း-ခန္ဓာအသင်း,ရှင်းလင်းချက် | ၄၅၅ |
| ၂၇ | ကျွန်းကုန်းကြီး-ပုဏ္ဏားအဖြေ | ၄၀၄ |
| ၂၀ | ဦးရွှေစံအောင်-နိဗ္ဗာန်,ပုဏ္ဏားအဖြေ | ၄၉၀ |
| ၂၉ | အာပတ္တိဝိနိစ္ဆယ | ၅၂၂ |
| ၃၀ | ဝါဆိုသင်္ကန်းအမေးအဖြေ | ၅၃၃ |



လယ်တီပုဏ္ဏားအဖြေပေါင်းချုပ်ကျမ်းကြီး

ပထမတွဲ

မာတိကာပြီး၏။

www.dhammaransi.com

# လျှောက်လွှာ။

## နိုင်ငံလုံးဆိုင်ရာ--ဗုဒ္ဓဘာသာကောင်စီ

## ၈၃--ကျုံးကြီးလမ်း။

လမ်းမတော်ရပ်။

ရန်ကုန်မြို့။

# သယ်တီဆရာတော်ဘုရားကြီး

## ထံလျှောက်လွှာ။

ရှိသေလေးမြတ်စွာ။ခြေတော်ဦးခိုက်လျှောက်ထားပါသည်။ သီလ,သမာဓိ,ပညာနှင့်ပြည့်စုံတော်မူပါသော ကျေးဇူးတော်ရှင်ဆရာတော်ကြီးဘုရား။ ။အောက်နိုက်(မှုရင်း)ရေးသားပါရှိပါသော၊ ခရစ်ယန်ဘာသာလူမျိုးတို့ ထုတ်ဝေသည့်၊ “ဇေဝံဂေလိသတင်းစာ”ပါ၊အကြောင်းအရာနှင့်စပ်လျဉ်း၍။ဉာဏ်ပညာနုနယ်သောအင်္ဂလိပ်ပညာသင်ကျောင်းသားတို့မှာ။ များစွာယုံမှားခြင်းဖြစ်ကြရုံမျှမက၊အလွန်မှပင် နာကျင်ဘွယ်ရာကောင်းသော အကြောင်းအရာစကားများဖြစ်သည်ဟု ထင်ယူသဘောရရှိသဖြင့်။ ၎င်းတို့အဆင့်ဆင့်ပြောဆိုနှိုးနှောကြပြီးလျှင်။ ဘုရားတပည့်တော်တို့။ နိုင်ငံလုံးဆိုင်ရာဗုဒ္ဓဘာသာအဘွဲ့,အစည်းအဝေးပြုလုပ်စဉ်းစားကြရာ။၎င်းကော်မီတီရုံညီတို့ကပင်။ အရှင်ဆရာတော်ဘုရားကြီးထံ။ အဖြေရေးသားချီးမြှင့်တော်မူပါမည့်အကြောင်းနှင့်၊ ပန်ထွာလျှောက်ထားရန် သဘောတူညီ လွှဲအပ်ကြသည့် အတိုင်း

www.dhammaransi.com

ချောက်လွှာ။

ဘုရားတပည့်တော်-အောက် အမည်ပါသူက၊ ချောက်ထားပါသည်။ကျေးဇူးတော်အရှင်၊ဆရာတော်ဘုရားကြီးဘုရား။

ဇေဝံဂေလိသတင်းစာမူရင်း၊
ဗျာဒိတ်ခံရာအင်္ဂါရှစ်ပါး။

(မည်သည့်ဗုဒ္ဓမဆို၊ ရှေးဦးစွာဗုဒ္ဓဖြစ်အောင်၊ ဗျာဒိတ်ကိုဗုဒ္ဓတပါးနှိက်ခံရမည့်။ထိုဗျာဒိတ်ခံပြီးမှသာ၊ဗုဒ္ဓအဖြစ်သို့ရောက်နိုင်လေသည်၊ ယခုနောက်ဆုံးဗုဒ္ဓဖြစ်သော ဂေါတမဘုရားသည်။ ဒီပင်္ကရာဗုဒ္ဓထံနှိက် ဗျာဒိတ်ရ၍၊ ဗုဒ္ဓအဖြစ်သို့ ရောက်သည်ဟုကျမ်းစာနှိက်အဆိုရှိ၏။ထိုသို့ဗျာဒိတ်ခံရန်လိုအပ်သောအင်္ဂါ(၈) ပါးမှာ၊)

(၁) လူစင်စစ်ဖြစ်ခြင်း။
(၂) ယောကျ်ားင်စစ်ဖြစ်ခြင်း။
(၃) တိဟိတ်ပုဂ္ဂိုလ်ဖြစ်ခြင်း၊
(၄) ရသေ့ရဟန်းပြုသည်လည်းဖြစ်ခြင်း၊
(၅) ဘုရားရှင်ကိုယ်တိုင်ကိုယ်ကြွပ်ဖူးတွေ့ရခြင်း။
(၆) ဈာန်သမာပတ်နှင့်လည်းပြည့်စုံခြင်း။
(၇) ဘုရားဆုကိုအလိုဆန္ဒလည်းရှိခြင်း။
(၈) ဘုရားဆုကိုလည်းတောင်းယူခြင်း။

မှတ်ရန်၊ ။ဤအင်္ဂါ-၈-ပါးနှင့်ပြည့်စုံမှ၊ဗုဒ္ဓဖြစ်ရမည်ဟုကျမ်းလာသောကြောင့်၊ ယခုဘဒ္ဒကမ္ဘာတွင်ပွင့်တော်မူပြီးသောနောံဆုံးဗုဒ္ဓမှာ။ ဒီပင်္ကရာဗုဒ္ဓထံ ဆုပန်သည့်မှန်ပါစေတော့၊ဒီက်ရာမှစသောနှစ်ကျိပ်ရှစ်ဆူသောဗုဒ္ဓတို့သည်။ဘယ်ဗုဒ္ဓထံ၌၊အထက်အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသောလူဖြစ်၍၊ဗျာဒိတ်ခံယူဘူးပါသနည်း။ ''ဂင်္ဂါဝါဠုကဗုဒ္ဓ''တို့တွင်၊လက်ဦးပထမဗုဒ္ဓကား။အခြားဗုဒ္ဓတ

www.dhammaransi.com

# လျှောက်လွှာ။

ဦး။ တခုရုထူးမှ မပွင့်ဘူးသေးသဖြင့်။ မည်သူ့ ထံ နိုက်ဗျာဒိတ်ခံပါသနည်း။ စဉ်းစား၍ယုံကြည်ကြပါလေကုန်။

ပညာနုနယ်သောအင်္ဂလိပ်ပညာသင်ကျောင်းသားတို့အား။ ယုံမှားကင်းပျောက်ရန်တကြောင်း။ ခရစ်ယန်ဘာသာယူ။ လူမျိုးတို့၌ အထင်အယူမှားယွင်းခြင်းမှ။ ကင်းရှင်းရန်တကြောင်း။ ဗုဒ္ဓဘာသာယူအပေါင်းတို့၌။ ကောင်းစွာနှစ်ချိုက်။ အစဉ်တစိုက် မှတ်ပိုက်ရန်တကြောင်း။ ရပေါင်းများပြားသောအကြောင်းအရာတို့ကိုရှုမြော်တော်မူအပ်သောအားဖြင့်။ ကရုဏာရှေ့ထားတော်မူပြီးလျှင်။ အဖြေရေးသားချီးမြှင့်တော်မူပါမည့်အကြောင်း။ လျှောက်ထားပါသည် ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးဘုရား။

မောင်စိန်။

အကျိုးဆောင်စက္ကရိတေရီ။

www.dhammaransi.com

ခရစ်ယန်ဘာသာ"ဧဝံဂေလိပုတ္ထ"ကို

# ကျေးဇူးရှင်လယ်တီဆရာတော်ဘုရား

ကြီးဖြေဆိုတော်မူချက်။

"ဧဝံဂေလိ"အဖြေနိုက်။ ရှေးဦးစွာဗုဒ္ဓဘာသာ အလိုက်ပြဆိုရာ၏။ ။အနမတဂ္ဂေါယံဘိက္ခဝေ။သံသာရောပုဗ္ဗကောဋိနပညာယတိ၊အဝိဇ္ဇာနီဝရဏာနံသတ္တာနံ။တဏှာသံယောဇနာနံ။သန္ဓာဝတံသံသရတံ။ ။အနမတဂ္ဂိယသံယုတ်ပါဠိတော်။ ။ဘိက္ခဝေ၊ ရဟန်းတို့၊အယံသံသာရော။ဤသံသရာကြီးသည်၊ အနမတဂ္ဂေါ၊ အစမရှိ၊အဝိဇ္ဇာနီဝရဏာနံ၊ အဝိဇ္ဇာနီဝရဏ ရှိနေကြကုန်သော၊ တဏှာသံယောဇနာနံ၊ တဏှာသံယောဇဉ် ရှိနေကြကုန်သော၊ သန္ဓာဝတံ၊သန္ဓာဝန္တာနံ၊ တဘဝမှသည်တဘဝသို့ပြေးသွား၍နေကြကုန်သော၊သံသရတံ၊သံသရန္တာနံ၊ တဘဝမှသည်တဘဝသို့ကျင်လည်၍ နေကြကုန်သော၊ သတ္တာနံ၊ သတ္တဝါတို့အား၊ပုဗ္ဗကောဋိ၊ရှေ့အစွန်းသည်၊ နပညာယတိ၊ သဗ္ဗညုတဉာဏ်၌ပင်မထင်လေ။ ။ဤကားအနက်။ ။ဤပါဠိတော်နိုက်၊ သဗ္ဗညုတဉာဏ်တော်မည်သည်၊အလုံးစုံသောအရာမျိုးကို အကြွင်းအကျန်မရှိသိတော်မူ၏။ ။ထို့ကြောင့်၊နပညာယတိ၊သဗ္ဗညုတဉာဏ်၌မထင်လေဟူ၍ဆိုသဖြင့်၊ထိုပုဗ္ဗကောဋိဆိုသောရှေ့အစွန်းသည်မရှိ၍မထင်သည်၊မထင်သောကြောင့်မရှိပြီဟုအမှန်သိအပ်၏။ ။ဤအနမတဂ္ဂိယသုတ် ပါဠိတော်ကိုထောက်၍၊ သံသရာသည်လည်းအစမရှိ၊ ကမ္ဘာသည်လည်းအစမရှိ၊ သတ္တဝါသည်လည်းအစမရှိ၊ဘုရားသည်လည်း အစမရှိဟုဗုဒ္ဓဘာသာပညာရှိကြီးအ

www.dhammaransi.com



ဆက်ဆက်တို့ယူရိုးယူစဉ်၊ ပြောရိုးပြောစဉ်ဖြစ်၏၊ ထိုတွင်သံသရာဆိုသည်ကား။ အသက်ရှိကြသော သတ္တဝါခန္ဓာတို့၏ တဘုံမှ သည်တဘုံ၊ တဘဝမှသည်တဘဝသို့ပြောင်းရွှေ့ ကျင်လည်၍နေကြရသည်ကိုသံသရာဆို၏။ ထို့ကြောင့်။ သံသရာသည်။ အစမရှိဟုဆိုသဖြင့်၊ ကမ္ဘာလည်းအစမရှိ၊ သတ္တဝါလည်းအစမရှိဟုဆိုခြင်းကိစ္စပြီး၏၊ သတ္တဝါအစမရှိဟုဆိုသဖြင့်၊ ဘုရားလည်းအစမရှိဟုဆိုခြင်းကိစ္စပြီး၏။ ။ကမ္ဘာအစမရှိ ဆိုသောစကားမှာလည်း။ ဖြစ်တုံပျက်တုံ အစဉ်အဆက်၌၊ အစမရှိဟုဆိုလိုသည်။ တခုခုသောကမ္ဘာ၌မူကား၊ အစလည်းရှိ၏ အဆုံးလည်းရှိ၏။ ။အဘယ်သို့အစရှိသနည်းဟူမူကား။ ရှေးရှေးကမ္ဘာပျက်ဆဲအခါ၌။ သတ္တဝါအပေါင်းတို့သည်။ ကမ္ဘာပျက်ဘေးလွတ်ရာ အထက်ဘုံတို့၌ဖြစ်၍နေကြရကုန်၏။ ထိုအခါ၌၊ သတ္တဝါတို့သည်အလွန်စိတ်နှလုံးကောင်းကြကုန်၏၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရတရား အမြဲတည်ရှိကြကုန်၏။ ထိုကုသိုလ်ကံ၏ အစွမ်းကြောင့်၊ ကမ္ဘာသစ်တည်ထောင်ရန်ကမ္ဘာပြုမိုးကြီးသည်ကြီးကျယ်စွာရွာရလေ၏၊ ယခုရှိနေကြသောမဟာပထဝီမြေကြီး မြင်းမိုရ်တောင်အစရှိသောကမ္ဘာ့အဆောက်အဦးတို့သည်။ ထိုကမ္ဘာပြုမိုးကြီး၊ ထိုကမ္ဘာပြုရေကြီးတို့မှစ၍ဖြစ်ပွါးကြကုန်၏။ ဤစကား၌၊ ယုတ္တိသက်သေကား၊ လောကနိုက်၊ မင်းမိုးရာဇာတို့မှစ၍၊ ကမ္ဘာသူကမ္ဘာသားတို့ ဗြဟ္မဝိဟာရတရားလေးပါး အမြဲတည်ရှိကြကုန်သောအခါ။ မိုးသည်ကောင်းစွာရွာမြဲဓမ္မတာဖြစ်၏။ ဗြဟ္မဝိဟာရတရားပျက်ပြယ်ကြသောအခါ၊ မိုးသည်ကောင်းစွာမရွာမြဲဓမ္မတာဖြစ်၏၊ ဤဓမ္မတာတရားကြီးသည်။ ကမ္ဘာပေါ်တွင်အစဉ်အဆက်ထင်ရှား၍လာခဲ့သောဓမ္မတာတရားရိုးကြီးပေတည်း။ ။ဤဓမ္မတာတရားရိုးကြီးကိုထောက်၍။ ဗြဟ္မဝိဟာရတရားကြီးလေးပါးသည်၊ မိုးကိုကောင်းစွာ ရွာစေနိုင်သော အကြောင်းရင်းကြီး ဖြစ်သည်ဟုသိရ၏။ ။ကမ္ဘာပျက်၍ နေဆဲအခါ၌။ သတ္တဝါတို့သည် ကမ္ဘာပျက်မီးဘေးကြီး မြှမ်းချောက်မှု အတွက်ကြောင့်၊ ထိတ်လန့်

www.dhammaransi.com



ခြင်းသံဝေဂတရား အလွန်အားကြီးကြကုန်သည်ဖြစ်၍၊ ဖြဟ္မဝိဟာရတရားလေးပါး အလွန်မြဲကြလေကုန်သတည်း၊ ။ကမ္ဘာပျက်မှုမည်သည့်လည်း။ စကြာဝဠာပေါင်းကုဋေ တသိန်းတပြိုင်နက်ပျက်မြဲဓမ္မတာဖြစ်၏။ ထို့ကြောင့်၊ ထိုအခါနှိက်စကြာဝဠာပေါင်းကုဋေ တသိန်း၌ ရှိနေကြကုန်သော သတ္တဝါတို့သည်၊ ထိုဗြဟ္မဝိဟာရတရားလေးပါးအမြဲတည်ရှိကြလေကုန်၏။ ။ဤမျှလောက်ကြီးကျယ်သောဗြဟ္မဝိဟာရတရား အထုကြီး၏အဇရှိန်အဝါကြောင့်၊ စကြာဝဠာကုဋေတသိန်းလုံးမှာ အလွန်ကြီးကျယ်စွာသောကမ္ဘာပြုမိုးကြီးသည်ရွာရလေသတည်း၊ ထိုကမ္ဘာပြုမိုးကြီးကမ္ဘာပြုရေကြီးသည်မဟာပထဝီဇစရှိသော၊ ကမ္ဘာအဆောက်အဦးတို့၏အကြောင်းဖြစ်ပုံဥပမာကား၊လူသတ္တဝါ၊နွား,ကျွဲ,မြင်း,ဆင်,အစရှိသော ဂဗ္ဘသေယျက သတ္တဝါတို့သည်၊ ရှေးဦးစွာအမိဝမ်း၌ကလလရေကြည်မှစ၍ဖြစ်ကြရကုန်၏။ဖြစ်ပုံကား၊ရှေးဦးစွာကလလရေကြည်-၇-ရက်၊ထိုနောက်အမြှုပ်-၇-ရက်၊ ထိုနောက်သွေးခဲ-၇-ရက်၊ ထိုနောက်သားတစ်-၇-ရက်၊ထိုနောက်-၇-ရက်မှစ၍ဦးခေါင်း၊ခြေလက်၊ခက်မငါးဖြာကိုယ်အင်္ဂါတို့သည်ဖြစ်ပေါ်ကြကုန်၍၊ လူကောင်၊ နွားကောင်၊ကျွဲကောင်၊ မြင်းကောင်၊ဆင်ကောင်စသည်တို့ဖြစ်လာကြကုန်၏။ ။ဤအတူမဟာပထဝီမြေကြီးအစရှိသောကမ္ဘာ့ အဆောက်အဦးတို့သည်လည်း၊ ထိုကမ္ဘာပြုမိုးကြီး၊ကမ္ဘာပြုရေကြီးမှစ၍ဖြစ်ပွါးကြရကုန်၏။ ။ဤကား၊ တခုတခုသောကမ္ဘာ၏အစဖြစ်ပုံတည်း။ ။တခုတခုသောကမ္ဘာ၏ပျက်ဆုံးမှုမှာမူကား၊သင်္ခါရမျိုးအနိစ္စမျိုးဖြစ်၍၊ ဖြစ်လျှင်ပျက်မြဲဓမ္မတာအတိုင်းပျက်ကြရကုန်၏။ ။ကမ္ဘာတည်ပုံပျက်ပုံကိုစေ့ရုံစွာသိလိုမူ"ဥရောပအလင်းပြကျမ်း"မှာကြည့်လေ။ ။ဤသို့လျှင်၊အနမတဂ္ဂသံသရာ၌ကမ္ဘာအဆက်ဆက်တို့၏ဖြစ်တုံပျက်တုံအစဉ်မပြတ် ရှည်လျား၍ နေမှုသည်၊ရှေး၌လည်းအစမရှိ၊နောက်၌လည်းအဆုံးမရှိဟု ဗုဒ္ဓဘာသာတရားထင်ရှားရှိ၏။ ။ကမ္ဘာအစအဆုံးမရှိလျှင်လည်း၊ သတ္တဝါ အစအဆုံး မရှိခြင်းသည်ဆို

ဘွယ်မရှိပြီးစီးလေ၏။ ။ဤ၌သတ္တဝါ အဆုံးမရှိဆိုသည်ကား။ ကမ္ဘာပေါ်မှာ။သတ္တဝါတွေ အကုန်ကွယ်ဆုံးမှုကြီးမရှိသည်ကိုဆိုသတည်း။ ။ဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာ အဖြစ်သို့ရောက်ကြကုန်သောသတ္တဝါတို့မှာမူကား။ရှေး၌အစကားမရှိ။ နောက်၌မှာမူကားအဆုံးရှိကြကုန်၏။ သတ္တဝါအစအဆုံးမရှိလျှင်လည်း၊ဘုရားလည်းအစအဆုံးမရှိ ဟုသိအပ်မှတ်အပ်၏။ ယုံကြည်အပ်၏။ ။ဘုရားအစအဆုံးမရှိဆိုသည်မှာလည်း။ ရှေးဘုရားအစဉ်အဆက်အစအဆုံးမရှိသည်ကိုဆိုသတည်း။ ရှေးလွန်လေပြီးသော ဘုရားအစဉ်အဆက်မှာလည်း၊ အစဟူ၍မရှိအနန္တဖြစ်လေ၏။ နောက်လာလတံ့သော ဘုရားအစဉ်အဆက်မှာလည်း အဆုံးမရှိအနန္တဖြစ်လေ၏။ ။ဤမျှသောစကားရပ်တို့ဖြင့်"မောင်စိန်"၏လျှောက်လွှာတွင်ပါရှိသော။ (ဧဝံဂေလိသတင်းစာပါ။ ကြောင်းရာအဖြေသည်)ပြီးပြေလေ၏။ ။ပြီးပြေပုံကား။ဒိပင်ကရာမှစသောနှစ်ကျိပ်ရှစ်ဆူသော ဗုဒ္ဓတို့သည်၊ ဘယ်ဗုဒ္ဓထံ၌အထက်အင်္ဂါ-၈-ပါးနှင့်ပြည့်စုံသောလူဖြစ်၍၊ဗျာဒိတ်ခံယူပါသနည်းဟူသော ပထမမေးခွန်း၌ ဒိပင်ကရာဘုရားမှာရှေးအတိတ်ကာလ၌၊ ဘုရားတွေအနန္တရှိကြောင်းကိုဗုဒ္ဓဘာသာအလိုပြဆိုခဲ့ပြီးဖြစ်၍။ ဒိပင်ကရာမှစသောနှစ်ကျိပ်ရှစ်ဆူသော ဗုဒ္ဓတို့သည်။ အသီးအသီးအင်္ဂါရှစ်ပါးနှင့်အညီအညွတ်ကြုံကြိုက်ရာဗုဒ္ဓထံ၌။ ဗျာဒိတ်ခံရကုန်သည်ဟုပြီးပြေလေသတည်း။ ။ဂင်္ဂါဝါဠုကဗုဒ္ဓတို့တွင်လက်ဦးပထမဗုဒ္ဓကား။အခြားဗုဒ္ဓဘဦးတဆူထူးမှမပွင့်ဘူးသေးသဖြင့်။ မည်သူ့ထံ၌ဗျာဒိတ်ခံယူပါသနည်းဟူသောဒုတိယမေးခွန်း၌။ပြင်ဆင်ရန်အချက်ရှိ၏(ဂင်္ဂါဝါဠုကဗုဒ္ဓတို့တွင်)ဟူသောစကားသည်၊ မပြည့်မစုံဖြစ်၍နေ၏။ ဗုဒ္ဓဘာသာဆိုရိုးမှာမူကား၊ "ဂင်္ဂါဝါဠုသဲစုမက"ဟူ၍သာဆိုရိုးဖြစ်၏၊ ။ဤ၌ "မက"ဟူသောစကားဖြင့်၊ဂင်္ဂါဝါဠုသဲစုထက်အဆ,ဘရာမက။ အဆ,တထောင်မက။အဆ,တသောင်းမက။အဆ,တသိန်း,တသန်း,တကုဋေ,မကဟုဆိုလို၏။ ။ဤသို့အပြည့်အစုံဆိုခဲ့သော်။လက်ဦးပထမ, ဗုဒ္ဓ,ဟူ၍ပင်မရှိသောကြောင့်။ လက်

www.dhammaransi.com



ဦး ဗုဒ္ဓ,သည်၊ဘယ် ဗုဒ္ဓ,ထံမှ–ဗျာဒိတ် ခံပါသနည်း ဟူ၍လည်း မေးဘွယ်မရှိ။စည်းစား၍ယုံကြည်ကြပါလေကုန်ဟူ၍လည်း။ သတိပေးဘွယ်မရှိ၊ ပြီးပြေလေ၏။ ။ဤ၌ "ဂင်္ဂါဝါဠုသဲရုမက" ဟူသော။ဗုဒ္ဓဘာသာဆိုရိုးစကား၏ အထောက် ပါဠိတော်ကား။ မြတ်စွာဘုရားလက်ထက်တော်၌။ပုဏ္ဏားတယောက်သည်။ မြတ်စွာဘုရားအား။ ဤသို့လျှောက်ထား၏။အရှင်ဂေါတမ။လွန်လေပြီးသောကမ္ဘာတို့သည်၊ အဘယ်မျှ များပြား ကုန်ပါသနည်း ဟူ၍ လျှောက်ထား၏။ ။မြတ်စွာဘုရားက ဤသို့ဖြေတော်မူ၏၊ ။

သေယျထာပိ ဗြာဟ္မဏ။ ယတော စာယံ ဂင်္ဂါနဒီပဟောတိ။ ယတ္ထစ မဟာသမုဒ္ဒံ အပ္ပေတိ၊ယာဧတသ္မိံ အန္တရေ ဝါလိကာ။ သာနသုကရာသင်္ခါတုံ။ ။တတောဗဟုတရာခေါဗြာဟ္မဏ၊ကပ္ပါ အဗ္ဘာတိတာအတိက္ကန္တာ။တေနသုကရာသင်္ခါတုံ။ ။

## နိဒါန်ဝဂ္ဂသံယုတ်။အနမတဂ္ဂသံယုတ်ပထမဝဂ် အဋ္ဌမသုတ်ပါဠိတော်။

အနက်ကား။ ။ဗြာဟ္မဏ၊ပုဏ္ဏား။ သေယျထာပိ၊ ဥပမာဆိုသည်ရှိသော်ကား။ယတော စ၊ အကြင်အရပ်မှလည်း။ အယံ ဂင်္ဂါနဒီ၊ဤဂင်္ဂါမြစ်ကြီးသည်။ပဟောတိ၊အစဖြစ်၍စီးလာ၏။ ယတ္ထစ၊ အကြင်အရပ်၌လည်း။မဟာသမုဒ္ဒံ၊မဟာသမုဒ္ဒရာသို့။အပ္ပေတိ၊ စီးဝင်လေ၏။ဧတသ္မိံ အန္တရေ၊ ဤအတွင်း၌။ ယာ ဝါလိကာ၊ အကြင်သဲမှုန့်အစုသည်။အတ္ထိ၊ ရှိ၏။သာ၊ ထိုသဲမှုန့်အစုသည်။ သင်္ခါတုံ၊ရေတွက်ခြင်းငှါ။နသုကရာ၊မလွယ်လေ။ဗြာဟ္မဏ၊ ပုဏ္ဏား။တတော၊ထိုဂင်္ဂါသဲစုထက်။အဗ္ဘာတိတာ၊လွန်လေကုန်ပြီးသော။အတိက္ကန္တာ၊လွန်လေကုန်ပြီးသော။ ကပ္ပါ၊ ကမ္ဘာတို့သည်။ ဗဟုတရာ၊အလွန်များကုန်၏။ တေ၊ထိုလွန်လေငြီးသောကမ္ဘာတို့သည်။ သင်္ခါတုံ၊ရေတွက်ခြင်းငှါ၊နသုကရာ၊ မလွယ်ကုန်။ ။ဤပါဠိတော်၌လွန်လေပြီးသောကမ္ဘာတို့ကို။ဂင်္ဂါသဲစုထက် အလွန်များကုန်၏ဟူ၍ဟောတော်မူသဖြင့်။အတိတ်သံသရာ၌ပွင့်တော်မူကြ

www.dhammaransi.com



ကုန်သောဘုရားတို့သည်လည်း။ဂင်္ဂါသဲစုထက် အလွန်များကုန်၏ဟုသိအပ်သေသတည်း။ ။ဤကား ဂင်္ဂါသဲစုမျှမက,ဟူသောစကား၏သက်သေပေတည်း။

ကမ္ဘာ၏အစသည်ရှိ၏။သတ္တဝါ၏အစသည်ရှိ၏ဟုယူသော ဒိဋ္ဌိအတွက်။ဒိဋ္ဌိအဆင့်ဆင့်ဖြစ်ပွါး၍သွားပုံကိုပြဆိုချက်။ ။

တပါးသောဘာသာတို့၌။ကမ္ဘာသည်အစရှိ၏။ သတ္တဝါသည်လည်းအစ,ရှိ၏ဟုယူသောကြောင့်။ထိုအခါ၌။ ကမ္ဘာဖြစ်ပေါ်နိုင်ရန်အကြောင်း။သတ္တဝါဖြစ်ပေါ်နိုင်ရန်အကြောင်းကို ရှာကြံမရရှိနေကြသည်အတွက်။ကမ္ဘာကိုရင်း။သတ္တဝါကိုရင်း။ဖန်ဆင်းသူရှိသည်ဟုအခိုင်အမြဲယူကြ၏။ ထိုအယူကို ဗုဒ္ဓဘာသာ၌။ဝိသမဟေတုဒိဋ္ဌိအယူဟူ၍၄င်း။ဣဿရနိမ္မာနဒိဋ္ဌိအယူဟူ၍၄င်း။ကျမ်းဂန်တို့၌ဆို၏။ ။ဝိသမဟေတုဒိဋ္ဌိ ဆိုသည်ကား။ကမ္ဘာဖြစ်ပေါ်ရန်။သတ္တဝါဖြစ်ပေါ်ရန် ဟုတ်မှန်သောအကြောင်းကိုလွှတ်၍။မဟုတ်မမှန်သော အကြောင်းကို ယူခြင်းတည်း။ ။

ဣဿရနိမ္မာနဒိဋ္ဌိဆိုသည်ကား။ကမ္ဘာကိုအစိုးရသောကမ္ဘာ့သခင်ကြီးသည်ရှိ၏။ထိုသခင်ကြီးသည်၊ ကမ္ဘာကိုရင်း၊ သတ္တဝါကိုရင်း၊ဖန်ဆင်းသည်ဟု ယူခြင်းတည်း။ ။ဤကား—ကမ္ဘာသည်အစ,ရှိ၏။သတ္တဝါသည်အစ,ရှိ၏ဟုယူသည့်အတွက်။ဒုတိယဒိဋ္ဌိဖြစ်ပွါး၍သွားပုံတည်း။တဖန်-ထိုကမ္ဘာကိုဖန်ဆင်းသောသခင်ကြီးသည်။အစ,ရှိသလော။ အစ,မရှိသလောဟုမေးရန်ရှိ၏။အစ,ရှိသည်ဟုဆိုခဲ့သော်။ထိုသခင်ကြီးကိုဖန်ဆင်းသူပေါ်ရလိမ့်မည်ဖြစ်၏။ဤသို့ဖြစ်ခဲ့သော်။အဆင့်ဆင့် ဖန်ဆင်းသောသူ မဆုံးနိုင်ဖြစ်ရာ၏။ထို့ကြောင့်၊ထိုသခင်ကြီးကို အစ,လည်းမရှိ။ အဆုံးလည်းမရှိ၊နိစ္စထာဝရ,ဖြစ်၏ဟု ခိုင်မြဲစွာယူရပြန်၏။ ဤအယူကိုဗုဒ္ဓဘာသာ၌။သဿတဒိဋ္ဌိဟုခေါ်၏။ ။ဤကား။တတိယဒိဋ္ဌိဖြစ်ပွါး၍သွားပုံတည်း၊ ။ထိုအစ,မရှိအနန္တကာလ၌။ကမ္ဘာသတ္တဝါကိုမဖန်ဆင်းဘဲ။ဘပါးတဦးတကိုယ်တည်းနေခဲ့လေသလော၊သို့မဟုတ်ကမ္ဘာသတ္တဝါကိုဖန်ဆင်းလိမ့်မည်လောဟု တွေးတော

www.dhammaransi.com

ဘွယ်ရှိ၏။မဘန်ဆင်းဘဲ။တပါးထည်းတကိုယ်ထည်းနေခဲ့သော်။ အကျိုးမရှိ ကေန်ဘန်ဆင်းလိမ့်မည်ဟုကြံဘွယ်ရှိ၏။ ဘန်ဆင်းခဲ့သော်။ထိုသခင်ကြီးသည်လည်း။ အစ,မရှိသောကြောင့်၊ ကမ္ဘာသည်လည်းအစမရှိ။ဖြစ်တုံ-ပျက်တုံ-အဆက်ဆက်ရှည်လျား၍ နေသည်ဟု ဗုဒ္ဓဘာသာနှင့်ရောမိကြ၏။ ။ထိုသခင်ကြီးသည်လည်း ကမ္ဘာ,သတ္တဝါတို့ကိုဘန်ဆင်းနိုင်သော အလွန်ကြီးကျယ်သော တန်ခိုးရှိသည်ဖြစ်၍။ဒိမိကိုယုံကြည်စွာ ကိုးကွယ်သော သူတို့ကို။ ဒုစရိုက်အပြစ်တို့မှ-ပ,ပျောက်စေ၍သေကြသည်မှ နောက်၌။ အထက်ကောင်းကင်ဘုံသို့ကယ်တင်နိုင်သော တန်ခိုး ရှိသည်ဟူ၍လည်းယုံကြည်ကြ၏။ ။ဤကား။ စတုတ္ထဒိဋ္ဌိဖြစ်ပွါး၍သွားပုံတည်း။ ။

သို့သော်-ကမ္ဘာကိုဘန်ဆင်းသည်ဟူသော အချက်သည်ပင် လျှင်။တွေးပုံ-ကြံပုံထုတ်၍ယူဆ,ရသောအချက်မျှသာဖြစ်၍။ အခိုင်အမြဲယူသင့်မည်-မယူသင့်မည်ကြံဆ,ရန်ရှိသေး၏။ကမ္ဘာကို ဘန်ဆင်းသည်ဟူသောအယူ မဟုတ်မမှန်ဘဲ။ ချော်လွဲခဲ့သည်ရှိသော်၊ ဒုစရိုက်အပြစ်တို့ကို တန်ခိုးတော်ဖြင့်။ ပ,ပျောက်စေနိုင်သည်၊ကောင်းကင်ဘုံသို့ ကယ်တင်နိုင်သည်ဟူသော ယုံကြည်ခြင်းများသည်လည်း။ကေန်ချော်လွဲလေရာ၏၊ ။ဤသည်လည်းတကြောင်း။ ခရစ်တော်ဆရာသည်၊တပည့်များကိုဆုံးမခန်းတချို့၌၊ မျက်စိကိုမတော်ရာကိုမကြည့်စေရန်၊နိုင်နင်းအောင်ဆုံးမရမည်။ ဆုံးမ၍မနိုင်လျှင်မျက်စိကိုဖေါက်၍ထားရမည်၊မျက်စိကိုဖေါက်၍ထားခဲ့သော်-ဒုက္ခကြီးမရောက်ပါလောဆိုမူ။ဤဒုက္ခသည် မပြောစလောက်။မျက်စိကိုမဆုံးမ,နိုင်၍ မတော်ရာကို ကြည့်သည့်အတွက်။သေသည့်မှနောက်၌။အနန္တငရဲကြီးသို့ကျတတ်၏။ ထို့အတူ။နားကိုဆုံးမရမည်။နှာခေါင်း။နှုတ်,လျှာ,တို့ကိုဆုံးမရမည်။ ခြေ,လက်တို့ကိုဆုံးမရမည်။ဆုံးမ၍မရနိုင်ခဲ့သော်ဖြတ်၍ထားရမည်။ ဖြတ်၍ထားခဲ့သော်-ဒုက္ခကြီးမရောက်ပါလောဆိုမူ၊ဤဒုက္ခသည် မပြောစလောက်။ခြေ,လက်ကို မဆုံးမနိုင်၍ မတော်ရာသို့သွား

www.dhammaransi.com



သည့်အတွက်။ မတော်ရာကိုပြုလုပ်သည့်အတွက်။ သေသည်မှ နောက်၌။အနန္တငရဲကြီးသို့ကျဘတ်၏ဟု ခရစ်တော် ဆုံးမချက် များကိုဘတ်ရှုရဘူး၏၊အလွန်ကောင်းလှပေ၏၊ဗုဒ္ဓဘာသာ၌။ဣန္ဒြိ ယသံဝရသီလခေါ်၏၊ဤဆုံးမချက်ကိုထောက်သော်။ ထာဝရဘု ရားကို ယုံကြည်စွာ ကိုးကွယ်လျှင်၊ ဒုစရိုက်အပြစ်မှ-ပ,ပျောက် သည်ဟူသောအယူသည်။ ဟုတ်မှ-ဟုတ်ပါမည်လားဟု တွေး တောဘွယ်ရှိ၏၊ အကြောင်းမူကား။ ဒုစရိုက်ကို ပ,ပျောက်စေနိုင် သောတန်ခိုးရှိသည် မှန်ခဲ့သော်၊ ခရစ်တော်သည် ဤဆုံးမခန်းကို ဟောဘွယ်မရှိ။မျက်စိကိုမဆုံးမနိုင်၍ ဒုစရိုက်အပြစ်ပင် ရောက် သော်လည်း၊ထာဝရဘုရားအမြဲကိုးကွယ်သောသူတို့မှာ။ ထိုဒုစ ရိုက်အပြစ်သည် ပ,ပျောက်ရမည်ကေန်ဖြစ်၏။ ထိုသို့ကားမဟုတ် ခရစ်တော်သည်။ မျက်စိကိုဖေါက်၍ပစ်ရမည်အစရှိသည်ဖြင့်။ အ လွန်ကြပ်တည်းစွာဆုံးမပေ၏။ထို ကြောင့် ဒုစရိုက်အပြစ်ကို တန် ခိုးတော်ဖြင့်ပယ်ဖျောက်နိုင်သည် ဟူသော ယုံကြည်ခြင်းသည်။ ဟုတ်မှဟုတ်ပါမည်လောဟုတွေးတောဘွယ်ရှိ၏။ဤသည်လည်း တကြောင်း၊ ။

ခရစ်တော်သည်။လက်ဝါးကပ်တိုင်၌အသတ်ခံရသည်မှာ။ထာ ဝရဘုရားကိုယုံကြည်စွာကိုးကွယ်သောသူတို့၌။ ဒုစရိုက် အပြစ် များကိုပြေပျောက်စေခြင်းငှါ။အသေခံတော်မူသည်ဟုပြောဟော ကြသည်များကိုများစွာကြားဘူးရ၏။ထာဝရဘုရားကို ယုံကြည် စွာကိုးကွယ်ကြလျှင်။ဒုစရိုက်အပြစ်တို့မှ ပ,ပျောက်ရိုးမှန်ခဲ့သော်။ ခရစ်တော်သည်။သတ္တဝါတို့၌။ဒုစရိုက်အပြစ်ပပျောက်စေခြင်းငှါ အသေခံဘွယ်ကိစ္စမရှိ။အသေခံရမှုသည်၊အကြီးဆုံးသော ဆုံးရှုံး မှုကြီးဖြစ်၏၊တန်ခိုးတော်ဖြင့်၊ဒုစရိုက်အပြစ်ကို ပယ်ဖျောက်နိုင် သည်ဟူသောအယူသည်၊ဖျက်ကွက်သော အယူဖြစ်လျှင်လည်း၊ တန်ခိုးဖြင့်နိဗ္ဗာန်ဘုံသို့ ကယ်တင်နိုင်သည်ဟူသော အယူသည် လည်းပျက်ကွက်သောအယူဖြစ်လေတော့သည်။အဘယ့်ကြောင့် နည်းဆိုသော်။ဒုစရိုက်ပျောက်ကင်းမှုမရှိလျှင်။ကောင်းကင်ဘုံသို့

www.dhammaransi.com



ရောက်နိုင်ခွင့်မရှိသောကြောင့်တည်း။ ။စဉ်းစား၍ယုံကြည်ကြပါလေကုန်။ ။

ဤသို့သောအကြောင်းများကြောင့်။ထိုကမ္ဘာ့သခင်ကြီးသည်။တန်ခိုးတော်ဖြင့်ဒုစရိုက်အပြစ်ကိုပယ်နိုင်သည်၊ ကောင်းကင်ဘုံသို့ကယ်တင်နိုင်သည်ဟူသောအယူ၌။ အလွန်စဉ်းစားချက်များကြောင်းကိုသဘောထားကြရန်ကောင်းလှ၏။ စဉ်းစား၍ ယုံကြည်ကြပါလေကုန်။

---

၁၂၀၁–ခု။တန်းဆောင်မုန်းလပြည့်ကျော်(၁၀)ရက်နေ့။ ရန်ကုန်မြို့။ဆင်လမ်း ခြံနံပါတ် ၃၃-မာဗီရား,လယ်တီ စံကျောင်း၌ နေစဉ်။ဤအဖြေ (မူ) ကို။ "လယ်တီ ဦးဝဏ္ဏိတ" ရေးကူး ရဆောင်းအပ်သည်။ ။

[ဇေဝံဂေလိကျမ်း။ ဤ၌တွင်ပြီး၏။]

ခရစ်ယာန်ဘာသာဝင်သူတဦးကပုံနှိပ်ဝေငှသောစာ၊
ရှေးဦးစွာပြသည်။နောက်ထပ်ခါဖြေချက်နှင့်
တပုဒ်စီဟပ်၍ပြလိမ့်မည်။

(ယခုစာ–ခရစ်ယာန်အဆို။)

၁။ သံသရာ၌ကျင်လည်ရခြင်းကို။ဗုဒ္ဓဘာသာကမကောင်းဟုဟော၏။နိဗ္ဗာန်သို့မရောက်မီအတွင်း။ ဗုဒ္ဓဘာသာ တရားအတိုင်းကျင့်သော်လည်း။ကောင်းသောအကျိုးကိုမပေးဘဲမကောင်းသောသံသရာအကျိုးကိုသာပေး၏။

၂။ ဗုဒ္ဓဘာသာတရားအတိုင်းအကုန်လွတ်ကျင့်သောအခါလည်း။သံသရာမှထုတ်ပြီးလျှင်။ရှိနှင့်နေခြင်းကိုယ်ခန္ဓာ၊ နာမ် ဝိညာဉ်ကို၊တခါပြန်မဖြစ်လေအောင်၊အစဉ်ပျက်စီးခြင်း။နိဗ္ဗာန်အကျိုးကိုသာပေး၏၊ ထိုကြောင့်အမှုငယ်ကို လုပ်သောအခါ ထောင်မှာချ

www.dhammaransi.com



သည်။ ကြီးသောအမှုကိုလုပ်မိပြန်သော်။ ထောင်ကာထုတ်သတ်သည့်အရာနှင့်တူ၏။ ဗုဒ္ဓဘာသာတရား,မှားသည်။ မှားသောတရားကိုကျင့်သောကြောင့်။ ကောင်းသောအကျိုးကိုမပေးဟု သဘောရသည်။

၃။ နာမ်ဝိညာဥ်နှင့်ကိုယ်ခန္ဓာရှိသ၍။သံသရာ၌။အနိစ္စ,ဒုက္ခ,အနတ္တ,တည်းဟူသောမကောင်းကျိုးကိုခံရမည်။ထို့နှင့်နိဗ္ဗာန်ဝင်၍ ဘာမျှမကျန်လိုက်ဘဲ။ လုံးလုံးပျက်စီး သေကြခြင်း ကိုပင်။ ကောင်းသည်ဟုဗုဒ္ဓဘာသာကဟောပြ၏။ ဟောသည့်အတိုင်း ကောင်းသည်ဟု ဗုဒ္ဓဘာသာဝင်တို့အယူရှိကြ၏။ ဤအယူသည်။ မကောင်းသောဆေးသမား၏ဆေးကိုစားမိ၍သေသောအခါ။ လူနာမှာဝေဒနာကင်းသည်ဟုဆိုသောအရာနှင့်တူ၏။ သေသောအခါ၊ဝေဒနာကင်းသည်ဟုဆိုသောစကားမှန်၏။ မသေဘဲ ဆရာကောင်းကိုတွေ့၍ဆေးကောင်းကို စားရသောကြောင့်။ ဝေဒနာကင်းသည်လည်းမှန်၏၊ ဤနည်း,နှစ်နည်းမှာ။ မသေဘဲ ဝေဒနာကင်းသောနည်း ကောင်း၏။ ဗုဒ္ဓဘာသာကဘုရားမရှိ ဆိုသောကြောင့်။ရှိသည့်အခါလည်း ဘုရားမတတ်နိုင်။သဗ္ဗေသတ္တာကမ္မဿကာ-ဆိုသောကြောင့်မသေရဘဲဝေဒနာကို ကင်းစေနိုင်သောဆေးသမားသည်၊ဗုဒ္ဓဘာသာ၌မရှိ။

၄။ ကိုယ်နှင့်-နာမ်,ဝိညာဥ်သည်၊အနိစ္စ,ဒုက္ခ,အနတ္တ,ဖြစ်၏။ အနိစ္စ, ဒုက္ခ, အနတ္တ,ကို။ဘယ်သူမျှ မဖြစ်ချင်။ မဖြစ်ချင်သောကြောင့်၊အနိစ္စ,ဒုက္ခ,အနတ္တကိုညည်းတွားပတီးစိုင်ကြ၏။ အနိစ္စ, ဒုက္ခ,အနတ္တကိုအလိုမရှိလျှင်။နိစ္စ,သုခ,အတ္တကိုလိုချင်ကြ၏။အနိစ္စ သေခြင်းဖြစ်၍။နိစ္စ,မသေအမြဲနေရခြင်းကိုဆို၏။ဒုက္ခ, နာခြင်းဖြစ်၍။သုခ,ချမ်းသာခြင်းကိုဆို၏။အနတ္တ,မိမိလိုဘရှိသည်အတိုင်း။ မအို-မသေဘဲမနေရ။အိုရ-သေရသောကြောင့်။အတ္တ, မအို-မသေဘဲနေနိုင်ခြင်းကိုဆို၏။ထိုကြောင့်။နိစ္စ,သုခ,အတ္တကို လိုချင်သည် ဆို၍ပတီးစိုင်ပြီးနောက်။နိဗ္ဗာန်သို့ရောက်၍ အစဥ်သေကြပျက်

www.dhammaransi.com



စီးရပါလို၏။ဆုတောင်းရသောတရားသည်။ မှားကြောင်း ထင်ရှား၏။

၅။ အကုသိုလ်အတွက်။ ကိုယ်ခန္ဓာ, နာမ်, ဝိညာဉ်နှင့်တကွ။အမေ,အဘောကို တ,ရအောင်။ ငရဲတွင်ခံစေ၏။ ကုသိုလ်အတွက်။ကိုယ်ခန္ဓာဝိညာဉ်နှင့်တကွ။ ချွင်လန်းခြင်း ဖြစ်စေရအောင် မစံစားဘဲ။ ပျက်ဆီး နိဗ္ဗာန်သို့ပို့သည်ဟု။ဗုဒ္ဓဘာသာကဆိုချက်သည်။အသွားအလာမညီသောကြောင့်။ မကောင်း မမှန်ဟု သဘောရ၏။

၆။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ အနက်ကား။ ဘုရားသည်လည်းလျောင်းမှီခိုကိုးကွယ်ရာဆို၏။သို့သောကြောင့်။ မိမိ၌ရှိသောဝေဒနာကိုကွယ်ပျောက်စေလို၍။ နတ်ကို-ကိုးဘိသကဲ့သို့ မိမိတို့၌ရှိသောမကောင်းမှု ဒုစရိုက်အပြစ်ကွယ်ပျောက်ရအောင်။ ဘုရားကို—ကိုးရမည်။ ဘုရား တန်ခိုးကို ခိုလှုံရ—ရမည်ဖြစ်၏။ ဘုရားသည် လည်းလျောင်း မှီ ခို ကိုးကွယ်ရာ ဆိုသောကြောင့်။ ကိုးချင်-ကွယ်မည်။ခိုလျှင်-လှုံမည်မှန်၏။ကိုးကွယ်လည်းလျောင်း မှီခိုလို၍။ဗုဒ္ဓဘာသာတွင်ဘုရားကိုရှာသော်မတွေ့ ဘုရားမရှိ။ရှိသည့်အခါလည်းမကွယ်နိုင်။သဗ္ဗေသတ္တာ ကမ္မသကာ-ဟုသာဘုရားကဆို၏။ဘုရားကိုယ်တော်တိုင်ပင်။ဝဋ်တော်ဆိုက် အနိစ္စ ဖြစ်ရသည်။ထိုကြောင့်။ဗုဒ္ဓဘာသာ၌ကိုးကွယ်ရာမရှိ။မရှိ၍ ပျက်စီးရာလမ်းဟုနေရာကျ၏။

၇။ ဘုရားမရှိသော်လည်း။မိမိကိုယ်ကျင့်တရားရှိ၏။ကိုယ်ကျင့်တရားကိုပင်အားကိုးဟု ဗုဒ္ဓဘာသာက ဝိရိယပိုက် ဟောပြန်၏။ဤအရာသည်။ဘုရားဂုဏ်တော်ကိုအားမကိုးနှင့်။ မိမိဂုဏ်ကိုသာ အားကိုးဟုသွန်သင်ရာရောက်၏။အနတ္တကောင်မှာ,တန်ခိုးဘယ်မှာရှိသနည်း။ ရှိလျှင် အနတ္တဟုခေါ်ဦးမည်လော။ ထိုကြောင့်ဟောသောသူသည်။အနတ္တအကြောင်းကို လုံးလုံးမသိရာထင်ရှားသည်။သတ္တဝါတို့သည်အနတ္တဖြစ်၍။မိမိလိုဘရှိသည် အ

www.dhammaransi.com



တိုင်းဖြစ်စေရအောင်အစွမ်းမရှိ။လောက၌မင်းမှုကိုထမ်းသည့်အခါဖြစ်စေ၊ကုန်သွယ်,ရောင်းဝယ်ဖေါက်ကားသည့်အခါ ဖြစ်စေ။ လယ်ယာလုပ်စားသည့်အခါဖြစ်စေ။ တဦးဦးကို မခိုမသျှိုရလျှင်မဖြစ်ထွန်းနိုင်။လောကီအကျိုးစီးပွါးထက်။ လောကုတ္တရာအကျိုးအလွန်ကြီးကျယ်၏။ဘာမျှမဟုတ်သည့်လောကီအကျိုးကိုမျှ မိမိစွမ်းအားနှင့်မရနိုင်-မတတ်နိုင်ခဲ့လျှင်၊လောကုတ္တရာအကျိုးကို မိမိအစွမ်းနှင့်ရနိုင်၏ဟု ပြောသောတရားကို။အဘယ်သို့ကြည်ညိုနှစ်သက်နိုင်ပါမည်နည်း။

ဂ။ လောဘနှင့်ဒေါသသည်၊လာနိုင်သမျှ အပြစ်တကာတို့မှာ။မိန့်နှင့် ဘ,ဖြစ်၏။ထိုကြောင့်။လောဘနှင့် ဒေါသကို ရှေးဦးစွာဖြတ်ရမည်တရားရှိ၏။လောဘကိုမတိုက်မလှန်ဘဲ။ဗုဒ္ဓဘာသာကကြီးစေသည်ကိုမသိ၊အမှတ်မဲ့ ကောင်းသည်ထင်၍။ ဗုဒ္ဓဘာသာဝင်တို့ဘုရားဆုကိုတောင်းကြ၏။ဘုရားသည် အကြီးဆုံးအမြတ်ဆုံးဖြစ်၏။ဘာမျှမဟုတ်သည့်အနတ္တဒုစရိုက်ကောင်းသည်။ ငါမိအပြစ်ကိုမမြင်ဘဲ။ဘုရားဖြစ်ရပါလို၏ဟု တောင်းသောအရာသည်။ လောဘမဟုတ်လား။သည့်လောဘထက်ကြီးနိုင်စရာမရှိ။သူကြီးတယောက်သည်အရေးပိုင်မင်းအရာကိုရလိုပါသည်ဟုလျှောက်လျှင်၊လူတကာတို့ကဲ့ရဲဘွယ်ဖြစ်၏။အရေးပိုင်မင်းအရာနှင့်-ဘုရားအရာကိုပြိုင်နိုင်းဘွယ်မရှိ၊ဘုရားအရာသည်၊ အတိုင်းမသိကြီး၏၊အရေးပိုင်မင်းအရာကိုမရနိုင်သောဗုဒ္ဓဘာသာဝင် တို့သည်။ ဘုရားအရာကိုလိုကြောင်းနှင့်လျှောက်ကြ၏။ အဘယ်မျှ လောဘကြီးသလဲဟုစဉ်းစားကြပါ၊ ထိုအတွက်အပြင်မှလွတ်နိုင်ရာ မထိုက်မတန်ဘဲ။အရေးပိုင်မင်းအရာကို လျှောက်မိသော သူကြီးသည်။ဤလောကမှာပင် အရှုးဟုအခေါ်ခံရလျှင်၊ဘုရားအရာကိုခံလိုသောဗုဒ္ဓဘာသာဝင်တို့ကို။အဘယ်သို့ဆိုဘွယ်ရှိအံ့နည်း။ ထိုပြင်အချို့တို့သည်။ဘုရားဆုကိုမတောင်းဘဲ။အဆုံးစွန်သောဘဝ၌။နိဗ္ဗာန်သို့ရောက်လိုပါ၏ဟုဆုတောင်းကြ၏။ဘုရားမရှိ။ ဘုရားမရှိသော်လည်းနိဗ္ဗာန်ကိုဘုရားပင်လိုချင်၍ တောင့်တ,ရသေးသည်

www.dhammaransi.com



ဖြစ်သောကြောင့်။ဗုဒ္ဓဘာသာမှာဘုရားကိုမပေးနိုင်၊သို့ဖြစ်၍ ဘုရားထံနိဗ္ဗာန်ကိုတောင်းသောသူတို့သည် မှားလေပြီ တကား။

၉။ ဘာသာတိုင်းက-ဘုရားသည်။အမြတ်ဆုံးအကြီးဆုံးဟုဆိုကြ၏။ဗုဒ္ဓဘာသာကသာမဆို။နိဗ္ဗာန်ကိုပင်ဘုရားတို့တောင့်တရသေးသည်ဟု ဗုဒ္ဓဘာသာက ဆိုသောကြောင့်။ ဘုရားထက်နိဗ္ဗာန်ကသာ၍မြတ်သည်ကြီးသည်ဟု ဆိုရာဖြစ်၏၊ ဘုရားကိုပင်အမြတ်ဆုံးမဆိုသောကြောင့်၊ ဗုဒ္ဓဘာသာသည်မှန်သောဘာသာဟု ဆိုနိုင်စရာအခွင့်မရှိ။

၁၀။ အဘယ်ကြောင့်၊ ဤကဲ့သို့ရှေ့အဆိုနှင့်-နောက်အဆိုမညီလွဲချွတ်မှားယွင်းရသနည်း။အကောင်းကိုကျင့်သောအခါလည်း။ကောင်းကျိုးကိုမပေး၊မကောင်းသောသံသရာအကျိုးကိုသာပေးသည်ကိုထောက်၍။ဗုဒ္ဓဘာသာတရားကို ဘုရားထားသည်။ မထားသည်ဟုလိုက်စစ်ရာသင့်၏။ ဘုရားထားခဲ့လျှင်-မှန်ရမည်၊ဤကဲ့သို့ချွတ်ယွင်းသောကြောင့်။ဘုရားမထားဟုထင်ရ၏၊ ထင်သည်အတိုင်း မှန်-မမှန်ကိုလိုက်စစ်သော်။တရားကို ဘုရားထားသည်ဟု ဗုဒ္ဓဘာသာကမဆို။ဂေါတမလည်းမထား။ရှိနှင့်ရင်း တရားကိုမြင်၍သာဟောပြောသည်။ တရားကိုကျင့်မှ ဘုရားဖြစ်သည်ဟုဆိုသောကြောင့်၊ ဘုရား မဖြစ်ခင်ကပင်-တရားရှိနှင့်ပြီးဖြစ်၍၊ဘုရားထားသည်ဟုဆိုရန်အခွင့်မရှိ။ ဘုရားမထားလျှင်၊လူထား၏ လူထားသည်ဟုဆိုသော်-လူထားသော တရားကို မကျင့်ဘဲရှိလိမ့်မည်။မရှိသေဘဲ ရှိလိမ့်မည်ကို မြင်သောကြောင့်၊ဘယ်သူမျှမထား၊ဓမ္မနိယာမဟုဆို၏၊ဓမ္မနိယာမအနက်ကား၊တရားသည်အစဉ်ထာဝရရှိ၏ဟုဆို၏။ စာတစောင်ကိုဘယ်သူမှ မရေးဘဲ၊အလကားဖြစ်သည်ဟုဆိုလျှင် မယုံနိုင် မယုံသင့်ဟု လူတိုင်းကဆိုကြ၏။တရားသည်။လောကီ-လောကုတ္တရာအချုပ် အချာဖြစ်သောကြောင့်။ ထိုစာတစောင်ထက်တရားသာမြတ်၏။ ဤကဲ့သို့ကြီးကျယ်သောတရားကို ဘယ်သူမျှမထားဆိုလျက် ယုံလျှင်။သည်ထက်မယုံသင့်သောအရာ ရှိနိုင်သေး၏လား။ ဘုရား

www.dhammaransi.com



သာလျှင်အစဉ်နေ့တွင်ယူမကြီးစည်နိုင်–မကြီးစည်အပ်။တရားသည် အစဉ်နေ့တွင်ယူမဟုတ်၍။တဦးဦးကထားရမည်။ဓမ္မနိယာမ ဆိုသည်အတိုင်းဘယ်သူမျှမထားလျှင်။အလကားဖြစ်လာသည်ဟုဆို၏။ ထိုကြောင့်ဗုဒ္ဓဘာသာတရားသည် အလကားတရားဖြစ်၏။ အလကားတရားကို–အလကားလူများကျင့်စရာဖြစ်၏။အလကား တရားကိုကျင့်လျှင်၊အလကားပင်ဖြစ်ရမည်မှန်၏။ ဆိုသည်အတိုင်းလည်း၊အလကားတရားကိုကျင့်မိသောကြောင့်။မကောင်းသောသံသရာ၌ကျင်လည်ရ၏။အဆုံးမှာ ဘာမျှမရှိဘဲ နိဗ္ဗာန်၌ အလကားပင်ဖြစ်လေ၏။

၁၁။ ဗုဒ္ဓဘာသာတရားသည်အလကားတရားဖြစ်၍။အထက်ကပြခဲ့သည့်အတိုင်း။ အချွတ်ချွတ်အလွဲလွဲမမှန်ဘဲ။ရှေ့နောက် မညီ အလကားဖြစ်ရကြောင်းကိုသဘောရ၍။ ဗုဒ္ဓနိယာမ။ ဓမ္မနိယာမ။ဘုရားအစဉ်–တရားအစဉ်ရှိတော်မူသည်၊ဘုရားအစဉ် ရှိတော်မူသောကြောင့်။တရားတော်ကိုဘုရားထားတော်မူသည်၊ဘုရားနှင့်တရားအတူတူအစဉ်ရှိတော်မူ၏။ဘုရားမရှိဘဲတရားမဖြစ်နိုင်ဟု–ခရစ်ယာန်ဘာသာကပြသည်မရှိဘဲလျက်၊ဖြစ်နိုင်သည်ဆိုသောအရာသည်။ဘုရားကို-ကိုးကွယ် လည်းလျောင်း မှီခိုရာ မရောက်။ဘုရားကိုပယ်ထားရာရောက်၏။ဘုရားမရှိဘဲမဖြစ်နိုင်ဆိုသောအရာသည်။ဘုရားကို လည်းလျောင်းမှီခိုရာကျ၏။ ခရစ်ယာန်ဘာသာသည် ယုံကြည်ကောင်းသောကြောင့်။ အဟံ၊ အကျွန်ုပ်သည်၊သည်းလျောင်းမှီခိုသည်းကင်ပါ၏။

ဤတွင်ခရစ်ယာန်အဆို–၁၁–ချက်ပြီး၏။

www.dhammaransi.com



# နမော တဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက်။

ခရစ်ယာန်ဘာသာဝင်သူ တဦးက။ ဗုဒ္ဓဘာသာကို အပြစ်ဆိုချက်-၁၁-ချက်ကိုဖြေဆိုတော်မူပါမည့်အကြောင်းနှင့်။ တောင်းပန်လျှောက် ထားလိုက်သော စာလွှာသည်။ မြန်မာ သက္ကရာဇ် ၁၂၆၂-ခု။ ပြာသိုလဆုတ်-၃-ရက်နေ့တွင်ရောက်လာသည်ဖြစ်၍။ငင်းအပြစ်ဆိုချက်-၁၁-ချက်ကိုဖြေဆိုပေးအံ့သတည်း။ ။ဖြေဆိုလတံ့သောအချက်ရကို။ ပြက်ပြက်ကွင်းကွင်း၊ ရှင်းလင်းစွာ ထင်နိုင်မြင်နိုင်ရန်။အခြေပါဒ။သဘာဝခေတ်ရင်းရကိုခင်းကျင်း၍ ပြဦးအံ့။ ။စက္ခုခေတ်-၁၊သောတခေတ်-၁။ ဃာနခေတ်-၁။ဇိဝှါခေတ်-၁။ ကာယခေတ်-၁။ ရူပခေတ် ၁။ သဒ္ဒခေတ်-၁။ဂန္ဓခေတ်-၁။ရသခေတ်-၁။ဖောဋ္ဌဗ္ဗခေတ်-၁။စက္ခုဝိညာဏခေတ်-၁။ သောတဝိညာဏခေတ် ၁။ဃာနဝိညာဏခေတ် ၁။ ဇိဝှါဝိညာဏ ခေတ် ၁။ ကာယဝိညာဏခေတ် ၁။မနောခေတ် ၁။ မနောဝိညာဏခေတ် ၁။ဓမ္မခေတ် ၁။ဟူ၍။ ခေတ်ရင်းခေတ်မှန်-၁၈-ပါးပင် တည်။ ။အနမတဂ္ဂသံသရာဓမ္မဟူသည်လည်း။ ဤခေတ်-၁၈-ပါးပင်တည်း။ ။၃၁-ဘုံဟူသည်လည်း။ ဤခေတ်-၁၈-ပါးပင် တည်း။ ။၈-အဘိဓမ္မာ-၇-ကျမ်းသည်လည်း။ဤခေတ်၁၈-ပါး ပင်တည်း။ ။အနမတဂ္ဂသံသရာဓမ္မဟူသည်လည်း။ ဤခေတ် ၁၈-ပါးပင်တည်း။ ။၃၁-ဘုံဟူသည်လည်း။ ဤခေတ်-၁၈-ပါး ပင်တည်း။ ။စကြာဝဠာအနန္တဆိုသည်လည်း။ဤခေတ်-၁၈-ပါး ပင်တည်း။ ။သတ္တဝါအနန္တဆိုသည်သည်း။ ဤခေတ်-၁၈-ပါး ပင်တည်း။ ။ဤခေတ်-၁၈-ပါးသည်ပင်လျှင်အဘိဓမ္မာ ၇-ကျမ်း ဖြစ်၏။ ။ဤခေတ်-၁၈-ပါးသည်ပင်လျှင်အနမတဂ္ဂသံသရာကြီး ဖြစ်၍နေ၏။ ။ဤခေတ်-၁၈-ပါးသည်ပင်လျှင်။၃၁-ဘုံဖြစ်၍ နေ

www.dhammaransi.com



၏။ ။ဤခေတ်—၁၈-ပါးသည်ပင်လျှင်။ စကြာဝဠာအနန္တတွေ ဖြစ်၍နေ၏။ ။ဤခေတ်-၁၈-ပါးသည်ပင်လျှင်။ သတ္တဝါအနန္တ တွေဖြစ်၍နေ၏၊ ။ဤခေတ်—၁၈—ပါးသည်ပင်လျှင်။ ပုထုဇန် သတ္တဝါတွေ ဖြစ်၍ နေ၏။ ။ဤခေတ်—၁၈-ပါးသည်ပင်လျှင်။ သောတာပန်ပုဂ္ဂိုလ်။ သကဒါဂါမိ ပုဂ္ဂိုလ်၊ အနာဂါမိပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်တွေဖြစ်ရ၏။ ။ဤခေတ်-၁၈-ပါးသည်ပင်လျှင်။ ပစ္စေကဗုဒ္ဓါတွေ၊သဗ္ဗညုမြတ်စွာဘုရားတွေဖြစ်ရ၏။ ။မှချဆတ် ဆတ်အားဖြင့်၊ဤခေတ်-၁၈-ပါးကိုလွတ်၍။အလျှို့မြှုပ်သဘာဝဟူ ၍မရှိပြီ။ ။ဤကား၊အတိတ် အနာဂတ်။သံသရာ။ကမ္ဘာအနန္တ။ စကြာဝဠာအနန္တ။သတ္တဝါအနန္တ။သင်္ခါရအနန္တ၊ဓမ္မအနန္တတို့ကို။ သဗ္ဗညုဘဉာဏ်တော်ဖြင့်။ညာဏ်စွာထောင်းထု။အမှုန့်ပြု၍။သတ္တ ချတော်မူသော အခါ၊ အမှန်ရှိသော ခေတ်သားသတ္တ၊ဓမ္မရသေ တည်း။ ။ဥပမာကား၊ယူဇနာပေါင်း။ ၈၄၀၀၀-နှစ်ပြန့်ဆောင် သောမြင့်မိုရ်တောင်ကြီးကို။ဉာဏ်မီးမှာချ။သတ္တုရအောင်ထုတ် ယူခဲ့လျှင်။ ။မြေခေတ် ၁။ရေခေတ် ၁။မီးခေတ် ၁။လေခေတ် ၁။ အဆင်းခေတ် ၁။အနံ့ခေတ် ၁။ ရသခေတ် ၁။ဩဇခေတ် ၁။ ။ ဤခေတ်မှန် ခေတ်စစ် ရှစ်ပါးသာ အသားတင်ရ၏၊ စကြာဝဠာ တောင်ကြီး။ မဟာပထဝီမြေကြီးတို့မှာလည်း၊ ထိုနည်းအတူပင် တည်း။ယခုရှိသောမြင့်မိုရ်စကြာဝဠာ။မဟာပထဝီမြေကြီးမှာကဲ့ သို့။ထိုအတူ။အနမတဂ္ဂသံသရာမှာ။ရှိဘူးသမျှရှိလတံ့သမျှသော။ မြင့်မိုရ်စကြာဠာ။မဟာပထဝီမြေကြီးဟူသမျှမှာလည်းတို့နည်းအ တူ၊ ခေတ်ရှစ်ပါးသာသတ္တုအသားမှန်ရ၏။ ဉာဏ်တည်းဟူသော လှော်အိုးမိုက်လုံမှာချ၍ မီးကုန်ကျိုချက်သည်ရှိသော်။အဟုတ်အ မှန်ရှိခြင်းဖြစ်သောထိုခေတ်-၁၈-ပါးသာ။အသားတင်တွေမြင်ရ၏။ ပုဂ္ဂိုလ်သတ္တဝါ ဖြဟ္မာနတ်လူ ဟူသမျှသည် ပပျောက်၍ကုန်၏။ မြင့်မိုရ်စကြာဝဠာ။ မဟာပထဝီရသည် ။ပပျောက်၍ကုန်၏။ ။ ထိုကြောင့်အနိစ္စ။ ဒုက္ခ။အနတ္တ၊နိဗ္ဗာန်နှင့် ဆိုင်သောတရားစကား ကို။ပြောဆိုသောသူသည်။ အဟုတ်ရှိအမှန်ရှိဖြစ်သော ထိုခေတ်

www.dhammaransi.com



၁၈–ပါးကိုလက်ကိုင်ပြု၍။ပြေး ဆိုတတ်မှအဟုတ်အမှန်နေရာကျ နိုင်မည်။မျက်လှည့်ဆရာဘန်ဆင်း၍ ပြသောဝတ္ထုနှင့် အလားတူ သော။လူနတ်ပြဟ္မာသတ္တဝါပုဂ္ဂိုလ်ဟူသောအသဘာဝ။သညာနှာန ပညပ်။ဒြဗ်အထည်ရကိုလက်ကိုင်ပြု၍ပြောခဲ့လျှင်။ သဘောထွေး ရှုပ်၍၊ယုတ္တိအဆင်ကောင်းရာကိုဟုတ်သလိုမှန်သလိုထင်ယောင် ထင်မှားပါ၍သွားတတ်သည်။သတိကြပ်ကြပ်မူကြလေ။

ထို-၁၈- ရပ်သော ဓာတ်စစ်ဓာတ်မှန်တို့တွင်။ ဓမ္မဓာတ်ဆို သည်ကား။ ။စေတသိက်-၅၂-ခု။သုခုမရုပ်–၁၆-ခု။နိဗ္ဗာန်။ ဤ သုံးမျိုးကိုဆိုသည်။ ။စေတသိက်-၅၂-ခုမှာ၊ပညာဆိုသောဓမ္မ ဓာတ်ပါသည်။ထိုပညာသည်၊ လောကီပညာ-လောကုတ္တရာပညာ ဟူ၍-၂-ပါးရှိ၏၊ လောကီပညာသည်၊ အနည်းငယ်သာသိသော ပညာ။ ထိုထက်အများသိသောပညာ။ ထိုထက်အများ သိသော ပညာဟူ၍ အဆင့်ဆင့်အားဖြင့်၊ အသိန်းအသန်းမက များရာ၏ သဗ္ဗညုတဉာဏ် အဖြစ်သို့ ရောက်သော ပညာသည်အကြီးဆုံး သောပညာဖြစ်၏။ဘယ်ဟာတခုမျှအကြွင်းအကျန်မရှိသိနိုင်၏။ ။ မဂ်ဉာဏ် ဖိုလ်ဉာဏ်သည် လောကုတ္တရာပညာမည်၏ ထိုလော ကုတ္တရာ ပညာသည်ကား။ နိဗ္ဗာန်တရားကိုသာ အာရုံပြု၏။ သစ္စာ လေးပါး၌ ဖုံးလွှမ်းသော မောဟကို ပယ်ဖျက်ပေသည့်အတွက်။ သစ္စာလေးပါးကိုသိနိုင်သည်ဟူ၍လည်းဆိုရ၏။ ။ထိုစေတသိက် ၅၂-ခုတွင်။လောဘခေါ်သော အလိုချင်ဓာတ်တခု။ ဆန္ဒခေါ်သော အလိုချင်ဓာတ်တခုဟူ၍။အလိုချင်ဓာတ်-၂-ပါးပါရှိ၏။ မကောင်း သောအရာကိုလိုချင်သည်ကား လောဘတည်း။ ကောင်းသောအ ရာကိုလိုချင်သည်ကား။လောဘမဟုတ်ဆန္ဒသာတည်း။

ထို–၂–ပါးတို့၏အထူးသည်၊နောက်ထင်ရှားလာလတ္တံ့။ ဤ ဓာတ်–၁၈–ပါးတို့တွင်၊ နောက်ဆုံးဖြစ်သော ဓမ္မဓာတ်တွင်ပါ ဝင်သောနိဗ္ဗာန်သည်ကား။ အသင်္ခတဓာတ်တည်း။ နိဗ္ဗာန်မှကြွင်း သောဓာတ်-၁၈-ပါးရကား။ သင်္ခတ ဓာတ်ရသာတည်း။ ။ဤ သင်္ခတဓာတ်ရကား။ ဖြစ်ချည်။ ပျက်ချည်။ ရှင်ချည်၊ သေချည်၊အာ

www.dhammaransi.com



တည်ခမြဲ၊ ဘောက်လဲဘောက် ပြန်မှု ရှိနေသော အနိစ္စ ခေတ်ရတည်း။ ။နိဗ္ဗာန်ဟူသောအသင်္ခတခေတ်တခုသည်ကား။ ပျက်မှုသေမှုမရှိသောနိစ္စခေတ်ပေတည်း။ဤနိဗ္ဗာန်ခေတ်တခုသည်သာအစဉ်ထာဝရမြဲသော နိစ္စခေတ်ဖြစ်သည်။ ။ဤကားဖြေဆိုသတ္တံ့သော အချက်ရကို၊ ပြောင်ပြောင်ကွင်းကွင်း၊ ရှင်းလင်းစွာသိသာနိုင်ရန်။အခြေပါဒ၊ သဘာဝ ခေတ်ခွင်းရကို။ အကျဉ်းမျှပြဆိုလိုက်သောစကားရပ်တည်း။ ။တရပ်။

---

ယခုအခါ။ထိုဗုဒ္ဓဘာသာ-သာသနာပြုသတင်းစာတွင်
ပါရှိသောခရစ်ယာန်ဘာသာဆရာ၏စကားကို
အစဉ်အတိုင်းထုတ်ပြရှင်းလင်း၍
အကျဉ်းသိသာရုံမျှဖြေဆိုအံ့။

၁။ ။သံသရာ၌ကျင်လည်ရခြင်းကိုဗုဒ္ဓဘာသာကမကောင်းဟုဟော၏။နိဗ္ဗာန်သို့မရောက်မီအတွင်း။ဗုဒ္ဓဘာသာတရားအတိုင်းကျင့်သော်လည်း ကောင်းသော အကျိုးကို မပေးဘဲ။ မကောင်းသောသံသရာအကျိုးကိုသာပေး၏။ ။ဤကား၊တစ်ဂဏန်းအရပထမအပြစ်ဆိုချက်တည်း။ ။အဓိပ္ပါယ်အကျဉ်းကား။ဗုဒ္ဓဘာသာမှာ။သံသရာကိုမကောင်းဆို၏။ ဘုရားဟောတိုင်း ကျင့်ပြန်လျှင်၊ နိဗ္ဗာန်မရောက်မီအကြား။ထိုအကျင့်ကြောင့်၊ ထိုမကောင်းသောသံသရာနှိက်ပင်ကျပြန်၏။ထိုမကောင်းသောသံသရာနှိက်ကျစေတတ်သောထိုအကျင့်ကို။ အကျင့်ကောင်းအကျင့်မှန်ခဟုတ်၊ အကျင့်ဆိုး အကျင့်မှားဟူ၍သာ သိအပ်၏။အကျင့်ကောင်းအကျင့်မှန်ဟုတ်ခဲ့လျှင် ကောင်းမြတ်ရာသို့သာ ချရမည်။ မကောင်းသောသံသရာသို့ချဘို့မဟုတ်။ ထိုကြောင့် နိဗ္ဗာန်သို့မရောက်မီအကြား၌၊ လူနတ်ဗြဟ္မာသံသရာနှိက်အကျိုးပေးတတ်သော ဗုဒ္ဓဘာသာလူများတို့၏။ဒါနမှု။သီလမှု။ဘာဝနာမှု။ကုသိုလ်ရသည် မကောင်းသောအမှု။ မှားသောအမှုသာဖြစ်၏ဟု သိသာထင်ရှား၏ ဟူလိုသည်။

www.dhammaransi.com



၂။ ဗုဒ္ဓဘာသာသာတရားအတိုင်းအကုန်လွတ်၍ ကျင့်သောအခါနိက်လည်း။ သံသရာမှထုတ်ပြီးလျှင်။ ရှိနှင့်ရင်း ကိုယ်ခန္ဓာနာမ်ဝိညာဏ်ကိုဘခါပြန်၍ မဖြစ်လေအောင်။ အစဉ်ပျက်စီးခြင်းဟူသောနိဗ္ဗာန် အကျိုးကိုသာပေး၏။ ထိုကြောင့်။ အမှုငယ်ကိုလုပ်သောအခါ။ထောင်မှာချသည်။ ကြီးသောအမှုကို လုပ်မိပြန်သော်ထောင်မှထုတ်၍သတ်သည့်အရာနှင့်တူ၏။ ဗုဒ္ဓဘာသာတရားမှား၏။မှားသောတရားကိုကျင့်သောကြောင့်။ကောင်းသောအကျိုးကိုမပေးဟုသဘောရ၏။ ။ဤကားနှစ်ဂဏန်းအရ ဒုတိယအပြစ်ဆိုချက်တည်း။ ။အဖိပ္ပါယ်အကျဉ်းကား။နိဗ္ဗာန်မည်သည်ဝိညာဏ်နှင့်တကွခန္ဓာ ပျက်ကြေသေဆုံးမှုကြီး တခုဖြစ်၏။ အလွန် အားထုတ်၍ ကောင်းကောင်းကြီးကျင့်သည့်အတွက်။ သံသရာထက်မကောင်းကျိုးနက်လှသော။အသေကြီးသေရလေ၏။ သင့်လျော်ရုံကျင့်လျှင်သေပြီးနောက်တဘန်ရှင်ပြန်ရသောအသေငယ်သာသေရ၏။ ကောင်းကောင်းကြီးကျင့်လျှင်။ တဘန်မရှင်ရသော အသေကြီးသေရ၏။ထိုကြောင့်။ အသေကြီးသေရသော-ထိုအကုန်လွတ်၍ကျင့်မှုသည်လည်း။ အမှားကြီး မှားသော အကျင့်သာဖြစ်သည်ဟုသိသာထင်ရှား၏ဟူလိုသည်။

ထို-၂-ချက်ကိုပေါင်း၍ဖြေဆိုအံ့။ *။ဗုဒ္ဓဘာသာ၌သံသရာကိုမကောင်းဆိုသည်မှာ နိဗ္ဗာန်နှင့်ထောက်စာ၍ ဆိုပေသည်။အပါယ်လေးပါးနှင့် ထောက်စာသော်။ လူ့ဘဝနတ်ဘဝ ကောင်း၏။ ထိုထက်ဗြဟ္မာ့ ဘဝကောင်း၏။ ထိုထက်နိဗ္ဗာန်သည် အကောင်းဆုံးဖြစ်၏။ထိုအကောင်းဆုံးဖြစ်သောနိဗ္ဗာန်နှင့် ထောက်စာသော်။ လူ့ဘဝ-နတ်ဘဝ-ဗြဟ္မာ့ဘဝဟူသော သံသရာကိုမကောင်းဆိုရ၏။အပါယ်ဘဝအပါယ်သံသရာကိုထောက်စာသော်။ လူ့ဘဝ နတ်ဘဝ—ဗြဟ္မာ့ဘဝ—သံသရာကို အကောင်း ဆိုထိုက်သည်မှာသိသာထင်ရှားလှပြီ။ လူ့ဘဝ-နတ်ဘဝ-ဗြဟ္မာ့ဘဝ—သံသရာထက်နိဗ္ဗာန်ကိုအကောင်းဆုံးဆိုသည်မှာ။ထိုလူ့ဘဝ—နတ်ဘဝ-ဗြဟ္မာ့ဘဝ—ဆိုရသောခေတ်ရသည်။ သခ်တခေတ်ရသာတည်း၊

www.dhammaransi.com



အနိစ္စခေတ်ရသာတည်း။ ဖြစ်ချည်၊ ပျက်ချည်၊ သေချည်၊ အတည်မမြဲ၊ ဘောက်လဲဘောက်ပြန်မှုရှိနေသော ဝိပရိဏာမ ခေတ်ရသာတည်း။ ။လူ့ဘဝ-လူ့ဝိညာဏ်လူ့ခန္ဓာဟုဆိုအပ်သောခေတ်ရသည်၊ အနိစ္စခေတ်ရ၊ ဝိပရိဏာမခေတ်ရဖြစ်ခဲ့၍၊ ယခုနေ့လူ့ဘဝမှာပဋိသန္ဓေနေ၍ရရှိပြီးသော လူ့ဝိညာဏ်လူ့ခန္ဓာသည်၊ ယခုနေ့ပင်သေပျက်ချင်ကွယ်၍၊ အပါယ်ငရဲမီးပုံထဲမှာ ယခုနေ့ပင်ကျကြသသူမရေတွက်နိုင်များပြား၏။ ပဋိသန္ဓေနေ၍ လူ့ဝိညာဏ်လူ့ခန္ဓာကိုရပြီးနောက်၊ ၂-ရက်မြောက်တွင်သေ၍အပါယ်ငရဲမှာကျရောက်လေသောသူမရေမတွက်နိုင်၊ ၃-ရက်မြောက်တွင်၊ ၄-ရက်၊ ၅ရက်၊ ၁၀ရက်၊ ၁လ၊ ၂လ၊ စသည်အသက်တမ်းဆုံးအောင်နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပိုင်းခြား၍ဆိုလေ။ ။အမိဝမ်းတွင်းမှမျက်မြင်မဟုတ်သော်လည်း၊ ဘွားမြင်၍ပြီးသည့်နောက်၊ တရက်တွင်ပျက်ဆုံးမှု နှစ်ရက်တွင်ပျက်ဆုံးမှုစသည်ကားမျက်မြင်ပင်ဖြစ်ကြ၏။ ဗုဒ္ဓဘာသာလူမျိုး မှာသာမဟုတ်၊ ခရစ်ယန်ဘာသာဝင်စသောခပ်သိမ်းသောလူမျိုး၊ သတ္တဝါမျိုး၊ ခန္ဓာမျိုးမှာပင်၊ ဤနည်းနှင်နှင်ချည်းသာတည်း။ ။ပဋိသန္ဓေနေသောနာရီမိနစ်မှစ၍၊ အသက်တမ်းဆုံးသည့်တိုင်အောင်နာရီတွေကိုစဉ်၍ထား၊ မိနစ်တွေကိုစဉ်၍ထား၊ လက်ပစ်တတွက်၊ လျှပ်တပြက်တွေကိုစဉ်၍ထားထိုနာရီမိနစ်-လက်ပစ် လျှပ်ပြက်တို့တွင်၊ သေဘေးသာလျှင် မသေနိုင်ကောင်းသောနာရီဟူ၍တနာရီမရှိ၊ တမိနစ်မရှိ၊ တလက်ပစ်မရှိ၊ တလျှပ်ပစ်မရှိ၊ သေအံ့သော နာရီမိနစ်၊ လက်ပစ်၊ လျှပ်ပြက်ချည်းသာဖြစ်၏။ ။ဥပမာကား၊ အလွန်ထက်မျက်လှစွာသော ဘီလပ်ဓားငယ်တွေကို ကိုယ်တွင်းမှာတကိုယ်လုံးအပြည့် သွင်းထားသောသူသည်၊ အလှုပ်အလက်အခန့်မသင့်ခဲ့လျှင်၊ ဘယ်နာရီမိနစ်လက်ပစ် လျှပ်စစ်မှာမဆို သေခွင့် သေပေါက်အပြီးပါရှိ၍နေသကဲ့သို့တည်း။ ။ဘယ်နာရီမိနစ် လက်ပစ်လျှပ်ပြက် မဆိုနိုင်ကောင်းသောခန္ဓာဝိညာဏ်ခေတ်ရခေတ်ခဲဖြစ်သည်ဖြစ်၍လည်း၊ ဘယ်နာရီမိနစ်လက်ပစ်လျှပ်ပြက်မှာမဆို၊ အပါယ်ငရဲကျပေါက်ကျလမ်း

www.dhammaransi.com



လည်းထက်ကြပ်ပါရှိ၍နေသည်သာဖြစ်၏။ ။လောက်တို့နှင့်ညီ
တချက်ထည်းဆိုတိသကဲ့သို့။ အပါယ်ငရဲသို့ ချတတ်သောလော
ဘ,ဒေါသ,မောဟ,ဒိဋ္ဌိတို့နှင့်။ ထိုသေမှုအနိစ္စတရားသည်၊ တချက်
ထည်းဖြစ်ကြ၏၊ ပုထုဇ္ဇနိသတ္တဝါတို့၏အမြစ်မှာ။ လောဘ,ဒေါ
သ,မောဟ,တို့လည်း။ မနိုင်တရားဖြစ်ကြ၏။ မိမိ၏ဝိညာဏ်ခန္ဓာ
တို့၏သေခြင်းအမှုလည်း၊ မနိုင်တရားဖြစ်၏။ ။သေသောအခါတွင်
လောဘ,ဒေါသ, မောဟ,ဒိဋ္ဌိတို့ဝင်၍ကပ်လာခဲ့သည်ရှိသော်။ အပ
ပါယ်ငရဲသို့ကျရောက်၏။ ။လောဘ,ဒေါသ,မောဟ,ဒိဋ္ဌိတို့သည်
ရှေးရှေး၌ပြုသမျှသောမကောင်းမှုဒုစရိုက်တို့၏သဟဲတို့ပေတည်း။
သေခါနီးမှာ။ လောဘ,ဒေါသ,မောဟ, ဒိဋ္ဌိကပ်ဝင်ခဲ့လျှင်။ ပြုပြုခဲ့
သမျှသောမကောင်းမှုဒုစရိုက်ကံဟောင်းတို့သည်။ အပါယ်ချခွင့်ရ
ကြကုန်၏။ ။ဤလူ့ဝိညာဏ်,လူ့ခန္ဓာရသည်၊ သေတတ်သော
ဓာတ်မျိုးမဟုတ်ခဲ့လျှင်။ လောဘ,ဒေါသ,မောဟ,ဒိဋ္ဌိတို့ပင် ရှိနေ
သော်လည်း။ အပါယ်ကျပေါက်မရှိ။ သေတတ်သော ဓာတ်မျိုးပင်
ဖြစ်သော်လည်း။ လောဘ,ဒေါသ,မောဟ,ဒိဋ္ဌိမရှိခဲ့လျှင်။ အပါယ်
ကျပေါက်မရှိ။ ။နှစ်ပါးစုံရှိနေကြသည့်အတွက်။ အနမတဂ္ဂသံသ
ရာမှာ။ အပါယ်ငရဲသို့ကျရောက်ခဲ့သည်လည်း။ ဘဝ,အနန္တများလှ
ပြီ။ ယခုဘဝမှာလည်း ကျမည့်ကိုဗိုးရိမ်ရလျက်ရှိနေ၏။ နောင်သံ
သရာမှမလွတ်သမျှလည်း၊ ကျကိန်း,တင်းလင်းထက်ကြပ် ပါရှိ၍
နေသည်သာဖြစ်၍။ ထိုကြောင့်သေခြင်းအနိစ္စသဘောထက်ကြပ်
တင်းလင်းပါရှိ၍နေသော လူ့ဝိညာဏ် လူ့ခန္ဓာဟူသော ဓာတ်ရ
ဓာတ်ခဲသည်။ အပါယ်ပေါက်တင်းလင်းပါရှိ၍နေသောကြောင့်။ မ
သေနိုင်သောနိဗ္ဗာန်ဓာတ်ကိုထောက်ဆသော်။ မကောင်းဆိုရသ
တည်း။ ။နတ်ဝိညာဏ်,နတ်ခန္ဓာ။ ဗြဟ္မာ့ဝိညာဏ်,ဗြဟ္မာ့ခန္ဓာ,ဆို
သောဓာတ်ခဲရသည်လည်း၊ လူ့ဝိညာဏ်လူ့ခန္ဓာရနှင့်အတူ သေမှု
ထက်ကြပ် တင်းလင်း အမြဲနိစ္စပါရှိ၍ နေသည်သာဖြစ်၍။ လူ့
ဝိညာဏ်လူ့ခန္ဓာရနှင့်အတူတူသာလေ၊ ။ဤကား၊ နိဗ္ဗာန်ဟူသော
နိစ္စဓာတ်ကိုထောက်စာ၍၊ လူနတ်ဗြဟ္မာသံသရာဟူသော အနိစ္စ

www.dhammaransi.com



ခေတ်မျိုးကိုမကောင်းဆိုရာ၌။သိသာအောင်ပြဆိုသော စကားရပ်တည်း။ ။အနိစ္စခေတ်မျိုးချင်းပင် ဖြစ်သော်လည်း၊ အပါယ်ဝိညာဏ်အပါယ်ခန္ဓာရကိုထောက်စာသော်။လူနတ်ဗြဟ္မာ ခန္ဓာရသည်၊အလွန်ကောင်းမြတ်သော ဝိညာဏ် ခန္ဓာရပင်ဖြစ်၏၊ ။ကောင်းမြတ်သော်လည်း နိဗ္ဗာန်ကဲ့သို့နိစ္စခေတ်မျိုး မဟုတ်သည်ဖြစ်၍။အစဉ်ထာဝရစိတ်ချရသောခေတ်မျိုးမဟုတ်။ ။ထို့ကြောင့်။ဗုဒ္ဓဘာသာမှာသံသရာ၌ကျင်လည်ရခြင်းကို မကောင်း ဆိုပေသည်။ ။အပါယ်ခန္ဓာရထက်မူကား။အဆာအရာ,အဆင်းအထောင်,အသိန်းအသန်းမက ကောင်းမြတ်လှသည်သာ ဖြစ်၏။ ကောင်းပုံကား။ အပါယ်ဝိညာဏ်ရမှာ-သုစရိုက်—ဒုစရိုက်ကို သိနိုင်သော ပညာဟူသောဓမ္မခေတ်မဖြစ်နိုင်ကြ။ ။လောဘဒေါသမောဟဟူသောခေတ်ဆိုးခေတ်ဝါးရှနိုင်သာနေကြ၏။ လူနတ်ဗြဟ္မာ သုဂတိဝိညာဏ်ရမှာ၊ပညာဟူသော အသိခေတ်ဖြစ်နိုင်ကြ၏။ သုစရိုက်ဒုစရိုက်စသောတရားခမ္ဘာကိုသိနိုင်သောပညာဆိုသောခေတ်သည်၊တနေ့ဘနေ့အဘို့တွင်၊ အနည်းငယ်မျှပင် ဖြစ်သော်လည်း။အဘိုးဘယ်မျှထိုက်တန်သည်ဟုပြဘ်ဆိုနိုင်သော ခေတ်မဟုတ်ပေ ပညာ၏ကျေးဇူးကိုခရစ်ယာန်ဆရာတို့လည်းသိနိုင်ရာပါ၏။ အနေအထိုင်နှင့်တကွ အသက်ရှည်သမျှအကျိုးပေးပုံ။အပါယ်ခန္ဓာရထက်-လူ့ခန္ဓာကာကောင်းမြတ်သည်မှာ။ထင်ရှားမျက်မြင်ရှိပြီ။

ဗုဒ္ဓဘာသာလူမျိုးတို့ပြုကြသော-ဒါနမှု၊ သီလမှု၊ဘာဝနာမှုရသည်၊နိဗ္ဗာန်သို့မရောက်မီအကြားမှာ အပါယ်ခန္ဓာသို့ မကျစေမူ၍။လူ့ခန္ဓာနတ်ခန္ဓာဗြဟ္မာ့ခန္ဓာဟူသောသုဂတိသံသရာ။ကောင်းမြတ်ရာဘုံဘဝတို့သို့ရောက်စေတတ်သောအမှုရဖြစ်ပေ၍ကောင်းမြတ်သောအကျင့်ရပင်ဖြစ်၏။အလတ်အားဖြင့်အကျင့်ကောင်းအကျင့်မှန်ပင်ဖြစ်၏။ ခရစ်ယာန်ဆရာဆိုတိုင်းအကျင့်ဆိုးအကျင့်မှားမဟုတ်။ ။ထိုသို့မဟုတ်ခဲ့သော်။ သံသရာ၌ ကျင်လည်ခြင်းကိုမကောင်းဟုဗုဒ္ဓဘာသာမှာ အဘယ့်ကြောင့် ဟောသနည်းဆိုသော်၊နိဗ္ဗာန်လောက်မကောင်းသောကြောင့်ဟောပေသည်။ ။

www.dhammaransi.com



ဥပမာကား။ဟာနေ့တနေ့လုပ်လျှင်တကျပ်တန်မျှသာရသော ပညာလည်းရှိသတတ်။တနေ့လုပ်လျှင် ရွှေတသိန်းခန့်အသက်ထက်ဆုံးချမ်းသာစေနိုင်သောပညာအလုပ်လည်းရှိသတတ်။ ။ထိုသို့ရှိရာမှာ-ရွှေတသိန်းတန်ပညာကိုသောက်စားသော်၊ တခုတန်ပညာကိုပင်မကောင်းဆိုရ၏။မဆိုခဲ့လျှင်တရာတန်နှင့်အားရ၍နေလိမ့်မည်။ တကျပ်တန်နှင့်အားရ၍နေလိမ့်မည်။ တကျပ်တန် အလုပ်နှင့်နေသည်ကိုပင်။တခုတန်နှင့်အားရ၍နေလိမ့်မည်။ ထိုသို့အားရ၍ မနေရအောင်။တခုတန်အလုပ်နှင့်နေသည်ကိုပင် မကောင်း ဆိုရသကဲ့သို့တည်း။သိသာလှပြီ။

ဗုဒ္ဓဘာသာတရားကိုအလွန်ကြီးကျင့်ပြန်လျှင်။အသေကြီးသေရသောနိဗ္ဗာန်သို့ ရောက်ရသည်ဖြစ်၍၊ အမှားကြီး မှားပြန်၏ ဟူသောနောက်အဆိုမှာ။ ။သံသရာဆိုရသော ဝိညာဏ်ရ ခန္ဓာရခတ်ရသည်သာ။ ဖြစ်ချည်ပျက်ချည်-ရှင်ချည် သေချည်၊နေကြသော။အသေခတ်မျိုးအနိစ္စခတ်မျိုးရဖြစ်သည်။ နိဗ္ဗာန်ဆိုသောအသခ်တခတ်သည်မူကား။ထာဝရခတ်နိစ္စခတ်ဖြစ်ပေ၍ သေတတ်သောခတ်မျိုးမဟုတ်။ ။အထက်၌သတ္တုချ၍ပြခဲ့သည့် အတိုင်း။ပုဂ္ဂိုလ်သတ္တဝါ။ဗြဟ္မာနတ်လူ၊ငါသူတပါး။ယောကျ်ားမိန်းမ,ဟူ၍အစစ်အမှန်အားဖြင့်မရှိ။တသံ့ရှစ်ရပ် ခတ်သဘာဝ ရသည်သာ၊အဟုတ်အမှန်အားဖြင့်ရှိသည်၊ထိုခတ်သဘာဝရတွင်လည်း။နိဗ္ဗာန်မှတပါးသောခတ်ရသည်ကား။ အနိစ္စခတ် ဝိပရိဏာမခတ်ရသာဖြစ်သည်။နိဗ္ဗာန်ဆိုသောဓမ္မခတ်,တပါးသည်သာလျှင်။နိစ္စခတ်,ထာဝရခတ်ဖြစ်သည်၊ ။နိဗ္ဗာန်သို့ရောက်မှုဆိုသည်မှာ။အနိစ္စခတ် ဝိပရိဏာမခတ်ရကိုချုပ်ဆုံးစေ၍။ နိစ္စခတ်,ထာဝရခတ်ပြောင်းမှုသာဖြစ်သတည်း။ ။သောကာ၌ဂန္ဓာရီဝိဇ္ဇာလမ်းကိုလုပ်ကြ၍ အထမြောက်ကြကုန်သော သူတို့သည်။ပကတိသောလူ့ခန္ဓာကိုလဲလှယ်ပယ်ရှား၍၊ ပညာဖြင့် ပြီးသော ဝိဇ္ဇာခန္ဓာသို့ ပြောင်းသကဲ့သို့တည်း။ ။ခရစ်ယာန်ဆရာသည်ကား။နိဗ္ဗာန်ကိုအသခ်တခတ်ကြီးတပါးဟု မသိသည့် အ

www.dhammaransi.com



တွက်။ထောင်မှထုတ်၍သတ်သောသူဥပမာကိုဆိုမိလေသည်။ ။
ခရစ်ယာန်ဘာသာမှာလည်း။ ထာဝရနိဗ္ဗာန်ကြီးဟု အယူရှိသည်
သာဖြစ်၏။ရိုဟာမက်ဘာသာမှာလည်းအယူရှိ၏။ ။ထိုဘာသာ
တို့မှာလည်းယခုရှိမြဲတိုင်းသောလူ့ခန္ဓာနှင့်ရောက်နိုင်ကြသည်ဟု
မယူကြ။ခန္ဓာပြောင်းမှရောက်နိုင်ကြသည်ဟုယူကြသည်ပင်။ ။
ငါတို့ဗုဒ္ဓဘာသာနိဗ္ဗာန်မှာလည်း။အနိစ္စခေတ်ရကို အဆုံးတိုင်စွန့်
ပစ်ပြီးမှ။နိစ္စခေတ်ကြီးသို့ပြောင်းနိုင်သည်။

ဤကား။ပဌမ-ဒုတိယအဖြေဘည်း။

---

၃။ နာမ်ဝိညာဏ်နှင့်ကိုယ်ခန္ဓာရှိသ၍ သံသရာ၌အနိစ္စ။ဒုက္ခ။
အနတ္တတည်းဟူသော မကောင်း ကျိုးကို ခံရမည်။ သို့နှင့်နိဗ္ဗာန်
ဝင်၍ဘာမျှမကျန်သိုက်ဘဲ။ လုံးလုံးပျက်စီး သေကြေခြင်းကိုပင်
ကောင်းသည်ဟုဗုဒ္ဓဘာသာကဟောပြန်၏။ ဟောသည့် အတိုင်း
ကောင်းသည်ဟုဗုဒ္ဓဘာသာဝင်တို့ အယူရှိကြ၏။ ဤအယူသည်။
မကောင်းသောဆေးသမား၏ဆေးကိုစားမိ၍သေသောအခါ။လူ
နာမှာဝေဒနာကင်းသည်ဟုဆိုသောအရာနှင့်တူ၏။သေသောအခါ
ဝေဒနာကင်းသည်ဆိုသောစကားမှန်၏မသေဘဲသချာကောင်းကို
တွေ့၍ဆေးကောင်းကို စားရသောကြောင့် ဝေဒနာ ကင်းသည်
လည်းမှန်၏။ ဤနှစ်နည်းမှာ၊ မသေဘဲ ဝေဒနာကင်းသောနည်း
ကောင်း၏။ ဗုဒ္ဓဘာသာကဘုရားမရှိဆိုသောကြောင့်။ရှိသည့်
အခါသည်းဘုရားမတတ်နိုင်၊သဗ္ဗေသတ္တာကမ္မသကာ,ဆိုသော
ကြောင့်မသေရဘဲဝေဒနာကိုကင်းစေနိုင်သောဆေးသမားလည်း
ဗုဒ္ဓဘာသာ၌မရှိ။ ။ဤကား။ ၃-ဂဏန်းအရ။ တတိယ အပြစ်
ဆိုချက်တည်း။

ဤတတိယဆိုချက်မှာ*ကိုယ်ခန္ဓာရှိသ၍ သံသရာ၌ အနိစ္စ၊
ဒုက္ခ၊အနတ္တတည်းဟူသောမကောင်းကျိုးကို ခံရသည် ဟူရာ၌။
အထက်ဆိုချက်တွင်ဖြေခဲ့သည့်အတိုင်း။ အမြဲနိစ္စထာဝရမဟုတ်
သော-လူနတ်ဗြဟ္မာသံသရာခေတ်ရသည်။အနိစ္စခေတ်မျိုးပင် အ

မှန်ဖြစ်၏။ အနိစ္စခါတ်မျိုးဖြစ်သည့်အတွက်။ လူ့ခန္ဓာ, နတ်ခန္ဓာ ဗြဟ္မာ့ခန္ဓာကို။ယခုရရှိသော်လည်း။သေခွင့်ဆိုက်လျှင် သေဆုံးခြ ဝမ္မတာဖြစ်ချေ၍။နောင်လူ့ခန္ဓာသစ်နတ်ခန္ဓာသစ်။ဗြဟ္မာ့ခန္ဓာသစ် ဖြစ်ပြန်ရအောင်။ဒါနပြုမှုဒုက္ခ၊သီလပြုမှုဒုက္ခ။ ဘာဝနာကို အား ထုတ်မှုဒုက္ခဖြစ်ရပြန်သည်နှင့်၊ဒုက္ခခါတ်မျိုးအမှန်ဖြစ်၏။ မသေ အောင်လည်းအစိုးမရ၊ဒါနသီလဘာဝနာမှုကိုမပြုဘဲ၊ မိမိအလိုရှိ ရာမှာဖြစ်နိုင်ဘို့လည်းအစိုးမရသောကြောင့်။ အနတ္တ ခါတ် မျိုး လည်းအမှန်ဖြစ်၏။ ထိုအနိစ္စ။ဒုက္ခ။ အနတ္တခါတ်မျိုးကိုမကောင်း ကျိုးဆိုသည်မှာလည်း။နိဗ္ဗုသုခဖြစ်သောနိဗ္ဗာန်နှင့်ထောက်စါ၍ဆို သင့်၏။ ။ဥပမာကား။လူ့ပြည်၌အလွန်ချမ်းသာ၍ထမင်း တထပ် တထပ်ကို။တထောင်တန်စားသောသူရှိသတတ်။ ။နတ်ပြည်မှာ။ တကြိမ်စားသောနတ်သုဓာသည်။အနှစ်ခုနှစ်ရာ-ရှစ်ရာစသည် မ ဆာမမွတ်ဝပြိုး၍နေသတတ်၊ထိုနတ်သုဓာကိုထောက်စါသော်၊ တနေ့တနေ့လျှင် နှစ်ခါ-နှစ်ခါစားရသောတထောင်တန်ထမင်းကို။ အနိစ္စ။ဒုက္ခ၊ အနတ္တမကောင်း ကျိုးဟု ဆိုရသကဲ့သို့တည်း။ ထို တထောင်တန်ထမင်းသည်၊ တနေ့တနေ့တထပ်တထပ်လျှင် တ ကျပ်တန်မျှကိုစားရသောသူ၏ထမင်းနှင့်ထောက်စါသော်၊အဆ ပေါင်း,ကိုးရာ့ကိုးဆယ်,ကိုးဆ, သာသော ချမ်းသာကောင်းကျိုး သာဖြစ်၏။ ။သို့သော်လည်း။တထပ်စားလျှင်အနှစ်ခုနစ်ရာ,ရှစ်ရာ အမိ၍အချမ်းသာကြီးချမ်းသာစေနိုင်သော နတ်သုဓာကိုမသိက။ တထောင်တန်ထမင်းမျှနှင့်အားရတင်းတိမ်၍။နတ်သုဓာကို နေခံ နောက်ဘာဝခံစားရအောင်။ ဒါန,သီလ,ဘာဝနာမှုကို မပြုဘဲနေ တတ်သည်ဖြစ်၍။ထိုတထောင်တန်ထမင်းကို။အနိစ္စမျိုး,ဒုက္ခမျိုး မကောင်းကျိုးဟုပြောဟောရပြန်သကဲ့သို့။နိဗ္ဗာန်သို့ရောက်သော အကျင့်ကိုအားမကျဘဲ နေမည်စိုး၍။ လူ့ခန္ဓာ-နတ်ခန္ဓာ-ဗြဟ္မာ့ ခန္ဓာ,သံသရာဝဋ္ဋကို။အနိစ္စ,ဒုက္ခ,အနတ္တ မကောင်းကျိုးဟု ပြော ဟောရပြန်သတည်း။ ။ခရစ်ယန်ဆရာကား။ဤကဲ့သို့ဗုဒ္ဓဘာသာ အလိမ္မာမှုကိုမသိ၍၊အနိစ္စ,ဒုက္ခ,အနတ္တမျိုး ဆို သံကြားဘူးရုံမျှ

နှင့်၊ ခရစခရာမရှိ။ အတိဒုက္ခကြီး အသံနှင့် အပြစ်ဆိုလေသည်။ ။ သို့နှင့်နိဗ္ဗာန်ဝင်၍ ဘာမျှမကျန်လိုက်ဘဲ လုံးလုံးပျက်စီးသောကြော ခြင်းကိုပင်ကောင်းသည်ဟုဗုဒ္ဓဘာသာက ဟောပြန်၏ဟူသော စကားမှာ။ အနိစ္စသင်္ခတဓာတ်ညှို့ဓာတ်နှုတ်ရမှ။ နိစ္စထာဝရ ဖြစ်သောအသင်္ခတဓာတ်ကြီးသို့ပြောင်းသောအမှုမှာ။ ဘာမျှမကျန်လိုက်ဘဲ အနိစ္စသင်္ခတဓာတ်ညှို့—ဓာတ်နှုတ်ရ ပျက်ဆုံးမှုသည်။ အလွန်ဝမ်းမြောက်ဘွယ်သာဖြစ်၏။ (ဥပမာကား။) ခဲတပိဿာနှင့် ရွှေတပိဿာရောနှော၍နေရာ။ ရွှေကိုမသုံးရရှိနေသည်နှင့်။ ဖိုသို့ချရာခဲအညစ်အကြေးလုံးလုံးကုန်ဆုံးလေသော။ ကောင်းမြတ်လေလေဖြစ်သကဲ့သို့ရင်း၊ တယောက်သောသူသည်။ အလွန်ရုန့်ရင်းသောထန်းရွက်သက်ကယ်မိုးသောဝါးသစ်သားအိမ်တခုမှာနေရ၍ပြုမှပြင်မှုနှစ်စဉ် ဒုက္ခဖြစ်ရာ၏။ ထိုသူကို သူဌေးကြီးတဦးကဆိုပေရာ၏။ သင့်အိမ်လုံးလုံးမရှိလျှင်။ တသောင်းတန်အခိုင်အလုံဘိုက်ကြီးတခုကိုယူတော့ဟုဆိုပေရာ၏။ ဆို၍မကြာမီ ထိုထန်းရွက် သက်ကယ်မိုးအိမ်ကြီးကိုမီးလောင်လေ၏။ အကုန်လောင်လေလေ အဘိုးတန်တိုက်ကြီးပေါ်သို့စိတ်ချလက်ချပြောင်းတဲ့ရရန် အခွင့်နှင့်ဝမ်းမြောက်ဘွယ်ကောင်းလေလေသာဖြစ်၏။ ။ ထိုကြောင့်။ မိထွေးတော်ဂေါတမီ ပရိနိဗ္ဗာန်စံမည်ရှိရာ။ များစွာသော သူအခပေါင်းတို့ငိုကြသည်ကို။ မိထွေးတော်ဂေါတမီက။ မငိုကြကုန်လင့် ငိုရမည့်အခွင့်မဟုတ်၊ ဝမ်းမြောက်ရမည့်အခွင့်ဖြစ်သည်ဟုဆိုပေ၏။ ။ ခရစ်ယန်ဆရာကား။ အနိစ္စသင်္ခတဖြစ်သော ဓာတ်နှုတ် ဓာတ်ရုပ်တွေကို။ ဓာတ်ကောင်းဓာတ်မြတ်တွေထင်၍ အပြစ်တင်ဆိုမိလေသည်။ သေတတ်သောဓာတ်ရုပ်ကိုစွန့်၍။ မသေသောဓာတ်သို့ပြောင်းသည်ကိုမသိ။ မသေသောဓာတ်ကြီးတပါး ရှိသည်ကိုမသိဘူး၍ အပြစ်တင်ဆိုမိလေသည်၊ ။ လူသေသည်ဟုဆိုရန် အမှန်စင်စစ်အားဖြင့်။ လူဟူ၍တစုံတယောက်မျှမရှိ။ ပရမတ္ထဓာတ်သဘာဝမျှသာရှိသည်။ အနိစ္စသင်္ခတဓာတ်ရပျောက်ကွယ်၍။ နိစ္စအသင်္ခတဓာတ်သို့ပြောင်းလဲမှုသာ ဖြစ်လေရကား။ ပရိနိဗ္ဗာန်ဝင်

www.dhammaransi.com



မှုသည်။သူနာရောဂါသည်။ဆေးသမားကောင်းနှင့်တွေ့၍၊ ရောဂါ ရုပ်ရပျောက်၍။ပကတိမာရုပ်ကျန်းရုပ်ကိုရသည်နှင့်သာတူသည်။ ခရစ်ယာန်ဆရာဆိုတိုင်း။ ဆေးသမားမကောင်းနှင့်တွေ့၍ သေဆုံးသောအားဖြင့် ရောဂါပျောက်ငြိမ်းသည်နှင့်မတူပေ။ ။ခရစ်ယာန်ဆရာကား။အသင်္ခတနိဗ္ဗာန်ခေတ်ကြီးသို့ပြောင်းကူးမှုကို မသိ၍သေသောသူနှင့်တူ၏ဟုဥပမာပြုလေသည်၊ ။ပကတိလူ့ခန္ဓာ။နတ်ခန္ဓာ။ပြဟ္မာ့ခန္ဓာဖြစ်၍နေသောခေတ်ရသည်၊ ရောဂဓမ္မ။ဇရာဓမ္မ။ အာဗါဓဓမ္မရဖြစ်ချေ၍၊ အနာမျိုးတွေ့ရောဂါမျိုးတွေ့သာ ဖြစ်၏၊ မရဏဓမ္မဖြစ်ချေ၍။ အသေမျိုးတွေ့သာဖြစ်၏။ အသင်္ခတနိဗ္ဗာန်ခေတ်ကြီးကား။ အဇာတိမဇရေဗျာဓိ၊ အမတံနိဗ္ဗာနံ ဂတံ–ဟူသည်နှင့်အညီ။ရောဂါအနာဟူ၍မတွေ့နိုင်၊သေခြင်းဟူ၍မတွေ့နိုင်သောခေတ်ကြီးဖြစ်၏။ထို့ကြောင့်၊ ထိုခေတ်ကြီးသို့ရောက်သည်ကိုသေသူနှင့်တူသည်ဟုမဆိုသင့်။သေခြင်းသဘောမှထွက်မြောက်သူဖြစ်၍၊ အမြဲနိဗ္ဗ မာကျန်းမှုသို့ရောက်သည်ဟူ၍သာဆိုသင့်သတည်း။

ဗုဒ္ဓဘာသာမှာ ယခုဘုရားမရှိဟုဆိုသည်တရပ်။ ဘုရားရှိစဉ်အခါ၌လည်း မသေအောင် ဘုရားမတတ်နိုင်။ သဗ္ဗေသတ္တာကမ္မသကာဟူ၍ဆိုသည်တရပ်၊သည့်နှစ်ရပ်ကြောင့်၊ မသေဘဲဝေဒနာကိုကင်းစေနိုင်သောဆေးသမားသည်။ဗုဒ္ဓဘာသာမှာမရှိဟူရာ နိုက်၊ယခုရှိသော လူ့ခန္ဓာကိုဘယ်တော့မှ မသေဘဲ ဝေဒနာကိုကင်းစေနိုင်သောဆေးသမားသည်။ ဗုဒ္ဓဘာသာမှာသာ မရှိသည်မဟုတ်၊ခရစ်ယာန်ဘာသာမှာလည်း မရှိသည်သာဖြစ်၏။ မသေအောင်တတ်နိုင်သော ဆေးသမားရှိ၍၊ခရစ်ယာန်ဘာသာမှာ။ အနှစ်တထောင်မက မအိုမသေနေရသော ခရယာန်ဆရာကြီးမည်သူမည်ဝါတဦးတယောက်ရှိသည်ဟုမကြားဘူးပေ၊ ။ယခု-လူ့ပကတိခန္ဓာကို ရောဂါရှိလျှင်ကုစားသော ဆေးသမားမှာ၊ ခရစ်ယာန်မှာလည်း ဆေးဆရာဝန်ကြီးအများရှိကြ၏၊ ဗုဒ္ဓဘာသာမှာလည်း။ဆေးဆရာအများရှိကြ၏။ယခုရှိသောလူ့ခန္ဓာသေဆုံးကွယ်

www.dhammaransi.com



လွန်ပြီးသောနောက်မသေရအောင်ဆေးသွားများရှိနိုင်သည်။ ။ လောက ဆေးသမားအရာမှာ။ ခရစ်ယန်ဘာသာမှာ ယခုဆရာဝန်ဘ်ရှိလက်ကိုင်ပြု၍ ကုကြသော နည်းနိသျှရသည်၊ ယခုရှိကြသောဆရာဝန်တို့တွင်မှဖြစ်ကြသောနည်းချည်းမဟုတ်၊ သေလွန်လေပြီးသောရှေးရှေးသောပညာရှိကြီးတို့ ကြံစည်၍ ထားခဲ့သောနည်းနာနိသျှယသာသာများချေသည်။ ထိုပညာရှိကြီးတို့ပင်မရှိသော်လည်း။နည်းနာနိသျှယ ရှိရစ်လေသည့်အတွက်။ ယခုလူနာကိုကုစားနိုင်ကြသည်သာဖြစ်၏။ ဗုဒ္ဓဘာသာမှာလည်း။ ဘုရားရှိစဉ်အခါ။ဇီဝကဆရာကြီးရှိ၏။ ထိုဆရာကြီးသေလွန်သည့်နောက်။ထိုဆရာကြီးနည်းနာနိသျှကိုယခုတိုင်လက်ကိုင်ပြု၍ကုစားကြ၏၊ ။ ထို့ကြောင့် လောကမှာအထက်အထက်သောဆရာကြီးများ သေလွန်၍မရှိကာမျှနှင့်၊ လောကမှာသူနာကိုကုစားနိုင်သောဆေးသမားမရှိဟုမဆိုသင့်။ဤအတူ။ဗုဒ္ဓဘာသာမှာ။ယခုသဗ္ဗညုမြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်၍ မရှိကာမျှနှင့်။ ဗုဒ္ဓဘာသာမှာမသေရသဲဝေဒနာကိုကင်းစေနိုင်သော ဆေးသွားမရှိဟုမဆိုသင့်။ မြတ်စွာဘုရားဟော၍ ထားခဲ့သော ဓမ္မက္ခန္ဓာအပေါင်းရှစ်သောင်းလေးထောင်သည်။ မသေသဲဝေဒနာကို ကင်းစေနိုင်သော ဆေးသွားပေါင်းရှစ်သောင်းလေးထောင်ပင်ထင်ရှားရှိ၏။ ။ယောဝေါအာနန္ဒမယာဓမ္မောစဝိနယောစဒေသိတောပညတ္တော။ သောဝေါမမစ္စယေနသတ္ထာ။ ။ဟူ၍ဘုရားဗျာဒိတ်တော်မြတ်လည်းရှိ၏။ ။ယခုရှိကြသောကျမ်းတတ်ဂန်ထတ်ရဟန်းတော် သင်္ဃာတော် ဆရာတော်တို့သည်၊ထိုဓမ္မက္ခန္ဓာအပေါင်း ရှစ်သောင်းလေးထောင်ကိုလက်ကိုင်ပြု၍ကုနေကြသောဆေးသမားတို့ပေတည်း။ ။ဤလောကုတ္တရာဆေးသမားတို့မှာ၊ ယခုလူ့ခန္ဓာကို မအိုမသေအမြဲနေရအောင်။ ဗုဒ္ဓဘာသာ-ခရစ်ယန်ဘာသာ-ဘယ်ဘာသာမှာမျှမရှိပြီ။ ဗုဒ္ဓဘာသာမှာလည်း။အမြိုက်ဆေးဆရာဖြစ်သူ ဆရာတော်တို့ပင်ပြန်လွန်တော်မူကြကုန်သေးသည်။ ခရစ်ယန် ဘာသာမှာလည်း။ ခရစ်ယန်ဘာသာဆရာကြီးတွေပင် သေလွန်ကြသည်များလှလေ

www.dhammaransi.com



တော့မည်။ ။ထို့ကြောင့်ဘုရားမရှိဆိုရုံမှုနှင့်။ ယခုဗုဒ္ဓဘာသာ မှာမသေအောင်တတ်နိုင်သော ဆေးသမားမရှိဟုမဆိုသင့်၊ ။ ဘုရားရှိစဉ်အခါန္တက်လည်း။ မသေရအောင် မတတ်နိုင်။ သဗ္ဗေ သတ္တာကမ္မဿကာဆိုသောကြောင့်ဘုရားရှိစဉ်ကပင်ဗုဒ္ဓဘာသာ မှာမသေရအောင် ကိုးကွယ်ရန်မရှိ ဟူရာမှာလည်း။ ။သဗ္ဗေ သတ္တာ ကမ္မဿကာ–ဆိုသည်ကား။ လောကမှာဆေးသမားဆရာ ဝန်ကြီးဂုဏ်တုတ်ရှိသော်လည်း။ ရောဂါကြီး ဝေဒနာကြီးရှိသော သူအား။ထိုဆရာဝန်ကြီးကိုရှိခိုး၍ကိုးကွယ်၍နေရုံမှုနှင့်၊ထိုရောဂါ မပျောက်။ ထိုဆရာဝန်ကြီးပြောဆိုရာကို နားထောင်၍၊ ဆေးကို သောက်ခြင်းဟူသော မိမိပြုထိုက်သောအမှုကိုမိမိပြုမှပင်ပျောက် သည်။ထိုသို့ ဆရာဝန်ကြီးပြောဆိုတိုင်း နေရာကျအောင်။မိမိပြု ထိုက်သောအမှုကိုမိမိကပြုပေလျှင်။ ဆရာဝန်ကြီးရှိရာသို့မလာမ ရောက်ဘဲ။တတိုင်းတနိုင်ငံကနေ၍သောက်သော်လည်း။ ပျောက် ၏။ဤသို့လျှင်၊ လောကမှာပင်–သဗ္ဗေသတ္တာ ကမ္မဿကာ–ဆို သည့်အတိုင်း။ မိမိပြုထိုက်သောအမှုကို။ မိမိပြုမှပင်။အကျိုးခံရ သည်၊ဆရာဝန်ကြီးမှာ။ နေရာကျပြရုံပြောရုံဆေးပေးရုံသာတတ် နိုင်သည်၊ဤအတူ–ငါတို့မြတ်စွာဘုရားမှာလည်း။မအိုမသေအမြဲ နေရသောနိဗ္ဗာန်သို့ရောက်ကြအောင်နည်းလမ်းကိုပြရုံပြောရုံတရား ဒေသနာတည်းဟူသောအမြိုက်ဆေးကို။ပေးရုံမျှသာတတ်နိုင်သည်။ သတ္တဝါတို့ဆုံးမပြောဟောသည်ကိုနာခံခြင်း၊ တရားဒေသနာကို နာခံ၍ကောင်းစွာကျင့်ခြင်းဟူသော မိမိတို့ပြုထိုက်သောအမှုကိုမိ မိတို့ပြုကြမှ၊မိမိတို့ပြုသောအကျိုးကိုမိမိတို့ခံကြစံကြရသည်။ ။ ခရစ်ယန်တို့ထာဝရဘုရားမှာလည်း၊ သူ့တရားကိုနာယူမှုကျင့်ကြံ မှုဟူသောမိမိတို့ပြုထိုက်သော အမှုကိုဘာသာဝင်လူတို့က ပြုကြ မှသာကယ်ဆယ်နိုင်သည်ဟုရှိရာသည်။ ခရစ်ယန်ဘာသာသို့မ ဝင်၊မိမိပြုထိုက်သောခရစ်ယန်တရားအနည်းငယ်မျှမရှိသော။ အခ ခြားတပါးသော သတ္တဝါတွေကို ကယ်ဆယ်နိုင်၏ဟုမရှိလေရာ။ ထိုသို့ကယ်ဆယ် နိုင်ခဲ့လျှင်တရားဟူ၍ပင် ထားရန်မရှိပြီ။ ထို

www.dhammaransi.com



ကြောင့်။ ဗုဒ္ဓဘာသာတရား။ ခရစ်ယာန်ဘာသာတရားနှစ်ပါးမှာပင်။ သဗ္ဗသတ္တာကမ္မဿကာချည်းဖြစ်သတည်း။ ။ယခုဘဝမှနောက် ၌မအိုမသေအမြဲနေရအောင်အမှုကိုမဆိုထားလင့်။ ခရစ်ယာန်ဘာသာသို့ဝင်အောင်အမှုကိုပင်။ ခရစ်ယာန်ဆရာတို့က ပြောရုံဟောရုံသာတတ်နိုင်ကြကုန်သည်။ သတ္တဝါတို့ကမိမိတို့စိတ်နှင့်ယုံကြည်ခြင်း။ သက်ဝင်ခြင်း။ ဝန်ခံခြင်း။ ဘာသာဝင်ခြင်းဟူသောမိမိတို့ပြုထိုက်သော အမှုကိုကမ္မဿကာဖြစ်အောင် ပြုကြမှခရစ်ယာန်ဘာသာဝင်ဖြစ်ကုန်ကြသည်။ ။လောကမှာလည်း။ အနာပျောက်ငြိမ်းရာသောနည်းလမ်းကိုပြောဟောသောဘ်ရ။ ဆေးပေးသောဘ်ရသောဆရာဝန်ကြီးရှိခဲ့သော်။ ၎င်းဆရာဝန်ကြီးပင်မရှိသော်လည်း။ ဆေးနှင့်တကွလက်ထောက်ဘပည့်တို့ရှိခဲ့သော်။ ၎င်းလက်ထောက်တပည့်တို့ပင်မရှိကုန်သော်လည်း။ အမှာနံပါတ်နှင့်တကွဆေးပုလင်းဆေးဘူးရှိခဲ့သော်၎င်း။ ဆေးပင်မရှိသော်လည်း-ဆေးနည်းစာအုပ်ရှိခဲ့သော်၎င်း။ ရောဂါဖြစ်သူတို့မှာ ကိုးကွယ်ရာရှိသည်သာဖြစ်၏။ ဤအတူ ဘုရားရှိခဲ့သော်၎င်း။ ဘုရားတရားကို တတ်သိသူဆရာရှိခဲ့သော်၎င်း။ ဆရာပင်မရှိသော်လည်း။ ပေစာဘုတ်စာနှင့်နည်းနာနိဿျဘင်ရှားရှိခဲ့သော်၎င်း။ ထိုဘာသာဝင်တို့မှာ မသေရအောင်ကိုးကွယ်ရာရှိသည်သာဖြစ်၏။ ခရစ်ယာန် ဆရာသည်ကား။ ဤမျှသောလမ်းကိုမျှ မြော်မြင်နိုင်သောဥာဏ်ပညာမရှိရာ၍။ ဗုဒ္ဓဘာသာကို=ကိုးကွယ်ရာမရှိဟုဆိုပေသည်။

တတိယအဖြေပြီး၏။

---

၄။ ကိုယ်နှင့်, နာမ်ဝိညာဏ်သည်။ အနိစ္စ, ဒုက္ခ, အနတ္တ, ဖြစ်၏။ အနိစ္စ, ဒုက္ခ, အနတ္တ, ကိုဘယ်သူမျှမဖြစ်ချင်။ မဖြစ်ချင်သောကြောင့်။ အနိစ္စ, ဒုက္ခ, အနတ္တကိုညည်းတွား၍ပတိးစိပ်ကြ၏။ အနိစ္စ, ဒုက္ခ, အနတ္တကိုအလိုမရှိလျှင်။ နိစ္စ, သုခ, အတ္တကိုလိုချင်ကြ၏။ အနိစ္စ, သေခြင်းဖြစ်၍ နိစ္စ။ မသေအမြဲနေရခြင်းကိုဆို၏။ ဒုက္ခ, နာခြင်းဖြစ်၍။ သု

www.dhammaransi.com



ခ,ချမ်းသာခြင်းကိုဆို၏။ အနတ္တ,မိမိလိုတာရှိသည့်အတိုင်း မအိုမ
သေဘဲမနေရ။အိုရသေရသောကြောင့်။အတ္တ,မအိုမသေဘဲနေနိုင်
ခြင်းကိုဆို၏။ထို့ကြောင့်။နိစ္စ,သုခ,အတ္တကိုလိုချင်သည်ဆို၍ပတီး
စိပ်ပြီးနောက်။နိဗ္ဗာန်သို့ရောက်၍အစဉ်သေကြေပျက်စီးရပါလို၏
ဟုဆုတောင်းရသောတရားသည်မှားကြောင်းထင်ရှား၏။ ။ဟူ
သောစတုတ္ထဆိုချက်မှာ၊ * ။နိဗ္ဗာန်သည်သာနိစ္စဖြစ်၏။အမြဲထာ
ဝရတည်နေသောသုခဖြစ်၏။ ။ထိုအတုမရှိ မြင့်မြတ်သောနိစ္စ
ကြီး,သုခကြီးကိုရနိုင်ရန်အခွင့်မှာလည်း။လူ့ခန္ဓာ,နတ်ခန္ဓာ,ဗြဟ္မာ့
ခန္ဓာဟူသော တေဘုမ္မကသံသရာဝဋ္ဋတို့နှင့်တကွ။ယခု ရှိ၍နေ
သောမိမိကိုယ်ခန္ဓာဝဋ္ဋတို့ကိုငြီးငွေ့၍။မုန်းမှ။ စက်ဆုတ်မှ။ တွယ်
တာခြင်းကင်းမှ။ထိုနိစ္စ။သုခကြီးကိုရောက်နိုင်သည်။ ။ဥပမာ
ကား၊ ။အကျင့်အမူယုတ်မာညစ်ငြမ်းလှသောမယားနှင့်ပေါင်း
ဘော်၍နေရသောယောကျ်ားသည်။ ကိုယ်စိတ်နှလုံး ပင်ပန်းခြင်း
ဖြစ်၍နေလေရာ။ထိုဒုက္ခဝန်မှလွတ်၍။ ရဟန်းပြု၍ချမ်းသာစွာနေ
လိုသော်။ထိုမယား၌ခင်တွယ်ခြင်းပြတ်ကင်းမှနေနိုင်ခွင့် ရှိသကဲ့
သို့တည်း။မိမိကိုယ်ခန္ဓာနှင့်တကွ။သံသရာဝဋ္ဋတို့ကိုတပ်ခြင်း။ခင်
တွယ်ခြင်းကင်းပြတ်ရန်အခွင့်မှာလည်း။ မိမိကိုယ်ခန္ဓာ သံသရာ
ဝဋ္ဋတို့၌ရှိသော အနိစ္စဘေး။ဒုက္ခဘေး။ အနတ္တဘေးတို့ကို လင်း
လင်း-ထင်ထင်မြင်နိုင်မှ။တပ်ခြင်း—ခင်တွယ်ခြင်း—ပြတ်ကင်းနိုင်
သည်။ ။ထိုမယား၏အကျင့်ဆိုးအမူဆိုးတို့ကိုများများကြီး မြင်
နိုင်မှ။ အဘန်ဘန်အခါခါ အပြစ်ရှာ၍ကြည့်နိုင်မှ။ ထိုမယား၌
ခင်တွယ်ခြင်းပြတ်ကင်းနိုင်သကဲ့သို့တည်း။ ။ထို့ကြောင့်။ တေ
ဘုမ္မကသံသရာဝဋ္ဋတို့နှင့်တကွ။မိမိခန္ဓာကိုယ်ကို။ အနိစ္စ,ဒုက္ခ,အ
နတ္တဟုပတီးစိပ်မှသည်။အတုမရှိသောနိစ္စသုခကြီးသို့ ရောက်နိုင်
ရန်ဖြောင့်မှန်သောအကျင့်စင်စစ်ဖြစ်၏။ ။နိစ္စ,သုခ,အတ္တကို လို
၍ ပတီးစိပ်ပြီးနောက်၊နိဗ္ဗာန်ကိုဆုတောင်းပြန်သည်မှာအစဉ်သေ
ကြေပျက်စီးရခြင်းဒုက္ခကြီးကို တောင်းမှုဖြစ်ပြန်၍ မှားကြောင်း
ထင်ရှား၏ဟူသောစကားကိုကား၊သည်းချေပျက်၍သွက်သွက်ရှုး

www.dhammaransi.com



သောအရှုးသည့်၊ရွှေတောင်ကြီးကိုမီးပုံကြီးထင်၍၊မီးပုံကြီးကို ရွှေတောင်ကြီးထင်သကဲ့သို့၊ခရစ်ယာန်ဆရာသည်၊အဇာတိမဇရာဗျာဓိ၊အမတံနိဗ္ဗာနံ ဂဝတံ-ဟူသည်နှင့်အညီ၊ နိဗ္ဗာန်တရားဘပါးသည်သာလျှင်၊သေကြေပျက်စီးခြင်းအခါခပ်သိမ်းကင်းသော တရားဖြစ်၏၊ လူ့ခန္ဓာနတ်ခန္ဓာဗြဟ္မာ့ခန္ဓာ,သံသရာဝင့်တရားတို့သည်သာအစဉ်သေကြေပျက်စီး၍နေကြသောမရဏဓမ္မမျိုးအစစ် ဖြစ်ကြကုန်၏၊ထိုသို့ဖြစ်ပါလျက် ခရစ်ယာန်ဆရာသည်၊ အမတံ၊ သေကြေပျက်စီးခြင်းအစဉ်ကင်းသောအသခ်တခေတ်ကြီးကိုပင်လျှင် အစဉ်သေကြေပျက်စီးမှုနှင့် အဘန်ဘန်စွပ်စွဲဘိ၏။

ပုစ္ဆာအဖြေပြီး၏။

---

၅။ အကုသိုလ်အတွက်ကိုယ်ခန္ဓာဝိညာဏ်နှင့်တကွ၊ အမေ,အဘေကို တ,ရအောင်ငရဲတွင်ခံစေ၏။ ကုသိုလ် အတွက်ကိုယ်ခန္ဓာဝိညာဏ်နှင့်တကွ၊ချွင်လန်းခြင်းဖြစ်စေရအောင်မခံစားဘဲ၊ပျက်ဆီးနိဗ္ဗာန်သို့ပို့သည်ဟုဗုဒ္ဓဘာသာက ဆိုချက်သည်၊ အသွားအလာမညီသောကြောင့်မကောင်းမမှန်ဟုသဘောရ၏။ ။ဟူသောပုစ္ဆာမဆိုချက်မှာ*အထက်၌ပြဆိုခဲ့ပြီးသောအတိုင်း ကိုယ်ခန္ဓာဝိညာဏ်မည်သည်၊သေခြင်းဘေးထက်ကြပ်ပါ၍ နေ၏၊ လူဖြစ်စေ၊နတ်ဖြစ်စေ၊ဗြဟ္မာဖြစ်စေပဋိသန္ဓေနေမိသည့်နောက်ဘယ်နာရီ၊ဘယ်မိနစ်၊ဘယ်လက်ဖစ်၊ ဘယ်လျှပ်ပြက်မဆို သေကြေပျက်စီးတတ်သောအလေ့ရှိ၏။ လောဘဒိဋ္ဌိ တင်းလင်းရှိနေသည်ဖြစ်၍လည်း၊သေပြန်လျှင်ဘယ်ဘုံ,ဘယ်ဘဝကိုရောက်လိမ့်မည်ကျသိမ့်မည်မသိနိုင်၊ပေါက်လွှတ်ထားကြရသောသတ္တဝါအများထုံးနည်းဖြစ်၏၊ သည်ကသေလျှင်ဘယ်ဘုံဘယ်ဘဝသို့သွားမည်ဟုမှတ်ချက်ရည်ရွယ်ချက်နှင့်သွားနိုင်ကြသော သတ္တဝါထုံးမရှိ၊ ကုသိုလ်တရားအားရှိလှသသူဖြစ်၍သေခါနီးမှာအလောဘအဒေါသတရားများကပ်၍သေပါမှကောင်းရာ မြတ်ရာသို့ရောက်နိုင်၏၊ ထိုတဘဝစွပ်မိ၍ရောက်သော်လည်းနောက်ဘဝစောက်ထိုးသွား

www.dhammaransi.com



လိုလျှင်သွားပြန်၏။ဤသို့ ကိလေသာဘေး။မရဏဘေး။ အပါယ်ဘေး။အမြဲအစဉ်။သုံးလွန်းတင်ထွေး၍။ အေးစရာအကွက်။ လျှပ်တပြက်မျှမရှိသောကိုယ်ခန္ဓာဝိညာဏ်ကိုပင်။ ရွှင်လန်းခြင်း ဖြစ်စေရအောင်မစံစားဘဲဟုခရစ်ယာန်ဆရာ ဆိုခြင်းသည်။ ယခုရှိသောမိမိကိုယ်။မိမိခန္ဓာ။ မိမိဝိညာဏ်။သေရမည့်ဖြစ်အင်။ လူတကာမြင်ကြသောထုံးအစဉ်ဓမ္မတာကြီးကိုပင်။ မြင်စရာမျက်စိမရှိ၍ဆိုသကဲ့သို့ဖြစ်၏။ ။ထိုကဲ့သို့သုံးလွန်းတင်ထွေး၍နေကြသည့်အတွက်၊ အပါယ်ဘေးတင်းလင်းနှင့် နေကြရသော ကိုယ်ခန္ဓာဝိညာဏ်သည်။အလျင်အမြန်ကွယ်ပျောက်၍။ ထိုဘေးသုံးပါးအလျဉ်းလွတ်ကင်းရာမဟာအမတဓာတ်သို့ပို့နိုင်မှ။ ချမ်းသာ သုခစစ်,ရသတည်း။

ပဌမအဖြေပြီး၏။

၆။ ဗုဒ္ဓံသရဏံဂစ္ဆာမိ။အနက်ကား၊ ဘုရားသည် လည်းလျောင်းမှီခို ကိုးကွယ်ရာဆို၏။ သို့သောကြောင့်။ မိမိ၌ ရှိသောဝေဒနာကိုကွယ်ပျောက်စေလို၍။ နတ်ကို ကိုးဘိသကဲ့သို့။ မိမိ၌ရှိသောမကောင်းမှုဒုစရိုက်အပြစ်ကွယ်ပျောက်ရအောင်။ ဘုရားကိုကိုးရမည်။ ဘုရားတန်ခိုးကို ခိုလှုံရမည်ဖြစ်၏၊ ဘုရားသည်လည်းလျောင်းမှီခို-ကိုးကွယ်ရာဆိုသောကြောင့်၊ ကိုးလျှင်-ကွယ်မည်၊ ခိုလျှင်-လုံမည်မှန်၏။ကိုးကွယ်လည်းလျောင်းမှီခိုလို၍ ဗုဒ္ဓဘာသာတွင်ဘုရားကိုရှာသော်မတွေ့။ ဘုရားမရှိ။ ရှိသည့်အခါလည်း မကွယ်နိုင်။ သဗ္ဗေသတ္တာကမ္မသကာ-ဟူ၍သာဘုရားကဆို၏။ ဘုရားကိုယ်တော်တိုင်ပင်။ငြင်တော်ဆိုက် အနိစ္စ ဖြစ်ရသည်။ထိုကြောင့်ဗုဒ္ဓဘာသာ၌ကိုးကွယ်ရာမရှိ။ မရှိ၍ပျက်စီးရာလမ်းဟုနေရာကျ၏။ ။ဟူသောဆဋ္ဌမအခဆို၌*ဗုဒ္ဓဘာသာတို့ကိုးကွယ်ကြသောဘုရားသည်၊ကိုးကွယ်ရာ အမှန်ဖြစ်ခဲ့လျှင်။ ငါမိပြုကျင့်သောဒုစရိုက်အပြစ်တို့ကိုပျောက်ငြိမ်းစေလို၍ကိုးကွယ်လျှင်

www.dhammaransi.com



ကောန်ပျောက်ငြိမ်းခွင့်ရမည်။ သဗ္ဗေသတ္တာကမ္မဿကာဟု ဘုရားကဆို၍ထားသောကြောင့်၊မိမိပြုသော ဒုစရိုက်တို့ကို ဘုရားပျောက်ငြိမ်းအောင်မတတ်နိုင်ဟုသိ၍၊ ပျောက်ငြိမ်းအောင်မတတ်နိုင်လျှင်။ ကိုးကွယ်ရာမဟုတ်ဟုဆိုလို၏။ခရစ်ယန်ဘုရားမှာ။ ဒုစရိုက်အတွက်ကိုးကွယ်လျှင်။ ဒုစရိုက်ပျောက်ငြိမ်း၏ဟုဆိုလို၏ ဒုစရိုက် ပျောက်ငြိမ်းသည်မပျောက်ငြိမ်းသည်မှာရှိစေဦး။သက်သေရှိသောအချက်မဟုတ်။နောက်ဘဝမှသိရမည့် အချက်ဖြစ်သည်။ နောက်ဘဝကိုမြင်နိုင်ကြသည်လည်းမဟုတ်။ထားဘိဦး။ခရစ်ယန်ဘာသာဝင်လူတို့မှာ ကိုယ်တွင်း၌ကိုးဆဲ့ခြောက်ဖြာ ဝေဒနာကပ်ရောက်သူအများပင်ရှိကြလိမ့်မည်၊ဆေးဝါးမစားဘဲ ထာဝရဘုရားကိုကိုးကွယ်က။ထာဝရဘုရား ကွယ်မှုနှင့်ချည်း ပျောက်ငြိမ်းရာ၏ဆရာဝန်တွေဆေးဝါးတွေ။ဆေးရုံတွေသည်အပိုသက်သက်သာဖြစ်ရာ၏၊ထာဝရဘုရားကိုကိုးကွယ်သည့်သူတိုင်းရောဂါဝေဒနာဖြစ်ခဲ့လျှင်။ဆေးဝါးစားရိုးမရှိဘုရားကွယ်မှုနှင့်ချည်း ပျောက်ငြိမ်းရိုးအစဉ်ဖြစ်ခဲ့ပေလျှင်။ဒုစရိုက်ပျောက်ငြိမ်းမှု၌ရောဂါဝေဒနာပျောက်ငြိမ်းမှုသည် ဒိဋ္ဌသက်သေဖြစ်ထိုက်၏။ ရောဂါဝေဒနာဖြစ်သည်အခါ။ ဘုရားကွယ်မှုနှင့်ပျောက်ငြိမ်းရိုးမရှိ၍ဆေးရုံသို့တက်ရဆေးဝါးစားရမှု ရှိခဲ့လျှင်၊ ထိုအမှုသည်။ထာဝရဘုရားကိုကိုးကွယ်သည့်အတွက် ဒုစရိုက် ပျောက်ငြိမ်းသည် ဆိုသောစကားအမှားစင်စစ်မှန်ကြောင်းနိုက် ဒိဋ္ဌသက်သေဖြစ်၏။ ။ကိုးကွယ်၍ရောဂါဝေဒနာပျောက်ငြိမ်းခဲ့လျှင်။အကျွန်ုပ်မှာ။ ရောဂါဝေဒနာဆို၍အကျာမြူမျှမရောက်ပါစေလင့်ဆို၍။ ကိုးကွယ်လျှင်။ အကျာမြူမျှမရောက်ရအောင် ဘုရားကကွယ်နိုင်ရလိမ့်မည်။ ခရစ်ယန်ဘာသာဝင်လူမျိုး မကျန်းမမာသည်ဟူ၍မရှိရ။ မရှိပေလျှင်ဒုစရိုက်ပျောက်ငြိမ်းမှုနိုက်ဒိဋ္ဌသက်သေဖြစ်၏။ မကျန်းမမာသည်ရှိခဲ့လျှင် ဒုစရိုက်ပျောက်ငြိမ်းမှု မဟုတ်ကြောင်း ဒိဋ္ဌသက်သေဖြစ်၏။ ။ ဘုရားကိုကိုးကွယ်၍အစိုးရဥပဒေကိုလွန်ကျူးခဲ့သော်ငြား။ သူတပါးကိုသတ်ခဲ့သော်ငြား။ သူခိုးဓားပြ လုပ်ခဲ့သော်ငြား။ မင်းပြစ်

www.dhammaransi.com



မင်းဒဏ်လွတ်ငြိမ်းရမည်။ မင်းဖြစ်မင်းဒဏ် သင့်သည်ဟုမရှိရ။ မရှိပေလျှင်ဒုစရိုက်လွတ်ငြိမ်းမှုနှိက် သက်သေရ၏။ မလွတ်လျှင် ဒုစရိုက်၌မလွတ်မှုသက်သေဖြစ်၏။ ။ဤသို့သျှင်အရှေအထောင် မကသောလောကမှုတို့မှာ။ခရစ်ယန်ဘာသာဝင်လူတို့လည်းဘုရား ကိုကိုးကွယ်၍မရသောကြောင့်။ကိုယ်အမှုနှင့် ကိုယ်ကမ္မသကာ ဖြစ်၍နေကြသော မျက်မြင်ဒိဋ္ဌတွေ့ အထောင်မကရှိကြပါလျက်။ မျက်မြင်မဟုတ်သက်သေမရှိရာဒုစရိုက်မှုမှာဘုရားကို ကိုးကွယ် လျှင်ပျောက်ငြိမ်းသည်ဟု ပြောဆိုမှုသည်။ ဥာဏ်မျက်စိ သက် သက်မရှိသောလူပြိန်းတို့ကို လည်စယ်မှုသာဖြစ်၏ဟု သိသာလှ ၏။လူတို့မှာအတတ်ပညာသင်ကြားမှုသည်အလွန်ဆင်းရဲ၏။ခရစ် ယန်ဘာသာဝင်လူများသည်။ အတတ်ပညာကို မသင်ဘဲ၊ဘုရား ကိုအတတ်ပညာတတ်ပြီးဖြစ်အောင် ကိုးကွယ်လျှင် တတ်ပြီးဖြစ် ပါမည်လော။ တတ်ပြီးဖြစ်ရိုးမှန်ခဲ့လျှင် ကမ္မသကာဟူသောဗုဒ္ဓ ဘာသာမှား၏။ကိုယ်ဟာကိုကိုယ်သင်မှတတ်ရိုးမှန်ခဲ့လျှင်ကမ္မသ ကာသာအမှန်ဖြစ်၏။ ဒုစရိုက်ကို ကွယ်နိုင်သည်ဆိုသော ခရစ် ယန်စကားမှား၏။ အသက်မွေးမှု အလုပ်ရသည် ဆင်းရဲ၏။တစုံ တခုကိုမျှမလုပ်ဘဲ၊ ဘုရားကိုကိုးကွယ်မှုနှင့် ကြွယ်ဝချမ်းသာကြ သောအရိုးမှန်ခဲ့လျှင်။ကမ္မသကာဟူသောစကားမှား၏။ ဒုစရိုက် ပျောက်ငြိမ်းမှုမှန်၏။ကိုယ်တို့ကိုကိုယ်လုပ်ကိုင်မှစားသောက်ရရိုး အမှန်ဖြစ်ခဲ့လျှင်။ကမ္မသကာသာအမှန်ဖြစ်၏။ကိုးကွယ်၍ဒုစရိုက် ငြိမ်းသည်ဆိုသောစကားမှား၏။ ။ဤစကားရင်ရှနှင့်ပင်။ ခရစ် ယန်တို့။ကိုးကွယ်သောဘုရားလည်း၊ ကမ္မသကာမှုမျိုးမှာ ကိုး သော်လည်း မကွယ်နိုင်၊ ခိုသော်လည်း မလုံစေနိုင်ဟုထင်ရှား ၏။ ။ဗုဒ္ဓဘာသာမှာဘုရားရှာ၍မတွေ့ဟူသောစကားနှိက်၊ခရစ် ယန်မှာဘုရားရှာ၍ တွေ့သည်ဟုဆိုလို၏၊ တွေ့လျှင်ကြည့်ရှုပါရ စေ။ထာဝရဘုရားကြီးကို မြင်အောင် ပြပါ ဆိုလျှင်။ ခရစ်ယန် ဆရာအဘယ်သို့ဒိဋ္ဌဖြစ်အောင်ပြရာလိမ့်မည်နည်း။ ယခုကောင်း

ကင်ဘုံမှာဝိညာဏ်တော်နှင့်ထင်ရှားရှိကြောင်းကိုကျမ်းစာဆိုအ ရနှင့်ပြောလိမ့်မည်။ငါတို့ဗုဒ္ဓဘာသာဘုရားလည်း။ယခုအသင်္ခတ မဟာနိဗ္ဗာန်ကြီးမှာ ရှိသည်ပင်ဖြစ်၏။ ။အနိစ္စသင်္ခတဖြစ်သော ဝိညာဏ်နှင့် တကွသောခတ်ကြွမ်းရကိုစွန့်တော်မူ၍။ နိစ္စထာဝ ရဖြစ်သောအသင်္ခတ အမတဓာတ်ကြီးအနေနှင့် ထာဝရတည်နေ တော်မူ၏။ ။ကုသိနာရုံပြည့်မှာ ခန္ဓာတော်ကိုသာ စွန့်တော်မူ သည်။ ကိုယ်တော်မြတ်သည်မူကားအနန္တဂုဏ်တော်တို့နှင့်တကွ အမတမဟာနိဗ္ဗာန်ဟူသော လောကုတ္တရာဘုံကြီးမှာ။ အသင်္ခတ ဓာတ်ကိုယ်တော်မြတ်အဖြစ်ဖြင့်၊စံတော်မူလျက်ရှိသည်ပင်ဖြစ်၏။ ထာဝရဘုရားမှာဝိညာဏဓာတ်တော်။ ငါတို့ဘုရားမှာ။အသင်္ခတ ဓာတ်တော်။ ဤမျှသာကွဲကြသည်၊ကုသိနာရုံပြည်မလ္လာမင်းတို့၏။ အင်ကြင်းဥယျာဉ်တော်မှာ ရွှေပြည်နိဗ္ဗာန်စံတော်မူသည်ဟု။ခရစ် ယန်ဆရာ မကြားဘူးသလော။ ။ဗုဒ္ဓဘာသာမှာ ကိုးကွယ် ရာမရှိ။မရှိ၍ပျက်စီးရာလမ်းဟုနေရာကျ၏ဟူသောစကားမှာ။ ။ ဗုဒ္ဓဘာသာ ဘုရားမှာလူမှဖြစ်သည်ဖြစ်၍။ တိုင်းတော်ပြည်တော် ဆွေတော် မျိုးတော်အစရှိသော။ ယုံကြွယ်ရာသော သက်သေ အခြေအမြစ်တို့သည်၊ ယခုထက်တိုင် အထင်အရှား များစွာရှိ ကုန်၏။ ခရစ်ယန်တို့ဘုရားမှာ တစွန်းတစမျှမရှိ၊ ထိုသို့သက်သေ ဒိဋ္ဌပြရန်မရှိသည့်အတွက်ကြောင့်၊ ဘုရားဟူက အတုမရှိဖြစ်၍။ လူကဖြစ်သည်၊နတ်ကဖြစ်သည်မရှိရ၊ဘယ်ကမှဖြစ်သည်မဟုတ်။ အစဉ်ထာဝရမြဲ၍ နေသော ဝိညာဏ်တော်တဆူသာ ရှိရသည် ဟုခြေရာပျောက် ပြောကြကုန်၏။ ။ခရစ်ယန်တို့ဘုရားနှင့်၊ ဗုဒ္ဓ ဘာသာဘုရားသည်။ နိဗ္ဗာန်ဘုံကြီးမှာ ထင်ရှားရှိနေကြခြင်းအတူ တူဖြစ်၍ရှိမရှိအတွက်နှင့်အထူးပြောဆိုဘွယ်မရှိ။ပျက်စီးရာလမ်း လည်းမဟုတ်၊ခရယန်မှာလည်း။နိဗ္ဗာန်ဘုံမှာစံနေရာကိုမှန်း၍စိတ် ထဲမှာတွေ့သည့်ကို အတွေ့လုပ်ရသည်။ ဗုဒ္ဓဘာသာ ဘုရားကို လည်းနိဗ္ဗာန်ဘုံကြီးမှာစံနေရာကိုမှန်း၍ စိတ်ထဲမှာအတွေ့လုပ်နိုင် သည်သာဖြစ်၏၊ စိတ်ထဲမှာတွေ့၍သာ ဘုရားကို ကိုးကွယ်သော

www.dhammaransi.com



စိတ်၊ ကြည်ညိုသောစိတ်။ ရှိခိုးပူဇော်မှု။ ဘုရားစကားပြောမှုဖြစ်နိုင်ကြသည်။ စိတ်ထဲမှာမတွေ့သျှင်။ အောက်မေ့ရုံမျှမှုစိတ်ထဲမှာပေါ်တော့မည်မဟုတ်၊ ပျက်စီးရာလမ်းမဟုတ်ပုံမှာ။ အထက်ဆရာကြီးကိုယ်တိုင်၊ ဤတိုင်းပြည်မှာရှိသော်လည်း။ ဆရာဝန်ကြီးနည်းကိုလက်ကိုင်ရရှိသောနောက်ဆရာဝန်တို့ရှိခဲ့သော်ငြား၊ အမှာနံပါတ်နှင့်အပြည့်အစုံ ဆေးဝါးရှိခဲ့သော်ငြား၊ ၊ဆေးကျမ်း-ဓာတ်ကျမ်း၊ ဆေးစာ-ဓာတ်စာအချပ်ထင်ရှားရှိခဲ့သော်ငြား၊ ဤတိုင်းပြည်မှာ၊ ရောဂါရှိသူအား ကိုးကွယ်ရာ မရှိမဆိုရသကဲ့သို့၊ ပျက်စီးရာလမ်းလည်းမဆိုရ၊ ဤအတူသတ္တဝါတို့အကျိုးငှါ၊ ပဉ္စပွန်သံသရာလောကီလောကုတ္တရာနည်းလမ်းတို့ကို၊ မကြွင်းမကျန်အကုန် အစဉ်ဘော်ပြ၍ထားခဲ့သောဓမ္မက္ခန္ဓာအပေါင်းရှစ်သောင်းလေးထောင်နှင့်တကွ၊ ဘုရားတပန်း၊ ရဟန်းတော်အဆက်ဆက်၊ ခေါင်ရှက်လေ့လာသူအစဉ်မပြတ် ယခုထက်တိုင်ရှိနေသည်ဖြစ်၍ ပျက်စီးရာလမ်းမရှိ၊ နောက်နောင်ဘဝအဆက်ဆက်နှင့် တကွမဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုက်ရောက်အောင် ပွါးစီးရာလမ်းသာဖြစ်သတည်း။

ဆဋ္ဌအဖြေပြီး၏။

---

၇။ ဘုရားမရှိသော်လည်းမိမိကိုယ်ကျင့်တရားရှိ၏။ ကိုယ်ကျင့်တရားကိုပင်အားကိုးဟု၊ ဗုဒ္ဓဘာသာကစိရိယ်ဆိုက်ဘောပြန်၏၊ ဤအရာသည် ဘုရားဂုဏ်တော်ကိုအားမကိုးနှင့်။ မိမိဂုဏ်ကိုသာကိုးဟုသွန်သင်ရာရောက်၏။ အနတ္တကောင်မှာ တန်ခိုးဘယ်မှာရှိသနည်း။ ရှိသျှင်အနတ္တဟုခေါ်ဦးမည်လော။ ထိုကြောင့်ဟောသောသူသည်အနတ္တအကြောင်းကို၊ လုံးလုံးမသိရာထင်ရှားသည် သတ္တဝါတို့သည်အနတ္တဖြစ်၍မိမိလိုဘရှိသည့်အတိုင်း ဖြစ်စေအောင်အစွမ်းမရှိ၊ လောကနိုက်မင်းမှုကိုထမ်းသည့် အခါဖြစ်စေ၊ ကုန်သွယ်ရောင်းဝယ်ဘောက်ကားသည့်အခါဖြစ်စေ၊ လယ်ယာလုပ်

www.dhammaransi.com



စိတ်။ကြည်ညိုသောစိတ်။ ရှိခိုးပူဇော်မှု။ ဘုရားစကားပြောမှုဖြစ်နိုင်ကြသည်။ စိတ်ထဲမှာမတွေ့သျှင်။ အောက်မေ့ရုံမျှမှုစိတ်ထဲမှာပေါ်တော့မည်မဟုတ်။ပျက်စီးရာလမ်းမဟုတ်ပုံမှာ။အထက်ဆရာကြီးကိုယ်တိုင်။ဤတိုင်းပြည်မှာရှိသော်လည်း။ ဆရာဝန်ကြီးနည်းကိုလက်ကိုင်ရရှိသောနောက်ဆရာဝန်တို့ရှိခဲ့သော်ငြား။အမှာနံပါတ်နှင့်အပြည့်အစုံ ဆေးဝါးရှိခဲ့သော်ငြား။ ၊ဆေးကျမ်း-ဓာတ်ကျမ်း။ဆေးစာ-ဓာတ်စာအုပ်ထင်ရှားရှိခဲ့သော်ငြား။ဤတိုင်းပြည်မှာ။ရောဂါရှိသူအား ကိုးကွယ်ရာ မရှိမဆိုရသကဲ့သို့၊ ပျက်စီးရာလမ်းလည်းမဆိုရ။ဤအတူသတ္တဝါတို့အကျိုးငှါ။ပစ္စုပ္ပန်သံသရာလောကီလောကုတ္တရာနည်းလမ်းတို့ကို။ မကြွင်းမကျန်အကုန် အစဉ်ဘော်ပြ၍ထားခဲ့သောခမ္မက္ခန္ဓာအပေါင်းရှစ်သောင်းလေးထောင်နှင့်တကွ။ဘပည့်တပန်း။ရဟာန်းတော်အဆက်ဆက်။ ခေါင်ရှက်လေ့လာသူအစဉ်မပြတ် ယခုထက်တိုင်ရှိနေသည်ဖြစ်၍ ပျက်စီးရာလမ်းမရှိ၊ နောက်နောင်ဘဝအဆက်ဆက်နှင့် တကွမဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုက်ရောက်အောင် ပွါးစီးရာလမ်းသာဖြစ်သတည်း။

ဆဋ္ဌအဖြေပြီး၏၊

---

၇။ ဘုရားမရှိသော်လည်းမိမိကိုယ်ကျင့်တရားရှိ၏။ကိုယ်ကျင့်တရားကိုပင်အားကိုးဟု၊ ဗုဒ္ဓဘာသာကစိရိယံမိုက်ဘောပြန်၏၊ ဤအရာသည် ဘုရားဂုဏ်တော်ကိုအားမကိုးနှင့်။ မိမိဂုဏ်ကိုသာကိုးဟုသွန်သင်ရာရောက်၏။ အနတ္တကောင်မှာ တန်ခိုးဘယ်မှာရှိသနည်း။ရှိသျှင်အနတ္တဟုခေါ်ဦးမည်လော။ ထိုကြောင့်ဟောသောသူသည်အနတ္တ အကြောင်းကို၊လုံးလုံးမသိရာထင်းရှားသည် သတ္တဝါတို့သည်အနတ္တဖြစ်၍မိမိလိုဘရှိသည့်အတိုင်း ဖြစ်စေအောင်အစွမ်းမရှိ၊ လောကနှိုက်မင်းမှုကိုထမ်းသည့် အခါဖြစ်စေ။ကုန်သွယ်ရောင်းဝယ်ဘောက်ကားသည့်အခါဖြစ်စေ။ လယ်ယာလုပ်

www.dhammaransi.com



ကို ကျင့်ကြံလိုသော သူတို့ကို ကျင့်စွမ်းပေးမှု၊ ခြသေ့် သစ်
ကျား–သားရဲ–ငါးရဲတို့ကို ရဲစွမ်းပေးမှု ငသော။ လောက၌ မ
ကောင်းညစ်ညမ်း။ဆိုးစွမ်းမိုက်မဲသမျှကို ခရစ်ယန်ဘုရား ပေး
သောအစွမ်းနှင့်ညစ်ညမ်းနိုင်ကြသည်၊ဆိုးစွမ်းနိုင်ကြသည်။ မိုက်
မဲနိုင်ကြသည်ဟု ထင်ရှား၏။ ဘုရားပေးသော အစွမ်း မဟုတ်။
သူ့အစွမ်းနှင့် သူဆိုးစွမ်း မိုက်မဲပါသည် ဆိုပြန်လျှင်။ အနတ္တ
ကောင်မှာ တန်ခိုးအစွမ်းမရှိဆိုသောခရစ်ယန်ဆရာစကား ပျက်
၏။ ။အနတ္တကောင်ကိုမဆိုထားလင့်။အသက်ဝိညာဏ်မရှိသော
ဆေးဝါးမှာပင်၊ဆေးတန်ခိုး,ဝါးတန်ခိုး။ အနာမျိုး ရောဂါမျိုးကို
ပျောက်ငြိမ်းစေနိုင်သောအစွမ်းရှိသည်ပင်ဖြစ်သည်။ထို့အတူ။ မီး
အခွင့်မှာမီးတန်ခိုး။ရေအခွင့်မှာ,ရေတန်ခိုး။လေအခွင့်မှာ,လေတန်
ခိုး။မြေအခွင့်မှာ,မြေတန်ခိုးအစရှိသဖြင့်၊ သက်ရှိသက်မဲ့ အလုံးစုံ
မှာပင်တန်ခိုးအစွမ်းအသီးသီးရှိကြသည်ချည်းဖြစ်သည်။ မရှိဘူး
ဘုရားပေးမှအစွမ်းရသည်ဆိုလျှင်။အထက်စကားအတိုင်း ခရစ်
ယန်ဘုရားအပေါ်ကိုအမှုလဲ၍သွားလိမ့်မည်။ ။တန်ခိုးအစွမ်းအ
သီးသီးရှိကြသည်ရှိသော်၊အဘယ်ကြောင့် အနတ္တဆိုသနည်းဟူ
မူ။အိုခြင်း,နာခြင်း,သေခြင်း,ဖောက်ပြန်ဖောက်လဲဖြစ်ခြင်းတို့၌။ အ
စိုးမရ၍အနတ္တဆိုသတည်း။ ။ထို့ကြောင့်မိမိကိုယ်ကျင့်တရား
ကိုအားကိုးရမည်ဟောသောသူသည်။အနတ္တကိုလုံးလုံးမသိချေ မ
ကျ။ခရစ်ယန်ဆရာသည်သာ။အနတ္တအနက်သွားကို။လားလား မ
သိချေကျလေသည်။ ။သတ္တဝါတို့သည်။အနတ္တဖြစ်၍။မိမိလိုတရှိ
သည့်အတိုင်းဖြစ်စေရအောင်အစွမ်းမရှိဟူသောစကားသည်။အ
ထက်ကပြဆိုခဲ့သည့်အတိုင်း။ ခရစ်ယန်ဘုရားအပေါ်ကိုလဲတို့ စ
ကားဖြစ်သည်။ ။ဘာသာမှုမဟုတ်သောလောကီအကျိုးမျှကိုပင်။တ
ဦးဦးခိုလှုံရမှဖြစ်ထွန်းနိုင်သည်။ ထိုထက်ကြီးကျယ်သော လော
ကုတ္တရာအကျိုးမှာဆိုဘွယ်ရာမရှိ။ မိမိကိုယ်ကျင့်တရားကိုအား
ကိုးရမည်ဟုဟောသောသူသည်ကား။အလွန်ကြီးကျယ်စွာသော

www.dhammaransi.com



လောကုတ္တရာအကျိုးကြီးသို့ပင်။မိမိအစွမ်းနှင့်ရနိုင်၏ဟောသည်ကို။အဘယ်သို့ကြည်ညိုနိုင်ဘွယ်ရှိမည်နည်းဟူရာမှာ။ မိမိကိုယ်ကျင့်တရားကိုအားကိုးရမည်ဟောသည်မှာ။ မြတ်စွာဘုရား တရား၏တရားဒေသနာနည်းလမ်းတော်ကြီးကို။ အကျင့်တိုက်တွန်းမှုဖြစ်ပေသည်။ကျင့်သောသူသည်လည်း၊ ဒေသနာ နည်းလမ်းနှင့်ကျင့်ပေသည်။ထို့ကြောင့်ဟောသောသူ—ကျင့်သောသူ နှစ်ဦးလုံးသည်ပင်လျှင်။ဘုရားကိုရှိလှိုရင်းပင်ဖြစ်သတည်း။မြတ်စွာဘုရား၏ဉာဏ်စွမ်းဒေသနာစွမ်းထင်ရှားရှိပြီ။မိမိကလုံ့လ အစွမ်းလို၍နေတတ်သည်၊လုံ့လအစွမ်းကိုသာ ကြင်ကြပ်အားကိုးဟု—လို၍ နေတတ်ရာကိုသိ၍ ဟောသောစကားသာ ဖြစ်ပေသည်။ ဒေသနာတော်ကိုအားမကိုးနှင့်။ဂုဏ်တော်ကိုအားမကိုးနှင့်ဟု ဆိုလိုသည်မဟုတ်။မဟုတ်ကြောင်းသည်လည်း။ ဒေသနာတော်ကို စွဲမြဲကြ။ဂုဏ်တော်များကိုစွဲမြဲ ကြသောအရာသည်။ နိုင်ငံပေါ်မှာ အလွန်ထင်ရှားပါ၏။

သတ္တမအဖြေပြီး၏။

---

၈။ လောဘနှင့်ဒေါသသည်၊လာနိုင်သမျှ အပြစ်တကာတို့မှာအမိနှင့်အဘဖြစ်၏။ထို့ကြောင့်လောဘနှင့်ဒေါသကို ရှေးဦးစွာဖြတ်ရမည်တရားရှိ၏။လောဘကို မတိုက်မလှန်ဘဲ၊ ဗုဒ္ဓဘာသာကကြီးစေသည်ကိုမသိ။အမှတ်မဲ့ ကောင်းသည်ထင်၍ ဗုဒ္ဓဘာသာဝင်တို့ဘုရားဆုကိုတောင်းကြ၏။ ဘုရားသည် အကြီးဆုံးအမြတ်ဆုံးဖြစ်၏။ဘာမျှမဟုတ်သည့် အနတ္တ ဒုစရိုက်ကောင်သည်။မိမိအပြစ်ကိုမမြင်ဘဲ၊ ဘုရားဖြစ်ရပါလို၏ တောင်းသော အရာသည်လောဘမဟုတ်လား၊သည်လောဘထက် ကြီးနိုင်စရာ မရှိ။သူကြီးတယောက်သည်၊အရေးပိုင်မင်းအရာကို ရလိုပါသည်ဟုလျှောက်လျှင်။လူတကာကဲ့ရဲ့ဘွယ်ဖြစ်၏။အရေးပိုင်မင်း အရာနှင့်ဘုရားအရာကိုပြိုင်နှိုင်းဘွယ်မရှိ။ဘုရားအရာသည်။ အတိုင်းမသိ

www.dhammaransi.com



ကြီး၏။အရေးပိုင်မင်းအရာကိုပင်မရနိုင်သော ဗုဒ္ဓဘာသာဝင်တို့
သည်။ ဘုရားအရာကို ရလိုကြောင်းနှင့် လျှောက်ငြား၏။ ဘယ်မျှ
လောဘကြီးသလဲဟုစဉ်းစားကြပါ၊ ထို့အတွက် အပြစ်မှလွတ်
နိုင်ရာမထိုက်မတန်ဘဲ။ အရေးပိုင်မင်းအရာကို လျှောက်မိသော
သူကြီးသည်၊ ဤလောကမှာပင်အရှုးဟုအခေါ် ခံရလျှင်။ ဘုရားအ
ရာကိုခံလိုသော ဗုဒ္ဓဘာသာဝင်တို့ကို အဘယ်သို့ ဆိုဘွယ် ရှိအံ့
နည်း။ ။ထို့ပြင်အချို့တို့သည်။ ဘုရားဆုကိုမတောင်းဘဲအဆုံး
စွန်သောဘဝ၌ နိဗ္ဗာန်သို့ ရောက်လိုပါ၏ဟု ဆု တောင်း ကြ၏၊
ဘုရား မရှိ။ ဘုရား ရှိသော်လည်း နိဗ္ဗာန်ကို ဘုရားပင် လိုချင်၍
တောင့်တ,ရသေးသည်ဖြစ်သောကြောင့်။ဗုဒ္ဓဘာသာမှာဘုရားကို
မပေးနိုင်သူဖြစ်၍၊ဘုရားထံမှာနိဗ္ဗာန်ကိုတောင်းသောသူတို့သည်။
မှားလေပြီတကား။ ။ဟူသောအဋ္ဌမဆိုချက်၌* ခရစ်ယာန်ဆရာ
သည်။လိုချင်သမျှသည်။ လောဘချည်းဟုမှတ်ထင်၏။ လောဘနှင့်
ဒေါသသည်လာနိုင်သမျှအပြစ်တကာတို့မှာ။မိနှင့်-ဘ-ဖြစ်၏ဟူ
သောစကားဖြင့်လည်း၊လောဘနှင့်ဒေါသသည်။အပြစ်တကာတို့
၏အမြစ်လည်းဖြစ်၏။အကြီးဆုံးသောအပြစ်တရားလည်းဖြစ်၏
ဟုဆိုလို၏။ ။လိုလုံး, ပါရှိသမျှကိုလောဘဆိုခဲ့သော်၊ ခရစ်ယာန်
ဆရာတို့သည်၊ဓမ္မဒိပါဠ်၌ရှိသမျှသောလူရကိုခရစ်ယာန်ဘာသာဝင်
ဖြစ်စေလိုချင်ကြ၍ များစွာအားထုတ်ကြ၏။ အပြစ်ကြီးမားလှ၏။
ကြီးမားသောမကောင်းမှုကို ပြုကြသောသူများဖြစ်၏၊ သေသည်
မှ-နောက်၌ ထာဝရဘုရား စံနေရာ နိဗ္ဗာန် ဘုံသို့ ရောက်လိုကြ
၍ကျင့်ကြံမှုသည်လည်း၊ကြီးမားသောမကောင်းမှုကြီး၊ လောဘ
မှုကြီးဖြစ်ရာ၏၊ ခရစ်ယာန်ဘာသာတရားကိုသင်ကြားစေလိုခြင်း
သည်၊ ဓိဓိတတ်လိုသည်။သွားလိုသည်။လာလိုသည်အစရှိသည်
ဖြင့် ပြုလို၍ ပြုသမျှသည်၊ လိုလုံးနှင့်ချည်းဖြစ်၍၊ လောဘမှု မ
ကောင်းမှုချည်းဖြစ်ရာ၏ လောဘမှု မကောင်းမှုမည်သည်၊ ယုတ်
ညံ့သောခွေး,ဝက်,ကြက်,ငှက်စသောအပါယ်သို့ ချတတ်ချေ၏၊
ဒုစရိုက်မှုကို ထာဝရဘုရားပျောက်ငြိမ်းအောင် မတတ်နိုင်မှုမှာ

www.dhammaransi.com



အသက်ကိုဆင်ရှား‌ခဲ့ပြီ။ ။ဗုဒ္ဓဘာသာ တရား၌ကား။ လိုချင်မှုသည်မကောင်းသော ကိလေသာအစီးအပွါးကို လိုချင်မှု လောဘ။ကုသိုလ်ကိုလိုချင်သည်။မဂ်ဖိုလ်ကိုလိုချင်သည်။ နိဗ္ဗာန်ကို လိုချင်သည်၊သာဝကဆုကိုလိုချင်သည်။ ပစ္စေကဗုဒ္ဓကိုလိုချင်သည်။ ဘုရားဆုကို လိုချင်သည် စသော အလိုချင်မျိုးကား။ အလွန်ကောင်းမြတ်သောကုသလစ္ဆန္ဒသာဘည်း။လောဘနှင့်မဝေးစွ။ ။ပပါးသန်ခြေ့,ဒွေ,ငွေ,ရတနာစသည်ကိုလိုချင်မှုမှာ၊လောဘ အလိုချင်လည်းရှိ၏၊ ဆန္ဒအလိုချင်လည်းရှိ၏၊မိမိခံစားစံစားဘို့အလိုရှိမှုလောဘ။လှူဘို့ဒါန်းဘို့ကုသိုလ်ပြုဘို့အလိုရှိမှု-ကုသလဆန္ဒ။ ။ဒါနဝတ္ထု ပိသဇ္ဇနဝသပဝတ္တကာလေပိ စေသပိသာဏ္ဍတမ္ဗြေနတေနအဘိဇ္ဈာယေဝ။ ဒိပိတဗ္ဗဥသျှံဂဟကောအဘိဇ္ဈာကောဇ္ဈာသာသောပိယ။ ။ဆန္ဒအဖွင့်ဋီကာကျော်။ ။ဒါနဝတ္ထု ပိသဇ္ဇနဝသပဝတ္တကာလေပိစ၊ လှူဘွယ်ဝတ္ထုကို စွန့်သည်၏ အစွမ်းဖြင့်ဖြစ်သောကာလ၌လည်း။ဧသ၊ဤဆန္ဒသည်၊ပိသဇ္ဇနဒ္မြေန၊ စွန့်ခြင်းငှါထိုက်သော။စွန့်စရာဘို့ဖြစ်သော၊တေန။ ထိုလှူဘွယ်ဝတ္ထုဖြင့်၊ အဘိဇ္ဈာယေဝ။ အလိုရှိသည်သာလျှင်တည်း။ ကောပိယ။ အဘယ်ကဲ့သို့နည်းဟူမူ။ဒိပိတဗ္ဗဥသျှံ။ပစ်ရန်ဘို့ဖြစ်သော မြှားတို့ကို။ဂဟကော။ ယူခြင်း၌။အဘိဇ္ဈာကော။ အလိုရှိသော။ဇ္ဈာသာသောပိယ။ လေးသမားကဲ့သို့တည်း။ ။အနက်အဓိပ္ပါယ်ကား။ ။မြှားတို့မည်သည်။ ရန်သူရှိလျှင်ပစ်ဘို့သာဖြစ်ကုန်၏။ မိမိအိမ်မှာအဘွယ်အရာ-သုံးဆောင်ဘို့ မဟုတ်ကုန်။ ပစ်လိုက်စရာ သက်သက်ဖြစ်သောမြှားကိုပင်လေးသမားတို့ယူလိုရလိုကုန်၏။မြှားအလို့ငှါဝါးစသည်ကိုရှာကြံ၍မျှားစွာသော မြှားတို့ကိုလုပ်ဆောင်၍ထားကြကုန်၏၊ထိုအတူ အလှူဝတ္ထုမည်သည် အလှူခံပုဂ္ဂိုလ်တို့အားစွန့်လှူဘို့သာဖြစ်၏။ မိမိအိမ်တွင် သုံးဆောင်ဘို့မဟုတ်။ ထိုသို့မဟုတ်ဘဲလျက်။ ထိုအလှူဝတ္ထုမျိုးကိုအလိုရှိကြရကုန်၏၊ ကျောင်းဆောက်၍ လှူလိုသောသူသည်။ ကျောင်း ဆောက်ဘို့ကြေးငွေကိုအလိုရှိကြကုန်၏။သားကိုရှင်ပြုလိုသောသူသည်၊သား

www.dhammaransi.com



ကိုရှင်ပြုရန်တောင်သူမှုကိုပိုမိုရှိ၍လုပ်၏။ ကြေးငွေကိုအားထုတ်၍ ရှာ၏။ဤသို့လူ့ဘို့ဒါနိုးဘို့ကုသိုလ်ပြုဘို့လိုချင်သမျှသည်၊ကုသိုလ် ဆန္ဒသာဖြစ်၏။လောဘမဟုတ်ဟု။လောဘနှင့် ဆန္ဒအထူးအပြား ကိုဋီကာရှင်ပြတော်မူသည်။ ။အယူဝါဒအထူးထူးအထွေထွေ များကြသောပါဠိဖြစ်၍။ ပါဠိအနက်နှင့်တကွ နေရာကျပြဆိုလိုက် သည်၊ ။ဤသို့လျှင်ဗုဒ္ဓဘာသာမှာ။လောဘလိုချင်မှုဆန္ဒလိုချင် မှုနှစ်ပါးခြားနားလျက်ရှိသည်။ ။(ခရစ်ယန်ဆရာသည်အဘိဓမ္မာ နှင့်ဝေးလှ၍ရောက်တတ်ရာကိုဆိုမိလေသည်)။

ယခုဘဝတွင်အရေးပိုင်အရာမျှကိုမှရအောင်မတတ်နိုင်သော ဗုဒ္ဓဘာသာဝင်သူသည်။ အလွန်ကြီးကျယ်လှ၍ အရေးမျှမဟုတ် သောဘုရားဆုကြီးကို။ တောင်းသည်မှာ အရူးဆိုဘွယ်သာဖြစ်၏ ဟူရာနှိက်။အရေးပိုင်အရာကိုယခုဘဝရအောင် မတတ်နိုင်သော် လည်း။ဘုရားဆုကို တောင်းထိုက်သည်သာဖြစ်၏။ အရေးပိုင်အ ရာမှာအင်္ဂလိပ်မင်းတို့သည် အမျိုးကွဲဖြစ်သောသူကိုအရေးပိုင်အ ရာခန့်ခြင်းမရှိသောဥပဒေအတွက်ကြောင့်၊ ယခုဘဝဗုဒ္ဓဘာသာ ဝင်လူသည်အရေးပိုင်ဖြစ်အောင်မကြံနိုင်ရှိရသည်။ ဘုရားဆုမှာ မူကား၊ယခုဘဝဘုရားဖြစ်သည့်ဘို့မဟုတ်။ ဝါသနာဘာဂီ။ပါရမီ မျိုးစဖြစ်ဘို့မျှသာရှိပေသည်။ ယခုဘဝကဝသိ ဝါသနာအထုံပါ သဖြင့်။ဖြစ်လေရာရာဘဝတို့နှိက်လည်း။ ပြုပြုသမျှကုသိုလ်သည်၊ ဘုရားပါရမီ။အနေတည်သဖြင့်။ ရှည်မြင့်လှသောအခါ ဘုရားဖြစ် ဘို့ဖြစ်နိုင်ရန်အခွင့်ရှိသည်သာဖြစ်၏။ ။အရေးပိုင်အရာကိုယခု ဘဝမရနိုင်မှုနှင့်၊ဘုရားဆုပန်သူကို။ငြူစူသောအချက်မှာ။ ။အ ခွင့်မဟုတ်က။ယုတ်သည်ဖြစ်စေ၊ မြတ်သည်ဖြစ်စေ။ ယခုဘဝရ အောင်မကြံနိုင်သည်သာဖြစ်၏။ယခုဘဝခန္ဓာမပြောင်းဘဲ။ သန်း ဖြစ်အောင်မျှမကြံနိုင်ဘဲလျက်၊ နောက်ဘဝ ဆင်ပြောင်ကြီးဖြစ် အောင်ကြံနိုင်မည်ဝေးစွဲ့ဟု မဆိုအပ်၊ ယခုဘဝဖြစ်နိုင်သောအ ခွင့်မရှိ၍သန်းဖြစ်အောင် မကြံနိုင်သည်။ နောက်ဘဝနှိက်ဆင် ပြောင်ကြီးဖြစ်အောင်မူကား အခွင့်ရှိ၍ကြံနိုင်၏။ ယခုဘဝတိဖြစ်

www.dhammaransi.com



အောင်မကြံနိုင်က၊ နောက်ဘဝနဂါးမင်းကြီး ဖြစ်အောင်ကြံနိုင်မည်ဝေးစွ့ဟုမဆိုအပ်။ယခုဘဝဖြူတ်ကောင်ဖြစ်အောင်မျှမကြံနိုင်မူ။နောင်ဘဝဂဠုန်ငှက်ကြီးဖြစ်အောင် ကြံနိုင်မည်ဝေးစွ့ဟုမဆိုအပ်၊ယခုဘဝသာအရေးပိုင်ဖြစ်အောင်မကြံနိုင်သည်။နောက်နောက်ဘဝန္တိုက်ကားအင်္ဂလိပ်တိုင်းပြည်မှာ ရှင်ဘုရင်ဖြစ်အောင်ကြံနိုင်ခွင့်ရှိ၏။ထိုကြောင့် ခရစ်ယန်လူပျက်။ ကတောက်ကတက်ဆိုမြည်၍ထားသည်ကိုနားမယောင်ကြလေလင့်။ ။ထို့ပြင်အချို့တို့သည်။ဘုရားဆုကိုမတောင်းကြဘဲ။အဆုံးစွန်သောဘဝ၌နိဗ္ဗာန်သို့ရောက်လိုပါ၏ဟုဆုတောင်းကြ၏။ ဘုရားမရှိ၊ ဘုရားရှိသော်လည်း။နိဗ္ဗာန်ကိုဘုရားပင် လိုချင်၍တောင့်တ ရသေးသည် ဖြစ်သောကြောင့်၊ ဗုဒ္ဓဘာသာမှာဘုရားကိုမပေးနိုင်။ သို့ဖြစ်၍ဘုရားထံမှာနိဗ္ဗာန်ကိုတောင်းသောသူတို့သည်မှားလေ၏ဟုရာန္တိက်။ဆုတောင်းဆိုသည်ကား။ ဝေဿန္တရာမင်းကြီးထံမှာထမင်းကိုလို၍တောင်းလျှင် ထမင်းပေးသည်၊ အဝတ်ကိုလို၍တောင်းလျှင်အဝတ်ပေးသည်။ ငွေကိုလို၍တောင်းလျှင်၊ ငွေပေးသကဲ့သို့။မိမိပြုသောကုသိုလ်အတွက်နှင့်။ ဘုရားထံမှာနိဗ္ဗာန်ကို ဆုတောင်းရာ။ ဘုရားကယခုလက်ငင်းဘန်ဆင်းယူငင်၍ နိဗ္ဗာန်ကိုပေးနိုင်သည်မဟုတ်၊ ။ခရစ်ယန်ဘုရားလည်း ပေးနိုင်မည်မဟုတ်။ ပေးနိုင်ခဲ့လျှင်ခရစ်ယန်ဘာသာဝင်လူရသည်။ အရေးပိုင်ဆု။မင်းကြီးဆု။သူဌေးဆုကိုတောင်းကြ၍။အရေးပိုင်မင်းကြီး။ သူဌေးချည်းဖြစ်၍ကုန်လတ္တံ့။မျက်မြင်ဆုကိုမပေးနိုင်လျှင်၊ နိဗ္ဗာန်ကိုပေးနိုင်သည်၊ ဘယ်ဟာကိုပေးနိုင်သည်ဆိုသော မျက်ကွယ်ဆုကိုလည်း တခုမျှမယုံလင့်။ ။ဆုတောင်းဆိုသည်မှာ၊မိမိပြုသောကုသိုလ်အတွက်နှင့်ဘုရားကိုတိုင်တည်၍ အလိုရှိရာတောင်းမှုသာဖြစ်၏။ ဘုရားလည်းရတနာ်လောက်သော အခွင့်ရှိလျှင်။ တောင်းတိုင်းပြည့်ရံစေဟုဆုပေး၏၊ ပြည့်စုံအံ့သောအခွင့်မရှိသူကိုမူကားဆုပင်မပေး၊ ဆုပေးဆိုသည်ကား၊ သူတောင်းသောဆုကိုတောင်းတိုင်း ပြည့်ပါစေဟုကူညီ၍ ပေးရုံမျှသာတည်း။ ။ရဟန်းတို့မှာ မူကား။သူ

www.dhammaransi.com



တောင်းတိုင်းပြည့်မည်မပြည့်မည်ကို မသိနိုင်ကြ။ဆုပေးရိုးထုံးအစဥ်ကဲ့သို့ဖြစ်နေ၍။ ဆိုရိုးနှုတ်တက်ရေပဌနာစကားနှင့်ဆုပေးကြရတော့သည်။

ဗုဒ္ဓဘာသာမှာဘုရားထံ ဆုတောင်းမှုသည်။ ဘုရားမရှိပါဘဲနှင့်တောင်းသည့်အတွက်အမှားတချက်။ ဗုဒ္ဓဘာသာဘုရားသည့်နိဗ္ဗာန်ကိုသူတပါးအားပေးနိုင်မည်စေးစွာ၊ မိမိပင်နိဗ္ဗာန်ကိုတောင့်တရလျက်ရှိသည်ဖြစ်၍၊ဘုရားထံနိဗ္ဗာန်ဆုတောင်းမှါးပုံတချက်။ ပြဆိုသော စကားများမှာလည်း။ဆုတောင်းမှုဆုပေးမှုအချက်များကိုအထက်ကပြဆိုခဲ့ပြီးသော အမှုသွားကိုမသိ၍–ဗလိဗလစ်ဆိုမြည်သောစကားရသာမှတ်၊

အဋ္ဌမအဖြေပြီး၏၊

---

၉။ ဘာသာတိုင်းက–ဘုရားသည် အကြီးဆုံးအမြတ်ဆုံးဟုဆိုကြ၏။ ဗုဒ္ဓဘာသာကသာမဆို၊ နိဗ္ဗာန်ကိုပင်ဘုရားတို့တောင့်တရသေးသည်ဟု ဗုဒ္ဓဘာသာကဆိုသောကြောင့်။ ဘုရားထက်နိဗ္ဗာန်သာ၍ကြီးမြတ်သည်ဟုဆိုစရာဖြစ်၏။ ဘုရားကိုပင်အမြတ်ဆုံးမဆိုသောကြောင့်။ ဗုဒ္ဓဘာသာသည်မှန်သော ဘာသာဟုဆိုနိုင်စရာအခွင့်မရှိ။ ။ဟူသောနဝမဆိုချက်နှုက်*နိဗ္ဗာန်ကိုဘုရားကတောင့်တရသည့် အတွက်ကြောင့်။ ဘုရားထက် နိဗ္ဗာန်ကြီးမြတ်သည်ဟုတောင့်တမှုကိုစွဲ၍ဆို၏။ တောင့်တမှုကိုစွဲ၍ဆိုလျှင်။ လူသည်ထမင်းကိုတောင့်တရသည်။ ရေကိုတောင့်တရသည်။ထမင်း–ရေတို့သည်။လူထက်ကြီးမြတ်ကုန်၏ဆိုမည်လော။ လောကမှာအလိုရှိသမျှအသုံးကြသော အခါတောင့်တကြရသည်၊အလွန်များ၏။တောင့်တတိုင်းတောင့်တသူကအယုတ်အညံ့ ထိုထိုဝတ္ထုကအကြီးအမြတ် ဆိုမည်လော။ ခရစ်ယန်ဆရာ–ဘာတောက်ကတက်ဆိုမည်ချက်မျှသာတည်း။

နဝမအဖြေပြီး၏၊

www.dhammaransi.com



၁၀။ အဘယ့်ကြောင့်ဤကဲ့သို့ရှေ့အဆိုနှင့် နောက်အဆိုမညီ လွဲချွတ်မှားယွင်းရသနည်း။ အကောင်းကိုကျင့်သောအခါလည်း၊ ကောင်းကျိုးမပေး၊ မကောင်းသောသံသရာ အကျိုးကိုသာပေး သည်ကိုထောက်၍၊ ဗုဒ္ဓဘာသာတရားကိုဘုရားထားသည်မထား ဟုလိုက်စစ်ရသင့်၏၊ ဘုရားထားခဲ့လျှင် မှန်ရမည်။ ဤကဲ့သို့ ချွတ်ယွင်းသောကြောင့်။ ဘုရားမထားဟုထင်ရ၏၊ ထင်သည့်အ တိုင်းမှန်မမှန်ကိုစစ်ဆေးသော်။ တရားကိုဘုရားထားသည်ဟုဗုဒ္ဓ ဘာသာကမဆို၊ ရှင်ဂေါတမလည်းမထား၊ ရှိနှင့်ရင်းတရားကိုမြင် ၍သာဟောပြောသည်၊ တရားကိုကျင့်မှ ဘုရားဖြစ်သည်ဟုဆို သောကြောင့်၊ဘုရားမဖြစ်ခင်ကပင် တရားရှိနှင့်ပြီးဖြစ်၍၊ ဘုရား ထားသည်ဟုဆိုရန် အခွင့်မရှိ၊ ဘုရားမထားလျှင်လူထား၏၊ လူ ထားသည်ဟုဆိုသော် လူထားသောတရားကိုမကျင့်ဘဲ။ ရှိလိမ့် မည်၊မရှိသေးဘဲ ရှိလိမ့်မည်ကို မြင်သောကြောင့်၊ ဘယ်သူမှမ ထား၊ဓမ္မနိယာမဟုဆို၏၊ဓမ္မနိယာမအနက်ကား၊ တရားသည်အ စဉ်ထာဝရရှိ၏ဟုဆို၏။စာတစောင်ကို ဘယ်သူမှမရေးဘဲအလ ကားဖြစ်သည်ဟုဆိုလျှင်၊ မယုံနိုင်မယုံသင့်ဟု လူတိုင်းကဆိုကြ ၏။တရားသည် လောကီလောကုတ္တရာ အချုပ်အချာ ဖြစ်သော ကြောင့်၊ ထိုစာတစောင်ထက် တရားသာမြတ်၏။ ဤကဲ့သို့ကြီး ကျယ်သောတရားကို ဘယ်သူမှမထားဆိုလျက်၊ ယုံလျှင် သည် ထက်မယုံသင့်သောအရာရှိနိုင်သေး၏လား။ ဘုရားသာလျှင် အ စိန္တေယျ မကြံစည်နိုင်-မကြံစည်အပ်၊ တရားသည် အစိန္တေယျ မဟုတ်၍ တဦးဦးကထားရမည်။ ဓမ္မနိယာမ ဆိုသည့်အတိုင်း ဘယ်သူမျှ မထားလျှင် အလကား ဖြစ်လာသည်ဟု ဆို၏၊ ထို့ ကြောင့်၊ ဗုဒ္ဓဘာသာတရားသည် အလကားတရားဖြစ်၏။ အလ ကားတရားကို၊ အလကားလူများ ကျင့်စရာဖြစ်၏၊ အလကား တရားကိုကျင့်လျှင် အလကားပင်ဖြစ်ရမည် မှန်၏။ ဆိုသည့် အ တိုင်းလည်း၊အလကားတရားကို ကျင့်မိသောကြောင့်၊ မကောင်း သောသံသရာ၌ကျင်သည်ရ၏။ အဆုံးမှာဘာမျှမရှိဘဲ နိဗ္ဗာန်၌အ

www.dhammaransi.com



လကားပင်ဖြစ်ရလေ၏။ ။ဟူသော ဒသမ, အခရို၌* ရှေအခ
ဆို နောက်အဆို မညီ၊လွဲချော်မှားယွင်းသည်ဟု ခရစ်ယန်ဆရာ
ဆိုချက်မှာ။ ၎င်းဆရာ ဥာဏ်သေးလှ၍ အဆိုမညီရှိသည်ကိုဖြေ
ဆိုခဲ့ပြီ။ ။တရားကိုစစ်မည်ဟုခရစ်ယန်ဆရာဆိုချက်သည်တခု
သောရွှာအိုင်တွင်းမှာရှိသောတိငယ်တခုသည်။ ယူဇနာ,နှစ်သိန်း
လေးသောင်းအထုရှိသော။မဟာပထဝီမြေကို။ ငါကုန်အောင်စား
မည်ဟုကြိမ်းဝါးသည်နှင့်အလားတူချေသည်။ တရားကို ဘုရား
ထားသည်-မထားသည်။ဘုရားနှင့်တရား,ဘယ်သူက အလျင် ဖြစ်
သည်ဟုစစ်မှုမှာ။ဟရားအချက်ကိုသက်သက် မသိဘဲ၊ ရိပ်ဘမ်း
သံဘမ်းနှင့် စစ်သော အရာဖြစ်သည်။ ။တရားမည်သည် အ
လွန်များပြားသည်။အနမတဂ္ဂသံသရာကြီးသည်။ တရားချည်းပင်
ဖြစ်သည်။ သုံးဆယ့်တဘုံနှင့်တကွ။ စကြာဝဠာအနန္တတွင် ရှိ
သမျှသည်။ တရားချည်းပင်ဖြစ်သည်၊ဘုရားနှင့်စပ်၍ ဆိုပြန်လျှင်။
လေးသင်္ချေနှင့်ကမ္ဘာတသိန်းအတွင်း။ဘုရားမဖြစ်မီ ရှေးရှေးဘဝ
တို့၌။ ဖြည့်ကျင့်တော်မူသော ပါရမီတရားလည်းရှိသည်။ ဘုရား
မဖြစ်မီ တောထွက်ပြီးနောက်။ကျင့်တော်မူသော တရားလည်း ရှိ
သည်။ဗောဓိပင်နှင့် ရွှေပလ္လင်ပေါ်မှ ရတော်မူသော။ မဂ်လေးပါး။
ဖိုလ်လေးပါး။ သဗ္ဗညုတဥာဏ်။ ဒသဗလ ဥာဏ် စသောတရား
လည်းရှိသည်။ ခန္ဓာတော်တည်းဟူသော တရားလည်းရှိသည်။
မိဂဒါဝုန်တော၌ဟောတော်မူသောဓမ္မစကြာ တရားတော်မှစ၍။
လေးဆယ့်ငါးဝါကာလပတ်လုံးဟောကြားတော်မူသော။ ဝိနည်း
သုတ္တန်၊အဘိဓမ္မာဟူသောပိဋကတ်အားဖြင့် သုံးပါး။ နိကာယ်
အားဖြင့် ငါးပါး၊ အင်္ဂါအားဖြင့် ကိုးပါး။ ဓမ္မက္ခန္ဓာ အားဖြင့် ရှစ်
သောင်းလေးထောင်သောဒေသနာတရားလည်းရှိသည်၊ ။ဓမ္မ
နိယာမ,ဟူရာ၌။ ဓမ္မအရသည်။ဘုရားအလောင်းတော်ပဋိသန္ဓေ
ယူသောအခါစသည်၌။စကြာဝဠာတသောင်းတုန်လှုပ်ခြင်းစသည်
ကို ဓမ္မနိယာမဆိုသည်၊ အနမတဂ္ဂသံသရာ၌ တယောက်-တ
ယောက်သော သတ္တဝါ၏ ခန္ဓာအစဉ် ဖြစ်မှု ပဋိစ္စသမုပ္ပါဒ်ကို

www.dhammaransi.com



လည်း၊မေ့ ္ဘနိယာမဆိုသည်။ ခရစ်ယန်ဆရာကား၊ ရိပ်ဘမ်း သံဘမ်းနှင့်—စမ်းရမ်း၍မေ့ ္ဘနိယာမကိုဆို၏။ ။ဗုဒ္ဓဘာသာတရားကိုဘယ်သူထားသည်ဟုရာ၌။ ဘုရားအဖြစ်သို့ ရောက်တော်မူသည်မှစ၍။လေးဆယ့်ငါးဝါကာလပတ်လုံး၊မြတ်စွာဘုရားဟောကြားတော်မူသည်။ မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်တော်မူသည့်နောက်။ လေးဆယ့်ငါးဝါ ကာလပတ်လုံး ဟောတော်မူသည့် တရားတော်တို့ကို ပိဋကတ်သုံးပုံဖွဲ့စည်း၍။ ပထမသင်္ဂါယနာ၊ ဒုတိယသင်္ဂါယနာ။ တတိယသင်္ဂါယနာ။ စတုတ္ထ သင်္ဂါယနာတင်၍။အစဉ်မပျက်ဆောင်ရွက်ခြင်းဖြင့် ယခုရှိနေသည်။ ။ဤသို့ ဗုဒ္ဓဘာသာတရားသည်။ရှေးဦးစွာမြတ်စွာဘုရား ဟောထားကြောင်း။ ဘုရားပရိနိဗ္ဗာန်စံလွန်သည့်နောက်။ မဇ္ဈိမ,တိုင်းတွင်၊ ပထမသင်္ဂါယနာ။ဒုတိယသင်္ဂါယနာ။တတိယသင်္ဂါယနာ တင်၍။အစဉ်လာရှိကြောင်း။ ၎င်းနောက် သီဟိုဠ်သို့ရောက်၍။ ပေါတ္ထကာရုဠ္ဌ-စတုတ္ထသင်္ဂါယနာတင်၍။အစဉ်အဆက် လာရှိကြောင်း။ ၎င်းနောက် သုခမ္ဘ ပုရ သထုံပြည်မှ စ၍။ တလိုင်းပြည်၊ ယိုးဒယားပြည်၊ မြန်မာပြည်။ ရာဇဝင်။သာသနာဝင် အစဉ် အဆက်လာကြောင်း။ မဟာဝင်။ ရာဇဝင်၊ သာသနာဝင်။ မိရိုးဘလာပြောရိုးဆိုစဉ်။ လူရှင်အများ။အလွန်ထင်ရှားသော အစဉ်အလာကြီးဖြစ်ပါလျက်။ ခရစ်ယန်ဆရာသည် ဗုဒ္ဓဘာသာ တရားကိုမည်သူထားသည်ဟု။ရှာကြံမရရှိရသည်မှာ။ခရစ်ယန်ဆရာသည်၊ ဗုဒ္ဓဘာသာလူမျိုးထဲကမဟုတ်။ အရိုင်းအစိုင်းမျိုးထဲက ဖြစ်ရာသည်ဟုတွေးထင်ရန်ရှိချေသည်။ ။ဤဒသမဆိုချက်နှင့်တကွနောက်ကောဒသမ ဆိုချက်များသည်၊ ကတောက်ကဘက်ဆိုမြည်ချက်မျှသာဖြစ်၍။အဖြေစကားရေးသားဘွယ်မရှိပြီ။

(ဒသမ-ကောဒသမအဖြေပြီး၏။)

ဤတွင်ပြီးပြီ။

www.dhammaransi.com



## နမောတဿဘဂဝတောအရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဝိုးရထားလမ်း၊ ဓိုးကုန်းကြီးမြို့၊ ခရစ်ယန်အသင်းသားတို့၏ မေးခွန်း(၁၄-ချက်ကို) အကျဉ်းဖြေဆိုချက်။

မြို့စဉ်-ရွာစဉ်၊ လှည့်လည်လျှောက်သွားခိုက် ကြုံကြိုက်သည့် တကြောင်း။ ရောက်လေ ရာရာ မြို့ရွာတို့ နှိုက်။ လူပရိသတ် ရှင်ပရိသတ် တို့နှင့်၊ နေ့မစဲ၊ ညဉ့်မစဲ၊ ရောနှောဆက်ဆံ၍ နေရ သည့်တကြောင်း၊ ထိုအကြောင်းများကြောင့်၊ ဗုဒ္ဓဘာသာကျမ်း ဂန်နှိုက်လာရှိသော ပါဠိဘာသာစကားတော်များကို ထုတ်ဘော် ညွှန်ပြ၍၊ အကျယ်ဝိတ္ထာရအားဖြင့်ဖြေဆိုခွင့်မရ၊ ကျမ်းဂန်လာရှိ သည့်အတိုင်း၊ သိမှတ်၍နေသော အနက်သဘောကို၊ ပြောပြဖြေ ဆိုပေအံ့။

(၁) အမေး။ ။အရိယာသူတော်တို့၏ရှေးကာလနေရင်းအ ရပ်သည်၊ အဘယ်ဒေသမှာရှိပါသနည်း။

အဖြေ။ ။အိန္ဒိယနိုင်ငံအလယ်ပိုင်းမှာရှိသည်၊ ကာသိတိုင်း ဗာရာဏသီပြည်၊ ကောသလတိုင်းသာဝတ္ထိပြည်၊ မာဂဓတိုင်းရာ ဇဂြိုဟ်ပြည်၊ ဝဇ္ဇီတိုင်းဝေသာလီပြည်၊ အစရှိသောအရပ်ဒေသ များသည်ရှေးကာလမှစ၍အရိယာသူတော်တို့၏နေရပ်ဒေသများ ဖြစ်ကြပေသတည်း၊

(၂) အမေး။ ။ထိုအရိယာလူမျိုးတို့ကို၊ အဘယ်ကြောင့်အ ရိယာဟုခေါ်ပါသနည်း။

အဖြေ။ ။အရိယာဟူသောစကားသည်၊ စင်ကြယ်ခြင်းအ နက်၊ မြင့်မြတ်ခြင်းအနက်ကိုဟော၏။ ပစ္စန္တရစ်ခေါ်သော၊ အစွန် အဖျားကျသောတိုင်းသားပြည်သားတို့ထက်၊ ထိုအရိယာသားတို့ သည်၊ အယူသီလစင်ကြယ်ကြကုန်၏။ အယူစင်ကြယ် ကြကုန်

www.dhammaransi.com



သည်ဖြစ်၍မြင့်မြတ်ကြကုန်၏။ ထို့ကြောင့်။ ထိုလူမျိုးတို့ကိုအရိယာဟုခေါ်သည်။

(၃) အမေး။ ။ထိုအရိယာလူမျိုးတို့သည်။ ဘယ်အတွက်ကြောင့်မဇ္ဈိမတိုက်သို့ရောက်ကြပါသနည်း။

အဖြေ၊ ။ထိုလူမျိုးတို့သည်။ရှေးအခါန္တက်မဇ္ဈိမတိုက်တွင်တိုင်းရင်းသား ပြည်ရင်းသားများဖြစ်ကြ၏။ တခြားဘပါးသောပစ္စန္တရစ်တိုင်းပြည်တို့မှလာရောက်ကြသောတတိုင်းသား။တပြည်သားမဟုတ်ကြကုန်။

(၄) အမေး၊ ။ယခုထိုအရိယာလူမျိုးတို့သည်။ ဘယ်မှာရှိကြပါကုန်သနည်း။

အဖြေ။ ။ယခုကာလန္တက်ႏထိုအရိယာခေါ်သောဟိန္ဒူလူမျိုးတို့သည်။မဇ္ဈိမဒေသ ခေါ်သောဟိန္ဒူတို့ပြည်မှာရှိကြကုန်၏။အချို့အချို့သောသူတို့သည်။ အယူသီလဘောက်ပြားကြ ကုန်သဖြင့်။ ထိုင်းချင်းပြည်ချင်းတိုက်ခိုက်ကြကုန်၍။ ရှင်ဂေါတမဘုရားမပေါ်ထွန်းမီ၊ ရှေးအနှစ်သုံးရာခန့် ကာလကပင်၊ အရှေ့ဘက်သို့အချို့ရောက်လာကြကုန်၍။ သလ္လာဝတီမြစ်စဉ်တလျောက်။ဧရာဝတီမြစ်စဉ်တလျောက်၊ မြို့ပြ-ပြည်ရွာများတို့ကိုတည်ထောင်၍နေကြကုန်သည်။မြန်မာလူမျိုး။တလိုင်းလူမျိုး။ရခိုင်လူမျိုးတို့သည်၊ အရိယာလူမျိုးတို့၏။ အနွယ်အဆက် ဖြစ်ကြောင်းကို၊ ရှေးရာဇဝင်ပေါင်းများတွင်လာရှိသည်၊ ။မြန်မာသက္ကရာဇ်-၁၂၅၇-ခုနှစ်တွင်။မာဂဓတိုင်းရာဇဂြိုဟ်ပြည်သို့၊ ဘုန်းကြီးကိုယ်တိုင်ရောက်ရှိ၍။ထိုအရပ်သားပညာရှိကြီးများနှင့်တွေ့ဆုံကြရာ၊ မြန်မာလူမျိုးတို့သည်ဇာတ်ပျက်သဖြင့်။ အိန္ဒိယ၊ မဇ္ဈိမဒေသမှ၊ အရှေ့ဘက်သို့နှင်ထုတ်ထွက်သွားရသော။ အိန္ဒိယႏမဇ္ဈိမ။ အနွယ်အဆက်ဖြစ်ကြောင်း ပြောဆိုသည်ကို ကြားသိခဲ့ရသည်။ ။မြန်မာရာဇဝင်ပေါင်းများအထွက်နှင့်။ မာဂဓတိုင်းသား။ ပညာရှိကြီးများပြောဆိုချက်။ညီညွတ်သကဲ့သို့ထင်ပေသည်။

www.dhammaransi.com



(၅) အမေး။ ။ရှေးကာလမှာရှိခဲ့လျှင်၊ ယခုကာလမှာမရှိသင့်ပါလော၊

အဖြေ။ ။ရှေးကာလမှာရှိသကဲ့သို့၊ယခုကာလမှာလည်း၊ထိုဒေသမှာရှိကြပါ၏၊ ရှိကြသော်လည်း၊ ရှေးကာလမှာရှိကြသော အရိယာလူမျိုးတို့သည်၊ စည်းစိမ်ချမ်းသာဉာဏ်ပညာဘုန်းတန်ခိုးကြီးကြကုန်၏၊ နောက်ကာလနှိက်၊အရိယာတရား ဘောက်ပြားကြသဖြင့်၊တတိုင်းနှင့်တတိုင်း၊ တပြည်နှင့်တပြည်တိုက်ခိုက်ခြင်း မိစ်ဆာခေါင် လေရှားများပြားကြသဖြင့်၊ ယခုကာလရှိနေကြသော အရိယာလူမျိုးတို့သည်၊စည်းစိမ်ချမ်းသာ၊ ဉာဏ်ပညာဘုန်းတန်ခိုးသေးသိမ်ယုတ်ညံ့လျက်ရှိကြကုန်၏၊ ဤလူမျိုးတို့သည်၊ရှေးအခါနှိက်ဘုန်းတန်ခိုးကြီးဘူးသည်ဟု၊ ပြော၍ပင် မယုံနိုင်လောက်အောင်ရှိနေကြကုန်၏။ ။မြန်မာသက္ကရာဇ်- ၁၂၅၇-ခုနှစ်တွင်၊ ဘုန်းကြီးကိုယ်တိုင်၊ ဗင်္ဂလားမြို့သို့ရောက်၍၊ ဗင်္ဂလားမြို့ရှိဆေးရုံတော်ကြီးများနှိက်၊ ဆေးပညာကိုသင်ကြား၍ နေကြကုန်သော၊ ဆေးရုံတော်သားများနှင့်တွေ့ဆုံကြရာ၊ အစိုးရဆေးရုံတော်မှာရှိနေကြကုန်သော ဆေးပညာကြီးများသည်၊ ဤအိန္ဒိယတိုင်းမှအရင်းမူလဖြစ်ကြောင်း၊ဥရောပတိုက်တိုင်းများနှိက်၊ ယခုအခါရှိနေကြသောဗေဒင်ပညာ၊ လောကဓာတ်ပညာများသည်၊ ဤအိန္ဒိယနိုင်ငံမှနည်းဟောင်းမူဟောင်းတို့ကိုတွေ့ရှိကြ၍၊ ဉာဏ်ပညာပွါးများကြကြောင်း၊ ဆရာဝန်ကြီးတို့ မိန့်ဆိုကြကုန်သည်ဟုပြောဆိုကြသည်ကို၊ကိုယ်တိုင်ကြားသိခဲ့ရသည်။

(၆) အမေး။ ။ဇမ္ဗူဒိပ်ကျွန်းသည်၊ ဘယ်မှာရှိပါသနည်း။ ၎င်းကိုနယ်နိမိတ်သတ်၍ပြပါ။

အဖြေ။ ။ဥရောပတိုက်၊အာဖရိကတိုက်၊ အာရှတိုက်တည်းဟူသော၊တိုက်ကြီးသုံးတိုက်တို့ဖြင့်၊ ခြားနားလျက် တည်ရှိသော ဇမ္ဗူဒိပ်ကျွန်းသို့၊ နယ်နိမိတ်နှင့်တကွသိလိုသော်၊ ပထဝီဝင်ချုပ်အဟောင်းအသစ်၊ အကျယ်အကျဉ်းနှင့် တကွ၊ ပထဝီမြေပုံအ

www.dhammaransi.com



ကျယ်အကျဉ်းရှိလေ၏။ ဗုဒ္ဓဘာသာကျမ်းဂန်တို့နှိက်။ ဇမ္ဗူဒိပ်ကျွန်းသည်။ယူဇနာတသောင်းရှိသည်ဟုလာ၏။ ပထဝီဝင်ကျမ်းအလို၊ယူဇနာတသောင်းမရှိ။ ။ကမ္ဘာဦးအခါနှိက်၊ ယူဇနာတသောင်းပင်ရှိပေရာ၏။ နောက်ကာလနှိက်၊ အချို့အချို့သောနိုင်ငံအရပ်ဒေသများသည်။ ပင်လယ်ရေလွှမ်းသဖြင့်။ ပင်လယ်ရေပြင်ဖြစ်သည်လည်းအလွန်များ၏။သတင်းစာများမှာပင်၊မကြာမကြာတွေ့ရှိရ၏။ယခုအခါနှိက်၊ယူဇနာတသောင်းမရှိနိုင်ပြီ။ ကျမ်းစာနှစ်ပါးလုံးပင် အမှန်ဖြစ်သည်ဟု ယုံကြည်ရသည်။ဇမ္ဗူဒိပ်ကျွန်းကြီးမှာ။ကျွန်းငါးရာအရံရှိသည်ဟူသော၊ ဗုဒ္ဓဘာသာကျမ်းဂန်စကားများသည်သည်း။ကမ္ဘာဦးအခါနှင့်ညီပေရာ၏၊ ယခုအခါနှိက်ကား၊ကျွန်းငယ်အထောင်မကများပြားသည်ကို။ ပထဝီဝင်ကျမ်းများနှိက်တွေ့မြင်ရ၏။ ရှေ့ကိုလည်းကျွန်းငယ်ဇများတိုးပွားလိမ့်ဦးမည်၊ရေကြောင်းလေကြောင်းမည်သည်။အတည်အမြဲမရှိ။ ရေကြောင်းလေကြောင်းရွှေ့ပြောင်းတိုင်း၊ ကျွန်းသောင် အများပေါ်ထွန်းရ၏။

(၃) အမေး။ ။မြင့်မိုရ်တောင်ဘယ်မှာရှိပါသနည်း။

အဖြေ။ ။ဇမ္ဗူဒိပါကျွန်းမှ။မြောက်အရပ်မျက်နှာမှာရှိသည်ဟုဗုဒ္ဓဘာသာကျမ်းတို့မှာလာ၏။ ဥရောပတိုက်သားတို့သည်။ သင်္ဘောဖြင့်မြောက်စူးစူးသို့။သုံးလတိုင်တိုင်သွားကြ၏၊ ရုပ်ကြွယ်၏အောက်သို့ရောက်၏၊ မြင့်မိုရ်တောင်ကိုမတွေ့။မြင့်မိုရ်တောင်မရှိဟုဆိုကြ၏။ ။မြင့်မိုရ်တောင်ကိုပတ်ပိုက်၍ နေသောမဟာသမုဒ္ဒရာသည်၊အနံအားဖြင့် ယူဇနာရှစ်သောင်း လေးထောင်ကျယ်သည်ဟုလာ၏၊အင်္ဂလိပ်မိုင်ပေါင်းတသန်း-ကိုးသောင်းနှစ်ထောင်ခန့်ကျယ်၏။ပြင်ဘက်မှာ၊သတ္တရဘန်နှင့်၊ သမုဒ္ဒရာခုနစ်ထပ်အရံရှိသေး၏။ဥရောပတိုက်သင်္ဘောသည်။တနေ့တနေ့လျှင်၊မိုင်ပေါင်း၊သုံးရာပင်သွားသော်လည်း၊ မြင့်မိုရ်တောင်အကွာခရီး၊ကိုမမီနိုင်၊ ရုပ်ကြွယ်၏အောက်သို့ရောက်၏ ဟူသောစကားသည်၊ အမှန်ပင်

www.dhammaransi.com



ဖြစ်ပေရာ၏၊ရုပ်ကြွယ်သည်။ တရသောကောင်းကင် အတွင်နှင့် အမြဲတည်သော ကြွယ်တာရပေတည်း။ မြောက်အရပ်သို့ခရီးတာ ရှည်သွားခဲ့လျှင်၊ထိုကြွယ်၏မြောက်သို့ပင်ရောက်နိုင်လတံ့။

(၈) အမေး။ ။မြစ်ကြီးငါးသွယ်။မြစ်ငယ်ငါးရာသည်၊ဘယ်မှလာသနည်း။

အဖြေ။ ။မဇ္ဈိမဒေသမြောက်အရပ်နှင့် ရှိသောဟိမဝန္တာ တောကြီးမှလာ၏။ထိုတောကြီးကို။ပထဝီဝင်ကျမ်းများနှင့်။ဟိမ လတောင်။ဟိမလတောဟုလာ၏။

ဤမေးခွန်း(၈)ချက်သည်၊ ခရစ်ယန်ဘာသာနှင့်မဆိုင်၊ ဗုဒ္ဓဟောင်းကျမ်း၊ ဗုဒ္ဓသစ်ကျမ်းတို့မှာ၊ ထိုဝေါဟာရမျိုးမလာမရှိ။ ပထဝီဝင်ကျမ်း လောကီမှတ်ရ စာအုပ်များမှာတွေ့ရှိ၍ ဖြစ်လာ သောမေးခွန်းရပေတည်း။

မေးခွန်းပေါင်း(၈)ချက်ပြီး၏။

(၉) အမေး။ ။ရှင်ဂေါတမဘုရားသည်။မပေါ်ထွန်းမီ။မာဂ ဓတိုင်းတွင်။ဘယ်ဘာသာများ ရှိပါသနည်း။ ရှင်ဂေါတမဘုရား ပေါ်ထွန်းပြီးမှ၊ဘယ်ဘာသာများ ရှိပါသနည်း၊ ရှိသောဘာသာ များကိုအတိုချုပ်ပြပါ။

အဖြေ။ ။ထိုအခါ၌။မာဂဓတိုင်းမှာ။အကျဉ်းအားဖြင့်ကြွယ ဘာသာ။အကြွယဘာသာဟူ၍နှစ်ပါးရှိ၏။အလတ်အားဖြင့်ဗြာဟ္မ ဏဘာသာ၊ပုရာဏဘာသာ။မက္ခလိဘာသာစသည်တို့ဖြင့်၊ ခုနစ် ပါးရှိ၏၊အကျယ်အားဖြင့် (၉၉)ပါးရှိ၏၊ ကြွယဘာသာဆိုသည် ကား။ဒါနသီလစသော သုစရိုက်မှုကိုပြုခဲ့လျှင်၊ နောက်ဘဝနှင့် ကောင်းကျိုး ချမ်းသာကိုခံစားရ၏။ အသက်ရှိသောသတ္တဝါကို၊ သတ်ခြင်းအစရှိသော ဒုစရိုက်မှုကိုပြုခဲ့လျှင်၊ နောက်ဘဝနှင့်မ ကောင်းဒုက္ခကို ခံစားရ၏ဟူသောအယူဘာသာတည်း။ ။အ ကြွယဘာသာသည်နှစ်ပါးရှိ၏၊ ဇာသာရနိမ္မာနဘာသာတပါး၊အ ဟေတုကဘာသာတပါး၊ ဇာသာရနိမ္မာနဘာသာ ဆိုသည်ကား၊

www.dhammaransi.com



လောကနိုက်ကောင်းကျိုး, မကောင်းကျိုး ဟူသမျှကို။ ထာဝရဘုရားသည်သာပြုလုပ်နိုင်၏။ကောင်းကျိုးကိုလည်း။ ထာဝရဘုရားသာပေးနိုင်၏၊မကောင်းကျိုးကိုလည်း ထာဝရဘုရားသာပေးနိုင်၏။ထာဝရဘုရားသည်သာအစိုးရ၏။ ကုသိုလ်ကံ,အကုသိုလ်ကံသည်။ကောင်းကျိုးမကောင်းကျိုးကိုမပေးနိုင်ဟူသော အဓိပ္ပါယ်သာတည်း၊ ။အဟေတုကဘာသာဆိုသည်ကား၊ ကောင်းကျိုးမကောင်းကျိုးမည်သည်။ကုသိုလ်ကံ, အကုသိုလ်ကံကြောင့် ဖြစ်သည်လည်းမဟုတ်။ထာဝရဘုရားဘန်ဆင်း၍ ဖြစ်သည့်လည်းမဟုတ်။ တွေ့ကြုံလာသော အခွင့်အားလျော်စွာ၊ ဘောက်သောက်လျောက်လျားသာဖြစ်၏ဟူသောအဓိပ္ပါယ်သာတည်း။ ။အလတ်အကျယ်တို့ကိုသရုပ်မထုတ်ပြီ၊ ။၅ကားရှင်ဂေါတမဘုရားမပေါ်ထွန်းမီ။မာဂဓတိုင်းနိုက်ရှိသောဘာသာအပြားတည်း။ ။ရှင်ဂေါတမဘုရားပေါ်ထွန်းသာသောအခါနိုက်။ ဗုဒ္ဓဘာသာတိုး၍လာ၏။ ။ဗုဒ္ဓဘာသာဆိုသည်ကား၊ ကြိယဘာသာဝင်ဖြစ်၏၊ ရှေးအခါ၌ရှိနှင့်သော ကြိယဘာသာသည်၊ သံသရာနယ်အတွင်းနိုက်သာကောင်း၏၊သံသရာနယ်ကိုလွန်၍မသွားနိုင်။ ဗုဒ္ဓဘာသာသည်မူကား၊သံသရာနယ်အတွင်းနိုက်လည်းကောင်း၏။သံသရာကိုအလိုမရှိသောအခါနိုက်။သံသရာကိုလွန်နိုင်၏။

(၁၀) အမေး။ ။ရှင်ဂေါတမ ဘိုးဘွား၊ မိတ်ဆွေတို့ကိုးကွယ်သောဘာသာကား။ အဘယ်ဘာသာပါနည်း။ ထိုဘာသာကိုသိခဲ့ပါလျှင်။ဧင်းဘာသာ၏မူလ။ဧင်းဘာသာ၏အဆုံးထိအောင်အတိုချုပ်ပြပါ။

အဖြေ၊ ။ရှင်ဂေါတမ။ဘိုးဘွားမိတ်ဆွေတို့ကိုးကွယ်သောဘာသာကား၊ကြိယဘာသာပေတည်း ဧင်းဘာသာ၏မူလကား၊ကမ္ဘာသကတာဉာဏ်ပညာပေတည်း။ ဧင်းဘာသာ၏အဆုံးကား။ ဘဝဂ်ခေါ်သောဘုံသို့ပေါက်ရောက်နိုင်၏။ဧင်းထက်မလွန်နိုင်။ ။ဘဝဂ်ခေါ်သောဘုံဆိုသည်ကား။ဗြဟ္မာဘုံနှစ်ဆယ်တွင်။ အထက်

www.dhammaransi.com



ဆုံးဘုံပေတည်း။ ။ဗြဟ္မာဘုံနှစ်ဆယ် ဆိုသည်ကား။ ပထမ ဈာန်သုံးဘုံ။ဒုတိယဈာန်သုံးဘုံ။တတိယဈာန်သုံးဘုံ။စတုတ္ထဈာန် တဆဲ့တဘုံ။ထိုဘုံနှစ်ဆယ်တို့တွင်။ထာဝရဘုရားဟု ခေါ်ဆိုကြ သောမဟာဗြဟ္မာမင်းကြီးသည်ကား။ပထမဈာန် ဗြဟ္မာ မင်းကြီး ပေတည်း။၎င်းဗြဟ္မာမင်းကြီးကို။ပုဏ္ဏားလူမျိုးတို့မှာမဟာဗြဟ္မာ မင်းကြီးဟူ၍ပင် ခေါ်ဆို ကိုးကွယ်ကြ၏။ ခရစ်ယန်ဘာသာမှာ (ဂေါ့)ဟူ၍ခေါ်ဆိုကိုးကွယ်ကြ၏။မိုဟာမက်ဘာသာမှာ၊ (အာ လာ)ဟူ၍ခေါ်ဆိုကိုးကွယ်ကြ၏။ ထိုမဟာဗြဟ္မာမင်းကြီးသည်၊ အလွန်တန်ခိုးကြီးသည်ဟု။၎င်းဂေါတမလည်းဟော၏။ ထိုမဟာ ဗြဟ္မာမင်းကြီးနေရာ။ပထမဈာန်ဘုံမှ၊ အထက်၌ ဗြဟ္မာဘုံပေါင်း တဆဲ့ခုနစ်ဘုံအဆင့်ဆင့်တည်ရှိ၏။တဆင့်တဆင့်သည်။ယူဇနာ ပေါင်း ငါးသိန်း-ငါးသောင်း-ရှစ်ထောင်စီ ကွာလှမ်းကြသည်ဟု ဗုဒ္ဓဘာသာ ကျမ်းဂန်၌ဆို၏။ ၎င်းဂေါတမ-ဘိုး,ဘွား, မိတ်ဆွေ တို့ ကိုးကွယ်ကြသော ကြိယ ဘာသာသည်၊ ဗြဟ္မာ နှစ်ဆယ် တွင်။အထက်ဆုံးဖြစ်သော ဘဝဂ်ခေါ်သောဘုံသို့ပေါက်ရောက် နိုင်၏၊ထိုထက်မလွန်နိုင်။ပထမဈာန်ကုသိုလ်သုံးမျိုး။ဒုတိယဈာန် ကုသိုလ်သုံးမျိုး။တတိယဈာန်ကုသိုလ်သုံးမျိုး။ စတုတ္ထဈာန် ကု သိုလ်တဆဲ့တမျိုး၊ဗြဟ္မာနှစ်ဆယ်၏ဆိုင်ရာ။ကုသိုလ်ကံပေါင်းနှစ် ဆယ်ဖြစ်၏၊ရသေ့ရဟန်းပြုလုပ်၍တောထွက်၍။ အထက်ဆုံးကု သိုလ်ကံသို့ရောက်အောင်အားထုတ်နိုင်သေသူသည်၊ သေသည် မှနောက်၌။ ဘဝဂ်ခေါ်သောအထက်ဘုံသို့ ပေါက်ရောက်နိုင်၏၊ ထိုထက်မလွန်နိုင်။ ဤကား၊ ၎င်းဘာသာ၏ အဆုံးထိအောင်။ အကျဉ်းချုပ်ပြချက်တည်း။

(၁၁) အမေး။ ။၎င်းဂေါတမသည်။မိဘ,ဘိုးဘွား၏ ဘာ သာကို။ဘယ့်အတွက်စွန့်ပစ်လိုပါသနည်း။

အဖြေ။ ။၎င်းဂေါတမသည်၊ထိုမိဘ,ဘိုးဘွားတို့၏ဘာသာ ကို၊လုံးလုံးစွန့်ပစ်ပေသည်မဟုတ်၊ ထိုကမ္ဘကြိယ ဘာဘာကိုအ

www.dhammaransi.com



ရင်းမူလထား၍၊ထိုဘာသာမှအထက်ကို။ အဆင့်ဆင့်တိုးတက်ရန်နည်းလမ်း။သံသရာနယ်ကိုလွန်နိုင်သောနည်းလမ်းတို့ကို၊ အမှန်အကန်သိမြင်နိုင်သော။ သဗ္ဗညုတဉာဏ်သို့ ပေါက်ရောက်အောင်ကျင့်ဆောင်တော်မူ၍။သဗ္ဗညုတဉာဏ်သို့ ပေါက်ရောက်တော်မူသဖြင့်။ထိုမိဘ,ဘိုးဘွားတို့၏ဘာသာကို။ပထမတန်း၊ ဒုတိယတန်း။တတိယတန်းထားတော်မူ၍၊ တတိယတန်းမှ စ၍၊ အထက်ငါးတန်းတို့ကို။ ကိုယ်တိုင် ပေါက်ရောက်အောင်၊ကျင့်ဆောင် ထ,မြောက်တော်မူသဖြင့်။ သတ္တဝါ အများတို့ကိုလည်း။ ကျင့်ဆောင်ကြစေခြင်းငှါ။ဗုဒ္ဓဘာသာတရားတို့ကို။ ဟောကြားတော်မူပေသတည်း၊သီလဝိသုဒ္ဓိ။စိတ္တဝိသုဒ္ဓိ၊ဒိဋ္ဌိဝိသုဒ္ဓိ။ကင်္ခါ ဝိတရဏဝိသုဒ္ဓိ၊မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ၊လောကုတ္တရာဉာဏဒဿနဝိသုဒ္ဓိ။ ဤကား၊ တန်းခုနစ်ဆင့်တည်း။ထိုခုနစ်ဆင့်တို့တွင်။ပထမကုသိုလ်ကံရသည်၊ သေသည်၏အခြားမဲ့၌၊လူ့,ပြည်နှင့်နတ်ပြည်ခြောက်ထပ်သို့ရောက်နိုင်၏။ ဒုတိယတန်းကုသိုလ်ကံရသည်။ဗြဟ္မာဘုံနှစ်ဆယ်သို့ရောက်နိုင်၏၊ လူ့လောက။နတ်လောက။ဗြဟ္မာလောကဟူသော။ သံသရာလောကအတွင်း၌။အလွန်ကြီးကျယ်သောဘုန်းတန်ခိုးကို ဖြစ်စေနိုင်၏။ လောက၌ထာဝရဘုရားခေါ်ကြသော၊မဟာဗြဟ္မာမင်းကြီးသည် ရှေးဘဝ၌ဒုတိယတန်းတွင်။ပထမဈာန်ခေါ်သော၊ဘာဝနာကံ အလုပ် ထ,မြောက်သောသူဖြစ်ပေ၍။ ယခုဘုန်းတန်ခိုး ကြီးကျယ်သော မဟာဗြဟ္မာမင်းအဖြစ်သို့ ရောက်ပေ၏။ အသက်လည်း ကမ္ဘာသုံးအောင်ရှည်ပေ၏၊ မဟာ ဗြဟ္မာမင်းကြီး နေရာဘုံမှ၊ အောက်တခွင်၌ရှိကြသော ဘုံသားတို့သည်၊အလွန်အသက် တိုကြကုန်၏။ ထိုမဟာဗြဟ္မာမင်းကြီးတသက်ကို။၊အသက်ပေါင်း တသောင်း,တသိန်းလိုက်သော်လည်း မမှီနိုင်ကြကုန်၊ ထိုကြောင့် မဟာဗြဟ္မာမင်းကြီးကို။မအိုမသေအမြဲနေသောထာဝရမင်းကြီးဟု အယူရှိကြကုန်၏။ ထိုမဟာ ဗြဟ္မာမင်းကြီးသည် မုကား။ လောဘ–ဒေါသ–မောဟဟူသော အဓိကတံခါးကြီးသုံးပါးနှင့်။

www.dhammaransi.com



ဒိဋ္ဌိ၊ မာန၊ ဇ္ဈသာ၊ မစ္ဆေရ၊အစရှိသော အမိုက်တရားများတို့ ကို၊လုံးလုံးမစွန့်နိုင်သေး၊ကမ္ဘာဦးကျမ်းမှစ၍၊ ဓမ္မဟောင်းကျမ်း ရ၊ဓမ္မသစ်ကျမ်းရကို ကြည့်ရှုဆင်ခြင်ရာ၊ ထာဝရဘုရား၏လော ဘအချက်၊ အမျက်ဒေါသအချက်၊ မောဟအချက်၊ ဒိဋ္ဌိ၊ မာန၊ ဣဿာ၊ မစ္ဆေရအချက်တို့ကို၊ အလွန်များစွာပင် တွေ့မြင်ရ၏၊ ဤမိစ္ဆာဒိဋ္ဌိဟူသောဒုတိယတန်းအရသည်၊ လောဘ ဒေါသစ သည်တို့ကိုအပြီးတိုင် မစွန့်နိုင်ကြသေးသောကြောင့်၊ သံသရာ လောကကိုမလွန်နိုင်ကြကုန်၊အိုခြင်း, သေခြင်း, ရတေ့ခြင်း, အ ပါယ်လေးပါးသို့တဖန်ကျရောက် လာကြပြန်ခြင်းကို၊ လုံးလုံးမ လွန်နိုင်ကြကုန်သေးအသက်အရှည်ကြီးရှည်ကြာစွာနေပြီးနောက် ရတေ့၍လူ့ပြည်လူ့ရွာသို့ရင်း၊အပါယ်လေးပါးသို့ရင်း တဖန်ကျ ရောက်လာကြရကုန်လတ္တံ့။ ။ထိုကြောင့်၊ ထိုအမိုက် တရား တို့ကိုပယ်သတ်ခြင်းအကျိုးငှါ၊ ငါတို့သခင် အရှင်ဂေါတမဘုရား သည်၊ဒိဋ္ဌိဝိသုဒ္ဓိအစရှိသော၊အထက်တန်း, ငါးတန်းတို့ကို၊ ကျင့် ဆောင်ပေါက်ရောက်၊ ထ,မြောက် တည်ထောင် တော် မူပေ သတည်း။

(၁၂) အမေး။ ။ရှင်ဂေါတမလက်ထက်တွင်၊စာရှိ-မရှိ၊ ရှိခဲ့ လျှင်-ဝင်းစာကို၊ရှင်ဂေါတမ တတ်-မတတ်၊တတ်ခဲ့လျှင်-ရှင်ဂေါ တမကို၊ ဘယ်သူသင်ပေးသနည်း။

အဖြေ၊ ။ရှင်ဂေါတမလက်ထက်တွင်၊သင်ရိုး,ကြားရိုး,မိရိုး ဘလာ၊ကျမ်းစာများပင်အမှန်ရှိ၏၊ ဝင်းစာကို ရှင်ဂေါတမငယ် ရွယ်စဉ်ကပင်တတ်သည်အမှန်ဖြစ်၏။ ကပိလဝတ်ပြည့်ရှင်—ဘု ရင်မင်းမြတ်၏သားတော်မြတ်ဖြစ်ပေ၍၊သင်ကြားပေးသည့်သူဆ ရာအများပင်ရှိပေချေ၏၊ ။ဤမေးခွန်းကိုမူကား၊ ရှင်ဂေါတမကို သင်ကြား၍ပေးသူဆရာရှိခဲ့ပါလျှင်၊ ရှင်ဂေါတမသည်၊ ဆရာ ထက်တတ်နိုင်မည်လော၊ရှင်ဂေါတမသည်၊ အလုံးစုံကို အကုန် သိမြင်နိုင်သောသဗ္ဗညုတဘုရားဖြစ်ခဲ့လျှင်၊ဆရာလည်း သဗ္ဗညု တ ဘုရားဖြစ်သင့်သည် မဟုတ်လော၊ ဆရာဘုရား မဟုတ်ခဲ့

www.dhammaransi.com



လျှင်။တပည့်ဖြစ်သူရှင်ဂေါတမလည်း၊ဘုရားမဟုတ်ခု ဟူသော အနာဂတ်သွားကို ရည်ရွယ်၍ ထုတ်သည် ထင်၏။ အနောက် နိုင်ငံ များ၌။ရှေးအခါကမပေါ်ဘူးသော အချို့သောပညာကြီးများသည် ရှိကြ၏၊မည်သည့်ပညာကြီးမှာ မည်သူသည် အစ,ဟူ၍ မှတ် သားချက်များကိုကြားသိဘူးရ၏၊ အဆင့်ဆင့်သင်ကြား၍ တတ် မြောက် ပေါက်ရောက်ကြသောပညာကြီးမျိုးလည်း ရှိ၏။ ဝိရိယ အစွမ်း၊အကြံအစည်-ဉာဏ်စွမ်းရှိသူတို့သည်။ ဆရာမရှိဘဲ မိမိ သဘောဉာဏ်နှင့်မဖြစ်လျှင်။ဖြစ်အောင်ကြံဖန်လုပ်ဆောင်၍။ ဖြစ် မြောက်ပေါ်ပေါက်လာသောပညာသစ်ကိုလည်း ကြားသိရသည်။ ရှင်ဂေါတမသည်၊ လောကီ ပညာမျိုးမှာ။ ဆရာထံတွင် သင် ကြား၍။ တတ်မြောက်ပေါ်ပေါက်သော ပညာမျိုးလည်းရှိ၏။ ဗုဒ္ဓ ဘာသာပညာမျိုးမှာ။ဝိရိယအစွမ်းကိုအားကိုး၍။ ဆရာမရှိဘဲ။ မိမိသဘောဉာဏ်နှင့်မဖြစ်လျှင်။ဖြစ်အောင်ကြံဖန် လုပ်ဆောင်၍၊ ဖြစ်မြောက်ပေါ်ပေါက်သောသူဖြစ်ပေသတည်း။ ။မေးခွန်းဆရာ များအလိုမှာ။ ရှေးကမီးရထားမရှိဘူးလျှင်။နောက်မှမီးရထား မ ပေါ်လာသင့်။ရှေးကမီးသင်းဘောမရှိဘူးလျှင်၊ နောက်မှ မီးသင်း ဘောမပေါ်လာသင့်။ရှေးကလျှပ်စစ်ဓာတ်မီးမရှိဘူးလျှင်။နောက်မှ လျှပ်စစ်ဓာတ်မီးမပေါ်သင့်ဟူ၍ ဆိုရာကျ၏၊ ရှေးက မရှိဘူးဘဲ။ နောက်မှအကြံအစွမ်းအလျောက်။ပေါ်ပေါက်ကြသော ပညာကြီး များသည်၊ယခုအခါ၌အများပင်ရှိကြပေသတည်း။ ။ထို့ကြောင့် သင်ကြား၍ပေးသောဆရာ၊ ဘုရားမဟုတ်လျှင်။ရှင်ဂေါတမသည် ဘုရားမဟုတ်သင့်။ရှေးအခါက။ဗုဒ္ဓဘာသာမရှိခဲ့ဘူးလျှင်။ နောက် အခါ။ရှင်ဂေါတမလက်ထက်မှာမှ၊ ဗုဒ္ဓဘာသာမ ပေါ်ပေါက်သင့် ဟူသောအကြံကို။အခိုင်အမြဲမစွဲလမ်းရာ။

(၁၃) အမေး။ ။ရှေးအနှစ်သုံးခုကျော်လောက်က။ နှုတ် ဖြင့်မှတ်သားသောအရာကို။ယခုမှန်ကန်စွာဘော်ပြနိုင်မည်၊ မပြ နိုင်မည်။

www.dhammaransi.com



အဖြေ။ ။အချို့တော်ပြနိုင်ရာ၏။ အချို့ မတော်ပြနိုင်ရာ။ အဘယ်သို့အချို့တော်ပြနိုင်ရာသနည်း ဟူမူကား။ ပြောဟောသောသူသည်။ အလွန်ဘုန်းတန်ခိုးကြီးသောသူ ဖြစ်၍။ ထိုသူ၏ အမိန့်ဩဇာဒေသနာစကားကို ခံယူကြသူ။ အသင်းများစွာ။ အသန်းများစွာ။အကုဋေမျာစွာ။အသင်္ချေများစွာရှိခဲ့သည်ဖြစ်အံ့။ အနှစ်သုံးရာလောက်မျှမက။အနှစ်သုံးထောင်လောက်က။ နူတ်ဖြင့်မှတ်ထားသောအရာကိုပင်။ ယခုမှန်ကန်စွာတော်ပြနိုင်ရာ၏။ ။အဘယ်သို့အချို့မတော်ပြနိုင်ရာသနည်းဟူမူကား။ပြောဟောသောသူသည်။ဘုန်းတန်ခိုးနည်းပါးသောသူဖြစ်၍။ထိုသူ၏ အမိန့်ဩဇာကိုခံယူသူအနည်းငယ်မျှဖြစ်ခဲ့အံ့။ အနှစ်သုံးရာကို မဆိုထားဘိ။ ဆယ်နှစ်လောက်ကပင်။နူတ်ဖြင့်မှတ်ထားသောအရာကို။ ယခုမှန်ကန်စွာမတော်ပြနိုင်ရာ။

---

(၁၄) အမေး။ ။ဘိုး,ဘေး,ဘိ,ဘင်,လက်ထက်က။ သုံးစွဲကြသောစကားနှင့်။တိ,တွတ်၊ ကျွတ်—ဆတ်။ကာလလောက်တွင်ပြောသောစကားများသည်။အသုံးအားလုံး—အမျိုးအားလုံးတူနိုင်ကြမည်လော။

ဤမေးခွန်းအဖြေမှာ။အထက်မေးခွန်းအဖြေနှင့်ပြီးပြေသင့်ပြီ။

(၁၅) အမေး။ ။ဆရာတော်၏ကျမ်းစာအရ။ခေတ်(၁၈)ပါးအားဖြင့်။ အရာခပ်သိမ်း ဖြစ်ပျက်ပုံတို့ကို။ သရုပ်နှင့်တကွတော်ပြပါ။

အဖြေ။ ။ခေတ်(၁၈)ပါးအားဖြင့်။အရာခပ်သိမ်း ဖြစ်ပျက်ပုံသရုပ်နှင့်တကွတော်ပြနိုင်မည်ပင်ဖြစ်၏။ သို့သော်လည်း။ အရာခပ်သိမ်းဖြစ်ပျက်ပုံမည်သည်။ အသင်္ချေယျ အနန္တ များပြားလှ၏။ ခေတ်(၁၈)ပါးမန့ ့စပ်နိုင်ရှိလိမ့်မည်ထင်သောဝတ္ထုမျိုး။အမှုမျိုးကို။ဝိသေသရွေးကောက်၍မေးခွန်းထုတ်ဘိုကောင်း၏။ ။ဤမေးခွန်းကို။နောက်မေးခွန်းနှင့်ပေါင်း၍ဖြေမည်။

www.dhammaransi.com



(၁၃) အမေး။ ။တရုံတခုသောအရာသည်။ အကြောင်းနှင့်ကင်း၍မဖြစ်။ပြုသူမရှိလျှင်အမှုဖြစ်မည်လား။

အဖြေ။ ။လောက၌ရှိကြသော တရုံတခုသော အရာသည်၊ အကြောင်းနှင့်ကင်း၍မဖြစ်။ ကောက်ပေါ်မည်သည်၊ လယ်မြေ မိုးယံ:ရေနှင့် တောင်သူယောက်ျား၏ လုပ်ဆောင်မှု ဟူသော အကြောင်းတရားရ=ဝုံလင်ပါမှဖြစ်နိုင်သကဲ့သို့။ခပ်သိမ်းသောသက်ရှိသက်မဲ့သင်္ခါရဝဋ္ဋကျမျိုး။ သင်္ခါရအမှုမျိုးဟူသမျှသည်ဖြစ်ပေါ်ရန်အကြောင်းရှိမှဖြစ်ပေါ်နိုင်ကြသည်။ ။ဤအရာ၌၊ ရန်ကုန်မြို့၊ ဟိုက်စကူးကျောင်းကြီးမှ၊ဘုန်းကြီးဟောဘူးသော တရားကို။ အကျဉ်းအားဖြင့်ပြဆိုလိုက်အံ့၊ ။သဘာဝံဝါကိစ္စံဝါ ဓရေတိတိဓါတု။ ။သဘာဝံ ဝါ။မိမိသဘောကိုရင်း။ ကိစ္စံ ဝါ။မိမိကိစ္စကိုရင်း။ဓရေတိ။ရွက်ဆောင်တတ်၏။ဣတိ၊ထိုကြောင့်။ဓါတု။ဓါတ်မည်၏၊ ။မိုးသည်ရွာခြင်းဟူသောမိမိသဘောကို ရွက်ဆောင်တတ်၏။မိုးစာဝဋ္ဋကိုကျက်စေခြင်းဟူသောကိစ္စကိုရွက်ဆောင်တတ်၏။ထိုကြောင့် မိုးကိုဓါတ်ဟူ၍ ခေါ်၏။ ထိုအတူ ခပ်သိမ်းသောရုပ်ဓါတ်,နာမ်ဓါတ်,တို့သည်။မိမိသဘော-မိမိကိစ္စကို။ မိမိတို့အားရှိသလောက်ရွက်ဆောင်ကြကုန်သောကြောင့်။ဓါတ်မည်ကုန်၏။ ။ထိုဓါတ်တို့သည်။၊အကျဉ်းအားဖြင့်ရုပ်ဓါတ်, နာမ်ဓါတ်ဟူ၍နှစ်ပါးရှိ၏။အလတ်အားဖြင့် တဆယ့်ရှစ်ပါးရှိ၏။ အကျယ်အားဖြင့်မူကား။ရုပ်ဓါတ်မျိုးတို့တွင် ခက်မာမှု-နူးညံ့မှု ဟူသောပထဝီမြေဓါတ်သည်။ အထွေထွေအပြားပြားအသင်္ချေယျ။ အနန္တ များပြား၏။ထိုအတူ-ရေဓါတ်-မိုးဓါတ်-လေဓါတ် အစရှိကုန်သောရုပ်ဓါတ်တို့သည်လည်း။အသင်္ချေယျ အနန္တ များပြားကြကုန်၏။ ။စိတ်ဝိညာဏ်ဓါတ်။ ဖဿဓါတ်။ ဝေဒနာဓါတ်။ သညာဓါတ်၊စေတနာဓါတ်၊ဝိတက်ဓါတ်။ ဝိစာရဓါတ်၊ ဝီရိယဓါတ်။ပီတိဓါတ်၊ဆန္ဒဓါတ်၊လောဘဓါတ်။ဒေါသဓါတ်၊မောဟဓါတ်။ မာနဓါတ်၊သဒ္ဓါဓါတ်။ပညာဓါတ်အစရှိကုန်သော နာမ်

www.dhammaransi.com



ဓာတ်အပြားတို့သည်၎င်း။ထိုနာမ်ဓာတ်အပြားတို့တွင်၊ တခု—တခု သောနာမ်ဓာတ်အပြားသည်၎င်း။အသင်္ချေယျအနန္တ များပြား၏။ လောကီသားတို့သည်၊ ရုပ်ဓာတ်တို့ကိုလည်း။ ခွဲခြမ်း၍မသိကြ ကုန်။ နာမ်ဓာတ်တို့ကိုလည်းခွဲခြမ်း၍မသိကြကုန်။ နာမ်ဓာတ်တို့ ၏ တန်ခိုးအစွမ်းကိုလည်း ခွဲခြမ်း၍ မသိကြကုန်။ ထိုထိုသော ဝတ္ထုကို တွေ့မြင်ကြသောအခါ၊ စိတ်ထင်ရာအမည်ပေး၍။သစ် ပင်ဟူ၍၎င်း။ အချို့သရက်ပင်ဟူ၍၎င်း။ အချို့ကိုပိန္နဲပင်ဟူ၍ ၎င်း။ဤသို့ အစရှိသည်ဖြင့်ခေါ်ဝေါ်ကြကုန်၏။လူဟူ၍၎င်းနွားဟူ ၍၎င်း။ဤသို့အစရှိသည်ဖြင့်ခေါ်ဝေါ်ကြကုန်၏။ နောင်လာနောက် သားအစဉ် အဆက်တို့သည်လည်း ရှေးရှေးသူတို့ ခေါ်ဝေါ်ကြ သည့်အတိုင်း။ သိမှတ်ခေါ်ဝေါ်ကြကုန်၏။၊ လူတို့သစ်ပင်ခေါ်ကြ သောဝတ္ထုမျိုးမှာ။ ရှိသောဓာတ်အထွေအပြားကို မသိကြကုန်။ လူဟုခေါ်ကြသောဝတ္ထုမျိုးမှာ။ရှိနေသောဓာတ်အထွေအပြားကို လည်းမသိကုန်။ဆေးပညာကိုကောင်းစွာတတ်ကြကုန်သောဆရာ ဝန်ကြီးတို့သည်၊လူသတ္တဝါတို့၌ရှိသောအချို့သောဓာတ်။ အစား စားတို့၌ရှိသော အချို့သောဓာတ်တို့၏ တန်ခိုးအစွမ်းကိုသိကြ ကုန်သော်လည်း။ရုပ်ဓာတ် အချို့၌သာသိကြကုန်၏။ နာမ်ဓာတ် ဘက်နှိက်မသိကြကုန်။ ပညာကိုကောင်းစွာ တတ်ကြကုန်သော ဓာတ်စက်ပညာဆရာကြီးတို့သည်လည်း၊ စိန်—ဆေးဒန်း—ကန့်, ဒုဋ္ဌာ,အစရှိသည်တို့၌။အချို့သောဓာတ်တို့၏တန်ခိုးအစွမ်းကိုသိ ကြ၍။ ဓာတ်အိုးအမျိုးမျိုးတို့ကို ပြုလုပ်စီရင်၍။ မီးယမ်းရှာခြင်း။ မီးယမ်းကြိုးပစ်ခြင်း။ သျှပ်ပြက်ခြင်းအစရှိသော အံ့ဩဘွယ်အမျိုး မျိုးတို့ကို။ဓာတ်တို့၏ တန်ခိုးဖြင့်ဘော်ပြကြကုန်သော်လည်း၊ ရုပ် ဓာတ်အချို့၌သာသိကြကုန်၏။နာမ်ဓာတ်ဘက်၌မသိကြကုန်။

မြေ—ရေ—တော—တောင်—သစ်ပင်—နွယ်-မြက်—အစရှိသော သက်မဲ့ ဝတ္ထုမျိုး။လူ-နတ်-ဗြဟ္မာ-ဘုရား—ရဟန္တာ—နွား—ကျွဲ ဆင်-မြင်း-အစရှိကုန်သော သက်ရှိဝတ္ထုမျိုးတို့သည်၊ ဓာတ်တိုး

www.dhammaransi.com



ခေတ်ခဲတို့သာတည်း။ခေတ်သည်လည်း။တန်ခိုး အစွမ်းငယ်သော ခေတ်။ တန်ခိုးအစွမ်းကြီးသောခေတ်။ တန်ခိုးအစွမ်း ကြီးသည့် ထက်ကြီးသောခေတ်ဟူ၍၊ အယုတ်-အလတ်-အမြတ်၊ အဆင့် ဆင့်အသင်္ချေယျအနန္တများပြားကုန်၏။ ယုတ်ညံ့သောခေတ်တုံး။ ခေတ်ခဲတို့ကို ယုတ်ညံ့သောသစ်ပင်မျိုး၊ ယုတ်ညံ့သော လူမျိုး၊ ယုတ်ညံ့သောနတ်မျိုးဗြဟ္မာမျိုးဟူ၍ခေါ်ဝေါ်ကြကုန်၏။ တန်ခိုး အစွမ်းရှိသောခေတ်တုံးခေတ်ခဲတို့ကို၊ ကောင်းမြတ်သောသစ်ပင် မျိုး၊ကောင်းမြတ်သောလူ။ ကောင်းမြတ်သောနတ်၊ကောင်းမြတ် သောဗြဟ္မာဟူ၍ ခေါ်ဝေါ်ကြကုန်၏၊ ။သစ်ပင်-နွယ်-မြက်၊ ကောက်-စပါး ခေါ်ဝေါ်ကြကုန်သော–ရုပ်ခေတ်ခဲတို့သည်။ မြေ ကောင်းရေကောင်းတို့နှင့်ပေါင်းဘက်ရလျှင်။ ပေါက်ရောက်စည် ကားကြီးပွါးတိုးတက်၍သွားကုန်၏။သို့မဟုတ်လျှင်။ ဆုတ်ယုတ် သိမ်ဖျင်း၍သွားကြကုန်၏။ ။နာမ်ခေတ်တို့သည်လည်း။ အပြု အပြင်မရှိခဲ့သော်၊ အဆင့်ဆင့် ယုတ်ညံ့သွားကုန်၏။ အလိမ္မာ ခေတ်မျိုးနှင့်အဆင့်ဆင့်ချီးပင့်ပြုပြင်၍သွားခဲ့သော်။ တဆင့်ထက် တဆင့်၊မြင့်ထက်မြင့်။ မြတ်ထက်မြတ်။ တိုးတက်ကြီးပွါး၍သွား ကုန်၏၊တန်ခိုးခေါ်သော ဈာန်ဗီဇခေတ်မျိုး၊ ပညာခေါ်သောဗုဒ္ဓိခေတ် မျိုးဟူ၍နှစ်မျိုးရှိ၏။ ဈာန်ဗီဇခေတ်မျိုးကို၊ အဆင့်ဆင့် ချီးပင့်ပြုပြင်၍ သွားခဲ့သော်၊အထက်ကောင်းကင်ဘုံကြီးတို့၌ တန်ခိုးကြီးကျယ် လှသော မဟာဗြဟ္မာမင်းကြီး အဖြစ်သို့ရောက်နိုင်၏။ ။ဗုဒ္ဓိ ခေတ်မျိုးကိုအဆင့်ဆင့်ချီးပင့်ပြုပြင်၍သွားခဲ့သော်၊ လောဘ–ဒေါ သ–မောဟအစရှိသော၊ အမိုက်ခေတ်မျိုးကုန်ဆုံးသော ဘုရား ရဟန္တာအဖြစ်သို့ ရောက်နိုင်၏။ ထာဝရဘုရားခေါ်သောမဟာ ဗြဟ္မာမင်းကြီးသည်။ဈာန်ဗီဇခေတ်မျိုးဖြစ်၍တန်ခိုးအလွန်ကြီး၏၊ ။ ဗုဒ္ဓိခေတ်မျိုးမဟုတ်သောကြောင့်။လောဘ၊ဒေါသ၊မောဟတို့ကို ကုန်ဆုံးအောင် မတတ်နိုင်၊ ခရစ်ယန်ဘာသာနှိုက်လည်း။ ဓမ္မ ဟောင်းကျမ်း။ဓမ္မသစ်ကျမ်းများကို ကြည့်ရှုဆင်ခြင်ရာ။ ထာဝရ

www.dhammaransi.com



ဘုရား၏လောဘ။ဒေါသ။ မောဟအချက်တို့ကို။ များစွာတွေ့မြင်ရ၏။ ယခုလူ့လောက၌လည်း။ အတတ်ပညာ အကြီးအကျယ်မတတ်ဘဲ။ဘုန်းတန်ခိုးကြီး၍ နေကြသော မင်းစိုးရာဇာစသောသူတမျိုး။ ဘုန်းတန်ခိုးကား မရှိ၊ အတတ်ပညာ အကြီးအကျယ်တတ်ကြသောလူ့ဆရာကြီး။ ရသေ့ရဟန်းဆရာကြီးတမျိုးဟူ၍။ ဓူဒ္ဓိလမ်း၊ဗုဒ္ဓိလမ်း၊ နှစ်လမ်းခြားနားထင်ရှားလျက်ရှိကြ၏။ တဦးတယောက်ဖြစ်လျက်ပင်။ ဓူဒ္ဓိလမ်း။ ဗုဒ္ဓိလမ်း၊ နှစ်လမ်းပေါက်ရောက်သူလည်းရှိကြ၏။ ။ဤကားရုပ်ဓာတ်,နာမ်ဓာတ်တို့၏အလားကို၊အကျဉ်းအားဖြင့်ပြဆိုခြင်းတည်း။

ကမ္ဘာတည်ပုံ၊ကမ္ဘာပေါ် မှာရှိနေကြကုန်သောသက်မဲ့ဝတ္ထုမျိုး။သက်ရှိဝတ္ထုမျိုးတို့၏ကမ္ဘာဦးအခါနိုက်။အစစွာဖြစ်ပေါ်ပုံကို ဗုဒ္ဓဘာသာအလိုတချက်။ကမ္ဘာဦးကျမ်းခေါ်သော၊ခရစ်ဘာသာအလိုတချက်၊ဤနှစ်ချက်တို့ဖြင့်ပြဆိုရာ၏။

ဗုဒ္ဓဘာသာအလို၌။ဤကမ္ဘာမြေကြီးသည်။တည်ချည်။ပျက်ချည် ကမ္ဘာအစဉ်အဆက်အားဖြင့်။ ရှေးနိုက်လည်းအစမရှိ၊ နောက်၌လည်းအဆုံးမရှိ။ တခုတခုသောကမ္ဘာနိုက်မူကား။ အစအဆုံးရှိ၏၊တခုတခုသောကမ္ဘာ၏အစစွာ။ တည်ထောင်ပုံကိုပြဆိုရာ၏။ ကမ္ဘာပျက်သောအခါနိုက်။ ဤမဟာပထဝီမြေကြီးမှစ၍လူ့ဘုံ၊ ၎င်းအထက် နတ်ပြည်ခြောက်ဘုံ။ ၎င်းအထက် ထာဝရဘုရားခေါ် ကြသောမဟာဗြဟ္မာမင်းကြီးတည်နေရာ။ပထမဈာန်သုံးဘုံ။ ၎င်အထက်ဒုတိယဈာန်သုံးဘုံ။ ၎င်းအထက်တတိယဈာန်သုံးဘုံ။ တိုင်အောင်ပျက်၏။၎င်း။ အထက်(၁၁)ဘုံတို့ကား။ကမ္ဘာပျက်ဟူ၍မရှိပြီ။

သက်မဲ့ဝတ္ထုမျိုး။သက်ရှိဝတ္ထုတို့ကို၊ အသစ်အသစ်ဖြစ်ပေါ်သေအောင်ဘန်ဆင်းတည်ထောင်သော ပဓာနဓာတ်ကြီးနှစ်ပါးရှိ၏။ဥတုခေါ် သောရုပ်ဓာတ်ကြီးတပါး။စေတနာကံခေါ်သောနာမ်ဓာတ်ကြီးတပါး။ သက်မဲ့ဝတ္ထုမျိုးတို့ကို ဥတုခေါ်၏။ရုပ်ဓာတ်

www.dhammaransi.com



ကြီးသည်ဘန်ဆင်း၏။ ။သက်ရှိဝတ္ထုမျိုးတို့ကို စေတနာကာံခေါ်သော၊နာမ်ခေတ်ကြီးသည်ဘန်ဆင်း၏။ ။ဥတုခေါ်သောရုပ်ခေတ်ကြီးမှာလည်း။အကူအပံ့ဖြစ်သောခေတ်ကောင်း၊ ခေတ်ဆိုးအလွန်များပြား၏။ ။စေတနာကာံခေါ် သောနာမ်ခေတ်ကြီးမှာလည်း။သဒ္ဓါ,ပညာစသောခေတ်ကောင်း၊ လောဘ၊ ဒေါသအစရှိသောခေတ်ဆိုး၊ အမျိုးမျိုးအကူအပံ့အလွန်များပြား၏။ ။ဥတုခေါ်သောရုပ်ခေတ်ကြီးသည်၊ ကမ္ဘာအဆက်ဆက်အစဉ်မပြတ်တည်ရှိ၏။ ။ထိုခေတ်ကြီးသည် ကမ္ဘာမြေကြီးကိုလည်းတည်ထောင်၏။ကမ္ဘာပေါ်မှာ၊သစ်ပင်—တော—တောင်။နေ-လ-နက္ခတ်တာရာအစရှိသော။ကမ္ဘာအဆောက်အဦးတို့ကိုလည်းတည်ထောင်၏ လောကဥ္စ ညောင်မျိုးစေ့တွေသည်။ညောင်ပင်ကြီးတွေကိုဘန်ဆင်းတည်ထောင်သကဲ့သို့တည်း။

ခေတ်ကိုမသိကြသောလောကီသားတို့အလိုအားဖြင့်။ညောင်ပင်ကြီးသည်။ညောင်စေ့မှဖြစ်သည်ဟုဆိုရ၏။ ခေတ်ကိုသိသောသူတို့၏အလိုအားဖြင့်၊ ညောင်စေ့၏အတွင်းမှာ၊ဥတုခေါ်သောခေတ်စွမ်းကောင်းရှိ၏၊ထိုဥတုမှညောင်ပင်ဖြစ်သည်။ ။ကမ္ဘာဦးနှိက်မှုကား။ ကမ္ဘာအဆက်အဆက်အစဉ်မပြတ်တည်ရှိသောထိုဥတုမှ။ဤကမ္ဘာတွင်ညောင်စေ့၊ ညောင်ပင်။အစဉ် အဆက်ဖြစ်ပွါး၍နေရ၏။ခပ်သိမ်းသောသစ်ပင်။နွယ်မြက်။ ကောက်စပါးစသည်တို့မှာလည်း၊ ဤနည်းအတူတည်း၊ ။စေတနာကာံခေါ်သောနာမ်ခေတ်ကြီးမှုကား။တယောက်တယောက်သောသတ္တဝါတို့၏သန္တာန်တွင်။ အစဉ်အဆက် တည်ရှိ၏၊ တယောက်တယောက်သောသတ္တဝါ၊ဘဝအစဉ်မှာ။ဦးခေါင်း။ခြေ၊ လက်အစရှိသောရုပ်ခံတ်ခဲရသည်သာ၊တဘဝလျှင် တခါတခါအစဉ်ပြတ်၏။နာမ်ခေတ်ရကား အစဉ်ပြတ်သည်ဟူ၍မရှိ၊ အနန္တရဖြစ်၍ဘဝအဆက်ဆက်။အစဉ်တဆက်တည်းသွား၏။

အောက်တခွင်၌ကမ္ဘာပျက်၍နေသောအခါ။ကမ္ဘာမပျက်သောအထက်ဘုံတို့၌ဖြစ်၍ နေကြကုန်၏၊ ။အောက်တခွင်၌ကမ္ဘာ

www.dhammaransi.com



တည်ထောင်၍လာသောအခါ။အထက်အထက်ဘုံတို့မှ သေလွန်ကြသောအချို့အချို့သောသတ္တဝါတို့သည်။ စေတနာကံဘန်ဆင်းချက်နှင့်၊ အောက်အောက်ဘုံတို့၌ ဖြစ်ပေါ်လာကြကုန်၏၊ ထိုမှဆက်လက်၍၊ ယခုထက်တိုင်သားစဉ် မြေးဆက်ဖြစ်ပွါး၍နေကြကုန်၏။ယခုတည်ရှိ၍နေသော၍ကမ္ဘာပျက်ပြန်သောအခါ၊ကမ္ဘာမပျက်သောအထက်ဘုံသို့ရောက်ကြပြန်ကုန်လတံ့။ ။နောင်ကမ္ဘာသစ် တည်ထောင်ပြန်သောအခါ၊ အောက်အောက်ဘုံတို့၌ဖြစ်ပေါ်လာကြကုန်လတံ့။ ။၍ကားဗုဒ္ဓဘာသာအလိုတည်း။

ခရစ်ယန်ဘာသာအလိုကား။ ကမ္ဘာမြေ၊ရေ၊ မိုးလ်းကောင်းကင်မှစ၍။သက်ရှိသက်မဲ့အလုံးစုံသည်၊ ထာဝရဘုရားဘန်ဆင်း၍ဖြစ်ရသည်။ အကျယ်ကိုမူကား။ ကမ္ဘာဦးကျမ်းခေါ်သောဝမ္ဗဟောင်းကျမ်းမှာကြည့်လေ။

---

ခုသတ္တဝါကုန်းသတ္တဝါ အပေါင်းတို့တွင်။ တတ်သိလိမ္မာရှိသောသတ္တဝါသည်အလွန်နည်းပါး၏၊ မတတ်မသိသောသတ္တဝါမိုက်မဲသော သတ္တဝါတို့သည်သာ။ အလွန်များပြားကုန်၏။ လူသတ္တဝါတို့မှာပင်။လိမ္မာသောလူအလွန်နည်းပါး၏၊ မိုက်မဲသောလူအလွန်များ၏။ ။ထာဝရဘုရားသည်။မိုက်မဲသောလူ၊ မိုက်မဲသောစိတ်၊မိုက်မဲသောဒုစရိုက်တို့ကို အဘယ်ကြောင့်ဘန်ဆင်းရလေသနည်း။ ။လူတို့၌လည်း။ချမ်းသာသောသူအလွန်နည်းပါး၏။ဆင်းရဲသောသူ အလွန်များပြား၏။ ။ထာဝရဘုရားသည်။ဆင်းရဲသောသူတို့ကိုအဘယ့်ကြောင့် ဘန်ဆင်းလေသနည်း ။ထာဝရဘုရားကို မကိုးကွယ်သောသူတို့သည် အလွန်များပြားကုန်၏၊ ထာဝရဘုရားသည်။ ထိုသူတို့ကို အဘယ်ကြောင့်ဘန်ဆင်းလေသနည်း။ လူတို့တွင်အနာဆိုး၊ ရောဂါဆိုးတို့သည်များစွာရှိကြကုန်၏၊လူတို့တွင်မကောင်းသောအမှုမျိုးတို့သည်များစွာရှိကြကုန်၏။ထာဝရဘုရားသည်၊ရောဂါဆိုး၊အနာဆိုး၊မကောင်းသောအမှုမျိုးတို့ကို၊ အဘယ်ကြောင့်ဘန်ဆင်လေသနည်း။ ။

www.dhammaransi.com



ရေ-မြေ—ဘော—တောင်။ကျောက်လုံး-ကျောက်ပြား-သစ်ပင်—ချုံ မြက်တို့မှာလည်း။အကောင်းကားအလွန်နည်း၏။ မကောင်းသည် သာအလွန်များ၏၊ ထာဝရဘုရားသည်မကောင်းသည်ကို။ များ များကြီးအလို ရှိလေသလော။ ။သို့တည်းမဟုတ်။ ဘုန်သခင်း တော်မှုသောတန်ခိုးတော်က။ မျိုးမစင်ကြယ်၍။ မကောင်းမှုတွေ များများဖြစ်ထွန်း၍နေရသလော။ သို့တည်းမဟုတ်ထာဝရဘုရား ဘုန်သခင်းသည်ဆိုသောစကားသည်။ ရုဋ္ဌိစကားပင် ဖြစ်လေသ လောဟုတွေးတောဆင်ခြင်ဘွယ်ရှိချေသည်၊

ဗုဒ္ဓဘာသာအလိုကား။ဥတုခေါ်သောရုပ်ခတ်ကြီးသည်။ အ ကောင်းအမျိုးမျိုး။အဆိုးအမျိုးမျိုးအနန္တရှိသည့်တွင်။အကောင်း အမျိုးမျိုးတို့မှ၊ ကောင်းသော- ရွှေ-ငွေ-ပိန်-ကျောက်=သရက်။ ဝိန်းနဲ-ပြောင်း-ပဲ—စပါးစသော ဝတ္ထုတို့ဖြစ်ပေါ်ပွါးများ၍ နေကြ ကုန်သည်။ ။အဆိုးမျိုးအနန္တတို့မှ။ မကောင်းသော။ မြေ-ရေ။ ကျောက်။သံ။သစ်ပင်။တော။ချုံနွယ်။မြက်စသည်ဖြင့်ဖြစ်ပေါ်ပွါး များ၍နေကြသည်။ ။စေတနာကံ ခေါ်သော နာမ်ခတ်ကြီး သည်လည်း၊ ဒါန။သီလ။ ဘာဝနာ။သဒ္ဓါ။ ပညာ၊ မေတ္တာ။ကရု ဏာ။မုဒိတာ,စသည်တို့နှင့်ယှဉ်သော အကောင်းအမျိုးမျိုး၊ ။ လောဘ ဒေါသ။မာန။ ဣဿာ။ မစ္ဆရိယစသည်တို့နှင့်ယှဉ်သော။ အဆိုးမျိုးအနန္တရှိသည့်တွင်။ အကောင်းအမျိုးမျိုးတို့မှ။ လူခေါ် သောခတ်တုံးခတ်ခဲအမျိုးမျိုး။နတ်ခေါ်သောခတ်တုံးခတ်ခဲ အမျိုးမျိုး၊ပြဟ္မာခေါ်သောခတ်တုံးခတ်ခဲအမျိုးမျိုး၊ဖြစ်ပေါ်ပွါး များ၍နေကြကုန်သည်၊ ။အဆိုးမျိုးအနန္တတို့မှ။ နွား။ကျွဲ။ ခွေး။ ဝက်၊ကြက်။ငှက်။တိရစ္ဆာန်။ငရဲ။ပြိတ္တာ၊ အသုရကာယ်ခေါ် ကြ သောခတ်တုံးခတ်ခဲအနန္တဖြစ်ပေါ်ပွါးများ၍နေကြကုန်သည်၊

ရုပ်ခတ်၊နာမ်ခတ်နှစ်မျိုးလုံးသည်၊အားရှိသော အကောင်း မျိုးတို့နှင့်ရောနှောမိပြန်လျှင်။ အကောင်းဖြစ်၍သွားကုန်၏။ အားရှိ သောအဆိုးမျိုးတို့နှင့်ရောနှောမိပြန်လျှင်။ အဆိုးဖြစ်၍သွားကုန်၏။ သူ့အလိုအလျောက်၊ ပေါက်လွှတ်ထားခဲ့လျှင်၊ အဆိုးဘက်သို့

www.dhammaransi.com



သာလဲမြဲဖြစ်၏။ ။အပြုအပြင် ကောင်းမြန်လျှင် ဇာဗ္ဗိလမ်း။ သမာဓိလမ်းဖြစ်ငြားအံ့၊ ။ထာဝရဘုရားခေါ် သောမဟာဗြဟ္မာမင်းကြီးအဖြစ်တိုင်အောင်ရင်း။၊ထိုမှအထက် အဆင့်ဆင့်သောဗြဟ္မာမင်းကြီးတို့အဖြစ်တိုင်အောင်ရင်း။ပေါက်ရောက်နိုင်၏။ ။ဗုဒ္ဓိလမ်း၊ပညာလမ်းဖြစ်ငြားအံ့။ သဗ္ဗညုဘုရား အဖြစ်တိုင်အောင်ပေါက်ရောက်နိုင်၏။ ။ဤကားဗုဒ္ဓဘာသာအလိုတည်း။ ။ဤကားခပ်သိမ်းသောသင်္ကာရ၊ သက်မဲ့ ဝတ္ထုမျိုး အမှုမျိုးသည်။ အကြောင်းနှင့်ကင်း၍ဖြစ်နိုင်မည်,မဖြစ်နိုင်မည်ဟူရာ၌။ အကြောင်းနှင့်ကင်း၍မဖြစ်နိုင်။အကြောင်းဟူသည်လည်း။ ဗုဒ္ဓဘာသာအလို။ ဥတုခေါ်သောရုပ်ဓာတ်ကြီး။စေတနာခေါ်သော နာမ်ဓာတ်ကြီးပေတည်း။ ။ခရစ်ယန်ဘာသာအလို။ထာဝရဘုရား၏တန်ခိုးတော်ပေတည်းဟုထုတ်ဘော်ဖြေဆိုချက်ပေတည်း။

ပြုသူမရှိလျှင်။အမှုဖြစ်နိုင်မည်လော ဟူသော နောက်ဆုံးစကား၌။ ။ပြုသူဆိုသည်ကား။ဗုဒ္ဓဘာသာအလို။ဓာတ်တုံးဓာတ်ခဲရတို့ပေတည်း။ ။လူခေါ်သောဓာတ်တုံးဓာတ်ခဲကြီးတရှတ္တို့၌။ ရုပ်ဓာတ်အမျိုးမျိုးတို့သည်ကား။ မြေဓာတ်။ရေဓာတ်။မီးဓာတ်။လေဓာတ်။အဆင်းဓာတ်။အသံဓာတ်။အနံ့ဓာတ်။ရသဓာတ်။ဩဇဓာတ်၊စက္ခုဓာတ်။သောတဓာတ်။ဃာနဓာတ်အစရှိသည်တည်း။ နာမ်ဓာတ်အမျိုးမျိုးဆိုသည်ကား။ အမြင်ဓာတ်။ အကြားဓာတ်။ အနံ့ဓာတ်။အရသာကိုသိသောဓာတ်။ အတွေ့အထိကို သိသောဓာတ်။ထွေထွေလာလာကြံမှုသိမှုကိုပြုသောဓာတ်။လောဘဓာတ်။ဒေါသဓာတ်။သဒ္ဓါဓာတ်။ပညာဓာတ်။ ကိုယ်အင်္ဂါချိုကွေးဆန့်ရှားသွားလာမှုတို့ကိုပြုပြင်သောဓာတ်ရ။ စကားပြောဆိုမှုကို ပြုပြင်သောဓာတ်ရအစရှိသည်တည်း။ ။ထိုရုပ်ဓာတ် နာမ်ဓာတ်တို့သည်သဘောအားဖြင့်အသီးအခြားတို့သာတည်း။

ဥရောပတိုက်သား ဆရာဝန်ကြီးတို့သည်ရင်း။ (ဆိုင်းယင်း) ပညာကိုတတ်ကြကုန်သော။ လောကဓာတ်ပညာ ဆရာတို့သည်ရင်း။ထိုထိုသောဝတ္ထုတို့၌ဓာတ်ထုတ်မှု၊ဓာတ်ဘော်မှု၊ ဓာတ်ခွဲမှု

တို့ကိုလေ့ကျက်ကြကုန်၏။ ။ထိုပညာရှိတို့သည်ရုပ်ခေတ်တုံး ရုပ်ခေတ်ခဲဘို့ကိုသာ။ခေတ်ခွဲနိုင်ကြကုန်သည်၊နာမ်ခေတ်ရကိုမခွဲ နိုင်ကြကုန်။ ။လောက၌။ထိုထိုကောင်းသောအမှု။ မကောင်း သောအမှုတို့ကို။ခေတ်တို့သည်သာပြုလုပ်နိုင်သည်၊ ခေတ်တို့ကို လွှတ်၍။ထိုထိုသောအမှုကိုပြုနိုင်သောပုဂ္ဂိုလ်ဟူ၍မရှိ။ သတ္တဝါ ဟူ၍မရှိ။ကောက်စပါးတို့၏ဖြစ်ထွန်းမှု၌၊လောကီသားတို့၏အလို။ အားဖြင့်လယ်မြေ။မိုးရေ၊မျိုးစပါး။လုပ်ဆောင်သူ ယောကျ်ား ဟူ၍ အကြောင်းလေးပါးကို ပြခဲ့ရာ၏။ ။ဗုဒ္ဓဘာသာ အဘိ ဓမ္မာအလိုအားဖြင့်၊လယ်မြေဟူသည်။မြေဥတုပေတည်း။ မိုး ရေဟူသည်။ရေဥတုပေတည်း။မျိုးစပါးဟူသည်ပေါက်ပွါးတတ် သောဥတုခေတ်အထူးပင်တည်း။

လုပ်ဆောင်သူယောကျ်ားဟူသည်၊ရုပ်ခေတ်။ နာမ်ခေတ်အစု အခဲသာတည်း။ရုပ်ခေတ်ရသည်။အကောင်အထည်ဖြစ်၏။ နာမ် ခေတ်ရတွင်ဝိညာဏ်ခေတ်။ ပညာခေတ်တို့သည်။ လယ်လုပ်မှုတို့ ၌။တတ်သိ လိမ္မာသောခေတ်ပေတည်း။စေတနာခေတ်။ ဝီရိယ ခေတ်တို့သည်။လယ်လုပ်မှု၊ကိုယ်အင်္ဂါ။နှုတ်အင်္ဂါ။စိတ်အင်္ဂါတို့ ကိုလှုံ့ဆော်ဘိုက်တွန်းသောခေတ်တို့ပေတည်း။ ။ဤနည်းအတူ။ လယ်ယာလုပ်မှု တမျိုး၌ပင်လျှင်။ မီးသင်းဘော။ မီးရထား စ သော ခေတ်စက် ကြိယာမျိုးတို့၌ကဲ့သို့၊ ဆိုင်ရာ—ဆိုင်ရာ လှုံ့ ဆော်ကြသောခေတ်မျိုးတို့သည်။ လယ်လုပ်သော ယောကျ်ား သန္တာန်မှာ များစွာရှိနေ၏။ ရုပ်ခေတ် နာမ်ခေတ်တို့ကို မသိကြ ကုန်သော လောကီသားတို့သည်။လူဟူ၍။ ယောကျ်ားဟူ၍သာ ခေါ်တတ်ကြကုန်၏။ရုပ်ခေတ် နာမ်ခေတ်တို့ကို၊တတ်သိလိမ္မာ ကြသောသူတို့သည်မူကား။ လောကီသားတို့အလိုက်။ လူဟူ၍။ ယောကျ်ားဟူ၍လည်းခေါ်၏။ ။အဘိဓမ္မာဒေသနာတော် အ လိုက်၊အဖွန်မရချအားဖြင့်။ ခေတ်တုံးခေတ်ခဲဟူ၍ရင်း။ မြင်သည် ကား ဘယ်ခေတ်၊ကြားသည်ကားဘယ်ခေတ်။လှုပ်ရှား သွားလာ ပြုလုပ်သည်ကားဘယ်ခေတ်။ စကားစမြည် ပြောဆိုသည်ကား

www.dhammaransi.com



ဘယ်ခေတ်။ထွေထွေလာလာကြံဘန်သည်ကား ဘယ်ခေတ်ဟူ၍ လည်းခေါ်ဝေါ်ပြောဆိုကြကုန်၏။ခေတ်တို့၏အစွမ်းသတ္တိ၊ တန်ခိုး ဇုဒ္ဓိ ဆန်းကြယ် ကြီးကျယ်မှုကို မသိကြကုန်သည့် အတွက်၊ လောကကြီးကို သိကြား ဘန်ဆင်းသည်။ငြဟ္မာမင်း ဘန်ဆင်း သည်။ ထာဝရဘုရားဘန်ဆင်းသည်ဟု ကြံဘန်တွေးဆ, မှတ် ယူကြကုန်၏။ ။ဤကား ပြုသူမရှိလျှင် အမှု ဖြစ်နိုင်မည်လော ဟူသော မေးခွန်း၌။ ဗုဒ္ဓဘာသာအလို့အားဖြင့် ခေတ်တို့သည် သာပြုသူဖြစ်သည်။ခပ်သိမ်းသောအမှုတို့သည်။ခေတ်ပြုလုပ်မှ ဖြစ် နိုင်ကြသည်ဟူ၍ဖြေဆိုခြင်းတည်း၊

ခရစ်ယာန်ဘာသာအလိုအားဖြင့်မူကား၊ ထာဝရဘုရားသည် သာပြုသူဖြစ်သည်။ထာဝရဘုရားတန်ခိုးတော်နှင့်ပြုမှ။ အမှု ခပ် သိမ်းဖြစ်နိုင်သည်ဟူ၍ဖြေဆိုရာ၏ ထိုသို့ဖြေဆိုခဲ့သော်၊ အမှု ဟူ သောမေးခွန်းစကား၌။ ဖြစ်မှု။ပျက်မှု။ ရှင်မှု၊သေမှု၊သာမှု။ နာမှု။ လိမ္မာမှု၊ရိုက်မဲ့မှုစသည်ဖြင့် ကောင်းသောအမှု။မကောင်း သော အမှုအလွန်များပြား၏။ အသက်ခန္ဓာချမ်းသာစီးပွါးဖြစ်သမျှသည် ထာဝရဘုရားပြုလုပ်၍ဖြစ်သည်။ အသက်ခန္ဓာ ချမ်းသာစီးပွါး ပျက်သမျှသည်။ထာဝရဘုရားဖျက်၍ ပျက်ရသည်၊ အသက်ရှင် သမျှသည်၊ထာဝရဘုရားပြု၍ရှင်ရသည်၊ လောက၌ သေကြသမျှ သည်၊ထာဝရဘုရားသတ်၍သေကြရသည်၊ ဤသို့ စသည်ဖြင့်၊ ထာဝရဘုရားအပေါ်၌ အပြစ်တင်ဆိုဘွယ် မများလောဟုတွေး တောဆင်ခြင်ဘွယ်ရှိချေသည်။ ။အပြစ်တင်ဆိုဘွယ်မဟုတ်။ ထိုကဲ့သို့ဖြစ်မှု—ပျက်မှု။ရှင်မှု-သေမှု စသည်အလုံးစုံကို။ အကုန် ပြုလုပ်နိုင်သောအနန္တတန်ခိုးရှင်ဖြစ်၍၊ ဘုရားဟုခေါ်ရသည် တ ကားဟူငြားအံ့ ထိုသို့ဖြစ်ခဲ့သော်၊ထာဝရဘုရားကို မကိုးကွယ် ကြသောသူတို့မှာလည်း။ဖြစ်မှု။ပျက်မှု။ရှင်မှု၊သေမှုအပြည့်ရှိနေကြ သည်၊ထာဝရဘုရားကို—ကိုးကွယ်ကြသေသူတို့မှာလည်း၊ ဖြစ် မှု။ပျက်မှု။ရှင်မှု။သေမှု အပြည့်ရှိနေကြသည်။ ကိုးကွယ်သည့် အ တွက်။ကိုးကွယ်သူတို့အား၊ထာဝရဘုရား၏ ဉာဏ်တာချက်ဟူ၍။

www.dhammaransi.com



အပိုအရိမရှိသောကြောင့်။ထာဝရဘုရားကို။ကိုးကွယ်ကြမှုသည်။ အကျိုးမရှိ အချည်းနှီးသာဖြစ်သည်ဟုဆိုဘွယ်ရှိပြန်သည်။ ။ ယခုဘဝ၌ကားအကျိုးမထင်ရှား။သေသည်မှနောက်၌။ ကောင်းကင်ဘုံကြီးသို့ရောက်အောင်ကယ်တင်၍။ထာဝရအသက်၊ ထာဝရစည်းစိမ်ကိုရကြကုန်လိမ့်မည်ဟုပြောအံ့၊ ကိုးကွယ်ကြသောသူတို့အား။တခြားတပါးသူတို့ကိုမဆိုထားဘိဦး။သားတော်ဟူ၍ ယုံကြည်ကြသောခရစ်တော်ကိုပင်။မင်းဘေး,သေဘေးမှမကယ်။ လောက၌ကိုးကွယ်ကြသောသူအများ။ ထင်ရှား တွေ့မြင် ကြရသောကယ်တင်ချက်ဟူ၍မရှိပါဘဲလျက်။ သေသည်မှနောက်၌။ ကယ်တင်လိမ့်မည်ဟူသောစကားကိုစိတ်ချ၍၊အလွတ်ယုံကြည်ရမည်မခက်လော။ခရစ်တော်သေဆုံးရသည်မှာ၊ ကိုးကွယ်ကျသူအများတို့အား။ဒုစရိုက်အပြစ်တို့မှလွတ်ငြိမ်းကြစေရန် အသေခံတော်မူမှုဖြစ်သည်။ ထာဝရဘုရား မကယ်နိုင်၍ သေရသည်မဟုတ်ဟုပြောအံ့ ။ထိုသို့ဖြစ်ခဲ့သော်။ ထာဝရဘုရားကို ကိုးကွယ်သျှင်၊ဒုစရိုက်အပြစ်တို့မှ လွတ်ငြိမ်းသည်။ ထာဝရဘုရားသည် သတ္တဝါတို့ကိုဒုစရိုက်အပြစ်မှ လွတ်ငြိမ်းစေနိုင်သည်ဟူ၍ ယုံကြည်ကြလျက်ရှိသည်။ထိုစကားမှန်ခဲ့ပါလျှင်၊သတ္တဝါတို့၏ ဒုစရိုက်အပြစ်လွတ်ငြိမ်းစေရန်ကိစ္စနှင့် ခရစ်တော်အသေခံဘွယ်ကိစ္စမရှိ၊သတ္တဝါတို့၏ဒုစရိုက်အပြစ်လွတ်ငြိမ်းကြစေရန်၊ ခရစ်တော်အသေခံသည်မှန်ခဲ့ပါလျှင်လည်း ထာဝရဘုရားသည်သတ္တဝါတို့ကိုဒုစရိုက်အပြစ်မှလွတ်ငြိမ်းစေနိုင်သည်၊ကယ်တင်နိုင်သည်ဟူသောစကားသည်၊ရှဋ္ဌိစကားမျှသာဖြစ်သည်။ မုချအမှန် ယူရသောစကားမဟုတ်ဟုဆိုဘွယ်မရှိလော။ ။ဤကား ပြုသူမရှိလျှင်အမှုရှိနိုင်မည်လောဟူသောမေးခွန်း၌ဖြေဆိုချက်တည်း။

ယခုမျက်မြင်လောက၌ရှိနေကြသောခပ်သိမ်းသောအမှုတို့မှာ၊ ယခု မျက်မြင် လောက၌ ရှိနေကြသူ့အပေါင်းတို့သည်၊ ပြုသူအမှုသည်တို့ပေတည်း။ ။ကမ္ဘာဦးအခါ၌။အစ,စွာကမ္ဘာကိုပြုသူသက်ရှိသက်မဲ့ဝတ္ထုတို့ကို၊ကမ္ဘာဦးအစ၌။ပြုသူကိုဆိုလိုသော

www.dhammaransi.com



မေးခွန်းပါဟူခြင်းအံ့။ခရစ်ယန်ဘာသာအလိုထာဝရဘုရားသည် ပြုသူပေတည်း၊ ထာဝရဘုရားတည်းဟူသော ပြုသူရှိ၍၊ ကမ္ဘာ တည်ထောင်မှုသက်ရှိသက်မဲ့တို့ဖြစ်ပေါ်မှုဟူ၍ရှိနိုင်လေသည်ဟု ဖြေရန်ရှိ၏။

ထာဝရဘုရားကို အလွန်ချစ်မြတ်နိုးသော ခရစ်တော်ကိုပင်၊ မင်းဘေးသေဘေးမှမကယ်နိုင်ပါဘဲလျက်၊ ကမ္ဘာကို ဖန်ဆင်း နိုင်သည်။ကမ္ဘာပေါ် ၌သက်ရှိသက်မဲ့တို့ကို ဖန်ဆင်းနိုင်သည် ဟူသောစကားကို။ ပြုသူမရှိလျှင် အမှုရှိနိုင်မည်လော ဟူသော အတွေးအဆယူတတ်မှုနှင့်၊မရချယုံကြည်ရမှုမည်မခက်လော။ ။ ထာဝရဘုရားသည်၊ယခုပစ္စက္ခဘာဝအကျိုး၌၊ကြောင့်ကြမစိုက်၊ သေသည်မှနောက်၌၊ကယ်တင်မှုကိုသာ ကြောင့်ကြစိုက်သည်။ ခရစ်တော်ကိုလည်းကောင်းကင်ဘုံသို့ကယ်တင်သည်ဟူငြားအံ့၊ ခရစ်တော်သည်သေသည်မှနေ၃ံ၌၊ ကောင်းဘုံသို့ရောက်သည်ကို ခရစ်တော်၏တပည့်လက်သားတို့ပြောဆိုကြသော အရာသာဖြစ် သည်ဖြစ်၍၊ယုံကြည်ရမည်မခက်တောင်း။ ။ဤကားပြုသူ မရှိ လျှင်အမှုရှိနိုင်မည်လော ဟူသောမေးခွန်း၌၊ ခရစ်ယန်ဘာသာအ လိုတနည်းဖြေဆိုချက်။ ။၎င်းအဖြေမှာအပြစ်ဆိုဘွယ်ကိုပြဆို ချက်တည်း။

ဗုဒ္ဓဘာသာအလို၌၊ရုပ်ဓာတ်နာမ်ဓာတ်တို့မှတပါး၊ ကမ္ဘာကို ပြုသူဖန်ဆင်းသူဟူ၍မရှိ၊ ရုပ်ဓာတ် နာမ်ဓာတ်တို့သည်လည်း၊ ကမ္ဘာအဆက်မျိုးစ,ဖြတ်ဆုံးသည်ဟူ၍မရှိကုန်။

ဤအရာ၌ရှေးဖြစ်သောအတိတ်ကာလ၊အတိတ်သံသရာ၊ အ တိတ်ကမ္ဘာအဆက်ဆက်တို့သည်၊အစ,ဟူ၍မရှိကုန်၊ အစ, မရှိ ဟူသည်ကိုအချို့သူတို့မယူကြကုန်၊အစ,ရှိတန်ရာသည်ဟု ပြော ဆိုကြကုန်၏၊အတွေးအဆ,ယူတတ်မှုနှင့် ပြောဆိုကြသည်ကို ပမာ ဏမပြုအပ်၊

ဗိုးကုန်းကြီးခရစ်ယန်မေးခွန်းအဖြေနှင့်၊သောဠသဝိသဇ္ဇနာကျမ်း
ဤတွင်ပြီး၏၊

www.dhammaransi.com



ဤသည်လျှင် (မုံရွာမြို့–လယ်တီဆရာတော်ဘုရားကြီး) ဖြေဆိုရေးသားတော်မူသော။ခရစ်ယန်ပုစ္ဆာအဖြေကျမ်းသည်။ ဆုံးခန်းတိုင်မြောက်အပြီးသို့ရောက်သတည်း။

## လျှောက်လွှာ။

တပည့်တော်-မန္တလေးမြို့။အထက်မြန်မာနိုင်ငံတရားဌာနချုပ်ဝန်ကြီးမင်း ရုံးတော် စာရေးကြီး-ပြင်သစ်လူမျိုး။ "မိုလ်ရှင်" လျှောက်ပါသည်။လယ်တီဆရာတော်ဘုရား။

ပြင်သစ်ပြည်-ပါရစ်မြို့တော်ပညာရှိလူကြီးမင်းများကား။ဗုဒ္ဓဘာသာတရား၀ဋ္ဋဒေသနာတော်နှင့် စပ်လျဉ်း၍။ထုတ်ဘော်ရေးသားလိုက်သောအမေးပုစ္ဆာ—၅-ရပ်တို့ကို။အဖြေရေးသား။ပေးသနားတော်မူပါဘုရား။

(၁) သားသမီးတို့၏ ကံ-ကမ္မသည်။ ၎င်းတို့၏မိ,ဘများ(ကံ-ကမ္မ)နှင့်၊တူ။မတူ။

(၂) မိဘက။နူသည်ဖြစ်စေ၊ ရောဂါဆိုးကပ်သည် ဖြစ်စေ။ ရူးသည်ဖြစ်စေ ထိုသူတို့မှပေါက်ဘွားသောသားသမီးတို့မှာ။ ဆေးကျမ်းပညာအရကူးတတ်သည်။ ကူးတတ်သည်ဆိုကြသည်၊ (ကံ-ကမ္မ)ချင်းမတူကြလျှင်။ မည်သည့်အတွက်ကြောင့်၊ နူနိုင်။ရူးနိုင်။ကူးနိုင်ကြပါသနည်း။

(၃) ဝိညာဏ်သည်၊အတွယ်ရှိပါမှဖြစ်ပါသလား။မသို့ဟုတ်မတွယ်ဘဲအလျောက်ဖြစ်နေပါသလား။ အစိမ်းတစ္ဆေဖြစ်သည်ဆိုကြသောစကားမှန်ပါသလား။

(၄) လူဝင်စားဟူ၍လောကနိုက် ပြောရိုးဆိုရိုးရှိကြ၏၊ ဝင်စားခြင်းအကြောင်းသည်။ဗုဒ္ဓဘာသာတရားတော်တွင် သက်ဝင်ခြင်းရှိပါသလား။

(၅) အဘိညာငါးပါး။(၁)ဣဒ္ဓိဝိဓအဘိညာ။(၂)ဒိဗ္ဗသောတအဘိညာ။(၃)စေတောပရိယအဘိညာ။(၄) ပုဗ္ဗေနိဝါသာနုဿတိအဘိညာ၊

www.dhammaransi.com



(၅)ဒိဗ္ဗစက္ခုအဘိညာ၊ဤငါးပါးတို့သည်၊မြတ်စွာဘုရားမှတပါး။ ရဟန္တာ အစရှိသောအရိယာသာဝကများနှင့် ဆက်ဆံပါသေး၏လား။

---

## နမောတဿဘဂဝတောအရဟတော

## သမ္မာသမ္ဗုဒ္ဓဿ။

(၁) သား၊သမီးတို့ကံကမ္မသည်၊ငင်းတို့၏ မိဘများ(ကံ၊ကမ္မ) နှင့်တူ,မတူဟူသောမေးချက်မှာ၊တူသည်လည်းရှိ၏။ မတူသည် လည်းရှိ၏။ ။တူမတူဆိုသည်ကား။ အားရှိ၊အားမဲ့ခြင်း၊တူ၊မ တူကိုဆိုလိုသည် ငါတို့ဘုရားအလောင်းသိဒ္ဓတ်မင်းသား၏၊ ကံ၊ ကမ္မနှင့်၊အမိမယ်တော်မာယာ၊အဘသုဒ္ဓေါဓနမင်းကြီးတို့၏၊ ကံ၊ ကမ္မသည်မတူကြ၊သိဒ္ဓတ်မင်းသား၏၊ကံ၊ ကမ္မသည်အလွန်ကြီး ၏၊အလွန်အားရှိ၏။ ငင်းသိဒ္ဓတ်မင်းသား၏၊ ကံ၊ကမ္မနှင့်နှိုင်းရှဉ် သော်၊မယ်တော်ခမည်းတော်တို့၏၊ကံ၊ကမ္မသည်အလွန်ငယ်၏။ အလွန်အားမဲ့၏၊ဤကားမတူရာဒ္ဓိသက်သေတည်း။ ။တူရာနိုက် သက်သေမူကား၊လောက၌၊မြော်မြင်ဘွယ် အလွန်ပေါများလေပြီ၊ မျက်မြင်ဘဝ၌၊အကျိုးပေးကြပုံချင်းတူ,မတူကိုထောက်မြော်၍၊ ကံ,ကမ္မ၊ခြင်းတူ,မတူကိုဆိုနိုင်ခွင့်ရှိလေသတည်း။

(၂) မိဘကနူသည်ဖြစ်စေ၊ ရောဂါဆိုးစွဲကပ်သည်ဖြစ်စေ၊ ရူးသည်ဖြစ်စေ၊ထိုသူတို့မှပေါက်ဘွားသောသားသမီးတို့မှာ၊ ဆေး ကျမ်းပညာအရ၊ကူးတတ်သည် ရူးတတ်သည်ဆိုကြသည်၊ (ကံ၊ ကမ္မ)ချင်းမတူကြလျှင်၊ မည်သည့်အတွက်ကြောင့်၊ နူနိုင်၊ရူးနိုင်၊ ကူးနိုင်ပါသနည်းဟူသောမေးချက်မှာ၊ ။အမိ၏ဥတုအတွက်၊အ ဘ၏ဥတုအတွက်ကြောင့်၊နူနိုင်၊ရူးနိုင်၊ကူးနိုင်လေသည်၊ ။ဤအ ရာ၌၊ပန်းပင်ငယ်ဥပမာကိုပြဆိုရာ၏၊ အလွန်မြေဩဇာဩဇာ ညံ့ဖျင်းလှသော မြေအရင်တခု၊ အလွန် မြေဩဇာ ဩဇာ ကောင်းမွန်လှသောမြေအရင်တခုရှိရာ၏၊ တခုသောပန်းမျိုးစေ့ကို

www.dhammaransi.com



ရရှိ၍၊ညှံ့ဖျင်းလှသော မြေအရပ်၌စိုက်ပျိုးခဲ့ပါမူ၊ တထွာခန့်မျှရှိလျှင်၊နာ၍နူ၍နေတတ်၏၊ ။ထိုမျိုးစေ့ကိုပင်ကောင်းမွန်သောမြေအရပ်၌စိုက်ပျိုးခဲ့ပါမူကား၊တတောင်ခန့်မျှကြီးပွါး၍နာမှု၊နူမှု၊ကင်းရှင်းလျက်၊အလွန်ရွှင်လန်းတတ်၏။ ။မျိုးစေ့တခုတည်းဖြစ်ပါလျက်။အဘယ့်ကြောင့် ပန်းပင်ချင်းမတူရှိကြလေသနည်း။မြေအတွက်ရေအတွက်ကြောင့်ပန်းပင်ချင်းမတူရှိကြလေသတည်း။ ။ရှေးကံဟောင်းသည်ပန်းမျိုးစေ့နှင့်တူ၏။ အမိ၏အသွေးအသားရသည်၊ပန်းမျိုးစေ့စိုက်ပျိုးရာမြေအရပ်နှင့်တူ၏။အဘ၏အသွေးအသားရသည်။ထိုမြေအရပ်၌ကျရောက်သောရေနှင့်တူ၏။ပန်းမျိုးစေ့၏အတွိုသည်။ပန်းပင်ငယ်မှာဆယ်ဘို့တွင်တဘို့ခန့်ပါဝင်၏။ မြေ၏အဘို့သည်၊ ပန်းပင်ငယ်မှာဆယ်ဘို့တွင် ခြောက်ဘို့ခန့်ပါဝင်၏။ ရေ၏အဘို့သည်။ပန်းပင်ငယ်မှာ။ ဆယ်ဘို့တွင်သုံးဘို့ခန့်ပါဝင်၏၊ ။မြေအဘို့ရေအဘို့ဆိုသည်ကား။ပန်းပင်ငယ်တို့၌၊မြေရေတို့မှလိုက်ပါကြသော အဆင်းသဏ္ဌာန်။ ရသဩဇာတို့၏ကောင်းခြင်းမကောင်းခြင်းတို့ပေတည်း။ ။ကံနှင့်မိဘ သားသမီးတို့မှာလည်း၊ထိုနည်းတူမှတ်လေ၊ ။မိဘတို့၏အဘို့ဆိုသည်ကား။မိဘတို့သည်လူဖြစ်ကုန်အံ့။ သားသမီးတို့သည်။လူသဏ္ဌာန်ဖြစ်ကြကုန်၏၊မိဘတို့သည်နွားဖြစ်ကြကုန်အံ့၊ သားသမီးတို့သည်နွားသဏ္ဌာန်ဖြစ်ကြကုန်၏။လူတို့တွင်လည်းမိဘတို့သည်။တရုပ်လူမျိုးဖြစ်ကုန်အံ့၊သားသမီးတို့သည်၊တရုပ်သဏ္ဌာန်ဖြစ်ကြကုန်၏။ မိဘတို့သည်ကုလားလူမျိုးဖြစ်ကြကုန်အံ့။သားသမီးတို့သည်ကုလားသဏ္ဌာန်ဖြစ်ကြရကုန်၏၊အနာရောဂါတို့သည်သည်းထိုမိဘတို့၏၊ အဘို့တွင်ပါဝင်သျက်ရှိကုန်၏၊ ။ထိုကြောင့်မိဘတို့၏ကံနှင့်သားသမီးတို့၏ကံသည်မတူကြကုန်ငြားသော်လည်း၊ အတန်ငယ်မျှကြီးမြတ်ကြကုန်ငြားသော်လည်း။မိဘတို့၏အဘို့ကိုမလွန်ဆန်နိုင်မရှောင်နိုင်။ မိဘနူလျှင်။သားသမီးနူတတ်၏။မိဘရောဂါသယ်ဖြစ်ခဲ့လျှင်။ သားသမီးလည်းကြီးလျှင် ရောဂါသယ်ဖြစ်တတ်၏၊ မိဘရူးလျှင် သားသမီး

လည်းကြီးလျှင်ရှုံးတတ်၏။ မိဘတို့၏ကံထက်။ အလွန်အားကြီးသောကံမှသာလျှင်။ သားသမီးသဏ္ဍာန်၌မိဘတို့မှ လိုက်ပါသောဓါတ်ဆိုးဓါတ်ဝါးတို့၏ပွါးစီးခြင်းကိုလွန်ဆန်နိုင်ခုခံနိုင်၏၊ ဆေးကောင်းဝါးကောင်းတို့ဖြင့်ကိုယ်သဏ္ဍာန်၌။ဓါတ်ကောင်းဓါတ်မွန်တို့ကိုပွါးစီးလေအောင်တည်ထောင်ပြုရနိုင်ခဲ့ပါမူကား။မိဘနူသော်လည်းမနူရအောင်တတ်နိုင်လေသတည်း။ ။အမိဝမ်း၌ပဋိသန္ဓေကိန်းရသောသတ္တဝါတို့မှာ။မျိုးစေ့သုံးပါးနှင့်ဖြစ်ပွါးရကုန်၏၊ရှေးကံဟောင်းလည်း မျိုးစေ့တပါး၊ အမိရသဓါတ်လည်း မျိုးစေ့တပါး၊ အဘ၏ရသဓါတ်လည်းမျိုးစေ့တပါး၊ထိုတွင်အမိဓါတ်အဘဓါတ်နှစ်ပါးတို့သည်လည်း၊ အားရှိအားမဲ့ချင်း တူ,မတူနှစ်ပါးရှိကြကုန်၏။ မိဘနှစ်ပါးရုံကျန်းမာမှုဆူဖြိုးမှုတူကြလျှင်၊ ရသဓါတ်နှစ်ပါးအားရှိချင်းတူကြ၏။ ထိုအခါပဋိသန္ဓေ တည်နေသောသားသမီးတို့မှာ။ အဆင်းသဏ္ဍာန်စသည် နှစ်ဘက်မျှတလျက်ရှိတတ်ကြ၏၊မိဘတို့မှာ၊ ရသဓါတ်တဘက်ကအားရှိ၍၊ ဟိုဘက်ကအားနည်းသောအခါ၊ ပဋိသန္ဓေတည်နေသောသားသမီးတို့မှာ။ အဆင်းသဏ္ဍာန်စသည်တဘက်ဘက်ကသာလွန်တတ်ကြ၏။

(၃) ဝိညာဉ်သည်၊ အတွယ်ရှိမှပြုတ်ပါသလား။ သို့မဟုတ် မတွယ်မီအလိုအလျောက် ဖြစ်နေပါသလား။ အစိမ်းသန္ဓေဖြစ်သည်ဆိုကြသောစကားမှန်ပါသလား။ ။ဟူသောမေးချက်မှာ။ အတွယ်ရှိမှပင်ပြုတ်သည်။ အတွယ်မရှိမီအကြားမှာ။ တရံတခသောအဖြစ်၌။အလွတ်အလျောက်ဖြစ်၍နေရသည်မဟုတ်။ ။အတွယ်မရှိမီအကြားမှာ။တရံတခသောအဖြစ်၌အလွတ်အလျောက်ဖြစ်၍နေရသေးသည်ဟူသော အယူသည်။ အန္တရာဘဝဒိဋ္ဌိအယူမည်၏၊ထိုအယူကို။ ဗုဒ္ဓဘာသာကျမ်းဂန်တို့၌ ပယ်ဖျက်လျက်ရှိကြ၏၊ ။ထိုအယူဖြစ်ပုံကား၊ ဤဘဝမှသေလွန်သျှင်။နောက်ဘဝ၌၊လူဖြစ်မည်သူ။နတ်ဖြစ်မည့်သူ၊ဗြဟ္မာဖြစ်မည့်သူ။ အောက်ငရဲ၌ဖြစ်မည့်သူ၊တိရစ္ဆာန်။ပြိတ္တာတို့၌ဖြစ်မည့်သူ။အမျိုးမျိုးရှိကြ

www.dhammaransi.com



၏။ ထိုသူတို့သည်။ ဤလူဘဝ။ သေလွန်ရာဌာနမှ။ နောက်လူဘဝသို့ နတ်ဘဝသို့။ ဗြဟ္မာဘဝသို့။ ငရဲ၊ တိရစ္ဆာန်။ ပြိတ္တာဘဝသို့။ အဘယ်သို့ကူးပြောင်းသွားရောက်နိုင်ကြပါကုန်သနည်း။ အကြားဦသွားလွှင့်ကူးသန်းမှုကောဋ္ဌာ ရှိရလိမ့်မည်မဟုတ်လော၊ သွားလွှင့်ကူးသန်းမှုရှိခဲ့သော်ထိုသွားလွှင့်ကူးသန်းသူသည်၊ အကောင်အထည် ရှိသောသူသည်းမဟုတ်သေး၊ နတ်ဗြဟ္မာလည်းမဟုတ်သေး၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာလည်းမဟုတ်သေး။ အလွတ်တမျိုးမဟုတ်လော၊ ထိုသူကိုအန္တရာဘဝခေါ်၏၊ ထိုသူသည်။ ခန္ဓာငါးပါး အပြည့် အစုံရှိသည်ဟူ၍လည်းယူကြ၏၊ ဝိညာဉ်ချည်းသက်သက်ရှိသည် ဟူ၍လည်းယူကြ၏။ ။ထိုသူသည်။ နတ်မျက်စိအမြင်နှင့်ပြည့်စုံ ၏၊ ။အလိုရှိရာဘဝသို့ခဏခြင်းရောက်နိုင်သော တန်ခိုးလည်း ရှိ၏၊ ထိုသူသည်။ ကံတိုက်တွန်းရာ၊ ထွေထွေလာလာဆင်တတ် ၏။ လူဆင်းရဲဖြစ်ရန် ကံတိုက်တွန်းခဲ့လျှင်၊ လူဆင်းရဲ ကိုယ်ပင်လူ ချမ်းသာ ဆင်၏။ ။ငရဲဦကျရောက်ရန် ကံတိုက်တွန်း ခဲ့လျှင်၊ ငရဲပြည်ကိုယ်ပင်နတ်ပြည်ဆင်၏။ ထိုအန္တရာဘဝမှ တဆင့်အလို ရှိရာဘဝသို့ခဏခြင်းသွားရောက်၍။ ပဋိသန္ဓေစွဲနေဖြစ်ပေါ်လေ၏၊ ဤကားအန္တရာဘဝဝါဒီပုဂ္ဂိုလ်တို့၏အယူတည်း။ ။ဤအယူကို ဗုဒ္ဓဘာသာကျမ်းဂန်တို့ဦပယ်ဖျက်၏။

ပယ်ဖျက်ပုံကား။ အန္တရာဘဝဟူ၍မရှိ၊ ဤဘဝမှသေလွန်လျှင် နောက်ဘဝဦ။ လူဖြစ်မည့်သူသည်လူဖြစ်လေ၏၊ နတ်ဖြစ်မည့်သူ သည်နတ်ပြည်ဦနတ်ဖြစ်လေ၏၊ ငရဲဦဖြစ်မည့်သူသည်။ ငရဲနိုက် ဦးတိုက်ဖြစ်လေ၏။ ။အကြားဦအန္တရာဘဝမရှိခဲ့သော်လူ့ပြည် မှနတ်ပြည်သို့၊ လူ့ပြည်မှငရဲပြည်သို့။ အဘယ်သို့သွားလိမ့်မည် နည်းဆိုငြားအံ့။ ။ဘဘဝမှတဘဝသို့သွားသည်လာသည်၊ ကူး သန်းသည်။ ပြောင်းရွှေ့သည်။ ကျင်လည်သည်ဟူသောစကားမျိုး သည်။ လောကစကားမျိုးသာဖြစ်၏။ ဓမ္မစကားမျိုး။ ခေတ်စကားမျိုး မဟုတ်။ ။ဓမ္မစကားမျိုးနှင့်ပြောဆိုသည်ရှိသော်၊ တခုသောရုပ်

www.dhammaransi.com



မွေ့,နာမ်မွေ့သည်။တဘဝမှ တဘဝသို့ သွားသည်လာသည်မရှိ။ ကူးသန်းပြောင်းရွေ့သည်။ကျင်လည်သည်ဟူ၍မရှိ၊ ဤအရာ၌။ အရိပ်ခေတ်ပုံပြခန်း။ခေတ်သီချင်းဖွင့်ခန်းများကိုစေ့ရုံဖွာထောက် မြှော်၍။ရုပ်မွေ့,နာမ်မွေ့တို့၏အစီအစဉ်အားဖြင့်၊ အဆက်ဆက် အဆင့်ဆင့်ဖြစ်ပွါး၍သွားပုံကိုယုံကြည်ထိုက်လှ၏၊ ။အကြင်သူ သည်။လူ့ပြည်မှသေ၍နတ်ပြည်၌ဖြစ်လေ၏။ ထိုသူ၌လူဘဝအဆုံး နှင့်နတ်ဘဝအစ,သည်။ဌာနအားဖြင့်ဝေးကွာသော်လည်း။ ကာလ အားဖြင့်အခြားမရှိ။တစပ်တည်း။တဆက်တည်း။ စပ်ဆက်လျက် ဖြစ်၏၊အကြင်သူသည်။လူ့ပြည်မှသေ၍ အောက်မဟာ အဝီစိငရဲ ကြီး၌ဖြစ်လေ၏။ထိုသူ၌လည်းလူ့ဘဝအဆုံးနှင့်ငရဲဘဝအစသည် ဌာနအားဖြင့်ကွာဝေးသော်လည်းကာလအားဖြင့်အခြားမရှိ။လော ကမျက်မြင်အားဖြင့်မဟာပထဝီမြေအထုရခံကွယ်ခြား၍နေသော် လည်း။ကံဟူသောနာမ်မွေ့၏အစွမ်းသတ္တိကို။ ထိုမဟာပထဝီမြေ အထုရခံကွယ်ခြားနိုင်သည်မဟုတ်။ လူ့ဘဝမှာအဆုံး နာမ်မွေ့ အဟောင်းချုပ်လျှင်။မဟာအဝီစိငရဲကြီးမှာ။အစ,နာမ်မွေ့အသစ်။ ဆက်လက်ဖြစ်ပေါ်လေတော့သည်၊ ။အကြား၌မျက်တောင်တ ခပ်လျှပ်တပြက်မျှကြွဲကြာခြင်းမရှိလေပြီ။ ။

အကြောင်းမူကား။အသီးအသီး သူ့ကံနှင့်သူ့ဘုံ၊ သူ့ဘုံနှင့် သူ့ဘဝသတ်မှတ်ပိုင်းခြားလျက်ရှိလေသောကြောင့်တည်း။

(သတ်မှတ်ပိုင်းခြားပုံကား)

ကံသည်အမျိုးမျိုးရှိ၏ ကံ၏အကျိုးသည် အမျိုးမျိုးရှိ၏။ ဒါန ဟူသောကုသိုလ်ကံတမျိုးမှာပင်။ အချို့သောဒါနကံသည် လူ့ဘ ဝကိုဖြစ်စေနိုင်၏။အချို့သောဒါနကံသည်။ စတုမဟာရာဇ် နတ် ဘဝကိုဖြစ်စေနိုင်၏။အချို့သောဒါနကံသည်။ တာဝတိံသာနတ် ဘဝကိုဖြစ်စေနိုင်၏။နတ်ပြည်ခြောက်ထပ် အဆင့်ဆင့်သွားလေ။ သီလဟူသော ကုသိုလ်ကံတမျိုးမှာလည်း။ ဒါနကံအတိုင်း ဝေ

www.dhammaransi.com



ဘန်လေ။ ။မဟာဂ္ဂုတ်ဘာဝနာကံရမှာလည်း။ ပထမဈာန် ကုသိုလ်ကံသည်၊ပထမဈာန်ဗြဟ္မာ့ဘုံ၌ ပထမဈာန် ဗြဟ္မာ့ဘဝကို ဖြစ်စေနိုင်၏။ဒုတိယဈာန်ကုသိုလ်ကံသည်။ဒုတိယဈာန်ဗြဟ္မာ့ဘုံ၌ဒုတိယဈာန်ဗြဟ္မာ့ဘဝကိုဖြစ်စေနိုင်၏၊တတိယဈာန် စတုတ္ထဈာန်စသည်တို့၌လည်းသူ့ကုသိုလ်ကံနှင့်။ သူ့ဘုံသူ့ဘဝ အသီးအသီးရှိကြလေပြီ၊အထက်ဆုံးဖြစ်သော နေဝသညာနာသညာယတနဈာန်ကုသိုလ်ကံသည်။အထက်ဆုံးဖြစ်သော နေဝသညာ နာသညာယတနဗြဟ္မာ့ဘုံ၌။နေဝသညာနာသညာယတနဗြဟ္မာ့ဘဝကိုဖြစ်စေ၏။

ပါဏာတိပါတ,ဟူသောအကုသိုလ်ကံတမျိုးမှာပင်။ အချို့ကံသည်။သဉ္ဇီဝငရဲဘုံ၌ သဉ္ဇီဝငရဲဘဝကိုဖြစ်နိုင်၏။ အချို့ကံသည်။ကာလသုတ္တငရဲဘုံ၌ကာလသုတ္တငရဲဘဝကို ဖြစ်စေနိုင်၏၊ ဤနည်းအတူ၊ အောက်ဆုံး ဖြစ်သော မဟာအဝီစိ ငရဲဘုံတိုင်အောင်ဆိုလေ။ ။အဒိန္နာဒါနကံ,စသည်တို့ကိုလည်း။ ပါဏာတိပါတကံအတိုင်းဝေဘန်လေ။

ကံ၏အကျိုးအမျိုးမျိုးဆိုသည်ကား၊လူ့ဘဝစတုမဟာရာဇ်နတ်ဘဝ တာဝတိံသာ နတ်ဘဝအစရှိသည်ဖြင့်၊ ဆိုခဲ့ပြီးသော စကားရပ်ရ၌၊ဘဝဟူသောစကားသည်။ကံ၏အကျိုးကိုဆိုသော စကားပင်တည်း။ဘဝအမျိုးမျိုးကိုကံ၏အကျိုး အမျိုးမျိုးဟူ၍ဆိုပေသည်။ ။ဤသို့လျှင်ပကတိအားဖြင့်သူ့ကံနှင့်သူ့ဘုံ၊ သူ့ဘုံနှင့်သူ့ဘဝ။အသီးအသီး သတ်မှတ်ပိုင်းခြားလျက် ရှိလေသောကြောင့်။လူ့ပြည်မှသေလွန်လျှင်၊သေလွန်သူ၌အားရှိဆုံး ဖြစ်သောကံတခုသည်။မိမိ၏သက်ဆိုင်ရာဘုံ၌ မိမိသက်ဆိုင်ရာ ဘဝကိုသာဖြစ်စေတတ်၏။တခြားသောဘုံ၌တခြားသောဘဝကို မဖြစ်စေတတ်၊ ။ဤကား၊အနန္တရာဘဝအယူကိုဗုဒ္ဓဘာသာ ကျမ်းဂန်တို့၌ပယ်ဖျက်ပုံပေတည်း၊

အစိမ်းတစ္ဆေဖြစ်သည်ဆိုကြသောစကားမှန်ပါသလား။ ဟူ

www.dhammaransi.com



သောစကားဖြင့်။အစိမ်းတစ္ဆေဖြစ်သည်ကိုပင်။အန္တရာဘဝ, ဖြစ်သည်ဟုအယူရှိကြသည်ကို ထုတ်ဘော်၍ပြပေ၏။ ။အစိမ်းတစ္ဆေဟူသည်။အခြားတပါးမဟုတ်။နတ်ဘဝရတွင်၊ အယုတ်ဆုံးအညံ့ဆုံးဖြစ်သောစတုမဟာရာဇ်နတ်ဘဝပေတည်း၊လူ့ဘဝ နတ်ဘဝ။ဗြဟ္မာဘဝ။ငရဲဘဝ။တိရစ္ဆာန်ဘဝ။ပြိတ္တာဘဝတို့မှအလွတ်အလပ်။အသီးအခြားမဟုတ်ပေ။ ။ထိုဘဝသို့ရောက်လေသောသူသည်။လူနှင့်အလွန်နီးစပ်၏၊ ထိုဘဝ၌ဆင်းရဲရန် ကံအခွင့်ကုန်လျှင်။ လူ့ဘုံသို့ပြန်လာနိုင်၏။အခွင့်သင့်လျော်ရာ အမြိဝမ်းမှာပဋိသန္ဓေယူနိုင်၏။ ။ထိုဘဝကို ချမ်းသာသော နတ်ဘဝမဟုတ်သည့်အတွက်ကြောင့်။နတ်ဘဝဟူ၍အယူမရှိကြဘဲ၊ အန္တရာဘဝဟူ၍တမျိုးတမည်ထင်မှတ်ကြ၏။မြန်မာတို့၌ အစိမ်းတစ္ဆေဟူသောအမည်တမျိုးနှင့်ခေါ်ကြ၏။ ဗုဒ္ဓဘာသာ ကျမ်းဂန်တို့၌။ "ဝိနိပါတိကအသုရာ"ဟူ၍ခေါ်၏၊နတ်ဘဝရတွင်အယုတ်ဆုံးအညံ့ဆုံးသောနတ်ဘဝတမျိုးဖြစ်ပေသတည်း။လူ့ပြည်မှသေလွန်ကြသူအပေါင်းတို့သည်၊ ထိုဘဝသို့ချည်း ရောက်ကြကုန်သည်မဟုတ်။အချို့မျှသာရောက်ကြကုန်၏။ရုတ်တရက် အခွင့်နှင့်သေဆုံးကြသောသူများသည်။ ထိုဘဝသို့ ရောက်တတ် ကြ၏၊ မနုဿဂတိ၊ဒေဝဂတိ။နိရယဂတိ။တိရစ္ဆာနဂတိ။ပေတဂတိ,ဟူ၍။ဂတိငါးပါးတို့မှ၊အလွတ်အလပ်အသီးအခြားမဟုတ်ပေ။

(၄) လူဝင်စားဟူ၍လောက၌ပြောရိုး,ဆိုရိုးရှိကြ၏။ ဝင်စားခြင်းအကြောင်းသည်။ဗုဒ္ဓဘာသာတရားတော်တွင်သက်ဝင်ခြင်းရှိပါသလား,ဟူသောမေးချက်၌၊လူဝင်စားဟူသည် အသီး အခြားတပါးတမျိုးမဟုတ်။ လူ့ဘဝသို့ရောက်လာကြသူအပေါင်းတို့တွင်၊ရှေးဘဝကိုပြန်၍သိနိုင်သူအနည်းငယ်မျှရှိကြ၏၊ထိုသူတို့ကိုလူဝင်စားဟူ၍ခေါ်ကြ၏၊ထိုသူကိုဗုဒ္ဓဘာသာ ကျမ်းဂန်တို့၌။ "ဇာတိဿရ"ပုဂ္ဂိုလ်ဟူ၍ခေါ်၏၊ရှေးဘဝကိုပြန်၍ အောက်မေ့နိုင်သောသူ။သိနိုင်သောသူဆိုလိုသည်၊

www.dhammaransi.com



ရှေးဘဝကိုပြန်၍မသိနိုင်ခြင်း။ သိနိုင်ခြင်း အကြောင်းကား။ (၁) ဤလူ့ဘဝ၌နေ့ရက်ရှည်ကြာ။အနာရောဂါနှိပ်စက်ညှဉ်းပန်း စိတ်အားကုန်ခန်း၍သေရခြင်းတပါး။ (၂) နောက်ဘဝ၌။ ဂဗ္ဘသေယျမျိုးဖြစ်၍အလွန်သေးငယ်လှသော ကလလ ရေကြည်။ အစ တည်လျှက်။နေ့ရှည်ရက်များ။ဖြည်းနှေးစွာကြီးပွါးရသဖြင့်။ စိတ်အားသေးနုတ်။မှေးတုပ်မှိန်းမော၍နေရခြင်းတပါး။ ဤအကြောင်း နှစ်ပါးနှင့်တွေ့ကြုံ၍လာကြကုန်သောသူတို့သည်။ရှေးဘဝကို မေ့ကြကုန်၏၊ထိုမှတပါး။ အလွန်ငယ်ကလေးကသေခဲ့ကြသောသူ။ အလွန်အိုမင်းထိုင်းမှိုင်းလှမှသေခဲ့ကြသောသူ၊ ယစ်မျိုး ကြူးလှသောသူတို့သည်လည်းကောင်း။နောက်ဘဝ၌၊ အမိသည်ရောဂါသည်မ,ဖြစ်ခဲ့သော်ရင်း။အလုပ်ကြမ်း၊အကိုင်ကြမ်း လုပ်ကိုင်ရသူဖြစ်ခဲ့သော်ရင်း။ကိုယ်ဝန်ဆောင်မှု၌အလိမ္မာမရှိသူ။ အစောင့် အစည်းမရှိသူဖြစ်ခဲ့သော်ရင်း။အမိဝမ်းတွင်း၌ သူငယ်သည်အလွန်ထိတ်လန့်ချောက်ချားခြင်း များသဖြင့်လည်း။ ရှေးဘဝကိုမေ့ကြကုန်၏။ဤကား။ ရှေးဘဝကိုပြန်၍မသိနိုင်ခြင်းအကြောင်းတည်း၊ ဤလူ့ဘဝ၌သေလွန်၍။ဥပပတ်နတ်ဘဝ၊ ဗြဟ္မာဘဝသို့ရောက်ကြသောသူ၊ငရဲဘဝ။ပြိတ္တာဘဝသို့ရောက်ကြသော သူတို့သည်။ ရှေးဘဝကိုသိနိုင်ကြကုန်၏။ ။ဤလူ့ဘဝ၌အားရှိတုန်းအခါမှာ လက်နက်ဘေး, ကပ်ဥပါဒ်ဘေးတို့နှင့်။ ရုတ်တရက် သေဆုံးကြကုန်၍။နောက်ဘဝ၌အနာရောဂါကင်း၍ သန့်ရှင်းငြိမ်သက်သော အမိဝမ်း၌ဖြစ်ရသောသူများသည်၊ရှေးဘဝကိုသိတတ်ကြ၏။ရှေး ဘဝကိုပြန်၍သိရလို၏ဟုကုသိုလ်ကောင်း၍ဆုတောင်းပဏ္ဍနာပြုခဲ့သောသူများသည်သည်း၊ရှေးဘဝကိုပြန်၍သိတတ်ကြ၏၊ ။ ပုဗ္ဗေနိဝါသအဘိညာဉ်ကိုရကြကုန်သော ရသေ့တို့သည်လည်းကောင်း။ဘုရားပစ္စေကဗုဒ္ဓါရဟန္တာတို့သည်ရင်း။ ရှေးဘဝကိုသိတတ်ကြကုန်၏။

(၅) အဘိညာငါးပါး။(၁)ဣဒ္ဓိဝိဓအဘိညာ။(၂)ဒိဗ္ဗသောတအဘိညာ။(၃)စေတောပရိယအဘိညာ(၄)ပုဗ္ဗေနိဝါသအဘိညာ။

www.dhammaransi.com



(၅)ဒိဋ္ဌဓမ္မ၌၊အဘိညာ၊၅ါးပါးတို့သည်။ဖြစ်စွာဘုရားမှတပါး။ ရဟန္တာအစရှိသော။အရိယာသာဝကများနှင့် ဆက်ဆံပါသေး၏ လား။ဟူသောမေးချက်၌ဝင်း။အဘိညာ၅ါးပါးတို့သည်၊ ရဟန္တာ အစရှိသော၊အရိယာသာဝကများနှင့်လည်းဆက်ဆံပါသေး၏၊ ။

အရိယာသာဝကများနှင့်သာမဟုတ်သေး၊သမထဘာဝနာတ ရားကို၊ထမြောက်အောင်အားထုတ်နိုင်ကြကုန်သောပုထုဇ္ဇန်သာ ဝကများတို့နှင့်ဝင်း။ကဿပဘုရားအခါတို့၌ရှိခဲ့ရသောသမဏ၊ဗြာဟ္မဏရသေ့ရဟန်းတို့နှင့်ဝင်း၊ဆက်ဆံပါသေး၏။ဘုရားမပွင့်မီ ရှေး ကဿပဘုရားအခါ၌၊ကောင်းကင်မြေမိုးစသည့် ပျံ လျှိုးသွားလာနိုင်ကြကုန် သော၊သာသနာပ, ရသေ့ရဟန်း,ရသေ့တို့သည် အလွန်ပေါများကုန်၏။ ယခုအခါ၌လည်း၊ထိုအဘိညာ၅ါးပါးတို့ကို၊ ထမြောက် ပေါက် ရောက်အောင်အားထုတ်ရန် နည်းလမ်းများသည်၊ ဗုဒ္ဓဘာသာ ကျမ်းဂန်တို့မှာထင်လျှားစွာလာရှိ၏။ယခုအခါမှာလည်း၊ထိုနည်း လမ်းများအတိုင်း၊ထမြောက်ပေါက်ရောက်အောင်အားထုတ်နိုင် ကြပါလျှင်၊ထိုအဘိညာ၅ါးပါးတို့ကိုရနိုင်ကြကုန်၏၊ကာယဗလ, ဝိရိယဗလ,နည်းပါးကြသည်ဖြစ်၍၊ယခုကာလ၌၊ထိုအဘိညာ၅ါး ပါးတို့ကိုပေါက်ရောက်သူမရှိကြလေသည်။

၁၂၇၅-ခု။နယုန်လဆုတ်(၁၀)ရက်နေ့တွင်၊

အပြီးအဆုံးနိဂုမ်းခါးပတ်သတ်သတည်း။

ပြင်သစ်ပုစ္ဆာဝိသဇ္ဇနာ-၅တွင်ပြီး၏။

——o——

www.dhammaransi.com



# လျှောက်လွှာ။

နမောတဿဘဂဝတောအရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ကာလကတ္တားမြို့သိပ္ပံကျောင်းကြီးနေ။မြန်မာလူမျိုး
မောင်ချစ်ဘေ၏ပုစ္ဆာလျှောက်ချက်။

တပည့်တော်ဒကာငယ် မောင်ချစ်ဘေ၊ ခြေတော် ဦးခိုက်၍ လျှောက်လိုက်ပါသည်။ကျေးဇူးတော်ရှင်လယ်တီဆရာတော် ဘုရားကြီး--ဘုရား။

ကာလကတ္တားမြို့။မြန်မာကျောင်းသားအသင်း၌။ဗုဒ္ဓဘာသာဝင်တို့နှင့်။အသားစားခြင်းအကြောင်းကိုပြောဟောငြင်းခုံကြရာ။ အချို့ကမြတ်စွာဘုရားသည်။အသားစားခြင်းကိုမမြစ်တားခဲ့။အသက်သတ်ခြင်းသာမြစ်တားခဲ့ကြောင်း။သို့ဖြစ်၍စားသူမှာ၊ အပြစ်မရှိ။သတ်သူသာအပြစ်ရှိကြောင်း။အချို့ကစားသူရှိ၍သတ်သူ ရှိသည်၊သို့ဖြစ်၍စားသူလည်းအပြစ်ရှိကြောင်း။ အချို့ကသစ်ပင်၌လည်းအသက်ရှိ၍။သစ်သီးသစ်ရွက်ကိုစားခြင်းသည်လည်း အပြစ်ဖြစ်ကြောင်းပြောပြကြရာ။တပည့်တော် ကျောင်းသားတို့မှာ။ မဇ္ဈိမနိကာယ်ကျမ်းအစောင်စောင်တို့ကို ကောင်းမွန်စွာ မတတ်ကြသည်လည်းတကြောင်း။ဗဟုသုတနည်းကြပါ၍၊ ၎င်းအထက်အဆိုပါငြင်းခုံချက်တို့ကိုသက်သေသာဓကနှင့်တကွ၊ မျက်ဝါးထင်ထင်သိမြင်ကြစေရန်မည်သူမျှကောင်းစွာမပြောနိုင်ကြပါဘုရား။

သို့ဖြစ်ပါ၍။တပည့်တော်မှစ၍။ အခြားကျောင်းသား ဒကာငယ်များနှင့်။အမျိုးလေးပါးတို့အား သိမှတ်သားရန် ဂရုဏာရှေ့ထား၍။အထက်အဆိုပါခဲရာ,ခဲဆစ်တို့ကိုဖြေကြားတော်မူပါမည့်အကြောင်း။ရှိခိုးဝပ်တွား။လျှောက်ထားပါသည်။ ကျေးဇူးတော်သခင်အရှင်မြတ်ကြီးဘုရား။

**Mg Chit Pe.**
*38. Guriamalane*
CALCUTTA.

www.dhammaransi.com



## ၎င်းအမေး၌စစ်ဆေးချက်။

မောင်ချစ်ဘေ၏အမေးပုစ္ဆာသည်အပြည့်အစုံ မဟုတ်သေး။ အကြွင်းအကျန်ရှိနေသည်။အပြည့်အစုံမေးရန်ကား၊ သားငါးတို့၏၊အရေ၊အရိုး၊အစွယ်၊စသည်တို့ကို အသုံးပြုကြသည့် အတွက်လည်း၊အသုံးပြုကြသူတို့မှာ။အသားစားသူတို့နှင့်အတူသက် သတ်ကံထိုက်,မထိုက်ငြင်းခုံဘွယ်ရှိသည်သာလျှင်ဖြစ်သည်။ ။ထိုအတူ-လောက၌ ပျားဖယောင်းတို့ကို ဝယ်ယူသုံးဆောင်ကြရာ၌ ၎င်း။ပင်လယ်ဖြစ်ပုလဲရတနာတို့ကို ဝယ်ယူ သုံးဆောင်ကြရာ၌၎င်း ။ပိုးချည်အထည်တို့ကိုဝယ်ယူသုံးဆောင်ကြရာ၌၎င်း။ ကြွက်သွေးကြွံချိုတို့ကိုဝယ်ယူသုံးဆောင်ကြရာ၌၎င်း။စပါးကြီးသည်းခြေတို့ကိုဝယ်ယူသုံးဆောင်ကြရာ၌၎င်း။ ပင်လယ်ငါးကြီးဆီနှင့်ပြုလုပ်သောဖယောင်းတိုင်ကိုဝယ်ယူသုံးဆောင်ရာ၌၎င်း။ ကတိုးခေါ်သောသားကောင်၏အသွေးအမွေးတို့နှင့်ပြုလုပ်သော ရေမွှေးအမျိုးမျိုး၊ဆေးအမျိုးမျိုးတို့ကိုဝယ်ယူ သုံးဆောင်ကြရာ၌၎င်း။ ဟိမဝန္တာတောခြေ၌။ယောဇုယျအားဖြင့် ပေါက်ပွါး၍ နေလေ့ရှိသော။ယစ်ခေါ်သောသားကောင်မတို့၏ဝမ်းတွင်း၌တည်ရှိသောသားကောင်ငယ်တို့၏အရေအမွေးတို့ကို။သားမွေးအင်္ကျီ, လည်ပတ်,လည်စည်းပြုလုပ်သောသူ၊၎င်းတို့ကိုဝယ်ယူ သုံးဆောင်ကြသောသူတို့၌၎င်း။ သက်သတ်ကံ ထိုက်, မထိုက်=ငြင်းခုံဘွယ်ရာရှိသည်သာလျှင်ဖြစ်၏။ ။ထိုတွင် အရေဟူသောစကားဖြင့်လည်း။သားရေကုန်ကူးသောသူ။သားရေ,ခြေစွပ်,သားရေ ဘိနပ်, သာရေအိတ်,သားရေကြိုး,ပြုလုပ်ကြသောသူ။ထိုသားရေခြေစွပ်, စသည်တို့ကိုဝယ်ယူသုံးဆောင်ကြသောသူတို့ကိုဆိုသည်။ ။ အရိုးဟူသောစကားဖြင့်လည်း၊အရိုးကုန်ကူးသောသူ၊ ထိုအရိုးတို့ကို။ခေါးရိုး,ဆံထိုး,ပတီး,ဆပ်ပြာခွဲ စသည် ပြုလုပ် ရောင်းချသောသူ၊ထိုခေါးရိုး, ဆံထိုး စသည်တို့ကို ဝယ်ယူ သုံးဆောင်ကြသောသူတို့ကိုဆိုသည်၊ ။အစွယ်ဟူသောစကားဖြင့်လည်းဆင်

www.dhammaransi.com



စွယ်ကုန်ကူးသောသူ။ ထိုဆင်စွယ်တို့ကို။ ထိုထိုကြံယာ တန်းဆာ ပြုလုပ်ရောင်းချသောသူ။ ထိုထိုကြံယာတန်းဆာတို့ကိုဝယ်ယူသုံး ဆောင်ကြသောသူတို့ကိုဆိုသည်။ ။ပျားရေ,ပျားဖယောင်း, စ သည်တို့၌လည်းထိုအတူယူလေ။

ပထမစကား၌အပြည့်အစုံထုတ်ဘော်ရန်ပြီး၏။

---

ဒုတိယစကား၌။ သစ်ပင်,ချုံ-မြက်,တို့မှာအသက်ရှိသည် ဆို သောကြောင့်။ အသီးကိုစားသောက်သူတို့မှာသာ၊ သက်သတ်ကံ, ထိုက်,မထိုက်,ငြင်းခုံဘွယ်ရှိသည်မဟုတ်၊ တောတောင်၌ သစ် ဝါးတို့ကိုခုတ်လှင်သောသူ။ သစ်ကုန်ဝါးကုန်ကူးသောသူ။ ထိုသစ် ဝါးတို့ကိုဝယ်ယူ၍တိုက်အိမ်စသည်ပြုလုပ်၍သုံးဆောင်ကြသော သူ။ စပါးမျိုး,ပဲမျိုး,ပြောင်းမျိုး,ကြံမျိုး,ထိုထိုဟင်းသီး,ဟင်းရွက် မျိုး,ထိုထိုသစ်ပင်ချုံမြက်မျိုးတို့ကို၊ ခုတ်လှည်း,ရိတ်ဖြတ်,ကြိတ် နယ်ချက်ပြုတ်, စသည်ဖြင့် ပြုလုပ်သုံးဆောင်ကြသော သူတို့၌ လည်းငြင်းခုံဘွယ်ရှိသည်သာလျှင်ဖြစ်၏။

ဒုတိယစကား၌အပြည့်အစုံထုတ်ဘော်ရန်ပြီး၏။

---

ငါးအမေး၌။ မုံရွာမြို့လယ်တီဆရာတော်ဘုရားကြီး ဖြေဆိုချက်။

သားငါးတို့၏အသားကိုဝယ်ယူစားသောက်သော၊ သူတို့မှာ လည်း။ သက်သတ်ကံထိုက်၏ဟူသောအယူစကားသည်။ ကမ္ဘာ ဦးအခါ၌ဗြာဟ္မဏလူမျိုးတို့၏အယူစကားပေတည်း၊ ထိုလူမျိုးတို့ သည်။ ဃရာဝါသအမှုကိုမပြုကြကုန်မူ၍။ တောတောင်သို့ထွက် ကြကုန်ပြီးလျှင်။ သဗ္ဗဝါတို့၌မေတ္တာဈာန်တရား,ကရုဏာ ဈာန် တရားတို့ကိုပွါးများကုန်၍သေသည်၏အခြားမဲ့၌ အထက်ဗြဟ္မာ

www.dhammaransi.com



ပြည်သို့လားကြကုန်၏။ ထိုသူတို့သည်၊လောက၌သက်သတ်မှုကို အလွန်စက်ဆုပ်ကြကုန်၏။မေတ္တာဈာန်,ကရုဏာဈာန်၏ အစွမ်း ဖြင့် တိရစ္ဆာန်သတ္တဝါတို့၌ အလွန်သနားကြကုန်၏။ လောက၌ သက်သတ်မှုနှင့်ဝယ်ယူစားသောက်မှုတို့သည်၊ အကြောင်း, အ ကျိုးဘက်တွဲလိုက်ရှိကြ၏။ဝယ်ယူစားသောက်မှုရှိခဲ့လျှင်။သက် သတ်မှုဧကန်ရှိမြဲဖြစ်၏။ဝယ်ယူစားသောက်မှုမရှိပါမှသက်သတ် မှုကင်းရှင်းနိုင်မည်၊ သက်သတ်မှုကင်းရှင်းပါမှ၊ရေသတ္တဝါကုန်း သတ္တဝါတို့သည်၊သတ်ဖြတ်ဘေးမှလွတ်ကင်းနိုင်ကြကုန်မည်ဟု မြော်မြင်မိကြကုန်၍၊ဝယ်ယူစားသောက်သူတို့မှာလည်း။ သက် သတ်ကံထိုက်သည်ဟု၊ပညာရှိပရိယာယ်ဖြင့်၊စာအုပ် ရေးထုတ် ခြင်း၊နှုတ်ဖြင့်ပြောဟော ဆုံးမခြင်းကို ပြုကြကုန်၏။ ။နောက် နောက်သောပြာဟ္မဏာလူမျိုးတို့သည်ကား။ထိုကျမ်းစါများကိုတွေ့ ရှိကြရာ၊ပညာရှိပရိယာယ်စကားဟုမယူကြကုန်မူ၍၊ဧကန်မုချစ ကားဟုမှတ်ယူကြကုန်ပြီးလျှင်၊သားငါးတို့ကိုစားသောံခြင်းမှဝေး စွာကြဉ်ရှောင်ကြကုန်၏၊ မိမိတို့မှာလည်းပါဏာတိပါတကံမှကင်း ဝေးကြကုန်၏။ မိမိတို့အတွက်တိရစ္ဆာန်သတ္တဝါတို့၌လည်းသက် သတ်ဘေးမှ ချမ်းသာရကြကုန်၏။ အလွန်ကောင်းမြတ်လှသော ပညာရှိပရိယာယ် ချည်းပေတည်း။ သူတော်ကောင်းတို့အလေ့ အလာချည်းပေတည်း။ ။ဤအရာ၌ဝယ်ယူ စားသောံသူတို့မှာ။ သက်သတ်ကံမထိုက်ပါဘဲလျက်၊ထိုက်သည်ဟုပြောဟောခြင်း များ။ဧကန်မုချပင်သက်သတ်ကံထိုက်၏ဟုမှတ်ယူခြင်းများသည်။ အပြစ်ရှိသောမုသာဝါဒမျိုးမိစ္ဆာအယူမျိုးမဟုတ်ပေ။ ။ဥပမာ ကား၊ရပ်ရွာ၏အနီး၌၊တခုသောရေအိုင်ကြီးသည်ရှိရာ၏။ အလွန် နက်သောရေရှိ၏၊ ထိုရွာ၌ရှိကြသောသူတို့သည်၊ မိမိတို့၏သား ငယ်သမီးငယ်တို့ကို၊ထိုရေအိုင်ကြီးသို့ ဆင်းသက်ခဲ့လျှင်၊နစ်မြုပ် သေဆုံး[illegible]သောဘေးကြီးမှ ကင်းဝေးကြစေခြင်းငှာ၊ ထိုရေအိုင် ကြီးမှာ၊ရေဘီလူး,ရေသူရဲကြီးတွေရှိသည်ဟု, သားငယ်သမီးငယ် တို့အားပြောကြား၍ ထားကြကုန်၏၊ သားငယ်သမီးငယ်တို့လည်း၊

www.dhammaransi.com



ထိုရေအိုင်ကြီးမှာ။ ရေဘီလူး,ရေသူရဲရှိသည်ဟုဧကန်မှတ်ယူကြ၍။ထိုရေအိုင်ကြီးအနီးအပါးသို့ပင်မသွားမရောက်ကြကုန်။ရေနှစ်အံ့သေသဘေးမှကင်းဝေးကြကုန်၏၊ ဤဥပမာ၌မိဘဖြစ်သူတို့၏စကားသည်။ပညာရှိတို့၏ပရိယာယ်စကားမျိုးပေတည်း။သားငယ်သမီးငယ်တို့၏။ မှတ်ယူခြင်းသည်လည်း၊ မိမိတို့၌အသက်ဘေးမှကင်းဝေးရန် အကြောင်းပေတည်း။အပြစ်ရှိသော မုသာဝါဒစကားမျိုးမဟုတ်။အပြစ်ရှိသောမိစ္ဆာအယူမျိုးမဟုတ်။ ဤဥပမာအတိုင်းမှတ်ယူလေ။

---

စေတနာသာပဓာနဖြစ်ပုံကိုပြခြင်း။

ကမ္ဘာဦးအခါ၌။ ဗြာဟ္မဏလူမျိုးတို့မှတပါး၊ ခတ္တိယလူမျိုး၊ ဝေဿလူမျိုး၊သုဒ္ဒလူမျိုးတို့သည်မူကား။အိမ်ရာထောင်သောလူ့ဘောင်၌နေကြကုန်၍။ဒုစရိုက်တရားတို့မှကြဉ်ရှောင်ခြင်း။ဒါန,သီလ,တရားဘို့ကို ပြုလုပ်ခြင်းတို့ဖြင့်၊ နတ်ရွာ သုဂတိလမ်းတို့ကိုတည်ထွင်ကြကုန်၏၊ထိုအမျိုးသုံးပါးတို့မှလည်း၊ဃရာဝါသကိစ္စကိုစွန့်ပစ်ကြကုန်၍၊ တောထွက်ကြကုန်ပြီးလျှင်၊ ရသေ့ရဟန်းပြုလုပ်ကြသူ၊မေတ္တာဈာန်,ကရုဏာဈာန်ပွါးများကြသူတို့လည်း အလွန်များပြားကြကုန်၏။ထိုလူမျိုးသုံးပါးတို့၏အယူသည်ကား၊စိတ်စေတနာသည်သာလျှင်ပဓာနဖြစ်၏။ ။ဥပမာကား။လောက၌တယောက်သောသူမှာ။အမိသည်အဖျားအနာရောဂါကပ်ရောက်၏၊ ထိုသူသည်။ အမိဖြစ်သူအား၊ ထိုရောဂါမှလွတ်ငြိမ်းစေလိုလှ၍၊ ခြေဖျားမှစပြီးလျှင်။ဦးခေါင်းတိုင်အောင်၊ တကိုယ်လုံးအားတိုက်ဘိစိုး၍နှင်း၏။စေတနာကောင်းသည်အတွက်ကြောင့်၊ ထိုသူမှာအပြစ်မရှိ၊အနင်းချော်၍တ်သည့် အတွက်နှင့်၊ အမိဖြစ်သူသည်သေဆုံး၍သွားသော်လည်း၊ ထိုသူမှာအပြစ်မရှိသည်သာတည်း။

တနည်း၊အမိဖြစ်သူမှာအနာခဆိုးကြီးတခုပေါ်ပေါက်၍လာ၏၊ သားဖြစ်သူသည်။ထိုအနာအတွက်နှင့်၊အသက်ဘေးမှချမ်းသာရစေခြင်းငှာ။မိမိကိုယ်တိုင်အမိ၏ ခြေကိုဖြတ်၏၊လက်ကိုဖြတ်၏၊

www.dhammaransi.com



ဝမ်းကိုခွဲ၏။ အမိသည်ထိုဒဏ်ချက်နှင့်သေဆုံး၍သွားသော်လည်း အပြစ်မရှိဟု တကမ္ဘာလုံးကြေနပ်ကြ၏။ ။ထိုသူသည်။အမိ၌ ဖြစ်မှားလိုသောစိတ်ဖြင့်။ ဒန်ပူလက်စါးနှင့်ထိပါးပုတ်ခတ်ခြင်းမျှ ကိုပြုမိလျှင်။ထိုသူမှာအပြစ်အလွန်ကြီး၏ဟု။တကမ္ဘာလုံးကြေနပ် ကြသောဒါယူပေတည်း။

ဤကားစိတ်စေတနာသာပဓာနဖြစ်ပုံတည်း။

---

စိတ်စေတနာ—၂—မျိုးခြားနားပုံကိုပြခြင်း။

သက်သတ်မှုတွင်ပါဝင်ထိုက်သောစိတ်စေတနာလွတ်ကင်းခဲ့ လျှင်။ဝယ်ယူစားသောက်သူတို့၌။ သက်သတ်ကံ မထိုက်ဟုယူ ကြကုန်၏။ဤစကား၌သက်သတ်မှုတွင်ပါဝင်ထိုက်သော စိတ်စေ တနာဆိုသည်ကား။သတ်ဖြတ်မှုမှာ၊ကာယကံ,ဝစီကံတို့ဖြင့်တိုက် တွန်းခြင်း၊သတ်ဖြတ်မှုကိုချီးမွမ်းချီးမြှောက်ပြုခြင်း။ သတ်ဖြတ်မှု, တိရစ္ဆာန်သတ္တဝါတို့၏သေဆုံးမှုကို။ကောင်းလေစွဟု အားရစိတ် တူဖြစ်ခြင်းတို့ ပေတည်း။ ။ထိုကာယကံ, ဝစီကံ, မနောကံ တို့မှကင်းလွတ်၍၊အသားကိုမြင်လျှင်စားသောက်ချင်တတ်သော ရသ တဏှာကြီး ရှိနေကြသည့် အတွက် ဝယ်ယူ စားသောက် ကြသူတို့မှာ၊ သက်သတ်ကံထိုက်သည်ဟု မဆိုသာပေ။ သက် သတ်မှုတွင်ပါဝင်ထိုက်သော စိတ်စေတနာကားတမျိုး။ အသား ကိုမြင်လျှင်စားသောက်ချင်တတ်သောစိတ်စေတနာတမျိုး။ စိတ် စေတနာ—၂—မျိုးခြားနားလျက်ရှိကြ၏။

ဥပမာကား။တယောက်သောသူမှာ။ နွားခြံ၌နွားအမြောက်အ များရှိနေရာ။နွားတို့အပေါ်၌တရံတခါသောရောဂါဥပဒ်ကျရောက် ရာ၏။နွားရှင်သည်ထိုနွားတို့ကို၊ရောဂါဥပဒ်မှချမ်းသာစေခြင်းငှါ။ အားထုတ်၏။နွားတို့သေကြေပျက်စီးမည်ကိုအလွန်ပိုးရိမ်၏။အား ထုတ်မှုမနိုင်မနင်းရှိ၍နွားတို့သေကြေပျက်စီးခဲ့သော်၊ ကြေးငွေလို

www.dhammaransi.com



ချင်သောတဏှာ၏အစွမ်းဖြင့်၊ နွားရေနွားသားတို့ကိုရောင်းချလိုသောစိတ်စေတနာ ဖြစ်ပွါး၍လာ၏။ အသားကိုစားသောက်လိုသောရသတဏှာ၏ အစွမ်းဖြင့်။ အသားတို့ကိုချက်ပြုတ်၍ စားသောက်၏။ စားသောက်လိုသောစိတ်စေတနာဖြစ်ပွါး၍လာ၏။ အစိုအခြောက်တို့ကိုချက်ပြုတ်ကြော်လှော်၍စားသောက်၏။ ဤဥပမာ၌။ နွားတို့ကိုမသေမီ စိတ်စေတနာကားတမျိုး။ သေပြီးသည်နောက်၌စိတ်စေတနာကားတမျိုး။ စိတ်စေတနာ—၂—မျိုးခြားနားကြ၏။ ဤဥပမာအတိုင်းမှတ်လေ။

ထိုအမျိုးလေးပါးတို့တွင်၊ ကမ္ဘာပေါ်၌ဗြာဟ္မဏလူမျိုးတို့သည် နည်းပါးကြကုန်၏၊ ကျန်ရှိသောလူမျိုးသုံးပါးတို့သည် အလွန်များပြားကြကုန်၏။ ထိုတွင်ဗြာဟ္မဏလူမျိုးတို့သည်။ အထက်ကောင်းကင်ဘုံ၌ရှိသောမဟာဗြဟ္မာကြီးကို။ ဘုရား အစစ်အနေနှင့်အလွန်ယုံကြည်အားကိုးကြကုန်၏။ ယခုအခါထိုဗြဟ္မာကိုထာဝရဘုရားဟုခေါ်ကြ၏။ လူ့ပြည်၌ဖြစ်သောမြတ်စွာဘုရားတို့ကို။ ထိုဗြဟ္မာကြီး၏ကိုယ်စားလှယ်ကိုယ်စား အနေမျှသာ ယုံကြည်ကြကုန်၏၊ မြတ်စွာဘုရား၏တရားတော်ကိုကြားနာရ၍ အကျွတ်ရကြသောဗြာဟ္မဏတို့သည်သာလျှင်၊ လူမှဖြစ်သော ဘုရားကိုယုံကြည်ကြကုန်၏ ထို့ကြောင့်ငါတို့မြတ်စွာဘုရားသာသနာတော်သည်။ ဗြာဟ္မဏလူမျိုးတို့၏ အလယ်၌များစွာမတည်ထွန်းနိုင်။ ကျန်ရှိသောအမျိုးသုံးပါးတို့သည်မူကား။ ထိုဗြဟ္မာကြီးကိုယုံကြည်အားကိုးမရှိကြကုန်။ နောက်ဘဝအတွက်၊ မိမိတို့ပြုကြသောဒါန,သီလ,ဘာဝနာအစရှိသောကုသိုလ်ကံကိုသာ၊ ယုံကြည်အားကိုးရှိကြကုန်၏။ ထို့ကြောင့်ဗုဒ္ဓဘာသာ သာသနာတော်သည်၊ ထိုလူမျိုးသုံးပါးတို့၏အလယ်၌သာများစွာတည်ထွန်းနိုင်၏၊ ထိုလူမျိုးသုံးပါးတို့တွင်လည်း။ အချို့သောသူတို့သည်၊ လူအဖြစ်၌တည်၍ပင်၊ အကျွတ်တရားကိုရနိုင်ကြကုန်၏၊ အချို့သောသူတို့သည်၊ လူအဖြစ်ကိုစွန့်၍ရဟန်းပြုကြမှ အကျွတ်တရားကို ရနိုင်ကြကုန်၏၊ ထိုတွင်လည်း။ သားငါးစားမှုကိုရှောင်ကြဉ်နိုင်သူကနည်းပါး၏၊ လူတရာမှာ–၂၀

www.dhammaransi.com



ခန့်။လူတထောင်မှာ နှစ်ရာခန့်မျှသာရှိရာ၏။ သားငါး စားမှုကိုမ ရှောင်ကြဉ်နိုင်သောသူကားများပြား၏။ လူတရာမှာ-၇၀-ခန့်လူ တထောင်မှာ၇ရာစ်ရာခန့်ရှိရာ၏။ သားငါးတို့၏ အသားကိုမစားကြ စေရန်အတင်းအကြင်ပညတ်ခဲ့သော်။မရှောင်မကြဉ်နိုင်သောလူ အပေါင်းတို့သည် ရဟန်းပြုခြင်းငှာမစွမ်းနိုင်ကြကုန်သဖြင့်။ အ ကျွတ်တရားကိုမရကြကုန်ရာ။ သက်သတ်ရှောင်မှု ပညတ်တော် သည်။ထိုသူတို့မှာဝမ္မန္တရာယ်ကြီးဖြစ်လေရာ၏၊ ထို့ကြောင့်ဗုဒ္ဓ ဘာသာမှာအသားစားမှုကိုရှောင်ကြဉ်ကြစေရန်။အတင်းအကြပ် ပညတ်ခြင်းမရှိလေသတည်း။ ။ဤအရာ၌ပြောဆိုရန်ရှိပြန်သည် ကား။အသားစားမှုကိုမစွမ်းနိုင်သောသူတို့မှာဓမ္မန္တရာယ်ကြီးဖြစ် သည်ဖြစ်စေ။မဖြစ်သည်ဖြစ်စေ၊ ပုဂ္ဂိုလ်၏အလိုကိုပဓာနမပြုသင့် တရားကိုသာပဓာနပြုသင့်၏၊ အထက်၌ထုတ်ပေါ်ပြဆိုခဲ့သည့်အ တိုင်း။အသားစားခြင်းမှကြဉ်ရှောင်မှုသည်၊ အလွန်ကောင်းမြတ် သောကိုယ်ကျင့်တရားကြီးဖြစ်ပေက။ ထိုတရားကိုဗုဒ္ဓဘာသာမှာ လည်းအသားစားခြင်း ကြဉ်ရှောင်ကြစေရန်။ ပညတ်တို့ကောင်း ပါသည်ဟုဆိုရန်ရှိ၏။အဖြေကား။အသားစားခြင်းမှကြဉ်ရှောင်မှု သည်၊ အလွန်ကောင်းမြတ်သော ကိုယ်ကျင့် တရားကြီးဖြစ်ပေ သည်ဆိုငြားသော်လည်း။ဗုဒ္ဓဘာသာမှာအထက်အထက်သောသ မထဘာဝနာ,ဝိပဿနာဘာဝနာ, မဂ်ဉာဏ်,ဖိုလ်ဉာဏ်,တရားတို့ နှင့်နှိုင်းစာသည်ရှိသော်။ ထိုသက်သတ် ရှောင်မှုသည်။ အလွန် အောက်ကျသောကိုယ်ကျင့်တရားဖြစ်၍သီလဝိသုဒ္ဓိဟူသော ပထ မတန်း၏အခြေအရံမျှသာဖြစ်၏။အသားစားမှုကိုမကြဉ်ရှောင်သော် လည်း။ ဝီရိယတရားကိုလုံလောက်စွာအားထုတ်နိုင်ပါလျှင်။ မဂ် ဉာဏ်,ဖိုလ်ဉာဏ်,ဈာန်,သမာပတ်အစရှိသောအထက်ထက်သော တရားကြီးတို့ကို ရောက်နိုင်ရနိုင်သည်သာဖြစ်၏။ ထို့ကြောင့်ဗုဒ္ဓ ဘာသာမှာ။အသားစားမှုကို ရှောင်ကြဉ်စေရန်၊ အတင်းအကြပ် ပညတ်ခြင်းမရှိလေသတည်း။

www.dhammaransi.com



ဆိုရန်တနည်းရှိသေး၏။ ထိုသူတို့မှာ။ ဓမ္မန္တရာယ်ဖြစ်ပြားသော်လည်း။ တိရစ္ဆာန်သတ္တဝါတို့နှင့် နှိုင်းစာသည့်ရှိသော်။ ထိုသူဆိုသောလူသတ္တဝါများသည်။ အသိနှံ့အသန်းမျှသာရှိရာ၏။ တိရစ္ဆာန်သတ္တဝါတို့သည်မူကား။ အသင်္ချေ့ အနန္တများပြားလှ၏၊ ထို့ကြောင့်အများကိုငဲ့၍ပညတ်တော်မူသင့်ပါ၏ဟုဆိုရန်ရှိ၏။

အဖြေကား။ တိရစ္ဆာန်သတ္တဝါတို့မှာ။ ယခုရှိကြသောအသက်ဘေးမှ ကင်းလွတ်ရုံမျှသာတတ်နိုင်ရာ၏။ ဘဝအဆက်ဆက်အသက်ဘေးမှကင်းလွတ်ကြစေရန်လည်း မတတ်ကောင်း။ သံသရာဝဋ်မှကျွတ်လွတ် ကြစေရန်လည်း မတတ်ကောင်း။ ထိုသူဆိုသောလူတို့မှာ။ သံသရာဝဋ်မှဘခါတည်း ကျွတ်လွတ်စေရန်တတ်ကောင်း၏။ ထို့ကြောင့်။ ထိုလူတို့အတွက်သာ အထူးအရေးယူထိုက်၏။ တိရစ္ဆာန်သတ္တဝါတို့အတွက် အထူးအရေးယူဘွယ်မရှိလှ။ ။ဥပမာကား၊ တကျိပ်သောသူတို့မှာ။ အသီးအသီးတရာတန်စီကြွေးမြီဘင်ရှိကြ၏။ တထောင်သောသူတို့မှာ။ အသီးအသီးတကုဋေ့တန့်စီ ကြွေးမြီတင်ရှိကြ၏။ သူဌေးကြီး တဦး သည်။ ကြွေးမြီဘင်ရှိသူတို့ကိုအလွန်သနားတတ်၏။ ထိုသူဌေးကြီးသည်တရာစီတင်ရှိသောသူများကို၊ ထိုကြွေးမြီမှကျွတ်လွတ် စေခြင်းငှာအထူးအလေးပြုရာ၏။ အကြောင်းမူကားငွေတရာစီပေးလိုက်လျှင်။ ထိုသူတို့သည် တခါတည်း ကျွတ်လွတ်ကြလေရာ၏။ တထောင်စီကြွေးမြီရှိသော သူတို့ကိုမူကား။ ထိုကြွေးမှကျွတ်လွတ်အောင်မတတ်နိုင်ရာ၊ ထို့ကြောင့်ထိုသူများကိုလစ်လျူရှု၍၊ တကျိပ်သောသူတို့အတွက်အထူးကြောင့်ကြစိုက်ရ၏။ ဤဥပမာအတိုင်းမှတ်လေ။

---

## ဗုဒ္ဓဘာသာမှာလူနှင့်ရဟန်းအသားစားခြင်း၌ ထူးခြားပုံကိုပြခြင်း။

ဗုဒ္ဓဘာသာ၌။ အသားစားမှုမှာလူဖြစ်သူတို့နှင့်ရဟန်းဖြစ်သူတို့

www.dhammaransi.com



အထူးရှိပြန်သည်ကား။လူဖြစ်သူတို့မှာ။ အထက်၌ပြဆိုခဲ့သည်အတိုင်း၊ သက်သတ်မှုတွင် ပါဝင်ထိုက်သော စိတ်စေတနာမျိုးမှ လွတ်ကင်းခဲ့သည်ရှိသော်။ စားလိုလျှင်စားရ၏၊ ရဟန်းဖြစ်သူတို့မှာ။အစွန်းသုံးပါးလွတ်ကင်းမှ စားအပ်လေသည်၊ အစွန်းသုံးပါးကား။ဒိဋ္ဌဘပါး။သုဘတပါး။ပရိသင်္ကိတတပါးပေတည်း။

ထိုတွင်ဒိဋ္ဌ ဆိုသည်ကား။ ရဟန်းတို့ကို ကျွေးမွေးရန်သတ်ဖြတ်သည်ကို။ ရဟန်းကိုယ်တိုင်တွေ့မြင်သိရှိခြင်းသည်၊ ဒိဋ္ဌမည်၏။သုတဆိုသည်ကား။ ရဟန်းတို့ကိုကျွေးမွေးရန် သတ်သည်ဟု၊ ကိုယ်တိုင်ကြားသိခြင်းသည်၊သုတမည်၏၊ ပရိသင်္ကိတဆိုသည်ကား၊ရဟန်းတို့ကိုကျွေးမွေးရန်သတ်လေသလောဟု၊ တွေးတောယုံမှားခြင်းသည်၊ ပရိသင်္ကိတမည်၏။ ထိုသုံးပါးတို့တွင်တပါးပါးရှိနေခဲ့သော်။ရဟန်းတို့မှာ၊ထိုအသားကိုမစားအပ်၊ ထိုသုံးပါးမှလွတ်ကင်းခဲ့သော်စားအပ်၏။ ဤကားလူနှင့်ရဟန်း အထူးပေတည်း။

ဆိုဘွယ်အထူးရှိသေး၏။အထက်ပြဆိုခဲ့သော ဗြာဟ္မဏတို့၏ သာသနာမှာ၊တောတောင်ထွက်၍ ကိုယ်ကျိုးကိုယ်စီးပွါးကိုသာ လိုရင်းထား၍အားထုတ်ကြကုန်၏။ဗုဒ္ဓဘာသာသာသနာမှာ။ လူသတ္တဝါတို့၏အတွက်သာသနာအကျိုးစီးပွါးကိုအားထုတ်ရန်အရေးသည်။ရဟန်းတော်တို့၏ဘာဝန်ကြီးဖြစ်၏။ ရဟန်းတော်တို့၏ အသက်မွေးမှုသည်လည်း၊ လူဖြစ်သူတို့၏တာဝန်ကြီးဖြစ်၏။ လူဖြစ်သူတို့၏ စားဦးသောက်ဦးကိုခံယူ၍ အသက်မွေးကြရကုန်၏။ မြို့ရွာနေလူတို့မည်သည်လည်း။အသားစားမှုမှ ရှောင်ကြဉ်နိုင်သူအလွန်နည်းပါးကြ၏။ရဟန်းတော်တို့၌ အသားစားမှုကို ရှောင်ကြဉ်ရန်ပညတ်ခဲ့သော်၊ထိုမြို့ရွာနေလူတို့နှင့်အသက်မွေးမှုဘလမ်းစီကွဲပြားလျက်ရှိရာ၏၊ကွဲပြားလျက်ရှိခဲ့သော်။ ရဟန်းတို့မှာမိမိတို့အသက်ကိုမိမိတို့ကိုယ်တိုင်လုပ်ကိုင်ရှာကြံ၍မွေးကြကုန်ရာ၏။လောက၌အသက်မွေးမှုမည်သည်၊ အလွန်ဝန်လေးသော အရေးအရာ

www.dhammaransi.com



ကြီးဖြစ်၏။ ထိုအသက်မွေးမှုကြီးသည်။ ရဟန်းတို့မှာ ပရိယတ်၏အန္တရာယ်ကြီး၊ပဋိပတ်၏ အန္တရာယ်ကြီး။ ပဋိဝေဓ၏ အန္တရာယ်ကြီးဖြစ်လေရာ၏။ ထိုကြောင့်ရဟန်းတော်တို့မှာ၊ တိကောဋိပရိသုဒ္ဓရှိလျှင်။ အသားစားမှုကို ဝိနည်းတော်၌ ခွင့်ပြုတော်မူလေသတည်း။ ။ဝိနည်းပညတ်တော်မည်သည်ကား၊ အာဏာဒေသနာတော်ဖြစ်၏၊ ပညတ်တော်မူတိုင်းကျင့်နိုင်သူတို့မှာ။ သိလဝိသုဒ္ဓိဖြစ်၏။ ပညတ်တော်မူတိုင်းမကျင့်နိုင်သူတို့မှာ။ ဘုရားအာဏာဘောက်ကိုကျူးလွန်သည့်အတွက်။အပါယ်လေးပါးသို့ကျရောက်တတ်၏။ထိုကြောင့်။ဝိနည်းပညတ်မည်သည်။အယုတ်, အလတ်,အမြတ်သုံးပါးဘို့နှင့်တိုင်းတာ၍။မလျှော့မတင်းပညတ်တော်မူရ၏။ ။ဤကားစေတနာကိုပဓာနပြု၍လာရှိသောဗုဒ္ဓဘာသာအလိုပေတည်း။ ။ဤဗုဒ္ဓဘာသာအလိုအတိုင်း၊စေတနာကို ပဓာနပြု၍ယူခဲ့သော်၊အထက်၌ပြဆိုခဲ့ပြီးသောအသားကိုဝယ်ယူစားသောက်သောသူတို့သည်၊သတ်ဖြတ်မှုတွင်ပါဝင်ထိုက်သော စိတ်စေတနာမရှိခဲ့လျှင်။သက်သတ်ကံမှလွတ်ကင်း စင်ကြယ်ကြလေကုန်၏။ထို အတူအရေကိုဝယ်ယူ၍သားရေဘိနပ်စသည်လုပ်ကိုင်ရောင်းချသူတို့သည်၎င်း။ ထိုဘိနပ်စသည်တို့ကို ဝယ်ယူ သုံးဆောင်ကြသောသူတို့သည်၎င်း၊သက်သတ်ကံမှကင်းလွတ် စင်ကြယ်ကြကုန်၏၊ထိုအတူ။အစွယ်,အရိုး, အသွေး, အမွေး,အဆီ, သည်းခြေ,ပျားရေ,ပျားဖယောင်း, ပုလဲ, ကတိုး, ပိုးချည်, ပိုးထည် စသည်တို့ကိုဝယ်ယူသုံးဆောင်ကြသောသူတို့သည်လည်း။ သက်သတ်ကံမှကင်းလွတ်စင်ကြယ်ကြလေကုန်တော့သည်။

## အသားစားမှုမှကြဉ်ရှောင်ခြင်း၏အကျိုး။ မကြဉ်ရှောင်ခြင်း၏အပြစ်ကိုပြခြင်း၊

သုတ္တန်ဒေသနာတော်များ၌မူကား။ အသားစားမှု၏အပြစ်အသားစားမှုမှကြဉ်ရှောင်ခြင်း၏အကျိုးသည်။များစွာလာရှိ၏၊ ထို

www.dhammaransi.com



တွင်သုတ္တနိပါတ်ပါဠိတော်-ဗြာဟ္မဏဓမ္မိယသုတ်၌လာသော အဖြစ်အကျိုးများကိုပြဆိုလိုက်အံ့။ ။ငါတို့မြတ်စွာဘုရား၏ အလောင်းတော်သိဒ္ဓတ်မင်း၏သာကီနွယ်ဝင်တွင်၊ ဥက္ကာမုခ မင်းသည်အစဖြစ်၏။ထိုမင်း၏အဘကား ဩက္ကာကမင်းတည်း။ ထိုဩက္ကာကမင်း၏လက်ထက်သို့မတိုင်မီရှေးကာလ၌။လူ့လောကမှာ၊သားငါးတို့ကိုသတ်လေ့စားလေ့ မရှိကြကုန်သေး။ အထူးအားဖြင့်နွားသတ္တဝါတို့၌အလွန်အလေးပြုကြကုန်၏။ အဘယ်သို့ပြုကြကုန်သနည်းဟူမူကား၊ဤနွားသတ္တဝါတို့သည်။ငါတို့၏ အမိနှင့်လည်းတူပေကုန်၏။အဘနှင့်လည်းတူပေကုန်၏၊ဘကြီးဘထွေးစသောဆွေရင်းမျိုးရင်းတို့နှင့်လည်းတူပေကုန်၏။ဤနွားသတ္တဝါတို့သည်။ငါတို့မှာအလွန်ကောင်းမြတ်သောမိတ်ဆွေကြီးများဖြစ်ကြကုန်၏၊ငါတို့၏အသက်ရှည်ရာရှည်ကြောင်း၊ အနာ ကင်းရာကင်းကြောင်းဖြစ်သောထောပတ်ဆီဦအစရှိသော ဆေးကောင်းဆေးမြတ်တို့ကို။ထိုနွားသတ္တဝါတို့မှရနိုင်ကြကုန်၏ထိုနွားသတ္တဝါတို့သည်။ငါတို့အားအစာထမင်းကိုလည်း ပေးကြကုန်၏။ အဆင်းအရောင်ကိုလည်းပေးကြကုန်၏၊ကိုယ်,စိတ်နှစ်ဖြာ ချမ်းသာခြင်းတို့ကိုလည်းပေးကြကုန်၏ဟူ၍၊ဤသို့သောနွားတို့၏ အကျိုးကျေးဇူးတို့ကို။ဟုတ်မှန်သည့်အတိုင်းကောင်းစွာမြော်မြင်ကြကုန်၍နွားတို့ကိုသတ်မည်စားမည်ကိုဝေးစွ။ရိုက်နှက်ပုတ်ခတ်ခြင်းကိုမျှမပြုကြလေကုန်။ထိုအခါ၌အထက်ကောင်းကင်ရှိ နတ်သိကြားဗြဟ္မာတို့သည်၊လူတို့ကိုအလွန်ကြည်ညိုလေးမြတ်ကြကုန်၍။လူ့လောကကိုကောင်းစွာကြည့်ရှုစောင့်ရှောက်ကြလေကုန်၏၊ ထိုအခါ၌၊လောကတွင်ရှိနေကြသောဘီလူး,သားရဲ, သံဘက်,ဟု ခေါ်ကြသော နတ်ဆိုးနတ်ဝါး အပေါင်းတို့သည်၊ လူသတ္တဝါတို့ကိုညှဉ်းဆဲနှိပ်စက်ခြင်းငှါ အခွင့်မရကြလေကုန်၊ လူ့လောကမှာရောဂါဆိုး,အနာဆိုး,ကပ်ဥပဒ်ဆိုးဟူ၍ တစုံတခုမျှမရှိပေ။ ။ဤကား နွားသတ်မှု,နွားသားစားမှု မှကင်းလွတ်ခြင်း၏ အကျိုးကြီးပေတည်း၊

www.dhammaransi.com



ဩက္ကာကမင်း၏ လက်ထက်သို့ တိုင်ရောက်သော အခါ၌မူကား။ ယုတ်မာသောဗြာဟ္မဏလူမျိုးတို့ပေါ်ပေါက်လာကြ၍။ ကာမဂုဏ်စည်းစိမ်ချမ်းသာကိုများစွာမက်မောခြင်းရှိကြကုန်သဖြင့်။ ယုတ်မာသောအကြံကိုလုပ်ကြံကြကုန်၏။ အဘယ်သို့လုပ်ကြံကြကုန်သနည်းမဟုတ်မတရားသောကျမ်းစာအုပ်ကိုပြုလုပ်ကြကုန်၏။ ထိုကျမ်းစာအုပ်၌နွားသတ္တဝါတို့မည်သည်။ စပါး, ဆန်, ရေ, ရွှေ, ငွေ, ရတနာစသည်တို့ကဲ့သို့။ လူတို့၏အသုံးအဆောင်မျိုး ဖြစ်၏၊ သတ်ဖြတ်စားသောက်သော်လည်းတစုံတခုအပြစ်မရှိ။ ထိုနွားတို့ကိုသတ်ဖြတ်၍ဗြာဟ္မဏ လူမျိုးတို့အား ကျွေးမွေး ပေးလှူခြင်းကိုပြုသောသူသည်။ မြင့်မြတ်သော နတ်ရွာ သုဂတိဘဝသို့ရောက်ရာ၏ဟု။ ထိုစာအုပ်၌ဂါထာဗန္ဓဖွဲ့စီလျက်များစွာပါလေ၏။ ထိုစာအုပ်ကိုကမ္ဘာဦးမှဖြစ်လာသောကျမ်းထူးကျမ်းမြတ်ဆို၍။ ဩက္ကာကမင်းအားဆက်သကြကုန်၏။ ထိုမင်းသည် အဆင်ခြင်ပညာမရှိသည်ဖြစ်၍။ ထိုကျမ်းစာအုပ်ကိုအလွန်ယုံကြည်ပြီးလျှင်။ အထောင်မကသောနွားသတ္တဝါတို့ကို။ ကိုယ်တိုင် သတ်ဖြတ်၍။ ပုဏ္ဏားလူမျိုးတို့အားများစွာကျွေးမွေးလှူဒါန်းလေ၏။ ထိုအခါမှစ၍ လူ့လောကမှာ။ နွားသတ်မှု, နွားသားစားမှု, သားငါးသတ်မှုအသားစားမှုတို့သည် ပေါ်ပေါက်လာကုန်၏။ ထိုအခါ၌ လူ့လောကကိုကြည့်ရှုစောင့်ရှောက်ကြကုန်သော။ နတ်, သိကြား, ဗြဟ္မာအပေါင်းတို့သည်။ လူ့လောကကို အလွန်စက်ဆုပ်ကြကုန်၍။ ကြည့်ရှုစောင့်ရှောက်မှုတို့ကိုမပြုကြလေကုန်ပြီ။ ထိုအခါ၌ လောကတွင်ရှိနေကြကုန်သောဘီလူး, သားရဲ, သံဘက်ဟုခေါ်ကြသော နတ်ဆိုးနတ်ဝါးအပေါင်းတို့သည်။ အခွင့်ရကြကုန်သဖြင့်။ လူတို့နေရာထိုထိုမြို့ရွာသို့သာရောက်ကြကုန်၍။ လူအပေါင်းတို့၌မိမိတို့ တန်ခိုးဖြင့်။ ပိဋ္ဌိတ်ဖျားရောဂါ။ ကာလဝမ်းရောဂါအစရှိသောရောဂါဆိုးအနာဆိုး, ကပ်ဥပဒ်မျိုးတို့ကိုကျရောက်ဖြစ်ပွါးစေကြကုန်ပြီးလျှင်၊ လူတို့၏အသွေးအဆီတို့ကို။ ရုတ်ယူမျိုသောက်, သေကြေ ပျက်ဆုံး

www.dhammaransi.com



သည့်တိုင်ရောက်အောင်။နှိပ်စက်ညှဉ်းပန်းကြကုန်၏။ လူတို့၌ပြု လုပ်ခွင့်မသာသည့်အခါ။ကျွဲနွားသတ္တဝါတို့၌၎င်း။သိုးဆိတ်,ဝက် ကြက်အစရှိသောတိရစ္ဆာန်သတ္တဝါတို့၌၎င်း။ မိမိတို့တန်ခိုးဖြင့်။ လည်ပင်းကြီးနာ,အဆုပ်ကြီးနာ,အသဲကြီးနာ,ကျောက်ကြီးနာ,အ စရှိသောရောဂါဆိုး,အနာဆိုး,ကပ်ဥပဒ်မျိုးတို့ကို ကျရောက်ဖြစ် ပွါးစေကြကုန်ပြီးလျှင်။ထိုကျွဲနွားအစရှိသောတိရစ္ဆာန်သတ္တဝါတို့ ၏အသွေးအသားကိုစုတ်ယူမျိုသောက်သေကြေပျက်ဆုံးသည့် တိုင် ရောက်အောင်နှိပ်စက်ညှဉ်းပန်းကြကုန်၏။ ။ဤစကား၌အင်္ဂုတ္တိုရ် တိကနိပါတ်ပါဠိတော်မှာ။ ကပ်သုံးပါးတို့တွင်။ ရောဂန္တရကပ် သည်။နတ်ဆိုးတို့ပြုလုပ်၍ဖြစ်ကြောင်း တိုက်ရိုက်လာရှိ၏။ ။ဤ ကား။နွားသတ်မှု,နွားသားစားမှု၌အပြစ်ကြီးပေတည်း။

ဤသို့လာသောပါဠိတော်များကိုထောက်မြော်၍။ယခုလောကမှာ ဖြစ်ပွါးလျက်ရှိနေကြသောကပ်ရောဂါအမျိုးမျိုးတို့သည်။ ထိုနတ် ဆိုးနတ်ဝါးတို့ပြုလုပ်၍ဖြစ်သော ကပ်ဥပဒ်မျိုး အမှန်ဖြစ်ကြကုန် သည်ဟုယုံကြည်ကြကုန်ရာ၏။

• ထိုကပ်ဥပဒ်မျိုးတို့ကိုမူကား။လောက၌ နတ်ဆိုးတို့နှင့် သက် ဆိုင်သောတန်ခိုးသတ္တိနှင့်ပြည့်စုံသောမန္တန်,မန္တရေး, ဆေးဝါး, အင်း,အိုင်တို့သည်ကွယ်ကာနိုင်ကြကုန်၏။ ထိုကပ်ဥပါဒ်မျိုးတို့၏ အကြောင်းအရာကို။အသေအချာမှန်ကန်စွာသိလိုကြလျှင်။ ဆရာ တော်စီရင်သောရောဂန္တရဒီပနီခေါ်သောစာအုပ်ငယ်ကို။ လက် ကိုင်လက်စွဲပြု၍ကြည့်ရှုကြကုန်ရာ၏။ ။ဤတွင်ရွှေ့ကား။သက် သတ်စားမှုနှင့်စပ်သောပထမစကားရပ်ဖြေဆိုချက်ပြီး၏။

---

## သစ်သီးသစ်ရွက်နှင့်စပ်သောစကားကိုဖြေခြင်း။

သစ်သီးသစ်ရွက်နှင့်စပ်သောဒုတိယစကား၌။ သစ်သီးများ ကိုစားမှုသည်လည်းသက်သတ်ကံ ထိုက်သည်ဟူသော အယူ

www.dhammaransi.com



သည်။ကဿပ၏အရိုးအစဉ်နှင့်ဆန့်ကျင်သောအယူဖြစ်၏။ ကဿပ၏အရိုးအစဉ်ဆိုသည်ကား။ အမျိုးလေးပါးတို့မှ တောထွက်ကြကုန်ပြီးလျှင်။ရသေ့ရဟန်းပြုကြကုန်၍။သစ်ဥ,သစ်မြစ်, သစ်ရွက်သစ်သီးတို့ကိုစားသောက်ကြကုန်ပြီးလျှင် မေတ္တာကရုဏာ အစရှိသောဗြဟ္မဝိဟာရတရားတို့ကိုပွါးများကြကုန်၍။သေသည့်၏အခြားမဲ့၌ထိုက်သည်အားလျော်စွာ။ အထက်နတ်ပြည်တို့၌ သော်၎င်း၊ဗြဟ္မာပြည်တို့၌သော်၎င်းဖြစ်ကြရကုန်၏ဟု၊ကဿပအရိုးအစဉ်ရှိ၏၊သစ်သီးများကိုစားမှုသည်လည်း။သက်သတ်ကံထိုက်၏ဟုအမှန်ယူခဲ့သော်။ထိုရသေ့ရဟန်းတို့သည်၊ နတ်ပြည် ဗြဟ္မာပြည်သို့မသွား။သစ်ဥ,သစ်မြစ်,သစ်ရွက်,သစ်သီးတို့ကိုစားသော်မှုကြောင့်။အပါယ်လေးပါးသို့သာ ကျရောက်ကြ လေကုန်ရာ၏။သည်မျှမကသေး။လောက၌ စပါး,ဂျုံ,ပြောင်း,နှမ်း,ပူး,ခရမ်း, စသည်တို့ကိုစားသောက်ကြသောသူတို့သည်၎င်း။သစ်,ဝါး,နွယ်,မြက်တို့ကိုအသုံးပြုကြသောသူတို့သည်၎င်း။ အပါယ်လေးပါးသို့သာကျရောက်ကြလေကုန်ရာ၏။ဤသို့လျှင်ထိုအယူသည် ကဿပ၏အရိုးအစဉ်နှင့်ဆန့်ကျင်ဘက်ဖြစ်လေ၏။ထိုကြောင့် သစ်ပင်တို့မှာအသက်ရှိသည်ဟူသောအယူ။သစ်သီးတို့ကိုစားခြင်း၌သက်သတ်ကံထိုက်သည်ဟူသောအယူကို။ အလျှင်အမြန် စွန့်ပစ်ကြကုန်၍။အထက်၌လာခဲ့သည့်အတိုင်းသစ်ပင်,ချုံမြက်တို့မှာသတ္တဝါတို့၌ကဲ့သို့၊အသက်။ ပါဏဇီဝိတဟူသော မူချအသက်မျိုးမရှိ။ဟရိတခေါ်သော။ စိမ်းရှင်ပေါက်ရောက် ကြီးပွါးစေတတ်သော၊တေဇောဓာတ်အထူးကိုအစွဲပြု၍၊ ထိုဓာတ်ရှိနေလျှင်။ အရှင်ဟုခေါ်ရသည်။ထိုဓာတ်မရှိလျှင်။ အသေဟုခေါ်ရသည်ဟူသော အယူကိုသာ။အမှန်အားဖြင့်ယုံကြည်လေးမြတ်မှတ်ယူကုန်ရာ၏။ ။ဤတွင်ရှေ့ကား။ သစ်သီးစားမှုနှင့် စပ်သော ဒုတိယစကားရပ်ဖြေဆိုချက်ပြီး၏။

www.dhammaransi.com



ဤကား။ကာလကတ္တားမြို့။သိပ္ပံကျောင်းကြီးနေ မြန်မာလူမျိုး မောင်ချစ်ဘ၏။အသားစားခြင်းနှင့်။အသီးစားခြင်း လျှောက်လွှာ အဖြေကားပြီး၏။

---

# မန္တလေးမြို့။

မစိုးရိမ်ကျောင်းတိုက်
ဝါခေါင်လပြည့်ကျော်(၁၀)ရက်။

## ကျေးဇူးရှင်လယ်တီဆရာတော် ဘုရားကြီးထံလျှောက်လွှာ။

ရှိသေလေးမြတ်စွာ။ရှိခိုးလျှောက်ထားဝံ့ပါသည်။ကျေးဇူးရှင် ဆရာတော်ဘုရား။ ။အကြောင်းမှာ။ဘိလပ်မှ။မဂ္ဂစ်ရိုက်ဒေဗစ် ဒကာမကြီးထံမှစာတစောင်ရရှိပါကြောင်း။ ။၎င်းစာမှာ။နိယာမငါးပါးနှင့်စပ်လျဉ်း၍။ဓမ္မနိယာမအတွက်၊ စိတ်မကျေမနပ်ရှိနေကြောင်းဖြစ်ပါသည်။ဓမ္မနိယာမသဒ္ဒါကို၊ အင်္ဂလိပ်ဘာသာပြန်ဆိုကြရာ။မူလပထမပြန်ဆိုသူ။"မဂ္ဂတာဘရူးအား"က၊ (**Philosophie order or cas-ual order** ) အကျိုးတရား။ သို့မဟုတ် အကြောင်း တရား တို့၏ အစဉ်နိယာမ,ဟု ပြန်ဆို ပါသည်၊ ဦးရွှေဇံအောင်က။ (**Natural phenomenal sequence**) ပြကတေ့ဖြစ်ပေါ်သောဝတ္ထုဓမ္မတို့၏ အကြောင်းအကျိုးအဆက် ဆက်။နိယာမ,ဟု ပြန်ဆိုပါသည်။ ထိုနှစ်ရပ်ကို သဘောမကျ သေး၍။တပည့်တော်၏ ပြန်ဆိုချက်ကိုတောင်းပန်ပြန်ပါသည်၊ တပည့်တော်က၊ ( **Natural order of things other than the above mentioned** )အထက်နိယာမ, လေးပါးတွင်။မပါ ဝင်သေးသော။သဘာဝဓမ္မတို့၏၊ ပြကတေ့အစဉ်နိယာမဟုပြန်

www.dhammaransi.com



ဆိုပါသည်။ ဤကဲ့သို့။ ပြန်ဆိုပေးလိုက်သည်ကိုလည်း။ ကြေနပ်ဘွယ်မရှိသေးကြောင်း။ ယခုအကျယ်တဝင့် ပြန်စာရေးပါသည်။ ၎င်းပြန်စာကို။မြန်မာပြန်၍ ဆရာတော်ဘုရားကြီးထံ။ ယခုဆက်သ၀ပေးပို့လိုက်ပါသည်။ နိယာမဒီပနီ။အင်္ဂလိပ်စာအုပ်နိဿယ၌လည်း။၎င်းမံသဒ္ဒါကို။ အင်္ဂလိပ်လူမျိုးတို့ သိနိုင်သော။ ထိထိရောက်ရောက်။ကျကျနန။အင်္ဂလိပ်စကားအသုံးအစွဲဝေါဟာရမရှိကြောင်းကို။"မင်္ဂစ်ရိက်ဒေဗဒ်"က။ မှတ်သားချက်ရေးထားသည်ကိုလည်းတွေ့သိရပါသည်။ သို့ဖြစ်ပါ၍။ဤစာနှင့်အတူ။ဆက်ကပ်လိုက်သော။၎င်းပြန်စာကိုကြည့်ရှုတော်မူပြီးလျှင်။ မံသဒ္ဒါကိုသုံးသင့်မသုံးသင့်။မံသဒ္ဒါအစား။သေသပကတိဏ္ဏကစသောသဒ္ဒါမျိုးကိုသုံးက၊အကျိုးအပြစ်မည်သို့ဆိုက်ရောက်ကြောင်း။ဗုဒ္ဓနိယာမတပါးတိုး၍။ နိယာမခြောက်ပါး ဆိုသင့်မဆိုသင့်စသည်ကို။ ရှင်းလင်းအောင်အမိန့်ရှိတော်မူပါမည့် အကြောင်းကို။ ရှိခိုးလျှောက်ထားခံ့ပါသည်ဘုရား။

---

ဦးဉာဏထံ။မင်္ဂစ်ရိက်ဒေဗစ်၏ပြန်စာ။

တပည့်တော်မ၏သဘောကို။ ပွင့်ပွင့်လင်းလင်းလျှောက်ထားရမည်မှန်ပါက။မံသဒ္ဒါ၏အနက်အဓိပ္ပါယ်ရှင်းလင်းတော်ပြချက်များကို။ မည်သည့်ဟာကိုမျှသဘော မကျေနပ်သေးပါ၊ တပည့်တော်မတို့၏။ အနောက်နိုင်ငံသူ-နိုင်ငံသားတို့ဉာဏ်အမြင်မှာ။အစိတ်အစိတ်ဘေဒတို့သည်။ အချင်းချင်းဂုဏ်ရည်တူ၍။ တသီးတသန့်စီဖြစ်ရမည်ဟုသဘောရပါသည်၊ ။ဆိုလိုရင်းမှာ။ဗီဇနိယာမသည်။ ဥတုနိယာမနှင့်မရောမရှက်ရ။ ကာမနိယာမနှင့်မရောမရှက်ရ။စိတ္တနိယာမနှင့်မရောရှက်ရ။မံသနိယာမနှင့်မရောရှက်ရ၊မံသ

www.dhammaransi.com



နိယာမမျိုးမဖြစ်ရခဲ့ဆိုလိုသည်ဦးဉာဏ။ ။ယခုတော့ခါ၊ ဓမ္မသဒ္ဒါကိုထည့်၍အသုံးပြုခြင်းကြောင့်။ အထက်နိယာမ လေးပါးသည်။ ဓမ္မနိယာမနယ်တွင်းကမလွတ်နိုင်ဖြစ်နေပါသည်။ ဗီဇ၊ ဥတု၊ စိတ္တ၊ ကမ္မတို့သည်၊ ဓမ္မပင်ဖြစ်သောကြောင့် ဆိုလိုသည်ဦးဉာဏ၊ ။ ဤကဲ့သို့နိယာမဗီဇကိုခွဲစိတ်ခြင်းသည်၊ တပည့်တော်မ, တို့အနေဒံနိုင်ငံက၊ဘေဒခွဲစိတ်ခြင်းနည်း။ ဥပဒေသမျိုးနှင့်၊ဖြောင့်ဖြောင့်ဆန့်ကျင်ယောင်ဖြစ်နေပါသည်။ ။အကယ်၍၊အထက်လေးပါး၌မပါသောတရားတို့၏နိယာမကိုဆိုလိုရိပ်ရှိ၍၊သေသနိယာမဟု။ သုံးစွဲခဲ့ပါလျှင်၊တပည့်တော်မ,တို့ကောင်းကောင်းကြီး စိတ်ကြေနပ်ပါသည်။ ။အကယ်စင်စစ်သည်အတိုင်းမှန်လျှင်၊သေသနိယာမဟုသာသုံးရမည်၊ဓမ္မနိယာမဟုမသုံးစွဲသင့်ပါ။ အရှင်ဘုရားတို့မြန်မာလူမျိုးတို့၏၊အာစရိယ–လဒ္ဓေါပဒေသအတိုင်း အမှန်ယူရမည်ဖြစ်လျှင်၊နိယာမငါးပါးကို၊ပဉ္စကနိယာမဟုခေါ်သင့်ပါသည်။ ယင်းသို့ ခေါ်လျှင်လည်း၊ ပဉ္စမမြောက် နိယာမကို၊ သေ သ နိယာမ၊ပကိဏ္ဏကနိယာမဟု တခုခု သောအမည်ဖြင့် ခေါ်ဝေါ် သုံးစွဲသင့်ပါသည်။ ။ဗုဒ္ဓနိယာမ,တပါးတိုး၍၊နိယာမ ခြောက်ပါးထားမည်ဆိုလျှင်သင့်ပါမည်လော။ ထားထိုက်သည်ဟု ထင်ပါသည်။ ။အရှင်ဘုရားတို့ အာစရိယလဒ္ဓေါပဒေသအရ ကောက်ယူပုံကို မကြားသိရသေးမီအခါက၊ဤစကားကို ထောက်သဖြင့်၊ ဓမ္မသဒ္ဒါ၏အရကိုရိပ်မိဟန်တူပါသည်ဦးဉာဏ။ ။၁၉၁၂ ခုနှစ်တွင်၊( **Buddhism** )ဗုဒ္ဓဘာသာအကြောင်းစာတအုပ်တပည့်တော်မ,ရေးသားထုတ်ဝေရာ၊စာမျက်နှာ (၁၁၇)၌။ နိယာမအကြောင်းနှင့်စပ်လျဉ်း၍ဘော်ပြရာတွင်၊၄င်းစာအုပ်တပည့်မမှာမရှိ၍၊ဘယ်လိုရေးထားသည်ကိုအသေအချာ မသိရသောကြောင့်၊ ဆရာတော်ဘုရားကြီးသိတော်မူရန်ထည့်သွင်း မဘော်ပြလိုက်ရပါဦးဉာဏ၊ ။ပဉ္စမမြောက်နိယာမသည်၊များစွာသော ဓမ္မတို့၏နိယာမမဟုတ်၊တခုသောဓမ္မ၏နိယာမမျှသာဟု ရေးသားဘော်ပြမိခဲ့ပါသည်။ ။တပည့်တော်မသည်၊ ဤကဲ့သို့ရေးသားဘော်

www.dhammaransi.com



ပြုလိုက်ခြင်းမှာ။လောကကြီး၌ ဘုရားဖြစ်ထွန်း ပေါ်လာခြင်းအအကြောင်းနှင့် စပ်လျဉ်း၍။ ဓမ္မတာသဒ္ဒါကို ဘွင့်ဆိုရေးသား သောအရှင်ဗုဒ္ဓဃောသ၏ ပြဆိုချက်များကိုတွေ့မြင် မှတ်သားရခြင်းကြောင့်ဖြစ်ပါသည်။ ဤသို့တွေ့စဉ်အခါကပင်။ လောကကြီး၌ဖြစ်လျက်ရှိသောနိယာမတရားဘို့တွင်။အခါကာလအားလျော်စွာ ဘုရားတွေဖြစ်ခြင်းကိုထည့်သွင်းထားခြင်းသည်။ဗုဒ္ဓဘာသာလူမျိုးတို့၌အရေးကြီးသောအချက်တခု ဖြစ်ဟန်ရှိသည်ကို အံ့ဩခဲ့ပါသည်။ဗုဒ္ဓဘာသာလူမျိုးတို့သည်။မိမိတို့အယူဝါဒအားလျော်စွာ။ ဘုရားပွင့်ခြင်းကိုဓမ္မတာဟုခေါ်ဆိုရပေသည်။အကယ်၍ ဓမ္မတာဟုမခေါ်လျှင်ဘယ်ကဲ့သို့အရှင်ဘုရားတို့ခေါ်ဝေါ်ပြောဆိုပြသကြပါမည်နည်း။အကယ်၍ဓမ္မတာဖြစ်သောကြောင့်။ဗုဒ္ဓနိယာမတခုတိုး၍အထက်နိယာမလေးပါးနှင့်တန်းတူထား၍။ ၄-ပါးလုပ်ပြန်လျှင်လည်းသာ၍ပင်မကြေနပ်ဘွယ်ရှိလိမ့်မည်ထင်ပါသည်။ တပည့်တော်မသည်၊လယ်တီဆရာတော်ဘုရားကြီးအား။အနောက်နိုင်ငံနည်းတွေကိုပြ၍။ မြန်မာလိုချေချင်ငံ့လျှောက်ထားလိုသောစိတ်ဆန္ဒတွေဘယ်လောက်များအားကြီးတယ်ဆိုတာတွေမပြောနိုင်အောင်ရှိပါသည်။နိယာမငါးပါးကို။အရှင်ဗုဒ္ဓဃောသမှတပါးအခြားသောမည်သည့် ပုဂ္ဂိုလ်များရေး သားသေးသည်ကိုလည်းသိလိုပါသည်။ မဟာပဓာနသုတ်အဋ္ဌကထာမှတပါးအခြားနေရာ၌ မတွေ့ဘူးသေးပါ။ တပည့်တော်-၎င်းနိယာမအာ ကြောင်းနှင့်စပ်လျဉ်း၍။စာအုပ်ရေးမည်ကြံစည်နေပါကြောင်း။ ကူညီစေလိုပါသည်။

"မစ္စစ်ရိုက်ဒေဗစ်"

(*၎င်းအမှတ်တွင်းရှိစာများကို။ ဦးဉာဏစကားဟုမှတ်ယူရမည်။)

www.dhammaransi.com



အထူးလျှောက်ထားရန်မှာ။တပည့်တော်သည်၊သေသနိယာမ။ပကိဏ္ဏကနိယာမခေါ်ဆိုလျှင်။ အဓိပ္ပါယ်သဘောအားဖြင့်ခေါ်ဆိုသင့်သော်လည်း။သဒ္ဒါနေအခေါ်ဝေါဟာရ အသုံးအစွဲအားဖြင့်မသင့်ကြောင်း။သာမည့စာပြန်ရေးလိုက်ပါသည်။ဓမ္မာရတန။ ဓမ္မခတ်၊ဓမ္မာရုံစသည်သုံးစွဲကြရာ၊ သဒ္ဒါအထူးကိုဥပမာပြ၍။ ဓမ္မသဒ္ဒါကိုအသုံးပြုခြင်းသည်။အရပ်သုံး။လွတ်သုံး။ကျောင်းသုံး။ သို့မဟုတ်အရပ်သားသုံးမင်းသုံး၊ကျမ်းဂန်တတ်သုံး။သုံးမျိုးတို့တွင်ကျမ်းဂန်သုံးဖြစ်ကြောင်း။ရှိရှိသမျှဓမ္မမည့်သော်လည်း။ စက္ခာယတန။စက္ခုခတ်၊ရူပါရုံစသည်မှာ။သဒ္ဒနာမ ဝိသေသဖြစ်ကြကုန်သောကြောင့်၊ဓမ္မသဒ္ဒါနယ်ကလွတ်ခြင်း၊ဓမ္မသဒ္ဒါက မလွှမ်းမိုးနိုင်ခြင်းစသည်ကို။သာမည့ရေးသား ပြန်ကြားလိုက်ရ ပါသည်။ ဗုဒ္ဓ နိယာမကို လည်း။အသီးအခြားမထုတ်သင့်။ ဘုရားလောင်းများပါရမီပြည့်က၊အခါသင့်ကပွင့်မြဲဓမ္မတာသာဖြစ်၍။ဓမ္မနိယာမမှာသွင်းသင့်သည်၊သို့မဟုတ်ဘုရားဖြစ်ထိုက်သော။ကံ-ပါရမီကိုဖြည့်က။ထိုကံအားလျော်စွာဘုရားဖြစ်နိုင်သောကြောင့်၊ကမ္မနိယာမမှာသွင်းသင့်သည်ဟူ၍၎င်း။ ဥတုနိယာမမျိုး မဟုတ်သောကြောင့်။အသီးမထုတ်သင့်ဟူ၍၎င်း၊စာပြန်လိုက်ပါသည်။ ဆရာတော်ဘုရားကြီးထံက။အသေအခြာရှင်းလင်းချက်ရမှ။ ဆရာတော်ဘုရားကြီး၏အလိုတော်ကျကို။ ထပ်မံသေချာစွာ ရေးသားပါဦးမည်ဟု။"မဏ္ဍစ်ရိုက်ဒေဗစ်" ထံစာပြန်ပါသည်။။သို့ဖြစ်ပါသောကြောင့်၊သေချာစွာ ရှင်းလင်း ပေးသနားတော်မူပါမည့်အကြောင်းကို။ရှိခိုးလျှောက်ထားပံ့ပါသည်အရှင်ဘုရား။

ဦးဉာဏ။

**U. Nyana**

ဦးဉာဏ၏လျှောက်လွှာပြီး၏။

——o——

www.dhammaransi.com



# ၎င်းလျှောက်လွှာကို။ ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီး။ ပြန်ကြား ဖြေဆိုတော်မူချက်။

နိယာမငါးပါးတို့တွင်၊ ဓမ္မနိယာမကိုဖြေဆိုချက်။

နိယာမငါးပါးကို။ အဋ္ဌကထာဆရာကြီးတို့ ပြဆိုခြင်း၏ အကြောင်းကိုရှေးဦးစွာဘော်ပြရာ၏။ ။လောက၌။ ဇာသရကုန္ဒအယူ။ဗြဟ္မကုဏ္ဍအယူ။ဤအယူနှစ်ပါးသည်။ လူ့ပြည်နတ်ပြည်တို့၌အနှံ့အပြားတည်ရှိ၏၊ ထိုနှစ်ပါးတို့တွင်။ ဇာသရ ကုန္ဒအယူဆိုသည်ကား၊ လောကသုံးပါးကို ပိုင်ပိုင်နိုင်နိုင်ကြီး အစိုးရသော။ လောကသုံးပါး၏အရှင်ကြီး သခင်ကြီးသည်၊ အထက် ကောင်းကင် ဘုံကြီး၌ အစဉ်ထာဝရ တည်ရှိ၏။ လောကသုံးပါးသည်လည်း။ထိုအရှင်ကြီး သခင်ကြီးပြုလုပ်တိုင်း ဖြစ်ရ၏ဟု ယူခြင်းသည်။ဇာသရကုန္ဒအယူမည်၏။ ဇာသရနိမ္မာနအယူ ဟူ၍လည်းခေါ်၏၊ ထိုအရှင်ကြီးသခင်ကြီးဖန်ဆင်းတိုင်းဖြစ်၏ ဟူလိုသည်။ ဗြဟ္မကုဏ္ဍအယူဆိုသည်ကား။ လောကသုံးပါးကို ပိုင်ပိုင် နိုင်နိုင်ကြီးအစိုးရသော။ လောကအဘကြီး,အဘိုးကြီးဖြစ်သော ဗြဟ္မာမင်းကြီးသည်။ အထက် ကောင်းကင် ဘုံကြီး၌။ အစဉ် ထာဝရ တည်ရှိ၏စသည်ဖြင့်ဆိုလေ၊

ဇာသရနှင့်။ဗြဟ္မာမျှသာကွဲကြ၏။ထိုတွင်ဗြဟ္မာအမည်သည်။ လူ့ဘုံ။နတ်ဘုံ။ဗြဟ္မာဘုံဟူ၍၊ ကမ္ဘာအရိုးအစဉ် ထင်ရှားရှိကြသော။ ဗြဟ္မဏဇာတိန္တုလူမျိုးတို့၏အမည်ပေတည်း။ဇာသရအမည်သည်ကား။ကမ္ဘာအရိုးအစဉ်မရှိကြမူ၍။ကမ္ဘာ၏ဖြစ်ကြောင်းကို တွေးဆယူကြလေသောလူမျိုးခြားတို့၏ အမည်ပေတည်း။ ဤအယူကြီးနှစ်ပါးကိုပယ်ဖျက်ခြင်းငှာ၊နိယာမငါးပါးကို။ အဋ္ဌကထာဆရာတို့ပြဆိုကြပေကုန်၏။ ။နိယာမတရားငါးပါး ဆိုသည်ကား။ ဥတုနိယာမ။ဗီဇနိယာမ။ ကမ္မနိယာမ။ စိတ္တနိယာမ။ ဓမ္မ

နိယာမ။ဤငါးပါးတည်း။ ထိုငါးပါးတို့တွင်။ ဓမ္မနိယာမ၌။ ဓမ္မသဒ္ဒါ၏အနက်ကို ရှေးဦးစွာ ဆိုရာ၏။ ။နိဒါနဝဂ္ဂ သံယုတ်၊ အာဟာရဝဂ်၊ဒသမသုတ်စာမျက်နှာနံပါတ်(၁၆၂) ၌။

ဇာတိပစ္စယာဘိက္ခဝေ၊ဇရာမရဏံ၊ဥပ္ပါဒါဝါတထာဂတာနံ။ အနုပ္ပါဒါဝါ တထာဂတာနံ။ ဌိတာဝ,သာဓာတု။ ဓမ္မဋ္ဌိတတာ။ ဓမ္မနိယာမတာ။ ဣဒပ္ပစ္စယတာ။ ဘဝပစ္စယာ ဘိက္ခဝေဇာတိ။ ဥပ္ပါဒါဝါတထာဂတာနံ။ (လ)၊ ဣဒပ္ပစ္စယတာ။ အဝိဇ္ဇာ ပစ္စယာ ဘိက္ခဝေသင်္ခါရာဥပ္ပါဒါဝါတထာဂတာနံ။(လ)။ ဣဒပ္ပစ္စယတာ။ အယံဝုစ္စတိ၊ပဋိစ္စသမုပ္ပါဒေါ။ ။ဟူ၍ ဟောတော်မူ၏။ ။ ဤပါဠိတော်၌။အဝိဇ္ဇာအစရှိသော၊ သဘာဝဓမ္မတို့ကိုရှေးဦးစွာ ထုတ်ပြပြီးမှ။နိယာမသဒ္ဒါ၏အနက်ကို။ ဥပ္ပါဒါဝါတထာဂတာနံ, အစရှိသည်ဖြင့်ပြတော်မူ၏၊ ထိုကြောင့်ဓမ္မသဒ္ဒါသည်အကြောင်းတရား၊ အကျိုးတရားဟူသော သဘာဝဓမ္မကိုဟော၏။ နိယာမသဒ္ဒါသည် ထိုအကြောင်းတရားအကျိုးတရား အစဉ်မပြတ်ဘဲ၊ အမြဲတည်ရှိ၍နေသည်ကိုဟော၏၊ ။ဌိတာဝသာဓာတု။ထိုဓာတ် သဘောသည်။ သာဓမ္မဋ္ဌိတာ။ ထိုအဝိဇ္ဇာအစရှိသော သဘာဝဓမ္မတို့၏အကြောင်းအကျိုးအစဉ်အဆက်မြဲမှုသည်သာ၊ ဣဒပ္ပစ္စယတာ၊ဤတရားကား ဤအကြောင်းကြောင့်ဖြစ်သည်၊ဤတရားကား ဤအကြောင်းကြောင့်ဖြစ်သည်ဟု ညွှန်ပြထိုက်သော ပစ္စယာကာရအခြင်းအရာသည်။ ဌိတာဝ၊သံသရာလောက၌ အစဉ် အမြဲတည်ရှိသည်သာလျှင်တည်း။ ။နေဒံပါဠိအနက်။ ။ဤပါဠိ၌၊ ဓမ္မဋ္ဌိတတာပုဒ်သည်။ဓမ္မတာပုဒ်၏ပရိယာယ်ပေတည်း။ဓမ္မနိယာမတာဟူသော ပုဒ်သည်။ ဓမ္မတာနိယာမော ဟူသောပုဒ်၏ပရိယာယ်ပေတည်း၊ ဓမ္မသဒ္ဒါ၏အနက်ကို၊အသီးအသီးဘာသာပြန်ကြရာနှိက်၊မောင်ရွှေဇံအောင်၏ပြန်ဆိုချက်၊ မောင်ဥာဏ၏ပြန်ဆိုချက်များသည်၊ဤပါဠိတော်နှင့်ညီပေ၏။ ။ဓမ္မသဒ္ဒါ၏ဖြေဆိုချက်ပြီး၏။

www.dhammaransi.com



အဘိဓမ္မာယမိုက်ဆယ်ကျမ်းတို့ကိုဟောတော်မူရာ၌။ ဆယ်ကျမ်းလုံးမှာပင်၊ပဒသောဓနနည်းကို။ ရှေးဦးစွာပြဆိုရသကဲ့သို့။ ဤနိယာမငါးပါးကိုဝေဘန်ရာ၌လည်း။ ပဒသောဓနစကားကိုရှေးဦးစွာပြဆိုရာ၏။ ပြဆိုပုံကား၊

ဓမ္မနိယာမ၌။ဓမ္မသဒ္ဒါသည်၊ အလုံးစုံသော ရုပ်တရားနာမ်တရားများကိုဟောသည်ဟုမှတ်။ထို့ကြောင့်။ဥတု၊ဗီဇ၊ကမ္မ။စိတ္တ,ဤလေးပါးသည်လည်း။ဓမ္မချည်းပင်ဖြစ်၏။ သို့သော်၊ဥတုမှာလည်း။ဓမ္မဟူသောသာမညအမည်။ဥတုဟူသောဝိသေသအမည်-၂ပါးရှိ၏၊ထို့အတူ။ဗီဇ။ကမ္မ။စိတ္တတို့၌လည်း၊ သာမညအမည်၊ဝိသေသအမည်နှစ်ပါးစီရှိကြ၏၊ထိုတွင်၊ နိယာမအပြားကိုပြဆိုရာဌာန၌။ဓမ္မဟူသောသာမညအမည်ကိုအသုံးမပြုလို၊ဥတုဗီဇ။စိတ္တ။ကမ္မဟူသောဝိသေသအမည်တို့ကိုသာအသုံးပြုလိုသောကြောင့်၊နိယာမအမည်ကို။ထိုဝိသေသအမည်လေးပါးနှင့်သာတွဲဘက်၍၊ဥတုနိယာမ၊ဗီဇနိယာမ။ကမ္မနိယာမ။စိတ္တနိယာမဟုအထူးထုတ်ဘော်၍ထားပေ၏။ ။ထိုလေးပါးမှကြွင်းသော။ရုပ်တရား။နာမ်တရားသဘာဝတရားများမှာမူကား။ဝိသေသအမည်နှင့်ထုတ်ဘော်ခြင်းကိုမပြုသောကြောင့်။ ဓမ္မဟူသောသာမညအမည်၌သာပါဝင်ကြ၍။ဓမ္မနိယာမအမည်ကိုသာရကြလေ၏။ထိုဓမ္မနိယာမဟူသောအမည်သည်လည်း။ ထိုလေးပါးမှအလွတ်ဖြစ်သောရုပ်တရား။နာမ်တရား။သဘာဝတရားတို့၌သာအတည်ဖြစ်ရလေ၏၊ဥတုကိုနိယာမအရာ၌ဆိုလိုသော်။ဥတုနိယာမဟူ၍သာဆိုရမည်၊ ဓမ္မနိယာမဟူ၍ မဆိုရ၊ မဆိုထိုက်၊ ဆိုခဲ့သည်ရှိသော်၊ ဝိသေသ ထုတ်ပြမှုသည်အကျိုးမရှိဖြစ်ရာ၏။ဗီဇနိယာမ။ကမ္မနိယာမ၊ စိတ္တနိယာမတို့၌လည်း။ထို့အတူဆိုလေ။ ။ဥပမာကား။ ။သင်္ဘောပေါ်၌သင်္ဘောအလုပ်ကို လုပ်ကြသော သူများသည် ငါးမျိုးရှိ၏၊ ကပ္ပိတန်ဟူ၍တမျိုး။ မာလိန်ဟူ၍ တမျိုး။ ဆလင်ဟူ၍တမျိုး၊ ရေကြောင်းပြဟူ၍တမျိုး၊သင်းဘောသားဟူ၍တမျိုး။ ။သင်္ဘောသူဌေးဖြစ်သူက၊ ထိုသူတို့ကို အထူးအားရ နှစ်သက်ရှိသည်နှင့်၊

www.dhammaransi.com



ပစ္စည်းဝတ္ထုနှင့်တကွ။တယောက်သောသူကို စေလွှတ်၍ ဆုပေးစေရာ၌။ကပ္ပိတန်အတွက်မည်မျှ။မာလိမ်အတွက်မည်မျှ။ဆလင်အတွက်မည်မျှ။ ရေကြောင်းပြဲအတွက် မည်မျှ၊ သင်္ဘောသားများမှာလည်းတယောက်အတွက်မည်မျှစီဟု၊ မှာစာနှင့်တကွ ပေးလေရာ၏။ထိုသို့ပေးလေရာ၌။ကပ္ပိတန်။မာလိန်။ဆလင်။ ရေကြောင်းပြဲ။လေးဦးသားတို့မှာ။သင်္ဘောသားဟု သာမညအမည်နှင့်။ သင်းဘောသားတရတွင်ပါဝင်ရန်ရှိသော်လည်း။အမည်ဝိသေသ၊ ဆုလပ်ဝိသေသ၊ အသီးအသီးထုတ်ဘော်ပြီးဖြစ်၍ သင်းဘောသားအရကိုမရနိုင်ပြီ။ ။ဤဥပမာကဲ့သို့မှတ်လေ။

## ဤကားနိယာမငါးပါး၌၊ပဒေသာဝနေနည်းကို ပြဆိုချက်တည်း။

ထိုမှတပါးလည်း။ရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊အစရှိသောအာရုံခြောက်ပါးမှာလည်း။ဓမ္မာရုံသည်အဆုံးကျ၏၊ ။စက္ခာယတန။သောတာယတန။ဃာနာယတနအစရှိသော၊ အာယတန-၁၂-ပါးမှာလည်း။ဓမ္မာယတနသည်အဆုံးကျ၏။ ။စက္ခုဓာတ်။သောတဓာတ်၊ဃာနဓာတ်အစရှိသော။ဓာတ်-၁၈-ပါးမှာလည်း၊ဓမ္မဓာတ်သည်အဆုံးကျ၏၊ ။ဤအာရုံခြောက်ပါး၊အာယတန-၁၂-ပါး ဓာတ်-၁၈-ပါးတို့နှိုက်လည်း။နိယာမငါးပါးမှာကဲ့သို့ ပဒေသာဝနေစစ်နည်းကိုသိသေ။ ။ဤမျှသောစကားရပ်တို့ဖြင့်။ဈော်ကွက်လွှာနှိုက်၊ (၁)ယခုတော့အခါ။ဓမ္မသဒ္ဒါကိုထည့်၍အသုံးပြုခြင်းကြောင့်၊အထက်နိယာမလေးပါးလည်း၊ ဓမ္မနိယာမနယ်တွင်းက မလွတ်နိုင်ဖြစ်နေပါသည်၊ဤကဲ့သို့နိယာမဘေဒကိုခွဲစိတ်ခြင်းသည်။ တပည့်တော်မတို့အနေဘက်နိုင်ငံက။ ဘေဒခွဲစိတ်ခြင်း နည်းဥပဒေသ မျိုးနှင့်၊ဖြောင့်ဖြောင့်ဆန့်ကျင်ယောင် ဖြစ်နေပါသည် ဟူသောဈော်ကွက်ချက်၌အဖြေပြီး၏။

www.dhammaransi.com



ဤဠ်သာဓကပါဠိတော်ကိုလည်း။အနည်းငယ်
ထည့်လိုက်ဦးအံ့။

အာယတနံ။ယမိုက်ပါဠိတော်၌။ ။စက္ခုစက္ခာယတနန္တိ။စက္ခု
ယတနဋ္ဌပေတွာ။ အဝသေသော စက္ခု။ စက္ခု နစက္ခု ယတနံ။
စက္ခုယတနံစက္ခုဥစေဝ။စက္ခုယတနဥ္စစက္ခုယတနံ။ စက္ခုတိအာ
မန္တာ။ ။ဓာတုယမိုက်ပါဠိတော်၌လည်း။ ။စက္ခုစက္ခုဓာတု
တိ။ စက္ခုဓာတုံဌပေတွာ၊ အဝသေသောစက္ခုစက္ခု။နစက္ခုဓာတု။
စက္ခုဓာတုစက္ခုစေဝ။ စက္ခုဓာတုစ။စက္ခုဓာတုစက္ခုတိအာမန္တာ။
ဟူ၍ဟောတော်မူ၏၊ဤမှနောက်၌ (၂) စက္ခုသဒ္ဒါကိုပယ်ထား၍၊
သေသနိယာမ။ သို့မဟုတ်။ ပကိဏ္ဏကနိယာမဟု ခေါ်ဝေါ်သုံးစွဲ
သင့်ပါသည်ဟူသောလျှောက်ချက်အဖြေကား။ ။သေသနိယာ
မဟုဆိုခြင်းသည်၊ရှေးနိယာမလေးပါးနှင့် မရောရှက်ရုံမျှသာ အ
နက်ရှိသည်၊ ပကိဏ္ဏကနိယာမဆိုခဲ့လျှင်။ရှေးနိယာမလေးပါးတို့
နှင့်လည်းမရောရှက်။ ဗုဒ္ဓနိယာမအစရှိသောနိယာမအမျိုးမျိုးကို
လည်း ထုတ်ဘော်နိုင်ရန် အခွင့်ရှိ၏၊ သို့သော်။ ဗုဒ္ဓဘာသာ၌။
စက္ခုသဒ္ဒါသည် အလွန်အရေး ကြီး၏။ ။စက္ခုသဒ္ဒါ၏ အနက်
အဓိပ္ပါယ် အရေး အခွင့်သည် အလွန်ကြီးကျယ်၏။ အဘယ်သို့
ကြီးကျယ်သနည်းဟူမူကား။ကမ္ဘာပေါ်၌ရှိနေကြသော။ ဉာဏရ
ကုန္ဒြိယ။ပြဟ္မကုန္ဒြိယ။ သဗ္ဗညုဒ္ဒိယ အစရှိကုန်သော၊ ခပ်သိမ်း
သောဒြိယတို့ကို။ ဤစက္ခုသဒ္ဒါဖြင့် ပင်လျှင်။ တွန်းလှန် ပယ်ဖျက်မှု
အရေးအခွင့်ကြီးသည်အလွန်ကြီးကျယ်၏၊ ။အဘိဓမ္မာချုပ်
ကျမ်းကြီးသည်။ စက္ခုသဒ္ဒါ၏ အနက်သက်သက်ဖြစ်၏။ အထူး
အားဖြင့်။ ဤနိယာမတရားငါးပါးကို။ အဋ္ဌကထာဆရာထုတ်ပြ
ခြင်းသည်။ဉာဏရကုန္ဒြိယ။ ပြဟ္မကုန္ဒြိယတို့ကို တွန်းလှန်ပယ်ဖျက်
ခြင်းငှါထုတ်ပြခြင်းဖြစ်၏၊ တွန်းလှန်ပယ်ဖျက်ပုံကိုနောက်၌ဘော်
ပြလတံ့။ ။ဤအရာ၌။ ဉာဏရခေါ်သော မဟာ ပြဟ္မာကြီး၏
တန်ခိုး၏ဆိုင်ရာနှင့်။နိယာမတရားတို့၏ဆိုင်ရာ၊ ခြားနားချက်ကို

www.dhammaransi.com



ပြဆိုရာ၏။ ။ထိုမဟာ ဗြဟ္မာကြီးသည်၊ မိမိနေရာ၌ နေ၍အထောင်မကသော လောကဓာတ်တို့ကို၊ ကိုယ်ရောင်ကိုယ်ဝါဖြင့်ထွန်းလင်းစေနိုင်၏၊ ထိုလောကဓာတ်တို့၌ရှိသောအဆင်းတို့ကိုလည်းမြင်နိုင်၏။ အသံတို့ကိုလည်းကြားနိုင်၏၊ ကိုယ်တိုင်သွားလိုလျှင်၊အလိုရှိရာလောကဓာတ်သို့ခဏခြင်းရောက်အောင် သွားနိုင်၏၊ခဏခြင်းပြန်လာနိုင်၏။ ထိုလောကဓာတ်၌ ရှိသော၊လူအပေါင်း နတ်အပေါင်းတို့၏ စိတ်ကို သိလိုလျှင် သိနိုင်၏။ တန်ခိုးဘန်ဆင်းရာ၌မူကား၊သတ္တဝါကိုဘန်ဆင်းသည်ရှိသော်။ သတ္တဝါအတုအယောင်ကိုသာ။ ဆင်တထောင် မြင်းတထောင်အစရှိသည်ဖြင့်ဘန်ဆင်းနိုင်၏၊သတ္တဝါအစစ်ကိုမူကား။ သန်းကောင်ငယ်တခု။သန်းဥတလုံးကိုမျှမဘန်ဆင်းနိုင်။ ။သစ်ပင်ဥယျာဉ်တို့ကိုဘန်ဆင်းသည်ရှိသော်၊ သစ်ပင်အတုအယောင်၊ဥယျာဉ်အတုအယောင်၊ အထောင် အသောင်းမက ဘန်ဆင်း နိုင်၏။ သစ်ပင်အစစ်ကိုမူကား။ မြက်ပင်ငယ်တခုကိုမျှမဘန်ဆင်းနိုင်၊ အဘယ်ကြောင့်နည်းဆိုသော်၊သတ္တဝါအစစ်ဖြစ်ပေါ်မှုများသည် တန်ခိုး၏ဆိုင်ရာမဟုတ်၊ ကမ္မနိယာမ၊ ဗီဇနိယာမတို့၏ ဆိုင်ရာဖြစ်ပေသောကြောင့်တည်း၊အတုအယောင် မည်သည်လည်း၊ ကာလ အရှည် တည်နိုင်သည်မဟုတ်၊ မကြာမီ ကွယ်ပျောက်၍ကုန်မြဲပေဘည်း။ ဥတုနိယာမ အရာ၌လည်း။ နွေဥတု၊ရိုးယာ်းဥတု။ ဆောင်းဥတု၊ အစဉ်အဆက်သည်။တန်ခိုး၏ဆိုင်မဟုတ် ဥတုနိယာမ၏သာဆိုင်ရာဖြစ်ပေ၏။

ဓမ္မနိယာမဘာရာ၌လည်း၊ထိုဗြဟ္မာကြီးသည်။လူသတ္တဝါတို့ကိုယခုဘဝတွင်။မိမိနေရာအထက်ကောင်းကင် ဘုံကြီးသို့တင်လိုလျှင်၊ လူပေါင်း ထောင်သောင်း များစွာကိုပင် တင်နိုင်၏။ ထိုဘုံ၌နေကြသောလူတို့ကိုမူကား၊ မအိုရအောင် မတတ်နိုင်၊ မသေရအောင်မတတ်နိုင်။ သေကြ ပြန်လျှင်လည်း။ အောက်ဘုံအောက်ဘဝ၊အပါယ်ဘုံ အပါယ်ဘဝသို့မကျရအောင် မတတ်

www.dhammaransi.com



နိုင်။အဘယ်ကြောင့်နည်းဆိုသော်၊ ထိုလူအပေါင်းတို့၏ သန္တာန်၌ရှိသော။ရုပ်, နာမ်, ခန္ဓာတို့သည်။ ဇာတိ,ဇရာ,မရဏ,ဟူသော။ ဓမ္မနိယာမ တရားကြီးသုံးပါးကို မလွန်နိုင် သောကြောင့်တည်း။ ထိုဗြဟ္မာကြီးသည် လူသတ္တဝါတို့ကို၊ သေကြသည်၏အခြားမဲ့၌။ ကောင်းကင်ဘုံ ကြီးသို့ ရောက်အောင် မတတ် နိုင်။ အဘယ့်ကြောင့်နည်းဆိုသော်။သတ္တဝါတို့သေသည်၏အခြားမဲ့၌။ဘဝအသစ်ဖြစ်ပေါ်မှုသည်။ တန်ခိုး၏ဆိုင်ရာမဟုတ်။ ကမ္မာနိယာမ၏ဆိုင်ရာဖြစ်သောကြောင့်တည်း။

လောက၌။အကြင်သူသည်။ကြက်ဥ။ဘဲဥ။ကြက်ကောင်၊ ဘဲကောင်အစရှိသောတိရစ္ဆာန်တို့ကိုလည်း။ နေ့စဉ်သတ်၍စားကြ၏၊သေရည်သေရက်တို့ကိုလည်း။အမြဲသောက်ကြ၏။ဘုရားရှိခိုးကျောင်းကိုလည်းနေ့စဉ်သွား၍ရှိခိုးကြ၏။ဆုတောင်း၏။ ဗြဟ္မာမင်းကြီးသည်၊ ထိုသူကိုသေသည်၏ အခြားမဲ့၌။ အပါယ်သို့မကျရအောင်။ ဘယ်လိုနည်းနှင့်မှမ တတ်နိုင်။ အဘယ့် ကြောင့်နည်းဆိုသော်၊တန်ခိုး၏ဆိုင်ရာမဟုတ်။ ကမ္မာနိယာမ၏ဆိုင်ရာဖြစ်သောကြောင့်တည်း။ ။အကြင် သူသည်။ ဇူသရကုဋ္ဌ။ ဗြဟ္မာကုဋ္ဌအယူကိုမယူမူ၍၊ ကမ္မဝါဒီအယူကိုသာ ခိုင်မြဲစွာယူပြီးလျှင်။ ဒုစရိုက်တရားတို့ကိုရှောင်ကြဉ်၍။ ဒါန,သီလ, ဘာဝနာအစရှိသော သုစရိုက်တရားကိုကိုအမြဲအားထုတ်၏။ သေသည်၏အခြားမဲ့၌။ထိုသူကိုဗြဟ္မာကြီးသည် အထက် ကောင်းကင်ဘုံသို့မလာရအောင်မတားဆီးနိုင်။ အကြောင်းကိုဆိုမြဲဆိုလေ။ ထိုဗြဟ္မာကြီးသည်။နိယာမတရားတို့၏ဆိုင်ရာသို့ကျလျှင်။ သူတပါးတို့ကိုကယ်နိုင်မည်ဝေးလေစွ။မိမိကိုယ်ကိုမျှ၊ မိမိမကယ်နိုင်ချေ။

ဤတွင်၍ကား။တန်ခိုး၏ဆိုင်ရာနှင့်နိယာမတရားတို့၏
ဆိုင်ရာခြင်း။ခြားနားချက်ကိုအမြွက်မျှပြဆိုချက်ပြီး၏။

ယခုအခါဠာသာရကုဏ္ဍဒိဋ္ဌိ။ဗြဟ္မကုဏ္ဍဒိဋ္ဌိနှစ်ပါးတို့ကိုတွန်းလှန်ပယ်ဖျက်ပုံကိုပြဆိုရာ၏။ ။လောက၌။အကြင်လူမျိုးတို့သည်။ကမ္ဘာဆိုလျှင်ယခုရှိနေသော ဤကမ္ဘာကြီးတခုသာ ရှိသည်ဟုမှတ်ယူကြကုန်၏။ရှေး၌လည်းကမ္ဘာကြီး အဆက်ဆက်ရှိသည်ကိုမသိကြကုန်။နောက်၌လည်းကမ္ဘာကြီး အဆက်ဆက်ရှိသည်ဟုအယူမရှိကြကုန်။ ယခုရှိသော ကမ္ဘာကြီးမှာသည်း။ အစက။ အဆုံးသည်ရှိရာ၏ဟု ယူကြကုန်ပြီးလျှင်။ အစ၌ကမ္ဘာ ဖြစ်ပေါ်ရန်အကြောင်းကို ရှာကြံမရရှိနေကြသည့်အတွင်း။ ဤသို့အကြံပေါက်ကြကုန်၏။လောကနိုက်။ တိုက်အိမ်ရှိသည်ကို မြင်ကြသဖြင့်။တိုက်အိမ်ဆောက်လုပ်သူရှိသည်ကို အမှန်သိနိုင်သကဲ့သို့။ ဤယခုကမ္ဘာကြီး ရှိနေသည်ကို တွေ့မြင်ကြသဖြင့်။ ကမ္ဘာကို ဖန်ဆင်းသောသူရှိသည်ကို။ အမှန်သိနိုင်၏ဟု အကြံပေါက်ပြီးလျှင်။ ဠာသယရကုဏ္ဍအယူ။ ဗြဟ္မကုဏ္ဍအယူကို ခိုင်မြဲစွာ ယူကြကုန်၏။

ဗုဒ္ဓဘာသာ၌မူကား။ဤယခုရှိသောကမ္ဘာကြီးမှ။ ရှေး၌လည်းကမ္ဘာကြီးအဆက်ဆက်တွေအသေ်္ချအနန္တ အဆုံးမရှိဖြစ်းပွါး၍သွားသကာံ။တခုခုသောကမ္ဘာကြီး၌လည်း။ အစလည်းရှိသည် အဆုံးလည်းရှိသည်ဟုဟောတော်မူ၏။ကမ္ဘာ၏ဖြစ်ပေါ်ကြောင်းဖြစ်သောနိယာမ တရားမျိုးသည်လည်း။ အစမရှိ။ အဆုံးမရှိ။ အစဉ်အဆက်တည်ရှိနေ၏။ ထိုကြောင့်ယခုရှိနေသောကမ္ဘာကြီး၏အစ၌။ဠာသရကုဏ္ဍအကြံ။ ဗြဟ္မကုဏ္ဍအကြံကို ကြံယူဘွယ်မရှိသေပြီ၊

ဤတွင်၍ကား။ဠာသရကုဏ္ဍဒိဋ္ဌိ။ဗြဟ္မကုဏ္ဍဒိဋ္ဌိနှစ်ပါးတို့ကို
တွန်းလှန်ပယ်ဖျက်ချက်ပြီး၏။

---

ဤအကြောင်းကိုလည်း။ ဆရာတော်စီရင်သော နိယာမဒီပနီကျမ်းမှာသုံးလောက်စွာ ပါရှိသေပြီ။ ။နိယာမ တရားငါးပါးတို့

www.dhammaransi.com



တွင်လည်း။ ဓမ္မနိယာမသည်၊ အရေးအရာအကြီးကျယ်ဆုံးဖြစ်၏။ ။ဒီဃနိကာယ်ပါထေယျဝဂ်၊ စက္ကဝတ္တိသုတ်ကြီး။အဂ္ဂညသုတ်ကြီးများသည်၊ ဓမ္မနိယာမ၏အရာဖြစ်၏။ထိုသုတ်ကြီး၌ ကုသလဓမ္မ၊အကုသလဓမ္မတို့ အတွက် အသက်အသင်္ချေ တမ်းမှသည်။ဆယ်နှစ်တမ်းတိုင်အောင်၊ တဖန်ဆယ်နှစ်တမ်းမှ သည် အသက်အသင်္ချေတမ်းတိုင်အောင်၊ ဆုတ်ချည်တက်ချည်အစဉ်လည်၍နေသော နိယမကြီးသည် လာရှိ၏။ ထိုမှတပါးလည်း၊ ဤဓမ္မနိယာမ အချက်သည်၊ ပိဋကတ်တော်တို့၌ များစွာလာရှိသေး၏၊အဘိဓမ္မာဝိဘင်းပါဠိတော်၊ဓမ္မဟဒယဝိဘင်း၌ရှင်း၊ အဋ္ဌကအင်္ဂုတ္တိုရ် ပါဠိတော်-ဥပေါသထ သုတ်တို့၌ရှင်း၊ နတ်ပြည်ခြောက်ထပ်—ဗြဟ္မာ-၂၀-တို့၌အာယုကပ္ပနိယာမတွေကို၊အသေအချာဟောတော်မူ၏။ဘာသာတပါးတို့၌မကြားဘူးကြသော ဓမ္မနိယာမတရားမျိုးပင်ဖြစ်၏။ အာယုကပ္ပနိယာမ ဟူ၍လည်းဆိုအပ်၏။ ။ကမ္မနိယာမနှင့်လည်းလျော်၏။

ဗုဒ္ဓနိယာမတပါးတိုး၍၊ နိယာမခြောက်ပါးထားမည်ဆိုလျှင်၊ သင့်ပါမည်လောဟူသောပုစ္ဆာ၌။ ။သင့်ပါ၏။အရေးအလွန်ကြီးလှသောဗုဒ္ဓ၏အံ့ဩဖွယ်ကြီးတမျိုး။အသီးအခြား ထင်ရှားပေရာ၏၊ ဆရာတော်သည်လည်း သုတ္တ နိပါတ်ပါဠိတော် မဟာဝဂ်ဝါသေဋ္ဌသုတ်၌လာသော၊ ဇာတိ နိယာမ တပါးတိုး၍ နိယာမခြောက်ပါးထားခွင့်ရှိသည်ကို၊ နိယာမဒီပနီစာအုပ်မှာရေးလိုက်ပေ၏။အကြောင်းမူကား၊ထိုသုတ်၌လာသော၊တိရစ္ဆာန်သတ္တဝါတို့၏ဇာတိနိယာမသည်၊ဗီဇနိယာမ၊ ကမ္မနိယာမတို့မှအသီးအခြားကဲ့သို့ဖြစ်၏၊ဗုဒ္ဓနိယာမဆိုရာမှာလည်း၊ ကမ္ဘာတိုင်းကမ္ဘာတိုင်း၊ဘုရားဖြစ်ခြင်းကိုမဆိုနိုင်၊ဘုရားဖြစ်ပေါ်သောကမ္ဘာသည်အလွန်တရာနည်းပါးလှ၏၊တဆူသောဘုရား၏ အထံ၌ရှေးဦးစွာနိယတဗျာဒိတ်ကိုခံယူသောအခါမှစ၍၊ ပရိနိဗ္ဗာန်စံယူသည်တိုင်အောင်အသင်္ချေများစွာကာလအတွင်း၌၊ အကြောင်းအားလျော်

www.dhammaransi.com



စွာဖြစ်ပေါ် လာသောလောကဓာတ်တသောင်းတုန်လှုပ်ခြင်းအစ ရှိသော၊ အစ္ဆရိယအဗ္ဘုတဓမ္မတို့၏ဖြစ်ခြင်းကို။ ဓမ္မနိယာမဟု ဆိုရလိမ့်မည်။ ထိုအစ္ဆရိယအဗ္ဘုတဓမ္မတို့၏ဖြစ်ခြင်းသည်ဓမ္မ ဝင်ပါဠိတော်တွင်။ သုံးမေ့ခါရသေ့ဗျာဒိတ်ခံခန်း၌များစွာလာရှိ၏။ ထို၌လာသောအစ္ဆရိယအဗ္ဘုတဓမ္မများသည်။ ပစ္ဆိမဘဝတွင် ပဋိသန္ဓေယူသောအခါ၌၎င်း။ ဘွားမြင်တော် မူသောအခါ၌၎င်း။ ဓမ္မစကြာ ဟောတော်မူသောအခါ၌၎င်း။ အာယု သင်္ခါရလွှတ် တော်မူသောအခါ၌၎င်း။ပရိနိဗ္ဗာန်စံတော်မူသောအခါ၌၎င်း၊ ဖြစ် ပေါ်မြဲဓမ္မတာဟုအဋ္ဌကထာတို့၌ဆို၏။ဒီဃနိကာယ်မဟာဝါ ပါဠိ တော်–မဟာပဒါနသုတ်၌ဓမ္မတာဟူသော အမည်နှင့် လာသော နိယာမမျိုးလည်းရှိသေး၏၊ ထိုနိယာမဓမ္မမျိုးကိုပင်လျှင်။မဇ္ဈိမ နိကာယ်ဥပရိပဏ္ဏာသပါဠိတော်။ တတိယဝဂ်တတိယသုတ်၌။ အစ္ဆရိယအဗ္ဘုတဓမ္မဟုလာ၏။အဋ္ဌကထာတို့၌မူကား။ထိုအစ္ဆ ရိယအဗ္ဘုတဓမ္မတို့ကိုဓမ္မနိယာမ၌ဘော်ပြ၏၊ ဓမ္မနိယာမကိုအ သီးထုတ်ဆိုခဲ့သော်။သာဝကနိယာမကိုလည်း အသီးထုတ်ဆို ခွင့်လျှောက်ပြန်၏။ ။သာဝကနိယာမဆိုသည်ကား။အနမတဂ္ဂ သံသရာ၌။ ဂင်္ဂါမြစ်ထဲတွင်။ သဲလုံးအရေအတွက်မျှမက။ဖြစ် ပွင့်တော်မူကြကုန်သောဗုဒ္ဓမြတ်စွာအပေါင်းတို့တွင်။တဆူတဆူ သောဗုဒ္ဓမြတ်စွာ၏ ဗုဒ္ဓဘာသာ သာသနာ၌၊ အကျွတ်တရားကို ရကြသော၊လူသာဝကအပေါင်း။ နတ်သာဝကအပေါင်း၊ဗြဟ္မာ သာဝကအပေါင်းတို့၏သီလနိယာမစသည်ကို၊ သာဝကနိယာမ ဆိုပေသတည်း။ ။ဤအရာ၌ပုထုဇ္ဇနဘူမိ။ပုထုဇ္ဇနဂတိကို ရှေး ဦးစွာပြဆိုရာ၏၊ပုထုဇ္ဇနဘူမိဆိုသည်ကား။ အဏ္ဏဝိမ္ဗကုိုခုင်မြဲစွာ ယူလျက်ရှိကြသဖြင့်၊ ကိလေသာတို့၏ ထက်သန်ခြင်း။ဒုစရိုက် ကံတို့၏များပြားခြင်း။အပါယ်လေးပါးတံခါး ဟင်းလင်းပွင့်လျက် ရှိနေခြင်းသည်၊ပုထုဇ္ဇနဘူမိမည်၏။ ။ထိုတွင်ကိလေသာတို့၏ ထက်သန်ခြင်းဆိုသည်ကား၊ မာတုဃာတကကံ၊ပိတုဃာတက

www.dhammaransi.com



ကံ၊ အစရှိသော။အနန္တရိယကံကြီးကိုပြုနိုင်ခြင်း။နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ။အကြိယဒိဋ္ဌိတည်းဟူသော။နိယတဒိဋ္ဌိကြီးများကိုယူနိုင်ခြင်းတည်း။ဒုစရိုက်ကံတို့၏များပြားခြင်းဆိုသည်ကား။ တဦးတယောက်သောပုထုဇဉ်ပုဂ္ဂိုလ်၏သန္တာန်၌၊ ဒုစရိုက်ကံဟောင်းအနန္တတို့သည်လည်းအမြဲဝန်းဝိုင်းလျက်ရှိနေ၏။ အဘယ်သို့ရှိနေသနည်းဟူမူကား။ မနုဿတ္တဒုလ္လဘံကိုထောက်၍။ သံသရာ၌ကျင်လည်၍နေသော။ ပုထုဇဉ်သတ္တဝါမှာ။ အပါယ်၌ ဘဝအပေါင်းအသိန်းများစွာရှိမှ။ လူ့ဘဝကိုတကြိမ်တခါမျှရနိုင်၏။ အပါယ်၌ဘဝပေါင်းများစွာရှိမှ နတ်ကောင်းနတ်မြတ် ဘဝကိုတကြိမ်တခါမျှရနိုင်၏။ အပါယ်ဘဝတွေများပြားသမျှသည်လည်း။ ဒုစရိုက်ကံဟောင်းတွေများပြားရန်အခွင့်ကြီးဖြစ်၏၊ ထိုဒုစရိုက်ကံဟောင်းတွေလည်းအသင့်အနန္တရှိခဲ့ပြီ။အပါယ်၌ အကျိုးပေးခွင့်မရသေး၍။အတ္တဒိဋ္ဌိ၌တွယ်တာပြီးလျှင်၊အကျိုးပေးရန်အခွင့်ရသောအခါ၌။အကျိုးပေးခြင်းငှာ။ပုထုဇဉ်၏သန္တာန်မှာ။ အတ္တဒိဋ္ဌိရှိနေသမျှကာလပတ်လုံး။ နောင်အသစ်အသစ် ဖြစ်လတ္တံ့သောဒုစရိုက်ကံတွေ အနန္တလည်းရှိနေ၏၊ ထိုပုထုဇဉ် သန္တာန်မှာကုသိုလ်ကံလည်းရှိ၏။သို့သော်ကုသိုလ်ကံသည်။ လက်ဆုပ်ထဲမှာရှိသော သဲလုံးအရေအတွက် ကဲ့သို့နဲပါး၏။ အကုသိုလ်ကံသည်မူကား၊ဂင်္ဂါမြစ်ထဲမှာ သဲလုံးအရေအတွက် ကဲ့သို့အလွန်များပြား၏။ ဤကားတဦးတယောက်သော ပုထုဇဉ် သန္တာန်မှာ။ အတ္တဒိဋ္ဌိရှိနေသည့်အတွက်-ဒုစရိုက်ကံတို့၏များပြားပုံတည်း။

အပါယ်လေးပါးတံခါးဟင်းလင်းပွင့်လျက်ရှိနေခြင်းဆိုသည်ကား။ပုထုဇဉ်သတ္တဝါသည်။ လူအဖြစ်၌ တည်နေသော်လည်း။ အတ္တဒိဋ္ဌိနှင့်တကွ။ဒုစရိုက်တွေ အသင့်အနန္တပါရှိနေသည့်အတွက်။အပါယ်လေးပါးသို့သာ ကိုင်းရှိုင်းလျက်ရှိနေ၏၊ ပုထုဇဉ်သတ္တဝါမည်သည်၊လူ့ဘုံလူ့ဘဝကသေလွန်လျှင်။အပါယ်လေးပါးသို့ကျရောက်သူအလွန်များကုန်၏၊ ထိုထိုနတ်ဘုံနတ်ဘဝတို့မှသေလွန်လျှင်လည်း။ အပါယ်လေးပါးသို့ ကျရောက်သူအလွန်

www.dhammaransi.com



များကုန်၏၊ဗြဟ္မာဘုံ ဗြဟ္မာဘဝတို့မှသေလွန်ကြလျှင်လည်း၊အာ ဆင့်ဆင့်အားဖြင့်၊အပါယ်လေးပါးသို့ ကျရောက်သူ အလွန်များ ကုန်၏၊အလွန်များကြောင်းကိုလည်း၊သံယုတ္တနိကာယ်-မဟာဝဂ္ဂ သံယုတ်၊ ပဉ္စမအာမက ဓညပေယျာလဝဂ်၊ နခသိခသုတ်တို့၌ ဟောတော်မူ၏၊အပါယ်လေးပါးသို့ တကြိမ်ကျရောက် ပြန်လျှင် လည်း၊လူ့ဘုံလူ့ဘဝသို့ပြန်လာနိုင်ရန်အလွန်ခဲယဉ်း၏၊အပါယ် လေးပါးနှိက်၊ဘဝပေါင်းအသိန်းများစွာကျပြီးမှ၊ တကြိမ်တခါမျှ လူ့ဘုံလူ့ဘဝသို့ပြန်ခွင့်ရနိုင်၏၊ဤအကြောင်းကိုလည်း၊ မဇ္ဈိမ နိကာယ် ဥပရိ ပဏ္ဏာသ=ဗါလ ပဏ္ဍိတသုတ်၊ သုညတဝဂ် နှိက်၊ ၊သေယျထာပိဘိက္ခဝေ ပုရိသော ဧကစ္ဆိဂ္ဂလံယုဂံ မဟာသမုဒ္ဒေ ပက္ခိပေယျ—အစရှိသည်ဖြင့်ဟောတော်မူ၏။

ဤတွင်၍ကား၊အနမတဂ္ဂသံသရာ၌၊ကျင်လည်၍နေကြကုန် သောပုထုဇန်သတ္တဝါတို့၏ဂတိလေးပါးကို ပြဆိုချက် ပြီး၏။

---

ယခုအခါ သာဝကနိယာမကိုပြဆိုရာ၏၊ ဗုဒ္ဓမြတ်စွာလက် ထက်တော်နှိက်၊သုညတဓမ္မဒေသနာမျိုးကိုကြားနာကြကုန်၍အ မြစ်အရင်းနှင့်တကွအတ္တဒိဋ္ဌိ ကြီး ကျွတ်လွတ်သည်နှင့်တပြိုင်နက်၊ ပရမတ္ထအရိယာအဖြစ်သို့ ရောက်ကြကုန်သဖြင့်၊ ခပ်သိမ်းသော မိစ္ဆာဒိဋ္ဌိတို့၏ချုပ်ငြိမ်းခြင်း၊ ခပ်သိမ်းသောဒုစရိုက်ကံဟောင်း အနန္တတို့၏အကုန်ချုပ်ငြိမ်းခြင်း၊ ခပ်သိမ်းသောဒုစရိုက်ကံသစ် တို့၏ အကုန်ချုပ်ညြိမ်းခြင်း၊ ခပ်သိမ်းသောအပါယ်ဘဝအနန္တ တို့၏အကုန်ချုပ်ညြိမ်းခြင်းသည်သာဝကနိယာမဘူမိမည်၏။

ထိုဘုံသို့ရောက်ကြသောလူသာဝက၊ နတ်သာဝက၊ဗြဟ္မာ သာဝကများသည်၊နောက်ဘဝ၊နောက်သံသရာတို့နှိက် ကောင်း မြတ်သော၊လူ့ဘုံလူ့ဘဝ၊ကောင်းမြတ်သော နတ်ဘုံနတ်ဘဝ

www.dhammaransi.com



ကောင်းမြတ်သောဗြဟ္မာ့ဘုံဗြဟ္မာ့ဘဝတို့၌သာ ကျင်လည်ကြရကုန်တော့သည်။ထိုသူတို့မှာ၊လွတ်ငြိမ်းလေပြီးသောဒုက္ခနှင့် နှိုင်းစာသော်၊ကျန်ရှိသောဒုက္ခသည်အလွန်နည်းပါး၏။ ဤအကြောင်းကိုလည်းသံယုတ္တနိကာယ်၊မဟာဝဂ္ဂသံယုတ်အဘိသမယဝဂ်၌ဟောတော်မူ၏။ ။ငါတို့ဗုဒ္ဓမြတ်စွာလက်ထက်တော်၌၊ဤကဲ့သို့အကျွတ်တရားကိုရကြကုန်သောလူသာဝကအပေါင်း၊နတ်သာဝကအပေါင်း။ဗြဟ္မာသာဝကအပေါင်းတို့သည်၊အဘယ်မျှများပြားကြသနည်း ဆိုသော်-မိလိန္ဒပဉှာကျမ်း။ နဝမဝဂ်-ဓာတင်ပဉှာ၌၊ကျွတ်သူပေါင်းတဆဲ့သုံးအသင်္ချေ၊ကုဋေသုံးရာ။ သုံးဆဲ့ခုနစ်၊အစွန်းခြောက်သန်း,ငါးသိန်းခြောက်သောင်းသာရှိ၏။ ဤမိလိန္ဒပဉှာကျမ်း၌။ဂဏနပထမတိတာနံ-ဒေဝတာနံ,ဟူ၍၎င်း၊အပရိ မာဏာဒေဝတာယော,ဟူ၍၎င်း။လာရာတို့၌။အသင်္ချေအရေအတွက်ကိုမှတ်သူရ၏။ဤကျမ်း၌သောင်းဂဏန်းမှအထက်။ ကျွတ်ကိန်းကြီးများကိုသာပြဆို၏။ဆယ်,ရာ,ထောင်,ကျွတ်ကိန်းငယ်များ ရှိကြသေး၏။ရေတွက်နိုင်ဖွယ်ရာမှတပါး။ လူနတ်ဗြဟ္မာတို့၏ ကျွတ်ကိန်းကိုသာပြဆို၏။ရေတွက်နိုင်ဖွယ်ရာများကျွတ်ကိန်းကျန်ရှိသေး၏။ ဗုဒ္ဓမြတ်စွာလက်ထက်တော်၌။ကျွတ်ကိန်းကြီးတို့ကိုပြဆို၏။ ဗုဒ္ဓ မြတ်စွာပရိနိဗ္ဗာန်စံလွန်ပြီးနောက်။ကျွတ်ကိန်းကြီးတွေများစွာကျန်ရှိသေး၏။အဋ္ဌကထာတို့၌မူကား။ကျန်ရှိသောကျွတ်ကိန်းတွေပါ အကုန်သိမ်းကြုံး၍၊နှစ်ဆယ့်လေးသင်္ချေနှင့်ကုဋေခြောက်ဆယ်အစွန်းတသိန်းဟူ၍ဆိုကြကုန်၏။ဤသို့လာသောကျွတ်တမ်းအရေအတွက်မှာလည်း။လူသတ္တဝါအရေအတွက်အလွန်နည်းပါး၏။နတ်ဗြဟ္မာအရေအတွက်အလွန်များပြား၏။အကြောင်းမူကား။ လူသတ္တဝါကျွတ်တမ်းသည်။ငါတို့လောကဓာတ်တခု၌သာပါဝင်နိုင်၏။ ငါတို့လောကဓာတ်တွင်းမှာလည်း။ ဇမ္ဗူဒိပ်ကျွန်း၌သာပါဝင်နိုင်၏။ဇမ္ဗူဒိပ်ကျွန်းတွင်မှာလည်း။မဇ္ဈိမနယ်ပယ်တို့၌သာပါဝင်နိုင်၏။နတ်ဗြဟ္မာတို့ကျွတ်တမ်းမှာမူကား။ဤငါတို့လောကဓာတ်ကို အလယ်ထား၍အရပ်ရှစ်မျက်နှာတို့၌ပတ်လည်ဝိုင်းရံကာတည်ရှိကြ

www.dhammaransi.com



ကုန်သောလောကဓာတ်တို့သည်၊ငါတို့ လောကဓာတ်နှင့် တကွ။ လောကဓာတ်ပေါင်းတသောင်းအရေအတွက်ရှိကြကုန်၏၊ တခုခု သောလောကဓါတ်မှာလည်းနတ်ဘုံကြီးခြောက်ဘုံစီရှိကြရကား။ လောကဓာတ်တသောင်းမှာနတ်ဘုံကြီးခြောက်သောင်း။တခုခုလော လောကဓာတ်မှာဗြဟ္မာဘုံကြီးနှစ်ဆယ်စီရှိနေကြရကား။လောက ဓာတ်တသောင်းမှာဗြဟ္မာဘုံကြီးပေါင်းနှစ်သိန်းရှိ၏၊ ဤအလုံးစုံ သောနတ်ဘုံဗြဟ္မာဘုံအရသည်။တခုသောဇာတိခေတ်မည်၏။ ဇာ တိခေတ်လည်းမည်၏။ဤလောကဓာတ်တသောင်းအတွင်း၌ ရှိနေ ကြကုန်သော။နတ်သိကြားဗြဟ္မာတို့သည်၊လူ့ဘုံလူလောက၌။ဗုဒ္ဓ မြတ်စွာဖြစ်ပေါ်ရန်အရေးကိုကြောင့်ကြစိုက်ကြမြဲ ကမ္ဘာအရိုးအ စဉ်ကြီးရှိနေကြကုန်၏။ ထိုနတ်,သိကြား,ဗြဟ္မာတို့၏ အစည်းအ ဝေးကြီးသည်။ အလောင်းတော်နတ်သားတုသိတာဘုံ၌နေစဉ်အ ခါ။ဗုဒ္ဓဘုရားဖြစ်ချိန်တိုင်ပါပြီ။လူ့ပြည်သို့သက်ဆင်း၍ ဘုရားဖြစ် တော်မူပါဟုတောင်းပန်ကြသောအဘိယာစနအစည်းအဝေးကြီး တပါး။အလောင်းတော်သူမြတ် မယ်တော်ဝမ်းမှာ ပဋိသန္ဓေယူ သောအခါ၌။ပဋိသန္ဓေအစည်းအဝေးကြီးတပါး၊ ဘွားမြင်တော်မူ သောအခါ၌။အဘိဇာတအစည်းအဝေးကြီးတပါး။ တောထွက် တော်မူသောအခါ၌။အဘိနိက္ခမနအစည်းအဝေးကြီးတပါး၊ ဗုဒ္ဓ မြတ်စွာပွင့်တော်မူသောအခါ၌။အဘိသမ္ဗောဓိအစည်းအဝေးကြီး တပါးအစရှိသည်ဖြင့်။ပရိနိဗ္ဗာနအစည်းအဝေးကြီးသို့တိုင်ရောက် အောင်အစည်းအဝေးကြီးပေါင်းများစွာရှိ၏၊ ထို့ကြောင့် ကျွတ် တမ်းဝင်ရာ၌လည်း။နတ်ဗြဟ္မာတို့၏အရေအတွက်သည်။ အလွန် များပြား၏။အသင်္ချေကျွတ်ကိန်းဟူသမျှသည်။ နတ်တို့၏ ကျွတ် ကိန်းကြီးဖြစ်၏။ကောဋိကျွတ်ကိန်းဟူသမျှသည်၊ လူနတ် ဗြဟ္မာ ကျွတ်ကိန်းဖြစ်၏၊သာဝတ္ထိပြည်နယ်အတွင်း။လူအရိယာသာဝက ပေါင်းငါးကုဋေ, ငါးသန်း,ခုနှစ်သိန်း,သုံးသောင်းအရေအတွက်ရှိ သည်ဟုမိလိန္ဒပဥှာ၌လာ၏။ရာဇဂြိုဟ်ပြည်နယ်အတွင်း၊ လူအရိ ယာသာဝကပေါင်းငါးသန်း, သုံးသိန်း, အရေအတွက်ရှိသည်ဟု

www.dhammaransi.com



လာ၏။နတ်သိကြားဗြဟ္မာတို့သည်။ လူ့ဘုံလောက၌ဗုဒ္ဓမြတ်စွာဖြစ်ပေါ်ရန်အရေးကိုကြောင့်ကြစိုက်မြဲကမ္ဘာအရှိုးအစဉ်ကြီးရှိနေကြကုန်၏ဟုဆိုရာ၌။အကြောင်းမူကား။နတ်ပြည်ဗြဟ္မာပြည်,မည်သည်။သဗ္ဗညုဗုဒ္ဓမြတ်စွာတို့ဖြစ်ရာဌာနလည်းမဟုတ်။သဗ္ဗညုဗုဒ္ဓဖြစ်ရန်ပါရမီပုညသမ္ဘာရတို့၏ ဖြည့်ရာဌာနလည်းမဟုတ်။ ပစ္စေကဗုဒ္ဓါတို့၏ဖြစ်ရာဌာနလည်းမဟုတ်၊ပစ္စေကဗုဒ္ဓါတို့၏ ဖြစ်ရန်ပါရမီပုညသမ္ဘာရတို့၏ဖြည့်ရာဌာနလည်းမဟုတ်။သဗ္ဗညုဗုဒ္ဓမြတ်စွာတို့၏ကိုယ်စားလှယ်ကိုယ်စား။တပည့်သားသမီးတော်တို့၏ဖြစ်ရာဌာနလည်းမဟုတ်။ထိုနတ်ဗြဟ္မာဘုံ၏နတ်ဘုံဗြဟ္မာဘုံတို့၌ဖြစ်ခြင်းသည်လည်း။လူ့ပြည်၌ပြုလုပ်အားထုတ်ခဲ့သောကုသိုလ်တို့ကြောင့်ဖြစ်ရခြင်းသာချား၏၊ ထို့ကြောင့်နတ်ပြည် ဗြဟ္မာပြည်တို့၌ သဗ္ဗညုဗုဒ္ဓဖြစ်ခြင်းမရှိ။လူ့ဘုံ၌သာသဗ္ဗညုဗုဒ္ဓ ဖြစ်ခြင်းရှိ၏။လူ့ဘုံ၌ဖြစ်ပြီးလျှင်၊လောကဓာတ်တသောင်းအတွင်းရှိသော။နတ်,သိကြား, ဗြဟ္မာအပေါင်းတို့အားလည်း၊ အကျွတ်တရားကိုပေးတော်မူနိုင်၏။ထို့ကြောင့်နတ်သိကြားဗြဟ္မာတို့သည်။ လူ့ဘုံလောက၌ဗုဒ္ဓမြတ်စွာဖြစ်ပေါ်ရန်အရေးကို၊ ကြောင့်ကြစိုက်ကြမြဲကမ္ဘာအရှိုးအစဉ်ကြီးရှိနေကြကုန်သတည်း။

သာဝကနိယာမပြီး၏။

— — ——–

၁၂၀၂ ခု။ပြာသိုလဆန်း (၇)ရက်နေ့စွဲနှင့်၊ လန်ဒန်ဒေဝီခေါ် **C. A. F. Rice Davis.** က။နိယာမအကြောင်းနှင့် နောက်ထပ်မေးလိုက်သောမေးခွန်းကို၊ ကျိုက်ထိုမြို့စံကျောင်းတော်တွင်သီတင်းသုံးနေတော်မူစဉ်။ ကျေးဖုံးရှင်-လယ်တီ ဆရာတော်ဘုရားကြီးဖြေဆိုချက်။

(၁) ဆရာတော်ဘုရားကြီးရေးသားဖြေဆိုတော်မူချက်အဦးအစ၌။ဇာသာရကုန္။ဗြဟ္မကုန္အယူဝါဒကြီးနှစ်ပါးကို။ နှိပ်နင်းပယဖျက်၍။ မိမိဂဏတိသဘောအတိုင်းတည်နေသော နိယာမစက်

www.dhammaransi.com



ကြီးသည့်သာ၊ ကမ္ဘာလောကကြီး၌ လည်လျက် ရှိနေသည်ဟု ဘော်ပြပါရှိရာတွင်။ဆရာတော်ဘုရားသည်။ ဤနိယာမစက်ကြီး မှာအစ,မရှိ၊၊ အစ,ကင်းသည်ဟု မှတ်ယူယုံကြည်တော် မူပါသ လောဟူသောအမေး၌။အဖြေကား။ ။ဤနိယာမစက်ကြီးမှာအစ, မရှိအစ,ကင်းသည်ဟုဆရာတော်မှတ်ယူယုံကြည်ပေသည်။ ။အ ကြောင်းမူကား။ဤနိယာမစက်ကြီးမှာ။ရှေး၌တပုံတခုမျှ မရှိဘူး သေးမူ၍။တစုံတခုမျှသောအခါ၌၊အစ,စွာဖြစ်ပေါ်၍ လာသည်ဟု ယူခဲ့သည်ရှိသော်။(၁)အဟေတုကဒိဋ္ဌိမှစ၍ ဒိဋ္ဌိ အမျိုးမျိုးသော် လည်းဖြစ်ပွါး၍သွားလေရာ၏၊(၂)ဣဿရနိမ္မာနဒိဋ္ဌိမှစ၍။ ဒိဋ္ဌိအ မျိုးမျိုးသော်လည်းဖြစ်ပွါး၍သွားလေရာ၏။ (၃)အဘိဓမ္မာပဋိစ္စ သမုပ္ပါဒ်ဒေသနာပဋ္ဌာန်းဒေသနာတော်များနှင့်လည်း။ ဆန့်ကျင် နေရာ၏။(၄)ဤနိယာမစက်ကြီးမှာ။အစ,မရှိ။ အစ,ကင်းသည်ဟု ယူခဲ့သော်။ထိုဒိဋ္ဌိအမျိုးမျိုးတို့မှလည်းလွတ်ကင်း၏၊အဘိဓမ္မာ ပ ဋိစ္စသမုပ္ပါဒ်ဒေသနာတော်ပဋ္ဌာန်းဒေသနာတော်ကြီးများနှင့်လည်း ညီညွတ်၏။ဤစကား၌(၁)အဟေတုကဒိဋ္ဌိမှစ၍ဒိဋ္ဌိအမျိုးမျိုးဖြစ် ပွါး၍သွားပုံကား။သံသရာလည်းအစရှိ၏။ကမ္ဘာလည်း အစ,ရှိ၏။ သတ္တဝါလည်းအစရှိ၏။နိယာမစက်ကြီးလည်း အစရှိ၏ဟု ယူခဲ့ လျှင်။ထိုအစ,သည် အသယ်သို့ဖြစ်ပေါ်သာသနည်းဟု မေးခွန်း ဆိုက်လေရာ၊အချို့သောသူတို့ကအကြောင်းမရှိ။သူ့ပကတိ သ ဘာဝအလျောက်ဖြစ်ပေါ်လာသည်ဟုယူကြကုန်၏။အဟေတုက ဒိဋ္ဌိပေတည်း ။ဤအဟေတုကဒိဋ္ဌိအယူရှိသောသူများသည်။ ယ ခုအခါသတ္တဝါတို့ဘဝအသစ်အသစ်ဖြစ်ပေါ်ကြရာ၌လည်း။ ရှေး ဘဝကပြုခဲ့ကြသော။ကံတည်းဟူသောအကြောင်းမရှိ။ သူ့ပက တိသဘာဝအလျောက်ဖြစ်ကြကုန်၏။သေကြပြန်လျှင်လည်း။ဘဝ တပါးသို့ပြောင်းသွားသည်မရှိ။သေရာတွင် ဆုံးကြတုံးကြကုန်၏ ဟုယူကြကုန်၏။ဥစ္ဆေဒဒိဋ္ဌိတည်း။ ။ဤဥစ္ဆေဒဒိဋ္ဌိအယူရှိသောသူ တို့မှါနေခံဘဝဟူ၍မရှိသောကြောင့်နေခံဘဝ၌ကောင်းကျိုးကိုပေး တတ်သောကုသိုလ်ကံဟူ၍လည်းမရှိ၊မကောင်းကျိုးကိုပေးတတ်

www.dhammaransi.com



သောအကုသိုလ်ကံဟူ၍လည်းမရှိဟု ယူကြကုန်၏။ နတ္ထိကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိများပေတည်း။ ။ဤကားသံသရာအစရှိသည်၊ကမ္ဘာအစရှိသည်၊သတ္တဝါအစရှိသည်၊နိယာမစက်ကြီးအစရှိသည်ဟုယူကြရာ၌၊အဟေတုကဒိဋ္ဌိမှစ၍ဒိဋ္ဌိအမျိုးမျိုးဖြစ်ပွါး၍သွားပုံတည်း၊ (၂)ဇာတသရနိမ္မာနဒိဋ္ဌိမှစ၍ဒိဋ္ဌိအမျိုးမျိုးဖြစ်ပွါး၍သွားပုံကား၊ ထိုအစသည်အဘယ်သို့ဖြစ်ပေါ်လာပါသနည်းဟုမေးခွင့်ဆိုက်လေရာ၊ အချို့သောသူတို့ကအကြောင်းမရှိလျှင်ဖြစ်ပေါ်နိုင်ရန်အခွင့်မရှိ၊သံသရာကမ္ဘာသတ္တဝါနိယာမစက်တို့ကိုတန်ခိုးဖြင့်ဖန်ဆင်းသောသူကေန်ရှိပြီဟုယူကြကုန်၏။ ဇာတသရနိမ္မာနဒိဋ္ဌိတည်း။ ဤဒိဋ္ဌိအယူရှိသောသူတို့မှာကမ္ဘာကိုရင်း၊ သတ္တဝါကိုရင်း၊ ဖန်ဆင်းနိုင်သောထိုသူသည်အဘယ်မျှသော တန်ခိုးကြီးလေသနည်းဟု ဆင်ခြင်ခဲ့သော်၊တန်ခိုးတော်အနန္တကြီးကျယ်လှ၏။ ထိုအနန္တတန်ခိုးတော်ဖြင့်ကမ္ဘာသတ္တဝါတို့အပေါ်၌သူအလိုရှိတိုင်း ပြုပြင်နိုင်၏။ သူ့ကိုယုံကြည်စွာရှိခိုးကိုးကွယ်ကြသည်ရှိသော်၊ ထိုသူတို့၌ရှိနေသမျှသောဒုစရိုက်အပြစ်တို့ကိုတန်ခိုးတော်ဖြင့်ပယ်ဖျောက်၍သေကြသည်မှနောက်၌၊အထက်ကောင်းကင်ဘုံသို့ပင်တင်ပို့နိုင်၏ဟုယူကြကုန်၏. သူ့ကိုမယုံကြည်မူ၍ရှိခိုးခြင်းကိုးကွယ်ခြင်းမပြုကြသောသူတို့မှာ၊ ကယ်တင်သူမရှိသည့်အတွက်သေသည်မှနောက်၌၊ သူ့ကိုမယုံကြည်ခြင်းရှိမခိုးခြင်းမကိုးကွယ်ခြင်းဟူသောဒုစရိုက်ကြောင့်၊ အပါယ်လေးပါးသို့ ကျရောက်ကြလေကုန်၏ဟုယူကြကုန်၏၊ဤအယူ၌လည်းထိုကမ္ဘာသတ္တဝါတို့ကိုဖန်ဆင်းသောသူ၏တန်ခိုးတော်မှတပါး၊သတ္တဝါကိုကယ်ဆယ်နိုင်သော ကုသိုလ်ကံဟူ၍မရှိဟုဒါန,သီလ,ဘာဝနာစသောကုသိုလ်ကံကိုတားမြစ်ပျက်ရှိ၏၊နတ္ထိကဒိဋ္ဌိ၊အကိရိယဒိဋ္ဌိမျိုးပင်တည်း။ ။ထို ကမ္ဘာသတ္တဝါကိုဖန်ဆင်းသောသူသည်မူကား၊အထက်ကောင်းကင်ဘုံကြီး၌နိစ္စထာဝရတည်ရှိ၏ ဟုယူကြကုန်၏၊ ဧကစ္စသဿတဒိဋ္ဌိကြီးပေတည်း။ ။ဤကားသံသရာအစရှိသည်၊တမ္ဘာအစရှိသည် သတ္တဝါအစရှိသည်၊နိယာမစက်ကြီးအစရှိသည်ဟု ယူကြရာ၌၊

www.dhammaransi.com



ဇ္ဈာသာရနိမ္မာနဒိဋ္ဌိမှစ၍ ဒိဋ္ဌိအမျိုးမျိုး ဖြစ်ပွါး၍သွားပုံတည်း။ (၃) အဘိဓမ္မာပဋ္ဌာနဒေသနာပဌာန်းဒေသနာတော်ကြီးများနှင့် ဆန့်ကျင်ပုံကား။ ထိုအယူ၌ကမ္မာသတ္တဝါနိယာမစက်ကြီးတို့ကို ဖန်ဆင်းသောသူသည်။ အထက်ကောင်းကင်ဘုံကြီး၌နိစ္စထာဝရ တည်ရှိ၏။ သူ့ကိုယုံကြည်စွာကိုးကွယ်ကြသောလူအပေါင်းနတ် အပေါင်းတို့သည်။ သေသည်မှနောက်၌ထိုကောင်းကင်ဘုံကြီးသို့ ရောက်ကြကုန်၍အိုခြင်း၊ နာခြင်းသေခြင်းကင်းသောနိစ္စထာဝရချမ်း သာကြီးကို ရကြကုန်၏ဟုယူ၏။ ကောင်းကင်ဘုံကြီးဆို သည် ကားဗြဟ္မာ့ဘုံကြီးကိုဆို၏။ ဗုဒ္ဓဘာသာအဘိဓမ္မာ၌မှာမူကား။ ဝိ ဘင်းပါဠိတော်တွင်။ နောက်ဆုံးဖြစ်သောဓမ္မဟဒယဝိဘင်းမျက်နှာ နံပါတ် ၃၆၂-၌။ ထိုဗြဟ္မာဘုံကြီးသည်နှစ်ဆယ် အရေအတွက်ရှိ ကြောင်း ဟောတော်မူ၏။ ထိုဘုံတို့သို့ ရောက်စေ တတ်သော အပ္ပနာဈာန်တည်းဟူသောမဟဂ္ဂုတ်ကံတို့ကိုလည်း။ အသီး အ သီးဟောတော်မူ၏။ ထိုဘုံတို့သို့ ရောက်ကြကုန်သော ဗြဟ္မာတို့ ၏အသက်တမ်းတို့ကိုလည်း ဟောတော်မူ၏။ ထိုဗြဟ္မာတို့သည် လည်းနိစ္စထာဝရမဟုတ်ကြကြောင်းမိမိတို့အသက်တမ်းကုန်လျှင် သေဆုံး၍အောက်မဟာအဝီစိငရဲတိုင်အောင်ကျရောက်လာကြရ ကြောင်းဟောတော်မူ၏။ ထိုနှစ်ဆယ်သော ကောင်းကင်ဘုံကြီး တို့တွင်နိစ္စထာဝရချမ်းသာကြီးကိုရနိုင်သောဘုံဟူ၍ တဘုံမျှမ ရှိချေ။ ထိုနှစ်ဆယ်သော ကောင်းကင်ဘုံကြီးတို့မှအလွတ်၌။ နိစ္စ ထာဝရချမ်းသာကြီးကိုရနိုင်သောကောင်းကင်ဘုံကြီးအသီးအ ခြားရှိသေးသည်ဟူ၍လည်းဟောတော်မမူချေ။ ဤသို့လျှင်ထိုအ ယူသည်အဘိဓမ္မာနှင့် ဆန့်ကျင်၏။ အဘိဓမ္မာ၌ ပဋ္ဌာနဒေ သနာပဌာန်းဒေသနာကြီးများကို ဟောတော်မူခြင်းသည် ပြဆိုခဲ့ ပြီးသောအဟေတုကဒိဋ္ဌိဇ္ဈာသရနိမ္မာနဒိဋ္ဌိကြီးတို့ကိုပယ်ရှားခြင်း ငှါဟောတော်မူပေ၏။ ထိုဒိဋ္ဌိကြီး နှစ်ပါးတို့ကို ပယ်ရှားသဖြင့် လည်း။ သံသရာသည်အစရှိ၏။ ကမ္ဘာသည်အစရှိ၏။ သတ္တဝါ သည်အစရှိ၏။ နိယာမစက်ကြီးသည်အစရှိ၏ဟုယူသော အယူ

www.dhammaransi.com



ကိုလည်းပယ်ရှားခြင်းကိစ္စပြီးလေ၏။ သံသရာသည်အစမရှိ။ ကမ္မာသည်အစမရှိ။ သတ္တဝါသည်အစမရှိ။ နိယာမစက်ကြီးသည် အစမရှိဟူသောဆုံးဖြတ်ချက်ကြီးသည်ထင်လျှားစွာပေါ်လေ၏။

ဤသို့လျှင်ထိုအယူသည်။ မဟိဋ္ဌသမုပ္ပါဒ်ဒေသနာပဋ္ဌာန်းဒေသနာတော်များနှင့်ဆန့်ကျင်၏။ (၄) ဤနိယာမစက်ကြီးမှာအစမရှိအကြောင်းသည်ဟုပြုခဲ့သော်။ ထိုဒိဋ္ဌိအမျိုးမျိုးမှလည်းလွတ်ကင်း၏။ အဘိဓမ္မာပဋိစ္စသမုပ္ပါဒ်ဒေသနာတော် ပဋ္ဌာန်းဒေသနာတော်ကြီးများနှင့်လည်းညီညွတ်၏ဟူသောစကားမှာ။ အဓိပ္ပါယ်အကျယ်ပြဆိုဘွယ်မရှိ။ သိသာထင်လျှားလှလေပြီ။ ။လောကဒွမှာမူကား။ အစရှိသည်ဟူသောအယူဘန်ဆင်းသူ ရှိသည်ဟူသော အယူကိုခိုင်မြဲစေခြင်းငှါအကြောင်းတုအကြောင်းယောင်အကြောင်းသေးအကြောင်းနုတ်တို့ကို ရှာကြံ၍ပြောဟောကြကုန်သေး၏။ ဉာဏ်ပညာမရှိသောဗာလသတ္တဝါတို့ကို မျက်စိလှည့်စားနားလှည့်စားထင်ယောင်ထင်မှားရှိကြလေအောင်သွေးဆောင်ဖြားယောင်းကြသောအကြောင်းတုအကြောင်းယောင်အကြောင်းသေးအကြောင်းနုတ်မျှသာတည်း။ ။ဤအရာနှိုက်။ စောဒနာရန်ရှိ၏။ ရှိပုံကား။ အကယ်၍သံသရာသည်အစမရှိ။ ကမ္မာသည်အစမရှိ။ သတ္တဝါသည်အစမရှိ။ နိယာမစက်ကြီးသည် အစမရှိသည် ဖြစ်ခဲ့ငြားအံ့။ ပါဠိတော်တို့နှိုက်။ ပုဗ္ဗကောဋိနပ္ပညာယတိ,ဟူ၍ ဟောတော်မူသင့်ပါသည်။ ထိုသို့ကားဟောတော်မမူ။ ပုဗ္ဗကောဋိနပညာယတိ,ဟူ၍သာ ဟောတော်မူချေသည်။ ဤသို့ ဟောတော် မူသောကြောင့်။ သံသရာ ကမ္မာသတ္တဝါ နိယာမစက်ကြီးတို့မှာ။ အစမူကားရှိပါ၏။ ရှိကြောင်းကိုလည်း။ သဗ္ဗညုတဉာဏ်ရှင်တို့ သိကြပါကုန်၏။ သို့သော်လည်း။ ထိုအစသည်။ အလွန်အဝေးကြီး ဝေးလှသည်ဖြစ်၍။ သတ္တဝါတို့ဉာဏ်တွင် ထင်နိုင်မြင်နိုင်ကောင်းသောအရာမဟုတ်သည့်အတွက်ကြောင့်။ ပုဗ္ဗကောဋိနပညာယတိ,ဟူ၍ဟောတော်မူသည်မဟုတ်ပါလောဟုမေးရန်ရှိ၏။ အဖြေကား။ ဤပုဗ္ဗကောဋိနပညာယတိ,ဟူသောစကားသည်။ ပုဗ္ဗကောဋိနတ္ထိ

www.dhammaransi.com



ဆိုသည်နှင့် အဓိပ္ပါယ်အရတူကြသည့်ပင်ဖြစ်၏။ သဒ္ဒါအနက်မျှသာကွဲကြ၏။ အဓိပ္ပါယ်အရတူကြကြောင်းကိုလည်း ဒီဃနိကာယ်သုတ်မဟာဝါမဟာနိဒါနသုတ်ပါဠိတော်ကြီးကိုထောက်၍သိအပ်၏။

အတ္ထိဣဒပ္ပစ္စယာ ဇရာမရဏန္တိ၊ ဣတိပုဋ္ဌေန သတာအာနန္ဒ အတ္ထီတိဿ ဝစနီယံ ကိံပစ္စယာ ဇရာမရဏန္တိ။ ဣတိစေဝဒေယျ ဇာတိပစ္စယာဇရာမရဏန္တိဣစ္စဿဝစနီယံ။(ပ)ဇာတိပစ္စယာ ဇရာမရဏန္တိ ဣတိခေါပနေတံ ဝုတ္တံတဒါနန္ဒ။ ဣမိနာပေတံ ပရိယာယေနဝေဒိတဗ္ဗံ။ ယထာဇာတိပစ္စယာဇရာမရဏံ။ ဇာတိစဟိ အာနန္ဒနာဘဝိဿ။(ပ)သဗ္ဗသောဇာတိယာ အသတိ ဇာတိနိရောဓာအပိနုခေါဇရာမရဏံပညာယေထာတိနောဟေတံဘန္တေ။ ၊ ၎င်းသုတ်ပါဠိတော်။စာမျက်နှာနံပါတ်—၄၂-၄၃။

အနက်ကား။ ။အာနန္ဒ။အာနန္ဒာ၊ဣဒပ္ပစ္စယာ၊ဤမည်သောအကြောင်းကြောင့်။ဇရာမရဏံ။ ဇရာမရဏမည်သည်၊ အတ္ထိ ရှိပါသလော။ဣတိ။ဤသို့။ပုဋ္ဌေန။မေးအပ်သည်။သတာ။ရှိသည်ရှိသော် အတ္ထိ။ရှိပါ၏။ဣတိ၊ဤသို့။အဿ။ ထိုမေးသောသူအား။ ဝစနီယံ။ဖြေဆိုအပ်၏။ကိံပစ္စယာ။ အဘယ်မည်သော အကြောင်းတရားကြောင့်။ဇရာမရဏံ၊ ဇရာမရဏမည်သည်။အတ္ထိ။ ရှိပါသနည်း။ဣတိ။ဤသို့။စေဝဒေယျ။အကယ်၍ဆိုငြားအံ့။ဇာတိပစ္စယာ။ဇာတိဟူသောအကြောင်းကြောင့်။ဇရာမရဏံ။ဇရာမရဏသည်။အတ္ထိ။ရှိ၏။ဣတိ။ဤသို့။အဿ။ ထိုမေးသောသူအား။ ဝနီယံ။ဖြေဆိုအပ်၏။(ပ)ဇာတိပစ္စယာ။ဇာတိဟူသောအကြောင်းကြောင့်၊ ဇရာမရဏံ။ဇရာမရဏသည်။အတ္ထိ။ရှိ၏။ ဣတိခေါ။ ဤသို့လျှင်။ဧတံ၊ ဤစကားကို။ဝုတ္တံ၊ဆိုအပ်ပြီ။အာနန္ဒ။အာနန္ဒာ။တံဧဝံ။ထိုစကားကို။ဣမိနာပိပရိယာယေန။ ဤသို့သောအကြောင်းဖြင့်လည်း။ ဝေဒိတဗ္ဗံ။သိအပ်၏။ဇာတိပစ္စယာ။ဇာတိဟူသောအကြောင်းကြောင့်။ယထာ၊ အကြင်အခြင်းအရာဖြင့်။ဇာတိပစ္စယာ။ ဇာတိဟူသောအကြောင်းကြောင့်။ဇရာမရဏံ။ ဇရာမရဏသည်။ အတ္ထိ၊ရှိ၏။တထာ၊ထိုအခြင်းအရာအားဖြင့်၊ ဝေဒိတဗ္ဗံ။ သိအပ်၏။အာနန္ဒ။

အာနန္ဒ၊ ဇာတိစ၊ ဇာတိသည်၊ နဘဝိဿ၊ မရှိငြားအံ့၊ ပ၊ သဗ္ဗ
သော၊ အခြင်းခပ်သိမ်း။ ဇာတိယာ၊ ဇာတိသည်။ အသတိ၊ မရှိခဲ့
သော်။ ဇာတိနိရောဓာ၊ ဇာတိချုပ်ငြိမ်းခဲ့သော်၊ ဇရာမရဏံ၊ ဇရာ
မရဏသည်။ ပညာယေထ အပိနုခေါ၊ ထင်ရှားသေး၏လော။
ဘန္တေ၊ အရှင်ဘုရား။ နောဟိ၊ ဤဇရာမရဏသည်။ နောပညာယေထ။
မထင်ရှားပါ၊ ။ဤပါဠိတော်၌။ ရှေ့စကားမှာအဋ္ဌိပ်ဟုဆိုပြီး၍။
နောက်စကားမှာ အဋ္ဌိန်နေရာ၌ (ပညာယေထဟု-ပညာယန္တြိ
ယာနှင့်လာ၏)ပညာယေထဟု ပညာယန္တြိယာနှင့် လာသော
ကြောင့်။ ပညာယေထ နောပညာယေထ ဟူသော ၂ပုဒ်သည်။
အဋ္ဌိနဋ္ဌိပုဒ်တို့၏ပရိယာယ်မျိုးဖြစ်သည်ကိုသိအပ်၏။ ဇာတိရှိခဲ့
လျှင်၊ ဇရာမရဏကောန်ရှိ၏၊ ဇာတိမရှိခဲ့လျှင်။ ဇရာမရဏကောန်
မရှိဟုဆိုလိုရင်းဖြစ်၏။ ။ဤကား။ ပုဗ္ဗကောဋိန ပညာယတိဆို
ရာ၌။ ပုဗ္ဗကောဋိနဋ္ဌိဆိုသည်နှင့်အတူတူယူကုန်သည်။ ။နေတ္တိ
ပါဠိတို့၌ဖြေပုံကား။ ပုဗ္ဗာဘိက္ခဝေကောဋိန ပညာယတိအဝိဇ္ဇာ
နီဝရဏာနံသတ္တာနံတဏှာသံယောဇနာနံ သကိံနိရယံတိရစ္ဆာ
နယောနိံ။ သကိံပေတ္တိဝိသယံသကိံအသုရယောနိံ သကိံဒေဝ
သကိံမနုဿေသန္ဓာဝကံသံသရတံ။ ကာဘမာပုဗ္ဗကောဋိ အ
ဝိဿဇ္ဇနီယံနပညာယတိတိသာဝကာနံဉာဏဝေကလ္လေနဒုဝိဓာ
ဗုဒ္ဓါနံ ဘဂဝန္တာနံ ဒေသနာအတ္တုပနာယိကာစပရူပနာယိကာစ
နပညာယတိတိ။ ပရူပနာယိကာနဋ္ဌိ၊ ဗုဒ္ဓါနံဘဂဝန္တာနံအပ္ပဇာ
နနာတိအတ္တုပနာယိကာ။ ။နေတ္တိပါဠိတော် စာမျက်နှာနံပါတ်
၁၄၄။ ၎င်းအဋ္ဌကထာ၌။ ။နပညာယတိဘိ။ အညသဉာဏဝိသ
ယောနဟောတိတိပနအတ္ထံ။ သန္ဓာယနပညာယတိတိသာဝကာနံ
ဉာဏဝေကလ္လေနာတိ အာဒိဝုတ္တံ။ တတ္ထအတ္တုပနာယိ ကာတိ
အတ္တာဥပနေတဗ္ဗာဇေတိသာတိ အတ္တုပနာယိကာနဋ္ဌိ၊ ဗုဒ္ဓါနံ
ဘဂဝန္တာနံအပ္ပဇာနနာတိဇေနပုရိမာယကောဋိယာ။ အဘာ
ဝတောဇေနပညာယတိ၊ နတ္ထဉာဏဿပဋိဃာတောတိဒဿေ
တိ။ ။ဟူ၍ဘွင့်၏။ ၎င်းအဋ္ဌကထာစာမျက်နှာနံပါတ်—၂၄၇။

www.dhammaransi.com



ပါဠိတော်အနက်ကား။ ။ဘိက္ခဝေ။ ရဟန်းတို့၊အဝိဇ္ဇာနီဝရဏာနံ။အဝိဇ္ဇာနီဝရဏာရှိနေကြကုန်သည်ဖြစ်၍၊ တဏှာသံယောဇနာနံ။ တဏှာသံယောဇဉ်ရှိနေကြကုန်သည်ဖြစ်၍။ သကိံ။တကြိမ်။နိရယံ။ငရဲသို့။ သကိံ။တကြိမ်။ တိရစ္ဆာနယောနိံ။တိရစ္ဆာန်မျိုးသို့၊သကိံ။ တကြိမ်။ပေတ္တိဝိသယံ။ ပြိတ္တာဘုံသို့။ သကိံ။တကြိမ်။အသုရယောနိံ။ အသုရကာယ်မျိုးသို့။ သကိံ။ တကြိမ်။ဒေဝေ။နတ်ဘဝတို့သို့။ သကိံ။တကြိမ်။ မနုသေ။လူ့ဘဝတို့သို့။သန္ဓာဝတံ-သန္ဓာဝန္တာနံ။အဘန်ဘန်ပြေးသွား၍နေကြကုန်သော။သံသရတံ။သံသရန္တာနံ။ အဘန်ဘန်ကျင်လည်၍နေကြကုန်သော။ သတ္တာနံ။သတ္တဝါတို့အား။ ပုဗ္ဗကောဋိ။ရှေ့အစွန်းသည်။နပညာယတိ။မထင်။ပုဗ္ဗကောဋိ။ရှေ့အစွန်းသည်။ကတမာ။အဘယ်နည်း။ဣတိ။ဤသို့မေးသည်ရှိသော်။ အဝိဿဇ္ဇနီယံ။မဖြေဆိုအပ်။နပညာယတိတိ။နပညာယတိဟူသည်ကား။သာဝကာနံ။သာဝကတို့အား။ဉာဏဝေကလ္လေန။ဉာဏ်၏ချို့တဲ့ခြင်းကြောင့်။နပညာယတိ။မထင်နိုင်။ဘဂဝန္တာနံ။ ဘုန်းတော်ကြီးကုန်သော။ ဗုဒ္ဓါနံ။မြတ်စွာဘုရားတို့၏။ဒေသနာ။ဒေသနာသည်။ အတ္တူပနာယိကာစ။မိမိလျှင်ရည်ညွှန်းရာရှိသော ဒေသနာဝင်း။ပရူပနာယိကာစ။သူတပါးလျှင်ရည်ညွှန်းရာရှိသောဒေသနာဝင်း။ဣတိ။ဤသို့။ ဒုဝိဓာ။နှစ်ပါးအပြားရှိ၏။နပညာယတိတိ။ နပညာယတိဟူသော ဒေသနာသည်။ပရူပနာယိကာ။သူတပါးလျှင် ရည်ညွှန်းရာရှိသော ဒေသနာတည်း၊အပ္ပဇာနနာတိ နတ္ထိဗုဒ္ဓါနံ ဘဂဝန္တာနံ။အပ္ပဇာနနာတိ-နတ္ထိဗုဒ္ဓါနံဘဂဝန္တာနံ။ဟူသောဒေသနာသည်၊အတ္တူပနာယိကာ၊မိမိလျှင်ရည်ညွှန်းရာရှိသောဒေသနာတည်း။ ။ဤကား ပါဠိတော်အနက်တည်း။

အဋ္ဌကထာအနက်ကား။ ။နပညာယတိတိ။နပညာယတိဟူသည်ကား။အညဿ။သူတပါး၏။ဉာဏဝိသယော။ဉာဏ်၏အရာ-သည်၊နဟောတိ၊မဖြစ်။ဣတိ၊နအတ္ထော။ဤသို့သောအနက်ကို။သန္ဓာယ။ရည်၍၊ နပညာယတိတိသာကာဝနံ။ ဉာဏဝေကလ္လေနာတိ။

www.dhammaransi.com



နပညာယတိတိသာဝကာနံဉာဏဝေကလ္လေန ဟူ၍၊ ဝုတ္တံ၊ ဆိုအပ်၏၊ တတ္ထ၊ ထိုစကားနှိက်၊ အတ္တူပနာယိကာတိ၊ အတ္တူပနာယိကာ ဟူသည်ကား၊ ဧတိသာ၊ ထိုဒေသနာအား၊ ဥပနေတဗ္ဗာ၊ ရည်ညွှန်းအပ်သော၊ အတ္တာ၊ မြတ်စွာဘုရားတည်းဟူသောမိမိသည်၊ အတ္ထိ၊ ရှိ၏၊ ဣတိ တသ္မာ၊ ထိုကြောင့်၊ အတ္တူပနာယိကာ၊ အတ္တူပနာယိကာမည်၏၊ နတ္ထိဗုဒ္ဓါနံ ဘဂဝန္တာနံ အပ္ပဇာနနာတိ ဧတေန၊ နတ္ထိဗုဒ္ဓါနံဘဂဝန္တာနံ အပ္ပဇာနနာဟူသော ဤပါဌ်ဖြင့်၊ ပုရိမာယကောဋိယာ၊ သတ္တဝါတို့၏ ရှေ့အစွန်း၏၊ အဘာဝတောဝ၊ မရှိခြင်းကြောင့်သာလျှင်၊ နပညာယတိ၊ မထင်လေ သတည်း၊ တတ္ထ၊ ထိုသတ္တဝါတို့၏အစ၌၊ ဉာဏဿ၊ သဗ္ဗညုတဉာဏ်တော်၏ ပဋိဃာတာ၊ မမြင်နိုင်ရန် အခုအခံရှိနေသောကြောင့်၊ နပညာယတိ၊ မထင်နိုင်သည်၊ န၊ မဟုတ်၊ ဣတိ၊ ဤသို့၊ ဒဿေတိ၊ ပြတော်မူ၏။ ။ဤကားအဋ္ဌကထာအနက်တည်း။

ဤပါဠိအဋ္ဌကထာတို့နှိက်၊ နပညာယတိဟူသောဒေသနာကို ပဉ္စပနာယိကဒေသနာဟုဆိုရာ နှိက်၊ အဓိပ္ပါယ်ကား။ ။မြတ်စွာဘုရား၏ဉာဏ်တော်အလိုအားဖြင့်၊ ပုဗ္ဗကောဋိနတ္ထိ ဟူ၍ ဟောတော်မူရမည်ပင်ဖြစ်၏။ ။ထိုသို့ဟော ခဲ့သော်၊ ထိုစကားကို ကြားနာကြကုန်သော၊ ပုထုဇန်သတ္တဝါတို့မှာ၊ တရားသဘောကို မြင်နိုင်ရန်ဉာဏ်မရှိကြ၊ ဉာဏ်မရှိသည့် အတွက်ကြောင့်၊ ယုံကြည်နိုင်ရန်သဒ္ဓါတရားလည်းဖြစ်ခွင့်မရှိ၊ နတ္ထိဟူ၍ ဟောတော်မူသောမြတ်စွာဘုရား၏ဉာဏ်တော်ကိုပင်၊ မယုံကြည်နိုင်ခြင်း ဖြစ်ရ၏၊ မြတ်စွာဘုရား၏ဉာဏ်တော်ကိုမယုံကြည်ခြင်းသည်၊ ထို ပုထုဇန်သတ္တဝါတို့၌အလွန်အပြစ်ကြီး၏၊ ထိုအပြစ်ကိုမဖြစ်ကြ စေခြင်းငှါ၊ ပုဗ္ဗကောဋိနတ္ထိဟု မဟောမူ၍၊ ပုဗ္ဗကောဋိနပညာယ တိဟုပဉ္စပနာယိကဒေသနာကိုဟောတော်မူ၏ဟူလိုသည်၊ သတ္တ ဝါ၏အစရှိမရှိဟူသော အရာသည်၊ လွန်ခဲ့ပြီးသော အရာဖြစ်၍၊ အရေးကြီးတခုကြောင့်ကြပြုဘွယ်ကိစ္စမရှိ၊ နောင်လာလတံ့သော နောက်အစွန်း၌သာတွေ့ကြုံလတံ့သောအရာဖြစ်၍၊ အရေးကြီးတ

www.dhammaransi.com



ချကြောင့်ကြပြဲဘွယ်ကိစ္စရှိလေသတည်း။ ကြောင့်ကြ ပြုဘွယ် ကိစ္စဆိုသည်ကား၊ ယခုအခါ၌ အပါယ်လေးပါးမှ ကျွတ်လွတ် နိုင်ကြရန်။ဒါနမှု၊သီလမှု၊သမထဘာဝနာ၊ ဝိပဿနာဘာဝနာမှု များကိုဆိုပေသတည်း။

ဒီဃနိကာယ်၊သီလက္ခန် ပါဠိတော် ဗြဟ္မဇာလ သုတ်ကြီး၌၊ ပုဗ္ဗန္တကပ္ပိကဒိဋ္ဌိ—၁၈—ပါး။ အပရန္တ ကပ္ပိကဒိဋ္ဌိ-၄၄-ပါးဟူ၍ ဒိဋ္ဌိပေါင်း၆၂ပါးလာ၏။ ထိုတွင် ပုဗ္ဗန္တကပ္ပိကဒိဋ္ဌိဆိုသည်ကား။ သတ္တဝါတို့၏ ရှေးအစရှေးအစွန်းကို ရှာကြံကြရာတွင်။ထွေထွေ လာလာဖြစ်ပွါးကြသောဒိဋ္ဌိမျိုးပေတည်း။အပရန္တကပ္ပိကဒိဋ္ဌိဆို သည်ကား။သေသည်မှနောက်၌သတ္တဝါတို့၏ နောက်အစွန်းကို ရှာကြံကြရာတွင်၊ ထွေထွေလာလာဖြစ်ပွါးကြသော ဒိဋ္ဌိမျိုးပေ တည်း။ထိုတွင်ပုဗ္ဗန္တကပ္ပိကဒိဋ္ဌိမျိုးနှင့်၊ ဣဿရနိမ္မာနဒိဋ္ဌိဖြစ် ပုံကိုပြဆိုရာ၏။

ရှေးကမ္ဘာပျက်ပြီး၍။ ယခုကမ္ဘာသစ် တည်ထောင်၍ လာ သောအခါ။ ပထမဈာန်ဘုံသည် ရှေးဦးစွာဖြစ်ပေါ်လာ၏၊ တဦး သောဗြဟ္မာကြီးသည်၊အထက်အာဘဿရာဘုံမှစုတေ၍ ပထမ ဈာန်ဘုံ၌ရှေးဦးစွာဖြစ်လာ၏၊ထိုဗြဟ္မာကြီးသည်၊ဤသို့တောင့်တ ခြင်းဖြစ်၏၊တပါးသောဗြဟ္မာတို့သည်သည်း၊ဤဘုံ၌ဖြစ်လာသော် ကောင်းလေ၏ဟုတောင့်တ၏၊ ထိုအခါဗြဟ္မာ အများတို့သည် သည်း။ အထက်အာဘဿရာဘုံမှစုတေ၍ ထိုဗြဟ္မာ ကြီး၏ အခြံအရံ ဗြဟ္မာတွေများစွာ ဖြစ်လာကြကုန်၏။ အထက်အာ ဘဿရာဘုံမှစုတေ၍ လာကြသည်ကို၊ထိုဗြဟ္မာ ကြီး သည် လည်းမသိ၊အခြံအရံဗြဟ္မာများစွာတို့ သည်လည်း မသိကြကုန်။ ထိုအခါ၌။ ဣဿရနိမ္မာနဒိဋ္ဌိ အယူသည် ဖြစ်ပေါ်လာ၏။ ဖြစ် ပေါ်ပုံကား။

အဟာမသ္မိဗြဟ္မာ မဟာ ဗြဟ္မာအဘိဘူ နအဘိ ဘူတော။ အညဒတ္ထုဒသော ဝသဝတ္တိ ဣဿရောကတ္တာနိမ္မာတာ။သေဋ္ဌော သဇိတာဝသီ ပိတာဘူတဘဗျာနံ မယာဇာမေ သတ္တာ နိမ္မိတာ။

www.dhammaransi.com



တံကိဿဟေတု။ မမံ ဟိပုဗ္ဗေ ဧတဒဟောသိ။ အဟောဝတ
အညေပိသတ္တာဣတ္ထတ္တံ အာဂစ္ဆေယျုန္တိ။ ဣတိမမဉ္စ မနောပဏိ
ဓိ။ဣမေစသတ္တာဣတ္ထတ္တံ အာဂတာတိ။ ယေပိတေ သတ္တာပစ္ဆာ
ဥပပန္နာ တေသံပိဧဝံဟောတိ။ အယံခေါဘဝံဗြဟ္မာမဟာဗြဟ္မာ။
ပ။ ပိတာဘူတဘဗျာနံ။ ဣမိနာမယံဘောတာဗြဟ္မုနာ နိမ္မိတာ
တံကိဿဟေတု။ ဣမံ ဟိမယံအဒ္ဒသာမ။ ဣဓပထမံ ဥပပန္နံ
မယံပနမှာပစ္ဆာဥပပန္နာ၊ ။အနက်ကား။ ။အဟံ။ငါသည်။
ဗြဟ္မာ။ဗြဟ္မာသည်။အသို့။ ဖြစ်၏။ မဟာဗြဟ္မာ။ အကြီးဆုံးသော
ဗြဟ္မာသည်။အသို့။ဖြစ်၏။အဘိဘူ။ တပါးသော သတ္တဝါတို့ကို။
မိမိတန်ခိုးဖြင့်လွှမ်းမိုးနိုင်၏။ အနဘိဘူတော။ မိမိကိုသူတပါးတို့
က မလွှမ်း မိုးနိုင်၊ အညဒတ္ထုဒသော။ အလုံးစုံကို အဟုတ်
အမှန်အားဖြင့် သိနိုင်မြင်နိုင်၏။ ဝသဝတ္တီ။ အလိုရှိတိုင်း ဖြစ်
နိုင်၏။ဣဿရော။လောကကိုအစိုးရ၏။ကတ္တာ။ လောကကိုအလို
ရှိတိုင်းပြုလုပ်နိုင်၏။နိမ္မာတာ။ လောကကိုအလိုရှိတိုင်း ဖန်ဆင်း
နိုင်၏။ သေဋ္ဌော။ လောကတွင် အကြီး ဆုံး ဖြစ်၏။ သဇိတာ။
လောကကိုအလိုရှိတိုင်းစီရင်နိုင်၏။ဝသီ။ ဈာန်တန်ခိုးကိုအစိုးရ
၏။ဘူတဘဗျာနံ။ ဘူတခေါ်သောဥပပတ်သတ္တ ဝါမျိုး။ ဘဗျခေါ်
သောဘပါးသော သတ္တဝါ မျိုးတို့၏။ ပိတာ။ အဘကြီး ဖြစ်၏။
မယာ။ငါသည်။ဣမေသတ္တာ။ဤသတ္တဝါတို့ကို။နိမ္မိတာ။ဖန်ဆင်း
အပ်ကုန်၏။တံ။ထိုဖန်ဆင်းသည်ဟူသောစကားသည်၊ ကိဿ
ဟေတု။အဘယ်အကြောင်းကြောင့် ဆိုထိုက်သနည်းဟူမူကား။
ဟိသစ္စံ။မှန်၏။ပုဗ္ဗေ။ရှေး၌။မမံ။ငါ့အား။ဧတံ။ ဤသို့သောအကြံ
သည်။အဟောသိ။ ဖြစ်၏။ အညေပိ။ တပါးလည်းဖြစ်ကုန်သော။
သတ္တာ။သတ္တဝါတို့သည်။ဣတ္ထတ္တံ။ ဤဘုံသို့။အာဂစ္ဆေယျုံ။ပေါ်
လာကြကုန်မူကား။အဟောဝတ။ဪကောင်းလေစွတကား။ဣ
တိ။ဤသို့။မမစ။ ငါ၏လည်း။မနောပဏိဓိ။စိတ်ဖြင့်တောင့်တခြင်း
သည်၊ဟောတိ။ဖြစ်၏။ဣမေစသတ္တာ။ဤသတ္တဝါတို့သည်လည်း။
ဣတ္ထတ္တံ။ဤဘုံသို့။ အာဂတာ။ ပေါ်လာကြကုန်၏။ ဣတိဘဗ္ဗာ။

www.dhammaransi.com



ထိုကြောင့်။ ဝဒါမိ။ ဤသတ္တဝါတို့ကို ငါဘန်ဆင်း သည်ဟူ ဆိုပေ၏။ယေပိသတ္တာ။ အကြင်သတ္တဝါတို့သည်လည်း။ ပစ္ဆာ၊ နောက်မှ။ဥပပန္နာ။ ဖြစ်ပေါ်လာကြကုန်၏။တေသံပိ။ ထိုသတ္တဝါတို့အားလည်း။ဧဝံ။ ဤသို့သော အကြံ သည်။ ဟောတိ။ ဖြစ်၏။ အယံ ဘဝံ။ဤအရှင်ကြီးသည်။ဗြဟ္မာ။ဗြဟ္မာတည်း။မဟာဗြဟ္မာ။ အကြီးဆုံးသောဗြဟ္မာတည်း။ပ။ ဘူတဘဗျာနံ။ ဘူတ ခေါ်သော ဥပပတ်သတ္တဝါမျိုး။ အဗျခေါ်သော တပါးသော သတ္တဝါ မျိုးတို့၏။ပိတာ။ အဘကြီး ပေတည်း။ ဇာမိနာဘောတာ ဗြဟ္မုနာ။ ဤအရှင်ဗြဟ္မာမင်းကြီးသည်။ မယံ။ငါတို့ကို။နိမ္မိတာ။ ဘန်ဆင်း အပ်ကုန်၏။တံ။ ထိုသို့ဘန်ဆင်းသည်ဟူ၍ဆိုခြင်းသည်၊ ကိံသော ဟေတု။ အဘယ်ကြောင့် ဆိုသနည်းဟူမူကား။ ဟိသစ္စံ။ မှန်၏။ ဇာမံ။ဤဗြဟ္မာကြီးကို။ဇာခ။ဤဘုံ၌။ပဌမံ။ရှေးဦးစွာ။ဥပပန္နံ။ထင်ရှားဖြစ်နေသည်ကို။ မယံ။ငါတို့သည်။ အဒ္ဒသာမ။ မြင်ရကုန်၏။ မယံပန။ ငါတို့သည်မူကား။ ပစ္ဆာ၊နောက်မှ။ဥပပန္နာ။ ဖြစ်ပေါ် လာကြကုန်သည်။အမှာ။ဖြစ်ကြကုန်၏၊ ဇာတိဘဗ္ဗာ။ ထိုကြောင့်။ ဝဒါမ။ ဤဗြဟ္မာကြီးသည်ပင်လျှင်။ ငါတို့ကို ဘန်ဆင်းသည်ဟူ ဆိုပေသတည်း။ ။ဤကားဗြဟ္မာပြည်၌ဇာသာရနိမ္မာနဒိဋ္ဌိရှေးဦးစွာဖြစ်ပုံတည်း။

ဤစကား၌။ဘူတခေါ်သောသတ္တဝါမျိုးဆိုသည်ကား။ဖြစ်ပေါ်သည်နှင့်တပြိုင်နက်ကြီးပွါးမှုကိစ္စပြီးစီးလျက်ရှိသောဗြဟ္မာ။ ဥပပတ်နတ်ပြည် ၆-ထပ်။နတ်ဥပပတ်မျိုးကို ဆိုပေသတည်း။ အဗျခေါ်သောသတ္တဝါမျိုးဆိုသည်ကား။ပဋိသန္ဓေအခါ၌သေးငယ်စွာဖြစ်ရ၏။ နောက်၌ကြီးပွါးခြင်းကို မြှော်လင့်ရသော သံသေဒဇ သတ္တဝါမျိုး။အဏ္ဍဇသတ္တဝါမျိုး။ ဇလာဗုဇသတ္တဝါ မျိုးကိုဆိုသတည်း။ထိုဗြဟ္မာကြီးသည်။ပထမဈာန်ဘုံမှစ၍နတ်ဘုံလူ့ဘုံတို့၌။ ထိုအခါဖြစ်ပေါ်လာကြသော သတ္တဝါတို့ကိုသူ့အလိုနှင့်ဖြစ်ရသည်၊သူဘန်ဆင်း၍ဖြစ်ရသည်ဟု အခိုင်အမြဲယူ၏၊တပါးသော ဗြဟ္မာတို့ ကလည်း။ဤအတိုင်း ယူကြ၏။ ဇာသာရ နိမ္မာနဒိဋ္ဌိပေ

www.dhammaransi.com



တည်း၊ ဇာလာသရကုဏ္ဍ။ ဗြာဟ္မဏဝ့ကုဏ္ဍဒိဋ္ဌိဟူ၍လည်းခေါ်၏။ ထိုဗြဟ္မာ
ငယ်အပေါင်းတို့တွင်၊ အချို့သော ဗြဟ္မာတို့သည် ထိုဘဝမှစုတေ၍။ လူ့ဘုံသို့ရောက်လာကြကုန်ပြီးလျှင်၊ အချို့သောသူတို့သည်၊ ရသေ့ရဟန်းပြုကြကုန်၍ဘာဝနာတရားကိုအားထုတ်ကြကုန်ရာ၊ ဈာန်အဘိညာဉ်ကိုရ၍၊ ရှေးဘဝကို ကြည့်ရှုကြကုန်သောအခါ၊ ထိုဗြဟ္မာကြီးကိုရင်း၊ မိမိတို့ဘဝကိုရင်း၊ မြင်ကြကုန်၍၊ ထိုဗြဟ္မာကြီးကား၊ နိစ္စဘာဝရှိ အမြဲတည်၏၊ ဗြဟ္မာငယ်အပေါင်းတို့ကား အမြဲမရှိ၊ အနိစ္စ တို့သာဘည်းဟုယူကြ ကုန်၏။ ဧကစ္စသဿတဒိဋ္ဌိတည်း၊

ပါဠိတော်ကား၊ ယောသော ခေါ်ဘဝံ ဗြဟ္မာ မဟာဗြဟ္မာ အဘိဘူအနဘိဘူတော၊ အညဒတ္ထုဒသော ဝသဝတ္တိ ဣဿရော ကတ္တာနိမ္မာတာ၊ သေဋ္ဌောသဇ္ဇိတာဝသီပိတာဘူတဘဗျာနံ၊ ယေန မယံ ဘောတာ ဗြဟ္မုနာ နိမ္မိတာ သောနိစ္စော ဓုဝေါ သဿတော အဝိပရိဏာမဓမ္မော သဿတိ၊ သမံတထေဝဌဿတိ၊ ယေပနမယံ အဟုမှာ၊ တေနဘောတာ ဗြဟ္မုနာ နိမ္မိတာတေမယံ အနိစ္စာ အဓုဝါ အပ္ပါယုကာ စဝနဓမ္မာ ဣတ္ထတ္တံ အာဂတာတိ။ ။ဗြဟ္မ ဇာလသုတ်ပါဠိတော်၊ စာမျက်နှာနံပါတ်-၁၆၊

အနက်ကား၊ ။ခေါ်၊ စင်စစ်၊ ယောသောဘဝံဗြဟ္မာ၊ အကြင်အရှင်ဗြဟ္မာသည်၊ မဟာဗြဟ္မာ၊ အကြီးဆုံးသော ဗြဟ္မာတည်း၊ အဘိဘူ၊ တပါးသောသတ္တဝါတို့ကို၊ မိမိတန်ခိုးဖြင့် လွှမ်းမိုးနိုင်၏၊ အနဘိဘူတော၊ မိမိကိုသူတပါးတို့က မလွှမ်းမိုးနိုင်၊ အညဒတ္ထု ဒသော၊ အလုံးစုံကို အပြတ်အမှန် အားဖြင့် သိမြင်နိုင်၏၊ ဝသဝတ္တိ၊ အလိုရှိတိုင်းဖြစ်နိုင်၏၊ ဣဿရော၊ လောကကို အစိုးရ၏၊ ကတ္တာ၊ လောကကိုအလိုရှိတိုင်းပြုလုပ်နိုင်၏၊ နိမ္မာတာ၊ လောက ကိုအလိုရှိတိုင်း ဖန်ဆင်းနိုင်၏၊ သေဋ္ဌော၊ လောကတွင် အကြီးဆုံးဖြစ်၏၊ သဇ္ဇိတာ၊ လောကကိုအလိုရှိတိုင်း စီရင်နိုင်၏၊ ဝသီ၊ ဈာန်တန်ခိုးကိုအစိုးရ၏၊ ဘူတဘဗျာနံ၊ ဘူတခေါ်သောဥပပတ်သတ္တဝါမျိုး၊ ဘဗျခေါ်သော တပါးသောသတ္တဝါမျိုးတို့၏၊ ပိတာ၊ အဘ

www.dhammaransi.com



ကြီးဖြစ်၏။ဘောတာ။အရှင်သခင်ကြီးဖြစ်သော၊ ယေနပြဟ္မနာ၊ အကြင်ပြဟ္မာမင်းကြီးသည်။ မယံ။ ငါတို့ကို။နိမ္မိတာ၊ ဖန်ဆင်းအပ်ကုန်၏။သော။ ထိုပြဟ္မာမင်းကြီးသည်၊နိစ္စော။ အစဉ် ထာဝရမြဲ၏၊ဧဝေါ၊ဘဝတပါးသို့ မရွေ့ရှားမယိုင်နိုင်ခံ့၏။ သဿတော။ မအိုမသေအမြဲနေ၏၊ အဝိပရိဏာမဓမ္မော။ မဖောက် ပြန်ခြင်းသဘောရှိ၏။သဿတိသမံ၊ ကမ္ဘာ၌ အမြဲတည်သော မြေကြီးမြင့်မိုရ်တောင်နေလတို့နှင့်တူစွာ၊တထေဝ။ ထိုတည်မြဲတိုင်းသာလျှင်။ ဌဿတိ၊ နောက်၌လည်းအဆုံးမရှိ တည်နေလတံ့။ ယေပနမယံ၊အကြင်ငါတို့သည်ကား။ ဘောတာ။ အရှင်သခင်ကြီး ဖြစ်သော။တေနပြဟ္မုနာ၊ထိုပြဟ္မာမင်းကြီးသည်။နိမ္မိတာ။ဖန်ဆင်းအပ်ကုန်သည်။အဟုမှ၊ဖြစ်ကုန်၏။တေမယံ၊ထိုငါတို့သည် အနိစ္စာ။မမြဲကုန်။အဓုဝါ။ မခိုင်ခံ့ကုန်၊ အပ္ပါယုကာ။ တိုသော အသက်ရှိကုန်၏။ စဝနဓမ္မာ။ ဘဝတပါးသို့ ရွေ့လျောခြင်း သဘောရှိကုန်သည်ဖြစ်၍။ဣတ္ထတ္တံ။ဤလူ့ဘဝသို့။အာဂတာ။ ရောက်လာကြကုန်၏။ ဇာတိဝေ၊ ဤသို့သော ဧကစ္စသဿတဒိဋ္ဌိအယူသည်။ ဟောတိ။ဖြစ်၏။ ။ဤကားအနက်၊

ဤအယူသည်လူပြည်မှစ၍နတ်ပြည်ခြောက်ထပ်တိုင်အောင်ပြန့်နှံ့လေ၏။ ဤကားဧကစ္စသဿတဒိဋ္ဌိအရင်းရှိသော သဿတဒိဋ္ဌိဖြစ်ပုံတည်း။ ပြဟ္မာပြည်မှ စ၍ဖြစ်သော ပထမ ဌာန ပြီး၏။ ဒုတိယဌာန တတိယဌာနတို့သည်ကား။ နတ်ပြည် ခြောက်ထပ်နှင့်စပ်၍ဖြစ်ကုန်၏၊ ဖြစ်ပုံကား။အထက်နတ်ပြည်ကြီးတို့၌အလွန်အသက်ရှည်သော နတ်တန်ခိုးကြီးတို့သည်လည်း ရှိကြကုန်၏။ အသက်တိုသော နတ်တို့သည်လည်း များစွာရှိကြကုန်၏၊ ထိုအသက်တိုသောနတ်တို့သည်၊ထိုဘဝမှစုတေကြကုန်၍၊ လူ့ဘုံသို့ရောက်လာကြကုန်ပြီးလျှင်၊ အချို့သောသူတို့သည်၊ ရသေ့ရဟန်းပြုကြကုန်၍ ဘာဝနာတရားကိုအားထုတ်ကြကုန်ရာ၊ ဈာန်အဘိညာဉ်ကိုရ၍ရှေးဘဝသို့ကြည့်ရှုကြကုန်သောအခါ။ထိုနတ်တန်ခိုးကြီးတို့ကိုရင်း။မိမိတို့ဘဝကိုရင်းမြင်ကြကုန်၍၊ထိုနတ်တန်ခိုးကြီး

www.dhammaransi.com



တို့ကား။နိဗ္ဗုတာဝရအမြတ်ဆည်ကုန်၏။ငါတို့သည်မူကား။ အမြဲမရှိအနိစ္စတို့သာတည်း ဟုယူကြကုန်၏၊ဒုတိယဌာန။တတိယဌာနတည်း။ဤအယူ၌ထိုအမြတ်ဆည်ရှိကြသောနတ်တန်ခိုးကြီးတို့သည်။ လောကကိုစောင့်ရှောက်ပြုပြင် စီရင်ဖန်ဆင်းမှုကိုပြုကြကုန်သည်ဟုယူကြကုန်သော ကြောင့်၊ ဇာသာရနိမ္မာနဝိဒ္ဓိနှင့် အလားတူ၏၊ဤအကြောင်းကိုလည်း။ ၎င်းပါဠိတော်၌။ ဒုတိယေစ-တောဂစ္ဆော သမဏာ ဗြာဟ္မဏာ, အစရှိ သည်ဖြင့် ဟော တော်မူ၏။ ဤကား ကမ္ဘာဦးအခါမှစ၍၊ ဗြဟ္မာ့ပြည်,နတ်ပြည်,လူ့ပြည်တို့၌။ဇာသာရနိမ္မာနဝိဒ္ဓိ အရင်းရှိသော။သဿတဒိဋ္ဌိအမျိုးမျိုးဖြစ်ပွါး၍သွားပုံတည်း၊ ။ဤဇာသာရနိမ္မာနဝိဒ္ဓိကို။ဇာသရကုန္ဒ ။ဗြဟ္မကုန္ဒ, ဒိဋ္ဌိ ဟူ၍လည်းဟောတော်မူ၏။ ပါဠိတော်ကား။ ၊အဂ္ဂညသုတ်ဘဂ္ဂဝပစ္ဆာနာမိ။တစ္ဆပစ္ဆာနာမိ။တတောစဥတ္တရိတရံပစ္ဆာနာမိ၊ တစ္ဆပစ္ဆာနန္နံပရာမသာမိ၊ အပရာမသတောစမေပစ္စတ္တ ညေဝနိဗ္ဗုတိ၊ ဝိဒိတာယဒတိဇာနံ တထာဂတော။ နောအနယံအာပဇ္ဇတိ။ သန္တိ ဘဂ္ဂဝဧကေသမဏာဗြာဟ္မဏာဇာသရကုန္ဒဗြဟ္မကုန္ဒအာစရိယကံ အဂ္ဂညံပညပေန္တိ။ ။ဒီဃနိကာယ်၊ သုတ်ပါထေယျပါဠိတော်၊ ပါထိကသုတ်၊စာမျက်နှာနံပါတ်–၂၀၊ စာကြောင်းရေ–၂၂။

အနက်ကား။ ။ဘဂ္ဂဝ။ဘဂ္ဂဝပရိဗိုဇ်။အဂ္ဂညဉ္စ။အဂ္ဂညအယူကိုလည်း။ပစ္ဆာနာမိ။သိ၏။တတောစ။ထိုထက်လည်း။ဥတ္တရိတရံ။လွန်ကဲသောအရာကို။ပစ္ဆာနာမိ။သိ၏။တစ္ဆပစ္ဆာနန္နံ၊ ထိုသိခြင်းကိုလည်း။နပရာမသာမိ၊တဏှာမာနဒိဋ္ဌိဖြင့် ငါသိသည်ဟူ၍ မသုံးသပ်။အပရာမသတော။ အပရာမသန္တဿ။ မသုံးသပ်သော။ မေ။ငါ့အား။ပစ္စတ္တညေဝ၊ယခုမျက်မှောက်၌သာလျှင်၊နိဗ္ဗုတိ၊ ကိလေသာငြိမ်းခြင်းကို။ဝိဒိတာ။သိအပ်၏၊ ယံ။ အကြင်အဂ္ဂညအယူကို။အဘိဇာနန္တော။အလွန်သိသော။တထာဂတော။ငါဘုရားသည်၊အနယံ။အစီးအပွါးမဲ့ခြင်းသို့။နောအာပဇ္ဇတိ။မရောက်။ဘဂ္ဂဝ။ဘဂ္ဂဝပရိဗိုဇ်။သန္တိ၊ လောက၌ ရှိကြကုန်၏။ ဧကေ၊ အချို့ကုန်သော။သမဏာဗြာဟ္မဏာ။ ရဟန်းပုဏ္ဏားတို့သည်၊ ဇာသရကုန္ဒ ။

www.dhammaransi.com



လောကကိုအစိုးရသောသူပြုလုပ်ဘန်ဆင်းအပ်သော။ ဗြဟ္မကုဏ္ဍံ။ ဗြဟ္မာကြီး ပြုလုပ်ဘန်ဆင်းအပ်သော။ အာစရိယကံ။ ဆရာစဉ်ဆက်လာသော၊အဂ္ဂညံ။အစဦးဟူ၍သိအပ်သော။ ရှေ့အစွန်းကို။ ပညပေန္တိ။ပညတ်ကြကုန်၏။ ။ဤကားအနက်။

ယဒဘိဇာနံတထာဂတောနောအနုယံအာပဇ္ဇတိ,ဟူသောပါဠိ၌ အဓိပ္ပါယ်ကား။လောက၌၊ဤဣဿရကုဏ္ဍ။ဗြဟ္မဏ္ဍကုဏ္ဍ။အဂ္ဂညကို ယူကြကုန်သောသူတို့သည်၊အစိုးအပွါးမဲ့ခြင်းသို့ရောက်ကုန်ကြ၏။အဘယ်သို့ရောက်ကြကုန်သနည်းဟူမူကား။ဤလူ့ဘုံ လူ့ဘဝမည်သည်။အလွန်ရခြင်းငှါခဲယဉ်း၏။ အစပေါင်း တသိန်းတွင်တကြိမ်မျှရခဲလှ၏။ဘဝပေါင်းတသန်း။ဘဝပေါင်းတကုဋေတွင်တကြိမ်မျှရခဲလှ၏၊အပါယ်လေးဘုံ၌သာ ဘဝတွေ အလွန်များ၍နေကြ၏၊နောက်သံသရာ၌အစပေါင်းများစွာ၊ကမ္ဘာပေါင်းများစွာလူ့ချမ်းသာ,နတ်ချမ်းသာ,ဗြဟ္မာ့ချမ်းသာကိုပေးနိုင်သောဒါနကုသိုလ်အမျိုးမျိုး။သီလကုသိုလ်အမျိုးမျိုး။ဘာဝနာကုသိုလ် အမျိုးမျိုးတို့သည်၊လူ့ဘုံလူ့ဘဝ၌သာဖြစ်နိုင်ကုန်၏။နောင်ဘုရားဖြစ်နိုင်ရန်။ပစ္စေကဗုဒ္ဓါဖြစ်နိုင်ရန်၊ရဟန္တာဖြစ်နိုင်ရန်ပါရမီ ကုသိုလ်မျိုးတို့သည်သည်း၊လူ့ဘုံလူ့ဘဝ၌သာဖြစ်နိုင်ကုန်၏။သေကြသည်မှနောက်၌။နတ်ဘုံ, ဗြဟ္မာ့ဘုံဟူသော အထက်ကောင်းကင်ဘုံသို့ရောက်ကြခြင်းမည်သည့်ကုသိုလ်ကံ၏ ဆိုင်ရာသာဖြစ်၏၊ နတ်တန်ခိုး,ဗြဟ္မာတန်ခိုး၏ဆိုင်ရာမဟုတ်။ဣဿရခေါ်သောထိုဗြဟ္မာမင်းကြီးသည်၊ အလွန်တန်ခိုးကြီးလှ၏ ဆိုသော်လည်း။ တန်ခိုး၏အရာ၌သာ စွမ်းနိုင်၏၊ ကံ၏ အရာနှိုက် မစွမ်းနိုင်။ ဤ ဣဿရနိမ္မာနဒိဋ္ဌိကိုခိုင်မြဲစွာယူကြကုန်သောသူတို့သည်ကား၊ထိုဣဿရသခင်ကြီး၏အနန္တတန်ခိုးတော်ဖြင့်၊ကယ်တင်မှုကိုသာယုံကြည်အားကိုးပြုကြကုန်၏။ထိုကုသိုလ်အမျိုးမျိုး။ ပါရမီအမျိုးမျိုးတို့မှဆိတ်ကင်းကြကုန်၏။တန်ခိုး၏အရာမဟုတ်သည့်အတွက်။ ထိုဣဿရသခင်ကြီး၏ကယ်တင်မှုမှလည်း၊ဆိတ်ကင်းကြကုန်၏။သေသည်မှနောက်၌၊အဘယ်သို့ဖြစ်လိမ့်မည်နည်းဟု စဉ်းစားကြရန်

www.dhammaransi.com



အရေးကြီးလှ၏။ ဤကားဇာသာရေကုန်။ ဗြဟ္မာကုန်။ အဂ္ဂညကို ယူကြကုန်သော သူတို့သည်။ အစီးအပွါး မဲ့ခြင်းသို့ ရောက်ကြပုံတည်း၊

အလောင်းတော်သုမေဓာရသေ့အဖြစ်မှစ၍။ ဘဝအဆက်ဆက်တို့၌။ ထိုကုသိုလ်အမျိုးမျိုး။ ပါရမီအမျိုးမျိုးတို့ကိုသာ အားကိုးအားထားပြု၍လာခဲ့၏။ ထိုဇာသာရသခင်ကြီး၏ကယ်တင်မှုကို အားကိုး အားထားမပြုသည်ဖြစ်၍၊ ငါဘုရားသည်မှုကား။ ထိုကဲ့သို့။ အစီးအပွါးမဲ့သို့မရောက်ဟုလိုသည်၊ ဤကား။ ယဒ္ဒဘိဇာနံတထာဂတောနောအနယံ အာပဇ္ဇတိ, ဟူသော ပါဠိ၏ အဓိပ္ပါယ်တည်း၊ ဤအရာ၌ကံ၏သက်ဆိုင်ရာ, ဉာဏ်၏သက်ဆိုင်ရာ, တန်ခိုး၏သက်ဆိုင်ရာ သုံးပါးကိုခြားနား၍သိရာ၏။ သေလွန်သည်မှနောက်၌။ ဘဝအသစ်အသစ်ဖြစ်ပေါ်ခြင်းသည်၊ ကံ၏ဆိုင်ရာသာတည်း။ တန်ခိုး၏ ဆိုင်ရာမဟုတ်။ ရှေးကံကောင်းလျှင်ကောင်းသည့်အလျောက်မြင့်မြတ်ရာ၌ဖြစ်ပေါ်၏၊ ရှေးကံမကောင်းလျှင်။ မကောင်းသည့်အလျောက်ယုတ်နိမ့်ရာ၌ဖြစ်ပေါ်၏။ နတ်တန်ခိုး, သိကြားတန်ခိုး, ဗြဟ္မာတန်ခိုးတို့နှင့်ပြုပြင်နိုင်သော အရာ မဟုတ်၊ ကယ်တင်နိုင်သောအရာမဟုတ်။ သတ္တဝါတို့၏သန္တာန်၌ရှိနေကြသောဒုစရိုက်အဖြစ်တို့ကိုပပျောက်စေခြင်းသည်၊ ဉာဏ်၏ဆိုင်ရာသာတည်း။ တန်ခိုး၏ဆိုင်ရာမဟုတ်၊ ဝိပဿနာဉာဏ်။ မဂ်ဉာဏ်တို့ဖြင့်။ တဏှာမာနဒိဋ္ဌိကိလေသာတို့ကိုပယ်ရှား၍ပစ်မှသာလျှင်ထိုဒုစရိုက်အဖြစ်တို့သည် ပ,ပျောက်ကြလေကုန်၏။ နတ်တန်ခိုး,သိကြားတန်ခိုး, ဗြဟ္မာတန်ခိုးတို့နှင့် ပြုပြင်နိုင်သော အရာမဟုတ်၊ မြေထဲဟူငုတ်လျှိုးခြင်း။ မိုးယံကောင်းကင်ဘို့ ပျံသွားခြင်း။ အကု,အယောင်,အကောင်,အထည်။ အထူးထူးအထွေထွေ ဘန်ဆင်းခြင်းဘို့သည်သာလျှင်၊ နတ်တန်ခိုး, သိကြားတန်ခိုး, ဗြဟ္မာတန်ခိုးဘို့အရာပေတည်း၊ ထိုကြောင့်။ ဇာသာရသခင်ကြီးသည်။ မိမိကိုယုံကြည်စွာကိုးကွယ်သောသူတို့ကို သေကြသည်မှနောက်၌။ မိမိတန်ခိုးဖြင့်။ အထက်ကောင်းကင်ဘုံသို့ကယ်တင်နိုင်သည်ဟူ

www.dhammaransi.com



သောအယူသည်။အမှောက်အမှားဝါကြွားသောအယူသာဖြစ်လေသတည်း။ဤတွင်ရှေ့ကား။အင်္ဂလန်ပြည်–ဆာရေးမြို့။ လန်ဒန်ဒေဝိခေါ် **C. A. F. Rice David.** ၏ သျှောက်လွှာတွင်။(ဇွာသရေကျန်၊မြဟ္မကျန်အယူဝါဒကြီးနှစ်ပါးကိုနှိပ်နင်းပယ်ဖျက်၍။မိမိပကတိသဘာဝအတိုင်းတည်နေသော နိယာမ စက်ကြီးသည်သာ။ကမ္ဘာလောကကြီး၌ လည်လျက်ရှိနေသည်ဟုဘောင်ပြပါရှိရာ တွင်။ ဆရာတော်ဘုရားကြီးသည်၊ဤနိယာမစက်ကြီးမှာ။အစမရှိ။ အစကင်းသည်ဟုမှတ်ယူယုံကြည်တော် မူပါသလော။သို့တည်းမဟုတ်။ဤနိယာမစက်ကြီး၏အစသည်မထင်။(နပညာယတိ)ဟုသာ မှတ်ယူတော်မူပါသလော ဟူသော ပုစ္ဆာအဖြေပြီး၏။ ။

---

၁၂၀၂ ခု။ တပို့တွဲလထန်း(၁၀)ရက်

ကျိုက်ထိုမြို့။

လန်ဒန်မြို့ (အက်ဒမိ–ဂျေမီလစ) ၏အမေးပုစ္ဆာနှစ်ရပ်သည်ပြာသိုလဆန်းနှစ်ရက်နေ့တွင်။ဆရာတော်၏လက်သို့ ရောက်လာပေသည်။၄င်းပုစ္ဆာရောက်လာပေသည့်အတွက်ဆရာတော်ဝမ်းမြောက် ပါ၏။ ။လန်ဒန်မြို့ ပါဠိ ဒေဗစ်ထံမှ။မောင်ရွှေဇံအောင်ထံသို့ပေးပို့လိုက်သည့်အမှာစာဘစောင်တွင်။ ယခုလန်ဒန်မြို့မှာ။"အဘိဓမ္မာပဋ္ဌာနဝဏ္ဏနာ"စာအုပ်ရိုက်ဆဲရှိနေရာ။လယ်တီဆရာတော်၏"ပဋ္ဌာန ၂၄-ပစ္စယ"အဘွင့်ကို။၄င်းပဋ္ဌာနဝဏ္ဏနာစာအုပ်တွင်။နောက်ဆက်တွဲအနေနှင့် တွဲဘက် ထည့်ရိုက်နို့ အလိုရှိကြောင်းပါရှိတွေ့မြင်ရသည်ဖြစ်၍။၎င်းပဋ္ဌါနပစ္စယ၏အဘွင့်ကိုပါဠိဘာသာနှင့်ဘွင့်ဆိုဆဲ။ အင်္ဂလိပ်အက္ခရာပြန်ဆဲရှိနေသော်လည်း။"အက်ဒမိ-ဂျေမီလစ"၏အမေးပုစ္ဆာနှစ်ရပ်သည်။ဖြေဆိုတဲ့နို့။အလျင်အမြန်ပြီးစီးလွယ်လိမ့်မည်ဖြစ်၍။ပဋ္ဌာန ၂၄–ပစ္စည်းဘွင့်ဆဲအလုပ်တွင်းမှာ။ကြားချင်၍၎င်းပုစ္ဆာနှစ်ရပ်ကိုပင်။အလျင် အမြန်ဖြေဆိုလိုက်လေသည်။

www.dhammaransi.com



## (၁) ပထမအာကာသပုစ္ဆာအဖြေ။

အာကာသအမျိုးသည်။ရူပကလာပ,ပရိစ္ဆေဒါကာသတပါးသုသိရာကာသတပါး။ဝိဝရာကာသတပါး။ ကသိဏုဂ္ဃါဋိမာကာသတပါး။အဇဋာကာသတပါးဟူ၍ငါးမျိုးလာရှိ၏။ ထိုတွင်ရူပကလာပပရိစ္ဆေဒါကာသဆိုသည်ကား။ရုပ်ကလာပ်တို့၏တခုနှင့်တခုပိုင်းခြားမှုကိုဆိုသည်။ထိုအာကာသသည်။ကျောက်တုံး သံတုံးတို့၏အတွင်းမှာပင်အပြည့်ရှိနေ၏။ထိုအာကာသအပြည့်ရှိနေသည့်အတွက်ကြောင့်။၎င်းကျောက်တုံး သံတုံးတို့ကို ခွဲစိတ်ခြင်းငှါရင်း။အမှုန့်ပြုခြင်းငှါရင်း။တတ်ကောင်းလေသတည်း။ခြေ့သွေ့သောသဲပုံသဲစုတို့၌။သဲလုံးတို့၏ အကြား။ စပါးပုံ–စပါးစုဆန်ပုံ-ဆန်စုတို့၌။စပါးလုံး-ဆန်လုံးတို့၏အကြား။ အဝတ် ပုဆိုးတို့၌။ချည်ကြောင်းတို့၏အကြားတို့မှစ၍။ စေ့စပ်စွာစီခင်း၍ထားအပ်သောအုတ်ချပ်တို့၏အကြား။ပျဉ်ချပ်တို့၏အကြားစသည်ဖြင့်နေရောင်-မီးရောင်တို့မဝင်နိုင်လောက်သောအကြားတို့သည်။ ထိုပရိစ္ဆေဒါကာသ၌ပါဝင်ကုန်၏။ ။ထိုပရိစ္ဆေဒါကာသကို။ အဘိဓမ္မာ၌။ပရိစ္ဆေဒရုပ်ခေါ်၏။

ပကတိမီးရောင်–နေရောင်–တို့မဝင်နိုင်ကြကုန်သော်လည်း။မြတ်စွာဘုရားတို့၏ အလောင်းတော်ကြီးများ ဘွားမြင် တော်မူသောအခါစသည်တို့၌ဖြစ်ပွါးသော အရောင် အလင်းကြီးများတို့သည်မူကား။မဝင်နိုင် မဖောက်နိုင်သောအရာဟူ၍ တစုံတခုမျှမရှိကြကုန်။လောက၌။ဖြစ်ပေါ်ကြသော လျှပ်စစ်ဓါတ်မီး ရောင်တို့သည်ပင်လျှင်။အတန်အရာထွင်းဖေါက်နိုင်ကြကုန်၏။ ။သုသိရာကာသဆိုသည်ကား။ဒါးလုံးစသည်တို့၏အတွင်း၌ ပကတိအားဖြင့်ပြင်ဘက်သို့မပေါ်သောအခေါင်းမျိုးကိုဆိုသတည်း။ ။ဝိဝရာကာသဆိုသည်ကား။နေရောင်မီးရောင်တို့ဝင်နိုင်လောက်သောခံတွင်းပေါက်နှာခေါင်းပေါက်တို့မှစ၍ကျောင်းအိမ်တို့၌နံရံပေါက်ပြူတင်းပေါက်တံခါးပေါက်စသည်ကိုဆိုသတည်း။ ။ထိုဝိဝရာ

www.dhammaransi.com



ကာသသည်။ ကသိုဏ်းသယ်ပါးတွင်အာကာသ ကသိုဏ်း၏အရာဖြစ်ပေ၏။အာကာသဓာတ်၏အဖွင့်များမှာလည်း။ ထိုသုသိရာကာသ။ဝိဝရာကာသတို့ကိုလည်းဟောပါ၏။ ။ကသိဏုဂ္ဃာဋိမာကာသဆိုသည်ကား။ ကသိုဏ်းဝန်းကိုပယ်ခွါ၍ ရအပ်သောအာကာသကိုဆိုသည်။ ပထဝီကသိုဏ်းစသော ကသိုဏ်းဝန်းတို့၌။ ကသိုဏ်းဈာန်တို့ကိုရရှိပြီးနောက်အရူပဈာန်တို့ကိုရလိုပြန်သော်။ စိတ်ထဲတွင်စွဲ၍ရှိနေသောကသိုဏ်းဝန်းအာရုံကိုစိတ်နှင့်ပင်ဖျော်ဖျက်ရလေ၏။ထိုကသိုဏ်းဝန်းအာရုံပျော်ကွယ်လေသောအခါ။ထိုနေရာမှာထိုကသိုဏ်းဝန်းပမာဏရှိသော။အာကာသအဝန်းကိုရလေ၏။ ထိုအာကာသသည်။အာကာသာနဉ္စာယတနစိတ်၏အရာမှာသာရှိပေ၏။အဇဋာကာသဆိုသည်ကား။တစုံတခုဖြင့်အထွေးအရှက်မရှိသည်ဖြစ်၍လဟာပြင်ဟုဆိုအပ်သော အာကာသကြီးကိုဆိုသတည်း။ ထိုအဇဋာကာသသည်မူကား။ကမ္ဘာမြေရေလေ၏အောက်မှာလည်း။ ဗိလာအတို့, အောက်အတို့အားဖြင့်အဆုံးမရှိအနန္တဖြစ်၏။အထက်မှာလည်းအဆုံးမရှိအနန္တဖြစ်၏။ ။ ဤသည်ကား။အာကာသငါးမျိုးခွဲခဏ်းတည်း။

ပကတိသဘောအားဖြင့်မူကား၊ထိုအာကာသဟူသောအာရုံမျိုးသည်၊တစုံတခုသောဓာတ်သားဝဏ္ဏအမှုကိရိယာရှိသော ဓာတ်မျိုးမဟုတ်။စိတ်မနောတွင်ဓာတ်သားဝဏ္ဏအမှုကိရိယာ ရှိသကဲ့သို့။ထင်ရုံမြင်ရုံမျှသာထင်မြင်ရသောအာရုံမျိုးဖြစ်၏။နိဗ္ဗာနအာရုံမျိုး။ ရုဝအာရုံမျိုးဖြစ်၏၊ ကျောင်းအိပ်ပြူတင်းပေါက်တို့၌။ ပြူတင်းတံခါးရွက်ကို ဖွင့်လှစ်၍ထားခဲ့သော်၊ ထိုအပေါက်အာကာသသည်၊ လေးထောင့်သဏ္ဌာန်နှင့်တကွ။ မှန်ချပ်မှန်ပြားသကဲ့သို့စိတ်မနောတွင်ထင်မြင်ရ၏။ ပြူတင်းတံခါးရွက်ကိုပိတ်၍ထားခဲ့ပြန်သျှင်။ထိုအပေါက်အာကာသသည် ကွယ်ပျောက်၍သွားပြီဟုထင်မြင်ရ၏၊ ထိုအပေါက်၌ရောက်ရှိသောအရောင်ဓာတ်အလင်းဓာတ်တို့၏ဖြစ်ပေါ်မှုပျောက်ပျက်မှုသည်သာရှိ၏။ အပေါက်အာကာသ၏ဖြစ်ပေါ်မှုပျောက်ပျက်မှုဟူ၍မရှိ၊ သက်သက်သော အာကာသဓာတ်မည်

www.dhammaransi.com



သည့် အရောင်ဓါတ် အဆင်းဓါတ်မျိုး မဟုတ်။ နေရောင် မီးရောင်စသော အရောင်ဓါတ်မျိုး အလင်းဓါတ်မျိုးနှင့်ကင်းခဲ့လျှင်၊ ထင်မြင်ရသည်မဟုတ်။ ရှိသည်ဟူ၍လည်းမထင်မြင်ရ။ အရောင်အလင်းသည်၊ အာကာသ၏ ဓါတ်သားဝတ္ထုအမှုကိရိယာ အရာ၌တည်၍။ အာကာသနှင့် တခုတည်းကဲ့သို့ ထင်မြင်ရ၏။ ။ဤမျှသော စိစစ်ဆေးချက်တို့ဖြင့်၊ ပရိစ္ဆေဒါကာသနှင့်တကွ အလုံး စုံသောအာကာသမျိုးဟူသမျှသည်၊ မိမိ၏သဘောအားဖြင့်ဖြစ်ခြင်းပြက်ခြင်းမှကင်းသောနိစ္စမျိုး။ ဓုဝမျိုးသာအမှန်ဖြစ်၏ဟုထင်လျှားလေပြီ၊ ။ထိုသို့ဓါတ်သားဝတ္ထုအမှုကိရိယာရှိသောအာရုံမျိုးအဟုတ်လေရကား၊ တခုတည်းသာအမှန်ဖြစ်၏။ ၂-ခု။ ၃ခု၊ ၄-ခု ၅-ခု။ စသည်များပြားရန်မရှိ။ သို့ရာတွင်ပြုတင်းတံခါးအများရှိခဲ့လျှင်။ အပေါက်အာကာသအများပင် ထင်မြင်ခေါ်ဆိုကြရ၏။ ပြုတင်းတံခါးအကြီးအငယ်ရှိခဲ့ပြန်လျှင်။ အပေါက်အာကာသ အကြီးအငယ်အများပင်ထင်မြင်ခေါ်ဆိုကြရ၏၊ ထို့အတူ။ အာကာသငါးမျိုးဟူ၍ခေါ်ဆိုရပြန်၏။ ပြူတင်းတံခါးကိုဖွင့်လျှင်အပေါက်အာကာသဖြစ်ပေါ်လာ၏။ ပြုတင်းတံခါးကိုပိတ်လျှင်။ ထိုအပေါက်အာကာသပျက်ကွယ်ပြန်၏ဟုထင်မြင်ပြောဆိုရ၏။ ထို့အတူ။ ထိုရွှေအာကာသလေးပါးတို့မှာဖြစ်ပေါ်သည်ပျက်ကွယ်သည်ဟူ၍ ခေါ်ဆိုရပြန်၏။ သို့သော်လည်း။ စင်စစ်အားဖြင့်မူကား။ ရွှေအာကာသ လေးပါးတို့သည်လည်းဖြစ်မှုပျက်မှုမရှိဘဲ။ မြဲသောအာရုံမျိုးသာဖြစ်ကြကုန်၏၊ ။လဟာပြင်ဟုဆိုအပ်သောအဇဋာကာသအနန္တကောင်းကင်ကြီးသည်မူကား။ ဖြစ်မှုပျက်မှုတို့နှင့် ဝေးကွာလျက်။ အခါခပ်သိမ်းနိစ္စဓုဝအသွင်ထင်လျှားလေပြီ၊ ။ထို့ကြောင့်။ အင်္ဂုတ္တိုရ်ပါဠိတော်၌အာအာသကို။ နိစ္စ။ ဓုဝ။ သဿတ။ အဝိပရိဏာမဓမ္မဟုဟောတော်မူပေသည်၊

“ရွှေစံအောင်”အဘိဓမ္မာကျမ်းစာတွင်ထပ်ကာထပ်ကာလာသော အာကာသများသည်မူကား။ ရွှေအာကာသများ ဖြစ်ကြပေသည်။ အနောက်နိုင်ငံပညာရှိကြီးတို့လည်း၊ ဤကဲ့သို့ပင်သဘော

ကျ၍ယူနေကြပါသည်ဟူသော လျှောက်လွှာပါစကားမှာလည်း။ ၎င်းပညာရှိကြီးတို့သည် ပြဆိုခဲ့ပြီးသောအတိုင်းပင် သဘောကျ၍ယူနေကြသူများဖြစ်ပေသည်။ ။လျှောက်လွှာတွင်၊ နောက်၌ ကျွန်ုပ်၏သဘောအရမှာ။ လဟာစင်စစ် မည်သည်၊ ဘာမျှမရှိခြင်းစင်စစ်သာပင်တည်းဟု ပါရှိသောကြောင့်။ လျှောက်လွှာရှင် “မိလစ”သည်လည်း။အာကာသဉာဏ်အမြင်မှာ။၎င်းပညာရှိကြီးများနှင့်ထပ်တူ ထပ်မျှပင်ဖြစ်ပေသည်၊ အင်္ဂုတ္တိုရ်ပါဠိတော်ကိုအနက်ပြန်ဆိုသူ ရဟန်းတော်တိလောကသည်လည်း။ ပါဠိတော်ရှိသည်အတိုင်းသာပြန်ဆိုပေသည်။တစုံတရာအပိုအမိုပြောဆိုသည်မဟုတ်ပေ။ ထိုကြောင့်ထိုပါဠိတော်အရ အာကာသဉာဏ်အမြင်မှ ထူးခြားကွဲလွဲခြင်းမရှိကြဟု ဆရာတော်သဘောရရှိပေသည်၊ သို့ရာတွင်။လျှောက်လွှာရှင်“မိလစ”၏စိတ်မှာမူကား။ကေရုပ်စသခင် စီရင်ရေးသားသော ဗုဒ္ဓမြတ်စွာဘုရား၏ အကြောင်းအရာအဏ္ဏပုဏ္ဏိစာအုပ်၌အရာဝတ္ထုဟူသမျှတို့သည်။ တခုတည်းသော မူလသဘာဝမှ ဖြစ်ပွါး လာကြသောကြောင့် တခုတည်းသော တရားအတိုင်းသာလျှင်။ကြီးပွါးဖြစ်ထွန်း၍လာကြသည်၊ ။၎င်းပြင် နိဗ္ဗာန်တည်းဟူသောရည်ရွယ်ချက် တခုတည်းသို့သာလျှင် ရောက်ကြကုန်လတ္တံ့။ အမှန်သည်တခုသာလျှင်ရှိသကဲ့သို့၊ နိဗ္ဗာန်သည်လည်းတခုသာလျှင်ရှိ၏၊ ၂–ခု၊ ၃–ခုဟူ၍မရှိချေ,ဟူ၍ပါရှိသောစကားကိုအစွဲပြု၍။ဝိစိကိစ္ဆာတရားဖြစ်ပွါးလျက်ရှိနေပြန်၏။ ဖြစ်ပွါးပုံကား။အဆုံးသတ်ဖြစ်သောနိဿရဏတရားသည်။တခုတည်းသာဖြစ်ရပါသည်၊သို့ဖြစ်ပါလျက်၊ ထိုပါဠိတော်မှာ အာကာသလည်းနိဿရဏတရားတပါး၊ နိဗ္ဗာန်လည်းနိဿရဏတရား တပါးဟူ၍ နိဿရဏတရားနှစ်ပါးဖြစ်၍ နေပြန်ပါသည်ဟု ဝိစိကိစ္ဆာတရားဖြစ်ပွါးလျက်နေပြန်လေသည်။

အဖြေမူကား၊ ။ကေရုပ်စသောင်၏စာအုပ်မှာ၊အရာဝတ္ထုဟူသမျှတို့သည်ဟုဆိုသော်လည်း။ နောက်၌ နိဗ္ဗာန်တည်းဟူသော ရည်ရွယ်ချက်တခုတည်းသို့သာလျှင် ရောက်ကြကုန်လတ္တံ့, ဟူ၍

www.dhammaransi.com



အချုပ်စကားပါရှိသောကြောင့်နိဗ္ဗာန်နှင့်သက်ဆိုင်သောသတ္တဝါ၏ကိုယ်ခန္ဓာအရာဝတ္ထုဟူသမျှတို့ကိုသာလျှင် ယူသင့်ပေသည်။ မြေ,ရေ,တော,တောင်,အဇဋာကာသကောင်းကင်တို့သည်ကား။ နိဗ္ဗာန်နှင့်သက်ဆိုင်ကြသောအရာဝတ္ထုမျိုးမဟုတ်ကြပေကုန်။ ဤမြေ,ရေ,တော,တောင်စသောအရာဝတ္ထုဟူသမျှတို့သည်။ အနိစ္စနိုင်ငံသို့ပါကြ၍။ အဇဋာကာသတခုတည်းသို့သာ ရောက်ကြကုန်လတံ့ဟု ဆိုသင့်ပေသည်။ ထိုသို့ဆိုခဲ့သော်။ သတ္တဝါတို့၏ ဖြစ်မှုပျက်မှု၏ကုန်ဆုံးရာဌာနသည်ကားနိဗ္ဗာန်ပေတည်း။ ။သတ္တဝါမဟုတ်သောမြေ,ရေ,တော,တောင်စသောဗဟိဒ္ဓဝတ္ထုတို့၏ ဖြစ်မှုပျက်မှု၏ကုန်ဆုံးရာဌာနသည်ကား။ အဇဋာကာသပေတည်းဟုယူ နိအနက်ပေါ်ထွက်လာသောကြောင့်။ ရင်းကေရုပ်စ၏စကားသည့်လည်း။ ဒွေမေဘိက္ခဝေဓမ္မာနိစ္စဓုဝါသသတာအဝိပရိဏာမဓမ္မာ။ ကတမေဒွေ။ အာကာသောစနိဗ္ဗာနဉ္စ။ ။ဟူသောပါဠိတော်နှင့်ရောနှောမိကြသည်ပင်ဖြစ်သည်။ နိဗ္ဗာန်သည်တခုသာရှိ၏။ ၂ခု ၃-ခုဟူ၍မရှိချေဟူသောစကားမှာလည်း။ စင်စစ်အားဖြင့် တခုသာရှိသည်မှန်၏။ သို့ရာတွင်-၂ခု။ ၃ခုပြု၍ပြောထိုက်ဟောထိုက်သောပရိယာယ်အကြောင်းနှင့်ဘက်တွဲ၍ နိဗ္ဗာန်သည် နှစ်ပါးရှိသည်။ သုံးပါးရှိသည်။ လေးပါး။ ငါးပါးဆယ်ပါး ရှိသည် စသည်ဖြင့်ပြောဟောလိုလျှင်။ ပြောဟောထိုက်သော အခွင့်ရှိပြန်၏။ ကောင်းကင်သည်စင်စစ်အားဖြင့်။ နိစ္စဓုဝအနေနှင့် တခုတည်းရှိပြားသော်လည်း။ ဤပြူတင်းပေါက်မှာကောင်းကင်တခု။ ထိုပြူတင်းပေါက်မှာကောင်းကင်တခုဟူ၍ ပြောဟောထိုက်ပြန်သကဲ့သို့တည်း။

နောက်၌ ရှေးအထက်က နှစ်ကြောင်း။နှစ်သွယ် ထွက်သောကိစ္စတို့ကိုဆုံးဖြတ်ကြသောပုဂ္ဂိုလ်ကျော်များတို့သည်။ ဤအချက်ကိုသွတ်သွင်း၍ဆုံးဖြတ်ခဲ့လို့ကောင်းပါသည်ဟူသော လျှောက်လွှာရှင်၏စကားမှာလည်း။ မိလိန္ဒပဉှာကျမ်းသည်နှစ်ကြောင်း,နှစ်သွယ်ထွက်သောကိစ္စတို့ကိုဆုံးဖြတ်သော ကျမ်းရင်း, ကျမ်းမ,

ဖြစ်ပေသည်။ လျှောက်လွှာရှင်၏အထက်စကားမှာ (မိလိန္ဒ ပဉှာ
တွင်လည်း။ ဤကဲ့သို့ပင်။ ပါပါသည်ဟုပါရှိသည့်အတိုင်း။ အာကာ
သသည်နိစ္စရူပမျိုးစင်စစ်ဖြစ်ကြောင်းကို။ ထိုကျမ်းတွင်ဆိုပြီးဆုံး
ဖြတ်ပြီးပင်ဖြစ်သည်။ အဘိဓမ္မာရှင်ပိုင်းတွင်လာသောပရိစ္ဆေဒါ
ကာသသည်ကား။ ရုပ်ဆိုင်ရုပ်ခဲတို့နှင့်ဘက်စပ်၍ထင်မြင်ရသော
အာကာသမျိုးဖြစ်ချေ၍။ ရုပ်ဆိုင်ရုပ်ခဲတို့နှင့်အလားတူအနိစ္စမျိုး၊
အရူပမျိုးဖြစ်သည်ဟုပြောဆိုရန်ပရိယာယ်အကြောင်းရှိ၏။ လ
ဟာဟာခေါ်ရသောအဇဋာကာသအနန္တကြီးမှာမူကား။ ရုပ်ဆိုင်
ရုပ်ခဲတို့မှဆိတ်ကင်းရာ။ အနန္တနယ်ကြီးဖြစ်ပေသည်နှင့်အနိစ္စမျိုး
အရူပမျိုးဖြစ်သည်ဟုပြောဆိုရန်ပရိယာယ်အကြောင်းမျှပင် မရှိ
ဘဲ။ ကမ္ဘာအစဉ်အဆက်အားဖြင့်။ နိစ္စရိုးရာကြီးရူပရိုးရာကြီးဖြစ်
ပေရကား။ ဘယ်သူတဦးတယောက်မျှ ထိုအာကာသကြီးကို အ
နိစ္စ။ အရူပဟုယူဆခြင်းမရှိကြလေ။ ။ ဤမျှသောဖြေရှင်းချက်တို့
ဖြင့်။ လျှောက်လွှာမှာပထမပုစ္ဆာနောက်ပိုင်းတွင်။ အဆိုင်အခဲနှင့်။
ဘက်တွဲ၍။ အနဲနဲရုပ်ထွေးချက်များသည်လည်း။ ဖြေရှင်းပြီး ဖြစ်
လေတော့သည်။

---

## ဒုတိယမာတုဂါမ-ရဟန်းပြုပုစ္ဆာ။

မာတုဂါမ—ရဟန်းပြုပုစ္ဆာဒုတိယအဖြေကား။ ။ ၎င်းပုစ္ဆာ
မှာ။ (၁)ခွင့်ပေးခန်း၌ဖြေရှင်းရန်တချက်။ (၂)သာသနာ၌ဖြေရှင်း
ရန်တချက်ဟူ၍ဖြေရှင်းရန်နှစ်ချက်ရှိ၏။ ။(၁) ခွင့်ပေးခန်း၌ဖြေ
ရှင်းရန်အချက်ကား။ ။မိထွေးတော်ဂေါတမီသည်။ မာတုဂါမ
များရဟန်းပြုခွင့်ရကြစေရန်။ မြတ်စွာဘုရားအားကပိလဝတ်ပြည်
မှာ။ ပထမအခါသုံးကြိမ်တိုင်တိုင်ခွင့်တောင်း၏။ မြတ်စွာဘုရား
ကသုံးကြိမ်တိုင်တိုင်ပယ်တော်မူ၏၊ ခွင့်မရသည့် အတွက်။ မိ
ထွေးတော်ဂေါတမီသည်။ အလွန်ဝမ်းနည်းခြင်း။ စိတ်နှလုံး ဆင်း

www.dhammaransi.com



ရဲခြင်းဖြစ်၍နေရ၏။ ၊တဖန် ရဟန်းပြုလိုကြသောသာကီဝင်မ, ပေါင်း ငါးရာ,တို့နှင့်စိတ်တူသဘောတူဆံသင်ရိတ်ခြင်း။ဖန်ရည် ဆိုးသောအဝတ်ကိုဝတ်ရုံခြင်းတို့ဖြင့်။သီလရှင်မ,ပြုလုပ်ကြကုန် ပြီးလျှင်။ကပိလဝတ်ပြည်မှ ငါးဆဲ့တယူဇနာကွာဝေးသော။ဝေ သာလီပြည်သို့။ခြေလျင်ခရီးဖြင့်။ပင်ပန်းကြီးစွာ လာရောက်ကြရ ကုန်၏။အကြီးမှူးဖြစ်သူ—မိထွေးတော်ဂေါတမီသည်၊ မာတုဂါ မ,များရဟန်းပြုခွင့်ရကြစေရန် မြတ်စွာဘုရားအား။ ဝေသာလီ ပြည်မှာဒုတိယအခါ။သုံးကြိမ်တိုင်တိုင် ခွင့်တောင်းပြန်၏။ မြတ် စွာဘုရားက ဝေသာလီပြည်မှာလည်း သုံးကြိမ်တိုင်တိုင် ပယ် တော်မူသည်သာတည်း။ထိုအခါမှာလည်း၊မိထွေးတော်ဂေါတမီ သည်။ရှေးအခါကထက်အဆ,များစွာသာလွန်၍အလွန်ဝမ်းနည်း ခြင်း၊ စိတ်နှလုံးဆင်းရဲခြင်းဖြစ်ရပြန်၏။ ထိုအကြောင်းကိုအရှင် အာနန္ဒာမြင်၍။မိထွေးတော်၏ကိုယ်စားပြုလုပ်ပြီးလျှင်။တတိယ အခါ သုံးကြိမ်တိုင်တိုင်ခွင့်တောင်းပြန်၏။ သုံးကြိမ်တိုင်တိုင်ပင် ပယ်မြဲ ပယ်တော်မူပြန်၏။ အခါပေါင်းသုံးခါ။ အကြိမ်ပေါင်း-၉ ကြိမ်ရှိပြီ၊

ထိုအခါမှာ။အရှင်အာနန္ဒာသည်။ ကြီးစွာသော အကြောင်း ကြီးနှစ်ပါးကိုထုတ်ဆောင်၍။စတုတ္ထအခါတကြိမ် ့တောင်းပန်ပြန် ၏၊အကြောင်းကြီးနှစ်ပါးဆိုသည်ကား။ မြတ်စွာဘုရားတို့၏သာ သနာတော်မှာ၊မာတုဂါမ,များ ရဟန်းပြုခဲ့သော်။မဂ်ဉာဏ်ဖိုလ် ဉာဏ်ကိုရထိုက်ပါ၏လားဘုရားဟုမေးလျှောက်၏၊ရထိုက်ပါ၏ ဟုဖြေတော်မူရ၏၊ဤသည်လည်းအကြောင်းတပါး။ ၊မြတ်စွာ ဘုရား၏အပေါ်မှာ၊ မိထွေးတော်၏ဂုဏ်ကျေးဇူးအနန္တကို ဆော် ပြခြင်းသည်လည်း အကြောင်းတပါး။ ဤအကြောင်း နှစ်ပါးပေ တည်း။ ၊ဤအကြောင်းနှစ်ပါးကိုထုတ်ဆောင်၍၊ မိထွေးတော် အတွက်ခွင့်တောင်းသောအခါမှာ။ တချမ်ထည်းနှင့်ပင် ခွင့်ပေး တော်မူရ၏။ သို့ရာတွင်၊ ရှေးရှေး ခွင့်တောင်းချက်တို့မှာ၊ အ ကြောင်းနှစ်ပါးမပါသေး၍။အခွင့်မပေးသည်မဟုတ်၊ပေါ့လျော့ရန်

www.dhammaransi.com



ရှိသေး၍အခွင့်မပေးခြင်းဖြစ်သတည်း။အကြောင်းနှစ်ပါးပါရှိမှခွင့်ပေးတော်မူသည်မှာ။ပညာရှိတပါးတို့ကြေနပ်ကြစေရန်မျှဖြစ်ပေသတည်း။ ခွင့်ပေးသည့်အခါမှာလည်း။ အလွတ် သက်သက်အားဖြင့်ခွင့်ပေးတော်မူသည်မဟုတ်။ ။ဂရုဓမ်တရား ရှစ်ပါးကိုဘော်ပြတော်မူပြီးမှ။ဤဂရုဓမ်တရားရှစ်ပါးကို။မိထွေးတော်ဝန်ခံနိုင်ပါလျှင်ရဟန်းပြုရန်ခွင့်ပေး၏။ ဝန်မခံနိုင်လျှင်အခွင့်မပေးဟုအချုပ်စကားနှင့်ခွင့်ပေးတော်မူ၏။

ထိုအခါရှင်အာနန္ဒာသည်။မိထွေးတော်အားပြန်ကြားလေ၏။ မိထွေးတော်သည်အရှင်အာနန္ဒာအား။ဂရုဓမ်တရားရှစ်ပါးကို။ ရိုသေလေးမြတ်စွာခံယူပါမည်ဟုလျှောက်လေ၏။ ။မိထွေးတော်ပင်ပန်းမှုကိုနေ့ရက်ကြာ့ကြာစွာပြု၍။ လစ်လျူရှုတော်မူခြင်း၏အကျိုးသည်။ဤမိထွေးတော်လျှောက်ခန်းမှာ ထင်ရှားစွာပေါ်သာပေ၏။ဤကဲ့သို့မိထွေးတော်ကြီးပင်ပန်းခွင့်ကိုမြင်တော်မူသဖြင့်။ မိထွေးတော်ကြီးသင်းရဲဒုက္ခ မဖြစ်ရစေရန်။ တခါတကြိမ် ခွင့်တောင်းကာမျှနှင့်အခွင့်ပေးတော်မူပြန်လျှင်လည်း၊ဂရုဓမ်တရားကိုအလေးဂရုပြုမှုနည်းပါးကြလိမ့်မည်အမှန်ဖြစ်၏။မိထွေးတော်ကြီး၏ပင်ပန်းမှုသည်။ဂရုဓမ်တရားကိုအလေးဂရု ပြုကြခြင်း၏အကြောင်းရင်းစင်စစ်ဖြစ်၏။ ဂရုဓမ်တရားကိုအလေးဂရုပြုကြခြင်းသည်။သာသနာတော်ကြီးကာလမြင့်ရှည် တည်မြဲ တည်နိုင်ခြင်း၏အကြောင်းဖြစ်၏။ထို့ကြောင့်မိထွေးတော်ကြီး၏ ပင်ပန်းမှုသည်။ သာသနာတော်၏အကျိုးစီးပွါးများမြတ်ရန်အကြောင်းကြီးစင်စစ်ဖြစ်ပေသောကြောင့်။မိထွေးတော်ကြီး ထိုမျှလောက်ပင်ပန်းသည့်တိုင်အောင်။လစ်လျူရှုတော်မူပြန်သတည်း။

ဝိနည်းပိဋကတ်စူဠဝါပါဠိတော်ဘိက္ခုနီခန္ဓက၌။ ။သစေ အာနန္ဒနာ လဘိဿာမာတုဂါမော တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ အဂါရသ္မာ အနာဂါရိယံ။ပဗ္ဗဇ္ဇံ စိရဋ္ဌိတိကံအာနန္ဒ။ ဗြဟ္မစရိယံအဘဝိဿ။ ဝဿသဟဿံ သဒ္ဓမ္မောတိဋ္ဌေယျ။ ။အာနန္ဒာ။မာတုဂါမများသည်။ငါဘုရားသာသနာ၌ ရဟန်းပြုခွင့် မရ

ပါမှုကား။ ငါဘုရားသာသနာသည် နှစ်ပေါင်း တထောင်, တိုင်အောင်တည်လေရာ၏ဆိုလိုသည်။ ။ဤစကားသည်လည်း ဖြစ်ထိုက်သော အခွင့်ရှိသည့်အတိုင်း ဟောတော် မူသော စကားတော်ပင်ဖြစ်သတည်း။ ။ယတော စ ခေါ အာနန္ဒ မာတုဂါမော။ တထာဂတပ္ပဝေဒိတေ။ ဓမ္မဝိနယေ အဂါရသ္မာ။ အနာ ဂါရိယံ ပဗ္ဗဇိတော၊ နဒါနိ အာနန္ဒ ဗြဟ္မစရိယံ စိရဋ္ဌိတိကံ ဘဝိဿတိ။ ပဉ္စေဝ ဒါနိ အာနန္ဒ ဝဿသတာနိ သဒ္ဓမ္မော ဌဿတိ။ ။အာနန္ဒာ။ အကြင်အကြောင်းကြောင့်။ မာတုဂါမများသည်။ ငါဘုရားသာသနာ၌ ရဟန်းပြုခွင့်ကိုရ၍ ရဟန်းပြု၏။ ထိုအကြောင်းကြောင့် ယခုအခါ ငါဘုရားသာသနာသည်၊ နှစ်ပေါင်း ငါးရာ, သာလျှင်တည်တော့မတံ့ ဆိုလိုသည်၊ ဤစကားသည်လည်း ဖြစ်ထိုက်သောအခွင့်ရှိသည်အတိုင်းဟောတော်မူသော စကားတော်ပင် ဖြစ်၏။ ။အသက်ရှည်သောကာလ၌ဖြစ်တော်မူကြသောမြတ်စွာဘုရားတို့၏ လက်ထက်မှာ။ လူသတ္တဝါတို့အား။ ကိလေသာတရား အားနည်းကြ၏ ဖြူစင်ဖြောင့်မတ်သောတရားအားကြီးကြ၏။ ထို့ကြောင့် ထိုဘုရားတို့၏လက်ထက်မှာ၊ မာတုဂါမများရဟန်းပြုကြသော်လည်း။ သာသနာတော်ဆုတ်ယုတ်ခွင့်မရှိ။ ငါတို့မြတ်စွာဘုရား၏ ဖြစ်ပွင့်ရာကာလ၌မူကား။ လူသတ္တဝါတို့အား ကိလေသာတရား အလွန်အားကြီးကြ၏၊ ဖြူစင်ဖြောင့်မတ်သောတရားအလွန်အားနည်းကြ၏။ ထို့ကြောင့် ငါတို့ဘုရားလက်ထက်မှာ။ မာတုဂါမများရဟန်းပြုမှုသည်၊ သာသနာတော်ဆုတ်ယုတ်ရန် အခွင့်ကြီးစင်စစ်ဖြစ်လေသတည်း။ ဤသို့သာသနာတော်ဆုတ်ယုတ်ရန် အခွင့်ကြီးစင်စစ်ဖြစ်သည့်အတွက်၊ ထိုအခွင့်ကြီးကိုတားဆီးကွယ်ကာရန်အရေးကြီးလည်း။ ကြီးမားလျက်ရှိလေသောကြောင့်၊ ရုတ်တရက်ခွင့်မပေးမူ၍။ အလိုတော်ရှိတိုင်းအမှုပါအောင်ကြံ့ကြာစွာပြုရလေသတည်း။ ။ဤစကားနှစ်ရပ်ဖြင့်၊ အခါခါအကြိမ်ကြိမ်ခွင့်တောင်းကြရာ၌၊ အခါခါ အကြိမ်ကြိမ် ပယ်တော်မူခြင်း၏ အကြောင်းကိုထုတ်ဆောင်၍ပြတော်မူ၏။

သေယျထာပိအာနန္ဒ။ယာနိကာနိစိကုလာနိဗဟုတ္ထိကာနိအပ္ပပုရိသကာနိ၊တာနိသုပ္ပဓံသိယာနိဟောန္တိ။စောရေဟိကုမ္ဘထေနကေဟိ။ဧဝမေဝ။ ။အာနန္ဒာ။အကြင်လူမျိုးတို့သည် မိန်းမတို့သာများကုန်၏၊ယောကျ်ားတို့နည်းပါးကုန်၏။ထိုလူမျိုးတို့ကို သူခိုးဓါးပြတို့သည်ဖျက်ဆီးရန်အလွန်လွယ်ကုန်၏၊ထို့အတူဟူ၍ဟောတော်မူသည် တချက်။ ဤပါဠိ၌ကုမ္ဘထေနက ဆိုသည်ကား။ညဥ့်အခါမှာအိုးအုံတွင်း၌မီးအလင်းကိုဆောင်ယူ၍ ခိုးကြတိုက်ကြသူတို့ကိုဆိုသည်။

သေယျထာပိအာနန္ဒ။သမ္ပန္နေသာလိခေတ္တေ သေတဋ္ဋိကာနာမ။ရောဂဇာတိနိပတတိ၊ ဧဝံတံသာလိခေတ္တံ။နစိရဋ္ဌိတိကံဟောတိ သေယျထာပိအာနန္ဒသမ္ပန္နေဥစ္ဆုခေတ္တေ။ မဉ္ဇိဋ္ဌိကာနာမရောဂဇာတိ။နိပတတိ။ ဧဝံတံဥစ္ဆုခေတ္တံနစိရဋ္ဌိတိကံဟောတိ ဧဝမေဝ။ ။အာနန္ဒာ၊ပြည့်စုံစွာသောသလေးစပါးခင်းကြံခင်းတို့၌ အနာရောဂါဆိုးကျရောက်ခဲ့ငြားအံ့၊ ထိုသလေးစပါးခင်း၊ ကြံခင်းများသည်ကြာမြင့်စွာပွါးစီးတည်နေခြင်းမရှိ။အလျင်အမြန်ပျက်စီးရာ၏၊ထို့အတူဟူ၍ဟောတော်မူသည်တချက်။ဤပါဠိ-၂-ပုဒ်၌။ သေတဋ္ဋိကဆိုသည်ကား။အဆန်မပါသော စပါးနှံဖြူထွက်အောင်နှိပ်စက်တတ်သော ရောဂါမျိုးကိုဆိုသည်၊ မဉ္ဇိဋ္ဌိကဆိုသည်ကား ကြံ၏အရိုးတလျှောက်ကိုဖေါက်စားသောပိုးရောဂါမျိုးကိုဆိုသည်၊ဤစကားရပ်များသည်အထူးမဟုတ်။ ယောက်ကျားများကဲ့သို့၊ စိတ်မခိုင်မာတတ်သောမာတုဂါမများရဟန်းပြုကြသည့်အတွက်သာသနာအနှစ်ငါးရာယုတ်လျော့ခြင်း၏ ဥပမာများဖြစ်ကြပေသတည်း။

သေယျထာပိအာနန္ဒ။ ပုရိသောမဟတောတဠာကဿပဋိကစ္စေဝအာဠိံဗန္ဓေယျ။ ယာဝဒေဝဥဒကဿအနတိက္ကမနာယ။ ဧဝမေဝခေါအာနန္ဒ။ မယာပဋိကစ္စေဝဘိက္ခုနီနံ အဋ္ဌဂရုဓမ္မာပညတ္တာ။ယာဝဇီဝံအနတိက္ကမနီယာ၊ ။အာနန္ဒာ၊ကျိုးပေါက်၍နေသော တဘက်ဆည်ကန်မှာ ရေမလာမီတင်ကူး၍ ခိုင်လုံစွာ

www.dhammaransi.com



ဆည်ရှိ၍ထားခဲ့သော်။လာသည်မျှရေသည်လွှန်၍မသွားရဘဲ၊ တဘက်ဆည်ကန်တွင်းမှာတည်ရသကဲ့သို့ ထိုအတူ။ငါဘုရားသာသနာမှာမာတုဂါမများမများပြားမီ။တင်ကူး၍အသက်ထက်ဆုံးမကျူးမလွန်သောဂရုဓမ္မတရား ၈ပါးတို့ကိုငါဘုရားပညတ်၍ထားလေပြီ။ ။ဟူသော ဤနောက်ဆုံးစကားဖြင့်။ မာတုဂါမများကိုရဟန်းပြုကြစေရန်ခွင့်ပြုတော်မူသည့်အတွက်။သာသနာအနှစ်ငါးရာ ယုတ်လျော့ရန်အခွင့်ကိုပိတ်ဆို့ထားဆီး၍ထားပြီးရှိလေပြီဟု ပြဆိုတော်မူသဖြင့်။ မာတုဂါမများရဟန်းပြုကြစေရန်ခွင့်ပြုတော်မူရသည့်အတွက်။အပြစ်တင်ဆိုဘွယ်ရှိသမျှကို ဖြေရှင်းတော်မူပေ၏။ ။သာသနာနှစ်ပေါင်းတထောင် အတိုင်းပင်အတည်ပြုပြောခဲ့ပြန်လေ၏။ ဂရုဓမ္မတရား၈ပါးတို့၏အလိုမှာလည်း။ စိတ်မခိုင်မာတတ်သော မာတုဂါမရဟန်းမများတို့ကို။ ဘုရားသာသနာတော်၌ ဘယ်မျှလောက်ပင်ဘန်ခိုးဉာဏ်ပါဒ် ကြီးမြတ်ငြားသော်လည်း။ဘယ်လောက်မျှပင်ပရိယတ်ပဋိပတ်တတ်မြောက်ငြားသော်လည်း။အဘယ်မျှလောက်ပင် အသက်သိက္ခာကြီးမြတ်ငြားသော်လည်း၊သာသနာတော်၌အကြီးအကဲအရာဌာနမှအခြင်းခင်သိမ်းနှိမ့်ချ၍ ထားတော်မူခြင်းဖြစ်၏။ စိတ်ခိုင်မာတတ်သောယောကျ်ားရဟန်းတော်များတို့ကိုသာအကြီးအကဲအမြခန့်ထားတော်မူခြင်းဖြစ်၏။ဥပမာကား။ယခုအခါ။အင်္ဂလန်နိုင်ငံမှာပင်။ မာတုဂါမတို့ကအစိုးရဥပဒေပညတ်ကြီးများကိုတတ်မြောက်ကြသည့်အတွက်၊အကြီးအကဲအရာဌာနကြီးများကို ရကြလိုသည်ဟု။အခိုင်အမာတောင်းဆို၍နေကြရာ။ စိတ်မခိုင်မာတတ်သောမာယုဂါမများကို။ နိုင်ငံအုပ်ချုပ်မှုအကြီးအကဲ့အရာများနိုက်ခန့်ထားခဲ့သော်။ အုပ်ချုပ်မှု ရာဇသတ်ဥပဒေကြီးများလျော့ပါး၍ကုန်သဖြင့်။တန်ခိုးအာနာပျောက်ပြား၍ကုန်ရာ၏ဟုမြော်မြင်ကြကုန် သကဲ့သို့တည်း။ ။ထိုစကားမှန်၏။ မိန်းမတို့မည်သည်။မိမိတို့၏အမျိုးသားမြေးပွါးများစေရန်အလွန်သိမ်မွေ့စွာသောအလိမ္မာမှုမျိုးတို့နှင့်သာထိုက်တန်ကြကုန်၏၊အလွန်ကြမ်း

www.dhammaransi.com



ထမ်းစွာသော နိုင်ငံကိုစိုးရင်အုပ်ချုပ်မှုမျိုးတို့နှင့် မထိုက်တန်ကြကုန်။ယောက်ျားဖြစ်သူ အစိုးရမင်းတို့ကလည်း၊ မိမိတို့အမျိုးအရိုး၌။ သား,လင်,ခင်ပွန်းမရှိကြသောမိန်းမများတို့ကို။ စိတ်အလိုမပြည့်သည့်အတွက်နှင့်။ ခက်ထန်သောင်းကြမ်းခြင်း မရှိကြစေရန်၊အစိုးရမင်းတို့၏အကျိုးကျေးဇူးများကိုခံစားကြစေရန်။ စီမံအားထုတ်သင့်လှပေ၏။ စီမံချက်မှာလည်း၊ မြတ်စွာဘုရားကြီးသည်၊ မိန်းမများအတွက်အသီးအခြားဂရုဓမ်တရားစီရင်ညွှန်းဥပဒေကြီးများကို ထားတော်မူသကဲ့သို့။ မိန်းမများအတွက်အသီးအခြားရာဇသတ်ဥပဒေကြီးများကိုထားကြကုန်ရာ၏။

(၁) ခွင့်ပေးခန်း၌ဖြေရှင်းရန်အချက်ပြီး၏။

---

(၂) သာသနာ နှစ်,အပိုင်းအခြား၌ ဖြေရှင်းချက်။

သစေအာနန္ဒနလဘိဿာမာတုဂါမော။ ငငထာဂငငပငငဝိ်တေ။ဓမ္မဝိနယေအဂါရသ္မာအနာဂါရိယံ။ ပဗ္ဗဇ္ဇံ စိရဋ္ဌိတိကံ၊ အာနန္ဒ ဗြဟ္မစရိယံအဘဝိဿာ။ ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ။ ။ဟူသောပါဠိတော်စကား၌။အဓိပ္ပါယ်ကား။ အနှစ် တထောင်တိုင်အောင်ပြည့်ရ`စွာတည်ခြင်းကို။ "ဝဿသဟဿံ တိဋ္ဌေယျ"ဆိုသည်။ ထိုစကားကိုထင်ရှားစေဦးအံ့။ ဗုဒ္ဓဘာသာ သာသနာတော်၏ပြည့်ရုံခြင်းမည်သည်၊အရိယာပုဂ္ဂိုလ်လေးမျိုးတို့နှင့်ပြည့်ရ`ခြင်းဖြစ်၏၊အရိယာပုဂ္ဂိုလ်လေးမျိုး ဆိုသည်ကား။ သုက္ခဝိပဿက အရိယာပုဂ္ဂိုလ်မျိုး၊တေဝိဇ္ဇအရိယာပုဂ္ဂိုလ်မျိုး၊ ဆဠဘိညအရိယာပုဂ္ဂိုလ်မျိုး၊ ပဋိသမ္ဘိဒါပတ္တအရိယာပုဂ္ဂိုလ်မျိုး။ဤလေးမျိုးတို့ပေတည်း။

ဝဿသဟဿံသဒ္ဓမ္မောတိဋ္ဌေယျ, ဆိုသည်ကား။ အနှစ်တထောင်,မျှသာပြည့်ရ`စွာတည်ရာ၏။ အနှစ်တထောင်မှနောက်၌။ ဆုတ်ယုတ်လျော့ပါး၍သွားရာ၏ဟူ၍ ဆိုလိုပေသည်။အနှစ် တ

www.dhammaransi.com



ထောင်, ပြည့်သည့်နေ့ရက်မှာ။ တချက်တည်း အကုန် ကွယ်ပျောက်ရာ၏ဟုဆိုလိုသည်မဟုတ်၊ ။အနှစ်တထောင်ပြည့်သည့်မှနောက်၌။ ဗုဒ္ဓဘာသာ, သာသနာမှာ။ ပဋိသမ္ဘိဒါပတ္တပုဂ္ဂိုလ်မျိုး မရှိပြီ။ ဆုတ်ယုတ်လေ၏၊ ထိုနောက်ကာလ ကြာညောင်းလတ်သော်။ ဆဠာဘိညပုဂ္ဂိုလ်မျိုးဆုတ်ယုတ်လေ၏။ ထို့နောက် တေဝိဇ္ဇပုဂ္ဂိုလ်မျိုး၊ ထို့နောက်သုက္ခဝိပဿကအရိယာပုဂ္ဂိုလ်မျိုး။ အစဉ်အတိုင်းဆုတ်ယုတ်လေ၏။ ဤသို့လျှင်အနှစ်တထောင်မျှသာပြည့်စုံစွာဘည်ရာ၏။ အနှစ်တထောင်ကျော်လျှင်ပြည့်စုံစွာမတည်နိုင်ဘဲဆုတ်ယုတ်လျော့ပါး၍သွားလေရာ၏ဟု ဆိုလိုရင်း အမှန်ဖြစ်သည်၊ လောက၌အချို့သောသူတို့သည်ကား၊ ဝဿသဟဿံသဒ္ဓမ္မောတိဋ္ဌေယျ,ဟူသောစကားသည်၊ မြတ်စွာဘုရား ပြဋ္ဌာန်းချက်ထားခဲ့သောဗျာဒိတ်စကားတော်ကြီးဟုထင်မှတ်၍။ တထောင်မှ နောက်၌၊ တနေ့တရက်မျှသာသနာသက်မရှိပြီ။ သာသနာခေတ်မရှိပြီ။ သာသနာခေတ်မရှိကလျှင်သိမ်ဟူ၍မရှိပြီ။ သိမ်မရှိကလည်း ရဟန်းဟူ၍မရှိပြီ။ ယခုကာလရှိနေကြသောရဟန်းများသည်၊ ဗုဒ္ဓဘာသာ,သာသနာရဟန်းစစ် မဟုတ်ကြ။ ရဟန်းတု, ရဟန်းယောင်မျှသာဖြစ်ကြလေသည်ဟုခိုင်မြဲစွာယူကြ ပြောဆိုကြကုန်၏။ ။ဤဝဿသဟဿံသဒ္ဓမ္မောတိဋ္ဌေယျ, ဟူသောပါဠိစကားသည်ကား။ ပြဋ္ဌာန်းချက်ထားသော စကားတော်မျိုးပင်မဟုတ်၊ ဗျာဒိတ်စကားမျိုးပင်မဟုတ်။ ဝိနည်းပညတ်ချက် အာဏာစက်စကားမျိုးလည်းမဟုတ်ဆိုက်တိုက်ရာအရေးအခွင့်မှအကြောင်းအားလျော်စွာဆက်လက်၍လာသော။ မဂ္ဂကထာဒေသနာ စကားမျိုးသာဖြစ်၏၊ သာအနာနှစ်မည်သည်သည်း။ ပိုင်းပိုင်း-ခြားခြား ပြဋ္ဌာန်းချက်နှင့်ထားရသောအရာမျိုးပင်မဟုတ်။ ခေတ်ကာလ သမယနှင့်။ သာသနာပြုပုဂ္ဂိုလ်အဆက်ဆက်တို့၏။ အစွမ်းသတ္တိ အလိုက်တည်ရှိရသောအရာမျိုးပေတည်း။

ထို့ကြောင့်အဆက်ဆက်သင်္ဂါယနာတင်ခြင်း။ သာသနာပြုပုဂ္ဂိုလ်ခန့်ထားခြင်း။ တိုင်းတပါး နိုင်ငံတပါးတို့သို့။ သာသနာပြု

www.dhammaransi.com



ပုဂ္ဂိုလ်စေလွှတ်ခြင်းတို့ကို။အစဉ်အဆက် ရှက်ဆောင်ကြရလေသတည်း။

ဓမ္မာသောကမင်းကဲ့သို့။သာသနာပြု မင်းကောင်း,တဦး တယောက်ပေါ်ပေါက်လာလျှင်။သာသနာ့အသစ် ထွန်းကား၏။ အရှင်မဟိန္ဒမထေရ်ကဲ့သို့။သာသနာပြု ပုဂ္ဂိုလ်ကောင်း, တဦးတယောက်ပေါ်ပေါက်လာလျှင်သာသနာပြန့်ပွါး၏။ ။ထိုမှတပါးလည်း သာသနာမည်သည်။ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ။ပဋိဝေဓ,သာသနာဟူ၍သုံးပါးရှိ၏။ ထိုသုံးပါးတို့တွင်လည်း။ဓမ္မဝိနယဟုဆိုအပ်သောပိဋကတ်သုံးပုံပရိယတ္တိသာသနာတော်မြတ်ကြီးသည်။အမြစ်ပင်မ,ကြီးဖြစ်၏။မြတ်စွာဘုရားကြီးသည်။ပရိနိဗ္ဗာန်စံတော်မူခါနီးတွင်။ယောဝေါအာနန္ဒ မယာဓမ္မောစဝိနယောစဒေသိတောပညတ္တော။သောဝေါမမစ္စယေနသတ္ထာ။ ဟူ၍ထိုပရိယတ္တိသာသနာတော်မြတ်ကြီးကိုပင်လျှင်။ကိုယ်တော်မြတ်၏နေရာ၌။ကိုယ်စားလှယ်,ကိုယ်စားခန့်ထားတော်မူခဲ့လေပြီ။ ထို့ကြောင့်။ထိုပရိယတ္တိသာသနာတော်မြတ်ကြီးရှိခဲ့လျှင်။မြတ်စွာဘုရားကြီးရှိသည်ပင်မည်၏။ ထိုပရိယတ္တိသာသနာတော်ကြီးသည်။ယခုအခါ၌လောကတွင်နေလအသွင်မျက်မြင်ဒိဋ္ဌထင်လျှားရှိနေလေပြီ။ပဋိပတ္တိသာသနာတော်မြတ်ကြီး ပဋိဝေဓသာသနာတော်မြတ်ကြီးနှစ်ပါးသည်အမြစ်ပင်မကြီးမှပေါက်ပွါးကြသောအကိုင်းအခက်အရွက်အညွန့်အပွင့်အသီးများ ဖြစ်ကြ၏။ ထိုပရိယတ္တိသာသနာတော်ကြီးမှ ပေါက်ပွါးကြသော သီလသမာဓိပညာသိက္ခာသုံးပါးဟူသောပဋိပတ္တိသာသနာ ပဋိဝေဓသာသနာကြီးများသည်လည်း။ ယခုလောကတွင်ယုံကြည်လေးမြတ်၊ ဆည်းကပ်ကျင့်ကြံရည်သန်တော်င့်တလျက်။နေလအသွင်ထင်ပေါ်ထင်ရှားလျက်ရှိနေကြ၏။အမြစ်ပင်မကြီးနှင့် အကိုင်းအခက်စသည်တို့၌ အမြစ်ပင်မကြီးသည်သာလျှင် ထာဝရခိုင်မြဲတင်၏။ အကိုင်းအခက်စသည်ဘို့မှာမူကား။ ပြုပြင်သူဖျက်ဆီးသူတို့၏ အတွက်ရင်း။မိုးကောင်းမှုမိုးခေါင်မှုအတွက်ရင်း။ ဖြစ်လွယ်ပျက်

www.dhammaransi.com



လွယ်ရှိတော်ကြကုန်၏။ ။အနှစ်တထောင်မှနောက်၌တနေ့တ ရက်မျှသာသနာသက်မရှိပြီ သာသနာခေတ်မရှိပြီဟု ခိုင်မြဲစွာ ပြောဆိုကြသောသူတို့သည်မူကား၊ ဤလောက၌နေကိုနေဟူ၍ မသိကြ။လ,ကိုလဟူ၍မသိကြသဖြင့်၊လောကမှာနေဟူ၍မရှိပြီ။ လ,ဟူ၍ မရှိပြီဟုဆိုကြသူများနှင့် အလားတူကြကုန်၏။ ။ဤ ကားမိထွေးတော်ဂေါတမီ၏ ရဟန်းပြုနိုင်ခွင့်တောင်းခန်းတွင်။ ယခုကာလရှိနေကြသောပါဠိတော်များအတိုင်း။ပါဠိရင်းပါဠိမှန် ပြ၍ဖြောင့်ချက်ဖြေရှင်းချက်ပေတည်း။ ဤဖြောင့်ချက် ဖြေရှင်း ချက်ဖြင့်ပင်လျှင်။ အင်္ဂဒမိ–ဂျေ-မီလစ၏ ဒုတိယ ပုစ္ဆာကြီး သည်။ပြီးပြေနိုင်လောက်ပြီ။

သို့သော်သည်းအလွန်အရေးကြီးလှသောသာသနာ့အချက်ကြီး ဖြစ်ပေ၍။ပြီးပြေသည်ထက် ပြီးပြေစေခြင်းငှါ။ ပုစ္ဆာစကားရင်းရ ကိုအစိတ်အစိတ်ထုတ်ဘော်၍အစဉ်အတိုင်းဖြေဆိုပေဦးအံ့။

(၁)အာနန္ဒာသည်၊မြတ်စွာဘုရားထံတော်ပါးသို့ချဉ်းကပ်၍ မာတုဂါမတို့အား။ဘိက္ခုနီ ,ပြုလုပ်နိုင်စေနိုင် ခွင့်တောင်း၍အ ခွင့်ပေးတော်မူရသည်ဟု ကျမ်းအစောင်စောင်တို့၌ ပါပါသည်။ ပုစ္ဆာပါဠိစကား။

(၁) ဤစကားရပ်ကို ပုစ္ဆာရှင် မယုံကြည်နိုင်ရှိ၏။ အ ကြောင်းမှာ။နောက်၌ထင်ရှားလတံ့။အဖြေ။

(၂) မြတ်စွာဘုရားသည်၊ ဤကဲ့သို့ခွင့်ပြုနိုင်ကိုသဘော တော်မပါဟူ၍လည်းပြောကြပါသည်၊ပုစ္ဆာ။

(၂) သဘောတော်မပါဟုပြောကြသည်မှာ၊ မာတုဂါမ များရဟန်းပြုကြသည့်အတွက် နောက်၌အပြစ်ဘော်ပြချက်များ စွာပါရှိသောကြောင့်။သဘောတော်မပါဟုယူဆကာ ပြောကြ ပေသည်၊ပြောကြသော်လည်းသဘောတော် မပါသည်မဟုတ်။ သဘောတော်ပါသည်သာဖြစ်၏။ အကြောင်းမူကား။ ခပ်သိမ်း သောမြတ်စွာဘုရားတို့၏သာသနာတို့မှာ။ဘိက္ခုပရိသတ်၊ဘိက္ခု နီပရိသတ်။ ဥပါသကာပရိသတ်။ဥပါသိကာပရိသတ်ဟူ၍ ပရိ

သတ်လေးပါးရှိမြဲဖြစ်၏။ ။မာရသံယုတ် ပါဠိတော်၌၊ ဘုရားဖြစ်တော်မူ၍အဇပါလညောင်ပင်၌နေတော်မူစဉ်အခါတွင်။ ပရိနိဗ္ဗာန်စံတော်မူပါဟု မာရ်နတ်လျှောက်ထားရာ၌ ငင်လျှင်၊ အကြင်မျှလောက်ငါဘုရား၏ပရိသတ်လေးပါးတို့သည်။ ငါဘုရား၏သာသနာဝမ္ဗ၌ကောင်းစွာမလိမ္မာကြကုန်သေး။ ထိုမျှလောက်ငါဘုရားပရိနိဗ္ဗာန်မစံသေးဟူ၍ဟောတော်မူချက်ရှိ၏။ ထိုအခါကပင်လျှင်။ ဘိက္ခုနီပရိသတ်၏ ပြည့်စုံခြင်းသည်။ သာသနာတော်မြတ်၏ပြည့်စုံခြင်းအင်္ဂါတပါးအဖြစ်ဖြင့် ရည်မှတ်တော်မူရင်းဖြစ်သည်ဟု ယုံကြည်ထိုက်လှ၏။ ။ထိုမှနောက်၌ ဥပရိပဏ္ဏာသဝဏ္ဏသုတ်အစရှိသော ထိုထိုသုတ္တန် ကြီးငယ်တို့မှာလည်း။ထိုနည်းတူ လာရှိလျက်ရှိ၏၊ သို့ရာတွင်။ မာတုဂါမတို့၏အပေါ်မှာကြီးမားစွာသောဥပဒေအချုပ်ကြီးများကို ထားတော်မူရန် အရေးအလွန်ကြီးလှသောကြောင့်။ ထိုအလွန်ကြီးလှသောအရေးကို။အလိုတော်ကျပြုလုပ်လွယ်စေခြင်းငှါ။ မာတုဂါမများရဟန်းပြုကြသည့်အတွက်ဖြစ်ထိုက်ရာသော အပြစ်ကြီးများကိုထုတ်ဘော်၍။ဟောတော်မူရပြန်သတည်း။ ။အဖြေ။

(၃) အာနန္ဒာသည်။ တကြိယမြောက်။ လျှောက်ထားမြစ်ပယ်ပြီးနောက်၊ တဖန်-ပယ်ခွင့်မရသာအောင်၊ ကြီးစွာသောအကြောင်းကိုဘော်ပြ၍။ စတုတ္ထမြောက်, ခွင့်တောင်းပြန်သောအခါခွင့်ပြုတော်မူရချေသည်ဟူ၍လည်း။ ပါဠိတော်စာအုပ်များမှာပါသည်။ ။ပုစ္ဆာ။

(၃) ပါသည်မှန်ပေ၏ ပါသော်လည်း။အလိုတော်မရှိပါဘဲသျက်,ပယ်ခွင့်မသာလှ၍ခွင့်ပေးရသည်မဟုတ်။ ရှေးအဘို့ကပင်ဤကဲ့သို့သောလျှောက်ထားချက်ကြီးသို့ဆိုက်ရောက်သောအခါမှခွင့်ပြုတော်မူမည်ဟုမြော်လင့်စောင့်ဆိုင်းလျက် ရှိကြောင်း ကို။ ၂—ပုစ္ဆာအဖြေမှာဘော်ပြခဲ့သော အကြောင်းများနှင့်ပင် ထင်ရှားလျက်ရှိလေပြီ။

www.dhammaransi.com



(၄) ထိုမှတပါးလည်းအရှင်အာနန္ဒာ လျှောက်ထားဘန်များလှ၍၊ မြတ်စွာဘုရားမနှစ်သက်သော်လည်းခွင့်ပြုတော်မူရပြီးနေ၌ အရှင်အာနန္ဒာအားမိန့်ကြားတော်မူပြန်သည်မှာ၊ အာနန္ဒာ၊ ယခုငါဘုရား၏သာသနာသည်၊ မာတုဂါမများ ရဟန်းပြုကြသည်အတွက်အနှစ်ငါးရာသာတည်တော့လတံ့ဟူ၍မိန့်တော်မူကြောင်း ပါရှိပါသည်။ ။အကျွန်ုပ်တို့၏ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားကြီးသည်၊ ဤကဲ့သို့ မိန့်တော်မူလိမ့်မည်ဟု မထင်ပါ။ ပုစ္ဆာ။ ။

(၄) မထင်ခြင်း၏အကြောင်းကား၊ ယခုသာသနာတော်အနှစ်နှစ်ထောင်ကျော်ရှိသည်တိုင်အောင်၊ အမြစ်ပင်မ,ကြီးဖြစ်သောပိဋကတ်သုံးပုံ,ပရိယတ္တိသာသနာတော်မြတ်ကြီးထင်ရှားရှိနေသည်ကို၊ ပုစ္ဆာရှင်မျက်မြင်ဒိဋ္ဌတွေ့ကြုံရလျက် ရှိနေသည်နှင့်အနှစ်ငါးရာသာတည်လတံ့ဟူသောစကားသည်၊ မျက်မြင်ဒိဋ္ဌနှင့်အလွန်ကွာလှမ်းလျက်ရှိနေသောကြောင့်တည်း။ ။ထိုစကားသည်ဂရုဓမ်တရားရှစ်ပါး ပညတ်တော်ကြီးများကိုမထားခဲ့လျှင်၊ မာတုဂါမများရဟန်းပြုကြသည့်အတွက်၊ သက်သက် ဖြစ်ထိုက်သော အပြစ်ကိုပြဆိုသောစကားသာတည်း။ ထိုစကားကိုလည်း၊ နောက်၌ တဘက်ဆည်ကန်ဥပမာဖြင့်၊ သေချာစွာ ပယ်ဖျက်တော်မူခဲ့လေပြီ။ ဖြစ်ထိုက်သောအပြစ်ကို ပြဆိုရခြင်းသည်လည်း၊ မာတုဂါမတို့အပေါ်၌ အလွန်ဝန်လေးလှစွာသောဂရုဓမ်တရားကြီးများကို ထားထိုက်လှပေသည်ဟု၊ ကြေနပ်သဖြင့်၊ အလေးပြုကြစေရန် အတွက်ပေတည်း။

(၅) မာတုဂါမတို့၊ ဘိက္ခုနီမ,မပြုထိုက်ဟု မြတ်စွာဘုရားသဘောရှိတော်မူပါလျှင်၊ ဘိက္ခုနီ ပြုခွင့်ကိုပင်၊ အခွင့်ပေးတော်မူလိမ့်မည်မဟုတ်ဟုထင်ပါသည်၊ ပုစ္ဆာပါ—စကား၊

(၅) မာတုဂါမတို့ဘိက္ခုနီမ, မပြုထိုက်ဟူ၍ သဘောမရှိသည့်အတွက်ကြောင့်ပင်လျှင်၊ ခွင့်ပေးတော်မူလျက် ရှိလေပြီ။ အဖြေ၊

(၆) ရုတ်တရက်ခွင့်မပေးဘဲ။ နေ့ရက် ကြံ့ကြာအောင်ပြု၍ ထားခြင်းကို၊ အကျွန်ုပ်တို့နားလည်ပါ၏။ သဘောကျနိုင်ပါ၏။ ပုစ္ဆာပါစကား။

(၆) နေ့ရက်ကြံ့ကြာအောင် ပြု၍ထားခြင်းကို သဘောကျနိုင်ပါလျှင်။ ခွင့်တောင်းမှုနေ့ရက်ကြံ့ကြာစေပြီးမှ။ ခွင့်ပေးမှုအဖြစ်ကြီးများကိုဘော်ပြမှုအလုံးစုံသည်လည်း။ အကုန် ကြေလယ်လေတော့သည်။ ခဲယဉ်းစွာသောအရေးအရာကြီးတို့၌။ လူအများတို့ကို မိမိအလိုရှိရာသို့။ မိုင်နိုင်စွာပါနိုင်ကြစေနိုင်ရန်၊ ပညာရှိကြီးတို့အသုံးပြုကြမြဲဖြစ်သောပရိယာယ်မှုကြီးပေတည်း။ အဖြေ။

(၇) ခေတ်ကာလည်းခေတ်ပျက်။ လျှောက်ထားချက်ကလည်း ကြီးကျယ်သောအချက်ကြီးတရပ်ဖြစ်ပါသည်။ ။ရဟန်းတော်များကလည်းသဘောမကျ။ ထို့ကြောင့်။ ကောင်းမွန်သောနည်းသမ်းဥပဒေသတို့ကို။ သေချာစွာစဉ်းစားပြီးမှ၊ ထုတ်ဘော် မေးလျှောက်ရပါသည်၊ ပုစ္ဆာပါ—စကား။

(၇) ဤစကားသည်၊ ဖြေသောသူအားလည်း။ သတိပေးလိုက်သောစကားဖြစ်ပေသည်။ အဖြေ။

(၈) အနှစ်ငါးရာသာ တည်လတံ့ဟု ဗျာဒိတ်စကား ထားတော်မူခဲ့ခြင်းသည်။ မြတ်စွာဘုရားကြီး၏ပါရမီတော်ဉာဏ်တော်ဘုန်းတန်ခိုးတော်များနှင့်နှိုင်းစာသည်ရှိသော်။ မလျော်မသင့်ဟုထင်ပါသည်။ ပုစ္ဆာပါ—စကား။

(၈) ဗျာဒိတ်စကားထားတော်မူခဲ့သော နိယာမ စကားမျိုးမဟုတ်ကြောင်း၊ လောက၌ အချို့သောသူတို့၏ အယူ အပြောကို ဖြေဆိုရာ၌ပြီးစီးခဲ့လေပြီ။ ။၄-ပုစ္ဆာအဖြေမှာလည်းပြီးစီးခဲ့လေပြီ။

www.dhammaransi.com



(၉) ထိုမှတပါးလည်းနောက်နောက်သောအခါတို့၌ချီးမွမ်းထိုက်သော သိက္ခာနိမတို့ကိုလည်း။ သီးခြား၍ သီးခြားချီးမွမ်းတော်မူသည်များကိုလည်းတွေ့ရှိရပါသည်၊ ရဟာန်းပြုမှုကို အလိုတော်မရှိခဲ့လျှင်။ ချီးမွမ်းတော်မူလိမ့်မည်မထင်ပါ။ ပုစ္ဆာ။

(၉) မြတ်စွာဘုရားအလိုတော်ရှိရင်းပင်ဖြစ်ကြောင်း၊ ရှေး၌ထင်ရှားခဲ့လေပြီ။

(၁၀) ဤအနှစ်ငါးရာဟူသောစကားသည်။ မြတ်စွာဘုရား၏စကားတော်မဟုတ်၊ ပထမသင်္ဂါယနာပွဲအပြီးတွင်။ ထိုအစည်းအဝေးမှာပင်။ အရှင်အာနန္ဒာကိုအပြစ်ဆိုကြသော ရဟာန်းများထဲက၊ တပါး၊ ပါး၏စကားသာဖြစ်ရပါသည်။ ပုစ္ဆာ။

(၁၀) မြတ်စွာဘုရား၏ စကားတော်ပင် ဖြစ်ကြောင်း။ ထိုစကားသည်လည်း။ နိယတဗျာဒိတ်စကားမျိုးမဟုတ်။ အနိယတ စကားမျိုးသာဖြစ်ကြောင်းရှေ့၌ ထင်ရှားစေခဲ့ပြီ။ ။အချို့သောပုစ္ဆာများမှာ။ အသိဉာဏ်အဖြေရှင်းလင်းစေနိုင်ပြင်ဆင်သိက်ပေသည်။ အနှစ်ငါးရာ၊ ဟူသောစကား၌ဖြေရှင်းချက်ပြီး၏။

ဤပုစ္ဆာအဖြေမှာ၊ အနှစ်တထောင်တိုင်အောင် အတည်ပြုရာရောက်ပြီ၏ဟူသောစကား၌။ ပဋိသမ္ဘိဒါပတ္တ အရိယာပုဂ္ဂိုလ်မျိုးတို့နှင့်တကွ။ ပြည့်ရုံစွာတည်ခြင်းကိုမိန့်ဆိုတော်မူသဖြင့်။ အနှစ်တထောင်မှနောက်၌။ အရိယာ ပုဂ္ဂိုလ်မျိုး အဆင့်ဆင့် ယုတ်လျော့၍သွားလတံ့ဟူ၍လည်းမိန့်တော်မူရာရောက်၏၊ အမြစ်ပင်မ,နှင့်အကိုင်းအခက်ဥပမာအတိုင်း။ပြုရသူ-ဖျက်ဆီးသူ-ကောင်းစွာကျင့်ကြသူ-မကျင့်ကြသူတို့အတွက်။ သာသနာတော် မြတ်ကြီးသည်။ရံခါ–ရံခါ-ထွန်းကားခြင်း၊ရံခါ-ရံခါမှေးမှိန်ခြင်း။ အရိယာပုဂ္ဂိုလ်မျိုးများ။ရံခါ-ရံခါပေါ်ပေါက်ခြင်း၊ ရံခါ-ရံခါ-ပပျောက်ခြင်း။ဆုတ်တုံ–တက်တုံ။ တက်တုံ- ဆုတ်တုံ သွားလတံ့ဟူ၍ဟောတော် မူရာကျ၏။ အဋ္ဌကထာဆရာကြီးတို့ကား။ အနှစ်ငါးထောင်ကိုအမှန်ပြုကြကုန်၏။ပါဠိတော်နှင့် အလျော်ပင်ဖြစ်၏။ လိုရင်းအချုပ်မှာမူကား၊လောက၌ ပါဠိစကား တတ်ကျွမ်းသူများ

www.dhammaransi.com



နှင့်။ပိဋကတ်သုံးပုံပါဠိတော်ကြီးတည်ရှိသမျှကာလပတ်လုံး။ သာသနာတော်ကြီးသုံးပါးတည်ရှိသည်သာဟုယုံကြည်ထိုက်၏။ ။ငါးထောင်ဟူသည်လည်း။ လူ့ပြည်နိုက်အပိုင်းအခြားပေတည်း။ အထက်နတ်ပြည်ဘုံ၌မူကား။ သာသနာတော်မြတ်ကြီးသည်၊ အနှစ်ငါးထောင်မျှမက။ငါးသိန်းမျှမကတည်ရှိ‌ေလတံ့။အကြောင်းမူကား။ ဘုရားလက်ထက်တော်နိုက်။ ဓမ္မမတိုက်ကြီးမှာ လူသောတာပန်ပေါင်းကုဋေများစွာဖြစ်ကြကုန်၏။ထိုလူတို့သည်။ယခုအခါအထက်နတ်ပြည်တို့မှာရှိနေကြကုန်၏။နတ်ပြည်တို့မှသောတာပန်ဖြစ်ကြကုန်သောနေ့,နတ်သား။ လ,နတ်သား၊ စတုမဟာရာဇ်နတ်မင်းကြီးများ။ တာဝတိံသာသိကြားမင်း။ နတ်မင်းကြီးများ။နတ်သားနတ်သ္မီးပေါင်းလည်းကုဋေများစွာပင်ရှိကြ၏။ ထိုနတ်အရိယာတို့။ ထိုထိုနတ်ပြည်မှာရှိနေကြသမျှ ကာလပတ်လုံး။ စတုမဟာရာဇ်စသော အထက်နတ်ပြည်တို့မှာသာ သနာတည်လျက်ပင်ရှိပေလတံ့။ဗြဟ္မာ့ပြည်၌မူကား။ဝိပဿီမြတ်စွာဘုရားမှစ၍။ ငါတို့ဘုရားလက်ထက်တော်တိုင်။ ဗုဒ္ဓဘာသာ သာသနာသည်၊သုဒ္ဓါဝါသနတ်ပြည်မှာတဆက်တည်းတည်ရှိ၏။ ။ဤအကြောင်းကို။မဟာဝါပါဠိတော်။မဟာနိဒါနသုတ်။သက္ကပဉ္စာသုတ်၊ မဟာဂေါဝိန္ဒသုတ်တို့ကိုမြင်၍သိကြရကုန်၏။ ။ယခုအခါ နတ်ပြည်ခြောက်ထပ်လုံး။ ဗြဟ္မာ့ပြည်အလုံးသည်။ အရိယာ တို့ဖြင့်ပြည့်လျက်ရှိကြ၏၊ ယခုအခါ၌လူ့ပြည်မှသေလွန်၍နတ်ပြည်သို့ရောက်ကြသူချားသည်။ နိဗ္ဗာန်နှင့်အလွန်နီးစပ်လျက်ရှိ၏။ ဘုရားလက်ထက်တော်၌အလုံးစုံသောအကြောင်းအရာတို့ကို နတ်ပြည်သို့ရောက်မှစေ့ရံစွာကြားသိကြရကုန်လတံ့။ဤအကြောင်းကိုမူကား။ဆရာတော်စီရင်သည့်သာသနသုပတ္တိဒီပနီတွင်။သဏ္ဍာဝေမနုဿာနံ့,ဂုဏ်တော်အဘွင့်မှာပြည့်စုံစွာပါရှိလေပြီ။

သာသနပုစ္ဆာအဖြေပြီး၏။

၁၂၇၅—ခု။ပြာသိုလဆန်း(၇)ရက်နေ့။နံနက်-၈-နာရီ
အချိန်တွင်။ပြီးဆုံးခြင်းသို့ရောက်၏။

R. No. 288, 20.

www.dhammaransi.com



၁၉၂၀-ပြည့်နှစ်။ နိုဝင်ဘာလ ၂၆–ရက်နေ့တွင်ပါ။ Columbo ကိုလံဗိုမြို့။ ဗုဒ္ဓဘာသာသတင်းစာတွင်ပါလာသော မေးခွန်းပုစ္ဆာများ။

၁– ပုဂ္ဂိုလ်။ သတ္တဝါ။ ငါ သူတပါး,ဟူ၍။ ခြားနားခြင်းမရှိလျှင်။ ဒုစရိုက်အတွက်မည်သို့တာဝန်ရှိနိုင်ပါမည်နည်း။

၂– ပုဂ္ဂိုလ်သတ္တဝါ။ ငါသူတပါး, ဟူ၍ ခြားနားခြင်း ရှိလျှင်။ ၎င်းသဘောတရားသည်၊ အနိစ္စသဘောတရားနှင့် ညီညွတ်ပါ၏လော။

၃–နိဗ္ဗာန်သည်။ ဘာဝလော။ အဘာဝလော၊ အနက်အဓိပ္ပါယ်နှင့်တကွဖြေဆိုပါ။

၄–ခန္ဓာတရားရကို။ ရထားဥပမာဖြင့်ခွဲခြားစိတ်ဖြာ၍ပြခြင်းသည်၊ "ဟာယွန်း" အမည်ရှိသောပညာရှိက။ စိတ်တရားကိုခွဲခြားပြသကဲ့သို့။ ရုပ်သက်သက်နှင့်သာသျှင်ဆိုင်သောခွဲခြားခြင်းဟုတ်ပါသလား။

၅– ၎င်းအချက်တွင်ပညာရှိဟာယွန်းကို၊ ပညာရှိ "ကန့်" က။ မှားသည်ဟုဆို၏။ ပညာရှိကန့်ဆိုချက်နှင့်သက်ဆိုင်သော အဘိဓမ္မာတရားတို့သည်။ အဘယ်တရားတို့ပါနည်း။

၆– စိတ်အစဉ်တို့သည်။ သေသည့်အခါ၌။ ကျိုးပြတ်ခြင်းဖြစ်ပါသလား။ အနက်အဓိပ္ပါယ်နှင့်တကွဖြေဆိုပါ။

ဤကားအမေးတည်း။

---

အထက်မေးခွန်းပုစ္ဆာကို။ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးဖြေဆိုချက်၊

ရှေးဦးစွာဗုဒ္ဓဘာသာနှိက်၊ ဒေသနာအပြား။ သာသနာအပြားကိုပြဆိုရာ၏။ ။ဒေသနာသည်။ ဝေါဟာရဒေသနာ။ ပရမတ္ထဒေသနာဟူ၍နှစ်ပါးအပြားရှိ၏၊ ထိုတွင်–ဝေါဟာရ ဒေသနာဆိုသည်

www.dhammaransi.com



ကား။လောကဝ္ဗပုဂ္ဂိုလ်ရှိသည်၊သတ္တဝါရှိသည်၊အတ္တရှိသည်၊ ဇီဝရှိသည်ဟု။လောကီတုံသား။ လူအများတို့ မှတ်ယူပြောဆိုကြသောစကားမျိုးသည်။ဝေါဟာရမည်၏။ထိုဝေါဟာရရှိကြသည့်အတိုင်း။ဟောတော်မူသော-ဝိနည်းဒေသနာ။သုတ္တန်ဒေသနာများသည်၊ဝေါဟာရဒေသနာမည်၏။

ပရမတ္ထဒေသနာဆိုသည်ကား။ လောကဝ္ဗ ပုဂ္ဂိုလ်ဟူ၍မရှိ။ သတ္တဝါဟူ၍မရှိ။အတ္တဟူ၍မရှိ။ဇီဝဟူ၍မရှိ ရုပ်ခတ်အစု။နာမ်ခတ်အစုမျှသာရှိသည်ဟုဟောတော်မူသောအဘိဓမ္မာ ဒေသနာတော်သည်။ပရမတ္ထဒေသနာမည့်၏။ ။အဓိသီလသာသနာ။ အဓိစိတ္တသာသနာ။အဓိပညာသာသနာဟူ၍။သာသနာအပြား သုံးပါးရှိ၏။ထိုတွင်-သူ၏အသက်ကိုမသတ်အပ်။ သူ၏ဉစ္စာကို မခိုးအပ်။အစရှိသည်ဖြင့်ဆုံးမတော်မူသောသာသနာသည်။အဓိသီလသာသနာမည့်၏။သဗ္ဗေသတ္တာ အဝေရာ ဟောန္တု။ အဗျာပဇ္ဈာ ဟောန္တု,အစရှိသည်ဖြင့်။ပွါးများကြစေရန် ဆုံးမတော် မူသော သာသနာသည်၊အဓိစိတ္တသာသနာမည့်၏။ပုဂ္ဂိုလ်၊သတ္တဝါ၊အတ္တ ဇီဝ,ဟူ၍မရှိ၊ရုပ်ခတ်အစု၊ နာမ်ခတ်အစုမျှသာ ရှိ၏။ ထိုရုပ်ခတ်အစု။နာမ်ခတ်အစုသည်လည်း၊အနိစ္စသာဖြစ်၏။ ဒုက္ခသာဖြစ်၏။အနတ္တသာဖြစ်၏ဟုပွါးများကြစေရန်။ ဆုံးမတော်မူသော သာသနာသည်၊အဓိပညာသာသနာမည့်၏။ ။ထိုတွင်၊အဓိသီလသာသနာ။အဓိစိတ္တသာသနာနှစ်ပါးသည်၊ ဝေါဟာရဒေသနာ၏ဆိုင်ရာဖြစ်၏အဓိပညာသာသနာသည်၊ပရမတ္ထဒေသနာ၏ဆိုင်ရာဖြစ်၏။

ဒေသနာအပြား—သာသနာအပြား
ခွဲခန်းပြီး၏။

---

အထက်က။ ကိုလံဗိုပုစ္ဆာ (၆) ချက်တွင်။ ။(၁) ပုဂ္ဂိုလ်သတ္တဝါ၊ငါ,သူတပါးဟူ၍၊ခြားနားခြင်းမရှိလျှင်ဒုစရိုက်အတွက်မည်သို့တာဝန်ရှိနိုင်မည်နည်း ဟူသောပထမပုစ္ဆာ၌။အဖြေကား။

www.dhammaransi.com



ပုဂ္ဂိုလ်။သတ္တဝါ။ငါ။သူတပါးဟူ၍ ခြားနားခြင်းမရှိ ဟူသောစကားသည်။ပရမတ္ထဒေသနာ၏ဆိုင်ရာပေတည်း။ ။ဒုစရိုက်အတွက်။မည်သို့တာဝန်ရှိနိုင်မည်နည်းဟူသောစကားသည်။ ဝေါဟာရဒေသနာ၏ဆိုင်ရာပေတည်း။ ။အဘိဓမ္မာသီလသာသနာ၊အဘိဓမ္မာသာသနာဟူသော၊သီလဝိသုဒ္ဓိ၊စိတ္တဝိသုဒ္ဓိကိုပြဆိုရာ၌။ ဝေါဟာရဒေသနာကိုလွှတ်၍ပြဆိုခြင်းငှါမတတ်ကောင်း။ အဓိပညာသာသနာဟူသောဒိဋ္ဌိဝိသုဒ္ဓိကိုပြဆိုရာ၌။ဝေါဟာရဒေသနာနှင့်ပြဆိုခြင်းငှါမတတ်ကောင်း။ပရမတ္ထဒေသနာ၏ဆိုင်ရာသာဖြစ်၏။ ပုစ္ဆာ၌မူကား။ဝေါဟာရဒေသနာအရာနှင့်၊ ပရမတ္ထ ဒေသနာအရာထွေးရှက်လျက်ရှိ၏။အထက်ကပြဆိုခဲ့သော ဒေသနာအပြား။ သာသနာအပြားနှင့်ထောက်ထား၍ယူလေ။

ပထမပုစ္ဆာအဖြေပြီး၏။

---

(၂) ပုဂ္ဂိုလ်သတ္တဝါ။ငါ့၊သူတပါးဟူ၍ ခြားနားခြင်းရှိလျှင်။ ၎င်းသဘောတရားသည်။ အနိစ္စသဘောတရားနှင့် ညီညွတ် ပါ၏လား-ဟူသောဒုတိယပုစ္ဆာ၌။ အဖြေကား။ ။ပုဂ္ဂိုလ် သတ္တဝါငါ့၊သူတပါးမည်သည်။တဘဝမှာတခါသာသေမြဲဖြစ်၏။ တဘဝမှာအခါခါသေသည်ဟူ၍မရှိ။နိစ္စမျိုးမည်၏။ ဗုဒ္ဓဘာသာ၌ အနိစ္စဆိုသည်ကား။ရုပ်တရားနာမ်တရားတို့၏ချုပ်ခြင်းကိုဆိုလို၏။ထိုရုပ်တရား။နာမ်တရားတို့၏ချုပ်ခြင်းမည်သည်၊ မျက်တောင် တခတ်၊လျှပ်တပြက်ခဏအတွင်းမှာ၊အကြိမ်များစွာချုပ်၏ ပျက်၏။ ထို့ကြောင့်၊ပုဂ္ဂိုလ်သတ္တဝါ။ငါ့၊သူတပါးဟူ၍အမှန်မရှိ။ ကေနရှိယူခဲ့လျှင်။အနိစ္စဝိပဿနာဉာဏ်နှင့်ဆန့်ကျင်ဘက်ဖြစ်၏။အနိစ္စဝိပဿနာဉာဏ်ကိုပေါက်ရောက်လျှင်။ထိုအယူသည်ပျက်၏၊ ထိုအယူပျက်မှပင်၊မဂ်ဉာဏ်။ဖိုလ်ဉာဏ်သို့ရောက်နိုင်၏။

ဒုတိယပုစ္ဆာအဖြေပြီး၏။

---

www.dhammaransi.com



(၃) နိဗ္ဗာန်သည်ဘာဝလော။ အဘာဝလော။ အနက်အဓိပ္ပါယ်နှင့်တကွ ဖြေဆိုပါဟူသော၊ တတိယပုစ္ဆာ၏နက် အဖြေကား။ ၊နိဗ္ဗာန်သည်ဘာဝလည်းဟုတ်၏။ အဘာဝလည်းဟုတ်၏၊ထိုတွင်ဘာဝဟုတ်ပုံကား၊မဂ်ဉာဏ်လေးပါးသို့ဆိုက်ရောက်သောအခါ၊ ကိလေသာတရားတို့၏ချုပ်ငြိမ်းမှုမည်သည် ကောန်ရှိ၏၊အမှန်ရှိ၏၊ထိုချုပ်ငြိမ်းမှုကိုပင်သျှင်၊သန္တိသဘောဟုခေါ်၏၊ထိုချုပ်ငြိမ်းမှုကောန်ရှိသောကြောင့်၊ နိဗ္ဗာန်သည်ဘာဝဟုတ်၏။ အဘာဝဟုတ်ပုံကား၊နိဗ္ဗာန်၌၊ကိလေသာတို့၏မရှိခြင်းကြောင့်၊ အဘာဝဟုတ်၏အဓိပ္ပါယ်ကား၊ ကိလေသာတရား၊သင်္ခါရတရားတို့၏မရှိခြင်းကြောင့်၊ အဘာဝဟုတ်၏၊ ချုပ်ငြိမ်းမှုကောန်ရှိခြင်းကြောင့်၊ဘာဝဟုတ်၏ဟုလိုသည်။

## တတိယပုစ္ဆာအဖြေပြီး၏။

---

(၄) ခန္ဓာတရားစုကို၊ရထားဥပမာဖြင့်၊ ခွဲခြားစိတ်ဖြာ၍ပြခြင်းသည်၊''ဟယွန်း''အမည်ရှိသော-ပညာရှိက။ စိတ်တရားကိုခွဲခြားပြသကဲ့သို့။ ရှင်သက်သက်နက်သာလျှင် ဆိုင်သောခွဲခြားခြင်းဟုတ်ပါသလားဟူသောပုစ္ဆာ၏နက်။

(၅) ၄င်းအချက်တွင်၊ပညာရှိ'ဟယွန်း,ကို၊ ပညာရှိ'ကန့်,က။ မှားသည်ဟုဆို၏၊ ပညာရှိ-ကန့် ဆိုချက်နှင့် သက်ဆိုင်သော။ အဘိဓမ္မာတရားတို့သည်၊ အဘယ်တရားတို့ပါနည်းဟူသောပုစ္ဆာနှစ်ချက်နက်။ ခန္ဓာတရားကိုရထားဥပမာဖြင့် ခွဲခြမ်းစိတ်ဖြာ၍ပြပုံအခြင်းအရာလည်း၊ဈောက်လွှာနက်မပါ၊ ကန့်ဆိုသူ၏ပယ်ပုံအခြင်းအရာလည်းမပါသောကြောင့်၊ ဖြေဆိုရန်အခွင့်မသာရှိချေသည်။

## စတုတ္ထ–ပဥ္စမအဖြေပြီး၏။

---

(၆) စိတ်အစဉ်တို့သည်၊ သေသည့်အခါနက်၊ ကျိုးပြတ်ခြင်းဖြစ်ပါသလား။ အနက်အဓိပ္ပါယ်နှင့်တကွ ဖြေဆိုပါဟူသော

www.dhammaransi.com



ပုစ္ဆာနိုက်။အဖြေကား။ ။အနမတဂ္ဂသံသရာဍ္ဍကျင်လည်၍နေရသောသတ္တဝါ၏စိတ်အစဉ်သည်။ အသညသတ်ထုံမှာ ဖြစ်ခိုက်။ နိရောဓသမာပတ်ဝင်စားခိုက်တို့နိုက်။စိတ်အစဉ်ရပ်တန့်၏။ ဤမှတပါးစိတ်အစဉ်တို့သည်သေသည့်အခါနိုက်၊ပြတ်သည်ဟူ၍မရှိ။ ရဘိနေ့ခင်ပဋိသန္ဓေဖြစ်မြဲ အစဉ်အတိုင်းဖြစ်၏။ ဘုရားရဟန္တာဖြစ်၍။ပရိနိဗ္ဗာန်စံသောအခါမှသာလျှင်စိတ်အစဉ်ပြတ်၏။

ဆဋ္ဌ–ပုစ္ဆာအဖြေပြီး၏။

၁၂၈၂–ခု။နတ်တော်လဆုတ်(၁၄)ရက်နေ့ဖြေဆိုသည်။

---

၁၂၈၃–ခု။နတ်တော်လဆန်း (၂) ရက်။

မေ်လမြိုင်မြို့။ကောနှတ်တိုက်နေ။သင်္ဃာတော်–ခြောက်ဆယ်ကျော်တို့က။ရိုသေစွာလျှောက်ထားပါသည်။ ကျေးဇူးတော်ရှင်။ဆရာတော်မြတ်ကြီးဘုရား။

(၁) အချို့သောသင်္ဃာတော်တို့က။ ။ပုရေ ဥပသမ္ပန္နေန ပစ္ဆာဥပသမ္ပန္နောအဝန္ဒိယော။ ။ဟူသော ပါဠိကိုထောက်သဖြင့်၊ဝါငယ်သောရဟန္တာပုဂ္ဂိုလ်သည်၊အာသဝေါတရားကုန်ခန်းသော်သည်း၊ဝါငယ်သည့်အတွက်ကြောင့်။အာသဝေါတရား မကုန်သေးသော ဝါကြီးသောပုထုဇန်ရဟန်းကို၊ ရိုသေမြတ်နိုး၊ ရှိခိုးဦးချ။ကန်တော့ရမည်။

(၂) အချို့သောသင်္ဃာတော်တို့က။ အာဟုနေယျော ပါဟုနေယျော,ဟူသောပါဠိကိုထောက်သဖြင့်၊၊ပုထုဇန်ရဟန်း ကဝါကြီးသော်လည်း။အာသဝေါတရားမကုန်သေးသောကြောင့်။ အာသဝေါတရားကုန်ပြီးသော။ဝါငယ်သောရဟန္တာပုဂ္ဂိုလ်ကိုရိုသေမြတ်နိုး။ရှိခိုးဦးချ။ကန်တော့ရမည်။

ဤသို့ဝါဒနှစ်မျိုးကွဲပြားနေသည်ကို။ ဘုရား တပည့်တော်တို့အား။ကရုဏာရှေ့ထား၍။ဖြေကြား ပေးသနားတော်မူပါမည့် အကြောင်း။ရိုသေစွာလျှောက်ထားပါသည်။ကျေးဇူးတော်ရှင် ဆရာ

www.dhammaransi.com



တော်မြတ်ကြီးဘုရား-ဟူသောသျှောက်လွှာ၌။ (၁) အဖြေကား၊ ဝါငယ်သောရဟန်္တာပုဂ္ဂိုလ်က။ အာသဝေါတရား ကုန်ခန်းသော်လည်း။ ဝါငယ်သည့်အတွက်ကြောင့်။ အာသဝေါတရား မကုန်သေးသော။ ဝါကြီးသောပုထုဇန်ရဟန်းကို။ ရိုသေမြတ်နိုး၍ ရှိခိုးဦးချကန်တော့ရမည်ဟူသောအယူဝါဒသည်သာသင့်မြတ်သည်။ သင့်မြတ်ကြောင်းကိုလည်း။ စူဠဝါ ပါဠိတော်။ သေနာသန ခန္ဓက-နံပါတ် ၂၇၅-၂၇၆၊ ကြောင်းရေ ၁၃=၌။

ကောတိက္ခဝေ အရဟတိ။အဂ္ဂါသနံ။အဂ္ဂေါဒကံ အဂ္ဂပိဏ္ဍန္တိ။ကေစ္စေဘိက္ခူဧဝမာဟံသု။ ယောဘဂဝါခတ္တိယကုလာ ပဗ္ဗဇိတော။သောအရဟတိအဂ္ဂါသနံ။ အဂ္ဂေါဒကံ။ အဂ္ဂပိဏ္ဍန္တိ၊ ကေစ္စေဘိက္ခူဧဝမာဟံသု။ယောဘဂဝါဗြာဟ္မဏကုလာ ပဗ္ဗဇိတော၊ သောအရဟတိ။အဂ္ဂါသနံ။ အဂ္ဂေါဒကံ။အဂ္ဂပိဏ္ဍန္တိ။ကေစ္စေဘိက္ခူဧဝမာဟံသု။ယောဘဂဝါဂဟပတိကုလာပဗ္ဗဇိတော။ သောအရဟတိအဂ္ဂါသနံ။အဂ္ဂေါဒကံ။ အဂ္ဂပိဏ္ဍန္တိ။ ကေစ္စေဘိက္ခူ ဧဝမာဟံသု။ယောဘဂဝါသုတ္တန္တိကော သောအရဟတိ။ အဂ္ဂါသနံ၊ အဂ္ဂေါဒကံ။ အဂ္ဂပိဏ္ဍန္တိ၊ ။

ကေစ္စေဘိက္ခူဧဝမာဟံသု။ ယောဘဂဝါဝိနယဓရော။သောအရဟတိ။အဂ္ဂါသနံ၊အဂ္ဂေါဒကံ၊ အဂ္ဂပိဏ္ဍန္တိ။ ကေစ္စေဘိက္ခူဧဝမာဟံသု၊ ယောဘဂဝါဓမ္မကထိကော၊သောအရဟတိ။ အဂ္ဂါသနံ၊အဂ္ဂေါဒကံ၊အဂ္ဂပိဏ္ဍန္တိ၊ကေစ္စေဘိက္ခူဧဝမာဟံသု။ ယောဘဂဝါပဌမဿဈာနဿလာဘီ၊ သောအရဟတိ၊ အဂ္ဂါသနံ။ အဂ္ဂေါဒကံ့အဂ္ဂပိဏ္ဍ

www.dhammaransi.com



န္တိ၊ ကေစ္စေ ဘိက္ခူ၊ ဝေ မာ ဟံ သု၊ ယော ဘဂဝါ ဒုတိယဿ ဈာနဿ လာဘီ၊ သော အရဟာ တိ၊ အဂ္ဂါ သန်၊ အဂ္ဂေါ ဒကံ၊ အဂ္ဂပိဏ္ဍာ န္တိ၊ ကေစ္စေ ဘိက္ခူ၊ ဝေ မာ ဟံ သု၊ ယော ဘဂဝါ တတိယဿ ဈာနဿ လာဘီ၊ သော အရဟာ တိ၊ အဂ္ဂါ သန်၊ အဂ္ဂေါ ဒကံ၊ အဂ္ဂပိဏ္ဍာ န္တိ၊ ကေစ္စေ ဘိက္ခူ၊ ဝေ မာ ဟံ သု၊ ယော ဘဂဝါ စတုတ္ထဿ ဈာနဿ လာဘီ၊ သော အရဟာ တိ၊ အဂ္ဂါ သန်၊ အဂ္ဂေါ ဒကံ အဂ္ဂပိဏ္ဍာ န္တိ၊ ကေစ္စေ ဘိက္ခူ၊ ဝေ မာ ဟံ သု၊ ယော ဘဂဝါ သော တာ ပန္နော၊ သော အရဟာ တိ၊ အဂ္ဂါ သန်၊ အဂ္ဂေါ ဒကံ အဂ္ဂ ပိဏ္ဍာ န္တိ၊ ကေစ္စေ ဘိက္ခူ ဝေ မာ ဟံ သု ယော ဘဂဝါ သကဒါဂါမီ၊ ယော ဘဂဝါ အနာဂါမီ၊ ယော ဘဂဝါ အရဟာ၊ သော အရဟာ တိ၊ အဂ္ဂါ သန်၊ အဂ္ဂေါ ဒကံ အဂ္ဂပိဏ္ဍာ န္တိ၊ ကေစ္စေ ဘိက္ခူ၊ ဝေ မာ ဟံ သု၊ ယော ဘဂဝါ တေဝိဇ္ဇော၊ သော အရဟာ တိ၊ အဂ္ဂါ သန်၊ အဂ္ဂေါ ဒကံ၊ အဂ္ဂပိဏ္ဍာ န္တိ၊ ကေစ္စေ ဘိက္ခူ၊ ဝေ မာ ဟံ သု၊ ယော ဘဂဝါ ဆဠ ဘိညော၊ သော အရဟာ တိ၊ အဂ္ဂါ သန်၊ အဂ္ဂေါ ဒကံ အဂ္ဂ ပိဏ္ဍာ န္တိ။ ။ဟူ၍ဟောတော်မူ၏။

အနက်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့၊ ကော၊ အဘယ်ရဟန်းသည်၊ အဂ္ဂါသနံ၊ မြင့်မြတ်သောနေရာကို၊ အဂ္ဂေါဒကံ၊ ရေဦးကို၊ အဂ္ဂပိဏ္ဍံ၊ ဆွမ်းဦးကို၊ အရဟတိ၊ ခံထိုက်သနည်း။ ဣတိ၊ ဤသို့ မြတ်စွာဘုရားကမေးတော်မူ၏။ ။ကေစ္စေ၊ အချို့ကုန်သော၊ ဘိက္ခူ၊ ရဟန်းတို့သည်၊ ဝေ၊ ဤသို့၊ အဟံသု၊ လျှောက်ကြကုန်၏။ ဘဂဝါ၊ မြတ်စွာဘုရား။ ယော၊ အကြင်ရဟန်းသည်၊ ခတ္တိယကုလာ၊ မင်းမျိုးမှ၊ ပဗ္ဗဇိတော၊ ရဟန်းပြု၏။ သော၊ ထိုရဟန်းသည် အဂ္ဂါသနံ၊ မြင့်မြတ်သောနေရာကို၊ အဂ္ဂေါဒကံ၊ ရေဦးကို၊ အဂ္ဂပိဏ္ဍံ

www.dhammaransi.com



ဆွမ်းဦးကို။အရဟာတိ။ခံထိုက်၏။ ဣတိ။ဤသို့။အဟံသု။ လျှောက်
ကြကုန်၏။ကေစွေ။အချို့ကုန်သော၊ဘိက္ခူ။ ရဟန်းတို့သည်။ ဧဝံ။
ဤသို့။ အဟံသု။လျှောက်ကြကုန်၏။ဘဂဝါ။မြတ်စွာဘုရား။ယော။
အကြင်ရဟန်းသည်။ဗြာဟ္မဏကုလာ။ပုဏ္ဏားမျိုးမှ။ ပဗ္ဗဇိတော။ ရ
ဟန်းပြု၏။သော။ထိုရဟန်းသည်။ အဂ္ဂါသနံ။ မြင့်မြတ်သောနေရာ
ကို။အဂ္ဂေါဒကံ။ရေဦးကို။ အဂ္ဂပိဏ္ဍံ။ ဆွမ်းဦးကို။ အရဟာတိ။ခံ
ထိုက်၏။ဣတိ။ဤသို့။အဟံသု။ လျှောက်ကြကုန်၏။ ကေစွေ။ အချို့
ကုန်သော။ဘိက္ခူ။ ရဟန်းတို့သည်။ဧဝံ။ဤသို့။အဟံသု၊ လျှောက်
ကြကုန်၏။ဘဂဝါ။မြတ်စွာဘုရား။ယော။ အကြင်ရဟန်းသည်။ ဂ
ဟပတိကုလာ။သူကြွယ်မျိုးမှ။ပဗ္ဗဇိတော။ ရဟန်းပြု၏။သော။ထိုရ
ဟန်းသည်။အဂ္ဂါသနံ။မြင့်မြတ်သောနေရာကို။အဂ္ဂေါဒကံ။ ရေဦး
ကို။အဂ္ဂပိဏ္ဍံ။ဆွမ်းဦးကို။အရဟာတိ။ခံထိုက်၏။ ဣတိ။ ဤသို့။ အ
ဟံသု။ လျှောက်ကြကုန်၏။ ကေစွေ။ အချို့ကုန်သော။ဘိက္ခူ။ ရ
ဟန်းတို့သည်။ ဧဝံ။ ဤသို့။ အဟံသု။ လျှောက်ကြကုန်၏။ ဘ
ဂဝါ။ မြတ်စွာ ဘုရား။ ယော။ အကြင် ရဟန်းသည်။ သုတ္တန္တိ
ကော။ သုတ္တန်ကို ဆောင်၏။ သော။ ထိုသုတ္တန်ဆောင် ရဟန်း
သည်။အဂ္ဂါသနံ။ မြင့်မြတ်သောနေရာကို။ အဂ္ဂေါဒကံ။ ရေဦးကို။
အဂ္ဂပိဏ္ဍံ။ဆွမ်းဦးကို၊ အရဟာတိ။ ခံထိုက်လေ၏။ ဣတိ။ဤသို့။
အဟံသု။လျှောက်ကြကုန်၏။ကေစွေ။ အချို့ကုန်သော။ ဘိက္ခူ။ ရ
ဟန်းတို့သည်။ဧဝံ။ဤသို့။ အဟံသု။ လျှောက်ကြကုန်၏။ ဘဂဝါ။
မြတ်စွာဘုရား။ယော။အကြင်ရဟန်းသည်။ ဝိနယဓရော။ဝိနည်းကို
ဆောင်၏။ သော။ ထိုဝိနည်းဆောင်ရဟန်းသည်။ အဂ္ဂါသနံ။ မြင့်
မြတ်သောနေရာကို။အဂ္ဂေါဒကံ။ရေဦးကို။အဂ္ဂပိဏ္ဍံ။ ဆွမ်းဦးကို။
အရဟာတိ။ခံထိုက်၏။ဣတိ။ဤသို့။အဟံသု။ လျှောက်ကြကုန်၏။ ကေ
စွေ။အချို့ကုန်သော၊ဘိက္ခူ။ရဟန်းတို့သည်။ဧဝံ။ဤသို့၊အဟံသု
လျှောက်ကြကုန်၏။ဘဂဝါ။မြတ်စွာဘုရား။ ယော။ အကြင်ရဟန်း
သည်။ဓမ္မကထိကော။အဘိဓမ္မာကိုဆောင်၏။သော၊ထိုအဘိဓမ္မာ
ဆောင်ရဟန်းသည်၊အဂ္ဂါသနံ၊ မြင့်မြတ်သောနေရာကို။ အဂ္ဂေါ

www.dhammaransi.com



ဒကံ။ ရေဦးကို။ အဂ္ဂပိဏ္ဍံ။ ဆွမ်းဦးကို။ အရဟတိ။ ခံထိုက်၏။ ဣတိ၊
ဤသို့။ အဟံသု၊ လျှောက်ကြကုန်၏။ ဧကစ္စေ။ အချို့ကုန်သော။
ဘိက္ခူ။ ရဟန်းတို့သည်။ ဧဝံ။ ဤသို့။ အဟံသု။ လျှောက်ကြကုန်၏။
ဘဂဝါ။ မြတ်စွာဘုရား။ ယော။ အကြင်ရဟန်းသည်။ ပဌမဿ
ဈာနဿ။ ပဌမဈာန်ကို။ လာဘီ။ ရသည်။ ဟောတိ။ ဖြစ်၏။ သော။ ထို
ပဌမဈာန်ရသောရဟန်းသည်။ အဂ္ဂါသနံ။ မြင့်မြတ်သောနေရာကို။
အဂ္ဂေါဒကံ၊ ရေဦးကို။ အဂ္ဂပိဏ္ဍံ၊ ဆွမ်းဦးကို။ အရဟတိ။ ခံထိုက်
၏။ ဣတိ။ ဤသို့၊ အဟံသု။ လျှောက်ကြကုန်၏။ ဧကစ္စေ။ အချို့ကုန်
သော။ ဘိက္ခူ။ ရဟန်းတို့သည်။ ဧဝံ။ ဤသို့။ အဟံသု။ လျှောက်ကြ
ကုန်၏။ ဘဂဝါ။ မြတ်စွာဘုရား။ ယော။ အကြင်ရဟန်းသည်။ ဒုတိ
ယဿ ဈာနဿ။ ဒုတိယဈာန်ကို။ လာဘီ။ ရသည်။ ဟောတိ။ ဖြစ်၏။
သော။ ထိုဒုတိယဈာန်ရသောရဟန်းသည်။ အဂ္ဂါသနံ။ မြင့်မြတ်သော
နေရာကို။ အဂ္ဂေါဒကံ၊ ရေဦးကို။ အဂ္ဂပိဏ္ဍံ။ ဆွမ်းဦးကို။ အရဟတိ။
ခံထိုက်၏။ ဣတိ။ ဤသို့။ အဟံသု။ လျှောက်ကြကုန်၏။ ဧကစ္စေ။ အချို့ကုန်
သော။ ဘိက္ခူ။ ရဟန်းတို့သည်။ ဧဝံ။ ဤသို့။ အဟံသု။ လျှောက်ကြကုန်၏။
ဘဂဝါ။ မြတ်စွာဘုရား၊ ယော။ အကြင်ရဟန်းသည်၊ တတိယဿ
ဈာနဿ။ တတိယဈာန်ကို။ လာဘီ။ ရသည်။ ဟောတိ၊ ဖြစ်၏။ သော
ထိုတတိယဈာန်ရသောရဟန်းသည်။ အဂ္ဂါသနံ။ မြင့်မြတ်သောနေ
ရာကို။ အဂ္ဂေါဒကံ။ ရေဦးကို။ အဂ္ဂပိဏ္ဍံ။ ဆွမ်းဦးကို။ အရဟတိ၊ ခံ
ထိုက်၏။ ဣတိ။ ဤသို့။ အဟံသု။ လျှောက်ကြကုန်၏။ ဧကစ္စေ။ အချို
ကုန်သော။ ဘိက္ခူ။ ရဟန်းတို့သည်၊ ဧဝံ။ ဤသို့။ အဟံသု။ လျှောက်
ကြကုန်၏။ ဘဂဝါ။ မြတ်စွာဘုရား။ ယော။ အကြင်ရဟန်းသည်။ စ
တုတ္ထဿ ဈာနဿ။ စတုတ္ထဈာန်ကို။ လာဘီ။ ရသည်။ ဟောတိ။ ဖြစ်
၏။ သော။ ထိုစတုတ္ထဈာန်ရသောရဟန်းသည်။ အဂ္ဂါသနံ၊ မြင့်မြတ်
သောနေရာကို။ အဂ္ဂေါဒကံ။ ရေဦးကို။ အဂ္ဂပိဏ္ဍံ။ ဆွမ်းဦးကို၊ အရ
ဟတိ။ ခံထိုက်၏။ ဣတိ။ ဤသို့။ အဟံသု။ လျှောက်ကြကုန်၏။ ဧ
ကစ္စေ။ အချို့ကုန်သော။ ဘိက္ခူ။ ရဟန်းတို့သည်။ ဧဝံ။ ဤသို့။ အဟံ
သု။ လျှောက်ကြကုန်၏။ ဘဂဝါ။ မြတ်စွာဘုရား။ ယော။ အကြင်ရဟန်း

သည်၊သောတာပန္နော။သောတာပန်တည်း။သော၊ ထိုသော တာ
ပန်ရဟန်းသည်။အဂ္ဂါသနံ။မြင့်မြတ်သောနေရာကို။အဂ္ဂေါဒကံ။ရေ
ဦးကို။အဂ္ဂပိဏ္ဍံ၊ဆွမ်းဦးကို။အရဟတိ၊ခံထိုက်၏၊ ဣတိ၊ ဤသို့၊
အဟံသု၊လျှောက်ကြကုန်၏။ကေစ္စေ၊ အချို့ကုန်သော။ ဘိက္ခူ။
ရဟန်းတို့သည်ဧဝံ။ဤသို့။အဟံသု။လျှောက်ကြကုန်၏။ ဘဂဝါ။
မြတ်စွာဘုရား။ယော။အကြင်ရဟန်းသည်။သကဒါဂါမီ၊ သကဒါ
ဂါမိတည်း။ဘဂဝါ။မြတ်စွာဘုရား။ယော။ အကြင် ရဟန်းသည်။
အနာဂါမီ၊အနာဂါမိတည်း၊ဘဂဝါ၊ မြတ်စွာဘုရား၊ ယော၊ အ
ကြင်ရဟန်းသည်၊အရဟာ၊ရဟန္တာတည်း၊ သော၊ ထိုရဟန္တာ
သည်။အဂ္ဂါသနံ။မြင့်မြတ်သောနေရာကို။ အဂ္ဂေါဒကံ၊ ရေဦးကို။
အဂ္ဂပိဏ္ဍံ။ဆွမ်းဦးကို၊အရဟတိ၊ခံထိုက်၏။ဣတိ။ဤသို့။အဟံသု။
လျှောက်ကြကုန်၏။ကေစ္စေ။အချို့ကုန်သော။ ဘိက္ခူ။ ရဟန်းတို့
သည်၊ဧဝံ၊ဤသို့။အဟံသု။လျှောက်ကြကုန်၏။ဘဂဝါ။ မြတ်စွာဘု
ရား။ယော။အကြင်ရဟန်းသည်။ တေဝိဇ္ဇော။ တေဝိဇ္ဇာရဟန္တာ
တည်း။သော၊ ထိုတေဝိဇ္ဇာရဟန္တာသည်။ အဂ္ဂါသနံ။ မြင့်မြတ်
သောနေရာကို။အဂ္ဂေါဒကံ၊ရေဦးကို။အဂ္ဂပိဏ္ဍံ။ဆွမ်းဦးကို၊ အရ
ဟတိ။ခံထိုက်၏။ဣတိ။ဤသို့။ အဟံသု။ လျှောက်ကြကုန်၏။ ကေ
စ္စေ။အချို့ကုန်သော။ဘိက္ခူ။ ရဟန်းတို့သည်။ဧဝံ။ဤသို့၊ အဟံ
သု။လျှောက်ကြကုန်၏။ဘဂဝါ၊မြတ်စွာဘုရား။ ယော။ အကြင်ရ
ဟန်းသည်။ဆဠာဘိညော၊ဆဠာဘိညရဟန္တာတည်း။သော။ ထို
ဆဠာဘိညရဟန္တာသည်။ အဂ္ဂါသနံ၊ မြင့်မြတ်သော နေရာကို။
အဂ္ဂေါဒကံ၊ရေဦးကို၊အဂ္ဂပိဏ္ဍံ။ဆွမ်းဦးကို။ အရဟတိ။ ခံထိုက်
၏။ဣတိ။ဤသို့၊အဟံသု။လျှောက်ကြကုန်၏။

ဤကား၊မြတ်စွာဘုရား၏အမေးတော်ကို၊ရဟန်းတို့က၊မိမိတို့
အလိုအလျောက်ဖြေကြပုံတည်း။

မြတ်စွာဘုရား၏အဖြေတော်ကား။နောက်မှလာလတ္တံ့
အဖြေတော်ဆိုသည်ကား၊
အနုဇာနာမိဘိက္ခဝေ၊ယထာဝုဍ္ဎံ အဘိဝါဒနံ

www.dhammaransi.com



ပဗ္ဗူဠှာနံ အဉ္ဇလိကမ္မံ သာမိစိကမ္မံ အဂ္ဂါသနံ
အဂ္ဂေါဒကံအဂ္ဂပိဏ္ဍံ။နစတိက္ခဝေသံဃဂ်ကံ။ယ
ထာဝုဍ္ဎံ ပဋိဗာဟိတဗ္ဗံ။ယောပဋိဗာဟေယျ။အာ
ပတ္တိဒုက္ကဋဿာတိ။
ဒသယိမေဘိက္ခဝေအဝန္ဒိယာ၊ ပုရေဥပသမ္ပန္နေ
န။ပစ္ဆာဥပလမ္ပန္နောအဝန္ဒိယော။ အနုပသမ္ပန္နော
အဝန္ဒိယော။နာနာသံဝါသကောဝုဍ္ဎတရောအဓမ္မ
ဝါဒီအဝန္ဒိယော။ မာတုဂါမော အဝန္ဒိ ယော။
ပဏ္ဍကော၊ အဝန္ဒိယော၊ပါရိဝါသိကော၊အဝန္ဒိ
ယော။မူလာယပဋိကဿနာရဟောအဝန္ဒိယော။
မာနတ္တာရဟော အဝန္ဒိယော။ မာနတ္တစာရိကော
အဝန္ဒိယော။ အဗ္ဘာနာရဟောအဝန္ဒိယော။ ဣမေ
ခေါဘိက္ခဝေဒသအဝန္ဒိယာ။ ။

ဟူ၍။ စူဠဝဂ္ဂပါဠိတော်။ သေနာသနခန္ဓကန်ပါတ် (၂၇၇)နှိက်
ဟောတော်မူသည်။

အနက်ကား။ ။ဘိက္ခဝေ။ရဟန်းတို့။ယထာဝုဍ္ဎံ။ သီတင်း
ကြီးအစဉ်အတိုင်း။အဘိဝါဒနံ။ရှိခိုးခြင်းကိုလည်းကောင်း။ ပစ္စု
ဋ္ဌာနံ၊ ခရီးဦးကြိုဆိုခြင်းကိုလည်းကောင်း။အဉ္ဇလိကမ္မံ။ လက်
အုပ်ချီခြင်းကိုလည်းကောင်း။ သာမိစိကမ္မံ၊ ဇနှိအသေ ပြုခြင်း
ကိုလည်း ကောင်း။ အဂ္ဂါသနံ။ မြင့်မြတ် သော နေရာကို လည်း
ကောင်း။အဂ္ဂေါဒကံ။ရေဦးကိုလည်းကောင်း။အဂ္ဂပိဏ္ဍံ၊ ဆွမ်းဦး
ကိုလည်းကောင်း၊ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ။ဘိက္ခဝေ။
ရဟန်းတို့။သံဃဂ်ကံ။ သံဃာကဖြစ်သော။ယထာဝုဍ္ဎံ။ သီတင်း
ကြီးအစဉ်အတိုင်းကျသောနေရာကို။ နပဋိဗာဟိတဗ္ဗံ။မတားမြစ်
အပ်။ယော။အကြင်ရဟန်းသည်။ပဋိဗာဟေယျ။ တားမြစ်ငြားအံ့။
ဒုက္ကဋဿ။ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိအာပဇ္ဇနံ။ ရောက်ခြင်း

www.dhammaransi.com



သည်။ဟောတိ၊ဖြစ်၏။ ။ဘိက္ခဝေ။ရဟန်းတို့။အဝန္ဒိယာ။ရှိမခိုး
အပ်သောပုဂ္ဂိုလ်တို့သည်၊ဣမေဒသ။ဤဆယ်ပါးတို့သည်း။ ကတ
မေဒသ။အဘယ်ဆယ်ပါးတို့နည်းဟူမူကား။ ။(၁) ပုရေ။ရှေး
နှိက်၊ဥပသမ္ပန္နေန။ ပဥ္စင်းဖြစ်သောပုဂ္ဂိုလ်သည်။ ပစ္ဆာ။ နောက်
နှိက်၊ဥပသမ္ပန္နော၊ပဥ္စင်းဖြစ်သောပုဂ္ဂိုလ်ကို။အဝန္ဒိယော၊ ရှိမခိုး
အပ်။ ။(၂)အနုပသမ္ပန္နော၊ပဥ္စင်းမဟုတ်သောသူကို။အဝန္ဒိယော။
ရှိမခိုးအပ်၊ ။(၃) အဝမ္မဝါဒီ။အဓမ္မဝါဒီဖြစ်သော။ဝုဍ္ဎတရော၊
သိတင်းကြီးသော။နာနာသံဝါသကော။ နာနာသံဝါသကပုဂ္ဂိုလ်
ကို။အဝန္ဒိယော။ရှိမခိုးအပ်။ ။(၄)မာတုဂါမော။လူမိန်းမ,ဘိက္ခု
နီမကို၊အဝန္ဒိယော။ရှိမခိုးအပ်။ ။(၅) ပဏ္ဍကော။ပဏ္ဍုက်ကို။
အဝန္ဒိယော။ရှိမခိုးအပ်။ ။(၆) ပါရိဝါသိကော။ပရိဝါသ်ကျင့်
ဆဲဖြစ်သောရဟန်းကို။ အဝန္ဒိယော၊ရှိမခိုးအပ်။ ။(၇) မူလာယ
ပဋိကဿနာရဟော။ အရင်းသို့ငင်ခြင်းငှါထိုက်သောဒဏ်သား
ရဟန်းကို။ အဝန္ဒိယော။ ရှိမခိုးအပ်။ ။(၈) မာနတ္တာရဟော။
မာနတ်ထိုက်သော- ဒဏ်သားရဟန်းကို။ အဝန္ဒိယော။ ရှိမခိုး
အပ်။ ။(၉) မာနတ္တစာရိကော။ မာနတ်ကျင့်ဆဲ ဖြစ်သော-
ဒဏ်သားရဟန်းကို။အဝန္ဒိယော။ရှိမခိုးအပ်။ ။(၁၀)အဗ္ဘာနာရ
ဟော၊အဗ္ဘာန်ထိုက်သောရဟန်းကို။အဝန္ဒိယော၊ရှိမခိုးအပ်။ ။
ဘိက္ခဝေ။ရဟန်းတို့။အဝန္ဒိယာ။ ရှိမခိုးအပ်သောပုဂ္ဂိုလ်တို့သည်။
ဣမေဒသ။ဤဆယ်ပါးတို့တည်း။

ဤကားခွင့်ပြုတော်မူခြင်း။ အာပတ်ထပ်၍ ပညတ်တော် မူ
ခြင်း။အဝန္ဒိယပုဂ္ဂိုလ်တကျိပ်ကိုပြတော်မူခြင်းတို့ကို အရင်းပြုသ
ဖြင့်။ ကောစဘိက္ခဝေအရဟတိ၊ အဂ္ဂါသနံ။ အဂ္ဂေါဒကံ အဂ္ဂ
ပိဏ္ဍန္တိ၊ ။ဟူသောအမေးတော်ကို၊ ဖြေဆိုတော် မူခြင်းပေ
တည်း။ ။အမေးနှိက်မူကား။နေရာဦး၊ရေဦး။ဆွမ်းဦး။သုံးချက်
သာပါရှိ၏။အဖြေ၌မူကား။ရှိခိုးခြင်း၊ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်
ချီခြင်း၊အရိုအသေပြုခြင်း၊မြင့်မြတ်သောနေရာ၊ ရေဦးဆွမ်းဦးဟူ
၍။ခုနစ်မျိုးပါရှိ၏၊ ။ဤအဖြေတော်ကြီးဖြင့်၊ယောဘဂဝါ။ခတ္တိယ

www.dhammaransi.com



ကုလာသပစ္စုဖ္ပိတော၊ သောအရေဟာတိ၊အင်္ဂါသမ်ံ၊ အင်္ဂေါဒကံအင်္ဂ ပိဏ္ဍာန္တိ။လ။ယောဘာဂဝါအနေဟာ။ လ။ ယောဘာဂဝါတေပိဏ္ဍော။ လ။ ယောဘာဂဝါဗာဠှာဘိညော။ သောအရေဟာတိ။ အင်္ဂါသမ်ံ။ အင်္ဂေါဒကံ၊အင်္ဂပိဏ္ဍာန္တိ။ ။ဟူသော ရဟန်းတို့ဖြေဆိုချက်ကို။ မြတ်စွာဘုရားပယ်ဖျက်တော်တော်မူ၍၊ အာဟာနေယျော,ပါဟုနေယျော,ဟူသောပါဌ်ကိုထောက်၍ယူကြသောအယူသည်။မြတ်စွာဘုရားပယ်ဖျက်တော်မူချက်တွင်ပါဝင်လေ၏။

ဤတွင်-မော်လမြိုင်မြို့ ကောနှုတ်တိုက်နေသယ်ာတော် ၆၀-ကျော်တို့အမေးပုစ္ဆာအဖြေပြီး၏။

၁၂၇၃—ခု။နတ်တော်လဆန်း(၄)ရက်နေ့၊ စစ်ကိုင်းတောင်ရိုး၊ ဇေတဝန်မဟာလယ်တီစကြံတိုက်ကျောင်းတွင်။ သိတင်းသုံးနေစဉ်ဖြေဆိုတော်မူသည်။

---

လယ်တီပဏ္ဍိတဒေ၀ိမေးချက်များ။

၁- ဗုဒ္ဓဘာသာအဘိဓမ္မာဝ၌။ ။ပစ္စယသဒ္ဒါ၏ အနက်အဓိပ္ပါယ်ကိုသိလိုပါသည်တရပ်၊

၂- ပစ္စည်းတရား(၂၄)ပါးတို့သည် ပရမတ်တရားများပါလား။သို့မဟုတ်၊ရင်း(၂၄)ပါးတို့သည်၊ဗိဇ္ဇာမယဓမ္မများပါလား-တရပ်၊

၃- ရင်းပစ္စည်းတရား(၂၄)ပါးတို့သည်။ (ဇူဒပစ္စယတာ) အမျိုးမျိုးပင်ဖြစ်ကြ၍၊ ရှေးရှေးသောခဏိက တရားတခုသည်၊ နောက်နောက်သော၊ခဏိကတရားတခုအားဥပကာရ ဖြစ်ကြပါသလော။ ။ရှေးရှေးတရားသည်၊ နောက်နောက်တရား၏ အကြောင်းဟုတ်ပါသလော-မဟုတ်ပါသလော၊တရပ်။

www.dhammaransi.com



## အထက်အမေးသုံးရပ်တို့ကိုဖြေဆိုချက်။

၁-ဗုဒ္ဓဘာသာအဘိဓမ္မာနှိုက်။ ။ပစ္စယသဒ္ဒါ၏ အနက် အဓိပ္ပါယ်ကို သိလိုပါသည်။ ။ဟူသော မေး ချက်၏ အဖြေမှာ။ မောင်ရွှေစံအောင်၏မေးချက်အဖြေနှိုက်ပါရှိလေပြီ။၊ဤမှာလည်း အတန်ငယ်ပြဆိုဦးအံ့။ ။

ပစ္စယသဒ္ဒါ၏အနက်သည်။ဝငနေယျအနက်။ အဓိပ္ပါယ်ယျအနက်ဟူ၍ နှစ်ပါးရှိ၏။ ။ထိုတွင်။ (အတ္တာနံ၊ပဋိစ္စ၊ အယန္တိ၊ ဂစ္ဆန္တိ။ပဝတ္တန္တိ။ဖလဓမ္မာ။ဧတေနာတိပစ္စယော)ဟုဝိဂ္ဂဟပြု၍။ အကျိုးတရားတို့၏ မိမိကိုအစွဲပြု၍ဖြစ်ပေါ်နိုင်ကြရန်၊ တည်နေနိုင်ကြရန်။အကြောင်းတရားသည်ပစ္စယမည်၏။ ဥပမာကား။သစ်ပင်တည်းဟူသော အကျိုးတရား တို့မှာ။ မျိုးစေ့ သည်သည်း ပစ္စယမည်၏။မြေသည်လည်းပစ္စယမည်၏။ မိုးရေသည်လည်း ပစ္စယမည်၏။ နေဥတုဟူသောမီးသည်လည်းပစ္စယမည်၏။ လေ သည်လည်း။ပစ္စယမည်၏၊ထိုပစ္စယငါးပါးကိုအစွဲပြု၍ သစ်ပင်တို့ သည်ဖြစ်ပေါ်ကြကုန်၏။ ကြီးပွါးကြကုန်၏။ကြီးပွါးပြီးနောက် အ မျိုးဇာတိအားလျော်စွာ။ကာလမြင့်ရှည်တည်နေကြကုန်၏။

ထိုတွင်မျိုးစေ့တို့၏ပစ္စယကိစ္စသည်။သစ်ပင်ငယ်တို့၏ အစ စွာဖြစ်ပေါ်မှုနှိုက်လွန်ကဲ၏။ကျွင်းသော။မြေ,ရေ,မီး,လေ,ဟူသော ပစ္စယတရားလေးပါးတို့သည်။ အစစွာဖြစ်ပေါ်မှုနှိုက်အကူအညီ မျှဖြစ်ကြကုန်၍။ကြီးပွါးမှု,တည်နေမှု,တို့နှိုက်လွန်ကဲကြကုန်၏။

သို့သော်။မျိုးစေ့၏အာနုဘာဝသည်။ ကြီးပွါးရာ,တည်နေရာ တို့၌လည်း။ အုပ်စိုးလျက်ပါရှိ၏၊ မျိုးစေ့သို့လိုက်၍ အမျိုးဇာတိ အားလျော်စွာသာကြီးပွါးနိုင်ကြကုန်၏။ တည်နေနိုင်ကြ ကုန်၏။ အပင်သဏ္ဌာန်အကိုင်း,အခက်, အရွက်,အသီးသဏ္ဌာန် အလုံးစုံ တို့သည်လည်း၊အမျိုးဇာတိသို့လိုက်ကြကုန်၏။

မန်ကျည်းမျိုးစေ့မှ ပေါက်ပွါးသည်ရှိသော်။ မန်ကျည်းပင် သဏ္ဌာန်၊ မန်ကျည်းကိုင်း,မန်ကျည်းခက်, မန်ကျည်းရွက်, မန်

www.dhammaransi.com



ကျည်းသီးသဏ္ဌာန်တို့သာဖြစ်ကြရကုန်၏။မန်ကျည်း မျိုးစေ့မှ၊ သရက်ပင်,သရက်ကိုင်း,သရက်ခက်,သရက်ရွက်, သရက်သီး, စသည်မဖြစ်နိုင်ကြကုန်ဟူလို။ ဤကား။ မျိုးစေ့၏အာနုဘာဝ တည်း။ ။ဤဉပမာ၌။ သစ်ပင်တို့၏ပေါက်ရောက်ကြီးပွါးကြရန် အကြောင်းတရားငါးပါးတို့ကဲ့သို့ ခပ်သိမ်းသောသတ္တဝါ-တရား တို့၏ဖြစ်ပေါ်ရန် ကြီးပွါးရန် အစဉ်အဆက်အားဖြင့်၊ ကာလမြင့် ရှည်တည်နေနိုင်ကြရန်အကြောင်းတရားမျိုးကိုပဌ္ဌယသဆိုသည်။

ပစ္စယသဒ္ဒါ၏ဝစနတ္ထအရကိုပြဆိုချက်ပြီး၏။

ပစ္စယသဒ္ဒါ၏ အဓိပ္ပါ ယတ္ထကို။ ကျမ်းဂန်တို့၌။ ဥပကာရ ကော။ဟူဖွင့်ကြ၏၊ ကျေးဇူးပြုတတ်သည်ဟူ၊ ဘာသာပြန်ဆိုရိုးရှိ ၏။ ။မျိုးစေ့တို့သည်သစ်ပင်ငယ်တို့ကိုပေါက်ဖွါးမှုနှင့် ကျေးဇူး ပြုကုန်၏။ မြေသည်မျိုးစေ့တို့နှင့်သစ်ပင်ငယ်တို့ကို။ တည်နေနိုင် ကြရန်ထမ်းဆောင်မှုမြေကြီး၏ အတွင်း၌ရှိသော မြေဩဇာ,ရေ ဩဇာ တို့ ကို။ သစ် ပင် တို့ သို့ အမြဲ တင် ပို့မှု, မလဲ,မပျို စေမှုတို့ဖြင့်ကျေးဇူးပြု၏။ရိုးသည်းရေသည်၊ မြေကြီးကိုမြေဩဇာ,ရေ ဩဇာမယုတ်မလျော့စေမှုဖြင့်သစ်ပင်တို့ကိုကျေးဇူးပြု၏။နေဥတု ဟူသောနည်းမီးသည်။မြေကြီးနှင့်သစ်ပင်တို့ကို။ ဓာတ်ခိုး,ဓာတ် ကင်းပွင့်လင်းစေမှုဖြင့်ကျေးဇူးပြု၏၊လေဓာတ်သည်။ သစ်ပင်တို့ နှိက်ရှိသောဥတုမီး‌ကိုပွါးစီးစေမှုဖြင့်ကျေးဇူးပြု၏၊ ဤသို့ကျေးဇူး ပြုတတ်သည်ကို။ဉပကာရက ဆို၏။

ပစ္စယသဒ္ဒါ၏အဓိပ္ပါယတ္ထကိုပြဆိုချက်ပြီး၏။

———— — –

၂။ ပစ္စည်းတရား (၂၄) ပါးတို့သည်၊ ပရမတ်တရားများ ပါလော၊ သို့တည်းမဟုတ်။ ရင်း(၂၄) ပါးတို့သည်။စိတ္တမယ ဓမ္မများပါလော၊ ။ဟူသောမေးခွန်းသည်။ပစ္စည်းတရား(၂၄) ပါးတို့၏အမည်နာမများက။နာမ်တရား။ ရုပ်တရား။ ပရမတ်တ

ရားတို့၏မူလ,အမည်နာမရင်းများ မဟုတ်ကြသည့်အတွက်မေးခွန်းဖြစ်ရလေသည်။ ၎င်းတို့၏ မူလ,အမည်ရင်းနှင့် ဘော်ပြမှ ပစ္စည်း (၂၄) ပါးတို့သည်၊နာမ်တရား။ရုပ်တရားများပင်ဖြစ်ကြကြောင်း။ပရမတ်တရားများပင် ဖြစ်ကြကြောင်း။ ထင်လျှားလေသည်။ ၎င်း (၂၄) ပါးသောအမည်နာမတို့သည်။ပစ္စယာကိစ္စ။ပစ္စယသတ္တိတို့၏အမည်နာမများဖြစ်ကြကုန်၏။နာမ်တရား၊ ရုပ်တရားတို့၏အမည်ရင်းများမဟုတ်ကြကုန်။ ။၎င်း(၂၄)ပါးတို့တွင်။ဟေတုပစ္စည်းသည်။အစ,ဆုံးပစ္စည်းပေတည်း။ ထိုဟေတုပစ္စည်းသည်။အဘယ်တရားများပေနည်း။ လောဘ,ဒေါသ,မောဟ,ဟူသော အကုသိုလ်စေတသိက်။နာမ်တရားသုံးပါး။အလောဘ,အဒေါသ,အမောဟ,ဟူသော၊ သောဘဏစေတသိက် နာမ်တရားသုံးပါး။ ဤစေတသိက်နာမ်တရားခြောက်ပါးကို။ဟေတုပစ္စည်းခေါ်သည်။ ။ဟေတုပစ္စည်းဆိုသည်ကား။ထိုနာမ်တရားခြောက်ပါးတို့ကိုဆိုသည်။ ဤသို့နာမ်တရားတို့၏အမည်ရင်းနှင့်ဘော်ပြမှသာလျှင်၊ ဟေတုပစ္စည်းဟူသည်နာမ်တရားခြောက်ပါးပေတည်းဟုသိရလေသည်။ဟေတုပစ္စယော,ဟူသောပါဠိတော်၌။ဟေတုဟူသောအမည်သည်။နာမ်တရားခြောက်ပါး၏အမည်ရင်းမဟုတ်။ပစ္စယကိစ္စ၏အမည်ပေတည်း။ပစ္စယဟူသောအမည်သည်လည်း။ပစ္စယသတ္တိ၏အမည်ပေတည်း။ ဥပမာကား—ညအခါ၌၊အနုကြမ်း,စီးသော ဒါးမြ,မိုလ်ကြီး ခြောက်ယောက်တို့ကို။ဘမ်းမိသည်ဟုပြောကြရာ၏။ဤစကားကို ကြားကြသော်လည်း။ထိုသူများသည်။မည်သူ-မည်ဝါဖြစ်သည်ဟုလူတိုင်းမသိနိုင်ကြ။အဘယ့်ကြောင့်နည်းဟူမူ။ဒါးမြ ဟူသောအမည်။ မိုလ်ကြီး ဟူသောအမည်များသည်။ထိုသူတို့၏။မူလ,အမည်ရင်း မဟုတ်ကြ။ထိုသူတို့၏ကိစ္စအမည်။သတ္တိ,အမည်များ ဖြစ်ကြ၏။ ဒါးမြ, ဟူသည်ကား။ တိုက်ခိုက်လုယက်-သတ်ဖြတ်မှုကိစ္စ၏ အမည်ပေတည်း။မိုလ်ကြီးဟူသည်ကား၊ထိုကိစ္စ၌ သာလွန်သော အစွမ်းသတ္တိ၏အမည်ပေတည်း။ ထိုသူခြောက်ယောက်၏ မူလအမည်ရင်း

www.dhammaransi.com



မူကား။ တခြားတပါးပေတည်း။ ဒါ့ပြဗိုလ်ကြီးတယောဘ်ဆိုသည်မှာ။ ဘယ်သူများဖြစ်လေသနည်းဟု-မေးခဲ့လျှင်၊ မည်သူမည်သူများဖြစ်သည်ဟု။မူလအမည်ရင်းနှင့် ထုတ်ဘော်၍ ပြောသည့်အခါမှ၊မည်သူမည်ဝါဟုသိကြလေရာ၏။

၁၅၊ ဥပမာအတိုင်း။ဟေတုပစ္စယောဟူသောပါဠိမှာ။ ဟေတုကား။ ကိစ္စ၏အမည်ပေတည်း။ ပစ္စယကား။ သတ္တိ၏အမည်ပေတည်း။ထိုဟေတုကိစ္စ၊ ထိုပစ္စယသတ္တိသည်၊ လောဘ,ဒေါသ,မောဟ,အလောဘ,အဒေါသ, အမောဟတို့၏ ကိစ္စသတ္တိများဖြစ်ကြ၏၊ ။ဟေတုကိစ္စဆိုသည်ကား။မူလကိစ္စပေတည်း။မူလကိစ္စဆိုသည်ကား။ပစ္စယုပ္ပန်တရားတို့ကို။အာရုံ၌ခိုင်မြဲစွာတည်နိုင်ကြစေရန်၊ အာရုံ၌ခိုင်မြဲစွာတည်မှုကိစ္စပေတည်း။ ပစ္စယသတ္တိဆိုသည်ကား။ ထိုကိစ္စဖြင့်။ပစ္စယုပ္ပန်တရားတို့ကို။ အာရုံ၌ခိုင်မြဲစွာတည်နိုင်ကြစေရန်။ရွက်ဆောင်ခြင်း၌စွမ်းနိုင်သောအစွမ်းသတ္တိပေတည်း။ ။လောဘ,သည်။ချစ်မှု,သာယာမှု,တတ်စွမ်းမှု,စွဲလမ်းမှု,ဖြင့်၊ တရုရုသောအာရုံ၌ခိုင်မြဲစွာတွယ်တာတတ်သော တရားဖြစ်၏။ လောဘ, ၏ခိုင်မြဲစွာတည်ခြင်းကြောင့်။ လောဘ,နှင့်ယှဉ်ဘော်ယှဉ်ဘက်ဖြစ်ကြကုန်သော၊စိတ်,စေတသိက်,ဟူသောနာမ်တရားတို့သည်လည်း။ ထိုအာရုံ၌ခိုင်မြဲစွာတွယ်တာကြရကုန်၏။ ခိုင်မြဲစွာဆိုသည်ကား။ ထိုအာရုံကိုမစွန့်နိုင်၊ မပစ်နိုင်ခိုင်မြဲသည်ကိုဆိုသည်။

၁၆၊ သတ္တဝါတို့သည်၊ထိုကဲ့သို့သောတွယ်တာမှုအတွက်နှင့်ရက်များစွာ,လ,များစွာ,နှစ်များစွာ၊ ထိုအာရုံ၌၊တဝဲလယ်လယ်နေကြသည်ကား။လောက၌မျက်မြင်ဒိဋ္ဌဖြစ်ကြ၏၊ ထိုသို့နေကြရာ၌လောဘ,ဟူသောနာမ်တရားသည်၊ဟေတုပစ္စည်းမည်၏။ လောဘ,နှင့် ယှဉ်ဘော်ယှဉ်ဘက်ဖြစ်ကြကုန်သော၊ စိတ်,စေတသိက်,နာမ်တရားတို့သည်။ ဟေတုပစ္စည်း၏ပစ္စယုပ္ပန်ဖြစ်ကြကုန်၏။ ထိုအာရုံအတွက်နှင့်၊ ထိုလောဘ,လှုံ့ဆော်တိုင်း၊ကိုယ်အင်္ဂါအမူအရာ၊ နှုတ်အင်္ဂါအမူအရာဟူသောရုပ်တရားတို့သည်လည်း။ထိုလော

www.dhammaransi.com



ဘ,ဟောတုပစ္စည်းတရား၏ ပစ္စယုပ္ပန် မည်ကုန်၏။ ။ထိုအာရုံသည်မှုကား။ထိုလောဘ,အားရင်း၊ထိုလောဘနှင့်ယှဉ်သောစိတ်,စေတသိက်နာမ်တရားတို့အားရင်း။အာရမ္မဏာကိစ္စနှင့်ကျေးဇူးပြုပေ၏။ ။ထိုအာရုံ၌၊ထိုလောဘတရားကျွတ်လွတ်၍သွားသောအခါမှ။ထိုပစ္စယုပ္ပန်တရားတို့သည်၊ ထိုအာရုံမှ ကျွတ်လွတ်ကြလေကုန်၏၊ ။ဤကား–လောဘ,ဟူသော။ ဟောတု ပစ္စည်းတရားနှင့်။ ပစ္စယုပ္ပန်တရားတို့၏ပစ္စည်းပစ္စယုပ္ပန်ဆက်ဆန်ခြင်းကိုပြဆိုချက်တည်း။

လောဘ,ဒေါသ,မောဟ။ အလောဘ,အဒေါသ, အမောဟ, ဟောတုပစ္စည်းတရားတို့မှာလည်း။ ဤနည်းတူ–အသီးအသီး သူ့ပစ္စည်းနှင့် သူ့ပစ္စယုပ္ပန်-ဆက်ဆန်ကြပုံကိုအကျယ်ဆိုလေ။ ။ငါတို့စီရင်သော ပဋ္ဌာနုဒ္ဒေသဒီပနီကျမ်းမှာ၊ဖုံလင်စွာပါရှိလေပြီ။ အကျဉ်းအားဖြင့်မူကား။ဒေါသသည်လည်း။ အာရုံ၌ခိုက်တိုက်မှုနှင့်ခိုင်မြဲစွာတည်၍။ပစ္စယုပ္ပန်တရားတို့ကို။ထိုအာရုံအတွက်နှင့်၊ပွါးများစေတတ်၏၊မောဟ,သည်လည်း။ အာရုံ၌မသိမှုနှင့် ခိုင်မြဲစွာတည်တတ်၏။အလောဘ,အဒေါသ, အမောဟ, တို့သည်လည်း။ ကုသိုလ်အရာဌာနတို့မှာ။မိမိတို့၏ကိစ္စနှင့်ခိုင်မြဲစွာ တည်ကြကုန်၍။ကောင်းမြတ်သောသဒ္ဓါ၊သတိ,ဟိရိ,ဩတ္တပ္ပ,အစရှိသောနာမ်တရားတို့ကိုရင်း၊ကိုယ်အင်္ဂါလှုပ်ရှားမှု။နှုတ်အင်္ဂါလှုပ်ရှားမှုအစရှိသောရုပ်တရားတို့ကိုရင်း။ကောင်းမြတ်သောဒါနမှုသီလမှု,ဘာဝနာမှု,စသည်တို့၌ခိုင်မြဲစွာတည်စေနိုင်ကြကုန်၏၊ ခိုင်မြဲစွာဆိုသော်လည်း၊အားရှိ–အားမဲ့ကိုထောက်၍ယူရမည်။

အလောဘ,၏ခိုင်မြဲမှုသည်။နိက္ခမပါရမီ,ဟူသောတောထွက်မှုတို့နှင့်။ကာသိုဏ်းဆယ်ပါး၊ဈာန်တရားပွါးများမှုတို့၌ ထင်လျှား၏။အဒေါသ,၏ခိုင်မြဲမှုသည်။ဗြဟ္မဝိဟာရဈာန်တရားပွါးများမှုတို့၌ထင်လျှား၏၊အမောဟ,၏ခိုင်မြဲမှုသည်။ သုတ္တန်တရား၊ အဘိဓမ္မာတရား,တတ်ကျွမ်းမှုတို့နှင့်။ သစ္စာလေးပါး ထိုးထွင်းမှုတို့၌ထင်လျှား၏။ ။ဤကားဟောတုပစ္စည်း၊ ထိုဟောတုကိစ္စနှင့် ပစ္စ

www.dhammaransi.com



ယသတ္တိနှစ်ပါးတို့တွင်။ဟေတုကိစ္စဆိုသည်ကား။ မူလ,ကိစ္စပေ တည်း။ မူလ ကိစ္စဆိုသည်။ သစ်ပင်တို့မှာ။ သစ်မြစ်တို့နှင့် တူ သောကိစ္စတည်း။ သစ်မြစ်တို့သည်။သစ်ပင်တို့ကို။ကိစ္စအမျိုးမျိုး တို့နှင့်ကျေးဇူးပြုပေကုန်၏၊သစ်မြစ်တို့သည်။မြေ၏အတွင်း၌ခိုင်မြဲ စွာတည်နေကြကုန်ပြီးသျှင်။မြေသြဇာ,ရေသြဇာတို့ကိုရုပ်ယူ၍။ သစ်ပင်များသို့ တိုင်ရောက်အောင်အမြဲတင်ပို့ကြကုန်၏။ သစ်ပင် တို့သည် ထိုမြေသြဇာ,ရေသြဇာတို့ဖြင့်ကြီးပွါးကြရကုန်၏၊ရေ၊ လေတို့၏ဘိုက်ခိုက်မှု၊လူသူ,နွား,ကျွဲတို့၏တိုက်ခိုက်မှုတို့ကြောင့်။ သစ်ပင်တို့ကိုမလဲမပြိုကြစေရန်။သစ်မြစ်တို့သည်မြေကြီးအထဲမှ ဆွဲကိုင်၍ထားကြပေကုန်၏၊ သစ်မြစ်တို့အသက်ရှည်၍၊ စည်ပင် စည်ကားရှိနေသမျှကာလပတ်လုံး။သစ်ပင်တို့သည်အဆက်ဆက် အားဖြင့်။ပေါက်ရောက်ကြီးပွါး။ဖိမ်းရှင်–စည်ကားနိုင်ကြကုန်၏။ ဤသို့လျှင်။သစ်မြစ်တို့သည်။သစ်ပင်တို့အား။ကောင်းစွာ တည်ရာ မှီရာ၊ပွါးစီးရာအခြေအမြစ်အဖြစ်ဖြင့်၊ကျေးဇူးပြုကြပေကုန်သည် ဖြစ်၍၊ဋင်းသစ်မြစ်တို့ကို (မူလ) ဟူ၍ခေါ်ကြကုန်၏။ ။ပရမတ္ထ ဓမ္မအရာ၌လည်း။ထိုခြောက်ပါးသောတရားတို့သည်၊ သစ်မြစ်တို့ နှင့်အလားတူလှကုန်သည်ဖြစ်၍။ (မူလ) တရားတို့ မည်ကုန်၏။

လောက၌သတ္တဝါအပေါင်းတို့ပြုလုပ်၍နေကြကုန်သော၊ အ ကုသိုလ်မှု–ကုသိုလ်မှုတို့သည်။ သစ်ပင်တွေနှင့်တူကြကုန်၏။ မူ လ တရားခြောက်ပါးတို့သည်။ သစ်မြစ်တွေနှင့် တူကြကုန်၏။ လောက၌။လှုပ်လှုပ်-ရွရွ-ပြုလုပ်၍နေကြသော။ကာယကံမှု,ဝစီကံ မှု-မနောကံမှုတို့သည်၊ထိုမူလတရားခြောက်ပါးတို့မှချည်း ဖြစ် ပွါးကြရကုန်၏၊ဖြစ်ပွါးကြပုံကား။ ။လောက၌အလုံးစုံသော။အ ကုသိုလ်မှု-ကုသိုလ်မှုတို့၏အရင်းအမြစ်ကို ရှာသည်ရှိသော်။ အ ကုသိုလ်မှုမျိုးဘက်၌သုံးပါး။ကုသိုလ်မှုမျိုးဘက်၌သုံးပါးဟူ၍။အ ရင်းအမြစ်ခြောက်ပါးသာရှိ၏။ ။အလုံးစုံသောအကုသိုလ်ဘက် ၌သုံးပါးဆိုသည်ကား။ လောဘ,အမြစ်တပါး။ဒေါသ, အမြစ်တ ပါး၊မောဟ,အမြစ်တပါး၊ဤသုံးပါးပေတည်း။ ။ခင်တွယ်မှုတ

www.dhammaransi.com



ပါး။မုန်းပယ်မှုတပါး။မသိမှုတပါးဟူလိုသည်။ ။အချို့သောအ ကုသိုလ်မှုတို့သည်။ခင်တွယ်မှုကြောင့်ဖြစ်ပွါးကုန်၏။ အချို့သော အကုသိုလ်မှုတို့သည်၊မုန်းပယ်မှုကြောင့်ဖြစ်ပွါးကြကုန်၏၊အချို့ သောအကုသိုလ်မှုတို့သည်။အကျိုးအပြစ်ကိုမသိမှုကြောင့် ဖြစ် ပွါးကြကုန်၏။ အကုသိုလ်ကုံ ဘက်၌ အမြစ်တရား ဤသုံးပါး သာရှိ၏။

ကုသိုလ်မှုမျိုးဘက်၌ သုံးပါးဆိုသည်ကား။ ။အလောဘ အမြစ်တပါး၊အဒေါသ,အမြစ်တပါး။အမောဟ,အမြစ်တပါး။ ဤ သုံးပါးပေတည်း၊ ။ခင်တွယ်မှုမှ ကျွတ်လွတ်ခြင်းတပါး၊ မုန်း ပယ်မှုမှကျွတ်လွတ်ခြင်းတပါး။မသိမှုမှကျွတ်လွတ်ခြင်းတပါးဟူ လိုသည်၊အချို့သော ကုသိုလ်မှုတို့သည်။ စိတ်၏ ခင်တွယ်မှုမှ ကျွတ်လွတ်ခြင်းကြောင့်ဖြစ်ပွါးလာကုန်၏။အချို့သောကုသိုလ်မှု တို့သည်။စိတ်၏မုန်းပယ်မှုမှကျွတ်လွတ်ခြင်းကြောင့် ဖြစ်ပွါးလာ ကုန်၏၊အချို့သောကုသိုလ်မှုတို့သည်၊မသိမှုမှ ကျွတ်လွတ်ခြင်း ကြောင့်ဖြစ်ပွါးလာကုန်၏။ကုသိုလ်ကံဘက်၌အမြစ်တရားဤသုံး ပါးသာရှိ၏။ ။ထို့ကြောင့်။အင်္ဂုတ္တရနိကာယ် တိကနိပါတ်။ တ တိယပဏ္ဏာသပထမဝဂ်အဆုံး၌။ ။

တိဏိမာနိ ဘိက္ခဝေ နိဒါနာနိ ကမ္မာနံ သမုဒယာယ က တမာနိတိဏိလောဘောနိဒါနံကမ္မာနံသမုဒယာယ၊ဒေါ သောနိဒါနံ ကမ္မာနံသမုဒယာယ။ မောဟောနိဒါကမ္မာနံ သမုဒယာယ၊ ။ယံဘိက္ခဝေလောဘပကတံကမ္မံ တံ ကမ္မံအကုသလံတံကမ္မံသာဝဇ္ဇံ တံကမ္မံဒုက္ခဝိပါကံ။ ။ အစရှိသည်ဖြင့်ဋ္ဌင်း။တိဏိမာနိဘိက္ခဝေ နိဒါနာနိကမ္မာနံ သမုဒယာယကတမာနိတိဏိ အလောဘောနိဒါနံကမ္မာ နံ သမုဒယာယ။ ။အဒေါသောနိဒါနံကမ္မာနံသမုဒယာ ယ။ ။အမောဟောနိဒါနံ ကမ္မာနံသမုဒယာယ။ ။ယံ ဘိက္ခဝေအလောဘပကတံ ကမ္မံ တံကမ္မံ ကုသလံ တံ

www.dhammaransi.com



ကမ္မံ အနုဝတ္တံ တံကမ္မံ သုခဝိပါကံ။ ။အစရှိသည်ဖြင့်ရင်း။ အကျယ်ဟောတော်မူ၏။

ထိုမှတပါး။ဤဟေတုပစ္စည်း၏ဆိုင်ရာဖြစ်သောဒေသနာတော်တို့သည် သုတ္တန်ပိဋကတ်၌အလွန်ပင်များပြား၏။ အဘိဓမ္မာပိဋကတ်၌။မူလ,ယမိုက်ကျမ်းသည်။ ဤဟေတုပစ္စည်းကျမ်းပင်ဖြစ်၏၊လောဘ,ကြောင့်။တဏှာရာဂ,ကြောင့်။ ဘယ်အဖြစ်ဖြစ်သည်ဟူ၍ရင်း။ဒေါသ,ကြောင့်၊ဗျာပါဒ,ကြောင့်။ ဘယ်အဖြစ်ဖြစ်သည်ဟူ၍ရင်း၊မောဟကြောင့်အဝိဇ္ဇာ၊အညာဏ်ကြောင့်ဘယ်အဖြစ်ဖြစ်သည်ဟူ၍ရင်း၊ဆိုသမျှသည်။ ဤဟေတုပစ္စည်းစကားချည်းမှတ်။ လောဘကိုပယ်နိုင်၍ဘယ်အကျိုးဖြစ်သည်၊ ဒေါသကိုပယ်နိုင်၍ဘယ်အကျိုးဖြစ်သည်။မောဟကိုပယ်နိုင်၍ဘယ်အကျိုးဖြစ်သည်ဟူ၍ဆိုသမျှသည်လည်း။ဤဟေတုပစ္စည်းစကားချည်းမှတ်။ ။ဤကား။ ပစ္စည်းတရား (၂၄) ပါးတို့တွင်။ ဟေတု ပစ္စည်းသည်။ နာမ်တရားခြောက်ပါးဖြစ်သည်ဟုဖြေဆိုချက်တည်း။

နောက်ကျန်ရှိသောပစ္စည်းတရား(၂၃)ပါးတို့ကိုလည်း။ပစ္စယကိစ္စပစ္စယသတ္တိတို့နှင့်တကွ။ပစ္စည်းတရားတို့ကိုအကျဉ်းအားဖြင့်ပြဆိုဦးအံ့။ ။

၂ အာရမ္မဏပစ္စယော။ ။ဤပစ္စည်း၌။ အာရမ္မဏ,ဟူသောအမည်သည်ကား၊ပစ္စယကိစ္စ၏အမည်ပေတည်း။ ။ပစ္စယဟူသောအမည်သည်ကား၊ပစ္စယသတ္တိ၏အမည်ပေတည်း။ ။ပစ္စည်းတရားကား၊ အဘယ်နည်း။ စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်ဟူသော၊ပရမတ္ထတရားလေးပါးသည်လည်း၊အာရမ္မဏပစ္စည်းတရားချည်းပင်တည်း။ပညတ်တရားဟူသမျှသည်လည်း။အာရမ္မဏပစ္စည်းတရားချည်းပင်တည်း။ အာရမ္မဏပစ္စည်းတရား မဟုတ်သောအရာဟူ၍။တစုံတခုမျှမရှိလေ။ ။

ရင်းပစ္စည်းကြောင့်ဖြစ်ပွါးသော။ ပစ္စယုပ္ပန်တရားများမှုကား။ အာရုံကိုသိတတ်သောစိတ်,စေတသိက်,ဟူသော ပရမတ္ထတရား

www.dhammaransi.com



နှစ်ပါးသော တည်း။ အာရုံကို မသိတတ်သော ရုပ်တရား။ နိဗ္ဗာန်တ ရား။ ပညတ်တရားများသည်။ ဤပစ္စည်း၌ပစ္စယုပ္ပန်မထိုက်။ ။အာ ရမ္မဏာကိစ္စဆိုသည်ကား။ လောက၌ရှိကြသော ဥစ္စာနေများနှင့် တူ ၏။ စိတ်,စေတသိက်တို့သည်။ ဥစ္စာနေ ရှာကြံကြသူ။ သိမ်းပိုက်ကြ သူ။ သုံးစွဲကြသူ—လူတို့နှင့်တူကုန်၏။ လူတို့သည်။ ဥစ္စာနေများကိုအ လွန်အလိုရှိကြကုန်၏။ ရှာကြံကြကုန်၏။ အဘယ့်ကြောင့်နည်းဆိုမူ။ ဥစ္စာနေနှင့်ကင်း၍မဖြစ်နိုင်ကြခြင်းကြောင့်တည်း။ ထို့အတူ စိတ် စေတသိက်တရားတို့သည်။ အာရုံနှင့်ကင်း၍မဖြစ်နိုင်ကြကုန်။ ထို့ ကြောင့်။ အာရုံတရားတို့သည်။ စိတ်,စေတသိက်တရားတို့၏တွယ် တာစွဲလန်းရာ။ ဥစ္စာနေကိစ္စရှိကြကုန်၏။ ။ထိုအာရမ္မဏ ပစ္စည်း သည်ခြောက်ပါးရှိ၏။ ။ရူပါရုံတပါး။ သဒ္ဒါရုံတပါး။ ဂန္ဓာရုံတပါး။ ရသာရုံတပါး။ ဖေါဋ္ဌဗ္ဗာရုံတပါး။ ဓမ္မာရုံတပါး။ ထိုခြောက်ပါးတို့ တွင်။ ဓမ္မာရုံဆိုသည်ကား။ စိတ်အကုန်။ စေတသိက်အကုန်။ စက္ခု။ သောတ။ ဃာန။ ဇိဝှါ။ ကာယ,ဟူသော။ ပသာဒရုပ်ငါးပါး။ သုခုမ ရုပ်တဆယ့်ခြောက်ပါး။ နိဗ္ဗာန် ပညတ်။ ဤတရားစုကို။ ဓမ္မာရုံခေါ် သည်။ ။ထိုအာရုံခြောက်ပါးတို့တွင်။ ။ပစ္စုပ္ပန်ဖြစ်သော ရူပါရုံ သည်။ စက္ခုဒွါရဝီထိ၌ဖြစ်သောစိတ်, စေတသိက်, အပေါင်းတို့ အား။ အာရမ္မဏပစ္စည်းတတ်၏။ ပစ္စုပ္ပန်ရူပါရုံသည်။ အာရမ္မဏ ပစ္စည်းမည်၏။ ထိုစိတ်စေတသိက်အပေါင်းသည်။ အာရမ္မဏပစ္စည်း ၏ပစ္စယုပ္ပန်မည်၏။ ။ဤနည်းအတူ။ ပစ္စုပ္ပန်သဒ္ဒါရုံသည်။ အာရမ္မ ဏပစ္စည်း။ သောတ,ဒွါရဝီထိ၌ဖြစ်သောစိတ်,စေတသိက်အပေါင်း သည်။ ၎င်းပစ္စည်း၏ပစ္စယုပ္ပန်။ ။ပစ္စုပ္ပန်ဖြစ်သော ဂန္ဓာရုံသည်။ အာရမ္မဏပစ္စည်း။ ။ဃာနဒွါရဝီထိ၌ဖြစ်သော။ စိတ်,စေတသိက် အပေါင်းသည်။ ပစ္စယုပ္ပန်။ ပစ္စုပ္ပန်ဖြစ်သော ရသာရုံသည်။ အာရမ္မ ဏပစ္စည်း။ ဇိဝှါဒွါရဝီထိ၌ဖြစ်သော။ စိတ်,စေတသိက် အပေါင်း သည် ပစ္စယုပ္ပန်။ ပစ္စုပ္ပန်ဖြစ်သောဖေါဋ္ဌဗ္ဗာရုံသည်။ အာရမ္မဏပစ္စည်း။ ကာယဒွါရဝီထိ၌ဖြစ်သော။ စိတ်,စေတသိက် အပေါင်းသည်။ ပစ္စ ယုပ္ပန်။ ။ပြဆိုခဲ့ပြီးသော ဓမ္မာရုံစုတွင်။ တပါးပါးသော ဓမ္မာရုံ

www.dhammaransi.com



သည်၊အာရမ္မဏာပစ္စည်း။ မနောဒွါရဝိထိ၌ဖြစ်သော စိတ်,စေတသိက်,အပေါင်းသည်၊ပစ္စယုပ္ပန်၊ရူပါရုံအစရှိသောခြောက်ပါးသောအာရုံငါးပါးတို့သည်လည်း၊မနောဒွါရိကစိတ်,စေတသိက်တို့အား၊အာရမ္မဏာပစ္စည်းတတ်သည်သာတည်း။

ဤမနောဒွါရိကစိတ်,စေတသိက်တို့မည်သည်၊ကာမစိတ်၊ရူပစိတ်၊အရူပစိတ်၊လောကုတ္တရာစိတ်၊ ဈာန်စိတ်၊အဘိညာဉ်စိတ်၊မဂ်စိတ်၊ဖိုလ်စိတ်–စသည်ဖြင့်အလွန်များပြားကုန်၏။ ထိုစိတ်,စေတသိက်တို့အား၊ ပစ္စည်းတတ်ကောင်းသော အာရုံတရားတို့သည်လည်းအလွန်များပြားကုန်၏၊ ၊သဗ္ဗညုတဉာဏ်၏အာရုံ၊အလုံးစုံနှင့်ဆက်ဆန်၏ ရှေးရှေးအတိတ်ကာလ၊ အတိတ်ဘဝ၊ အတိတ်ကမ္ဘာ၊အတိတ်သံသရာတို့၌၊ကွယ်လွန်ကြကုန်ပြီးသော၊ ရုပ်တရား,နာမ်တရားတို့သည်လည်း၊ယခုပစ္စုပ္ပန်၌ ရှိနေကြကုန်သော၊ အဘိညာဉ်ရ,ရသော ရဟန်းတို့၏၊ ဉာဏသမ္ပယုတ်၊ စိတ်, စေတသိက်တို့အား၊ အာရမ္မဏာပစ္စည်းတတ်၏။ နောက်နောက်သော အနာဂါတ်ကာလ၊အနာဂါတ်ဘဝ၊အနာဂါတ်ကမ္ဘာ၊အနာဂါတ်သံသရာတို့၌ဖြစ်ပေါ်လတံ့ကုန်သော ရုပ်တရား၊ နာမ်တရားတို့သည်လည်း၊ယခုပစ္စုပ္ပန်၌ရှိနေကြကုန်သော အဘိညာဉ်ရ-ရသော ရဟန်းတို့၏၊ဉာဏသမ္ပယုတ်-စိတ်,စေတသိက်တို့အား၊ အာရမ္မဏာပစ္စည်းတတ်၏။ ၊ယခုရှိနေကြသော၊လူ့လောက၊နတ်လောက၊ဗြဟ္မာ့လောကအာရုံရမှာ၊ဆိုဖွယ်ရာ မရှိပြီ။ ၊ဤအာရမ္မဏာပစ္စည်းသည်၊ပိဋကတ်သုံးပုံတွင်-အကုန်လုံးပျံ့နှံ့လျက်တည်၏။

အာရမ္မဏာပစ္စည်းပြီး၏။

---

၃။ အဓိပတိပစ္စယော၊ ၊ဤပစ္စည်း၌၊အဓိပတိဟူသော အမည်သည်၊ ပစ္စယကိစ္စ၏အမည်ပေတည်း။ ပစ္စယဟူသောအမည်သည်၊ ပစ္စယသတ္တိ၏အမည်ပေတည်း။ အဓိပတိ ဆိုသည်ကား၊ အတုမရှိသောအကြီးအကဲဆိုလိုသည်၊ အတုမရှိသောအ

www.dhammaransi.com



ကြီးအကဲကိစ္စနှင့် ကျေးဇူးပြုတတ်သောတရားမျိုးကို အဓိပတိ ပစ္စည်းဆိုသည်၊ ။ထိုအဓိပတိပစ္စည်းသည်၊ သဟဇာတဓိပ တိပစ္စည်း၊အာရမ္မဏာဓိပတိပစ္စည်းဟူ၍ နှစ်မျိုးရှိ၏။

ထိုတွင်အတူတကွဖြစ်ကြသော၊ သဟဇာတ- တရားတို့၏ အပေါ်၌၊ အကြီးအကဲဖြစ်သောတရားကို သဟဇာတာ ဓိပတိ ပစ္စည်းခေါ်သည်။ အဘယ်တရားများပါနည်း ဆိုမူ၊ ဆန္ဒစေတ သိက်တပါး၊ ဝိရိယစေတသိက်တပါး၊စိတ်ဝိညာဏ်တပါး၊ ဝိမံ သာပညာတပါး၊ ဤလေးပါး ပေတည်း။ ။တိမဝတ္ထု တော တွင်၊ တိရစ္ဆာန်သတ္တဝါအပေါင်းတို့၏အပေါ်၌ ကေသရသိဟ ရာဇာခေါ်သောသားမင်းသည်၊ အဓိပတိဖြစ်၏၊ ဘယ်တိရစ္ဆာန် မျိုးမှသူ့ကိုမခုခံနိုင်၊ထိုအတူ၊ နာမ်တရားတို့၏အပေါ်၌လည်း၊ ထိုလေးပါးသောတရားတို့သည် အဓိပတိဖြစ်ကုန်၏၊ ဘယ်နာမ် တရားမျိုးမှ၊ သူတို့ကိုမခုခံနိုင်လေ၊ အဓိပတိဖြစ်ကုန်၏ ဆိုသော် လည်း၊အဓိပတိဖြစ်လောက်အောင်အားရှိမှဖြစ်နိုင်ကြကုန်သည်။ လောက၌သူအများတို့မလုပ်နိုင်ကြသော၊ အလွန်ကြီးမားသောအ တတ်ပညာကြီးများ၊ အလုပ်အကိုင်ကြီးများ၊ အကျင့်သိက္ခာကြီး များတို့ကိုပြီးစီးထမြောက်၊ ပေါက်ရောက်လေအောင်၊ လုပ်ကိုင် နိုင်ရန် အခြေခံတရားကြီးလေးပါးတို့ ပေတည်း၊ ။လောက၌ ၄င်း၊ဓမ္မ၌၄င်း၊ကုသိုလ်မှု၌၄င်း၊အကုသိုလ်မှု၌၄င်း၊ ဘယ်ဟာမ ဆိုအလွန်လိုချင်၊အလွန်ရချင်၊အလွန် ထမြောက်အောင်မြင်ချင် လှသောဆန္ဒကြီးတခုခိုင်မြဲစွာရှိခဲ့လျှင်၊ ထိုအလိုသည်ပြည့်တတ် ၏၊မြန်မြန်ပြည့်ခြင်း၊ နှေးနှေးပြည့်ခြင်းသာ ရှိတတ်၏၊ ဤသည် လည်းအဓိပတိကြီးတပါး၊ ဝိရိယထုတ်နိုင်လျှင် ပြီးစီးကောင်း သောကုသိုလ်မှု၊အကုသိုလ်မှု၊အရေးကိစ္စကြီးတို့၌၊ ဝိရိယထုတ် မှုကိုဘာလောက်မှ၀န်မလေးသောသူဖြစ်ခဲ့အံ့၊ ထိုအမှုပြီးစီးတတ် ၏၊ဤသည်လည်းအဓိပတိကြီး တပါးတည်း၊ ။ကြီးမားသော ကုသိုလ်မှု,အကုသိုလ်မှု,အရေးအရာအမှုကိစ္စကြီးကို ပြုလုပ်ရာ

၌။အလွန်စိတ်ခိုင်မြဲတတ်သောသူဖြစ်ခဲ့အံ့။ ထိုအမှုပြီးစီးတတ်၏။ ဤသည်လည်းအဓိပတိကြီးတပါးတည်း။

ကြီးမားသော,ခက်ခဲသော,ပညာမှု, အရေးအရာကြီးကို။ ကြံဘန်ရာ၌နေရာကျ,အချက်ကျ,ပေါက်ရောက်အောင် ကြံနိုင်သူဖြစ်ခဲ့အံ့။ ထိုအမှုပြီးစီးတတ်၏။ ဤသည်လည်းအဓိပတိကြီး တပါးတည်း။ ။ထိုအဓိပတိကြီးလေးပါးတို့နှင့်အတူတကွဖြစ်ကြရကုန်သောနာမ်တရား။ရုပ်တရားတို့သည် ပစ္စယုပ္ပန်တို့ပေတည်း။ ။ဤသဟဇာတာဓိပတိပစ္စည်းသည်။ သုတ္တန်ပိဋကတ် မဟာဝဂ္ဂဣဒ္ဓိပါဒသံယုတ်တွင်များစွာလာရှိ၏၊ အဘိဓမ္မာ၌။ ဝိဘင်းကျမ်းတွင်။ ဣဒ္ဓိပ္ပါဒဝိဘင်းသည်၊ ဤသဟဇာတာဓိပတိ ဝိဘင်းပင်ဖြစ်၏၊

သဟဇာတာဓိပတိပြီး၏။

---

အာရမ္မဏာဓိပတိဆိုသည်ကား။ အာရမ္မဏပစ္စည်း တရားရထဲတွင်၊သတ္တဝါတို့အလွန်ကြိုက်နှစ်သက်လောက်သော။ ဣဋ္ဌာရုံများကိုပင်။အာရမ္မဏာဓိပတိပစ္စည်းဆိုသည်၊ ထိုကဲ့သို့သောအာရုံတရားများသည်၊ အာရမ္မဏိကဖြစ်သောစိတ်, စေတသိက်တရားတို့၏အပေါ်၌လွန်စွာအစိုးနိုင်၏။ငွေကိုအလွန်အလိုရှိသောသူကို။ထိုငွေသည်လွန်စွာအစိုးနိုင်၏ ထိုသူသည်၊ ထိုငွေအတွက်နှင့်ဒုက္ခများစွာခံရငြားသော်လည်း။ထိုငွေကို။ မရုန်းနိုင်,မပယ်နိုင်,မစွန့်နိုင်ရှိနေ၏။ ငွေကိုအလွန်အလိုရှိသောသူ။အစရှိသည်ဖြင့် အကုန်ဆိုလေ။ ။ဒါနကုသိုလ်ကို အလွန်အလိုရှိသောသူကို။ ထိုဒါနကုသိုလ်မှုသည်လွန်စွာအစိုးနိုင်၏။ ထိုသူသည်၊ ထိုဒါနကုသိုလ်မှုအတွက်နှင့်ဒုက္ခများစွာခံရငြားသော်လည်း၊ ထိုဒါနမှုကိုမရုန်းနိုင်,မပယ်နိုင်,မစွန့်နိုင်ရှိနေ၏။သီလကုသိုလ်မှုကိုအလွန်အလိုရှိသောသူအစရှိသည်ဖြင့်အကုန်ဆိုလေ။ ။ဤသို့လျှင်အာရမ္မဏိကဖြစ်သောစိတ်စေတသိက်တရားတို့ကိုလွန်စွာအစိုးနိုင်သော။ဣဋ္ဌာရုံမျိုးဖြစ်သော၊အာရမ္မဏပစ္စည်းတရားအချို့ကိုပင်။အာရမ္မ

www.dhammaransi.com



ဏာဝိပတိပစ္စည်းဆိုသည်။ ။ထိုအာရုံမျိုးကို အာရုံပြုကြသော စိတ်,စေတသိက်,တရားရကိုပစ္စယုပ္ပန်ဆိုသည်။

အာရမ္မဏာဓိပတိပြီး၏။

---

၄ အနန္တရပစ္စယော။ ။ဤပစ္စည်း၌အနန္တရသဒ္ဒါသည်။အခြား မရှိဟူသောအနက်ကိုဟော၏။ ရှေးဖြစ်သော ပစ္စည်းတရားနှင့်။ နောက်ဖြစ်သော ပစ္စယုပ္ပန်တရားတို့၏ အလယ်အကြား၌ နာမ် တရားတပါးအခြားမရှိသည်ကို အနန္တရဆိုသည်။ ။ဤပစ္စည်း မျိုး၌စိတ်ဟူ၍ဆိုလျှင်။ထိုစိတ်၌ယှဉ်သော စေတသိက်အပေါင်း လည်းပါလေပြီဟူ၍မှတ်။ ။ပဋိသန္ဓေစိတ်သည်၊အနန္တရပစ္စည်း ပထမဘဝင်စိတ်သည်ပစ္စယုပ္ပန်။ ။ပထမဘဝင်စိတ်သည်။ အ နန္တရပစ္စည်း။ဒုတိယဘဝင်စိတ်သည်။ပစ္စယုပ္ပန်။ဤသို့စသည်ဖြင့် တဘဝလုံးသွားလေ၏။တဘဝအဆုံးတွင်။ စုတိစိတ်သည်အနန္တ ရပစ္စည်း။ နောက်ဘဝ၌ ပဋိသန္ဓေစိတ်သည် ပစ္စယုပ္ပန်။ ။ ပဋိသန္ဓေ စိတ်သည်။ အနန္တရပစ္စည်း။ ပထမ ဘဝင်စိတ်သည် ပစ္စယုပ္ပန်။ ဤသို့ စသည်ဖြင့်။ ရဟန္တာ ပုဂ္ဂိုလ်တို့၏ ပရိနိဗ္ဗာန စုတိစိတ်တိုင်အောင်။ဘဝအနန္တသွားလေ၏။

ဤအနန္တရပစ္စည်းပစ္စယုပ္ပန် အစဉ်အဆက်သည်။ သတ္တဝါ တယောက်,တယောက်မှာ။ အနမတဂ္ဂ သံသရာကာလ၌တစဉ်တည်း တဆက်တည်း ဖြစ်၏။ ပစ္စယကိစ္စ။ ပစ္စယသတ္တိတို့၌ ဗုကား။ ရှေးရှေးစိတ်သည်အမိနှင့်တူ၏။ နောက်နောက်စိတ်သည် အမိမှ ပေါက်ဘွားသော။သားသမီးနှင့်တူ၏။လောက၌အမိသည်။ သားသမီး ပေါက်ဘွားချိန်၌အမိအသက်ဝိညာဏ်ရှိစဉ်ပေါက်ဘွား၏။ ဤအ နန္တရပစ္စည်း၌ဗုကား။ ရှေးရှေးစိတ်ချုပ်ပြီးမှ။ နောက်နောက်စိတ် ဖြစ်ပေါ်ရ၏။ဤမျှသာထူးကြ၏။ ဤဥပမာဖြင့်ပင်။ရှေးရှေးစိတ်၏ ကျေးဇူးပြုမှု။ နောက်နောက် စိတ်၏ ကျေးဇူးခံစံခြင်းမှု ထင်လျား

www.dhammaransi.com



လေပြီ။ ။သားသွီးသည်အမိ၏အမွေဥစ္စာများကိုလည်းခံစံရတိ သကဲ့သို့။အကြောင်းထူး။အခွင့်ထူးမရှိကဲ့သော်။ နောက်နောက် စိတ်သည်။ ရှေးရှေးစိတ်၏ကိစ္စအာရုံအလုံးစုံကိုပင်ခံယူရ၏။ အ ကြောင်းထူး။ အခွင့်ထူးရှိကဲ့သော်မူကား။ ကိစ္စအာရုံ အလုံးစုံ ခပြောင်းလဲ၍သွားနိုင်ပြန်၏။

အနန္တရပစ္စည်းပြီး၏။

---

၅- သမနန္တရပစ္စယော။ ။ဤပစ္စည်း၌။သံ,သဒ္ဒါမှုထူး၏။ ကောင်းစွာအခြားမဲ့ဟုဆိုလို၏။ ကောင်းစွာဆိုသည်ကား။ ရုပ် တရားတို့မှာ။ရှေးရုပ်နှင့်နောင်ရုပ် အခြားမရှိဆက်စပ်ကြသည်ဟု ဆိုရသော်လည်း။အကြား၌အာကာသပရိစ္ဆေဒရှိကြသည်သာဖြစ် ၏။နာမ်တရားတို့၌ရှေးစိတ်နှင့်နောက်စိတ်အခြားမရှိ ဆက်စပ်ကြ ရာ၌မူကား။ အာကာသပရိစ္ဆေဒဟူ၍ပင်မရှိပြီ။ ဤသို့အာကာသ ပရိစ္ဆေဒမျှထင်ရအောင်ဆက်စပ်ကြသည်ကို။ကောင်းစွာအခြား မဲ့ဆိုသတည်း။ထို့ကြောင့်။မိမိသန္တာန်၌တခုတခုသော အာရုံကို အကြံအစည်ပြု၍နေလေရာ။ရှေးရှေးဖြစ်သောစိတ်ဗုဒ္ဓဏမဲ့ ချုပ် ကွယ်၍။နောင်နောင်ဖြစ်သောစိတ်ဗုဒ္ဓဏမဲ့ အသစ်အသစ် ဖြစ်ပေါ် ပြောင်းလဲခြင်းရှိပါသော်လည်း။ ရှေ့စိတ်နောက်စိတ်အခြားဟူ၍မ ထင်ပြီ။တနေ့လုံးပင်ကြံစည်၍နေသော်လည်း စိတ်တခုတည်းသာ ထင်ရ၏။တသက်လုံးမှာပင်စိတ်တခုတည်းထင်ရ၏။ ထို့ကြောင့် ပင်လျှင်။စိတ်၌နိစ္စ,ဓိုဝ္ဂအယူခိုင်မြဲလျက်ရှိနေကြ၏။

သမနန္တရပစ္စည်းပြီး၏။

---

၂၂- နတ္ထိပစ္စယော။ ။၂၃။ ။ဝိဂတပစ္စယော။ ။ဤ ပစ္စည်းနှစ်ပါးသည်အခြားမဟုတ်။ အနန္တရပစ္စည်းပင်ဖြစ်၏။ ။

www.dhammaransi.com



အနန္တရပစ္စည်းကိုပင်။ပစ္စည်း တရားချုပ်ပျက်ပြီးမှ၊ ပစ္စယုပ္ပန်တရားဖြစ်ပေါ်ခွင့်ရသောကြောင့်၊ နတ္ထိပစ္စည်းခေါ် ၏။ ပစ္စည်းတရားကင်းပျောက် ပြီးမှ။ ပစ္စယုပ္ပန်တရား ဖြစ်ပေါ်ခွင့်ရသောကြောင့်။ ဝိဂတပစ္စည်းခေါ် ၏။

ဂင်းနှစ်ပစ္စည်းပြီး၏။

———

၁၂။ အာသေဝနပစ္စယော။ ။ဤပစ္စည်းသည်လည်း။ အနန္တရပစ္စည်းမျိုးပင်ဖြစ်၏။ ။ဇဝနကိစ္စရှိကြသောစိတ်ချင်းချင်း အခြားမဲ့ကိစ္စနှင့် ကျေးဇူးကြသည်ကို အာသေဝနပစ္စည်း ဆိုသည်။ဇဝနကိစ္စဆိုသည်ကား။ရန်းမီး၏အဟုန်အားဖြင့်။ အလွန်ပြင်းထန်စွာထွက်သွားသော သေနပ် ကြည်ဆံ အမြောက်ကြည်ဆံတို့၏အဟုန်ကဲ့သို့။ အလွန်ပြင်းထံသောအဟုန်ရှိသည်ကို ဆိုသည်၊

အလုံးစုံသောကုသိုလ်,အကုသိုလ်။ ကာယကံ,ဝစီကံ,မနောကံဟူသမျှတို့သည်လည်း။ဤဇဝနကိစ္စရှိကြကုန်သော စိတ်တို့မှဖြစ်ကြကုန်၏။အလုံးစုံသောအင်္ဂါကြီးငယ်လှုပ်ရှားမှုပြောမှုဆိုမှုစသည်တို့သည်လည်း။ ဤဇဝနကိစ္စရှိကြကုန်သောစိတ်တို့မှဖြစ်နိုင်ကြကုန်၏၊ ဤဇဝနကိစ္စရှိကြကုန်သောစိတ်တို့၏ အနန္တရပစ္စည်းအထူးကို။အာသေဝနပစ္စည်းခေါ် သည်။ ။အာသေဝန ဆိုသည်ကား။ဘာဝနာပေတည်း။ဘာဝနာဆိုသည်ကား။တခုသောအမှုကို အထပ်ထပ်အခါခါ။အကြိမ်များစွာ,အခါများစွာ လေ့ကျက်မှုပေတည်း။စာတပုဒ်ကိုကြေကြေချောချောရအောင်။အထပ်ထပ်ရွတ်အံကြရာနှိုက်။တခေါက်ထက်တခေါက်ချောမော၍လာ၏။ ထိုသို့ချောမောခြင်းတိုးတက်၍လာသည်ကို။ ပါဂုဏဘာဝဟူ၍ခေါ်၏။ ဤကဲ့သို့ဘာဆင့်ထက်ဘာဆင့် တိုးတက်ကြီးပွါး၍ လာသည်ကို။ ဘာဝနာခေါ်သည်၊ ဤဘာဝနာကိုအာသေဝနခေါ်သည်၊

www.dhammaransi.com



ထိုသို့တဆင့်ထက်တဆင့်ကြီးပွါး၍လာခြင်းမည်သည်။ ရှေး ရှေးစိတ်က။ ချီးပင့်မြှောက်စားနိုင်သောအားခွန်ဗလရှိမှဖြစ်နိုင်၏။ ထိုကဲ့သို့သောအရှိန်အဟုန်အားခွန်ဗလတို့ဖြင့်။ ရှေးရှေးစိတ်က၊ နောက်နောက်စိတ်အား အဆင့်ဆင့်ချီးပင့်မြှောက်စား။ အားပေး ၍သွားမှုကိုအာသေဝနပစ္စည်းခေါ်သတည်း။ ထိုသို့တဆင့်ထက် တဆင့်တိုးတက်၍သွားသည်ဆိုငြားတော်လည်း။ ကာမာဝစရ ဇဝနစိတ်တို့သည် ဝီထိစိတ်ကိစ္စနှင့်တခါဖြစ်ပေါ်လျှင်။ ခုနစ်ကြိမ် မျှသာဇဝနအသက်ရှိကြကုန်၏။ စတုတ္ထအကြိမ်တိုင်အောင်။ တ ဆင့်ထက်တဆင့်တိုးတက်ပြီးလျှင်။ စတုတ္ထအကြိမ်မှနောက်နိုက် လျော့ကျ၍သတ္တမအကြိမ်တွင်ဆုံး၏။

ဤအာသေဝနပစ္စည်းသည်။ လောကဥလည်းအလွန်အသုံးကျ ၏။ လောကနိုက်အတတ်ပညာသင်ကြားရာတို့၌ရင်း။ ကိုယ်အင်္ဂါ ကိုအလေ့အကျင့်ပြု၍ လုပ်ကြရသော။ အလုပ်မျိုးအတတ်မျိုး။ နှုတ်အင်္ဂါကိုအလေ့အကျင့်ပြု၍ လုပ်ကြရသော။ အလုပ်မျိုး,အ တတ်မျိုး။ စိတ်ကိုအလေ့အကျင့်ပြု၍လုပ်ကြရသော။ အလုပ်မျိုး, အတတ်မျိုး၊ အယုတ်သဖြင့်စောင်းတီးသောအတတ်။ နှဲပလွေ မှုတ်သော အတတ်မျိုးတို့နိုက်ပင်သော်လည်း။ အကြိမ်များစွာ လေ့လာလေ့ကျက်ခြင်းဟူသော။ အာသေဝနကိစ္စနှင့်လုပ်နိုင်မှ ဖြစ်မြောက်ကြလေသည်။

မြောက်ဒွါရနိုက်ဖြစ်ပေါ်ကြကုန်သော။ ဝီထိစိတ် အစဉ်တို့ တွင်။ ဇဝနစိတ်တို့၏အတွင်း၌သာ။ ဤအာသေဝန,အနန္တရပစ္စည်း ကိုရအပ်၏၊ ပထမဇဝန စိတ်သည်အာသေဝနပစ္စည်း၊ ဒုတိယ ဇဝနစိတ်သည်ပစ္စယုပ္ပန်။ ။ဒုတိယဇဝနစိတ်သည်အာသေဝန ပစ္စည်း၊ တတိယဇဝနစိတ်သည်ပစ္စယုပ္ပန်။ စသည်ဖြင့်ဆိုလေ။ ။ဤ အာသေဝနပစ္စည်းသည်ဘနေ့တရက်တွင်။ အခါများစွာအကြိမ် များစွာပြုလုပ်နိုင်ပါလျှင်၊ တခါထက်တခါ။ ထိုအလုပ်ကျေလည်၍ လာ၏။ ရှေးရှေးလုပ်မှုက။ နောက်နောက်လုပ်မှုအားကျေးဇူးပြုမှု

www.dhammaransi.com



ထင်လျှား၏။ နေ့ရက်များစွာ။ လ,နှစ်,များစွာ ပြုလုပ်ရာနိုက်ဆို ဘွယ်မရှိ။ဘဝများစွာပင်ဆက်လက်နိုင်၏။

ယခုဘဝတွင်။ မဂ်ဉာဏ်,ဖိုလ်ဉာဏ်, ဈာန်,အဘိညာ,သမာ ပတ်တို့ကို။ ရအောင် အားထုပ်မှု သည်သည်း။ ဤအာသေဝန ပစ္စည်းပင်တည်း၊ ။အလေ့အလျာတို့သည်။ နောက်နောက် ဘဝတို့နိုက်။မဂ်ဉာဏ်,ဖိုလ်ဉာဏ်,သို့ပေါက်ရောက်နိုင်ရန်။ ပါ ရမီတရားတို့ကိုဖြည့်ကျင့်သည်းဘူးကြရာ၏။ ပါရမီဆယ်ပါး,တ သိုလ်တရားတို့သည်။ တဘဝထက်တဘဝ- ထက်သံတိုးပွါး၍ လာမှုသည်လည်း။ဤအာသေဝနပစ္စည်းပင်ဖြစ်၏။

သို့ရာတွင်။ ဤ(၂၄)ပစ္စည်းအရာနိုက်မူကား။ ပဋ္ဌာန်းကျမ်း ဖြစ်သည်နှင့်အညီ၊ ပဋ္ဌာနသဒ္ဒါ၏အနက်အားလျော်စွာ။ အနန္တရ ဖြစ်ကြသောဇဝနစိတ်ချင်းချင်းသာ။ပစ္စည်း,ပစ္စယုပ္ပန် ဆက်ဆန် မှုကိုဟောတော်မူ၏၊ ပထမဇဝနစိတ်သည် အနန္တရ ဖြစ်သော ဒုတိယဇဝနစိတ်အားသာ၊အာသေဝနပစ္စည်းဘတ်၏။ပထမဇဝ နစိတ်သည်။ အနန္တရမဟုတ်သောတတိယဇဝနစိတ်အား။ အာ သေဝနပစ္စည်းမတတ်။ဤသို့စသည်ဖြင့်ဆိုလေ။

ဤကဲ့သို့အနန္တရမဟုတ်သော။တတိယဇဝနစိတ်၊စတုတ္ထဇဝ နစိတ်တို့မှစ၍၊ ပထမဇဝနစိတ်၏အရှိန်အဝါကိုခံယူကြသမျှကုန် သော။ နောက်နောက်စိတ်တို့အားမူကား။ ပထမဇဝနစိတ်သည်။ ဥပနိဿယပစ္စည်းတတ်သည်ဟုဆိုရ၏။ ။အာသေဝနအရှိန် အဝါကိုခံယူခြင်းမည်သည်။ လောဘမှု,လောဘမှုခြင်း။ဒေါသမှု, ဒေါသမှုခြင်း။ မောဟမှု,မောဟမှုခြင်း-စသည်ဖြင့်။ သဘောတူ ခြင်းမှသာခံယူနိုင်၏။သဘောမတူလျှင်မခံယူနိုင်။ ။ဤအာသေ ဝနပစ္စည်းကို။ သုတ္တန်ပိဋကတ်တွင်။ မဟာဝဂ္ဂသံယုတ်ကျမ်း၌ များစွာဟောပေ၏။ သမ္မာဒိဋ္ဌိဘာဝေတိ-စသည်ဖြင့်။ ဘာဝနာ ကိစ္စနှင့်စပ်ဆိုင်သမျှသည်။အာသေဝနပစ္စည်းချည်းမှတ်။

အာသေဝနပစ္စည်းပြီး၏။

www.dhammaransi.com



၆။ သဘာဂတပစ္စယော။ ။ဤပစ္စည်း၌။အတူတကွဖြစ်သည်ကိုသဘာဂတဆို၏။မီးတောက်တခုပေါ်လာခဲ့လျှင်။မီး၏အရှိန်,မီး၏အရောင်,မီး၏အနံ့တို့သည်။မီး၏အစွမ်းသတ္တိကြောင့်ထိုမီးနှင့်အတူတကွဖြစ်ပေါ်ကြရကုန်သကဲ့သို့။ မိမိ၏ ပစ္စယုပ္ပန်တရားတို့ကို။ မိမိနှင့်အတူတကွ ဖြစ်ပေါ်နိုင်ကြစေရန်၊ ကျေးဇူးပြုတတ်သောရုပ်တရား,နာမ်တရားများကို၊သဘာဂတ ပစ္စည်းဆိုသည်။ ။ဤသဘာဂတပစ္စည်း၌။ (၁) နာမ်ပစ္စည်း-နာမ်ပစ္စယုပ္ပန်။ (၂) နာမ်ပစ္စည်း– ရုပ်ပစ္စယုပ္ပန်။ (၃)ရုပ်ပစ္စည်း–ရုပ်ပစ္စယုပ္ပန်၊ (၄) ရုပ်ပစ္စည်း–နာမ်ပစ္စယုပ္ပန်။ ။ဟူ၍ အချက်လေးခုရှိ၏။ ထိုတွင် (၁) နာမ်ပစ္စည်း-နာမ်ပစ္စယုပ္ပန်ဆိုသည်ကား။အဘိဓမ္မတ္ထသင်္ဂဟကျမ်း စေတသိက်ပိုင်း၌။ နာမ်သင်္ဂဟနည်းပေါင်း(၃၃)နည်းလာရှိရာတွင်။နာမ်သင်္ဂဟနည်း–တနည်း။တနည်းမှာ ပါရှိကြသော နာမ်အပေါင်းရသည်။ သဘာဂတပစ္စည်းပစ္စယုပ္ပန်ချင်းဖြစ်ကြ၏။ဘယ်နာမ်က ပစ္စည်းမတတ်ဟုဆိုရန်မရှိ။ဘယ်နာမ်ကား ပစ္စယုပ္ပန်မထိုက်ဟူ၍လည်း ဆိုရန်မရှိ။ ဤကား–နာမ်ပစ္စည်း–နာမ်ပစ္စယုပ္ပန်ကိုပြဆိုချက်တည်း။

(၂) နာမ်ပစ္စည်း–ရုပ်ပစ္စယုပ္ပန်ဆိုသည်ကား။ ။ပဋိသန္ဓေခဏ၌။ပဋိသန္ဓေနာမက္ခန္ဓာလေးပါးသည်။သဘာဂတပစ္စည်း။၎င်းနှင့်တပြိုင်နက်။အတူတကွဖြစ်ပေါ်ကြသောကမ္မဇရုပ်ရသည်။ပစ္စယုပ္ပန်။ ။ပဋိသန္ဓေခဏမှ။နောက်ပဝတ္တိကာလ၌။နာမက္ခန္ဓာလေးပါးသည်။ပစ္စည်း။ ၎င်းနာမက္ခန္ဓာလေးပါးကြောင့်ဖြစ်ပေါ်ရသောစိတ္တဇရုပ်ရသည်။ပစ္စယုပ္ပန်။ ။ဤကား-နာမ်ပစ္စည်း။ ရုပ် ပစ္စယုပ္ပန်ကိုပြဆိုချက်တည်း။

(၃) ရုပ်ပစ္စည်း–ရုပ်ပစ္စယုပ္ပန်ဆိုသည်ကား။ ။၎င်းအဘိဓမ္မတ္ထသင်္ဂဟကျမ်းရုပ်ပိုင်း။ ကလာပ,ယောဇနာခဏ်း၌။ရုပ်ကလာပ်ပေါင်း (၂၁) စည်းလာရှိရာတွင်။ ရုပ်ကလာပ်စည်း။ တစည်း-တစည်းမှာပါရှိကြသောရုပ်တရားအပေါင်းရသည်။သဘာဂတပစ္စည်း ပစ္စယုပ္ပန်ချည်းဖြစ်ကြ၏။ထိုရုပ်တရား အပေါင်းရ

www.dhammaransi.com



တွင်။မဟာဘုတ်ကြီးလေးပါးသည်ပစ္စည်း။ ၎င်းမဟာဘုတ်ကြီးလေးပါးနှင့်တကွ။ ဥပ္ပါဒါရုပ်ရသည်ပစ္စယုပ္ပန်၊ ဤ၌ဥပါဒါ ရုပ်ရသည်ပစ္စည်းကားမတတ်။ပစ္စယုပ္ပန်မျှသာဖြစ်ကြ၏။ ဤကားရုပ်ပစ္စည်း—ရုပ်ပစ္စယုပ္ပန်ကိုပြဆိုချက်တည်း။

(၄) ရုပ်ပစ္စည်း-နာမ်ပစ္စယုပ္ပန်ဆိုသည်ကား၊ ။ပဋိသန္ဓေခဏ၌ဟဒယဝတ္ထုရုပ်သည်၊ သဟဇာတပစ္စည်း–ပဋိသန္ဓေ နာမက္ခန္ဓာလေးပါးသည် ပစ္စယုပ္ပန်၊ ဤကား—ရုပ်ပစ္စည်း-နာမ်ပစ္စယုပ္ပန်ကိုပြဆိုချက်တည်း၊

ဤသဟဇာတပစ္စည်း၌လည်း။ရုပ်တရားတို့သည်။အချင်းချင်းဖွဲ့စည်းမှုတို့နှင့်ကျေးဇူးပြုကြကုန်လျက်။ တပြိုင်နက်တချက်တည်းအားဖြင့်။အလွန်များစွာပင်ဖြစ်ပေါ်ကြကုန်၏။အချင်းချင်းအဖွဲ့ အစည်းအခြေအနေကောင်းကြသည်အတွက်။ အလွန်ကာလရှည်စွာပင် တည်နေနိုင်ကြကုန်၏။ရေသတ္တဝါ၊ ကုန်းသတ္တဝါ၊ နတ်ဗြဟ္မာတို့၏ရုပ်ခန္ဓာကြီးငယ်တို့နှင့်၊ သံတုံး,သံခဲ, ကျောက်တုံးကျောက်ခဲ-မဟာပထဝီမြေကြီး၊မြင်းမိုရ်တောင်ကြီးတိုင်အောင်မြော်လေ။ ။သို့ရာတွင်-ဤ (၂၄)ပစ္စည်းအရာ၌မူကား၊ပဋ္ဌာန်းကျမ်းဖြစ်သည်နှင့်အညီ။ပဋ္ဌာနသဒ္ဒါ၏အနက်အားလျော်စွာ၊ တခုတခုသော ရုပ်ကလာပ်အတွင်း၌ ပါရှိကြသော၊ ရုပ်တရား ချင်းချင်းတို့၌သာ။ ပစ္စည်းပစ္စယုပ္ပန်ဆက်ဆန် မှုကို ဟောတော်မူ၏။ ထိုသို့ဟောတော်မူသဖြင့်လည်း။မဟာပထဝီမြေကြီးတခုလုံး။မြင်းမိုရ်တောင်ကြီးတခုလုံး၊ရုပ်တရားတို့၏အချင်းချင်းဖွဲ့စည်းမှု အတွက်၊အကျိုးကျေးဇူးများကြပုံကိုအကုန်မြင်နိုင်ကြရာ၏။

ဤသဟဇာတပစ္စည်းကြီးသည်၊သဟဇာတပစ္စည်းမျိုး(၁၅) ပါးတို့ကိုအကုန်သိမ်းချုံမိ၏။ ။(၁၅) ပါးဆိုသည်ကား။ (၁) နိဿယပစ္စည်းတွင်။ သဟဇာတနိဿယပစ္စည်းတပါး။ (၂) အတ္ထိပစ္စည်းတွင်၊ သဟဇာတအတ္ထိပစ္စည်းတပါး။ (၃) အဝိဂတပစ္စည်းတွင်။သဟဇာတအဝိဂတပစ္စည်းတပါး။ဤသုံးပါးသည် အထက်သဟဇာတပစ္စည်းကြီးနှင့်အလုံးရုံ ထပ်တူကျ၏။ သဟ

www.dhammaransi.com



ဓာတကြီးလေးပါးဖြစ်၏။ ။(၄) အညမညပစ္စည်းတပါး။(၅) ဝိပါကပစ္စည်းတပါး။ (၆) သမ္ပယုတ္တပစ္စည်းတပါး။ (၇) ဝိပယုတ္တပစ္စည်းတပါး။ ။ဤလေးပါးသည်။ အထက်သဟဇာတပစ္စည်းကြီးအထဲမှခွဲ၍ထွက်လာသော။ သဟဇာတ အလင်များဖြစ်ကြ၏။ ။(၈) ဟေတုပစ္စည်းတပါး။ (၉) အဓိပတိပစ္စည်းတွင်။သဟဇာတာဓိပတိပစ္စည်းတပါး။ (၁၀) ကမ္မပစ္စည်းတွင် သဟဇာတကမ္မပစ္စည်းတပါး၊ (၁၁) အာဟာရပစ္စည်းတွင်။နာမ်အာဟာရပစ္စည်းတပါး။ (၁၂) ဣန္ဒြိယပစ္စည်းတွင်။ နာမ်ဣန္ဒြိယပစ္စည်းတပါး။ (၁၃) ဈာနပစ္စည်းတပါး။ (၁၄) မဂ္ဂပစ္စည်းတပါး။ ဤခုနစ်ပါးသည်၊သဟဇာတအင်္ဂါများ ဖြစ်ကြ၏။ အထက်သဟဇာတပစ္စည်းကြီးနှင့်ပေါင်းသော်၊ သဟဇာတပစ္စည်းမျိုး (၁၅) ပါးဖြစ်၏။ ။ထိုတွင်-သဟ ဇာတကြီးသည်၊ ပင်လယ်သမုဒ္ဒရာကြီးနှင့်တူ၏၊ သဟဇာတအလင်လေးပါး၊သဟဇာတအင်္ဂါခုနစ်ပါး။ ဤ(၁၁)ပါးသည်။ပင်လယ်သမုဒ္ဒရာကြီး၏အမှုဆောင်လှအမျိုးမျိုး၊သမုဒ္ဒရာကြီးယာအမျိုးမျိုး။ ငက်ကြီးယာအမျိုးမျိုး၊ ရွက်ကြီးယာမျိုးမျိုးတို့နှင့်တူကြ၏။ ။

(၁) နာမ်ပစ္စည်း-နာမ်ပစ္စယုပ္ပန်။ (၂) နာမ်ပစ္စည်း–ရုပ်ပစ္စယုပ္ပန်၊ (၃) ရုပ်ပစ္စည်း–ရုပ်ပစ္စယုပ္ပန်။ (၄) ရုပ်ပစ္စည်း–နာမ်ပစ္စယုပ္ပန်။ ။ဟူ၍သဟဇာတအချက်လေးခုကိုအတည်ပြု၍ထားရာ၏။ ။

သဟဇာတပစ္စည်းကြီးလေးပါး၊ထင်တူကျပုံကိုပြဆိုရာ၏။သဟဇာတပစ္စည်းတရားကိုပင်လျှင်။ ပစ္စယုပ္ပန်တို့၏မှီရာသဘောရှိပြန်သည့်အတွက်။နိဿယပစ္စည်းဆိုပြန်၏၊ ကျေးဇူးပြုဆဲအခါ၌၊ပစ္စည်းတရားထင်ရှား ရှိဆဲဖြစ်ပြန်သည့် အတွက်၊ အတ္ထိပစ္စည်း–အဝိဂတပစ္စည်း ဆိုပြန်၏။ ။ဤကား-သဟဇာတပစ္စည်းကြီးလေးပါးထင်မိကြပုံတည်း။ ။

www.dhammaransi.com



သဟဇာတအလပ်လေးပါးကိုပြဆိုပေအံ့။

(၁) အညမညပစ္စည်းဆိုသည်ကား၊ ။သဟဇာတပစ္စည်း တတ်ကြသောပစ္စည်းတရား အချင်းချင်း-အပြန်အလှန် ပစ္စည်း တတ်ကြသည်ကိုဆိုသည်။ ။သဟဇာတ အချက်လေးခုတွင်၊ ၁။ နာမ်ပစ္စည်း-နာမ်ပစ္စယုပ္ပန်။အကုန်လုံး-အညမညပစ္စည်း ပစ္စ ယုပ္ပန်ချည်း။ ၃။ ရုပ်ပစ္စည်း-ရုပ်ပစ္စယုပ္ပန်တွင်။မဟာဘုတ်ကြီး လေးပါးအချင်းချင်း အညမညပစ္စည်းပစ္စယုပ္ပန်ချည်း။ ပဋိသန္ဓေ နာမ်နှင့်။ဟဒယဝတ္ထုရုပ်အချင်းချင်း အညမညပစ္စည်းပစ္စယုပ္ပန်။

၂။ ဝိပါကပစ္စည်းဆိုသည်ကား။ ။ပိန္နဲသီး။ သရက်သီး တို့သည်။မှည့်ခြင်းသို့ရောက်ကြသည့်အခါ၌။ အကုန်လုံး-နူး,နပ်, ပျော့ပြောင်း,ကြကုန်ဘိသကဲ့သို့။ကုသိုလ်ကံ-အကုသိုလ်ကံတို့၏ အကျိုးဖြစ်ကြကုန်သောကာမာဝစရဝိပါက်။ရူပါဝစရဝိပါက်။ အ ရူပါဝစရဝိပါက်။လောကုတ္တရာဝိပါက်တရားတို့သည်။အကုန်လုံး နူးနပ်,ငြိမ်သက်ကြကုန်၏။ကုသိုလ်။အကုသိုလ်တို့ကဲ့သို့။လှုပ်ရှား ထကြွ,မရှိကြကုန်။ဤသို့သောငြိမ်သက်မှုကို။ဝိပါကပစ္စည်းဆိုသ တည်း။ဤသို့သောငြိမ်သက်မှုကြောင့်။အိပ်ပျော်၍နေကြသော သူ တို့မှာ။ဘဝင်စိတ်ဟူသောဝိပါကပစ္စည်းတရားဖြစ်ပွါး၍နေစဉ်အခါ။အသေကောင်နှင့်တူစွာငြိမ်သက်ခြင်းသို့ရောက်၍ နေကြကုန် ၏။ ။နေ့အခါ၌ စိတ္တဇျပါရအတွက်။အဇ္ဈတ္တရုပ်တို့၏ ပူလောင် ချောက်ချားမှုဘို့သည်။ထိုဝိပါကပစ္စည်းဖြင့် ငြိမ်းချမ်းကြကုန်၏။ ဤဝိပါကပစ္စည်းသည်။သဟဇာတပစ္စည်းကြီး၏အထဲမှ။ ဝိပါက် ဖြစ်သော။စိတ်,စေတသိက်,နာမ်တရားရပေတည်း။ ။သဟဇာ တလေးချက်တွင်။ ၁။ နာမ်ပစ္စည်း-နာမ်ပစ္စယုပ္ပန်၊ ၂။နာမ်ပစ္စည်း ရုပ်ပစ္စယုပ္ပန်။ ဤနှစ်ချက်သာရ၏။ ။

၃။ သမ္ပယုတ္တပစ္စည်းဆိုသည်ကား။အထက်မြစ်ညာ၌ချောင်း, အမျိုးမျိုး။မြောင်း,အမျိုးမျိုး။စိန့်,အမျိုးမျိုး။စမ်းအမျိုးမျိုးတို့မှ အ သီးအသီးစီးဆင်းလာကြကုန်သောရေအမျိုးမျိုးတို့သည်၊ မြစ်မ, ကြီးသို့ရောက်၍ပေါင်းဆုံယောနှောကြသောအခါ၊ ခွဲတက်ခွဲပညာ

www.dhammaransi.com



ဖြင့်သော်လည်း ခွဲခြားခြင်းငှါမတတ်ကောင်းအောင်။ရေအချင်း ချင်းယောနှောချက် ကောင်းကြသကဲ့သို့၊ အတူတကွ ဖြစ်ကုန် ကြသော၊စိတ်,စေတသိက်,နာမ်တရားတို့၏၊အချင်းချင်း အလွန် ယောနှောချက်ကောင်းသောအားဖြင့်ကျေးဇူးပြုမှုကို၊သမ္ပယုတ္တ ပစ္စည်းဆိုသည်။ ။သဟာဇာတလေးချက်တွင်။ ၁။ နာမ်ပစ္စည်း နာမ်ပစ္စယုပ္ပန်ကချက်သာရ၏။ ။

ဝိပ္ပယုတ္တပစ္စည်းဆိုသည်ကား။ ။သတ,ဟူ၍ရင်း။ရသ, ဟူ ၍၎င်းခေါ်ဆိုကြသော၊ပြဒါးဟူသောဓာတ်ရည်အထူးသည်။ အ ရည်အချင်းချင်းဖြစ်ပါလျက်၊ရေ၌ထဲ့သော်လည်း။ ရေနှင့် ယော စပ်ခြင်းမရှိ။အုံးရေ၌ထဲ့သော်လည်း၊အုံးရေနှင့်ယောစပ်ခြင်းမရှိ သကဲ့သို့။ ရုပ်နှင့်-နာမ်၊ နာမ်နှင့်ရုပ်။ ယောစပ်ခြင်းမရှိမူ၍။ ကျေး ဇူးပြုမှုသည်၊ဝိပ္ပယုတ္တပစ္စည်းမည်၏။ သဟာဇာတလေးချက်တွင် ၂။ နာမ်ပစ္စည်း-ရုပ်ပစ္စယုပ္ပန်။ ၄၊ ရုပ်ပစ္စည်း-နာမ်ပစ္စယုပ္ပန် နှစ်ချက်သာရ၏။ ။

သဟာဇာတအငယ်–ခုနစ်ပါးကိုပြဆိုပေအံ့။

၁။ ဟေတုပစ္စည်းဆိုသည်ကား။ ။ရှေး၌ပြဆိုခဲ့ပြီးသော ဟေတုပစ္စည်းပင်တည်း၊ ။အဟိတ် စိတ် ၁၈–ခုတို့၌ ယှဉ် သောစေတသိက်တို့ကို ကြဉ်ဖယ်၍။ သဟိတ် စိတ် ၇၁–ခုတို့၌ ယှဉ်သောစေတသိက်တို့ကို ကွက်ခြား၍ယူလေ၊ ။သဟာဇာတ လေးချက်တွင်။ ၁၊ နာမ်ပစ္စည်း-နာမ်ပစ္စယုပ္ပန်၊ ၂။ နာမ်ပစ္စည်း ရုပ်ပစ္စယုပ္ပန် နှစ်ချက်သာရ၏။ ။

၂။ သဟာဇာတာဓိပတိပစ္စည်းဆိုသည်လည်း၊ရှေး၌ ပြဆိုခဲ့ ပြီးသော။သဟာဇာတာဓိပတိပစ္စည်းပင်တည်း။ ။အားခွန်ဗလကြီး မားကြသဖြင့်။အဓိပတိအရာမြောက်ကြသော။ ဆန္ဒ,ဝီရိယ, စိတ်, ပညာတို့နှင့်ယှဉ်ကြကုန်လျက်။ ဇဝနကိစ္စ တတ်ကြကုန်သော။ ဒွိ ဟိတ်စိတ်၊တိဟိတ်စိတ်တို့ကိုယူလေ။သဟာဇာတလေးချက်တွင်၊ ၁။ နာမ်ပစ္စည်း–နာမ်ပစ္စယုပ္ပန်။ ၂။ နာမ်ပစ္စည်း-ရုပ်ပစ္စယုပ္ပန် နှစ်ချက်သာရ၏။ ။

www.dhammaransi.com



၃။ သဟာဇာတကမ္မပစ္စည်းဆိုသည်ကား။စေတနာစေတသိက်ပေတည်း။ ။ဤ၌ ကမ္မဆိုသည်ကား။ နာမ်တရား-ရုပ်တရားတို့ကိုစေ့ဆော်မှု-လှုံ့ဆော်မှု-ဆော်ဩမှု-စီရင်မှုဟူသောကြိယာအထူးပေတည်း။ ။ကိုယ်အင်္ဂါတို့ကို ထ, ကြွ, လှုပ် ရှားအောင်။လှုံ့ဆော်သောစေတနာကို-ကာယကံခေါ်၏။ နှုပ်အင်္ဂါတို့ကိုထကြွ,လှုပ်ရှားအောင်စေ့ဆော်သောစေတနာသည်ကို-ဝစီကံခေါ်၏။စိတ်အင်္ဂါတို့ကို-ထကြွ,လှုပ်ရှားအောင်စေ့ဆော်သောစေတနာကို-မနောကံခေါ်၏။ ။ဤကဲ့သို့လှုံ့ဆော်မှုနှင့် ကျေးဇူး ပြုတတ်သောစေတနာစေတသိက်ကို။ သဟဇာတကမ္မ ပစ္စည်းဆိုသတည်း။ ။သဟဇာတလေးချက်တွင်။ ၁။ နာမ်ပစ္စည်း-နာမ်ပစ္စယုပ္ပန်။ ၂။ နာမ်ပစ္စည်း-ရုပ်ပစ္စယုပ္ပန် နှစ်ချက်သာရ၏။ ။နာနက္ခဏိကပစ္စည်းသည်မူကား။ပစ္စယုပ္ပန်တို့ကနောက်ကာလမှဖြစ်ကြကုန်သောကြောင့်။ဤသဟဇာတအရာ၌မဝင်သာချေ။သုတ္တန်ပိဋကတ်၌။သုစရိတဆယ်ပါး၊ ဒုစ္စရိတဆယ်ပါး။ ကုသလကမ္မပထ ဆယ်ပါး။ အကုသလကမ္မပထဆယ်ပါးတို့ကိုပြဆိုသောဒေသနာဟူသမျှသည်။ ဤသဟဇာတကမ္မပစ္စည်းချည်းမှတ်။ ။

၄။ သဟဇာတအာဟာရပစ္စည်းဆိုသည်ကား။ ဖဿစေတသိက်။စေတနာစေတသိက်ဝိညာဏ်တို့ပေတည်း။ ။ဤသုံးပါးတို့ကို နာမ်အာဟာရသုံးပါးဆိုသည်။ ဤ၌အာဟာရဆိုသည်ကား။လွန်စွာဆောင်ရွက်တတ်သည်ကိုဆိုသည်။ ။ထမင်း အစာ,အာဟာရတို့သည်။လူတို့၏ကိုယ်ခန္ဓာကို။လွန်စွာဆောင်ရွက်တတ်ကုန်၏။ထိုအတူ ဤသုံးပါးသော နာမ်တရားတို့သည်။ မိမိမိမိတို့၏ပစ္စယုပ္ပန်တရားတို့ကိုလွန်စွာ ဆောင်ရွက်တတ်ကြကုန်၏။ဖဿသည်။အာရုံကိုခံစားမှုတို့၌ဝေဒနာအမှုးရှိသော စေတသိက်နာမ်တရားတို့ကိုလွန်စွာဆောင်ရွက်တတ်၏။စေတနာသည် ကာယကံ-ဝစီကံ-မနောကံမှုတို့၌၊ဖဿအစရှိသောစေတသိက် နာမ်တရားတို့ကိုလွန်စွာဆောင်ရွက်တတ်၏၊ဝိညာဏ်သည်၊ အာ

www.dhammaransi.com



ရုံကိုသိမှု-ယူမှု-ရှုမှု-ရာကြံမှုတို့၌။ ဖသာအစရှိသော စေတသိက်နာမ်တရားတို့ကိုလွန်စွာဆောင်ရွက်တတ်၏၊ စေတသိက်နာမ်တရားတို့ကိုဆောင်ရွက်လျှင်လည်း။ သဟဇာတ်ရုပ်တရားတို့သည် ပါကြကုန်တော့သည်၊ ဤသို့ လွန်စွာဆောင်ရွက်တတ်သည်ကို အာဟာရဟုဆို၏။ ထိုအာဟာရကိစ္စဖြင့် ကျေးဇူး ပြုသည်ကို၊ အာဟာရပစ္စည်းဆို၏၊ သဟဇာတလေးချက်၌ (၁) နာမ်ပစ္စည်း-နာမ်ပစ္စယုပ္ပန်၊ (၂) နာမ်းပစ္စည်း-ရုပ်ပစ္စယုပ္ပန် နှစ်ချက်သာရ၏၊ ။

ထမင်းအစာ,ဟူသောရုပ်အာဟာရကိုမူကား။ မိမိသည်ဖြစ်ဆဲခဏ၌ဆောင်ရွက်နိုင်သည်မဟုတ်၊ ဌီသို့ရောက်မှဆောင်ရွက်နိုင်၏၊ ထို့ကြောင့်၊ ဤသဟဇာတမျိုးတွင်မပါသေးသည်လည်း၊ အလျော်အားဖြင့်သဟဇာတမျိုးတွင်ထည့်သွင်းရ၏။ အလုံးစုံသော ကာမဘုံသားတို့၏ရုပကာယတို့သည်။ဖြစ်စေမှုအတွက်အားဖြင့်၎င်း။ထောက်ပန့်မှုအတွက်အားဖြင့်၎င်း။ဤရုပ်အာဟာရ ပစ္စည်း၏ ပစ္စယုပ္ပန်ချည်းသာတည်း။ ။ဤအာဟာရပစ္စည်းသည်။ နိဒါနဝဂ္ဂသံယုတ်၊သတ္တမဝဂ်၌အကျယ်လာ၏၊ ။

၅။ သဟဇာတဇ္ဈာနိယပစ္စည်းဆိုသည်ကား၊ ။ဇီဝိတ, စိတ်။ ဝေဒနာ,သဒ္ဓါ,ဝီရိယ,သတိ,သမာဓိ,ပညာ။ ဤနာမ်တရားရှစ်ပါးကိုဆိုသည်။ ။ဇီဝိတိန္ဒြေ။ မနိန္ဒြေ၊သုခိန္ဒြေ။ ဒုက္ခိန္ဒြေ။ သောမနဿိန္ဒြေ၊ဒေါမနဿိန္ဒြေ၊ဥပေက္ခိန္ဒြေ။ သဒ္ဓိန္ဒြေ၊ဝီရိယိန္ဒြေ။ သတိန္ဒြေ၊သမာဓိန္ဒြေ၊ပညိန္ဒြေ။ ဤနာမ်ဣန္ဒြေဘဆဲ့နှစ်ပါးတို့ ပင်တည်း။ဤဣန္ဒြေဆိုသည်ကား အစိုးရမှုပေတည်း။ထိုနာမ်တရားတို့သည်။အသီးအသီးမိမိ-မိမိတို့၏ ဆိုင်ရာဌာနနှိုက်၊ ပစ္စယုပ္ပန်တရားတို့၏အပေါ်မှာ အုပ်ချုပ်နိုင်ကြကုန်၏။ ။ဇီဝိတသည်။ သန္တတိအစဉ်အားဖြင့်၊ နာမ်ဟရားတို့၏အသက်ရှည်မှုနှိုက် အစိုးရ၏။စိတ်သည်။အာရုံကို၊ သိမှု,ယူမှု,ရှာကြံမှု၌အစိုးရ၏။ သုခဝေဒနာသည်၊ ကိုယ်အင်္ဂါချမ်းသာမှု။ဒုက္ခဝေဒနာသည်။ ကိုယ်အင်္ဂါဆင်းရဲမှု၌၊ သောမနဿဝေဒနာသည်၊ ဝမ်းသာမှု, ဝမ်း

www.dhammaransi.com



ပြောက်မှု၌။ဒေါမနဿဝေဒနာသည်၊ဝမ်းနဲ့မှု စိတ်နှလုံးဆင်းရဲမှုနှိက်၊ဥပေက္ခာဝေဒနာသည်။ လစ်လျူရှုမှု၌ အစိုးရ၏၊ ။သဒ္ဓါသည်၊ ဘုရားဂုဏ်,တရားဂုဏ်,သံဃာဂုဏ်, သီလဂုဏ်ကို ယုံကြည်မှု၌။ပစ္စယုပ္ပန်တရားတို့ကိုအစိုးရ၏။ဝီရိယသည်။သမ္မပ္ပဓာန်ကိစ္စတို့၌။သတိသည်။သတိပဋ္ဌာန်ကိစ္စတို့၌။သမာဓိသည်။ ဈာန်သမာပတ္တိကိစ္စတို့၌။ပညာသည်။ သစ္စာလေးပါးကိုထိုးထွင်းမှုတို့၌။ ပစ္စယုပ္ပန်တရားတို့ကိုအစိုးရ၏။အစိုးရမှုဆိုသည်ကား။ ပြဆိုခဲ့ပြီးသောကိစ္စတို့၌။ သူတို့သည်သာ ထင်ပေါ်လျက် ရှိကြကုန်တော့သည်။ သမ္ပယုတ်တရားတို့သည်မူကား။ မရှိသကဲ့သို့ မှေးမှိန်၍နေကြကုန်တော့သည်။

ကိုယ်အင်္ဂါ၌ပြင်းထန်စွာထိခိုက်မိ၍။ ဒုက္ခဝေဒနာ ဖြစ်ပွါး၍နေဆဲအခါ၌၊ နာမှုဟူသော ဒုက္ခဝေဒနာတခုသည်သာ။ ထင်ပေါ်လျက်ရှိ၏။ဒုက္ခဝေဒနာနှင့်ယှဉ်လျက်ပါရှိသော စိတ်,ဖဿ,သညာ, စသောနာမ်တရားများ။ မှေးမှိန်၍ နေကြရကုန်တော့သည်။ ဤကားဒုက္ခဝေဒနာ၏အစိုးရမှုတည်း။ ကျွင်းသောဣန္ဒြေတရားတို့၏အစိုးရမှုတို့မှာလည်း။ ဤနည်းအတိုင်းသိလေ။ ။ဤသို့ အသီးအသီးမိမိ-မိမိတို့၏ ဆိုင်ရာဌာန၌အစိုးရမှုနှင့်။ ကျေးဇူးပြုတတ်သည်ကိုဣန္ဒြိယပစ္စည်း ဆိုသတည်း။ ။သဟဇာတ လေးချက်တွင်။ ။(၁) နာမ်ပစ္စည်းနာမ်ပစ္စယုပ္ပန်။ (၂)'နာမ်ပစ္စည်း။ရုပ်ပစ္စယုပ္ပန်။နှစ်ချက်သာရ၏။

(အဓိပတိပစ္စည်းနှင့်။ ဣန္ဒြိယပစ္စည်းအထူးကား။ အဓိပတိပစ္စည်းသည်။ ပြိုင်ဘက်မရှိကြီးမားသည်ဖြစ်၍၊ ကျွန်းကြီးလေးကျွန်းလုံးကိုအစိုးရသော။ စကြာမင်းကြီးနှင့် တူ၏။ ။ဣန္ဒြိယပစ္စည်းသည်။ဣန္ဒြေချင်းပြိုင်ဘက်အများရှိသည်ဖြစ်၍။ စကြာမင်းကြီး၏အောက်၌၊ မိမိ-မိမိတို့၏ဆိုင်ရာတိုင်းပြည်အသီးအသီးတို့ကိုအစိုးရကြသော ပဒေသရာဇ်မင်းများနှင့်တူ၏။ ။တနည်း။ အဓိပတိသည်။တိုင်းပြည်ကိုအစိုးရသောရှင်ဘုရင်နှင့်တူ၏။ ဣန္ဒြိယပစ္စည်းသည်။ ရှင်ဘုရင်၏အောက်၌အသီးအသီး အစိုးရကြ

www.dhammaransi.com



သော။မှုး,မတ်အရာရှိအစိုးရများနှင့်တူကြ၏။ အဓိပတိပစ္စည်းမှာ။ အဓိပတိတရားနှစ်ပါးယှဉ်တွဲ၍ဖြစ်သည်မရှိ။ ဣန္ဒြိယပစ္စည်းမှာ။ နာမ်ဣန္ဒြေတရား အများယှဉ်တွဲ၍ဖြစ်နိုင်၏။ တခုသောဣန္ဒြေတရား၏ဆိုင်ရာကိစ္စနိုက်တပါးသောဣန္ဒြေတရားတို့က။အကူအညီပြုလုပ်ကြရ၏။ ။ဤကား ပစ္စည်းနှစ်ပါးအထူးတည်း။)

ဣန္ဒြိယပစ္စည်းတွင်။ပုရေဇာတိန္ဒြိယပစ္စည်းသည်။ ဤသဟဇာတအရာ၌မဆိုင်၊ ။ရူပဇီဝိတိန္ဒြိယပစ္စည်းသည်သည်း။ ရုပ်အာဟာရပစ္စည်းကဲ့သို့ပင်၊ ဌီခဏ၌သာ။ ပစ္စယကိစ္စ ပြဌာန်းသည်ဖြစ်၍။ ဖြစ်ပေါ်မှုမှာ။လိုရင်းကျသော။ဤသဟဇာတပစ္စည်းအရာ၌။မပါနိုင်သော်သည်း။အလျော်အားဖြင့်။သဟဇာတမျိုး၌သွင်းရ၏။ကမ္မဇရုပ်ကလာပ်ဟူသမျှသည်။စောင့်ရှောက်မှုအတွက်အားဖြင့်။ဤဇီဝိတိန္ဒြိယပစ္စည်း၏ပစ္စယုပ္ပန်ချည်းသာတည်း။ ဤဣန္ဒြိယပစ္စည်းသည်။ အဘိဓမ္မာတွင်၊ ဣန္ဒြိယယမိုက်ကျမ်း၌ အလွန်ကျယ်ဝန်းစွာလာ၏၊ သုတ္တန်ပိဋကတ်တွင်။ မဟာဝဂ္ဂသံယုတ်၌ဣန္ဒြိယသံယုတ်ရှိသေး၏။ ။ရဟန်းတို့၏ ကျင့်ဝတ်တရားတွင်။ဣန္ဒြိယသံဝရသီလသည်။ဤဣန္ဒြိယပစ္စည်းပင်ဖြစ်၏။

၈။ ဈာနပစ္စည်းဆိုသည်ကား။ ဝိတက်။ဝိစာရ။ ပီတိ။ဝေဒနာ။ဧကဂ္ဂတာ။ဤစေတသိက်ငါးပါးပေတည်း။ ။ဈာနဆိုသည်ကား။ တခုတခုသောအာရုံ၌စိုက်၍ရှုခြင်းတည်း။ သားမုဆိုး။ငှက်မုဆိုးတို့သည်၊ လေးမြှားတို့ဖြင့်သားငှက်တို့ကို ပစ်ကြရာ၌။တည့်မတ်စွာချိန်ရွယ်မှု တည့်မတ်ပြန်လျှင်လည်း။ မြှားဦးတည်ငြိမ်စွာနေစေရန် ထိမ်းချုပ်မှုတို့ကဲ့သို့။ အာရုံ၌တည့်မတ်စွာချိန်ရွယ်မှုထိမ်းချုပ်မှုတို့ကိုဈာနပစ္စည်းဆိုသတည်း။ သမ္ပယုတ်တရားတို့ကိုအာရုံသို့ရှေ့ရှုထင်ခြင်းလက္ခဏာရှိသောဝိတက်သည်၊ အလိုရှိရာအာရုံသို့။စိတ်ကိုဖြောင့်မတ်စွာသွားနိုင်ရန်၊ ချိန်ရွယ်မှုမည်၏၊အာရုံ၌တရစ်ဝဲဝဲနေတတ်သော။ဝိစာရ-အာရုံကိုနှစ်သက်တတ်သောပီတိ၊ အာရုံ၏အရသာကိုခံစားတတ်သောဝေဒနာ။ အာရုံ၌စိတ်ကိုတည်ငြိမ်စွာ ချုပ်ထားတတ်သော ဧကဂ္ဂတာ တို့သည်။

www.dhammaransi.com



အာရုံ၌ စိတ်ကိုထိမ်းချုပ်မှုများ ဖြစ်ကြကုန်၏။ ။ဒေါသတရား ဖြင့်ပစ်မှားရာ၌လည်း။ ဒေါမနဿ ဝေဒနာသည်။ အာရုံနှိက်မ ကောင်းစွာခံစားမှုနှင့်စိတ်ကိုချုပ်ထိမ်းသည်သာဖြစ်၏။ ။ဤဈာန ပစ္စည်းရှိပေသည့်အတွက်ကြောင့်။ ကုသိုလ်တရား။ အကုသိုလ် တရားတို့နှိက်။ တခုတခုသော။ကာယကံမှု။ဝစီကံမှု။ မနောကံမှု တို့ကို။အစ,အလယ်,အဆုံးတိုင်ရောက်အောင်ပြုလုပ်နိုင်ကြ ကုန် ၏။ ဈာနပစ္စည်းမရှိခဲ့သော်။ အထက်ကပြဆိုခဲ့သော သားမုဆိုး သည်လည်း။ သားကောင်ကိုမှန်အောင်ပစ်နိုင်မည်မဟုတ်။ ငှက် မုဆိုးသည်လည်း။ငှက်ကောင်ကို မှန်အောင်ပစ်နိုင်မည်မဟုတ်။ အခင်းသဏ္ဍာန်တခုကိုမျှ။အကောင်အထယ် ဘယ်သူဘယ်ဟာ ပေါ်အောင်ကြည့်နိုင်ကြမည်မဟုတ်။ခြေတလှမ်းကိုမျှ တည့်မတ် စွာလှမ်းနိုင်ကြမည်မဟုတ်။ အစနှိက်အရှေ့ကိုရှုယ်၏။ အလယ် နှိက်တောင်သို့တိမ်း၏။ အဆုံး၌အနောက်သို့ကျ၏။ ဤသို့သော် လည်းဖြစ်၍သွားရာ၏။ထိုခြေလှမ်းမတ်တတ်နှင့်ပင် တခြားတပါး အာရုံသို့။စိတ်ပြောင်းရွှေ့သဖြင့်။မေ့၍သော်လည်းနေရာ၏။ နမော တဿ,တခုကိုမျှချောမောအောင်မရွတ်ဆိုနိုင်ရှိလေရာ၏။ စိတ် မည်သည်။ဤမျှလောတ်လွင့်ပါးရွေ့ရှားမှုလျင်မြန်၏။ စိတ်သည် အလွန်ရိုင်းစိုင်းလှသော နွားသားငယ်နှင့် တူ၏။ ။ဈာနပစ္စည်း သည်။ ကြိုး,လွန်,ချည်တိုင်,မြက်,ရေ,နှင့်တူ၏။ ။သဟဇာတ လေးချက်တွင်။(၁)နာမ်ပစ္စည်း။ နာမ်ပစ္စယုပ္ပန်။(၂) နာမ်ပစ္စည်း။ ရုပ်ပစ္စယုပ္ပန် နှစ်ချက်သာရ၏။ ။ဒွေပဉ္စဝိညာဏ် တဆယ်တို့ နှိက်။ ဤဈာနပစ္စည်းကိုမရအပ်။ ဒွေပဉ္စဝိညာဏ်တဆယ်တို့၏ ရှေ့သွားနောက်လိုက်ဖြစ်သော စိတ်တို့၌မူကား ရထိုက်၏။ ။ အဘိဓမ္မာနှိက်ဈာနဝိဘင်း၊သုတ္တန်တို့၌၊သီလ,သမာဓိ, ပညာဟူ သောသာသနာသုံးပါးကို ဟောတော်မူရာ။ပထမဈာန်။ ဒုတိယ ဈာန်အစရှိသော။ သမာဓိ,ဘာဝနာ,ဒေသနာအရပ်ရပ်များသည်။ ဤဈာနပစ္စည်းအရာချည်းမှတ်၊

www.dhammaransi.com



၇။ မဂ္ဂပစ္စည်းဟူသည်ကား။ ပညာ,ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ။သမ္မာအာဇီဝ။ ဝီရိယ။သတိ။ဧကဂ္ဂတာ။ဒိဋ္ဌိ။ ဤကိုးပါးသောစေတသိက်၊ နာမ်တရားတို့ပေတည်း။ ။ဝိတက်။ ဝီရိယ။ ဧကဂ္ဂတာတို့သည်၊ ကုသိုလ်အကုသိုလ် နှစ်ဘက်နှင့် ဆက်ဆံကြကုန်၏၊ ဒိဋ္ဌိသည်အကုသိုလ်ဘက်သက်သက်ဖြစ်၏။ ကျွင်းကျန်သမ္ပျတ်တို့သည်။ ကုသိုလ်ဘက်တို့ သာတည်း။ ။အကုသိုသိုလ်ဘက်၌လည်း၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ။ မိစ္ဆာအာဇီဝ။မိစ္ဆာသတိ,ဟူ၍ရှိကြသည်မဟုတ်လောဟူမူ။ ရှိကြ၏။ ရှိကြသော်လည်း။အကုသိုလ်စေတနာနှင့် အကုသိုလ်နာမက္ခန္ဓာလေးပါးလုံး၏။အမည်များဖြစ်ကြ၏။ မဂ္ဂင်တရားအသီးအခြားမဟုတ်ကြပေကုန်။ ။မဂ္ဂဆိုသည်ကား။ လမ်းခရီး၏ အမည်ပေတည်း။မိမိနေရာဌာနမှ။အနီးအဝေးဖြစ်သော အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာတို့သို့ သွားကြလာကြရာ၌။ တွင်ကျယ်စွာသော လမ်းကြီးလမ်းငယ်၏ကျေးဇူးသည်ထင်လျှား၏။ အလိုရှိရာ အရပ်သို့ သွားလာဆောင်ပို့ကြကုန်သော။ လှည်း,လှေ, သင်းဘော, မီးရထား,မြင်းရထားတို့သည်လည်း။ထိုလမ်း၏ အင်္ဂါတို့ပင်ဖြစ်ကြကုန်၏။ထိုအတူ။ ဤမိစ္ဆာမဂ္ဂင်တရား။ သမ္မာမဂ္ဂင်တရားတို့သည်လည်း။ ဒုဂ္ဂတိအရပ်မျက်နှာ။သုဂတိအရပ်မျက်နှာ။ နိဗ္ဗာန်အရပ်မျက်နှာတို့သို့ပို့ဆောင်ကြကုန်သောတရားများ ဖြစ်ကြကုန်၍၊မဂ္ဂင်တရားတို့မည်ကုန်၏။

မိစ္ဆာဒိဋ္ဌိသည်။ ဒုဂ္ဂတိလမ်းမကြီးပေတည်း၊ မိစ္ဆာသင်္ကပ္ပ။ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ။မိစ္ဆာသမာဓိတို့သည်၊ ထိုဒုဂ္ဂတိလမ်းမကြီး၌။ အတွင်သွားလာပို့ဆောင်၍ နေကြသော။ လှည်း, လှေ။သင်းဘော။ ရထားတို့ပေတည်း၊ သမ္မာဒိဋ္ဌိသည်။ သုဂတိနိဗ္ဗာန်လမ်းမကြီးပေတည်း။ သမ္မာသင်္ကပ္ပ။သမ္မာဝါစာ။ သမ္မာကမ္မန္တ။သမ္မာအာဇီဝ။သမာဝါယာမ။သမ္မာသတိ၊ သမ္မာသမာဓိတို့သည်၊ထိုသုဂတိလမ်းမကြီး၌။အတွင်သွားလာပို့ဆောင်၍ နေကြသော၊လှည်း။လှေ။သင်းဘော၊ ရထားတို့ပေတည်း- ။စိတ်,

www.dhammaransi.com



စေတနာ,အစရှိသော။ကျွင်းသောနာမ်တရားတို့သည်။မိမိ-မိမိတို့၏ကိစ္စကြီးငယ်အတွက်နှင့်။ ထိုလမ်းမကြီးတို့၌။ ထိုဖွည့်,ဖော့, သင်းဘော,ရထားတို့၌ စီး၍သွားလာနေကြကုန်သော ခရီးသည်တို့ပေတည်း။

အနမတဂ္ဂသံသရာ၌။ သွားလာ၍နေကြကုန်သော။ သတ္တဝါတို့ကိုလည်း။ ထိုလမ်းကြီး၌ခရီးသည်တို့ဟူ၍ဆိုရ၏။ ။ သဟဇာတ လေးချက်တွင်။ (၁) နာမ်ပစ္စည်း။ နာမ်ပစ္စယုပ္ပန်။ (၂)နာမ်ပစ္စည်း။ ရုပ်ပစ္စယုပ္ပန်။ နှစ်ချက်သာရ၏။ ။ဟေတုပစ္စည်းနှင့်။ မဂ္ဂပစ္စည်းသည်။ ရှေ့သွားနောက်လိုက်ကဲ့သို့ဖြစ်ကြသောကြောင့်။ ဟေတုပစ္စည်းရကောင်းသော၊ သဟိတ်စိတ်ဇကသတ္တတိတို့၌သာ။ ဤမဂ္ဂပစ္စည်းကိုရထိုက်၏။ အဟိတ်စိတ်အဗျာရသတို့၌၊ ဤမဂ္ဂပစ္စည်းကိုမရထိုက်။ ။ဤမဂ္ဂပစ္စည်းသည်လည်း၊ အဘိဓမ္မာတွင်။ မဂ္ဂဝိဘင်းသုတ္တန်ပိဋကတ်တွင်။ မဟာဝဂ္ဂသံယုတ်၌၊မဂ္ဂသံယုတ်။ အင်္ဂုတ္တရနိကာယ်တွင်။ အဋ္ဌနိပါတ်နဝနိပါတ်တို့၌များစွာလာ၏။ ။

ဤတွင်ရွေ့ကား။သဟဇာတပစ္စည်းမျိုး(၁၅)ပါးကို ပြဆိုချက်ပြီး၏။

---

## ပုရေဇာတပစ္စည်းမျိုး(၉)ပါးကိုပြဆိုအံ့၊ ပုရေဇာတပစ္စယော။

ပုရေဇာတပစ္စည်းဆိုသည်ကား၊ ပစ္စည်းတရားက။ အဖြစ်အလျှင်ကျ၍ရင့်သံခြင်းသို့ရောက်မှ။ ပစ္စယုပ္ပန်တရားတို့ကို ပေါက်ဘွားနိုင်ကြကုန်သောကြောင့်။ အဖြစ်အလျှင်ကျသည်ကို။ ပုရေဇာတဆိုသည်၊ချုပ်လေပြီးလွန်လေပြီးကို။ ပုရေဇာတဆိုသည်မဟုတ်။ထိုပုရေဇာတပစ္စည်းသည်။ ဝတ္ထုပုရေဇာတပစ္စည်း။အာရမ္မဏ ပုရေဇာတပစ္စည်းဟူ၍နှစ်မျိုးရှိ၏။ ။ထိုတွင်။ ဝတ္ထု

www.dhammaransi.com



ပုရေဇာတပစ္စည်းဆိုသည်ကား။ စက္ခုဝတ္ထုရုပ်၊ သောတဝတ္ထုရုပ်။ ဃာနဝတ္ထုရုပ်၊ ဇိဝှါဝတ္ထုရုပ်။ ကာယဝတ္ထုရုပ်။ ဟဒယဝတ္ထုရုပ်။ ဟူသောဝတ္ထုရုပ်ခြောက်ပါးကို။ ဝတ္ထုပုရေဇာတပစ္စည်းဆိုသည်။

အာရမ္မဏပုရေဇာတပစ္စည်းဆိုသည်ကား။ ပစ္စုပ္ပန်ဖြစ်သော။ ရူပါရုံ။ သဒ္ဒါရုံ။ ဂန္ဓာရုံ။ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့နှင့်ပစ္စုပ္ပန်ဖြစ်သောနိပ္ဖန္နရုပ်တရားရကိုဆိုသည်၊ ။ထိုနှစ်ပစ္စည်းတို့ကို။ ပဉ္စဒွါရဝီထိစိတ်တို့မှာ အမြဲရ၏။ ။အမြဲရပုံကား။ စောင်းကြိုးနှိက်၊ စောင်းဒဏ်ဖြင့်၊ တချက်တီးခပ်လိုက်သည်ရှိသော်။ စောင်းသံအဆင့်ဆင့်တွေ။များစွာဖြစ်း၍သွားလေသကဲ့သို့။ ပုရေဇာတဖြစ်သော။ ပဉ္စဝတ္ထုရုပ်တို့နှိက်ပုရေဇာတဖြစ်သောပဉ္စာရုံတို့သည်။ တကြိမ်ထိခိုက်ကြကုန်သည်ရှိသော်၊ ဘဝင်စိတ်လှုပ်ရှားပြီးလျှင် ပဉ္စဒွါရဝီထိစိတ်အဆင့်ဆင့်တို့သည်။ ထိုပဉ္စာရုံတို့ကို အာရုံပြုလျက်။များစွာဖြစ်ပွါး၍သွားကုန်၏။ ထိုပဉ္စာရုံတို့ချုပ်ဆုံးမှ။ ထိုဝီထိစိတ်အစဉ်တို့သည်ချုပ်ဆုံးကုန်၏။ ။ထိုတွင်။ စက္ခုဒွါရဝီထိစိတ်အစဉ်နှိက်၊ ပုရေဇာတဖြစ်သော စက္ခုဝတ္ထုရုပ်သည်။ စက္ခုဝိညာဏ်စိတ်အား။ဝတ္ထုပုရေဇာတပစ္စည်းတတ်၏။ ပုရေဇာတဖြစ်သောရူပါရုံတို့သည်။ စက္ခုဝိညာဏ်စိတ်နှင့်တကွ။ထိုရူပါရုံတို့ကိုအာရုံပြုလျက်။အဆင့်ဆင့်ဖြစ်ပွါးကြကုန်သောဝီထိစိတ်တို့အား။ အာရမ္မဏပုရေဇာတပစ္စည်း တပ်ကြကုန်၏။ ။ဤစက္ခုဒွါရဝီထိနှိက်စက္ခုဝိညာဏ်စိတ်သည်။ မျက်လုံးတွင်းမှာဖြစ်ပေါ်သောကြောင့်။ စက္ခုဝတ္ထုကိုမှီ၏။ ဘဝင်စိတ်၊ အာဝဇ္ဇနစိတ်။ သမ္ပဋိစ္ဆနစိတ်။သန္တီရဏစိတ်။ဝေါဋ္ဌဗ္ဗနစိတ်။ဇဝနစိတ်၊တဒါရမ္မဏစိတ်တို့သည်မူကား။ နှလုံးတွင်းမှာဖြစ်ပေါ်ကြသောကြောင့်။ စက္ခုဝတ္ထုရုပ်ကိုမမှီကြရကုန်၊ မိမိ-မိမိတို့၏ရှေ့အနန္တရစိတ်နှင့်ပြိုင်၍ဖြစ်ပေါ်သောအသီးအသီးသောဟဒယဝတ္ထုရုပ်ကိုသာ မှီကြကုန်၏၊ ထို့ကြောင့်။ထိုစိတ်တို့မှာ၊ အသီးအသီးသောဟဒယဝတ္ထုရုပ်သည်၊ ဝတ္ထုပုရေဇာတပစ္စည်းတင်၏၊ ။သောတ

www.dhammaransi.com



ဝတ္ထုသဒ္ဒါရုံ။သောတဝိညာဏ်စိတ်နှင့်တကွသော၊ သောတဒွါရဝီထိစိတ်တို့နှိက်ငရင်း။ဃာနဝတ္ထု။ဂန္ဓာရုံ။ ဃာနဝိညာဏ်စိတ်နှင့်တကွသော။ဃာနဒွါရဝီထိစိတ်တို့နှိက်ငရင်း။ဇိဝှါဝတ္ထု။ ရသာရုံ။ဇိဝှါဝိညာဏ်စိတ်နှင့်တကွသော။ ဇိဝှါဒွါရဝီထိစိတ်တို့နှိက်ငရင်း။ကာယဝတ္ထုဖေါဋ္ဌဗ္ဗာရုံ။ကာယဝိညာဏ်စိတ်နှင့်တကွသော၊ ကာယဒွါရဝီထိစိတ်တို့၌ငရင်း။သူ့ဝတ္ထုနှင့်သူ့။အာရုံ။သူ့ဝီထိစိတ်။အသီးအသီးထုတ်ဘော်၍ဆိုလေ။

မနောဒွါရ၌ဝီထိစိတ်တို့သည်မူကား။မိမိ–မိမိတို့၏။ရှေ့အနန္တရစိတ်နှင့်ပြိုင်၍ဖြစ်ပေါ်သော။အသီးအသီးသောဟဒယဝတ္ထု ရုပ်ကိုမှီကြကုန်၏။ ။ဤမနောဒွါရဝီထိတို့၌မူကား။ ဝတ္ထုပုရေစာတပစ္စည်းသာမြဲ၏၊ အာရမ္မဏပုရေစာတပစ္စည်းကိုမူကား။ရန်ခါရန်ခါ၌သာကြကုန်၏။အဘယ့်ကြောင့်နည်းဆိုသော်။ဤပုရေစာတပစ္စည်းမည်သည်။စိတ္တက္ခဏတဆဲ့ခုနစ်ပြန်စာမျှ အသက် ရှည်ခြင်းရှိကြသော။ပစ္စုပ္ပန်ဖြစ်သော။နိပ္ဖန္နရုပ်အဋ္ဌာရသတို့၏ကိစ္စပေတည်း၊ ထိုမှကျွင်းကုန်သောရုပ်တရား။နာမ်တရား။နိဗ္ဗာန်တရား။ပညတ်တရားတို့၏ကိစ္စ မဟုတ်ပေ။ ။မနောဒွါရ ဝီထိ စိတ်တို့သည်မူကား။ထိုအလုံးစုံသောအာရုံတို့ကိုထိုက် သည်အားလျော်စွာအာရုံပြုကြကုန်၏။ ။အတိတ်ကိုလည်းအာရုံပြုကြကုန်၏၊အနာဂါတ်ကိုလည်းအာရုံပြုကြကုန်၏။ကာလ,သုံးပါးမှ လွတ်သောပညတ်,နိဗ္ဗာန်တို့ကိုလည်း။ထိုက်သည်အားလျော်စွာ အာရုံပြုကြကုန်၏။ ။ထိုသို့ပြုကြရာတွင်။ပစ္စုပ္ပန်ဖြစ်သော။နိပ္ဖန္နရုပ်အဋ္ဌာရသတို့ကိုအာရုံပြုကြသည့်အခါ။မနောဒွါရဝီထိစိတ်တို့မှာ။အာရမ္မဏပုရေစာတပစ္စည်းကို ရသည်ဟု ဆိုရ၏။ ။မိမိ၌ ယခုရှိနေသောပထဝီကို။အာပေါကို။တေဇော၊ဝါယောတို့ကို။ စက္ခု,သောတ,တို့ကို။ရူပ,သဒ္ဒ,စသည်တို့ကို။မနောဒွါရဝီထိစိတ်ဖြင့်အာရုံပြုခဲ့သော်ငရင်း။ တခြားတပါး၌ယခုရှိနေသော၊ သက်ရှိသက်မဲ့ဝတ္ထုတို့ကိုမနောဒွါရဝီထိစိတ်ဖြင့်အာရုံပြုခဲ့သော်ငရင်း။အာရမ္မဏပုရေစာတပစ္စည်းကိုရသည်ဟု ဆိုရ၏။ ။ဤပုရေစာတပစ္စည်း၌။

www.dhammaransi.com



ပစ္စည်းတရားကားရုပ်တရားပေတည်း။ ပစ္စယုပ္ပန်ကား။ နာမ်တရားသက်သက်ပေတည်း။ ။

ထိုပုရေဇာတပစ္စည်းနှစ်မျိုးတွင်။ ဝတ္ထုပုရေဇာတပစ္စည်း၌။ ဝတ္ထုရုပ်ခြောက်ပါးတို့သည်နာမ်တရားတို့၏မှီရာကိစ္စရှိကြသည့်အတွက်။ နိဿယပစ္စည်းလည်းတပ်ကြကုန်၏။ မိမိ၌ မှီကြသော နာမ်တရားတို့နှင့် ရောရှက်ခြင်းမရှိကြသည့်အတွက်။ ဝိပ္ပယုတ္တပစ္စည်းလည်းတပ်ကြကုန်၏။ ပစ္စုပ္ပန်အနေနှင့်ရှိနေဆဲဖြစ်ကြသည့်အတွက်။အတ္ထိပစ္စည်း။ အဝိဂတပစ္စည်းလည်းတပ်ကြကုန်၏။ ဟဒယဝတ္ထုမှတပါးသော။ပဉ္စဝတ္ထုတို့သည်။မိမိတို့မှာ မှီသော ပဉ္စဝိညာဏ်, နာမ်တရားတို့ကို အစိုးရကြသည့်အတွက်။ ဣန္ဒြိယပစ္စည်းလည်းတပ်ကြ၏။ ။အာရမ္မဏ ပုရေဇာတပစ္စည်းတို့သည်လည်း။(အာရမ္မဏပစ္စည်း)လည်းတပ်ကြကုန်၏။ပစ္စုပ္ပန်အနေနှင့်ရှိနေဆဲဖြစ်ကြသည်အတွက်၊ အဝိဂတပစ္စည်းလည်း တပ်ကြကုန်၏။ ။ထိုအာရမ္မဏပုရေဇာတပစ္စည်းတို့သည်။ အလွန်အလိုရှိအပ်သောအာရုံများဖြစ်ခဲ့သော်။ လောဘတရားနှင့်အလွန်သာယာခြင်းများရှိခဲ့သော်။ (အာရမ္မဏာဓိပတိပစ္စည်း) (အာရမ္မဏူပနိဿယ ပစ္စည်း)လည်းတပ်ကြကုန်၏။ ။ဤပုရေဇာတပစ္စည်းသည်။အဘိဓမ္မာ၌။ အာယတနဝိဘင်းနှင့်။ အာယတနယမိုက်ကျမ်း–သုတ္တန်၌။သဠာယတနသံယုတ်ကျမ်းတို့မှာ–ကျယ်လှစွာ၏။ ။

ပုရေဇာတပစ္စည်းမျိုး (၉) ပါးပြီး၏။

---

ပစ္ဆာဇာတပစ္စည်းမျိုး (၄) ပါးကိုပြဆိုပေအံ့။

ပစ္ဆာဇာတပစ္စည်းမျိုးလေးပါးဆိုသည်ကား၊ ၁။ ပစ္ဆာဇာတပစ္စည်း။ ၂။ ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်း။ ၃ ပစ္ဆာဇာတအတ္ထိပစ္စည်း၊ ၄။ ပစ္ဆာဇာတ အဝိဂတပစ္စည်း။ ဤလေးပါးပေတည်း။

ပစ္ဆာဇာတပစ္စယော၊ ။ပဋိသန္ဓေခဏာ၌ဖြစ်သော ပဋိသန္ဓေစိတ်မှတပါး။ရုပ်ရှိရာဘုံ၌ဖြစ်ကြသောအလုံးစုံသော။ စိတ်,စေတသိက်,နာမ်တရားများကို။ပစ္ဆာဇာတပစ္စည်းဆိုသည်၊ ။ထိုနာမ်တရားများသည်။မိမိ၏ပစ္စယုပ္ပန်ဖြစ်သောရုပ်တရားများကအလျှင်ဖြစ်၍။ဌီခဏာသို့ရောက်ကြကုန်မှ။မိမိတို့ကဖြစ်ပေါ်ကြသည်ဖြစ်၍ပစ္ဆာဇာတဆိုသည်။ ။မိုးဦး၌ပိုက်ပျိုးကြကုန်သော။ကောက်စပါးတို့မှာ။ မိုးလယ်-မိုးနှောင်း၌ ရွာသောမိုးများသည်။ထိုကောက်စပါးတို့ကိုမခြောက်မညှိုး။ တိုးပွါးစည်ကားနိုင်ကြစေရန်။ချီးမြှောက်စောင့်ရှောက်ထောက်ပန့်မှုနှင့်။ကျေးဇူးပြုပေသကဲ့သို့။နောက်မှဖြစ်ပေါ်သောထိုနာမ်တရားတို့သည်၊ရှေ၌ဖြစ်၍ ဌီသို့ရောက်ကြကုန်သော။ကမ္မဇကာယ,စိတ္တဇကာယ,ဥတုဇကာယ,အာဟာရဇကာယရုပ်တရားတို့အား။ ချီးမြှောက် စောင့်ရှောက်ထောက်ပန့်မှုတို့နှင့်ကျေးဇူးပြုသည်ကို။ ပစ္ဆာဇာတ ပစ္စည်းဆိုသည်။ ။ဤပစ္ဆာဇာတပစ္စည်း၌။ ပစ္စည်းတရားကား။ နာမ်တရားသက်သက်ပေတည်း။ ပစ္စယုပ္ပန်ကား။ ရုပ်တရားသက်သက်ပေတည်း။ ။

ဤပစ္ဆာဇာတပစ္စည်းတရားတို့သည်၊ ရုပ်တရားတို့ကိုကျေးဇူးပြုဆဲအခါ၌ ရောယှက်ခြင်းမရှိမူ၍။ ကျေးဇူးပြုကြသည် အတွက်။(ဝိပ္ပယုတ္တပစ္စည်း)လည်းတပ်ကြကုန်၏။ မိမိတို့ရှိနေဆဲအခါ၌သာ၊ကျေးဇူးပြုကြသည်အတွက်။ (အတ္ထိပစ္စည်း) (အဝိဂတပစ္စည်း)လည်းတပ်ကြကုန်၏။ ။ဤပစ္ဆာဇာတ ပစ္စည်းသည်။ မဇ္ဈိမနိကာယ် မူလ,ပဏ္ဏာသ,ပဉ္စမဝဂ်တွင်။ မဟာဝေဒလ္လသုတ်၌။ ၁။ အာယုတပါး။ ၂။ ဥသ္မာတပါး။ ၃။ ဝိညာဏ်တပါး။ ဟူ၍ကိုယ်စောင့်တရားသုံးပါးတွင်။ ဝိညာဏ်,ဟူသော ကိုယ်စောင့်တရားကြီးပေတည်း။ ။အာယု,ဟူသော ကိုယ်စောင့်တရားသည်ကား။ ဣန္ဒြိယပစ္စည်းတွင်။ရူပဇီဝိတိန္ဒြိယာ ပစ္စည်းတရားပေတည်း။ ဥသ္မာ, ဟူသောကိုယ်စောင့်တရားသည်ကား။ သဟာ

www.dhammaransi.com



ဇာတပစ္စည်းတွင်၊ ကမ္မဇတေဇော,ဟူသော မဟာဘုတ်, ရုပ်တရားပေတည်း။

ပစ္စာဇာတပစ္စည်းမျိုးလေးပါးပြီး၏။

---

ဥပနိဿယပစ္စည်းတစ်ဝိတ်နှင့်။ ကမ္မပစ္စည်းတစ်ဝိတ်ကျန်ရှိ၏။ ။ ကျန်ရှိပုံကား။ ။ ထိုနှစ်ပါးတွင်။ ကမ္မပစ္စည်းသည်။ သဟဇာတကမ္မပစ္စည်း။ နာနက္ခဏိကကမ္မပစ္စည်းဟူ၍နှစ်မျိုးရှိ၏။ ထိုတွင်သဟဇာတကမ္မပစ္စည်းသည်၊ သဟဇာတပစ္စည်းမျိုး ၁၅-တွင်ပါဝင်ခဲ့ပြီ။ နာနက္ခဏိကကမ္မပစ္စည်းတမျိုးသာ ကျန်ရှိ၏။ နာနက္ခဏိက ကမ္မပစ္စည်းဆိုသည်ကား။ ထိုသဟဇာတကမ္မပစ္စည်းခေါ်သော စေတနာတခုတွင်။ ကုသိုလ်စေတနာ။ အကုသိုလ်စေတနာရကို၊ သဟဇာတကမ္မပစ္စည်းလည်းဆိုရ၏။ နာနက္ခဏိက ကမ္မပစ္စည်းလည်းဆိုရ၏။ အတူတတွဖြစ်သော နာမ်တရား, ရုပ်တရားတို့ကို စေ့ဆော်မှု။ စိရင်မှုဖြင့်ကျေးဇူးပြုပေသည်အတွက်။ သဟဇာတကမ္မပစ္စည်းဆိုရ၏။ ထိုစေ့ဆော်မှု,စီရင်မှုများသည်။ ထိုစေတနာချုပ်ကွယ်၍သွားပြီးနောက်။ ခဏတပါး။ ကာလတပါးတို့၌။ ဝိပါက် တရားကမ္မဇရုပ်တရားတို့ကိုဖြစ်ပေါ်အောင် ကျေးဇူးပြုနိုင်ပြန်သည့်အတွက်။ နာနက္ခဏိကကမ္မပစ္စည်းဆိုရ၏။ ။ ထိုနာနက္ခဏိက ကမ္မပစ္စည်းသည်။ ဒိဋ္ဌဓမ္မဝေဒနီယကံ။ ဥပပဇ္ဇဝေဒနီယကံ။ အပရာပရိယဝေဒနီယကံ။ အဟောသိကံ,ဟူ၍ လေးပါးရှိ၏။ ယခုဘဝတွင်။ အကျိုးပေးနိုင်သောကုသိုလ်-အကုသိုလ်ပဌမ,ဇဝနစေတနာကံသည်။ ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏၊ ။ အနန္တရဖြစ်သော နောက်ဘဝ၌။ ဘဝတခုဖြစ်ပေါ်အောင် ထူထောင်နိုင်သော၊ ကုသိုလ်-အကုသိုလ်သတ္တမဇဝနစေတနာသည်။ ဥပပဇ္ဇ ဝေဒနီယကံမည်၏။ ။ အနန္တရဘဝမှ။ နောက်ဘဝများစွာ သံသရာကာလ၌။ အခွင့်ရရာဘဝတို့၌၊ ဘဝကိုထူထောင်မှု၊ ဘဝကိုချီးမြှောက်

www.dhammaransi.com



မှုတို့ဖြင့်။ ကျေးဇူးပြုနိုင်သော ကုလုလ်-အကုသိုလ်အလယ်ဇဝန
စေတနာရသည်။အပရာပရိယ ကံမည်၏။ ။အဘိဓမ္မတ္ထသင်္
ဟကျမ်းတွင်။ဘုံပိုင်း၌ကမ္မစတုက္ကတခုလုံးသည်။ ဤနာနက္ခဏိ
ကကမ္မပစ္စည်း၏။စတုက္ကပင်တည်း။ ဘုမ္မိစတုက္က။ ပဋိသန္ဓိစ
တုက္က။မရဏုပ္ပတ္တိစတုက္ကများသည်။ ဤပစ္စည်း၏ပစ္စယုပ္ပန်တို့ကို
ဝေဘန်ခွဲခြမ်းခဏ်း များပေတည်း။ ။ဤနာနက္ခဏိက ကမ္မ
ပစ္စည်းသည်။အနမတဂ္ဂ သံသရာလောကတွင် အလွန်အရေးအ
ရာကြီးကျယ်လှ၏။သတ္တဝါအနန္တတို့သည်လည်း။ဤပစ္စည်းမှဖြစ်
ပွါး၍နေကြရကုန်၏။ သတ္တဝါတို့၏ဖြစ်ရာဌာန။ ဘုံဘဝတို့သည်
လည်း။ဤပစ္စည်းမှဖြစ်ကြကုန်၏။အကုသိုလ်စေတနာဟူသောကမ္မ
ပစ္စည်းမှ။အပါယ်လေးဘုံနှင့်အပါယ်သတ္တဝါမျိုးအနန္တဖြစ်ပွါး၏။
ကာမာဝစရ ကုသိုလ်စေတနာဟူသော ကမ္မပစ္စည်းမှ။ လူ့ဘုံ,
နတ်ပြည်ခြောက်ထပ်,နတ်ဘုံ။လူသတ္တဝါအနန္တ။ နတ်သတ္တဝါအ
နန္တဖြစ်ပွါး၏။ရူပါဝစရကုသိုလ်စေတနာဟူသော ကမ္မ ပစ္စည်းမှ။
ရူပါဝစရဗြဟ္မာတဆယ့်ခြောက်ဘုံ၊ရူပဗြဟ္မာသတ္တဝါအနန္တဖြစ်
ပွါး၏။အရူပကုသိုလ်စေတနာဟူသောကမ္မပစ္စည်းမှ။ အရူပလေး
ဘုံ။အရူပဗြဟ္မာအနန္တဖြစ်ပွါး၏။ ဤကမ္မပစ္စည်း၏ နိသန္ဒအကျိုး
ဆက်အားဖြင့်။ထိုသတ္တဝါတို့၏ဆင်းရဲချမ်းသာ။ ခံဘွား,စံစားကြ
ရန်။ဘုံ,ဗိမာန်,ရေ,မြေ,ထော,တောင်,အလုံးစုံဖြစ်ရ၏။ ။မြက်
သစ်ပင်တို့သည်။ အသီးအသီးမျိုးစေ့တို့မှပေါက်ပွါးကြကုန်ဘိ
သကဲ့သို့။သတ္တဝါ၊အနန္တတို့သည်။ဤကမ္မပစ္စည်းမှပေါက်ပွါးကြရ
ကုန်၏။ကမ္မပစ္စည်းသည်။သတ္တဝါအနန္တတို့၏မျိုးစေ့အစစ်အမှန်
ဖြစ်၏။သုတ္တန်ပိဋကတ်တခွင်လုံးမှာ။ဒါန,သီလ,ဘာဝနာကံတို့၏
အကျိုး။ဒုစရိုက်သုစရိုက်တရားတို့၏အကျိုးအပစ်တို့ကိုပြဆိုသမျှ
တို့သည်။ဤနာနက္ခဏိကကမ္မပစ္စည်းပစ္စယုပ္ပန်တို့ချည်းပင်တည်း။
အထူးအားဖြင့်။မဇ္ဈိမနိကာယမူလ,ပဏ္ဏာသကျမ်း။ပဥ္စမဝဂ်တွင်
သာလေယျကသုတ်။ဝေရဉ္စကသုတ်။ ရူဠ ဓမ္မသမာဒါနသုတ်။မ
ဟာဓမ္မသမာဒါနသုတ်။ဥပရိပဏ္ဏာသကျမ်း,ဒုတိယဝဂ်တွင်၊ဗါ

www.dhammaransi.com



လပဏ္ဍိတသုတ်။ တတိယဝဂ်တွင်၊ ဒေဝဒူတသုတ်။ စတုတ္ထဝဂ်တွင်။စူဠကမ္မဝိဘင်္ဂသုတ်။ မဟာကမ္မဝိဘင်္ဂသုတ်။ ။ခုဒ္ဒကနိကာယ်ကျမ်းရတွင်။အပဒါန်ကျမ်း။ဝိမာနဝတ္ထုကျမ်း။ပေတဝတ္ထုကျမ်း။ဤသုတ္တန်ရသည်။နာနက္ခဏိက ကမ္မပစ္စည်း ပစ္စယုပ္ပန်ကို ပြဆိုသောသုတ္တန်များပေတည်း။

ဤကမ္မပစ္စည်းကို အယူမရှိကြသူ–မသိကြသူ–ငြင်းပယ်ကြသူတို့သည်၊အတ္ထိဒိန္နံ အတ္ထိယိဋ္ဌံအစရှိသော၊ဆယ်ပါးသောသမ္မာဒိဋ္ဌိဘို့မှလွတ်ကြကုန်၍၊သုံးပါးသောနိယတမိစ္ဆာဒိဋ္ဌိကြီးတို့နှင့်၊နတ္ထိဒိန္နံ နတ္ထိယိဋ္ဌံအစရှိသောဆယ်ပါးသောမိစ္ဆာဒိဋ္ဌိ။ဍာသရနိမ္မာဒိဋ္ဌိဘို့၌သက်ဝင်ကြလေကုန်၏။သို့မဟုတ်–သံသရာအရေး၌။ခွေးဝက်,ကြက်,ငှက်, အစရှိသောတိရစ္ဆာန်များကဲ့သို့၊ နောက်ဘဝဟူ၍ငင်း။ကုသိုလ်–အကုသိုလ်။သုဂတိ–ဒုဂ္ဂတိဟူ၍ငင်း။ မသိကြသော။သမ္မောဟတုန်းတို့သာဖြစ်ကြလေကုန်၏။

ကမ္မပစ္စည်းပြီး၏။

---

ဥပနိဿယပစ္စည်းဆိုသည်ကား။ ။အလွန်အားကြီးသောမှီရာဖြစ်သောပစ္စည်းဆိုလိုသည်၊ထိုဥပနိဿယပစ္စည်းသည်။အာရမ္မဏူပနိဿယပစ္စည်း။ အနန္တရူပနိဿယပစ္စည်း။ပကတူပနိဿယပစ္စည်းဟူ၍သုံးမျိုးရှိ၏။ ။ထိုတွင်–အာရမ္မဏူပနိဿယပစ္စည်းဆိုသည်ကား။ အာရမ္မဏာဓိပတိပစ္စည်းပင်တည်း။ ။အနန္တရူပနိဿယပစ္စည်း ဆိုသည် လည်း။ အနန္တရပစ္စည်းပင်တည်း။ထိုပစ္စည်းနှစ်ပါးကိုရှေး၌ပြဆိုခဲ့ပြီ၊ ။ပကတူပနိဿယပစ္စည်းတမျိုးသာကျန်ရှိ၏။ ။

ပကတူပနိဿယဆိုသည်ကား၊ အားကြီးသောမှီရာကို၊ ဥပနိဿယဆို၏၊ထိုဥပနိဿယသည်၊ ။ပကတောဟုတ္တာ ဥပနိဿယော၊ပကတူပနိဿယော။ ။ပကတော၊ရှေး၌မိမိက ပြုအပ်ဘူးသည်၊ဟုတ္တာ။ဖြစ်၍၊ဥပနိဿယော။နောက်၌၊မိမိ၏ အားကြီးသောမှီရာတည်း။ ပကတူပနိဿယော၊ရှေး၌ပြုအပ်ဘူးသည်

www.dhammaransi.com



ဖြစ်၍။နောက်၌အားကြီးသောမှီရာဟူသော ဝိဂ္ဂဟာနှင့်အညီ၊ ပကတူပနိဿယမည်၏။

အဓိပ္ပါယ်ကား၊ ။လောက၌မိတ်ဆွေမည်သည် ရှိကြရ၏။ ထိုမိတ်ဆွေသည်၊မိမိအိမ်သို့ရောက်လာသည့်အခါ၊ မိမိကမိတ်ဆွေဝတ္တရားကိုကျေကုန်စွာပြုအပ်သူး၏။ထိုမိတ်ဆွေသည်၊ပကတ,မည်၏။ထိုမိတ်ဆွေသည်နောင်အခါသူ့အိမ်သို့မိမိကရောက်သည်ရှိသော်၊အားကြီးသောမှီရာဖြစ်၏။မိမိအိမ်သို့မိတ်ဆွေ ရောက်လာသည့်အခါ၌၊အလေးမပြုဂရုမစိုက်ခဲ့သော်၊ ပကတ, မဖြစ်၊ ပကတမဖြစ်ခဲ့သော်၊နောင်ထိုသူ့အိမ်သို့မိမိရောက်သည်ရှိသော် အားကြီးသောမှီရာမဖြစ်၊ ထိုမိတ်ဆွေက လည်းအလေးပြုမည် မဟုတ်၊ဂရုစိုက်မည်မဟုတ်၊မိမိက ကောင်းကောင်း ပြုလေလေ-နောင်ခါအဘို့၊ထိုသူကိုမိမိကအားကိုးရလေလေဖြစ်၏။ အားကြီးသောမှီရာဖြစ်၏။ ။အားကြီးသောမှီရာဆိုသော်လည်း၊ ထိုမိတ်ဆွေ၏အင်အားရှိသမျှကိုဆိုသည်။ထိုမိတ်ဆွေသည်၊ သူဆင်းရဲလည်းရှိ၏၊သူကြွယ်လည်းရှိ၏။သေဌေးလည်းရှိ၏။မင်းပိုးရာဇာလည်းရှိ၏။ ။အိမ်၌နေရသောသူသည်၊အိမ်ကို ဆောက်လုပ်သောအခါ၌၊ကောင်းမွန်စွာ ဆောက်လုပ်ခဲ့သော်၊ နောင်ထိုအိမ်သည်၊ထိုသူ၏အားကြီးသောမှီရာဖြစ်၏၊ထိုသူ၏၊သား, မြေး,စဉ်ဆက်ပင်၊အားကြီးသောမှီရာဖြစ်တတ်၏၊ လယ်ယာ လုပ်သမားသည်ထိုလယ်ထိုယာကိုကောင်းမွန်စွာတည်ထောင်ခဲ့သော်နောင်ထိုလယ်ထိုယာသည်၊ထိုသူ၏အားကြီးသောမှီရာဖြစ်၏။ထိုသူ၏သား်မြေးစဉ်ဆက်ပင်အားကြီးသောမှီရာဖြစ်တတ်၏အတတ်ပညာသင်ကြားသောသူသည်။ သင်ကြားစဉ်အခါ၌ ကျေလည် လှစွာသင်ကြားခဲ့သော်၊နောင်ထိုအတတ်ပညာသည်၊ ထိုသူ၏ အားကြီးသောမှီရာဖြစ်၏။ဒါန,သီလ,ဘာဝနပမှုတို့၌လည်း။ပြုစဉ် အခါ၌ကောင်းမွန်စွာပြုခဲ့သော်။နောင်ဘဝ၌၊ ထိုဒါန, သီလ,ဘာဝနာကုသိုလ်သည်၊ထိုသူ၏အားကြီးသောမှီရာဖြစ်၏၊ ဤကုသိုလ်ကံဘက်၌ကောင်းစွာပွါးများအပ်ပြီးသောမဟဂ္ဂုတ် ကုသိုလ်ကံ

www.dhammaransi.com



မဂ်ကုသိုလ်ကံများသည်။ အလွန်အားကြီးသော ပကတူပနိဿယများဖြစ်ကြ၏။ ။အကုသိုလ်အရာ၌လည်း။ သူတပါးကို အလွန်အကြူးပြုခဲ့သော်။နောင်ထိုသူမှာခိုက်ရန်ပွါးများဘို့ အားကြီးသောမှီရာဖြစ်၏။အားကြီးသောမှီရာဆိုသည်ကား။ ပြယ်ပျောက်စေခြင်းငှါမတတ်ကောင်းအောင်အားကြီးသော အကြောင်းဖြစ်သည်ကိုဆိုသည်။ ။ပါဏာတိပါတမှုကို။စိတ်ရောကိုယ်ပါ,ထက်သန်စွာပြုခဲ့သော်။ နောင်ထိုသူမှာ။ အပါယ်ဒုက္ခပွါးများဘို့ သာမညအားဖြင့်မတားမဆီးနိုင်အောင်။အားကြီးသောမှီရာဖြစ်၏။ ဤသို့စသည်ဖြင့်။လောကဓမ္မအကုန်မြင်လေ။မာတုဃာတကကံ၊ ပိတုဃာတကကံ။အရဟန္တဃာတကကံ။လောဟိတုပ္ပါဒကံ။ သံဃဘေဒကကံ။နိယတမိစ္ဆာဒိဋ္ဌိကံကြီးသုံးပါးတို့သည်။ ဤအကုသိုလ်ဘက်၌အကြီးဆုံးသောပကတူပနိဿယကြီး ဖြစ်ကြကုန်၏။ထိုသူတို့ကိုသေလွန်ကြသည်ရှိသော်။အပါယ်သို့ မကျကြစေရန်။ဘယ်ကုသိုလ်တပါးမှမတားဆီးနိုင်ကြကုန်ပြီ။ ။

ပဋ္ဌာနုဒ္ဒေသဒီပနီ၌ကား။

လောကပကတိယာ၊ ပဏ္ဍိတာနံ ပါကဋော ဥပနိဿယော။ ပကတူပနိဿယော်ဟုဝိဂ္ဂဟပြု၍ လောကအရိုးအစဉ်အားဖြင့်၊ ပညာရှိပုဂ္ဂိုလ်တို့အား၊ ထင်လျှား၍နေကြသော ဥပနိဿယမျိုးသည်။ ပကတူပနိဿယမည်၏ဟုဖွင့်၏။ အထက်က ပြဆိုခဲ့ပြီးသော၊ပကတူပနိဿအမှုများသည်လည်းလောက၌ အရိုးအစဉ် ထင်လျှား၍နေကြသော။ဥပနိဿယကြီးများပင်ဖြစ်၏။ အဓိပ္ပါယ်အားဖြင့်တူကြ၏။လောက၌ဘယ်အမှုမျိုးမဆို။ ပြုလုပ်စဉ်အခါ၌။ နာကြည်းစွာ။လေးနက်စွာပြုခဲ့သော်။ နောက်အခါ၌အကျိုးတရားအားကြီးစွာလာလတ္တံ့ဟုသိကြ၏။

ဤပကတူပနိဿယပစ္စည်းသည်(၁)။ပစ္စုပ္ပန်။ပစ္စည်း။ပစ္စုပ္ပန်။ ပစ္စယုပ္ပန်။ (၂)အတိတ်ပစ္စည်းပစ္စုပ္ပန်ပစ္စယုပ္ပန်။ (၃)အနာဂတ်ပစ္စည်း၊ပစ္စုပ္ပန်ပစ္စယုပ္ပန်။ (၄)ကာလဝိမုတ်ပစ္စည်း၊ ပစ္စုပ္ပန်ပစ္စယုပ္ပန်၊ဟူ၍လေးပါးရ၏။

www.dhammaransi.com



ထိုတွင်။(၁)ပစ္စုပ္ပန်ပစ္စည်း။ ပစ္စုပ္ပန်ပစ္စယပွန် ဆိုသည်ကား။ လောက၌မိမိ၏သဒ္ဓါတရားအားကောင်းသည့်အတွက်။ မိမိနှိက်ကုသိုလ်တရားအဆင့်ဆင့် ဖြစ်ပွါးခြင်း။ မိမိ၏သဒ္ဓါတရား အားကောင်းသည့် အတွက်။ မိမိနှင့် စပ်နွယ်သမျှ။ သူတပါးတို့၌ ကုသိုလ်တရားပွါးများခြင်း။သူတပါးတို့၏သဒ္ဓါတရား အားကောင်းသည့် အတွက်။မိမိ၌ကုသိုလ်တရားပွါးများခြင်း။ ထို့အတူမိမိ၏ သီလတရား။ မိမိ၏ဗာဟုသုတ–တရား။ မိမိ၏ အသိအလိမ္မာ ဉာဏ်ပညာတရား,စသည်ဖြင့် ချဲ့လေ၊ ။မိမိ၏ တဏှာ,ရာဂ, လောဘ,တရားအားကြီးသည့်အတွက်။မိမိ၌အကုသိုလ်တရားအဆင့်ဆင့်ဖြစ်ပွါးခြင်း။ မိမိ၏တဏှာ။ရာဂ။လောဘ,တရား အားကြီးသည့်အတွက်။သူတပါးတို့၌တဏှာ,ရာဂ,လောဘ, စသော အကုသိုလ်တရားပွါးများခြင်း။ ထို့အတူ။မိမိ၏ ဒေါသ။ မာန။ တရားအားကြီးသည့်အတွက်၊ မိမိ၏ဒိဋ္ဌိအယူအမှား အားကြီးသည့်အတွက်။အစရှိသည်ဖြင့်ချဲ့လေ။

သူတပါးတို့ဟူသောစကား၌။ သဒ္ဓါတရား ကောင်းကြသော မိဘတို့၏သားသ္မီးများသည်။သဒ္ဓါတရားကောင်းတတ်ကြ၏။ အကျင့်သီလရှိကြသောမိဘတို့၏ သားသ္မီးများသည်၊ အကျင့်သီလကောင်းတတ်ကြ၏။ ပညာဗဟုသုတကောင်းကြသောမိဘတို့၏သားသ္မီးများသည်။ ပညာဗဟုသုတကောင်းတတ်ကြ၏။ မကောင်းသောဘက်၌လည်း။ အမျိုးအရိုး လိုက်မှုကို အကုန်မြင်လေ။ဆရာကောင်း၊သ္မာကောင်း။ မိတ်ဆွေကောင်းတို့နှင့်ပေါင်းဖေါ်ခဲ့လျှင်။ကောင်းမြတ်တတ်ကြ၏။ ယုတ်ညံ့သောဆရာ။ယုတ်ညံ့သော မိတ်ဆွေတို့နှင့် ပေါင်းဖေါ်ခဲ့လျှင်။ ယုတ်ညံ့တတ်ကြ၏။ကာလကောင်းနှင့်ကြုံကြိုက်ခဲ့သော်။ တရားကောင်း ပွါးများတတ်ကြ၏။ကာလဆိုးနှင့်ကြုံကြိုက်ခဲ့သော်။တရားယုတ်ပွါးများတတ်ကြ၏။ အရပ်ဒေသကောင်းမြတ်ခဲ့သော်၊ အလိမ္မာတရားပွါးများတတ်ကြ၏။အရပ်ဒေသယုတ်ညံ့ခဲ့သော်၊ အရိုက်တရား

www.dhammaransi.com



ပွါးများတတ်ကြ၏စသည်ဖြင့်။မျက်မြက်ဒိဋ္ဌ ဥပနိဿယပစ္စည်း ပစ္စယုပ္ပန်တို့ကိုအကျဉ်မြင်လေ။

မဟာပထဝီမြေကြီးသည်၊ မြေကိုမှီကြရသော သတ္တဝါခန္ဓာတို့၏အားကြီးသောမှီရာဖြစ်၏။ သစ်ပင်။တော။တောင်။ ချုံ။မြက်တို့သည်။ သားငှက်တိရစ္ဆာန်ခန္ဓာအပေါင်းတို့၏ အားကြီးသောမှီရာဖြစ်၏၊ ။ရေကာ။ရေတွင်း။ အိုင်။အင်း။မြစ်၊ သမုဒ္ဒရာရေတို့သည်။ ရေသတ္တဝါခန္ဓာအပေါင်းတို့၏ အားကြီးသော မှီရာဖြစ်ကုန်၏။ ။မိုဃ်းရေမိုဃ်းပေါက်တို့သည်။ မိုဃ်းကို မှီကြရကုန်သောသတ္တဝါတို့၏ အားကြီးသောမှီရာဖြစ်ကုန်၏။ ။ကောင်းကင်သည်။ ကောင်းကင်ပျံငှက်တို့၏ရင်း။ ကောင်းကင်ဘုံသားနတ်သိကြားဗြဟ္မာတို့၏ရင်း။ အားကြီးသော မှီရာဖြစ်၏။ ။ဤသို့အစရှိသည်ဖြင့်။ မျက်မြင်ဒိဋ္ဌ ဖြစ်ကြကုန်သော။ ပစ္စုပ္ပန်ဥပနိဿယပစ္စည်းပစ္စယုပ္ပန်တို့ကိုသိကြရကုန်၏။

အတိတ်ပစ္စည်း။ပစ္စုပ္ပန်ပစ္စယုပ္ပန်ဆိုသည်ကား။ကွယ်လွန်ကြလေကုန်ပြီးသောမိဘဘိုးဘွားတို့သည်၊ထိုသူတို့၏အထွင်းဥစ္စာ။အပဥစ္စာ။ အယူဝါဒကိုဆက်ခံရကုန်သော။သားမြေးတို့၏ အားကြီးသောမှီရာဖြစ်ကြကုန်၏။ ကွယ်လွန်ကြကုန်ပြီးသော။ ငါတို့မြတ်စွာဘုရား၏တပည့်သား။ရဟန်းတော်။ သင်္ဃာတော်အပေါင်းတို့သည်။ငါတို့နောက်ဖြစ်နောက်ပွါးတပည့်သားတို့၏အားကြီးသောမှီရာဖြစ်ကုန်၏။ရှေးရှေးသောဘဝ၌ ပြည့်ရုံစွာပြုခဲ့ကြကုန်သော။ ကုသိုလ်ကံဟောင်း၊အကုသိုလ်ကံဟောင်းတို့သည်၊ နောက်ဘဝတို့၌ချမ်းသာသုခကိုရင်း။ ဆင်းရဲဒုက္ခကိုရင်း၊ခံစားကြရန် အားကြီးသောမှီရာဖြစ်ကုန်၏။ ရှေးရှေးသောဘဝတို့၌၊ ပြည့်ရုံစွာစွဲယူကျင့်ဆောင်ခဲ့ကြကုန်သော၊ ကောင်းမြတ်သောအယူအကျင့်။ ဆိုးယုတ်သောအယူအကျင့်တို့သည်။နောက်ဘဝတို့၌၊ ထိုအယူထိုအကျင့်တို့သို့သက်ရောက်ခြင်းငှါ အားကြီးသောမှီရာဖြစ်ကုန်၏။ ရှေးရှေးသောဘဝတို့၌ ဖြည့်ကျင့်ခဲ့ကြကုန်သော၊ဝါသနာ,ဝသီ, ပါရမီကုသိုလ်မှုတို့သည်။ တဘဝထက်တဘဝ၊ ထက်သံရဲရင့်

www.dhammaransi.com



အဆင့်ဆင့်တိုးပွါးကြီးမြင့်၍သွားခြင်း၌အားကြီးသောမှီရာ ဖြစ်ကုန်၏။ ။ယခုဘ၀တွင်လည်း။ ရှေးရှေးသော-နေ့,ရက်,လ,နှစ်တို့၌ပြည့်စုံစွာပြုခဲ့ကြကုန်သော။ဝီရိယမှုတို့သည်။ နောက်နောက်သော-နေ့,ရက်,လ,နှစ်တို့၌ အားကြီးသောမှီရာဖြစ်ကုန်၏။ ဤသို့အစရှိသည်ဖြင့်။အတိတ်ဥပနိဿယပစ္စည်း။ ပစ္စုပ္ပန်ပစ္စယုပ္ပန်ဖြစ်ပုံကိုသိမြင်ကြကုန်ရာ၏။

အနာဂတ်ပစ္စည်း၊ပစ္စုပ္ပန်ပစ္စယုပ္ပန်ဆိုသည်ကား။ ရှေ့သို့တွေ့လတ္တံ့သောအနာဂတ်အကျိုးသည်ပစ္စည်း။ တွေ့လတ္တံ့သော အကျိုးကိုအားကိုးအားထားပြု၍။ထိုအကျိုးကို အလွန်အလိုရှိသောကြောင့်၊ ယခုပစ္စုပ္ပန်၌ထိုအကျိုးကို တွေ့စေတတ်သောအမှုကို။ အားတုတ်ပြုလုပ်ခြင်းသည်ပစ္စယုပ္ပန်။ ။ရှေ့သို့ ရလတ္တံ့သောအနာဂတ်အကျိုးသည်ပစ္စည်း။ရလတ္တံ့သောအကျိုးကို အားကိုးအားထားပြု၍။ထိုအကျိုးကိုရလိုသောကြောင့်။ ယခုပစ္စုပ္ပန်၌ထိုအကျိုးကို ရစေတတ်သောအမှုကို အားထုတ်ပြုလုပ်ခြင်းသည်ပစ္စယုပ္ပန်။ ။သတ္တဝါအပေါင်းတို့ကို။ရှေ့သို့တွေ့လတ္တံ့။ရလတ္တံ့။ခံစားရလတ္တံ့။စံစားရလတ္တံ့ဟူ၍မြော်လင့်ခြင်းသည်။ အမြဲအုပ်စိုးလျက်ရှိ၏။ရှေ့အလားသည်။သတ္တဝါအများတို့ကို အမြဲဆွဲငင်၍နေ၏။ ယခုပစ္စယုပ္ပန်နှိက်မေ့လျော့ပေါ့စား၍ မနေသာအောင်အမြဲနှိုးဆော်တိုက်တွန်း၏။ ရှေ့သို့တွေ့ရလတ္တံ့သော ကောင်းကျိုးမကောင်းကျိုးတို့သည်။ ယခုပစ္စယုပ္ပန်နှိက်။ သတ္တဝါတို့ကိုလွန်စွာဆုံးမနိုင်ကုန်၏။အလွန်မကောင်းသည်ကို တွေ့ရလိမ့်မည်ဆိုလျှင်။ထိုလမ်းကိုမသွားဝံ့ကြကုန်။အလွန်ကောင်းသည်ကိုတွေ့ရလိမ့်မည်ဆိုလျှင်။ ထိုလမ်းကိုတားဆီးမရ သွားကြကုန်၏။ ထိုကြောင့်။ရှေ့သို့တွေ့လတ္တံ့။ရလတ္တံ့။ခံစားရလတ္တံ့။ စံစားရလတ္တံ့ဟူသောအနာဂတ်အကျိုးသည်။ သတ္တဝါတို့၌ အကြီးဆုံးသောဥပနိဿယပစ္စည်းကြီးဖြစ်၏။ မကောင်းသော ရှေ့အကျိုးမျိုးကိုလွတ်ကင်းစေခြင်း၌။ ကောင်းသော ရှေ့အကျိုးမျိုးကို ရရှိစေ

ခြင်း၄ါ၊ယခုအားထုတ်ကြသော လူတို့၏ကိစ္စ၊ရှင်တို့၏ကိစ္စ ကြီးငယ်အလုံးစုံသည်၊ပစ္စုပ္ပန်၊ပစ္စယုပ္ပန်မည်၏။

ဤပစ္စုပ္ပန်။ ပစ္စယုပ္ပန်ကိစ္စကြီးငယ်ကိုပြည့်စုံစွာ အားထုတ်ကြသည့်အတွက်။ နောက်ရက်။နောက်လ။ နောက်နှစ်။နောက်ဘဝတို့၌အကျိုးကိုရကြပြန်သောအခါ၊ ထိုပစ္စုပ္ပန်ကိစ္စကြီးငယ်များသည်။ အတိတ်ဥပနိဿယပစ္စည်းဖြစ်ပြန်၏။ ရရှိကြသောအကျိုးများသည်။ ပစ္စုပ္ပန်ပစ္စယုပ္ပန် ဖြစ်လာကြပြန်၏။ ဤသို့အစရှိသည်ဖြင့်။လောကတွင်မျက်မြင်ဒိဋ္ဌဖြစ်ကြကုန်သော အနာဂတ်။ ဥပနိဿယပစ္စည်းမျိုး၊ သမ္မာဒိဋ္ဌိပညာရှိကြီးတို့၏ ဟောပြောမှုနှင့်သိရှိကြရကုန်သော။ အနာဂတ်ဘဝ ဥပနိဿယပစ္စည်းမျိုးတို့ကိုသိကြကုန်ရာ၏။ ၊ကာလဝိမုတ်ပစ္စည်း။ ပစ္စုပ္ပန်ပစ္စယုပ္ပန်ဆိုသည်ကား။နိဗ္ဗာန်တရား၊ပညတ်တရားတို့သည်၊ဖြစ်ခြင်းပျက်ခြင်းမှကင်းလွတ်ကြကုန်သဖြင့်။ကာလသုံးပါးမရှိကြကုန်သည်ဖြစ်၍။ ကာလဝိမုတ်မည်ကုန်၏။ ထိုတွင်၊နိဗ္ဗာန်တရားသည်။ သံသရာဘေးမှကြောက်လန့်ကြကုန်သောပညာရှိတို့မှာ။ ဒါနပါရမီ၊သီလပါရမီ၊ အစရှိသောပါရမီကုသိုလ်တရား၊ ဗိသုဒ္ဓိခုနစ်ပါး၊ဗောဓိပက္ခိယတရားတို့၏ ဖြစ်ပွါးခြင်း၄ါ အလွန်အားကြီးလှသော။ဥပနိဿယကြီးဖြစ်၏။ငြိမ်းမှုမည်သည်၊ ထိုအသင်္ခတမဟာ နိဗ္ဗာန်ကြီးကိုမဆိုသေးဘိဦး။ လောက၌ မီးဘေးဟူ၍ရှိ၏။ မီးဘေး၏ငြိမ်းမှုဟူ၍ရှိ၏။ ရေဘေးဟူ၍ရှိ၏။ ရေဘေး၏ငြိမ်းမှုဟူ၍ရှိ၏။ခိုးသူဓားပြဘေးဟူ၍ရှိ၏။ ခိုးဓားပြဘေး၏ငြိမ်းမှုဟူ၍ရှိ၏။ ရန်သူဘေးဟူ၍ရှိ၏။ ရန်သူဘေး၏ငြိမ်းမှုဟူ၍ရှိ၏။ ဆင်ဘေး၊ ကျားဘေးစသည်အကုန်သွားလေ။ ရောဂါဘေး။ အနာဘေးဟူ၍ရှိ၏။ ရောဂါဘေးအနာဘေး၏ ငြိမ်းမှုဟူ၍ရှိ၏။ ထိုထိုဘေးနှင့်တွေ့ရှိ၍နေကြသောသူတို့မှာ။ ထိုထိုဘေး၏လွတ်ငြိမ်းခြင်းကို။ လွန်စွာရှာကြံတောင့်တအားကိုးကြရကုန်၏။

အဇဋာကာသ ကောင်းကင်ပညတ်ကြီးသည်။ ကောင်းကင်နှင့်စပ်၍ဖြစ်ပွါးကြရကုန်သော။ သတ္တဝါခန္ဓာအပေါင်းမှာ။ အား

www.dhammaransi.com



ကြီးစွာသောမှီရာကြီးဖြစ်၍။ အရှေ့။အနောက်။ တောင်။မြောက်။ အထက်အောက်ဟူသော။ ဒိသာပညတ်။ ဒေသပညတ်များသည်လည်း။ အမှတ်သညာထား၍ ကြဉ်လည်ကြကုန်သော။ သတ္တဝါခန္ဓာအပေါင်းတို့မှာ။ အားကြီးစွာသောမှီရာနိဿယကြီးဖြစ်၍။ အထွေထွေသောသဏ္ဌာနပညတ်။အထွေထွေသော သန္တတိပညတ်တို့သည်လည်းကောင်း။ ထိုပညတ်တို့ကိုခေါ် ဆိုကြရန်။ အထွေထွေသောအမည်သညာနာမပညတ်တို့သည်လည်းကောင်း။ ဗေဒင်ကျမ်းတို့၌လါသောအထွေထွေသောဗေဒင်ပညတ်။ဆေးကျမ်းတို့၌လာသောအထွေထွေသောဆေးပညတ်။ ထိုမှတပါးလောကီအတတ်ပညာကျမ်းမျိုးတို့၌လာသော။ အထွေထွေသောအတတ်ပညတ်။ ဗုဒ္ဓဘာသာတွင်။ ဝိနည်းကျမ်းဂန်တို့၌လာသော ဝိနယပညတ်။သုတ္တန်တို့၌လာသောဓမ္မပညတ်။ အဘိဓမ္မာတို့၌လာသော အဘိဓမ္မာနာမပညတ်တို့သည်လည်းကောင်း။အသိညာဏ်အရာအလိမ္မာတရား ဖြစ်ပွါးကြရန် အလွန်အားကြီးသော မှီရာနိဿယကြီးတွေဖြစ်ကြကုန်၏။ ဤသို့အစရှိသည်ဖြင့်၊ ကာလဝိမုတ်ဖြစ်သောနိဗ္ဗာန်တရား။ပညတ်တရား။ဥပနိဿယပစ္စည်းကြီးများတို့ကိုသိကြကုန်ရာ၏

---

ကာလအားဖြင့်။ဥပနိဿယပစ္စည်းအပြားလေပါးပြီး၏။

တနည်းကား။ ။(၁) ကုသိုလ်ပစ္စည်း။ ကုသိုလ်ပစ္စယုပ္ပန်။ (၂)ကုသိုပစ္စည်း။အကုသိုလ်ပစ္စယုပ္ပန်။(၃) ကုသိုလ်ပစ္စည်း။အဗျာကတပစ္စယုပ္ပန်ဟူ၍သုံးပါး။ ။(၁)အကုသိုလ်ပစ္စည်း။ အကုသိုလ်ပစ္စယုပ္ပန်။ (၂) အကုသိုလ်ပစ္စည်း။ ကုသိုလ်ပစ္စယုပ္ပန်။ (၃) အကုသိုလ်ပစ္စည်း။အဗျာကတပစ္စယုပ္ပန်ဟူ၍သုံးပါး။ ။(၁)အဗျာကတပစ္စည်း။အဗျာကတပစ္စယုပ္ပန်။ ။(၂)အဗျာကတပစ္စည်း။ကုသိုလ်ပစ္စယုပ္ပန်။ ။(၃) အဗျာကတပစ္စည်း၊ အ

www.dhammaransi.com



ကုသိုလ်ပစ္စယပုပ္ပန်။ ဟူ၍သုံးပါးအားဖြင့်။ ဥပနိဿယပစ္စည်းအပြားကိုးပါးရှိ၏။ ထိုကိုးပါးတို့တွင်။

၁။ ကုသိုလ်ပစ္စည်း ကုသိုလ်ပစ္စယပုပ္ပန်ဖြစ်ပုံကား။ ကုသိုလ်ကံအကုသိုလ်ကံတို့၌ဎင်း။ ထိုကံတို့၏အကျိုးတို့၌ဎင်း။ ယုံကြည်ခြင်းသဒ္ဓါတရား ရှိခဲ့သော်။ မိမိ၌လည်း အမျိုးမျိုးသော ကုသိုလ်ကောင်းမှုတို့သည်ဖြစ်ပွါးတတ်ကုန်၏ ။မိမိနှင့်စပ်နွယ်သူအများတို့မှာလည်း။ ကုသိုလ်တရား ဖြစ်ပွါးတတ်၏။ ။ဘုရား၌ယုံကြည်သောသဒ္ဓါတရား။ ဓမ္မ(သ)နာတရား၌ ယုံကြည်သော သဒ္ဓါတရား။ သံဃာ၌ယုံကြည်သောသဒ္ဓါတရား။ တခုခုရှိခဲ့သော်။ မိမိ၌ဎင်း။ သူတပါးတို့၌ဎင်း။ အဆင့်ဆင့်သောကုသိုလ်တရားဖြစ်ပွါးတတ်၏၊ မိမိ၌ကံသီလတရားရှိခဲ့သော်။ ဗာဟုဿုတ ပညာတရားရှိခဲ့သော်စသည်ဖြင့်ဆိုလေ။ ။ဤကား။ ကုသိုလ်ပစ္စည်းကုသိုလ်ပစ္စယပုပ္ပန်ဖြစ်ပုံတည်း။

၂။ ကုသိုလ်ပစ္စည်း။အကုသိုလ်ပစ္စယပုပ္ပန်ဆိုသည်ကား။ ။မိမိနှိုက်ထိုကဲ့သို့သော သဒ္ဓါဂုဏ်။ ဗာဟုဿုတဂုဏ် စသည်ရှိခဲ့သော်။ထိုဂုဏ်အတွက်မိမိကိုယ်ကိုမော်မောက်ခြင်း။ သူတပါးကိုရှုပ်ချခြင်း။ထိုအတွက်နှင့်အများကဲ့ရဲ့ပြောဆိုခြင်း၊ နိုက်ရန်ပွါးခြင်းစသည်ဖြင့်။ မိမိနှိုက်ဎင်း။ သူတပါးတို့နှိုက်ဎင်း။ အကုသိုလ်တရားဖြစ်ပွါးတတ်၏။ဤကား။ကုသိုလ်ပစ္စည်း၊အကုသိုလ်ပစ္စယပုပ္ပန်ဖြစ်ပုံတည်း။

၃။ ကုသိုလ်ပစ္စည်း။ အဗျာကတပစ္စယပုပ္ပန်ဖြစ်ပုံကား။ ။ယခုဘဝ၌ဒါနတရား။သီလတရားကိုအားထုတ်ခဲ့လျှင်၊ နောက်ဘဝတို့၌။လူချမ်းသာ။နတ်ချမ်းသာတို့ကိုရနိုင်သည်ဟူသော ယုံကြည်ခြင်းသဒ္ဓါတရားရှိသည့်အတွက်။ထိုထိုကုသိုလ်တရား။ အကျင့်တရားတို့ကို ပွါးများအားထုတ်မှုနှင့်။ ကိုယ်၏ဆင်းရဲခြင်းဒုက္ခ။ပရိယတ္တိဓမ္မကိုသင်ကြားအားထုတ်မှုနှင့်။ ကိုယ်၏ ဆင်းရဲခြင်းဒုက္ခ ဓုတင်ပဋိပတ်ကိုကျင့်ဆောင်မှုနှင့်ကိုယ်၏ ဆင်းရဲခြင်းဒုက္ခ၊သမထဘာဝနာတရားများကိုပွါးများအားထုတ်မှုနှင့် ကိုယ်

www.dhammaransi.com



၏ဆင်းရဲခြင်းဒုက္ခ။ဝိပဿနာဘာဝနာတရားများကို ပွါးများအား ထုတ်မှုနှင့်ကိုယ်၏ဆင်းရဲခြင်းဒုက္ခ။ ဘုရားအလောင်းအလျာကြီးများကဲ့သို့။အလွန်ကြီးမြတ်သောပါရမီကုသိုလ်ကြီးများကိုပွါးများအားထုတ်မှုနှင့် အလွန်ကြီးမားသော ဒုက္ခကြီးများကို ခံရခြင်းစသည်ဖြင့်။ ကုသိုလ်ကိုဘွဲ့ရန်အတွက်။ ဆင်းရဲဒုက္ခကို ခံကြရသည်ကားအလွန်များပြား၏။ ကိုယ်၏ဆင်းရဲခြင်းဒုက္ခတရားမည်သည်၊ ကုသိုလ်အကုသိုလ်မှအလွတ်ဖြစ်၍ အဗျာကတ-တရားမည်၏။

လောကဥ္စ။ကုသိုလ်မှုအလိမ္မာမှုမည်သည်။သင်္ခါရမျိုးဖြစ်၏ဆင်းရဲဒုက္ခကိုခံနိုင်မှုရတတ်၏။ယခုလက်ငင်းဆင်းရဲမည်ကို ကြောက်သောသူသည်၊ကုသိုလ်အလိမ္မာနှင့်ဝေးကွာတတ်၏။ ဆင်းရဲဒုက္ခကိုအနည်းငယ်ခံနိုင်သောသူသည်။ အနည်းငယ်မျှသောကုသိုလ်အလိမ္မာကိုရနိုင်၏။ဆင်းရဲဒုက္ခကိုအလယ်အလတ်မျှ ခံနိုင်သောသူသည်၊အလယ်အလတ်မျှသောကုသိုလ်အလိမ္မာကိုရနိုင်၏၊ ဆင်းရဲဒုက္ခကိုများများကြီးခံနိုင်သောသူသည်။များများကြီးသော ကုသိုလ်အလိမ္မာကိုရနိုင်၏။သဗ္ဗညုဘုရားဖြစ်လိုသောသူများသည် အနည်းဆုံးအားဖြင့်။ ကမ္ဘာပေါင်း-လေးသင်္ချေနှင့် ကမ္ဘာတသိန်း တိုင်တိုင်–ပါရမီကုသိုလ်တရားတို့ကိုဖြည့်ကျင့်မှုနှင့် အလွန်ကြီးကျယ်သောဆင်းရဲဒုက္ခကိုခံတော်မူကြရ၏။ အလွန် ကြီးကျယ်သောဆင်းရဲဒုက္ခကိုခံနိုင်တော်မူကြသည့်အတွက်၊ အလွန် ကြီးကျယ်သောကုသိုလ်အလိမ္မာတို့နှင့်ပြည့်စုံကြသော သဗ္ဗညု ဘုရားအဖြစ်သို့ရောက်တော်မူကြကုန်၏။ ။ထိုအောက်ထက်ဝက်မျှဆင်းရဲဒုက္ခကိုခံနိုင်ကြသူများသည်။ပစ္စေကဗုဒ္ဓါ ဖြစ်ကြကုန်၏။ ထို့အောက်-ထက်ဝက်မျှ ဆင်းရဲဒုက္ခကိုခံနိုင်ကြသူများသည်။ ဘုရားလက်ထက်တော်တွင်၊အဂ္ဂသာဝကကြီးများ ဖြစ်ကြရ၏။ ထို့အောက်အလွန်နည်းစွာဆင်းရဲဒုက္ခ ခံနိုင်ကြသူများသည်။ မဟာသာဝကများဖြစ်ကြ၏။ ထို့အောက်–ပါရမီဖြည့်ကျင့်မှုနှင့်

www.dhammaransi.com



ဆင်းရဲဒုက္ခအနည်းဆုံးခံနိုင်ကြသူများသည်၊ပကတိသာဝကဖြစ်ကြ၍။

ယခုဘဝတွင်။သီလ,ကုသိုလ်ကောင်းသည့်အတွက်၊ လူတို့၏ဒုက္ခမျိုးတို့မှလွတ်ကင်း၍။ကိုယ်၏ချမ်းသာခြင်းကိုရကြကုန်၏ ကိုယ်၏ချမ်းသာခြင်းသည်၊အဗျာကတ,တရားပေတည်း။ယခုဘဝ၌ကောင်းမွန်စွာပြုကြသော ဒါနမှု၊သီလမှု၊ဘာဝနာမှု၊ကုသိုလ်ကံတို့ကြောင့်။နောက်နောက်ဘဝတို့၌။လူ့ချမ်းသာ၊နတ်ချမ်းသာ၊ဗြဟ္မာ့ချမ်းသာတို့ကိုရကြကုန်၏။ ဤကား၊ကုသိုလ်ပစ္စည်း အဗျာကတပစ္စယုပ္ပန်ဖြစ်ပုံတည်း။ ။

၁။ အကုသိုလ်ပစ္စည်း-အကုသိုလ်ပစ္စယုပ္ပန်ဖြစ်ပုံကား၊မိမိကိုယ်ကိုခင်တွယ်မှု၊သားမယားကိုခင်တွယ်မှု၊ တဏှာ ရာဂအတွက်ကြောင့်၊သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကိုခိုးယူခြင်း,စသည်ကိုပြုကြ၏။ ဤသို့အစရှိသည်ဖြင့် တခုတခုသောအကုသိုလ်တရားအတွက်မိမိ၌ရင်း၊သူတပါးတို့၌ရင်း၊ အကုသိုလ်အမျိုးမျိုးအဆင့်ဆင့်ဖြစ်ပွါး၍နေကြသည်မှာ၊လောကမျက်မြင်ထင်လျား၏ ဤကား၊ အကုသိုလ်ပစ္စည်း၊အကုသိုလ်ပစ္စယုပ္ပန်ဖြစ်ပုံတည်း။

၂။ အကုသိုလ်ပစ္စည်း-ကုသိုလ်ပစ္စယုပ္ပန်ဖြစ်ပုံကား၊ အနာရောဂါရှိနေသောသူများသည်။ထိုအနာရောဂါကို ပျောက်ငြိမ်းစေတတ်သောဆေးကောင်းဝါးကောင်းကိုရှာ၍မှီဝဲကြရသကဲ့သို့။ မီးကိုကြောက်ကြရသည့်အတွက်။ရေကိုရှာမှီးကြရသကဲ့သို့။ ရန်သူဘေးကိုကြောက်ကြရသည့်အတွက်။လက်နက်ကြိယာကိုရှာမှီးကြရသကဲ့သို့။သတ္တဝါတို့မှာလည်း။လောဘ,ဒေါသ,မောဟ, အစရှိသောအကုသိုလ်တရားတွေရှိနေကြကုန်သည်ဖြစ်၍၊ ထိုအကုသိုလ်တရားတို့ကိုပယ်ရှားခြင်းငှါထိုအကုသိုလ်တရားတို့အတွက်ဒါန,သီလ,အစရှိသောကုသိုလ်တရားတို့ကိုအားထုတ်ကြရကုန်၏။သူ့အသက်ကိုသတ်မိသောသူသည်။ထိုအပစ်ကို ပပျောက်စေခြင်းငှါသီလကိုဖြည့်ကျင့်၏။သမထဘာဝနာတရားကိုပွါးများ၏ ဈာန်အဘိညာဏ် သမာပတ်တရားကိုပွါးများ၏။ အရိယာမဂ်

www.dhammaransi.com



လေးပါးကိုပွါးများ၍၊သူ့အသက်ကိုသတ်မိသော ပါဏာတိပါတ,အကုသိုလ်သည်။ ပကတူပနိဿယပစ္စည်း၊ သီလကုသိုလ်ဈာန်အဘိညာဏ် သမာပတ်ကုသိုလ်-အရိယာမဂ်လေးပါး ကုသိုလ်များသည်ပစ္စယုပ္ပန်။ သူ့ဥစ္စာကိုခိုးယူမိသောသူ စသည်တို့မှာလည်းထိုနည်းတူ။ ။

လောက၌။အကြောင်း,အကျိုး,အလုံးစုံကို။ အကုန် သိနိုင်ကြကုန်သော။သဗ္ဗညု ဘုရားကိုရှာကြံကြကုန်သည်မှာ။ထိုကုသိုလ်တရားများကိုရလို၍ရှာကြံကြကုန်၏။ထိုကုသိုလ်တရားများကို ရလိုကြရသည်မှာလည်း။မိမိတို့၏သန္တာန်၌ အနမတဂ္ဂ သံသရာတွင်။မိုက်မှား၍လာခဲ့ကြကုန်သော။ အကုသိုလ်ကံဟောင်း၊ မကောင်းသောကျေးဆိုး,မြေဆိုး,အပါယ်မျိုးတို့သည်၊ တယောက်မှာပင်အသင်္ချေယအနန္တပါရှိ၍နေကြကုန်၏။ယခုဘဝ၌ရင်း၊ နေခံနောက်ဘဝတို့၌ရင်း။အမိုက်အမှားအမျိုးမျိုးတို့ကိုဖြစ်ပွါးကြစေရန်။ကိလေသာဆိုး။အမိုက်မျိုးတို့သည်လည်းရှိနေကြကုန်၏။ ထိုကျေးဆိုး,မြေဆိုး,အပါယ်မျိုးတို့နှင့်၊ထိုကိလေသာဆိုး, အမိုက်အမှားမျိုးတို့ကို။အကုန်အစင်ပယ်ရှင်းကြရန်။သီလ,သမာဓိ,ပညာ,သိက္ခာ,သုံးပါး။ကုသိုလ်တရားတို့ကိုရလိုကြကုန်၏။ ကျင့်ဆောင်ပွါးများအားထုတ်ကြရကုန်၏၊ ထိုကြောင့်—ထိုအကုသိုလ် ကံဟောင်းတို့နှင့်။ထိုကိလေသာဆိုး,အပါယ်မျိုးတို့သည်၊ ပကတူပနိဿယပစ္စည်း။ ထိုသိက္ခာသုံးပါးကုသိုလ်တရားတို့သည်။ပစ္စယုပ္ပန်။ဤကားအကုသိုလ်ပစ္စည်း-ကုသိုလ်ပစ္စယုပ္ပန်ဖြစ်ပုံတည်း။

၃။ အကုသိုလ်ပစ္စည်း။အဗျာကတပစ္စယုပ္ပန် ဖြစ်ပုံကား။ တဏှာဖြင့်အလိုရှိရာအာရုံဝတ္ထုတို့ကိုရှာကြံလိုက်စားရာတို့၌။သုခလည်းတွေ့ကြ၏။ဒုက္ခလည်းတွေ့ကြ၏။တဏှာသည်ကားပစ္စည်းသုခ,ဒုက္ခတို့ကား-ပစ္စယုပ္ပန်။ဒေါသဖြင့်ရိုက်မဲမှုကြောင့် ဒုက္ခတွေ့တတ်၏။ဒေါသကား-ပစ္စည်း။ဒုက္ခကား-ပစ္စယုပ္ပန်၊မောဟဖြင့် မသိမှုကြောင့်ဒုက္ခတွေ့တတ်၏။မောဟကား-ပစ္စည်း။ဒုက္ခကား-ပစ္စယုပ္ပန်။မာနဖြင့် မော်မှုကြွားမှုကြောင့်ဒုက္ခတွေ့တတ်၏။မာနကား

www.dhammaransi.com



ပစ္စည်း၊ ဒုက္ခကား-ပစ္စယုပ္ပန်။ ဒိဋ္ဌိဖြင့်အယူမှား၍အကျိုးမရှိသောအလွန်ဆင်းရဲသောအတ္တကိလမထာနုယောဂအကျင့်မျိုးတို့ကိုကျင့်၏။ ဒိဋ္ဌိကား-ပစ္စည်း။ ထိုဆင်းရဲဒုက္ခတို့ကား၊ အဗျာကတပစ္စယုပ္ပန်။ ရှေးရှေးသောဘဝတို့၌ဒုစရိုက်မှုတို့ကိုပြုကြကုန်၍။ နောက်နောက်သောဘဝတို့၌မကောင်းသောအကျိုးတိကိုခံစားကြရာ၌။ ရှေးရှေးဒုစရိုက်တို့ကား-ပစ္စည်း၊ နောက်နောက်မကောင်းကျိုးတို့ကားပစ္စယုပ္ပန်။ ဤကား-အကုသိုလ်ပစ္စည်း–အဗျာကတ ပစ္စယုပ္ပန်ဖြစ်ပုံတည်း။ ။

၁။ အဗျာကတပစ္စည်း-အဗျာကတ ပစ္စယုပ္ပန် ဖြစ်ပုံကား။ မျက်စိရှိသည့်အတွက်။ ကိုယ်၏ချမ်းသာခြင်းကိုလည်း ရကြ၏။ ကိုယ်၏ဆင်းရဲခြင်းကိုလည်းရကြ၏။ နားရှိသည့်အတွက်။ နှာခေါင်းရှိသည့်အတွက်။ လျှာရှိသည့်အတွက်။ ကိုယ်အင်္ဂါကြီးငယ်ရှိသည့်အတွက်။ ကိုယ်၏ချမ်းသာခြင်း, ဆင်းရဲခြင်းနှစ်ပါးကိုပင် ရကြ၏။ အဆင်း, လှသည့်အတွက်မလှသည့်အတွက်အသံကောင်းသည့်အတွက်။ မကောင်းသည့်အတွက်။ အနံ့ကောင်းသည့် အတွက်။ မကောင်းသည့်အတွက်။ ဆင်းရဲ-ချမ်းသာနှစ်ပါးနှင့် သက်ဆိုင်သည်ချည်းဖြစ်၏၊ အသား, အရသာ ကောင်းကြကုန်သော၊ ဝက်, ကြက်, ငှက်, သား, ငါး, တိရစ္ဆာန်တို့အား။ မိမိတို့၏ အသားတို့သည်၊ မိမိတို့၏အသက်အန္တရာယ်ကြီးအမြဲဖြစ်ကြကုန်၏။ အမွေးအမြင်, ကောင်းကြသော သားငှက်တို့အား၊ မိမိတို့၏ အမွေးအမြင်တို့သည်။ မိမိတို့၏အသက်အန္တရာယ်ကြီး အမြဲဖြစ်ကြကုန်၏။ အရေ-ကောင်းသောတိရစ္ဆာန်။ အရိုးကောင်းသောတိရစ္ဆာန်။ အစွယ်ကောင်းသောတိရစ္ဆာန်။ အသွေး, အဆီ, ကောင်းသော တိရစ္ဆာန်–စသည်ဘို့မှာလည်း၊ ထိုနည်းတူတည်း ။ ။ ရွှေ, ငွေ, ရတနာစသောအတွင်းဥစ္စာ။ အိမ်၊ တိုက်၊ လှည်း၊ လှေ လယ်ယာဥယျာဉ်အစရှိသောအပ, ဥစ္စာအဗျာကတတို့အတွက်။ ကိုယ်၏ ချမ်းသာခြင်း။ ဆင်းရဲခြင်းရှိနေကြသည်များလည်းထင်လျှားလေပြီ။ ဤကား-အဗျာကတပစ္စည်း။ အဗျာကတပစ္စယုပ္ပန်ဖြစ်ပုံတည်း။

www.dhammaransi.com



၂။ အဗျာကတပစ္စည်း။ကုသိုလ်ပစ္စယုပ္ပန်။ ၃။ အဗျာကတပစ္စည်း—အကုသိုလ်ပစ္စယုပ္ပန်ဖြစ်ပုံကား။မျက်စိ ရှိနေသည့်အတွက်။ကုသိုလ်သည်းအမျိုးမျိုးဖြစ်ကြ၏။အကုသိုလ်လည်း အမျိုးမျိုးဖြစ်ကြ၏။နား ရှိနေသည့်အတွက်။နှာခေါင်းရှိနေသည့်အတွက် လျှာခံတွင်းရှိနေသည့်အတွက်။ကိုယ်အင်္ဂါကြီးငယ်ရှိနေသည့်အတွက်။ကုသိုလ်လည်းအမျိုးမျိုး။အကုသိုလ်သည်း အမျိုးမျိုးဖြစ်ကြ၏။အဆင်းလှသည့်အတွက်၊အဆင်းမလှသည့်အတွက် အစရှိသည်ဖြင့် အကျယ်ဆိုလေ။ ။ဤကား—အဗျာကတပစ္စည်း ကုသိုလ်—အကုသိုလ်ပစ္စယုပ္ပန်ဖြစ်ပုံတည်း။ ။

ဤဥပနိဿယပစ္စည်းကိုအကျဉ်းချုပ်အားဖြင့်ပြဆိုမှုကား။ဤဥပနိဿယပစ္စည်းမှတပါးသော ၂၃-ပစ္စည်းတို့သည်ရှိကြကုန်၏။ထို ၂၃-ပစ္စည်းတို့၏အရာအချက်တို့ကိုချန်လှပ်၍။လောက၌ အကြောင်းအကျိုးအဖြစ်ဖြင့်ဆက်ဆံသမျှ အလုံးစုံတို့ကို။ ဤဥပနိဿယပစ္စည်း၏အရာအချက်ချည်းဟူ၍ မှတ်ရာ၏။ ။၂၃-ပစ္စည်းတွင်လည်း၊ အာရမ္မဏာဓိပတိပစ္စည်းမျိုး၊အနန္တရပစ္စည်းမျိုး။ဗလဝဖြစ်သောနာနက္ခဏိကကမ္မပစ္စည်းမျိုးတို့ကိုလည်း။ဤဥပနိဿယပစ္စည်း၌သိမ်းကြုံးလျက်ရှိကြ၏။ ။ဤတွင်ရွေ့ကား။ပဋ္ဌာန်းပစ္စည်း ၂၄—ပါး တို့ကို။ ပစ္စယကိစ္စ၊ ပစ္စယသတ္တိတို့နှင့်တကွပြဆိုခြင်းတည်း။

---

## (၂၄) ပစ္စည်းတို့၏ပေါင်းစုနည်းကိုပြဆိုပေအံ့။

၁။ သဟဇာတမျိုး။ ၂။ ပုရေဇာတမျိုး။ ၃။ ပစ္ဆာဇာတမျိုး။ ၄။အနန္တရမျိုး။ ၅။ ။နာနက္ခဏိကကမ္မမျိုး။ ၆။ အာရမ္မဏမျိုး ၇။ ပကတူပနိဿယမျိုး ဟူ၍။ ခုနစ်မျိုးရှိ၏။ ။ထိုတွင်။ ၁။သဟဇာတမျိုးသည်ကား။ပစ္စည်းနှင့်ပစ္စယုပ္ပန် အတူတကွဖြစ်ကြသောပစ္စည်းမျိုးပေတည်း။ထိုသဟဇာတပစ္စည်းသည်။ သဟဇာတကြီးလေးပါး။ သဟဇာတလပ်လေးပါး။သဟဇာတ

www.dhammaransi.com



ငယ်—ခုနစ်ပါးဟူ၍။ ၁၅-ပါးရှိ၏။ရုပ်အာဟာရပစ္စည်းနှင့်။ ရုပဇီဝိတပစ္စည်းနှစ်ပါးတို့ကိုလည်း။သဟဇာတမျိုး၌ပင် ထည့်သွင်းခဲ့ပြီ။ ဤသဟဇာတမျိုးသည်။ပစ္စုပ္ပန်ပစ္စည်းမျိုးပေတည်း။ ။

၂။ ပုရေဇာတမျိုးဆိုသည်ကား၊ပစ္စည်းတရားက၊ အဖြစ်အလျင်ကျ၍ဌီသို့ရောက်သဖြင့်အားရှိသောအခါမှ။ပစ္စယုပ္ပန် တရားကိုဖြစ်ပေါ်စေနိုင်သောပစ္စည်းမျိုးပေတည်း၊ ထိုပုရေဇာတမျိုးသည်၊ဝတ္ထုပုရေဇာတမျိုးခြောက်ပါး။ အာရမ္မဏပုရေဇာတမျိုး ၇-ပါးဟူ၍။ ၁၃—ပါးရှိ၏။ ဤပုရေဇာတမျိုးသည်လည်း။ ပစ္စုပ္ပန်ပစ္စည်းမျိုးပေတည်း။

၃။ ပစ္ဆာဇာတမျိုးဆိုသည်ကား။ပစ္စည်းတရားက အဖြစ်နောက်ကျ၍။ရှေးခဏကဖြစ်၍လာခဲ့သောပစ္စယုပ္ပန်ကို။မိမိနှင့်တွေ့ဆုံကြသောအခါ။ ထောက်ပန့်မှုနှင့် ကျေးဇူးပြုသော ပစ္စည်းပေတည်း။ထိုပစ္စည်းမျိုးသည် လေးပါးရှိ၏။ဤပစ္ဆာဇာတမျိုးသည်လည်း။ ပစ္စုပ္ပန်ပစ္စည်းမျိုးပေတည်း။

၄၊ အနန္တရမျိုးဆိုသည်ကား။ရှေးပစ္စည်းတရားနှင့်နောက်ပစ္စုပ္ပန်တရား၏အကြားမှာ။အခြားမရှိစေမူ၍။ တစဉ်တည်း—တဆက်တည်း၊တခုချုပ်လျှင်တခုဖြစ်ပေါ်စေနိုင်သောပစ္စည်းမျိုးပေတည်း။ထိုပစ္စည်းမျိုးသည်ခြောက်ပါးရှိ၏။ဤအနန္တရမျိုးသည်အတိတ်ပစ္စည်းမျိုးပေတည်း။

၅၊ နာနက္ခဏိကကမ္မပစ္စည်းဆိုသည်ကား။ရှေးရှေးနှစ်မှဖြစ်ပြီး၍။ရင့်မာအောင်မြင်ခဲ့ကြပြီးလျှင်၊ နောက်နောက်နှစ်၌။ မိုးစပါးဥယျာဉ်နှင့် ပေါင်းမိမှ—အပင်သစ်တို့ကို ပေါက်ဖွားကြကုန်သောမျိုးစေ့တို့ကဲ့သို့။ရှေးရှေးဘဝတို့၌ ဒုစ္စရိုက်ကံ၊သုစရိုက်ကံတို့နှင့်အောင်မြင်စွာဖြစ်ခဲ့ကြကုန်ပြီးလျှင်နောက်နောက်ဘဝတို့၌မိမိအကျိုးပေးနိုင်ရန်အကြောင်းအခွင့်များနှင့်ပေါင်းမိမှ။ ဘဝသစ်တို့ကိုဖြစ်စေနိုင်သောပစ္စည်းမျိုးပေတည်း။ ,ထိုပစ္စည်းသည် ဗလဝ,ဖြစ်ခဲ့သော်။ဥပနိဿယပစ္စည်း၌လည်းပါဝင်၏။ဒုဗ္ဗလ,ဖြစ်ခဲ့သော်

www.dhammaransi.com



ကမ္မ,သက်သက်သာဖြစ်၏။ဤကမ္မပစ္စည်းလည်း အတိတ်ပစ္စည်းမျိုးပေတည်း။

၆။ အာရမ္မဏာမျိုးဆိုသည်ကား။ ကုန်းရိုး-ကုန်းပြင် ကျသောအရပ်ဒေသတို့၌။ နွေလအခါ။လိပ်မျိုး—ဘားမျိုး အငရှိကုန်သောသတ္တဝါမျိုးတို့သည်၊အနည်းငယ်မျှသောရေအတွင်း။ မြေအတွင်းမှာကျဉ်းကြပ်စွာခိုအောင်း၍နေကြရကုန်၏။ မိုးဦးကျသောအခါ။သည်းထန်စွာရွာသောမိုးရေမိုးပွင့်တို့သည်။ ထိုသတ္တဝါမျိုးတို့ကိုကျဉ်းမြောင်းရာမှထွက်ပေါက်ွနဲ့မြူး ပွါးများကြစေရန်။လွှန်စွာကျေးဇူးပြုနိုင်ကြသကဲ့သို့၊ စိတ်စေတသိက်တရားတို့ကို လွှန်စွာဖြစ်ပေါ်ကွန့်မြူးပွါးများစေနိုင်သော ပစ္စည်းမျိုးပေတည်း။ ထိုပစ္စည်းမျိုးသည်။(ဂ) ပစ္စည်းဆိုင်၏၊ ဤအာရမ္မဏာမျိုးသည်။အတိတ်,အနာဂါတ်,ပစ္စုပ္ပန်,ကာလဝိမုတ် လေးမျိုးဆိုင်၏။

၇။ ပကတူပ နိဿယမျိုး ဆိုသည်ကား။ တခြားသောပစ္စည်းမျိုးတို့မှအလွတ်ဖြစ်သော အကြောင်းအကျိုး ဆက်ဆန်ခြင်းတို့ကို၊ အကုန်သိမ်းကြုံးနိုင်သောပစ္စည်းမျိုးပေတည်း။ ဤပကတူပနိဿယသည်လည်း ။အတိတ်,အနာဂတ်,ပစ္စုပ္ပန်,ကာလဝိမုတ်,လေးပါးဆိုင်၏။ ။ဤသဟဇာတမျိုးအစရှိသည်တို့ကို၊ ရှေး၌လည်းအသီးအသီးပြဆိုခဲ့ပြီး။

ပစ္စည်း(၇)ပုံရနည်းပြီး၏။

---

တနည်းအကျဉ်းချုန်းနည်းကား။

(၁) အဓိပတိပစ္စည်းမျိုး။(၂) နာနက္ခဏိက-ကမ္မပစ္စည်းမျိုး။(၃) အာရမ္မဏာပစ္စည်းမျိုး။(၄) ဥပနိဿယပစ္စည်းမျိုးဟူ၍ အကျဉ်းအားဖြင့် လေးပါးသာရှိ၏။ ။ရှေ့(၇)မျိုးတို့တွင်။ သဟဇာတမျိုး။ ပုရေဇာတမျိုး။ ပစ္ဆာဇာတမျိုး။ ဤသုံးမျိုးတို့သည်။ ပစ္စည်းတရားလည်းရှိနေဆဲ။ ပစ္စယုပ္ပန်တရားလည်းရှိနေဆဲ၌သာ။

www.dhammaransi.com



ပစ္စည်းပစ္စယုပ္ပန်ဆက်ဆန်ကြသော ပစ္စည်းမျိုးဖြစ်ကြ၍။ အတ္ထိပစ္စည်း၌အကျုန်သက်ဝင်ကြကုန်၏။ ၄၅(၇)မျိုးတို့တွင်။အနန္တရမျိုးသည်။ဥပနိဿယ၌ဝင်၏။ ။၄၅(၇)မျိုးတို့တွင်။ နောက်ဆုံးသုံးမျိုးတို့သည်။ဤစတုက္ကနည်း၌နောက်သုံးမျိုးဖြစ်ကြကုန်၏။

## ပစ္စည်း(၄)ပုံရနည်းပြီး၏။

---

အဘိဓမ္မတ္ထသင်္ဂဟကျမ်း ပစ္စည်းပိုင်း၌။ ။သဝေနာမန္တံ နာမဿ။ချိသောနှစ်ဂါထာအရပစ္စည်း(၆)ပုံရနည်းကား၊

(၁) နာမ်ပစ္စည်း။ နာမ်ပစ္စယုပ္ပန်ခြောက်ပါး။ (၂) နာမ်ပစ္စည်း။ရုပ်ပစ္စယုပ္ပန်ငါးပါး။ (၃) နာမ်ပစ္စည်း။ ရုပ်ပစ္စယုပ္ပန်တပါး။(၄)ရုပ်ပစ္စည်းနာမ်ပစ္စယုပ္ပန်တပါး၊ (၅) နာမ်,ရုပ်,ပညတ်ပစ္စည်း။နာမ်ပစ္စယုပ္ပန်နှစ်ပါး။ (၆) နာမ်,ရုပ်ပစ္စည်း။ နာမ်ရုပ်ပစ္စယုပ္ပန်ကိုးပါး။ ။

ထို(၆)ပုံရတွင်။ ။(၁) နာမ်ပစ္စည်း။နာမ်ပစ္စယုပ္ပန်ခြောက်ပါးဆိုသည်ကား။အနန္တရခြောက်မျိုးဟု အထက်ကပြဆိုခဲ့ရာ၌။ ဥပနိဿယပစ္စည်းမျိုးကိုနှုတ်၍။ သမ္ပယုတ္တပစ္စည်းကိုထည့်သော် နာမ်ပစ္စည်း၊နာမ်ပစ္စယုပ္ပန်ခြောက်ပါးဖြစ်၏။ ထိုပစ္စည်းခြောက်ပါးတို့မှာ။ရုပ်,နိဗ္ဗာန်,ပညတ်မဆိုင်လေပြီ။

(၂) နာမ်ပစ္စည်း။ရုပ်ပစ္စယုပ္ပန်ငါးပါးဆိုသည်ကား။ဟေတုတပါး။ကမ္မတပါး။ဝိပါကတပါး။ဈာနတပါး။မဂ္ဂတပါး။ဤငါးပါးပေတည်း။

(၃) နာမ်ပစ္စည်း။ ရုပ်ပစ္စယုပ္ပန်တပါးဆိုသည်ကား။ပစ္ဆာဇာတပစ္စည်းပေတည်း။

(၄) ရုပ်ပစ္စည်း။နာမ်ပစ္စယုပ္ပန်တပါးဆိုသည်ကား။ ပုရေဇာတပစ္စည်းပေတည်း။

www.dhammaransi.com



(၅) နာမ်,ရုပ်,ပညတ်ပစ္စည်း။ နာမ်ပစ္စယုပ္ပန် နှစ်ပါးဆိုသည်ကား။အာရမ္မဏပစ္စည်း၊ ဥပနိဿယပစ္စည်း။ ဤနှစ်ပါးပေတည်း။

(၆) နာမ်ရုပ်ပစ္စည်း၊ နာမ်ရုပ်ပစ္စယုပ္ပန်ကိုးပါး ဆိုသည်ကား။အဓိပတိတပါး။သဟဇာတ-တပါး။အညမညတပါး။ နိဿယတပါး။ အာဟာရတပါး။ဣန္ဒြိယတပါး၊ ဝိပ္ပယုတ္တတပါးအတ္ထိတပါး၊အဝိဂတ-တပါး။ ဤကိုးပါးပေတည်း၊ ဤကိုးပစ္စည်းတို့သည်အသီးအသီးပစ္စည်းဘက်၌လည်း။ နာမ်ရုပ်နှစ်ပါးရှိကြကုန်၏။ပစ္စယုပ္ပန်ဘက်၌လည်း။နာမ်ရုပ်နှစ်ပါးရှိကြကုန်၏။

ဤတွင်ရွေ့ကား(၂၄)ပည်းပုံရနည်းပြီး၏၊

---

မှာထားချက်။

လန်ဒန်ပါဠိဒေဝိ၏အမေးပုစ္ဆာဖြေကြားချက်ကြီးကို။ ပထမအကြိမ်ရိုက်။ "လယ်တီပုစ္ဆာအဖြေပေါင်းချုပ်ကျမ်း"ကြီးတွင်။ ထည့်သွင်းဘော်ပြခဲ့သည်မှာ။ တပိုင်းတပြစ်မျှသာဖြစ်ကြောင်း၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဖြေကြားချက်၊ ကော်ပိမူများကိုရှာဘွေစစ်ဆေးကာလ။ အစအဆုံးဆရာတော်ဘုရားကြီးလက်ရေးကော်ပိမူကို။ တွေ့ရှိသည့်အတိုင်း။ ဤဒုတိယအကြိမ်ရိုက်နှိပ်သော။"လယ်တီပုစ္ဆာအဖြေပေါင်းချုပ်" ကျမ်းကြီးတွင်။ နောက်ထပ်ဖြည့်စွက်ဘော်ပြရသည်ဖြစ်ကြောင်း။

လယ်တီဦးဝဏ္ဏိတ၊
၁၂၀၇-ခု။တပေါင်းလဆန်း
(၁၅)ရက်နေ့၊

www.dhammaransi.com



တောင်ပိုင်းရှမ်းပြည်-စကားမြို့။
ဒကာတော်စော်ပွါးကြီးက။ကျေးဇူးတော်ရှင်-မုံရွာမြို့။
လယ်တီဆရာတော်ဘုရားကြီးထံလျှောက်လွှာ။

ဘုရားတပည့်တော်-စကားမြို့။ ဒကာတော် စော်ပွါးကြီးက။ ရိုသေလေးမြတ်စွာလျှောက်ထားပါသည်။ ကျေးဇူးတော်ရှင်-ဆရာသော်မြတ်ကြီးဘုရား။ လျှောက်ထားရန် အကြောင်း ထူးမှာ။ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ရေးထုတ်နှုတ်တော်မူသည့်။အမျိုးမျိုးသော ကျမ်းစာများကို။ ဘုရားတပည့်တော် ဝါသနာ အလျောက်လေ့လာကြည့်ရှုရာ။ဆရာတော်ဘုရားကြီး၏ဂုဏ်ကျေးဇူးကြောင့်အနည်းငယ်သိရှိရိုင်မိပါ၏ဘုရား၊ ဉာဏ်မမှီ၍ဝိဝါဒမကွဲသည့်အချက်မှာအောက်ပါအချက်များဖြစ်ပါသောကြောင့်။ဘုရားတပည့်တော်တို့စိတ်ဒွိဟကင်းရှင်းပါရအောင်။ သနားတော်မူပါသဖြင့်။ဥပမာအမျိုးမျိုးနှင့် ဖြေကြားတော်မူပါမည့်အကြောင်းကို။ရိုသေစွာလျှောက်ထားအသနားတော်မြတ်ခံပါသည်။ ကျေးဇူးတော်သခင်အရှင်မြတ်ကြီးဘုရား။

(၁) ငယ်စဉ်အခါကသည်း။ကံ,စိတ်,ဥတု, အာဟာရနှင့်) ဖြစ်ကြပါသည်။ ကြီး,လာလည်းဒုင်းအတိုင်းပင်ဖြစ်ပါသည်။ (၂ ငယ်စဉ်အခါကလည်း။ဇာတိကဇာတိ,ဇရာ,မရဏ,ဥပါဒ်, ဌီ,ဘင်နှင့်ဖြစ်ကြပါသည်။ကြီးလာလည်းဒုင်းအတိုင်းပင်ဖြစ်ပါသည်။(၃) သို့ပါလျက်၊ဘုရားတပည့်တော်တို့ လူများသည်။ မည်သည့် အတွက်ကြောင့် အို-ရကြောင်းကို သိလိုပါသည်ဘုရား။

ဒကာတော်-စကားစော်ဘွားကြီး။

အထက်လျှောက်လွှာ။အခိုပါတောင်ပိုင်းရှမ်းပြည်စကားမြို့ ဒကာတော်-စော်ဘွားကြီးမဟာရာဇာ၏အမေးပုစ္ဆာကိုလယ်တီ ဆရာတော်ဘုရားကြီးကဖြေဆိုချက်။

www.dhammaransi.com



သတ္တဝါတို့၌တေဇောဓာတ်လေးပါးရှိကြောင်းကို ပါဠိတော်၌လာရှိ၏။လေးပါးဆိုသည်ကား။ (၁) သန္တပ္ပနတေဇော။ (၂) ဒါဟတေဇော၊ (၃) ဇိရဏတေဇော။ (၄) ပါစကတေဇော။ ဤလေးပါးတည်း။ထိုလေးပါးတို့တွင်။ သန္တပ္ပန တေဇောဆိုသည်ကား။ရက်ဆက်ရက်ခြားဖျားခြင်းအစရှိသည်ဖြင့် အလွန်ပူသောတေဇောပေတည်း။ ။ဒါဟတေဇောဆိုသည်ကား။ကျောက်နာ။ဝက်သက်နာ၊ဝက်ခြင်နာအစရှိသည်ဖြင့် ပကတိအသွေးအသားတို့ကို။သွေးပုပ်ပြည်ပုပ်ဖြစ်အောင် လောင်တတ်သော တေဇောပေတည်း။ဇိရဏတေဇောဆိုသည်ကား။ ၊ဆံဖြူခြင်း၊ သွားကျိုးခြင်း။အရေတွန့်ခြင်း။မျက်စိနားစသောအင်္ဂါတို့၏ဆုတ်ယုတ်ခြင်း။အားခွန်ဗလလျော့ပါးခြင်းစသည်ဖြင့်။အိုချိန်ကျလျှင် အိုရုပ် ပေါ်အောင်လောင်တတ်သောတေဇောပေတည်း။ပါစကတေဇောဆိုသည်ကား၊စားအပ်မျိုအပ်သောအစာအာဟာရတို့ကိုကြေကျက်စေတတ်သောတေဇောပေတည်း။အထက်ဖြေကြားချက်လွှာတွင်(၁) ငယ်စဉ်အခါ၌လည်း။ ကံ,စိတ်,ဥတု, အာဟာရနှင့် ဖြစ်ကြပါသည်၊ ကြီးလာလည်း ၎င်းအတိုင်း ဖြစ်ပါသည်၊ (၂) ငယ်စဉ်အခါကလည်း။ ဓာတ်လေးပါး အဋ္ဌကလာပ် ရုပ်ရှစ်ပါးနှင့် ဖြစ်ကြ ပါသည်။ ကြီးလာလည်း ၎င်းအတိုင်းပင် ဖြစ်ပါသည်။ (၃) ငယ်စဉ် အခါကလည်း။ ခဏိက ဇာတိ, ဇရာ, မရဏ, ဥပါဒ်,ဌီ,ဘင်နှင့်ဖြစ်ကြပါသည်။ ကြီးလာလည်း။ ၎င်းအတိုင်းပင် ဖြစ်ပါသည်။ (၄) သို့ပါလျက် တပည့်တော်တို့ လူများသည်။ မည်သည့်အတွက်ကြောင့် အိုရကြောင်းကို သိလိုပါသည် ဟူသောပုစ္ဆာလေးချက်၌အဖြေကား။ပြဆိုပြီးသော တေဇောလေးပါးတို့တွင်။ဇိရဏတေဇော,လောင်မှုကြောင့်အိုရသည်ဟု မှတ်ရမည်။ ။ထိုတေဇောသည်။ ဇာတိမီး, ဇရာမီး, မရဏမီး, ဟူသော သုံးပါးတို့တွင်။သင်္ခတဇရာမီးကိုလွန်စွာတောက်ပစေနိုင်၏။မြက်ပင်မျိုး။ ကောက်ပေါးမျိုး။ သစ်ပင်မျိုး၊ ချုံနွယ်မျိုးတို့၌။

www.dhammaransi.com



ရင့်ချိန်ကျလျှင်ရင့်ရခြင်း၊အိုချိန်ကျလျှင်အိုရခြင်းများသည်လည်း။ ထိုဗီရဏတေဇောဓာ၏လောင်မှုပေတည်း။ မီး,နှစ်ပါးတို့၏ အထူးကား၊ပူလောင်မှုသည်။ ဗီရဏတေဇောမီးပေတည်း။ ပူလောင်သည့်အတွက်။အပူလောင်ခံရသော ဝတ္ထုတို့၌ ဆုတ်ယုတ်လျော့ပါးဖေါက်ပြန်၍သွားမှုသည်။ဇရာမီးပေတည်း။ ကံ, စိတ်, ဥတု, အာဟာရဟူသောအကြောင်းတရား လေးပါး ရှိသည်တွင်။ အကြင်အခါ။ကမ္ဘာနေလူအပေါင်းတို့၌။ကောင်းသောစိတ်သည်ပွါးစီး၏။ထိုအခါ ဗဟိဒ္ဓသန္တာန်၌။ မြေ,ရေ, တော,တောင်, နေ,လ, နက္ခတ်,တာရာတို့မှဖြစ်ကုန်သောဥတုအာဟာရတို့သည်။ အလွန်နှစ်သိဖွယ်ဇာနှင့်ပြည့်ရုံကုန်၏။သတ္တဝါတို့သန္တာန်၌။ဥတုအာဟာရတို့၏အထောက်အပံ့ကိုခံရသော ဇီဝိတိန္ဒြေစသောကမ္မဇရုပ်တရားတို့သည်။အလွန်ထက်သန် ရွှင်လန်းကုန်၏။ ဗီရဏ တေဇောမပွ ါးစီးနိုင်ရှိ၏။သတ္တဝါတို့အသက်ရှည်ကြကုန်၏။ တက်ကပ်အလားပေတည်း။

အကြင်အခါ။ကမ္ဘာနေလူအပေါင်းတို့၌။ မကောင်းသောစိတ်သည်ပွါးစီး၏။ ထိုအခါ။ဗဟိဒ္ဓသန္တာန်၌။မြေ။ရေ။ တော။တောင်။ နေ၊လ။နက္ခတ်၊ တာရာတို့ဖြစ်ကုန်သော။ ဥတုအာဟာရတို့သည်။ နှစ်သိကုန်ခန်း။ကြမ်းထမ်းကုန်၏။သတ္တဝါတို့၏သန္တာန်၌။ထိုဥတုအာဟာရတို့၏ အထောက်အပံ့ကိုခံရသော။ ဇီဝိတိန္ဒြေစသောကမ္မဇရုပ်တရားတို့သည်အလွန်နုံ့နဲ့ ညှိုးနွမ်းကုန်၏၊ဗီရဏတေဇောပွါးစီးနိုင်၏၊သတ္တဝါတို့အသက်တိုကြကုန်၏။ ဆုတ်ကပ်အလားပေတည်း။

သတ္တဝါတို့ အရွယ်သုံးပါးရှိသည်တွင်၊ ပဌမအရွယ်၌ ရုပ်တရားတို့သည်တိုးပွါးကုန်၏။ဒုတိယအရွယ်၌တိုးပွါးပြီးသည်အတိုင်းတည်နေကုန်၏။တတိယအရွယ်၌ဆုတ်ယုတ်၍သွားကုန်၏၊ ဤကား ဓမ္မတာပေတည်း။ ။ထိုတွင်၊ တိုးပွါးသောအခါ၌။ အစဉ်တခုသောဥတု၊တခုသောအာဟာရမှ။ ရုပ်ကလာပ်ပေါင်းအ·

www.dhammaransi.com



နည်းငယ်မျှသာပွါး၏။ထို့ထက်အားရှိလာသောအခါ။ တခုသော ဥတု။တခုသောအာဟာရမှ။ ရုပ်ကလာပ်ပေါင်းအမြောက်အများ ပွါးစီး၍လာ၏။အဆင့်ဆင့်အားရှိသည့်ထက်အားရှိလေလေ။ ရုပ် ကလာပ်အပွါး များသည့်ထက် များလေလေဖြစ်၏။ ။ဤကား ပထမအရွယ်၌ရုပ်တရားတို့၏တိုးပွါးပုံတည်း။

ဒုတိယအရွယ်၌ကား။အတိုးအပွါးရပ်၍တိုးပွါးပြီးသော အ တိုင်း။အစဉ်ဖြစ်ပွါး၍နေလေ၏။တတိယအရွယ်၌ကား။ တိုးပွါး ပြီးတိုင်းအစဉ်ပွါး၍နေရာမှအစဉ်အတိုင်းရုပ်ကလာပ် ပွါးမှုဆုတ် ယုတ်၍သွားလေ၏။ရုပ်ကလာပ်ပွါးမှုကုန်ဆုံး၍ သွားသောအခါ။ ထိုအစဉ်ချုပ်ကွယ်၍သွားလေ၏။စိတ္တဇရုပ်ကမ္မဇရုပ်တို့ သည် လည်း။ ဥတုဇရုပ်။ အာဟာရရုပ်တို့နှင့်အတူတိုးပွါးလျှင်တိုးပွါး ခြင်း။တည်လျှင်တည်ခြင်း။ဆုတ်ယုတ်လျှင်။ဆုတ်ယုတ်ခြင်းရှိကြ ကုန်၏။ ဤကားမည်သည့်အတွက်ကြောင့်။ အိုရကြောင်းကိုသိ လိုပါသည်ဟူသောအမေးကိုဖြေဆိုချက်။

ဇိဏ္ဏရထာတော်ဖော်ကို။အဘယ်ဆေးဝါးဓါတ်စာများနှင့် ကွယ် ကာထားဆီးနိုင်ပါသနည်းဟူမူ။ငွေဓါတ်,ရွှေဓါတ်,သံဓါတ်,ပြဒါး ဓါတ်တို့ကို ဝိဇ္ဇာမယလုပ်ရတ်လမ်းတို့ဖြင့်။ ကောင်းစွာ စီရင် အောင်မြင်ထမြောက်ပြီးသောဓါတ်ပြဲဆေးဝါးများသည်။ ထိုဇိ ရဏာသော်ဖော်ကိုတားဆီးကာကွယ်နိုင်၏။ ။ထို့ကြောင့်၊နေတ္တိ ပါဠိတော်၌။ ။သက္ကတော၀ဇရာယ ပဋိကမ္မံကာတုံ့ဟု လာ ၏။ ။ဇရာယ။အိုခြင်းတရားကို။ ပဋိကမ္မံ။ မအိုရအောင်တား ဆီး ကာကွယ်မှုကို။ကာတုံပြုခြင်းငှါ။သက္ကတော၀၊ တတ်ကောင်း သည်သာလျှင်တည်း။ ။ ၎င်းပါဠိတော်အနက်။

ဝိသုဒ္ဓိမဂ်မဟာဋီကာ၌လည်း၊

ရသာယနဘေသဇ္ဇံ့ပန်။သုစိရံပိကာလံဇိဝိတံ

ပဝတ္တေတုံသက္ကောတိ၊ ။ဟူ၍လည်းလာ၏။

www.dhammaransi.com



ရသာယနဘေသဇ္ဇံပန။ရသာယနဆေးမျိုးသည်ကား။ သုစိရံပိကာလံ။ အလွန်ရှည်မြင့်စွာသော ကာလတိုင်အောင်လည်း၊ ဇီဝိတံ။ အသက်ကို။ပဝတ္တေတုံ။ တည်စေခြင်းငှါ။ သက္ကောတိ။ တတ်နိုင်၏။ဤကား၊ ရင်းမဟာဋီကာအနက်။ ။တရာတမ်းမှာ ပင်တသထောင်ရှည်အောင်။တသောင်းရှည်အောင်တတ်နိုင်၏ ဟူ လို။ရသာယနဆေးဆိုသည်ကား၊ အထက်၌ပြဆိုခဲ့ပြီးသောဓါတ် ပြာကြီးပွါးမှုပေတည်း။ ဒဗ္ဗဂုဏဆေးကျမ်းများ၊ သာရကောမုဒီ ဆေးကျမ်းများတွင်လည်း၊ ရသာယနဆေးအမျိုးမျိုးတို့လာရှိ၏။ ဓါတ်ပြာကြီးလုပ်လမ်းများသည်၊ သာသနာတော်ထမ်း။ ရဟန်း တော်များ၏ လုပ်ငန်းမဟုတ်။ကံရိုး,ဉာဏ်ရိုး,ဝိရိယရိုးများ၏ အ လုပ်မျိုးမဟုတ်၊ ကံထူး,ဉာဏ်ထူး,ဝိရိယထူးများ၏ အလုပ်ပေ တည်း။

ဤတွင်-ကမ္မဇပုစ္ဆာအဖြေပြီး၏။

---

# မုံရွာမြို့။
# ကျေးရှူးရှင် လယ်တီဆရာတော်ဘုရားထံ

သန်ဒန်ပါဠိဒေဝီကလျှောက်ထားချက်။

ဘုရားတပည့်တော်၏ သင်္ဂြိုဟ်စာအုပ် မျက်နှာနံပါတ် ၄၂ တွင်၊သညာစေတသိက်သည်၊နောင်မှတ်မိသိရှိစေခြင်းငှါအမှတ် ကိုပြုသည်၊ရင်းအမှတ်သညာသည်၊ရှေးစိတ္တုပ္ပါဒ်နှင့် ချုပ်လေပြီ။ ပြုအပ်သောအမှတ်သည်လည်း။ ထိုအာရုံနှင့်တကွ ချုပ်လေပြီ၊ နောက်အသစ်အသစ်ဖြစ်သောစိတ္တုပ္ပါဒ်သည်၊ အသစ် အသစ်ဖြစ် သောအာရုံကိုချုပ်လေပြီးသောအာရုံကဲ့သို့ပင်၊ ထင်မှတ်ခြင်းငှါ အနန္တရာဒိပစ္စည်းလေးပါးကို အရိပ်အမြွက်မျှဘော်ပြလျက် ပါရှိ လေသည်ကိုအကျယ်ချဲ့စေလိုပါကြောင်း။

www.dhammaransi.com



သညာစေတသိက်သည်။နောင်မှတ်မိသိရှိစေခြင်းငှါ။ အမှတ်ကိုပြုသည်။ထိုဝတ္ထုကိုနောက်တခါတွေ့မြင်လျှင်။ ဘယ်ဝတ္ထုတဲ့ဟူ၍အမည်နှင့်တကွပြောနိုင်သည်။ ။ဤအရာမှာ။ ရှေးအမှတ်ပြုစဉ်အခါ၊ထိုဝတ္ထုရုပ်၌ရုပ်တရားရကားတခြား။နောက်တွေ့မြင်စဉ်အခါ။ရုပ်တရားရကားတခြား။ရှေ့ရုပ်တရားရနှင့် ရှေ့အမှတ်ပြုသောသညာရှေး၌ချုပ်လေပြီ။နေ့တခါတွေ့မြင်၍ဘယ်ဝတ္ထုတဲ့ဟုမှတ်မိသိရှိစဉ်အခါ။ထိုဝတ္ထု၌ရှိနေသောရုပ်တရားရနှင့်၊ မှတ်မိသိရှိကြသောစိတ္တုပ္ပါဒ်ရကား၊နောက်မှအသစ်ဖြစ်ပေါ်ကြသောရုပ်သစ်များ,စိတ္တုပ္ပါဒ်သစ်များ ဖြစ်ကြ၏။ ထိုစိတ္တုပ္ပါဒ် သစ်များသည်။ရှေ့ရုပ်တရားရကိုမသိနိုင်ရာ။ ရှေ့ရုပ်တရားရကို မသိနိုင်လည်း၊ရှေ့ဝတ္ထု‌ကိုပြန်၍မမှတ်မိမသိရှိနိုင်ရာ။ပြန်၍မမှတ်မိ မသိရှိနိုင်လျှင်လည်း။နောင်မှတ်မိသိရှိစေခြင်းငှါ။အမှတ်ပြုသော ရှေ့သညာသည်၊ အကျိုးမရှိအချည်းနှီးသာဖြစ်ရာ၏၊ ရှေ့သညာအချည်းနှီးဖြစ်လျှင်လည်း။ဤလောကမှာမိမိ၏အမည်ကိုပင်မိမိမသိနိုင်သူဟူ၍။တစုံတယောက်မျှမရှိလေရာ။ ။ဤကား။ အမေးစကား၏အဓိပ္ပါယ်ပေတည်း။

အဖြေကား။ ။လောက၌အချို့သောသူတို့က။ ဤအမေးကိုဤသို့ဖြေကြကုန်၏။ရှေ့ရုပ်ရနှင့်ရှေ့ဝတ္ထုကို။နောက်ဖြစ်စိတ္တုပ္ပါဒ်ရကပြန်၍မှတ်မိသိရှိနိုင်သည်မှာအတ္တ၏အစွမ်းပေတည်း။ ရုပ်တရား။နာမ်တရားရများမှာရှေ့အမှတ်ပြုစဉ်အခါ၌တခြား။နောက်ထိုအမှတ်အတိုင်းသိရှိစဉ်အခါ၌တခြားစီပင်ဖြစ်သော်လည်း။အတ္တသည်မူကား တခြားစီမဟုတ်၊ ရှေ့အခါ၌လည်း ထို အတ္တပင်နောက်အခါ၌လည်းထိုအတ္တပင်ဖြစ်၍။ထိုအတ္တသည်နောက်အခါ၌။ဒိဋ္ဌသက်သေဖြစ်လေ၏။ ။ဤသတ္တဝါတို့၏ ကိုယ်ခန္ဓာနှိုက်အတ္တဟူ၍အသီးအခြားရှိကြောင်းမှာလည်း။ ဤရှေ့နှိုက်အမှတ်ပြုခဲ့၍။ နောက်နှိုက်ထိုရှေ့အမှတ်အတိုင်း သိမှုသည်၊ ခိုင်လုံသောသက်သေကြီးပေတည်းဟူ၍။ အတ္တဝါဒီပုဂ္ဂိုလ်တို့က ဖြေဆိုကြကုန်၏။

www.dhammaransi.com



အနတ္တဝါဒီပုဂ္ဂိုလ်တို့ကား၊ ဤသို့ဖြေဆိုကြကုန်၏၊ရှေ့နှိက်အခမှတ်ပြုမှုနှင့်နောက်နှိက်ထိုရှေ့အမှတ်အတိုင်းသိမှုသည်။ အတ္တ၏အစွမ်းမဟုတ်၊အတ္တဟူ၍မရှိ၊အနန္တရာဒိပစ္စည်းအစွမ်းပေတည်း အဘယ်သို့အနန္တရာဒိပစ္စည်း၏အစွမ်းဖြင့်၊ နောက်နှိက် သိခြင်းကိစ္စပြီးစီးနိုင်ပါသနည်းဟူမူကား။ အနန္တရာဒိ ဟူသောစကား၌ အနန္တရူပနိဿယပစ္စည်းလည်းပါဝင်သည်ဖြစ်၍၊ထိုပစ္စည်း၏အစွမ်းဖြင့်၎င်း။ထိုမှတပါးပကတူပနိဿယပစ္စည်း၏အစွမ်းဖြင့်၎င်း ပြီးစီးနိုင်လေသတည်း၊ ။ဤနှိက်၊အနန္တရူပနိဿယပစ္စည်း၊ပကတူပနိဿယပစ္စည်းတို့ အစွမ်းဖြင့်ပြီးစီးနိုင်ပုံကို။ ယခုဆရာတော်စီရင်သည့်ပဋ္ဌာနုဒ္ဒေသဒီပနီမှာပင် ဘွင့်ဆိုချက်ပါရှိလေ၏။ အဓိပ္ပါယ်ကိုပြဆိုအံ့။ ။ပစ္စည်းနှစ်ပါး၏အထူးကိုပြဆိုချက်မှာ၊ အနန္တရူပနိဿယပစ္စည်း၏အစွမ်းသည်နေ့အနန္တရစိတ္တုပ္ပါဒ်၌သာဖြန့်နှံ့၏။သို့ရာတွင်။ရှေ့စိတ်,နောက်စိတ်,အဆင့်ဆင့်အဆက်ဆက်အမွေပေး,အမွေခံ,အနေအားဖြင့်။ကာလတပါး တိုင်အောင်ဖြန့်နှံ့၍သွားသည်သာဖြစ်၏၊ ။ပကတူပနိဿယပစ္စည်း၏ အစွမ်းသည်မူကား။ထိုစိတ်အစဉ်မှာ၊ရှည်ဝေးစွာတိုင်အောင် ဖြန့်နှံ့နိုင်၏။ထင်ရှားစေအံ့။ယခုဘဝ၌။ရှေးရှေးသော ရက်,လ, နှစ်တို့၌ မြင်ခဲ့ဘူး၊ကြားခဲ့ဘူး။နံခဲ့ဘူး။လျက်ခဲ့ဘူး။တွေ့ထိခဲ့ဘူး။ သိမှတ်ခဲ့ဘူးသောအာရုံဟောင်းတို့သည်။နောက်ကာလ၌ ထိုအားလျော်သောအကြောင်းဆိုက်တိုက်လာခဲ့သော်၊အနှစ်တရာ, ကြာမြင့်မှသော်လည်း။ မနောဒွါရ၌ထင်လာကုန်၏၊ ငါသည်ရှေးအခါနှိက် ဤမည်သောအဆင်းကိုမြင်ဘူး၏၊ဤမည်သောအသံကို ကြားဘူး၏အစရှိသည်ဖြင့်။ဤသတ္တဝါတို့သည်အမှတ်ရနိုင်ကြကုန်၏။နတ်သိကြား၊ဗြဟ္မာအစရှိသော။သြပပါတိက သတ္တဝါတို့သည်ကား။ ရှေးဘဝကိုပင်အမှတ်ရနိုင်ကြကုန်၏။ ။ထို့အတူ လူတို့တွင်လည်း၊အချို့ကုန်သောဇာတိဿရဉာဏ်ကို ရကြကုန်သောသူတို့သည်၊ရှေးဘဝကိုပင်ပြန်၍သိနိုင်ကြကုန်၏။ ထိုအတူ ရှေးအခါ၌ အလွန်ထင်ရှားစွာမြင်ဘူး,ကြားဘူး,တွေ့ဘူး,ကြုံဘူး, ကုန်သော၊

www.dhammaransi.com



အသိမ်းမကသောအာရုံတို့ထဲက။နောက်ကာလ၌တရခုသောအာရုံကိုမြင်ကြရ, ကြားကြရသည် ရှိသော်။ ထိုစကားနှိက်ပင်လျှင်။ ထိုအသိမ်းမကသောအာရုံတို့ကို။မနောဝိဉာဏ်စိတ်သည်။တဖြိုင်နက်ကဲ့သို့ပြန်နှံ့နိုင်၏။ ဉပမာကား။

ဘိလပ်မြို့ကြီးနှိက်ကြီးပွါးသောသူသည်။ရန်ကုန်မြို့သို့ရောက်လာရာ။ရန်ကုန်မြို့၌ ဘိလပ်ဖြစ်အထည်ဝတ္ထုတခုခုကို မြင်လိုက်လျှင်။ဘိလပ်မြို့ရှိဝတ္ထုအာရုံအသိမ်းအသန်းတို့သည်။ထိုသူ၏စိတ်တွင်တဖြိုင်နက်ကဲ့သို့ထင်လာကုန်၏။ဤအတိုင်းပင်တည်း၊ ။ရှေး၌ထင်ရှားစွာမြင်ဘူး, ကြားဘူး,တွေ့ကြုံဘူးရာနှိက် ပါရှိသောအမှတ်သညာရသည်။ပကတူပနိဿယပစ္စည်း။ နောက်နှိက်ပြန်၍သိနိုင်သောစိတ္တုပ္ပါဒ်ရသည်။၎င်း၏ပစ္စယုပ္ပန်။ ။ပကတူပနိဿယပစ္စည်းဆိုသည်ကား။ ရှေးသညာမှတ်ချက် အားကြီးခဲ့သော်၊ နောင်အနှစ်တရာတိုင်မှသော်လည်း။ထိုစိတ်အစဉ်မှာ ထိုအမှတ်ပေါ်နိုင်၏။ နောက်ဘဝတပါးမှာပင်။ထိုအမှတ်ပေါ်နိုင်၏။နောက်စတုတ္ထအဖြေမှာ။ထိုပစ္စည်း၏ကျေးဇူးအထူးတင်ရှားလာလတ္တံ့။ ရှေး၌အမှတ်သညာများပြားလေလေ-စိတ်အသိ၏ပြန်နှံ့ခြင်းလျှင်မြန်ချက်ထင်သွားလေလေဖြစ်၏။ ။ဤသျှောက်ချက်နှိက် ရှေးသညာသည်လည်းချုပ်လေပြီ။ ရှေးရုပ်ရသည်လည်း ချုပ်လေပြီဟူသောစကားရပ်ဖြင့်။ချုပ်ပြီး၍မရှိသောတရားသည်။ ဘယ်တရားကိုကျေးဇူးပြုနိုင်မည်နည်းဟုဆိုလို၏။ထိုအဆိုမျိုးကိုပယ်ခြင်းငှါ။နတ္ထိပစ္စယော။ဝိဂတပစ္စယောကိုဟောပေ၏၊ ။ရှေးသညာနှင့်ရှေးရုပ်ရကားတခြား။နောက်စိတ္တုပ္ပါဒ်ရနှင့် နောက်ရုပ်ရကားတခြားဟူသောစကားရပ်ဖြင့်။ရှေးနှင့်နောက် တဦးတယောက်ထည်းဖြစ်မှသာလျှင်၊ရှေးနှိက်တွေ့ကြုံဘူးသည်ကို နောက်နှိက်ပြန်၍ သိနိုင်သည်ဟူသောလောကဒိဋ္ဌိကိုအခိုင်အမြဲပြု၍ မှတ်သူနှင့် သိသူရှေ့နောက်တခြားစီဖြစ်ခဲ့သော်၊ရှေ့အမှတ်ကို နောက်ကပြန်၍ မသိနိုင်ရာဟုစောဒနာလေသည်။ ။ရှေ့တခြား နောက်တခြားဆိုသည်မှာ။ပရမတ္ထတရားအလိုနှင့်ဆိုပေသည်။လောကသမ္မုတိအ

www.dhammaransi.com



လိုအားဖြင့်မူကား။ရှေ့သညာလည်း ထိုသူပင်။ နောက်စိတ္တုပ္ပါဒ်
လည်း ထိုသူပင်။ ရှေ့နှင့်နောက်တဦးတယောက်ထည်းပင်ဖြစ်ပေ
၍။ရှေ့နောက်တခြားစီဟူသောပရမတ်စကားနှင့်။ရှေ့နောက် တ
ဦးတယောက်ထည်းဟူသောလောကသမ္မုတိစကားသည်။ ဆန့်
ကျင်ကြသည်မဟုတ်။အကြောင်းမူကား။ ပရမတ္ထ တရားအလို။
လောကသမ္မုတိအလိုဟူ၍အဖြေ၀ိသေသနပါရှိပေပြီ။ ဤနိုက်။
သမ္မုတိသစ္စာ။ပရမတ္ထသစ္စာနှစ်ပါးခွဲနည်းအတိုင်း။အကျယ်ချဲ့ရာ
၏၊ ။အတ္တ၀ါဒီပုဂ္ဂိုလ်တို့၏အတ္တကိုသက်သေထား၍ဖြေကြား
ချက်သည်။လောကီဘုံသား,လူအများတို့၏စွဲလန်းရင်းအတိုင်းပင်
ဖြစ်ချေ၍။ဉာဏ်အထူးနှင့်ကြံရသည်မဟုတ်။အနတ္တ၀ါဒီပုဂ္ဂိုလ်တို့
၏ဖြေဆိုချက်၌မူကား။ပရမတ်ဓာတ်ခွဲမှုနှင့်ပစ္စည်းနှစ်ပါး၏ အရှိန်
အဝါပြန့်နှံ့မှုစိတ်တရား၏စိတ္တနိယာမပါဒ်သျှင်မြန်မှု။ဆန်းကြယ်မှု။
ကျယ်ပွါးမှုတို့သည်။နက်နဲသောဉာဏ်၏ဆိုင်ရာသာဖြစ်ကုန်၏။

ဩှောက်ချက်အဖြေပြီး၏။

---

ဘုရားတပည့်တော်တို့။စိတ်ဒွိဟ–မကင်း၍။
အလင်းကိုမသိရသောဒါယကာ–ဒါယိကာမ တရုတ်ကုလက်ရုံ
မိုး၍။ရှိခိုးလျှောက်ထားတောင်းပန်ကြပါသည်။

# လယ်တီဆရာတော်ကြီးဘုရား။

တပည့်တော်–တပည့်တော်မတို့အား။ အစဉ်သနားသည်ကို
အကြောင်းပြု၍၊အောက်နိုက်ဘော်ပြထားသောအချက်များကို။ငဲ့
ကွက်ခြင်းမရှိ။၀ိနည်းသိက္ခာပုဒ်တော်နှင့်အညီ။ အကျိုး အပြစ်ကို
ထင်ရှားသိသာကြစေရန်။အလုံးရ ံ အကုန် အဋ္ဌုပ္ပတ္တိနှင့် တကွ၊
ရှင်းလင်းအောင်အတိုကောက်ရေးသား၍၊ဖြေကြားဟောတော်မူ
မှ။စိတ်ဒွိဟကင်းကြပါမည်ဖြစ်ပါသောကြောင့်၊မနှောင့်မနှေး–ဖြေ

www.dhammaransi.com



ရှင်းအောင်၊အမြိုက်ဆေး—တိုက်ကျွေးတော်မူခဲ့စေလိုပါကြောင်း။ တောင်းပန်လျှောက်ထားကြပါသည်အရှင်ဘုရား။

၁။ လောကမာရဇိန်ဘုရားကြီးဝတ်တော်အတွင်း။ ရဟန်းများဝါကပ်သော်—မည်သို့အပြစ်။ အာပတ် သင့်-မသင့်ကိုသိလိုပါကြောင်း။

၂ လောကမာရဇိန်ဘုရားကြီးဝတ်အတွင်း။ရှင်ပွါးဆင်းတုတော်နှင့်ပလ္လင်ချင်းကျောခိုင်း၍။ရဟန်းတော်များသက်နီးဝတ်ရုံလျက် တရား ဟောသော်။ မည်သို့ အပြစ် အာပတ် သင့်ပါမည်နည်း။

၃၊ သာသနာမြေအပေါ်တွင်။ဂိုဏ်း,ဂဏ, သံဃာကြီးများထံကိုဖြစ်စေ၊မြို့လူကြီးများထံကိုဖြစ်စေ,မပန်ကြားဘဲ။ မည်သည့်အဆောက်အဦမျိုးမဆို။ ရဟန်းသံဃာတို့ ဆောက်လုပ်အံ့။ မအပ်ကိုသိလိုပါကြောင်း။

၄။ ၎င်းဆောက်လုပ်သော အဆောက်အဦးသည်၊ ရဟန်းသံဃာတော်ကိုယ်တိုင်တောင်းရမ်းပြုပြင်စီမံဆောက်လုပ်ပါက၊ ဆောက်လုပ်သောရဟန်းမှာ။ဘယ်လိုနေထိုင်မိသောရဟန်း သံဃာတော်များမှာ။ဘယ်လိုအပြစ်ရှိမည်ကိုသိလိုပါကြောင်း။

၅။အလှူဝတ်ဆယ်မျိုးအတွက်။အသုံးချရန်ဝတ္ထုငွေများကို။ဒါယကာ—ဒါယိကာမတို့ကရေစက်သွန်းချ၍လှူဒါန်းထားခဲ့ကြသောဝတ္ထုငွေများကို၊ ရဟန်း သံဃာတို့က သိမ်းပိုက်လက်ခံထားပြီးနောက်၊ထိုငွေများကိုအလှူဆယ်မျိုး စေ့အောင်သုံးစွဲခြင်းမပြုခဲ့ပါက။ထိုရဟန်းသံဃာများမှာ၊ ဘယ်လို အပြစ်။ ဘယ်လိုအာပတ်ထိုက်သင့်ပါမည်နည်း။

၆။ ရဟန်းသံဃာဖြစ်ပါလျက်။ဝိသုဒ္ဓိနတ်မင်းကြီးမှတပါး။အခြားသောနတ်ကို ရှိခိုးထိုက်ပါသေးသလော။ အကယ်၍၊ရှိခိုးငြားအံ့။ရှိခိုးသောရဟန်းသံဃာများမှာမည်သို့ အပြစ်အာပတ်များရှိပါသနည်း။

www.dhammaransi.com



၇။ ရဟန်းသားမြေးဖြစ်ပါလျက်။ ရပ်ရွာရှိနတ်ကွန်း။ နတ်ကန္နားများကိုအသစ်ဆောက်လုပ်စီမံအားထုတ်ခြင်း။ မိမိကိုယ်တိုင်နဘ်ရုပ်ကြီးများကံကျေးလက်ခပေး၍ထုလုပ်ခြင်း။ ၎င်းနတ်ရုပ်ကြီးများအားအသက်သွင်းသည်ဆို၍။ ပွဲတင်မြှောက် ပူဇော်ခြင်း။၎င်းသို့စသဖြင့်ပြုလုပ်ခြင်းများသည်။ ဝိနည်းသိက္ခာပုဒ်တော်အတိုင်း။ထိုသဘာဝအပြစ်ရှိသည်မရှိသည်ကိုသိလိုပါကြောင်း။

၈။ ဉာတိပဝါရိတ္တ မဟုတ်သော ဒါယကာ။ ဒါယိကာမတို့အား။တောင်းရမ်းပြောဆို၍ရအပ်သောပစ္စည်းနှင့်။အခြားသောသံဃာတို့အားကျွေးမွေးလှူဒါန်းခဲ့ပါလျှင်၊ ထိုသုံးစားသောရဟန်းတို့အားအပ်မအပ်။ ပြုလုပ်တောင်းရမ်းသော ရဟန်းတို့အား အဘယ်ကဲ့သို့သောအပြစ်ဟူ၍သေချာစွာသိချင်ပါကြောင်း။

၉။ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမတို့ထံဖြစ်စေ။ ပစ္စည်းလေးပါးမဟုတ်သောဒါယကာ- ဒါယိကာမတို့ထံဖြစ်စေ။ ခေတ္တကြေးငွေများကိုချေးငှါးပြီး။တခုခုတွင်အသုံးချလိုက်ပြီးနေ့ခံ ထိုဝတ္ထုငွေများကိုပြန်၍မပေးနိုင်သောရဟန်းတော်များမှာ၊ဘယ်လိုအပြစ်။ဘယ်လိုအာပတ်သင့်မည်ကိုသိချင်ပါကြောင်း။

၁၁။ ဒါယကာ။ ဒါယိကာမတဦးတယောက်ထံက။ အကြွေးငွေ ၁၀၀ိ-ဘိုးလောက် ဝယ်ခြမ်းသုံးစွဲပြီး။ ထိုအကြွေးကို မဆပ်ပေးနိုင်ခဲ့ပါမူ။ ထိုရဟန်းမှာဘယ်လိုကံဘယ်လိုအာပတ်ဟု သိလိုပါကြောင်း။

၎င်းအထက်ကဘောင်ပြထားသော အမေးပုစ္ဆာ ဆယ်ချက်ကို။ရွာထောင်အာလံမြဝတီဆရာတော်ထံဖြေရှင်းပေးတော်မူပါမည့်အကြောင်းနှင့်။၁၂၈၂-ခု။တပို့တွဲလဆန်း(၅)ရက်။ စနေနေ့ ၁၀-နာရီအချိန်လျှောက်ထား တောင်းပန်ရာ။အဖြေမပြ၊ တုဏှီဘာဝ,ဖြစ်နေသောကြောင့်။ ကမ္ဘာသူကမ္ဘာသားတို့၏ တကယ့်မှီခိုရာ၊ကမ္ဘာ့မဏ္ဍိုင်ကြီးဖြစ်တော်မူသော။ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးထံ၊ ၎င်းအမေးပုစ္ဆာ ဆယ်ချက်လျှောက်

www.dhammaransi.com



ဗုဒ္ဓကြီးဆိုက်ရောက်လာပြန်ရာ၊ အောက်ပါအတိုင်း-အဖြေရေးသား။ပေးသနားတော်မူပါကြောင်း။

---

## ထားဝယ်မြို့ပုစ္ဆာဆယ်ချက်အဖြေ။

(၁) လောကမာရဇိန် ဘုရားကြီးဝတ်တော်အတွင်း။ ရဟန်းတော်များဝါကပ်သော်။မည်သို့အပြစ်အာပတ် သင့်မသင့်ကို သိလိုပါကြောင်းဟူသောပုစ္ဆာနှိုက်။ ။အဖြေကား။

ဘုရားကြီးဝင်းတော်အတွင်းဝါကပ်သော် ဝတ်နိဗန်ဆောင်ရွက်၍နေပေက။မည်သည့်အာပတ်မျှမသင့်။ ဝါဆို၍နေအပ်ပါ၏။ ဝါတွင်းအခါ။အရှင်အာနန္ဒာသည်။မြတ်စွာဘုရား ကိန်းဝပ်တော်မူရာဂန္ဓကုဋိတိုက်တော်အတွင်း၌။ ဝါကပ်ရလေသကဲ့သို့တည်း။

(၂) လောကမာရဇိန် ဘုရားကြီး ဝတ်အတွင်း။ ရုပ်ပွါးဆင်းတုတော်နှင့်ပလ္လင်ချင်းကျောခိုင်း၍ရဟန်းတော်များသက်နိုးဝတ်ရုံလျက်။တရားဟောသော်။မည်သို့အာပတ်သင့်ပါမည်နည်း, ဟူသောပုစ္ဆာနှိုက်အဖြေကား။

ဘုရားကြီးဝတ်အတွင်း။ ရုပ်ပွါးဆင်းတုနှင့်ပလ္လင်ချင်းကျောခိုင်း၍ရဟန်းတော်များ သင်္ကန်းဝတ်ရုံလျက် တရားဟောသော်။ ကန့်လန့်ကာအကွယ်အကာရှိသည်ဖြစ်အံ့။ မည်သည့်အာပတ်မျှ မသင့်။ကန့်လန့်ကာအကွယ်အကာမရှိသည်ဖြစ်အံ့။ဗုဒ္ဓအဂါရဝ ဒုက္ကဋ်အာပတ်သင့်တတ်၏။ ။ရဟန်းတော်များနေရာကျောင်းခန်းတွင်းနှိုက်။စာတိုက်ပလ္လင်နှင့်ရုပ်ပွါးဆင်းတုတော်များ ရှိနေခဲ့သော်။ရုပ်ပွါးဆင်းတုတော်၏ရှေ့၌ကန့်လန့်ကာ-ကာရံ၍နေကြမြဲထုံးစံဖြစ်၏။

(၃) သာသနာမြေအပေါ်တွင်။ဝိုဘ်းဂဏ။သံဃာကြီးများထံကိုဖြစ်စေ၊မြို့လူကြီးများထံကိုဖြစ်စေမပန်ကြားဘဲ မည်သည့်အဆောက်အဦးမျိုးမဆို။ ရဟန်းသံဃာတို့ဆောက်လုပ် အပ်မအပ်ကို။သိလိုပါကြောင်းဟူသောပုစ္ဆာနှိုက်။ ။အဖြေကား။

www.dhammaransi.com



ဆောက်လုပ်သောရဟာန်းသည်၊မိမိနေထိုင်ရန်အတွက်ဆောက်လုပ်သည်လည်းရှိရာ၏။ ဘုရားရုပ်ပွါး တည်ထားရန် အတွက်ကိုလည်း၊ ဆောက်လုပ်သည်ရှိရာ၏။ရောက်လာသမျှသော ရဟာန်းသံဃာများနေထိုင်ရန် ဆောက်လုပ်သည်လည်းရှိရာ၏။ ထိုတွင်သာသနာမြေပေါ်တွင်။ရဟာန်းသံဃာတော်ကြီးများထံကိုဖြစ်စေ။ မြို့လူကြီးများထံကိုဖြစ်စေ။ မပန်ကြားဘဲ မိမိနေထိုင်ရန် အတွက်ဆောက်လုပ်သည်ဖြစ်အံ့။ မပန်ကြားဘဲ ဆောက်လုပ်သည့် အတွက်။စောင့်ရှောက်သူတို့ကိုမရိုသေမှုအပြစ်ရှိ၏။ ။ဘုရားရုပ်ပွါးတည်ထားရန်အတွက်ဆောက်လုပ်ခဲ့သော်ငင်း။ ရောက်လာသမျှသောရဟာန်းသံဃာများနေထိုင်ရန်အတွက်ဆောက်လုပ်ခဲ့သော်ငင်း။ အပြစ်မရှိ။သို့သော်၊ ထိုသာသနာမြေကိုစောင့်ရှောက်သောဂိုဏ်းဂဏသံဃာကြီးများ။ မြို့လူကြီးများကိုတိုင်ကြားပြောဆို၍ထိုသူတို့ကအခွင့်ပေးချက်နှင့်ဆောက်လုပ်ခြင်းငှါသင့်လျော်၏။

(၄) ငင်းဆောက်လုပ်သောအဆောက်အဦးသည်၊ ရဟာန်းသံဃာတော်ကိုယ်တိုင်တောင်းရမ်းပြုပြင်စီမံဆောက်လုပ်ပါက။ ဆောက်လုပ်သော ရဟာန်းမှာဘာယ်လို၊ နေထိုင်မိသော ရဟာန်းသံဃာတော်များမှာဘာယ်လိုအပြစ်ရှိမည်ကိုသိလိုပါကြောင်းဟူသောပုစ္ဆာ၌၊ ။အဖြေကား။ ။ရွှေငွေစသောအကပ္ပိယဝတ္ထုများကိုအကပ္ပိယစကားဖြင့် ခံယူဆောက်လုပ်ခဲ့သော်၊ ခံယူဆဲအခါ၌ခံယူမှုအတွက်နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏။ထိုရဟာန်းနေထိုင်ခဲ့သော်နေထိုင်သည့်အတွက် ဒုက္ကဋ်အာပတ်သင့်၏။ နေထိုင်မိသောရဟာန်းသံဃာများမှာ၊ အကပ္ပိယ အဆောက်အဦးမှန်း သိလျက်နေထိုင်ခဲ့သော်ဒုက္ကဋ်အာပတ်သင့်၏။ မသိ၍နေထိုင်ခဲ့သော်အာပတ်လွတ်၏။ ဤပုစ္ဆာ၌။အကျယ်ဖြေဆိုရန် နည်းလမ်းကိုမူကား၊ "ပဏ္ဍိတ" ဆရာဖြေဆိုလိုက်သောဝိသဇ္ဇနာမှာ ပြည့်စုံစွာပါရှိလေ၏။

(၅) အလှူဝတ်ဆယ်မျိုးအတွက်။အသုံးချရန် ဝတ္ထုကြေးငွေများကို။ဒါယကာ-ဒါယိကာမတို့ကရေစက်သွန်းချ၍ လှူဒါန်း

www.dhammaransi.com



ထားခဲ့ကြသောဝတ္ထုကြေးငွေများကို၊ ရဟန်းသံဃာတို့ကသိမ်းပိုက်လက်ခံထားပြီးနောက်။ ထိုငွေများကို အလှူဆယ်မျိုး စေ့အောင်သုံးစွဲခြင်းမပြုခဲ့ပါက။ ထိုရဟန်းသံဃာများမှာ ဘယ်လိုအပြစ်ဘယ်လိုအာပတ်ထိုက်သင့်ပါမည်နည်းဟူသော ပုစ္ဆာနှိက်။ အဖြေကား။

၁။ အန္န။ဆွမ်းတည်းဟူသောအလှူဝတ္ထု။

၂။ ပါနံ။အဖျော်တည်းဟူသောအလှူဝတ္ထု။

၃။ ဃရံ။ရဟန်းသံဃာတို့နေရန်ကျောင်းတည်း ဟူသော အလှူဝတ္ထု။

၄။ ဝတ္ထံ။အဝတ်သင်္ကန်းတည်းဟူသောအလှူဝတ္ထု။

၅။ မာလာ။ပန်းတည်းဟူသောအလှူဝတ္ထု။

၆။ ဂန္ဓော၊နံ့သာတည်းဟူသောအလှူဝတ္ထု။

၇။ ဝိလေပနံ။နံ့သာပျောင်းတည်းဟူသောအလှူဝတ္ထု။

၈။ သေယျာ၊ ညောင်စောင်းဖုံထိုင်။ ဖျာယိုင် သင်ဖြူးစသောအိပ်ရာထိုင်ရာတည်းဟူသောအလှူဝတ္ထု။

၉။ အာဝါသထော။ညှော်သည်တို့ တည်းခိုရန် ဇရပ်တန်ဆောင်းဟူသောအလှူဝတ္ထု။

၁၀။ ပဒီပေယျံ။ ဆီမီးထွန်းရန် အဆောက်အဦ ဟူသော အလှူဝတ္ထု။

ဤကားအလှူဝတ္ထုဆယ်ပါးတည်း။ ဤဆယ်ပါးကို လှူရာမှာလည်း။ (၁)စေတီတော်အတွက်လှူသည်လည်းရှိ၏။ (၂)စာတုဒ္ဒိသာသင်္ဃာအတွက်သံဃိကလှူသည်လည်းရှိ၏။ (၃) ပုဂ္ဂိုလ်အတွက် ပုဂ္ဂလိကလှူသည်လည်းရှိ၏။ ထိုသုံးပါးလုံး၌ပင်။လှူဒါန်းသူဒါယကာမှာ။စေတနာပြခါန်း၍ လှူဒါန်းပြီး ဖြစ်သောကြောင့်။တောင်းရမ်းပြောဆိုနိုင်ခွင့်မရှိပြီ၊ ။စေတီအတွက်လှူဒါန်းသောအရာဖြစ်ခဲ့အံ့။စေတိယသန္တကဖြစ်၏။ စာတုဒ္ဒိသာ သံဃာအတွက်လှူဒါန်းသည်ဖြစ်အံ့။သံဃိကဖြစ်၏။ ပုဂ္ဂိုလ်အတွက် လှူဒါန်းသည်ဖြစ်အံ့။ ပုဂ္ဂလိက

www.dhammaransi.com



ဖြစ်၏၊ထိုတွင်၊စေတီယသန္တကဌ်၊ ထိုစေတီမှာစေတီဆောင့်များ ဘုရားဘဏ္ဍာတော်ထိန်းလူကြီးများရှိခဲ့သည်။ ထိုဝတ္ထုများကို သိမ်းပိုက်၍ထားသော ရဟန်းတော်များကို၊ ထိုစေတီ ဘဏ္ဍာတော်ထိန်းများက၊တောင်းရမ်းပြောဆိုနိုင်၏။ မပေးမဆပ်ဘဲသုံးစွဲ၍နေခဲ့သည်။ထိုရဟန်းမှာစေတီနှင့်စပ်သော ဘဏ္ဍာစားထိုက်၏။ ။သံဃိကသန္တကဌ်၊ ထိုဝတ္ထုများကို သိမ်းပိုက်၍ ထားသောရဟန်းတော်များကို၊ သံဃာကတောင်းရမ်းပြောဆိုနိုင်၏၊ မပေးမဆပ်ဘဲသုံးစွဲ၍နေခဲ့သည်။ ထိုရဟန်းမှာ သံဃာနှင့် စပ်သောဘဏ္ဍာစားထိုက်၏။ ။ပုဂ္ဂလိကသန္တကဌ်ထိုပုဂ္ဂိုလ်အား လှူဒါန်း၍ထားသော အရာဖြစ်သောကြောင့်၊ အလှူဆယ်မျိုးစေ့အောင်သုံးစွဲခြင်းမပြုသော်လည်းဘဏ္ဍာစားအဖြစ်မဆိုသာပြီ။မစွန့်ထိုက်သောအရာဌ် စွန့်ခဲ့သော်ငြား။မသုံးထိုက်သောအရာဌ်သုံးခဲ့သော်ငြား။ ထိုရဟန်းမှာ သဒ္ဓါဒေယျဝိနိပါတနဒုက္ကဋ်အာပတ်သင့်၏၊ အလှူဆယ်မျိုး အတွက်အသုံးချရန် လှူဒါန်းရာဌ်လည်း၊ ပြည့်စုံလုံလောက် ရှိရန်အသုံးမချမူ၍၊ မပြည့်စုံမလုံမလောက်ရှိရာဌ်၊ အသုံးချလျှင်အသုံးချထိုက်၏။ ။အထူးမှာမူကား၊ ဃရ, သေယျ, အာဝါသထဟူသောအလှူဝတ္ထုများသည်၊ ထာဝရမျိုးဖြစ်၍၊ ထိုဝတ္ထုများ အတွက်ကို ထိုဝတ္ထုများဌ် သာအသုံးပြုထိုက်၏။

၆။ ရဟန်းသံဃာဖြစ်ပါလျက်၊ဝိသုဒ္ဓိနတ်မင်းကြီးမှတပါး၊ အခြားသောနတ်ကိုရှိခိုးထိုက်ပါသေးသလော။အကယ်၍ရှိခိုးငြားအံ့၊ရှိခိုးသောရဟန်းသံဃာများမှာ၊ မည်သို့ အပြစ်အာပတ်များ ရှိပါသနည်း,ဟူသောပုစ္ဆာဌ်။ ။အဖြေကား၊ဝိသုဒ္ဓိနတ်မင်းကြီးမှတပါး၊အခြားသော နတ်များကိုရှိမခိုးအပ်၊ရှိခိုးခဲ့သော်၊ရှိခိုးသော ရဟန်းမှာ၊ဒုက္ကဋ်အာပတ်သင့်၏။

၇။ ရဟန်းသားမြေးဖြစ်ပါလျက်။ ရပ်ရွာရှိနတ်ကွန်းနတ်ကန္နားများကိုအသစ်ဆောက်လုပ်စိမ့်အားထုတ်ခြင်း။ မိမိကိုယ်တိုင်နတ်ရုပ်ကြီးများကိုကျေးလက္ခပေး၍ ထုလုပ်စေခြင်း။ ငင်း

နတ်ရုပ်ကြီးများအား အသက်သွင်းသည်ဆို၍။ ပွဲတင်မြှောက်ပူဇော်ခြင်း။ဤသို့စသည်ဖြင့်ပြုလုပ်ခြင်းများသည်။ဝိနည်းသိက္ခာပုဒ်တော်အတိုင်း။ ထိုသံဃာ၌ အပြစ်ရှိသည်မရှိသည်ကို သိလိုပါကြောင်းဟူသောပုစ္ဆာ၌။ ။အဖြေကား။လူဖြစ်သူတို့မှာ။နတ်တို့၌ပြုသင့်ပြုထိုက်သောအမှုကိုရှေးဦးစွာပြဆိုရာ၏။ အင်္ဂုတ္တိုရ်ပါဠိတော်။ပဉ္စကနိပါတ်။မုဏ္ဍရာဇဝဂ်။ပထမသုတ်၌။ အနာထပိဏ်သူဌေးကြီးအား။ဤသို့ဟောတော်မူ၏။

ပုနစပရံ ဂဟပတိအရိယသာဝကော ဥဋ္ဌာန
ဝီရိယာဓိဂတေဟိ။ ဘောဂေဟိ။ ဗာဟာဗလပရိစိ
တေဟိ။သေဒါဝက္ခိတ္တေဟိ။ဓမ္မိကေဟိ။ဓမ္မလဒ္ဓေ
ဟိ။ပဉ္စဗလိံ ကတ္တာ ဟောတိ။ ဉာတိဗလိံ။ အတိ
ထိဗလိံ။ပုဗ္ဗပေတဗလိံ။ ရာဇဗလိံ။ ဒေဝတာဗ
လိံ။အယံစတုတ္ထော ဘောဂါနံ အာဒိယော။ ။
ရင်းပါဠိတော်။ ။အနက်ကား။ ။

ဂဟပတိ။သူကြွယ်။ပုနစပရံ၊ထိုမှတပါးလည်း။ အရိယသာဝကော။တပည့်သားဖြစ်သောသူသည်။ ဥဋ္ဌာနဝီရိယာဓိဂတေဟိ။ထကြွလုံ့လဝီရိယတို့ဖြင့်ရအပ်ကုန်သော။ ဗာဟာဗလပရိစိတေဟိ။လက်ရုံးအားဖြင့်ရဆောင်းအပ်ကုန်သော။ သေဒါဝက္ခိတ္တေဟိ။ချွေးထွက်စာဖြစ်ကုန်သော။ဓမ္မိကေဟိ။ တရားနှင့်လျော်ကုန်သော။ ဓမ္မလဒ္ဓေဟိ။တရားသဖြင့်ရအပ်ကုန်သော။ ဘောဂေဟိ-စည်းစိမ်ဥစ္စာတို့ဖြင့်၊ပဉ္စဗလိံ၊ငါးပါးသောပူဇော်ခြင်းကို။ကတ္တာပြုလေ့ရှိသည်။ဟောတိ။ဖြစ်၏။ ဉာတိဗလိံ။ယခုဘဝတွင်အသက်ဝိညာဏ်ထင်ရှားရှိသော။မိဘ,ဘိုးဘွားစသော ဆွေမျိုးတို့အားကျွေးမွေးပံ့ထောက်၊ ချီးမြှောက်ပူဇော်ခြင်းကို။ကတ္တာ။ပြုလေ့ရှိသည်။ဟောတိ။ဖြစ်၏၊အတိထိဗလိံ။ မိမိနေရာသို့ရောက်လာသောဧည့်သည်အာဂန္တုတို့အား။ ကျွေးမွေးပံ့ထောက် ချီးမြှောက်ပူဇော်ခြင်းကို၊ကတ္တာ။ ပြုလေ့ရှိသည်၊ဟောတိ။ဖြစ်၏။ ပုဗ္ဗပေတ

ဗလိံ။တမလွန်ဘဝသို့ ပြောင်းသွားလေပြီးသော မိဘ,ဘိုးဘွား တို့အား။မိမိပြုသောကုသိုလ်အဘို့ကို အမျှပေးဝေခြင်းတည်းဟူ သောပူဇော်မှုကို။ ကဏ္ဍာ။ပြုလေ့ရှိသည်။ဟောတိ။ဖြစ်၏။ ရာဇဗ လိံ။အစိုးရမင်းတို့အားမိမိ၌ကျရောက်သောအခွန်ဘဏ္ဍာတို့ကို။ ကြေကုန်စွာ ဆောင်ရွက်ခြင်းဟူသော ပူဇော်မှုကို။ကဏ္ဍာ။ ပြု လေ့ရှိသည်။ ဟောတိ။ဖြစ်၏။ဒေဝတာဗလိံ။ ကိုယ်စောင့်နတ်။ အိမ်စောင့်နတ်။ ရပ်စောင့်နတ်။ ရွာစောင့်နတ်၊ မိရိုးဘလာကိုး ကွယ်ရာပြုကြသော နတ်အပေါင်းတို့အား ပြုလုပ်တင်သမြဲ ဖြစ် သောပူဇော်မှုကို။ကဏ္ဍာ။ ပြုလေ့ရှိသည်၊ဟောတိ။ဖြစ်၏၊ အယံ။ ဤသည်ကား။ စတုဗ္ဗော၊လေးခုမြောက်သော။ဘောဂါနံ၊ စည်း စိမ်တို့၏။အာဒိယော၊ယူထိုက်ရထိုက်သော အကြောင်းအရာများ ပေတည်း။ ၊ဤငါးပါးတို့တွင်။ဒေဝတာဗလိံ,ဟူသော ပုဒ်အ ရကို။မဟာပရိနိဗ္ဗာနသုတ်၌။ဤသို့ဟောတော်မူ၏။

ကိန္နုတေ အာနန္ဒ၊ သုတံ ဝဇ္ဇီ ယာနိ တာနိ ဝဇ္ဇီ
နံ ဝဇ္ဇိစေတိယာနိ အဗ္ဘန္တရာနိ စေဝ။ ဗာဟိရာနိ
စ တာနိ သက္ကရောန္တိ။ ဂရုံကရောန္တိ မာနေန္တိ ပူ
ဇေန္တိ တေသဉ္စ ဒိန္နပုဗ္ဗံ ကတပုဗ္ဗံ ဓမ္မိကံ ဗလိံ
နော ပရိဟာပေန္တီတိ။သုတမေတံ ဘန္တေ ဝဇ္ဇီ ယာ
နိ တာနိ ဝဇ္ဇီနံ ဝဇ္ဇိစေတိယာနိ အဗ္ဘန္တရာနိ စေဝ
ဗာဟိရာနိ စ တာနိ။သက္ကရောန္တိ။ ဂရုံကရောန္တိ။
မာနေန္တိ ပူဇေန္တိ။ တေသဉ္စ ဒိန္နပုဗ္ဗံ။ ကတပုဗ္ဗံ။
ဓမ္မိကံ ဗလိံ။နော ပရိဟာပေန္တီတိ။ယာဝကီဝဉ္စ
အာနန္ဒ။ဝဇ္ဇီ ယာနိ တာနိ။ဝဇ္ဇီနံ ဝဇ္ဇိစေတိယာနိ။
အဗ္ဘန္တရာနိ စေဝ ဗာဟိရာနိ စ တာနိ သက္က
ရိဿန္တိ။ ဂရုံကရိဿန္တိ။ မာနေဿန္တိ၊ ပူဇေ
ဿန္တိ။တေသဉ္စ ဒိန္နပုဗ္ဗံ။ ကတပုဗ္ဗံ ဓမ္မိကံ ဗလိံ။

www.dhammaransi.com



နေ့ာပရိဟာပေယသန္တိ။ ဝုဋ္ဌိယေ ဝ။ အာနန္ဒဝဇ္ဇီနံပါ
ငိုကော်ါ။ နေ့ာပရိဟာနိ။ ။ ငှင်းပါဠိတော်။ ။

အနက်ကား။

အာနန္ဒ။ အာနန္ဒာ။ ကိန္တိ။ အသို့လျှင်။ တေ။ သင်သည်၊ သုတံ။ ကြားဘူးသနည်း၊ ဝဇ္ဇီ။ ဝေသာလီပြည်၊ ဝဇ္ဇီမင်းတို့သည်။ ဝဇ္ဇီနံ။ ဝဇ္ဇီမင်းအစဉ်အဆက်တို့တို့၏၊ အဇ္ဈတ္တံရာနိစေဝ။ မြို့တွင်း၌လည်းဖြစ်ကုန်ထသော။ ဗာဟိရာနိစ။ မြို့ပ၌လည်း ဖြစ်ကုန်ထသော။ ယာနိ တာနိ ဝဇ္ဇီ စေတိယာနိ။ အကြင် ဝဇ္ဇီတိုင်းသူ၏ပူဇော်ရာဖြစ်သော။ နတ်စင်နတ်ကွန်းနတ်နန်း နတ်နေရာ သစ်ပင်တည်းဟူသောနတ်စေတီတို့သည်။ သန္တိ။ ရှိကုန်၏။ တာနိ။ ထိုနတ်စေတီတို့ကို။ သက္ကရောန္တိ။ အရိုအသေပြုမြဲပြုကြကုန်၏လော။ ဂရုံကရောန္တိ။ အလေးအမြတ်ပြုမြဲပြုကြကုန်၏လော။ မာနေန္တိ။ အမြတ်တနိုးပြုမြဲပြုကြကုန်၏လော။ တေသဉ္စ။ ထိုနတ်စေတီတို့အားလည်း။ ဒိန္နပုဗ္ဗံ။ ရှေးတင်မြဲသမြဲအစိုးအစဉ်ဖြစ်ထသော။ ကတပုဗ္ဗံ။ ရှေးပြုလုပ်မြဲအစိုးအစဉ်ဖြစ်ထသော။ ဓမ္မိကံ။ သတ်မှုဖြတ်မှု ဒုစ္စရိုက်မှလွတ်ကင်းသည်ဖြစ်၍တရားနှင့်လျော်သော။ ဗလိံ။ ပူဇော်မှုကို။ နေ့ာပရိဟာပေန္တိ။ မဆုတ်မယုတ်စေဘဲပြုမြဲပြုကြ ကုန်၏လော။ ဣတိ။ ဤသို့။ ပုစ္ဆိ။ မေးတော်မူ၏။ ။ ဘန္တေ။ အရှင်ဘုရား။ မေ။ ဤအကြောင်းအရာကို။ မေ။ အကျွန်ုပ်သည်။ သုတံ။ ကြားဘူးပါ၏။ ဝဇ္ဇီ။ ဝေသာလီပြည် ဝဇ္ဇီမင်းတို့သည်။ ဝဇ္ဇီနံ။ ဝဇ္ဇီမင်းအစဉ်အဆက်တို့၏။ အဇ္ဈတ္တံရာနိစေဝ။ မြို့တွင်းနိုက်လည်း ဖြစ်ကုန်ထသော၊ ဗာဟိရာနိစ။ မြို့ပ၌လည်းဖြစ်ကုန်ထသော၊ ယာနိ တာနိဝဇ္ဇီစေတိယာနိ။ အကြင်ဝဇ္ဇီတိုင်းသူတို့၏ပူဇော်ရာဖြစ်သော။ နတ်စင်, နတ်ကွန်း,နတ်နန်း, နတ်နေရာသစ်ပင်တည်း ဟူသော နတ်စေတီတို့သည်။ သန္တိ။ ရှိကုန်၏။ တာနိ။ ထို နတ်စေတီတို့ကို၊ သက္ကရောန္တိ။ အရိုအသေပြုမြဲပြုကြကုန်၏။ ဂရုံကရောန္တိ။ အ

www.dhammaransi.com



လေးအမြတ်ပြုမြဲပြုကြကုန်၏။ မာနေန္တိ။ အမြတ်တနိုးပြုမြဲပြုကြကုန်၏။ ပူဇေန္တိ။ ပူဇော်မြဲပူဇော်ကြကုန်၏။ တေသဥ္စ။ ထိုနတ်စေတီတို့အားလည်း။ ဒိန္နပုဗ္ဗံ။ ရှေးတင်မြဲသမြဲအရိုးအစဉ် ဖြစ်ထသော။ ကတပုဗ္ဗံ။ ရှေးပြုလုပ်မြဲအရိုးအစဉ်ဖြစ်ထသော။ ဓမ္မိကံ။ သတ်မှုဖြတ်မှုဒုစရိုက်မှ လွတ်ကင်းသည်ဖြစ်၍ တရားနှင့်လျော်သော။ ဗလိံ။ ပူဇော်မှုကို။ နော့ပရိဟာပေန္တိ။ မဆုတ်မယုတ်စေဘဲပြုမြဲပြုလုပ်ကြကုန်၏။ ဇာတိ။ ဤသို့။ သုတံ။ ကြားဘူးပါ၏။ အာနန္ဒ။ အာနန္ဒာ။ ယာဝကီဝဥ္စ။ အကြင်မျှလောက်လည်း။ ဝဇ္ဇီ။ ဝေသာလီပြည်ဝဇ္ဇီမင်းတို့သည်။ ဝဇ္ဇီနံ။ ဝဇ္ဇီမင်း အစဉ်အဆက်တို့၏။ အဗ္ဘန္တရာနိစေဝ။ မြို့တွင်း၌လည်းဖြစ်ကုန်ထသော၊ ဗာဟိရာနိစ။ မြို့ပ၌လည်းဖြစ်ကုန်ထသော။ ယာနိတာနိဝဇ္ဇီစေတိယာနိ။ အကြင်ဝဇ္ဇီတိုင်းသူတို့၏ပူဇော်ရာဖြစ်သော။ နတ်စင်နတ်ကွန်းနတ်နန်းနတ်သစ်ပင်တည်းဟူသောနတ်စေတီတို့သည်။ သန္တိ။ ရှိကုန်၏။ တာနိ။ ထိုနတ်စေတီတို့ကို၊ သက္ကရိဿန္တိ။ အရိုအသေပြုမြဲပြုကြကုန်လတံ့။ ဂရုံ ကရိဿန္တိ။ အလေးအမြတ် ပြုမြဲပြုကြ ကုန်လတံ့။ မာနေဿန္တိ။ အမြတ်တနိုး ပြုမြဲပြုကြ ကုန်လတံ့။ ပူဇေဿန္တိ။ ပူဇော်မြဲ ပူဇော်ကြ ကုန်လတံ့။ တေသဥ္စ။ ထိုနတ်စေတီ တို့အားလည်း။ ဒိန္နပုဗ္ဗံ။ ရှေးတင်မြဲသမြဲ အရိုးအစဉ် ဖြစ်ထသော။ ကတပုဗ္ဗံ။ ရှေးပြုလုပ်မြဲ အရိုး အစဉ် ဖြစ်ထသော။ ဓမ္မိကံ။ သတ်မှုဖြတ်မှု ဒုစရိုက်မှလွတ်ကင်းသည်ဖြစ်၍ တရားနှင့်လျော်သော။ ဗလိံ။ ပူဇော်မှုကို။ နော့ပရိဟာပေဿန္တိ။ မဆုတ်မယုတ်စေဘဲ။ ပြုမြဲပြုကြကုန်လတံ့။ ဝုဍ္ဎိယေဝ။ ပစ္စုပ္ပန်သံသရာ ချမ်းသာနှစ်ပါးပွါးများခြင်းကိုသာလျှင်။ ပါဋိကင်္ခါ။ အလိုရှိအပ်၏။ ပရိဟာနိ။ ဆုတ်ယုတ်ခြင်းကို။ နော့ပါဋိကင်္ခါ။ အလိုမရှိအပ်။ ။ဤကားအနက်။

ဤပါဠိတော်ကိုထောက်၍ လူဖြစ်သောသူတို့မှာ။ ပစ္စုပ္ပန်အကျိုးအတွက်၊ လောကပါလနတ်များကို ရှိခိုးကောင်း၏။ ပူဇော်ကောင်း၏။ နတ်ကွန်းနတ်ကန္နားကိုဆောက်လုပ်ကောင်း၏။ ဝိမံ

www.dhammaransi.com



ကောင်း၏။မိမိကိုယ်တိုင်နတ်ရုပ်ကြီးများ ကံကြွေးလက္ခပေး၍လု လုပ်ကောင်း၏၊ ပွဲတင်မြှောက်ပူဇော်ခြင်းကိုပြုလုပ်ကောင်း၏။ ရဟန်းဖြစ်သောသူတို့မှာမူကား။နတ်များကိုရှိခိုးခြင်းငှါမအပ်။ နတ်ကွန်းနတ်ကန္နားများကိုကိုယ်တိုင်မဆောက်ကောင်း။ လူများကိုဆောက်လုပ်ကြစေရန်ပေ့ဆော်ကောင်း၏၊ နတ်ရုပ်ကြီးများကို။ ရဟန်းကိုယ်တိုင်မထုလုပ်ကောင်း။ လက္ခကံကြွေးပေး၍ လူများကိုထုလုပ်စေအပ်၏။ ၎င်းနတ်ရုပ်ကြီးများအား။ ပွဲတင်မြှောက်ပူဇော်ခြင်းကိုရဟန်းကိုယ်တိုင်မပြုအပ်။လူများကိုပြုလုပ်စေအပ်၏၊ ဤအလုံးစုံကိုလည်း။ယခုဘဝ၌၊ အန္တရာယ်ကင်း၍ချမ်းသာသုခကိုရခြင်းငှါပြုအပ်၏။ရတနာသုံးပါးကိုလည်း။အမြတ်တနိုး၊ ကိုးကွယ်လျက်ရှိသောကြောင့်၊ နတ်များကို၊ ထိုသို့ပြုသော်လည်း။ သရဏဂုံမပျက်။

၈။ ညာတိပဝါရိတ္တမဟုတ်သော ဒါယကာဒါယိကာမတို့အား။တောင်းရမ်းပြောဆို၍ ရအပ်သောပစ္စည်းနှင့် အခြားသောသဃ်ာတို့အားကျွေးမွေးလှူဒါန်းခဲ့ပါလျှင်၊ထိုသုံးစွဲသောရဟန်းတို့အားအပ်မအပ်။ ပြုလုပ်တောင်းရမ်းသောရဟန်းတို့အား အဘယ်ကဲ့သို့သောအပြစ်ဟူ၍သေချာစွာသိချင်ပါကြောင်း၊

၉။ ပစ္စည်းလေးပါး ဘိတ်ကြားသူ ဒါယကာ, ဒါယိကာမတို့ထံဖြစ်စေ။ပစ္စည်းလေးပါးမဘိတ်ကြားသူ။ ဒါယကာ, ဒါယိကာမတို့ထံဖြစ်စေ၊ ခေတ္တကြေးငွေများကိုချေးငှါးပြီး။တခုခုတွင်အသုံးချလိုက်ပြီးနောက်၊ ထိုဝတ္ထုငွေများကိုပြန်၍မပေးနိုင်သောရဟန်းတော်များမှာ။ဘယ်လိုအပြစ်ဘယ်လိုအာပတ်သင့်မည်ကိုသိချင်ပါကြောင်း။

၁၀။ ဒါယကာဒါယိကာမ,တဦးတယောက်ထံက အကြွေးငွေ ၁၀၀ိ-ဘိုးလောက်၊ဝယ်ခြမ်းသုံးစွဲပြီး။ ထိုအကြွေးကို မဆပ်ပေးနိုင်ခဲ့ပါမူ။ထိုရဟန်းမှာ။ဘယ်လိုကံဘယ်လိုအာပတ်ဟုသိလိုပါကြောင်း။ ။ဤအမေး ၃-ချက်မှာ၊ “ပဏ္ဍိတ”ဆရာ၊အဖြေရှိလေပြီ။

www.dhammaransi.com



၁၂၈၂-ခု၊တပေါင်းလဆန်း(၁၅)ရက်နေ့၊၃-နာရီမိနစ်-၃၀ အချိန်တွင်။ ပဲခူးဒိစတြိတ်-ကဝမြို့။ ငါးထင်ကြီးဘုရား ပရဝုန်အတွင်း။ခေတ္တလယ်တီစံကျောင်း၌သီတင်းသုံးတော်မူစဉ်။ ဖြေဆိုတော်မူအပ်သောဓါးဝယ်ပုစ္ဆာအဖြေပြီး၏။

---

## ပဏ္ဍိတဆရာဖြေဆိုချက်။

ဖုံယာတု။ ။မြဝတီ ဆရာတော်ဘုရားထံ လျှောက် ထားသောပုစ္ဆာဆယ်ချက်ကိုမဖြေမကြားဘဲနေသည့်အတွက်။ဒါယကာတို့ကစိတ်ဒွိဟမကင်း။ ရှင်းလင်း ဖြေဆို စေလိုကြောင်းနှင့်လျှောက်ထားတောင်းပန်ကြရာ။ဆရာပဏ္ဍိတက။ အကျဉ်းသင်္ခေပဖြင့်။အများသိကြစေရန်။ပါဠိသံပါဠိမရှိမပါ။ကျမ်းလာအဟုတ်စကားဖြင့်ဖြင့်ဖြေထုတ်လိုက်သောဝိသဇ္ဇနာကား။ ။ဆယ်ချက်သောပုစ္ဆာတို့တွင်။အစဉ်ကိုမပြဘဲ။မိသကရောယှဉ်တွဲ၍။ ကွဲကွဲပြားပြား,ခြားနားထိသာအောင်ဖြေဆိုပေတော့အံ့။ကောသလဒိပ်မက်ခန်းတွင်။ ဘုရားသခင် ဟောကြားထားတော်မူခဲ့သည်မှာ။ငါဘုရား,သာသနာဆုတ်ယုတ်သောအခါ။ ပါပမင်း, လက်ထက်သောလုပ္ပဘဇ္ဈာအတွက်ကြောင့်ပစ္စည်းများကိုငဲ့ကွက်ခြင်းသဘောထား၍။ ငါဘုရား,တရားကို၊သာယာစွာ အသံနေအသံထားနှင့်ဟောကြားပြသကုန်လတံ့။ ထိုရောအခါရင်းသဒ္ဒတဏှာကာမဂုဏ်အဟုန်သံကိုကြားနာရ၍။များစွာသောပစ္စည်း၊များစွာသောရွှေငွေတို့ကိုလှူကြကုန်လတံ့။ထိုသို့ဟောပြောသောအလဇ္ဇီပါပဘိက္ခုရဟန်းရတို့သည်။အဘိုးအနဂ္ဃ ထိုက်သော စန္ဒကူးနံ့သာများကို။မစင်ဘင်ပုပ်နှင့်လဲ၍စားဘိသကဲ့သို့။ အဘိုးအနဂ္ဃထိုက်သောလောကုတ္တရာတရားကို။မစင်ဘင်ပုပ်နှင့်တူသောရွှေငွေပစ္စည်းဘဏ္ဍာတို့နှင့်လဲ၍စားသော။အလဇ္ဇီပါပဘိက္ခုရဟန်းတို့သည်။ပေါ်ပေါက်လာလတံ့ဟု ဟောတော်မူသော။ ပါဠိ

www.dhammaransi.com



ကဏ်အဋ္ဌကထာတောရသကဏ်ဋီကာတွင်လာသည်ကိုထောက်ထား၍၊သာသနာတော်မရွေ့ရှားရအောင် သတိထားကြရမည်။ ဤကား။ ပထမသာသနာပြုစာတမ်းတည်း။ ၊

၈။ ရဟန်းတို့မှာ။ဥာတိပဝါရိတမဟုတ်သောသူတို့ထံ။ ဝစီဝိညတ်ဖြင့်။တောင်းခံ၍ရသောပစ္စည်းများကို၊ သုံးစွဲစားသောက်ခဲ့လျှင်အာပတ်သင့်ကြောင်း။ရွှေငွေတို့ကိုကိုယ်တိုင်ခံခြင်း။သူတပါးကိုခံစေခြင်း။ အနီး၌ထားသည်ကိုသာယာခြင်းကြောင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်ခြင်း။၎င်းရွှေငွေတို့ဖြင့် ရောင်းဝယ်၍ရသောပစ္စည်းများနှင့်။ဇရပ်တံဆောင်း၊ကျောင်းကန် အာဝါသ ပြုလုပ်ခြင်း။၎င်းဇရပ်တံဆောင်း။ကျောင်းကန်အာဝါသတို့၏ အရိပ်ကိုပင်မခိုအပ်ကြောင်း။၎င်းရွှေငွေတို့ဖြင့်ရောင်းဝယ်၍ ရအပ်သောပစ္စည်းရပ်ဟူသမျှကိုပင်မသုံးဆောင်အပ်ကြောင်းထိုဝတ္ထုပစ္စည်းဖြင့်တူးအပ်သော-ရေတွင်း, ရေကန်,စသည်တို့မှထွက်သော ရေကိုပင်မသောက်အပ်ကြောင်း။၎င်းဝတ္ထုတို့ဖြင့်ဝယ်၍ရအပ်သောမျိုးစေ့တို့ကိုစိုက်၍ ရအပ်သော သစ်သီးများကိုလည်း၊ မစားကောင်း။ဤသို့စသည်ဖြင့်၊မအပ်ကြောင်းကို။ ပါရာဇိကဏ် အဋ္ဌကထာတို့၌များစွာပင်လာသည်။မယုံလျှင်ကြည့်ကြပါလေ။ ။သိတင်းသုံးဘော် ငါးယောက်တို့မှာကား။ အကြင်မျှလောက်သောကာလပတ်လုံးမသိသေး။ ထိုမျှလောက်သော ကာလပတ်လုံးသုံးဆောင်ခဲ့လျှင်၊အာပတ်မှလွတ်ပါသေး၏။သိသောအခါကစ၍ သုံးဆောင်ခဲ့လျှင်အာပတ်သင့်တော့သည်၊ ၎င်းမအပ်သောအမှုတို့ကိုပြုကျင့်သောရဟန်းတို့ကို၊တပါးသောသူတို့က ချီးမွမ်းထောမနာခြင်း။တရားဟောတိုက်တွန်းခြင်းစသည်တို့ကိုပြုလုပ်သော။ရှင်လူရဟန်းတို့ကိုလည်း။ သာသနာတော်ကိုကွယ်စေသောသူဟူ၍မှတ်ကြရမည်ဟု ၎င်းအဋ္ဌကထာတွင်လာသည်။ မယုံလျှင်လှန်၍ကြည့်ကြလေ၊ဤကား။ဒုတိယသာသနာပြုစာတမ်းတည်း။

၃-၄- မအပ်မရာသော သင်္ကန်း, သပိတ်, ပရိက္ခရာတို့ကို။ ဝတ်ရုံသုံးစွဲသောရဟန်းတို့ကိုမြင်ခဲ့ပါလျှင်။၎င်းသင်္ကန်း,သပိတ်,

ပရိက္ခရာဘို့ကို။ဖျက်ဆီးဖြိုခွဲခြင်းကိုပြုကြသောရဟန်းများမှာ အာပြစ်မရှိဟုလာသည်တရပ်။ ကပါးသောသူတို့ စိုးပိုင်သောသိမ်တွင်းအရာမ်တွင်း၌၊မင်းကျွမ်းဝင်သောရဟန်းတို့က။အသင်း အပင်းကိုရ၍၊အတင်းအဓမ္မ,ဆောက်လုပ်ထားသော ဝတ္ထုများကိုသုံးကြိမ်တိုင်တိုင်ပြောဆို၍မရခဲ့လျှင်။အစဉ်အတိုင်းအရိုးအကာများကိုဖျက်ဆီး၍ပုံထား။တိုင်အခုတ်စသောဝတ္ထုများကိုဖျက်ဆီး၍ပုံထားပြီးလျှင်။ဥစ္စာရှင်တို့ကိုလာ၍ယူကြပါဟု စေခိုင်းရမည်။လာ၍မယူဘဲပျောက်ပျက်သွားခဲ့သော်လည်း။ဖျက်ဆီးဖြိုခွဲသောသူမှာအပြစ်မရှိကြောင်းကို။ဧင်းအဋ္ဌကထာအဒိန္နာဒါန သိက္ခာပုဒ်မှာကြည့်ကြပါလေ။တွေ့ပါလိမ့်မည်။ ။ဤကား။တတိယ သာသနာပြုစာတမ်းတည်း။

၆-၇- နတ်ဘို့ကို-ကိုးကွယ်သောအရာမှာ။ နတ်ဝင်မ (နတ်ကတော်)တယောက်သည်။နတ်တို့၏နေရာ-နတ်ကွန်း, နတ်တဲ၌နေပြီးလျှင်။လာလာသမျှသောသူတို့ကို။ နတ်တို့အား ပူဇော်ကိုးကွယ်သောသူတို့မှာ။အကျိုးစီးပွါးများလတံ့ဟုအယူမှားအောင်ပြုလုပ်ခြင်း။လှည့်ဖြား၍စားသောက်ခြင်းကြောင့်၊ ပြိတ္တာဘုံ၌ကြီးစွာသောဒုက္ခကိုခံစား၍နေရကြောင်းကိုပါရာဇိကဏ်အဋ္ဌကထာစတုတ္ထသိက္ခာပုဒ်တွင်လာသည်ကိုထောက်၍။ အလွန် ကြောက်အပ်ကြောင်း။ရှိခိုး-ကိုးကွယ်အပ်သောပုဂ္ဂိုလ်ထဲတွင် မပါခြင်းကြောင့်။ရဟန်းတို့မှာနတ်ဘို့ကို။ရှိခိုး-ကိုးကွယ်လျှင်၊အာပတ်သင့်ကြောင်းကို သိကြလေ။ ။ဤကား-စတုတ္ထ သာသနာပြုစာတမ်းတည်း။

၉-၁၀- ရဟန်းတို့မှာ။ဘရုံတယောက်သောသူတို့ထံ။ငွေကြေးငွေကိုချေးငှါး၍မပေးနိုင်လျှင်။ဘဏ္ဍာစား, ထိုက်ကြောင်း။ဘဏ္ဍာစား,ဆိုသည်မှာ။ဥစ္စာရှင်ကတောင်း၍မရလျှင်။ငါတို့ဥစ္စာမရပြီဟုဝန်ချခြင်း။ရဟန်းကလည်းမပေးပြီဟုဝန်ချခြင်း။ နှစ်ပါးစုံဝန်ချလျှင်၊ရဟန်းဘို့မှာ အဒိန္နာဒါနကံထိုက်၍ ပါရာဇိက ကျကြောင်းကို၊အဒိန္နာဒါနသိက္ခာပုဒ်အဖွင့်။ပါရာဇိကဏ်အဋ္ဌကထာ

www.dhammaransi.com



ဋ္ဌလာသည်။မယုံလျှင်ကြည့်ကြပါလေ။ ။ဤကား-ပဥ္စမ သာသနာပြုစာတမ်းတည်း။

၅။ အလှူ့သယ်ပါးတို့တွင်တပါးပါးကိုညည်မှတ်၍လှူလိုက်သောပစ္စည်းတို့ကို။အလှူ့သယ်ပါးတို့တွင်။တပါးပါးကိုမျှမပြုလုပ်ဘဲ၊သုံးစွဲစားသောက်ခဲ့လျှင်။ရေးနည်းအတူ။ဘဏ္ဍာစားထိုက်၍။နှစ်ဦးနှစ်ဝ,ဝန်ချခဲ့လျှင်၊ရဟန်းမှာပါရာဇိကကျကြောင်း။ရင်းအဋ္ဌကထာတွင်လာပြန်သည်၊မယုံလျှင်ကြည့်ကြပါလေ။ ။ဤကား ဆဋ္ဌမသာသနာပြုစာတမ်းတည်း။

ဤမျှလောက်အကျဉ်းအားဖြင့်။ ပဏ္ဍိတ-ဆရာဖြေဆိုလိုက်သောဝိသဇ္ဇနာကို၊ယခုထင်ရှားရှိသော-မြဝတီဆရာတော်။လယ်တီဆရာတော်၏တပည့်။ ဦးပညာသီဟ, အောင်မင်္ဂလာ ဆရာတော်ကလေး။ခါးဝယ်မြို့ပညာရှိတို့ထံ။ဟုတ်-မဟုတ်။ မှန်-မမှန်ကို။ကောန်—ကော။သိကြလိုလျှင်။ မြန်မြန်ပင်ပုံနှိပ်တင်၍ပြကြလေ။

၁၂၈၂ ခု။ တပို့တွဲလဆုတ်(၅)ရက်နေ့တွင်။ ပဏ္ဍိတဆရာဖြေဆိုလိုက်သောဝိသဇ္ဇနာ—သာသနာပြုစာတမ်းတည်း။

ရပ်ရပ်ရွာရွာ။သာသနာ။ရောင်ဝါကောန်ညှိုးလတံ့။ ။အသံ, သာသာ၊တရားစာ။ဆွဲခါ-ငင်ခါဟောလတံ့။ ။တရားနာလာ။ ထိုသူမှာ တဏှာကောန်ပွါးလတံ့။ ။တဏှာပွါးလျှင် ဒုက္ခပင် လျှင်လျှင်ခံရပေလတံ့။ ။တဏှာကိုပင် ကုသိုလ်ထင်။ အမြင်မှားလတံ့။ ။တရားမှန်းမသိလူဒုဗ္ဗိ။ပေါ်ရှိထိုခါများလတံ့။ ။ တရားဆိုတာ။ဘယ်လိုဟာ။မသိရှာ။ထိုခါများလတံ့။ ။တရား အမှန်။ဟောကြပြန်။မနာခံသူများလတံ့။ ။များသောခါမှ။ သာသနာပ။ကွယ်ကြသည်ဘဲမို့။

“ပဏ္ဍိတ” ဆရာ-ဖြေဆိုချက်ပြီး၏။

www.dhammaransi.com



## သိပ္ပံကျွန်းသား-ကျောင်းဆရာကြီး၏။ အတ္တ,အနတ္တ,ပုစ္ဆာကို-ဆရာတော်ဘုရားကြီး ဖြေဆိုတော်မူချက်။

### အ တ္တ ခွဲ န ည်း။

အတ္တ,ဆိုသည်ကား။သာရဋ္ဌေနအတ္တာ,ဟူသော ပါဠိနှင့်အညီ။ပုဂ္ဂိုလ်၏အထည်ခံ-အမာခံဖြစ်သောအနှစ်သာရ။ သတ္တဝါ၏ အထည်ခံ—အမာခံဖြစ်သောအနှစ်သာရကိုဆိုသတည်း။

---

### ပရမတ်နှင့်ပညတ် နှစ်ပါး ခွဲနည်း။

ဤအရာ၌။ပရမတ္ထတရားနှင့်။ပညတ်တရားခွဲခဏ်းကိုပြဆိုရာ၏။ ပထဝီဓာတ်အာပေါဓာတ်အစရှိသောရုပ်ဓာတ်တရားမျိုးတို့သည်၊ လောက၌ကိုယ့်သဘောနှင့်ကိုယ်-အသီးအသီး ကေန် မချထင် ရှားရှိကြကုန်၏၊

စိတ်ဝိညာဏ်ဟူသော နာမ်ဓာတ်တရား။ ဖဿ, ဝေဒနာ, သညာ,စေတနာ,အစရှိသော။စေတသိက်ဟူသောနာမ်ဓာတ် တရားတို့သည်လည်း၊လောက၌ကိုယ့်သဘောနှင့်ကိုယ်—အသီးအသီးကေန်မချထင်ရှားရှိကြကုန်၏။ထိုရုပ်ဓာတ်တရား။နာမ်ဓာတ်တရားတို့သည်သာလျှင်။ကေန်မချ ထင်ရှား ရှိကြသောကြောင့်။ ပရမတ္ထတရားတို့မည်ကုန်၏။

ပုဂ္ဂိုလ်သတ္တဝါအစရှိသောပညတ်တရားတို့သည်ကား။ကိုယ့်သဘောနှင့်ကိုယ်—အသီးအသီး ထင်ရှားမရှိကြကုန်။ ရုပ်ဓာတ်တရား။နာမ်ဓာတ်တရားတို့၏အပေါင်းအစုကိုအမှီပြု၍။ပုဂ္ဂိုလ်တို့၏စိတ်သဘောထဲတွင် ထင်မြင်ကြရာသော ပညတ်တရားမျှတို့သာတည်း။

www.dhammaransi.com



ဥပမာကား။ မြေသပိတ်။ သံသပိတ်ဟူသောစကား၌။ ပထဝီဓါတ်မျိုးဖြစ်သောမြေ။ ပထဝီဓါတ်မျိုးဖြစ်သော သံတို့သည်။ သဘောအားဖြင့်ထင်ရှားရှိကုန်၏။ သပိတ် ဆိုသည်ကား။ သဘောအားဖြင့်ထင်ရှားမရှိ။ ထိုမြေအရအခဲ, သံအရအခဲတို့ကို အမှီပြု၍။ သတ္တဝါတို့၏စိတ်မနောထဲတွင်၊ အဝန်းအဝိုင်းအနေအားဖြင့်ထင်မြင်ကြရသောသဏ္ဌာန်ပညတ်မျှသာတည်း။

မြေသံတို့သည်ကား။ လောက၌ကမ္ဘာအဆက်ဆက်အရိုး အစဉ်အားဖြင့်ထင်ရှားရှိနေကြကုန်၏။ သပိတ်သည်မူကား၊ ထိုကဲ့သို့အရိုးအစဉ်အားဖြင့်ထင်ရှား ရှိနေသည်မဟုတ်။ သပိတ် လုပ်သောသူ၏ပြုပြင်ချက်နှင့်၊ အဝန်းအဝိုင်းအနေအားဖြင့်ထင်ရှား မြင်လာရသောအာဂန္တုကသဏ္ဌာန်နိမိတ်အရိပ်အရောင်မျှသာတည်း တဖန်ထိုသပိတ်ကိုပင်ထုနှက် ကြိတ်နယ်၍ ဖျက်ဆီးပြန်သည်ရှိသော်။ မြေ,သံတို့သည်။ ပကတိအတိုင်းပင်ရှိနေကြကုန်၏။ အဝန်းအဝိုင်းသဏ္ဌာန်သည်မူကားကွယ်ပျောက်လေ၏။ အဝန်းအဝိုင်းသဏ္ဌာန်ကွယ်ပျောက်ခဲ့လျှင်၊ သပိတ်ဟူသောအမှတ်သညာသည်လည်းကွယ်ပျောက်လေ၏။ ဤဥပမာ၌။ မြေသံတို့နှင့်။ ထိုရုပ်ဓါတ် နာမ်ဓါတ်ဟူသောပရမတ္ထတရားတို့သည်တူကုန်၏။ ဤဥပမာ၌၊ သပိတ်ဟူသောအဝန်းအဝိုင်းသဏ္ဌာန်ပညတ်နှင့်။ ပုဂ္ဂိုလ်သတ္တဝါဟူသောသဏ္ဌာန် ပညတ်နိမိတ်အရိပ်အရောင်တို့သည် တူကြကုန်၏။

ပုဂ္ဂိုလ်သတ္တဝါတို့၌လည်း၊ ဦးခေါင်း၌ရှိသော ရုပ်ဓါတ် နာမ်ဓါတ်တို့သည်သာလျှင်အဟုတ်ရှိအမှန်ရှိဖြစ်ကုန်၏။ ဦးခေါင်းသည်မူကား၊ အဟုတ်ရှိအမှန်ရှိမဟုတ်။ သဏ္ဌာန်ပညတ်မျှသာတည်း။ ကျန်ရှိသောခြေသဏ္ဌာန်,လက်သဏ္ဌာန်အစရှိသော သဏ္ဌာန်ကြီးငယ်တို့၌လည်း။ ထို့အတူ—ပရမတ်,ပညတ်,နှစ်ပါးခွဲခြမ်းဝေဘန်၍သိလေ။ ။

ဆံပင်မွေးညှင်းစသည်တို့တွင်လည်း။ ဆံပင်တို့၌ရှိသော ပထဝီ,အာပေါ,တေဇော,ဝါယော,ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာ,အစရှိသော

www.dhammaransi.com



ရုပ်ဓာတ်တို့သည်သာလျှင်။ အဟုတ်အမှန်ရှိဖြစ်ကုန်၏။ ဆံပင်သည်မှုကား။အဟုတ်ရှိအမှန်ရှိမဟုတ်။ လုံးလုံးရားရား ဟူသောသဏ္ဍာန်ပညတ်မျှသာတည်း။

မွေးညှင်းတို့၌လည်း၊ဤအတူတည်း။ ခြေသည်။လက်သည်။သွား။အရေ။အကြော။အရိုး။ရိုးတွင်းခြင်ဆီ။အညှို့နှလုံး။ အမြေး။အဆုတ်။အူမ။အူသိမ်။အစာသစ်။ အစာဟောင်း စသည်တို့၌လည်း။ရုပ်ဓာတ်တို့သာလျှင်။ ၄ကန်မှုချ အဟုတ်အမှန်ရှိကုန်၏။ အဝန်း။အပိုင်း။အလုံး။အပြား,အစရှိသည်တို့သည်ကား။ အဟုတ်ရှိအမှန်ရှိမဟုတ်ကုန်။သဏ္ဍာန်ပညတ်မျှတို့သာတည်း။ပညတ်ပေါ်လျှင်။ပရမတ်ငုတ်မြုပ်။ပရမတ်ပေါ်လျှင်ပညတ်ကွယ်ပျောက်မြဲ ဟူသောဆိုရိုးစကားနှင့်အညီ။ ဦးခေါင်းသဏ္ဍာန်စသောပညတ်ပေါ်၍နေသည့်အခါထိုဦးခေါင်းစသည်တို့၌ရှိကြကုန်သောရုပ်ဓါတ်တို့သည်၊ငုတ်မြုပ်၍နေကြကုန်၏။ထိုဦးခေါင်းသဏ္ဍာန်စသည်ကိုတုနှက်ဖြိုဖျက်ဆီးပြန်သည်ရှိသော်။ပရမတ် ပထဝီဓာတ်မှုန့်တို့သည်ပေါ်ထွက်၍လာကုန်၏။ဦးခေါင်းသဏ္ဍာန် အစရှိသောပညတ်သဏ္ဍာန်တို့သည်ကွယ်ပျောက်လေကုန်၏။ ဆံပင်မွေးညှင်းစသောပညတ်ပေါ်၍နေသည့်အခါ။ထိုဆံပင်မွေးညှင်းစသည်တို့၌ရှိနေကြသောပရမတ်ရုပ်တရားတို့သည်ငုတ်မြုပ်၍နေကြကုန်၏၊ ထိုဆံပင်မွေးညှင်းသဏ္ဍာန် စသည်တို့ကို။ ထုနှက်ဖြိုဖျက်နယ်၍ဖျက်ဆီးပြန်သည်ရှိသော်၊ပရမတ်ပထဝီဓာတ်မှုန့်တို့သည်။ ပေါ်ထွက်၍လာကုန်၏။ဆံပင်မွေးညှင်းအစရှိသော ပညတ်သဏ္ဍာန်တို့သည်ကွယ်ပျောက်လေ၏။

ဤကား။ပရမတ်,ပညတ်,နှစ်ပါးခွဲနည်းတည်း။

---

နိစ္စ-အနိစ္စ-ခွဲနည်း။

နိစ္စ-အနိစ္စ-ခွဲနည်းကိုပြဆိုရာ၏၊ ပညတ်မည်သည်။ သဘောအားဖြင့်အဟုတ်ရှိမျိုးအမှန်ရှိမျိုးမဟုတ်။ဖြစ်မှုပျက်မှုဟူ၍လည်း

www.dhammaransi.com



အမှန်မရှိ။စိတ်မနေသာတွင်ထင်ခွင့်ရှိနေသောအခါ သပိတ်မှာကဲ့သို့ထင်ပေါ်၍။ထင်ခွင့်မရှိသောအခါသပိတ်ကို အမှန်ပြုရာ၌ကဲ့သို့မထင်ဘဲရှိနေတတ်၏။ထိုကြောင့်ခပ်သိမ်းသောပညတ်မျိုးတို့သည်နိစ္စမျိုးသာဖြစ်ကုန်၏။ ရုပ်ခတ်နာမ်ခတ်တို့သည်မူကား။ သဘောအားဖြင့်အဟုတ်ရှိအမှန်ရှိမျိုးဖြစ်ကြကုန်၏၊ ဖြစ်မှု ပျက်မှုလည်းအမှန်ရှိကြကုန်၏။ထိုကြောင့်။ နိဗ္ဗာန်မှတပါးသော ထိုရုပ်ခတ်မျိုးနာမ်ခတ်မျိုးတို့သည်။အနိစ္စမျိုးတို့သာတည်း။

ထင်ရှားအောင်ပြဆိုဦးအံ့။တယောက်သောလူ၏ဦးခေါင်းခြေလက်စသောပညတ်မျိုး၊ ဆံပင် မွေးညှင်းစသော ပညတ်မျိုးတို့သည်။အသက်ထက်ဆုံးမြဲကုန်၏။ ထိုသူသေဆုံး၍ အလောင်းကောင်ဖြစ်သည်တိုင်အောင်။ထိုပညတ်မျိုးတို့သည် ရှိနေကြကုန်၏။အလောင်းကိုမြင်လျှင်မည်သူ့အလောင်းဟူ၍သိနိုင်ကြကုန်၏။ ဤကားဦးခေါင်းဤကားခြေလက်စသည်ဖြင့်လည်းသိနိုင်ကြကုန်၏။ဤကားဆံပင်ဤကားမွေးညှင်းစသည်တို့ဖြင့်လည်း သိနိုင်ကြကုန်၏။အလောင်းကိုမီးမြှိုက်၍ပြာမှုန့်အစဖြစ်သော အခါမှသာလျှင်၊ထိုပညတ်တို့သည်ပျောက်ကွယ်၍ ကုန်လေ၏။ ။ဤကားပညတ်တရား၏နိစ္စမျိုးဖြစ်ပုံကိုပြဆိုချက်တည်း။

ထိုလူ၌ ရှိနေကြကုန်သော ရုပ်ခတ်တရား နာမ်ခတ်တရားတို့သည်မူကား။တနေ့တရက်အတွင်မှာပင်။အကြိမ်တရာမကဖြစ်ပျက်ပြောင်းလဲကြရကုန်၏။ပြောင်းလဲပုံကား။ဣရိယာပထပြောင်းလဲမှုကိုအစဉ်လျှောက်၍ဆိုပေအံ့၊ဣရိယာပထသည်လေးပါးရှိ၏၊ အိပ်ခြင်းတပါး၊ထိုင်ခြင်းတပါး။ ရပ်ခြင်းတပါး။ သွားခြင်းတပါး ထိုလေးပါးတို့တွင်၊ အိပ်ခြင်းဣရိယာပထ၏ သက်ဆိုင်ရာရုပ်ခတ်အသင်းနာမ်ခတ်အသင်းတို့ကားတမျိုး၊ထိုင်ခြင်းဣရိယာပထ၏သက်ဆိုင်ရာရုပ်ခတ်အသင်းနာမ်ခတ် အသင်းတို့ကားတမျိုး။ရပ်ခြင်းဣရိယာပထ၏သက်ဆိုင်ရာရုပ်ခတ်အသင်းနာမ်ခတ်အသင်းတို့ကားတမျိုး။သွားခြင်းအရိယာပထ၏ သက်ဆိုင်ရာရုပ်ခတ်အသင်းနာမ်ခတ်အသင်းတို့ကားတမျိုး။သွားခြင်းဣ

www.dhammaransi.com



ရိယာပထ၏သက်ဆိုင်ရာရုပ်ခေတ်အသင်းနာမ်ခေတ်အသင်းတို့သည်လည်း။ပထမခြေလှမ်း၏သက်ဆိုင်ရာရုပ်ခေါတ်အသင်းနာမ်ခေတ်အသင်းတို့ကားတမျိုး။ဒုတိယခြေလှမ်း၏ သက်ဆိုင်ရာရုပ်ခေတ်အသင်းနာမ်ခေါတ်အသင်းတို့ကားတမျိုးစသည်ဖြင့်ဆိုလေ

ထိုတွင်အိပ်ခြင်း ဣရိယာပထ၏ သက်ဆိုင်ရာ ရုပ်ခေတ်အသင်းနာမ်ခေတ်အသင်းတို့သည်။ ထိုင်ခြင်း ဣရိယာပထသို့ မရောက်နိုင်ကြကုန်၊အိပ်ခြင်းအရိယာပထ၌သာ အကုန် ချုပ်ဆုံးကြကုန်၏။အိပ်ရာမှထ၍ထိုင်လိုသည်ရှိသော်။စိတ်ရော ၊ ကိုယ်ပါ။ လှုပ်မှု, ရှားမှု, အားယူမှုဘို့ကိုအသစ်တမျိုးထူထောင်၍။ထိုင်ခြင်း ဣရိယာပထ၏ဆိုင်ရာရုပ်ခေတ်အသင်း နာမ်ခေတ်အသင်းတို့ကို။ အသစ်တမျိုးဖြစ်ပေါ်စေကြကုန်ရာ၏၊ထိုအခါအိပ်ခြင်းဣရိယာပထ၏သက်ဆိုင်ရာရုပ်ခေတ်အသင်း နာမ်ခေတ်အသင်းတို့သည်။ မီးတောက်ကြီးသေပျောက်သကဲ့သို့။ခဏခြင်း ကွယ်ပျောက်ကြလေကုန်၏၊ဤသို့အိပ်ခြင်းအမှုနှင့်ထိုင်ခြင်းအမှု၌၊ရုပ်ခေတ် နာမ်ခေတ်အသင်းတို့၏ပြောင်းလဲမှုကြီးသည်၊လောက၌ကိုယ်တွေ့ဒိဋ္ဌဖြစ်ကြ၏။ ထိုင်ခြင်းဣရိယာပထနှင့် ရပ်ခြင်းဣရိယာပထတို့၏ပြောင်းလဲမှု၊ရပ်ခြင်းဣရိယာပထနှင့်။ သွားခြင်းဣရိယာပထတို့၏ပြောင်းလဲမှု။သွားခြင်းဣရိယာပထတွင်လည်း။ ပထမခြေလှမ်းနှင့်ဒုတိယခြေလှမ်းတို့၏ပြောင်းလဲမှုစသည်တို့၌လည်း၊ထိုနည်း အတူဆိုလေ။

ဣရိယာပထလေးပါးတို့တွင်။တခုတခုသော ဣရိယာပထမှာလည်း။ အစအဆုံးအသီးအသီး ထင်ရှားရှိကြ၏။ ခြေလှမ်းတို့မှာလည်းအစအဆုံးအသီးအသီးထင်ရှားရှိကြ၏။အသီးအသီးသော ရုပ်ခေတ်အသင်းနာမ်ခေတ်အသင်းတို့၏ဖြစ်မှုပျက်မှု ပြောင်းလဲမှုတို့ပေတည်း။ဤသို့လျှင် ရုပ်ခေတ်နာမ်ခေတ် တရားတို့သည်မူကား။တနေ့တရက်အတွင်းမှာပင်၊ အကြိမ် တရာမက ဖြစ်ပျက်ပြောင်းလဲကြရကုန်၏။ ၊ဤကား၊နိစ္စ-အနိစ္စ-ခွဲခက်းပြီ၊၏၊

www.dhammaransi.com



## အတ္တ-အနတ္တ-စစ်တမ်းကိုပြခြင်း။

အတ္တဆိုသည်ကား။သာရတ္ထေန အတ္တာ,ဟူသောပါဌ်နှင့်အညီ။ ပုဂ္ဂိုလ်၏အထည်ခံအမာခံဖြစ်သောအနှစ်သာရ၊ သတ္တဝါ၏ အထည်ခံအမာခံဖြစ်သောအနှစ်သာရတို့ကို ဆိုသတည်း။ ။ထင်ရှားအောင်ပြဆိုဦးအံ့။ရုပ်ဓာတ်နာမ်ဓာတ်တို့ကို၎င်း။ ရုပ်ဓာတ်နာမ်ဓာတ်တို့နှင့်ပညတ်တို့၏ အထူးအပြားကို၎င်း။ မသိကြကုန်သောသတ္တဝါအပေါင်းတို့သည်၊ရုပ်ဓါတ်နာမ်ဓာတ်တို့ကိုပုဂ္ဂိုလ်ဘဲ,သတ္တဝါဘဲ,ငါဘဲ,သူဘဲဟု။အခိုင်အမြဲစွဲလမ်-ကြကုန်၏။ဤသို့စွဲလမ်းရာ၌အဟုတ်ရှိအမှန်ရှိဖြစ်သောရုပ်ဓါတ်နာမ်ဓာတ်တို့သည် အဟုတ်ရှိအမှန်ရှိမဟုတ်သောပညတ်တို့၏ အထည်ခံအမာခံ အနှစ်အသားဖြစ်ကြရကုန်၏။ ဤသို့အထည်ခံအမာခံ အနှစ်အသားဖြစ်ကြသည်ကို၊အတ္တဟူ၍ဆိုသတည်း။ ။ဤကား၊သတ္တဝါအများတို့နှင့်သက်ဆိုင်သောအတ္တဒိဋ္ဌိသာမညပေတည်း။

အချို့သောသူတို့သည်ကား။စိတ်ဝိညာဏ်တရားကိုသာလျှင်။ ပုဂ္ဂိုလ်၏ အထည်ခံ အမာခံ အနှစ်သာရအတ္တဟူ၍ စွဲလမ်းကြကုန်၏။

အချို့သောသူတို့သည်ကား ။ရုပ်ဓာတ် နာမ်ဓာတ်တို့သည်။ အတ္တမဟုတ်ကုန်။အတ္တ၏တည်နေရာခန္ဓာအိမ်မျှသာ ဖြစ်ကြကုန်၏။ထိုခန္ဓာအိမ်၌တည်နေ၍။ ထိုခန္ဓာအိမ်ကိုအုပ်စိုးလျက်။ မြင်မှုကြားမှုစသည်ကိုစီရင်ချက်ရှိနေသောတခုသောအနှစ်သာရသည် အတ္တ,ဖြစ်၏။

အချို့သောသူတို့သည်ကား။ခပ်သိမ်းသောသတ္တဝါတို့၏အတ္တမည်သည်။အထက်ကောင်းကင်ဘုံ၌ရှိသော မဟာဗြဟ္မာကြီး၏။ ပရမအတ္တမှဖြစ်ပွါးကြရကုန်၏။ဖြစ်ပွါးပုံကား။ ထိုမဟာဗြဟ္မာကြီးသည်၊ကမ္ဘာဦးအခါ၌လူနတ်ဗြဟ္မာသတ္တဝါတို့ကို။ မိမိတန်ခိုးဖြင့်ဖန်ဆင်းသောအခါ။မိမိ၏ပရမအတ္တမှ၊အတ္တအစိတ်အငယ်တို့ကိုလောက၌ ဖြန့်ကြဲလေ၏။ ထိုအတ္တ အစိတ်ငယ်တို့သည်၊

www.dhammaransi.com



သတ္တဝါတို့၌အသီးအသီးသောအတ္တဖြစ်ကြကုန်၏။ ထိုအတ္တရှိနေကြသည်အတွက်။မြင်မှုကြားမှုအစရှိသော သတ္တဝါတို့၏ကိစ္စကိုပြုလုပ်နိုင်ကြကုန်၏ဟု မှတ်ယူကြကုန်၏။

အချို့သောသူတို့သည်ကား။ထိုအတ္တသည်ဖြစ်ပေါ်ရာဘုံဘဝ၌။ပစ္စုပ္ပန်တဘဝ သာရှိ၏။တဘဝမှတဘဝသို့ ပြောင်းရွှေ့သည်ဟူ၍မရှိ။သေရာ ပြတ်ဆုံး၏ဟုယူကြကုန်၏။ ။ဥစ္ဆေဒအယူပေတည်း။

အချို့သောသူတို့သည်ကား ထိုအတ္တသည်။သံသရာ၌ အမြဲမြဲ၏။ဖြစ်သည် ပျက်သည်ဟူ၍မရှိ။ ဘဝအဆက်ဆက် အစဉ်လိုက်ပါ၍နေ၏ဟုယူကြကုန်၏။ ။ဤကားသဿတဒိဋ္ဌိ အယူပေတည်း။ ။အတ္တကိုပြဆိုခဏ်းပြီး၏။

---

## အနတ္တစစ်တမ်းကိုပြခြင်း။

အနတ္တဆိုသည်ကား။အသာရကဋ္ဌေနအနတ္တာ,ဟူသောပါဠိနှင့်အညီ။ရုပ်ဓာတ်နာမ်ဓာတ်တို့သည်။ပုဂ္ဂိုလ်၏အထည်ခံအမာခံအနှစ်သာရမဟုတ်ကြ။သတ္တဝါ၏အထည်ခံအမာခံအနှစ်သာရမမဟုတ်ကြသည်ကိုဆိုသည်။ ။ထင်ရှားအောင်ပြဆိုဦးအံ့။ ရုပ်ဓာတ်နာမ်ဓာတ်တို့သည်ကားတခြား။ ပညတ် တရားတို့သည်ကားတခြား။ ရုပ်ဓာတ်နာမ်ဓာတ်တို့သည်ကား။တနေ့တရက်အခံ့တို့မှာပင်အကြိမ်များစွာဖြစ်ပျက်ပြောင်းလဲ၍နေကြကုန်သော အနိစ္စတရားတို့သာတည်း။ပညတ်တရားတို့သည်ကား။ ဖြစ်မှုပျက်မှုမရှိ။ တဘဝတွင်အစဉ်မြဲ၍ ရှိနေကြကုန်သော နိစ္စ တရားတို့သာတည်း။

---

www.dhammaransi.com



## စက္ခုန္ဒြိ။ အတ္တ-အနတ္တ-စစ်တမ်း။

ဤအရာ၌။မဇ္ဈိမနိကာယ်, ဥပရိပဏ္ဏာသပါဠိတော် စာအုပ် နံပတ် (၃၀၆)တွင်လာရှိသော။ဆဆက္ကသုတ်ကိုထုတ်ပြရာ၏။

စက္ခု အတ္တာတိ ယော ဝဒေယျ၊ တံ နုပပဇ္ဇတိ။
စက္ခုဿ ဥပ္ပါဒေါပိ ဝယောပိ ပညာယတိ။ ယ
ဿခေါ ပန ဥပ္ပါဒေါပိ ဝယောပိ ပညာယတိ၊ အ
တ္တာ မေ ဥပ္ပဇ္ဇတိ စ ဝေတိ စာတိ ဣစ္စဿ ဧဝမာ
ဂတံ ဟောတိ။ တသ္မာ တံ နုပပဇ္ဇတိ။ စက္ခု အတ္တာ
တိ ယော ဝဒေယျ။ ဣတိ စက္ခု အနတ္တာ။ ။

စက္ခု။မျက်စိသည်။အတ္တာ၊သတ္တဝါတို့၏အထည်ခံအမာခံအနှစ်သာရအတ္တပေတည်း။ဣတိ။ဤသို့။ ယော။ အကြင်သူသည်၊ ဝဒေယျ။ဆိုငြားအံ့။တဿ၊ထိုသူ၏။ဝေါ၊ဤစကားသည်။နုပပဇ္ဇတိ။မသင့်မြတ်၊ကသ္မာ။အဘယ်ကြောင့်နည်းဟူမူကား။စက္ခုဿ။မျက်စိအား။ဥပ္ပါဒေါပိ။ခဏ,ခဏ,အသစ်အသစ်ဖြစ်ပေါ်ခြင်းသည်လည်း။ပညာယတိ။ထင်ရှား၏။ဝယောပိ။ခဏခဏချုပ်ကွယ်ခြင်းသည်လည်း၊ပညာယတိ။ထင်ရှား၏။ဣတိ၊ထိုကြောင့်၊နုပပဇ္ဇတိ၊မသင့်လေသတည်း။ယဿခေါပန။အကြင်တရားအားကား။ဥပ္ပါဒေါပိ၊အဖန်ဖန်ဖြစ်ပေါ်ခြင်းသည်လည်း။ပညာယတိ။ ထင်ရှား၏။ဝယောပိ၊အဖန်ဖန်ချုပ်ပျောက်ခြင်းသည်လည်း ပညာယတိ။ထင်ရှား၏။တဿ။ထိုတရားကို။အတ္တာတိ။သတ္တဝါတို့၏ အထည်ခံအမာခံ အနှစ်သာရ အတ္တဟူ၍၊ ဂဟိတော၊ယူခဲ့သည်ရှိသော်၊ မေ၊ ငါ၏။အတ္တာ။အမာခံဖြစ်သောအတ္တသည်။ ဥပ္ပဇ္ဇတိစ၊ ခဏ,ခဏ အသစ်အသစ်ဖြစ်ပေါ်၏။ ဝေတိစ။ခဏခဏလည်း ချုပ်ဆုံးသေပျောက်၏။ဣတိ။ဤသို့။အဿ၊ထိုစက္ခုကိုအတ္တဟူ၍ ပြောဆိုသူအား။ဧဝံ၊ ဤသို့သောအပြစ်သည်။အာဂတံ။ ဆိုက်ရောက်သည်။ဟောတိ။ဖြစ်၏။တသ္မာ၊ထို့ကြောင့်။စက္ခု၊ မျက်စိသည်။အတ္တာ။

www.dhammaransi.com



သတ္တဝါတို့၏အထည်ခံအာမခံအနှစ်သာရအတ္တာဟူ၍။ ယော။ အကြင်သူသည်၊ ဝဒေယျ။ ဆိုငြားအံ့၊ တဿ၊ ထိုသူအား။ ဧဝံ။ ဤစကားသည်။ နဉပပဇ္ဇတိ။ မသင့်မြတ်။ ဇုတိတဿ၊ ထိုကြောင့်။ စက္ခု။ မျက်စိသည်။ အနတ္တာ။ အတ္တမဟုတ်, အနတ္တသာတည်း။

ထိုဥပရိပဏ္ဏာသပါဠိတော်ဝယ်။ အဓိပ္ပါယ်သော်ကား။ မျက်စိသည်၊ ပုဂ္ဂိုလ်သတ္တဝါ၏အတ္တာဟုဆိုခဲ့သော်။ ထိုစကားသည်။ မသင့်မြတ်၊ အဘယ်ကြောင့်နည်းဟူမူ။ မျက်စိသည်တနေ့တရက်အတွင်းမှာပင် ခဏခဏအသစ်အသစ်ဖြစ်ပေါ်ခြင်းရှိ၏။ ဖြစ်ပွါးတိုင်းဖြစ်ပေါ်တိုင်းခဏခဏပျက်ဆုံးခြင်းရှိ၏၊ အတ္တသည်မူကား။ ခဏခဏအသစ်အသစ်ဖြစ်ပေါ်ခြင်းဟူ၍မရှိ။ ခဏခဏပျက်ဆုံးသည်ဟူ၍လည်းမရှိ။ တဘဝလုံးအစဉ်နှိုင်မြဲ၏ဟု စွဲလမ်းခြင်းရှိကြ၏၊ ထိုကြောင့်ထိုစကားသည် မသင့်မြတ်။ အကယ်၍ခဏခဏဖြစ်ခြင်း။ ခဏခဏပျက်ခြင်းရှိသော ထိုတရားကို၊ အတ္တဟူ၍ ယူခဲ့သည်ရှိသော်၊ အတ္တသည်လည်းခဏခဏဖြစ်၏။ ခဏခဏပျက်၏။ သတ္တဝါသည်တနေ့တရက်အတွင်းမှာပင်။ အခါများစွာအသစ်အသစ်ဖြစ်ပေါ်မြဲဖြစ်၏၊ ဖြစ်တိုင်းဖြစ်တိုင်း ခဏခဏပျက်ဆုံးမြဲဖြစ်၏ဟူ၍ အလိုမရှိသော ဒနက်သည် ချောက်လေရာ၏။ ထိုကြောင့်စက္ခုသည်၊ ပုဂ္ဂိုလ်သတ္တဝါတို့၏အတ္တဟု ယူခြင်းငှါမသင့်မြတ်။ ထို့ကြောင့်။ စက္ခုသည်အနတ္တသာအမှန်ဖြစ်၏ ဟူလိုသည်။ ၊ဤစကား၌မျက်စိဖြင့်ဘယ်ဟာကိုငါမြင်သည်ဟူ၍ စွဲလမ်းပြောဆိုခြင်းများသည်။ စက္ခုကိုအတ္တဟူ၍ ပြောဆိုခြင်းပေတည်း။

ဤအရာ၌တနေ့၏ အတွင်းမှာပင်။ စက္ခု၏ခဏခဏ ဖြစ်ပေါ်မှု။ ခဏခဏပျက်ဆုံးမှုကို။ အထက်၌နိဋ္ဌအနိဋ္ဌခွဲခန်းတွင်။ ဣရိယာပထပြောင်းလဲမှုနှင့်ပြဆိုခဲ့သော ရုပ်ခေတ်နမ်ခေတ်အသင်းတို့၌၊ ဤစက္ခုသည်လည်း။ ပါဝင်လေပြီ၊

လောက၌။ ဒိဋ္ဌမျက်မြင်အားဖြင့်။ လူတို့၏ စက္ခုပသာဒရုပ်သည်။ ပဋိသန္ဓေ နေပြီးသော နောက်၌။ ရက်ပေါင်း ၇၇-ရက်

www.dhammaransi.com



မြောက်မှာမှဖြစ်ပေါ်သည်ဟုအဋ္ဌကထာတို့၌ဆို၏။ထိုစကျပသော ဒရုပ်သည်။အမိဝမ်း၌ပင်ပျက်စီး၍။ ဝမ်းတွင်းကနီးခေါ် ရသော သူများလည်းရှိကြ၏။ဖွားမြင်ပြီးနောက် ၇-ရက်အတွင်းမှာ ပျက်စီးသောသူ။ တလအတွင်းမှာပျက်စီးသောသူ၊ တနှစ်အတွင်းမှာ ပျက်စီးသောသူအစရှိသည်ဖြင့်။ လောကမှာမျက်စိကနိုးသောသူ အမျိုးမျိုးရှိကြ၏။ ထိုပုဂ္ဂိုလ်ခေါ် ရသောအတ္တသည်မူကား၊ ပဋိသန္ဓေမှစ၍ဖြစ်လာ၏။ ဘဝအဆုံးသို့ရောက်မှသေဆုံး၏။ ဤသို့စကျ၏ဖြစ်မှုပျက်မှုကားတလမ်း၊ထိုပုဂ္ဂိုလ်ခေါ် ရသော အတ္တ၏ ဖြစ်မှုပျက်မှုကား တလမ်း။ ကွဲပြား ခြားနားလျက်ရှိကြ၏။ ထိုကြောင့်စကျသည်ထိုပုဂ္ဂိုလ်၏အတ္တဖြစ်၏၊ ထိုပုဂ္ဂိုလ်ပင်ဖြစ်၏ ဟုမယူထိုက်ချေ။အဥတွင်းမှာဖြစ်ကြသောကြက်ငှက်တိရစ္ဆာန် သတ္တဝါတို့၌။ သတ္တဝါ၏ဖြစ်ရာကာလ၊ ပျက်ရာကာလခြားနား ချက်ဒိဋ္ဌမျက်မြင် ထင်ရှားလှ၏။ ။စကျု၌။ အတ္တ,အနတ္တ,စစ်တမ်းပြီး၏။

---

## ရူပါရုံ၌ အတ္တ,အနတ္တ,စစ်တမ်း။

ရူပအတ္တာတိယောဝဒေယျ၊တံနုပပဇ္ဇတိ။ ရူပါနံဥပ္ပါဒေါပိ ဝယောပိပညာယတိ။ယဿခေါပနဥပ္ပါဒေါပိ ဝယောပိပညာယ တိ။အတ္တာမေဥပ္ပဇ္ဇတိစဝေတိစာတိ ဣစ္စဿဧဝမာဂတံဟောတိ။ တသ္မာတံနုပပဇ္ဇတိ။ရူပါအတ္တာတိယောဝဒေယျ။ ဣတိစကျု အနတ္တာ။ရူပါအနတ္တာ။ ။ဥပရိပဏ္ဏာသပါဠိတော်၊ စာအုပ် နံပါတ် ၃၀၆-တွင်လာရှိ၏။

ရူပါ။သတ္တဝါတို့၏ သန္တာန်၌ရှိသော အဆင်း အမျိုးမျိုးတို့ သည်။အတ္တာ၊ သတ္တဝါတို့၏အထည်ခံအမာခံဖြစ်သော အတ္တတို့ ပေတည်း၊ဣတိ။ဤသို့။ယော၊အကြင်သူသည်။ဝဒေယျ၊ဆိုငြားအံ့။ တဿ၊ ထိုသူ၏။ဧတံ၊ဤစကားသည်၊ နုပပဇ္ဇတိ၊ မသင့်မြတ်။ ကသ္မာ။ အဘယ်ကြောင့်နည်းဟူမူကား။ ရူပါနံ၊ အဆင်းတို့၏။

www.dhammaransi.com



ဥပ္ပါဒေါဝိ။ တနေ့အတွက်မှာပင်ခဏခဏအသစ်အသစ်ဖြစ်ပေါ် ခြင်းသည်လည်း။ ပညာယတိ။ ထင်ရှား၏။ ဝယောဝိ။ ဖြစ်တိုင်းဖြစ်တိုင်း ခဏခဏ ချုပ်ကွယ်ခြင်းသည်လည်း။ ပညာယတိ။ ထင်ရှား၏။ ဣတိတသ္မာ။ ထို့ကြောင့်။ နဥပပဇ္ဇတိ။ မသင့်မြတ်လေ သတည်း။ ယဿခေါပန။ အကြင်တရားအားကား။ ဥပ္ပါဒေါဝိ။ အတန်တန်ဖြစ်ပေါ် ခြင်းသည်လည်း။ ပညာယတိ။ ထင်ရှား၏။ ဝယောဝိ။ အတန်တန်ချုပ်ကွယ်ခြင်းသည်လည်း။ ပညာယတိ။ ထင်ရှား၏။ တဿ။ ထိုတရားကို။ အတ္တာတိ။ သတ္တဝါတို့၏အထည်ခံအမာခံအနှစ်သာရအတ္တဟူ၍။ ဂဟိတေ။ ယူခဲ့သည်ရှိသော်။ မေ။ ငါ၏။ အတ္တာ။ အမာခံဖြစ်သောအတ္တသည်။ ဥပ္ပဇ္ဇတိစ။ ခဏခဏအသစ်အသစ်ဖြစ်ပေါ်၏။ ဝေတိစ။ ခဏခဏလည်းချုပ်ဆုံး၏။ ဣတိ၊ ဤသို့။ အဿ၊ ထိုအဆင်းကိုအတ္တဟူ၍ပြောဆိုသောသူအား။ ဧဝံ။ ဤသို့သောအဖြစ်ဒေါသသည်။ အာဂတံ။ ဆိုက်ရောက်သည်၊ ဟောတိ။ ဖြစ်၏။ တသ္မာ။ ထို့ကြောင့်၊ ရူပံ။ အဆင်းသည်။ အတ္တာ။ သတ္တဝါတို့၏ အထည်ခံအမာခံအနှစ်သာရ အတ္တဟူ၍။ ယော။ အကြင်သူသည်။ ဝဒေယျ၊ ဆိုငြားအံ့။ တဿ။ ထိုသူအား။ တံ။ ဤစကားသည်။ နဥပပဇ္ဇတိ။ မသင့်မြတ်။ ဣတိတသ္မာ၊ ထို့ကြောင့်။ စက္ခု၊ မျက်စိသည်၊ အနတ္တာ။ အတ္တမဟုတ်,အနတ္တသာတည်း။ ရူပါ။ အဆင်းတို့သည်။ အနတ္တာ။ အတ္တမဟုတ်,အနတ္တတို့သာတည်း။ ။ အဓိပ္ပါယ်မှာ။ စက္ခုဝါရကိုမှီ၍ဆိုလေ။ ။ စက္ခုဝိညာဏံအတ္တာတိ၊ လ။ စက္ခုသမ္ဖဿောအတ္တာတိ။ လ၊ ဝေဒနာအတ္တာတိ၊ လ။ တဏှာအတ္တာတိ။ လ။ ဤလေးဝါရတို့၌လည်း။ အနက်အဓိပ္ပါယ်ထင်ရှားပြီ။ ။ ဤကားမျက်စိဖြင့်ထိုထိုအဆင်းတို့ကိုမြင်ကြရာနှိက်။ မြင်မှု၏ဆိုင်ရာရုပ်ဓာတ်နာမ်ဓာတ် တရား ၆-ပါးတို့၌၊ အတ္တ,အနတ္တ, စစ်ချက်ပေတည်း။ ။ ထိုအတူ၊ သောတ၌။ နားဖြင့်ထိုထိုအသံတို့ကို ကြားရာမှာလည်း။ ကြားမှု၏ ဆိုင်ရာရုပ်ဓာတ်နာမ်ဓာတ်တရား ၆-ပါး၊ ဃာန၌နှာခေါင်းဖြင့် ထိုထိုအနံ့တို့ကိုနံကြရာမှာလည်း။ နံမှု၏ဆိုင်ရာရုပ်ဓာတ်နာမ်ဓာတ် ၆-ပါး။ ။ ဇိဝှာ၌။ လျှာဖြင့်ထိုထို

အရသာ တို့ကို ခံစားကြရာ မှာလည်း၊ ခံစားမှု ဆိုင်ရာ ရုပ်ခေါတ်နာမ်ခေါတ် ၆—ပါး။ လောကဌ် ကိုယ်အင်္ဂါဖြင့် ထိုထိုအတွေ့အထိတို့ကိုသိကြရာမှာလည်း၊ အတွေ့အထိသိမှု၏ ဆိုင်ရာ ရုပ်ခေါတ်နာမ်ခေါတ် ၆-ပါး။ ။လောကဌ်။စိတ်မနေသောသက်သက်ဖြင့်။ထိုထိုကုသိုလ်အကုသိုလ်အစရှိသောတရားတို့ကို သိကြကြံကြတွေးဆကြရာမှာလည်း။သိမှုကြံမှုတွေးဆမှု၏ဆိုင်ရာရုပ်ခေါတ်နာမ်ခေါတ် ၆-ပါး၊ ။ဤသို့လျှင်။ဝင်းဥပရိပဏ္ဏာသ ပါဠိတော်ကြီးမှာ။ ရုပ်ခေါတ်နာမ်ခေါတ်ပေါင်း ၃၆-ချက် လာရှိ၏၊ ။ထို ၃၆ချက်တို့တွင်။ဓမ္မာဟူသောနောက်ဆုံးအချက်၌။ခပ်သိမ်းသော အရိက်တရားမျိုး၊အရိက်ထက်အရိက်တရားမျိုး။ ခပ်သိမ်းသော အလိမ္မာတရားမျိုး။အလိမ္မာထက်အလိမ္မာတရားမျိုးတို့သည်၊ အကုန်ပါဝင်ကုန်လေ၏၊ အခြားတပါးသော ပါဠိတော်တို့၌ မူကား၊ ရူပသညာ,သဒ္ဒသညာ, ဂန္ဓသညာ,ရသသညာ, ဖောဋ္ဌဗ္ဗသညာ, ဓမ္မသညာဟူ၍။သညာခေါတ် ၆—ပါး။ ။ရူပသဉ္စေတနာသဒ္ဒသဉ္စေတနာ။ဂန္ဓသဉ္စေတနာ။ရသသဉ္စေတနာ။ ဖောဋ္ဌဗ္ဗသဉ္စေတနာ။ ဓမ္မသဉ္စေတနာဟူ၍။ စေတနာခေါတ် ၆-ပါး၊ ။ရူပဝိတက္က။ သဒ္ဒဝိတက္က။ဂန္ဓဝိတက္က။ရသဝိတက္က။ဖောဋ္ဌဗ္ဗဝိတက္က။ ဓမ္မဝိတက္ကဟူ၍ ဝိတက်ခေါတ် ၆-ပါး။ရူပဝိစာရ။သဒ္ဒဝိစာရ။ဂန္ဓဝိစာရ။ ရသဝိစာရ။ဖောဋ္ဌဗ္ဗဝိစာရ။ဓမ္မဝိစာရဟူ၍၊ဝိစာရခေါတ် ၆-ပါးဟူ၍။ နာမ်ခေါတ်အပြား ၂၄ ပါးလာရှိ၏။ အတ္တ, အနတ္တစစ်ချက်မှာမူကား။ အထက် ၃၆-ပါးတို့နှင့်ထပ်တူပင်ဖြစ်၏။ ၂-ရပ်ပေါင်းသော်။ ရုပ်ခေါတ် နာမ်ခေါတ်ပေါင်း ၆၀- ရ၏၊ထို ၆၀—တို့ သည်လည်း။ အယုတ်အညံ့အမျိုးမျိုး။အလတ်အမျိုးမျိုး။အမြတ်အမျိုးမျိုး, အမြတ်ထက်အမြတ်အမျိုးမျိုးရှိကြကုန်၏။ ။ထိုတွင်။ရုပ်ခေါတ်နာမ်ခေါတ်အယုတ်အညံ့ အမျိုးမျိုးကို အစွဲပြု၍။ ယုတ်ညံ့သော သတ္တဝါအမျိုးမျိုးရှိနေကြကုန်၏။ ရုပ်ခေါတ်နာမ်ခေါတ်အလတ်အမျိုးမျိုးတို့ကိုအစွဲပြု၍။အလတ်အမျိုးမျိုးဖြစ်သောသတ္တဝါ အမျိုးမျိုးရှိနေကြကုန်၏၊ ရုပ်ခေါတ်နာမ်ခေါတ်အမြတ် အမျိုးမျိုးတို့ကို

www.dhammaransi.com



အစွဲပြု၍။အမြတ်ဖြစ်သောသတ္တဝါအမျိုးမျိုးရှိနေကြကုန်၏။ ရုပ်ခေတ်နံခေတ်အမြတ်ထက်အမြတ်အမျိုးမျိုးတို့ကို အစွဲပြု၍မဟာဗြဟ္မာကြီး, သမ္ဗုဒ္ဓမြတ်စွာဘုရားကြီးတို့ တိုင်အောင်။ အမြတ်ထက်အမြတ်အမျိုးမျိုးရှိနေကြကုန်၏။

## မြင်မှုကြားမှုသည်။ရုပ်ခေတ်နာမ်ခေတ်တို့၏ အစွမ်းသတ္တိကိုပြခြင်း။

လောက၌၊ သတ္တဝါအပေါင်းတို့၏ မြင်မှုကြားမှု အစရှိကုန်သောခပ်သိမ်းသော အရေးအခွင့်ကိစ္စကြီးငယ်တို့သည်။ ထိုရုပ်ခေတ်နာမ်ခေတ်တို့၏အစွမ်းသတ္တိတို့သာတည်း။ပုဂ္ဂိုလ်၏အစွမ်း, သတ္တဝါ၏အစွမ်း,အတ္တ၏အစွမ်း, ဇီဝ၏အစွမ်းဟူ၍တစုံတခုမျှ မရှိလေ။

လောက၌။အချို့သောသူတို့သည်ကား။ ထိုရုပ်ခေတ် တရားနာမ်ခေတ်တရားတို့မည်သည်။အနတ္တမျိုးဖြစ်ကြ၍။ကြားမှု,မြင်မှု, ကြံဘန်မှု,စသည်တို့တွင် တစုံတခုကိုမျှမပြုတတ်ကြကုန်။ သစ်ဂုတ်ခြောက်မြက်ခြောက်တို့ကဲ့သို့၊ အချည်းနှီးသော တရားတို့သာဖြစ်ကြကုန်၏။သတ္တဝါတို့၏ကိုယ်တွင်း၌၊ အသီးအသီးရှိနေကြကုန်သော၊အသီးအသီးသောအတ္တတို့သည်သာလျှင်။ ထိုမြင်ခြင်းကြားခြင်းအစရှိသောခပ်သိမ်းသော အရေးအခွင့်ကိစ္စကြီးငယ်တို့ကို ဆောင်ရွက်ကြပေကုန်၏ဟု ပြောဆိုကြကုန်၏ ထိုစကားသည်သက်သက်မှားယွင်းသောစကားပေတည်း၊ စင်စစ်အမှန်မှာမူကား။ထိုအလုံးစုံသောအရေးအခွင့်ကိစ္စကြီးငယ်တို့ကို ပြုလုပ်ပြီးစီးစေနိုင်သော အစွမ်းသတ္တိတို့သည်၊ ရုပ်ခေတ် နာမ်ခေတ်တို့၌သာရှိကုန်၏၊ ပညတ်မျှသာဖြစ်သော ပုဂ္ဂိုလ်သတ္တဝါ အတ္တဇီဝတို့၌ထိုအစွမ်းသတ္တိမျိုးမရှိ။ ရုပ်ခေတ်နာမ်ခေတ်တို့ကို ခွဲခြမ်း၍မသိသော သူတို့သည်မူကား၊ ထိုအစွမ်းသတ္တိတို့ကို

www.dhammaransi.com



ပုဂ္ဂိုလ်သတ္တဝါ၏အစွမ်းသတ္တိဟုအထင်အယူမှားယွင်း၍ နေကြကုန်၏။

ဤစကား၌ဇီဝဆိုသည်ကား၊တခုခုသောဘဝတွင် တသက်လုံးခိုင်မြဲသော အသက်မည်သည် ရှိ၏ဟု၊ လူအများတို့ မှတ်ယူကြသောအသက် ဇီဝကို ဆိုသတည်း၊ အမှန်အားဖြင့်မူကား။ တဘဝလုံးခိုင်မြဲသောအသက် ဇီဝမည်သည်မရှိ။ ရုပ်၏အသက်နာမ်၏အသက်မျှသာရှိ၏၊ ထိုရုပ်၏အသက်နာမ်၏အသက်သည်လည်း။ ရုပ်တရားနာမ်တရားတို့နှင့်ဖြစ်အတူပျက်အတူတွဲ၍ နေသောတရားပေတည်း၊ ထိုရုပ်သက်နာမ်သက်တို့သည်၊ ဖြစ်တုံပျက်တုံအလျဉ်မပြတ် ဆက်လက်ရှိနေဆဲအခါ၌။ သတ္တဝါသည်အသက်ရှည်၏ဟုမှတ်ယူကြ၏၊ အလျဉ်အဆက်ပြတ်စဲ၍ သွားသောအခါ၌၊သတ္တဝါသည်သေ၏ဟုမှတ်ယူကြကုန်၏။

ဤအရာ၌။ပညတ်မျှသာဖြစ်သော ပုဂ္ဂိုလ်,သတ္တဝါ,အတ္တ,ဇီဝတို့၌၊ထိုအစွမ်းသတ္တိမျိုးမရှိ။ရုပ်ဓာတ်နာမ်ဓာတ်တို့၌သာ။ ထိုအစွမ်းသတ္တိရှိကြောင်းကိုထင်ရှားစေဦးအံ့။ ။သတ္တဝါတို့၌။မျက်စိတို့ဖြင့်ထိုထိုအဆင်းတို့ကိုမြင်မှုသိမှုကြီးတပါး။ နားတို့၌ထိုထိုအသံတို့ကိုကြားမှုသိမှုကြီးတပါး။နှာခေါင်းတို့ဖြင့် ထိုထိုအနံ့တို့ကိုနံမှုသိမှုကြီးတပါး။ လျှာတို့ဖြင့်ထိုထိုအရသာတို့ကို လျက်မှုသိမှုကြီးတပါး၊ကိုယ်အင်္ဂါတို့ဖြင့်ထိုထိုအတွေ့အထိတို့ကို သိမှုကြီးတပါး။ နှလုံးအိမ်၌ရှိသော စိတ်မနောတို့ဖြင့်၊ သတ္တဝါအားလျော်စွာအရာခပ်သိမ်းတို့ကိုကြံမှုသိမှုကြီး။ဣရိယာပထလေးပါးတို့၌ကျင်လည်မှုကြီး, အသက်မွေးမှုကြီး, ဒုက္ခရိုက်သုခရိုက် အမိုက်တရားအလိမ္မာတရားတို့ကို ပွါးများစေမှုကြီး တပါးဟူ၍။ ဒွါရ-၆-ပါးမှ ဖြစ်ပွါးကြကုန်သော အရေးအခွင့်ကြီး တို့သည်၊ သတ္တဝါတယောက်တယောက်မှာ ၆-ပါး-၆-ပါးစီရှိကြကုန်၏။

ထို ၆-ပါးတို့တွင်။ထိုထိုအဆင်းတို့ကိုမြင်မှုသိမှုအစွမ်းသတ္တိသည်၊စက္ခုပသာဒဟူသောရုပ်ဓာတ်,စက္ခုဝိညာဏ်ဟူသော နာမ်ဓာတ်တို့၏အစွမ်းသတ္တိသာဖြစ်၏။ ပုဂ္ဂိုလ်,သတ္တဝါ,အတ္တ,ဇီဝတို့၏ အ

www.dhammaransi.com



စွမ်းသတ္တိမဟုတ်။မဟုတ်ပုံကား။စက္ခုဟူသော ရုပ်ဓာတ်ရှိနေမှသာ။ထိုမြင်မှုကြီးသည်ရှိနိုင်၏၊စက္ခုရုပ်ဓာတ်ပျက်ဆုံး၍။ မျက်စိအင်္ဂါချို့တဲ့လျက်ရှိသောသူကန်းတို့မှာ၊ ထိုမြင်မှုကြီးသည် မရှိလေပြီ။အကယ်၍သတ္တဝါ၏ကိုယ်တွင်း၌ မြင်ခြင်းသိခြင်းစသည်ကိုစွမ်းနိုင်သောအတ္တမည်သည်ရှိခဲ့ငြားအံ့၊ မျက်စိအင်္ဂါ ချို့တဲ့သောသူကန်းတို့မှာလည်း၊ ထိုအတ္တ၏အစွမ်းဖြင့်၊ ထိုမြင်မှုကြီးသည်ရှိနေလေရာ၏။ထိုသို့မူကားမရှိ။ ထိုကြောင့်။ဤမြင်မှုသိမှုအရေးအခွင့်ကြီးအတွက်မှာလည်း။ ထိုအတ္တသည်အသုံးမကျလေ။ ထိုအတူထိုထိုအသံတို့ကိုကြားမှုသိမှုကြီးသည်လည်း၊ သောတဟူသောရုပ်ဓာတ်, သောတဝိညာဏ်ဟူသော နာမ်ဓာတ်တို့၏အစွမ်းသတ္တိသာဖြစ်၏။ ပုဂ္ဂိုလ်,သတ္တဝါ, အတ္တ,ဇီဝတို့၏ အစွမ်းသတ္တိမဟုတ်။မဟုတ်ပုံကိုလည်း။ လောက၌သောတဟူသောရုပ်ဓာတ်ပျက်ဆုံး၍။ နားပင်းသောသူတို့မှာ။ ကြားမှုသိမှုဟူ၍ မရှိသည်ကိုဒိဋ္ဌမျက်မြင်ဖြစ်ကြ၏။ထိုကြောင့်။ဤကြားမှုကြီးအတွက်မှာလည်း။ထိုအတ္တသည်သက်သက်အသုံးမကျလေ။

ထိုထိုအနံ့တို့ကို နံမှုသိမှုကြီးမှာလည်း။ ဃာနဟူသောရုပ်ဓာတ်ပျက်ဆုံး၍။ ဃာနအင်္ဂါချို့တဲ့သောသူ ထိုထိုအရသာတို့ကိုလျက်မှုသိမှုကြီးမှာလည်း၊ ဇိဝှါဟူသော ရုပ်ဓာတ်ပျက် ဆုံး၍ဇိဝှါအင်္ဂါချို့တဲ့သောသူ။ ထိုထိုအတွေ့အထိတို့ကို သိမှုကြီးမှာလည်း၊ထိုထိုကိုယ်အင်္ဂါကာယဟူသောရုပ်ဓာတ်ပျက်ဆုံး၍ကာယချို့တဲ့သောသူတို့ကို ထုတ်ဘော်၍။ စက္ခုမှာကဲ့သို့ အကျယ်ထုတ်ဘော်၍ဆိုလေ။

နှလုံးအိမ်၌ရှိသောစိတ်မနောအင်္ဂါပျက်ဆုံးသော သူတို့သည်မူကား။ ထိုခဏ၌သေဆုံးကြရကုန်၏။ ထိုအင်္ဂါဆိုင်ရာဖြစ်သောကြံမှုသိမှုကြီး။ဣရိယာပထလေးပါးတို့၌ကျင်လည်မှုကြီး။အသက်မွေးမှုကြီး။ဒုစ္စရိုက်။ သုစ္စရိုက်၊အမိုက်တရား။ အလိမ္မာတရားတို့ကိုပွါးများစေမှုကြီးသည်လည်း၊အကုန်ကွယ်ဆုံးလေတော့သည်၊

www.dhammaransi.com



ဤအမှုကြီးအတွက်မှာလည်း။ ထိုအတ္တသည်သက်သက် အသုံး မကျကြောင်းထင်ရှားလေပြီ။

ဤသို့လျှင်ပညတ်မျှသာဖြစ်သော ပုဂ္ဂိုလ်, သတ္တဝါ,အတ္တဇီဝ တို့၌။ထိုအစွမ်းသတ္တိဟူ၍တစုံတခုမျှမရှိ။ ရုပ်ဓာတ်နာမ်ဓါတ်တို့၌ သာ။ထိုအစွမ်းသတ္တိတို့သည်ရှိကြကုန်၏။

——

## အကြီးဆုံးသောတန်ခိုးသည်၊နာမ်ဓာတ်တို့၏ အစွမ်းသတ္တိကိုပြခြင်း။

ထိုအတူလောက၌အကြီးဆုံးဖြစ်သော တန်ခိုးဣဒ္ဓိဟူသောအ ရေးအခွင့်ကြီးအလုံးစုံအကုန်သိမြင်နိုင်သောဉာဏ်ပညာဟူသော အရေးအခွင့်ကြီးများသည်သည်း။ အမြတ်ထက်အမြတ်ဖြစ်သော နာမ်ဓာတ်တရားတို့၌သာရှိကုန်၏၊ပညတ်မျှသာဖြစ်သော ပုဂ္ဂိုလ် သတ္တဝါ,အတ္တ,ဇီဝတို့၌မရှိကြကုန်။

အကြီးဆုံးဖြစ်သောဣဒ္ဓိတန်းခိုးဆိုသည်ကား၊ အတုမရှိသော မြတ်စွာဘုရားတို့၏တန်ခိုးတော်ပေတည်း။ ။အလုံးစုံ သိစွမ်း နိုင်သောဉာဏ်ပညာဆိုသည်ကား။မြတ်စွာဘုရားတို့၏ သဗ္ဗညု တဉာဏ်တော် ပေတည်း။ ။ထိုတန်းခိုး, ထိုဉာဏ်များသည် လည်း။နာမ်ဓာတ်အထူးတို့ပေတည်း။

ထိုအတူသံသရာကမ္ဘာအဆက်ဆက်၌၊ သတ္တလောက။ဩ ကာသလောက။သင်္ခါရလောကဟုဆိုအပ်သော လောကသုံးပါး တို့ကို။တည်ထောင်ဘန်သင်းနိုင်သော အစွမ်းသတ္တိသည်သည်း။ ရုပ်ဓာတ်နာပ်ဓာတ်တို့၌သာရှိကုန်၏။ ပညတ်မျှသာဖြစ်သော မ ဟာပြဟ္မာကြီးအစရှိသော ပုဂ္ဂိုလ်,သတ္တဝါ,အတ္တ,ဇီဝတို့၌ မရှိ လေပြီ။

မရှိပုံကိုထင်ရှားရုံမျှပြဆိုဦးအံ့၊ကမ္ဘာလောကဓာတ်မည်သည်၊ ဖြစ်တုံပျက်တု အစဉ်အဆက်အားဖြင့် အစမရှိအဆုံးမရှိ ဆက်

လက်၍သာနေ၏။ရှေးအတိတ်ကာလ၌လည်း။အစအဆုံးကမ္ဘာဟူ၍မရှိ။နောင်အနာဂတ်ကာလ၌လည်း။အဆုံးဆုံးကမ္ဘာဟူ၍မရှိ။ ။အရပ်မျက်နှာအားဖြင့်လည်းကမ္ဘာလောကဓာတ်တို့အရှေ့အရပ်၌လည်းအဆုံးမရှိအနန္တရှိနေကြကုန်၏။ အနောက် အရပ်၌လည်းအဆုံးမရှိအနန္တရှိနေကြကုန်၏။တောင်အရပ်၌လည်းအဆုံးမရှိအနန္တရှိနေကြကုန်၏။ မြောက်အရပ်၌လည်းအဆုံးမရှိ အနန္တရှိနေကြကုန်၏၊ ။ကမ္ဘာလောကဓာတ်တို့၏ ဖြစ်မှုပျက်မှုမှာလည်း။ အလှည့်အလည်အားဖြင့် ဖြစ်ကြပျက်ကြကုန်၏၊ အကုန်လုံးတပြိုင်နက်တည်းပြိုင်၍ဖြစ်ကြပျက်ကြသည် မဟုတ်ကုန်၊ ။သတ္တဝါအပေါင်းတို့သည်လည်း။အနန္တလောကဓာတ်တို့၌ အလှည့်အလည်အားဖြင့် ကျင်လည်၍နေကြကုန်၏။ ။သူ့လောကဓာတ်နှင့်သူ့လောကဓာတ်၏ဆိုင်ရာသတ္တဝါဟူ၍အမြဲမရှိကြကုန်။ ။တခုသောလောကဓာတ်ပျက်နေခိုက်၌။မပျက်သောလောကဓာတ်တပါးသို့။မိမိတို့ကံ၏အစွမ်းဖြင့်ပြောင်း၍နေကြကုန်၏၊ တဖန်ထိုပျက်သောလောကဓာတ်သည်တည်ထောင်၍လာပြန်သော်။လောကဓာတ်တပါးတို့မှ သတ္တဝါအပေါင်းတို့သည်၊ ထိုအသစ်တည်ထောင်သောလောကဓာတ်သို့ပြောင်း၍လာကြကုန်၏။

ဤအရာ၌၊ မဟာပထဝီ,မဟာသမုဒ္ဒရာအစရှိသော လောကဓာတ်အဆောက်အအုံတို့၏၊ အသစ်အသစ် ဖြစ်ပေါ်နိုင်ရန် အကြောင်း၊ သတ္တဝါအပေါင်းတို့၏ အသစ်အသစ် ဖြစ်ပေါ်နိုင်ရန် အကြောင်းတို့ကိုပြဆိုရာ၏၊

အကြောင်းဆိုသည်ကား ၊ရုပ်ဓာတ်အပေါင်းတို့တွင်၊ ဥတုခေါ်သော တေဇောဓာတ်အထူးဟု ဆိုအပ်သော ရုပ်ဗီဇဓာတ်ကြီးတပါး။နာမ်ဓာတ်အပေါင်းတို့တွင်။ကံဟူ၍ခေါ်သော ကုသိုလ်စေတနာ, အကုသိုလ်စေတနာအထူးဟု ဆိုအပ်သော နာမ်ဗီဇဓာတ်ကြီးတပါးဟူ၍ အကြောင်းတရားနှစ်ပါးရှိ၏။ ရုပ်ဗီဇတို့၏အစွမ်းသတ္တိကြီးကျယ်ပုံကိုပြခြင်း။

ထိုတွင်။ရုပ်ဗီဇဓာတ်ကြီးသည်။ အဘယ်မျှလောက် အစွမ်း

သတ္တိကြီးမားသနည်းဟု ဆိုသော်။လောက၌၊ ညောင်မျိုးစေ့,သရက်မျိုးစေ့,ပိန်းနဲမျိုးစေ့,အစရှိသောမျိုးစေ့ ဓါတ်တို့၏ အစွမ်းသတ္တိတို့သည်။ မျက်မြင်ဒိဋ္ဌဖြစ်ကြကုန်၏။ ။အလွန်သေးငယ်သောညောင်မျိုးစေ့တခုမှ။ ညောင်ပင်ကြီးတပင်ဖြစ်နိုင်၏။ ထိုညောင်ပင်ကြီးမှ။ညောင်သီးညောင်စေ့တို့သည်၊တနှစ်တနှစ်အတို့တွင်အသောင်းအသိန်းမကဖြစ်ပွါးကြကုန်၏၊ထိုအသီးအစေ့တို့သည်အရပ်တပါးသို့အနှံ့ အပြားရောက်၍ညောင်ပင်ငယ်တွေပေါက်ပွါးကြစေရန်အခွင့်ကိုရကြပါမူကား၊ ထိုပထမ ညောင်စေ့ငယ်တခုမှဖြစ်ပွါးသောညောင်ပင်တို့သည်။ အနှစ်ငါးရာခြောက်ရာအတွင်းမှာပင်၊တကမ္ဘာလုံးပြည့်လေရာ၏။ ကြွင်းကုန်ကုန်သောသရက်ပိန်းနဲစသောမျိုးစေ့တို့မှာလည်း။ ဤနည်းအတိုင်းမြော်လေမြင်လေ။ ။ဤကား။ဥတုခေါ် သောတေဇောဓါတ်အထူးဟု ဆိုအပ်သောရုပ်ဇီဝဓါတ်ကြီး၏အစွမ်းသတ္တိကြီးကျယ်ပုံကိုအမြွက်မျှဘော်ပြချက်ပေတည်း။

---

## ကမ္ဘာသစ်တည်ထောင်ပုံကိုပြခြင်း။

ဤရုပ်ဇီဝကြီးသည်ကား။ အသက်ဝိညာဏ်နှင့် ယှဉ်သောဓါတ်မျိုးမဟုတ်သောကြောင့်။ အသက်ဝိညာဏ်ရှိသောသတ္တဝါကောင်တို့ကိုဖြစ်စေနိုင်သောအစွမ်းသတ္တိမရှိ။ အသက်ဝိညာဏ်မရှိသောမဟာပထဝီ,မဟာသမုဒ္ဒရာ, နေ,လ,နက္ခတ်,တာရာ စသောလောကဓါတ်အဆောက်အဦးတို့ကိုသာဖြစ်စေနိုင်၏။ ။ဤရုပ်ဇီဝဓါတ်မျိုးတို့သည်လည်း လွန်လေပြီးသောကမ္ဘာအနန္တ,လာလတံ့သော ကမ္ဘာအနန္တတို့မှာ။ ပြတ်စဲကုန်ဆုံးသည်ဟူ၍ မရှိ။ အစဉ် အဆက် အားဖြင့် ဆက်လက် ဖြစ်ပွါး လျက်။ အစဉ် ထာဝရ အားဖြင့် ပါရှိ၍ နေကြကုန်၏။ ကမ္ဘာပျက်သောအခါ၌။ ထိုရုပ်ဇီဝဓါတ်မျိုးတို့မှ အလွန်သိမ်မွေ့သဖြင့်၊ ပကတိသော

www.dhammaransi.com



ပျက်စီတို့နှင့် မမြင်ကောင်းသော ဗီဇဓာတ်စွမ်းကောင်းတို့သည် နောင်ကမ္ဘာသစ်တည်ထောင်ရန်ကျန်ရှိ၍နေကြကုန်၏။

ကမ္ဘာသစ်တည်ထောင်ပုံကား။ပျက်ပြီး၍ကောင်းကင်အတိရှိနေကြကုန်သောလောကဓာတ်အပြင်တို့၌။ ထိုရုပ်ဓါတ်မျိုးစေ့အထူးတို့မှ။အခိုးနု,အခိုးရင့်တို့သည်ဖြစ်ပွားကြကုန်၏ ၎င်းတို့မှယူဇနာအသိန်း,အသန်း,မက။ကြီးကျယ်လှစွာသော မိုးတိမ်တိုက်မိုးတိမ်လွှာတို့သည်ဖြစ်ပွါးကြကုန်၏။၎င်းတို့မှ။မိုးရေ မိုးပေါက်တို့သည် ဖြစ်ပွါးကြ၍။ ကမ္ဘာပြု မိုးကြီးသည်၊ သည်းထန်စွာရွာလေ၏လောကဓါတ်အပြင်တို့သည်ရေပြင် တခုတည်းဖြစ်၍ကည်သေ၏။ကာလကြာညောင်းလတ်သော်၎င်း ရေမှသည်ညွန်နု,ညွန်ကြမ်း, မြေနု, မြေကြမ်း။ ကျောက်နု, ကျောက်ကျမ်းကျောက်ဖျာကျောက်လုံးကျောက်တုန်း။ကျောက်ဆောင်,ကျောက်တောင်ကြီးငယ်တို့သည်ဖြစ်ကြကုန်သဖြင့်။ မဟာပထဝီ,မြင့်မိုရ်သတ္တရဘ္ဘာန်။မဟာသမုဒ္ဒရာ,မြစ်ကြီးမြစ်ငယ်၊ အိုင်ကြီးအိုင်ငယ်အစရှိသော။ကမ္ဘာလောက အဆောက်အဦတို့သည်။ ဖြစ်ပေါ်ကုန်၏။

ထိုရုပ်ဗီဇဟုဆိုအပ်သောကမ္ဘာမျိုးစေ့တို့၏ အတွင်း၌ ပါရှိကြကုန်သောညောင်မျိုးစေ့။သရက်မျိုးစေ့။ ပိန်းနဲမျိုးစေ့အစရှိသောမျိုးဓာတ်အထူးတို့မှလည်း ညောင်ပင်။ သရက်ပင်။ ပိန်းနဲပင်အစရှိသော သစ်ပင်နွယ်မြက်တို့သည်သည်း။ ထိုမြေရေတို့မှပေါ်ပေါက်ကြကုန်၏။

ထိုအခါ၌မြေရေတို့သည်။ အလွန် နှစ်သိကြွစာနှင့်ပြည့်စုံကြကုန်သည်ဖြစ်၍။ ညောင်စေ့,သရက်စေ့,ပိန်းနဲစေ့ အစရှိသောမျိုးစေ့အထူးမရှိဘဲပင်။မြေရေတို့မှပေါ်ပေါက်နိုင်ကြကုန်၏။နေဗုံအခါ၌မူကား။လူသတ္တဝါတို့မှာ။လောဘ,ဒေါသ,မောဟ တရားပွါးများ၍လာသဖြင့်။မြေ,ရေ,တော,တောင်တို့၌။ နှစ်သိကြွစာတို့သည်။အစဉ်အတိုင်းခန်းခြောက်လေကုန်၏။ထိုအခါ၌ ရုပ်ဗီဇတို့သည်။အမြစ်အသီးစသည်တို့၌ရပေးကြကုန်၏။ထိုအခါမှစ၍။အ

www.dhammaransi.com



ချိုသောသစ်ပင်တို့သည်။အမြစ်ကိုစိုက်မှပေါက်နိုင်ကြကုန်၏၊ အချို့တို့သည်။ပင်စည်ကိုစိုက်မှ။အချို့တို့သည်အဆစ်ကိုစိုက်မှ။အချိုတို့သည်အကိုင်းအခက်ကိုစိုက်မှ။အချို့တို့သည်အစေ့ကိုစိုက်မှပေါက်ရောက်နိုင်ကြကုန်၏၊ ။ဤကား။ ရုပ်ဇီဝ တို့၏အစွမ်းသတ္တိကြီးကျယ်ပုံကိုအမြွက်မျှပြဆိုချက်ပေတည်း၊

---

နာမ်ဇီဝဓာတ်၏အစွမ်းသတ္တိကြီးကျယ်ပုံကိုပြခြင်း။

နာမ်ဇီဝဓာတ်ကြီးသည်။အဘယ်မျှလောက်အစွမ်းသတ္တိကြီးမားသနည်းဟုဆိုသော်ရုပ်ဇီဝဓာတ်ကြီးသည်။အသက်ဝိညာဏ်နှင့်မယှဉ်သည်ဖြစ်၍။အသက်ဝိညာဏ်ရှိသောသတ္တဝါကောင်တို့ကိုဖြစ်စေခြင်းငှါမတတ်နိုင်။နာမ်ဇီဝဓာတ်သည်မူကား။အသက်ဝိညာဏ်နှင့်ယှဉ်သည်ဖြစ်၍။ အသက်ဝိညာဏ်ရှိသော သတ္တဝါကောင်တို့ကိုဖြစ်စေခြင်းငှါစွမ်းနိုင်၏။ ကမ္ဘာအသစ်တည်ထောင်မိသောအခါ။ကမ္ဘာမပျက်သောစကြာဝဠာတို့မှ။အချို့သော သတ္တဝါတို့သည်။ကမ္ဘာသစ်အပြင်သို့ပြောင်းရွှေ့ဖြစ်ပေါ်လာကြကုန်၏။ ကမ္ဘာမပျက်သောအထက်ဗြဟ္မာဘုံတို့မှာလည်း။ကမ္ဘာသစ် အပြင်သို့ပြောင်းရွှေ့ ဖြစ်ပေါ်လာကြကုန်၏။ ။ထိုအခါ မိန်းမယောကျ်ားဟူ၍လည်းအထူးမရှိသဖြင့်။အမိအဘဟူ၍မရှိသေး။ ရှေးအခါ၌။မိမိတို့ပြုခဲ့သောကုသိုလ်ကံတို့၏ အစွမ်းအားဖြင့်သာသျှင်။ဥပပတ်နတ်,သိကြားဗြဟ္မာတို့ကဲ့သို့ ဖြစ်ပေါ်လာကြကုန်၏။ နောက်အခါ၌မူကား။ထိုသတ္တဝါတို့မှ၊ လောဘ,ဒေါသ, မောဟတရားပွါးများ၍လာသဖြင့်။မိန်းမယောကျ်ားထင်ရှားဖြစ်ပေါ်လာကြကုန်၏၊ မေထုန်သံဝါသတရားသည်။ ထင်ရှားဖြစ်ပေါ်လာ၏။ ထိုအခါမှစ၍အချို့သောသတ္တဝါတို့သည်။အမိအဘကို အစွဲပြုရမှဖြစ်ပေါ်နိုင်ကြကုန်၏။

ထိုတွင်။ညောင်မျိုးစေ့,သရက်မျိုးစေ့,ပိန်းနဲမျိုးစေ့စသည်တို့

www.dhammaransi.com



မှု၊ညောင်ပင်,သရက်ပင်,ပိန္နဲပင်စသည်တို့၏ ဖြစ်ပွါးခြင်းသည်။ လောကမှာဒိဋ္ဌမျက်မြင်ဖြစ်ကြ၏။ကုသိုလ်ကံ—အကုသိုလ်ကံ ဟုဆိုအပ်သောနာမ်ဓမ္မဓာတ်ကြီးမှ၊ သတ္တဝါကောင်တို့၏ ဖြစ်ပေါ်မှုသည်ကား၊မျက်မြင်ဒိဋ္ဌမျိုးမဟုတ် ထိုသို့ မဟုတ်သော်လည်း။ မျက်မြင်ဒိဋ္ဌကဲ့သို့ပင်။လောက၌ထင်ရှားလျက်ရှိနေကြ၏။

အဘယ်သို့ ထင်ရှားသနည်းဟူမူကား။ လောက၌ ဇာတိဿရဉာဏ်ကိုရသောပုဂ္ဂိုလ်တို့သည် ရှိကြကုန်၏။ မိမိဖြစ်၍ လာခဲ့သော။ရှေးရှေးသောဘဝတို့ကိုမြင်နိုင်ကြကုန်၏။ နတ်, သိကြား, ဗြဟ္မာတို့သည်သည်း။ မိမိတို့၏လည်းကောင်း။ သူတပါး တို့၏ လည်းကောင်း။ရှေးဘဝ,နောက်ဘဝတို့ကိုမြင်နိုင်ကြကုန်၏။ ရှေးဘဝ၌ဘယ်ကုသိုလ်ကိုပြု၍။နောက်ဘဝ၌ဘယ်ဘုံမှာဖြစ်ရသည် ရှေးဘဝ၌ဘယ်အကုသိုလ်ပြု၍။နောက်ဘဝ၌ ဘယ်အပါယ်ဘဝ သို့ကျရောက်ရသည်ဟုပစ္စက္ခဒိဋ္ဌထင်မြင်နိုင်ကြကုန်၏အဘိညာဉ် ကိုရကြသောရသေ့ရဟန်းတို့သည်လည်း။ထို့အတူထင်မြင်နိုင် ကြကုန်၏။ ငရဲဘုံ၌ကျရောက်သောသတ္တဝါတို့သည်လည်း။ ငါသည်ရှေးဘဝ၌ဘယ်အကုသိုလ်ကိုပြုမိ၍ယခုဘဝ၌ဤငရဲမှာဖြစ် လာရ၏ဟုသိကြကုန်၏။ထိုအတူပြိတ္တာဘုံ၌ ကျရောက်ကြသော သတ္တဝါ။အသူရကာယ်ဘုံ၌ ကျရောက်ကြသောသတ္တဝါတို့သည် လည်း။ငါသည်ရှေးဘဝ၌ဘယ်အကုသိုလ်ကိုပြုမိ၍ယခုဘဝ၌ဤ ပြိတ္တာဘဝဤအသူရကာယ်ဘဝမှာဖြစ်လာရ၏ဟုသိကြကုန်၏။

ဤသို့ရှေးဘဝ၌ပြုကြသောကုသိုလ်ကံ, အကုသိုလ်ကံ၏ အစွမ်းကြောင့်။နောက်ဘဝ၌သုဂတိဘဝ ဒုဂ္ဂတိဘဝတို့၌ ဖြစ်ကြရ ကုန်၏ဟုယုံကြည်ခြင်းသည်။ကမ္မဿကတာသမ္မာဒိဋ္ဌိကြီးမည်၏။ ထိုသမ္မာဒိဋ္ဌိအယူရှိကြကုန်သောလူမျိုးတို့၌သာလျှင်။ပါဏာတိပါ တစသောဒုစ္စရိုက်မှုတို့ကိုရှောင်ကြဉ်ခြင်း။ပါဏာတိပါတဝိရတီ စသောသုစရိုက်မှုတို့ကိုပြုကျင့်ခြင်း၊ထိုထိုဒါန,သီလ, ဘာဝနာစ သောကုသိုလ်တရားတို့ကိုပွါးများခြင်းဟူသော သူတော်ကောင်း လမ်းကြီးသည်ထင်ရှားရှိလေ၏။ ။ထိုသမ္မာဒိဋ္ဌိအယူမရှိမူ၍။မ

www.dhammaransi.com



ဟာပြဟ္မာကြီးဖန်ဆင်းမှုကိုယုံကြည်ကြသောလူမျိုးတို့၌ မူကား၊ ပါဏာတိပါတအစရှိသော ဒုစ္စရိုက်မှုတို့ကို ကြဉ်ရှောင်ခြင်း၊ ပါဏာတိပါတဝိရတီအစရှိသောသုစရိုက်မှုတို့ကို ပြုကျင့်ခြင်း၊ ထိုထိုဒါန,သီလ,ဘာဝနာကုသိုလ်မှုတို့ကိုပြုကျင့်ခြင်းဟူသော သုတော်ကောင်းလမ်းကြီးမရှိကြကုန်ပြီ၊ ။ဤကား၊နာမ်ဗေဒခေတ်မျိုးတို့၏ အစွမ်း သတ္တိကြီးကျယ်ပုံကို၊ အမြွက်မျှ ပြဆိုချက်ပေတည်း။

ဤကမ္ဘာလောက၏အကြောင်းအရာကိုမူကား၊ဆရာတော်စီရင်သော"နိယာမဒီပနီ"ခေါ်သော၊ဥရောပတိုက် အလင်းပြကျမ်း၌၊ပညာရှိအပေါင်းတို့ကြနပ်လောက်အောင် ပြည့်စုံလုံလောက်သောအကြောင်းယုတ္တိနှင့်တကွပါရှိလေ၏၊ ၎င်းကျမ်းသည်၊ယခုအခါမြန်မာနိုင်ငံ၌သာမက၊မြန်မာဘာသာနှင့်ရှိကြ၏၊ပါဠိဘာသာနှင့်ရေး၍လန်ဒန်မြို့ ( Mis Rys david )မစ်စ်ရိုင်းစဒေဗစ်ဆိုသူဆရာမကြီးထံသို့ပေးပို့လိုက်ရာ၊ယခုအခါအင်္ဂလိပ်ဘာသာပြန်ဆို၍ ( Reviue ) ရီဗြူးခေါ်သော သတင်းစာတွင်၊ ဂရိဘာရန် အာယာလံဗုဒ္ဓဘာသာအသင်းကြီးက၊ကမ္ဘာအနှံ့ ပြန့်ဝေလျက်ရှိ၏၊

ဤသည်ကား၊အထက်ကပြဆိုခဲ့သော ရုပ်ခေတ်တရား၊နာမ်ခေတ်တရားတို့မည်သည်၊အနတ္တမျိုးဖြစ်ကြ၍၊ ကြားမှု, မြင်မှု,ကြံဖန်မှုစသည်တို့တွင်၊ တရံတခုကိုမျှ မပြုတတ်ကြကုန်၊ သစ်ရွက်ခြောက်,မြက်ခြောက်တို့ကဲ့သို့၊အချည်းနှီး သော တရားတို့သာဖြစ်ကြကုန်၏၊သတ္တဝါတို့၏ကိုယ်တွင်း၌ အသီးအသီး ရှိနေကြကုန်သော၊အသီးအသီးသော အတ္တတို့သည်သာလျှင်၊ ထိုမြင်ခြင်းကြားခြင်းအစရှိသောခပ်သိမ်းသောအရေးအခွင့်ကိစ္စကြီးငယ်တို့ကိုဆောင်ရွက်ကြပေကုန်၏ဟုပြောဆိုသော မိစ္ဆာဝါဒကြီးကို၎င်း၊ကမ္ဘာသတ္တဝါတို့ကို၊ မဟာပြဟ္မာကြီး ဖန်ဆင်းသည် ဟူသောမိစ္ဆာဝါဒကြီးကို၎င်းတွန်း၍ နိပယ်ဖျက်လိုက်သောအချက်ကြီးပေတည်း။ ။ဤတွင်၍ကား၊ အထက်က ပြဆိုခဲ့သော သာမညအတ္တဒိဋ္ဌိတပါး၊စိတ်ဝိညာဏ်ကိုသာအတ္တဟုယူသော ဒိဋ္ဌိတ

www.dhammaransi.com



ပါး။ ရုပ်ဓာတ်နာမ်ဓာတ်တို့မှအလွတ်ဖြစ်သောအတ္တကိုယူသော ဒိဋ္ဌိတပါး။ ဤဒိဋ္ဌိသုံးပါးတို့ကိုပယ်ဖျက်ချက်ပြီး၏။

## ထာဝရဘုရားကိုစွပ်စွဲဆဲရေးခြင်းသို့ ရောက်ကြောင်းကိုပြခြင်း။

လောကဥ္။သတ္တဝါအပေါင်းတို့၏ကိုယ်ခန္ဓာမှာ။ အသီးအသီး ရှိနေကြသောအတ္တတို့သည်။ အထက်ကောင်းကင်ဘုံရှိ မဟာ ဗြဟ္မာကြီးတို့၏ပရမအတ္တ၏အစိတ်ဖြစ်သောအတ္တတို့ပေတည်း။

အတ္တတို့ပေတည်းဟူသောအယူစကားသည်မူကား ထာဝရ ဘုရားခေါ်သောမဟာဗြဟ္မာကြီးကို အလွန်ကြီးမားသော စွပ်စွဲ ခြင်းဖြင့် စွပ်စွဲရာရောက်၏။ အလွန်ကြီးမားသောဆဲရေးခြင်းဖြင့် ဆဲရေးရာရောက်၏။ ရောက်ပုံကား။ ထိုမဟာဗြဟ္မာကြီးသည်။ တန်ခိုးအနန္တနှင့်ပြည့်စုံသည်။အသိအလိမ္မာ ဉာဏ်ပညာအနန္တ နှင့်ပြည့်စုံသည်ဟု။ထိုသူတို့အခိုင်အမြဲစွဲယူကြ၏။လောကဥ္။မိုက် သောသူ။လိမ္မာသောသူနှစ်မျိုးတို့တွင်။မိုက်သောသူကား အလွန် များ၏။လိမ္မာသောသူကားအလွန်နည်း၏။ အကယ်၍ ထိုမဟာ ဗြဟ္မာမင်းကြီး၏ပရမအတ္တသည်။အသိအလိမ္မာဉာဏ်ပညာ အ နန္တနှင့်ပြည့်စုံငြားအံ့။ခပ်သိမ်းသောသတ္တဝါတို့၏ အတ္တတို့သည် လည်းထိုပရမအတ္တ၏အစိတ်အငယ်တို့အမှန်ဖြစ်ကုန်ငြားအံ့လော ကဥ္မိုက်သောသူဟူ၍တစုံတယောက်မျှမရှိရာလိမ္မာသောသူချည်း သာဖြစ်ရာ၏။လောကဥ္မှာမူကား။မိုက်သောသူတို့သာအလွန်များ ကုန်၏၊ထို့ကြောင့်။ ထိုမဟာဗြဟ္မာကြီး၏ ပရမအတ္တမှာလည်း။ လိမ္မာသောအစိတ်အလွန်နည်းပါး၏။မိုက်သော အစိတ်သည်သာ အလွန်များ၏ဟုထိုမဟာဗြဟ္မာကြီးကိုစွပ်စွဲ,ဆဲရေးရာ ရောက်၏။ ခပ်သိမ်းသောတိရစ္ဆာန်သတ္တဝါတို့မှာလည်း။မြင်ခြင်း ကြားခြင်း အစရှိသောအတ္တ၏ကိစ္စ အတ္တ၏အရေးအခွင့်တို့သည်လည်း။ အ

www.dhammaransi.com



သီးသီးရှိကြကုန်၏။ ထို့ကြောင့်။ ထိုအတ္တတို့ကိုလည်း။ ပရမအတ္တကြီး၏အစိတ်ဟုတ်ဟုမဆိုသာပေ။ ထိုတိရစ္ဆာန်သတ္တဝါတို့မှာလည်း။ အမိုက်ကားအလွန်များ၏။ အလိမ္မာကားအလွန်နည်းကြကုန်၏။ ထို့ကြောင့်ထိုမဟာဗြဟ္မာကြီး၏ ပရမ အတ္တ မှာလည်း။ လိမ္မာသောအစိတ်အလွန်နည်း၏။ မိုက်သောအစိတ်သည်သာ အလွန်များ၏ဟုထိုမဟာဗြဟ္မာကြီးကို စွပ်စွဲ, ဆဲရေးရာရောက်၏။ ထို့ကြောင့်။ ထိုအယူစကားကိုအလျင်အမြန်စွန့်ပစ်ကြကုန်ရာ၏။

ဤအရာ၌ဆိုဘွယ်ရှိသေး၏။ အမိုက်တရားမည်သည်။ လောဘ ဒေါသ။ မောဟဟူသောနာမ်တရားသုံးပါးတို့ပေတည်း။ သတ္တဝါအများတို့ မိုက်ကြ သည့်မှာ။ ပရမ အတ္တ၏ အစိတ် ဖြစ်သော အတ္တတွေကမိုက်သည်မဟုတ်။ စိတ်ရှိသည့်အတွက်ကြောင့်။ ထိုစိတ်မှအလိုအလျောက်ဖြစ်ပွါးကြသောအမိုက်တရားတို့၏အစွမ်းသတ္တိပေတည်းဟုဆိုရန်ရှိသေး၏။ ဤသို့ဆိုခဲ့သော။ ရုပ်ဓာတ်နာမ်ဓာတ်တရားတို့မည်သည်။ အနတ္တမျိုးဖြစ်ကြ၍။ တစုံတခု အစွမ်းသတ္တိမရှိကြဟူသောအထက်စကားနှင့်ဆန့်ကျင်လေရာ၏။

တနည်းကား။ ထိုလောဘ,ဒေါသ,မောဟဟူသော အမိုက်တရားတို့သည်။ မဟာဗြဟ္မာကြီးဖန်ဆင်း၍ဖြစ်ကြကုန်သလော။ သို့တည်းမဟုတ်အလိုအလျောက်ဖြစ်ကြကုန်သလောဟုမေးရာ၏။ မဟာဗြဟ္မာကြီးဖန်ဆင်း၍ ဖြစ်ကြကုန်သည်ဟုဖြေခဲ့သော်။ မဟာဗြဟ္မာကြီးကိုစွပ်စွဲ,ဆဲရေးရာ ရောက်သည်ဟူသော အထက်စကားအတိုင်းကျရောက်လေ၏။ သို့တည်းမဟုတ်။ အလိုအလျောက်ဖြစ်ကြကုန်သည်ဟုဆိုခဲ့သော်။ ထိုလောဘဒေါသမောဟဟူသော အမိုက်တရားတို့ကဲ့သို့။ အလောဘ,အဒေါသ,အမောဟ ဟူသော အလိမ္မာတရားတို့သည်လည်း၊ မဟာဗြဟ္မာကြီး ဖန်ဆင်းသည်မဟုတ်လေကာ၌။ လိမ္မာရန်အကြောင်းတို့နှင့်ပေါင်းဆုံမိကြသဖြင့်အလိုအလျောက်ဖြစ်နိုင်ကြကုန်သည့်သာတည်းဟုဆိုဘွယ်ရှိ၏။ ထိုသို့ဖြစ်ခဲ့သော်။ သတ္တဝါတို့မှာ အကြီးအမှူးဦးစီးဦးကိုင်ဖြစ်သော ထိုအမိုက်တရား,အလိမ္မာတရားတို့သည်ပင်လျှင်။ မဟာဗြဟ္မာ

ကြီးဖန်ဆင်းသည် မဟုတ်ဘဲ။ သူ့အကြောင်းနှင့်သူ။ အလိုအလျောက်ဖြစ်နိုင်ကြကုန်သည်ရှိသော်။ ထိုမှကြွင်းကျန်သော ရုပ်ခါတ်နာမ်ဓာတ်တရားအလုံးစုံတို့သည်လည်း။ သူ့အကြောင်းနှင့်သူ။အလိုအလျောက်ဖြစ်နိုင်ကြကုန်၏ဟုဆိုခဲ့လျှင်။ ငြင်းခွယ်မရှိလေပြီ။ ထိုသို့ဖြစ်ခဲ့သော်လောကကို မဟာဗြဟ္မာကြီး ဖန်ဆင်းသည်ဟူသော အယူစကားသည်။ အဝါအကြွားမျှသာ ဖြစ်လေရာ၏။

ဥစ္ဆေဒဒိဋ္ဌိအယူ၌။သတ္တဝါဟု ဆိုအပ်သောအတ္တမည်သည်။ ပစ္စုပ္ပန်ဘဝသာရှိ၏။တဘဝမှတဘဝပြောင်းသွားခြင်း မရှိဟုအမှန်ယူခဲ့သော်လောက၌အကုသိုလ်အမှုကိုပြုကြသော်ငှင်း။ ကုသိုလ်အမှုကိုပြုကြသော်ငှင်း။နောက်ဘဝမရှိသည်ဖြစ်၍။ ကောင်းကျိုးမကောင်းကျိုးဟူ၍လည်းမရှိဟု။ကုသိုလ်ကံ,အကုသိုလ်ကံ,ကိုလည်းပယ်ရာရောက်၏။ကံ၏အကျိုးကိုလည်းပယ်ရာ ရောက်၏။ထို့ကြောင့်။ထိုအယူသည်အလွန်အပြစ်ကြီး၏။

သဿတဒိဋ္ဌိ၌။ သတ္တဝါခေါ်သောအတ္တသည်။ ဘဝသံသရာတွင်အစဉ်မြဲ၏။ ချုပ်သည်,ပျက်သည်,သေဆုံးသည်ဟူ၍ မရှိ။ ခန္ဓာအိမ်ကြီးငယ်တို့သည်သာလျှင်။တဘဝတခါပျက်ဆုံးပြောင်းလဲကြကုန်၏ဟုအမှန်ယူခဲ့သော်။ ထိုအယူမှာ။ကုသိုလ်ကံ,အကုသိုလ်ကံ,ကိုငှင်း။ ကံ၏အကျိုးကိုငှင်း။ ပယ်ဖျက်ခြင်းမရှိ။ဒုဂ္ဂတိ,သုဂတိ အလားအလာကိုလည်း ပယ်ဖျက်ခြင်းမရှိ။ သံသရာမှကျွတ်လွတ်ထွက်မြောက်ကြောင်းဖြစ်သောလမ်းကိုမူကား။ ပယ်ဖျက်ရာရောက်၏။ သံသရာမှထွက်မြောက်သော သဗ္ဗညုဘုရားဟူ၍လည်းမရှိ။ပစ္စေကဗုဒ္ဓါဟူ၍လည်းမရှိ၊ အရိယာသာဝကဟူ၍လည်းမရှိဟုဆိုရာရောက်၏။ထို့ကြောင့်။ထိုအယူကိုလည်းစွန့်ပစ်ကြကုန်ရာ၏။ ။ဤတွင်၍ကား။အတ္တ,အနတ္တ,ပုဂ္ဂလ အဖြေပြီး၏။

www.dhammaransi.com



## အတ္တစွဲလမ်းမှု၏အပြစ်။ အနတ္တထင်မြင်မှု၏ အကျိုးကိုပြခြင်း။

ဤအရာ၌။ အတ္တစွဲလမ်းမှု၏ အပြစ်အနတ္တထင်မြင်ခြင်း၏အကျိုးကို။ အနည်းငယ်ပြဆိုရာ၏။ သက္ကာယဒိဋ္ဌိဝိစိကိစ္ဆာပဟာနေန ပဟီနာပါယဂမနော။ ။အဘိဓမ္မတ္ထသင်္ဂဟပါဠိ။ ။သက္ကာယဒိဋ္ဌိဝိစိကိစ္ဆာပဟာနေန။ သက္ကာယဒိဋ္ဌိဝိစိကိစ္ဆာကို အကြွင်းမရှိပယ်ခြင်းကြောင့်။ ပဟီနာပါယဂမနော။ ပယ်အပ်ပြီးသောအပါယ်လားကြောင်းမကောင်းမှုရှိ၏။

ဤပါဠိ၌ဖြင့်။ သက္ကာယဒိဋ္ဌိကိုပယ်သည်ရှိသော်။ အလုံးစုံသော အပါယ်လားကြောင်းမကောင်းမှုဒုစ္စရိုက်တို့သည် ချုပ်ငြိမ်းကုန်၏။ အပါယ်လေးပါးတို့မှတခါတည်းကျွတ်လွတ်လေ၏ ဟူသော အနက်ကိုပြဆိုတော်မူ၏။ ထိုသို့ပြဆိုသဖြင့်လည်း။ လောက၌ ခပ်သိမ်းသော အပါယ်လားကြောင်း မကောင်းမှုဒုစ္စရိုက်တို့သည်။ သက္ကာယဒိဋ္ဌိရှိသည့်အတွက်ကြောင့်။ လောက၌ ရှိနေကြကုန်၏။ ထိုဒုစ္စရိုက်တို့ ရှိနေကြသောကြောင့်။ အပါယ်လေးပါးတို့ သည်လည်းရှိနေကြကုန်၏ဟုအမှန်သိရာ၏။

ဤစကား၌။ အပါယ်လားကြောင်းမကောင်းမှုဒုစ္စရိုက်တို့သည် တယောက်တယောက်သောသတ္တဝါ၏ သန္တာန်မှာ။ နှစ်မျိုးနှစ်မျိုးစီရှိကြ၏။ နှစ်မျိုးဆိုသည်ကား။ အနမတဂ္ဂသံသရာနှိုက် ဖြစ်ပွားကြကုန်ပြီးလျှင်။ ထိုပုဂ္ဂိုလ်သန္တာန်မှာသွားလေရာရာအစဉ်ပါရှိ၍ နေကြကုန်သော ဒုစ္စရိုက်ဟောင်းတို့လည်း တမျိုး။ နောက်နောက်ဘဝတို့နှိုက် အသစ်အသစ်ဖြစ်လတံ့ကုန်သော ဒုစ္စရိုက်သစ်တို့လည်းတမျိုး။ ဤနှစ်မျိုးတို့ပေတည်း။

ထိုတွင်။ ဒုစ္စရိုက်ဟောင်းအနန္တတို့သည်၊ သက္ကာယဒိဋ္ဌိချုပ်ငြိမ်းလျှင်အကုန်ချုပ်ငြိမ်းကြကုန်၏။ တယောက်သော သူသည်။ ယမန်နေ့၌နွားကောင်ရေတထောင်တို့ကိုကိုယ်တိုင်သတ်ဖြတ်လေရာ၏။ ထိုသူသည်၊ နောက်နေ့၌ဝိပဿနာ ဘာဝနာတရားကိုအား

www.dhammaransi.com



ထုတ်လေရာ။အနတ္တဉာဏ်ပေါက်ရောက်ယမြောက်လေ၏။သက္ကာယဒိဋ္ဌိချုပ်ငြိမ်းလေ၏။ ထိုအခါထိုသူမှာ။ယမန်နေ့၌သွားတာထောင်တို့ကိုသတ်ဖြတ်ခဲ့သောပါဏာတိပါတကံတို့သည်။ သက္ကာယဒိဋ္ဌိချုပ်ငြိမ်းရာတွင်။ အကုန်ချုပ်ငြိမ်းကြလေကုန်၏။ရှေးရှေးအတိတ်သံသရာမှပါရှိ၍ နေကြကုန်သော ဒုစ္စရိုက်ကံဟောင်းတို့ သည်လည်း၊ သက္ကာယဒိဋ္ဌိနှင့်အတူချုပ်ငြိမ်းကြလေကုန်၏၊ ထိုခဏမှနောက်၌၊အသစ်အသစ်ဖြစ်လတံ့ကုန်သော။ ဒုစ္စရိုက်ကံတို့သည်လည်း။တဖန်ဖြစ်ပေါ်ခြင်းမရှိကြကုန်မူ၍။ သက္ကာယဒိဋ္ဌိနှင့်တကွအကုန်ချုပ်ငြိမ်းကြလေကုန်၏။ထိုသူတို့သည်။ထိုခဏမှစ၍နိဗ္ဗာန်ရသည့်ဘဝတိုင်အောင်။ အပါယ်လေးပါးမှတခါဘည်း ကျွတ်လွတ်လေ၏။

ဤစကား၌။သက္ကာယဒိဋ္ဌိဆိုသည်ကား။ရုပ်တရားနာမ်တရားတို့ကို။ ငါ၏အတ္တဟုစွဲလန်းသော အတ္တဒိဋ္ဌိကို ဆိုသတည်း။ ဤအတ္တဒိဋ္ဌိရှိနေကြကုန်သောသတ္တဝါအပေါင်းတို့မှါမူကား။အပါယ်လေးဘုံကြီးသည်၊ထာဝရနေအိမ်ကြီးသဘွယ်ဖြစ်ကုန်၏။ လူ့ပြည်နတ်ပြည်ဟူသောသုဂတိဘုံများသို့ရံခါရံဘန်မျှရောက်နိုင်ကြကုန်၏။အပါယ်လေးဘုံ၌ဘဝပေါင်းထောင်သောင်းများစွာရှိမှ။ လူ့ဘုံနတ်ရွာဟူသော သုဂတိဘဝသို့၊ တကြိမ်တလှည့်မျှရောက်လာကြရကုန်၏။ ရောက်လာပြီးနောက်၌။ အပါယ်လေးဘုံသို့သာ အဘန်တလဲလဲကျရောက်ကြပြန်ကုန်၏။ ။ဤကားအတ္တစွဲလမ်းမှု၏အပြစ်, အနတ္တဉာဏ်ပေါက်ရောက်မှု၏အကျိုးပေတည်း။ ။

အတ္တ,အနတ္တအဖြေပြီး၏။

---

## အသက်မွေးမှု၏အနိစ္စ,ဒုက္ခ,အနတ္တ,ဝိပဿနာရှုနည်းကိုပြခြင်း။

အသက်မွေးမှုကြီးကိုအမှီပြု၍။ အနိစ္စ,ဒုက္ခ,အနတ္တ,ဝိပဿနာရှုနည်းကိုပြဆိုပေအံ့။ ။ရုပ်နာမ်တရားတို့၏ အနိစ္စလက္ခဏာ,

www.dhammaransi.com



ဒုက္ခလက္ခဏာ,အနတ္တလက္ခဏာတို့ကို၊ သင်္ခါရအလုပ်ကြီးသည် ဖုံးလွှမ်း၍နေ၏။ ထိုသင်္ခါရအလုပ်ကြီးကို ပယ်ခွါခဲ့သည်ရှိသော်။ ထိုလက္ခဏာရေးသုံးပါးတို့သည်။ ထင်လျှားစွာ ပေါ် လာကုန်၏။ ထိုလက္ခဏာရေးသုံးပါးတို့ကို။သင်္ခါရအလုပ်ကြီးသည်။ အဘယ်သို့ဖုံး လွှမ်း၍ နေသနည်းဟူမူကား။ အမိဝမ်းတွင်း၌။ သူငယ်၏ ကိုယ်ခန္ဓာမှာ ရှိနေကြကုန်သော ရုပ်ခတ် နာမ်ခတ် တရားတို့သည်။အမိ၏အစာအာဟာရသုံးဆောင်မှုဟူသောသင်္ခါရအလုပ်ကြီးရှိနေသည့်အတွက်။ နေ့ရက်ရှည်ကြာ အစဉ်မပြတ် ဖြစ်ပွါးလျက်နေကြကုန်၏။ ထိုအတွင်း၌ ဖြစ်မှုပျက်မှုဟူသော လက္ခဏာရေးသုံးပါးတို့သည်၊တင်ရှားပေါ်ခွင့်မရကြကုန်ပြီ၊ငုပ်မြုပ်၍နေကြကုန်၏။ ။ဤကား။အမိဝမ်းတွင်း၌တည်ရှိခိုက်။ သူငယ်၏ခန္ဓာမှလက္ခဏာရေးသုံးပါးတို့ကို အမိ၏သင်္ခါရအလုပ်ကြီးဖုံးလွှမ်းပုံတည်း။

အဘယ်သို့လျှင်။ ထိုသင်္ခါရအလုပ်ကြီးကို။ ပယ်ခွါခဲ့သည်ရှိသော်၊ထိုလက္ခဏာရေးသုံးပါးတို့သည်ထင်လျှားစွာပေါ် လာကုန်သနည်းဟူမူကား။ ထိုသူငယ်ပဋိသန္ဓေယူသောနေ့မှစ၍။ ဘယ်နေရာမှာမဆို။ အမိသည်အစာ,ရေစာ,စားသောက်မှုကို မပြုမူ၍။ ပယ်ဖြတ်ခဲ့သည်ရှိသော်။သူငယ်၌ရှိသောရုပ်နာမ်တရားတို့သည် အမိဝမ်းတွင်း၌ပင် ကေန်ချုပ်ဆုံးသေကြကုန်လတံ့။ လက္ခဏာရေးသုံးပါးတို့သည်၊အသိဉာဏ်တွင် ကေန်ထင်လျှားစွာပေါ် လာကုန်လတံ့၊ ဤစကား၌။သူငယ်၏ ရုပ်နာမ်တရားတို့သည်။ ပဋိသန္ဓေအခါမှစ၍။ မျက်တောင်တခတ် လျှပ်တပြက်မျှဖြစ်မှုလည်း မစဲ,ချုပ်မှုလည်းမစဲဖြစ်တုံပျက်တုံနေကြကုန်၏။ သို့သော်လည်း။ အမိမျိုသော အစာ,ရေစာမှ။ အာဟာရထောက်ပံ့မှုကို ရရှိကြသောကြောင့်။အစဉ်အစဉ်,အလျဉ်မပြတ်,ရှိနေသည်ဖြစ်၍။ချုပ်မှုတို့သည်မထင်မရှားငုပ်မြုပ်၍ နေလေ၏၊ငုပ်မြုပ်၍ နေသည်ကို။ သင်္ခါရအလုပ်ဖုံးလွှမ်းမှုဆိုသတည်း၊ ။အမိသည်။အစာရေစာ,

www.dhammaransi.com



စားသောက်မှုကိုမပြုမူ၍ပယ်ခဲ့သည်ရှိသော်ဟုဉာဏ်ဖြင့်ကြံဘန်၍ကြည့်မှုကိုသင်္ခါရအလုပ်ကြီးကိုပယ်ခွါမှုဆိုသတည်း။

ဤအရာ၌။လက္ခဏာရေးသုံးပါးဆိုသည်ကား။ ရုပ်နာမ်တရားတို့၏ချုပ်မှုပျက်မှုသည်။အနိစ္စလက္ခဏာမည်၏။ ထိုချုပ်မှုပျက်မှုဟူသောအနိစ္စလက္ခဏာသည်ပင်လျှင်။ ဘေးတကာထွင်အကြီးဆုံးသောသေဘေးကြီးဖြစ်၍။ ကြောက်မက်ဘွယ်အလွန်ကောင်းသောကြောင့်။ ဒုက္ခလက္ခဏာမည်၏။ ထိုချုပ်မှုပျက်မှုဟူသောအနိစ္စလက္ခဏာသည်ပင်လျှင်။ အလိုသို့မလိုက်,အစိုးမရ,အနှစ်သာရမရှိခြင်းကြောင့်။ ပုဂ္ဂိုလ်သတ္တဝါ၏အာမခံအတ္တပြုလုပ်ခြင်းငှါမထိုက်လေရကား။အနတ္တလက္ခဏာမည်၏။

ဘွားမြင်ပြီးနောက်၌လည်း။အမိသည် သူငယ်၏ခန္ဓာနှင့်သက်ဆိုင်သောရေချိုးမှု, ပွေ့ပိုက်မှု, နို့တိုက်မှုအစရှိသော သင်္ခါရအလုပ်ကြီးကို အမြဲပြုလုပ်လျက်ရှိသောကြောင့်။ ထိုသူငယ်၏ခန္ဓာကိုယ်သည်။ ချုပ်မှုပျက်မှုရှိနေသော်လည်း။ မထင်မရှား။ချမ်းသာကြီးပွါး၍လာလေ၏။ အမိသည်။ ထိုသင်္ခါရအလုပ်ကြီးကို။ တစုံတခုကိုမျှမပြုဘဲစွန့်ပစ်၍ထားခဲ့သော်။ထိုသူငယ်သည်။ မွေးဖွါးသည်မှနောက်၌။ ဘယ်နှနာရီမှာမဆို ကေန်ချုပ်ပျက်သေဆုံးလတံ့။

ဤကားသူငယ်၏ ကိုယ်ခန္ဓာ၌ရှိသော ရုပ်နာမ် တရားတို့၏လက္ခဏာရေးတို့ကို။အမိ၏သင်္ခါရအလုပ်ကြီးဖုံးလွှမ်းပုံ။ထိုသင်္ခါရအလုပ်ကြီးကိုပယ်ခွါမှလက္ခဏာရေးသုံးပါးထင်ရှားပေါ် ပုံကိုပြဆိုချက်ပေတည်း။

ထိုမှနောက်၌။ထိုသူငယ်သည်။ အစာရေစာ စားသောက်မှု, စားသောက်ရန်ရှာကြံလုပ်ဆောင်မှုဟူသော သင်္ခါရအလုပ်ကြီးကိုအသက်ထက်ဆုံးလက်ကိုင်လက်စွဲအမြဲလုပ်ဆောင်၍ ရုပ်သစ်နာမ်သစ် အသက်သစ်တို့ကို အလျှင်မပြတ်ထူထောင်စိုက်ပျိုးမှုဟူသောအသက်မွေးမှုကြီးကိုအမြဲလုပ်ဆောင်ရလေ၏။ တနေ့တနေ့လျှင်ထမင်းအစာ-၂-ကြိမ်ကျ,တလလျှင်အကြိမ်ပေါင်း-၆၀-

www.dhammaransi.com



ကျ,တနှစ်လျှင်အကြိမ်ပေါင်း -၇၂၀-ကျ,စားသောက်၍။ မိမိ၏ သေပေါက်သေလမ်းတိုက်ဝိတ်ဆို့ဖုံးလွှမ်းရလေ၏၊ ထိုသို့မလုပ်ဘဲ။ ထိုသင်္ခါရအလုပ်ကြီးကိုပယ်လွှတ်၍ထားခဲ့သော်။ မွေးဘွားသောနေ့မှစ၍။ ဘယ်နေ့ဘယ်နာရီ၌မဆို။ ထိုသူသည် ကေန်ချုပ်ပျက်သေဆုံးလတံ့။ ။ထိုသင်္ခါရအလုပ်ကြီးကိုအမြဲလုပ်ဆောင်မွေးမြူပါသော်လည်း။ အိုချိန်ကျလျှင်အိုရခြင်း, နာချိန်ကျလျှင်နာရခြင်း,သေချိန်ကျလျှင်သေရခြင်းဓမ္မတာသဘောကိုမလွှန်နိုင်။ သေပြန်လျှင်လည်းကျန်ရှိသောဆွေမျိုးတို့က၊ ထိုသူ၏ အလောင်းကိုစရိတ်ကြေးငွေအကုန်ခံပြီးလျှင်။ သုသာန်သို့ထုတ်၍။ မီးကြီးထင်းကြီးနှင့်ဖုတ်မြှိုက်ပြီးလျှင်။ အစွန်းအစမကျန်ရအောင် ပျောက်ပျက်ကြရကုန်၏၊ ထိုသူသည်မူကား။ ထိုဘဝတွင်ထိုခန္ဓာအတွက်နှင့်ဖြစ်ပွါးရကုန်သောကိလေသာမှု, ဒုစ္စရိုက်မှုတို့ကိုယူဆောင်၍။ အပါယ်ငရဲသို့ကျရောက်ရလေ၏။ ကျရောက်ပြီးလျှင် ထိုဘဝ၌တပ်ရှိသော ကိလေသာဒဏ်, ဒုစ္စရိုက်ဒဏ်တို့ကို။ အပါယ်ငရဲ၌ဘဝပေါင်းထောင်သောင်းဒုက္ခခံ၍မဆုံးနိုင်ရှိလေ၏။ ။ဤကား အနမတဂ္ဂသံသရာ၌။ အတ္တဒိဋ္ဌိရှိနေကြသော ပုထုဇန်သတ္တဝါတို့၏ဓမ္မတာလမ်းရိုးကြီးပေတည်း။

ဤဓမ္မတာလမ်းရိုးကြီးကိုသိမြင်ကြသဖြင့်။ ထိုခန္ဓာ၏အနိစ္စအချက်,ဒုက္ခအချက်,အစိုးမရသောအနတ္တအချက်တို့သည်ထင်ရှားလေကုန်၏။ ထိုသူသည်။ အကြင်အခါ၌အတ္တဒိဋ္ဌိအကြွင်းမဲ့ပယ်စွန့်နိုင်၏။ ထိုအခါ၌။ ထိုပုထုဇန်သတ္တဝါအပေါင်းတို့၏ ဓမ္မတာလမ်းရိုးကြီးမှကျွတ်လွတ်၍သောတာပန်အရိယာတို့၏ ဓမ္မတာလမ်းရိုးကြီးသို့ရောက်လေ၏။ ။သောတာပန်အရိယာတို့၏ဓမ္မတာလမ်းရိုးကြီးဆိုသည်ကား။ မိမိသန္တာန်၌ကပ် အနမတဂ္ဂသံသရာမှပါရှိ၍နေသောဒုစ္စရိုက်ကံဟောင်းတို့မှကျွတ်လွတ်ခြင်း။ နောက်နောက်သောဘဝတို့၌ဖြစ်လတံ့သောဒုစ္စရိုက်ကံသစ်တို့မှကင်းရှင်းခြင်း၊ အပါယ်လေးပါးတို့မှ အချင်းခပ်သိမ်း လွတ်ကင်းခြင်း ကောင်းမြတ်သောလူ့ဘဝ,ကောင်းမြတ်သော နတ်ဘဝ, ကောင်းမြတ်

www.dhammaransi.com



သောဗြဟ္မာဘဝဂတို့သည်သာလျှင်။ လားရာဂတိရှိခြင်းဖြစ်လေရာ ရာဘဝတို့၌လည်း။ထိုသူမှာသာသနာကွယ်သောဘဝ။သာသနာ ကွယ်သောကမ္ဘာဟူ၍ မရှိခြင်း။ အနတ္တသမ္ဘာဒိဋ္ဌိအမျိုးရှိသော မဂ္ဂင်ရှစ်ပါးတည်းဟူသော ဗုဒ္ဓဘာသာသာသနာတော်မြတ်ကြီး သည်။ထိုသူ၏စိတ်သန္တာန်မှာအမြဲပါရှိခြင်းဖြစ်လေ၏။ ။ဤကား သောတာပန်အရိယာတို့၏ဓမ္မတာလမ်းရိုးကြီးပေတည်း။

ဤတွင်၍ကား၊အတ္တ,အနတ္တဟူသည်အဘယ်နည်း
ဟူသောပုစ္ဆာ၏အဖြေပြီး၏

---

တပည့်တော်၊ရွှေမြို့။ ဥဒေါင်းတောရ-ဘုန်းကြီး ဦးကုသလ။ရို သေစွာလျှောက်ထားပါသည်အရှင်သူမြတ်ဘုရား။

သမ္မုတိသစ္စာ။ပရမတ္ထသစ္စာ။ထိုသစ္စာ-၂-ပါးတို့ကို။ပိုင်းခြား ဝေဘန်၍၊မှန်ရာတည့်တည့်။ သိမြင်လိုပါသည်တရပ်။ သဿတ ဒိဋ္ဌိ။ ဥစ္ဆေဒဒိဋ္ဌိတရားများကိုလည်း ခြားနားသေချာ။ သိလိုပါ သည်တကြောင်း၊ ဗုဒ္ဓဘာသာ သာသနာဝင်။ လူရှင် အပေါင်း တို့သည်။သိအပ်သိထိုက်လှပေသော၊အနတ္တအချက်တို့ကိုလည်း။ ကွက်ကွက်ကွင်းကွင်း။သင်လင်းသေချာ။ဝိပဿနာဉာဏဒဿန အဘွင့်ကို။ချီးမြှင့်ရေးသားပေးသနားတော်မူပါမည့်အကြောင်း၊ဦး ခေါင်းရိုကျိုး၊ ရှိခိုးလျှောက်ထား။ အသနားတော်မြတ်ခံပါသည် ဘုရား။

ဦးကုသလ (ပုံ)

ရွှေဥဒေါင်းတောရဘုန်းကြီး။
ရွှေမြို့။

# ရွှေဥဒေါင်းပုစ္ဆာအဖြေ။

---

## နမောတဿသဂ္ဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ယခုအခါဗုဒ္ဓဘာသာ၌။လွန်စွာအရေးကြီးသောအနတ္တအချက်ကြီးတို့ကို။တပည့်ရှင်ကုသလသျှောက်ထားတောင်းပန်ချက်အရေ။ မှ ဝိုက်ရှာသယ်တိတောရ ဆရာ,ငါသည်။ ဗုဒ္ဓဘာသာဝင်။ ရှင်လူအပေါင်းမှစ၍ယောဂါဝစရပုဂ္ဂိုလ်။တောတောင်ခို၍၊ ကြည်ညိုလေးမြတ်။ဝိပဿနာလုပ်ရပ်၊ အထပ်ထပ်ကြိုးစားကြသဖြင့်။ ဉာဏ်သွားဝရဖိန်။တက်ထွန်းထိန်၍။ အရှိန်ကြီးမား။အမျိုးသားတို့အား။ ထောက်ထားမြော်ရှု။ ဟောပြောမှုအရာဝယ်။ ပဒေသာဉာဏ်ကဲ့သို့၊ဝေဘန်ပိုင်းခြား။ဟောကြားဆုံးမ။သာသနာတော်ကိုပြုရကြရန်။ရည်သန်စိတ်ထားဖြင့်။တရားသဘောပေါ်လွင်၍။ဉာဏ်အမြင်ပေါက်ထွင်း၊သန့်ရှင်းစေသောအား။ မေးသျှောက်သောတရားတို့ကို။ရေးသားချီးမြှောက်ပေအံ့သတည်း။

---

## သစ္စာနှစ်ပါးခွဲပြခန်း။

ရှေးဦးစွာသစ္စာနှစ်ပါးခွဲခန်းကိုပြဆိုရာ၏။သစ္စာနှစ်ပါးဆိုသည်ကား။၁၊သမ္မုတိသစ္စာ။ ၂။ပရမတ္ထသစ္စာဟူ၍ နှစ်ပါးရှိ၏။ ထိုတွင်သမ္မုတိသစ္စာဆိုသည်ကား။လောက၌သတ္တဝါမည်သည်အမှန်ရှိ၏။ပုဂ္ဂိုလ်မည်သည်အမှန်ရှိ၏။အတ္တမည်သည်အမှန်ရှိ၏။ ဇီဝမည်သည်အမှန်ရှိ၏၊ ။ထိုပုဂ္ဂိုလ်, သတ္တဝါ,အတ္တ, ဇီဝ,တို့သည်။အနမတဂ္ဂသံသရာ၌။ကုသိုလ်ကံအကုသိုလ်ကံပစ်ချရာသို့။အစဉ်တစိုက်လိုက်၍၊ အစဉ်မပြတ်ကျင်လည်ပြောင်းရွှေ့၍နေ

www.dhammaransi.com



ကြရကုန်၏၊ ၇။ အစဥ်အမြဲမှတ်ပုံ့လမ်းခေါ် ဝေါ်ပြောဆိုကြခြင်းသည်၊ သမ္မုတိသစ္စာမည်၏။ ။ထိုတွင်သတ္တဝါရှိ၏ ဟူသောစကားဖြင့်၊ လူဟူ၍အမှန်ရှိ၏၊ နတ်ဟူ၍အမှန်ရှိ၏။ နွား—ကျွဲ—ခွေး—ဝက်—ကြက်—ငှက်—တိရစ္ဆာန်သတ္တဝါဟူ၍အမှန်ရှိ၏။ ယောကျ်ားမိန်းမဟူ၍အမှန်ရှိ၏၊ ငါဟူ၍သူတပါးဟူ၍အမှန်ရှိ၏။ ဦးခေါင်း၊ ခြေလက်—မျက်စိ—နား—နှာခေါင်းစသောအင်္ဂါကြီးငယ်ဟူ၍အမှန်ရှိ၏။ ဆံပင်—မွေးညှင်း— ခြေသည်း—လက်သည်း—သွား—အရေ—အသား—အကြော—အရိုး—ဟူ၍အမှန်ရှိ၏ သည်ဖြင့်။ ထင်မှတ်ပုံ့လမ်းခေါ် ဝေါ်ပြောဆိုခြင်းများသည်လည်း၊ သတ္တဝါရှိ၏ ဟူသောစကား၌ ပါဝင်လေ၏။ ပုဂ္ဂိုလ်ရှိ၏ဟူသော စကားသည်၊ သတ္တဝါရှိ၏ဟူသောစကားနှင့်အထူးအခြားမရှိကြ။

အတ္တရှိ၏ဟူသောစကား၌၊ အတ္တဆိုသည်ကား။ ။သတ္တဝါတို့၏သန္တာန်မှာအမာခံဖြစ်သော အနှစ်သာရကို၊ အတ္တဟူ၍ဆို၏၊ ။ဥပမာကား၊ ။မြေအိုးဟူသောစကား၌၊ မြေဆိုသည်ကား ပထဝီဓာတ်၏အမည်ပေတည်း။ အိုးဆိုသည်ကား၊ အဝန်းအဝိုင်းစသောအိုးသဏ္ဌာန်ဟုဆိုအပ်သော သဏ္ဌာနပညတ်၏အမည်ပေတည်း၊ ။ပညတ်ဟူသည်လည်းသဘောအားဖြင့်၊ အမှန်ရှိရင်းမဟုတ်၊ မြေဓာတ်အပေါင်းအစုကိုအစွဲပြု၍၊ သတ္တဝါတို့၏စိတ်ထဲတွင်၊ ဝန်းသည်ဝိုင်းသည်ဟူ၍ထင်မြင်ရသောအခြင်းအရာမျှသာတည်း။ သို့သော်ပရမတ်နှင့်ပညတ်ကိုခွဲခြားနား၍သိနိုင်ရန်၊ ဉာဏ်ပညာမရှိသောလောကီဘုံသားတို့မှာ၊ မြေဓာတ်အပေါင်းအစုသည်ပင်လျှင်၊ အိုးဖြစ်၏ဟုမြေနှင့်အိုးကို တခုတည်းပြု၍မှတ်ယူကြ၏။ ထိုသို့မှတ်ယူရာ၌အမှန်ရှိသောမြေသည်၊ အမှန်မရှိသော အိုး၏အမာခံအနှစ်သာရအတ္တဖြစ်ရလေ၏၊ မြေမရှိခဲ့သော်၊ မြေအိုးဟူ၍မရှိနိုင်၊ မြေရှိမှသာလျှင်မြေအိုးဟူ၍ရှိနိုင်၏၊ ထိုကြောင့်မြေသည်အိုး၏အနှစ်သာရအတ္တမည်ပေသတည်း၊ ။ထိုအတူအမှန်ရှိဖြစ်သော ခန္ဓာငါးပါးနှင့်၊ အမှန်ရှိမဟုတ်သော သတ္တဝါဟူသောသဏ္ဌာနပညတ်ကိုတခုတည်းပြု၍မှတ်ယူကြရာ၌လည်း၊ ခန္ဓာငါးပါးသည်။

သတ္တဝါပညတ်၏ အမောခံအနှစ်သာရအတ္တပြဖြစ်ရှိလေ၏။ ခန္ဓာငါးပါးမရှိခဲ့သော်။သတ္တဝါဟူ၍မရှိနိုင်။ခန္ဓာငါးပါးရှိမှသာလျှင်။သတ္တဝါဟူ၍ရှိနိုင်၏။ထိုကြောင့်။ခန္ဓာငါးပါးသည်သတ္တဝါ၏အနှစ်သာရအတ္တမည်လေသတည်း။ ဤကားခန္ဓာငါးပါးကိုအတ္တဟူ၍ပြဆိုချက်တည်း။ ထိုမှတပါးလည်း။ ခန္ဓာငါးပါးမှ အလွတ်ဖြစ်သော။ ခန္ဓာအိမ်၏အရှင်သခင်ဟူသောအတ္တသည်ရှိ၏။

ဥပမာကား။ ။လူသေကောင်မှာ။ဘုတ်တစ္ဆေဝင်ပူး၍နေရာ၌။လူသေကောင်သည်တခြား။ဘုတ်တစ္ဆေသည်တခြားဖြစ်သကဲ့သို့။ခန္ဓာငါးပါးတခြား။ခန္ဓာငါးပါးကိုအုပ်စိုး၍နေသောအတ္တသည်တခြားဟူ၍လည်းယူကြ၏။ ။ဇီဝဆိုသည်ကား။ထိုအတ္တ၏ဦးခေါင်းသဘွယ်ဖြစ်၍။ထိုအတ္တကိုနှစ်ရှည်လများတည်နေနိုင်အောင်စောင့်ရှောက်၍နေသောအသက်ရှိ၏။ထိုအသက်ကိုဇီဝဆို၏။

ဤကား။ပုဂ္ဂိုလ်,သတ္တဝါ,အတ္တ,ဇီဝ,လေးပါးခွဲခဏ်းတည်း။ ။သဏ္ဍာန်သည်အမှန်ရှိ၏။ သန္တတိသည်အမှန်ရှိ၏။ နိမိတ္တသည်အမှန်ရှိ၏။အနုဗျဉ္ဇနသည်အမှန်ရှိ၏ဟူ၍မှတ်ယူကြ၏။

ထိုတွင်သဏ္ဍာန်ဆိုသည်ကား။ ။ပရမာဏုမြူသဏ္ဍာန်အဏုမြူသဏ္ဍာန်တို့မှစ၍။မဟာပထဝီမြေကြီးသဏ္ဍာန်။ မြင်းမိုရ်တောင်သဏ္ဍာန်တိုင်အောင်။အဝန်းအဝိုင်းအလုံးအပြား။အထောင့်အကွေးအရှည်အတိုစသောသဏ္ဍာန်ပညတ်သဏ္ဍာန်ဆိုသည်။

သန္တတိဆိုသည်ကား။ တခုတည်းသော ဝတ္ထုသည်တမိနစ်ကည်နေ၏။တနာရီတည်နေ၏။နာရီပေါင်းများစွာတည်နေ၏။ရက်ပေါင်းများစွာလပေါင်းများစွာတည်နေ၏။ နှစ်ပေါင်းများစွာတည်နေ၏။သတ္တဝါတယောက်သည်။အနမတဂ္ဂသံသရာ၌ ဘဝပေါင်းများစွာကျင်လည်၍နေရ၏ဟုယူခြင်းပေတည်း။

နိမိတ္တဆိုသည်ကား။ ။သတ္တဝါသဏ္ဍာန်။ဦးခေါင်းသဏ္ဍာန်။ခြေသဏ္ဍာန်။လက်သဏ္ဍာန်စသောသဏ္ဍာန်နိမိတ်မျိုးကိုဆို၏။ ။ထိုနိမိတ်သည်။သုဘနိမိတ္တ-အသုဘနိမိတ္တဟူ၍နှစ်ပါးရှိ၏။ ။ထိုတွင်လှပတင့်တယ်သည်ဟူ၍မှတ်ယူကြသောသဏ္ဍာန်မျိုးသည်၊

www.dhammaransi.com



သုဘနိမိတ်မည်၏၊ ။အသုဘနိမိတ်ဆိုသည်ကား။ ။မလှမပ မတင့်မတယ်ဟူ၍ မှတ်ယူကြသောသညာနိမျိုးသည်။ အသုဘနိမိတ်မည်၏။

အနုဗျဉ္ဇနဆိုသည်ကား။ ။အနေ-အထိုင်-အထ-အကြွ-အသွား-အလာ-အပြု-အမူ-အပြော-အဆို-အမူ–အရာမျိုးကို။ အနုဗျဉ္ဇနဆို၏ ။ထိုအနုဗျဉ္ဇနသည်လည်း။သုဘ-အသုဘဟူ၍ နှစ်ပါးရှိ၏။ထိုတွင် နေပုံယဉ်ကျေးသည်။ ကြွပုံ-ထပုံ-ယဉ်ကျေးသည် စသည်ဖြင့်မှတ်ယူကြသော အမူအရာမျိုးသည်။ သုဘအနုဗျဉ္ဇနမျိုးမည်၏။အနေအထိုင်ရိုင်းပိုင်းသည်။အကြွအထရိုင်းစိုင်းသည်၊ စသည်ဖြင့်မှတ်ယူကြသောအမူအရာမျိုးသည်။ အသုဘအနုဗျဉ္ဇနမျိုးမည်၏။ ။သတ္တဝါတို့၏ ကိုယ်အင်္ဂါ၌၊ ကောင်းသောလက္ခဏာ။မကောင်းသောလက္ခဏာ၊သူမြတ်၏လက္ခဏာ၊ သူယုတ်၏လက္ခဏာစသော လက္ခဏာများသည်လည်း။ သုဘ-အသုဘ-အနုဗျဉ္ဇနမည်၏။

ဤကားသညာန၊သဏ္ဌာန၊နိမိတ္တ၊အနုဗျဉ္ဇနခွဲခက်းတည်း။

ပြဆိုခဲ့ပြီးသောပုဂ္ဂိုလ်-သတ္တဝါ–အတ္တ-ဇီဝ-သညာန သဏ္ဌာန-နိမိတ္တ-အနုဗျဉ္ဇန–အလုံးစုံသည်။သမ္မုတိသစ္စာမည်၏။

ဤကားသမ္မုတိသစ္စာကိုပြဆိုခက်းပေတည်း။

ပရမတ္ထသစ္စာဆိုသည်ကား၊ လောက၌သဘောအားဖြင့်ထင်ရှားရှိနေကြသောပထဝီဓာတ်-အာပေါဓာတ်။ တေဇောဓာတ်-ဝါယောဓာတ်။အာကာသဓာတ်၊ဝိညာဏဓာတ်။ဖဿဝေဒနာအစရှိသောစေတသိက်ဓာတ်-စက္ခုသောတစသော ရုပ်ဓာတ်-နိဗ္ဗာန်ဟူသောအသခ်တဓာတ်များကိုပရမတ္ထသစ္စာဟူ၍ဆို၏။

— — -

www.dhammaransi.com



ဤကားပရမတ္ထသစ္စာကိုပြဆိုခဏ်းတည်း။

ထိုသစ္စာနှစ်ပါးတို့တွင်။သမ္မုတိသစ္စာဟူသောစကား၌အဘယ်ကြောင့်သမ္မုတိဆိုသနည်း။ အဘယ်ကြောင့်သစ္စာဆိုသနည်းဟူမူကား။သတ္တ-ပုဂ္ဂလ-အတ္တ-ဇီဝ-အစရှိသည်တို့သည်၊ ပထဝီဓာတ်,အာပေါဓာတ်အစရှိသည်တို့ကဲ့သို့သဘောအားဖြင့်။ အသီးအခြားထင်ရှားရှိကုန်သည်မဟုတ်။ ပထဝီဓာတ်,အာပေါဓာတ်အစရှိသည်တို့ကိုစွဲမှီ၍သတ္တဝါတို့၏စိတ်ထဲတွင် ထင်မြင်အပ်သောအခြင်းအရာမျှတို့သာတည်း။ထိုအခြင်းအရာမျှတို့ကိုပင် ဧကန်ရှိအမှန်ရှိဟုအခိုင်အမြဲစွဲလမ်းကြကုန်ပြီးလျှင်။ အမည်နာမအသီးအသီးတင်၍လောကီဘုံသား လူအများတို့အစဉ်အဆက် ခေါ်ဝေါ်သမုတ်၍နေကြသည်အတွက်ကြောင့်။သမ္မုတိခေါ်ပေသတည်း။ ။ ထိုသို့ခေါ်ဝေါ်ကြရာ၌လည်း။ လောကီဘုံသားတို့ အများညီညာခေါ်ဝေါ်ရိုးရှိကြသည့်အတိုင်း။ပုဂ္ဂိုလ်သည်အမှန်ရှိ၏။ သတ္တဝါသည်အမှန်ရှိ၏။အတ္တဇီဝသည်အမှန်ရှိ၏ဟူ၍ ထိုသူတို့အလယ်၌ပြောဆိုငြားသော်လည်း၊ တစုံတယောက်သောသူကိုမျှလှည့်စားခြင်းမဖြစ်။မုသာဝါဒမဖြစ်။မုသာဝါဒမဖြစ်သောကြောင့် သစ္စာဟူ၍ဆိုရသတည်း။ ။ဤကားသမ္မုတိခေါ်ကြောင်းသစ္စာခေါ်ကြောင်းကိုပြဆိုချက်ပေတည်း။

ဤသမ္မုတိသစ္စာသည်။မုသာဝါဒမျှကိုသာပယ်နိုင်၏။သဘောအားဖြင့်ဧကန်ရှိဟု မှတ်ယူသိမြင်ကြသော၊ သညာဝိပလ္လာသ။ စိတ္တဝိပလ္လာသ၊ဒိဋ္ဌိဝိပလ္လာသဟူသော ဝိပလ္လာသတရားများကိုမူကား မပယ်နိုင်ချေ။ အဘယ်ကြောင့် နည်းဆိုသော်။ ဝိပလ္လာသတရားတို့၏ ပညတ်ချက်ထဲတွင်။ အပါအဝင်ဖြစ်သောကြောင့်တည်း။ ။ထို့ကြောင့်ပင်လျှင်။ပုဂ္ဂိုလ်။သတ္တဝါ။အတ္တ၊ဇီဝ၊အစရှိသော အခြင်းအရာများသည်၊ ဘောက်လဲဘောက်ပြန်ဖြစ်တတ်သောကြောင့်သမ္မုတိသစ္စာဟူ၍သာဆိုအပ်၏။ ပရမတ္ထသစ္စာဟူ၍မဆိုအပ်။အဘယ်သို့ ဘောက်လဲဘောက်ပြန်ဖြစ်သနည်းဟူမူ

www.dhammaransi.com



ကား။ ဝိပလ္လာသ တရားထင်ရှား ရှိနေသောသူမှာ။ ထိုသဏ္ဌာနပညတ်သန္တတိပညတ်အစရှိသောပညတ်များသည်၊ ကေန်ရှိအမှန်ရှိဟုဖြစ်၍နေ၏။ ဝိပလ္လာသတရားကိုပါယ်ပြီးသောအခါ၊ ထိုသူမှာပင်ထိုပညတ်များသည်။ ကေန်ရှိမဟုတ်အမှန်ရှိမဟုတ်ဟုဖြစ်ရပြန်၏။ ဤသို့ဘောက်လဲဘောက်ပြန်ဖြစ်တတ်သောကြောင့်။ ပရမတ္ထသစ္စာဟူ၍မခေါ်အပ်။ ။ပထဝီဓာတ်။ အာပေါဓာတ် အစရှိသည်တို့ကိုအဘယ်ကြောင့်ပရမတ်ခေါ် သနည်းဟူမူကား။ ပထဝီဓာတ်။ အာပေါဓာတ်။ အစရှိသောဓာတ်သဘာဝများသည်၊ ပုဂ္ဂိုလ်သဏ္ဌာန်။ သတ္တဝါသဏ္ဌာန်။ အစရှိသည်များကဲ့သို့ စိတ်ထဲတွင်ထင်မြင်ရသောအနက်မျိုးမဟုတ်။ သဘောအားဖြင့်။ ကေန်ရှိသောအနက်မျိုးဖြစ်သောကြောင့်။ သမ္မုတိပညတ် အနက်များထက်၊ လွန်ကဲသောအနက်များဖြစ်ချေ၍။ ပရမတ္ထခေါ် ဆိုရသတည်း၊ ၊ ထိုပထဝီဓာတ် အာပေါဓာတ်အစရှိသောသဘောများသည်လည်း။ လောကတွင်ကေန်ရှိအမှန်ရှိဟုမှတ်ယူသည်အတိုင်း။ ဘယ်အခါမှာမှ။ ကေန်ရှိမဟုတ်ပြန်ပြီ။ အမှန်ရှိမဟုတ်ပြန်ပြီဟု ဘောက်ပြန်ခြင်းမရှိခြင်းကြောင့်။ သစ္စာခေါ် ပေသတည်း။ ဤပရမတ္ထသစ္စာသည်သာလျှင်။ မုသာဝါဒနှင့်တကွ သညာဝိပလ္လာသ။ စိတ္တဝိပလ္လာသ။ ဒိဋ္ဌိဝိပလ္လာသဟူသောဝိပလ္လာသတရားတို့ကို၊ အကုန်အစင်ပါယ်ဖျောက်နိုင်၏။ ။ဤကားပရမတ္ထသစ္စာ မည်ကြောင်းကိုပြဆိုချက်တည်း။

ဤပရမတ္ထသစ္စာသည်လည်း သဘာဝသစ္စာ။ အရိယသစ္စာဟူ၍နှစ်ပါးရှိ၏၊ ထိုတွင်သဘာဝသစ္စာဆိုသည်ကား။ ကောင်းသောချမ်းသာကိုပေးတတ်သောသဘာဝကြောင့်။ ကုသိုလ်ဆိုရသောတရားသည်ရှိ၏။ ချမ်းသာစွာခံစားမှုသဘာဝကြောင့်။ သုခဝေဒနာခေါ် ရသောဝေဒနာကောင်းသည်လည်းရှိ၏။ ။ဤကားသဘာဝသစ္စာပေတည်း။ ။သဘာဝဆိုသည်ကား။ မကောင်းကျိုးကိုပေးတတ်သောသဘာဝကြောင့်၊ အကုသိုလ် ဆိုရသောတရားသည်ရှိ၏။ ဆင်းရဲစွာခံစားမှုသဘာဝကြောင့်။ ဒုက္ခဝေဒနာခေါ်ရ

www.dhammaransi.com



သောဝေဒနာဆိုးသည်လည်းရှိ၏၊ ဤသို့သဘာဝချင်း ခြားနားလျက်ရှိနေသောကြောင့်။ကုသလ။အကုသလဟူ၍နှစ်မျိုးခေါ်ရပြန်၏။ဤသို့သဘာဝနှစ်ပါးခြားနားလျက်ရှိနေသောကြောင့်။သုခဝေဒနာ။ဒုက္ခဝေဒနာဟူ၍နှစ်မျိုးခေါ် ရပြန်၏။ ။ဤကားသဘာဝသစ္စာအလိုတည်း။

အရိယသစ္စာ ဆိုသည်ကား။ ။ဘယ်အခါမှာမှသဘာဝဝေါဟာရအားဖြင့်၊ လှုပ်ရှားခြင်းမရှိသောကြောင့်အရိယသစ္စာဆိုပေသတည်း။လှုပ်ရှားခြင်းမရှိပုံကား၊ သဘာဝသစ္စာ၌၊ လောကီကုသိုလ်တဆဲ့ရနှစ်ခုသည်၊ ကောင်းသောအကျိုးကိုပေးတတ်သည်ဟုဆို၏။ ။အရိယသစ္စာသို့ရောက်သည့်ရှိသော်၊ထိုလောကီကုသိုလ်တဆဲ့ရနှစ်ခုသည်။ဖြစ်ချုပ်တတ်သောမကောင်းသောတရားမျိုးဖြစ်သောကြောင့်၊ ဒုက္ခသစ္စာဖြစ်ရပြန်၏။ ထိုကုသိုလ်တို့၏အကျိုးဖြစ်သောကုသလဝိပါက်တရားများသည်လည်း။ ဒုက္ခသစ္စာဖြစ်ရပြန်၏။မကောင်းသောသစ္စာမကောင်းသောတရားမချမ်းသာသောတရားများဟူ၍ဆိုလို၏။ ။အဘယ်ကြောင့်မကောင်းသနည်းမချမ်းသာသနည်းဆိုသော်။ကိလေသာတရားတို့၏ဝဋ်ဖတ်ဝါးဖတ်သုံးသပ်နင်းနယ်ချာအာရုံတရားများဖြစ်သောကြောင့်ငင်း။လောဘမီး။ ဒေါသမီး။မောဟမီး။ အစရှိသောမီးဆဲ့တပါးတို့၏တောက်လောင်ရာ မီးစာတရားများ ဖြစ်လေသောကြောင့် ငင်းတည်း။ ဤသို့လျှင်သဘာဝသစ္စာသည်။ အရိယသစ္စာကိုထောက်သော်။လှုပ်ရှားခြင်းရှိ၏။အရိယသစ္စာမှါမူကား။အသခ်တဖြစ်သောနိဗ္ဗာန်သည်သာလျှင်။ကောင်းကျိုးချမ်းသာအမှန်ဖြစ်၏။ နိဗ္ဗာန်သို့ရောက်စေတတ်သော လောကုတ္တရာမဂ္ဂင် ရှစ်ပါးသည်သာလျှင်။ကောင်းကျိုးချမ်းသာကိုပေးတတ်သောတရားဖြစ်၏။ဤ၌နိဗ္ဗာန်ကိုကောင်းကျိုး ချမ်းသာဆိုခြင်းသည်၊ လှုပ်ရှားခြင်းမရှိ။အခါခပ်သိမ်းမြဲ၏။မြဲသောကောင်းကျိုးချမ်းသာကိုပေးတတ်သောကြောင့်။မဂ္ဂင်ရှစ်ပါးသည်။ကောင်းကျိုးချမ်းသာကိုပေးတတ်သောတရား

အမှန်ဖြစ်၏။လှုပ်ရှားခြင်းမရှိ။ ထိုကြောင့်အရိယသစ္စာခေါ် ပေသတည်း။ ။ဤကားသဘာဝသစ္စာအရိယသစ္စာနှစ်ပါးခွဲခန်းတည်း။

ဤသို့သမ္မုတိသစ္စါ၊ပရမတ္ထသစ္စာအားဖြင့်နှစ်ပါးရှိသည်တွင်။ သတ္တ,ပုဂ္ဂလ,အစရှိသောသမ္မုတိသစ္စါဘက်၌ရင်း။သမ္မုတိသစ္စါကိုအစွဲပြု၍။ဖြစ်ပွါးသောတရားမျိုးကား။ အကုသိုလ်တရား။ ကုသိုလ်တရားဟူ၍နှစ်မျိုးရှိ၏။ ထိုတွင်အကုသိုလ် တရားမျိုးဆိုသည်ကား၊ဒုစရိုက်တရား ဆယ်ပါး။ အကုသလကမ္မပထတရားဆယ်ပါး။ မာတုဃာတက။ပိတုဃာတကအစရှိသောပဉ္စာနန္တရိယကံကြီးငါးပါး။သက္ကာယဒိဋ္ဌိ-၂၀-မိစ္ဆာဒိဋ္ဌိခြောက်ဆဲ့နှစ်ပါး။နိယတမိစ္ဆာဒိဋ္ဌိကြီးသုံးပါး။ဤတရားတို့သည်၊သမ္မုတိသစ္စာကိုအစွဲပြု၍ဖြစ်ပွါးသောအကုသိုလ်တရားတို့ပေတည်း။ သမ္မုတိသစ္စာကိုအစွဲပြု၍ဖြစ်ပွါးသောကုသိုလ်တရားမျိုးကား။ဒါနသီလဘာဝနာတရားသုံးပါး။သုစရိုက်တရားဆယ်ပါး။သမာပတ်ရှစ်ပါး။လောကီအဘိညာဏ် ခြောက်ပါး၊ သဗ္ဗေသတ္တာသဗ္ဗေပါဏာ အစရှိသည်ဖြင့် လာသော ဗြဟ္မဝိဟာရတရားကြီးလေးပါး။ ဘုရားအလောင်းပစ္စေကဗုဒ္ဓါအလောင်း အရိယာသာဝက အလောင်းဟူသောအလောင်းအလျာတို့ဖြည့်ကျင့်ပွါးများကြမြဲသော ဒါနပါရမီ သီလပါရမီအစရှိသောပါရမီဆယ်ပါး။ဒါနဥပပါရမီ။ သီလဥပပါရမီအစရှိသောဥပပါရမီဆယ်ပါး။ ဒါနပရမတ္ထပါရမီ။ သီလပမတ္ထပါရမီအစရှိသောပရမတ္ထပါရမီဆယ်ပါး။ဤတရားတို့သည်။ သမ္မုတိသစ္စာကို အစွဲပြု၍ ဖြစ်ပွါးသော ကုသိုလ်တရားတို့ပေတည်း။

ပထဝီခေတ်၊အာပေါခေတ်အစရှိသော။ ပရမတ္ထသစ္စာဘက်၌ရင်း။ပရမတ္ထသစ္စာကိုအစွဲပြု၍ ဖြစ်ပွါးသော ကုသိုလ်တရားမျိုးကား။ ။ဝိသုဒ္ဓိခုနစ်ပါးတို့တွင်။ ဒိဋ္ဌိဝိသုဒ္ဓိအစရှိသော အသက်ဝိသုဒ္ဓိငါးပါး၊ ဝိပဿနာဉာဏ်ဆယ်ပါး။ မဂ်လေးပါး။ဖိုလ်လေးပါး။နိဗ္ဗာန်တရားများပေတည်း။ ။ဤတရားတို့သည်။ ပရမတ္ထသစ္စာကိုအစွဲပြု၍ ဖြစ်ပွါးသောတရားတို့ပေတည်း။ လောကနှိက်

www.dhammaransi.com



အကြွင်းသူတို့သည်။ သမ္မုတိသစ္စာကို ငြင်းပါယ်ကြကုန်၏။ ထိုသူတို့သည်။ ဒါနသီလဘာဝနာအစရှိသော ကုသိုလ်တရားမျိုး။ အလောင်းအလျာတို့ ဖြည့်ကျင့်ပွါးများ အပ်သော ပါရမီမျိုးနှင့် ဝေကွာကြကုန်၏။ ။အကြွင်းသူတို့သည် ပရမတ္ထ သစ္စာကို ငြင်းပါယ်ကြကုန်၏။ ထိုသူတို့သည်။ ဒိဋ္ဌိဝိသုဒ္ဓိ အစရှိသောတရား မဂ်ဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန်တရားတို့မှဝေးကွာကြကုန်၏။ ။ဤ အရာ၌ပရမတ်သဘောကိုလေ့ကျက်ကြကုန်သော အချို့သောသူ တို့သည်၊သမ္မုတိသစ္စာကိုလုံးလုံးပါယ်ကြကုန်၏။ ။ပါယ်ပုံကား။ လောက၌ ပုဂ္ဂိုလ်သတ္တဝါ,အတ္တ,ဇီဝ,ဟူ၍မရှိ။ ရုပ်နာမ်တရား ခန္ဓာငါးပါးသာအမှန်ရှိ၏။ထိုခန္ဓာငါးပါးသည်လည်း။ဘဝအဆုံးသို့ ကျ၍။ စုတိကမ္မဇရုပ်ချုပ်ရာတွင်။ အကုန်လုံးချုပ်ဆုံးကြလေကုန် ၏။ဘဝတပါးကူးပြောင်း၍ သွားနိုင်သောတရားဟူ၍တခုမျှမရှိ၊ ပုဂ္ဂိုလ်သတ္တဝါအတ္တဇီဝဟူ၍လည်းခန္ဓာငါးပါးကိုစွဲမှီ၍ သမုတ် အပ်သောပညတ်တရားမျှသာတည်း။ ။ထိုကြောင့်ထိုပညတ် တရားများသည်လည်း။ ယခုဘဝသေကြသောအခါ၊ ခန္ဓာငါးပါး ပျက်ဆုံးရာတွင်။အကုန်ပျက်ဆုံးကြရ၏။ဘဝတပါးသို့ပြောင်းသွား နိုင်သော။ပုဂ္ဂိုလ်သတ္တဝါအတ္တဇီဝဟူ၍တစုံတခုမျှမရှိ။လောက၌ ပုဂ္ဂိုလ်ရှိသည်၊သတ္တဝါရှိသည်၊ အတ္တရှိသည်။ဇီဝရှိသည်ဟု၊ယူ မှတ်ပြောဆိုကြသောအရာသည်အလွန်မှား၏။

## ဤကားသမ္မုတိသစ္စာကိုလုံးလုံးပါယ်ပုံတည်း။

ဤ၌အဖြေကား။ပုဂ္ဂိုလ်သတ္တဝါအတ္တဇီဝဟူသောပညတ်များ သည်။ခန္ဓာငါးပါးကိုအစွဲပြု၍ဖြစ်၏။ဖြစ်ပုံကား။ ။ခန္ဓာငါးပါးအ ပေါင်းအစုကိုအစွဲပြု၍။ပုဂ္ဂိုလ်ရှိ၏။သတ္တဝါရှိ၏။အတ္တရှိ၏။ဇီဝရှိ၏ ဟုဖြစ်၏၊ ခန္ဓာငါးပါးတို့၏ မြစ်ရေအယဉ်ကဲ့သို့ အစဉ်မပျက် ဆက်လက်ဖြစ်ပွါးလျက် နေသည်ကိုအစွဲပြု၍။ ဤသတ္တဝါသည်၊ ပဌမအရွယ်မှလည်း။ဒုတိယအရွယ်သို့ရောက်၏။ဤဘဝမှလည်း

www.dhammaransi.com



ထိုဘဝသို့ရောက်၏။ထိုဘဝမှလည်း။ဤဘဝသို့ရောက်၏ဟုသမ္မုတိသစ္စာတရားထင်ရှားရှိနေ၏၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ကိလေသာအာသဝေါကင်း၍။ ပရိနိဗ္ဗာန်စံခြင်းသို့ မရောက်သေး။ထိုမျှလောက်သောကာလပတ်လုံး၊ ခန္ဓာငါးပါးသည်လည်း။မြစ်ရေအယဉ်ကဲ့သို့အစဉ်မပြတ် ဖြစ်ပွါးလျက်သာနေ၏။ ခန္ဓာငါးပါးမြစ်ရေအယဉ်ကဲ့သို့အစဉ်မပြတ် ဖြစ်သမျှကာလပတ်လုံး။ဤသစ္စာဝါသည်။ထိုဘဝသို့ရောက်၏။ထိုသစ္စာဝါသည်။ ဤဘဝသို့ ရောက်၏ ဟူသော သမ္မုတိသစ္စာတရားသည်လည်း, အစဉ်တည်တွန်းလျက်ရှိသည်သာလျှင်တည်း။ ။ဤအရာ၌မေးရန်ရှိ၏၊အဘယ်သို့မေးရန်ရှိသနည်းဟူမူကား။ဤဘဝတွင်မသေမီအတွင်း၌၊ခန္ဓာငါးပါးသည် မြစ်ရေအယဉ်ကဲ့သို့ အစဉ်မပြတ်ဖြစ်နေခြင်းကြောင့်သစ္စာဝါပညတ်သည်လည်း ထိုအစဉ်ကိုအမှီပြု၍တည်နေသည်ကားမှန်ပေ၏။ ဤလူ့ပြည်မှစုတေ၍ အထက်နတ်ပြည်ဗြဟ္မာပြည်တို့၌ဖြစ်ရသည်ဟူသောစကား၊ ဤလူ့ပြည်မှစုတေ၍အောက်ငရဲပြည်တို့၌ဖြစ်ရသည်ဟူသောစကားများမှာ။စုတိဌာနနှင့်ဖြစ်ရာဌာနများသည်၊ အလွန်ဝေးစွာကွာခြားလျက်ရှိသောကြောင့်။ ခန္ဓာငါးပါးသည်အစဉ် အပြတ်ကြီးပြတ်သည်မဟုတ်ပါလော၊ခန္ဓာငါးပါးအစဉ် အပြတ်ကြီးပြတ်ခဲ့သော်။ ပုဂ္ဂိုလ်သစ္စာဝါသည်လည်း။ အပြတ်ကြီးပြတ်လေတော့သည်မဟုတ်ပါလောဟုမေးရန်ရှိ၏၊ ။အဖြေကား။ ။ဤလူ့ပြည်မှစုတေ၍။အထက်နတ်ပြည်ဗြဟ္မာပြည်တို့၌ဖြစ်ရသည်ဟူသောစကား။ ဤလူ့ပြည်မှစုတေ၍အောက်ငရဲပြည်တို့၌ ဖြစ်ရသည်ဟူသောစကားများမှာလည်း။စုတေရာဌာနနှင့်ဖြစ်ရာဌာနများသည်။အလွန်ဝေးစွါကွာခြားလျက်ရှိသောကြောင့်၊ဌာနဒေသအလိုအားဖြင့် အလွန်ဝေးစွာကွာခြားလျက်ရှိသော်လည်း။ ခဏကာလအလိုအားဖြင့် အစဉ်မပြတ်သည်သာဖြစ်၏၊မပြတ်ပုံကား။ဤလူ့ပြည်မှစုတေ၍အထက်နတ်ပြည်ဗြဟ္မာပြည်၌ဖြစ်ကြရသည်မှာလည်း။ ဤလူ့ပြည်၌စုတိစိတ်၏ဘင်ခဏနှင့်၊နတ်ပြည်ဗြဟ္မာပြည်၌ပဋိသန္ဓေဥပါဒ်ခဏသည်

www.dhammaransi.com



မျက်တောင်တခပ်။ လျှပ်တပြက်ခဏကာလကို အစိတ်အထောင် စိတ်သော်လည်း။ တစိတ်စာမျှကွာခြားခြင်းမရှိ။ တစဉ်တည်းတ ဆက်တည်းပင်ဆက်လျက်ရှိ၏။နတ်ဗြဟ္မာတို့၏ နတ်မျက်စေ့အ ဘိညာဉ်ရ-ရသေ့-ရဟန်းတို့၏။ အဘိညာဉ်မြက်စေ့တို့ကို။လူ့ ပြည်နတ်ပြည်ဗြဟ္မာပြည်ငရဲပြည်အနှံ့အပြားဖြန့်ခင်း၍။ ထိုလူ့ ပြည်မှသေသောသူ၏ အလားအလာကိုကြည့်ရှု၍နေခဲ့သော်။ ဤ သူသည်လူ့ပြည်မှစုတေ၍။ အထက်ဘယ်ဘုံ ဘယ်ဘဝမှာဖြစ် လေ၏ဟူ၍၎င်း။အောက်ဘယ်ငရဲပြည်မှာဖြစ်လေ၏ဟူ၍၎င်း။ တ ဆက်တည်း။တစဉ်တည်း။ ထင်နိုင်ကြမြင်နိုင်ကြ သည်သာဖြစ် ၏။ ။ဥပမာကား။ ။ဘိမ်တိုက်မှာလျှပ်ပြက်သည်ကိုကြည့်ရှု ၍နေကြရာ၌လျှပ်ပြက်ရာဌာနနှင့်။ လျှပ်ရောင်ရောက်ရာမြေအပြင် သည်။အလွန်ကွာခြားလျက်ရှိသော်လည်း။ တိမ်တိုက်၌လျှပ်ဖြစ် ပေါ်သောခဏနှင့်မြေအပြင်၌လျှပ်ရောင်ကျရောက်သောခဏသည် တပြိုင်နက်တချက်ထည်းကဲ့သို့ ဆက်လက်လျက်ရှိသောကြောင့်။ တိမ်တိုက်က လျှပ်သည်ပင်လျှင် မြေအပြင်သို့ရောက်လာသည် ဟုမျက်မြင်ဒိဋ္ဌမှတ်ယူနိုင်ကြသကဲ့သို့တည်း။ ။ဤစကား၌နတ် မျက်စေ့အဘိညာဉ်မျက်စေ့တို့ဖြင့်။ကြည့်ရှု၍နေသောသူတို့မှာ။ စုတေသောသူ၏ စုတိစိတ်၏ဘင်ခဏကိုပင် မြင်နိုင်ကြသည်မ ဟုတ်။ ထိုသတ္တဝါသည်ပင်လျှင်။ ထိုခန္ဓာမှထွက်၍၊ ဘယ်ဘုံ ဘယ်ဘဝမှာဖြစ်လေ၏ဟုတဆက်တည်းဆက်လျက် ထင်မြင်ရ လေ၏။အကြား၌မူကား။အတ္တဇီဝမည်သည်အလွန်သိမ်မွေ့လှ၏။ အကူးအပြောင်းလည်းအလွန်လျင်မြန်လှ၏။ဤသို့အလွန်သိမ်မွေ့ လှအလွန်လျင်မြန်လှသောကြောင့်။ ရှေ့ဘဝစုတိနှင့်၊ နောက်ပဋိ သန္ဓေ၏အကြား၌ကူးပြောင်း၍သွားသည်ကိုမူကား။မထင်နိုင်ကြ မမြင်နိုင်ကြရှိ၏ဟုမှတ်ယူကြကုန်၏၊ လျှပ်ဥပမာ၌လည်း။ လျှပ် ဖြစ်ကြရာဌာနနှင့် လျှပ်ရောက်ရာဌာန၏အကြား။ ကောင်းကင်ပြင် တွင်လျှပ်သွားသည်ကို မမြင်ရသော်လည်း၊ အလွန် လျင်မြန်လှ သောကြောင့်သာလျှင်မမြင်ရသည်။ထိုလျှပ်သည်မူကား။ ဖြစ်ရာ

www.dhammaransi.com



တို်မ်တိုက်မှသည်။ မြေအပြင်ကျအောင်ကောင်းကင်မှာပင်လွင့်စင်၍လာခဲ့သည့်အမှုန်ဖြစ်၏ဟုမှတ်ယူနိုင်ကြသကဲ့သို့တည်း။ ။ ဤသို့လျှင်လူ့ပြည်မှရတေ၍ နတ်ပြည်ဗြဟ္မာပြည် ငရဲပြည်တို့မှာဖြစ်ကြရာ၌လည်း။ခန္ဓာအစဉ်သည်မပြတ်သည်သာဖြစ်၏။ ခန္ဓာအစဉ်မပြတ်ခဲ့သော်။ထိုသတ္တဝါပညတ်သည်လည်းမပြတ်လေတော့သည်သာလျှင်တည်း။ ။လောက၌မူကား။အချို့အချို့သောသူတို့သည် ရုတ်နှင့်ပဋိသန္ဓေသည့်ခဏ ကာလအားဖြင့်။ တဆက်တည်းဆက်လျက်ရှိနေသည်ကိုမကြံမိကြမူ၍ဣဒ္ဓါနဒေသအားဖြင့်။အလွန်ဝေးကွာခြားချက်ကိုသာထင်မြင်၍နေကြသဖြင့်၊ ရှေ့ဘဝနောံဘဝဆက်လက်နိုင်ရန်မရှိဟုယောင်ဝါးကြီးဖြစ်၍နေကြ၏။

ဤတွင်ဧရှကား။သမ္ဘုတိသစ္စာ။
ပရမတ္ထသစ္စာခွဲခဏ်းပြီး၏။

လျှောက်လွှာတွင် ပါရှိသော၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးကိုပြဆိုပေအံ့။ ထိုဒိဋ္ဌိနှစ်ပါးသည်။ အတ္တဒိဋ္ဌိလျှင်အရင်းရှိ၏။ အတ္တဒိဋ္ဌိရှိနေသောသူတို့၌သာဖြစ်၏၊အတ္တဒိဋ္ဌိရှိနေပုံကား။ အတ္တဒိဋ္ဌိ၏အစွမ်းသတ္တိသည်။ ဝီတိက္ကမအစွမ်းသတ္တိတပါး။ ပရိယုဋ္ဌာနအစွမ်း သတ္တိတပါး။ အနုသယ အစွမ်း သတ္တိတပါးဟူ၍ သုံးပါးရှိ၏။ ထိုတွင်ဝီတိက္ကမအစွမ်းသတ္တိဆိုသည်ကား၊ အတ္တဒိဋ္ဌိနှင့်ယှဉ်သောလောဘမူစိတ်ဖြင့်ကိုယ်အင်္ဂါနှုတ်အင်္ဂါတို့ကိုလှုပ်ရှားစေနိုင်သောသတ္တိဆိုလိုသည်။ ပရိယုဋ္ဌာန အစွမ်းသတ္တိဆိုသည်ကား။စိတ်မနော၏ အတွင်း၌သာဓောကိစ္စနှင့် ထကြွခြင်းငှာစွမ်းနိုင်သောအစွမ်းသတ္တိသည်။ပရိယုဋ္ဌာနအစွမ်းသတ္တိမည်၏။

အနုသယအစွမ်သတ္တိဆိုသည်ကား။ဓောကိစ္စနှင့်မျှထကြွခြင်းမရှိမူ၍စိတ်အစဉ်၌အမြဲကိန်းဝပ်ငုပ်လျှိုးလျှောက်ပါရှိ၍ နေသောအစွမ်းသတ္တိသည်။အနုသယအစွမ်းသတ္တိမည်၏။ စိတ်သန္တာန်၌ထို

www.dhammaransi.com



အနုသယအစွမ်းသတ္တိရှိနေသေးသ၍ ကာလပတ်လုံး၊ ထိုသူမှာ အတ္တဒိဋ္ဌိမရှိပြီဟူ၍မဆိုအပ်၊အတ္တဒိဋ္ဌိမျိုးပြတ်သည်မဟုတ်သေး။ နောင် အတ္တဒိဋ္ဌိဖြစ်ပေါ်ခွင့်ဆိုက်လာခဲ့သော်၊ ဝိတိက္ကမကိစ္စတိုင် အောင်ထကြွသောင်းကျန်း၍လာသတတ်။ဥပမာကား။ဗြဟ္မာပြည်၌ ဖြစ်သောသူတို့မှာ။အသက်ထက်ဆုံးဒေါသဟူ၍။အငွေ့အသက် မျှမထင်။အထက်ဆုံးဖြစ်သော ဘဝဂ်ဘုံ၌ဖြစ်သောသူတို့၏စိတ် သန္တာန်မှာ။ ကမ္ဘာကြီးရှစ်သောင်းလေးထောင် ကာလပတ်လုံး။ ဒေါသဟူ၍အငွေ့အသက်မျှမထင်။သို့သော်ထိုသူတို့မှာ၊ ဒေါသ မရှိဟုမဆိုရ။ထိုသူတို့၏ စိတ်သန္တာန်မှာဒေါသသည်။အနုသယ ကိစ္စနှင့်တည်ရှိ၏။ထိုသူများသည် ကာမဘုံသို့ ရောက်လာကြ၍ အနိဋ္ဌာရုံနှင့်တွေ့ကြုံကြသောအခါ။ထိုဒေါသသည်ဝိတိက္ကမကိစ္စ တိုင်အောင်ထကြွသောင်းကျန်း၍ လာလတတ်၏။ ထိုအတူအတ္တဒိဋ္ဌိ သည်လည်း။အကြင်မျှလောက်သောကာလပတ်လုံး။သမထဝိပဿ နာဘာဝနာတို့ဖြင့်။ ဘိနှိပ်ပယ်ရှား၍ထား၏၊ ထိုမျှလောက်သော ကာလပတ်လုံး။ထိုသူ၏စိတ်သန္တာန်မှာ၊ အတ္တဒိဋ္ဌိသည်အငွေ့အ သက်မျှမထင်။သို့သော်ထိုသူမှာအတ္တဒိဋ္ဌိမရှိပြီဟူ၍မဆိုရ။အနုသ ယကိစ္စနှင့်တည်ရှိသည်သာဖြစ်၏။နောင်သမထဝိပဿနာအလုပ် ကိုလက်လွှတ်၍အတ္တဒိဋ္ဌိဖြစ်ရန်အခွင့်နှင့်တွေ့ကြုံသောအခါ၊အတ္တ ဒိဋ္ဌိသည်၊ဝိတိက္ကမကိစ္စတိုင်အောင် ထကြွသောင်းကျန်း၍လာလ တတ်၏။ဤသို့အနုသယကိစ္စနှင့် တည်ရှိသောသူသည် အတ္တဒိဋ္ဌိရှိနေ သောသူမည်၏၊ဤအတ္တဒိဋ္ဌိရှိနေသောသူ၌သာလျှင်၊ ထိုဒိဋ္ဌိနှစ်ပါး သည်ဖြစ်နိုင်၏။ထိုတွင်အကြင်သူသည်ခန္ဓာငါးပါးနှင့်အတ္တဇီဝကို တခုတည်းပြု၍ယူ၏။ ထိုသူသည် ဥစ္ဆေဒဒိဋ္ဌိသို့ရောက်၏။ ။ ရောက်ပုံကား။ ။ခန္ဓာငါးပါးနှင့်အတ္တဇီဝသည်တခုတည်းဖြစ်၏ ခန္ဓာငါးပါးသည်လည်းတဘဝတွင်တခါအကုန်လုံးချုပ်ဆုံးမြဲမွေ တာဖြစ်၏။ခန္ဓာငါးပါးချုပ်ဆုံးလျှင်လည်း။အတ္တဇီဝသည်ချုပ်ဆုံး လေတော့သည်သာဖြစ်၏။ အတ္တဇီဝသည် ချုပ်ဆုံးလျှင်လည်း။ ပုဂ္ဂိုလ်သတ္တဝါသည်ချုပ်ဆုံးလေတော့သည်သာဖြစ်၏။ဘုံတပါး

www.dhammaransi.com



ဘဝတပါးသို့ပြောင်းသွားခြင်းဟူ၍မရှိ။ပုဂ္ဂိုလ်သတ္တဝါသည်သေ
သည့်မှနောက်၌။ ဘုံတပါးဘဝတပါးသို့ပြောင်းသွားရသည်ဟူ
သောအယူစကားသည်မဟုတ်၊မှား၏။

ဤကားဥစ္ဆေဒဒိဋ္ဌိဖြစ်ပုံတည်း။

ဤဒိဋ္ဌိ သည့်အလွန်ဆိုးဝါး၏၊ကုသိုလ်ကံ အကုသိုလ်ကံတို့ကို
ငင်းထိုကံ၏အကျိုးတို့ကိုငြင်း။ ပါယ်ဖျက်၏။ ပါယ်ဖျက်ပုံကား၊
ထိုဒိဋ္ဌိအလိုအားဖြင့်။ခပ်သိမ်းသောသတ္တဝါတို့မှာ ပစ္စုပ္ပန်တဘဝ
သာရှိကြ၏ အတိတ်ဘဝဟူ၍လည်းမရှိကြ, အနာဂတ်ဘဝဟူ၍
လည်းမရှိကြသောကြောင့်။အနာဂတ်ဘဝ အကျိုးဌာပစ္စုပ္ပန်ဘဝ
၌ပြုလုပ်ကြသောကုသိုလ် အကုသိုလ်မှုတို့သည်သည်း အကျိုးမရှိ
အချည်းနှီးသာဖြစ်ကုန်၏။ကုသိုလ်အရာ၌ ဗျာနသမာပတ်ကြီးတို့
ကိုပွါးများ၍ထားသော်လည်း။နောက်ဘဝအတွက်အကျိုးမရှိ။အ
ကုသိုလ်အရာ၌ အမိအဘကို သတ်သော်လည်းနောက်ဘဝအ
တွက်အပြစ်မရှိ။ဤကားကံကိုငြင်း။ ကံ၏အကျိုးကိုငြင်းအခြင်းခပ်
သိမ်းပါယ်ခြင်းတည်း။ ။ဤကား။ ဥစ္ဆေဒဒိဋ္ဌိအယူရှိသောသူ
သည်သေသည့်၏အခြားမဲ့၌သုဂတိဘဝသို့မရောက်နိုင်ပြီ။အပါယ်
လေးပါးဘသမ်းသွားသ႑ရှိ၏။ထိုမှာပါးလည်း။ အတ္တဇီဝသည့်
အထက်နတ်ဘုံဗြဟ္မာဘုံတို့တွင်။ဘယ်ဘုံသို့ရောက်မှဖြင့်သည်
ဟူ၍သူကြသော။ဥစ္ဆေဒဒိဋ္ဌိအယူများသည်ရှိသေး၏။
ဥစ္ဆေဒဒိဋ္ဌိသဘောကိုပြဆိုခဏ်းပြီး၏။

---

သဿတဒိဋ္ဌိ၌အကြင်သူသည့် ခန္ဓာငါးပါးနှင့်။ အတ္တဇီဝကို
တခြားစီဟုယူ၏။ဥပမာကား၊ ။လောက၌အိမ်ဟူ၍ရှိ၏၊ အိမ်
ရှင်ဖြစ်သောလူဟူ၍ရှိ၏။ထိုလူသည်အိမ်နှင့်စပ်သောအမှုကိစ္စတို့
ကိုစီရင်ဆောင်ရွက်ပေ၏။အိမ်စောင့်နတ်ဟူ၍လည်းရှိ၏။ ထိုနတ်

သည့်ရှိသောစွာကိုးကွယ်သည့်ရှိသော်။ ထိုအိမ်ကိုရင်း။ထိုအိပ်ရှင်ကိုရင်း။ အန္တရာယ်မရှိအသက်ရှည်စွာနေရအောင်စောင့်ရှောက်ပေ၏။ဤဥပမာ၌။ခန္ဓါငါးပါးသည့်အိမ်နှင့်တူ၏။အတ္တသည့်အိမ်ရှင်နှင့်တူ၏။ ခန္ဓာငါးပါးကို အုပ်စိုး၍ မြင်ခြင်း။ ကြားခြင်း။သွားခြင်း။လာခြင်း။ပြောခြင်း။ဆိုခြင်း။ ကြံခြင်း။ စည်ခြင်းအစရှိသောကိစ္စတို့ကိုစီရင်ဆောင်ရွက်ပေ၏။ ဇီဝသည့်အိမ်စောင့်နတ်နှင့်တူ၏။ထိုခန္ဓာ ထိုအတ္တတို့ကို။ အသက်ရှည်အောင် စောင့်ရှောက်ပေ၏။ ။သေသောအခါ၌မူကား။ ခန္ဓာသည်သာလျှင်ချုပ်ဆုံး၏။ အတ္တဇီဝသည်မူကား။ချုပ်ဆုံးသည်ဟူ၍မရှိ၊ထိုခန္ဓာမှထွက်၍ကုသိုလ်ကံအကုသိုလ်ကံပစ်ချရာခန္ဓာ အသစ်သို့ပြောင်းရွှေ့လေ၏။ ပုဂ္ဂိုလ်သတ္တဝါသည်လည်း။အတ္တဇီဝပြောင်းရွှေ့ရာအမြဲလိုက်ပါရလေ၏။အနမတဂ္ဂသံသရာမှာ ဤနည်းအတိုင်း ကျင်လည်ပြေးသွား၍နေကြရလေ၏။

ဤကားသဿတဒိဋ္ဌိသဘောတည်း။

ဤ၌ ဒိဋ္ဌိကံ နှစ်ကံအကျိုးကိုမြစ်ပယ်ခြင်း မရှိ။ ရဟေသည်မှ နောက်၌သုဂတိဘဝသို့လည်း ရောက်နိုင်၏။ ဤဒိဋ္ဌိကိုမစွန့်သမျှကာလပတ်လုံး။ပရမတ္ထ သဒ္ဒါနှင့်ဝေးကွာ၏။ထို့မှတပါးလည်း။ အထက်နတ်ဘုံပြဟ္မာဘုံတို့တွင်။ ဘယ်ဘုံသို့ရောက်လျှင်။ အိုခြင်းသေခြင်း။ပြောင်းရွှေ့ခြင်းမရှိ။ထာဝရအမြဲတည်နေ၏။ထိုဘုံသို့မရောက်သမျှကာလပတ်လုံး။ အိုခြင်းသေခြင်း ပြောင်းရွှေ့ခြင်းကိုမလွန်ကြဟုယူသောသဿတဒိဋ္ဌိများလည်းရှိကြ၏။ ထို့မှတပါးလည်း။အထက်ဆုံးဖြစ်သောကောင်းကင်ဘုံကြီးမှာအနမတဂ္ဂသံသရာတွင်။အစဉ်ထာဝရအမြဲတည်နေသော မဟာပြဟ္မာမင်းကြီးသည်ရှိ၏။ ကမ္ဘာကိုလည်းကောင်း။ သတ္တဝါတို့ကိုလည်းကောင်း။ထိုပြဟ္မာမင်းကြီးသည် ဖန်ဆင်းပေ၏။ ထိုပြဟ္မာမင်းကြီးသည်။ မိမိကိုယုံကြည်စွာကိုးကွယ်ကြသော သူ့ပေါင်းတို့

www.dhammaransi.com



ကို။သေသည့်၏အခြားမဲ့၌အနန္တတန်ခိုးတော်ဖြင့်။မိမိထံသို့ရောက်အောင်ကယ်တင်ပေ၏။ထိုသို့ရောက်ကြကုန်သောသူအပေါင်းတို့သည်။ ထိုအနန္တကောင်းကင်ဘုံကြီးမှာ။ အိုခြင်းသေခြင်း ကင်းလွတ်၍ထာဝရချမ်းသာကြီးကို ရကြလေကုန်၏ဟူ၍ ယူသောသဿတဒိဋ္ဌိသည်ရှိ၏၊ထိုမှတပါးလည်း။ ဤသတ္တဝါအပေါင်းတို့သည်၊မဂ်ဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန်ကိုမရသေးသမျှကာလပတ်လုံး။ သံသရာမှာအတ္တဇီဝနှင့်တကွ ကျင်လည်၍နေကြရကုန်၏။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရ၍။ပရိနိဗ္ဗာန်စံကြသောအခါမှ။ အတ္တဇီဝနှင့်တကွပြတ်ငြိမ်းကြကုန်၏ဟူ၍ ယူသောသဿတ ဒိဋ္ဌိသည်ရှိ၏။ အချို့သောသူတို့ကား၊ပရိနိဗ္ဗာန်စံကြသောအခါ၌လည်း။ မပြတ်ကြကုန်သေး၊အသင်္ခတနိဗ္ဗာန်ဘုံသို့ကူးပြောင်းကြကုန်၍။ထိုနိဗ္ဗာန်ဘုံမှာ။အိုခြင်းနာခြင်းသေခြင်းမရှိ၊ထာဝရချမ်းသာကိုခံစား၍နေကြရကုန်၏ဟူသောသဿတဒိဋ္ဌိလည်းရှိ၏၊

ဤကားသဿတဒိဋ္ဌိသဘောတည်း။

ထိုဒိဋ္ဌိနှစ်ပါးကိုပါယ်နိုင်သောသမ္မာဒိဋ္ဌိဉာဏ်သည်ကား။သမ္မုတိသစ္စာဘက်၌။သမ္မုတိသစ္စာအနေနှင့်၊ဖြောင့်မတ်စွာမြင်နိုင်သောသမ္မာဒိဋ္ဌိဉာဏ်လည်းတပါး။ ။ပရမတ္ထသစ္စာဘက်၌၊ပရမတ္ထသစ္စာအနေနှင့်ဖြောင့်မတ်စွာမြင်နိုင်သော သမ္မာဒိဋ္ဌိ ဉာဏ်လည်းတပါးဟူ၍နှစ်ပါးရှိ၏။ ထိုတွင်ပရမတ္ထသစ္စာဘက်၌၊ သမ္မာဒိဋ္ဌိဉာဏ်သည်။ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်တပါး၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်တပါး။ဝိပဿနာဉာဏ်တပါး။ အရိယမဂ်ဉာဏ်တပါးဟူ၍လေးပါးရှိ၏။ထိုလေးပါးသောဉာဏ်တို့ဖြင့်။ အတ္တဒိဋ္ဌိကိုပယ်ဖျက်ရာ၏။ အတ္တဒိဋ္ဌိသည်၊ အနုသယကိစ္စမျှအကြွင်းအကျန်မရှိ။ ချုပ်ငြိမ်းသည်ရှိသော်။ အထက်နတ်ဘုံ။ ဗြဟ္မာဘုံတို့တွင်။ သဿတဒိဋ္ဌိဥစ္ဆေဒဒိဋ္ဌိနှစ်ပါးတို့သည်လည်း။ အကြွင်းအကျန်မရှိ၊ ချုပ်ငြိမ်းကုန်၏။ ။သမ္မာဒိဋ္ဌိဉာဏ်လေးပါးတို့တွင်၊ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်

www.dhammaransi.com



ဆိုသည်ကား၊ပရမတ္ထတရားနှင့်။ ပညတ်တရားတို့၏ခြားနားချက်ကိုကောင်းစွာမြင်နိုင်သောဉာဏ်တည်း။ ။ထိုဉာဏ်သည်အတ္တဒိဋ္ဌိမှ အထူးစင်ကြယ်သောကြောင့်၊ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်မည်၏။ ။ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်ဆိုသည်ကား။ ပရမတ္ထသစ္စာဘက်၌။ ပဋိစ္စသမုပ္ပါဒ်နည်း။ပဋ္ဌာန်းနည်းတို့ဖြင့်။ အကြောင်းတရားအကျိုးတရားတို့ကိုကောင်းစွာမြင်နိုင်သောဉာဏ်တည်း။ ။ထိုဉာဏ်သည်။အတ္တဒိဋ္ဌိလျှင်အရင်းရှိသောယုံမှားခြင်းရှစ်ပါး။ ယုံမှားခြင်းတဆဲ့ခြောက်ပါးတို့မှအထူးစင်ကြယ်သောကြောင့်။ ကင်္ခါဝိတရဏာဝိသုဒ္ဓိမည်၏။ ။ဝိပဿနာဉာဏ်ဆိုသည်ကား။ ။ပရမတ္ထသစ္စာဘက်၌။လောကီခန္ဓာတရားတို့၏အနိစ္စအချက်ဒုက္ခအချက်အနတ္တအချက်တို့ကို၊ကောင်းစွာမြင်နိုင်သောဉာဏ်တည်း။ ။အရိယမဂ်ဉာဏ်ဆိုသည်ကား ။လောကုတ္တရာမဂ္ဂင် ရှစ်ပါးတွင်ပါဝင်ရှိသောသမ္မာဒိဋ္ဌိပေတည်း။ ။ထိုဉာဏ်သည်။သောတာပတ္တိမဂ်ဉာဏ်၊သကဒါဂါမိမဂ်ဉာဏ်၊အနာဂါမိမဂ်ဉာဏ်။ အရဟတ္တမဂ်ဉာဏ်ဟူ၍လေးပါးရှိ၏၊ ။ထိုလေးပါးတို့တွင်။ သောတာပတ္တိမဂ်ဉာဏ်သည်။အတ္တဒိဋ္ဌိနှင့်ဝိစိကိစ္ဆာတို့ကို။အကြွင်းမဲ့ပယ်ဖြတ်နိုင်၏၊ ။အတ္တဒိဋ္ဌိကိုပယ်သည်ဟူသောစကား၌လည်း။ အတ္တဒိဋ္ဌိ၏အနုသယကိစ္စကိုပယ်သည်ဟုဆိုလို၏။ ထိုအနုသယကိစ္စသည်လည်း။အကြမ်း။အလတ်။အနု။အနုထက်အနုဟူ၍လေးပါးရှိ၏။ထိုတွင်ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်သည်။ အကြမ်းကိုသာပယ်နိုင်၏။ ကင်္ခါဝိတရဏာဝိသုဒ္ဓိဉာဏ်သည်အလတ်ကိုပယ်နိုင်၏။ ဝိပဿနာဉာဏ်သည်။အနုကိုပယ်နိုင်၏။သောတာပတ္တိမဂ်ဉာဏ်သည်၊အနုထက်အနုကိုအကြွင်းအကျန်မရှိပယ်နိုင်၏။ ဝိစိကိစ္ဆာကိုပယ်သည်ဟူသောစကား၌လည်း။ထိုအဘူအနုသယကိုပယ်ခြင်းပင်တည်း။ ။ပရမတ္ထသစ္စာဘက်၌။ အဘယ်မျှလောက်သောတရားကိုကောင်းစွာမြင်သည်ရှိသော်၊အတ္တဒိဋ္ဌိ၏အနုသယကိစ္စလေးချက်တို့ကိုအစဉ်အတိုင်းပယ်နိုင်ပါသနည်းဟူမူကား။ ။ရုပ်တရားဘက်၌။

www.dhammaransi.com



ပထဝီဓာတ်တပါး။အာပေါဓာတ်တပါး။တေဇောဓာတ်တပါး။ဝါယောဓာတ်တပါး။အာကာသဓာတ်တပါးဟူ၍ငါးပါး။ ။နာမ်တရားဘက်၌။ဝိညာဏ်တပါး။ဝေဒနာတပါး။သညာတပါး။စေတနာတပါးဟူ၍လေးပါး။ထိုရုပ်နာမ်တရားတို့၌ရှိနေသော။ဇာတိတပါးဇရာတပါး။မရဏတပါးဟူ၍သုံးပါး။ ထိုရုပ်နာမ်တရားတို့ကိုဖြစ်ပွါးစေတတ်သော။ကံ။စိတ်။ဥတု။အာဟာရဟူ၍။အကြောင်းတရားလေးပါး။ဤတဆဲ့ငါးပါးသောတရားတို့ကို ကောင်းစွာမြင်သည်ရှိသော်။အတ္တဒိဋ္ဌိ၏အနုသယကိစ္စ လေးချက်တို့ကို အစဉ်အတိုင်းပယ်နိုင်၏။ ။ထိုတွင်။အကြောင်းတရားလေးပါးကို ရှေးဦးစွာပြဆိုရာ၏ ။ကံဆိုသည်ကား။ ကုသိုလ်စေတနာ။ အကုသိုလ်စေတနာကိုဆို၏။ထိုကံ၏အခိုက်အတန့်သည်သုံးပါးရှိ၏။ စေတနာအခိုက်အတန့်တပါး။ပရိယုဋ္ဌာန်အခိုက်အတန့်တပါး။ ကမ္မပထယအခိုက်အတန့်တပါးပေတည်း။ ။ထိုတွင်။ စေတနာအခိုက်အတန့်ဆိုသည်ကား။ပါဏာတိပါတအမှုကိုပြုရာ၌၊ ရိုက်ခြင်းနှက်ခြင်းစသည်ရှိသောအမှုကို ပြုဆဲအခိုက် အတန့်သည်။ စေတနာအခိုက်အတန့်မည်၏။ ပရိယုဋ္ဌာန်အခိုက်အတန့် ဆိုသည်ကား။ထိုစေတနာချုပ်ပြီးသည်နောက်။ထိုသူ၏စိတ်သန္တာန်မှာ။ထိုအမှုအတွက်နှင့်လှုပ်ရှားလျက် နေရစ်သော အခိုက်အတန့်သည်။ပရိယုဋ္ဌာန်အခိုက်အတန့်မည်၏။ ။ကမ္မပထယ အခိုက်အတန့်ဆိုသည်ကား၊ထိုလှုပ်ရှားခြင်းငြိမ်းသည်မှနောက်၌လည်း။အခွင့်သာရာ၌အကျိုးပေးရန်။ ထိုပါဏာတိပါတအမှုသည်။ ထိုသူဖြစ်လေရာရာအစဉ်ပါ၍နေ၏။ထိုပါရှိ၍နေသောအခိုက်အတန့်သည်။ကမ္မပထယအခိုက်အတန့်မည်၏။ ။ဥပမာကား။ ။ကြမ်းထမ်းလှစွာသောအမိသည်၊သားငယ်ကလေးကို ပြင်းထန်စွာရိုက်ရာ၌၊ထိုရိုက်မှုမှာ။အခိုက်အတန့်သုံးပါးရှိ၏။ ရိုက်ဆဲကြိယာအခိုက်အတန့်တပါး။ထိုကြိယာပြတ်စဲပြီးနောက်။ထိုသားငယ်မှာငါးရက်ဆယ်ရက်စသည်ဖြင့်၊ ကျင်နာ၍နေသောအခိုက် အတန့်တပါး။

www.dhammaransi.com



ကျင်နာခြင်းပျောက်ငြိမ်းသောအခါ၌၊ ထိုသားငယ်သန္တာန်မှာအသက်အရွယ်ကြီးရင့်သောအခါ၌။ ဒဏ်နာကြီးဖြစ်ပေါ်ရန် ပါရှိ၍နေသောဒဏ်မှုကြီးအခိုက်အတန့်တပါး။ ။ဤသုံးပါးပေတည်း။

ထိုသူငယ်မှာ၊ ဆယ်နှစ်ရွယ်ကရိုက်နှက်သော ဒဏ်ရာဒဏ်ချက်သည်၊အရွယ်ကောင်းတုန်းအခါ၌မပေါ်သေး၊ အရွယ်ဆုတ်ယုတ်သောအခါ၊ထိုဒဏ်နာသည်ပေါ်လာတတ်၏။ မေ့နာပန်းနာစသည်တပါးပါး ဖြစ်ပေါ်လာတတ်၏။ ။ထိုတွင်၊ သူငယ်၌ရိုက်နှက်ဆဲကြိုယာအခိုက်အတန့်နှင့်၊ကံအရာ၌စေတနာအခိုက်အတန့်သည်တူ၏။သူငယ်မှာကျင်နာ၍နေသောအခိုက်အတန့်နှင့်။ ကံအရာ၌ပရိယုဋ္ဌာနအခိုက်အတန့်သည်တူ၏။ ။သူငယ်ဒဏ်ပါ၍နေသောအခိုက်အတန့်နှင့်၊ကံအရာ၌ကမ္မပစ္စယ အခိုက်အတန့်သည်တူ၏၊သူငယ်မှာဒဏ်ရာမပေါ်သေးမီအခိုက်အတန့်နှင့်၊ကံအရာ၌ထိုကံအကျိုးမပေးသေးသောအခိုက်အတန့်သည်တူ၏။ ။အထူးမှုကား။ ။သူငယ်၌ဒဏ်နာသည် ရုပ်တရားမျိုးဖြစ်၍၊ထိုဘဝတွင်သာလိုက်နိုင်၏၊ဘဝတပါးသို့မလိုက်နိုင်၊ ကံအရာမှာပါဏာတိပါတဒဏ်သည်။ နာမ်တရားမျိုးဖြစ်၍ အကျိုးပေးခွင့်မရသေးလျှင်၊ထိုကံသည်သတ္တဝါတို့မှာဘဝများစွာကမ္ဘာများစွာလိုက်ပါလေ၏။ ။ကံအရာ၌ဇောခုနစ်ချက်ရှိသည်တွင်၊ပထမဇောသည်ဒိဋ္ဌဓမ္မဝေဒနီယကံမျိုးဖြစ်၍အကျိုးပေးခွင့်ရလျှင်။ ယခုဘဝ၌အကျိုးပေး၏၊အကျိုးပေးခွင့်မရလျှင်။ ယခုဘဝတွင်ကုန်ဆုံး၏။ သတ္တမဇောသည် ဥပပဇ္ဇဝေဒနီယကံမျိုးဖြစ်၍။ အကျိုးပေးခွင့်ရလျှင်၊အနန္တရဘဝ၌အကျိုးပေး၏။ ။အကျိုးပေးမှုဆိုသည်ကား၊ယခုဘဝသေသည်မှနောက်၌၊ထိုသတ္တမဇောကံ၏ဒဏ်ချက်သည်၊အပါယ်ဘုံပဋိသန္ဓေမှစ၍၊ဘဝတခုဖြစ်ပေါ်၍သွားလေ၏၊ အကျိုးပေးခွင့်မရလျှင်၊ဒုတိယဘဝ၏အဆုံးမှာကုန်သေး၏။ ။အလယ်ဇောငါးချက်သည်၊အပရာပရိယဝေဒနီယကံမျိုးဖြစ်၍၊ဒုတိယဘဝ၏နောက်၌တတိယဘဝမှစ၍။ အခွင့်ရရာဘဝ၌ အသီးအသီးတ

www.dhammaransi.com



ဘဝစိအကျိုးပေး၏။ ။အခွင့်မရခဲ့သည်ရှိသော်။ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင်လိုက်ပါသည်ဟုကျမ်းဂန်တို့၌ဆို၏။

ဤကားပဋိသန္ဓေအကျိုးပေးပုံတည်း။

ဝိပါက်အကျိုးရှိသေး၏၊ ။ထိုငါးချက်သောဇောစေတနာတို့တွင်။ဒုတိယဇောစေတနာကံသည်။ပဋိသန္ဓေအကျိုးပေးခွင့်ရ၍၊ အပါယ်၌တဘဝထွက်ပေါ်ပြီးနောက်။ ဝိပါက်အကျိုးမှာဘဝငါးရာစသည့်တိုင်အောင်။ အကြိမ်ပေါင်း ငါးရာစသည်ဖြင့်။ပဝတ္တိဝိပါက်အကျိုးကိုဖြစ်စေ၏။ ။ဤပါဏာတိပါတကံ၌ပဝတ္တိအကျိုးဆိုသည်ကား။တပါးသောကံသည်။ပဋိသန္ဓေအကျိုးကိုပေး၍။လူ့ဘဝစသည်၌ထိုသူဖြစ်၍နေရာမှာ။အသက်တိုခြင်း။ အနာရောဂါများခြင်း။ရန်သူရန်ဘက်များခြင်းအစရှိသည်တည်း။ ။ကြွင်းကျန်သောဒုစ္စရိုက်ကံ၊သုစရိုက်ကံတို့၌လည်း။ စေတနာအခိုက်အတန့် ပရိယုဋ္ဌာန်အခိုက်အတန့်။ကမ္မပထအခိုက်အတန့်ဟူ၍၊ အခိုက်အတန့်သုံးပါးစီရှိကြောင်းကိုသိလေ။

ဤကား။ကံဟူသောအကြောင်းတရား၏ အခြင်းအရာကိုပြဆိုချက်ပေတည်း၊

စိတ်ဆိုသည်ကား။ကြံမှုသိမှုကိုဆို၏။အနန္တရပစ္စည်း။သမနန္တရပစ္စည်း။အာသေဝနပစ္စည်းအစွမ်းဖြင့်။ စိတ်အစဉ်ကို မြစ်ရေအလျဉ်ကဲ့သို့အစဉ်မပြတ်ဖြစ်ပွါးလျက်နေစေရန် ကျေးဇူးပြုပေ၏။ ကိုယ်ခန္ဓာတကောင်လုံး၌ စိတ္တဇရုပ်တို့ကို အနှံ့အပြားဖြစ်ပွါး၍နေပေရန်အမြဲကျေးဇူးပြုပေ၏။ကိုယ်အင်္ဂါနှုတ်အင်္ဂါတို့၏။ လှုပ်ရှားမှု သွားလာမှု ပြောမှုဆိုမှုစသည်တို့၌။ စိတ္တဇရုပ်တို့၏ကိစ္စသည်ထင်ရှား၏။ ၊ထိုစိတ်ဟူသော အကြောင်းမှာလည်း။ကုသိုလ်စိတ်အကုသိုလ်စိတ်တို့၌အခိုက်အတန့်သုံးပါးစီရှိကြ၏။အာရုံတင်းလင်း။အမှုတင်းလင်းနှင့်ဖြစ်နေဆဲကိစ္စတပါး။ ထိုမှနောက်၌

www.dhammaransi.com



ထိုအာရုံထိုအမှုလွန်ပြီးသောအခါ၌။လွန်ပြီးသောထိုအာရုံထိုအမှုကိုအာရုံပြု၍။ တကြွကြွတရှုရှုထကြွလှုပ်ရှား၍နေသောအခိုက်အတန့်တပါ.။ထိုအခိုက်အတန့်ပျောက်ငြိမ်းပြီးနောက်။ စိတ်သန္တာန်မှာထိုအလေ့ထိုအလာဝါသနာအငုံပါ၍ နေသော အခိုက်အတန့်တပါးဟူ၍သုံးပါးရှိ၏။ထိုတွင်ဝါသနာအခိုက်အတန့်သည်နောက်နောက်ဘဝသို့ပင်လိုက်ပါ၍နေတတ်၏။

စိတ်အကြောင်းအရာကိုပြဆိုချက် ပြီး၏။

ဥက္ကခဆိုသည်ကား၊ ။တေဇောခေတ်ပေတည်း။ တေဇောခေတ်ဆိုသည်ကား။မီးခေတ်ပေတည်း၊ ထိုမီးခေတ်သည်။ သီတ၊ ဥဏှနှစ်ပါးရှိ၏။ဥဏှဆိုသည်ကားပူမှုပေတည်း။ သီတဆိုသည်ကား၊အေးမှုပေတည်း၊ပူမှုတွင်လည်း။ ပူသည်ထက်ပူမှုအဆင့်ဆင့်ရှိ၏။ အေးမှုသည်လည်း၊ အေးသည်ထက်အေးမှုအဆင့်ဆင့်ရှိ၏၊ ဤဥတုခေါ် သောမီးခေတ်သည်၊ ရုပ်တရားတို့ကို ပွါးစေမှု၌ အကြီးအကျယ်ဆုံးသောအကြောင်းဖြစ်၏။ ။ဗဟိဒ္ဓသန္တာန်မှာကမ္ဘာတည်မှုကမ္ဘာပျက်မှုသည်။ဥတုကိစ္စပေတည်း။ ။ထိုဥတုတွင်လည်း။ အလွန်သိမ်မွေ့၍တန်ခိုးအစွမ်းသတ္တိအထူးရှိသော ဇီဇခေါ် သောမျိုးစေ့ခေတ်အထူးသည်လည်းရှိ၏၊ သရက်မျိုးစေ့၊ ပိန်းနဲမျိုးစေ့အစရှိသည်ဖြင့်။ထိုမျိုးစေ့ခေတ်သည်အနန္တများပြား၏။ ထိုမျိုးစေ့ခေတ်၏အစွမ်းသည်လည်း,အလွန်ကြီးမာ၏။ ကြီးမားပုံကား။ ။သရက်ပင်ဟူ၍ မရှိဘူးသေးသော အရပ်ဒေသ၌။ သရက်မျိုးစေ့ကိုစိုက်ပျိုး၍ထားခဲ့သော်၊ ထိုအရပ်ဒေသမှာသရက်ပင်ပေါင်း သိန်းသောင်း မက ဖြစ်ပွါး စေတတ်၏။ ဖြစ်ပွါးရာ၌လည်း၊အပင်းသဏ္ဌာန်၊အကိုင်းသဏ္ဌာန်။အခက်သဏ္ဌာန်။အရွက်

သဏ္ဍာန်။ အပွင့်သဏ္ဍာန်၊ အသီးသဏ္ဍာန်တို့သည် ပဌမမျိုးစေ့ရင်း၏။ သခက်ဟူသော အနွယ်ကို မကျူးလွန်မူ၍။ ထိုအနွယ်အတိုင်းသာ ဖြစ်ကြရကုန်၏။

ဤကား မျိုးစေ့ဓာတ်၏ တန်ခိုးသတ္တိ
ကြီးကျယ်ပုံပေတည်း။

သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်မှာမူကား။ ။ ရှေ့ကံဟောင်းသည်လည်း မျိုးတပါး။ အမိအဘတို့မှ ဆက်နွယ်၍လာသော ဥတုဟူသော မီးဓာတ်သည်လည်း၊ ဗီဇမျိုးတပါးဟူ၍။ မျိုးဓာတ်နှစ်ပါးရှိ၏။ ထိုတွင် ကံဟောင်းဟူသော မျိုးဓာတ်သည်။ သတ္တဝါတို့၏ သန္တာန်မှာ။ ပဓာနအင်္ဂါဖြစ်သော စိတ်ဓာတ်။ စက္ခုဓာတ်။ သောတဓာတ် အစရှိသော အတွင်းဓာတ်နှုတို့ကို ဖြစ်ပွါးစေတတ်၏။

ဥတုဟူသော မျိုးဓာတ်သည်။ အဆင်းအမျိုးမျိုး သဏ္ဍာန်အမျိုးမျိုးတို့ကို ဖြစ်ပွါးစေတတ်၏။ ကျီးတိရစ္ဆာန်မျိုးမှ ဖြစ်ပွါးသော သားသမီး အဆက်ဆက်သည်။ ကျီးအဆင်း။ ကျီးသဏ္ဍာန် အတိုင်းသာ ဖြစ်ပွါးကြရ၏။ ဗျိုင်းတိရစ္ဆာန်မျိုးစသည်တို့၌လည်း ထို့အတူတည်း။

ဤကား ဥတုအကြောင်းအရာကို ပြဆိုချက်ပြီး၏။

———— ————

အာဟာရဆိုသည်ကား။ ။ မျိုအပ်သော အရေမျိုအပ်သော အဖတ်မျိုးကိုလည်း ဆိုရ၏။ ထိုအရေမျိုး။ အဖတ်မျိုးတို့၌။ ပါရှိသော ဩဇာဟူ၍ ခေါ်ဝေါ်အပ်သော အဆီဓာတ်မျိုးသည်။ မုချအာဟာရမည်၏။ ထိုအာဟာရသည်လည်း။ စားဆဲအခိုက်အတန့် တပါး၊ ဝမ်းတွင်း၌ တည်ရှိဆဲအခိုက်အတန့်တပါး။ တကိုယ်လုံး၌ ခုနစ်

www.dhammaransi.com



ရက်တိုင်တိုင်ဩဇာဟူသော အသိဓါတ်တို့၏ ပျံ့နှံ့မှုအခိုက်အတန့်တပါးဟူ၍အခိုက်အတန့်သုံးပါးရှိ၏။

## ဤကားအာဟာရအကြောင်းအရာကို ပြဆိုချက်ပြီး၏။

## ဤကားအကြောင်းတရားလေးပါးကိုပြဆိုချက်တည်း

---

ကျန်ရှိသောတရားတဆဲ့တပါးတို့တွင်။ပထဝီဓါတ်ဆိုသည်ကား။ ခက်မာမှုပေတည်း။ ခက်မာမှုဆိုသည်လည်း။ ခပ်သိမ်းသောရုပ်ကလာပ်တို့၏အမာခံမှုပေတည်း။ ခပ်သိမ်းသောရုပ်ကလာပ်တို့သည်။ထိုအမာခံမှုကိုစွဲမှီ၍ဖြစ်ကြရကုန်၏။ ။လ,ရောင်ခေါ် သော ရုပ်ကလာပ်။နေရောင်ခေါ် သောရုပ်ကလာပ်တို့မှာသည်း။ထိုအမာခံမှုသည်ပါရှိ၏။

ထိုပထဝီဓါတ်သည်သည်း။ခက်မာသောပထဝီဓါတ်။ နူးညံ့သောပထဝီဓါတ်ဟူ၍နှစ်ပါးရှိ၏။ ။ထိုတွင်ခက်မာသောပထဝီဓါတ်သည်သည်း။ခက်မာသည်ထက်ခက်မာမှု အဆင့်ဆင့်ရှိ၏။ နူးညံ့သောပထဝီဓါတ် သည်သည်း။ နူးညံ့သည်ထက် နူးညံ့မှု အဆင့်ဆင့်ရှိ၏။ပထဝီဓါတ်၏ အနှံ့အချက်ကိုရှုသော ယောဂီပုဂ္ဂိုလ်သည်၊ ခက်မာမှုအဆင့်ဆင့် ပြောင်းရွှေ့ချက်။ နူးညံ့မှုအဆင့်ဆင့်ပြောင်းရွှေ့ချက်တို့ကို။ ကိုယ်ဉာဏ်ဖြင့်စေ့စုံစွာရှာကြံ၍ကြည့်ရှုရသည်၊ ပြောင်းရွှေ့မှုတို့သည်လည်း။ ကိုယ်အင်္ဂါတို့၏ လှုပ်ရှားမှုတို့မှာထင်ရှားကုန်၏၊ ။လှုပ်ရှားမှုဆိုသည်ကား။ ။ရုပ်ကလာပ်ဟောင်းတို့၏အကုန်ကွယ်ပျောက်၍၊ရုပ်ကလာပ်သစ်တို့၏ဖြစ်ပေါ် မှုဆို၏။

အာပေါဓါတ်ဆိုသည်ကား။ ။ဖွဲ့တွယ်မှု၊ စေးကပ်မှု။စေးညှိမှု၊အရည်ကျဲ၊အရည်ကြည်ဖြစ်မှုကိုဆိုသတည်း။ ထိုအာပေါဓါတ်

www.dhammaransi.com



သည်လည်း၊ ကျပ်တင်းစွာ ဖွဲ့မှု၊ ရော့ရဲစွာ ဖွဲ့မှုဟူ၍ နှစ်ပါးရှိ၏။ ။ ထိုတွင် ကျပ်တင်းစွာ ဖွဲ့မှုသည်လည်း။ ကျပ်တင်းသည်ထက် ကျပ်တင်းမှု အဆင့်ဆင့်ရှိ၏။ ။ ရော့ရဲစွာ ဖွဲ့မှုသည်လည်း။ ရော့ရဲသည်ထက် ရော့ရဲမှု အဆင့်ဆင့်ရှိ၏။ ။ ဤကျပ်တင်းမှု ရော့ရဲမှုတို့၏ အဆင့်ဆင့်ပြောင်းလဲခြင်းသည် အာပေါဓာတ်၏ အနိစ္စအချက်ပင်တည်း။

တေဇောဓာတ်ဆိုသည်ကား။ ။ မီးဓာတ်ပေတည်း။ ထိုမီးဓာတ်ဆိုသည်ကား။ ပူမှု ေအးမှုပေတည်း။ ထိုတေဇောဓာတ်သည်။ သီတ ဥဏှဟူ၍ နှစ်ပါးရှိ၏၊ ။ သီတဆိုသည်ကား။ ေအးမှုပေတည်း။ ဥဏှဆိုသည်ကား။ ပူမှုပေတည်း။ ေအးမှုသည်လည်း။ ေအးသည်ထက် ေအးမှု။ အဆင့်ဆင့်ရှိ၏။ ပူမှုသည်လည်း။ ပူသည်ထက် ပူမှု အဆင့်ဆင့်ရှိ၏။ ထိုေအးမှု ပူမှုတို့၏ အဆင့်ဆင့်ပြောင်းလဲခြင်းသည်။ တေဇောဓာတ်၏ အနိစ္စအချက်ပင်တည်း။

ဝါယောဓာတ်ဆိုသည်ကား။ ။ ထောက်ကန်မှု၊ ဖေါင်းပွမှု၊ ကြွရွမှု၊ လှုပ်ရှားမှု၊ တွန်းဝှေ့မှု၊ လွင့်ပါးမှုကိုဆိုသတည်း။ ထိုဝါယောဓာတ်သည်။ တောင့်တင်းစွာ ထောက်ကန်မှု၊ ရော့ရဲစွာ ထောက်ကန်မှုဟူ၍ နှစ်ပါးရှိ၏။ ထိုတွင် တောင့်တင်းစွာ ထောက်ကန်မှုသည်လည်း။ တောင့်တင်းသည်ထက် တောင့်တင်းမှု အဆင့်ဆင့်ရှိ၏။ ရော့ရဲစွာ ထောက်ကန်မှုသည်လည်း။ ရော့ရဲသည်ထက် ရော့ရဲမှု အဆင့်ဆင့်ရှိ၏။ ထိုအဆင့်ဆင့် ပြောင်းလဲမှု သည်လည်း၊ ဝါယောဓာတ်၏ အနိစ္စအချက်ပေတည်း။ ။ ထိုဓာတ်လေးပါးတို့တွင်လည်း တပါးတပါးပြောင်းလဲခဲ့လျှင်၊ ကျန်သုံးပါးတို့သည်လည်း။ ပြောင်းလဲကြကုန်ရသည်သာတည်း။

အာကာသဓာတ်ဆိုသည်ကား။ ။ ရုပ်ကလာပ်တို့၏ အချင်းချင်းခြားမှုတည်း။ ။ ဤခြားမှုကို အစွဲပြု၍။ ဤသည်ကား၊ ရုပ်ကလာပ်တခု၊ ဤသည်ကား ရုပ်ကလာပ်တည်းဟု ပိုင်းခြားမှု။ ဤ၀ဋ္ဋ၌ ရုပ်ကလာပ်ပေါင်းတဆယ်ရှိသည်။ တရာရှိသည်။ တထောင်ရှိသည် စသည်ဖြင့် ရေတွက်မှုများသည် ထင်ရှားရှိနေ၏၊ ။ ဥပမာ

ကား။ ။အလွန်ခက်မာသောမြေဆိုင်ခဲကိုကြည့်ရှုရာ၌။ ဤကား မြေမှုန့်တခု။ ဤကားမြေမှုန့်တခုဟုခွဲနိုင်ခြင်းသည်။ အာကာသ ဓာတ်၏အစွမ်းပေတည်း။ ။ဤ၌ရုပ်ကလာပ်တို့၏ အချင်းချင်း ခြားမှုဆိုသည်ကား။ကလာပ်တခုတွင်း၌ရှိသောရုပ်တို့၏ အချင်း ချင်းခြားမှုမဟုတ်။တခုသောကလာပ်အတွင်း၌ရုပ်ချင်းချင်းခြားမှု အာကာသဟူ၍မရှိပြီ။ရှိသည်ဟူ၍ဆိုငြားအံ့။ကလာပ်တခုအတွင်း ၌ရှိသောရုပ်တို့တွင်။ဤရုပ်ကားအထက်။ဤရုပ်ကားအောက်။ ဤ ရုပ်ကားလက်ဝဲ။ ဤရုပ်ကားလက်ျာဟူ၍ပိုင်းခြားနိုင်ရာ၏။ထိုသို့ ပိုင်းခြားနိုင်ကောင်းသည်မဟုတ်။လောကမှာထိုသို့အထည်ဝတ္ထု တို့ကိုထုခွဲကြိတ်နယ်ကြရာ၌။ ထိုအာကာသရှိသေးသမျှ ကာလ ပတ်သုံး။အစိတ်အစိတ်အမွှာအမွှာကွဲလေရာ၏။ အလွန်သေးနုပ်၍ သွားသဖြင့်။ကလာပ်တခုစီအသီးအသီးဖြစ်ကြသော အခါ၌။ကွဲ ပြားခြင်းမရှိပြီ။ကုန်ဆုံးခြင်းသို့သာရောက်ကြကုန်ရာ၏။ ။ရုပ်က လာပ်တို့၏ကွဲပြားမှုသည်။အာကာသဓာတ်အနိစ္စပင်တည်း။

ရုပ်ဓာတ်ငါးပါးပြီး၏။

နာမ်ဓာတ်လေးပါးတို့တွင်၊ ဝိတ်ဆိုသည်ကား၊ ကြံမှုသိမှုပေ တည်း။ ဝိညာဏ်လည်းခေါ်၏။ ထိုဝိညာဏ်သည်လည်း။ စက္ခု ဝိညာဏ်။သောတဝိညာဏ်။ဃာနဝိညာဏ်။ဇိဝှါဝိညာဏ်။ကာယ ဝိညာဏ်မနောဝိညာဏ်ဟူ၍ခြောက်ပါးအပြားရှိ၏။ ထိုတွင်မျက် စိ၌ဖြစ်၍။မျက်စိတွင်ပျက်ရသော ဝိညာဏ်သည်။ စက္ခုဝိညာဏ် မည်၏။အဆင်းအမျိုးမျိုးကိုမြင်မှုပေတည်း။ ။နားတွင်း၌ပျက်ရ သောဝိညာဏ်သည်သောတဝိညာဏ်မည်၏။ အသံအမျိုးမျိုးကို ကြားမှုပေတည်း။ ။နှာခေါင်းတွင်း၌ဖြစ်၍။နှာခေါင်းတွင်း၌ပျက် ရသောဝိညာဏ်သည်ဃာနဝိညာဏ်မည်၏။အနံ့အမျိုးမျိုးကိုနံမှု ပေတည်း။ ။လျှာပေါ်၌ဖြစ်၍။လျှာပေါ်တွင်ပျက်ရသောဝိညာဏ်

www.dhammaransi.com



သည်ဖိဉ္စါဝိညာဏ်မည်၏။အရသာအမျိုးမျိုးကိုသိမှုပေတည်း။ ။ အောက်၌ ခြေဘဝါးပြင်မှစ၍။ အထက်၌ ငယ်ထိပ် အပြင်တိုင် အောင်တကိုယ်လုံးတွင်။ ထိုထိုအပေအင်္ဂါ အတွင်းအင်္ဂါတို့၌ ဖြစ်ပေါ်၍။ဖြစ်ရာဌာနခွဲ၌ပျံ့နှံ့ရသောဝိညာဏ်သည်။ ကာယဝိညာဏ်မည်၏။ပထဝီ၏အတွေ့အထိ။တေဇော၏အတွေ့အထိ။ ဝါယော၏အတွေ့အထိတို့ကိုသိမှုပေတည်း။ ။ရင်တွင်းနှလုံးတွင်း၌ စမ်းရေထွက်သကဲ့သို့အစဉ်အမြဲဖြစ်ပေါ်၍နေသော ဝိညာဏ်သည်မနောဝိညာဏ်မည်၏၊ ခပ်သိမ်းသော အာ ရုံ တို့ ကိုးကြံမှုသိမှုပေတည်း၊ ။ထိုတွင်၊ စက္ခုဝိညာဏ်ဟူသော မြင်မှု၌မြင်သေး၏၊ မမြင်ပြီဟူ၍နှစ်မျိုးရှိ၏။ ။မြင်သေး၏ဆိုသည်ကား။စက္ခုဝိညာဏ်ဖြစ်ပေါ်မှုပေတည်း။ ။မမြင်ပြီဆိုသည်ကား။ စက္ခုဝိညာဏ်၏ချုပ်ဆုံးမှုပေတည်း။ ။ထိုအတူ၊ သောတ ဝိညာဏ်၌လည်း၊ ကြားသေး၏။မကြားပြီဟူ၍နှစ်မျိုးရှိ၏။ဃာနဝိညာဏ်၌လည်း။ နံသေး၏။မနံပြီဟူ၍နှစ်မျိုးရှိ၏။ ဇိဉ္စါဝိညာဏ်၌လည်း။ အရသာကိုသိသေး၏။မသိပြီဟူ၍နှစ်မျိုးရှိ၏။ ကာယဝိညာဏ်၌လည်း။ တွေ့ထိမှုရှိသေး၏။မရှိပြီဟူ၍နှစ်မျိုးရှိ၏။ ။ဤဝိညာဏ်လေးပါးတို့၌လည်း။ရှိသေး၏ဆိုသည်ကား။ထိုထိုညာဏ်၏ဖြစ်ပေါ်မှုပေဘည်း။ မရှိပြီဆိုသည်ကား၊ထိုထိုဝိညာဏ်၏ချုပ်ဆုံးမှုပေတည်း။ ။မနောဝိညာဏ်သည်၊ ကုသိုလ်မနောဝိညာဏ်။ အကုသိုလ်မနောဝိညာဏ်၊ဝိပါက်မနောဝိညာဏ်။ကြိယာမနောဝိညာဏ်ဟူ၍လေးပါးရှိ၏။ ထိုတွင် အကုသိုလ် ဝိညာဏ်မှာလည်း။ ငါ၌ယခုအကုသိုလ်စိတ်ဖြစ်၍ နေသည်၊ ယခုထိုအကုသိုလ်စိတ်မရှိပြီဟုသိကြ၏၊အကုသိုလ်တွင်လည်း၊ လောဘအကြံဖြစ်မှု။ ထိုအကြံပျောက်ကွယ်မှု၊ကုသိုလ်တွင်လည်း၊ သဒ္ဓါစိတ်ပညာစိတ်ဖြစ်မှု။ထိုသဒ္ဓါစိတ်ပညာစိတ်ပျောက်ကွယ်မှုတို့ကိုထင်ရှားသိကြ၏။ထိုလေးပါးသောဝိညာဏ် တို့တွင်လည်း၊ တပါးပါးသော ဝိညာဏ်ချုပ်ကွယ်မှု။တပါးတပါးသောဝိညာဏ်ဖြစ်ပေါ်နိုင်၏၊ ။ဤ၌လည်း ချုပ်ဆုံးမှုဟူသမျှသည်၊ထိုထိုဝိညာဏ်၏အနိစ္စအချက်ပင်တည်း။

www.dhammaransi.com



ဝေဒနာဆိုသည်ကား။ ခံစားမှုပေတည်း။ သညာဆိုသည်ကား။ မှတ်သားမှုပေတည်း။ စေတနာဆိုသည်ကား။ သမ္ပယုတ်တရားတို့ကိုစေ့ဆော်မှုပေတည်း။ ဤတရားလေးပါးတို့သည်၊ ဝိညာဏ်နှင့်ဖြစ်အတူပျက်အတူအမြဲယှဉ်ဘော်ယှဉ်ဘက်တရားတို့ပေတည်း။ ထိုဝိညာဏ်၏ အနိစ္စအချက်အရသည်။ ဤတရားတို့၏အနိစ္စအချက်အရပင်တည်း။ ။တနည်းကား။ဝေဒနာသည်။သုခဝေဒနာ။ ဒုက္ခဝေဒနာ။သောမနဿဝေဒနာ။ဒေါမနဿဝေဒနာ။ ဥပေက္ခာဝေဒနာဟူ၍ ငါးပါးရှိ၏။ ။သုခဝေဒနာဆိုသည်ကား။ချမ်းသာစွာခံစားမှုပေတည်း။ဒုက္ခဝေဒနာဆိုသည်ကား။ဆင်းရဲစွာခံစားမှုပေတည်း။သောမနဿဝေဒနာဆိုသည်ကား။ဝမ်းမြောက်မှုဝမ်းသာမှုပေတည်း။ဒေါမနဿဝေဒနာဆိုသည်ကား။နှလုံးမသာယာမှုပေတည်း။ဥပေက္ခာဝေဒနာဆိုသည်ကား၊ မထင်မရှားလျစ်လျူအားဖြင့်ခံစားမှုပေတည်း။ထိုတွင်သုခဝေဒနာဒုက္ခဝေဒနာနှစ်ပါးသည်။ ခြေဘဝါးအပြင်မှစ၍။ယယ်ထိပ်အပြင်တိုင်အောင်။ တကိုယ်လုံးတွင်အထိအပါးရှိရာဌာနဌ်ဖြစ်ပေ၏။ သောမနဿဒေါမနဿနှစ်ပါးသည်။နှလုံးအိမ်တွင်း၌သာဖြစ်ပေ၏၊ ဥပေက္ခာသည်။ စက္ခုသောတဃာနဇိဝှါတို့၌ရင်း။နှလုံးအိမ်တွင်း၌ရင်းဖြစ်ပေ၏။ဤဝေဒနာငါးပါးတို့သည်၊တပါးချုပ်ဆုံးမှတပါးဖြစ်ပေါ်လာကြရကုန်၏။နှစ်ပါးပြိုင်၍ဖြစ်သည်မရှိ။

ဤကားဝေဒနာ၏အနိစ္စအချက်ပင်တည်း။

သညာသည်ကုသိုလ်သညာ။ အကုသိုလ်သညာစသည်ဖြင့်ရင်း။ ရူပသညာ။သဒ္ဒသညာ။ဂန္ဓသညာစသည်ဖြင့်ရင်း။အလွန်များပြား၏။များပြားရာတွင်လည်းတခုချုပ်ဆုံးမှတခုဖြစ်ပေါ်ရ၏။နှစ်ခုပြိုင်၍ဖြစ်ပေါ်သည်မရှိ။

ဤကားသညာ၏အနိစ္စပင်တည်း။

www.dhammaransi.com



စေတနာသည်လည်း။ ကုသိုလ်စေတနာအကုသိုလ်စေတနာခွဲ၍ ချထားသည်ဖြစ်၍လည်း။ ရူပသဥ္စေတနာ။ သဒ္ဒသဥ္စေတနာ။ ဂန္ဓသဥ္စေတနာခ သည်ဖြင့်ရင်း။ အလွန်များပြား၏။ များပြားရာတွင်လည်း။ တခုချုပ် ၍ုံးမှတခုဖြစ်ပေါ်၏။ နှစ်ခုပြိုင်၍ဖြစ်ပေါ်သည်မရှိ။

ဤကား စေတနာ၏ အနိစ္စပင်တည်း။

နာမ်ခတ်လေးပါးပြီး၏။

---

ဇာတိ, ဇရာ, မရဏ, သုံးပါးတွင်။ ဇာတိဆိုသည်ကား။ ရုပ်နာမ် ခန္ဓာတို့၏ဖြစ်ပေါ်မှု ပေါက်ပွါးမှု။ ကြီးထွားမှု။ ပြိုးမှု၊ တိုးတက်မှု။ စည်ကားမှုပေတည်း။ ။ဇရာဆိုသည်ကား။ ရုပ်နာမ်ခန္ဓာတို့၏အို မင်းမှု၊ ရင့်ဆွေးမှု။ ဆုတ်ယုတ်လျော့ပါးမှု။ ညှိုးနွမ်းပိန်ချုံးမှုများ ပေတည်း။ ။မရဏဆိုသည်ကား။ ရုပ်နာမ်ခန္ဓာတို့၏ သေကြေ ပျက်စီးမှု၊ ကုန်ဆုံးကွယ်ပျောက်မှု။ ဆုံးပါးပျောက်ပျက်မှုပေတည်း။ သမ္မုတိဇာတိ။ သမ္မုတိဇရာ။ သမ္မုတိမရဏ။ သန္တတိဇာတိ။ သန္တတိဇရာ။ သန္တတိမရဏ။ ခဏိကဇာတိ၊ ခဏိကဇရာ၊ ခဏိကမရဏဟူ၍သုံးပါးစီရှိကြ၏။ ။ထိုတွင်။ လောကီဘုံသား လူအများ တို့သည်၊ တဘဝတခါပဋိသန္ဓေနေမြဲဓမ္မတာ။ တဘဝတခါအိုမြဲဓမ္မ တာ။ တဘဝတခါသေမြဲဓမ္မတာဟူ၍ခေါ်ဝေါ်သမုတ်လျက်ရှိကြ သော၊ ဇာတိ, ဇရာ, မရဏသည်။ သမ္မုတိဇာတိ။ သမ္မုတိဇရာ။ သမ္မု တိမရဏမည်၏။ ။ဤဥ္စအနှစ်တရာအမ်းမှာ တကြိမ်တခါသာ သေမြဲဓမ္မတာရှိ၏။

ဤကား သမ္မုတိဇာတိ၊ ဇရာ၊ မရဏပေတည်း။

သန္တတိဇာတိ၊ ဇရာ၊ မရဏ၌။ ။သန္တတိသည်အမျိုးမျိုးရှိ၏။ အသက်တရာတမ်း၌။ ပထမအရွယ်၊ ဒုတိယအရွယ်။ တတိယအ ရွယ်ဟူ၍၊ အရွယ်သုံးပါးဟူသောသန္တတိကြီးသုံးပါး။ ။မန္ဒာဒသ

ကအရွယ်၊ခိဍ္ဍာဒသကအရွယ်၊ ဝဏ္ဏာဒသကအရွယ်အစရှိသည့်ဖြင့်လာသော၊အရွယ်ဆယ်ပါးဟူသောသန္တတိဆယ်ပါး၊မွေးဘွားသည်မှစ၍၊တနှစ်ရွယ်၊ ၂-နှစ်ရွယ်၊သုံးနှစ်ရွယ်စသည်ဖြင့်လာသောနှစ်သန္တတိတရား၊တနှစ်တနှစ်တွင်လည်း၊နွေဥတု၊ ဆောင်းဥတုမိုးဥတုဟူ၍လာသော ဥတုသန္တတိပေါင်းသုံးရာ၊တနှစ်တနှစ်တွင်လည်း၊တန်ခူးလ၊ကဆုန်လ စသည်ဖြင့်ခေါ်ဆိုကြသောလသန္တတိပေါင်းတထောင့်နှစ်ရာ၊ တလတလတွင်လည်း၊တရက်၊နှစ်ရက်စသည်ဖြင့် ခေါ်ဆိုကြသော ရက်သန္တတိ ပေါင်း သုံးသောင်းခြောက်ထောင်၊တရက်တရက်၌လည်း၊ နေ့အဘို့ညဉ့်အဘို့ဟူ၍ခေါ်ဆိုကြသော၊ နေ့ညဉ့်သန္တတိပေါင်းခုနစ်သောင်း နှစ်ထောင်၊နေ့အဘို့ညဉ့်အဘို့မှာလည်း၊ ပထမယာမ်၊ ဒုတိယာမ်၊တတိယာမ်ဟူ၍ ခေါ်ဆိုကြသော၊ အယာမ် သန္တတိပေါင်းနှစ်သိန်းတသောင်း ခြောက်ထောင်ရှိ၏၊ ၊အယာမ်သုံးပါးတွင်လည်း၊တပါးတပါး၌အစအလယ်အဆုံးဟူ၍အပိုင်းအခြားသုံးပါးစီရှိကြ၏၊ထိုတွင်၊ အစသည်သန္တတိဇာတိ၏ ခေတ်မည်၏၊အလယ်သည်သန္တတိဇရာ၏ခေတ်မည်၏၊အဆုံးသည် သန္တတိမရဏ၏ခေတ်မည်၏၊အရွယ်ဆယ်ပါးစသည်တို့၌လည်း၊ ထိုအတူ၊သန္တတိဇာတိ၊သန္တတိဇရာ၊သန္တတိမရဏဟူ၍၊သုံးပါးသုံးပါးစီဝေဘန်လေ၊ဤ၌သန္တတိအမျိုးမျိုးဆိုသည်ကား၊ အမျိုးမျိုးသောရုပ်ခန္ဓာ၊နာမ်ခန္ဓာတို့၏အစဉ်အမျိုးမျိုးကိုဆို၏၊ အရွယ်သုံးပါးတို့တွင်၊ပထမအရွယ်သည်ပျိုနုသော ရုပ်ခန္ဓာနာမ်ခန္ဓာမျိုးတို့၏အစဉ်ပေတည်း၊ထိုအရွယ်၏ကုန်ဆုံးမှုသည်၊ ပထမအရွယ်၏သေဆုံးခြင်းဟူသော သန္တတိမရဏကြီးတပါးပေတည်း၊ ဤနှစ်တရာတမ်းတွင်သန္တတိမရဏကြီးသုံးစားရှိ၏၊သေမြဲဓမ္မတာကြီးပေါင်းသုံးခါဖြစ်၏၊သို့သော်ရုပ်ခန္ဓာ နာမ်ခန္ဓာအစဉ် ပြတ်ဆုံးခြင်းမရှိသည့်အတွက်၊သတ္တဝါသေဆုံးသည်ဟူ၍ မခေါ်ကြ၊ ပထမအရွယ်ဆုံးသည်ဟူ၍သာခေါ်ကြ၏၊ ၊ဒုတိယအရွယ်သည်၊ ရင့်သန်သောရုပ်ခန္ဓာနာမ်ခန္ဓာမျိုးတို့၏အစဉ်ပေတည်း၊ ၊တတိယအ

www.dhammaransi.com



ရှယ်သည်။ ဆုတ်ယုတ်သောရုပ်ခန္ဓာ၊ နာမ်ခန္ဓာမျိုးတို့၏အစဉ်ပေ တည်း။ ။ဤအရှယ်နှစ်ပါး၌လည်း။ သေဆုံးမှုကြီး အသီးသီးရှိကြ၏။ဘဝိယအရှယ်၏သေဆုံးမှုသည်၊ သမ္မုတိမရဏကြီးပင် ဖြစ်သတည်း။ ။ဤနည်းတူ။အရှယ်ဆယ်ပါးမှစ၍။ အသာမ်သုံးပါးပိုင်းခြားမှုတိုင်အောင်။အမျိုးမျိုးသော ရုပ်ခန္ဓာနာမ်ခန္ဓာအစဉ်တို့၏သေဆုံးမှုကြီး အသီးအသီးရှိသည်ကို သိကြလေ။ ။ထိုမှတပါးလည်း။ သွားခြင်းဣရိယာပထသန္တတိဘပါး၊ ရပ်ခြင်းဣရိယာပထသန္တတိတပါး။ ထိုင်ခြင်းဣရိယာပထ သန္တတိ တပါး။ အိပ်ခြင်းဣရိယာပထသန္တတိဘပါးဟူ၍။ ဣရိယာပထသန္တတိကြီးလေးပါးရှိ၏။ ။ထိုလေးပါတို့တွင်လည်း တပါးတပါး၌။အဆုံးဟူသောသန္တတိမရဏကြီးအသီးအသီးရှိကြ၏။ ။သွားမှုတွင်လည်း။ပထမခြေလှမ်း။ ဒုတိယခြေလှမ်း။ တတိယခြေလှမ်းစသည်ဖြင့်၊ခြေလှမ်းအပိုင်းအခြားအရေအတွက်များစွာရှိ၏။ တခုတခုသောခြေလှမ်း၏အဆုံးသည်၊တခုတခုသောခြေလှမ်း၏သေမှုကြီးပေတည်း၊ ခြေလှမ်းသေမှုဆိုသည်လည်း တခုတခုသောခြေလှမ်းအတွင်း၌ ရှိနေကြကုန်သော။ ကိုယ်ခန္ဓာကြီးငယ်တို့၏သေဆုံးမှုပင်တည်း။ထိုစကားမှန်၏။ တခုတခုသောခြေလှမ်းအတွင်း၌ရှိနေကြကုန်သော ရုပ်ခန္ဓာနာမ်ခန္ဓာတို့သည်။ နောက်နောက်ခြေလှမ်းသို့ကူးပြောင်း၍ လိုက်နိုင်သောရုပ်တရေး နာမ်တချားဟူ၍ တခုမျှမရှိကြကုန်၊ သူ့ခြေလှမ်းအဆုံးမှာသူ့အကုန်ကွယ်ကြလေကုန်၏။ ။ထိုတွင်၊သွားခြင်း ဣရိယာပထ ဆိုသည်ကား။ ပရမတ္ထသစ္စာဘက်၌အစဉ်အားဖြင့်သွားသောအခြင်းအရာနှင့်ဖြစ်ပွါး၍နေကြကုန်သောရုပ်ခန္ဓာ။နာမ်ခန္ဓာတို့ကိုသွားခြင်းဟူ၍ဆို၏။ ။သမ္မုတိသစ္စာဘက်၌၊ပုဂ္ဂိုလ်သွား၍နေသည်။ သတ္တဝါသွား၍နေသည်ဟုခေါ်ဝေါ်ကြ၏။ရပ်ခြင်းဣရိယာပုတ်ဆိုသည်ကား။ ပရမတ္ထသစ္စာဘက်၌အစဉ်အားဖြင့်ရပ်သော အခြင်းအရာကိုဆို၏၊သမ္မုတိသစ္စာဘက်၌ ပုဂ္ဂိုလ်ရပ်နေသည်သတ္တဝါရပ်နေသည်ဟုခေါ်ဝေါ်ကြ၏။ ထို့အတူရပ်ခြင်းဣရိယာပုထ်။ ထိုင်ခြင်းဣရိ

www.dhammaransi.com



ယာပုထ်၊အိပ်ခြင်းဣရိယာပုထ်တို့၌လည်း။ပရမတ္ထသစ္စာဘက်၌အ
စဉ်အားဖြင့်ရပ်သောအခြင်းအရာနှင့်ဖြစ်ပွါးနေကြ-ကုန်သော ရုပ်
ခန္ဓာနမ်ခန္ဓာတိုင်သောအခြင်းအရာနှင့်ဖြစ်ပွါးနေကြကုန်သောရုပ်
ခန္ဓာနာမ်ခန္ဓာ။အိပ်သောအခြင်းအရာနှင့်ဖြစ်ပွါးနေကြကုန်သောရုပ်
ခန္ဓာနာမ်ခန္ဓာတို့ကို။ရပ်ခြင်းထိုင်ခြင်း။အိပ်ခြင်းဟူ၍ဆို၏။သမ္မုတိ
သစ္စာဘက်၌ကား။ ။ပုဂ္ဂိုလ်ရပ်သည်။သတ္တဝါရပ်သည်၊ပုဂ္ဂိုလ်
ထိုင်သည်။ သတ္တဝါ ထိုင်သည်။ ပုဂ္ဂိုလ်အိပ်သည်။ သတ္တဝါအိပ်
သည်ဟူ၍ခေါ်ဝေါ်ကြ၏။ ။ထိုဣရိယာပုထ်လေးပါးသည်။သစ္စာ
နှစ်ပါးပင် တခြားစီဖြစ်ကြ၏။ တပါးနှင့်တပါး ကူးစက်ခြင်းမရှိ။
ရောနှော၍မရကောင်း။သမ္မုတိသစ္စာဘက်၌လည်းသွားဆဲအခါမှာ
ဤသူသွားနေသည်ဟု မျက်မြင်ဒိဋ္ဌဖြစ်ကြ၏။ နောက်ရပ်ခြင်းသို့
ရောက်သောအခါသွားနေသောအခြင်းအရာနှင့်တကွသွားနေသော
သဏ္ဌာန်ကြီးကွယ်ပျောက်၍သွားသည်ကိုလည်း မျက်မြင်ဒိဋ္ဌသိ
မြင်ကြ၏၊ရပ်ဆဲအခါမှာ။ဤသူရပ်နေသည်ဟု မျက်မြင်ဒိဋ္ဌဖြစ်ကြ
၏။နောက်ထိုင်ခြင်းသို့ရောက်သောအခါ။ ရပ်နေသောအခြင်းအရာ
နှင့်တကွရပ်နေပုံသဏ္ဌာန်ကြီးကွယ်ပျောက်၍သွားသည်ကိုလည်း
မျက်မြင်ဒိဋ္ဌသိမြင်ကြ၏။ ။ထိုင်နေဆဲအခါမှာဤသူထိုင်နေသည်
ဟုမျက်မြင်ဒိဋ္ဌဖြစ်ကြ၏။ နောက်အိပ်ခြင်းသို့ရောက်သော အခါ။
ထိုင်နေသောအခြင်းအရာနှင့်တကွ။ ထိုင်နေပုံသဏ္ဌာန်ကြီးကွယ်
ပျောက်သွားသည်ကိုလည်း။မျက်မြင်ဒိဋ္ဌသိမြင်ကြ၏။ အိပ်နေဆဲ
အခါမှာ။ဤသူအိပ်နေသည်ဟုမျက်မြင်ဒိဋ္ဌဖြစ်ကြ၏။ နောက်ထိုင်
ခြင်းသို့ရောက်သောအခါ။ ထိုအိပ်နေသောအခြင်းအရာနှင့်တကွ
အိပ်နေပုံသဏ္ဌာန်ကြီးကွယ်ပျောက်၍သွားသည်ကိုလည်း မျက်
မြင်ဒိဋ္ဌသိမြင်ကြ၏။ ။သွားခြင်းဣရိယာပုထ်၌လည်း ပထမခြေ
လှမ်းသို့ရောက်နေဆဲအခါမှာလည်း။ ဤသူပထမခြေလှမ်းကိုလှမ်း
နေသည်ဟုမျက်မြင်ဒိဋ္ဌသိမျင်ကြ၏။ ။နောက်ဒုတိယခြေလှမ်း
သို့ရောက်သောအခါ။ပထမခြေလှမ်း,လှမ်းနေသော အခြင်းအရာ
နှင့်ဘကွ။ပထမခြေလှမ်း, လှမ်းနေပုံသဏ္ဌာန်ကြီး ကွယ်ပျောက်၍

www.dhammaransi.com



သွားသည်ကိုလည်းမျက်မြင်ဒိဋ္ဌသိမြင်ကြ၏။ ။ဒုတိယခြေလှမ်းလှမ်းနေဆဲအခါမှာလည်း၊ဤသူဒုတိယခြေလှမ်း,လှမ်းနေသည်ဟုမျက်မြင်ဒိဋ္ဌသိမြင်ကြ၏။ ။နောက်တတိယ ခြေလှမ်းသို့ရောက်သောအခါ။ဒုတိယခြေလှမ်း,လှမ်းနေသော အခြင်းအရာနှင့်တကွဒုတိယခြေလှမ်း လှမ်းနေပုံသဏ္ဌာန်ကြီးကွယ်ပျောက်၍သွားသည်ကိုလည်း မျက်မြင်ဒိဋ္ဌသိမြင်ကြ၏။ ။နောက်နောက်ခြေလှမ်းတို့၌လည်း။ ထို့အတူသိလေ။ ခြေတလှမ်းအတွင်းမှာလည်း ချီနေပုံသဏ္ဌာန်ကြီးဘမျိုး။ချနေပုံသဏ္ဌာန်ကြီးတမျိုးဟူ၍နှစ်မျိုးရှိကြ၏။ချီနေပုံသဏ္ဌာန်ကြီးကွယ်ပျောက်မှ၊ ချနေပုံသဏ္ဌာန်ကြီး ဖြစ်နိုင်သည်ကိုလည်း။မျက်မြင်ဒိဋ္ဌသိမြင်နိုင်ကြ၏။ ။ချီနေပုံသဏ္ဌာန်မှာလည်း၊အဆင့်ဆင့်မြင့်ရာသို့ပြောင်းရွေ့၍ သွားသည်ကိုလည်းမျက်မြင်ဒိဋ္ဌဖြစ်ကြ၏။ချနေသောသဏ္ဌာန်မှာလည်း အဆင့်ဆင့်နိမ့်ရာသို့ပြောင်းရွေ့၍ သွားသည်ကိုသည်း မျက်မြင်ဒိဋ္ဌ သိမြင်ကြ၏။ ။ဤအရာ၌ရှင်နာမ်ခန္ဓာတရားတို့သည်။မိမိတို့ဖြစ်ရာဌာနမှ။ဌာနတပါးသို့တဆံဖျားမျှ ပြောင်းရွှေ့ခြင်းမရှိကြကုန်ဟု ကျမ်းဂန်တို့မှာအဆိုရှိကြ၏။ ။ပြောင်းရွှေ့ခြင်း မရှိပုံကား။ ။ခြေလှမ်းတခုအတွင်းမှာခန္ဓာကိုယ်ကြီးပေါင်းအရာမက။ နဘောထင်စိစဉ်ဆက်သက်ဖြစ်ပွါးနိုင်မှ ခြေတလှမ်းဖြစ်ပွါးနိုင်ရာ၏။ ထိုတွင်ရှေ့သို့အဆင့်ဆင့်အသစ်အသစ်ဖြစ်ပေါ်၍သွားသော ခန္ဓာကိုယ်ကြီးပေါင်းလည်းအရာမကရှိရာ၏။နောက်နောက်ကအဆင့်အဆင့်ချုပ်ပျောက်ကွယ်ပျောက်၍သွားသော ခန္ဓာကိုယ်ကြီး ပေါင်းလည်းအရာမကရှိရာ၏။ထိုကြောင့်မျက်မြင်မှာခန္ဓာကိုယ်ကြီး တခုသာထင်မြင်ရ၏။ ဒိဋ္ဌသက်သေမှာမူကား။ ခြေလှမ်းတခုအတွင်းမှာခန္ဓာကိုယ်ကြီးတခုလုံး အနှံ့အပြားလှုပ်ရှားမှုကြီး ထင်ရှားရှိနေသည်ကား။ဒိဋ္ဌသက်သေပေတည်း။ ။ဤစကား၌ လှုပ်ရှားမှုဆိုသည်ကား။ရုပ်တရားအသစ်အဟောင်းပြောင်းလဲမှုပေတည်း။လှုပ်ရှားမှုအကြိမ်ပေါင်းအရာမကရှိ၍။ရုပ်တရားပြောင်းလဲမှုပေါင်းအရာမကရှိမှ။ခြေတလှမ်းဆုံးရာ၏။ ။ဤအရာ၌ကျမ်းဂန်တို့မှာ။နဒီ

www.dhammaransi.com



သောတောဝိယ။မြစ်ရေအယဉ်ကဲ့သို့ဟူ၍ဖြင်း။ဒီပဇာလာဝိယ။ဆီမီးလျှံဆီမီးတောက်ကဲ့သို့ဟူ၍ဖြင်း။ဥပမာကိုပြဆိုကြပေ၏။ ။ထိုတွင်မြစ်ရေဥပမာ၌။ အစဉ်မပြတ်စီးသွား၍ နေသော မြစ်ရေကိုကြည့်ရှု၍နေကြရာမျက်မြင်အလိုမှာ။ရေသည်စီးသွား၍နေ၏။ဤအရပ်မှရေသည်ပင်ထိုအရပ်သို့ရောက်လေ၏ဟု ပြောရိုးဆိုရိုးဖြစ်၏။ ဉာဏ်မြင်အလိုမှာ။ မြစ်ရေကိုအနီးမှကပ်၍ ကြည့်ရှုဆင်ခြင်ရာ။ လှုပ်လှုပ်ရှရှရှိနေသည်ကိုသိမြင်ရသဖြင့်အဆင့်ဆင့်အသစ်အသစ်ဖြစ်ပေါ် တိုးပွါး၍နေသောရေကိုဖြင်း။ နောက်နောက်ကရှေ့သို့အဆင့်ဆင့်ကွယ်ပျောက်၍ သွားသောရေကိုဖြင်း။ အမှန်သိမြင်နိုင်လေ၏။ ။မြစ်ရေသည်ဖြစ်ရာဌာနမှ။ဌာနတပါးသို့။ တဆံဖျားမျှရွေ့ရှားခြင်းမရှိ။ ဖြစ်ရာဌာန၌သာပျောက်ကွယ် လေသည်ဟုအအမှန်ဆိုနိုင်၏။ ။ဤအရာ၌လှုပ်ရှားမှုသည်၊ အသစ်အဟောင်းပြောင်းလဲမှုမှာခိုင်လုံစွာသောသက်သေဖြစ်၏၊ လှုပ်ရှားမှုရှိသည်ဆိုခဲ့လျှင်အသစ်အဟောင်းပြောင်းလဲမှုရှိသည်ဟု အမှန်ဆိုနိုင်၏။ လှုပ်ရှားမှုရှိသည်ဆိုလျှင်။အခြေပျက်အနေပျက် ရှိသည်ဟု အမှန်ဆိုနိုင်၏။အခြေပျက်အနေပျက်ဆိုသည်ကား။ ။ရုပ်ခန္ဓာဟောင်းတို့ပျက်ဆုံးမှုပင်ဖြစ်၏၊ ဆီမီးလျှံဥပမာ၌၊ တညဉ့်လုံး အစဉ်မပြတ်တောက်၍နေသောမီးတောက်မီးလျှံကိုကြည့်ရှု၍ နေကြရာ၊ မျက်မြင်အလိုမှာ။ ညဉ့်ဦးယံက မီးတောက်သည်ပင်လျှင်။သန်းခေါင်ယံတိုင်အောင်ရှိနေ၏။ဤအရာမှာ။ ညဉ့်ဦးယံကမီးတောက်သည်သန်းခေါင်ယံ ရိယ်.သောက်ယံတိုင်အောင် ရှိ၏ဟု ပြောရိုးဆိုရိုးဖြစ်၏။စိတ်၌လည်းထင်၍နေ၏။ဉာဏ်မြင်အလိုမှာ၊မီးတောက်ကိုအနည်း၌ကပ်၍ ကြည့်ရှုဆင်ခြင်ရာ။ လှုပ်လှုပ်ရှရှရှိနေသည်ကိုမြင်ရသဖြင့်။ ရှေ့သို့အဆင့်ဆင့်ဖြစ်ပေါ် တိုးပွါး၍ နေသောမီးကိုဖြင်း၊ နောက်နောက်ကအဆင့်ဆင့်ကွယ်ပျောက်၍ သွားသောမီးကိုဖြင်း။အမှန်သိမြင်နိုင်လေ၏။မီးတောက်သည်ဖြစ်ရာဌာနမှ၊ ဌာနတပါးသို့။တဆံဖျားမျှရွေ့ရှားခြင်းမရှိ။ ဖြစ်ရာဌာန၌သာ ပျောက်ကွယ်လေသည်ဟုအမှန်ဆိုနိုင်၏။ ။ဤမီးတောက်၌လည်း မြစ်

www.dhammaransi.com



ရေ၌ကဲ့သို့။သက်သေထောက်ခံမှုကို အပြည့်အစုံဆိုလေ၊ ။ဤသို့ကျမ်းဂန်တို့၌လာသောမြစ်ရေဥပမာ။ ဆီးမီးတောက်ဥပမာအတိုင်းခြေလှမ်းတခုအတွင်း၌လည်း။ ကိုယ်ခန္ဓာကြီးပေါင်းအရာမကပြောင်းလဲဆက်လက်၍သွားပုံကိုသိလေ။ ဤနည်းအတိုင်းသွားခြင်းဣရိယာပုထ်ကွယ်ဆုံး၍ ရပ်ခြင်းဣရိယာပုထ်သို့ ပြောင်းလဲရာ၌ရှင်း။ ရပ်ခြင်ဣရိယာပုထ်ကွယ်ဆုံး၍ထိုင်ခြင်းဣရိယာပုထ်သို့ပြောင်လဲရာ၌ရှင်း၊ထိုင်ခြင်းဣရိယာပုထ်ကွယ်ဆုံး၍ အိပ်ခြင်းဣရိယာပုထ်သို့ပြောင်းလဲချာ၌ရှင်း။လှုပ်ရှားမှုခြောင်းလဲမှုအခြေအနေပျက်မှုတို့ကို။ခေ့ရုံစွာသိမြင်လေ။တဘန်အိပ်ခြင်းဣရိယာပုထ်မှထ၍ထိုင်ခြင်းဣရိယာပုထ်သို့ ပြောင်းရွှေ့ချာ၌။ အိပ်ရုပ်။ အိပ်ဟန်၊အိပ်သဏ္ဍာန်ကတမျိုး။ထိုင်ရုပ်၊ထိုင်ဟန်၊ ထိုင်သဏ္ဍာန်ကတမျိုး၊ထရုပ်၊ထဟန်၊ထသဏ္ဍာန်ကတမျိုးဟူ၍သုံးမျိုးရှိ၏။ ထိုတွင်အိပ်ရုပ်ထိုင်ရုပ်တို့သည်၊ လှုပ်ရှားခြင်းမရှိ၊ ငြိမ်သက်ကြကုန်၏။အကြား၌ထရုပ်သည် ငြိမ်သက်ခြင်းမရှိလှုပ်ရှား၏။အိပ်နေသော သူသည်ထတော့မည်ဟု အားယူလိုက်သော အခါ၌။ တကိုယ်လုံး လှုပ်ရှားမှုကြီးသည်၊ မျက်တောင် တခတ် လျှပ်တပြက်အတွင်းမှာပင်။တကိုယ်လုံးပျံ့နှံ့လှုပ်ရှား၍သွား၏။ လှုပ်ရှားသော ရုပ်တို့သည်ကား။ အိပ်ခြင်းဣရိယာပုထ်၏ ဆိုင်ရာမဟုတ်။ထခြင်းဣရိယာပုထ်၏ဆိုင်ရာသာဖြစ်ကုန်၏။ ။အိပ်ခြင်းဣရိယာပုထ်၌တည်ရှိသောရုပ်ခန္ဓာကြီးသည်။ ထိုလှုပ်ရှားမှုကြီးပျံ့နှံ့သည်နှင့် တပြိုင်နက်။ မျက်တောင်တခပ် လျှပ်တပြက်အတွင်းမှာပင်အကုန်လုံးကွယ်ဆုံးလေ၏၊ ။ဤအရာ၌။ကိုယ်ခန္ဓာကြီးတကောင်လုံးသည် မျက်တောင်တခတ်လျှပ်တပြက်အတွင်းမှာ။ရုတ်တရက်ဖြစ်ပေါ် နိုင်ရာ။ ကွယ်ပျောက်နိုင်ရာတို့၌၊ ။ဥပမာကား ။ခေတ်ရှင် ရုပ်ရုံပွဲကျင်းပရာ၌။ လူလောက်ရှိသော လူရုပ်သဏ္ဍာန်ကြီး၏ အရိပ်တို့သည်။ တခဏခြင်း ဖြစ်ပေါ်မှု။ ပျောက်ကွယ်မှုသည်၊ လုံလောက်သောဥပမာ၊ လုံလောက်သော သက်သေကြီးပေတည်း။ မျက်မြင်ဒိဋ္ဌပြောင်းလဲပုံ ထင်ရှားစွာ

ပြဆိုချက်ပေတည်း။ ။ရှေ့၌ပြဆိုခဲ့သောခြေတလှမ်း၏အတွင်း၌၊ ခန္ဓာကိုယ်ကြီးပေါင်း အရာမက။ ဆက်လက်ရသည် ဟူသော စကားမှာလည်း။ဤဓာတ်ရှင်ရုပ်ကြီးခြေတလှမ်းသွားရာ၌။ ဓာတ်ရှင်ရုပ်ကြီးပေါင်းအကြိမ်များစွာ ဆက်လက်ရခြင်းသည်၊ ခိုင်လုံသောဥပမာ။ခိုင်လုံသောသက်သေကြီးပေတည်း။)

---

ဝိပဿနာယောဂီပုဂ္ဂိုလ်တို့မှာမူကား။ ဤသို့ပြဆိုခဲ့ပြီးသော ဣရိယာပုထ်လေးပါးပြောင်းရွှေ့မှု၌လည်း။ အစအလယ်အဆုံးအသီးသီးရှိနေသည်ကိုသိကြ၏။အဆုံးဟူသမျှသည်။အနိစ္စ၏အချက်ကြီးပေတည်း ထိုတွင်။အိပ်ခြင်းဣရိယာပုထ်၏အတွင်း၌။ ထွက်သက်ရှူမှုနှင့် လှုပ်ရှားခြင်း။ ဝင်သက်ရှိုက်မှုနှင့် လှုပ်ရှားခြင်း။ ကိုယ်အင်္ဂါတို့ကိုမြှောက်မှု။ လှန်မှု။ဝဲယာစောင်းမှု။ ကွေးမှု၊ ဆန့်မှု စသည်ဖြင့်လှုပ်ရှားခြင်းအမျိုးမျိုးရှိပြန်၏။ ထိုင်ခြင်းဣရိယာပုထ်၌လည်း။ ရှေ့သို့ထိုင်ခြင်း၊ နောက်သို့ဆုတ်ခြင်း။လက်ဝဲလက်ျာ ကိုင်းရှိုင်းခြင်း။ ကွေးခြင်း၊ ဆန့်ခြင်းအစရှိသည်ဖြင့်။လှုပ်ရှားခြင်း အမျိုးမျိုးရှိပြန်၏။ရပ်ခြင်းဣရိယာပုထ်၌လည်းထိုအတူပင်တည်း။

(ဤကား။ သန္တတိဇာတိ။သန္တတိဇရာ။ သန္တတိမရဏတို့ကို ပြဆိုခဏ်းပေတည်း။)

ဤ၌ အကျယ်သုံးပါးမှစ၍။ ပြဆိုခဲ့ပြီးသော သန္တတိတို့တွင်။ ဝိပဿနာယောဂီပုဂ္ဂိုလ်တို့မှာ။ဣရိယာပထသန္တတိသည် လိုရင်း ပဓာနဖြစ်၏။

ဤတွင်ရှေ့ကား။သန္တတိဇာတိ။သန္တတိဇရာ။
သန္တတိမရဏတို့ကိုပြဆိုခဏ် ပြီ ၏။

www.dhammaransi.com



ခန္ဓာငါးပါးသည်။ ဒုက္ခမျိုးအစစ်အမှန်ဖြစ်သည်ဟုအတတ်
သိနိုင်ရန်၊ အကျဉ်းအဖွက်မျှပြဆိုပေအံ့။

ခဏိကဇာတိ၊ ခဏိကဇရာ။ ခဏိကမရဏာသုံးပါးတို့တွင်။ ခဏိကဇရာဆိုသည်ကား။ တခုသောရုပ်။ တခုသောနာမ်တရားတို့၏အစဦးဖြစ်ပေါ်မှုကို ဇာတိဆိုသတည်း။ ။ခဏိကဇရာ ဆိုသည်ကား။ အလယ်၌ရင့်ရော်ဆုတ်ယုတ်မှုကိုဇရာဆိုသတည်း။ ။ ခဏိကမရဏာဆိုသည်ကား။ အဆုံး၌ချုပ်ကွယ်မှုကို မရဏာဆိုသတည်း၊ ။ဤခဏိကဇာတိ, ဇရာ, မရဏာတို့သည်မူကား။ မျက်တောင်တခတ်လျှပ်ဘပြက်အတွင်းမှာ။ အကြိမ်ပေါင်းကုဋေအရာမက။ ဖြစ်မှုပျက်မှုလျင်မြန်လှကုန်သည်ဟု ကျမ်းဂန်တို့၌လာရှိသောကြောင့်သာပြဆိုလိုက်သည်။ သာဝကပါရမီဉာဏ်နှင့် ယောဂီပုဂ္ဂိုလ်တို့ဉာဏ်မှီနိုင်ကြသော အရာမဟုတ်ကုန်။ ထိုကြောင့်။ ။ဤအရာ၌ ကျယ်ဝန်းစွာမဆိုလိုက်ပြီ။

ဤတွင်ရွေ့ကား။ ခုမဏ္ဍသဏ္ဍာဘက်၌ အကျဉ်းအားဖြင့်။ ရုပ်၌ငါးပါး။ နာမ်၌လေးပါး။ ဇာတိ, ဇရာ, မရဏသုံးပါး။ ကံ, စိတ်, ဥတု, အာဟာရတည်းဟူသောအကြောင်းတရားလေးပါး။ ဤတဆဲ့ငါးပါးသောအရာအချက်တို့ကို၊ ကောင်းကောင်းကြီး သိနိုင်မြင်နိုင်ထင်နိုင်ကြလျှင်။ ဒိဋ္ဌိဝိသုဒ္ဓိစသော အထက် ဝိသုဒ္ဓိကြီး ငါးပါး ပေါက်ရောက်နိုင်ရန်။ အစီအရင်ကိုပြဆိုခဲ့ပြီး၏။

---

လက္ခဏာရေးသုံးပါးတို့ကိုပြဆိုပေအံ့။

လက္ခဏာရေးသုံးပါးဆိုသည်ကား။ အနိစ္စလက္ခဏာတပါး။ ဒုက္ခလက္ခဏာတပါး။ အနတ္တလက္ခဏာတပါးပေတည်း။ ။ထိုတွင်အနိစ္စဆိုသည်ကား။ မမြဲတတ်သောတရားမျိုးပေတည်း။ အနိစ္စလက္ခဏာဆိုသည်ကား၊ ထိုအနိစ္စတရားမျိုး၌ပါရှိ၍နေသောဇာတိအချက်။ ဇရာအချက်။ မရဏာအချက်များပေတည်း။ ထိုအချက်များကိုမြင်၍။ ဤတရားမျိုးသည်မမြဲတတ်သောတရားမျိုးတည်းဟု။ အတတ်

သိနိုင်၏၊ ဤသို့လျှင်မမြဲတတ်သောတရားမျိုးတို့ကို။ ဤတရားကား။ မမြဲတတ်သောတရားတည်းဟုအတတ်သိနိုင်ရန် အကြောင်းမျိုးဖြစ်၍။ ဇာတိ။ ဇရာ။ မရဏာသုံးပါးကို။ အနိစ္စလက္ခဏာဟု ဆိုအပ်၏။ ။လက္ခဏာသဒ္ဒါသည်။ အတတ်သိကြောင်း အနက်ကိုဟော၏။ ဤလက္ခဏာသုံးပါးတို့ကို။ အချက်ကျမသိတတ်။ မမြင်တတ်။ မထင်တတ်ကြလေသော။ လောကီဘုံသားလူအများတို့မှာ။ တနေ့တချက်မျှမမြဲတတ်သောပထဝီဓာတ်ကိုပင်။ တသက်လုံးတဘဝလုံးမြဲသည်ဟုစွဲလမ်းမှုကြီးရှိနေ၏။ ထိုစွဲလမ်းမှုကြီးကိုပယ်ဖျောက်၍။ ပထဝီဓာတ်သည်။ တနေ့တချက်မြဲသော တရားမဟုတ်ဟုအတတ်သိနိုင်ကြစေခြင်းငှာ၊ ပထဝီဓာတ်၌ ရှိနေသော၊ ဤဇာတိအချက်။ ဇရာအချက်။ မရဏာအချက်ကိုသက်သေပြု၍၊ ပထဝီဓာတ်သည်။ တနေ့တချက်မျှ မြဲနိုင်သောဓာတ်မဟုတ်။ မမြဲတတ်သောတရားတည်းဟု။ ပြောကြဟောကြရကုန်၏။ ။ဤအနိစ္စလက္ခဏာကိုလည်း။ အကျယ်ကြီးသုံးပါး ပိုင်းခြားသည်မှစ၍။ ဣရိယာပထခဏ်းတွင်။ မြစ်ရေအယဉ်ဥပမာ။ ဆီမီးလျှံဥပမာများတိုင်အောင်။ သေချာစွာပြဆိုခဲ့ပြီ။

အနိစ္စပြီး၏။

---

ဒုက္ခလက္ခဏာဆိုသည်ကား။ ။ထိုအနိစ္စ အချက်ရပင်လျှင် ကြောက်မက်ဘွယ် ကောင်းသောအနက်ကြောင့်။ ဒုက္ခလက္ခဏာမည်၏။ ဤ၌လည်း။ ပထဝီဓာတ်သည်။ ကြောက်မက်ဘွယ်ကောင်းသောတရားမျိုးဖြစ်၍။ ဒုက္ခတရားမျိုးအမှန်ဖြစ်၏၊ ကြောက်မက်ဘွယ်ကောင်းကြောင်းကိုလည်း။ ထိုပထဝီ၌ပါရှိ၍နေသောဇာတိအချက်။ ဇရာအချက်။ မရဏာအချက်တို့ကိုမြင်သဖြင့်သိအပ်၏။ ။ထိုကြောင့်။ ထိုအချက်တို့ကိုဒုက္ခလက္ခဏာဆို၏။ ကြောက်မက်ဘွယ်ကောင်းပုံကား။ သတ္တဝါအပေါင်းတို့မှာပဋိသန္ဓေစွဲနေသည်မှစ၍။ ပထမရက်။ ဒုတိယရက်။ တတိယရက်အစရှိသည်ဖြင့်ရှိနေကြသောရက်အစဉ်တို့တွင်။ မသေနိုင်သောရက်။ မသေတတ်

www.dhammaransi.com



သောရက်ဟူ၍၊ တနေ့တရက်မျှမရှိ။ ဤနေ့ဤရက်သည်ကား။မ
သေနိုင်သောရက်။ မသေတတ်သောရက်တည်းဟုစိတ်ချ၍။ နေ
ချင်တိုင်းနေနိုင်သောရက်။ ကျင့်ချင်တိုင်းကျင့်နိုင်သောရက် တ
ရက်မျှမရှိဆိုလိုသည်။ ။ထိုစကားမှန်၏။ ပဋိသန္ဓေစွဲနေသော
ပထမရက်အတွင်း၌ပင်လျှင်။အမိဖြစ်သူသည်။ နေချင်တိုင်းနေ၊
ကျင့်ချင်တိုင်းကျင့်ခဲ့ငြားအံ့၊သူငယ်၏ ရုပ်အစဉ်နာမ်အစဉ် သည်
ဘောက်လဲဘောက်ပြန်ဖြစ်၍။ ထိုနေ့အတွင်းမှာပင်ပျက်ဆုံးလေ
ရာ၏၊ ။နောက်နောက်သောရက်တို့မှာလည်း။ထိုအတူပင်တည်း။
သွားမြင်ပြီးသော နောက်၌လည်း။ထိုသူငယ်ကိုတရုံတယောက်
သောသူမျှပြုစုစောင့်ရှောက်သူမရှိငြားအံ့။ ထိုသူငယ်သည်သွား
မြင်ရာဌာန၌ပင်ဘောက်လဲဘောက်ပြန်ဖြစ်၍သေဆုံးလတံ့။ ဤ၌
ဘောက်လဲဘောက်ပြန်ဟူသောစကားသည်၊ဇာတိ၊ဇရာ၊မရဏ
တို့ကိုဆိုသောစကားပင်တည်း။ ။ထိုတွင်။ဇာတိဆိုသည်ကား။
ပကတိညီညွတ်စွာဖြစ်၍နေသောရုပ်အစဉ်။ နာမ်အစဉ်သည်ပင်
လျှင်မညီမညွတ်သောအနေနှင့်ဖြစ်၍လာသောသူကိုဆိုသတည်း။
ဇရာဆိုသည်ကား။ညီညွတ်စွာဖြစ်၍နေသောရုပ်အစဉ်။ နာမ်အ
စဉ်၏ဆုတ်ယုတ်လျော့ပါးခြင်းကို ဆိုသတည်း။ ။မရဏဆို
သည်ကား။ညီညွတ်စွာဖြစ်သောရုပ်အစဉ်။ နာမ်အစဉ်၏ကုန်ဆုံး
ခြင်းကိုဆိုသတည်း။ ။ဤသို့လျှင်။ ထိုသူငယ်မှာ ပထမရက်
အတွင်း၌ပင်လျှင်၊ ဇာတိဘေး၊ ဇရာဘေး၊ မရဏဘေးဟုဆိုအပ်
သောဘေးကြီးသုံးပါးသင့်နိုင်သောအခွင့်၊ သင့်တတ်သောအခွင့်
ကြီးပါရှိလျက်နေ၏။ ။ထိုကြောင့်။ ထိုပထမ ရက်တွင်း၌ရှိနေ
သောရုပ်အစဉ်။နာမ်အစဉ်ဟုသည်လည်း၊ စိုးရိမ်ကြောင့်ကြဘွယ်
ရှိနေသော။ရုပ်အစဉ်၊နာမ်အစဉ်ဖြစ်ချေ၍၊ ဒုက္ခသာအမှန်ဖြစ်၏။
နောက်နောက်ရက်တို့၌လည်းထိုအတူပင်တည်း။ ။သွားမြင်ပြီး
နောက်၌လည်း။ထိုသူငယ်ကိုတရုံတယောက်သောသူမှုပြုစုစောင့်
ရှောက်သူမရှိငြားအံ့။ထိုသူငယ်သည် သွားမြင်ရာဌာန၌ပင်လျှင်။
ဘောက်လဲဘောက်ပြန် ဖြစ်၍ သေဆုံး လတံ့။ ဤ၌ဘောက်လဲ

www.dhammaransi.com



ဘောက်ပြန်ဟူသောစကားသည်။ဓာတ်,ဇရာ,မရဏာကို ဆိုသောစကားပင်တည်း။ ဤ၌နောက်နောက်ရက်တို့၌လည်း။ အစာအာဟာရစားသောက်ခြင်းအစရှိသောပြုပြင်စောင့်ရှောက်မှုကိုမပြုမူ၍။နေချင်တိုင်းကျင့်ချင်တိုင်းကျင့်ခဲ့သော်။ ထိုသူ၏ရုပ်ခန္ဓာ။နာမ်ခန္ဓာအစဥ်သည်။ထိုရက်ထိုခဏ၌ပင်လျှင်။ ဘောက်လဲဘောက်ပြန်ကြီးဖြစ်၍သေဆုံးလတံ့။ ဘယ်အခါ၌မဆိုသေဆုံး ပြန်လျှင်သည်း။ထိုခန္ဓာသည်သေသည်၏အခြားမဲ့၌။ ဘယမ်းဘတာကျရောက်တတ်သောအလေ့ရှိ၏။ ။ဘယမ်းဘတာကျရောက်ခြင်းဆိုသည်ကား။ပုထုဇန်ဖြစ်ကြသော။လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့သည်။သေသည်မှနောက်ဘယ်ဘုံသို့ငါသွားမည်။ ဘယ်သတ္တဝါမျိုး၌ငါဖြစ်မည်ဟုရည်ရွယ်မှန်းထား၍ သွားနိုင်သောသတ္တဝါမည်သည်။အလွန်နည်းပါးကြကုန်၏။သတ္တဝါတသိန်းတသန်းတွင်တယောက်တလေမျှသာရှိသေရာ၏။ ကျန်ရှိသောသတ္တဝါတို့မှာ။ဘယ်ဘုံဘယ်ဘဝသို့ကျရောက်မည်မသိ။ ထန်းပင်ပေါ် အုန်းပင်ပေါ်တို့မှ၊ ထန်းသီးခိုင်အုန်းသီးခိုင်များကျသကဲ့သို့။ ဤခန္ဓာကြီးသည်အပါယ်ဘုံသို့သာဘယမ်းဘတာ ကျတတ်သောအလေ့ရှိ၏။ခန္ဓာကပုလျှင်လည်း။ထိုခန္ဓာကိုငါ၏ ကိုယ်ငါ၏ အတ္တဟုစွဲလမ်းသူသတ္တဝါလည်းပါရလေတော့သည်။အပါယ်ဘုံသို့ တကြိမ်ကျပြန်လျှင်လည်း။လူ့ဘုံလူ့ဘဝသို့ပြန်ရရန်အရေးအလွန်ဝေးလှပေ၏။ ။အပါယ်ဘုံတွင်သာယုတ်နိမ့်သည်ထက် ယုတ်နိမ့်ရာသို့။ဘဝအဆက်ဆက်လျောကျ၍။ဘဝပေါင်း အသောင်းများစွာထိုခန္ဓာသည်။အပါယ်ဘုံ၌သာအဆက်ဆက်ဖြစ်လေ၏။ ။ဤကား။ခန္ဓာငါးပါးသည်ဒုက္ခမျိုးအစစ်အမှန်ဖြစ်သည်ဟု အတတ်သိနိုင်ရန်အကျဉ်းအမြွက်ပြဆိုချက်ပေတည်း။

အနတ္တလက္ခဏာ၌။ပဋိသန္ဓေနေပြီး၍။ပဌမနေ့အတွင်းမှာသေရသောသူ၌။သမ္မုတိသစ္စာအလိုအားဖြင့်။ တနေ့ကမျှအသက်ရှည်သောသတ္တဝါသည်ရှိ၏။ထိုသတ္တဝါ၏အတ္တသည်ရှိ၏။ ဇီဝသည်ရှိ၏ဟုစွဲလမ်းချက်ကြီးရှိကြ၏။ ။ဘယ်ဝဏ္ဏကုံအတ္တဇီဝခေါ်သ

www.dhammaransi.com



နည်းဟုမေးခဲ့သော်။ ရုပ်ခန္ဓာနာမ်ခန္ဓာကိုပင်။ အတ္တဇီဝခေါ်သည်ဟုပြောကြကုန်ရာ၏။ ။ဤ၌အတ္တဆိုသည်ကား။ သတ္တဝါ၏အမာခံအနှစ်သာရဟုဆိုလို၏။ ။အမာခံအနှစ်သာရ ဆိုသည်ကား။ ထိုအတ္တရှိမှသတ္တဝါမည်သည်ရှိနိုင်၏။ ထိုအတ္တမရှိခဲ့သော်သတ္တဝါမည်သည်မရှိနိုင်။ မြေရှိမှမြေအိုးမည်သည်ရှိနိုင်၏။ မြေမရှိခဲ့သော်၊ မြေအိုးမည်သည်မရှိနိုင်သကဲ့သို့တည်း။ ။ထိုအတ္တသည်မချုပ်မပျက်။ အသက်ရှည်စွာတည်နေပါမှ၊ သတ္တဝါမည်သည်သည်း မချုပ်မပျက်တည်နေနိုင်၏။ ။ထိုအတ္တချုပ်ရာ၌၊ သတ္တဝါသည်းလည်းချုပ်ဆုံးရလေ၏။

ဤကား။ သတ္တဝါ၏အမာခံအနှစ်သာရဟူသော စကား၏ အဓိပ္ပါယ်တည်း။ ဤ၌သမ္မုတိသစ္စာအလို၌။ ထိုသတ္တဝါအတ္တဇီဝများသည်။ ဘဝအတွင်းမှာ တကြိမ်သာသေဆုံးမြဲရှိ၏။ တဘဝအတွင်းမှာအခါခါသေဆုံးသည်ဟူ၍မရှိကြ။ ဤကားသမ္မုတိသစ္စာ၏အလိုတည်း။

ပရမတ္ထသစ္စာအလိုမှာမူကား။ ပထမရက်မျှနေ၍သေဆုံးရသော ထိုသတ္တဝါမှာ။ ထိုပထမနေ့ရက်အတွင်း၌။ အမိဖြစ်သူ၏ ဇာရိယာပသာဒပြောင်းရွှေ့ချက်။ ထွက်သက်ရှူချက်။ ဝင်သက်ရှိုက်ချက်စသောလှုပ်ရှားချက်အမျိုးမျိုးကိုအစွဲပြု၍။ ထိုရက် အတွင်းမှာပင်။ ထိုသူ၏ရုပ်ခန္ဓာအစဉ်၊ နာမ်ခန္ဓာအစဉ်။ လှုပ်ရှားပြောင်းလဲချက်ပေါင်း သောင်းသောင်းမကရှိလေရာ၏။ ဇာတိမှုဇရာမှုမရဏမှုအပေါင်းလည်း။ သောင်းသောင်းမကရှိလေရာ၏။ ။ထိုကြောင့်။ ထိုရုပ်ခန္ဓာနာမ်ခန္ဓာတို့သည်။ ထိုရက်အတွင်းမှာပင်။ အကြိမ်ပေါင်းများစွာသေဆုံးမှုရှိနေသည်ဖြစ်၍။ ထိုရက်အတွင်းမှာ။ အနိစ္စမျိုးသာဖြစ်သေ၏။ ဤသို့လျှင်။ ထိုသတ္တဝါအတ္တဇီဝများသည်နိစ္စမျိုးဖြစ်၍၊ ရုပ်ခန္ဓာနာမ်ခန္ဓာသည်အနိစ္စမျိုးဖြစ်၏။ ။ထိုကြောင့်။ အနိစ္စမျိုးဖြစ်သောရုပ်ခန္ဓာနာမ်ခန္ဓာသည်၊ နိစ္စမျိုးဖြစ်သော။ ထိုသတ္တဝါအတ္တဇီဝ၏အမာခံအနှစ်သာရဖြစ်သည်ဟူသောအယူသည်လွဲ၏။ ရုပ်ခန္ဓာနာမ်ခန္ဓာသည်ပင်လျှင်၊ သတ္တဝါဖြစ်၏။ အတ္တဖြစ်၏။ ဇီဝဖြစ်၏ဟူ

www.dhammaransi.com



သောအယူသည်မှား၏။ ။ရုပ်ခန္ဓာနာမ်ခန္ဓာ။သတ္တဝါမဟုတ်၊အတ္တမဟုတ်။ဇီဝမဟုတ်။အနတ္တသာဖြစ်၏ဟူသော အယူသည်ဖြောင့်မှန်၏။ ။နိစ္စမျိုးနှင့်အနိစ္စမျိုးသည်။ အလွန်ကွာခြားကြသည်ဖြစ်၍။ဤရုပ်ခန္ဓာနာမ်ခန္ဓာသည်ပင်လျှင်ပုဂ္ဂိုလ်ဖြစ်၏။ သတ္တဝါဖြစ်၏။ ငါဖြစ်၏။သူဖြစ်၏ဟုတရတည်းပြုခြင်း၌မထိုက်ချေ။

ဤကား။အသာရကဗ္ဗေနအနတ္တာဟူသောစကား၏ အနက်အဓိပ္ပါယ်ပေတည်း။

အဝသဝတ္တနဗ္ဗေနဟူသောစကား၏အနက် အဓိပ္ပါယ်ကား။ ထိုသူငယ်သည်တနေ့တရက်မျှသာနေ၍။သေခြင်းကိုအလိုမရှိ။သူတပါးများကဲ့သို့။ အသက်ရှည်ရှည် နေခြင်း၌အလိုရှိ၏။ ထိုသူငယ်၏ရုပ်ခန္ဓာနာမ်ခန္ဓာသည်မူကား။ထိုသူငယ်၏အလိုသို့မလိုက်။တရက်မျှနေ၍သေဆုံးလေ၏။ ထိုသူငယ်၏အလိုနှင့်။ အလွန်ဝေးကွာလျက်ရှိ၏။ထိုသို့ဝေးကွာလျက်ရှိသောကြောင့်။ ရုပ်ခန္ဓာနာမ်ခန္ဓာသည်ပင်လျှင်။ငါဖြစ်၏။ငါ၏အတ္တဖြစ်၏။ဇီဝဖြစ်၏ဟုမှတ်ယူခြင်းသည်အလွန်မှား၏။ ။ရုပ်ခန္ဓာနာမ်ခန္ဓာသည်။ငါမဟုတ်ငါ၏အတ္တလည်းမဟုတ်။ဇီဝလည်းမဟုတ်၊ အနတ္တသာဖြစ်၏ဟုမှတ်ယူခြင်းသည်။မှန်ကန်၏။ ။တသက်လုံးနေ့ရက်ရှည်သမျှတို့မှာ ဤနည်းအတိုင်းစစ်လေ။ ။ဤ၌အနတ္တာ။ အစိုးမရဟူသောအနက်တချက်။အနတ္တာ။အလိုသို့မလိုက်ဟူသောအနက်တချက်။ဤနှစ်နက်သည်အတူတူပင်တည်း။ ။အလိုသို့ လိုက်မှသာလျှင်။ အစိုးရသည်ဟုဆိုနိုင်၏။ ။အလိုသို့မလိုက်လျှင်။ အစိုးရသည်ဟုမဆိုနိုင်။ ။အနတ္တာ။ငါ၏ကိုယ်မဟုတ်ဟူသောအနက်သည်ကား။အနှစ်သာရမဟုတ်ဟူသောအနက်။အလိုသို့မလိုက်ဟူသောအနက်နှစ်ချက်နှင့်ဆက်ဆံ၏။

ဤကား။အနတ္တဟူသောစကား၏အနက်အဓိပ္ပါယ်ပေတည်း၊

လက္ခဏာရေးသုံးပါး၏အနက်ကို

အမြွက်မျှပြဆိုခဲ့ပြီး၏။

ထိုမှတပါးလည်း။ အနမတဂ္ဂသံသရာ၌၊ ဘဝအဆက်ဆက်ဖြစ်ပွါးလျက်နေသော ဤခန္ဓာကြီးမှာ၊ ရုန်လမ်းဆန်လမ်းဟူ၍။ နှစ်လမ်းရှိ၏၊ ။ဝဋ္ဋတာလမ်းသံသရာလမ်းဟူ၍လည်း။ နှစ်လမ်းရှိ၏။ ။ထိုတွင်။ အပါယ်လေးဘုံသည်။ ဤခန္ဓာကြီး၏ ရုန်လမ်းမည်၏။ ဝဋ္ဋတာလမ်းလည်းမည်၏။ ။လူဘုံ နတ်ဘုံ ဗြဟ္မာဘုံဟူသော သုဂတိဘုံသည် ဆန်လမ်းမည်၏။ သံသရာလမ်းလည်းမည်၏၊ ။ထိုတွင်၊ ရုန်လမ်းဝဋ္ဋတာလမ်းသည်လည်း။ ယုတ်ညံ့သည်ထက်ယုတ်ညံ့ရာ။ မိုက်မဲသည်ထက်မိုက်မဲရာ။ ဆင်းရဲဒုက္ခကြီးမားသည်ထက်ကြီးမားရာသို့ ကျရောက်ခြင်းသည်။ ရုန်လမ်းဝဋ္ဋတာလမ်းပင်ဖြစ်၏၊ ။ဆန်လမ်းသံသရာလမ်းမှာလည်း။ မြင့်မြတ်သည်ထက်မြင့်မြတ်ရာ။ လိမ္မာသည်ထက်လိမ္မာရာ။ ချမ်းသာသုခကြီးမားသည်ထက်ကြီးမားရာသို့ဆန်တက်ခြင်း။ ရောက်နိုင်ခြင်းသည် ဆန်လမ်းသံသရာလမ်းမည်၏။ ။အဘယ်ကြောင့်၊ သံသရာလမ်းဖြစ်သည်နည်း။ အထက်အထက်သို့ဆန်တက်မှုမည်သည်။ ဒါနမှု။ သီလမှု။ ဘာဝနာမှုကို ပြုနိုင်ပါမှဆန်တက်နိုင်၏။ ဆန်တက်နိုင်ပါသော်လည်း။ ဒါနအဟုန်၊ သီလအဟုန်၊ ဘာဝနာအဟုန်ရှိနေခိုက်၌သာ တည်တန့်နိုင်၏၊ ထိုအဟုန်ကုန်ဆုံးခဲ့သော်။ ရုန်လမ်းဝဋ္ဋတာလမ်းသို့သာ ကျရောက်လာပြန်၏။ ။ထိုကြောင့်။ ဤခန္ဓာကြီးသည်၊ အနိစ္စမျိုးသာအမှန်ဖြစ်သည်။ ဒုက္ခမျိုးသာအမှန်ဖြစ်သည်။ အနတ္တမျိုးသာအမှန်ဖြစ်သည်ဟု သိရ၏။

အဘယ်ကြောင့်။ ရုန်လမ်းကို ဝဋ္ဋတာလမ်းဟု ဆိုသနည်းဟူမူကား။ ရုန်လမ်းမည်သည်၊ နိမ့်ရာတို့ လျှောကျလမ်းဖြစ်၍။ ပြဆိုခဲ့ပြီးသော သံသရာမှုနှင့်ကင်းကွာခဲ့သည်ရှိသော်။ မကျချင်သော်လည်း မနေနိုင်၊ ကျရောက်မြဲဖြစ်သော နိယာမတရားမျိုးဖြစ်၍။ ဝဋ္ဋတာလမ်းမည်၏၊ ။သို့သော်။ အပါယ်ခန္ဓာ အပါယ်ဘဝ များသည်လည်း၊ သံသရာမျိုးပင်မဟုတ်ပါလောဟု ဆိုရန်ရှိ၏။ သံသရာမျိုးပင်မှန်၏။ ထိုသံသရာများသည်မူကား။ နိမ့်သည်ထက် နိမ့်ရာ။ နက်သည်ထက်နက်ရာသို့၊ တွင်တွင်ကြီးပို့နိုင်နေ့သံသရာများဖြစ်ကြ၏၊ ။

www.dhammaransi.com



ထိုစကားမှန်၏။အပါယ်ဘုံသားတို့၏သန္တာန်၌။နေ့ညဉ့်မစဲဖြစ်ပွါး၍နေသော။ကာယကံမှု။ ဝစီကံမှု၊မနောကံမှု၊များသည်။ ဘဝအဆက်ဆက်နိမ့်သည်ထက်နိမ့်ရာ။ နက်သည်ထက်နက်ရာသို့။ဘဝအဆက်ဆက် တွင်တွင်ကျဘို့သာဖြစ်လေ၏။ ။ထိုကြောင့်။အပါယ်သို့တကြိမ် ကျလေသောသူသည်၊ တဘဝထက်တဘဝ။ယုတ်နိမ့်ရာသို့သာမြုပ်မျော၍သွားလေတော့သည်။ သုဂတိဘဝသို့ပြန်ရောက်ရန်အရေး။ ဝေးကြီး ဝေးလေတော့သည်။ ကာဏကစ္ဆပောပမသုတ္တန် ဒေသနာတော်ကြီးကို။ထောက်မြော်လေ့။ ။ဆန်တက်မှုဟူသောသင်္ဂါရလမ်းမှာလည်း၊ဒါနမှု၊သီလမှု၊ဘာဝနာမှု၊မည်သည်။အလွန်ဖြစ်နိုင်ခဲ၏။ကုသိုလ်မှန်၊အကုသိုတ်မှန်၊ သုဂတိမှန်။ဒုဂ္ဂတိမှန်။ သိနိုင်သောဘဝသည်။ အလွန်နည်းပါး၏။ ။ဘဝထောင်သောင်းတွင်။ သိနိုင်သော ဘဝ တကြိမ်တခါမျှအလွန်ကြုံကြိုက်ခဲလှ၏။ ။ဤအရာ၌ သင်္ဂါရလမ်းနှင့်။ ဝဋ္ဋာတာလမ်းနှစ်ပါးအားရှိအားမဲ့ကိုသိနိုင်ရန်။ ဥပမာကား။ ။ဂင်္ဂါမြစ်ရေမှာ၊ရန်သမ်းဆန်လမ်းဟူ၍နှစ်လမ်းရှိ၏။ ဝဋ္ဋာတာလမ်းသင်္ဂါရလမ်းဟူ၍လည်းနှစ်လမ်းရှိ၏။ ။ထိုတွင်။ရန်လမ်းဆိုသည်ကား။နိမ့်သည်ထက်နိမ့်ရာသို့စီးသွားမှု။လျှောကျမှုပေတည်း။ ။ဆန်လမ်းဆိုသည်ကား။အထက်မြစ်ညာသို့ဆန်တက်မှုပေတည်း။ ရန်လမ်းသည်ဝဋ္ဋာတာလမ်းမည်၏။ အဆီးအတားမရှိခဲ့သော်။ မျက်တောင်တခင်လျှပ်တပြက်မျှရပ်တန့်၍နေနိုင်သောလမ်းမျိုးမဟုတ်ထိုမြစ်ရေသည်အောက်မြစ်စဉ်တလျှောက်သို့။ မရပ်မနားစီးသွားပြီးလျှင်။ကမ်းမမြင်သောပင်လယ်ပြင်ကြီးသို့ဆိုက်ရောက်၍။တဝဲလည်လည်နေရလေတော့သည်။ ။ဤကား။ ဂင်္ဂါမြစ်ရေ၏ဝဋ္ဋာတာလမ်းဆိုပြဆိုချက်ပေတည်း။

သင်္ဂါရလမ်း ဆိုသည်ကား။ ။ထိုမြစ်ရေကိုအညာသို့ ဆန်တက်စေရန်။ လှော်မှု။ပက်မှု။ခပ်မှု။ပိတ်မှုများပေတည်း။ ထိုအမှုများကိုပြုမှုပင်ဆန်တက်၏။ ။ဆန်တက်သော်လည်း။ ထိုပြုပြင်မှု၏အရှိန်ရှိသမျှသာလျှင်ဆန်တက်၏။အရှိန်ကုန်လျှင်၊ ရန်မြဲမျောမြဲ

www.dhammaransi.com



ဓမ္မတာအတိုင်းသာရန်လေမြောလေ၏။ ။သံသရာကြောင်းကြီးသည်၊ဂင်္ဂါမြစ်ကြောင်းနှင့်တူ၏။အပါယ်ဘုံကြီးသည်။ ကမ်းမမြင်သော ပင်လယ်ကြီးနှင့်တူ၏။ ။ပုထုဇန်သတ္တဝါတို့၏ ခန္ဓာတွေသည်။ဂင်္ဂါမြစ်ရေနှင့်တူ၏၊ထိုဂင်္ဂါမြစ်ရေသည်။ ကမ်းမမြင်သောပင်လယ်ပြင်ကြီးသို့ရောက်သောအခါ၊ ပင်လယ်ကြီး၌သာတဝဲလည်လည်စီးသွား၍ နေလေဘိသကဲ့သို့။ ဤခန္ဓာတွေသည်လည်း။အပါယ်ဘုံအပါယ်ဘဝသို့ကျရောက်သောအခါ။အပါယ်ကြီးအတွင်း၌သာ၊ဘဝအဆင့်ဆင့်ဖြစ်ပွါး၍နေရလေတော့သည်။ အကြောင်းမူကား၊ထိုခန္ဓာအစဉ်မှာ။ အနီးအစပ်ဖြစ်သောဘဝတို့၌ဖြစ်ခဲ့သောအကုသိုလ်ကံမျိုးဆိုးသန်းကုဋေ အသင်္ချေများစွာပါရှိလျှက်နေသည်တကြောင်း။ အပါယ်ဘဝတို့၌လည်း။ အကုသိုလ်ကံတရားနေ့စဉ်ဖြစ်ပွါးသဖြင့်။ထိုအပါယ်ဘဝ၌ ဖြစ်သောအကုသိုလ်ကံသစ်တွေတဘဝထက်တဘဝ ပွါးများ၍သွားသည်တကြောင်း၊ထိုအကြောင်းများကြောင့်။ထိုခန္ဓာမှာ။ အပရာပရိယဝေဒနီယကုသိုလ်ကံဟောင်းများပါရှိသော်လည်း။ထိုကံဟောင်းများအခွင့်ရနိုင်ရန်အလွန်ဝေးကွာလျှက်ရှိလေ၏။ ။ဤကား၊လူနတ်ဗြဟ္မာပုထုဇန်သတ္တဝါတို့၏ ခန္ဓာကြီးငယ်သည်၊ သုခမျိုးမဟုတ်၊အလွန်ကြီးကျယ်သောဒုက္ခမျိုးသာဖြစ်သည်၊ ဒုက္ခအချက်ကြီးကိုပြဆိုချက်ပေတည်း။

အတ္တစွဲလမ်းမှု၏အပြစ်၊ အနတ္တထင်မြင်မှု၏အကျိုးကို ပြဆိုရာ၏။ ။စွဲလမ်းမှုသည်သုံးပါးရှိ၏။တဏှာစွဲလမ်းမှုတပါး။ မာနစွဲလမ်းမှုတပါး။ဒိဋ္ဌိစွဲလမ်းမှုတပါးဟူ၍၊ သုံးပါးရှိ၏။ ။ထိုတွင်ငါ၏အင်္ဂါ။ငါ၏ဦးခေါင်းအင်္ဂါ။ငါ၏ခြေအင်္ဂါ။လက်အင်္ဂါ။ ငါ၏မျက်စိအင်္ဂါ၊ နားအင်္ဂါစသည်ဖြင့်၎င်း။ငါ၏အမိ၊ငါ၏အဘ၊ငါ၏မယား၊ငါ၏သား၊ငါ၏သမီးစသည်ဖြင့်၎င်း၊ငါ၏နွား၊ငါ၏ကျွဲ၊ငါ၏မြင်းစသည်ဖြင့်၎င်း၊ ငါ၏အိမ်၊ငါ၏တိုက်၊ငါ၏လယ်၊ ငါ၏ယာ၊ငါ၏ရွှေ၊ငါ၏ငွေစသည်ဖြင့်၎င်း၊ ။မိမိကိုယ်ကို အပိုင်အရှင်ပြု၍၊ကိုယ်အင်္ဂါ၊ဦးခေါင်းအင်္ဂါစသည်တို့ကို၊ ပိုင်နိုင်ချုပ်ချာပြု၍၊ စွဲလမ်းမှုသည်တဏှာ၏စွဲလမ်းခြင်းမည်၏။

www.dhammaransi.com



မာန၏စွဲလမ်းခြင်းမည်သည်ကား။ ။ဤကိုယ်အင်္ဂါသည် ပင်လျှင်ငါဖြစ်၏၊ ဤဦးခေါင်းသည်ပင်လျှင်ငါဖြစ်၏ စသည်ဖြင့်။ မိမိကိုယ်အင်္ဂါ၌။ ထောင်ထောင်လွှားလွှား။ ငါတကားဟုစွဲလမ်းမှုသည်။ မာန၏စွဲလမ်းခြင်းမည်၏။

ဒိဋ္ဌိ၏ စွဲလမ်းခြင်းမည်သည်ကား။ ။ဤကိုယ်အင်္ဂါသည် ပင်လျှင်။ ငါ၏အနှစ်သာရအတ္တဖြစ်၏စသည်ဖြင့်။ ကိုယ်ခန္ဓာကိုအမာခံအနှစ်သာရအတ္တအနေနှင့်စွဲလမ်းခြင်းသည်။ ဒိဋ္ဌိ၏စွဲလမ်းခြင်း မည်၏၊

ထိုသုံးပါးသောစွဲလမ်းခြင်းတို့တွင်။ တဏှာစွဲလမ်းခြင်းသည် လျော့သေး၏။ မိမိကိုယ်ခန္ဓာမှအပဝတ္ထုများသို့ထွက်၍ စွဲလမ်း၏။ မာနစွဲလမ်းချက်သည်။ တဏှာစွဲလမ်းချက်ထက်တင်းကြပ်၏။ အပဝတ္ထုသို့မထွက်ပြီ။ ဤမာနစွဲလမ်းချက်ထက်။ ဒိဋ္ဌိစွဲလမ်းချက်သည်အလွန်တင်းကြပ်၏။ ဥပမာကား။ မာန၏စွဲလမ်းချက်သည်။ ဂင်္ဂါရေနှင့် ယမုနာရေကို။ တခုတည်းဖြစ်အောင် ရောနှောသကဲ့သို့။ ငါနှင့်ခန္ဓာကိုယ်တခုတည်းဖြစ်အောင် ရောနှောခြင်းမျှသာဖြစ်၏၊ ။ခဲနှင့်ငွေကိုရင်း။ ရွှေကိုရင်း။ တခုတည်းဖြစ်အောင် ရောနှောရာ၌၊ ခဲသည်ကားအကာမျှသာဖြစ်၏။ ရွှေငွေသည်ကား၊ အနှစ်သာရဖြစ်၏ဟုဆိုရသကဲ့သို့။ ငါသည်ကား။ အကာမျှကဲ့သို့ဖြစ်၏။ ငါ၏ရုပ်ခန္ဓာနာမ်ခန္ဓာသည်ကား။ ငါ၏အနှစ်သာရအတ္တဖြစ်ပေ၏ဟုစွဲလမ်းမှုဖြစ်၍။ ဤဒိဋ္ဌိစွဲလမ်းမှုသည်၊ တဏှာ စွဲလမ်းမှုထက်အလွန်တင်းကြပ်၏။ ခင်တွယ်မှုအပေါင်းတို့တွင်။ ကမ်းကုန်လမ်းကုန် ခင်တွယ်ခြင်းဖြစ်၏။ ထို့ကြောင့်။ အတ္တသမာပေမာနတ္ထိ၊ ဟု ဆိုရိုးကြီးရှိကြ၏။ ။ဤကား။ အတ္တစွဲလမ်းမှု၏နက်နဲပုံနက်နဲချက်ကိုပြဆိုခြင်းတည်း။ ဤမျှလောက်နက်နဲသောစွဲလမ်းခြင်းဖြင့်။ မိမိခန္ဓာကိုယ်ငါ၏အတ္တဟုအခိုင်အမြဲစွဲလမ်းခြင်းသည်။ မင်း၏အလိုကိုလုံး လုံးလွှတ်ထား၍၊ ခန္ဓာ၏အလိုကိုသာ လိုက်မည်ဟု။ သံသရာစာချုပ်ကြီးချုပ်လုပ်မှုဖြစ်၏၊ ။ထိုသံသရာစာချုပ်ကြီး အတိုင်း။ ခန္ဓာ၏အလိုကိုလိုက်စား၍ နေကြသည်အတွက်၊ မိမိကိုယ်ခန္ဓာ

www.dhammaransi.com



သွါးရာခမ္ပထါ ၊သမ်းကြီးသို့သနေ့ထက်တိုင်လိုက်ပါ၍နေကြရကုန်၏၊ထိုသံသရာစချုပ်ကြီးသည်။ အဘယ်မျှသောက်နိုင်မြဲသနည်းဟူမူကား။ အပါယ်လေးဘုံ၌ကျရောက်၍နေကြကုန်သော သတ္တဝါတို့ကို။ အဘယ်သူပစ်ချ၍ကျရောက်ကြလေသနည်းဆိုသော်။အဘယ်သူတဦးတယောက်မျှပစ်ချနိုင်သည်မဟုတ်။ မိမိကိုယ်ခန္ဓာသည်သာလျှင်။ပစ်ချ၍ကျရောက်ကြရလေကုန်၏။အဝီစိငရဲမီးထဲမှာ။အနှစ်တသိန်းနှစ်သိန်းစသည်ဖြင့်။ နစ်မြုပ်၍နေကြသောသတ္တဝါတို့ကိုသည်း။တဘယ်သူဘရောက်မျှပစ်ချရသည်မဟုတ်။ မိမိကိုယ်ခန္ဓာသည်သာလျှင်ပစ်ချ၏။ ။ထိုငရဲ၌။ အနှစ်ဘသိန်းနှစ်သိန်းစသည်ဖြင့်။အလွန်ကာလရှည်ကြာစွာ လှောင်ထားမှုသည်လည်း။သူတပါးလှောင်ထားသည်မဟုတ်။ မိမိခန္ဓာသည်ပင်လျှင်လှောင်ထား၏။ ။ထိုငရဲသားတို့သည်။ ထိုမျှလောက် နှိပ်စက်တတ်သောခန္ဓာကိုယ်ပင်လျှင် အပြစ်မထင်နိုင်။ ထိုစချုပ်ကို မဖျက်နိုင်။ ငါ၏အတ္တ ငါ၏အတ္တဟု။ မိမိခန္ဓာကိုပင်။ အခိုင်အမြဲစွဲသမ်းလျက်ပင်ရှိကြ၏။ ။ဤစကားရပ်ဖြင့်မိမိတို့မှာ။ မိမိတို့၏ခန္ဓာကဲ့သို့ ကြီးကျယ်သောရန်သူဟူ၍မရှိ။ မိမိတို့၏ခန္ဓာသည်သာလျှင်။ မိမိတို့မှာအကြီးအကျယ်ဆုံးသောရန်သူဖြစ်၏ဟု ထင်ရှားလှလေ၏။ ။ထိုကြောင့်။ "အတ္တသမာဝေရီနာမနတ္ထိ" ဟုဆိုရိုးကြီးရှိကြ၏။

ဤကား။အတ္တစွဲလမ်းချက်၏အပြစ်ကြီးပုံကို
ပြဲဆိုချက်ပြီး၏။

—◇—

အကြင်အခါ၌။အနတ္တဉာဏ်သည်ပေါက်ရောက်၏။ထိုအခါ၌။အတ္တဒိဋ္ဌိသည်အကြွင်းမဲ့ချုပ်ငြိမ်း၏။အတ္တဒိဋ္ဌိ ချုပ်ငြိမ်းသည်နှင့်တပြိုင်နက်၊အနမတဂ္ဂသံသရာ၌။အတ္တ၏သိမ်းပိုက်ချက်တွင်။ ထိုခန္ဓာမှာအစဉ်ပါရှိ၍နေကြကုန်သော၊ဒုစ္စရိုက်ကံဟောင်းပေါင်းအနန္တတို့သည်။အကုန်ချုပ်ငြိမ်းရကုန်၏။အတ္တဒိဋ္ဌိကို အကြီးအမျှးပြု

www.dhammaransi.com



၍။ထိုခန္ဓာမှာ။ သောင်းကြမ်း၍ နေကြကုန်သော။ ကိလေသာအပေါင်းတို့သည်လည်း။ ကမ္မပထမြောက်လောက်အောင်။ ထကြွသောင်းကြမ်းခြင်းမရှိကြကုန်ပြီ။ ။ထိုအခါမှစ၍။ဤခန္ဓာကြီးမှာအောက်သို့လျှောကျခြင်းဟူသောဓမ္မတာလမ်းကြီးကွယ်ဆုံးလေ၏။အထက်သို့ဆန်တက်ခြင်းဟူသော သင်္ခါရ လမ်းကြီးသည်၊ အတည်အမြဲဖြစ်၍။ထိုသတ္တဝါသည်။တဘဝထက်တဘဝ။ မြတ်သည်ထက်မြတ်ရာ။ မြင့်သည်ထက် မြင့်ရာသို့သာ ဆန်တက်၍သွားလေတော့၏။

ဤကား။အနုတ္တဥာဏ်ပေါက်ရောက်ချက်၏အကျိုးကြီးပုံကိုပြဆိုချက်တည်း။

ဗုဒ္ဓဘာသာနိဗ္ဗာန်ကိုပြဆိုရာ၏။

သံသရာဒုက္ခမှ။ကျွတ်လွတ်ခြင်းထွက်မြောက်ခြင်းကိုဆိုပေအံ့။ ဤစကား၌(၁)သံသရာသည်ရှိ၏။(၂)သံသရာဝဋ်သည်ရှိ၏။(၃)သံသရာဝဋ်ဒုက္ခသည်ရှိ၏။ (၄)သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်ခြင်းသည်ရှိ၏။ ။ထိုတွင်။(၁)သံသရာဆိုသည်ကား။တယောက်တယောက်သောသတ္တဝါဟုခေါ်ဝေါ်အပ်သော။ခန္ဓာအာယတနဓာတ်တို့၏။ အနမတဂ္ဂသံသရာကာလ၌။ ဘဝ အဆက်ဆက်၊ ကမ္ဘာ အဆက်ဆက်အားဖြင့်။ မပြတ်မလပ် ဆက်လက်ဖြစ်ပွါးလျက်နေသောအစဉ်သည်။သံသရာမည်၏။ ။ထိုသံသရာသည်။ အောက်သံသရာ။အလယ်သံသရာ။ အထက်သံသရာဟူ၍။သုံးကြောင်း သုံးသွယ်ရှိ၏။ အပါယ်သံသရာ။ ကာမသုဂတိသံသရာ၊ ဗြဟ္မာသံသရာဟူ၍လည်းဆိုရ၏၊ ။ထိုတွင်။အပါယ်လေးဘုံနယ်ပယ်ကြီးသည်။အောက်သံသရာမည်၏။ ။လူ့ပြည်နှင့်နတ်ပြည်ခြောက်ထပ်သည်။အလယ်သံသရာမည်၏။ ။ဗြဟ္မာပြည်နှစ်ဆယ်သည်။အထက်သံသရာမည်၏။

ဤကား။သံသရာသုံးကြောင်းကိုပြဆိုချက်တည်း။

R, No, 288 41.

www.dhammaransi.com



(၂) သံသရာဝဋ်သည်။ (၁) ကိလေသာဝဋ်တပါး။ (၂) ကမ္မဝဋ်တပါး (၃) ဝိပါကဝဋ်တပါးဟူ၍ သုံးပါးရှိ၏။ ။ထိုသုံးပါးသည်လည်းအောက်သံသရာကြီး၏ဆိုင်ရာဖြစ်သော ဝဋ်သုံးပါးတမျိုး။ အလယ်သံသရာကြီး၏ဆိုင်ရာဖြစ်သောဝဋ်သုံးပါးတမျိုး။ အထက်သံသရာကြီး၏ ဆိုင်ရာဝဋ်သုံးပါး တမျိုးဟူ၍။ သုံးမျိုးသုံးလီရှိ၏။ ။ထိုတွင်အောက်သံသရာ၏ဆိုင်ရာဖြစ်သော ဝဋ်သုံးပါး၌။ ကိလေသာဝဋ်ဆိုသည်ကား။ အတ္တဒိဋ္ဌိကြီးကိုဆို၏။ ။ကမ္မဝဋ်ဆိုသည်ကား။ တယောက်သောသတ္တဝါ၏သန္တာန်မှာ။ ရှေးရှေးသောဘဝအနန္တတို့၌၎င်း။ ယခုဘဝ၌၎င်း။ အရိုက်အမွှားဖြစ်ပွါးခဲ့၍။ အတ္တဒိဋ္ဌိ၏သိမ်းပိုက်ချက်ဖြင့်။ အတ္တဒိဋ္ဌိ၏လက်ဆုပ်ထဲတွင်။ ယနေ့ထက်တိုင်ပါရှိ၍နေကြကုန်သော။ အပါယ်လားကြောင်း အကုသိုလ်ကံဟောင်းအနန္တတို့သည်လည်းရှိကုန်၏။ နောင်အတ္တဒိဋ္ဌိရှိနေသမျှကာလပတ်လုံး။ ထိုအတ္တဒိဋ္ဌိမှဖြစ်ပွါးလတံ့ကုန်သောအပါယ်လားကြောင်းအကုသိုလ်ကံပေါင်းအနန္တသည်ကမ္မဝဋ်မည်၏။

ဝိပါကဝဋ်ဆိုသည်ကား။ ။ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟုဆိုအပ်သော။ အပါယ်လေးဘုံသားတို့၏ခန္ဓာကိုယ်တွေကို။ ဝိပါကဝဋ်ဆို၏။

အဘယ်ကြောင့်။ အတ္တဒိဋ္ဌိကိုအပါယ်သံသရာ၏ဆိုင်ရာ။ ကိလေသာဝဋ်ဟူ၍ဆိုသနည်းဟူမူကား။ ။ထိုအတ္တဒိဋ္ဌိရှိနေသောသူသည်လူ့ဘုံလူ့ဘဝမှာဖြစ်နေသော်လည်း။ အပါယ်ဘုံသို့တလဲလဲသာကျရောက်ရ၏။ ။ထို့အတူ။ နတ်ဘုံနတ်ဘဝ၊ ဗြဟ္မာဘုံဗြဟ္မာဘဝမှာဖြစ်နေသော်လည်း။ အပါယ်ဘုံသို့တလဲလဲသာကျရောက်ရ၏။ ။ထို့ကြောင့်။ အတ္တဒိဋ္ဌိကို အပါယ်သံသရာ၏ဆိုင်ရာ ကိလေသာဝဋ်ဆိုသတည်း။

အလယ်သံသရာ၏ဆိုင်ရာ။ ကိလေသာဝဋ်ဆိုသည်ကား။ ။ကာမတဏှာကြီးကိုဆို၏။ ကာမတဏှာကြီးဆိုသည်ကား။ မျက်စိအရသာအကောင်းတွေ့ကြိုက်မှုကြီးတပါး၊ နားအရသာအကောင်းကြိုက်မှုကြီးတပါး၊ နှာခေါင်းအရသာအကောင်းကြိုက်မှုကြီးတ

www.dhammaransi.com



ပါး။ လျှာအရသာအကောင်းကြိုက်မှုကြီးတပါး။ ကိုယ်အင်္ဂါအရသာအကောင်းကြိုက်မှုကြီးတပါး။ ဤအကောင်းကြိုက်မှုကြီးငါးပါးကို။ ကာမတဏှာဟုဆို၏။ ကာမဂုဏ်ငါးပါးတို့၌။ သာယာမက်မောမှုကြီးငါးပါးတို့ပေတည်း။ ။အလယ်သံသရာ၏ ဆိုင်ရာကမ္မဝဋ်ဆိုသည်ကား။ လူ့ချမ်းသာနတ်ချမ်းသာကိုတောင့်တ၍ပြုအပ်သောဒါနမှု။ သီလမှု။ ဘာဝနာမှုတို့ကို၊ အလယ်သံသရာ၏ဆိုင်ရာကမ္မဝဋ်ဆို၏။ ။ထိုကမ္မဝဋ်သည်လည်း။ ကံဟောင်းကံသစ်နှစ်မျိုးရှိ၏။ ။အလယ်သံသရာ၏ဆိုင်ရာ။ ဝိပါကဝဋ်ဆိုသည်ကား။ လူ့ဘုံသား။ နတ်ပြည်ခြောက်ထပ်နတ်ဘုံသားတို့၏၊ ခန္ဓာတွေကို။ ဝိပါကဝဋ်ဆို၏။ ။အဘယ်ကြောင့်။ ကာမတဏှာကြီးကို။ အလယ်သံသရာ၏ဆိုင်ရာ။ ကိလေသာဝဋ်ဟူ၍ဆိုသနည်းဟူမူကား။ ထိုကာမတဏှာနှင့်သာယာကြီးရှိနေသောသူသည်၊ အထက်ဘဝဂ်ဘုံမှာဖြစ်နေသော်လည်း။ အောက်လူ့ဘုံနတ်ဘုံသို့။ တလဲလဲသာကျရောက်ရ၏။ ။ထို့ကြောင့်။ ကာမတဏှာနှင့်သာယာကြီးကိုအလယ်သံသရာ၏ဆိုင်ရာ။ ကိလေသာဝဋ်ဆိုသတည်း ။ နောက်၌လည်းထိုအတူပင်တည်း။

အထက်သံသရာ၏ဆိုင်ရာ ကိလေသာဝဋ်ဆိုသည်ကား။ ဘဝတဏှာကြီးကိုဆို၏။ ။ဘဝတဏှာဆိုသည်ကား။ ဗြဟ္မာတို့၏သန္တာန်၌ရှိသော၊ ဈာန်အဘိညာဏ်။ သမာပတ်ဟုဆိုအပ်သောကမ္မဘဝ၌သာယာသောတဏှာတပါး။ ထိုကမ္မဘဝ၏ အကျိုး။ တန်ခိုးဣဒ္ဓိပါဒ်တို့၌သာယာသောတဏှာတပါး။ ဤတဏှာနှစ်ပါးကို။ အထက်သံသရာ၏ဆိုင်ရာ ကိလေသာဝဋ်ဆို၏။ ကမ္မဝဋ်ဆိုသည်ကား။ ပထမဈာန်ကုသိုလ်၊ ဒုတိယဈာန်ကုသိုလ်အစရှိသောရူပကုသိုလ်ငါးပါး။ အရူပကုသိုလ်လေးပါး၊ ဤမဟဂ္ဂုတ်ကုသိုလ်ကိုးပါးကို။ ကမ္မဝဋ်ဆို၏။ ။ဝိပါကဝဋ်ဆိုသည်ကား။ ရူပဗြဟ္မာအရူပဗြဟ္မာတို့၏ခန္ဓာကိုယ်ကို။ ဝိပါကဝဋ်ဆို၏။

ဤကား။ ဝဋ်သုံးပါးသုံးလီကိုပြဆိုချက်တည်း၊

www.dhammaransi.com



(၃) သံသရာဝဋ်ဒုက္ခဆိုသည်ကား။ ။(၁)ဇာတိဒုက္ခတပါး (၂)ဇရာဒုက္ခတပါး (၃)မရဏဒုက္ခတပါး။ (၄)သောကဒုက္ခတပါး။(၅)ပရိဒေဝဒုက္ခတပါး။(၆)ဒုက္ခ-ဒုက္ခတပါး။ (၇)ဒေါမနဿဒုက္ခတပါး၊(၈)ဥပါယာသဒုက္ခတပါး။(၉)အဝိဇ္ဇာသမ္ပယောဂဒုက္ခတပါး။(၁၀)ပိယဝိပ္ပယောဂဒုက္ခတပါး။(၁၁)ဣစ္ဆာဝိဃာတဒုက္ခတပါး။ဤတဆဲ့တပါးသောဒုက္ခအချက်ကြီးတို့ကို။သံသရာဝဋ်ဒုက္ခဟုဆို၏။ ။ထိုဒုက္ခ၏အကျယ်မှုကား။ဒုက္ခသစ္စာ၏နိဒ္ဒေသတ္ထ၌ကြည့်လေ။ ထိုသံသရာဝဋ်ဒုက္ခသည်လည်း။ အောက်သံသရာ၏ဆိုင်ရာသံသာရဝဋ်ဒုက္ခတမျိုး။ အလယ်သံသရာ၏ဆိုင်ရာသံသာရ ဝဋ်ဒုက္ခတမျိုး။ အထက်သံသရာ၏ဆိုင်ရာသံသာရဝဋ်ဒုက္ခတမျိုးဟူ၍။ ထိုက်သည်အားလျော်စွာ သုံးမျိုးစီရှိကြ၏။

ဤကား။သံသာရဝဋ်ဒုက္ခသုံးမျိုးကိုပြဆိုချက်တည်း။

(၄) သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်ခြင်း ဆိုသည်ကား။ နိဗ္ဗာန်ကိုဆိုသတည်း။ထိုနိဗ္ဗာန်သည်လည်း။ပထမနိဗ္ဗာန်။ဒုတိယနိဗ္ဗာန်။တတိယနိဗ္ဗာန်ဟုသုံးပါးရှိ၏။ ။ထိုတွင်။ပထမနိဗ္ဗာန်ဆိုသည်ကား။အပါယ်သံသရာ၏ဆိုင်ရာ။ဝဋ်ဒုက္ခတို့၏နောင်ဖြစ်ပေါ်ရန်အကြွင်းအကျန်မရှိချုပ်ငြိမ်းခြင်းကို။ ပထမနိဗ္ဗာန်ဆို၏။ ။ဒုတိယနိဗ္ဗာန်ဆိုသည်ကား၊ လူ့ဘ၀နတ်ဘ၀ အဆက်ဆက်ဟုဆိုအပ်သော။အလယ်သံသရာ၏ဆိုင်ရာ။ ဝဋ်ဒုက္ခတို့၏နောင်ဖြစ်ပေါ်ရန်အကြွင်းအကျန်မရှိချုပ်ငြိမ်းခြင်းကို။ ဒုတိယနိဗ္ဗာန်ဆို၏။ တတိယနိဗ္ဗာန်ဆိုသည်ကား။ရူပ,အရူပ,ဗြဟ္မာဘ၀အဆက်ဆက်ဟုဆိုအပ်သော၊အထက်သံသရာ၏ဆိုင်ရာ။ ဝဋ်ဒုက္ခတို့၏နောင်ဖြစ်ပေါ်ရန် အကြွင်း အကျန်မရှိ ချုပ်ငြိမ်းခြင်းကို။ တတိယနိဗ္ဗာန်ဆို၏၊ ။ထိုတွင်၊ မိမိသန္တာန်၌။အနုတ္တရဉာဏ် အမြင်ပေါက်ရောက်၍။အတ္တဒိဋ္ဌိအကြွင်းအကျန်မရှိ ချုပ်ငြိမ်းပြီးသောသူသည်

www.dhammaransi.com



ခပ်သိမ်းသောဒိဋ္ဌိ အမှောက်အမှားတို့မှလည်း။ ကျွတ်လွတ်ကြ
လေ၏။ ။ခပ်သိမ်းသောအပါယ်လေးကြောင်း။ မကောင်းမှုကံ
ဟောင်း။ မကောင်းမှုကံသစ်တို့မှလည်း။ ကျွတ်လွတ်ကြလေ၏။
နောင်အပါယ်သံသရာ၌ဖြစ်လတံ့သောအပါယ်ခန္ဓာ။အပါယ်ဘဝ
အနန္တတို့မှလည်း။ အတ္တဒိဋ္ဌိကျွတ်လွတ်သည်နှင့်တပြိုင်နက်၊ အ
ကြွင်းအကျန်မရှိကျွတ်လွတ်ကြလေ၏။ ။ထိုသူများ၏ ခန္ဓာအ
စဉ်မှာ။အပါယ်ဘုံ။ အပါယ်ဘဝ။အောက်ဘုံ၊ အောက်ဘဝသို့
လျှောကျမြဲဓမ္မတာလမ်းကြီးသည်လည်း။ပျောက်ကွယ်လေ၏။ ။
မိမိအလိုရှိရာသုဂတိဘုံဘဝ။မြင့်သည်ထက်မြင့်ရာ ဘဝအဆက်
ဆက်သို့။ဆန်တက်ခြင်းဟူသောဓမ္မတာလမ်းသစ်ကြီးတခုသည်
သာတည်ရှိလေ၏။ ။လူ့ဘုံလူ့ဘဝတွင်လည်း။ သီလသိက္ခာ
အလိမ္မာယုတ်ညံ့သောလူဘဝ။စည်းစိမ်ချမ်းသာကိုယ်အင်္ဂါယုတ်
ညံ့သောလူ့ဘဝတို့မှလည်းကျွတ်လွတ်လေ၏။ ။သီလသိက္ခာအ
လိမ်မာကြီးမြတ်သောလူ့ဘဝ၊စည်းစိမ်ချမ်းသာ ကိုယ်အင်္ဂါမြင့်
မြတ်သောလူ့ဘဝ၌သာဖြစ်ရလေ၏။ ။နတ်ဘုံ နတ်ဘဝတို့၌
သာဖြစ်ရလေ၏။ ။နတ်ဘုံနတ်ဘဝတို့၌လည်း။ ထိုအတူပင်
တည်း၊ထိုပထမနိဗ္ဗာန်၌ တည်သောသူသည်။ ပုထုဇန်အဖြစ်မှ
ကျွတ်လွတ်၍။အရိယာအဖြစ်၌တည်လေ၏။ လောကီဘုံသားအ
ဖြစ်မှကျွတ်လွတ်၍။လောကုတ္တရာဘုံသားအဖြစ်၌ တည်လေ၏၊
ပထမနိဗ္ဗာန်ဘုံသားအဖြစ်၌၊တည်ရှိလေ၏။ ထိုသူသည်။လူ့ဘုံ
နတ်ဘုံ။ဗြဟ္မာဘုံတို့၌။ဘဝများစွာကမ္ဘာများစွာသံသရာ၌ကျင်
လည်ရငြားသော်လည်း သံသရာအလျဉ်၌မြုပ်သော သွားခြင်း၊
မျောသောသွားခြင်းဟူ၍မရှိလေပြီ။ ။အတ္တဒိဋ္ဌိရှိနေကြသောသူ
တို့၏သံသရာ၌ကျင်လည်ခြင်းသည်။ မြစ်ရေအယဉ်၌ကျရောက်
ခြောက်သွေ့သောသစ်တုံးကဲ့သို့။ မြုပ်သောကျင်လည်ခြင်း၊မျော
သောကျင်လည်ခြင်းဖြစ်လေ၏။အတ္တဒိဋ္ဌိအကြွင်းအကျန်မရှိ။ကျွတ်
လွတ်ကြကုန်သောသူတို့၏ကျင်လည်ခြင်းမှာမူကား။ မြုပ်သော
ကျင်လည်ခြင်း။မျောသောကျင်လည်ခြင်းလည်းမဟုတ်၊ ။မြစ်

www.dhammaransi.com



ရိုးမြင်စဉ်တလျှောက် နက် သဘော်ကြီးငယ်တို့သည်။ အလိုရှိရာ မြစ်စဉ်တလျှောက်သွားလာ၍နေကြဘိသကဲ့သို့။ မိမိတို့အလိုရှိရာ သုဂတိဘုံဘဝတလျှောက်သို့သွားလာ၍သာနေကြကုန်၏။ ။ဖြစ်လေရာဘုံဘဝ၌လည်း။လောကီချမ်းသာ။လောကုတ္တရာချမ်းသာ နှစ်ပါးကို။အရုံခံစားရလေ၏။ လူဖြစ်သောဘဝနက်။ လူချမ်းသာ။ နိဗ္ဗာန်ချမ်းသာဟုဆိုအပ်သောချမ်းသာနှစ်ပါးကို။ စွယ်ရုံခံစားရလေ၏။ ။ထိုတွင် လူ့ချမ်းသာကိုခံစားမှုကား။ ထင်ရှားသိသာပြီ။ နိဗ္ဗာန်ချမ်းသာကို။အဘယ်သို့ခံစားသနည်းဟူမူကား။ ဒုက္ခရိက်မှကိုပြုကျင့်၍နေသောသူများကို။မြင်ရကြားရသည်ရှိသော်။ ဤသူများသည် ဒုက္ခရိက်အမှုကိုပြု ကြပေ၏။ အပါယ်သို့ကျရာကြရလိမ့်မည်။ငါ့မှာဤကဲ့သို့သောဒုက္ခရိက်မှ။ဘဝအဆက်ဆက်လွတ်ငြိမ်းပေပြီဟု၊ ဝမ်းမြောက်ခြင်းကြီးစွာဖြစ်ရလေ၏။ခွေး။ ဝက်။ကြက်။ ငှက်အစရှိသောအပါယ်ဘုံသား။သတ္တဝါများကိုတွေ့မြင်ရာ၌။ဤသတ္တဝါများသည်၊ဆင်းရဲတွင်းကြီးနက်နဲလေစွ။ငါ့မှာ။ ဤကဲ့သို့သောအပါယ်ဆင်းရဲဒုက္ခမှလွတ်ငြိမ်းပေပြီဟု။ ဝမ်းမြောက် ကြီးစွာဖြစ်ရလေ၏။

ဤကား။နိဗ္ဗာန်ချမ်းသာကိုခံစားရပုံတည်း။

ဤ၌လောကီချမ်းသာမှာ။ မျက်မြင်ဒိဋ္ဌဖြစ်ကြ၍။ အလွန်ကြီးကျယ်ကောင်းမြတ်သည်ဟုထင်ကြတတ်၏။ နိဗ္ဗာန် ချမ်းသာမှာ လွတ်ငြိမ်းမှုဖြစ်၍။ အထည်ဝတ္ထုကို မမြင်ရသောကြောင့်။ ကြီးမြတ်သည်ဟုမထင်တတ်ကြ။ ထိုသို့ကားမဟုတ်၊ လောကီချမ်းသာတို့ထက်။လွတ်ငြိမ်းမှုဟူသောနိဗ္ဗာန်ချမ်းသာသည်ကြီးကျယ်မြင့်မြတ်၏။လေးကျွန်းလုံးကိုအစိုးရသော စကြာမင်းတို့၏ စည်းစိမ်ချမ်းသာထက်၊ ငရဲဘဝမှ အစဉ်ထာဝရ လွတ်ငြိမ်းမှုသည်၊အဆသိန်း သန်းကုဋေ မရေတွက်နိုင်အောင်ကြီးမြတ်၏။ ထို အတူ။နတ်မင်း။သိကြားမင်း။ ဗြဟ္မာမင်းတို့၏ လောကီစည်းစိမ်

www.dhammaransi.com



ချမ်းသာထက်။ အဆသိန်းသန်းကုဋေ မရေတွက်နိုင်အောင် ကြီး မြတ်၏။ ။မြတ်စွာဘုရားသာသနာတော်ကြီးကိုတွေ့ကြုံလိုသည် ဟု။လွန်မင်းစွာတောင့်တကြရာ၌။ လောကီချမ်းသာအတွက်နှင့်။ တောင့်တကြရသည်မဟုတ်။ဤလွတ်ငြိမ်းမှုဟူသော နိဗ္ဗာန်ချမ်း သာအတွက်နှင့်သာ တောင့်တကြရကုန်၏။

ဤကား။ပထမနိဗ္ဗာန်ဘုံသူ.ပထမနိဗ္ဗာန်ဘုံသားတို့၏။
ပထမနိဗ္ဗာန်ချမ်းသာကိုခံစားရပုံတည်း။

ဒုတိယနိဗ္ဗာန်၌။ ။ကာမတဏှာကြီးကိုပယ်ဖြတ်ခြင်း၌။လူ့ ခန္ဓာ။နတ်ခန္ဓါတို့၏ဒုက္ခအချက်တို့ကိုထင်လင်းစွာကြည့်ရှုရ။အနာ ဂါမိမဂ်ကိုရသဖြင့်။ထိုကာမတဏှာကြီးသည်။ အကြွင်းအကျန် မရှိချုပ်ငြိမ်းလေ၏။ ကာမတဏှာကြီးချုပ်ငြိမ်းသည်နှင့် တပြိုင် နက်။ လူ့အဖြစ်နတ်အဖြစ်ကိုပေးနိုင်သော ကုသိုလ်ကမ္မဘဝတို့ သည်လည်ကောင်း။ လူ့ခန္ဓာနတ်ခန္ဓာ အဆက်ဆက်တို့ သည် လည်းကောင်း။ အကြွင်းအကျန်မရှိချုပ်ငြိမ်းကြလေကုန်၏။ ။ လူ့ခန္ဓာနတ်ခန္ဓာတို့၏ဒုက္ခအချက်ကုံမြင်ရာနိုက်။ဥပမာကား။ မ စင်ဘင်ပုပ်သေတ္တာကြီးတခုသည်ရှိလေရာ၏။ ထိုသေတ္တာ၏ပြင် ပနိုက်။အနီအဝါစသောဆေးအမျိုးမျိုး။ ပိုးဖဲကတ္တီပါအစရှိသော အထည်အမျိုးမျိုးခြယ်လှယ်လျက်ရှိ၏။ အတွင်း၌မူကား။ မစင် ဘင်ပုပ်တွေအပြည့်ရှိ၏။ ဘီလူးကြီး။သူရဲကြီး။ သဘက်ကြီးသုံး ကောင်လည်းရှိ၏။ အဆိပ်ထန်သောမြွေဆိုး။ ကင်းဆိုးအမျိုးမျိုး လည်းရှိလေ၏။မစင်ဘင်ပုပ်ကိုစားသောက်၍နေသောပိုးလောက် တွေလည်းအပြည့်ရှိလေရာ၏။ ။ဤဥပမာနိုက်။ ကာမဘုံသား တို့၏ခန္ဓာသည်။မစင်ဘင်ပုပ်တို့ဖြင့်ပြည့်သော။သေတ္တာကြီးငယ် နှင့်တူ၏။ ။တဏှာ၊မာန၊ဒိဋ္ဌိသုံးပါးသည်။သေတ္တာတွင်း၌ရှိသော ဘီလူးကြီး,သူရဲကြီး,သဘက်ကြီး,သုံးကောင်နှင့်တူ၏။ ။ကျန်ရှိ သောကိလေသာအများသည်။ ထိုသေတ္တာတွင်း၌ရှိနေသော၊ အ

www.dhammaransi.com



ဆိပ်ထန်သောမြွေဆိုးကင်းဆိုး အမျိုးမျိုးနှင့်တူ၏- ။ဇာတိ, ဇရာ,မရဏ,သောက,ပရိဒေဝစသော ဒုက္ခ အချက်များသည်၊ ထိုသေတ္တာတွင်း၌။မစင်ဘင်ပုပ်တို့ကိုစားနေကြသောပိုးလောက် အများနှင့်တူ၏။

ဤကား။လူ့ခန္ဓာနတ်ခန္ဓာတို့၌။ဒုက္ခထင်မြင်ပုံတည်း။
ဒုတိယနိဗ္ဗာန်ပြီး၏။

—⊰➤○⊰—

တတိယနိဗ္ဗာန်၌။ ။ဘဝတဏှာကြီးကိုပယ်ဖျောက်ခြင်း၌။ ပြဟ္မာခန္ဓာတို့၏ဒုက္ခအချက်ကြီးကို။ထင်လင်းစွာ ကြည့်ရှုကြလေ ရာ၏။အရဟတ္တမဂ်ကိုရသဖြင့်။ဘဝတဏှာကြီးသည်။ အကြွင်း အကျန်မရှိချုပ်ငြိမ်းသေ၏၊ ဘဝတဏှာကြီးချုပ်ငြိမ်းသည်နှင့် တ ပြိုင်နက်။ပြဟ္မာအဖြစ်ကိုပေးနိုင်သော၊ကုသိုလ်ကမ္မဘဝတို့သည် သည်းကောင်း။ပြဟ္မာခန္ဓာအဆက်ဆက်တို့သည်လည်းကောင်း။ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းကြလေကုန်၏၊ ။ပြဟ္မာခန္ဓာတို့၏ ဒုက္ခအချက်ကိုမြင်ရာ၌။ ဥပမာကား။ ။ဖွဲ့သေတ္တာကြီး တခု သည်ရှိလေရာ၏။ထို ဖွဲ့သေတ္တာကြီး၏ပြင်ပ၌။အနီအဝါအစရှိသော ဆေးအမျိုးမျိုး။ပိုးပဲကတီပါ အစရှိသောအထည် အမျိုးမျိုးချယ် လှယ်လျက်ရှိ၏။ အတွင်း၌မူကား၊ ဖွဲ့ကြမ်းတွေလည်းရှိ၏။ ဘီ လူးကြီး။သူရဲကြီး။ သဘက်ကြီးသုံးကောင်လည်းရှိ၏။ အဆိပ်ထန် သောမြွေဆိုး၊ကင်းဆိုးအမျိုးမျိုးလည်းရှိ၏၊ ဖွဲ့ကြမ်းတွေကိုစား သောက်၍နေသောပိုးမျိုးသည်းအပြည့်ရှိ၏။ ။ဤဥပမာ၌။ပြဟ္မာ တို့၏ခန္ဓာသည်၊ ဖွဲ့နှ ဖွဲ့ကြမ်းတို့ဖြင့် ပြည့်သော သေတ္တာကြီးငယ် နှင့်တူ၏။ ။တဏှာ,မာန,ဒိဋ္ဌိသုံးပါးတို့သည်၊ ထိုသေတ္တာတွင်း၌ ရှိသောဘီလူးကြီး။သူရဲကြီး။သဘက်ကြီးသုံးကောင်နှင့်တူ၏၊ ။ ထိုမှတပါးသော ကိလေသာတရားများသည်၊ သေတ္တာတွင်း၌ရှိ

www.dhammaransi.com



နေသောအသိမ်ထန်သောမြေခိုး။ကင်းခိုးအမျိုးမျိုးနှင့်တူ၏။ ။ဓာတိ,ဇရာ,မရဏ, ဒုက္ခများသည်။ ထိုသေတ္တာ တွင်း၌။ ဖွဲနုဖွဲကြမ်းတို့ကို စားနေကြသော ပိုးမျိုးနှင့်တူ၏။ ။ပြဟ္မာခန္ဓာသည်။ ဖွဲနုဖွဲကြမ်းတို့ဖြင့်ပြည့်သော။ သေတ္တာကြီးနှင့် တူပုံကား။ ။ဖွဲကြမ်းမည်သည်။ဘယ်ဟာမှအသုံးမကျ။ပိုးစာမွှားစာမီးစာမျှသာဖြစ်လေ၏။ ။ထိုအတူ။ဤသတ္တဝါများသည်။အနမတဂ္ဂသံသရာ၌။ ဘဝခန္ဓာကိုရခဲ့ကြသည်မှာ။အနန္တရှိကြလေပြီ။သို့သော်။ အပါယဝဋ်ဒုက္ခအပေါင်းတွင်။ယနေ့ထက်တိုင်အဘယ်ဝဋ်ဒုက္ခတခုကိုမျှပယ်ဖြတ်နိုင်ပြီဟုမရှိသေး။ဇရာ,မရဏမီးစာမျှသာဖြစ်၍ ကုန်ဆုံးခဲ့လေ၏။ထိုကြောင့်။ပြဟ္မာခန္ဓာသည် ဖွဲကြမ်းသေတ္တာကြီးနှင့်တူလှ၏။

ဤကား။ပြဟ္မာခန္ဓာတို့၌ဒုက္ခထင်ပုံတည်း။

တတိယနိဗ္ဗာန်ပြီး၏။

—◇—

ဤနိဗ္ဗာန်သုံးရပ်တို့တွင်။ယခုအခါ၊ ဗုဒ္ဓဘာသာသာသနာအတွင်း၌ပထမနိဗ္ဗာန်ကို ရခြင်းငှါ။ အလွန် အရေးကြီးလှ၏။ ထိုနိဗ္ဗာန်ကိုလည်း။ယခုလူ့ဘဝ၌သော်လည်း။ ရနိုင်သောအခွင့်ကာလရှိနေ၏။ နတ်ပြည်သို့ရောက်၍၊ နတ်ဘဝ၌သော်လည်း။ ရနိုင်သောအခွင့်ကာလရှိနေ၏။ ဘုရားသာသနာကြီးနှင့်တွေ့ကြုံပါလျက် ဤပထမနိဗ္ဗာန်ကိုမျှမရခဲ့သည်ရှိသော်။ ဗုဒ္ဓုပ္ပါဒဒုလ္လဘကိုတွေ့ကြုံရပါလျက်။ လိုရင်းအကျိုးကိုမရဘဲရှိရလေ၏။ ယခုကာလ၌။လူအများတို့သည်။မိမိတို့ကိုယ်ကို။ ယခုဘုရားသာသနာတွင်းမှာ။ နိဗ္ဗာန်ကိုမရနိုင်ကြကုန်ပြီ။ နောက်အရိမေတ္တေယျ မြတ်စွာဘုရားသာသနာသို့ရောက်မှ။ ရနိုင်ကြလိမ့်မည်ဟု မှတ်ထင်လျက်ရှိကြကုန်၏။ထိုမှတ်ထင်ချက်သည်။နိယတဗျာဒိတ်ရပြီးသော ပုဂ္ဂိုလ်တို့မှာသာ။မှတ်ထင်ချက်အတိုင်းရနိုင်ကြကုန်လတံ့။နိယတဗျာဒိတ်

ကိုမရဟူးသော။အနိယတပုဂ္ဂိုလ်တို့မှာမူကား။ မှတ်ထင်ချက်အတိုင်းရနိုင်ကြရန်။အလွန်ခဲယဉ်းလှ၏။ ။ခဲယဉ်းပုံကား။ ။ယခုဘုရားသာသနာကွယ်လွန် ပြီးသည်နောက်။ မေတ္တေယျမြတ်စွာဘုရားပွင့်တော်မူရာကာလသည်။အလွန်ဝေးကွာလျက်ရှိသေး၏။လူ့ဘဝပေါင်း။နတ်ဘဝပေါင်းသိန်းသောင်းများစွာကျင်လည်ကြရသော်လည်း။ထိုမြတ်စွာဘုရားသာသနာသို့ ရောက်နိုင်ကြမည်မဟုတ်သေး။စပ်ကြား၌လည်း။သာသနာပ အမိုက်တောကြီးမှာကျင်လည်ကြရလိမ့်မည်။အတ္တဒိဋ္ဌိကြီးတင်းသင်းနှင့်။ ထိုအမိုက်တောကြီးအတွင်းမှာ။ဘဝပေါင်းများစွာကျင်လည်ရသည်ရှိသော်အပါယ်ဘုံသို့။ဘဝပေါင်းမည်မျှ ကျရလိမ့်မည်မသိ၊ အပါယ်ဘုံသို့။အကြိမ်ပေါ ကျခဲ့ပြန်လျှင်လည်း။ ပြဆိုခဲ့ပြီးသောခန္ဓာခမ္ဘတာလမ်းကြီးအတိုင်း။ အပါယ်နယ်မှာပင်။ဘဝပေါင်း သိန်းသောင်းများစွာကျင်လည်၍ နေရသည်ရှိသော်။ ထိုမြတ်စွာဘုရားသာသနာပေါ်နှင့်တွေ့ကြုံရန်။အဝေးကြီးဝေးကွာ၍။ နေကြရလိမ့်မည်မသိ။ဤကား။ ပညာရှိတို့အထူးစဉ်းစားကြရန် အချက်ကြီးပေတည်း။

ဤတွင်မြို့ကား။သဿ တဒိဗ္ဗ။ ဥဒ္ဒေသဒိဗ္ဗ၏သဘော။သမ္မာဒိဗ္ဗဥဒ္ဒေသ၏သဘောကိုသိလိုပါသည်။ ရှင်ကုသလ လျှောက်ထားချက်ကိုဖြေဆိုခြင်းကိုအရင်းပြုသဖြင့်ရင်း။ယခုအခါ။အလွန်အရေးကြီးလှစွာသောအနတ္တအချက်ကြီးကိုရင်း အထူးပြဆိုရာဖြစ်သောအနတ္တဒီပနီကျမ်းသစ် သည်။ မြန်မာသက္ကရာဇ်-၁၂၈၀-ပြည့်၊ ပြာသိုလ်လဆန်း(၈)ရက်။ဗုဒ္ဓဟူးနေ့တွင်။ အောင်မြင်ပြီးစီးပေသတည်။

ရွှေဥဒေါင်းပုစ္ဆာအဖြေပြီး၏။

www.dhammaransi.com



## ဓေယျာပူရဇာတမရိရှင်စန္ဒာဝရ
## (လျှောက်ချက်)

မြတ်စွာဘုရားသည် အကြည်အပြု၊ ခွင့်ပြုတော်မူအပ်သော ဝိဏ္ဏိယာလောပဆွမ်းပစ္စည်း။ ပံသုကူလသင်္ကန်းပစ္စည်း။ ရုက္ခမူလကျောင်းပစ္စည်း။ ပုတိမုတ္တဆေးပစ္စည်း။ ဤလေးပါးတရပ်။

မြတ်စွာဘုရားသည် ဝေနေယျဇ္ဈာသယကို ငဲ့သဖြင့် ခွင့်ပြုတော်မူအပ်သော။ အတိရေကလာဘမျိုးဖြစ်သော။ ပစ္စည်းလေးပါးတရပ်။

ဤသို့ပစ္စည်းလေးပါးနှစ်ရပ်ရှိနေရာ၊ ၊ ရဟန်းတော်တို့မှာ။ ဓုတင်ပရိဘောဂမဖြစ်စေရန်ပစ္စဝေက္ခဏာဆင်ခြင်ရာ၌။ ပထမပစ္စည်းရပ်မှာမြတ်စွာဘုရား၏အလိုတော်ကျ ခွင့်ပြုတော်မူသောပစ္စည်းများဖြစ်ပေ၍ ပစ္စဝေက္ခဏာဆင်ခြင်ဘွယ်မရှိ။ မဆင်ခြင်သော်လည်းဓုတင်ပရိဘောဂမဖြစ်။ အတိရေကလာဘပစ္စည်းမျိုး၌သာ မြတ်စွာဘုရား၏အလိုတော်ကျမဟုတ်။ ဝေနေယျဇ္ဈာသယကိုငဲ့သဖြင့်ခွင့်ပြုတော်မူအပ်သောပစ္စည်းမျိုးဖြစ်ချေ၍။ ပစ္စဝေက္ခဏာဆင်ခြင်ရမည်။ မဆင်ခြင်လျှင် ဓုတင်ပရိဘောဂ ဖြစ်မည်ဟူ၍ တဝါဒ။

ရှေ့ပစ္စည်းရင်။နောက်ပစ္စည်းရပ်နှစ်ရင်လုံး၌ပင်။ ပစ္စဝေက္ခဏာဆင်ခြင်ရမည်၊ မဆင်ခြင်လျှင်။ ဓုတင်ပရိဘောဂဖြစ်မည်ဟူ၍ တဝါဒ။

ဤဝါဒနှစ်ရပ်တွင်ဘယ်ဝါဒသင့်မြတ်သည်ဟု ဆုံးဖြတ်တော်မူပါမည့်အကြောင်းနှင့် မြန်မာသက္ကရာဇ်—၁၂၇၈-ခု။ တော်သလင်းလ အတွင်း။ စစ်ကိုင်းချောင်- ဇာတမရိတိုက်- ရှင်စန္ဒာဝရ လျှောက်ထားချက်။

### ဝါဒနှစ်ပါးကိုရှင်းလင်းချက်။

ဤဝါဒနှစ်ပါးတွင်လိုရင်းမှာ။ ပိဏ္ဍိယာလောပ ဆွမ်းစသော

www.dhammaransi.com



ရှေ့ပစ္စည်းရပ်၌ပစ္စဝေက္ခဏာမဆင်ခြင်ဘဲသုံးဆောင်၍နေလျှင် ဇု ဏပရိဘောဂ ဖြစ်မဖြစ်မေးလိုရင်းပေတည်း။ ထို့ကြောင့်။ ပရိ ဘောဂ၏အနက်ကိုရှေးဦးစွာပြဆိုရာ၏။

လောက၌လူတို့မှာ ပစ္စည်းဝတ္ထုတို့ကို သုံးဆောင်ခြင်းသည် လေးမျိုးရှိ၏။ လေးမျိုးဆိုသည်ကား။ ခိုး၍တိုက်၍လိမ်လည်စဉ်းလဲ ၍ရသောပစ္စည်းကို သုံးဆောင်ခြင်းတပါး။ သူတပါး ပစ္စည်းကို နောင်ဆပ်ပေးပါမည်ဟုအကြွေးယူ၍သုံးဆောင်ခြင်းတပါး။ မိဘ တို့၏ပစ္စည်းဝတ္ထုတို့ကိုသားသမီးတို့က အမွေခံကိစ္စနှင့်ရယူ၍သုံး ဆောင်ခြင်းတပါး။ မိမိကိုယ်တိုင်လုပ်ကိုင်ရှာကြံ၍ရရှိသောကိုယ် ပိုင်ပစ္စည်းကိုသုံးဆောင်ခြင်းတပါးဟူ၍လေးမျိုးရှိ၏။ ထိုအတူသာ သနာ၌လည်းရဟန်းတော်မှာ။ ပစ္စည်းလေးပါးတို့ကိုသုံးဆောင်ခြင်း သည်လေးပါးရှိ၏။ ထေယျပရိဘောဂတပါး၊ ဣဏပရိဘောဂတ ပါး။ ဒါယဇ္ဇပရိဘောဂတပါး၊ သာမိပရိဘောဂတပါး။ ထိုလေးပါး တို့တွင်။ ထေယျပရိဘောဂကို ရှေးဦးစွာပြဆိုရာ၏။ ။ ထေယျ ဆိုသည်ကား၊ သူတပါးပစ္စည်းကိုလိမ်လည် စဉ်းလဲ၍ယူခြင်း တည်း။ ရဟန်းသိက္ခာလုံးလုံးမရှိပါဘဲလျက်။ ငါရဟန်းဟု ဝန်ခံ၍ ရဟန်းအနေနှင့်ခံယူသုံးဆောင်ခြင်းသည်၊ အလွန်နက်နဲသောစဉ်း လဲမှုကြီးနှင့်ရယူသုံးဆောင်ခြင်းဖြစ်၍ထေယျပရိဘောဂမည်၏။

စတုတ္ထပါရာဇိကာနိဒါန်းတွင်လာသော၊ ပါပဘိက္ခုမဟာစော ရကြီးငါးဦးတို့၏ ပစ္စည်းလေးပါးကို သုံးဆောင်မှု သည်လည်း။ ဤထေယျပရိဘောဂတွင် ပါဝင်၏ ပါပဘိက္ခုဆိုသည်ကား။ ။ ရ ဟန်းသိက္ခာလုံးလုံးမရှိသောဒုဿီလရဟန်းကို ဆိုလိုရင်းတည်း ထိုတွင်ပထမ မဟာစောရဆိုသည်ကား။ ရဟန်းစစ်မဟုတ်။ ရ ဟန်းတု၊ ရဟန်းယောင် ဖြစ်လျက်။ အခြံအရံ အကျော်အစော လာဘ်လာဘကို တောင့်တ၍။ ရဟန်းစစ်အနေနှင့် သာသနာပြု ဆရာ၊ ဓမ္မကထိကဆရာပြုလုပ်၍။ မြို့ရွာလှည့်လည်သောသူပေ တည်း။ ရဟန်းစစ်ဖြစ်ခဲ့ပေမူကား၊ ထိုသို့ပင်တောင့်တ၍ လှည့် လည်၍ရှိသုံးဆောင်သော်သည်း။ နက်နဲသော စဉ်းလဲမှုကြီးမပါ

www.dhammaransi.com



သောကြောင့်မဟာစောရဟူ၍လည်းမဆိုရ၊ ထေယျပရိဘောဂ လည်းမဖြစ်။

ဒုတိယမဟာစောရဆိုသည်ကား။တရားတော်ကိုခိုးယူသော ဓမ္မထေနကမဟာစောရကြီးပေတည်း။ဘုရားဟောသော တရားကိုသင်ကြား၍တတ်သိသောအခါ။သူတပါးတို့ကို ဘုရားဟောဟု မသိစေဘဲ။ မိမိကိုယ်တိုင်သိ ပြုလုပ်၍ ပြောဟောသော သူပေတည်း။ဤဓမ္မထေနကပုဂ္ဂိုလ်သည်မူကား။ ၊ ရဟန်းစင်စစ်ပင်ဖြစ်သော်လည်း။မဟာစောရထေယျပရိဘောဂတို့မှလွတ်ခွင့်မရှိ။ အဓိပ္ပါယ်ကျရောက်တတ်သည်ဟူ၍၊ ပဿရင်္ဂြုတ္တိုင် ဟောတော်မူ၏။

တတိယမဟာစောရဆိုသည်ကား။ တပါးသော ရဟန်းစစ်ဖြစ်သောပုဂ္ဂိုလ်ကိုရဟန်းဘောင်မှ ပျက်စီးစေလို၍၊ ဒိဋ္ဌ။သုတ။ ပရိသင်္ကိတ။မြင်ခြင်း။ ကြားခြင်း၊ယုံမှားခြင်းအရင်းမူလမရှိဘဲ လျက်။ငါမြင်သည်၊ ငါကြားသည်။ ငါယုံမှားသင်္ကာရှိသည်ဟုမဟုတ်တရုတ်လုပ်ကြံ၍ ပါရာဇိကမှုကြီးနှင့်စွပ်စွဲဖျက်ဆီးသောမှုသားခါးမြကြီးပေတည်း။သူတပါးတို့၏ရဟန်းသီလကိုတိုက်ခိုက်ဝါဒ။ဖျက်ဆီးသောခါးမြကြီးဆိုလိုသည်။

စတုတ္ထမဟာစောရဆိုသည်ကား။မစွန့်ထိုက်။မဝေဘန်ထိုက်သော။သံဃိကဂရုဘဏ်ပစ္စည်းဝတ္ထုများကို။ မိမိကိုယ်ပိုင်အနေနှင့်လူတို့အားပေးစွန့်ချီးမြှောက်ထောက်ပင့်၍။ သံဃိကကိုခိုးယူဖျက်ဆီးသောသူခိုးခါးမြကြီးပေတည်း။ ဤတတိယ။ စတုတ္ထနှစ်ဦးတို့ကို။ဒုကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်၌။အပါယ်ငရဲသို့မလွဲမသွေဧကန်မုချကျရောက်လိမ့်မည်ဟူ၍ဟောတော်မူချက်ရှိ၏။

ဒွေမေဘိက္ခဝေ ပုဂ္ဂလာယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ ကတမေဒွေ။ ယောစသုဒ္ဓံ ဗြဟ္မစာရိံ အမူလကေန အန္တိမဝတ္ထုနာ အနုဒ္ဓံသေတိ။ ယောစသဒ္ဓါဒေယျံ ဝိနိပါတေတိ။ ဣမေခေါ ဘိက္ခဝေဒွေပုဂ္ဂလာယထာဘတံနိက္ခိတ္တော ဧဝံနိရယေ။ ။ပါဠိတော်။

www.dhammaransi.com



ဤသုတ္တန်ပါဠိတော်ရှိပြန်သောကြောင့်။ ထိုတတိယစတုတ္ထမှုကြီးများကိုကံမြောက်အောင်ပြုပြီးသောသူသည် ရဟန်းစစ်ပင်ဖြစ်သော်သည်း။မဟာစောရဘေယျပရိဘောဂမှလွတ်ခွင့်မရှိရာချေ။

ဝင်းပါဠိတော်တွင်။ သဒ္ဓါဒေယျ ဆိုသည်ကား။ သက်သက်ကုသိုလ်ကိုလို၍။ကုသိုလ်ဖြစ်ချင်လှ၍လှူဒါန်းအပ်သော-ပစ္စည်းလေးပါးကိုဆိုသည်။ဝိနိပါတေတိဆိုသည်ကား။ ပါဠိအဋ္ဌကထာများ၌လာသောစွန့်ထိုက်။ ပေးထိုက်သောအကြောင်းအခွင့်တို့မှလွတ်၍။သဒ္ဓါဒေယျပစ္စည်းဝတ္ထုကိုမလျော်ရာ၌သုံးခြင်းဘည်း ဟူသောအယုတ္တပရိဘောဂဖြစ်အောင်။ စွန့်မှု။သုံးစွဲမှု။ပေးကမ်းမှုကို ဆိုသည်။

စတုတ္ထမှုမှာ၊ဝိနည်းပါဠိတော်၌ ဂရုဘာဏ်သံဃိက ဝတ္ထုများကိုဝိသေသထုတ်ဘော်လျက် ဟောတော်မူ၏။ သုတ္တန်ပါဠိတော်၌သဒ္ဓါဒေယျဟူသောမည်လာ၏။ သံဃိက၊ပုဂ္ဂလိက။ ဂရုဘာဏ်။ လဟုဘာဏ်များနှင့်ဆက်ဆံ၏၊ ဝိနည်းပါဠိတော်၌၊ ဂရုဘာဏ်သံဃိကဟုဝိသေသထုတ်ဘော်သည်မှာ။မဟာစောရဟုဝိသေသဆိုထိုက်သူကိုယူလိုသည်။သုတ္တန်၌သာမည်လာသည်မှာစောရ။ မဟာစောရဟုအကုန်လုံးသိမ်းကြုံး၍ ယူလိုသည်။ ဂရုဘာဏ်သံဃိကသဒ္ဓါဒေယျဝတ္ထုကို။အယုတ္တပရိဘောဂပြုလျှင်။မဟာစောရဖြစ်၏။ဂရုဘာဏ်သံဃိကဝတ္ထုမှတပါးသော သဒ္ဓါဒေယျဟူသမျှကိုအယုတ္တပရိဘောဂပြုလျှင်။လောက၌ အစိုးရဥပဒေများတွင်သူဘပါးတို့က အတိုးအပွါးဖြစ်စေရန် အပ်နှံသောပစ္စည်းဥစ္စာကို။ အလွဲသုံးစားမှု။ မတော်မတရား သုံးစားမှု များကဲ့သို့ မသင့်မလျော် မတော်မတရား သုံးစွဲမှု အတွက် စောရသာမည်ဖြစ်၏ဟုခွဲခြမ်းရန်ရှိ၏။သုတ္တန်၌ ထိုပုဂ္ဂိုလ်များသည်အပါယ်ငရဲသို့မလွဲမသွေ ကြေကန်မုချ ကျရောက်လိမ့်မည်ဟု ဟောတော်မူသည်မှာ၊ ဂရုဘာဏ်သံဃိက သဒ္ဓါဒေယျဝတ္ထုများကိုရည်၍ဟောတော်မူသည်ဟု ယူရန်လည်းရှိ၏။ စွင်စွဲမှု၌ အနှိမဝတ္ထုဖြင့်စွပ်စွဲသည်ဟူ၍ ဝိသေသထုတ်ဘော် သကဲ့သို့၊ ဤ၌

www.dhammaransi.com



လည်း။ ယောစသံဃိကံ သင်္ဃါဒေ ဂရုဘဏ္ဍ ပရိက္ခာရ ဝိနိပါ
တေတိ၊ ဟုဝိသေသထုတ်ဘော်ချက် မပါသောကြောင့်။ ကျန်ရှိ
သောသင်္ဃါဒေ ဝတ္ထုများမှာလည်း မပေါ်သသေး။ ထိုကြောင့်။
သင်္ဃါဒေယျပစ္စည်းမျိုးဖြစ်ခဲ့လျှင်။ မိမိ၏ပုဂ္ဂလိကရှိသော အခပ်
ချည်တမျှင်မျှပင်ဖြစ်သော်လည်း။ အယုတ္တပရိဘောဂမဖြစ်စေရန်။
သတိပြုထိုက်လှချေ၏။

ပဉ္စမဟာစောရ ဆိုသည်ကား။ ဈာန်မဂ်ဖိုလ် တရားတို့ကို
မရဘဲလျက်။ ပါရသည်ဟုလှည့်စားမှုဖြင့်ပြောကြားသော ဟောန်း
ပေတည်း။ လောကသုံးပါး၌အကြီးဆုံးသောအဂ္ဂမဟာ စောရကြီး
ဟုဟောတော်မူ၏။ အကြီးဆုံးသောထေယျပရိဘောဂကြီးတည်း။
သိက္ခာပုဒ်နိဒါန်းပါဠိတော်ကြီးထင်ရှားရှိလေပြီ။ ဤပဉ္စမအဂ္ဂမဟာ
စောရကြီး၏အခြံအရံဖြစ်သောစောရမှု။ ထေယျမှုတို့သည်လည်း
ရှိကုန်၏။ ကုဟနဝတ္ထုသုံးပါးတို့ပေတည်း။ ကုဟနဝတ္ထု ဆိုသည်
ကား။ မဟုတ်မမှန်ဘဲစဉ်းလဲလိမ်လည်မှုဖြင့်။ လူအများတို့၏အံ့ဩ
ဘွယ်ကိုပြုလုပ်ခြင်းတည်း။ ။လိုရင်းအချုပ်ကား။ တဇ္ဈာသည်
မဟိစ္ဆာတဇ္ဈာ။ ပါပိစ္ဆာတဇ္ဈာဟူ၍နှစ်ပါးရှိ၏။ ထိုတွင်မိမိ၌အ
မှန်ရှိသောသဒ္ဓါဂုဏ်။ သီလဂုဏ်။ သုတဂုဏ်။ စာဂဂုဏ်။ ပညာဂုဏ်။
ဟိရိဩတ္တပ္ပဂုဏ်။ ဆန္ဒဂုဏ်။ ဝီရိယဂုဏ်စသည်ကိုသူတပါးတို့
သိစေလိုခြင်း။ လူအများတို့အား ပြလိုခြင်း ပြောလိုခြင်းသည်
မဟိစ္ဆာတဇ္ဈာမည်၏။ ဤမဟိစ္ဆာတဇ္ဈာမှုကား။ လိမ်လည်စဉ်း
လဲမှုမဟုတ်ပေ။ မိမိ၌မရှိသောသဒ္ဓါဂုဏ်စသည်ကို မိမိ၌ရှိသည်
ဟုသူတပါးတို့မှတ်ယူစေလိုခြင်း။ ပြောလိုခြင်းသည်ပါပိစ္ဆာတ
ဇ္ဈာမည်၏။ ဤပါပိစ္ဆာတဇ္ဈာသည်ကား၊ လိမ်လည်စဉ်းလဲခြင်း
ဟူသောထေယျမျိုးပင်ဖြစ်၏။ ထိုထေယျမှုမျိုးကိုပြု၍ ရရှိသော
ပစ္စည်းလေးပါးကိုသုံးဆောင်ခြင်းသည်လည်း။ ထေယျပရိဘောဂ
ဖြစ်၏။ ပစ္စဝေက္ခဏာဆင်ခြင်သော်လည်း ထေယျပရိဘောဂမှမ
လွတ်။ ဤထေယျပရိဘောဂ၏ အပြစ်ကို အဂ္ဂိက္ခန္ဓောပမသုတ်။ စ
တုက္ကပါရာဇိကတို့မှာ ကြောက် မက်ဘွယ်ရာ ဟောတော်မူ၏၊

www.dhammaransi.com



ဝတ္ထုတို့မှာစတုတ္ထပါရာဇိကဉ္စရင်း။ ပေတဝတ္ထုတို့ဉ္စရင်း။ လက္ခဏာသံယုတ်၌ရင်း၊ ကြောက်မက်ဘွယ်ရာများစွာလာရှိကုန်၏။

ဤကားထေယျပရိဘောဂကိုအကျဉ်းပြဆိုချက်တည်း။

—○—

ဣဏပရိဘောဂ၌။ ဣဏဆိုသည်ကား။ ကြွေးတင်မှုမြီဘင်မှု။ ဝန်တင်မှု။ အပြစ်ကြီးငယ်အဖတ်ဘင်မှုကိုဆိုသည်။ လောက၌ ရက်လပိုင်းခြား၍ပဋိညာဉ်စာချုပ်နှင့်ကြွေးမြီသူကြရာ၌။ ရက်လစေ့ရောက်သည်အခါ။ ကြေလည်စွာဆပ်ပေးနိုင်သောသူလည်းရှိသည်။ မဆပ်ပေးနိုင်၍အတိုးထက်အတိုး။ အစီးအပိုးခံရသောသူလည်းရှိသည်။ ထိုတွင်ရဟန်းတော်တို့မှာ။ တရားသဖြင့်ရရှိသော ပစ္စည်းလေးပါးတို့ကို အရက်ဖြင့်ပိုင်းခြား၍ သူ့နေ့နှင့်သူကြေလည်စွာပစ္စဝေက္ခဏာဆင်ခြင်မှုရှိနေသောရဟန်းသည်၊ ရက်လစေ့ရောက်သည့်အခါ။ ကြေသည်စွာဆပ်ပေးနိုင်သောသူနှင့်တူ၏။ သူ့နေ့နှင့်သူ ကြေလည်စွာ ပစ္စဝေက္ခဏာဆင်ခြင်မှု မရှိသော ရဟန်းသည်၊ မဆပ်မပေးနိုင်၍အတိုးထက်အတိုးအစီး အပိုးခံနေရသောသူနှင့်တူ၏။ ဤနောက်ရဟန်း၏သုံးဆောင်မှုကို။ ဣဏပရိဘောဂဆိုသည်။ အဏ္ဏုဒိမြို့ရှိနေကြသော ပုထုဇန်ရဟန်းတို့မှာ ပစ္စည်းလေးပါးကို အလှူခံမှုသည်ကြွေးမြီယူမှုနှင့်တူသည်။ ။ အကျဉ်းချုပ်အဓိပ္ပါယ်တည်း။

ရဟန်းတော်တို့မှာ၊ ပစ္စည်းလေးပါးမှဖြစ်သော ကြွေးမြီတင်မှု နှစ်ပါးရှိ၏။ လှူဒါန်းသူဒါယကာ၌ အကျိုးယုတ်လျော့ခြင်းတပါး။ အလှူခံ၍သုံးဆောင်သူမှာ၊ သမ္မောဟ။ ဂေဓ။ မဒ။ ပမာဒ။ ဟူသော။ ကိလေသာအညစ်အပြစ်လေးချက် တိုးတက်ပွါးများခြင်းတပါး။ ထိုနှစ်ပါးတို့တွင်၊ လှူဒါန်းသူဒါယကာ၌ ဒါနအကျိုးယုတ်လျော့ခြင်းဆိုသည်ကား။ ပစ္စဝေက္ခဏာမဆင်ခြင်လျှင် ထိုရဟန်းမှာစတုပါရိသုဒ္ဓိသီလလေးပါးတွင်၊ ပစ္စယသန္နိဿိတသီလမရှိ၊ ထိုသီ

www.dhammaransi.com



လမရှိသည့်အတွက်ကြောင့်။ဒက္ခိဏာဝိသုဒ္ဓိအင်္ဂါတွင်အလှူခံပုဂ္ဂိုလ် သီလရှိစေရမည် ဟူသောပဓာန အင်္ဂါယုတ်လျော့၏။ ထိုအင်္ဂါ ယုတ်လျော့သည့်အတွက်လှူဒါန်းသူဒါယကာ၌။ ဒါနအကျိုးယုတ် လျော့၏။ဥပမာ။ထိုသီလရှိခဲ့ပါလျှင်၊ တထောင်တန် အကျိုးပေး မည့်ဒါနသည်။ အလှူခံပုဂ္ဂိုလ်ကထိုသီလမရှိသည့် အတွက်ငါး ရာတန်မျှပေးနိုင်တော့သည်။ ငါးရာတန်မျှ ယုတ်လျော့ လေ၏။ ဒါယကာဘက်၌ထိုမျှလောက် အကျိုးပေးယုတ်လျော့ခြင်းသည် အလှူခံပုဂ္ဂိုလ်အတွက်ဖြစ်ချေ၍။ ထိုအမှုသည်။ အလှူခံပုဂ္ဂိုလ်၏ အပေါ်၌ပညာရှိတို့ ကဲ့ရဲ့ဘွယ်သော အပြစ်တာဝန်ကြီးတရ အ ဖတ်တင်လေ၏။ကြွေးကြီး မြီကြီးဘိစီးလေ၏။ဥပမာ။ ထိုရဟန်း သည်၊ထိုကြွေးမြီလွတ်ခဲ့ပါလျှင် တာဝတိံသာဘုံမှာဖြစ်ဘို့ရှိလေ ရာ။ထိုကြွေးကြီးမြီကြီး ဘိစီးသည့်အတွက်။ စတုမဟာရာဇ်ဘုံ မှာဖြစ်ရလေ၏။ အထက် စတုမဟာရာဇ်ဘုံမှာ ဖြစ်ဘို့ရှိလေရာ ဤမြေအပြင်မှာ ဘီလူးကြီးသားရဲကြီးသဘက်ကြီးဖြစ်လေ၏ စ သည်ဖြင့်အလှူခံရဟန်း အတွက်ကြောင့်၊ နှစ်ဘက်အကျိုးယုတ် လျော့၍သွားပုံကိုသိရာ၏။ ဤစကားရပ်၌ထိုရဟန်းမှာ ထိုသီလ မရှိဆိုသည့်ကား။ထိုဒါယကာ၏အလှူကိုမခံမီကပင် ထိုသီလမ ရှိသည်ကိုသာ ဆိုလိုသတည်း။ ။ဤကား။ ။ဒုဿီလောစေ ပဋိ ဂ္ဂါဟကော ဓမ္မေနာလဒ္ဓံ ဝါ ပရိဘုဉ္ဇတိ ပဋိဂ္ဂါဟကတောဒက္ခိဏာဝိသုဒ္ဓိ ယာ အဘာဝတော ဓမ္မာဓိဂတော ပရိဘောဂေါ ဝိယာတိ အဋ္ဌော။ ။ဟူသောမဟာဋီကာနှင့်အညီ။ လှူဒါန်းသူဒါယကာ ၌ဒါနအကျိုး ယုတ်လျော့ခြင်းသည် အလှူခံ ရဟန်းမှာကြွေးမြီ တင်မှုကြီးတပါးဖြစ်ကြောင်းကိုပြဆိုချက်တည်း။ ။ဤအရာ၌ ဝိစိကိစ္ဆာဘွယ်ရှိချေ၏။ ။သီလဝတော အပစ္စဝေက္ခိတ္တွာ ပရိဘော ဂေါ ဣဏပရိဘောဂေါ နာမ။ ဟုအဋ္ဌကထာဆိုသောကြောင့်၊ ဣ ဏပရိဘောဂသည်သီလဝန္တပုဂ္ဂိုလ်မှာ၎င်း၏။ ။ဒက္ခိဏာဝိသုဒ္ဓိ အရာ၌သီလဝန္တရဟန်းသည်အလှူခံပုဂ္ဂိုလ်အတွက် အကျိုးကြီး သောဘက်မှာလာရှိ၏။ ဒုဿီလရဟန်းသည်သာ အလှူခံပုဂ္ဂိုလ်

www.dhammaransi.com



အတွက် အကျိုးယုတ်လျော့သော ဘက်မှာလာရှိ၏။ ပဉ္စဝေရဲ့ ဘာမဆင်ခြင်၍ပဉ္စယသန္တိသီတ သီလမရှိရုံမျှနှင့်လည်း သီလဝန္တမဟုတ်။ ဒုသီလဖြစ်ပြီဟုမဆိုရ။ ထိုငိုကာအသို ဒုသီလဆိုရာကျနေဘိ၏၊ ပါဠိအဋ္ဌကထာများနှင့် မညီဟုဆိုရန်ရှိ၏။ ။အဖြေကား။ ပါရာဇိကလေးပါးလုံခြုံ၍ရဟန်းစစ်မှန်ပေလျှင်ဒုသီလ မဆိုရ။ သီလဝန္တဆိုရပေပြီ။ သို့သော်။ ထိုသီလဝန္တသည်။ အဆင့်ဆင့်ရှိပြန်၏။ ပါရာဇိက လေးပါးတွင်လုံခြုံ၍ အထက်သိက္ခာပုဒ်တွေအားလုံးမလုံခြုံသောသီလဝန္တ။ ပါရာဇိကလေးပါးနှင့်သံဃာဒိသိသ်တဆဲ့သုံးပါးတွင်လုံခြုံ၍အထက်သိက္ခာပုဒ်တွေ အားလုံးမလုံခြုံသောသီလဝန္တစသည်ဖြင့်အဆင့်ဆင့်များပြားလျက်ရှိပြန်ရာ၏။

စတုပါရိသုဒ္ဓိသီလ လေးပါးတွင်လည်း။ ပထမသီလတွင်မျှလုံခြုံသောသီလဝန္တ။ နှစ်ပါးသာလုံခြုံသောသီလဝန္တ။ သုံးပါးသာလုံခြုံသောသီလဝန္တ။ လေးပါးလုံခြုံသောသီလဝန္တဟူ၍အဆင့်ဆင့်ရှိရာချေသည်။ သီလဝန္တအဆင့်ဆင့်ရှိကြသည့်အတွက်။ အလှူဒါယကာ၌လည်းအကျိုးပေးအဆင့်ဆင့်ရှိရာ၏။ ထိုကြောင့်။ ငိုကာဆရာသည်လည်း။ သီလတပါး ယုတ်လျော့ခဲ့လျှင် ယုတ်လျော့သည့်သီသအတွက်ဒါယကာမှာ အကျိုးပေး ယုတ်လျော့ရန်ရှိသည်ဖြစ်၍။ ထိုစကားကိုဆိုပေသည်ဟုဖြေလေ၊ ။ပထမကြွေးမြီအချက်ပြီး၏၊

ဒုတိယကြွေးမြီအချက်၌။ သမ္မောဟ။ ဂေဓ။ မဒ။ ပမာဒဟူသောအညစ်အကြေးလေးပါးတွင်သမ္မောဟဆိုသည်ကား။ မသိမှု။ တွေဝေမှုတည်း။ ထိုတွေဝေမှုသည်။ အကြမ်းအားဖြင့် ပတီးစိပ်လေးပုဒ်မှာလာသော ပစ္စည်းလေးပါး၏အကျိုး အပြစ်ကိုမျှမသိမှုတည်း။ အလတ်အားဖြင့်။ ပဋိကူလမနသိကာရ။ သမ္ပဇဉ္ဉမနသိကာရအချက်ကိုမျှမသိမှုတည်း။ ဂေဓ-ဆိုသည်ကား။ မသိသည်အတွက်ကြောင့် ပစ္စည်းလေးပါး၌ ခင်မက်မှုတည်း။ မဒ—ဆိုသည်ကား၊ ပစ္စည်းလေးပါးပြည့်စုံသည်အတွက်နှင့် တက်ကြွယစ်မူးမှု

www.dhammaransi.com



တည်း။ ပမာဒ-ဆိုသည်ကား။ ယစ်မူးမှုအတွက်ကြောင့် ကုသိုလ်ဘက်နှင့်ဝေးကွာ၍အကုသိုလ်ဘက်မှာ။ ဇချိန်ကာလများစွာကုန်ဆုံးမှုတည်း။ ဤသို့လျှင် ရဟန်းတော်တို့မှာပဋ္ဋည်း လေးပါ,နှင့်စပ်လျဉ်း၍ပဋ္ဋဝေဏ္ဏဏာဆောင်ခြင်မှုကင်းသဖြင့် ကိလေသာအညစ်အကြေးလေးပါးနေ့စဉ်တိုးပွါးမှုသည့်လည်း။ ကြွေးမြီတင်မှုကြီးတပါးပေတည်း။ ဤကားအကျဉ်းပြချက်တည်း။

ဤအခရာ၌ပုတီးစိပ် လေးပုဒ်၏ အဓိပ္ပါယ်ကို အကျဉ်းပြဆိုပေအံ့။ ။သက်နိုးပစ္စည်း၌။ ယာဝဒေဝသီတဿပဋိဃာတာယ၌။ ။ ယာဝဒေဝါတိပယောဇနာဝဓိပရိစ္ဆေဒနိယမဝစနံ။ ဧတ္တကမေဝ ဟိယောဂိနောစီဝရပဋိသေဝနေပယောဇနံ။ ယဒိဒံ သီတဿပဋိဃာတာယ'တိအာဒိ။ နဋ္ဌတောဘိယျော၊ ။ဝိသုဒ္ဓိမဂ်၊ ။ဆိုလိုရင်းကား။ ယာဝသဒ္ဒါသည်။ အကျိုးတို့၏ အဆုံးစွန်စည်းကမ်းကိုပိုင်းခြားသောသဒ္ဒါတည်း။ ဧဝသဒ္ဒါသည့် ထိုအပိုင်းအခြားကိုမလွန်ကျူးစေခြင်းငှါ မြစ်သောသဒ္ဒါတည်းဟုဆိုလိုသည်။ ဧတ္တကမေဝဟိစသည်ဖြင့်။ ထိုအနက်ကိုပင်ထင်ရှားစေသည်။ ထိုတွင်နဋ္ဌတောဘိယျောဟူသောပါဌ်ဖြင့်ပိဏ္ဍပါတ ပတီးစိပ်မှာကဲ့သို့။ နေဝဒဝါယ။ နမဒါယ။ နမဏ္ဍနာယ၊ နဝိဘူသနာယဟူသော။ ဧဝ အနက်ဧဝဏ္ဏ လေးချက်ကိုပြဆိုသည်။ ဋီကာ၌ပြသော ဧဝဏ္ဏလေးချက်သည်လည်းအသံမျှသာကွဲ၏။ အနက်မှာ ဤလေးချက်အတိုင်းပင်ကျ၏။ ဆိုလိုရင်းအဓိပ္ပါယ်ကား။ သောင်းရေသိ၌။ လူဘယောက်သည်သက်နိုးကြီး နှစ်ထည်ကို ယူခဲ့၍။ ရဟန်းတော်အားအလိုရှိရာတထည်ထည်ကိုဖြစ်စေ၊ နှစ်ထည်လုံးကိုဖြစ်စေ။ အလှူခံတော်မူပါဟုဆို၏။ နှစ်ထည်တွင်လည်း တထည်ကားပိုးချည်သက်နိုးတည်း၊ တထည်ကား။ ဝါချည်သက်နိုးတည်း။ ထိုအခါရဟန်းတော်မှာ။ ယာဝဒေဝသီတဿပဋိဃာတာယနှင့် ညီစွာခံယူခဲ့သော်ဝါချည်သက်နိုးကြီးကိုသာခံယူရာ၏။ ပိုးချည်သက်နိုးကိုမခံလိုဟုငြင်းပယ်ရာ၏။ သို့မှယာဝဒေဝနှင့်လည်းညီမည်၊ ယောနိသောလမ်းလည်းဖြောင့်မည်။ ညီပုံ။ ဖြောင့်ပုံကား၊ ရဟန်းတော်၌

ထို သက်န်းအတွက် လိုအပ်သော အကျိုးမှာ၊ ဟိရိဩတ္တပ္ပကို စောင့်ရှောက်ရန်တချက်၊ ဆောင်းနှင်းသီဖြစ်၍ အေးချမ်းမှုကိုကာကွယ်ရန်တချက်၊ ဤနှစ်ချက်သာ လိုရင်းဖြစ်၏၊ ဤနှစ်ချက်လုံလောက်လျှင်ဆောင်းရာသီ၌ သက်န်းအတွက် ကိစ္စကုန်၏၊ ကိစ္စကုန်ရုံမျှတွင် စည်းကမ်း ပိုင်းပိုင်းခြားခြား ခိုင်မြဲစွာထားရမည်၊ စည်းကမ်းကိုကျူးလွန်၍တဏှာအတွက်နှင့်မရောင့်တက်ရ၊ ယာဝသဒ္ဒါနှင့်ဧဝသဒ္ဒါကိုကြည့်၊ ထိုလိုရင်းနှစ်ချက်တွင်လည်း၊ အေးချမ်းခြင်းကိုကာကွယ်မှုမှာ ဝါချည်သက်န်းသည်သာ၍ စွမ်းနိုင်၏၊ ဟိရိဩတ္တပ္ပကို စောင့်ရှောက်မှုမှာလည်း၊ စွမ်းနိုင်သည်သာဖြစ်၏၊ ထိုလိုရင်းအကျိုးနှစ်ချက်မှာ၊ ပိုးချည်သက်န်းက ဝါချည်သက်န်းလောက်မစွမ်းနိုင်၊ ဧဝသဒ္ဒါဖြင့် ပယ်လှန်ရသောအဖြစ်ရနှင့်မြော်ရှုပြန်သော်၊ ဒဝတဏှာ၊ မဒမာန၊ မဏ္ဍနတဏှာ၊ ဝိဘူသနတဏှာရသည်၊ ဝါချည်၊ သက်န်းမှာနည်းပါး၏၊ ပိုးချည်သက်န်းမှာအလွန်အားကြီး၏၊ အထက်ကပြဆိုခဲ့သော၊ သမ္မောဟာ၊ ဂေဓ၊ မဒ၊ ပမာဒဟူသော ကိလေသာအညစ်အဖြစ်လေးချက် တိုးတက်ပွါးများရန်မှာလည်း၊ ဝါချည်သက်န်းမှာနည်းပါး၍ပိုးချည်သက်န်းမှာအလွန်အားကြီး၏၊ ပျောက်ချည်၊ ပျက်မည်အတွက်၊ ကြောင့်ကြများပါရေပိုမိုရှိသည်လည်း၊ ဝါချည်သက်န်းမှာ နည်းပါး၏၊ ပိုးချည်သက်န်းမှာများပြား၏၊ ရဟန်းတော်တို့ အထူးနှစ်သက်အပ်သောဂုဏ်သုံးပါးနှင့်လည်း ဝါချည်သက်န်းက ညီညွတ်၏၊ ပိုးချည်သက်န်းက မညီညွတ်၊ ဂုဏ်သုံးပါး ဆိုသည်ကား၊ အပ္ပါနိစ ဟောန္တိ၊ သုလဘာနိစ အနဝဇ္ဇာနိဟု၊ ဟောတော် မူအပ်သောဂုဏ်သုံးပါးပေတည်း၊ အဘိုးမထိုက်ခြင်းဂုဏ်တပါး၊ ဘယ်အခါမဆိုဘယ်အရပ်မှာ မဆို၊ ရလွယ်ခြင်း ဂုဏ်တပါး၊ ပြဆိုခဲ့ပြီးသောအဖြစ်မျိုးတို့မှကင်းလွတ်ခြင်းဂုဏ်တပါးဟူလိုသည်၊ ဤသို့စသည်ဖြင့်ပိုးချည် သက်န်းဘက်မှာ အလွန်အဖြစ်များ၏၊ ထိုကြောင့် ပိုးချည်သက်န်းကိုပယ်လှန်၍၊ ဝါချည်သက်န်းကို ခံယူမှယာဝဒေဝနှင့်လည်း ညီမည်၊ ယောနိသောလမ်းလည်း ဖြောင့်

www.dhammaransi.com



မည်ဟုဆိုပေသတည်း။ ဥဏှာသပင်္ဂိယာတာတာယမှာ။ နွေလအခါ၌ နေပူကိုကွယ်ကာရန်ကိစ္စ။ ဒုံ သ။ ခကာသ။ လ။ ပင်္ဂိယာတာယမှာမိုး လအခါ၌။ ခြင်,မှက်,စသည်ကို ကွယ်ကာရန် ကိစ္စတို့နှင့် ဟိရိ သြတ္တပ္ပကိုစောင့်ရှောက်ရန်ကိစ္စဘက်တွဲ၍ယောနိသော အနက် သွား။ ယာဝဒေဝ အနက်သွားကိုဖြောင့်မတ်စွာဆိုလေ၊ နောက်ပ တီးစိပ် သုံးမျိုးတို့မှာလည်း ဤနည်း ကဲ့မှီ၍ကြံကြလေ။ ။အ ထက်စကားနိဂုံးဒဝဆိုသည်ကား။ ထိုသင်္ကန်းကိုဝတ်ရုံ၍ စိတ် နောက်ကိုယ်ပါ အပျော်အပါး လိုက်စားမှုတည်း။ မဒဆိုသည် ကား။ ထိုသင်္ကန်းကိုဝတ်ရုံ၍ စိတ်၏ တက်ကြွ ယစ်မူး မှုတည်း။ မဏ္ဍနဆိုသည်ကား။ အသွေးအရောင်ပြောင်မှု ရွှန်းမှုကိုသာယာ ၍ဝတ်ရုံခြင်းတည်း။ ဝိဘူသနဆိုသည်ကား။ လုံးရပ်သဏ္ဍာန်တင့် တယ်ရန်သာယာ၍ဝတ်ရုံမှုတည်း။ ဤကားပတီးစိပ်ပါဠိတွင်လာ သောအပြစ်လေးပါးတည်း။

လောက၌လူအများတို့သည် အဝတ်ကိုဝတ်ကြ၊ ရုံကြရာ၌။ ပစ္စဝေက္ခဏာဆင်ခြင်မှုဟူ၍ မရှိကြကုန်ပြီ။ ဝတ်မြဲ၊ ရုံမြဲအများနဲ့ အတိုင်းသာဝတ်ကြ၊ ရုံကြကုန်၏၊ သမ္ဘောဟ အမှုကြီးပေတည်း။ ရဟန်းတို့မှာပစ္စဝေက္ခဏာ မဆင်ခြင်မှု၍ဝတ်မြဲ၊ ရုံမြဲအများနဲ့အ နေနှင့်ဝတ်မှုရုံမှုကြီးသည်။ သမ္ဘောဟအမှုကြီးပေတည်း။ သမ္ဘောဟ ရှိနေလျှင်။ ဂေဓ၊ မဒ။ ပမာဒတို့လည်းပါရှိကြကုန်တော့သည်။ ဤ သတ္တဝါတို့မှာအဝတ်အရုံကိုစွဲ၍ဖြစ်သောအဝိဇ္ဇာနုသယ။ တဏှာ နုသယ။ မာနာနုသယတို့သည် တနေ့တခြားတိုးပွါး၍သာ နေကုန် ၏။ ဤသာသနာ၌။ ရဟန်း ပြုကြရသည်မှာ အနုသယ ဟောင်း တို့ကို အကုန်ပယ်သတ်ရန် ပြုကြရ၏။ ပစ္စဝေက္ခဏာ ဆင်ခြင်မှု သည် အသစ်တိုးပွါးသည့် အနုသယတို့ကို မတိုးပွါးစေအောင် ပယ်ရှားမှုကြီးပေတည်း။ အသစ်တိုးပွါးမှုကို ပစ္စဝေက္ခဏာဆင် ခြင်မှုဖြင့်သုဒ္ဓိသင်ပယ်ရှင်း၍ အနုသယဟောင်းတို့ကို ဝိပဿနာ ဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့်ပယ်ဖြတ်ရသတည်း။ ဝိပဿနာကိုမလုပ် နိုင်သေး၍ အနုသယဟောင်းတို့ကို မပယ်နိုင်သေးလျှင် ရှိစေဦး။

www.dhammaransi.com



ရဟန်းပြုလုပ်ရာမှ အနုသယသစ်တွေ နေ့စဉ်မတိုးပွါးစေအပ်ဟု လိုသည်။

သီလဝန္တဆိုရသောရဟန်းတော်တို့မှာပစ္စဝေက္ခဏာ မဆင်ခြင်လျှင်ဆုကာပရိဘောဂဖြစ်သည့်အတွက်၊ အပါယ်သို့ကျရောက်ကြောင်းကိုဓမ္မပဒပါဠိတော်၌ဟောတော်မူ၏။

အယသာဝ မလံ သမုဋ္ဌာယ၊
တဒုဋ္ဌာယ တမေဝခါဒတိ။
ဧဝံအတိဓောနစာရိနံ၊
တာနိကမ္မာနိ နယန္တိ ဒုဂ္ဂတိံ။ ။

ဧင်းပါဠိတော်။ အနက်ကား။ ။အယသာ။ သံတုံး။ သံခဲမှ။ မလံ။ သံချေးသည်။ သမုဋ္ဌာယ။ လွန်စွာထပြီးသော်။ တဒုဋ္ဌာယ။ ထိုသံတုံးသံခဲမှထ၍။ တမေဝ။ ထိုသံတုံးသံခဲကိုသာလျှင်။ ခါဒတိဣဝ။ စားသကဲ့သို့။ ဧဝံတထာ။ ထိုအတူ။ အတိဓောနစာရိနံ။ ပစ္စည်းလေးပါး၌သမ္မာဟာ။ ဂေခစသောအညစ်အကြေးတို့ကို၊ ခါတွက်ဆေးလျှော်ကြောင်းဖြစ်သော ပစ္စဝေက္ခဏာ ဉာဏ်ပညာကိုကျူးလွန်၍ကျင့်သောရဟန်းကို။ တာနိကမ္မာနိ။ ထိုမိမိသဏ္ဍာန်၌နေ့စဉ်ဖြစ်ပွါးသော။ ဆုကာပရိဘောဂမှုတို့သည်။ ဒုဂ္ဂတိံ။ အပါယ်လေးပါးသို့။ နယန္တိ။ ပို့ချကြကုန်၏။ ။အနက်။ ။ဤဂါထာတွင်။ အတိဓောနစာရိနံပုဒ်၌။ ။ကိလေသမလာနိဓုနန္တိ ဓောတနာတိဓောနံ။ ဟူ၍ဧင်း။ ဓောဝန္တိ ဓောတနာတိဓောနံ။ ဟူ၍ဧင်း။ ဝိဂ္ဂဟ်ပြု၍ပစ္စဝေက္ခဏာ ဉာဏ်ပညာကို။ ဓောနဟူ၍ဆိုသည်၊ ပစ္စဝေက္ခဏာ ဆင်ခြင်မှုနှင့်ကင်းလွတ်၍သုံးဆောင်သည်ကို အတိဓောနစာရီဆိုသည်။ ဝတ္ထုမှာ။ ဇေတဝန်ကျောင်းတော်တွင်း၌။ တိဿအမည်ရှိသောရဟန်းတော်သည် ဂုတ်တရက်ရောဂါနှင့် သေဆုံး လေရာ။ သင်္ကန်း၌သာယာသောတဏှာကြောင့်။ ထိုသင်္ကန်းမှာပင်။ သန်း

တိရစ္ဆာန်ဖြစ်၍အပါယ်သို့ကျလေသောဂေတ္တပါ အဋ္ဌကထာနှိက် ထိုဂါထာ၏နိဒါန်းတွင်ပြဆိုသည်။

ရှေး၌သမ္ဘောဟာ၊ဂေဓ၊မဒ၊ပမာဒဟူသော ကိလေသာအညစ် အပြစ်လေးပါးနေ့စဉ်ပွါးမှုစကားကိုလည်း၊ ဤဂါထာ၌ လာသော သံချေးဥပမာကိုမြွက်၍ဆိုသည်၊ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဋီကာများ မှာလည်း၊ထိုအပြစ်လေးပါးလာရှိ၏။ ။ရဟန်းတော်တို့မှာ၊ဋီကာ ပရိဘောဂအတွက်အပါယ်သို့ကျရောက်ကြောင်းကို၊ဧကနိပါတ် ဇာတ်အဋ္ဌကထာ၌လည်းအသေအချာလာသည်။

လိတ္တံပရမေနတေဇသာတိဇာဒ်သတ္တာဇေတဝနေဝိဟာရန္တော အပဏ္ဏဝေက္ခိတွာပရိဘောဂံဘိက္ခုံအာရဗ္ဘကထေသိ။ တသ္မိံကိ ရကာလေဘိက္ခူ စိဝရာဒိနိ လဘိတွာ ယေဘုယျေန အပစ္စ ဝေက္ခိတွာပရိဘုဉ္ဇန္တိ။ တေစတ္တာရောပစ္စယေအပစ္စဝေက္ခိတွာ ဘုဉ္ဇမာနာယေဘုယျေနနိရယ တိရစ္ဆာန ယောနိတောနမုစ္စန္တိ၊ အစရှိသည်ဖြင့် ဧကနိပါတ်လိတ္တဇာတ် အဋ္ဌကထာ၌လာ၏။ ။

အနက်ကား၊ ။လိတ္တံပရမေနတေဇသာတိ။ ဟူသော။ ဋ္ဌဒံ၊ဤ လိတ္တဇာတ်ကို။ သတ္ထာ၊မြတ်စွာဘုရားသည်၊ဇေတဝနေ၊ ဇေတ ဝန်ကျောင်းတော်၌၊ဝိဟာရန္တော၊နေတော်မူစဉ်၊ အပစ္စဝေက္ခိတွာ ပစ္စဝေက္ခဏာမဆင်ခြင်မူ၍၊ပရိဘောဂံ၊သုံးဆောင်သော၊ဘိက္ခုံ၊ ရဟန်းကို၊အာရဗ္ဘ၊ အကြောင်းပြု၍၊ကထေသိ၊ ဟောတော်မူ၏။ ကိရ၊အစဉ်စကားကြားရဘူးသည်ကား၊တသ္မိံကာလေ၊ ထိုအခါ နှိက်၊ဘိက္ခူ၊ရဟန်းတို့သည်၊ စိဝရာဒိနိ၊ သင်္ကန်းစသောပစ္စည်း လေးပါးတို့ကို၊လဘိတွာ၊ရကုန်သည်ရှိသော်၊ယေဘုယျေန၊ များ သောအားဖြင့်၊အပစ္စဝေက္ခိတွာ၊ ပစ္စဝေက္ခဏာမဆင်ခြင်ကုန်မူ၍၊ပရိဘုဉ္ဇန္တိ၊သုံးဆောင်ကြကုန်၏၊တေ၊ထိုရဟန်းတို့သည်၊စတ္တာ ရောပစ္စယေ၊ ပစ္စည်းလေးပါးတို့ကို၊ အပစ္စဝေက္ခိတွာ၊ ပစ္စဝေက္ခ ဏာမဆင်ခြင်ကြကုန်မူ၍၊ ပရိဘုဉ္ဇမာနာ၊သုံးဆောင်ကြကုန်သော

www.dhammaransi.com



ကြောင့်။ ယေဘုယျေန။ များသောအားဖြင့်။ နိရယတိရစ္ဆာနယောနိတော။ ငရဲဘ၀၊ တိရစ္ဆာန်ဘ၀တို့မှ။ နမုစ္စန္တိ။ မလွတ်ကြလေကုန်။

ဤပါဠိ၌ယေဘုယျေနဆိုသည်ကား။ ထိုလက်ထက်တော်အခါမှာပင်ပစ္စဝေက္ခဏာမဆင်ခြင်သောရဟန်းတို့သည်ပြန်လွန်တော်မူကြသည့်အခါ။ တကျိပ်မှာ (၉–ပါး) (၇–ပါး) အောက်မနည်းဘဲ။ ငရဲတိရစ္ဆာန်ဘ၀သို့ကျရောက်ကြလေကုန်၏။ တရာမှာ (၉၀) (၇၀) အောက်မနည်းဘဲ။ တထောင်မှာ (၉၀၀) (၇၀၀) အောက်မနည်းဘဲ ငရဲတိရစ္ဆာန်ဘ၀သို့ ကျရောက်ကြလေကုန်၏ ဟူလိုသည်။ လက်ထက်တော်မှာပင်ထိုမျှလောက်ရှိနေသေး၏၊ ယခုအခါငါတို့လက်ထက်မှာ ဘုန်းကြီးပြန်တွေဘယ်လို နေကြမည်မသိဟုသံဝေဂရဘို့ကောင်းလှ၏။

နမုစ္စန္တိ ဆိုသည်ကား။ ယထာဘတံနိက္ခိတ္တောဧဝံနိရယေ။ ဟူသည်နှင့်အတူပေတည်း၊ ရေနက်ထဲ၌ခဲထုပ်ကိုချလိုက်ဘိသကဲ့သို့ဟူလိုသည်၊

ဘိက္ခုဝေစတ္တာရော ပစ္စယေဧဝံပစ္စဝေက္ခိတ္တွာပရိဘုဉ္ဇိတုံဝဋ္ဋတိ။ အပစ္စဝေက္ခိတွာ ပရိဘောဂေါနာမ ဟာလာဟလဝိသပရိဘောဂသဒိသော။ ။ဧင်းအဋ္ဌကထာ။ ။ဘိက္ခဝေ။ ရဟန်းတို့။ စတ္တာရောပစ္စယေ။ ပစ္စည်းလေးပါးတို့ကို။ ဧဝံ။ ဤသို့။ ပစ္စဝေက္ခိတွာ။ ဆင်ခြင်၍။ ပရိဘုဉ္ဇိတုံ။ သုံးဆောင်ခြင်းငှာ။ ဝဋ္ဋတိ။ အပ်၏။ အပစ္စဝေက္ခိတွာ။ မဆင်ခြင်မူ၍။ ပရိဘောဂေါနာမ။ သုံးဆောင်ခြင်းမည်သည်။ ဟာလာဟလဝိသပရိဘောဂသဒိသော။ လတ်တလောသေစေတတ်သော အဆိပ်ဆေးကိုသုံးဆောင် သည်နှင့်တူ၏။ ။အနက်။ ။သင်္ခါဒေသျှလှူဒါန်းအပ်သော ပစ္စည်းလေးပါးများသည်။ ထေယျပရိဘောဂမှာ ရဲရဲငြိသောသံတွေခဲနှင့် တူ၏။ ဣဏပရိဘောဂမှာ လတ်တလော သေစေတတ်သော အဆိပ်ဆေးနှင့်တူ၏၊ ဤမျှသာကွဲကြ၏။ မိမိတို့သန္တာန်၌ အတ္တဒိဋ္ဌိဟူသောအနာဆိုးကြီး ရောဂါဆိုးကြီး ရှိနေကြသည့် အတွက်ပေ

www.dhammaransi.com



တည်း။ သက်နိုးမည်သည်။ အရဟတ္တဝဇ္ဇေပဟာတဗ္ဗာတို့၏တန်ခွန်ပေ တည်း။ သက်နိုးဝတ်ရုံမှုသည်။ ငါကားရက္ခိတဗ္ဗာတို့၏အန္တယ်ပေတည်း ဟုဝန်ခံချက်ကြီးပေတည်း။ ထိုဝန်ခံချက်ကြီးကိုယုံကြည်အားကိုး ၍လှူဒါန်းကြသည့် အတွက် ထိုမျှလောက်နက်နဲလျက် ရှိလေသ တည်း။

ငင်းကေနိပါတ်ပိဿာသဘောဇနဇာတ်၌လည်း။ ။တသ္မိံ ကိရသမယေ။ ယေဘုယျေနဘိက္ခူမာတရာနေဝဒိန္နံ ပိတရာနေဝ ဒိန္နံ။ ဘာတရာ။ ဘဂိနိယာ။ ပုတ္တမာတရာ။ ဓီတုပိတရာ။ မာတုလေန။ မာတုလာနိယာဒိန္နံ။ အမှာကံ ဂိဟိကာလေပိ ဘိက္ခုကာလေပိ ဧတေဒါတာယုတ္တရူပါဝါတိ ဉာတိဟိ ဒိန္နေ စတ္တာရော ပစ္စယေ ဝိဿဇ္ဇာဟုတွာအပစ္စဝေက္ခိတွာပရိဘုဉ္ဇန္တိ။ သတ္ထာတံကာရဏံ ဉတွာမယာဓမ္မဒေသနံကာတုံ ဝဋ္ဋတီတိဘိက္ခူသန္နိပါတေတွာ ဘိက္ခဝေဘိက္ခုနာမညာတီဟိပိအညာတီဟိပိဒိန္နေစတ္တာရောပစ္စ ယေပစ္စဝေက္ခိတွာဝ ပရိဘောဂေါကာတဗ္ဗော။ အပစ္စဝေက္ခိတွာ ပရိဘောဂံကတွာကာလကိရိယမာနောဘိက္ခုယက္ခပေတ အတ္တ ဘာဝတော နမုစ္စတိ။ အပစ္စဝေက္ခိတွာ ပရိဘောဂေါနာမေသော ဝိသပရိဘောဂ သဒိသော။ စသည်ဖြင့်လာ၏။ ။ပါဠိချောက် အဓိပ္ပါယ်ကား။ ။ထိုလက်ထက်တော် အခါ၌ပင်လျှင် ရဟန်း တို့သည်။ များသောအားဖြင့်။ ငါ့အမေကလှူသောပစ္စည်းဖြစ်သည် ငါ့အဘေက။ ငါ့ဘထွေးက။ ငါ့ဦးရီးက။ ငါ့အရီးက လှူသော ပစ္စည်းဖြစ်သည်။ ငါတို့မှာလူဖြစ်သောအခါ၌သော်၎င်း။ ရဟန်းဖြစ် သောအခါ၌သော်၎င်း။ ထိုသူတို့သည်ငါတို့အား ပေးထိုက်သော သူများဖြစ်ကြကုန်သည်ဟုနှလုံးပြုကြကုန်၍။ ဆွေမျိုးဖြစ်ကြကုန် သောသူတို့ကလှူဒါန်းအပ်သော ပစ္စည်းလေးပါးတို့ကိုရဲရဲဝံ့ဝံ့မ ရွံ့ကြကုန်မူ၍ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲသုံးဆောင်ကြကုန်၏။ ထိုအကြောင်းကိုမြတ်စွာဘုရားသိတော်မူ၍ငါသည်ရဟန်းတို့အား တရားဒေသနာဟောခြင်းငှာသင့်၏ဟုအကြံပြုတော်မူ၍။ ရဟန်း တို့ကိုစည်းဝေးစေပြီးလျှင်။ ရဟန်းတို့၊ ရဟန်းမည်သည် ဆွေမျိုး

www.dhammaransi.com



တို့ကပင်ဖြစ်စေ။ ခွေးမျိုးမဟုတ်သူတို့ကပင်ဖြစ်စေ။ လှူဒါန်းအပ်သောပစ္စည်းလေးပါးတို့ကို။ ပစ္စဝေက္ခဏာ ဆင်ခြင်၍သာ သုံးဆောင်ခြင်းကိုပြုအပ်၏၊ ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သုံးဆောင်၍သေလွန်သောရဟန်းသည်ဘီလူးဘဝ။ တိရစ္ဆာန်ဘဝတို့မှာမလွတ်နိုင်။ ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သုံးဆောင်မှု မည်သည်လတ်တလောသေစေတတ်သောအဆိပ်ဆေးကို သုံးဆောင်သည်နှင့်တူ၏။ ဤသည်ဖြင့်ဟောတော်မူသည်ဟူလို၊ အစဥ္စယော ဘုယျော နပုဒ်ကိုအပစ္စဝေက္ခိတွာ ပရိဘုဉ္ဇတိ။ ယက္ခပေတ အတ္တဘာဝတောနမုစ္စတိတို့၌စပ်။ တကျိပ်မှာ(၆-ပါး)(၇-ပါး)ဘီလူးသားရဲသဘက်ပြိတ္တာ ဖြစ်လေ၏၊ တရာမှာ(၆၀) (၇၀) တထောင်မှာ(၆၀၀)(၇၀၀)ဘီလူးသားရဲသဘက်ပြိတ္တာဖြစ်လေ၏ဟုအဓိပ္ပါယ်ဆိုလေ။ လက်ထက်တော်မှာပင်ထိုမျှလောက်ရှိနေသေး၏။ ယခုကာလငါတို့လက်ထက်မှာဘုန်းကြီးပြန်တွေ ဘယ်လိုနေကြမည်မသိဟုသတိသံဝေဂယူကြလေ။ လက်ထက်တော်ဆိုရာမှာလည်း။ ပစ္စဝေက္ခဏာကိုဘုရားမဟောမီဆိုလိုသည်။ ။ဤအဋ္ဌကထာ၌ဘီလူးနှင့်ပြိတ္တာဖြစ်ကြောင်း လာသည်။ ဓမ္မဇာတ်အဋ္ဌကထာ၌ငရဲနှင့်တိရစ္ဆာန် ဖြစ်ကြောင်းလာသည်၊ နှစ်ချက်စပ်မိလျှင်လေးမျိုးရ၏၊ ဘုန်းကြီးသေ၍ဘီလူးဖြစ်သောဝတ္ထုတို့မှာ ဟောမဝတာသာတာဂိရိ။ အာဠဝက။ သူစိလောမ။ ခရလောမတို့ဝတ္ထု။ ပြိတ္တာဖြစ်ကြသောဝတ္ထုမှာ။ ပေတဝတ္ထုရှိလေပြီ။ ၁၂၆၅-ခုနှစ်မှစ၍။ အထက်အောက် မြန်မာနိုင်ငံမှာ နှစ်ရှည်လများ တရားဟောလှည့်လည်ရာ။ ဆရာတော်ကိုယ်တိုင်တွေ့မြင်ကြားသိရသောဘုန်းကြီးပြန်တွေကို သက်သေထုတ်ပြရန် အချက်ကြီးပေတည်း။ ဤနှစ်ဇာတ်လုံးမှာပင်လိုရင်းမျှကို ထုတ်ပြလိုက်သည်။ အဆိပ်ဆေးကိုမျိုမိကြသည့် အတွက် ဒုက္ခကြီး ရောက်ကြ။ သေဆုံးကြသောဇာတ်ဝတ္ထုတို့နှင့် အကျယ်ကိုအလိုရှိလျှင်။ ထိုနိပါတ်ထိုဇာတ်တို့မှာယူကြလေ။ ။သီလဝန္တ ရဟန်း တို့ အပါယ် ကျရန်အကြောင်းရကား။ ဤပစ္စည်းလေးပါး၌တွယ်ငြိသော ဏှာပရိဘော

www.dhammaransi.com



ဂမှုကြီးတပါး။ဝိနည်းတရားစီရင်ချေဒွဲဆာနန္တာဂတိ လိုက်စားမှုကြီးတပါး။ မာန်မာနကြီးတပါး။ ဇာသာသာမစ္ဆရိယကြီးမှုတပါး။ အမဲသားငါးအစားကောင်းအသောက်ကောင်းကြိုက်မှုတပါး။ဤကားဘုန်းကြီးသေလျှင်ဘီလူး,သဘက်ဖြစ်ကြောင်းရတည်း။ ဘယ်လိုပင်ဝိနည်းသိက္ခာသီလ ကောင်းသော်လည်း။ ဘယ်လိုပင်စာပေကျမ်းဂန်တတ်သော်လည်း။ထိုအမှုရတခုခုအားကြီးလျက် ရှိနေခဲ့လျှင်ဝိနည်းသိက္ခာသီလ ကောင်းမှုလည်းမကယ်နိုင်။စာပေကျမ်းဂန်တတ်မှုလည်းမကယ်နိုင်။ဘီလူး,သရဲ,သဘက်နှင့် ထိုက်သက်ရာ၊ငရဲတိရစ္ဆာန်ပြိတ္တာမလွဲနိုင်ပြီ။

ဤအရာ၌၊အချို့သူတို့သည်၊ ဝိနည်းသိက္ခာပုဒ် လုံခြုံလျှင်အပါယ်သို့မကျနိုင်ဟုထင်နေကြကုန်၏။အချို့သူတို့သည်၊ ကမ္မပထမြောက်လောက်သောဒုစ္စရိုက်မှုကင်းလွတ်လျှင် အပါယ်သို့မကျနိုင်ဟုထင်နေကြကုန်၏။ ဝိနည်းသိက္ခာပုဒ်လုံခြုံသော်လည်း။ အပါယ်သို့ကျနိုင်သည်သာ အမှန်ဖြစ်၏၊ အဘယ်သို့ကျနိုင်သနည်းဟူမူ။ဤသတ္တဝါတို့မှာအနမတဂ္ဂသံသရာမှ ကမ္မပထမြောက်ပြီးဒုစ္စရိုက်ကံကြီးပေါင်း အသောင်း အသိန်းမက ဖြစ်လေရာရာအစဉ်ပါရှိ၍နေကြ၏။ |လူတို့မှာယစ်မျိုးစွဲလမ်းမှုများသည် ထိုကဲ့သို့သောကံဟောင်းမျိုး၏ဥပနိဿယကြီးဖြစ်၍ ထိုကံဟောင်းကဇနကကိစ္စ၊ယစ်မျိုးစွဲမြဲမှုက ဥပနိဿယကိစ္စ၊ ဘက်တွဲကြပြီးလျှင်ထိုသူကိုအပါယ်ငရဲသို့မချွတ်မလွဲအမြဲချနိုင်သကဲ့သို့၊ ရဟန်းတို့မှာလည်း၊ကံဟောင်းကဇနကကိစ္စ။ဇာတာပရိဘောဂမှု စသည်တို့ကဥပနိဿယကိစ္စ။ဘက်တွဲကြပြီးလျှင်ထိုရဟန်းကိုအပါယ်ငရဲသို့မချွတ်မလွဲ အမြဲချနိုင်ကြကုန်၏၊ငှ ရှးကံဟောင်းသည်၊ စပါးမျိုးစေ့နှင့်တူ၏။ယခုလက်ငင်းရှိနေကြသော ဇာတာပရိဘောဂမှုစသည်များသည်၊ တောင်သူ ယောက်ျားနှ ငှ်တူ၏။ တောင်သူယောက်ျာသည် မျိုးစေ့ကိုလက်ကိုင်ပြု၍ ကောက်စပါးများကိုဖြစ်ပွါးစေရ၏။ မျိုးစေ့သည် တောင်သူယောက်ျား၏ ပြုလုပ်ချထားရာမှာအပင်အညွှာက် ပေါက်ပွါးရ၏၊ ယစ်မျိုးသောက်မှု

သည်ကမ္ဘပထမှုမျိုးမဟုတ်ဆိုသော်လည်း သေခါနီးတိုင်အောင် စွဲမြဲသောသူမှာထိုယစ်မျိုးမှုအတွက်အပါယ်ငရဲသို့ မလွဲနိုင်ရာပြီ။ သတ္တဝါတို့မှာအကုသိုလ်ကံဟောင်းသာရှိကြသည်မဟုတ်၊ ကုသိုလ်ကံဟောင်းများလည်း ရှိကြသည်ပင် မဟုတ်ပါလော ဟူမူ။ အတ္တဒိဋ္ဌိရှိနေကြသော သူတို့မှာကုသိုလ်၏ အင်အားထက်အကုသိုလ်၏အင်အားက အထောင်အသောင်းမကကြီးကျယ်လျက်ရှိနေကြ၏။ထိုကြောင့်ပိန်နည်း သိက္ခာပုဒ်လုံခြုံသော်သည်း ဈာနပရိဘောဂမှုအားကြီးစွာရှိနေကြသောရဟန်းတို့မှာ။ ထိုအမှုအတွက်ယောဘုယျအားဖြင့်အပါယ်သို့ကျရောက်ကြကုန်၏။ နောက်ကမ္ဘပထဒုစ္စရိုက်သရောတို့အထင်သည်လည်း။ ဤအဖြေမှာပါဝင်လေပြီ။

မြတ်စွာဘုရားသည်လည်း။ ဈာနပရိဘောဂအတွက်ယောဘုယျအပါယ်ကျအဖြစ်ကြီးကို မြင်တော်မူသည်ဖြစ်၍ဓမ္မဒါယာဒသုတ်၌။ ။ဓမ္မဒါယာဒါမေဘိက္ခဝေဘဝထ။ မာအာမိသဒါယာဒါ။ အတ္ထိမေတုမှေသုအနုကမ္ပါ။ ကိန္တိမေသာဝကာ ဓမ္မဒါယာဒါဘဝေယျုံ။နောအာမိသဒါယာဒါ။ ။ဟူ၍ဟောတော်မူသည်။ ။ ဘိက္ခဝေ။ရဟန်းတို့။တုမှေ။သင်တို့သည်။မေ။ငါဘုရား၏။ ဓမ္မဒါယာဒါ။ဗေါဓိပက္ခိယ တရားတည်းဟူသော ဓမ္မအမွေကိုသာ ခံယူကြကုန်သည်။ ဘဝထ။ဖြစ်ကြကုန်လော။ အာမိသဒါယာဒါ။ ပစ္စည်းလေးပါး တည်းဟူသော အာမိသအမွေကို ခံယူကြကုန်သည်။မာဘဝထ။မဖြစ်ကြကုန်လင့်။မေ။ငါဘုရားအား။ တုမှေသု။ သင်တို့၌။အနုကမ္ပါ။အစဉ်သနားခြင်းသည်။အတ္ထိ။ရှိ၏။ကိံ အတ္ထိ။ အဘယ်သို့ရှိသနည်းဟူမူကား။ မေ။ငါ၏။ သာဝကာ။ တပည့်သားအဆက်ဆက်တို့သည်။ကိန္တိ။အဘယ်သို့လျှင်။ဓမ္မဒါယာဒါ။ တရားအမွေကိုသာ ခံယူကြကုန်သည်။ ဘဝေယျုံ။ ဖြစ်ကြကုန်အံ့နည်း၊ အာမိဒါယာဒါ။ ပစ္စည်းလေးပါးတည်းဟူသော အာမိသအမွေကိုခံယူကြကုန်သည်။ နောဘဝေယျုံ။ မဖြစ်ကြကုန်အံ့နည်း။ဣတိ။ဤသို့။အနုကမ္ပါ။အစဉ်သနားခြင်းသည်။အတ္ထိ။ရှိ၏။ ။ အနက်။ ။ဤ၌အာမိသအမွေကို ခံယူဆိုသည်ကား၊ ဈာနပရိ

ဘောဂအနေနှင့် ခံယူသုံးဆောင်မှုကို ဆိုသတည်း။ ထိုအာမိသအာ မွေကိုခံယူမှုမှကင်းလွတ်ကြ စေရန် ပတိးစိပ်လေးပုဒ်နှင့် ပစ္စယ သန္နိဿိတသီလအစီရင်ကို စီရင်ဟောကြား ထားတော်မူခဲ့ပေ သတည်း၊ အနုကမ္ပါဆိုသည်ကား။ မြတ်စွာဘုရားတို့၏ ကြောင့် ကြတော်ကြီးဆိုလိုသည်။ ။ဤအရာ၌ ဣဏပရိဘောဂမှလွတ် ကင်း၍ပစ္စယသန္နိဿိတသီလဖြစ်စေခြင်းငှါ။ ပစ္စဝေက္ခဏာဆင် ခြင်ရာ၌။ အချို့ဆရာတို့သည် ပဋိသင်္ခါယောနိသော အစရှိသောပ တိးစိပ်ပါဠိကိုအခေါက်များစွာ ရွတ်ဆို၍ ပတိးစိပ်သျှင်ပင် ပတိး စိပ်ကိစ္စပြီးစီး၏ဟုပြောဆိုကြကုန်၏။ အချို့ဆရာတို့သည် အနက် ပါဆင်ခြင်နိုင်မှကိစ္စပြီးစီးသည်ဟုပြောဆိုကြကုန်၏၊ အမှန်မှာမူ ကား။ ပဋိသင်္ခါယောနိသောဟူသည်နှင့်အညီ ပစ္စယသန္နိဿိတ သီလဆိုသည်ကား။ ပဋိသင်္ခါနဉာဏ်ကိုဆိုသည်။ ရှေး၌ပြဆိုခဲ့ပြီး သည်အတိုင်း။ ယောနိသောအနက်သွားလမ်း။ ယာဝဒေဝအနက် သွားလမ်းတို့ကို ဖြောင့်တန်းစွာမြော်မြင်နိုင်သော ပစ္စဝေက္ခဏာ ဉာဏ်ပညာပေတည်း။ ထိုဉာဏ်ပညာဖြင့်ဆင်ခြင်၍ စင်ကြယ်မှု တည်ရှိနေသည်ကိုလည်း၊ ပစ္စယသန္နိဿိတသီလဆိုရ၏။ ထို ကြောင့်အဋ္ဌကထာ၌၊ ပစ္စယသန္နိဿိတသီလံပညာယသမ္ပာ ဒေတဗ္ဗံ။ ပညာသာဓနံ ဟိတံ၊ ပညာဝတောပစ္စယေသုအာဒီနဝါနိ သံသဒဿနသမတ္ထဘာဝတော၊ ။ဟူ၍ မိန့်ဆိုကြပေ၏။ ထို ကြောင့်ပတိးစိပ်ပါဠိမျှကို အခေါက်များစွာရွတ်ဆို၍ ပတိးစိပ်ရုံမျှ နှင့်ကိစ္စမပြီးလေ။ ဆင်ခြင်မှုဉာဏ်ပညာမပါဘဲ ကျက်အံ၍ကြေ လည်စွာရသဖြင့်အနက်မျှကိုရွတ်ဆို၍ ပတိးစိပ်သော်လည်းကိစ္စ မပြီးလေ။ ဣဏပရိဘောဂမှ မလွတ်ဟုလိုသည်။ ။ယောနိ သောအနက်လမ်းဖြောင့်တန်းစွာမြော်မြင်နိုင်ပါ၏။ မြော်မြင်ဆင် ခြင်ပါ၏။ ပစ္စည်းလေးပါး၌ဂေဓ။ မဒ။ ပမာဒတို့သည်မူကားမလွတ် ကင်းကုန်။ ပစ္စည်းလေးပါး၌အကောင်းထက်အကောင်းခံယူမှု၊ ခင် တွယ်မှု။ သိမ်းဆည်းမှုတို့သည်မူကား ရှိနေပြန်၏။ ထိုရဟန်းမှာ။ ပစ္စယသန္နိဿိတသီလတည်ပါမည်လောဟုမေးရန်ရှိ၏။ သမ္မော

www.dhammaransi.com



ဟာလွတ်ကင်းသည်အတွက်တစိတ်တဒေသမျှသာသည်ရှိပါ၏။ဂေစ။ မဒ၊ပမာဒ, ရှိနေသည့် အတွက် ဈာနပရိဘောဂမှ မလွတ်ဟု ဖြေလေ။ ။အချို့သောပုဂ္ဂိုလ်တို့သည်နဂိုစရိုက်စင်ကြယ်သည့် အတွက်ပဥ္စသီလ ထည်းလေးပါး၌။ဂေဓ။မဒ။ပမာဒတို့မှ လွတ်ကင်းပါ၏၊ ဆင်ခြင်မှုကားမရှိ၊ ထိုသူမှာထိုသီလ တည်ရှိပါမည်လောဟူမှု၊ ပြောက်ကျွန်းသူများ၏ ငါးပါးသီလသည်စေတနာသီလ၊ ဝိရတိ သီလ၊ သံဝရသီလကားမဟုတ်၊ ပကတိသီလဟူ၍ဆိုရသကဲ့သို့။ ပဉ္စသီလကားမဟုတ်။ ပကတိသီလဆိုရ၏။ သမ္ဘောဟာအ တွက်ဈာနပရိဘောဂအစွန်းမလွတ်ချေ။ သို့လော်သီလအရာမျှ ဖြစ်၍သမ္ဘောဟာကို သုဓ်သင်မှုသည်လည်း။ အရေးကြီးလှသော ဂေဓ၊ မဒ၊ပမာဒတို့ကိုသုဓ်သင်နိုင်ရန် အတွက်ပေတည်း။ ထို ကြောင့်သမ္ဘောဟာ အတွက်ဝန်မလေးလှပေ။ ။အချို့သောသူ တို့သည်ကား၊စာပေကျမ်းဂန်မှုနှင့်သော်၎င်း။ ဘာဝနာမှုနှင့်သော် ၎င်း။နေ့နေ့ညညအချိန်ကုန်ကြသော ရဟန်းတို့မှာပစ္စဝေက္ခဏာအ ထူးဆင်ခြင်ဘွယ်မရှိ၊ထိုကုသိုလ်နှင့်ပင် ဈာနပရိဘောဂမှလွတ် ကင်းစင်ကြယ်လေတော့သည်ဟုအယူရှိကြကုန်၏။ ထိုသူတို့မှာ အလွန်အရေးကြီးလှသော။ ဂေဓ၊မဒ၊ လွတ်ကင်းကြ၏လောဟု ဆင်ခြင်ရန်ရှိချေ၏။ ပမာဒမှုမရှိကြသည့်အတွက် အပြစ်မှုကား ပေါ့ရာ၏။

ဈာနပရိဘောဂအချက်အမြွက်ပြီး၏၊

---

ဒါယဇ္ဇပရိဘောဂကိုပြဆိုခဏ်း။

ဒါယဇ္ဇပရိဘောဂ၌ အမွေခွဲမှုနှင့်ရရှိ၍သုံးဆောင်မှုကိုဒါယဇ္ဇပ ရိဘောဂဆိုသည်။မြတ်စွာဘုရား၏အမွေတော်ကိုခံယူသုံးဆောင် ခြင်းဟူလိုသည်၊မြတ်စွာဘုရား၏ အမွေတော်သည်၊ အာမိသအ မွေ၊ဓမ္မအမွေဟူ၍နှစ်ပါးရှိ၏။ထိုတွင်ပစ္စည်းလေးပါးကို အာမိသ

www.dhammaransi.com



အမွေခံဆိုသည်။ ဗောဓိပက္ခိယ တရား–၃၇–ပါးကိုခံ၍အမွေခံဆိုသည်။ရဟန္တာပုဂ္ဂိုလ်မှတပါးသောကျွအရိယာပုဂ္ဂိုလ်(၇)ယောက်တို့သည်။မြတ်စွာဘုရား၏ သားတော်အစစ်ဖြစ်ကြကုန်၍အမွေခံပုဂ္ဂိုလ်တို့ပေတည်း။သားတော်အစစ်ဖြစ်ပုံကား။ဒိဋ္ဌိ,ဝိစိကိစ္ဆာရှိနေကြကုန်သော ပုထုဇန်ပုဂ္ဂိုလ်သည် ရဟန်းတော်ပင် ဖြစ်ကြကုန်သော်လည်း သားတော်အစစ်မဟုတ်ကြကုန်။ အကြောင်းမူကား။ ထိုသူတို့သည် ထိုတရားနှစ်ပါးရှိကြသည့်အတွက် ယခုနေ့မှာဘုရားတပည့်။ နက်ဖြန်မှာဘုရားရန်သူဖြစ်နိုင်သောအတို့၌တည်နေလျက် ရှိကြကုန်သောကြောင့်တည်း။ ထိုဒိဋ္ဌိ,ဝိစိကိစ္ဆာကိုအမြစ်ပါပယ်ရှင်းကြကုန်ပြီးသော ထိုအရိယာပုဂ္ဂိုလ်တို့သည်မူကား။ထိုပယ်ရှင်းသောခဏမှစ၍။ နိဗ္ဗာန်ဝင်ကြသည်ဘဝတိုင်အောင်ဘုရား၏ သားတော် အဖြစ်အစဉ် မြဲကြလေတော့သည်။ ထိုကြောင့်။ ထိုအရိယာ ပုဂ္ဂိုလ်တို့ သည်သာလျှင် ပရမတ္ထ သားတော်အစစ် ဖြစ်ကြပေကုန်သည်။ သားတော်အစစ်ဖြစ်ကြကုန်သည်နှင့်တပြိုင်နက် ဇာတာပရိဘောဂနယ်ကိုလည်း လွန်မြောက်ကြကုန်၏၊မြတ်စွာဘုရား၏ အမွေခံသားတော် အဖြစ်သို့ရောက်ကြကုန်၏။ဇာတာပရိဘောဂကို လွန်မြောက်ပုံကား။ ထိုအရိယာပုဂ္ဂိုလ်တို့မှာ။ သီလသိက္ခာ ပျက်ကွက် လျော့ပါးသော ပုဂ္ဂိုလ်။ သီလသိက္ခာ တည်နိုင်ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍ အထူးမရှိကြကုန်ပြီ။သီလေသုပရိပူရကာရီပုဂ္ဂိုလ်ချည်းဖြစ်ကြ၍ သီလသိက္ခာတည်နိုင်ပြည့်စုံသည်ချည်းဖြစ်ကြကုန်၏။ သို့အတွက်။လှူဒါန်းသူဒါယကာတို့နှက် အလှူခံပုဂ္ဂိုလ်အတွက်နှင့် အကျိုးပျက်ကွက်ယုတ်လျော့ခြင်းမရှိလေပြီ။ သောတာပန်ရဟန်းကို လှူလျှင်သောတာပန်အလိုက်ရထိုက်သော အကျိုးကိုရနိုင်ကြကုန်တော့သည်။ သကဒါဂါမ်ရဟန်းကိုလှူလျှင် သကဒါဂါမ်အလိုက်။ အနာဂါမ်ရဟန်းကိုလှူလျှင်အနာဂါမ် အလိုက် ရထိုက်သောအကျိုးကိုရနိုင်ကြကုန်တော့သည်၊ ထိုကြောင့်အလှူဒါယကာတို့၌ အကျိုးပေးပျက်ကွက်ယုတ်လျော့မှုအတွက်နှင့် အလှူခံပုဂ္ဂိုလ်မှာကြွေး

www.dhammaransi.com



မြဲအတင်အရှက်မရှိပြီ။သက်နိုးဟူသောအရဟတ္တဓဇကိုဝတ်ဆင်သောပရိုညာဥ်မှုကြီးလည်းပြေကုန်လေတော့သည်။

အနုတ္တသမ္မာဒိဋ္ဌိဥာဏ်ကြီးအလင်းပေါက်သည်အတွက်အတ္တဒိဋ္ဌိနှင့်ယှဥ်သောအံ့လွန်နက်နဲသောသမ္မောဟ၊ဂေဓ။မဒ။ပမာဒအညစ်အမိုက်အပြစ်ကြွေးမြီတို့သည် မရှိကြကုန်ပြီ။ အတ္တဒိဋ္ဌိနှင့်မယှဥ်သောသမ္မောဟ။ ဂေဓ။မဒ။ပမာဒအညစ်၊ အပြစ်ကျန်ရှိကြရာမှာလည်း။ဧ၊ဝိပက္ခိယ ဓမ္မအမွေကြီးခိုင်မြဲပြီးဖြစ်ကြ၍ သုဂတိဘဝ၏အန္တရာယ်၊ဗောဓိပက္ခိယဓမ္မ၏ အန္တရာယ်ကိုမပြုနိုင်ကြကုန်ပြီ၊ဤကား။ဣဏပရိဘောဂနယ်ကိုလွန်ကြပုံတည်း။ မြတ်စွာဘုရား၏အမွေခံအစစ်အဖြစ်သို့ရောက်ပုံမှာ။ သားတော်အစစ်အဖြစ်သို့ရောက်ပုံအတိုင်းပင်တည်း။ဥပမာမှုကား။ လောကနိုက်ပစ္စည်းဥစ္စာဘုဍ္ဍေမျှားစွာ ချမ်းသာသောသူဌေးကြီး၏ သားပင်ဖြစ်သော်လည်း၊ ပိဘအမွေကိုရရှိပြီးနောက် အနွယ်ကိုမစောင့်ရှောက်ဘဲပစ္စည်းဥစ္စာတို့ကိုအတ္တဟိတမပြု။ ပရဟိတမပြု။ ဖြုန်းတီးမှု၌စိုးရိမ်ဘွယ်ရှိနေသော သားသည် အမွေခံထိုက်သော သားမဟုတ်။အနွယ်ကိုစောင့်ရှောက်၍ပစ္စည်းဥစ္စာတို့ကို။အတ္တဟိတ။ပရဟိတတို့၌ဖြောင့်မတ်စွာ ကြီးပွါးစေနိုင်လိမ့်မည်ဟု ယုံကြည်ရသောသားသည်သာလျှင်အမွေကိုခံထိုက်သော သားကောင်းရတနာဖြစ်ပေသကဲ့သို့တည်း။

ဤအချဉ်၌အာမိသအမွေတော်ဘက်မှာစောဒနာရန်ရှိ၏။ ဤပရိဘောအရာတွင် ပစ္စည်းလေးပါးဟူသော အာမိသအမွေတော်ကိုခံယူသုံးဆောင်မှုကို။ဒါယဇ္ဇပရိဘောဂဖြစ်၍ အပြစ်မရှိသောသုံးဆောင်ခြင်းဟုဆို၏။ ဓမ္မဒါယာဒသုတ်၌မူကား။ တပည့်သားရဟန်းတော်အဆက်ဆက်တို့သည်အာမိသအမွေတော်ကို ခံယူကြမည်ကိုအကြောင့်ကြကြီး ကြောင့်ကြတော်မူကြောင်း ဟောတော်မူသည်နှင့် မဆန့်ကျင်ပါလောဟု ဆိုရန်ရှိ၏။ဓမ္မဒါယာဒသုတ်၌အကြောင့်ကြကြီး ကြောင့်ကြတော် မူသည်မှာဣဏပရိဘောဂနယ်သားများ အတွက်ဟုယူလျှင် မဆန့်ကျင်ဟုဖြေလေ။

www.dhammaransi.com



အကြောင်းမူကား။ အတ္တဒိဋ္ဌိရှင်ပုထုဇန်ရဟန်းများမှာ။ ဣဏပရိဘောဂဖြစ်ခဲ့သော်။ အတ္တဟိတ, ပရဟိတနှစ်ပါး ပိုင်းပိုင်းလဲ၍သွား၏။ အနတ္တသမ္မာဒိဋ္ဌိရှင်အရိယာပုဂ္ဂိုလ်တို့မှာ ထိုအကျိုးနှစ်ပါးပျက်ကွက်လမ်းမရှိကြကုန်ပြီ၊ သို့သော် ထိုဒါယဇ္ဇပုဂ္ဂိုလ်တို့မှာပစ္စည်းလေးပါးကို သုံးဆောင်ကြရာ၌၊ ပစ္စဝေက္ခဏာဆင်ခြင်မှုမရှိကြပြီလား။ မရှိဟုဆိုခဲ့သော် ထိုပစ္စယ သန္နိဿိတသီလတည်နိုင်မည်လားဟုမေးရန်ရှိ၏။ သင်္ခါယသေဝေဝရပညာသာဝကော။ဟူသောပုဒ်အဖွင့် မဟာဋီကာ၌ကား။ ။ဝရပညာသာဝကောတိဥတ္တမပညာယ ဘာဂဝတောသာဝကော သေက္ခောဝါပုထုဇ္ဇနောဝါ,ဟုဆင်ခြင်သော ပုဂ္ဂိုလ်ရမှာ သေက္ခအရိယာများလည်းလာပေ၏။ သို့သော်ထိုပစ္စဝေက္ခဏာ ဆင်ခြင်မှု ဟူသောဉာဏ်အစိတ်သည်အနိစ္စထင်မြင်မှု၊ ဒုက္ခထင်မြင်မှု။ အနတ္တထင်မြင်မှု ဟူသောသမ္မာဒိဋ္ဌိနယ်ကြီးအတွင်း၌ပါဝင်လေပြီးဖြစ်၍။ ထိုပုဂ္ဂိုလ်တို့မှာပစ္စဝေက္ခဏာ အထူးဆင်ခြင်သည်ဖြစ်စေ၊ မဆင်ခြင်သည်ဖြစ်စေ။ ထိုသီလအမြဲတည်လေတော့သည်ဟုဖြေ။ ။ ပစ္စဝေက္ခဏာကြေလည်စွာဆင်ခြင်၍၊ပစ္စယသန္နိဿိတသီလနှင့်ပြည့်စုံသောပုထုဇန် ရဟန်းကို သေက္ခပုဂ္ဂိုလ်၌ ထည့်သွင်းမြဲကျမ်းဂန်ထုံးစံရှိသည်ဖြစ်၍။ ထိုပုဂ္ဂိုလ်၏ သုံးဆောင်မှုကိုလည်းဒါယဇ္ဇပရိဘောဂတွင်ထည့်သွင်းရမည်ဟူ၍ အဋ္ဌကထာတို့၌ဆိုပေသည်

ဒါယဇ္ဇပရိဘောဂအနက်ပြီး၏။

---

## သာမိပရိဘောဂကိုပြဆိုခဏ်း။

သာမိပရိဘောဂ ဆိုသည်ကား။ စိုးစိုးပိုင်ပိုင် သုံးဆောင်ရခြင်းဘည်း။ရဟန္တာပုဂ္ဂိုလ်တို့၏ပစ္စည်းလေးပါး သုံးဆောင်မှုကိုဆိုသည်။မြတ်စွာဘုရား၏ အမွေခံသားတော်ကြီးဖြစ်ကြကုန်၍သူတို့၏သုံးဆောင်မှုသည်၊ဒါယဇ္ဇပရိဘောဂပင်ဖြစ်၏။ သို့သော်တ

www.dhammaransi.com



ဏှာမရှိသည် အတွက် တဏှာ၏ကျွန် အဖြစ်မှကျွတ်လွတ်ကြကုန်ပြီဖြစ်၍ပစ္စည်းလေးပါးကိုသုံးဆောင်ရာ၌၊ မိမိတို့၏စိတ်ကိုမိမိတို့စိုးပိုင်မှု အလူးရှိကြသည့်အတွက် သာမိပရိဘောဂဟုဆိုရပြန်သည်။ တဏှာရှိနေကြသောသေက္ခပုထုဇန်တို့မှာ ပစ္စည်းလေးပါးကိုသုံးဆောင်ကြရာနှိုက်မိမိတို့စိတ်ကို မိမိတို့ကအစိုးမရကြကုန်၊ တဏှာကသာအစိုးရ၏။ တဏှာ၏အစေ။ တဏှာ၏အာရုံ၊ တဏှာ၏အကြိုက်နှင့်တွေ့ကြုံကြလျှင်မိမိတို့ဉာဏ်က ရှုံ့ဘွယ်,စက်ဆုတ်ဘွယ်ဟုသိ၏။ ပြော၏။ ဟော၏။ စိတ်ကမူကား မရှုံ့လေ။ မစက်ဆုပ်လေ။ ထိုအာရုံသို့သာသွား၏၊ စိတ်ရောကိုယ်ပါ မြိန်ရှက်စွာခံစား၏။ မိမိတို့ဉာဏ်က။ ကြောက်ဘွယ်။ ထိတ်ဘွယ်၊ လန့်ဘွယ်ဟုသိ၏။ ပြော၏။ ဟော၏။ စိတ်ကမူကား မကြောက်လေ။ မလန့်လေ။ မထိတ်လေ။ ထိုအာရုံသို့သာဆွဲ၏၊ စိတ်ရောကိုယ်ပါခင်မင်စွာခံစား၏။ ရဟန်းကိစ္စမကုန်ကြသေးသောရဟန်းတို့မှာပံသုကူလသင်္ကန်း။ ပိဏ္ဍိယာလောပဆွမ်း၊ ရုက္ခမူလကျောင်း။ ပူတိမုတ္တဆေးများသည် အကောင်းဆုံးအမြတ်ဆုံး ပေဟုသိကြ၏။ ပြောတတ်ဟောတတ်ကြ၏။ စိတ်ကမူကား မကြိုက်။ အတိရေကလာဘသက်၌သာနစ်မြုပ်၍နေကြ၏။ ဤကား မိမိတို့၏စိတ်ကိုမိမိတို့ကအစိုးမရ။ တဏှာကသာအစိုးရပုံ။ တဏှာကျွန် ဖြစ်နေကြပုံတည်း။ ရဟန္တာပုဂ္ဂိုလ်တို့မှာမူကား။ ထိုကဲ့သို့ မဟုတ်ကြကုန်ပြီ။ မိမိတို့ဉာဏ်ကရှုံ့ဘွယ်။ စက်ဆုပ်ဘွယ်ဟုရှုလိုက်လျှင် စိတ်ကလည်းရှုံ့၍စက်ဆုပ်၍လိုက်တော့သည်၊ ။ ဤအရာ၌သုတ္တန်ပါဠိတော်ရှိ၏။ ။ ဣဓာနန္ဒဘိက္ခုနောစက္ခုနာရူပံဒိသွာဥပ္ပဇ္ဇတိမနာပံ ဥပ္ပဇ္ဇတိ အမနာပံ ဥပ္ပဇ္ဇတိမနာပံ အမနာပံ။ သောသစေအာကင်္ခတိပဋိကူလေ အပ္ပဋိကူလသညီဝိဟရေယျန္တိ။ အပ္ပဋိကူလသညီတတ္ထဝိဟရတိ၊ သစေအာကင်္ခတိ အပ္ပဋိကူလေ ပဋိကူလသညီဝိဟရေယျန္တိ။ ပဋိကူလသညီ တတ္ထဝိဟရတိ။ သစေအာကင်္ခတိ ပဋိကူလေစအပ္ပဋိကူလေစ အပ္ပတိကူလသညီ ဝိဟရေယျန္တိ၊ အပ္ပဋိကူလသညီတတ္ထဝိဟရတိ။ သစေအာကင်္ခတိပဋိကူ

လေစ အပ္ပနိုက္ကူလေစပဋိကူလသညီ ဝိဟာရေယျန္တိ၊ ပဋိကူလသညီတတ္ထဝိဟာရတိ။ သစေအာကင်္ခတိပဋိကူလဉ္စ အပ္ပဋိကူလဉ္စ တဒုဘယံအဘိနိဝဇ္ဇေတွာဥပေက္ခကောဝိဟာရေယျံ သတောသမ္ပဇာနောတိဥပေက္ခကောတတ္ထဝိဟာရတိသတောသမ္ပဇာနော။ ။ အဆင်းဟူသောရူပါရုံနှင့်တွေ့ကြုံရာနိုက်စိတ်ကိုအစိုးရပုံငါးချက်တည်း။နောက်အာရုံငါးပါးတို့နှင့်တွေ့ကြုံရာတို့၌လည်း စိတ်ကိုအစိုးရပုံငါးချက်စီလာ၏။အကျဉ်းချုပ်အဓိပ္ပါယ်ကား။အါရုံခြောက်ပါးတို့တွင်တပါးတပါး၌ဣဋ္ဌာရုံ။ အနိဋ္ဌာရုံဟူ၍ နှစ်မျိုးစီရှိကြ၏။ ထိုနှစ်မျိုးတို့တွင် ရဟန္တာပုဂ္ဂိုလ်တို့မှာ။ ဣဋ္ဌာရုံခြောက်မျိုးတို့နှင့်သေဘ်ရင်း၊ အနိဋ္ဌာရုံခြောက်မျိုးတို့နှင့်သေဘ်ရင်း။ ဣဋ္ဌာရုံအနိဋ္ဌာရုံအရောအားဖြင့်သေဘ်ရင်းတွေ့ကြုံကြရာ၌။ မိမိတို့စိတ်ကို အာရုံအလိုသို့မလိုက်စေမူ၍။မိမိတို့အလိုရှိတိုင်းထားနိုင်ကြကုန်၏။ ရွံရှာဘွယ်ရှိသော အနိဋ္ဌာရုံကိုပင် ဣဋ္ဌာရုံအနေနှင့် နှလုံးထားလိုက်သေဘ်စိတ်သည်မရွံရှာပြီ၊ နှစ်သက်ဘွယ်ရှိသော ဣဋ္ဌာရုံကိုပင် အနိဋ္ဌာရုံအနေနှင့် နှလုံးထားလိုက်သေဘ် စိတ်သည် ရွံရှာတော့သည်၊ဣဋ္ဌာရုံအနိဋ္ဌာရုံနှစ်မျိုး၌ပင်လျစ်လျူရှုလိုက်သေဘ်။ဥပေက္ခာစိတ်တည်လေတော့သည်။ ဣဋ္ဌာရုံမှာ ဣဋ္ဌာရုံအတိုင်း။ အနိဋ္ဌာရုံမှာအနိဋ္ဌာရုံအတိုင်း စိတ်ထားမှုနှစ်ပါးမှာသာ၍ လွယ်ကူတော့သည်၊ ။ဘုရာအဆင်းတော်အသံတော်အစရှိသော ဣဋ္ဌာရုံမျိုးမှာဣဋ္ဌာရုံအတိုင်း ကြည်ညိုစိတ်နှစ်သက်စိတ်ကိုထား၏။ ကာမဂုဏ်ငါးပါးနှင့်စပ်သောဣဋ္ဌာရုံမျိုးမှာ၊ရွံရှာစိတ်ကိုသေဘ်ရင်းလျစ်လျူစိတ်ကိုသေဘ်ရင်း ထားလိုရာထားနိုင်၏ စသည်ဖြင့်ဆိုလေသာမိပရိဘောဂအဖြွက်ပြီး၏။ ။ဤပရိဘောဂ အနက်၌ကျန်ရှိသောအနက် အဓိပ္ပါယ်အကျယ်ကိုမူကားဝိသုဒ္ဓိမဂ် အဋ္ဌကထာဋီကာတို့မှာယူကြလေ၊

ပရိဘောဂလေးပါးအဖြွက်စကားပြီး၏။

www.dhammaransi.com



ယခုအခါအတက် လျှောက်လွှာတွင်ပါရှိသည့် အချက်ရကို ရှင်းလင်းပေအံ့။ ။မြတ်စွာဘုရားသည် အကြည်အပြု ခွင့်ပြုတော်မူအပ်သောပိဏ္ဍိယာလောပဆွမ်း၊ ပံသုကူသင်္ကန်း၊ ရုက္ခမူလကျောင်း၊ ပုတိမုတ္တဘေသဇ္ဇ။ ဤပစ္စည်းလေးပါးတို့၌ ပစ္စဝေက္ခဏာဆင်ခြင်ဘွယ်ရှိမရှိ၊ မဆင်ခြင်သော်လည်း၊ ဣဏပရိဘောဂဖြစ်မဖြစ်၊ ဤကားလိုရင်း အချက်ပေတည်း။ အထက်က ပရိဘောဂလေးပါးကိုထင်ရှားစွာဖော်ပြရသည်မှာ ဤအချက်ကိုရှင်းလင်းဖို့ပင်ဖြစ်၏၊ ထိုအချက်၌ အကြည်အပြု ခွင့်ပြုတော်မူသောဟူသောဟေတုဝိသေသန စကားဖြင့် ရဟန်းတော်တို့၏ အသုံးအဆောင်ဖြစ်သော ပစ္စည်းလေးပါးသည်၊ မြတ်စွာဘုရား၏ အမွေတော်ဖြစ်၍ မြတ်စွာဘုရားသည် အမွေရှင်ဖြစ်၏၊ အမွေရှင်ကြည်ဖြူစွာခွင့်ပြုသည် အတွက်ကြောင့်၊ ထိုပိဏ္ဍိယာလောပဆွမ်းစသောပစ္စည်းများ၌ ပစ္စဝေက္ခဏာ မဆင်ခြင်သော်လည်း ဣဏပရိဘောဂမဖြစ်၊ မြတ်စွာဘုရားသည်အလိုတော်ရှိရင်းမဟုတ်ဘဲ။ မလွှဲသာ၍သာ ခွင့်ပြုတော်မူရသော အတိရေကလာဘပစ္စည်းမျိုး၌မူကား၊ ပစ္စဝေက္ခဏာ မဆင်ခြင်လျှင် အမွေရှင်မြတ်စွာဘုရား၏ အလိုတော်မကျသည့်အတွက် ဣဏပရိဘောဂဖြစ်၏။ ပစ္စဝေက္ခဏာဆင်ခြင်မှ အလိုတော်ကျသည့်အတွက် ဣဏပရိဘောဂမှ လွတ်၏ဟုဆိုလိုရိပ်ထွက်၏၊ ဤအလို၌မြတ်စွာဘုရား အလိုတော်မကျမှု၊ မြတ်စွာဘုရားအပြစ်တင်တော်မူနိုင်မှုကို ဣဏဟူ၍ဆိုလို၏ ဆိုထိုက်ပေ၏၊ ပိဏ္ဍိယာလောပစသော ပစ္စည်းများမှာလှူဒါန်းသူဒါယကာအတွက်နှင့်လည်းတာဝန်ကြီးစွာမရှိ၊ သမ္မောဟ ဂေဓ၊ မဒ၊ ပမာဒ အတွက်နှင့်လည်း တာဝန်ကြီးစွာ မရှိသောကြောင့်လည်း၊ ဣဏပရိဘောဂဖြစ်ဘွယ်မရှိဟုဆိုလို၏၊ ဆိုခွင့်လည်းရှိပေ၏၊ သို့သော်ပိဏ္ဍိယာလောပဆွမ်းမှာလှူဒါန်းသူဒါယကာအတွက်နှင့်လည်း မပေါ့သာချေ၊ သမ္မောဟ၊ ဂေဓ၊ မဒတို့အတွက်နှင့်လည်း မပေါ့သာချေ၊ တအိမ်မှတလုပ်စာမျှ ဖြစ်သော်လည်းလတ်တလော သေစေတတ်သော အဆိပ်ဆေးနှင့်အလား

www.dhammaransi.com



တူမျိုးမဟုတ်ဟူ၍လည်း မဆိုသာချေ။ လှူဒါန်းသူမရှိဘဲ ရနိုင်သောပံသုကူသက်န်း။ ရုက္ခမူလကျောင်း။ ပုတိမုတ္တဆေး တို့မှာလည်းသမ္မောဟအဖြစ်နှင့် လျဉ်းပါးဘွယ်ရှိချေသည်။ ရှေးပညာရှိတို့သည်လည်းသောက်ရေ၊ သုံးဆောင်ရေတို့၌ပင်ပစ္စဝေက္ခဏာဆင်ခြင်စမှတ်ပြုကြကုန်သည်။

ပိဏ္ဍ°ဝိဟာရံသယနာသနဉ္စ၊
အာပဉ္စသံဃာဋိ ရဇူပဝါဟနံ။
သုတွာန ဓမ္မံသုဂတေန ဒေသိတံ၊
သင်္ခါယသေဝေ ဝရပညသာဝကော။ ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ။ဝရပညသာဝကော၊ မြတ်သောသဗ္ဗညုတညာဏ်ရှင်ကြီး၏တပည့် သားတော်ဖြစ်သော ရဟန်းသည်၊ သုဂတေန၊ မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်သော၊ ဓမ္မံ၊ တရားကို။ သုတွာန၊ ကြားနာ၍။ ပိဏ္ဍဉ္စ၊ ဆွမ်းကိုရင်း။ ဝိဟာရဉ္စ၊ ကျောင်းကိုရင်း။ သယနာသနဉ္စ၊ အိပ်ရာနေရာကိုရင်း။ အာပဉ္စ၊ သောက်ရေကိုရင်း။ သံဃာဋိရဇူပဝါဟနဉ္စ၊ သင်္ကန်း၌လိမ်းကပ်သောမြူအညစ်အကြေးတို့ကို ဆေးလျှော်မျှောချကြောင်းဖြစ်သောဆေးရေကြောရေကိုရင်း၊ သင်္ခါယ၊ ပစ္စဝေက္ခဏာဆင်ခြင်၍။ သေဝေ၊ မှီဝဲသုံးဆောင်ရာ၏။ ။အနက်။ ။ဤသို့လာသောကြောင့်။ ပိဏ္ဍ°ယာလောဆွမ်း၊ ပံသုကူသက်န်းတို့မှာလည်းမပေါ့သာချေ။ သံဃရက္ခိတသာမဏေရဝတ္ထု၌လည်း။

ဥပဋ္ဌာယော မံဘုဉ္ဇမာနံ၊ သာလိကူရံ သုနိဗ္ဗုတံ၊
မာဟေတွံ သာမဏေရ၊ ဇိဝှံ ဈာပေဟိ အသညတော။ ။

ဟုလာ၏။ ။ဥပဋ္ဌာယော။ ဥပဋ္ဌာယ်ဆရာသည်။ သုနိဗ္ဗုတံ။ ကောင်းကောင်းကြီးအေးလေပြီးသော။ သာလိကူရံ၊ သလေးဆွမ်းကို။ ဘုဉ္ဇမာနံ။ စား၍နေသော။ မံ၊ ငါ့ကို။ သာမဏေရ၊ သာမဏေ။ တွံ၊ သင်သည်။ အသညတော။ မစောင့်စည်းမူ၍။ ဇိဝှံ၊ လျှာကို

www.dhammaransi.com



မာဟောဗျာပေဟိ။ ဆွမ်းပုမလောင်စေနှင့်။ ဇုတိ။ ဤသို့။ အာဟား ဆိုလေ၏။ ။အနက်။ ။အသည္ဘောတိအပစ္စဝေက္ခဏံ သန္တာယာဟ။ ။မဟာဒိုကာ။ ။ကောင်းကောင်းကြီးဖေးလေပြီးသောဆွမ်းဖြစ်ပါလျက်လျှာကိုဆွမ်းပူမလောင်စေနှင့်ဆိုသည်ကား။ အလွန်ပူလောင်သောအဆိပ်ဆေး ဥပမာအတိုင်းဆိုပေသည်။ အသည္ဘောဟူသည်နှင့်အညီ ပစ္စဝေက္ခဏာ မဆင်ခြင်ကပိဏ္ဍပါယာလောပဆွမ်းဟူ၍လျှာကိုမလောင်နိုင်ဘူးဟု မဆိုသာချေ။ မဆိုသာရုံမျှမက၊ ပိဏ္ဍပါယာလောပဆွမ်း အတွက်ပျက်စီးဘူးသောပိဏ္ဍပါတ် ရှုတင်ဆောင် ရဟန်းဝတ္ထုနှင့်တကွ။ တဏှာတကာ တဏှာတွင်ဤမှသတဏှာသည် အကြီးကျယ်ဆုံး ဖြစ်ကြောင်းကို။ ဧကနိပါတ်ဝါတမိဂဇာတ်၌လာပေ၏။ လာပုံကား။ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းတော်၌ နေတော်မူစဉ်။ အလွန်ကြွယ်ဝသော သူဌေး၏သား တိဿအမည်ရှိသောလုလင်သည်၊ မြတ်စွာဘုရားထံ တရားတော်ကို ကြားနာရသဖြင့် သံဝေဂရ၍ရဟန်းပြုခြင်းငှာလျှောက်ထားရာ။ မိဘတို့အခွင့်ပြုသူကိုမှအခွင့်ပေးသည်ဟု မိန့်တော်မူ၏။ သူဌေးသားသည်မိဘတို့ထံပြန်၍ခွင့်တောင်းလေရာ။ တယောက်ထည်းသောသားဖြစ်၍မိဘတို့ကအခွင့်မပေးနိုင်ရှိနေ၏၊ ထိုအခါ ရဟန်းမပြုရလျှင်သည်နေရာအသေခံတော့မည်ဟု အစာမစားဘဲ ထိုနေရာတွင် ခုနစ်ရက်ပတ်လုံးအိပ်နေလေ၏။ ထိုအခါမိဘတို့သည် အခွင့်ပေးရကုန်၏၊ မိဘတို့ထံမှအခွင့်ရသဖြင့်မြတ်စွာဘုရားထံသို့သွား၍ ရဟန်းပြုလေ၏၊ မြတ်စွာဘုရားသည် သူဌေးသားကို ရဟန်းပြုစေပြီးနောက်တဆဲ့ငါးရက်မျှဝေဠုဝန်ကျောင်းတော်၌နေတော်မူ၍သာဝတ္ထိပြည်သို့ကြွတော်မူ၏။ ထိုရဟန်းငယ်သည်လည်း သာဝတ္ထိပြည်သို့ပါလေ၍ဇေတဝန်ကျောင်းတော်မှာနေပြီးလျှင် ဓုတင်တဆဲ့သုံးပါးကိုဆောက်တည်၍ သာဝတ္ထိပြည်၌ အိမ်စဉ်အတိုင်းပိဏ္ဍပါတ်ဆွမ်းအမြဲခံလေ၏။ စုဠပိဏ္ဍပါတိကတိဿအမည်နှင့်သာဝတ္ထိပြည်တွင် ထင်ရှားကျော်စောလေ၏။ ။ကုလပုတ္တော

www.dhammaransi.com



တေရသ ရူသင်္ဂါနိသမာဒါယ၊ သာဝတ္ထိယံ သပဒါနံ ပိဏ္ဍာယစရ မာနော ကာလံပိတိနာမေတိ။ ဧကူဒ္ဓပိဏ္ဍပါတိကာတိသင်္ချံဂတော တိပညာတော။ ။ငင်းဇာတ်အဋ္ဌကထာ။ ။ထိုအခါ ရာဇဂြိုဟ် ပြည့်မှာမိဘဖြစ်သူများသည်ပုဆွေးဒုက္ခဖြစ်ကြ၍ ငိုယိုမြည်တမ်း ကြရာ။ အရွယ်အဆင်းနှင့် ပြည့်စုံသော သူငယ်မတယောက်က။ ကျွန်တော်မကို စည်းစိမ်ဥစ္စာနှင့်တကွ အပ်နှင်းကြမည် ဖြစ်ပါ လျှင်၊ အရှင့်သားကို ကျွန်တော်မ ဤအိမ်သို့ရောက် အောင်သွေး ဆောင်မည်ဟုဆိုပေ၏။ မိဘတို့ကလည်း။ အပ်နှင်းမည်ဟုဆိုကြ ၏။ ထိုအခါထိုသူငယ်မသည်။ ပဉ္စည်းဥစ္စာကိုရင်း။ သင့်လျော်ရာ အဘော်သင်းပင်းကိုရင်းတောင်းယူ၍။ သာဝတ္ထိပြည်သို့ သွားပြီး လျှင်။ ထိုရဟန်းငယ်ဆွမ်းခံလမ်းတွင်အိမ်ဆောက်လုပ်၍နေထိုင် ကြလျက်အလွန်ကောင်းမွန်စွာကြိုချက်၍ တမှတ်စာသောယာဂု ကိုရင်း။ တစွမ်းကြီးမျှသော အလွန်အရသာရှိသော ဆွမ်းကိုရင်း လောင်းလေ၏။ ရဟန်းငယ်သည်ထိုဆွမ်းအရသာ၌လွန်စွာစွဲလမ်း ခြင်းဖြစ်၍။ ထိုသူငယ်မ ပြောဆိုရာပါလေ၏။ ထိုအခါအိမ်ပေါ် သို့ပင့်တင်၍ ထိုင်နေစေပြီးလျှင်လောင်းလှူ၏။ ထိုသူငယ်မသည် မိမိအလိုရှိရာ ပါရာပြီဟုသိလတ်သော်။ တနေ့သ၌မကျန်းမမာ ယောင်ပြု၍ တိုက်ခန်းမှမထွက်ဘဲနေလင့်၏။ ရဟန်းငယ်ရောက် လာသော်။ မြင်၍မေးမြန်းလေရာ။ အိမ်သားတို့ကသူငယ်မမကျန်း မမာရှိကြောင်း။ အရှင်ဘုရားကိုလည်းဖူးမြင်ရန်အလွန်တောင့်တ ကြောင်းလျှောက်ကြရာ။ သူငယ်မတိုက်ခန်းသို့ ဝင်ရောက်သဖြင့်။ ရဟန်းသိက္ခာ ပျက်ဆုံးပြီးလျှင် မိဘတို့ရှိရာရာဇဂြိုဟ်ပြည်သို့ပြန် ရလေ၏။ ဤကားပိဏ္ဍာယာလောပဆွမ်း အတွက်နှင့်ပျက်စီးဘူး သောဝတ္ထုပေတည်း။

ထိုအခါ၌ တရားသဘင်မှာ ထိုရဟန်းငယ်၏ အကြောင်းကို ရဟန်းပရိသတ်တို့ ပြောဆို၍နေကြရာ။ မြတ်စွာဘုရား ကြွလာ တော်မူပြီးလျှင် ထိုအကြောင်းကိုမေးတော်မူ၍ လျှောက်ထားကြ သဖြင့်။ ဤသူငယ်မသည် ဤရဟန်းငယ်ကို ယခုမှသာဖျက်ဆီး

www.dhammaransi.com



သည်မဟုတ်၊ ဈေးဘဝကလည်းဖျက်ဆီးဘူးလေပြီဟု မိန့်တော်ပြီး၍။ဝါတဂ္ဂိဇာတ်ကိုဟောတော်မူ၏။ ဝါတဂ္ဂိဆိုသည်ကား၊ လေအဟုန်ကဲ့သို့ အပြေးလျင်မြန်သောသခင်တမျိုးဘည်း။ သမင်ပျံဟူ၍ခေါ် ကြ၏။ လွန်လေ ပြီးသော အခါ၌ မြတ်စွာဘုရားအလောင်းတော်သည်။ဗာရာဏသီမင်းဖြစ်တော်မူစဉ်။ မင်းဥယျာဉ်၌။သဉ္စယမည်သောသူကို ဥယျာဉ်မှူးခန့်ထားလေ၏။ ထိုသမင်သည်တောမှလာ၍။ ထိုဥယျာဉ်၌မြက်နုတို့ကိုစား၏။ ဥယျာဉ်မှူးသည်ထိုသမင်ကိုမချောက်မလှန့်မူ၍ယဉ်ပါးအောင်ပြု၏။ဥယျာဉ်၌ဖြစ်သောပန်းသစ်သီးများကို မင်းကြီးအားဆက်သရန်နန်းတော်သို့ဝင်၍မင်းအားထိုသမင်အကြောင်းကိုပြော၏။သင်ရအောင်ဖမ်းနိုင်မည်လောဟုမေးလေ၏။ ပျားရည်လုံလောက်စွာရပါလျှင်ဖမ်းနိုင်ပါ၏။နန်းတော်တွင်းသို့ဝင်အောင်ပင်တတ်နိုင်ပါ၏ဟုလျှောက်၏။ပျားရည်လုံလောက်စွာရ၍ ဥယျာဉ်သို့ ပြန်ရောက်လေသော်၊ ထိုသမင်စားခဲ့ရာနေရာ၌ မြက်နုတို့ကို ပျားရည်ဆွတ်လူး၍ထား၏။ သခင်သည်ပျားရည်လူးသောမြက်နုတို့ကိုစား၍ ပျားအရသာ၌စွဲလမ်းသောအခါ၊ ဘောသို့မပြန်ဘဲ ဥယျာဉ်ထဲမှာနေ၍။ တခြားမြက်ကိုမစားနိုင်။ ပျားရည်လူးသောမြက်ကိုသာစား၏။ ယဉ်ပါးလတ်သော်ဥယျာဉ်မှူး၏လက်၌ရှိသော မြက်ကိုပင်လာ၍စား၏။ ထိုအခါနန်းတော်တွင်းသို့သွင်းရန်မင်းကြီးအားပြောကြား၍လမ်းတလျှောက်၌စိမ်းရှင်သောသစ်ကိုင်းသစ်ခက်တို့ကို။ ကာရန်စေပြီးလျှင်။ဥယျာဉ်မှူးသည်ပျားရည်လူးသောမြက်စိမ်းတို့ကိုကိုင်ယူ၍သမင်ကိုပြလျက် ရှေ့ကသွားလေရာ။သမင်သည် နန်းတော်တွင်းသို့ရောက်လေ၏။ ထိုအခါများစွာသောလူတွေကိုမြင်၍ ကြောက်လန့်ခြင်းပြင်းစွာဖြစ်သဖြင့်ထိုမှဤမှမရပ်မတည်ပြေး၍နေ၏။ မင်းကြီးမြင်တော်မူလတ်သော်။ သနားခြင်းဖြစ်ပြီးလျှင်၊ရသတဏှာ၏အပြစ်ကိုမြင်တော်မူ၍ တရားဂါထာဖွဲ့ပြီးလျှင် မင်းပရိသတ်အပေါင်းတို့အားဟောကြားပေ၏၊ ၊တရားဂါထာကား။

www.dhammaransi.com



နတ္တိရုက္ခိ ရသောဟိ ပါဝိယော။
အာဝါသောဟိဝါ သန္တဝေဟိဝါ။
ဝါတမိဂံ ဂဟာန. နိသိတံ။
ဝသမာနေတိ ရသောဟိ သဗ္ဗယော။ ။

အနက်ကား။ ။ဂိရ၊ပညာရှိစကား ကြားရဘူးသည်ကား။ ရသေဟိ။ရသာရုံတို့ထက်။ပါဝိယော၊ လွန်၍ယုတ်မာသောတရားသည်၊ နတ္ထိ၊မရှိ၊ အာဝါသေဟိဝါ။ တိုက်အိမ်ဘုံနန်း စသည်တို့ထက်ရင်း။ သန္တဝေဟိဝါ။ သားမယားစသောချစ်ကျွမ်းဝင်သူတို့ထက်ရင်း။ ရသာဝေ၊ ရသာရုံတို့ သည်သာလျှင်၊ ပါဝိယာ။ ထောင်ငှသောင်းမက အဆများစွာ။ သာလွန်ထူးကဲ၍ယုတ်မာလှကုန်၏၊ဂဟာနနိသိတံ ။တောရပ်ဂနိုင် မြိုင်ကြီးအတွင်း၌မှီတင်းနေထိုင်သော။ ဝါတမိဂံ၊သမင်ပျံကို။ သဗ္ဗယော။ ဥယျာဉ်မှူးသဉ္စယသည်။ ရသေဟိ။ များရည်ဟူသောရသာရုံတို့ဖြင့်။ ဝသံ။ မိမိအလိုသို့၊အာနေတိ။ ဆောင်နိုင်ပါ၏။ ။ဤကားပါဠိတော်လာဂါထာအနက်၊ ။အဘယ်ကြောင့် ရသာရုံ ရသာတဏှာတို့သည် အယုတ်မာဆုံး ဖြစ်ကြ ကုန်သနည်း ဟူမူကား၊ မိမိအသက်ကိုလည်း ဆုံးရှုံး စေတတ်ကုန်၏၊ သူပါးတို့၏ အသက်တို့ကိုလည်း။ များစွာဆုံးရှုံးစေတတ်ကုန်၏။ တဦး တယောက်သော သတ္တဝါ၏ ရသတဏှာကြောင့်။မိမိအသက်လည်းဆုံးရှုံးတတ်၏။ အထောင်အသောင်းမကသော သတ္တဝါတို့၏အသက်တို့သည်လည်း ဆုံးရှုံးရကုန်၏။ ထိုကြောင့် အယုတ်မာဆုံးဖြစ်ကြကုန်၏။ ထိုတွင်သမင်ပျံဝတ္ထုသည်၊မိမိအသက်ကို ထိခိုက်ရာ၌သက်သေဖြစ်၏။ တရားစောင့်သောမင်းနှင့်တွေ့သောကြောင့် · အသက်ချမ်းသာ ရ၏။

အဋ္ဌကထာအဘွင့်ကား။ ။ကိရာတိ အနုဿဝ ဝန ဇောတ္တ နိပါတော။ရသေဟိတိ ဇိဝှါဝိညေယျေဟိ မဓုရမ္ဗိလာဒိဟိ။ ပါဝိယော တိပါပတရော။ အာဝါသေဟိဝါသန္တဝေဟိဝါတိနိဗဒ္ဓဝသနဋ္ဌာန သင်္ခါတေသုအာဝါသေသုပိ မိတ္တသန္တဝေသုပိ ဆန္ဒ ရာဂေါပါပ

www.dhammaransi.com



ကောဝ၊ ဋ္ဌေတေဟိပန သသန္တရာဂပရိဘောဂေဟိ အာဝါသေဟိ ဝါမိတ္တသန္ထဝေဟိ ဝါ သတဂုဏောနစ သဟဿဂုဏောနစ သတသဟဿဂုဏောန ဝရဝပဋိသေဝနဋ္ဌေန အာဟာရံ ဝိနာ ဇိဝိတိန္ဒြိယ ပါလနာသ အဘာဝေနစ သသန္တရာဂပရိဘောဂရသာဝ ပါပတရာ။ ။အနက်ကား၊ ၊ကိရာတိ။ ကိရဟူသည်ကား။ အနုဿဝနတ္တေ။ အဆောင်ကြားဘူးခြင်းအနက်၌။ နိပါတော။ နိပါတ်ပုဒ်တည်း။ ရသေဟိတိ၊ ရသေဟိဟူသည်ကား။ ဇိဝှါဝိညာဉေယျေဟိ။ လျှာဖြင့်သိအပ်ကုန်သော၊ မဓုရမ္ဗိလာဒိဟိ၊ အချိုအချဉ်စသည် တို့ထက်။ပါပိယောတိ။ ပါပိယောဟူသည်ကား။ ပါပတရော။ အလွန်ယုတ်မာသည်တည်း။ အာဝါသေဟိ ဝါ သန္ထဝေဟိ ဝါတိ။ဟူသည်ကား။ နိဗဒ္ဓဝသနဋ္ဌာနသင်္ခါတေသု။ အမြဲနေရာဌာနဟုဆို အပ်ကုန်သော။အာဝါသေသုပိ။အိမ်ရာ တိုက်တာဘုံနန်းဗိမာန်တို့ ၌ရင်း၊မိတ္တသန္ထဝေသုပိ။ သားမယားစသောမိတ်ဆွေခင်ပွန်းချစ် ကျွမ်းဝင်သူတို့၌ရင်း။ သန္တရာဂေါ။ အားကြီးသော ဘဏ္ဍာရာဂ သည်။ပါပကောဝ။ ယုတ်မာလှသည်သာတည်း။ပန၊ ထိုထက်အ လူးအချွန် အလွန်ကို ဆိုပြန်သည်ရှိသော်ကား။ သသန္တရာဂပရိ ဘောဂေဟိ။ သန္တရာဂနှင့်တကွသုံးဆောင်ကြကုန်သော။ ဋ္ဌေတေ ဟိအာဝါသေဟိဝါ။ ထိုအိမ်ရာတိုက်တာဘုံနန်း ဗိမာန်တို့ထက် ရင်း။ဋ္ဌေတေဟိမိတ္တသန္ထဝေဟိဝါ။ ထိုသားမယားစသော အဆွေ ခင်ပွန်းချစ်ကျွမ်းဝင်သူတို့ထက်ရင်း၊သတဂုဏောနစ။အဆအရာ အားဖြင့်ရင်း၊သဟဿဂုဏောနစ၊အဆအထောင်အားဖြင့်ရင်း၊သ တသဟဿဂုဏောနစ၊ အဆအသောင်းအသိန်းအားဖြင့်ရင်း။ ရဝ ပဋိသေဝနဋ္ဌေန။အိပ်းပျော်ဆဲ့အခါကိုချန်လှပ်၍နာရီစဉ်၊ပဟိုရ်စဉ်၊ နေ့စဉ်၊ရက်စဉ်မပြတ်မစဲအမြဲမှီဝဲရခြင်းကြောင့်ရင်း။ အာဟာရံ။ အစာအာဟာရကို။ဝိနာ။ကြဉ်၍။ ဇိဝိတိန္ဒြိယပါလနာသ။ အသက် ဇိဝိတိန္ဒြေကိုစောင့်ရှောက်တတ်သောတရားတပါး၏။ အဘာဝေန စ။မရှိခြင်းကြောင့်ရင်း။သသန္တရာဂပရိဘောဂရသာဝ။ သန္တရာဂ နှင့်တကွသုံးဆောင်အပ်ကုန်သော ရသာရုံတို့သည်သာလျှင်၊ ပါ

www.dhammaransi.com



ပတရော၊အလွန်အကြူးအထူးအကဲယုတ်မာလှဟုန်၏။ ။ဤကား အနက်။ ။အဓိပ္ပါယ်လိုရင်းကား၊ အိမ်ရာတိုက်တာဘုံနန်းဗိမာန် တို့၌ခိုင်တွယ်သော အာဝါသ တဏှာသည်လည်း တခြားတပါး သောတဏှာတို့ထက်ယုတ်မာလှ၏။ သားမယားဆွေမျိုး ဉာတ ကာတို့၌ ခိုင်တွယ်သော တဏှာသည်လည်း တခြားတပါး သော တဏှာတို့ထက်ယုတ်မာလှ၏။ လျှာအရသာတို့၌ ခိုင်တွယ်သော ရသတဏှာသည်မူကား။ထိုတဏှာတို့ထက်ပင် အဆအရာမက။ အဆအထောင်မက။ အဆအသောင်းအသိန်းမက မိုမိုလွန်ကဲ၍ ယုတ်မာလှ၏။ အဘယ်ကြောင့်နည်းဆိုသော်။ အိပ်နေဆဲ့ကိုချန် လှပ်၍၊တနာရီမျှအပြတ်မခံနိုင်ဘဲ၊ အမြဲသုံးဆောင်ရခြင်းကြောင့် ရင်းအစာအာဟာရမှတပါး အသက်ကို စောင့်ရှောက် နိုင်သော ဝတ္ထုဟူ၍ တစုံတခုမျှမရှိသော အသက်မွေးမှုကြီး ဖြစ်နေသော ကြောင့်ရင်းတည်း။ဤစကား၌ အာဝါသတဏှာ။ ဉာတိမိတ္တာသန္ထ ဝတဏှာတို့ထက် အဆရာထောင်မက ကြီးကျယ်လှ၏ဟူသော စကား၌။ ပေါရိသာဒမင်းသည်။ ရသတဏှာအတွက်နှင့် တိုင်း ပြည်နိုင်ငံဘုံနန်းဗိမာန်တို့ကိုရင်း၊ မောင်းမမိဿံ၊မိဘုရား။ သား တော်၊သမီးတော်၊ ဆွေတော်မျိုးတော်အလုံးစုံတို့ကိုစွန့်ပစ်၍။ ရသ တဏှာ၏ကျွန်လုပ်၍နေရ၏။ ဤသို့စသည်ဖြင့် ရသတဏှာ လွန် ကဲမှုနှင့်စပ်သော ဇာတ်နိပါတ်ဝတ္ထုသက်သေတို့ကို ထုတ်ဘော် ၍ပြဆိုလေ၏။ ။အိပ်နေဆဲကိုချန်လှပ်၍တနာရီမျှအပြတ်မခံနိုင် ဘဲအမြဲမပြဲသုံးဆောင်ရခြင်းဆိုသည်ကား၊ ထမင်းအစာအာဟာ ရကိစ္စများလည်း တနေ့လျှင်နှစ်ထပ်၊သို့မဟုတ်တာထပ် နေ့စဉ်မြဲ ကြရ၏။တနေ့တရက်မှအလပ်မခံနိုင်ကြ။ ထမင်းနပ်တို့၏အကြား ၌။မုန့်ပဲ၊ သစ်သီးခဲဘွယ်။ အလျှော်အကြော် အဖျော်၊ အရည်၊ အ ရက်မျိုး ရှိတိုင်းတွေ့တိုင်း၊ စားကြရ သောက်ကြရသေး၏။ လ ဘက်ဆေးကွမ်းတို့မှာခံတွင်း၌ မပြတ်ဝါးရန်၊ငုံရန်၊ သောက်ရန် ရှူရန်အမြဲရှိကြစေရ၏။ ဤသို့လျှင်လျှာခံတွင်းမည်သည်သာယာ ဘွယ်အာရုံ၊သာယာခြင်းတဏှာနှင့် တနာရီမျှ အပြတ်မခံနိုင်ကြ

www.dhammaransi.com



သောဌာနဖြစ်၏။ ကျန်ရှိသောမျက်စိအရာ၊ နားအရာစသည်တို့မှာ ကား သာယာဘွယ်သောအဆင်း။ အသံအစရှိသောအာရုံ။ သာ ယာခြင်းတဏှာတို့နှင့် တနာရီမက အပြတ်ခံနိုင်ကြကုန်၏၊ တ ရက်မက၊တလမက။ တနှစ်မကပင် အပြတ်ခံနိုင်ကြကုန်၏။ ထို ကြောင့်ရသတဏှာသည် အကြီးအကျယ်ဆုံးသောတဏှာဖြစ်၏ ဟူလိုသည်။ ။အသက်မွေးမှုကြီးဖြစ်နေကြသည် ဟူသောစ ကား၌။လောက၌အသက်မွေးမှုသည်အရေးအကြီးဆုံးဖြစ်၏။ ရေ သတ္တဝါအနန္တ၊ ကုန်းသတ္တဝါအနန္တတို့မှာ ထိုအမှုကြီးသည်အ ချုပ်အချာဖြစ်၏၊အသက်မွေးမှုဟူသည်မှာလည်း။ ကဗဠီကာရ အစာအာဟာရဖြည့်စွမ်းမှုကြီးပေတည်း။ ထိုကဗဠီကာရအစာ အာဟာရဖြည့်စွမ်းမှုကြီးသည် အသက်ကိုပွါးစီးစေခြင်းရသတ ဏှာကိုပွါးစီးစေခြင်းအကျိုးနှစ်ပါးကို အမြဲဆောင်ရွက်ပေ၏။ ဤ သို့လျှင် အသက်မွေးမှုသည် တခြားတပါးသော အမှုခပ်သိမ်းတို့ ထက် အဆအရာမက၊အဆအထောင်မက၊ အဆအသောင်းအ သိန်းမက ကြီးကျယ်လှသော အမှုကြီးဖြစ်သောကြောင့် ရသတ ဏှာသည်လည်းခပ်သိမ်းသော တဏှာဟူသမျှတို့ထက် အဆအ ရာ၊အထောင်၊အသောင်း။အသိန်းမက။ကြီးကျယ်လှသောတဏှာ ကြီးဖြစ်လေသတည်း။ ။ထို ရ သ တ ဏှာ သည်၊ အဘယ်မျှ လောက်ယုတ်မာမှု အကျိုးမဲ့မှု ကြီးကျယ်သနည်းဟူမူကား။ အ သက်ကိုပွါးစီးစေခြင်းကိစ္စသည်လည်း အလွန်ကြီးကျယ်သော ဒုစ္စရိုက်နယ်ကြီး တပါးဖြစ်၏။ ရသတဏှာ တိုးတက် ပွါးစီးခြင်း ကိစ္စသည်လည်း အလွန်ကြီးကျယ်သော ဒုစ္စရိုက်နယ်ကြီးတပါး ဖြစ်၏၊ဤငါတို့ဇမ္ဗူဒီပါသာနိုင်ငံမှာပင်နွားသတ်ရုံ၊သားသတ်ရုံတို့ ၌နွားကောင်ရေပေါင်း။ သားကောင်ရေပေါင်း၊ ကြက်ကောင်ရေ ငှက်ကောင်ရေပေါင်း ဘနေ့ တရက် အတွက် မှာပင် အသောင်း များစွာသေဆုံးရာ၏။ တလတလ အတွက်မှာပင် အသိန်းများစွာ သေဆုံးရာ၏။ ဤရသတဏှာ၏စက်ကြီးပင်တည်း၊ ကမ္ဘာပေါ်၌ ဘီလူးသဘက်တို့၏အတတ်ကြောင့် ကပ်ရောဂါကြီးတွေ ဖြစ်ပေါ်

www.dhammaransi.com



၍နေခြင်းသည်လည်း ဤရသတဏှာ၏စက်ကြီးပင်တည်း။ သေ ဆုံးကြရာ၌လည်း သေဆုံးကြသောသတ္တဝါတို့၏ ကိုယ်ခန္ဓာတို့၌ ရှိနေကြသောအသား အမွေး ရသာရုံတို့သည် အတွင်းရန်သူတို့ ပေတည်း၊ ထိုရသာရုံတို့သည် သတ်သောသူတို့ကိုလည်း တွင် တွင်သတ်အောင်နှိုးဆော်ကုန်၏။စားသောသူများကိုလည်း တွင် တွင်စားအောင်နှိုးဆော်ကုန်၏၊ဥပမာ။အသီးအရွက်စားကောင်း သောသစ်ပင်မှာ အသီးအရွက်သည်အတွင်းရန်သူဖြစ်၏။ အသီး အတွက်။ အရွက်အတွက် အခုတ်အချိုင်ခံရ၏။ အသီးအရွက်မ စားကောင်းသောသစ်ပင်သည်ချမ်းသာ၏။ဤဥပမာကဲ့သို့တည်း။ ရေသတ္တဝါအနန္တ။ ကုန်းသတ္တဝါအနန္တတို့မှာ အသက်လွတ်အ ခါအာဟာရကိုစားကြသူအလွန်နည်းပါး၏။နိုင်ရာနိုင်ရာဖမ်းယူ၍ စားကြသူအလွန်များ၏။ ဤရသတဏှာ၏စက်ကြီးပင်တည်း။ အ ဘယ်မျှလောက်နည်းပါးသည်၊ အဘယ်မျှလောက် များပြားသည် ဟူမူ။ ဤအရာ၌မဟာဝဂ္ဂသံယုတ်ထွင်လာသော နခသိခသုတ် ဒေသနာကို ထုတ်ဆော်ပြဆိုရာ၏။ ။ထိုသုတ်ဒေသနာ၏ အ ချုပ်အဓိပ္ပါယ်မျှကိုပြဆိုပေအံ့။

မြတ်စွာဘုရားသည်လက်သည်းတော်အဖျား၌ မြေမှုန့်ကိုတင် ထား၍ ရဟန်းတို့ကိုမေးတော်မူ၏။ ရဟန်းတို့ ငါ၏လက်သည်း ဖျားမှာတင်ထားသောမြေမှုန့်ပုန့်နှင့် မဟာပထဝီအပြင်မှာ ရှိသော မြေမှုန့်ပုသည် အဘယ်ကများသနည်းဟု မေးတော်မူ၏။ ရဟန်း တို့ကလက်သည်းတော်ဖျား၌ တင်ထားသောမြေမှုန့်ပုက အလွန် နည်းလှပါသောကြောင့်၊ မဟာပထဝီမြေပြင်မှာရှိသော မြေမှုန့်ပု ကအလွန် များလှပါကြောင်း လျှောက်ကြကုန်၏။ ထိုအခါဤသို့ ဟောတော်မူ၏။

ဧဝမေဝခေါ ဘိက္ခဝေအပ္ပကာ တေသတ္တာ၊ ယေပါဏာတိပါ တာပဋိဝိရတာ၊အထခေါ ဧတေဝဗဟုတရာသတ္တာ၊ ယေပါဏာတိ ပါတာပဋိဝိရတာ။ ။အဓိပ္ပါယ်ကား။ ဤသတ္တလောကကြီး၌၊ သူ့ အသက်သတ်မှုမှ ကြဉ်ရှောင်သူသည် လက်သည်းတော် ဖျားမှာ

www.dhammaransi.com



တင်ထားသော မြေမုန့်ရကဲ့သို့ အလွန်နည်းပါး၏။ သူ့အသက်ကိုသတ်မှုမှမရှောင်ကြသူသည် မဟာပထဝီမြေပြင်မှာရှိနေသော မြေမုန့်ကဲ့သို့ များပြား၏ ဟုဟောတော်မူ၏။ အဒိန္နာဒါနိစသည်တို့မှာလည်း ဤနည်းတူဟောတော်မူ၏၊ ဤဒေသနာတော်များကိုထောက်၍ အသက်လွတ် အစာအာဟာရကို စားကြသူ ဘယ်မျှလောက်နည်းပါးသည်။ နိုင်ရာနိုင်ရာ၊စားကြသူ ဘယ်မျှလောက်များပြားသည်ဟုသိနိုင်ရာ၏။ ဤသည်လည်းရသတဏှာ၏စက်ကြီးပင်တည်း။ဤ၌လည်း နိုင်ရာနိုင်ရာကို စားကြသူဇမျှားတွင် အသက်လွတ်စားရန်မရှိ၍ အသက်ရှိကို စားရသူများလည်း ရှိရာ၏၊ ရသတ္တဝါများကိုမြော်လေ။ အသက်လွတ်စားရန် ရှိလျက်နှင့်ရသဘဏှာအတွက် အသက်ရှိကိုစားကြသူသည် အလွန်များ၏၊ ကုန်းသတ္တဝါများကိုမြော်လေ။ဤသို့လျှင် တလောကလုံးဒုစ္စရိုက်တောကြီးဖြစ်နေမှုသည်ရသတဏှာယုတ်မာမှုကြီးပေတည်း။ ထိုကြောင့် ဤအသက်မွေးမှုကြီး ရသတဏှာ မွေးမှုကြီး နှစ်ပါးသည်အလွန်ကြီးကျယ်သောဒုစ္စရိုက်နယ်ကြီး နှစ်ပါးဖြစ်ကြောင်း၊ အလွန်ယုတ်မာသော တဏှာကြီးဖြစ်ကြောင်း ထင်ရှား၏။ သေကြသည်အခါ၌လည်း သုဂတိဘဝ၌ ဖြစ်သော သတ္တဝါသည် လက်သည်းတော်ဖျား၌ တင်ထားသော မြေမုန့်ရကဲ့သို့ အလွန်နည်းပါး၏၊ အပါယ်၌ဖြစ်ရသောသတ္တဝါသည် မဟာပထဝီမြေပြင်ကြီးမှာရှိနေသော မြေမုန့်ရကဲ့သို့ အလွန်များပြား၏ဟု သုတ်ဒေသနာတော်များစွာ လာရှိပြန်၏။ ဤဒေသနာတော် များကိုထောက်၍ အပါယ်သို့ကျရောက်လေသောသတ္တဝါဟူသမျှသည် သုဂတိဘဝသို့ ပြန်ရောက်ဘို့ အလွန် ခဲယဉ်းကြောင်း။ ဘဝတသောင်းနှင့်လည်းပြန်နိုင်ခွင့်မရှိ၊ ဘဝတသိန်းနှင့်လည်း ပြန်နိုင်ခွင့်မရှိ၊ များစွာသော ကျောက်တုံးကျောက်ခဲတို့ကိုသမုဒ္ဒရာရေအပြင်မှာပစ်ချလိုက်ရာ၊ အောက်သို့သာ နစ်မြုပ်၍သွားကြကုန်သကဲ့သို့။ ထိုသတ္တဝါတို့သည် တဘဝထက်တဘဝနစ်မြုပ်၍သာသွားကြကြောင်းကို သိနိုင်ရာသတည်း၊ ဤအရာ၌ရင်း မဟာဝဂ္ဂ

www.dhammaransi.com



သံယုတ်ဘွင်ပင် လာရှိသောလိပ်ကန်းဥပမာ ကာဏာကစ္ဆပေါပ မသုတ်ကိုလည်းထုတ်ဘော်၍ပြဆိုရာ၏။ ဤအလုံးရုံ သည်ကား။ ရသတဏှာသည် ခပ်သိမ်းသော တဏှာ တို့ထက် အလ သိန်း သောင်း လွန်ကဲကြောင်း။ ယုတ်မာ ကြွေငံးကိုဘွင့်ဆိုပေသော ဝါတမိဂဇာတ်အဋ္ဌကထာစကားကိုထင်ရှားစေရန် ဝေဘန်ဘော် ပြချက်ပေတည်း။

(ဤတွင်ရွေကား ဗိဏ္ဍိယာသောပ ဆွမ်းစသော ပစ္စည်းလေး ပါးတို့မှာပစ္စဝေက္ခဏာ ဆင်ခြင်ဘွယ်မရှိဟူသော အယူဝါဒကို သုမ်သင်ချက်ပြီး၏။)

ယခုအခါ၌ထိုရသတဏှာသည် ရဟန်းတော်တို့ ဘောင်မှာ မင်းမူ၍နေကြ၏။ မင်းမူပုံကား။ လူတို့မှာ နေ့စဉ် ဟင်း ကောင်း ကျွေးကောင်း စားနိုင်ကြသူအလွန်ပါး၏၊ အထိုက်အလိုက်နှင့်ပြီး ကြသူများ၏။ရဟန်းတော်တို့မှာတတ်နိုင်သူတို့ကလှူဒန်းကြသည် ဖြစ်၍နေ့စဉ်ဟင်းကောင်းကျွေးကောင်းစားရသူများ၏။မကောင်း လျှင်မစားနိုင်သူများ၏။ ဘုန်းတန်ခိုးကြီးလေလေ။ ဟင်းကောင်း ကျွေးကောင်းအစားကောင်းအသောက်ကောင်း ပြည့်စုံလေလေ ဖြစ်၏။သက်သတ်ဟင်း မပါလျှင်မစားနိုင်သူ များ၏။ လောက၌ အာရုံအပေါင်းတို့တွင် ရသာရုံသည်အယုတ်မာဆုံးဖြစ်၏။ သူတ ပါးတို့၏အသက်ကိုထိခိုက်သည်ဖြစ်၍ အကြီးအကျယ်ဆုံးသော အကျိုးမဲ့ကြီးဖြစ်၏ဟု ပြဆိုခဲ့သောပါဠိအဋ္ဌကထာများနှင့် ဘယ် လိုနေကြမည်မသိဟု သံဝေဂယူကြဘို့ ကောင်းလှ၏။ ရသတ ဏှာတွင်လည်း လူတို့၏ အသက် သခင် စည်းစိမ်သခင် ဖြစ်ကြ ကုန်သော နွားသတ္တဝါ။ကျွဲသတ္တဝါတို့၏အသားတို့နှိုက် စွဲလမ်း သောတဏှာသည် အယုတ်မာ ဆုံးသော ရသတဏှာ မျိုးရတို့ တွင် အတုမရှိသောဘုရင်ချုပ်ကြီးဖြစ်ပေ၏။ (နုကိရတ္တိရသေဟိ ပါပိယော) ဟူသော ဂါထာပဒကို နှုတ်တက်၍ ရကြဘို့လည်း ကောင်းလှ၏။

www.dhammaransi.com



အထက်၌ပြဆိုခဲ့သည့်အတိုင်း ဒုဋ္ဌရိုက်နယ် အပါယ်နယ်ကြီး ဖြစ်ချေ၍အယုတ်မာဆုံးဖြစ်သော ဤရသတဏှာကြီးသည်။ ယခု အခါရဟန်း တောင်တို့ဘောင်မှာ မင်းမူ၍နေရခြင်း။ ရဟန်းတော် များဖြစ်လျက် တဏှာတကာ တို့ထက် အယုတ်မာ ဆုံးကြီးဖြစ် သောရသတဏှာကြီး၏ကျွန်ဖြစ်၍နေကြရခြင်းသည်လည်း ဝမ်း နည်းဘွယ်ကောင်းလှ၏။ ဤကား ဋ္ဌကာပရိဘောဂအရာ၌တဏှာ ခြောက်ပါးဘို့တွင် ရသတဏှာသည် အယုတ်မာ ဆုံးကြီး ဖြစ် ကြောင်း။ဒုဋ္ဌရိုက်နယ်ကြီးအပါယ်နယ်ကြီးဖြစ်ကြောင်း၊ ပါဠိအဋ္ဌ ကထာသာရှိသည့်အတိုင်းထုတ်ဆောင်၍ပြဆိုချက်ပေတည်း။

ရှေး၌ပြဆိုခဲ့ပြီးသောပါဠိတော်လာဥပမာစုကိုပြဆိုချက်။

ထေယျပရိဘောဂ၌သံတွေခဲဥပမာလာပုံကား။

အညထာသန္တံ အတ္တာနံ၊အညထာယောပဝေဒယေ၊
နိကစ္စကိတဝဿေဝ။ဘုတ္တံထေယျာယ တဿတံ၊
သေယျော အယောဂုဠော ဘုတ္တော။တတ္တော အဂ္ဂိသိခူပမော။
ယဥ္စေဘုဉ္ဇေယျဒုဿီလော။ရဋ္ဌပိဏ္ဍံ အသညတော။ ။

အနက်ကား။ ။ယော။အကြင်ရဟန်းစစ်မဟုတ်ဘဲရဟန်းစစ် လုပ်၍နေသောရဟန်းတု, ရဟန်းယောင်သည်။ အညထာ။ဘပါး သော ဒုဿီလအခြေအနေအားဖြင့်၊ သန္တံ။အမှန်အဟုတ် ဖြစ်၍ နေသော။အတ္တာနံ၊ မိမိကိုယ်ကို။ နိကစ္စ။ဖုံးရှက်စဉ်းလဲ၍၊ အည ထာ။တပါးသောသီလဝန္တအခြေအနေအားဖြင့်၊ပဝေဒယေ-ပဝေ ဒတိ၊ဘောင်ပြပြောကြား၏။ယထာ၊ဥပမာကား။ကိတဝဿ၊ ငှက် သတ်မုဆိုး၏။နိကစ္စ။စဉ်းလဲ၍။ပဝေဒနံဣဝ။ မိမိကိုယ်ကိုဘောင်ပြ ခြင်းကဲ့သို့တည်း၊ တဿ။ထိုရဟန်းတု ရဟန်းယောင်၏။ ဘုတ္တံ။ လူတို့လှူဒါန်းသောပစ္စည်းလေးပါးကိုသုံးဆောင်ခြင်းသည်၊ ထေ

www.dhammaransi.com



ယျာယ။အနက်အနဲ စဉ်းလဲသောနိုးခြင်းဖြင့်၊ ဘုတ္တံ။သုံးဆောင်ခြင်းဖြစ်၏။ တဗ္ဗော။ရဲရဲညိသော။ အင်္ဂိသိရူပမော။မီးတောက်မီးလျှံနှင့်တူသော။ အယောဂုဠော။ သံတွေခဲတွေကို၊ဘုတ္တော။စားအပ်မျိုးအပ်သည့် ရှိသော်။ သေယျော။ ကောင်းမြတ်သေး၏။ အသညတော။သီလကိုမစောင့်ထိန်းမူ၍။ ဒုဿီလော၊ရဟန်းသီလပျက်ဆုံးလျက်ရှိနေသောရဟန်းတုသည်၊ရဋ္ဌပိဏ္ဍံ။တိုင်းသူပြည်သားလူအများတို့ကလှူဒါန်း၍ရသောဆွမ်းကို။စေ၊ အကာယ်၍၊ယံဘုဥ္ဇေယျ၊ အကြင်စားရာ၏။ တတော။ ထိုဒုဿီလ ရဟန်းတို့မှာတိုင်းသူပြည်သားတို့၏ဆွမ်းကိုစားရခြင်းထက်။ အယောဂုဠော။ သံတွေခဲတွေကို။ ဘုတ္တော။ စားအပ်သည့် ရှိသော်။ သေယျော။ ကောင်းမြတ်လှသေး၏။ ။ဌက်သတ်မုဆိုးသည် မိမိကိုယ်ကို သစ်ခက်စိမ်း သစ်ရွက်စိမ်း တို့ဖြင့် စည်းနှောင်းပြီးလျှင် သစ်ပင်ယောင် ချုံယောင်လုပ်၍ ဌက်အများကျရောက်ရာ ဌာန၌နေလင့်၏။ဌက်တို့သည် သစ်ပင်တောချုံမှတ်၍ အနီးအပါး၌ ကျရောက်ကြကုန်၏၊ မုဆိုးသည်မိမိအနီးအပါး၌ ရောက်လာသောဌက်တို့ကိုယမ်းမီးစသည်ဖြင့်ပစ်သတ်၍ယူလေ၏။ ဒုဿီလရဟန်းသည် ထိုမုဆိုးနှင့်တူ၏ဟုလိုသည်၊ သားကောင်တို့ကို ထိုနည်းမျိုးဖြင့် စဉ်းလဲ၍သတ်သော သားသတ်မုဆိုးနှင့်လည်းတူ၏။ ။ထိုရဟန်းတုမှာရွာသူတို့ကလှူဒါန်းကြသော ဆွမ်းပစ္စည်း လေးပါးကို သုံးဆောင်ရသည်ထက်။ရဲရဲညိသော သံတွေခဲတွေကို သုံးစားရခြင်းသည်ကောင်းမြတ်သေး၏ဟုရာ၌ ကောင်းမြတ်ပုံကား။ ထိုရဟန်းတုသည် သံတွေခဲတွေကို သုံးစားခဲ့သော် သုံးစားမှုအတွက် ထိုခဏ၌သေသော်လည်းသေရာ၏၊ သေလုပါးနီး ဒုက္ခကြီးသော်လည်း တွေ့ကြုံရာ၏။သံတွေခဲကိုသုံးစားမှုအတွက်နှင့် အပါယ်သို့ကျရောက်မှုမရှိလေ၊ ရဟန်းကောင်းထင်မှတ်၍ ရွာသူတို့က လှူဒါန်းကြသော ပစ္စည်းလေးပါးကို သုံးစားမှုသည်ကား။ အပါယ်သို့ကျရောက်စေနိုင်သောအမှုကြီးဖြစ်၏။ ထိုရဟန်းတုသည် အပါယ်သို့ကျရောက်ပြီးလျှင် ကြီးစွာသောအပါယ်ဒုက္ခကို ခံရလေ

www.dhammaransi.com



၏။ ခံရပုံကား။ ထိုရဟန်းတုမှာ ယခုဘဝတွင်ရဟန်းသံဃာတို့နှင့် ပေါင်းဘော်ရာတို့၌ ရဟန်းကောင်းပြုလုပ်၊ စဉ်းလဲခြင်းသည်ရင်း။ လူတို့နှင့်ဆက်ဆံရာတို့၌ရဟန်းကောင်းပြုလုပ်၊ စဉ်းလဲခြင်းသည်ရင်း။ ဤစဉ်းလဲမှုကြီးသည်သံဃာဘေဒကဖြစ်သော။ မုသာဝါဒကို ချန်လှပ်၍လောကသုံးပါးတွင် အတုမရှိနက်နဲသောမုသာဝါဒကံကြီးပေတည်း။ နောက်ဘဝ၌အလွန်ကြီးကျယ်သော အပါယဒုက္ခသို့ပစ်ချနိုင်သော ကံကြီးပေတည်း။ ထိုသို့ရဟန်းတို့နှင့် ပေါင်းဘော်စဉ်အခါ၊ လူတို့နှင့် ဆက်ဆံစဉ်အခါတို့၌ ရဟန်းတို့၏အရိုအသေပြုမှု၊ လူတို့၏ရှိခိုးမှုပူဇော်မှု၊ အလှူအတန်းခံမှု၊ အလှူအတန်းခံ၍ရသောပစ္စည်းတို့ကိုသုံးဆောင်မှုတို့၌နေ့ရက်ရှည်စွာ၊ သာယာနှစ်လန်းသောကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့သည်နောက်ဘဝ၌ငရဲမီးတောက်မီးလျှံတွေ။ ပြိတ္တာမီးတောက်မီးလျှံတွေ ဖြစ်ဘို့တို့ပေတည်း။ သေခါနီးအခါ၌ထိုအာရုံစုတို့တွင်တခုခုသော်လည်း နိမိတ်ထင်လာလတံ့၊ သို့မဟုတ် အပါယ်ဂတိနိမိတ်သော်လည်း ထင်လာလတံ့။ ထင်သည်နှင့် တပြိုင်နက် ထိုမုသာဝါဒ ကံကြီးသည် ထိုရဟန်းတုကိုအပါယ်သို့ပစ်ချခွင့်ရလေ၏။ နေ့ရက်ရှည်စွာသာယာနှစ်လန်းနေသောထိုကာယကံမှု၊ ဝစီကံမှု။ မနောကံမှုတို့သည်လည်း ထိုသူအပါယ်သို့ရောက်သည်နှင့်တပြိုင်နက် ငရဲမီးတောက်မီးလျှံတွေ။ ပြိတ္တာမီးတောက်မီးလျှံတွေကို ဖြစ်ပေါ်စေကြကုန်သည်၊ ဆွမ်းပစ္စည်းမှာ သာယာမှု အတွက် နောက်ဘဝ၌ ထိုသူမှာမျိုသမျှအဟာရတို့သည်၊ ခံတွင်းသို့ရောက်လျှင် ရဲရဲညီသောသံတွေခဲတွေဖြစ်၍ လည်ချောင်းတွင်း၊ ရင်တွင်း၊ ဝမ်းတွင်းသို့အတင်ဝင်ကြလေကုန်၏။ ဧးမြသောရေကိုပင် သောက်သော်လည်း။ ခံတွင်းသို့ရောက်လျှင် လျှံလျှံတောက်သော သံပူရေဖြစ်၍ ဝင်လေတော့သည်၊ အရဟတ္တဓဇသင်္ကန်းကိုဝတ်ရုံမှုအတွက်ရဲရဲညီသောသံပြားသင်္ကန်းကြီးအပြီးဝတ်လျက်နေလေ၏။ သပိတ်ပရိက္ခရာအမျိုးမျိုးတို့ကို ဆောင်မှုအတွက် နောက်ဘဝ၌ ရဲရဲညီသောသံမီးသပိတ် ပရိက္ခရာ အမြဲပါလေ တော့သည်။ ကျောင်း

www.dhammaransi.com



ပစ္စည်းအတွက် နောက်ဘဝမှာ ရဲရဲတောက်သော သံအိမ်ကြီးအဖြစ်ဖြင့်တည်ရှိလေ၏၊ ဘုရားတဆူနှင့် ဘုရားတဆူ အကြားမှာ ဤမဟာပထဝီမြေကြီးအထက်သို့ အမြင့်တယူဇနာ တက်သည့်တိုင်အောင်ပင် အပါယ်ဘဝမှ မလွတ်နိုင်ကြကုန်၊ ကဿပဘုရားလက်ထက်တော်က ကျရောက်ကြကုန်သော ပါပ ရဟန်းမျိုးတို့သည်။ယခုတိုင်ပင်ဂိဇ္ဈကုဋ်တောင်မှာရှိနေကြကုန်၏။ ။ဧယျပရိဘောဂအဖြစ်ပြီး၏၊

ဓာတုပရိဘောဂ၌အခဆိပ်လောင်ပုံကိုပြဆိုခဏ်း။

အခဆိပ် ကို မျို မိသော သူမှာ ထိုအခဆိပ်သည် ဝမ်းတွင်းသို့ရောက်သည်နှင့်တပြိုင်နက်အသည်း။ အဆုပ်။အူမ။အူသိမ်တို့ကိုလောင်လေ၏၊အသွေး။အဆီ။ဩဇာတို့ကိုကုန်ခန်းစေ၏။အပေါက်အပေါက် အပြတ်အပြတ်တွေဖြစ်၍ ကုန်စေ၏။ထိုသူမှာ မလွန်မီကတင်ကူး၍ အန်ဆေးကိုသော်ဝင်း။ အခဆိပ်ပြေဆေး ကိုသော်ဝင်း၊သောက်မျိုခဲ့လျှင်ချမ်းသာခွင့်ရသေး၏။ ¦လွန်ခဲ့လျှင်ချမ်းသာခွင့်မရပြီ၊ သေဆုံးရလေတော့သည်။ထိုအတူ ဤသာသနာတော်၌ရဟန်းတော်တို့မှာလည်းပစ္စည်းလေးပါးကိုရရှိ၍ သမ္ဗောဟ။ ဝေဓ။မဒ။ပမာဒပက္ခသို့ရောက်ခဲ့လျှင် အခဆိပ်ကိုမျိုမိကြကုန်ပြီ။ ထိုပက္ခသို့ရောက်ခဲ့လျှင် အလုံးစုံသော လောကာမိသ။လောကပသာဒတို့ကိုလည်းအကျိုးပေးသမျှသာယာကြကုန်တော့သည်။ ဤသာသနာတော်၌ အသွေး။အဆီ။ဩဇာ။အနှစ်သာရဆိုသည်ကား။အရိယဝံသတရားလေးပါးနှင့်တကွ။သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ဣဒ္ဓိပါဒ်လေးပါး။ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး။ ဗောဇ္ဈင်ခုနစ်ပါး။ မဂ္ဂင်ရှစ်ပါးဟု ဆိုအပ်သော ဗောဓိပက္ခိယ တ ရား တို့ ပေတည်း။ထိုတရားတော်တို့သည်။ရဟန်းတော်တို့မှာ ယခုဘဝ၌ပင်မဂ်ဖိုလ်နိဗ္ဗာန်၊ဈာန်သမာပတ်တို့သို့ပေါက်ရောက်ကြီးပွါးနိုင်ကြ

www.dhammaransi.com



ရန်ကျေးဇူးပြုနိုင်ဆောင်ရွက်နိုင်သော အသွေး၊အသိ၊ဩဇာ၊အနှစ်သာရတို့ပေတည်း။ သမ္မောဟာ၊ဂေဓ၊ မဒ၊ ပမာဒပက္ခ၌ တည်နေကြကုန်သော ရဟန်းတော်တို့မှာမူကား၊ ပစ္စည်းလေးပါးနှင့်တကွ လောကာမိသ၊သောကပသာဒတို့၌သာ အလေးဂရုအရေးပြုကြကုန်တော့သည်။ သတိပဋ္ဌာန် စသော ထိုတရားတို့ကို အားထုတ်လိုသောသဒ္ဓါဆန္ဒ။အားထုတ်နိုင်သော သတိ၊ဝီရိယပင်မရှိကြကုန်ပြီ။ဂေဓ။မဒ။ ပမာဒအဆိပ်ကင်းတို့သည် နေ့စဉ်တိုးပွါးလျက်ရှိနေကြသဖြင့်၊ထိုသူတို့၏စိတ်သန္တာန်သည်၊ထိုသဒ္ဓါဆန္ဒတို့ခန်းခြောက်ပြီးလျှင်။နိဒ္ဒါရာမတာ။အစရှိသောအပေါက်ခြောက်ပါးခေါ်သော ကိလေသာတရားတို့၏ ပွါးစီးချက်နှင့် အပေါက်ပေါက်အပြတ်ပြတ် ရတတ်စရာမရှိနေကြ၏။ မသေမီ။ အရွယ်မလွန်မီသတိပဋ္ဌာန်ဟူသောဆိပ်အန်ဆေး၊ အဆိပ်ပြေဆေးများကိုပွါးများသောက်မျိုမိကြလျှင် အပါယ်ဘေးမှ ချမ်းသာ ခွင့်ရှိသေး၏။မသောက်မျိုဘဲ ထိုအနေနှင့် ပင်သေလွန်ကြလျှင်၊ ဂါထာမိဂဇာတ်အဋ္ဌကထာလာရှိသည့်အတိုင်း အပါယ်ကျမှ လွတ်နိုင်ကြရန် အတန်ကြီးခဲယဉ်းလှချေ၏။ အရိယဝံသ တရား လေးပါးဆိုသည်ကား၊စီဝရသန္တောသ–သင်္ကန်းပစ္စည်းနှင့် ရောင့်ရဲခြင်းတပါး။ပိဏ္ဍပါတသန္တောသ–ဆွမ်းပစ္စည်း၌ရောင့်ရဲခြင်းတပါး၊သေနာသနသန္တောသ–ကျောင်းပစ္စည်း၌ရောင့်ရဲခြင်းတပါး။ဘာဝနာရာမ-သမထဘာဝနာ။ ဝိပဿနာဘာဝနာတို့၌ ပျော်ပိုက်ခြင်းတပါး။ဆွမ်းပစ္စည်း၊သင်္ကန်းပစ္စည်း၊ ကျောင်းပစ္စည်းတို့၌ ရောင့်ရဲခြင်းသုံးပါး။သမထဝိပဿနာဘာဝနာမှု၌ ပျော်ပိုက် ခြင်းတပါး၊ ဤလေးပါးပေတည်း။

ထိုလေးပါးတို့တွင်၊သင်္ကန်း၌ရောင့်ရဲခြင်း။ဆွမ်း၌ရောင့်ရဲခြင်းဆိုသည်ကား၊ သောသန္တုဋ္ဌောဟောတိ ကာယပရိဟာရိယေန စီဝရေန၊ကုစ္ဆိပရိဟာရိယေနပိဏ္ဍပါတေန၊ သောယေနယေနစ ပက္ကမတိ၊ပ၊ သမာဒါယေဝပက္ကမတိ။ သေယျထာပိနာမပက္ခီသကုဏောယေနယေနစဍေတိ၊သပတ္တဘာရောဝဍေတိ၊ ဟူ၍ဟော

တော်မူသည်နှင့်အညီ၊ ကျေးငှက်များသည်တောတခုမှတောတခု သစ်တပင်မှ သစ်တပင်သို့ပြောင်းသွားရာ၌၊ ကိုယ်သွားလျှင်အတောင်ပါတော့သည်။ အတောင် အပိုအမိုထားခြင်းမရှိ။ ကိုယ်သွားလျှင်ဝမ်းပါတော့သည်။ ဝမ်းပါလျှင်အစားအာဟာရပါလော့သည်။ အစာအာဟာရအပိုအမိုထားခြင်းမရှိ။ ထိုအတူရဟန်းတို့မှာသည်း၊ ကိုယ်သွားလျှင် ကိုယ်မှာသင်္ကန်းအပြီးပါတော့သည်၊ ဆွမ်းလည်းအပြီးပါတော့သည်။ ကိုယ်မှာ ဝတ်ရုံလျက်ရှိသော သင်္ကန်းစုထက် အပိုအမိုသင်္ကန်းမရှိပြီ။ ဝမ်းမှာမျို၍ထားသော ဆွမ်းထက်အာဟာရကိစ္စ၌အပိုအမိုတစုံတခုမျှမရှိပြီဟုလိုသည်။

ကျောင်းပစ္စည်း၌ရောင့်ရဲခြင်းဆိုသည်ကား၊ ။သောဝိဝိတ္တံ သေနာသနံဘဇတိ၊ အရညံ၊ ရုက္ခမူလံ၊ ပဗ္ဗတံ၊ ကန္ဒရံ၊ ဂိရိဂုဟံ၊ သုသာနံ၊ ဝနပတ္ထံ၊ အဗ္ဘောကာသံ၊ ပလာလပုဉ္ဇံ။ ။ဟူ၍ဟောတော်မူသည်နှင့်အညီ၊ မြို့ကျောင်းရွာကျောင်းမှစွန့်ခွါ၍၊ ဆိပ်ငြိမ်သော တောကျောင်း၊ သစ်ပင်ရင်း၊ တောင်ပေါ်၊ ချောက်မြောင်၊ တောင်မှာရှိနေသောကျောက်ဂူများ၊ သုသာန်ရွာမှကွာလှမ်းသော တောအရပ်၊ လွင်တီးခေါင်များ၌နေခြင်းကိုဆိုသည်။

ဘာဝနာ၌ပျော်ပိုက်ခြင်း ဆိုသည်ကား၊ သမထဘာဝနာအလုပ်နှင့်ဖြစ်စေ၊ ဝိပဿနာဘာဝနာအလုပ်နှင့်ဖြစ်စေ လွတ်ကင်း၍ မနေနိုင်သည်ကိုဆိုသည်။ ။မိမိတို့သည် အရိယဝံသတရား၊ ဗောဓိပက္ခိယတရားတို့၌သဒ္ဓါ၊ ဆန္ဒ၊ သတိ၊ ဝီရိယ ခန်းခြောက်၍ နေကြကုန်သည့်အတွက်၊ သူတပါးတို့အား ထိုတရားများကိုပြောခြင်း၊ ဟောခြင်းကိုမျှမပြုကြ။ သူတပါးတို့ပြောဟော သည်ကိုမျှ မကြားလိုမနာလိုကြ။ မည်သူသည်၊ ထိုတရားများကို အားထုတ်ကျင့်ဆောင်သည်ဆိုလျှင် ထိုသူလိုမိမိတို့က မကျင့်ဆောင်နိုင်ကြသည့်အတွက်၊ ထိုသူကိုသာပြောပေါက် ဆိုပေါက်ရှာ၍အကောင်းမဖြစ်စေရန်ကြံဘန်အားထုတ်ကြကုန်၏။ ဤကား၊ ဇာတာပရိဘောဂအဆိပ်ဖမ်း၍လူမှန်းမသိရှိနေကြကုန်သော ပုဂ္ဂိုလ်တို့၏

www.dhammaransi.com



တန်ခွန်တွေကိုပြဆိုချက်တည်း။ ထိုပုဂ္ဂိုလ်တို့၏၊ နောက်ဘဝအလားကိုမူကား။ ဓာတ်အဋ္ဌကထာတို့၌ပြဆိုချက်ရှိလေပြီ။

အသိပ်ဆေးဥပမာပြီး၏။

---

သံချေးဥပမာ၌။ ။သံဖြူလင်ပန်းကြီးမှာ ခဲဘွယ်ဘောဇဉ်တို့ကိုထည့်၍စားကြရာ၌။ စားပြီးလျှင်ထိုလင်ပန်းကိုထိုနေ့တွင်နေ့စဉ်ဆေးမိအောင်ဆေးကြောရသည်၊ မဆေးမိဘဲ နေ့ကူးအောင်ပစ်၍မထားရ။ နေ့ကူးအောင်ပစ်ထားခဲ့သော်။ ခဲဘွယ်ဘောဇဉ်အညစ်အကြေးကလည်းတွယ်ကိုက်။ သံချေးကလည်း တနေ့တခြားအားကြီးစွာတက်ပွါးသဖြင့်။ ထိုလင်ပန်းသည်၊ မကြာမီပစ်ရလတံ့။ ထို့အတူပစ္စည်းလေးပါးတို့ကို သုံးဆောင်ကြရာမှာလည်း။ သုံးဆောင်၍ပြီးလျှင်နေ့မလွန်ခင်ပစ္စဝေက္ခဏာဆင်ခြင်၍ နေ့စဉ်ဆေးကြောရမည်။ မဆင်ခြင်မိဘဲနေ့မကူးစေရ။ မဆင်ခြင်မိဘဲ မိမိစိတ်ကိုပစ်၍မထားရ။ ပစ်ထားခဲ့လျှင် မဆေးမကြောဘဲနေ့ဆက်ရက်ဆက်သုံးဆောင်၍နေသော လင်ပန်းနှင့်အတူ။ မိမိစိတ်သည်လည်းပစ်ရတော့မည်။ အပါယ်လေးပါးသို့ သွားရတော့မည်ဟူလို။ ။ဓာတ်အဋ္ဌကထာတွင်လာရှိသည့်အတိုင်း။ ဘိလူး။ သဘက်။ သရဲတွေဖြစ်ကြသည်ကိုမူကား တွေ့ကြုံကြားသိဘူးလှလေပြီ။ ။ သဘိပေးဂါထာမူကား။

အတ္တာနံစေ ပိယံဇညာ။ ရက္ခေယျနံ သုရက္ခိတံ။
တိဏ္ဏံ အညတရံယာမံ။ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။ ။

ဓမ္မပဒပါဠိတော်၊ ။ပဏ္ဍိတော၊ ပညာရှိသောရဟန်းရှင်လူသည်။ အတ္တာနံ။ မိမိကိုယ်ကို။ ပိယံ။ ချစ်အပ်၏ဟူ၍။ စေဇညာ။ အကယ်၍သိရင်းရှိသည်ဖြစ်ငြားအံ့။ နံ။ ထိုမိမိကိုယ်ကို။ သုရက္ခိတံ။ ကောင်းကောင်းကြီး စောင့်ရှောက်မှုကို၊ ကတွာ၊ ပြု၍။ ရက္ခေယျ။

www.dhammaransi.com



စောင့်ရှောက်ရာ၏၊ တိဿ ၊ အရှယ်သုံးပါးတို့တွင်၊ အညတရံယာမံ၊ တပါးပါးသော အရှယ်၌၊ ပဋိဇဂ္ဂေယျ၊ ဆေးကြောသုတ်သင်ရာ၏၊ ၊ အနက်၊ ၊ ပရိယတ္တိခမ္ဘတို့၌ မိမိတို့ တတ်သိလိမ္မာရှိကြစေရန် သင်မှု၊ ကြားမှု၊ သူတပါးတို့ကိုတတ်သိလိမ္မာရှိကြစေရန်ချမှု၊ ပို့မှုတို့နှင့်နေကြရသဖြင့်၊ ထိုအရိယဝံသတရား၊ သတိပဋ္ဌာန်တရားများကို ပထမအရွယ်မှာအားမထုတ်နိုင်ရှိနေကြသော်၊ ဒုတိယအရွယ်မှာ တောတောင်ထွက်၍အားထုတ်ကြကုန်ရာ၏၊ ဒုတိယအရွယ်မှာ အားမထုတ်နိုင်ရှိနေကြသော်၊ တတိယအရွယ်မှာ တောတောင်ထွက်၍၊ အားထုတ်ကြကုန်ရာ၏၊ မိမိတို့ကိုယ်ကို ချစ်ကြလို့ရှိလျှင် လောကမိသ၊ လောကပသာဒအသိုက်အအုံကြီးထဲမှာသေသည့်တိုင်အောင်အနစ်ခံ၍ မနေကြကုန်ရာဟူလိုသည်၊ ၊ ပရိယတ္တိခမ္ဘအလုပ်ပင်မရှိသော ဗာဟာပရိဘောဂသမားတို့မှာ၊ သံဝေဂယူကြဖို့သာရှိတော့သည်။ ၊ ဤဂါထာတွင်ရှေ့ဝါကျ၌ရက္ခေယျ၊ ဟူ၍၊ နောက်ဝါထူ၌၊ ပဋိဇဂ္ဂေယျဟူ၍ ဟောတော်မူသည့် အလိုကား၊ ရှေ့အရွယ်တို့၌ ပရိယတ္တိခမ္ဘအတွက်နှင့်၊ ဗာဟာပရိဘောဂတောကြီးအတွင်းမှာနေရခိုက်အခါ၌မိမိတို့ကိုယ်ကို ထိုပရိဘောဂမှ ကင်းလွတ်အောင် ကောင်းကောင်း စောင့်ရှောက် ကြရမည်၊ ၊ စောင့်ရှောက်ပါသော်သည်း၊ ထိုတောကြီးအတွင်းမှာ နေရသည့်အတွက်ကြောင့်၊ လုံးလုံးစင်ကြယ်နိုင်ရန် ခဲယဉ်းလျက်ရှိ၏၊ ထိုကြောင့်လုံးလုံးစင်ကြယ်ပြီးမှသေရလေအောင် နောက်အရွယ်မှာထိုတောကြီးအတွင်းမှ ထွက်ကြကုန်ပြီးလျှင်၊ ထိုအရိယဝံသတရား၊ သတိပဋ္ဌာန်တရားတို့ကိုအားထုတ်၍ မိမိတို့ကိုယ်ကို ခရုသင်းပွတ်သစ်အသွင်ကဲ့သို့၊ ကောင်းကောင်း စင်ကြယ်အောင် သုတ်သင်ဆေးကြောကြရမည်ဟူ ဆိုလိုသည်၊ အသက်ငါးဆဲ့ငါးနှစ်ထက်နောက်မကျစေကုန်မူ၍ တောတောင်သို့ ထွက်ပြီးလျှင်၊ အရိယဝံသတရား၊ သတိပဋ္ဌာန်တရားတို့ကိုအားထုတ်၍ မိမိတို့ဝိတ်၊ မိမိတို့ကိုယ်ကို ဖြူဖြူဆွဆွ ခဝါချပြီးမှသေကြလေသော်၊ အသေလှကြမည်ဟု မချမှတ်ယူကြကုန်ရာသည်၊ ၊ ခဝါမချခဲ့သော်

အသေမလှပုံကား။ ထုတ်ပြခဲ့ပြီးသောဇာတ်တို့၌။ ငရဲ၊ တိရစ္ဆာန်၊ ဘီလူး၊ ပြိတ္တာဖြစ်ရကြောင်း။ တိုက်ရိုက်လာရှိလေပြီ။ ထိုတွင်သူတပါးဘို့ကို ထိခိုက်ပုတ်ခတ်မှု ဝစီကံ များလှသော သူသည်၊ ကဿပဘုရားလက်ထက်၌ကပိလရဟန်းကြီးကဲ့သို့ အဝီစိငရဲသို့ကျတတ်၏။ ငါ့ဘုရားလက်ထက်၌ကောကာလိက ရဟန်းကြီးကဲ့သို့ပဒုမငရဲ၌ကျတတ်၏။ ထိုပဒုမငရဲသည်သည်း အဝီစိငရဲနယ်တွင် အပါအဝင်ပေတည်း။ အဗ္ဗုဒငရဲ၊ နိရဗ္ဗုဒငရဲစသည်ဖြင့်။ ငရဲမျိုးဆယ်မျိုးရှိသည်တွင်။ ထိုပဒုမငရဲအိုးကြီးသည် ဝစီကံမှုတွင်အကြီးဆုံးသောငရဲဗိုလ်ချုပ်ကြီးပေတည်း၊ ရှေ့ငရဲကိုးမျိုးတို့သည်ကား။ ထိုပဒုမငရဲအိုးကြီး၏ဘက်ပါအခြံအရံအသင်းအပင်းတို့ပေတည်း၊ ထိုငရဲဆယ်မျိုးတို့၌ တကြိမ်ကျရောက်ခဲ့သော် အနှစ်ရှည်ကြာစွာခံနေကြရသော ငရဲသက်ကိုလည်း အသေအချာဟောတော်မူလေပြီ။ နှမ်းစေ့ပေါင်း အတင်းရှစ်ဆယ်သည်ကောသလတိုင်း၌လှည်းတစီးတိုက်ဖြစ်၏။ ထိုလှည်းတစီးတိုက်ရှိသောနှမ်းစေ့ပုံကြီးမှအနှစ်တရာတရာလျှင် တစေ့တစေ့မျှယူ၍၊ ပစ်ခဲ့သော်ထိုနှမ်းစေပုံသည်ကုန်ရာ၏။ ထိုငရဲဆယ်မျိုးတွင် အစဆုံးဖြစ်သောအဗ္ဗုဒငရဲသက်သည် မကုန်လေရာ။ ထိုငရဲမှအဆနှစ်ဆယ်စီအစဉ်အတိုင်း တိုးပွါး၍သွားသော် ပဒုမငရဲအိုးကြီး၏အသက်တမ်းဖြစ်လေ၏။ ပဒုမဆိုလျှင် ထိုငရဲအိုးကြီးကို အမှတ်ရကြဘို့ကောင်းလှ၏၊ ထိုပဒုမငရဲအိုးကြီးကို သံယုတ်ပါဠိတော်အင်္ဂုတ္တိုရ်ပါဠိတော်တို့မှာဟောတော်မူ၏၊

ထိုတိရစ္ဆာန်ဖြစ်ရပုံကား၊ လူတို့မှာမြေ၌ မြှုပ်ထားသောဥစ္စာကိုသာယာမှုအထုံအားကြီးသည့်အတွက်။ နောက်ဘဝ၌ထိုဥစ္စာရှိရာမှာကြွက်တိရစ္ဆာန်၊ မြွေတိရစ္ဆာန်ဖြစ်ရသော ဝတ္ထုများရှိ၏။ ရှေ့မှာပြဆိုခဲ့ပြီးသော ဓမ္မပဒဂါထာ၏။ နိဒါန်းတွင်။ ထိုတိဿရဟန်းသည်သင်္ကန်း၌ သာယာမှုတင်းလင်းရှိနေသည့် အတွက်နောက်ဘဝ၌ထိုသင်္ကန်းမှာ သန်းတိရစ္ဆာန်ဖြစ်ရသည်ဟုအဋ္ဌက

www.dhammaransi.com



ထာရှိ၏။ဤသို့ရှိကြသော ဓာတ်ဝတ္ထုများကို ထောက်မြော်သည် ရှိသော်သက်နိုးပစ္စည်း၌ သာယာမှုကြွေးမြီတင်းလင်းနှင့် သေလွန်ခဲ့လျှင်။နောက်ဘဝ၌အဝတ်သက်နိုးတို့၌ ပိုးမွှားတိရစ္ဆာန်ဖြစ်၍မဆုံးနိုင်ရှိနေတတ်၏။

ဆွမ်းပစ္စည်း၌သာယာမှု ကြွေးမြီတင်းလင်းနှင့်သေခဲ့လျှင်၊ အစာအာဟာရဝတ္ထုမျိုးတို့၌ ပိုးမွှားတိရစ္ဆာန်ဖြစ်၍ မဆုံးနိုင်ရှိနေတတ်၏။ဝက်သားကြိုက်မှုကြွေးမြီတင်းလင်းနှင့် သေခဲ့လျှင်ဝက်တို့၏ကိုယ်ခန္ဓာမှာ ဝက်ပိုးဝက်မွှားဖြစ်၍ မဆုံးနိုင်ရှိနေတတ်၏၊ ကြက်သားကြိုက်မှုကြွေးမြီတင်းလင်းနှင့် သေခဲ့လျှင်ကြက်တို့၏ ကိုယ်ခန္ဓာမှာကြက်ပိုးကြက်မွှားဖြစ်၍မဆုံးနိုင်ရှိနေတတ်၏။ နွားသားကြိုက်မှု။ကျွဲသားကြိုက်မှုစသည်တို့၌လည်းထို အတူအကုန် မြော်လေ။

ကျောင်းပစ္စည်း၌သာယာမှုကြွေးမြီတင်းလင်းနှင့် သေခဲ့သော် သီလရှိခဲ့ပါလျှင်ထိုကျောင်းမှာ ကျောင်းသဘက်ကြီး။ ကျောင်းသရဲကြီး၊ကျောင်းတစ္ဆေကြီးသော်လည်းဖြစ်နေတတ်၏။သီလမမရှိခဲ့ပါလျှင်ကျောင်းမှီ၊ ကျောင်းကပ်အရပ်ရပ်သောကျောင်းပိုးကျောင်းမွှားဖြစ်၍မဆုံးနိုင်ရှိနေတတ်၏။ ကမ္ဘာဦးအခါ၌ မဟာပနာဒမင်းအား။ သိကြားမင်းသည်၊ ရတနာနန်းပြာသာဒ်ကြီးဘန်ဆင်း၍ပေး၏၊ ထိုပြာသာဒ်ကြီးသည်ယခုဂင်္ဂါမြစ်တွင်းမှာ တုံးလုံးလဲလျက်ရှိ၏။ ထိုအခါ၌ ထိုနန်းပြာသာဒ်မှာနေကြကုန်သော နန်းတော်သူ နန်းတော်သားအပေါင်းတို့သည် ထိုနန်းပြာသာဒ်ကို သာယာသောတဏှာကြောင့် ထိုနန်းပြာသာဒ်ကြီး အတွင်းမှာရေပိုးရေမွှားအမျိုးမျိုးဖြစ်ကြ၍ ငါတို့ဘုရားလက်ထက်တိုင်ရှိနေကြသည်ဟုအဋ္ဌကထာများတွင်လာသည်ကိုထောက်မြော်လေ၊ ။

ဘီလူးဘဝ။ပြိတ္တာဘဝတို့သို့ကျတတ်သည်ဟူရာ၌ ဝိနည်းသိက္ခာလုံခြုံ၍မာန်မာနဒေါသလွန်စွာကြီးခဲ့သော်၎င်း။ ဝက်သား၊ ကြက်သား။ငါး၊အမဲရသတဏှာလွန်စွာကြီးခဲ့သော်၎င်း။သေလွန်သည့်အခါအပါယ်သို့မကျမူ၍ ဘီလူးတန်ခိုးကြီး။ သဘက်တန်ခိုးကြီး

www.dhammaransi.com



သရဲတန်ခိုးကြီးဖြစ်တတ်၏။ နောက်ဘဝ၌လည်း။ မာန။ ဒေါသ။ ရသတဏှာလွန်စွာကြီးသည်ထက်ကြီးပြန်၏။ လူတို့၏အသွေး။ အဆီကိုလွန်စွာကြိုက်၏။ နွား, ကျွဲ, သိုး, ဆိပ်တို့၏ အသွေးအဆီကိုလည်းကြိုက်၏။ ထိုသတ္တဝါတို့၌အနာဆိုးရောဂါဆိုးအမျိုးမျိုးတို့ကိုမိမိတို့တန်ခိုးဖြင့် ဖြစ်ပွားစေပြီးလျှင်။ တကိုယ်လုံးရှိသောအသွေးအဆီတို့ကိုရတ်ယူမျိုသောက်နိုင်၏။ ကမ္ဘာပေါ်၌ကပ်ဝေဒနာ။ ကပ်ရောဂါပြုလုပ်ကြသူ မကောင်းဆိုးဝါးတို့၏ ဘောင်မှာဗိုလ်ချုပ်ကြီးတွေဖြစ်ကြလေ၏၊ သူတို့ကိုပရိတ်တော်ရိုး။ ဂါထာတော်ရိုး။ ကမ္မဝါရိုးများကို ဘတ်ရွတ်နှင်ထုတ်၍ မရနိုင်ပြီ။ သူတို့ကပင်သာ၍ကြေကြလျက်ရှိနေ၏။ ထိုဗိုလ်ချုပ်ကြီးတွေကိုမြို့ရွာနယ်ပယ်မှနှင်ထုတ်နိုင်ရန် ဆရာတော်မှာပဗ္ဗာဇနိယ ကမ္မဝါစာခေါ် သောကမ္မဝါစာတမျိုးစီရင်၍ထားရ၏။

သတိထားကြရန်အချက်တခုမှာ။ ရဟန်းသေ၍ ဘီလူး။ သရဲ။ သဘက်ဖြစ်၍သွားကြလျှင်။ ရဟန်းဘဝ၌တပည့်ရင်း။ တပန်းငင်း။ ဒကာရင်း။ ဒကာမရင်း။ ဆွေရင်း၊ မျိုးရင်းတွေကို ရှေးဦးစွာ တွင်တွင်ကြီး စားတတ်ကြ၏၊ အဘယ်ကြောင့် နည်းဆိုသော်၊ နောက်ဘဝ၌မိမိမှာအခြံအရံပရိသတ်လို၍နေ၏။ ထိုသူတို့ကိုပင် အခြံအရံပရိသတ်ပြုလို၍ရှေးဦးစွာ တွင်တွင်ကြီးစားလေသည်ဟု ပြောဆိုကြ၏။ ဟုတ်ဘွယ်ရှိ၏။ စားလည်းစားရသေး၏။ မိမိမှာအခြံအရံလည်း။ အလျင်အမြန်ရသေး၏။ ဟင်းလျာကောင်းကြိုက်သောဆရာ၏ တပည့် ဒကာများ သတိထားကြရန်။ ။ ပြိတ္တာဖြစ်ပုံမှာ။ ဝိနည်းသိက္ခာလုံခြုံလျှင်။ သုတပါးတို့၌ ဣဿာတရား။ မစ္ဆရိယတရားအလွန်အားကြီးသော ဣဏပရိဘောဂသမားတို့၏လမ်းပေတည်း၊ ဣဿာဆိုသည်ကား။ မိမိထက်သာသည်ကို မနာလိုခြင်းတည်း။ သာသောသူနှင့်စပ်၍ကောင်းစကားကိုမပြောချင်။ မကြားချင်၊ အကောင်းပြောသူကို မတွေ့ချင်။ မမြင်ချင်၊ မကောင်းစကားကိုသာ ပြောချင်၏။ ကြားချင်၏။ မကောင်းပြောသူကိုသာတွေ့ချင်မြင်ချင်၏။ ဤကား၊ ဣဿာခေါ် သောပြိတ္တာလမ်း

www.dhammaransi.com



ကြီးတလမ်းပေတည်း။ မဏ္ဍရိယသည် ငါးပါးရှိ၏။ အာဝါသမဏ္ဍ ရိယတပါး၊ကုလမဏ္ဍရိယတပါး။လာဘမဏ္ဍရိယတပါး။ဝဏ္ဏမဏ္ဍ ရိယတပါး။ဓမ္မမဏ္ဍရိယတပါး။ထိုငါးပါးတို့တွင်။အာဝါသမဏ္ဍရိ ယဆိုသည်ကား။ ကျောင်းကန်တိုက်တာ၊ နေရာထိုင်ခင်းတို့နှင့် စပ်လျဉ်း၍သဝန်တိုခြင်းတည်း။ မိမိသည်သာ အစိုးတရပြုလုပ် လို၏။သူတပါးတို့ အစိုးတရပြုလုပ်မည်ကိုအလိုမရှိ၊ ။ကုလ မဏ္ဍရိယ ဆိုသည်ကား။ မိမိနှင့်ရင်းရင်းနှီးနှီး ဆက်ဆံ၍နေကြ သော ရပ်သူရွာသားဒကာ,ဒကာမများနှင့် စပ်လျဉ်း၍ သဝန် တိုခြင်းတည်း။ ထိုသူများတို့သည် သူတပါး၏ဘက်သို့ပါ၍သွား မည်ကိုပူပန်ခြင်းတည်း။မပါရလေအောင်ကန့်ကွက်ဖျက်ဆီးခြင်း တည်း။လာဘမဏ္ဍရိယဆိုသည်ကား၊ ရရှိပြီးသောပစ္စည်းပရိက္ခ ရာ၊ရရန်ရှိသော ပစ္စည်းပရိက္ခရာတို့နှင့်စပ်လျဉ်း၍ သဝန်တိုခြင်း တည်း။ သူတပါးဘက်သို့ပါ၍သွားမည်ကို သဝန်တိုခြင်းတည်း၊ မပါရလေအောင် ကန့်ကွက်ဖျက်ဆီးခြင်းတည်း။ ။ဝဏ္ဏမဏ္ဍ ရိယဆိုသည်ကား၊မိမိ၌ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ သူတပါးက ချီးမွမ်းဘွယ်ရာ ထင်မှတ်၍နေကြသော လောကေ ဂုဏ်၊ဓမ္မဂုဏ်တစိတ်တဒေသသည်ရှိ၏။ထိုဂုဏ်များသည် မိမိ၌ သာရှိလို၏။ သူတပါးတို့၌ပြန့်ပွါးအောင်မပြုလို။ ပြန့်ပွါးသည်ကို အလိုမရှိ။သူတပါးတို့၌ ထိုဂုဏ်မျိုးပေါ်လာလျှင် မဟုတ်တယုတ် လုပ်ကြံဖျက်ဆီး၏၊ ။ဓမ္မမဏ္ဍရိယဆိုသည်ကား၊ တရားကျမ်း ဂန်အတတ်ပညာမျိုးနှင့်စပ်လျဉ်း၍ သဝန်တိုခြင်း။ မိမိမှာနည်း နိသယကောင်းမွန်လှသောအတတ်ပညာတရားကျမ်းစာသည်ရှိ ၏။ထိုအတတ်ပညာ တရားကျမ်းစာသည်မိမိ၌သာရှိလို၏။ သူတ ပါးတို့၌မရှိစေလို။ ဤသည်လည်း ဗြဟ္မာဖြစ်ရန် လမ်းကြီးရပေ တည်း။ဤဋ္ဌသာတရား၊၊မဏ္ဍရိယတရားတို့သည် ဋ္ဌာဏပရိဘော ဂနယ်၌ တမ်းခွန်စိုက်ကြီးတို့ပေတည်း၊ ထိုတမ်းခွန်ကြီးတွေကို မြင်သဖြင့်။ထိုသူသည်။ ဋ္ဌာဏပရိဘောဂသမားပေဟုသိနိုင်ရာ၏။ ဗြဟ္မာဖြစ်ရန်လမ်းကြီးတို့ပေတည်း။ဤသို့လျှင် မိမိတို့စိတ် မိမိတို့

www.dhammaransi.com



ကိုယ်ကိုအရှုယ်ရောက်လျက်။အချိန်ရောက်လျက် ခဝါမချမူ၍ဇဏာပရိဘောဂတင်းလင်းနှင့်သေလွန်ကြကုန်သည်ရှိသော် အသေမလှကြသဖြင့်။ နောက်ဘဝတို့၌ ဘိလူးဇာတ်ထွက်၍မဆုံးနိုင်။ ပြိတ္တာဇာတ်ထွက်၍မဆုံးနိုင်။ငရဲဇာတ်၊ တိရစ္ဆာန်ဇာတ်ထွက်၍မဆုံးနိုင်ရှိကြမည်ကိုမြင်တော်မူ၍။ တိဏ္ဏံ အညတရံ ယာမံ။ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။ ဟူ၍ ဟောတော်မူပေသတည်း၊ ကဿပဘုရားလက်ထက်က ထိုကဲ့သို့ဇာတ်ထွက် ကြကုန်သော သူတို့သည်။ ငါတို့ဘုရားလက်ထက်မှာမှ အသီး အသီးဇာတ်လုံးပေါ်ကြလေကုန်၏။ ယခုငါတို့ဘုရားလက်ထက်မှာ ထိုကဲ့သို့ဇာတ်ထွက်ကြကုန်သောသူတို့သည်လည်း။နောင်ဘုရားရှင်မေတ္တေယျဘုရားလက်ထက်တော်မှာမှ အသီးအသီးဇာတ်လုံးပေါ် ကြကုန်လတံ့။

သတိပေးဂါထာ၏အနက်အဓိပ္ပါယ်ကိုပြဆိုချက်ပြီး၏၊

ပျဉ်းမနားမြို့စမ်းကျတောကျောင်းအနီး။ အင်ကြင်းမြိုင်စင်္ကြန်ကျောင်း၌။မြန်မာသက္ကရာဇ်-၁၂၇၈ ခုနှစ်တွင်။ သီတင်းဝါကပ်ဆိုနေ့ထိုင်စဉ်။စစ်ကိုင်းချောင်မှ ရောက်လာသောဇဏာပရိဘောဂပုစ္ဆာကို ဖြေဆိုရာ။ သီတင်းကျွတ်လဆန်း ၂ ရက်နေ့တွင် အောင်မြင်ပြီးစီးလေသတည်း။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၁) ပုရာဏဗြဟ္မဏဘာသာကြီးထွန်းကားခြင်းအကြောင်း။

၁၉၁၈-ခု။ မတ်လ (၁၈) ရက်နေ့စွဲနှင့် “အရိယ သမဂ္ဂအသင်းကြီး„ ကပေးပို့လိုက်သောလျှောက်လွှာသည်၊ ၁၉၁၈-ခု၊ မတ်လ (၂၁) ရက်နေ့တွင်။ ဆရာတော်ထံသို့ရောက်လာသည်၊ ၎င်းလျှောက်လွှာကိုဘတ်ပြစေ၍၊ အကြောင်းအရာ များကိုကြား

www.dhammaransi.com



နာသိရှိရသဖြင့်။ဆရာတော်မှာ။ များစွာဝမ်းမြောက်ရခြင်းဖြစ်ပေ
သည်။

ဤအသင်းကြီးသည်၊ နှစ်-လ-မကြာမီ။ တကမ္ဘာလုံး ပြန့်နှံ့
ပါစေဟု။ ဆရာတော် ဆုတောင်း မိပါ၏၊ အဘယ် ကြောင့်ဆု
တောင်းပါသနည်းဆိုသော်။ တကမ္ဘာလုံး လူသတ္တဝါ တိရစ္ဆာ ဝန်
သတ္တဝါတို့ချမ်းသာကြဘို့ဖြစ်ပေသောကြောင့်တည်း။

အဘယ်သို့-ချမ်းသာကြဘို့ ဖြစ်သနည်းဆိုသော်။ လျှောက်
လွှာတွင်ပါရှိသော "သုတ္တနိပါတ် ပါဠိတော်" မှာလာရှိသည့် အ
တိုင်းဖြေဆိုရာ၏။ "သုတ္တနိပါတ်ပါဠိတော်" မှာလာရှိပုံကား။ ငါ
တို့ဘုရားအလောင်းသိဒ္ဓတ်မင်းမြတ်၏၊ သာကီဝင်နွယ်တွင်။ အ
စဆုံးမင်းကား။ ဥက္ကာမုခ မင်းပေတည်း။ ထိုမင်း၏ အဘကား
သြက္ကာကမင်းပေတည်း၊ ထိုသြက္ကာကမင်း၏ လက်ထက်မတိုင်
မီရှေးအခါန္နက်။လျှောက်လွှာတွင်ပါရှိသော "ပုရာဏဗြဟ္မဏ"
ဘာသာကြီးသည်၊ တကမ္ဘာလုံး၊အနှံ့အပြားတည်ရှိပေ၏။ ။
ထိုအခါန္နက်၊ ထိုဘာသာကြီး တည်ရှိသည့် အတွက် ကြောင့်
ကမ္ဘာပေါ်မှာ။ကျွဲနွားတိရစ္ဆာန် တို့ကို သတ်ဖြတ်၍အသားတို့ကို
ပုဏ္ဏားတို့အားကျွေး မွေးမှု။ အသွေးတို့ကို နတ်ဆိုးနတ်တန်ခိုးကြီး
တို့အား ကျွေးမွေးမှု ဟူသော၊ ယစ်ပူဇော်ခြင်းအမှုမျိုးတို့ သည်
မရှိကြကုန်။လူသတ္တဝါတို့သည်၊ကျွဲနွားသတ္တဝါတို့၏ကျေးဇူးကို
ကောင်းကောင်းကြီးသိကြကုန်၍၊ ကျွဲနွားသတ္တဝါးတို့၌ ရိုက်နှက်
ညှင်းဆဲခြင်းကိုမျှမပြုကြပေကုန်။

ယထာ မတာ ပိတာ ဘာတာ၊ အညေဝါပိစ ဉာတကာ။
ဂါဝေါ နောပရမာမိတ္တာ၊ ယာသု ဇာယန္တိ ဩသဓာ။ ။
အန္နဒါ ဗလဒါ စေတာ၊ ဝဏ္ဏဒါ သုခဒါ တထာ။
ဧတမတ္ထ ဝသံဉတွာ၊ နာသု ဂါဝေါ ဟနိံသု တေ။

www.dhammaransi.com



## ရင်းသုတ်ပါဠိတော်၏အနက်ကား။

ဂါဝေါ။နွါးတို့သည်၊ နော၊ငါတို့၏။ မာတာယထာ၁စ၊အမိကဲ့သို့ရင်း။ပိတာယထာ၁စ။အဘကဲ့သို့ရင်း။ဘာတာယထာ၁စ။ညီအစ်ကိုကဲ့သို့ရင်း။ အညေဝါပိ။ ထိုမှတပါးလည်းဖြစ်ကုန်သော။ ဉာတကာယထာ၁စ။ဆွေရင်းမျိုးရင်းတို့ကဲ့သို့ရင်း။ နော၊ငါတို့၏။ ပရမာမိတ္တာ။လွန်မြတ်သောမိတ်ကြီးဆွေကြီးဖြစ်ကြပေကုန်၏။ ယာသု။ အကြင်နွားတို့နှိက်။ ဩသဓာ။ ငါတို့အသက်ရှည်ရာ ရှည်ကြောင်းအနာကင်းရာ ကင်းကြောင်း ဖြစ်သော ဆေးပတ်ဆိုဥ အစရှိသော ဆေးကောင်းဆေးမြတ်တို့သည်။ ဇာယန္တိ၊ဖြစ်ပေကုန်၏။တော။ထိုနွားတို့သည်။ နော၊ငါးတို့အား။အန္နဒါစ၊အစာထမင်းကိုလည်း အမြဲပေးကြပေကုန်၏။ ဗလဒါစ၊ အားခွန်ဗလကိုလည်းအမြဲပေးကြပေကုန်၏၊တာ၊ ထိုနွားတို့သည်။ ဝဏ္ဏဒါစ။ အဆင်းအရောင်ကိုလည်း အမြဲပေးကြပေကုန်၏။ သုခဒါစ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း တို့ကိုလည်း အမြဲပေးကြ ပေကုန်၏။ ဧတံအတ္ထဝသံ၊ ဤသို့နွားတို့၏အကျိုးကျေးဇူး ဂုဏ်အထူးကို။ ဉတွာ၊ မြော်မြင် သိရှိကြကုန်၍၊ တေ၊ ထိုပြဟ္မဏာ ဘာသာကြီး ထွန်းကားသောအခါ။ ကမ္မာသုကမ္မာသား လူအများ တို့သည်။ ဂါဝေါ၊နွာတို့ကို။ နဟနိံသု၊ ရိုက်ပုတ်ညှဉ်းဆဲခြင်းကိုမျှမပြုကြပေကုန်၊ ။ဤကား။ ရင်းသုတ္တ နိပါတ်ပါဠိတော်၏ အနက်ပေတည်း။

ဤကဲ့သို့။ကဲ့၂နွားသတ္တဝါတို့ကို။လူသတ္တဝါတို့က ရိုသေလေးမြတ်ကြသောအခါ၌။လောကတွင်ရှိနေကြကုန်သော သမ္မာဒေဝ, နတ်ကောင်းနတ်မြတ်တို့ကလည်း၊လူသတ္တဝါတို့ကို အလွန်ရိုသေလေးမြတ်ကြကုန်သဖြင့်။ လူသတ္တဝါတို့၌။ အနာဆိုး။ ရောဂါဆိုး၊ ကပ်ဥပါဒ်အမျိုးမျိုးတို့ကို ပြုလုပ်တတ်ကြကုန်သော။ နတ်ဆိုးနတ်ဝါးတို့ထကြွသောင်းကြမ်းခြင်းမရှိကြကုန်စေရန်၊ လူ့လောကကို ကောင်းစွာစောင့်ရှောက်ကြကုန်၏။ ထိုအခါ၌၊ လူသတ္တဝါတို့၏

www.dhammaransi.com



အသေွးတို့ကိုဝင်း။ ကွဲ့၊နွား၊သတ္တဂါတို့၏ အသွေးတို့ကိုဝင်း။ အလွှန်ကြိုက်နှစ်သက်ကြကုန်သော ယစ်နတ်ဟူ၍ ခေါ်ဆိုကြသော နတ်ဆိုးအပေါင်းတို့သည်၊ ထကြွသောင်းကြမ်းခွင့် မရကြကုန်သဖြင့်။လူ့လောကမှာ။အနာဆိုးရောဂါဆိုးကပ်ဥပါဒ်မျိုးဟူ၍။ တစုံတခုမျှပေါ်ပေါက်ခြင်းမရှိ၊အလွှန်ချမ်းသာကြလေကုန်သတည်း။

“တယော ရောဂါပုရေအာသုံ။ဇရာ့ဉ္စာအနသနံဇရာ”
ဝင်းပါဠိတော်အနက်ကား။

ပုရေ။ဖြပ္ပဏာဘာသာကြီးထွန်းကားရာရှေးအခါ၌။လောကေ။လူ့လောက၌။ တယောရောဂါ။ အနာသုံးမျိုးတို့သည်သာလျှင်။ အာသုံ။ရှိကြကုန်၏၊ဣဉ္စာ။ မိမိ၌မရှိသေးသောဥစ္စာခနာ်ုလိုချင်တောင့်တခြင်းအနာတမျိုး။အနသနံ၊စားချိန်ကျလျက် မစားရတဲ့လျှင်ဆာလောင်ခြင်း အနာတမျိုး။ ဇရာ။အိုချိန်ကျလျှင်အိုရခြင်း အနာတမျိုး၊ ။( ဤကားအနက်။ )

ပုရာဏဗြာဟ္မဏဘာသာကြီးထွန်းကားကြောင်းပြီး၏။

---

( ၂ ) ထိုဘာသာကြီးပျက်စီးပုံကို ပြဆိုခဏ်း၊

ဩက္ကာကမင်း၏ လက်ထက်သို့ကျရောက်သောအခါမှ။ ထိုဗြာဟ္မဏဘာသာကြီး ဆုတ်ယုတ် ပျက်ပြားရှိလေ၍။က မ္ဘာပေါ်မှာ၊ကွဲ့နွားတိရစ္ဆာန်တို့ကို သတ်ဖြတ်၍။ အသားတို့ကို ပုဏ္ဏားတို့အားကျွေးမွေးမှု၊ အသွေးတို့ကို နတ်ဆိုးတို့အား ကျွေးမွေးမှုမျိုးဟူသော။ ယဇ်ပူဇော်ခြင်း အမှုတို့သည်။ ပေါ်ပေါက်၍ လာကုန်၏၊ဤသို့ကွဲ့၊နွား သတ္တဝါတို့ကို၊ မရှိမသေ မလေးမမြတ် သတ်ဖြတ်၍ စားသောက်ကြခြင်း။ ကွဲ့၊နွား၊သတ္တဝါတို့၏ အသွေးတို့ဖြင့်။ နတ်ဆိုးတန်ခိုးကြီးတို့အား၊ ယဇ်ပူဇော်မှု ပေါ်ပေါက် လာ

www.dhammaransi.com



သောအခါ၊ ကမ္ဘာလောကတွင်ရှိနေကြသော၊ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့ကလည်း၊ လူသတ္တဝါတို့ကို၊အလွန်နစ်နာ၊ ရှုံ့ရှာစက်ဆုပ်ကြကုန်သည့်ဖြစ်၍၊ လူလောကကိုမစောင့်ရှောက်ကြကုန်ပြီ။

တတောဒေဝါ ပိတရောစာပိ၊ ဏုန္နေ့ာအာသုရရက္ခသာ။
အခေမ္မောဏ္ဏတိ ပက္ကန္တုံ၊ ယံသတ္တံ နိပတိ ဂဝေ။ ။
ရှင်းပါဠိတော်။

"ယဒါ၊အကြင်အခါ၌။ဂဝေ။ကွဲ၊နွား,တို့အပေါ်၌။ ယံသတ္တံ၊ သတ်ဖြတ်ရိုက်နှက်သော အကြင်ဓားလက်နက်။ ဒုတ်လက်နက်သည်၊နိပတိ၊ကျရောက်လေ၏၊ တဒါ။ထိုသတ်မှုကြီးနွားသားစားမှုကြီး ယဇ်ပူဇော်မှုကြီးတွေပေါ် ပေါက်လာသောအခါနှိုက်၊ ဒေဝါစ၊လူလောကကိုစောင့်ရှောက် ကြကုန်သော နတ်ကောင်းနတ်မြတ်တို့သည်လည်းကောင်း၊ပိတရောစ။ဗြဟ္မာတို့သည့်ရှင်း၊ ဏုန္နေ့ာစ။ လူ့လောကကို စောင့်ရှောက်သော သိကြားမင်းသည်လည်းကောင်း။ အသုရရက္ခသာစ၊ လူ့လောကကိုစောင့်ရှောက်သောအသုရာနတ်၊ ရက္ခိုသ်နတ်တို့သည့်ရှင်း။အခေမ္မောဏ္ဏတိ၊ လူ့လောကမှာအယုတ်တမာ မိစ္ဆာတရားကြီးပေါ် ပေါက်လာပြီဟူ၍။ပက္ကန္တုံ။လူ့လောကကိုမမြင်လိုဘဲရှောင်လွှဲစွန့်ခွါ၍သွားကြကုန်၍၊

ထိုအခါပင်လယ်တခွင်။ ကျွန်းငယ်တခွင်။ မြို့နယ်တခွင် ရွာနယ်အခွင်တို့နှိုက်၊ အစဉ်ထာဝရ ရှိနေကြကုန်သော။ အသွေးစုတ်မျိုး။ အသွေးသောက်မျိုး။ နတ်ဆိုးနတ်ဝါး တို့သည်၊ မိမိတို့နေရာမှထကြွကုန်၍၊ လူတို့နေရာမြို့ရွာသို့၊ အရာမက။ အထောင်မက၊ လာရောက်ကြကုန်ပြီးလျှင်၊ လူအပေါင်းတို့အား။ ပိလိတ်, ဖျားရောဂါ,ဝမ်းရောဂါ, ကျောက်ဆိုးရောဂါ အစရှိသော အနာဆိုး၊ရောဂါဆိုး၊ ကပ်,ဥပဒ်, အမျိုးမျိုးတို့ကို၊ မိမိတို့ တန်ခိုးဖြင့်။

www.dhammaransi.com



ဖြစ်ပွါးအောင်ပြုလုပ်ကြကုန်၍။လူတို့၏အသဲနှလုံးတို့မှဎင်း။လည်ကုပ် လည်ပင်းတို့မှဎင်း။ ထိုထိုအကြောဆုံ အရပ်တို့မှဎင်း။ အသွေးကို ရုတ်ယူမျိုသောက်ကြကုန်သဖြင့်။ ထိုထိုမြို့ရွာတို့၌။ လူသတ္တဝါတို့သည် များစွာသေဆုံးကြကုန်၏၊ လူသတ္တဝါတို့ကိုမပြုမလုပ်သာရှိခဲ့သော်။ ကျွဲ,နွား, သတ္တဝါးတို့၌။ ထိုရောဂါဆိုးအနာဆိုးတို့ကို ဖြစ်ပွါးစေ၍။ ကျွဲ,နွား, သတ္တဝါ၏ အသွေး တို့ကိုလည်းရုတ်ယူမျိုသောက်ကြကုန်၏၊ဤနတ်ဆိုးတို့၏သွေးရုတ်ယူမှုကိုပင်လောကနိုက် "ဘီလူးစား,,သည်ဟုခေါ်ကြ၏။တောဝ်နေသော ကျားကောင်များ လူကို ကိုက်စား သကဲ့သို့။ အသားကိုကိုက် စားသည် မဟုတ်။ အပြတ်, အသတ်, အရာ, အဆာ မရှိ။ ရောင်ရုံရမ်းရုံ အဖုအကြိတ်ပေါ်ရုံမျှသာရှိ၏။ ဤသို့လျှင်အကောင်အထယ်ကိုလည်းမမြင်ရ အပြတ်အသတ် အရာအဆာလည်း မထင်ရှားသည့် အတွက်ကြောင့်။ လောက,ဓမ္မ,ဗိဒ္ဓ သုတ, အသိ, အလိမ္မာမရှိကြကုန်သော ဗာလပုဂ္ဂိုလ် တို့သည်။ မသိနိုင် မယုံကြည်နိုင်ရှိနေကြကုန်၏။

ပသူနဥ္စသမာရဗ္ဘာ။ အဋ္ဌနဝုတိအာဂမုံ။ ။ဎင်းပါဠိတော်၊ ပသူနံ၊ ကျွဲနွား တိရစ္ဆာန်တို့ကို။ သမာရဗ္ဘာ၊ သတ်ဖြတ်မှု ပေါ်ပေါက်လာသောအခါမှ။အဋ္ဌနဝုတိ။ ကိုးဆဲ့ရှစ်ပါးသော အနာဆိုး ရောဂါဆိုး ကပ်ဥပဒ် မျိုးတို့သည်။ အာဂမုံ။ လူ့လောကမှာပေါ်ပေါက်၍လာကုန်၏၊ ။ဤသို့လျှင်လောက၌ "ဗြဟ္မဏ" ဘာသာကြီးထွန်းကားမှုသည်၊တကမ္ဘာလုံး ချမ်းသာရန် အကြောင်းဎင်းဘာသာကြီး ဆုတ်ယုတ်ပျက်ပြားမှုသည်။ တကမ္ဘာလုံး ကပ်ရောဂါအတွက်။ ပျက်ပြားရန် အကြောင်းဖြစ်သည်ကိုဎင်း။ ပါဠိတော်ကြီးများမှာ၊ ငါဘို့ မြတ်စွာ ဘုရား။ ထင်ရှားစွာ ဟောတော် မူသောကြောင့်။ ယခုပုရာဏဗြဟ္မဏဘာသာကြီးကို တည်ထောင်မှုသည် တကမ္ဘာလုံးချမ်းသာ ဘို့ဖြစ်ပေသည်ဟုဆိုပေသတည်း။

—⊰⊱○⊰⊱—

www.dhammaransi.com



## (၃) ကမ္ဘာဦးမိစ္ဆာကျမ်းပေါ်ပုံအခါတော်။

ဩဂုတ္တာကမင်းလက်ထက်မှာ၊ ထိုဘာသာကြီး ပျက်ပြားပုံမှာကား။ ထိုမင်းလက်ထက်မှာ။ ကုသိုလ်ကံ အကုသိုလ်ကံကိုမယုံကြည်နိုင်ကြကုန်သော မိစ္ဆာပုဏ္ဏားတို့သည် ပေါ်ပေါက်လာကုန်၏၊ထိုပုဏ္ဏားတို့သည်၊ အထက်ပုရောဟာဗြဟ္မာကြီးတို့၏ ဘာသာကိုဖျက်ဆီး၍။မိစ္ဆာကျမ်းစာအုပ်ကိုပြုလုပ်စီရင်ပြီးလျှင်။ ကမ္ဘာဦးကျမ်းဆို၍၊"ဩဂုတ္တာကမင်းသို့ဆက်သွင်းကြကုန်၏။ ထိုကျမ်းဌ်ပြဆိုချက်ကား၊လောကဌ် တိရစ္ဆာန်သတ္တဝါသည်၊ လူတို့အလိုရှိတိုင်း သုံးဆောင်ရန်။ ထာဝရဘုရား ဘန်ဆင်း၍ ထားခဲ့သောကြောင့်။တိရစ္ဆာန်သတ္တဝါတို့ကို သတ်ဖြတ်၍ အပြစ်မရှိ။ အလှူဝတ္ထုတို့တွင်လည်း၊ အသွေးဟူသော အလှူဝတ္ထုသည် အမြတ်ဆုံးသောအလှူဝတ္ထုဖြစ်၏။ တိရစ္ဆာန် သတ္တဝါတို့ကို လည်ပင်ဌ်လှီး ဖြတ်၍၊အသွေးကိုထုတ်ယူပြီးလျှင်၊ထာဝရဘုရားကိုပူဇော်ခြင်းသည်၊အလွန်မြတ်သောအလှူဖြစ်၏။ ပုဏ္ဏားလူမျိုးတို့သည်၊ ထာဝရဘုရား၏ခံတွင်းတော်မှ ပေါက်ဘွားသောလူမျိုးဖြစ်ပေ၍ ထာဝရဘုရား၏ မြင့်မြတ်သော. သားတော်များ ဖြစ်ကြ ကုန်၏။ ထိုသားတော်များကို။ တိရစ္ဆာန်တို့၏အသားဖြင့် ကျွေးမွေးခြင်း၊ နွားထီး။ နွားမလှူဒါန်းခြင်း။ ရွှေငွေ ရတနာ ဝတ်စား တန်းဆာ ကညာသမီးတို့ကို လှူဒါန်းခြင်းများသည်၊ အလွန်မြင့်မြတ်သော အလှူဖြစ်၏၊ အထက်ကောင်းကင် ဘုံကြီးမှာ ထာဝရစံစားရ၏။ ထာဝရဘုရားကို အသွေးဖြင့် ပူဇော်ရာဌ်။ ဤထာဝရ ဘုရား၏ ခံတွင်းမှဖြစ်၍။ စင်ကြယ်လှသော ဗြဟ္မဏလူမျိုးများသော စီရင်ရ၏၊ လောကနိုက် ဥစ္စာစနေ ပြည့်စုံကြ ကုန်သော သူတို့ သည်၊ ဗြာဟ္မဏပုဏ္ဏားတို့ အား၊ ကျွေးမွေး ပေးလှူခြင်း၊ ထာဝရ ဘုရားကိုတိရစ္ဆာန် တို့၏အသွေးဖြင့် ပူဇော်ခြင်း ဟူသော ယဇ်ပူဇော်မှုများကို ပြုကြ ကုန်ရာ၏ဟု "မိစ္ဆာ ကျမ်းစာ" သစ်တွင် ပါရှိ၏၊

www.dhammaransi.com



ဩဂုတ္တာကမင်းသည်။ ပညာမရှိသောမင်းဖြစ်၍။ ထိုမိစ္ဆာဂျမ်းစာကို အလွန်ယုံကြည်သဖြင့်။ ထိုယဇ်ပူဇော်ခြင်းအမှုကိုပြုလိုသောစိတ်ဆန္ဒအားကြီးစွာဖြစ်လေ၏။ ထိုမိစ္ဆာပုဏ္ဏားတို့သည်။ နတ်ဆိုးနတ်တန်ခိုးကြီးများကို ပူဇော်ခေါ်ယူမွေးမြူပြီးလျှင်၊ တန်ခိုးအထူးထူးများကိုပြစေ၍၊ ထာဝရဘုရားဟုခေါ်ဝေါ်သမုတ်ပြုလုပ်ကျွေးမွေးကြလေကုန်၏။

ဩဂုတ္တာကမင်းသည်။ ထိုပုဏ္ဏားတို့ကိုခေါ်၍ များစွာသောဥစ္စာဓနတို့ကိုထုတ်ပေးပြီးလျှင်။ အရေးအမှုကိုစီရင်စေ၍။ အရောများစွာအထောင်များစွာ နွားသတ္တဝါတို့ကို။ လည်ပင်း၌ဓါးသန်လျက်ဖြင့်၊ ကိုယ်တိုင်ကိုယ်ကြပ် လှီးဖြတ်ပြီးလျှင်။ အသွေးတို့ကိုခံယူ၍။ ထာဝရဘုရားဟုပုဏ္ဏားတို့ခေါ်ဝေါ်သမုတ်သော နတ်ဆိုးကြီးကိုကျွေးမွေးလေ၏။ ။နတ်ဆိုးတန်ခိုးကြီးသည်။ အရောများစွာအထောင်များစွာ နောက်ပါအခြွေအရံ နတ်ဆိုးတို့နှင့်တကွ။ ထိုအသွေးတို့ကို စားသောက်ကြလေကုန်၏။ ထိုတိရစ္ဆာန်တို့ကိုမူကားကောင်းစွာချက်ပြုတ်ပြီးလျှင်။ အရောများစွာအထောင်များစွာသောပုဏ္ဏားတို့အား ကျွေးမွေးလေ၏။ များစွာသော နွားထီး,နွားမ,ဓနဥစ္စာ။ ရတနာရွှေငွေဝတ်စားတန်စာ။ ကညာသမီးများတို့ကိုလည်း။ ပုဏ္ဏားတို့အား။ ပေးလှူလေ၏။ မိစ္ဆာပုဏ္ဏားတို့သည်။ ထိုနတ်ဆိုးတန်ခိုး ကြီးတို့ကို ကျွေးမွေးမှုသည်။ ထိုမှလောက်သော အကျိုးခံစားရသည်မဟုတ်သေး၊ အမြို့မြို့အရွာရွာတို့သို့ လှည့်လည်ပြီးလျှင်။ ထာဝရဘုရားဟု ကြွေးကြော်ပြီး၍။ ထွေထွေလာလာ တန်ခိုးပြမှုကိုပြုစေကြကုန်ပြီးလျှင်။ လာဘ်သပ်ပကာများကိုခံယူကြကုန်၍။ နတ်ဆိုးတန်ခိုးကြီးပူးဝင်သဖြင့်၊ မျက်စိမြင်နားကြားပေါက်ရောက်ကြကုန်၍၊ လူအများတို့ကမေးမြန်းကြသောအကြောင်းအရာများကို။ အမှန်အကန်ပြောဟောကြ၍။ ဓနဥစ္စာများစွာရရှိကြကုန်၏။ ။တိရစ္ဆာန်သတ္တဝါတို့ကိုလည်း။ တွင်တွင်သတ်ဖြတ်၍အမြဲကျွေးမွေးကြရကုန်၏၊ လောက၌ဗေဒင်ဆရာများပြောဟောမှုထက်ပင်။ ထိုနတ်ကိုမွေးသူများပြောဟော

www.dhammaransi.com



မှုသည်။ယခုသက်ငင်းအရေးအရာများမှာ။သာလွန်၍ထင်လျှား၏။ လောကဒွိဗေဒင်ပညာနှင့်ပြောဟောမှု။ ဝိဇ္ဇာမယအတတ်နှင့်ပြောဟောမှု။နတ်ကောင်းပူးဝင်၍ပြောဟောမှု။ နတ်ဆိုးတို့ကိုမွေးမြူ၍ပြောဟောမှု၊ အမျိုးမျိုးရှိကြသည်တွင်။ ဒုဋ္ဌရိုက်ကိုမကြောက်သောသူတို့မှာ၊ နတ်ဆိုးကိုမွေးမြူ၍ပြောဟောမှုသည် အလွယ်ဆုံးဖြစ်၏။ ဤတိရစ္ဆာန်တို့၏ အသွေးကိုကျွေးမွေး၍ ယဇ်ပူဇော်မှုကြီး။ နတ်ဆိုးမွေးမြူမှုကြီးသည်။ ထိုဥက္ကာက မင်း လက်ထက်တွင်အစပြု၍တကမ္ဘာလုံး အနှံ့အပြားပျံ့ပွါးလျက်ရှိလေ၏။ ။

ထိုမိစ္ဆာကျမ်းစာ အဆက်အနွယ်သည်လည်း။ ယခုထက်တိုင်ကမ္ဘာပေါ်မှာတည်ရှိလေ၏၊ သို့သော်။ ကမ္ဘာပေါ်မှာ။ ပညာရှိသောမင်း တန်ခိုးကြီးများ၊ ရသေ့ရဟန်း တန်ခိုးကြီးများပေါ်ထွန်းသည့်အခါ။ ထိုမိစ္ဆာအယူသည်တိမ်မြုပ်ရ၏၊ ငါတို့မြတ်စွာဘုရားမပွင့်မီအခါ၊ အိန္ဒိယနယ်ပယ်မှာ။ ထိုမိစ္ဆာအယူမှားများပြားလျက်ရှိပေ၏၊ ငါတို့မြတ်စွာဘုရား ဖြစ်ပေါ်မှ၊ အိန္ဒိယနယ်ပယ်မှာထိုမိစ္ဆာအယူတိမ်မြုပ်လေ၏။အနောက်နိုင်ငံများမှာလည်း။ခယဇ်တော်ဆရာပေါ်ပေါက်မှ၊ ထိုယဇ်ပူဇော်မှုဟူသောငရဲနယ်ကြီးအလွန်နည်းပါး၍ သွားလေ၏၊ ခယဇ်တော်ကိုဆရာတော်ကျေးဇူး တင်မိပါ၏။ ခယဇ်ဝင်ကျမ်းများ၌ ယဇ်ပူဇော်မှုထက်၊ကရုဏာတရားကို မွေးမြူမှုသည်၊သာ၍ ကောင်းမြတ်၏ဟုခယဇ်တော်၏ ပြောဟောချက်များကို။ ဆရာတော်တွေ့မြင်ရဘူး၏။သို့သော်။ ခယဇ်တော်ဆရာသည်၊ တိရစ္ဆာန်သတ္တဝါများကိုသတ်ဖြတ်မှုကို။ ဒုစ္စရိုက်ဖြစ်သည်ဟု တိုက်ရိုက်ပေါ် ထွက်၍။ မဟောခဲ့သည့်အတွက် ယခုခယဇ်ဘာသာဝင်လူများသည်။ လူသတ်မှုပါဏာတိပါတ ကံကိုသာ ကြောက်ရွံ့ကြ၏။ တိရစ္ဆာန်သတ်မှု ပါဏာတိပါတကံကို ကြောက်ရွံ့ခြင်း မရှိကြ။ ယခုတည်ထောင်သော အရိယာသမဂ္ဂ အသင်းကြီးနှင့် နှီးနှောမိကြလျှင်။ထိုခရစ်ဘာသာဝင် လူများသည်လည်း။ တိရစ္ဆာန်သတ်မှုကိုကြောက်ဘွယ် လန့်ဘွယ် စက်ဆုပ်ဘွယ် ဖြစ်ကြောင်း။

www.dhammaransi.com



မြန်မြန်ကြီးထင်မြင်နိုင်ကြပေလိမ့်မည်ဟု ဆရာတော်မြော်လင့်ပါ၏၊ ဤသို့ "သုတ္တနိပါတ်"ပါဠိတော်ကြီးမှာ လာရှိသောနွားသတ်မှု,နွားသားစားမှု, ကြောင့်၊ကပ်ဥပါဒ်ကြီးဖြစ်မှု အပြစ်ကြီးကို၊အတန်ငယ် ဖော်ပြလိုက်ပေသည်မှာ ဈေးထဲတွင်ရှိနေသောနွားသားများကိုအတိုးဖြင့် ဝယ်ယူ၍ စားသောက်သူ များမှာ၊ ဘယ်အပြစ်ရှိပါသနည်းဟု ပေါ့ပေါ့စားစား ပြောဆိုလေ့ရှိကြသောသူများအတွက်တချက်။ လူသတ္တဝါတို့နှိုက်ရင်း၊ ကျွဲနွားတိရစ္ဆာန် သတ္တဝါ တို့၌ရင်း၊ ပိလိတ်ဖျားရောဂါ, ဝမ်းရောဂါ, ကျောက်ဆိုးကြီးရောဂါများကူးရောက်ဖြစ်ပွါးမှုသည်။နတ်ဆိုးတို့အတွက်ဖြစ်သည်ဟု ကမ္ဘာပေါ်မှာ၊ ပိဋကတ်ကျမ်းစာ အစဉ်အလာထင်ရှားရှိပါလျက်၊"ပိလိတ်"ဖျား ရောဂါကို၊ဆရာဝန်များပြုလုပ်၍ဖြစ်သည်ဟု၊ အထင်လွဲ၊ အယူလွှဲ၊ စွပ်စွဲလျက်ရှိနေကြသည့်တချက်။ ဤအချက်များကို၊ ပပျောက်စေခြင်းငှါ၊ အတန်ငယ်အကျယ်ထုတ်ဖော်၍ ပြဆိုလိုက်ပေသတည်း။ ၊ကျွဲနွားတိရစ္ဆာန်တို့ အသက်အန္တရာယ်ကိုဆရာတော် ကာကွယ်သည့်အတွက် များစွာ အောင်မြင် ထမြောက်ကြောင်း ဆိုသည်မှာလည်း။နွားသတ်ရုံတို့မှ ဖြစ်ပွါးသောသတ်မှု၊ ဖြတ်မှု အန္တရာယ်အတွက်သာမဟုတ်၊ နတ်ဆိုးတို့ ပြုလုပ်မှုကြောင့် ဖြစ်ပွါးသော၊ ရုတ်တရက်သေစေတတ်သော၊ ဥပါဒ်အန္တရာယ်မှ၊ ကွယ်ကာမှုသည်လည်း၊ ထမြောက် အောင်မြင်လျက် ရှိ၏၊ ထိုထိုမြို့ရွာနယ်ပယ်အပိုးရများကို၊ သင်တို့မြို့ရွာနယ်ပယ်မှာ၊လူတို့နှိုက်ရင်း၊ကျွဲနွားတိရစ္ဆာန်တို့၌ရင်း၊ ကပ်ဥပါဒ်အန္တရာယ်များပေါ်ပေါက်ကျရောက်ရှိခဲ့သော်၊ ဆရာတော်ထံ မြန်မြန်လူလွှတ် ကြကုန်ရမည်ဟုပြောဆို၍ထား၏။မန္တလေးမြို့၊ရန်ကုန်မြို့၊ မော်လမြိုင်မြို့များမှာရှိနေကြသောနွားဘေးမဲ့ရုံအကြီးအကျယ်များကိုလည်း၊ထို့အတူပြောဆို၍ထား၏၊ "ငွေချေးငွေရ သမဝါယမ အသင်းကြီး" မှာလည်း၊ကျွဲ၊နွားများ ကျန်းမာကြံ့စေရန် ဆောင်ရွက်မှုတွင်၊ ဆရာတော်ကူညီမှုထမြောက်အောင်မြင်လျက်ရှိ၏။

www.dhammaransi.com



## (၄) ပုရာဏဗြာဟ္မဏဘာသာနှင့်၊ဗုဒ္ဓဘာသာတူညီသောအရာကိုပြဆိုကြောင်း။

လျှောက်လွှာတွင် ဗုဒ္ဓမြတ်စွာ ဘုရား လည်း။ သုတ္တ နိပါတ် ပါဠိတော်တွင် ပုရာဏဗြာဟ္မဏတို့၏။ အကျင့်သည်၊ ကောင်း မြတ်သောအကျင့်ဖြစ်ကြောင်း ထုတ်ဖော်ပြောဟော ပါသည်ဟူ သောစကား အချက်နှိက်။၎င်းပုရာဏဗြာဟ္မဏ ဘာသာနှင့်။ဗုဒ္ဓ ဘာသာသည်။ များစွာကြီး တူမျှကြ၏။ တူပုံကား။ ဗြာဟ္မဏ ဘာသာ၌။ (၁)သီလယောဂ။ (၂)စိတ္တယောဂ၊ (၃)ပညာယော ဂဟူ၍ ကျင့်ဝတ်တရား သုံးပါးရှိ၏။ ဗုဒ္ဓဘာသာ၌လည်း။ (၁) အဓိသီလသိက္ခာ။ (၂) အဓိစိတ္တသိက္ခာ။ (၃) အဓိပညာသိက္ခာ ဟူ၍။ ကျင့်ဝတ်တရားသုံးပါးရှိ၏။ ထိုတွင်။ (၁)သီလယောဂ နှင့်။(၂)အဓိသီလသိက္ခာသည်။ ဘိက္ခုရဟန်းတို့၏။ သီလမှတ ပါး။ရသေ့တို့၏သီလ။လူတို့၏သီလမှာတူမျှကြ၏။ကာယဒွါရိက် သုံးပါး၊ ဝစီဒွါရိက် လေးပါး။ မိစ္ဆာဇီဝ တရားတို့မှ ကြဉ် ရှောင်မှု။ ဣန္ဒြေခြောက်ပါးတို့ကို။ ထိမ်းသိမ်းချုပ်တည်းမှုတရား များဖြစ်ကြ၏။ (၂)စိတ္တယောဂနှင့်။ (၂)အဓိစိတ္တသိက္ခာသည်။ ရဟန်း။ရသေ့။လူ၊ သုံးပါးလုံးတူကြ၏။တူကြပုံကား၊ ဗြာဟ္မဏ ဘာသာမှာလည်း။ ပထမဈာန်သမာပတ်။ဒုတိယဈာန်သမာပတ် အစရှိသော။ သမာပတ်ရှစ်ပါး ဣဒ္ဓိဝိဓအဘိညာဏ်။ ဒိဗ္ဗစက္ခု အဘိညာဏ် စသော၊ အဘိညာဏ် တရားများရှိ၏၊ ဗုဒ္ဓမြတ် စွာလက်ထက်တော်မှာပင်။ ဗာဝရီပုဏ္ဏား၏ တပည့်။ပရိသတ် ပေါင်းတသောင်းခြောက်ထောင်မျှ ရှိကြသည်တွင်။ ထိုဈာန်သ မာပတ်ကိုရရှိကြသော။ ရသေ့ပုဏ္ဏားအများပါရှိကြ၏၊ ဗုဒ္ဓမြတ် စွာ၏အဘဖြစ်သော သုဒ္ဓေါဒနမင်းကြီး၏ ပုရောဟိတ်ဆရာဖြစ် သော။ "ဒေဝိဋ္ဌ" ပုဏ္ဏားကြီးသည် ရသေ့ပြုလုပ်၍ ဣဒ္ဓိဝိဓအဘိ ညာဏ်ကိုရသဖြင့်။ တာဝတိံသာ နတ်ပြည်သို့ သွားရောက်နိုင် ကြောင်းဗုဒ္ဓဘာသာကျမ်းဂန်တွင်အသေအချာလာရှိ၏၊ "အဋ္ဌာ

www.dhammaransi.com



ရ” ခေါ်သောရသေ့ပုဏ္ဏားကြီးနှင့်။ “ဥဒက” ခေါ်သော ပုဏ္ဏား ရသေ့ကြီးများသည်၊အရူပဈာန်သမာပတ်ကိုရရှိကြ၏။ ငါတို့ဗုဒ္ဓ ဖြစ်စွာသည်၊ ဘုရားအဖြစ်သို့ မရောက်မီ။ ထိုဆရာကြီးတို့၏ ထံမှာပင်။ထိုဈာန်သမာပတ်များကိုနာယူရ၏။သို့သော်။ ထိုသမာ ပတ်များသည်။အထက်ကောင်းကင်ဘုံတွင်၊ အမြင့်ဆုံးဖြစ်သော အရူပဘုံသို့ရောက်ဘို့မျှသာဖြစ်၏။ သံသရာ ဝဋ်ဒုက္ခမှ၊ ကျွတ် လွတ်နိုင်သည့်မဟုတ်ဟု၊စွန့်ခွါထွက်သွားတော်မူ၏၊

---

## (၅) ပညာယောဂနှင့်၊အဓိပညာနှစ်ရပ်ကွဲပြားခြင်းအကြောင်း။

(၃) ပညာယောဂနှင့်၊ (၃) အဓိပညာသိက္ခာမှာ မှုကား။ ဘာသာနှစ်ပါးကွဲလွဲကြ၏၊ ဤစကားနိုက် ပညာ ဆိုသည်ကား၊ ဝိဇ္ဇာတရားကိုဆို၏။ထိုဝိဇ္ဇာသည် သုံးပါးရှိ၏။ (၁) ပုဗ္ဗေနိဝါသ ဝိဇ္ဇာတပါး၊ (၂) ဒိဗ္ဗစက္ခုဝိဇ္ဇာတပါး။(၃) အာသဝက္ခယဝိဇ္ဇာတ ပါးဟူ၍သုံးပါးရှိ၏။ထိုတွင်။ (၁)ပုဗ္ဗေနိဝါသဝိဇ္ဇာဆိုသည်ကား။ လွန်လေးပြီးသောအတိတ်သံသရာနိုက်၊ဘဝများစွာ၊ ကမ္ဘာများ စွာတို့ကို မြင်နိုင်သော အဘိညာဏ် ပညာပေတည်း။ (၂) ဒိဗ္ဗ စက္ခုဝိဇ္ဇာဆိုသည်ကား။ ယခုဒိဋ္ဌရှိနေကြကုန်သော လူ့ဘုံ ၊နတ် ဘုံ၊အပါယ်ဘုံတို့ကိုမြင်နိုင်သော အဘိညာဏ် ပညာပေတည်း။ (၃) အာသဝက္ခယ ဝိဇ္ဇာဆိုသည်ကား၊မိမိတို့သန္တာန်၌ရှိသော။ ကိလေသာ အာသဝေါ တရားတို့ကို။ အကြွင်းမကျန်မရှိ ကုန်ခန်း စေတတ်သော လောကုတ္တရာ အဘိညာဏ် ပညာကြီးပေတည်း။ ထိုသုံးပါးတို့တွင်၊ ပုရာဏပြာဟ္မဏ ဘာသာကြီးမှာ (၁) ပုဗ္ဗေ နိဝါသဝိဇ္ဇာ။ (၂) ဒိဗ္ဗစက္ခုဝိဇ္ဇာ၊ ဤဝိဇ္ဇာနှစ်ပါး ထင်ရှားရှိကြ၏။ ပုဗ္ဗေနိဝါသဝိဇ္ဇာဖြင့်၊ လွန်လေပြီးသောအတိတ်သံသရာနိုက် ဘ ဝများစွာ။ကမ္ဘာများစွာတို့ကိုမြင်နိုင်ကြကုန်၏၊(၂)ဒိဗ္ဗစက္ခုဝိဇ္ဇာ ဖြင့်၊ယခုဒိဋ္ဌရှိနေကြသော။လူ့ဘုံ၊နတ်ဘုံ။အပါယ်ဘုံတို့ကိုမြင်နိုင်

www.dhammaransi.com



ကြကုန်၏။ ဗုဒ္ဓဘာသာမှာလည်း ထိုဝိဇ္ဇာနှစ်ပါးရှိ၏။ ရှေးအခါ၌ ဗုဒ္ဓဘာသာရဟန်းတော်များသည်ထိုအတူမြင်နိုင်ကြကုန်၏။

---

## (၄) ဗြာဟ္မဏဘာသာ၌၊ အာသဝက္ခယဝိဇ္ဇာမရှိခြင်း။ အကြောင်း။

(၁) အာသဝက္ခယ ဝိဇ္ဇာကြီးသည်မူကား။ ဗြာဟ္မဏဘာသာမှာမရှိ။ ဗုဒ္ဓဘာသာမှာသာရှိ၏။ အဘယ့်ကြောင့် ဗြာဟ္မဏဘာသာမှာ မရှိလေသနည်း ဆိုသော်။ အတ္တအယူကို မစွန့်နိုင်သောကြောင့်တည်း။ အဘယ့်ကြောင့် ဗုဒ္ဓဘာသာမှာ ရှိလေသနည်းဆိုသော်အတ္တအယူကိုစွန့်နိုင်သောကြောင့်ပေတည်း။ ဤသို့လျှင်ဘာသာနှစ်ပါးသည် "တတိယဝိဇ္ဇာ" အရာမှာ ကွဲလွဲကြ၏။ ဗြာဟ္မဏဘာသာမှာ အတ္တကိုဟုတ်၏ဟုရှိ၏ဟုအလွန်ခိုင်မြဲစွာစွဲလမ်းကြ၍။ ဗုဒ္ဓဘာသာမှာထိုအတ္တကိုမဟုတ်မရှိဟု အဘင်းငြင်းပယ်ကြရကုန်၏။ ဤသို့အတ္တအယူ။ အနတ္တအယူ နှစ်ပါး ကွဲလွဲသည့် အတွက်ကြောင့်၊ နိဗ္ဗာန်ခေါ်သော အထွဋ် အထိပ် ဘုံချင်းလည်းကွဲလွဲကြကုန်၏။ ဗြာဟ္မဏဘာသာမှာ။ အမြင့်ဆုံးဖြစ်သော"အရူပ"ဘုံကို။အဘန်ဘန် ပဋိသန္ဓေ ယူရခြင်းဟူသော ဇာတိဒုက္ခ၊အိုရခြင်းဟူသော ဇရာဒုက္ခ၊သေရခြင်းဟူသော မရဏဒုက္ခ၊ ဤဒုက္ခကြီး သုံးပါးမှ ကင်းရာ အမှန်။ "နိစ္စ ထာဝရ နိဗ္ဗာန်ဘုံ ကြီးဖြစ် ၏ဟု ယူကြ ကုန်၏၊ ဗုဒ္ဓ ဘာသာမှာမူကား။ ထိုအရူပဘုံ သည်။ သံသရာဘဝတွင်။အတွင်းဝင်လျက်ရှိသောကြောင့်၊ ပြီးလျှင်ထိုဈာန်အရှိန် ဈာန်အဟုန်ကုန်ဆုံး၍ စုတေလွန်သည်ရှိသော်။ အောက်အပါယ်ဘုံ တိုင်အောင် ကျရောက်လာပြန်ကြရကုန်၏။ သံသရာမည်သည်။ လွန်ခဲ့ပြီးသောအတိတ်အဘို့မှာလည်း အစအစွန်းဟူ၍မရှိ။၊အလွန်ရှည်လျားသည် ဖြစ်၍။ယခုလောကတွင်ရှိနေကြကုန်သော၊ လူသတ္တဝါနတ်သတ္တဝါ။

www.dhammaransi.com



ပြဟ္မာသတ္တဝါ။ ခွေးဝက်ကြွက်ငှက်အစရှိသောအပါယ်သတ္တဝါ အပေါင်းတို့သည်။ ထိုအရူပဗျာန်ကိုမကျင့်ဘူး မရဘူးသော သူ တို့ အရူပဘုံသို့မရောက်ဘူးသူတို့ဟူ၍ တရံတယောက်မျှ မရှိ ကြကုန်။ အကြိမ်ပေါင်းအခါပေါင်း မရေမတွက်နိုင် အောင်ပင် ရောက်ဘူးကြကုန်၏။ ထိုဘုံမှာ ကမ္ဘာများစွာ တည်နေကြကုန် ပြီးလျှင်။ ထိုဗျာန်အရှိန်ဗျာန်အဟုန်ကုန်ဆုံး၍ ရတော သေလွန်ကြ ကုန်သောအခါ။ အောက်မဟာအဝီစိငရဲတိုင်အောင်။အောက်ဘုံ အောက်ဘဝတို့သို့ ကျရောက်လာပြန်ကြရလေကုန်၏။ ထိုဘုံမှာ ကမ္ဘာကြီးများစွာသည့် မျက်တောင်တခပ် လျှပ်တပြက်မျှကဲ့သို့ရှိ ချေ၏။ထိုကြောင့် ဗုဒ္ဓမြတ်စွာသည်။ ဘုရားအဖြစ်သို့မရောက်မီ အာဠာရဆရာကြီးတို့ထံမှာ။ နာခံအားထုတ်ရရှိပြီးသော အရူပ ဗျာန်များကိုစွန့်ပစ်တော်မူလေ၏။ထိုအရူပဘုံနှင့်တကွ။သံသရာမှ ကျွတ်လွတ်ရာဖြစ်သောအသခ်တဘုံသည်သာလျှင် ဒုက္ခကြီးသုံး ပါးတို့မှ ကင်းလွတ်ရာဖြစ်သော။နိဗ္ဗာန ဝရနိဗ္ဗာန်ဘုံကြီး၊အရာ ဖြစ်၏၊

ဤသို့လျှင်ဘာသာနှစ်ပါးမှာအတ္တအယူ။အနတ္တအယူဟူ၍ အ ယူနှစ်ပါးကွဲလွဲကြသည့်အတွက်ကြောင့်နိဗ္ဗာန်ခေါ် သော အထွဋ် အထိပ်ဟူသောထာဝရဘုံကြီးနှစ်ပါးကွဲလွဲကြကုန်၏။

ပြာဟ္မဏဘာသာမှာ ထိုအတ္တကို သန့်ရှင်း ဖြူစင်စေခြင်းငှါ။ (၁) ဒိလယောဂ။ (၂) စိတ္တယောဂ(၃) ပညာယောဂဟူသော ကျင့်ဝတ်တရားကြီးသုံးပါးတို့ဖြင့် အဆင့်ဆင့် ဆေးကြောသုတ်သင်အရေအရောင်တင်ကြကုန်၏။ ပထမဗျာန်ကိုရ၍ အတ္တဖြူ စင်သောသူများသည်။ သေလွန်သောအခါ ပထမဗျာန်ပြာဟ္မာ့ဘုံ သို့ရောက်ကြရလေ၏၊ထိုပထမဗျာန်ဘုံမှာ။အညံ့၊အလတ်အမြတ် အားဖြင့် ပြာဟ္မာသတ္တဝါသုံးမျိုးရှိ၏။ အညံ့စားမျိုးသည်။၊ကမ္ဘာ ကို ၃ ပုံပုံလျှင် တပုံစာမျှ အသက်ရှည်၏။ အလတ်စားမျိုးသည် ကမ္ဘာထက်ဝက် အသက်ရှည်၏၊ ထိုအမြတ်စားမျိုးသည် တ ကမ္ဘာလုံးအသက်ရှည်၏။ထိုအမြတ်စားမျိုးတွင် အကြီးဆုံးဖြစ်

www.dhammaransi.com



သော မဟာပြဟ္မာကို၊လူလောက နတ်လောကတို့က။ ထာဝရဘုရားဟူ၍ စွဲလမ်းကြကုန်၏။ အချို့သောပြဟ္မာတို့က။ ထိုဘုံကိုပင်၊နိစ္စထာဝရနိဗ္ဗာန်ဟူ၍စွဲယူကြကုန်၏၊ ဒုတိယဈာန်ကိုရ၍ အတ္တထို့ထက်ဖြူစင်သောသူများသည်၊သေလွန်သောအခါ ဒုတိယဈာန်ဘုံသို့ရောက်ကြ၏၊၊ထိုဘုံမှာလည်း၊ ပြဟ္မာသတ္တဝါသုံးစားရှိ၏။ အသက်တမ်းလည်း အဆင့်ဆင့်ထမ်းပိုး တိုးတက်၏။ အမြတ်စားမျိုးမှာ၊ရှစ်ကမ္ဘာအသက်ရှည်၏၊အချို့သော ပြဟ္မာတို့ကဤဒုတိယဘုံကိုပင်နိစ္စထာ ဝရနိဗ္ဗာန်ဟူ၍စွဲယူကြ၏။ ။ တတိယဈာန်ကိုရ၍၊ အတ္တထို့ထက် ဖြူစင်သော သူများသည် သေလွန်သောအခါ၊တတိယဈာန်ဘုံသို့ရောက်ကြ၏။ ထိုဘုံမှာလည်းပြဟ္မာသတ္တဝါသုံးစားရှိ၏။ အသက်တမ်းလည်း အဆင့်ဆင့်ထမ်းပိုးတိုးတက်၏၊ အမြတ်စားမျိုးသည်၊ ခြောက်ဆဲ့လေးကမ္ဘာအသက်ရှည်၏။အချို့သောပြဟ္မာတို့က၊ ဤတတိယဘုံကိုပင်၊နိစ္စထာဝရနိဗ္ဗာန်ဟူ၍စွဲယူကြကုန်၏၊ ။စတုတ္ထဈာန်ကိုရ၍၊၊အတ္တထို့ထက် ဝင်းဝင်းတောက်ဖြူစင်သောသူများသည်။ သေလွန်သောအခါစတုတ္ထဈာန်ဘုံသို့ရောက်ကြ၏။ ၊ထိုဘုံမှာမူကား၊ပြဟ္မာသတ္တဝါချင်းချင်း၊ အလွန်မခြားမနားကြ၊ အသက်တမ်းလည်း ကမ္ဘာ၅၀၀ချည်းရှိကြ၏၊အချို့သောပြဟ္မာတို့က ထိုစတုတ္ထဘုံကိုပင်။ နိစ္စထာဝရနိဗ္ဗာန်ဟူ၍စွဲယူကြကုန်၏။ တဘန်စတုတ္ထဈာန်ကိုပင်တမျိုးအားဖြင့်၊တိုးတက်ပွါးများ ရရှိသောသူများသည်၊သေလွန်သောအခါ ရုပ်ခန္ဓာကားမရှိ၊နာမ်ခန္ဓာမျှသာရှိသောအရူပဘုံသို့ရောက်ကြရကုန်၏၊ထိုအရူပဘုံသည်လည်း လေးဆင့်ရှိ၏။ ပထမဘုံမှာ ကမ္ဘာနှစ်ထောင်အသက်ရှည်၏။ ဒုတိယဘုံမှာ ကမ္ဘာ-၄သောင်းအသက်ရှည်၏၊တတိယဘုံမှာ ကမ္ဘာ-၆ သောင်းအသက်ရှည်၏၊ အာဠာရဆရာကြီးသည် ဤဘုံသို့ရောက်လေ၏၊ စတုတ္ထဘုံမှာ ကမ္ဘာ ရှစ်သောင်း လေးထောင်အသက်ရှည်၏၊ဤဘုံကို ကောင်းကင်ဘုံဗတွင် အမြင့်

www.dhammaransi.com



သုံးဖြစ်၍။ဘဝဂ်ဘုံဟူ၍ခေါ် ၏။ဥဒကာဆရာကြီးသည် ဤဘုံသို့ ရောက်၏။

ဗုဒ္ဓမြတ်စွာသည်။ သုတ္တန် အဘိဓမ္မာတို့၌ ဤအတိုင်း ဟော တော်မူ၏။ဤပြဒါပဟ္ဓဏာဘာသာမှာ၊ စွဲယူခြင်း အမျိုးမျိုးသို့လိုက် ၍။ နိဗ္ဗာန်ဘုံအဆင့်ဆင့်ရှိကြကုန်၏။လူ့ဘုံ၊ နတ်ဘုံဟူသော၊ အောက်ဘုံသားများက။ထိုအထက်ပြဟ္မာဘုံများကို နိစ္စထာဝရ ဟုစွဲယူကြကုန်၏။ စွဲယူသောဥပမာကား အနှစ်ထသောင်းရှည် သောသစ်ပင်ကြီးတပင်ရှိရာ၏။ ထိုသစ်ပင်ကြီး၏အောက်၌မြက် သစ်ပင်ငယ်မျိုးအများရှိကြကုန်၏၊ ထိုသစ်ပင်ငယ်မျိုးတို့ကဆို ကြရာ၏၊ငါတို့လည်းသေချည်ရှင်ချည် အတည်မမြဲရှိကြ၏၊ သစ် ပင်ကြီးမှာမူကား၊နိစ္စထာဝရအမြဲတည်၏ဟူ၍ ဆိုကြကုန်ရာ၏၊ သစ်ပင်ကြီးများနှင့်။ အထက်ကောင်းကင်ဘုံရှိ ပြဟ္မာမင်းကြီး များနှင့်တူ၏၊မြက်သစ်ပင်ငယ်များနှင့်။ အောက်ဘုံသားများ တူ ကြ၏၊ဤဥပမာအတိုင်းပေတည်း။ ။ဤကား ပုရာဏာပြဒါပဟ္ဓဏာ ဘာသာ၏ကြီးကျယ်ပုံအလားကို။အကျဉ်းအားဖြင့် ပြဆိုချက်ပေ တည်း။

## (၇) ဗုဒ္ဓဘာသာ၌အတ္တမရှိဟုငြင်းပယ်ခြင်းအကြောင်း။

ဗုဒ္ဓဘာသာမှာ။ထိုအတ္တကိုမဟုတ်မရှိဟု ငြင်းပယ်ပြီးသော်။ ထိုအနတ္တဉာဏ်ကိုပေါက်ရောက်စေခြင်း၌ ၁ အဓိသီလသိက္ခာ ၂ အဓိစိတ္တသိက္ခာ။ ၃ အဓိပညာသိက္ခာဟူသောကျစ်ဝတ်တရား ကြီးသုံးပါး၊ကိုကျင့်သောင်ကြရကုန်၏။ သို့သော်ထိုအနတ္တဉာဏ် ကိုအထမြောက်အောင်။ပေါက်ရောက်နိုင်ရန် ခဲယဉ်းလှ၏။ ယခု ကာလ၌၊ ၂ အဓိစိတ္တသိက္ခာဈာန်သမာပတ်ကိုပင် ပေါက်ရောက် အောင်မကျင့်သောင်နိုင်ကြ၊ ပရိယတ္တိကျမ်းဂန် အလုပ်ကြီးနှင့် တကွ၊ ၁ အဓိသီလသိက္ခာ မျှကိုသာကျင့်သောင် နိုင်ကြကုန်၏။

www.dhammaransi.com



ဖြာပဗ္ဗဇ္ဇာဘာသာမှာလည်း။ ၂ စိတ္တယောဂ။ ၃ ပညာ ယော ဂ များကိုထမြောက်ပေါက်ရောက်သူဟူ၍ယခုကာလမကြာသေးဘူးရ၊ ဂန္ဓာရိဝိဇ္ဇာအလုပ်ကြီးနှင့်တကွ၊ ၁ သီလယောဂမျှကိုသာ ကျင့် ဆောင်နိုင်ကြကုန်၏။ ဘာသာနှစ်ပါးလုံး၌ပင် သီလမျှကိုကျင့်နိုင် သောသူတို့သည်။လူ့ဘဝနတ်ဘဝများသို့ ရောက်နိုင်ကြကုန်၏။ ဗြဟ္မာ့ဘဝသို့မရောက်နိုင်ကြကုန်၊သမာဓိဈာန်ကို ပေါက်အောင် ကျင့်နိုင်ကြကုန်သော သူတို့သည်သာလျှင်၊ အထက်ဗြဟ္မာပြည် တခွင်သို့ရောက်နိုင်ကြကုန်၏။ ထိုသူတို့သည်။ အနတ္တဉာဏ်မ ပေါက်နိုင်ကြသည့်အတွက်။ နိဗ္ဗာန်သို့ မရောက်နိုင်ကြကုန်။ လူ့ ဘုံ။ နတ်ဘုံတို့မှာရင်းအထက်ဘုံဖြစ်သော။ ဘဝဂ်ဘုံ တိုင် အောင်။ထိုထိုဗြဟ္မာဘုံမှရင်း၊အောက်အပါယ်ဘုံသို့ တဘန်ကျ ရောက်ခြင်းအမှုကြီး မငြိမ်းကြလေကုန်၊ ဗုဒ္ဓဘာသာ၌ အနတ္တ ဉာဏ်ပေါက်ရောက်သောသူတို့သည်သာလျှင်။ နိဗ္ဗာန်သို့ရောက် နိုင်ကြကုန်၏။

—⊱○⊰—

## (ဂ) နိဗ္ဗာန်သုံးမျိုး၏အကြောင်း။

နိဗ္ဗာန်ဆိုသည်ကား။ ။၁ ပထမနိဗ္ဗာန်။ ။၂–ဒုတိယနိဗ္ဗာန်။ ၃-တတိယနိဗ္ဗာန်ဟူ၍သုံးဘုံသုံးဆင့်ရှိ၏။ ၁ ပထမနိဗ္ဗာန်သည် ကား၊အပါယ်ဘဝတို့မှအစဉ်ထာဝရလွတ်ငြိမ်းမှုကြီးပေတည်း။ ဤပထမနိဗ္ဗာန်ကြီးသို့ပေါက်ရောက်နိုင်ကြကုန်သောသူတို့သည်၊ နောက်သံသရာ၌ အပါယ်ဘုံသို့ကျရောက်ခြင်း မရှိကြ ကုန်ပြီ။ အထက်ဗြဟ္မာဘုံမှာဖြစ်ခဲ့သော်။ အပါယ်ဘုံသို့ကျရောက်မည့် ဝေးစွ။ အောက်အောက် သောဘုံများကိုမှ သျှောကျခြင်းမရှိ လေကုန်ပြီ။၂ ဒုတိယနိဗ္ဗာန်ဆိုသည်ကား။ကိလေသာဒုစရိုက်ထူ ပြောလှသောလူ့ဘုံ၊နတ်ဘုံတို့မှ အစဉ်ထာဝရလွတ်ငြိမ်းမှုပေ တည်း၊ထိုဒုတိယနိဗ္ဗာန်တိုင်ရုံမျှ၊ ပေါက်ရောက်နိုင်ကြကုန်သော

www.dhammaransi.com



သူတို့သည်၊ယခုဘဝသေဆုံးကြရာ။ နောက်သံသရာ၌၊ လူ့ပြည် နတ်ပြည်ဟူသောကာမဘုံ တို့မှအစဉ်ထာဝရလွတ်ငြိမ်းကြလေ ကုန်ပြီ၊ ဗြဟ္မာ့ပြည်သို့သာရောက်ကြလေကုန်၏။ ဗြဟ္မာ့ပြည်မှာ လည်းမိမိတို့ဖြစ်ရာဘုံမှအောက်အောက်ဘုံသို့ လျှောကျခြင်းမရှိ လေကုန်ပြီ။ ။ ၃-တတိယနိဗ္ဗာန်ဆိုသည်ကား။ ဒိဋ္ဌိ။မာနထူပြော ကြကုန်သော။ရူပဗြဟ္မာ့ဘုံ၊ အရူပဗြဟ္မာ့ဘုံ၊အလုံးစုံတို့မှ။ အ စဉ်ထာဝရလွတ်ငြိမ်းမှုပေတည်း။ ထိုတတိယနိဗ္ဗာန်တိုင်အောင် ပေါက်ရောက်နိုင်ကြကုန်သော သူတို့သည်ကား။ ရဟန္တာအစစ် ဖြစ်ကြလေကုန်၏၊ကာမဘုံ။ ရူပဘုံ။အရူပဘုံဟူသော ဘုံသုံး ပါးတို့မှ၊ အစဉ်ထာဝရလွတ်ငြိမ်းကြလေကုန်၏။ ယခုဘဝတွင် ပရိနိဗ္ဗာန်စံဝင်ကြလေကုန်၏၊

## (၄) အတ္တဒိဋ္ဌိနှင့်-အပါယ်ဘုံအကြောင်း။

ဤအရာ၌။ အဘယ့်ကြောင့်အတ္တဒိဋ္ဌိ တင်းလင်းရှိနေကြပေ ကုန်သောသူတို့မှာ၊ အထက် အမြင့်ဆုံးဖြစ်သော ဘဝဂ်ဘုံမှ သော်လည်းအပါယ်ဘဝသို့ အဘန်ဘန်ကျရောက် ပြန်ရလေသ နည်းဟုမူ။အလွန်အပြစ်ဝန်လေးလှသော အတ္တဒိဋ္ဌိကြီးရှိနေသော ကြောင့်ပေတည်း။ရင်း အတ္တဒိဋ္ဌိသည်အဘယ်သို့လျှင်အပြစ်ဝန် လေးလှလေသနည်းဟုမူကား၊ အတ္တဒိဋ္ဌိတင်းလင်း ရှိနေသောသူ မှာ။ရှေးရှေးဘဝသံသရာအနန္တတို့၌ ဖြစ်ပွါး၍လာကြကုန်သော ဒုစရိုက်ဟောင်းအနန္တတို့သည်၊ထိုအတ္တဒိဋ္ဌိ၌ကပ်ငြိတွယ်တာ၍ ထိုပုဂ္ဂိုလ်ကျင်လည်ရာအစဉ်အမြဲပါရှိ၍နေကြပေကုန်၏. နောင် အနာဂတ်သံသရာဘဝအနန္တတို့၌လည်း၊ ဒုစရိုက်ကံသစ်အနန္တ ဖြစ်ပွါးကြရန်အတ္တဒိဋ္ဌိသည် အမြစ်မျိုးစေ့ကြီးဖြစ်၏၊ ထိုစကား မှန်၏၊ဒုစရိုက်ကံဟောင်းအနန္တတို့သည်၊ မိမိတို့ကိုယ်ခန္ဓာတွင်း၌ ကိန်းအောင်းတည်ရှိလျက်နေကြကုန်၏၊ မိမိတို့ကိုယ်ခန္ဓာတို့ကို

www.dhammaransi.com



ငါ၏အဏ္ဍာဟု,အခိုင်အမြဲ စွဲလမ်းသောသူတို့သည်၊ ထိုဒုစရိုက်ကံဟောင်းတို့ကို မပျောက်မပျက်မလွှင့်ပါးဘဲ တလုံး တစည်းတည်းပါရှိကြစေရန်၊ အခိုင်အမြဲဆွဲငင်ဆုပ်ကိုင်၍ ထားခြင်းဖြစ်၏။ထိုအဏ္ဍဒိဋ္ဌိရှိနေကြသည့် အတွက်ကြောင့်လည်း၊ ကာမဘုံ၊ ရူပဗြဟ္မာဘုံ၊ အရူပဗြဟ္မာဘုံဟူသောလောကကြီး၌၊ မိမိတို့၏အဇ္ဈတ္တသန္တာန်မှာလည်း၊ငါ၏ကိုယ်။ငါ၏ဦးခေါင်း။ငါ၏ခြေ၊ ငါ၏လက်။ငါ၏မျက်စိ။ ငါ၏နားအစရှိသည်ဖြင့်အသီးအသီးစွဲလမ်းချက်အများအပြားရှိနေကြကုန်၏။ ဗဟိဒ္ဓသန္တာန်မှာလည်း၊ ငါ၏လင်။ငါ၏မယား၊ ငါ၏သား။ ငါ၏သမီး။ ငါ့ဆွေ။ ငါ့မျိုး။ ငါ့ကျွဲ။ ငါ့နွား။ ငါ့မြင်း စသည်ဇင်း။ ငါ့ရွှေ။ငါ့ငွေ။ ငါ့အိမ်၊ ငါ့ယာ ငါ့တိုက်၊ငါ့တာ။ ငါ့ရွာ။ ငါ့မြို့၊ ငါ့တိုင်း။ငါ့ပြည် စသည်ဖြင့်ဇင်း။ အခိုင်အမြဲ၊စွဲလမ်း ချက်ရှိနေကြကုန်၏။ ဤသို့လျှင် သူ့ဆိုင်ရာ၊ ငါ့ဆိုင်ရာ၊ သူ့ပိုင်နက်။ ငါ့ပိုင်နက်။အကွက်အခြား အနန္တများပြားလျက်ရှိနေကြကုန်၏။ထိုခြားနားချက်တို့ကို အစွဲပြု၍လည်း လောဘကိလေသာ၊ ဒေါသကိလေသာ၊ မောဟ ကိလေသာ၊ ဧကိုသာမဇ္ဈရအစရှိကုန်သောကိလေသာတို့သည်ပွါးများလျက်ရှိကြကုန်၏။ထိုကိလေသာတို့ကိုအစွဲပြု၍လည်း၊ ဒုစရိုက်တရားတို့သည်ပွါးများ၍နေကြကုန်၏။ ဤသို့လျှင်ထိုအဏ္ဍဒိဋ္ဌိကြီးသည် ဒုစရိုက်ကံဟောင်းတို့၏ခိုအောင်းတည်နေရာဌာနကြီး ဖြစ်သည်တကြောင်း။ဒုစရိုက်ကံသစ်တို့၏အမြစ်မူလ မိဖမျိုးစေ့ကြီး ဖြစ်သည်ဘကြောင်း။ သို့အကြောင်းများကြောင့်၊ ထိုအဏ္ဍဒိဋ္ဌိသည်၊ အလွန်အပြစ်ဝန်လေးလှလေသတည်း။

၁-ဗြာဟ္မဏတို့၏ ကျင့်ဝတ်တရားဟူသော သီလယောဂ၊ ၂-ဈာန်သမာပတ်တို့ကိုပွါး များခြင်းတည်းဟူသော စိတ္တယောဂတို့ဖြင့်၊ အပဖြစ်သောကိလေသာနယ်၊ဒုစရိုက်နယ်တို့ကိုပယ်ရှင်း၍ထားကြကုန်သော်လည်း။အတွင်းသန္တာန်၌။ငါ၏ကိုယ်။ငါ၏ဦးခေါင်း။ငါ၏ခြေ၊ငါ၏လက်။ငါ၏မျက်စိ၊ ငါ၏နားအစရှိသည်

ဖြင့်၎င်း။ ငါ၏ဝိတ်။ ငါ၏သီလ။ ငါ၏ဈာန်။ ငါ၏သမာဓိ။ ငါ၏ပညာ။ ငါ၏ဘုန်းခိုး စသည်ဖြင့်၎င်း၊ အခိုင်အမြဲ စွဲလမ်း၍ ရှိနေကြကုန်သည့်အတွက်။ ဘဝဂ်ဘုံမှာပင်ဖြစ်နေကြကုန်သော်လည်း။ ဒုစ္စရိုက်ဟောင်းအနုသယ်တို့သည်၊ ထိုအတ္တဒိဋ္ဌိအတွင်းမှာ ရှိ၍နေကြကုန်သည်သာလျှင်တည်း။ ထို့ကြောင့် အတ္တဒိဋ္ဌိကိုမပယ်နိုင်ကြကုန်သောသူတို့သည်။ ပဌမဈာန် ဘုံမှလည်း၊ ထိုဈာန်အဟုန်ကုန်လျှင်၊ အောက်အပါယ်ဘုံသို့ကျရောက်ကြရကုန်၏။ ဒုတိယဈာန်ဘုံမှလည်း၊ ထို့အတူကျရောက်ကြရကုန်၏၊ တတိယဘုံစသည်တို့မှလည်း။ အမြင့်ဆုံးဖြစ်သော ဘဝဂ်ဘုံ တိုင်အောင်ထိုနည်းအတူဆိုလေ၊ အပါယ်ဘုံသို့ ကျရောက်သမျှသော သူခပ်သိမ်းတို့သည်လည်း။ အပါယ်ဘဝပေါင်း အသောင်းမကအသိန်းမကကျင်လည်ကြကုန်ပြီး၍။ တသောင်းတွင် တယောက်မျှ။ တသိန်းတွင်တယောက်မျှ။ လူ့ဘုံလူ့ဘဝသို့။ တဘန်ပြန်သာနိုင်ကြကုန်၏။ ကမ္ဘာပျက်ဆုံးသည် တိုင်အောင်၊ အပါယ်ဘုံတို့တွင်အစဉ်ထာဝရကျင်သည်၍နေကြရကုန်သော သူတို့သည်သာလျှင်။ အသင်္ချေအနန္တမျှပြားလှလေကုန်၏။

ဥက္ခိတ္တာ ပုညတေဇေန။ ကာမရူပ ဂတိံ ဂတာ။
ဘဝဂ္ဂမ္ပိစသမ္ပတ္တာ၊ ပုနရာဂစ္ဆန္တိ ဒုဂ္ဂတိံ။ ။

အဘိဓမ္မာဝိဘင်းပါဠိတော်။

အနက်ကား။ ။ပုညတေဇေန၊ မိမိတို့ ပြုကြသော ဒါနသီလစသောကာမကုသိုလ်။ ပဌမဈာန် ဒုတိယဈာန် စသောရူပဗြဟ္မာကုသိုလ်၊ အရူပဗြဟ္မာကုသိုလ်တို့၏ အရှိန်အဟုန်သည်၊ ဥက္ခိတ္တာ။ ချီးပင့်မြှောက်တင်အပ်ကုန်သည်ဖြစ်၍။ ကာမရူပဂတိံ။ လူ့ပြည်။ နတ်ပြည်ဟူသော ကာမဘုံ ပဌမဈာန်စသောရူပဗြဟ္မာဘုံသို့၊ ဂတာပိစ။ ရောက်ကြကုန်သော သူတို့သည်လည်း

www.dhammaransi.com



ကောင်း၊ဘဝဂ္ဂံ။ဘဝဂ်ခေါ်သောအရူပဗြဟ္မာဘုံသို့။သမ္ပတ္တာပိစ။ ရောက်ကုန်သောသူတို့ သည်လည်းကောင်း။ ပုန။တဘန်။ဒုဂ္ဂတိံ၊ အပါယ်လေးဘုံဟူသောဒုဂ္ဂတိဘုံသို့။ဂစ္ဆန္တိ။ကျရောက်လာကြကုန်၏။ ။ဤကား၊ ၎င်းပါဠိတော်၏အနက်ပေတည်း။ ။အပါယ်ဘုံသို့တကြိမ်ကျလျှင်။ လူ့ဘုံလူ့ဘဝသို့တဘန်ပြန်ရောက်ရန်အရေးအခွင့် အလွန်ခဲယဉ်းကြောင်းမှုကား၊ မဇ္ဈိမနိကာယ်။ မူလပဏ္ဏာသပါဠိတော်။ ဗာလပဏ္ဍိတသုတ်တွင်၊ ဗုဒ္ဓမြတ်စွာဟောတော်မူ၏။

—⊰○⊱—

## (၁၀) နိဗ္ဗာန်သို့ရောက်ခြင်းအကြောင်း၊

အတ္တဒိဋ္ဌိကိုအကြွင်းအကျန်မရှိ ပယ်သတ် နိုင်ကြကုန်သော ပထမနိဗ္ဗာန်ဘုံသားတို့သည်ကား။ထိုဝန်လေးလှစွာသော အတ္တဒိဋ္ဌိတာဝန်ကြီးမှ ကင်းလွတ် ကြသည်ဖြစ်၍၊ လူ့ဘုံနတ်ဘုံ ဗြဟ္မာ့ဘုံတို့၌တည်ရှိကြကုန်ရာ။ အောက်အပါယ်ဘုံသို့ကျမည်ဝေးစွ။ဒိမိတို့တည်ရှိရာဘုံအောက်၊ ယုတ်နိမ့်သော ဘုံများကိုပင်လျှောကျခြင်းမရှိကြကုန်ပြီ။ ဥပမာကား၊ လောက၌ သံခေါ်သောခတ်မျိုးသည်ရှိကြ၏။ ထိုခတ်မျိုးတို့၏အတွင်းမှာအနှစ်သာရဖြစ်သော အစွမ်းသတ္တိ ကြီးကျယ်လှသော ခတ်သတ္တုသည်ရှိ၏။အလွန်ယုတ်ညံ့လှသောသံချေးတို့သည်။ ထိုအနှစ်သာရကိုကိုက်တွယ်လုံးထွေးလျက်တည်ရှိကြကုန်၏။ ထိုသံချေးတို့အတွက်အနှစ်သာရဖြစ်သော ခတ်သတ္တုသည် တန်ခိုးမရှိ၊အလွန်ညံ့ဖျင်းသော အနေ၌ တည်နေရ၏၊ လောကဟိတ အကျိုး ၌၊ အထက်ပုရာဏာဖြာဟ္မဏာကြီးတို့ လုပ်ကြံ၍ ထားခဲ့သော။ ဂန္ဓာရီဝိဇ္ဇာနည်းလမ်းများရရှိ၍။ ထိုသံခတ်ကိုကျိုချက်ပြီးလျှင်၊ ခတ်ခွဲဆေးကောင်းတို့ဖြင့်။ ထိုအညစ်အကြေးတို့ကို ထုတ်ပစ်၍၊စင်ကြယ်စွာရရှိသော သံသတ္တုကိုအဆင့်ဆင့် ဆိဒ္ဓိကြီးငယ်

www.dhammaransi.com



ပေါက်ရောက်အောင် လုပ်ကိုင်နိုင်သောသူသည်၊ ဂန္ဓာရီဝိဇ္ဇာအဖြစ်သို့ရောက်၍၊အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ ကောင်းကင်မြေမိုး၊ပျံလျှိုး သွားလာနိုင်ခြင်း စသော တန်ခိုးသတ္တိ အထူးနှင့်ပြည့်စုံသည်ဟူ၍၊ လောကီကျမ်းများ၌ လာသော ဥပမာကဲ့သို့တည်း။ ။ဤဥပမာနှိုက်၊ သတ္တဝါတို့၏စိတ်သန္တာန်သည်၊ သံသတ္တုခဲတတ်မျိုးနှင့်တူ၏၊ အတ္တဒိဋ္ဌိသည်၊ ထိုသတ္တု ခဲတတ်ကိုကိုက်တွယ်လုံးထွေးလျက် တည်ရှိသော သံချေးနှင့်တူ၏၊အတ္တဒိဋ္ဌိရှိနေသောသူ၏ စိတ်သန္တာန်သည်၊ ထိုသံချေး အပြည့်ရှိနေသောသံတုံး၊သံခဲနှင့်တူ၏၊ ၊အတ္တဒိဋ္ဌိမှ ကျွတ်လွတ်ပြီးသောသူ၏စိတ်သန္တာန်သည်၊စင်ကြယ်ပြီးသော ခဲတတ်ဆီ,ခဲတတ်နှစ်နှင့်တူ၏၊ထိုကြောင့်၊ အတ္တဒိဋ္ဌိရှိနေသော သူတို့မှာ၊အထက်ဘဝဂ်ဘုံမှသော်လည်း၊ စိတ်သန္တာန်တွင်ပါရှိ၍နေသော အတ္တဒိဋ္ဌိဝန်လေးလှသည့်အတွက်အောက်အပါယ်သို့ကျရောက်ရခြင်း၊ စိတ်သန္တာန်နှိုက်အတ္တဒိဋ္ဌိကင်းလွတ်ပြီးသောသူတို့မှာ၊လေးလံခြင်းမရှိသဖြင့်အောက်သို့ မကျရအောင် ဆောင်ရွက် နိုင်သောစိတ်သန္တာန်ရှိနေသည့်အတွက်၊မိမိဖြစ်ရာဘုံမှ၊ အောက်အောက်ဘုံသို့လျှောကျခြင်းမရှိဟူသောအထူးကိုသိအပ်၏၊သို့သော်အဟုတ်အမှန်ရှိနေသော ထိုအတ္တကို၊ မဟုတ်မမှန်ဟု၊ ကြံခြင်းယူခြင်းပယ်နုတ်ခြင်းဌာတတ်ကောင်းပါမည်လောဟုမေးရန်ရှိပြန်၏။ ။ဤအမေး၌၊အဟုတ်အမှန်ရှိနေသည်ဟူသောစကားသည်၊ အတ္တဒိဋ္ဌိအလွန်ခိုင်မြဲလှသောသူများ၏စကားဖြစ်ချေ၏၊ ထိုအတ္တသည်မှကား၊ အဟုတ်ရှိအမှန်ရှိမဟုတ်၊ မိစ္ဆာဉာဏ်ဖြင့် လုပ်ကြံ၍ယူအပ်သော အာဂန္တုကမျှပေတည်း။ ထိုကြောင့်၊ ကသိုဏ်းဈာန်၊ ဗြဟ္မဝိဟာရဈာန်များကို ပွါးများ၍ ပယ်ဖျောက်သည် ရှိသော်၊ ကာမတဏှာ,ဒေါသ,ပဋိဃစသောကိလေသာများသည်ပျောက်ပျက် ရသကဲ့သို့၊ ထိုမိစ္ဆာဉာဏ် ခေါ်သော အတ္တ ဒိဋ္ဌိသည်လည်း၊ အနတ္တ ဝိပဿနာဉာဏ်ဖြင့် ပယ်ဖျောက်သည်ရှိသော်ဧကန္တပျောက်ရ၏၊သို့သော်၊ အထက်သံဥပမာနှိုက်၊ သံတုံး၊

www.dhammaransi.com



သံခဲတို့မှာ အလွန်အစွမ်း သတ္တိရှိသော ဓာတ်သတ္တုရှိ၏ဟုသိနိုင်သောသူသည်ပင်လျှင် အလွန်နည်းပါးလှ၏။သံချေးကို ထုတ်ပစ်၍ ဓာတ်သတ္တုကို သိဒ္ဓိကြီးငယ် ပေါက်ရောက်သည် တိုင်အောင်ပင်လုပ်ကြံနိုင်သောသူသည်ကား။ အလွန့်ထက်အလွန်ရှားပါးသကဲ့သို့။သတ္တဝါတို့၏စိတ်သန္တာန်မှာလည်း။ အပါယ်ဘုံသို့ကျခြင်းမှ အစဉ်ထာဝရလွတ်ငြိမ်းရအောင် ဆောင်နိုင်သောအစွမ်းသတ္တိရှိ၏။ ။အတ္တဒိဋ္ဌိလုံးထွေး၍နေသည့်အတွက်ကြောင့်။ ထိုအစွမ်းသတ္တိသည်။အပျောက်ကြီးပျောက်၍နေရသည်ဟုသိနိုင်သောဘဝသည်ပင်လျှင်။ အလွန်ရှားပါးလှ၏။ ထိုအစွမ်းသတ္တိကို။ပေါ်ပေါက်အောင်လုပ်ကြံနိုင်သောသူသည်မူကား။ အလွန်ရှားပါးလှ၏၊ဗုဒ္ဓမြတ်စွာပေါ်ပေါက်လာမှသာလျှင်။ လုပ်ကြံနိုင်ကြကုန်၏။ ထိုကြောင့်၊အပါယ်လေးပါးမှအစဉ်ထာဝရလွတ်ကင်းမှုဟူသောပထမနိဗ္ဗာန်ကြီးသည်။ဗုဒ္ဓဘာသာနှိက်သာရှိ၏။

ဤအရာ၌ အနတ္တ ဝိပဿနာဉာဏ် ဖြစ်ပွါးရန် အစီအရင်ကို "အရိယသမဂ္ဂ" အသင်းသားတို့အား ထင်လျားစွာ သိမှတ်ယုံကြည်နိုင်ကြရန်၊ဝိပဿနာအဖွင့် စကားဆက်လက်ရေးသားခွင့်ဆိုက်၏၊

---

## (၁၁) အတ္တ,အနတ္တ,စစ်တမ်းစစ်ချက်အကျယ်။

လောကတွင်မြေညက်တို့ကို ပြုလုပ်အပ်သော မြေအိုးဟူ၍ရှိကြ၏၊ထိုတွင်၊မြေဟူသော အမည်နှင့် ထိုအမည်၏အနက်ဖြစ်သောမြေမှုန့်များသည် "ပရမတ်" မျိုးဖြစ်ကြ၏။ အိုးဟူသောအမည်နှင့်၊ ထိုအမည်၏ အနက်ဖြစ်သော အိုးဒြပ် သဏ္ဍာန် ဒြပ်သည်။"ပညတ်"မျိုးဖြစ်ကြ၏၊ ထိုတွင်။ ပ ရ မတ် မျိုး သည် အဟုတ်ရှိမျိုး၊အမှန်ရှိမျိုးဖြစ်၏။ ။ပညတ်မျိုးသည်အဟုတ်ရှိမျိုး။အမှန်ရှိမျိုးမဟုတ်။ သတ္တဝါတို့၏ စိတ်ထဲတွင် ထင်မြင်ရသော

www.dhammaransi.com



အရိပ်နိမိတ်မျိုးမျှသာဖြစ်၏။ ။ဤသို့လျှင်မြေအိုးကိုဆိုရာနှိက်။ မြေသည်ကား တခြား။ အိုးသည်ကား တခြား။ မြေသည် အိုးမဟုတ်။ အိုးသည်မြေမဟုတ်။ မြေသည်ကားအနိစ္စမျိုးတည်း။ အိုးသည်ကား အနိစ္စမျိုးတည်း။ အနိစ္စမျိုး ဆိုသည်ကား။ မြေသည် အဟုတ်ရှိ။ အမှန်ရှိမျိုးဖြစ်၍ ဖြစ်မှုလည်း အမှန်ရှိ၏။ ဟောင်းနွမ်းမှုလည်း အမှန်ရှိ၏။ ပျက်ဆုံးမှုလည်း အမှန်ရှိ၏။ ထိုကြောင့် မြေသည်အနိစ္စမျိုးဖြစ်၏။ ။အိုးသည်မူကား အဟုတ်ရှိမျိုးအမှန်ရှိမျိုးမဟုတ်သည်ဖြစ်၍ ဖြစ်မှုလည်းအမှန်မရှိ ဟောင်းနွမ်းမှုလည်းအမှန်မရှိ။ ပျက်ဆုံးမှုလည်း အမှန်မရှိ။ သို့သော် အိုးဖြစ်သည်။အိုးဟောင်းနွမ်းသည်။အိုးကွဲသည်၊ အိုးပျက်ဆုံးသည်ဟူ၍ဝေါဟာရမူကားရှိကြ၏။ ။ထိုဝေါဟာရ မူကား။ မြေမှုန့်တို့သည်။ အိုးသဏ္ဌာန် အနေနှင့် တခဲနက် ပေါ်ပေါက် လာသည်ရှိသော်၊ထိုတခဲနက်ကိုအစွဲပြု၍၊သဏ္ဌာန်ပညတ်အထူးသည်။စိတ်ထဲတွင်ထင်မြင်ပေါ်ပေါက်လာ၏၊ ထိုသဏ္ဌာန်ပညတ်ကိုအားရုံပြု၍စိတ်ထဲတွင်၊အိုးဟူသောနာမပညတ်ပေါ်လာရ၏၊ ။ဤသို့လျှင်။ အိုးဖြစ်သည် ဟူသော စကားသည် ဝေါဟာရပညတ်မျှသာဖြစ်သတည်း၊ထိုမြေမှုန့်တို့သည် အိုးသဏ္ဌာန် အနေအားဖြင့် တခဲနက်ဖြစ်ပေါ်သည်ရှိသော်၊ကာလကြာသြောင်းသဖြင့်၊ဟောင်းနွမ်းခြင်းဖြစ်မပြန်ကုန်၏။ မြေမှုန့်တို့၏ ဟောင်းနွမ်းခြင်း ကိုပင်လျှင်။ အိုး၏ဟောင်းနွမ်းခြင်းဟူ၍ ဝေါဟာရပညတ်သည် ဖြစ်ပေါ်ရ၏။မြေမှုန့်တို့၏တခဲနက်ကွဲခြင်း ပျက်ခြင်းကိုပင်လျှင်။ အိုးကွဲသည်အိုးပျက်ဆုံးသည်ဟူ၍ ဝေါဟာရ ပညတ်သည် ဖြစ်ပေါ်ရှိနေ၏။သို့သော်၊မြေမှုန့်တို့သည် အိုးသဏ္ဌာန်အနေနှင့် ကေန်ဖြစ်ပေါ်ခြင်းရှိခဲ့သော်။ အိုးသဏ္ဌာန် သည်လည်း ကေန်ဖြစ်ပေါ်ခြင်းရှိသည်မဟုတ်လောဟုမေးရန်ရှိ၏။ ။အဖြေကား၊ မြေမှုန့်သည် ကေန်ရှိသော သဘာဝဓမ္မ မျိုးဖြစ်၍ ဖြစ်ပေါ် မှုလည်း ကေန်ရှိ၏။ ။အိုးသဏ္ဌာန်သည်မူကား။ အသီးအခြားထင်ရှားရှိသော သဘာဝဓမ္မမျိုးမဟုတ်။ စိတ်ထဲတွင်ထင်မြင်ရသော ပညတ္တိဓမ္မ

www.dhammaransi.com



မျိုးမျှသာဖြစ်၍၊ ထိုသဏ္ဍာန်၏ဖြစ်ပေါ်မှုသည်လည်း ကေန်ရှိမျိုး မဟုတ်။ စိတ်ထဲတွင် ထင်မြင်သော ပညတ်မျှသာ ဖြစ်၏။ ။ ဒိုးဟောင်းနွမ်းမှုဒိုး၏ပျက်ဆုံးမှုကိုလည်းထိုအတူသိလေ။ ။ မြေမှုန့်တို့သည် ကမ္ဘာ မြေကြီးမှ စ၍ ဖြစ်ပေါ် လာ ကုန်၏၊ ဒိုး သဏ္ဍာန်သည်မူကား ဒိုးလုပ်သမားပြုလုပ်ရာတွင်မှဖြစ်ပေါ်လာ ရ၏။ ။ဤဥပမာအတူသတ္တဝါတို့၏သဏ္ဍာန်၌လည်း၊မြေဓာတ် ရေဓာတ်၊မီးဓာတ်၊ လေဓာတ်၊ အဆင်းဓာတ်၊ အသံဓာတ်၊ အနံ့ ဓာတ်၊ ရသဓာတ် အစရှိသော ပရမတ်ဓာတ်မျိုး သည်သာလျှင် ကေန်ရှိမျိုးဖြစ်၏။ထိုကေန်ရှိမျိုးနှက် ခေါ်ဝေါ် အပ်သော ပထဝီ၊ အာပေါ်၊ တေဇော၊ဝါယော၊ဝဏ္ဏ၊ ဂန္ဓ၊ ရသအစရှိသော အမည် ပညတ်မျိုးသည်သာလျှင်။ဟုတ်မှန်သောပညတ်မျိုးဖြစ်၏။ ပုဂ္ဂိုလ် သဏ္ဍာန်။သတ္တဝါသဏ္ဍာန်၊လူသဏ္ဍာန်၊ နတ်သဏ္ဍာန်၊ ခွေး၊ဝက် ကြက်၊ ငှက်၊ အစရှိသော သဏ္ဍာန်မျိုးသည်မူကား ကေန်ရှိမျိုး မဟုတ်၊ စိတ်ထဲတွင်ထင်မြင်ရသော အတ္တပညတ် မျိုးသာဖြစ် ပေ၏၊ ပုဂ္ဂလ၊ သတ္တ၊ ဒေဝ၊ မနုဿ၊ အစရှိသော အမည် နာမ ပညတ်မျိုးသည်လည်း ဟုတ်မှန်သောပညတ်မျိုးမဟုတ်။ ပညတ် နှင့်ပရမတ်ခွဲနည်းကိုမသိသောသတ္တဝါတို့မှာ၊ ပရမတ်နှင့်ပညတ် ကိုတခုဘည်းပြု၍၊ရုပ်ပရမတ်။နာမ်ပရမတ်တို့ကိုပင်လျှင်။ပုဂ္ဂိုလ် ဟူ၍။သတ္တဝါဟူ၍။လူဟူ၍။နတ်ဟူ၍အခိုင်အမြဲစွဲလမ်းကြကုန်၏၊ ထိုစွဲလမ်းချက်မှာကေန်ရှိသောရုပ်ဓာတ်၊နာမ်ဓာတ်မျိုးတို့သည်။ ကေန်ရှိမဟုတ်သောသဏ္ဍာန်ပညတ်မျိုးနှက်အမာခံဖြစ်ရလေ၏။ ဤသို့အမာခံဖြစ်သည်ကိုအတ္တဟုဆိုပေသတည်း။

---

## (၁၂) အတ္တခေါ်ဆိုခြင်း၏အကြောင်း၊

အဘယ့်ကြောင့်အတ္တခေါ်သနည်းဟူမူကား၊ ဝသဝတ္တနဋ္ဌေန အတ္တာဟူသည်နှင့်အညီ၊ အတ္တဒိဋ္ဌိမိစ္ဆာဥာဏ်တို့၏ အလိုအား

www.dhammaransi.com



ဖြင့် ပုဂ္ဂိုလ်၏အလိုသို့လိုက်တတ်သောအနက်ကြောင့်။ သတ္တဝါ၏အလိုသို့ လိုက်တတ်သော အနက်ကြောင့် အတ္တ ခေါ်၏။ အဘယ်သို့ အလိုလိုက်တတ်သနည်းဟူမူကား ဇာရိယာပုထ် လေးပါးတို့တွင်။ ပုဂ္ဂိုလ်ကသွားမှုကိုအလိုရှိ၍ သွားလိုသောစိတ်ဖြင့် သွားမှုကိုပြုပြင်သည်ရှိသော်။ သွားရုပ်သွားနာမ်ဖြစ်၍ လိုက်၏။ ပုဂ္ဂိုလ်ကရပ်မှုကိုအလိုရှိ၍။ ရပ်လိုသောစိတ်ဖြင့်။ ရပ်မှုကိုပြုပြင်သည်ရှိသော်။ ရပ်ရုပ်,ရပ်နာမ်, ဖြစ်၍လိုက်၏။ ပုဂ္ဂိုလ်က ထိုင်မှုကိုအလိုရှိ၍။ ထိုင်လိုသော စိတ်ဖြင့်။ ထိုင်မှုကို ပြုပြင် သည်ရှိသော် ထိုင်ရုပ်' ထိုင်နာမ်ဖြစ်၍လိုက်၏။ ပုဂ္ဂိုလ်ကအိပ်မှုကိုအလို၍၊ အိပ်လိုသောစိတ်ဖြင့် အိပ်မှုကိုပြုပြင်သည် ရှိသော်။ အိပ်ရုပ် အိပ်နာမ်ဖြစ်၍လိုက်၏။ ပုဂ္ဂိုလ်ကကွေးခြင်း။ဆန့်ခြင်းအစရှိသော ကာယကံမှု။ပြောခြင်းဆိုခြင်းအစရှိသော ဝစီကံမှု။ ကြံစည်ခြင်းအစရှိသော မနောကံမှုကို အလိုရှိ၍။ ကွေးလိုသောစိတ်။ ဆန့်လိုသောစိတ်အစရှိသည်ဖြင့် ကွေးမှု။ဆန့်မှုကို။ ပြုပြင်သည်ရှိသော်၊ ကွေးရုပ်။ကွေးနာမ်။ ဆန့်ရုပ်၊ ဆန့်နာမ် အစရှိသည်ဖြစ်၍လိုက်၏။ ။ဤသို့လျှင်။အတ္တဒိဋ္ဌိမိစ္ဆာဉာဏ်တို့၏အလိုအားဖြင့်။ပုဂ္ဂိုလ်၏အလိုသို့ လိုက်တတ်သောကြောင့်။ ပုဂ္ဂိုလ်နှင့် ရုပ်နာမ် သည်။ ခြားနားခြင်းမရှိရကား၊လောကနိုက်။သွားရုပ်။သွားနာမ်ဖြစ်ပေါ်၍နေသည်ကို။ ပုဂ္ဂိုလ် သွားသည်။ သတ္တဝါသွားသည်။ ငါသွားသည်။သူသွားသည်ဟုစွဲလမ်းခြင်း၊လောကနိုက်ရပ်ရုပ်.ရပ်နာမ်ဖြစ်ပေါ်၍နေသည်ကို။ပုဂ္ဂိုလ်ရပ်သည်၊သတ္တဝါရပ်သည်။စွဲလမ်းခြင်းအစရှိသည်သည်း။ ရုပ်နာမ်ကို ပုဂ္ဂိုလ်ဟု စွဲလမ်းခြင်းမည်၏။ ။အတ္တပြဲဆိုခဏ်းပြီး၏။

www.dhammaransi.com



## (၁၃) အနတ္တကိုပြခြင်းအကြောင်း။

ရုပ်တရားမျိုး၊နာမ်တရားမျိုးသည်၊အနတ္တမျိုးစင်စစ်ဖြစ်ကြ၏။ ။အဘယ်အနက်ကြောင့်။ အနတ္တခေါ်သနည်း ဟူမူကား။ အဝသဝတ္တနတ္ထေနအနတ္တာ’ ဟူသည်နှင့်အညီ၊သမ္မာဒိဋ္ဌိ၊သမ္မာဉာဏ်တို့၏ အလိုအားဖြင့်။ ပုဂ္ဂိုလ်အလိုသို့ မလိုက်တတ် ခြင်းအနက်ကြောင့်။ သတ္တဝါ၏အလိုသို့ မလိုက် တတ်ခြင်း အနက်ကြောင့် အနတ္တ ခေါ်၏၊ အဘယ်သို့ အလိုသို့ မလိုက် တတ်သနည်းဟူမူကား။ဤသံသရာ၌ကား၊ ၁-ဓာတ်မှုကြီး ၂-ဇရာမှုကြီး၊ ၃-ဗျာဓိမှုကြီး။ ၄- မရဏမှုကြီးဟူ၍ အမှုကြီး လေးပါးရှိ၏၊ ထိုတွင် ဓာတ်မှုသည်။ကိလေသာဓာတ်, ကမ္မဓာတ်, ဝိပါကဓာတ်ဟူ၍အရေးကြီးသုံးပါးရှိ၏။ ထိုတွင်ကိလေသာ ဓာတ်ဆိုသည်ကား။ ကိလေသာတို့၏ဖြစ်ပေါ်ပေါက်ပွားမှုပေတည်း။ ကမ္မဓာတ်ဆိုသည်ကား။ဒုစရိုက်ကံတို့၏ဖြစ်ပေါ်ပေါက်ပွားမှု ပေတည်း၊ ဝိပါကဓာတ် ဆိုသည်ကား၊ အပါယ်ဝိပါက်။ အပါယ်ဘဝ။ အပါယ်ဒုက္ခတို့၏ အပါယ်ဘုံတို့၌ ဖြစ်ပေါ်ပေါက်ပွားမှု သည်လည်းကောင်း။ ထိုထိုပစ္စုပ္ပန်ဘဝမှာလည်း ဘေးအမျိုးမျိုး။ ဒဏ်အမျိုးမျိုး၊ရန်အမျိုးမျိုး၊အန္တရာယ်အမျိုးမျိုး။ ကာယိကဒုက္ခအမျိုးမျိုး။ စေတသိကဒုက္ခအမျိုးမျိုးတို့၏ ဖြစ်ပေါ်ပေါက်ပွားမှုသည်လည်းကောင်း၊ဓာတ်ဒုက္ခကြီးမည်၏၊

ဇရာမှုကြီးဆိုသည်ကား။ဆုတ်ယုတ်လျော့ပါးမှုကြီးပေတည်း၊ သင်္ခါရ အပ်ဘဝတို့နှိုက်၊ ဇာဗ္ဗသုခဖြစ်သော ရုပ်နာမ်တို့သည်၊ ပဋိသန္ဓေနေပြီးသည်မှစ၍၊ ဘယ်အခါ။ ဘယ်နေ့ရက်မှာ မဆို။ ဆုတ်ယုတ်လျော့ပါးခွင့်ဆိုက်တိုက်ခဲ့သော်၊ ဆုတ်ယုတ်လျော့ပါးခြင်းသို့ရောက်တတ်ကုန်၏။ဤသို့ဇာဗ္ဗသုခဖြစ်သောရုပ်နာမ်တို့၏ဆုတ်ယုတ်လျော့ပါးမှုကို၊ဇရာမှုကြီးခေါ်ပေသတည်း။

ဗျာဓိမှုကြီးသည်ကား၊ အကျဉ်း-၉၆-ပါး၊အကျယ်အားဖြင့်၊ အထောင်အသောင်းမကသော၊ ရောဂါမျိုး၊ အနာမျိုး တို့သည်၊

www.dhammaransi.com



ပဋိသန္ဓေ နေပြီးသည်မှစ၍ ဘယ်အခါ ဘယ်နာရီမဆို၊ ဖြစ်ခွင့်ဆိုက်တိုက်ခဲ့သော်၊ ဖြစ်ပေါ်တတ်ကြကုန်၏။ ဤသို့ရောဂါမျိုး၊ အနာမျိုးတို့၏ ဖြစ်ပေါ် ပေါက်ပွားမှုကို၊ ဗျာဓိမှုကြီးခေါ်ပေသတည်း။

မရဏမှုကြီးသည်ကား၊ ပဋိသန္ဓေနေပြီးသည့်မှစ၍၊ ဘယ်အခါ၊ ဘယ်နာရီမဆိုသေခွင့်၊ ပျက်ဆုံးခွင့်ဆိုက်တိုက်ခဲ့သည်ရှိသော် သေခြင်း၊ ပျက်ဆုံးခြင်းသို့ရောက်တတ်၏။ ဤသို့သေမှု ပျက်ဆုံးမှုကြီးကိုမရဏမှုကြီးခေါ်ပေသတည်း။

ထိုအမှုကြီးလေးပါးတို့တွင်၊ ဇာတိမှုကြီးကိုလည်း အစိုးမရ၊ ဤသတ္တဝါတို့သည်၊ ကိလေသာဇာတိရှိနေသည့်အတွက်၊ ယုတ်ညံ့ညစ်နွမ်းခြင်းသို့ရောက်ကြရကုန်၏၊ ထိုကိလေသာဇာတိကိုလည်း၊ မိမိတို့သန္တာန်မှာ၊ တရံတဆစ်မျှဖြစ်ပေါ် ခြင်းမရှိအောင် အစိုးမရကြကုန်၊ ကိလေသာဇာတိကို အစိုးမရသည်အတွက်၊ ဒုစရိုက်တရားကိုလည်း မိမိတို့သန္တာန်မှာ၊ တရံတဆစ်မျှဖြစ်ပေါ် ခြင်းမရှိရအောင်အစိုးမရကြကုန်၊ ကမ္မဇာတိကို အစိုးမရသည့်အတွက်၊ အပါယ်ဗိပါယ်၊ အပါယ်ဘဝ၊ အပါက်ခန္ဓာတို့၏အပါယ်ဘုံတို့၌ဖြစ်ပေါ်ပေါက်ပွါးမှုတို့ကိုလည်း ဘဝအဆက်ဆက်တရံတဆစ်မျှဖြစ်ပေါ် ခြင်းမရှိရအောင် အစိုးမရကြကုန်၊ ။ထို့အတူ၊ဘေးအမျိုးမျိုး၊ဒဏ်အမျိုးမျိုး၊ရန်အမျိုးမျိုး၊အန္တရာယ်အမျိုးမျိုး၊ ကာယိကဒုက္ခအမျိုးမျိုး၊ စေတသိကဒုက္ခအမျိုးမျိုးတို့ကို၊ မိမိသန္တာန်မှာ တရံတဆစ်မျှဖြစ်ပေါ် ခြင်းမရှိရအောင် အစိုးမရကြကုန်၊ (ဤကားဇာတိမှုကြီးအစိုးမရပုံတည်း။) ဤဇာတိမှုကြီးကိုအစိုးမရသည့်အတွက်ကြောင့်၊ ဤသတ္တဝါအပေါင်းတို့သည်၊ အထက်အမြင့်ဆုံးဖြစ်သောဘဝဂ်ဘုံမှသော်လည်း၊ အောက်ဆုံးဖြစ်သောမဟာအဝီစိငရဲကြီးတိုင်အောင်ကျရောက်ကြကုန်၏။

ဇရာမှုကြီး၊မရဏမှုကြီးကိုအစိုးမရပုံကား၊လောက၌အလွန်ရခဲလှစွာသောလူ့ဘဝ,လူ့ချမ်းသာ၊နတ်ဘဝ,နတ်ချမ်းသာ၊ဗြဟ္မာ့

www.dhammaransi.com



ဘဝ, ဗြဟ္မာ့ချမ်းသာတို့ကို၊ ရံဖန်ရံခါရကြ ပါကုန်သော်လည်း၊ ဇရာမီးကြီး၊ မရဏမီးကြီး၊ လောင်မှုကျွမ်းမှုရှိနေသည့်အတွက်၊ ထိုလူ့ဘဝ, လူ့ချမ်းသာ၊ နတ်ဘဝ, နတ်ချမ်းသာ၊ ဗြဟ္မာဘဝ, ဗြဟ္မာ့ချမ်းသာတို့သည်၊ မကြာမီမကြာမီယုတ်လျော့ပျက်ဆုံးကြကုန်၏။

ဤယုတ်လျော့မှု၊ ပျက်ဆုံးမှုကြီးကို၊ လူ့တန်ခိုး၊ လူ့အာဏာ လူ့ပညာ၊ လူ့အစွမ်းတို့ဖြင့် လည်း တား မြစ် ပယ် ရှားခြင်းငှါ မတတ်နိုင်၊ နတ်တန်ခိုး၊ နတ်အာဏာ၊ နတ်ပညာ၊ နတ်အစွမ်းတို့ဖြင့် လည်းတားမြစ်ပယ်ရှားခြင်းငှါမတတ်နိုင်၊ ဗြဟ္မာ့တန်ခိုး၊ ဗြဟ္မာ့အာဏာ၊ ဗြဟ္မာ့ပညာ၊ ဗြဟ္မာ့ အစွမ်းတို့ဖြင့်လည်း တားမြစ်ပယ်ရှား ခြင်း ငှါ မတတ်နိုင်၊ ဤ ယုတ် လျော့ ပျက်ဆုံး မှုကြီး သည်၊ အောက်ဘုံအောက်ဘဝသို့လျော့ကျမှုကြီး၏ရှေ့ဆောင်ရှေ့သွား ဖြစ်၏၊ ဤယုတ်လျော့ ပျက်ဆုံးမှုကြီး မရှိချေက၊ အောက်ဘုံ အောက်ဘဝသို့လျော့ကျမှုကြီးမရှိနိုင်ပေ၊ ဗြဟ္မာတို့၌ သော်လည်း ပဋိသန္ဓေနေပြီးသည့်မှနောက်၌၊ ဘယ်အခါ ဘယ်နာရီမှာမဆို၊ ကျရောက်နိုင်သောအခွင့်ရှိ၏၊ ဤကားယုတ်လျော့ခြင်းဟူသော ဇရာမှုကြီး ပျက်ဆုံး ခြင်း ဟူသော မရဏမှု ကြီးကို အစိုး မရပုံ တည်း။

ဤအမှုကြီးနှစ်ပါး၊ အခံတရားရှိနေသည့်အတွက်ကြောင့်၊ အနာရောဂါဖြစ်ပေါ်ပေါက်ပွါးမှုဟူသော ဗျာဓိမှုကြီးကို အစိုးမရခြင်းသည်လည်းကောင်း၊ ဘေးအမျိုးမျိုး၊ ဒဏ်အမျိုးမျိုး၊ ရန်အမျိုးမျိုး၊ အန္တရာယ်အမျိုးမျိုး၊ ဥပဒ်အမျိုးမျိုးကို အစိုးမရခြင်းသည်လည်းကောင်း၊ ပဋိသန္ဓေနေပြီးသည့်မှနောက်၌ ဘယ်အခါ ဘယ်နာရီမှာမဆိုကျရောက် ပေါ်ပေါက်နိုင်သော အခွင့်အလမ်းကြီးလည်းသင်ရှားလေပြီ၊

ထိုအစိုးမရမှုကြီး အမျိုးမျိုးတို့တွင်၊ အထက် အမြင့်ဆုံးဖြစ်သောဘဝဂ်ဘုံမှသော်လည်း အောက်ဆုံးဖြစ်သော မဟာအဝီစိငရဲကြီးတိုင်အောင် ကျရောက်မှုသည်လည်းကောင်း၊ အပါယ်

www.dhammaransi.com



ဘုံသို့တကြိမ်ကျရောက်ပြန်လျှင်လည်း၊ဘဝအပေါင်းအသောင်း များစွာ။ အသိန်းများစွာ။အပါယ်ဘုံမှာသာမြုပ်မြော၍ နေခြင်း၊ ကြီးများသည့်လည်းကောင်း။ ကြောက်မက်ဘွယ်အကောင်းဆုံး သောအပိုးမရမှုကြီးများပေတည်း၊ ။အပါယ်ဘုံသို့ ကျရောက် ၍။ငရဲမီးစာတုံးကြီး။ ပြိတ္တာမီးစာတုံးကြီးဖြစ်၍နေဆဲအခါ။ ငါ၏ ကိုယ်ခန္ဓာသည်။ ယခုချက်ခြင်းလူ့ပြည်မှာ ဖြစ်ပါ စေသတည်း။ နတ်ပြည်မှာဖြစ်ပါစေသတည်း။ဗြဟ္မာ့ပြည်မှာဖြစ်ပါစေသတည်း ဟူ၊ဟစ်ကြွေးအော်ငြား၍တောင့်တသော်လည်း။တောင့်တ၍မရ။ အလိုသို့မလိုက်။အကုသိုလ်ကံမကုန်သမျှ။ နှစ်ပေါင်းအသိန်းများ စွာကြာသော်လည်း၊ထိုအပါယဒုက္ခမှမကျွတ်ရချေ။မလွတ်ရချေ၊ ထိုခန္ဓာသည်၊ထိုသတ္တဝါကိုဤမျှလောက် နှိပ်စက်ညှဉ်းဆဲ၍နေ ဆဲအခါမှာပင်။ ထိုပုဂ္ဂိုလ်သည်ထိုခန္ဓာကို၊ ငါ၏ရနံ့သူကြီး ပါ တကားဟူ၍မသိ၊ ငါ၏အတ္တဟူသောစွဲလမ်းခြင်းကိုမလွှတ်။ ငါ ၏ ကိုယ်ဟူသော ထင်မြင်ချက်ကိုမစွန့်၊ အတ္တဒိဋ္ဌိသည်။ ဤမျှ လောက်ယုတ်ကန်း၏။ရှေးဘဝ၌ထိုငရဲဘဝသို့ ပစ်ချတတ်သော အကုသိုလ်ကံဟူသည်လည်း၊ ထိုခန္ဓာ၏အတတ်ပင်တည်း၊ ငရဲ မီးစာထင်းကိစ္စကိုရွက်ဆောင်ခြင်းသည်လည်းထိုခန္ဓာပင်တည်း ထိုငရဲ၌ ထိုသူတို့နှစ်ပေါင်းအသိန်းများစွာ ကြာမြင့်အောင်ရွက် ဆောင်မှုသည်လည်းထိုခန္ဓာ၏အတတ်ပင်တည်း။

ရှေး၌သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ အိပ်မှုစသည်တို့၌၊ ရုပ်နာမ်ခန္ဓာ သည်၊ ပုဂ္ဂိုလ်၏အလိုသို့လိုက်၏ဟုဆိုသည်မှာလည်း၊ ထိုခန္ဓာ သည်၊ပုဂ္ဂိုလ်၏အလိုသက်သက်နှင့်။ သွားမှု၊ရောက်မှု၊ ဣရိယာပ ထကိစ္စပြီးစီးနိုင်သည်မဟုတ်၊ရှေးရှေးနေ့တို့နှိုက်။အစာအာဟာရ ထောက်ပံ့ ကျွေးမွေးမှုကို ပြုခဲ့သည့်အတွက်ကြောင့်၊ နောက် နောက်ရက်တို့၌။ မတ်မတ်မားမား သွားမှုလာမှုအစရှိသော ဣရိ ယာပထကိစ္စပြီးစီးနိုင်လေသတည်း။ ။တနေ့တရက်တွင်၊နံနက် တကြိမ် ညဘကြိမ် ထမင်းနပ်ပေါင်း နှစ်ကြိမ်ရှိ၏၊ တလ တလ လျှင်၊ ထမင်းနပ်ပေါင်းအကြိမ်ခြောက်ဆယ်ဖြစ်၏၊ တနှစ်တနှစ်

www.dhammaransi.com



လျှင်။ ထမင်းနပ်ပေါင်းခုနစ်ရာ့နှစ်ဆယ်ဖြစ်၏။ ။ဤသို့လျှင်တနှစ်အတွင်း၌၊ မတ်မတ်မားမားသွားမှုလာမှုအစရှိသောဣရိယာပထကိုပြီးစီးနိုင်ရန်အတွက်၊ ထမင်းနပ်ပေါင်း အကြိမ် ခုနစ်ရာ့နှစ်ဆယ် ထောက်ပံ့ ကျွေး မွေးမှု ကိုပြုရ၏။ ဤကဲ့သို့အစာအာဟာရထောက်ပံ့မှုကိုမပြုမူ၍၊ တခုခုသောနေ့ရက်တွင်။ အစာအာဟာရထောက်ပံ့ချက်ကို နေ့ရက်များစွာ ဖြတ်ထားခဲ့သော် ထိုခန္ဓာကြီးသည် တနေ့တခြား ဘိုင်းဘိုင်းလဲ၍သာသွားလတံ့။ ပုဂ္ဂိုလ်၏အလိုသက်သက်နှင့်ထူထောင်နိုင်တော့မည်မဟုတ်၊

ဤမျှသောစကားရပ်ဖြင့်၊ သွားမှုရပ်မှုအစရှိသော ဣရိယာပထကိုမျှပြီးစီးနိုင်သည်မှာလည်း၊ ပုဂ္ဂိုလ်၏အလိုအတွက်မဟုတ်၊ အစာအာဟာရအတွက်ဖြစ်သည်ဟုထင်ရှားလေ၏။ ။ရုပ်နာမ်တရားသည်။ ပုဂ္ဂိုလ်၏အလိုသို့ လိုက်သည်မလိုက်သည်၏ စစ်တမ်းစစ်ချက်ကြီးပြီး၏။ ။

## (၁၄) စွဲလမ်းချက်သုံးရပ်ကိုပြဆိုခြင်းအကြောင်း၊

၎င်းစစ်တမ်းစစ်ချက်၌ ပြဆိုခဲ့ပြီးသည့်အတိုင်း။ ရုပ်နာမ်တရားသည်။ ပုဂ္ဂိုလ်၏အလိုသို့မလိုက်သည့်ရှိသော်၊ ပုဂ္ဂိုလ်သည် ရုပ်နာမ်တရားကို၊ဧတံမမ-ဟူသော။ ပထမစွဲလမ်းချက်အရ။ ငါ၏ရုပ်၊ ငါ၏နာမ်ဟူ၍ပင်မစွဲလမ်းထိုက်၊ ဧသောဟမသ္မိ,ဟူသော ဒုတိယစွဲလမ်းချက်အရ၊ ရုပ်နာမ်သည်ပင်လျှင်၊ ငါဖြစ်၏ဟူ၍စွဲလမ်းချက်အရမှာ သာဝေးပေ၏၊ ဧသောအတ္တာဟူသောတတိယစွဲလမ်းချက် အရ၊ ရုပ်နာမ်သည် ငါ၏အတ္တာဖြစ်၏ဟူ၍ စွဲလမ်းချက်မူကား ဆိုဘွယ်ရာမရှိ။ စွဲလမ်းချက်သုံးပါးတို့၏ အထူးမူကား၊ ဧတံမမ-ဟူသောပထမစွဲလမ်းချက်သည် တဏှာ၏စွဲလမ်းချက်ပေတည်း၊ ဧသောဟ မသ္မိဟူသော ဒုတိယစွဲလမ်းချက်သည်၊ မာန၏စွဲလမ်းချက်ပေတည်း။ ဧသောမေအတ္တာဟူသောတတိယစွဲလမ်းချက်သည်၊ ဒိဋ္ဌိ၏စွဲလမ်းချက်ပေတည်း။ ဧ

www.dhammaransi.com



တံမမဟူသောတဏှာစွဲလမ်းချက်သည်၊ အဇ္ဈတ္တသန္တာန်၊ဗဟိဒ္ဓသန္တာန်နှစ်ပါးနှင့် ဆက်ဆံ၏၊ ဆက်ဆံပုံကား၊ မိမိ၏အဇ္ဈတ္တသန္တာန်၌ရှိသော ရုပ်နာမ်တရားတို့ကိုအာရုံပြု၍၊ ရုပ်တရားတို့၌ငါ၏မျက်စိ၊ ငါ၏နား၊ ငါ၏နှာခေါင်း၊ ငါ၏လျှာ၊ ငါ၏ကိုယ်၊ ငါ၏အဆင်း၊ ငါ၏အသံ၊ ငါ၏အနံ့၊ ငါ၏အရသာ၊ ငါ၏မြင်မှု၊ ငါ၏ကြားမှု၊ ငါ၏လောဘ၊ ငါ၏ဒေါသ၊ငါ၏သဒ္ဓါ၊ငါ၏ပညာ၊ ငါ၏သီလ၊ငါ၏သမာဓိစသည်ဖြင့်ရင်းစွဲလမ်း၏။ ဗဟိဒ္ဓသန္တာန်၌၊ငါ၏လင်၊ငါ၏မယား၊ငါ၏သား၊ငါ၏သမီး၊ ငါ၏ရွှေ၊ငါ၏ငွေ၊ငါ၏အိမ်ယာ၊တိုက်တာစသည်ဖြင့်ရင်းစွဲလမ်း၏။ ဤသို့လျှင်၊ဧတံမမဟူသောတဏှာစွဲလမ်းချက်သည်၊အဇ္ဈတ္တသန္တာန်၊ဗဟိဒ္ဓသန္တာန်နှစ်ပါးနှင့်ဆက်ဆံ၏။ ဧသောဟမသ္မိ—ဟူသောမာနစွဲလမ်းချက်သည်၊အဇ္ဈတ္တသန္တာန်နှင့်သာဆက်ဆံ၏၊ ဆက်ဆံပုံကား၊ရုပ်တရားတို့၌မျက်စိသည်ငါဖြစ်၏၊ နားသည်ငါဖြစ်၏၊ နှာခေါင်းသည်ငါဖြစ်၏၊လျှာသည်ငါဖြစ်၏၊ကာယသည်ငါဖြစ်၏၊ အဆင်းသည်ငါဖြစ်၏၊ အသံသည်ငါဖြစ်၏၊ အနံ့သည် ငါဖြစ်၏၊ အရသာသည်ငါဖြစ်၏၊ အတွေ့အထိသည် ငါဖြစ်၏၊နာမ်တရားတို့၌စိတ်သည်ငါဖြစ်၏၊ ငါသိ၏၊ငါကြံ၏၊ ငါကြား၏၊ ငါလိုချင်၏၊ငါအမျက်ထွက်၏၊ ငါကြည်ညို၏၊ငါလိမ္မာ၏၊ ငါစောင့်စည်း၏၊ငါတည်ကြည်၏ စသည်ဖြင့်ရင်း စွဲလမ်း၏။ ဤသို့လျှင် ဧသောဟမသ္မိဟူသော မာန စွဲလမ်းချက်သည်လည်း၊ အဇ္ဈတ္တသန္တာန်နှင့်သာ ဆက်ဆံ၏။ ဧသောမေအတ္တာ ဟူသော ဒိဋ္ဌိစွဲလမ်းချက်သည်လည်း၊ အဇ္ဈတ္တ သန္တာန်နှင့်သာ ဆက်ဆံ၏၊ ဆက်ဆံပုံကား၊ရုပ်တရားတို့နှိုက်၊ စက္ခုသည်ငါ၏အတ္တတည်း၊ သောတသည်ငါ၏အတ္တတည်းစသည်ဖြင့်ရင်း၊နာမ်တရားတို့နှိုက်စိတ်သည်ငါ၏ အတ္တတည်းစသည်ဖြင့်ရင်းစွဲလမ်း၏။ ဤသို့လျှင်၊ ဧသောမေအတ္တာ,ဟူသောဒိဋ္ဌိစွဲလမ်းချက်သည်၊ အဇ္ဈတ္တသန္တာန်နှင့်သာဆက်ဆံ၏၊ ထိုသုံးပါးတို့တွင် တဏှာ စွဲလမ်းချက်သည်တိမ်၏၊မာန၏စွဲလမ်းချက်သည်နက်၏၊ ဒိဋ္ဌိ စွဲလမ်းချက်သည်အ

www.dhammaransi.com



နက်ဆုံးဖြစ်၏။ ။မာနစွဲလမ်းချက်နှင့်ဒိဋ္ဌိစွဲလမ်းချက်အထူးကား၊ မာနစွဲလမ်းချက်မှာ၊ရုပ်တရား၊နာမ်တရားနှင့်ငါသည် တခုတည်း ဖြစ်၏ဟု၊တခုတည်းပြုရုံမျှသာဖြစ်၏၊ ဥပမာကား။ ဂင်္ဂါရေနှင့်၊ ယမုနာရေရောကျသကဲ့သို့တည်း။ ။ဒိဋ္ဌိစွဲလမ်းချက်မှာမူကား။ ရုပ်နာမ်တရားနှင့်ငါ့ကိုတခုတည်းပြုရုံမျှသာမက၊ ရုပ်နာမ်တရား သည်။မိခုန်သျှ၊ ငါသည် မှိတတ်သော နိသီတဖြစ်၏ဟု၊ ရုပ် နာမ်တရားကိုအနှစ်သာရပဓာနပြု၍စွဲလမ်း၏။ဥပမာကား။ တခု ငံသောသစ်သင်၌အခွံနှင့်ငါသည်တူ၏။အကာဖြစ်သော အသားနှင့် ရုပ်ခန္ဓာသည်တူ၏။အနှစ်နှင့်နာမ်ခန္ဓာသည်တူ၏။ သစ်ပင်မှာအခွံ အကာ,အနှစ်သုံးပါးပေါင်း၍၊ သစ်ပင်တခုဖြစ်သကဲ့သို့။ ၁-ငါ၊ ၁-ရုပ်ခန္ဓာ။ ၁-နာမ်ခန္ဓာသုံးပါးကို ပေါင်း၍။ တယောက်သော ပုဂ္ဂိုလ် တယောက်သော သတ္တဝါ။ တယောသောငါဖြစ်၏။အ ထက်ပြဆိုခဲ့ပြီးသောအတိုင်း။ရုပ်တရား၊ နာမ်တရားသည်ပုဂ္ဂိုလ် ဖြစ်၏။အလိုသို့မလိုက်မှုထင်လျားခဲ့ပြီးဖြစ်သောကြောင့်၊ ရုပ်တ ရားတို့၌၊ငါ၏စက္ခု,ငါ၏သောတ,အစရှိသဖြင့်။ နာမ်တရားတို့၌၊ ငါ၏ပိတ်ငါ၊၏အကြံအစရှိသဖြင့်စွဲသမ်းခြင်းဌာပင်မထိုက်။

—⊰○⊱—

## (၁၅) အတ္တ,အနတ္တ,စစ်ချက်အကျဉ်း။

လောကမှာ။ငါ၏ဥစ္စာဟုပိုင်းခြားကြရာ၌။ ငါဆိုသည်ကား။ သာမိ—၏အမည်ပေတည်း။ သာမိ-ဆိုသည်ကား။ဥစ္စာ၏အရှင်။ ဥစ္စာကို ပိုင်သူ, နိုင်သူ,ဆိုလိုသည်၊ သန္တက-ဆိုသည်ကား၊ ထိုသူ၏ဥစ္စာထိုသူ၏ ပိုင်ရာဆိုင်ရာ ဆိုလိုသည်၊ ထိုနှစ်ပါးတို့ တွင်။ ထိုဥစ္စာကို ပိုင်သူနိုင်သူကိုမှ ထိုဥစ္စာ၏ အရှင်သခင်ဆို ထိုက်သည်။ ထိုဥစ္စာကိုပိုင်သူ နိုင်သူသည်သာလျှင်။ ငါ၏ဥစ္စာ ဟုဆိုထိုက်သည်။မပိုင်မနိုင်ကငါ၏ဥစ္စာဟုမဆိုထိုက်၊ ။ထို့ အတူရုပ်တရားတို့၌၊ငါ၏စက္ခု၊ ငါ၏သောတစသည်ဖြင့်စွဲလမ်း ရာမှာလည်း၊ငါဆိုသည်ကား၊သာမိ၏အမည်တည်း။ သာမိ-ဆို

www.dhammaransi.com



သည်ကား။ ထိုစက္ခုသောတစသည်တို့၏ အရှင်သခင်းထိုစက္ခုသောတစသည်တို့ကိုပိုင်သူနိုင်သူဆိုလိုသည်။ ငါ၏စက္ခုဆိုရာ၌။သန္တကပြုသောစကားတည်း။သန္တက-ဆိုသည်ကား။ သာမိဖြစ်သူ၏ဥစ္စာ။ သာမိဖြစ်သူ၏ပိုင်ရာနိုင်ရာဆိုလိုသည်၊ ထိုတွင်စက္ခုသောတကို ပိုင်သူနိုင်သူကိုမှ။ ထိုစက္ခုသောတ စသည်၏အရှင်သခင်ဟုဆိုထိုက်သည်။ ထိုစက္ခုသောတစသည်ကို၊ ပိုင်သူ–နိုင်သူသည်သာလျှင်။ငါ၏စက္ခု။ငါ၏သောတ စသည်ဖြင့်ဆိုထိုက်သည်။စက္ခု,သောတ,စသည်ကို မပိုင်မနိုင်က။ ငါ၏စက္ခု။ငါ၏သောတစသည်ဖြင့်မဆိုထိုက်။

လောက၌အလိုလိုက်မှုသည်။ သာမိ-ဆိုသူမှာလည်း။ သာမိအင်္ဂါမြောက်ကြောင်းဖြစ်၏။ သန္တက ဆိုသော ဝတ္ထုမှာလည်း။ သန္တကအင်္ဂါမြောက်ကြောင်းဖြစ်၏။ သန္တကဝတ္ထု၏ အပေါ်၌။ သာမိဆိုသူကအလိုရှိတိုင်းစီရင်သည်ရှိသော်။ သန္တကဝတ္ထုကလည်းမသွေမလှန်နာခံလိုက်ပါမှ၊ဤသူသည်၊ဤသန္တကဝတ္ထု၏။ အရှင် သခင်ပေတည်း။ ဤဝတ္ထုသည်ထိုအရှင်၏ အပိုင်ဥစ္စာပေတည်းဟုဆိုထိုက်၏။ လောကနိုက်။သာမိဆိုထိုက်ရန်။ သန္တကဆိုထိုက်ရန်အလိုလိုက်မှုဆိုသည်မှာ။ ယခုဘဝတွင်။ မသေမီအတွင်း၌သာပြဋ္ဌာန်းချက်ဖြစ်၏။ဗုဒ္ဓဘာသာသာသနာ၌နိုက်။ သာမိဆိုထိုက်ရန်။သန္တကဆိုထိုက်ရန်အလိုလိုက်မှုဆိုသည်မှာ။ ဘဝအဆက်ဆက်။ကမ္ဘာအဆက်ဆက်။ အစဉ်ထာဝရအလိုလိုက်မှုတို့ဆိုလိုရင်းဖြစ်၏။ အလိုလိုက်ဆိုသောစကားမှာလည်း။ ပကတိအလိုကို ဆိုလိုရင်း စကားပေတည်း။ ၊ထိုပကတိအလိုသည်ခပ်သိမ်းသောသတ္တဝါတို့၏ ပကတိအလိုတခြား။ ရုပ်နာမ်ခန္ဓာတို့၏ ပကတိအလိုတခြား၊ ခပ်သိမ်းသောသတ္တဝါတို့၏ ပကတိအလို သည်ကား။ ဘဝ အဆက်ဆက် ကမ္ဘာ အဆက်ဆက်၊ကောင်းသည်ထက်ကောင်း၊ မြတ်သည်ထက်မြတ်။ တတ်သည်ထက်တတ်။ လိမ္မာသည်ထက်လိမ္မာ။ ချမ်းသာသည်ထက်ချမ်းသာ။ငြိမ်းသည်ထက် ငြိမ်းသည်ကိုသာ အလိုရှိရင်းဖြစ်

www.dhammaransi.com



၏၊(ဤကား-ခပ်သိမ်းသောသတ္တဝါတို့၏ပကတိအလိုပေတည်း။)

ရုပ်နာမ်ခန္ဓာတို့၏ ပကတိအလိုဆိုသည်ကား၊ ပြုပြင်မှုမရှိခဲ့သော်–ဘဝအဆက်ဆက်။ကမ္ဘာအဆက်ဆက်။ ဆိုးသည်ထက်ဆိုး၊ ယုတ်သည်ထက်ယုတ်။ မတတ်သည်ထက်မတတ်။ရိုက်သည်ထက်ရိုက်၊ ဆင်းရဲသည်ထက် ဆင်းရဲ။ ပူလောင် သည်ထက်ပူလောင်သည်ကိုသာဆိုလိုရင်းဖြစ်၏၊(ဤကားရုပ်နာမ်ခန္ဓာတို့၏ပကတိအလိုပေတည်း၊)

ရုပ်နာမ်ခန္ဓာတို့၏ ပကတိအလို ဆိုသည့်ကား၊ ပြုပြင်မှုမရှိခဲ့သော်။ ပကတိဓမ္မတာ အလားအလာကို ဆိုပေသတည်း၊ ။ ဥပမာကား၊ ရေစီးအလွန်သန်သော မြစ်ကြီးနိုက်။ လှေသင်္ဘောတို့မှာရန်မျှောမှု ဆန်တက်မှု နှစ်လမ်းရှိ၏။ ထိုတွင်ဆန်တက်မှုမည်သည်လှော်နိုင်ခတ်နိုင်မှဖြစ်၏။ ရန်မျှောမှုမည်သည်။ ပကတိဓမ္မတာသဘောဖြစ်၏။ ဤသံသရာကြီးသည်။ ရေစီးအလွန်သန်သောမြစ်ကြီးနှင့်တူ၏။ သတ္တဝါတို့၏ ပကတိအလိုသည်။ လှေသင်္ဘောတို့၏ဆန်တက်မှုနှင့်တူ၏၊ ရုပ်နာမ်ခန္ဓာတို့၏ ပကတိအလားသည်။ လှေသင်္ဘောတို့၏ ရန်မျှောမှုနှင့်တူ၏။ အထက်ဆုံးဖြစ်သော ဘဝဂ်ဘုံမှသော်လည်း၊ အောက်ဆုံး ဖြစ်သောမဟာအဝီစိ ငရဲကြီးတိုင်အောင် ကျရောက်မှုသည်။ ရုပ်နာမ်ခန္ဓာတို့၏ ပကတိအလိုဟုဆိုအပ်သော ပကတိအလား ပေတည်း။ ဒါနမှု။သီလမှု၊ဘာဝနာမှုကြီးကိုပြုလုပ်ခြင်းသည် လှေသင်္ဘောတို့မှာဆန်တက်အောင်ပြုလုပ်မှုနှင့်တူ၏။ ။ဒါနမှု၊သီလမှု။ ဘာဝနာမှုများကိုပစ်ထားခြင်းသည်။ လှေသင်္ဘောတို့၌။ ထိုးမှုခတ်·မှုစက်ခုတ်မှုကျောက်စွဲမှုတို့ကိုလွှတ်ထားသည်နှင့်တူ၏။ ထိုအမှုများကိုလွှတ်ထားခဲ့သော်။ထိုလှေသင်္ဘော၊များသည်၊မိမိတို့ပကတိဓမ္မတာအတိုင်း ကမ်းမမြင်သော ပင်လယ်ပြင်ကြီးသို့ရောက်အောင်အတွင်မျှောကြကုန်လတံ့။ ဤအရာ၌။ နခသိခသုတ္တန်ဒေသနာတော်ကြီး၊ ကာနကစ္ဆောပမသုတ္တန်ဒေသနာတော်ကြီးများကိုထုတ်ဆောင်ရာ၏။

အထက်ပြဆိုခဲ့ပြီးသောစွဲလမ်းခြင်းသုံးပါးတို့တွင်။ ဧသောမေအတ္တာဟူသောဒိဋ္ဌိစွဲလမ်းခြင်းသည်။အနက်ဆုံးသောစွဲလမ်းခြင်းဖြစ်၏။နက်နဲပုံကား။ရုပ်နာမ်ခန္ဓာတို့ကို။ ငါ၏အတ္တဟုစွဲလမ်းချက်သည်။မိမိ၏ပကတိအလိုကို လုံးလုံးပစ်ထား၍။ ရုပ်နာမ်ခန္ဓာတို့၏ပကတိအလိုကို လုံးလုံးပုံလွှဲ၍။ လိုက်စားခြင်းပေတည်း။ ဥပမာကား။လောက၌တယောက်သောသူကို။ အလွန်ကြမ်းထမ်းသောဘီလူးသဘက်ပူးဝင်ရာ၏။ထိုသူသည်ပယောဂရူးဖြစ်၍နေ၏။ ဘီလူးသည်ထိုသူကိုလူစိတ်လုံးလုံးပျောက်၍။မိမိစိတ်ရှိတိုင်း။ခွင်လုံးပိုင်ဖြစ်ရလေအောင်နှောင့်ယှက်၏။ ။ထိုသူသည်လူစိတ်မပျောက်မီအတွင်းတွင်ဆေးရှိသေး၏။ရှက်ရမှန်းကြောက်ရမှန်းသိသေး၏။ ဆေးဝါးပေးလျှင်စားသောက်သေး၏။ ဆေးသမားကိုရိုသေသေး၏။ ဆေးကုခွင့်လွယ်သေး၏။ လူစိတ်ပျောက်သော အခါမှစ၍။ ထိုအရူးမှာဆေးမရှိပြီ။ ရှက်ရမှန်း ကြောက်ရမှန်းမသိပြီ။ ဆေးစကားဝါးစကားကိုမကြားချင်ပြီ။ ဆေးသမားကိုရန်သူထင်လေ၏။ဆေးကုခြင်းငှါခက်ခဲလှပေ၏။ ရုပ်နာမ်ခန္ဓာတို့၌။ဧတံမမ-ဟူသောတဏှာစွဲလမ်းချက်၊ ဧသောဟမသ္မိ ဟူသော မာနစွဲလမ်းချက်များသည်တိမ်သေး၏။ လူစိတ်မပျောက်သောအရူးနှင့်တူ၏။ ဧသောမေအတ္တာ,ဟူသောဒိဋ္ဌိစွဲလမ်းချက်သည်မူကား၊ အနက်နဲဆုံးဖြစ်၏။ လူစိတ်ပျောက်ပြီးသောအရူးနှင့်တူ၏။ မြတ်စွာဘုရားကြီး၏ဒေသနာဆေးဝါးမှတပါးဆေးမရှိပြီ။

အထက်နှိုက်ပြဆိုခဲ့ပြီးသော မြေအိုးဥပမာနှင့်တကွ။ ပုဂ္ဂိုလ်သတ္တဝါဟူသော သဏ္ဌာနပညတ်နှင့်။ ပရမတ်ခွဲနည်းများကို ခြားနားရှင်းလင်းစွာ ထင်နိုင်မြင်နိုင်သောသူတို့မှာ။ ပုဂ္ဂိုလ်သတ္တဝါဟူ၍အဟုတ်အမှန်နည်းအားဖြင့်မရှိကြောင်း။ စိတ်မနော တည်းတွင်ထင်မြင်ရသော သဏ္ဌာန ပညတ်မျိုး မျှသာ ဖြစ်ကြောင်း။ အသိဉာဏ်တွင်ထင်ရှားလျက်ရှိပေ၏။ ပုဂ္ဂိုလ်သတ္တဝါဟူ၍ အဟုတ်အမှန်အားဖြင့် မရှိဟု ထင်လင်းစွာသိကြသော သူတို့မှာ။ အတ္တလည်းအသုံးမကျလေပြီ။ ။ထိုစကားသည်မှန်၏။ ပညတ်

www.dhammaransi.com



နှင့်ပခုမတ်ခွဲနည်းကိုမသိကြ၍။အဟောတ်ရှိမဟောတ်သောပညတ်ကို ပခုမတ်နှင့်တပေါင်းတည်းပြု၍။ အဟောတ်ရှိအမှန်ရှိဟု အခိုင်အမြဲ စွဲလမ်းလျက်ရှိသောသူတို့မှာသာလျှင်။ ရုပ်နာမ်တရားကိုပုဂ္ဂိုလ်၏အမာခံအထည်ခံအတ္တပြုလုပ်ဘွယ်ကိစ္စရှိချေသည်။ပုဂ္ဂိုလ်မရှိ။ သတ္တဝါမရှိဟု အမှန်သိနိုင်သောသူတို့မှာ။ ရုပ်နာမ် တရားကို ပုဂ္ဂိုလ်အတ္တပြုလုပ်ဘွယ်ကိစ္စမရှိသေပြီ။ ရုပ်နာမ်တရားတို့သည် ပုဂ္ဂိုလ်၏အတ္တအရာမှလွတ်ကင်းကြလေ၏။အနတ္တမဟောတ်ဟု ထင်လျှားပေ၏။ ။ဤသို့၊ အနတ္တမဟောတ်သည်ကိုအနတ္တဟုဆို၏။ ဤ အနတ္တဉာဏ်ကို ထင်လင်းစွာ ပေါက်ရောက်သော သူတို့မှာ။ဧ သောမေတ္တာ, ဟူသောအတ္တဒိဋ္ဌိကြီးသည် အမြစ်အရင်းနှင့်တကွ ကျွတ်လွတ်လေ၏။ပျောက်ဆုံးလေ၏။ အနတ္တသမ္မာဒိဋ္ဌိဉာဏ်ကြီး သည်ဘည်ထောင်မိလေ၏၊ ၎င်းသမ္မာဒိဋ္ဌိဉာဏ် တည်ထောင်မိ သည်နှင့်တပြိုင်နက်ဘချက်တည်း။ သမ္မာသင်္ကပ္ပ။ သမ္မာဝါစာ။ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ. သမ္မာသတိ။ သမ္မာ။ သမာဓိဟူသောအဘော်အဘက်၊ မဂ္ဂင်ခုနစ်ပါး တို့သည်လည်း ပေါ်ပေါက်လာကုန်၏။ မဂ္ဂင်ရှစ်ပါး တခုံးကြီးသည်။ အပြီးထူ ထောင်မိလေ၏။ ထိုအခါမှစ၍။ ထိုသူတို့မှာ။ ရုပ်နာမ်ခန္ဓာတို့၏ အလိုသို့လိုက်ရခြင်းမှ ကျွတ်လွတ်ကြလေကုန်၏။ သေဆုံးသည်မှ နောက်၌ အောက်ဘုံအောက်ဘဝသို့သျှောကျခြင်းမှ အစဉ်ထာ ဝရလွတ်ကင်းကြလေ၏။ရုပ်နာမ်ခန္ဓာတို့ကသာထိုသူဘို့၏အလို သို့လိုက်ပါကြရကုန်၏။ တဘဝမှတဘဝ။ ပြောင်းရွှေ့ရသော အခါ၌လည်း။ထိုသူတို့အလိုရှိရာ၊ ကောင်းသည်ထက်ကောင်းရာ မြတ်သည်ထက်မြတ်ရာ၊ တတ်သည့်ထက်တတ်ရာ။ လိမ္မာသည် ထက်လိမ္မာရာ။ ချမ်းသာသည်ထက် ချမ်းသာရာ၊ ငြိမ်းသည် ထက်ငြိမ်းရာ။လမ်းကြီးစခန်းကြီးသို့၊ ရုပ်နာမ်ခန္ဓာတို့က လိုက် ပါကြရကုန်၏။အထက်သူဂူးဥပမာတွင်၊ ထိုသူရူးမှာ နောက်အခါ ၌။ဆေးကောင်းဝါးကောင်းနှင့်တွေ့ရှိရသောအခါ။ ပူးကပ်လျက်ရှိ နေသောထိုဘီလူးသည် ထွက်ခွါပြေးရလေ၏၊ တဘုန်ပူးဝင်ခြင်း

www.dhammaransi.com



မရှိရလေပြီ။ထိုသူသည်။ ပကတိမိမွေးတိုင်းဘမွေးတိုင်း ရှိရလေ
၏။ဤဥပမာ၌။အနုတ္တရဉာဏ်ပညာသည်။ ဆေးကောင်းဝါးကောင်း
နှင့်တူ၏။အနမတဂ္ဂသံသရာ၌အစဉ်ပါရှိ၍နေသော အတ္တာဒိဋ္ဌိကြီး
၏ကျွတ်လွတ်မှုသည်။ ထိုသူရှုးမှာ။ ဘီလူးကောင်ကြီးထွက်ခွါ
ကျွတ်လွတ်၍ သွားသည်နှင့်တူ၏။ ။ထိုအခါမှစ၍။ ပုထုဇ္ဇန
ဥမ္မတ္တကအဖြစ်မှကျွတ်လွတ်၍။ အရိယာသူမြတ်အဖြစ်သို့ရောက်
သဖြင့်။ အောက်ဘုံ အောက်ဘဝသို့လျှောကျခြင်းမှအစဉ်ထာဝ
ရလွတ်ငြိမ်းခြင်းဟူသော ပထမနိဗ္ဗာန်၌တည်လေ၏။ ဤအရာ၌
ဥပမာကား လူဖြစ်သောသူသည်။ မြင့်စွာသော သစ်ပင်ထက်သို့
တက်၍။ တခုသော သစ်ကိုင်းကြီးငယ်၌ မှီတွယ်၍နေလေရာ။
ထိုသူမှာ။ သစ်ကိုင်းမှဘပါးမှီတွယ်ရာမရှိသဖြင့်။ ထိုသစ်ကိုင်း
ကျိုးသည်ရှိသော်၊ ထိုသူသည်အောက်မြေကြီးသို့ ရောက်အောင်
ပရမ်းပတာကျမြဲဓမ္မတာဖြစ်လေ၏သို့။ထို့အတူ။ အတ္တာဒိဋ္ဌိစွဲလမ်း
ခြင်းရှိကြကုန်သော ပုထုဇဉ်ဖြစ်ကြသူ။ လူ,နတ်,ဗြဟ္မာသတ္တဝါ
တို့သည်။ ကံအရှိန်ကံအဟုန်ကုန်ကြ၍။ ထိုထိုဘဝတို့မှစုတေကြ
ကုန်သောအခါ။ထိုသူတို့မှာထိုဘဝခန္ဓာမှတပါး မှီတွယ်ရာမရှိကြ
ကုန်သံဖြင့်။ ထိုဘဝခန္ဓာပျက်ဆုံးသည်ရှိသော်။ အောက်ဆုံးဖြစ်
သောမဟာအဝီစိငရဲကြီးတိုင်အောင် ပရမ်းပတာ ကျရောက်ကြ
ရလေကုန်၏၊အတ္တာဒိဋ္ဌိမှကျွတ်လွတ်ကြကုန်ပြီးသော အရိယာဖြစ်
ကြသူလူနတ်ဗြဟ္မာသတ္တဝါတို့မှာ။ ကံအရှိန်ကံအဟုန်ကုန်ကြ၍၊
ထိုထိုဘုံဘဝတို့မှစုတေကြကုန်သောအခါ။ထိုသူတို့မှာထိုဘဝ
ခန္ဓာမှတပါး။ မဂ္ဂင်ရှစ်ပါးတည်းဟူသော အလွန်အားကြီးသော
မှီတွယ်ရာကြီး။ လတ်ရှိလက်မကွာ အမြဲပါရှိကြကုန်သည်ဖြစ်၍။
ထိုဘဝထိုခန္ဓာ ပျက်ဆုံးသည်ရှိသော်။ အောက်ဘုံ အောက်ဘဝ
တို့သို့လျှောကျခြင်းမရှိကြလေကုန်ပြီ။ ။ဥပမာကား၊အတောင်
အားနှင့်ပြည့်စုံကြကုန်သော ငှက်များတို့သည်။ ထိုထိုသစ်
ကိုင်းကြီးငယ်တို့၌နားနေကြကုန်ရာ၊သစ်ကိုင်းကြီးငယ်တို့ကျိုး၍
ကျကုန်သော်လည်း။ ပရမ်းပတာကျခြင်းမရှိကြကုန်ပြီ။ အဘဲ့

www.dhammaransi.com



ကြောင့်နည်းဆိုသော်။ထိုကျေးငှက်တို့သည်။သစ်ကိုင်းကို အားပြုကြကုန်သည်မဟုတ်၊ မိမိတို့အတောင်ကိုသာ အားပြုရင်းရှိသောကြောင့်တည်း။ ။ဤဥပမာကဲ့သို့မှတ်လေ။ ဤစကား၌ ပုထုဇ္ဇနဥမ္မတ္တကအဖြစ်မှကျွတ်လွတ်၍အရိယာသူမြတ်အဖြစ်သို့ ရောက်ကြသဖြင့်။ အောက်ဘုံအောက်ဘဝသို့ လျှောကျ ခြင်းမှ အစဉ်ထာဝရလွတ်ငြိမ်းခြင်းသည်၊ ငါတို့ ဗုဒ္ဓဘာသာသာသနာမှာ၊ရှေးဦးစွာရောက်ကြရသောပထမနိဗ္ဗာန်ကြီးမည်၏။ဤပထမနိဗ္ဗာန်သို့ရောက်ကြကုန်သောသူတို့သည်။ ဤဘဝမှစ၍။ နောက်အနာဂတ်သံသရာ၌ ကျင်လည်ကြကုန်သော်လည်း။ မိမိတို့စိတ်အစဉ်မှာ။မဂ္ဂင်ရှစ်ပါး ဟူသော အားကိုးရာကြီး အမြဲပါရှိ၍နေသောကြောင့်၊ထိုသူတို့မှာ။ သာသနာကွယ်ပသောဘဝ သာသနာကွယ်ပသောကမ္ဘာဟူ၍မရှိကြကုန်ပြီ။အထက်နိဗ္ဗာန်သို့ရောက်သည်တိုင်အောင်။ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး အမြဲပါရှိကြလေတော့သည်၊ဤသို့လျှင်။ (ပုရာဏဗြာဟ္မဏ ဘာသာကြီးနှင့်။ ဗုဒ္ဓဘာသာကြီးနှစ်ပါးသည်။ အတ္တအယူအနတ္တအယူကွဲပြားကြသည့်အတွက်ကြောင့်။ ဗြာဟ္မဏဘာသာကြီးမှာ၊အထက်ဘဝဂ်ဘုံကိုနိဗ္ဗာန်ဘုံဟူ၍စွဲယူခြင်း။ ဗုဒ္ဓဘာသာကြီးမှာ။ ထိုဘဝဂ်ဘုံကြီးမှကျွတ်လွတ်ရာဖြစ်သော အသင်္ခတ ဘုံကြီးကို သာနိဗ္ဗာန်ဘုံဟူ၍ပြဋ္ဌာန်းခြင်းဟူသော နိဗ္ဗာန်ကြီးနှစ်ပါးသည် ကွဲပြားကြလေကုန်သတည်း။

ဤတွင်၍ကား။ပုရာဏဗြာဟ္မဏဘာသာကြီးနှင့်
ဗုဒ္ဓဘာသာကြီးနှစ်ပါးခြားနားပုံကိုပြဆိုခန်းပြီး၏။

www.dhammaransi.com



## အတ္တ,အနတ္တစစ်တမ်းစစ်ချက်အကျဉ်းချုပ်။

ကောသာ။ ဆံပင်။ လောမာ။မွေးညှင်း။ နခါ၊ ခြေသည်း လက်သည်း။ဒန္တာ။သွား၊တစော။ အရေ။မံသံ။အသား။နှာရု၊ အကြော။ အဋ္ဌိ၊အရိုး။အဋ္ဌိမိဉ္ဇံ။ရိုးတွင်းခြင်ဆီ။ ဝက္ကံ။အညို့၊ဟဒယံ။ နှလုံးသား။ယကနံ၊အသည်း။ကိလောမကံ။အမြှေး၊ပပ္ဖါသံ။ အဆုတ်။ အန္တံ။အူမ။အန္တဂုဏံ၊အူသိမ်။ဥဒရိယံ။အစာသစ်။ကရီသံ။အစာဟောင်း။မတ္ထလုင်္ဂံ၊ဦးနှောက်။ ဤနှစ်ဆယ်သောကိုယ်အစုတို့ကို ပထဝီဓာတ်မျိုးဟူ၍ သုတ္တန်အဘိဓမ္မာတို့၌ငါတို့မြတ်စွာဘုရား ဟောကြားတော်မူပေ၏၊ အနတ္တလက္ခဏာကို ဃနသည်ဖုံးလွှမ်းအပ်သောကြောင့်။ မထင်နိုင် မမြင်နိုင်ရှိကြကုန်၏။ ဃနကိုဖျက်သည်ရှိသော်။အနတ္တလက္ခဏာသည်ထင်ပေါ် လာရ၏ဟုအဋ္ဌကထာတို့၌ မိန့်ဆိုကြပေ၏၊ ဃနဆိုသည်ကား၊ ရုပ်နာမ်တို့၏ အစုတည်းတပေါင်းတည်းတလုံးတည်းတခဲနက်တည်းဖြစ်၍တည်နေကြသည်ကိုဆို၏။ဤဃနကိုပင်ပုဂ္ဂိုလ်သတ္တဝါတို့၏အမာခံအတ္တဟု စွဲလမ်းကြ၏။ ဤဃနကြေဖျက်သည်ရှိသော် ထိုအတ္တသည် ပျက်လေ၏။အနတ္တပေါ်လေ၏။ဃနကိုပျက်ခြင်းဆိုသည်ကား၊ ထိုတခဲနက်တည်နေကြသည်ကိုချေဖျက်ခြင်းပေတည်း။ ချေဖျက်ပုံကားအောက်၌ဆိုလတံ့။

---

## (၁၉) ပညတ်ပေါ်,ပရမတ်ငုပ်။ပရမတ်ပေါ်, ပညတ်ငုပ်ပျောက်ကွယ်ပုံ၊

ပညတ်ပေါ် သည်ရှိသော်၊ ပရမတ်ငုပ်၏။ပရမတ်ပေါ် သည်ရှိသော် ပညတ်ကွယ်ပျောက်၏။ ဤစကားနှစ်ခွန်းကိုဆောင်ပုဒ်ပြု၍ထား၊ပညတ်ပေါ် သည်ရှိသော်ပရမတ်ငုတ်၏ဟူသောစကား၌။ အဘယ်သို့ ပညတ်ပေါ် လျှင် ပရမတ်ငုပ်လေသနည်း ဟူမူကား။

www.dhammaransi.com



ပထဝီခါတ်မျိုးဟူ၍ပေါတော်မူအပ်သော ဆံပင်တို့၌။ ဤဓါတ်၏တခဲနက်တည်းတည်ရှိ၍နေခြင်းကြောင့်။ လုံးလုံးလျားလျားများများရှည်ရှည်ဟူသော သဏ္ဌာန ပညတ်သည် ထင်လျှားစွာ ပေါ်ရှိ၍နေ၏။ မြေမှုန်ဟူသောပရမတ်တရား ပထဝီဟူသော ပရမတ်အမည်များသည် ငုပ်မြုပ်၍နေလေ၏။ မပေါ် မထင်ရှိနေ၏၊ဆံပင်အတိုင်းကို မြင်ချေသည်ရှိသော်။ လုံးလုံးရှည်ရှည်ကိုသာ မြင်ကြ၏၊ ဆံပင်ဟူ၍ခေါ်တတ်ကြ သိတတ်ကြ၏၊ အလွန်နုပ်ဖွဲသော မြေမှုန့်တို့ကိုမမြင်နိုင်ကြ။မြေဟူ၍မသိတတ်ကြမခေါ်တတ်ကြ။ ။ဤကားဆံပင်၌ပညတ်ပေါ်ထင်၍ပရမတ်ငုပ်ပုံတည်း။

အဘယ်သို့ ပရမတ်ပေါ်လျှင်။ ပညတ်ကွယ်ပျောက်သနည်းဟူမူကား။ ဆံပင်နှိုက်ဃနဟူသောတခဲနက်ကို ချေဖျက်သည်ရှိသော် အလွန်သေးနုပ်သောမြေဓါတ်ပရမတ်တို့သည် ထင်လျားစွာပေါ် လာ၏။ မြေဓါတ်ပရမတ် ထင်လျားစွာ ပေါ်လာ သည်ရှိသော်။ လုံးလုံးရှည်ရှည် ဟူသော သဏ္ဌာန ပညတ်သည် ကွယ်ပျောက်လေ၏။ ဆံပင်ဟူသော နာမပညတ်လည်းကွယ်ပျောက်လေ၏၊ ထိုသေးနုပ်သောမြေဓါတ်မှုန့်တို့ကို မြင်ကြသော်၊ဆံပင်ဟူ၍မသိကြ မခေါ်ကြပြီ။အမှုန့်ဟူသော မြေ၏အမည် ဖြင့်သာ သိကြခေါ်ကြကုန်၏၊ဤစကားနှိုက်ဃနဟူသော တခဲနက်ဖျက်ပုံကား၊ဆံပင်တို့ကိုကျောက်ပျဉ်ပေါ်၌ အလွန်ညက်စွာ ဥာဏ်ဖြင့်ကြိတ်၍ ကြည့် သည် ရှိသော်။ ရှည်ရှည် လျားလျား ဟူသော၊ သဏ္ဌာန် ပညတ်သည် ကွယ်ပျောက် လေ၏။ ဃနဟူသောတခဲနက်သည် ပျက်ပြား၍ အလွန်သေးနုတ်လှသော မြေမှုန့်တို့သည် ထောင်းထောင်း ထောင်းထောင်း ပေါ်ကြကုန်လတံ့။ ဆံပင်ဟူသော နာမပညတ် သည်လည်း ကွယ်ပျောက် လေ၏၊ ပထဝီဟူ ပေါတော်မူသောမြေမှုန့်ဟူသော အမည်သို့ပြောင်းလေ၏၊ ဤကားဆံပင်၌ပရမတ်ပေါ်၍ပညတ်ပျောက်ပုံတည်း၊

ဤပရမတ်ပေါ်၍ ပညတ်ကွယ်ပျောက်သည်ကိုပင်လျှင်။ အနုပ္ပုပေါ်၍အတ္တကွယ်ပျောက်သည်ဟူ၍ ဆိုလေ၏။ ။ဤကား

www.dhammaransi.com



ခံပင်တို့၌အဏ္ဏုအနုဏ္ဏုစစ်ချက်ပေတည်း။ ။မွေးညှင်းတို့၌ဝင်း။ ခြေသည်း လက်သည်းတို့၌ဝင်း။ သွားတို့၌ဝင်း။ အရေတို့၌ဝင်း။ အဏ္ဏုအနုဏ္ဏုစစ်ချက်ကိုခံပင်အတိုင်းစစ်လေ၊

အသားတို့၌ အဏ္ဏု'အနုဏ္ဏုစစ်ပုံကား။ ။ပထဝီဓာတ်မျိုး ဟူ၍ ဟောတော်မူအပ်သော။ အသားတုံး အသားလွှာ တို့နှက်၊ ဤဓာတ်တို့၏ တခဲနက်တည်း တည်ရှိ နေခြင်း ကြောင့်။ လုံးလုံး လျားလျား ရှည်ရှည် မျှားမျှား။ အသားတုံး အသားလွှားဟူသော သဏ္ဌာန် ပညတ်သည် ထင်လျှားစွာ ပေါ်ရှိ၍နေ၏။ မြေမှုန့်ဟူ သောပရမတ်တရား ပထဝီဟူသော ပရမတ် အမည် မျှားသည်။ ငုပ်မြုပ်၍နေလေ၏။ မပေါ်မထင်နိုင်ရှိနေ၏။ အသားတုံးအသား လွှာအတိုင်းကို မြင်ကြသည်ရှိသော်။ လုံးလုံးပြားပြားကိုသာမြင် ကြ၏၊အသားတုံးအသားလွှာဟူ၍ သိတတ်ကြ ခေါ်တတ်ကြ၏။ အလွန်နုပ်ဖွဲ့သောမြေမှုန့်တို့ကိုမမြင်နိုင်ကြ၊မြေဟူ၍မသိတတ်ကြ မခေါ်တတ်ကြ။ ။ဤကားအသားတုံးအသားလွှာတို့နှက်မညွှတ် ပေါ်၍ပရမတ်ငုပ်ပုံတည်း။

အဘယ်သို့ ပရမတ်ပေါ်သျှင် ပညတ် ကွယ်ပျောက်သနည်း ဟူမူကား။အသားတုံးအသားလွှာတို့၌ ဃနဟူသော တခဲနက်ကို ချေဖျက်သည်ရှိသော်။ အလွန်သေးနုပ်သော မြေဓာတ်ပရမတ် တို့သည် ထင်လျှားစွာ ပေါ်ကုန်၏။ မြေဓာတ်ပရမတ် ထင်လျှား စွာ ပေါ်လာသည် ရှိသော်။ လုံးလုံး ပြားပြား ဟူသော သဏ္ဌာန် ပညတ်သည် ကွယ်ပျောက် လေ၏၊ အသားတုံး အသားလွှာဟူ သောနာမပညတ်သည်လည်း ကွယ်ပျောက်လေ၏။ ထိုသေးနုပ် သောမြေဓာတ်ကိုမြင်ကြသော်၊ အသားတုံးအသားလွှာဟူ၍မသိ ကြမခေါ်ကြပြီ၊အမှုန့်ဟူသောမြေ၏အမည်ဖြင့်သာ သိကြခေါ်ကြ ကုန်၏၊ဤစကား၌ဃနဟူသောတခဲနက်ကိုဖျက်ပုံကား။ အသား တုံးအသားလွှာတို့ကို အစိုအတိုင်း ကြိတ်သည် ရှိသော် ရွှံ့မြေ ဖြစ်လေ၏။ အခြောက်လှမ်း၍ ကြိတ်သည်ရှိသော်။ အမှုန့်ဖြစ်လေ ၏၊ ထိုတွင် အခြောက် လှမ်း၍ကြိတ်ရာနှက်၊ အလွန်သေးနုပ်

www.dhammaransi.com



လှစွာသောမြေမှုန့်တို့သည်။ ထောင်းထောင်း ထောင်းထောင်း ပေါ်ကြကုန်လတံ့။ပေါ်တိုင်း ပေါ်တိုင်း လုံးလုံးပြားပြား ဟူသော သဏ္ဌာန်ပညတ်ကွယ်ပျောက်လတံ့။ အသားတုံး အသားလွှာဟူ သောနာမ ပညတ် သည်လည်း ကွယ်ပျောက်လေ၍။ ပထဝီဟု ဟောတော်မူသော မြေမှုန့်ဟူသော ပရမတ် အမည်သို့ ပြောင်း လေ၏။ ။ဤကားအသားတုံး အသားလွှာတို့၌ ပညတ်ကွယ် ပျောက်ပုံပေတည်း။ဤပရမတ်ပေါ် ၍ပညတ် ကွယ်ပျောက်သည် ကိုပင်လျှင်။အနတ္တ,ပေါ်၍၊ အတ္တကွယ်ပျောက်သည်ဟု ဆိုရပေ ၏။ ။ဤကားအသားတုံးအသားလွှာတို့၌။အတ္တ,အနတ္တစစ်ချက် ပေတည်း။

အရိုးအစရှိသောကြွင်းကျန်သောကိုယ်အစုတို့၌လည်း။အသီး သီးအတ္တ,အနတ္တစစ်ချက်တို့ကိုဤနည်းအတူသိကြလေ၊

ထိုတွင်၊ ပရမတ်ငုပ်မြုပ်၍ ပညတ်ပေါ်သောနယ်ကြီးသည် အရိဋ္ဌာနယ်ကြီး။အတ္တဒိဋ္ဌိနယ်ကြီး။ကိလေသာနယ်ကြီး။ ဒုစ္စရိုက် နယ်ကြီး။အပါယ်ဒုဂ္ဂတိနယ်ကြီးတို့ပေတည်း။ ။ပညတ်ပျောက် ၍ ပရမတ်ပေါ်သောနယ်ကြီးသည်။ ဝိဇ္ဇာနယ်ကြီး။ အနတ္တသမ္မာ ဒိဋ္ဌိနယ်ကြီး။ကိလေသာပျောက်ကင်းသောနယ်ကြီး။ဒုစ္စရိုက်လွတ် ငြိမ်းသော နယ်ကြီး၊ အပါယ်ဒုဂ္ဂတိချုပ်ငြိမ်းသော နယ်ကြီးပေ တည်း။

ဤကား။ပညတ်ပေါ်လျှင်ပရမတ်ငုပ်၊
ပရမတ်ပေါ်လျှင်ပညတ်ကွယ်ပျောက်ပုံနှင့်။အတ္တ,
အနတ္တစစ်တမ်းစစ်ချက်ပြီး၏၊

www.dhammaransi.com



# ပရမတ္ထသဒ္ဒါနှင့်ပညတ္တိသဒ္ဒါ ခွဲခဏ်း။

ပရမတ္ထသဒ္ဒါနှင့်ပညတ္တိသဒ္ဒါအနက်ခွဲခဏ်းသည် အလွန် အရေးကြီးသောအချက်ဖြစ်၏။ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်၏အရာဖြစ်၏။အနတ္တတရားကိုအကြွမ်းအားဖြင့် ထင်လျားစေတတ်ဖြစ်၏။ ခွဲနည်းကိုပြဆိုအံ့။ ။ပရမတ္ထသဒ္ဒါ။ ပညတ္တိသဒ္ဒါဟူသောစကား၌၊ ပရမတ္ထဖြစ်သောသဒ္ဒါ။ပညတ်ဖြစ်သောသဒ္ဒါဟူ၍ အနက်ယူရန်တမျိုး။ ။ ပရမတ္ထအနက်၌ဖြစ်သောသဒ္ဒါ၊ ပညတ်အနက်၌ဖြစ်သောသဒ္ဒါဟူ၍အနက်ယူရန်တမျိုး။ ။ထိုတွင်။ရူပါရုံ၊သဒ္ဒါရုံ။ဂန္ဓာရုံဟူသောစကားမျိုးနှင့်လာသောအသံဟူသော သဒ္ဒါသည်။ ပရမတ္ထဖြစ်သောသဒ္ဒါမည်၏။ ထိုပရမတ္ထသဒ္ဒါသည် သောတဝိညာဏဝီထိစိတ်တို့၏အာရုံဖြစ်၏။ ။ထိုပရမတ္ထသဒ္ဒါသည်။အနက်ကိုသိရန်လူတို့အသုံးပြုကြသော၊ အက္ခရာဝဏ္ဏအဖြစ်သို့မရောက်သည်ဖြစ်၍။အနက်ကိုမပြနိုင်။ ။သောတဝိညာဏဝီထိဖြင့်။ ထိုပရမတ္ထသဒ္ဒါကိုကြားပြီးသည့်အခါနှင့်အရေအထောင်မကဖြစ်ပွါး၍ချုပ်ကြလေကုန်ပြီးသော ထိုပရမတ္ထ သဒ္ဒါတို့ကို။ တခုတည်းတလုံးတည်းပြု၍။ဤကားက,ဖြစ်သည်၊ခ,ဖြစ်သည်။ ဂ,ဖြစ်သည်စသည်ဖြင့်အက္ခရာလုံးဝဏ္ဏလုံးပြုလုပ်၍ ယူကြကုန်သော နောက်လိုက်မနောဝိညာဏဝီထိတို့သည်ဖြစ်ကြကုန်၏။ထိုအက္ခရာဝဏ္ဏအဖြစ်သို့ရောက်သောသဒ္ဒါသည်။ပညတ်ဖြစ်သောသဒ္ဒါမည်၏။နာမပညတ္တိသဒ္ဒါခေါ်၏ဝိဇ္ဇမာနပညတ္တိသဒ္ဒါလည်းခေါ်၏။ ။ထိုနာမပညတ္တိသဒ္ဒါသည်သာလျှင်။ အနက်အရာနှင့် အသုံးကျ၏။ ရှေးပရမတ္ထသဒ္ဒါသည်။အသံကောင်းသည်မကောင်းသည်နှင့် အသုံးကျ၏။ ဤကား။ပရမတ္ထသဒ္ဒါ။ပညတ္တိသဒ္ဒါခွဲနည်းတမျိုးတည်း။ ။အနက်အရာနှင့်အသုံးကျသောနာမပညတ္တိသဒ္ဒါသည်၊ပရမတ္ထအနက်၌

www.dhammaransi.com



ဖြစ်သော။ပရမတ္ထသဒ္ဒါ။ပညတ်အနက်၌ဖြစ်သော။ ပညတ္တိသဒ္ဒါဟူ၍နှစ်မျိုးရှိပြန်၏။ ထိုတွင်။ စိတ္တံ။ ဝိညာဏံ၊ မနော။ မာနသံ။ ဖဿော၊ဝေဒနာ။ သညာ၊စေတနာ။ပထဝီ။အာပေါ၊တေဇော၊ဝါယော။အစရှိသောနာမပညတ္တိသဒ္ဒါမျိုးသည်။ ပရမတ္ထအနက်နှိက်ဖြစ်သောကြောင့် ပရမတ္ထသဒ္ဒါမည်၏။ ။သတ္တော။ ပုဂ္ဂလော။ မနုဿော၊ဒေဝေါ။ဃဋော။ ပုရိသောအစရှိသော။ နာမပညတ္တိသဒ္ဒါမျိုးသည်။ပညတ်အနက်၌ဖြစ်သောကြောင့်။ပညတ္တိသဒ္ဒါမည်၏။အဝိဇ္ဇာမာနပညတ္တိသဒ္ဒါခေါ်၏။ ။ဤကား၊ ပရမတ္ထသဒ္ဒါ။ ပညတ္တိသဒ္ဒါခွဲပုံတည်း၊

ဃဋော ဟူသော။မဂဓသဒ္ဒါ၊အိုးဟူသော မြန်မာသဒ္ဒါများသည်။ ပညတ်အနက်၌ဖြစ်သော ပညတ္တိသဒ္ဒါမည်၏။ ဤစကား၌ပညတ်အနက်ဆိုသည်ကား။အိုးထိန်းသည်၏ ပြုလုပ်ချက်နှင့် ပေါ်၍နေသော၊ အိုးဟူသော သဏ္ဌာန်မျိုးသည်ရှိ၏။ ထိုသဏ္ဌာန်မျိုးကို။ ပညတ်အနက်ဆို၏၊ဃဋော ဟူသော ပညတ္တိသဒ္ဒါသည်၊ ထိုအိုးဟူသောပညတ်အနက်၌ဖြစ်၏။ထိုပညတ်အနက်ကိုဟော၏။ ဟောခြင်းသည်ကား၊တယောက်သောသူက၊ဃဋောဟုဆိုလျှင်။တဦးသောသူက။အိုးသဏ္ဌာန်ကိုဆိုသည်ဟုသိ၏။ ဤသို့အသိဉာဏ်ဖြစ်ပေါ်စေသည်ကို အနက်ကို ဟောသည်ဟုဆို၏။ ။ဤသို့၊ဃဋောသဒ္ဒါသည်ပညတ်အနက်၌ဖြစ်သောပညတ္တိသဒ္ဒါမည်၏။

ထိုအိုးနှိက်၊ပထဝီဓာတ်။ အာပေါဓာတ်။ တေဇောဓာတ်။ ဝါယောဓာတ်။ဝဏ္ဏဓာတ်၊ ရသဓာတ်။ ဩဇာဓာတ်။ အာဟာရဓာတ်၊ဟူ၍ ပရမတ္ထ တရား ရှစ်မျိုးရှိ၏။ ထိုပရမတ္ထဓမ္မရှစ်မျိုး၌ဖြစ်သော။ ပထဝီ၊ အာပေါ။တေဇော။ဝါယော။ ဝဏ္ဏ၊ဂန္ဓ၊ရသ၊ ဩဇာဟူသော သဒ္ဒါမျိုးသည် ပရမတ္ထအနက်နှိက်ဖြစ်သောပရမတ္ထသဒ္ဒါမျိုးမည်၏၊ ။ဤစကား၌ပထဝီဓာတ်ဆိုသည်ကား၊ ခက်မာမှု ကြံယာကိုဆို၏၊ခက်မာမှုကြံယာဆိုသည်လည်း။ ခပ်သိမ်းသောရုပ်တရားတို့၏ အမာခံကြံယာဆိုလိုသည်၊ အာပေါဓာတ်စသည်တို့ကိုလည်း၊ ထိုနည်းတူ၊ ပရမတ်ဓာတ်သဘော

www.dhammaransi.com



ရင်းကိုသိအောင် ဘော်ပြလေ။ ။ထိုခေတ်သဘောရင်းမျိုး ကို ပရမတ္ထ အနက်ခံဆို၏၊ ပထဝီအပေါ် အစရှိသော ပရမတ္ထသဒ္ဒါ မျိုးသည်။ခက်မာမှုအစရှိသော ပရမတ္ထအနက်၌ဖြစ်၏။ ပရမတ္ထ အနက်ကိုဟော၏၊ဟောဆိုသည်ကား ပထဝီခေတုဆိုလျှင်၊ ထို အနက်ကို ဆိုသည်ဟုသိရ၏။ဤသို့သိရသည်ကို၊ ထိုသဒ္ဒါသည် ထိုအနက်ကိုဟောသည်ဟုဆို၏။ ။ဤအရာ၌၊ သသမ္ဘာရစ ကားမျိုးလည်းရှိ၏။ မြေကြီးတခုလုံးကို ပထဝီဟူ၍ ခေါ်ကြ၏။ ထိုမြေကြီး၌လည်း ခေတ်ရှစ်ပါးရှိ၏။ထိုခေတ်ရှစ်ပါးလုံးကို ပထ ဝီဆို၏။ သုတ္တန်ဒေသနာတို့၌လည်း၊ဆံပင်။မွေးညှင်း။ခြေသည်း။ လက်သည်း။သွား၊ အရေ။အသား။ အရိုးစသည်တို့ကို။ ပထဝီ ခေတ်ဟူ၍ဟောတော်မူ၏။မြစ်ရေ၊ ချောင်းရေစသည်တို့ကို အာ ပေါဟူ၍။မီးကျီးမီးတောက်စသည်တို့ကိုတေဇောဟူ၍၊ တောင် လေမြောက်လေစသည်တို့ကိုဝါယောဟူ၍ ခေါ်ရာတို့နှိုက်လည်း ပထဝီနည်းတူယူလေ။ ။ဤသသမ္ဘာရ သဒ္ဒါသည်။ သမထ ဘာဝနာ, ဝိပဿနာဘာဝနာ, အရာတို့မှာ အသုံးပြုရ၏။ အဘိ ဓမ္မာစကားပြောဟောရာနှိုက်မူကားခေတ်ရှစ်ပါးကိုခွဲခြား၍ပြော ဟောရသည်။ ။ဤပရမတ္ထသဒ္ဒါမျိုးသည်။ အဘိဓမ္မာ၌ဟော တော်မူသော ဓမ္မရင်း။ ခေတ်ရင်းအလိုအားဖြင့် (၈၂) ပါးသာရှိ ၏၊စိတ်တပါး၊စေတသိက်ငါးဆဲ့နှစ်ပါး၊ ရုပ်နှစ်ဆဲ့ရှစ်ပါး။နိဗ္ဗာန် တပါး။ ဤ (၈၂) ပါးပေတည်း။ နိဗ္ဗာန်နှင့်တကွ အလုံးစုံသော။ သတ္တလောက၊သင်္ခါရလောက၊ဩကာသလောက၊ကမ္ဘာအနန္တ စကြဝဠာအနန္တတို့ကို၊ဓမ္မအားဖြင့် ခေတ်အားဖြင့် အကျဉ်းချုံး ၍ရေရုံးလိုက်သည်ရှိသော်၊ ဤဓမ္မ(၈၂) ပါးသာရ၏။ ။ပြဆိုခဲ့ ပြီးသောအိုး၌၊ ခေတ်ရှစ်ပါးသည်ပရမတ္ထအနက်မည်၏။ ပထဝီ အာပေါအစရှိသော၊ နာမပညတ္တိသဒ္ဒါ ရှစ်ပါးသည်၊ ထိုခေတ်ရှစ် ပါး၏အသိအသိသော အမည်သညာ နာမပညတ်များ ဖြစ်ကြ ၏။ ။ထိုအိုး၌အိုးဟူသောသဏ္ဌာန်အထူးသည်၊ ပညတ်အနက် ဖြစ်၏၊ ဃဋဟူသောနာမပညတ္တိသဒ္ဒါသည်၊ ထိုသဏ္ဌာနပညတ်

www.dhammaransi.com



၏အမည်သညာနာမပညတ်ဖြစ်၏။ ။ထိုတွင်။ ပထဝီအပေါ၊ အစရှိသောပရမတ္ထသဒ္ဒါမျိုးသည်၊အိုးဟူသော သဏ္ဌာနပညတ် အနက်နှင့် သက်သက်မဆိုင်ပေ။ ။ဃဋဟူသောပညတ္တိသဒ္ဒါ မျိုးသည်။ ထိုပရမတ္ထအနက်တို့နှင့် သက်သက်မဆိုင်ပေ။ ။ ပထဝီဓာတ်၊ အာပေါဓာတ်အစရှိသည်ဖြင့် ပရမတ္ထသဒ္ဒါနှင့်ပြော ဆိုရာနိုက် အိုးဟူသော သဏ္ဌာန် ပညတ်ကို မထိမငြိစေအပ်။ ဃဋဟူ၍၊အိုးဟူ၍ပညတ္တိသဒ္ဒါနှင့် ပြောဆိုရာ၌၊ခက်မာမှု၊ဖွဲ့စေး မှု၊ပူအေးမှု၊ထောက်ကန်မှု၊ အဆင်း၊ အနံ့၊အရသာ၊ ရုပ်ဆီ ရုပ်နှစ် ဟူသောဓာတ်ရှစ်ပါးကိုမထိမငြိစေအပ်။ ။အိုးကို၊ဃဋဟူ၍ ခေါ်ကြသည်မှာ။ အိုးခတ်သားလက်နက်ဖြင့်၊ခတ်မှုကိုစွဲ၍ဃဋဟူ သင်္ကေတပြုကြ၏၊ခပ်သိမ်းသော ပညတ္တိသဒ္ဒါဟူသမျှ တို့သည်၊ ထိုကဲ့သို့သောအကြောင်းနိမိတ် အစွန်းအစကိုစွဲ၍၊ လူအပေါင်း တို့ကသင်္ကေတပြုထားကြရာ။ဖြစ်နေကြကုန်၏၊ ။အကြောင်း နိမိတ်ပင်မရှိသော်လည်း။ ထိုအိုးကိုပင်၊မနုဿဟူ၍၎င်း။ ဒေဝ ဟူ၍၎င်း၊အများခေါ်ကြရန်၊ သင်္ကေတပြုလုပ်၍ ထားကြသည်ရှိ သော်၊ထိုအရပ်ဒေသမှာ၊ မနုဿဟူ၍။ ဒေဝဟူ၍ဆိုလျှင်၊ ထို အိုးကို သိနိုင်ကြလေသောကြောင့်၊ ထိုအရပ်ဒေသမှာ၊ မနုဿ သဒ္ဒါ။ဒေဝသဒ္ဒါများသည်။အိုးဟူသောအနက်ကိုဟောနိုင်ပြန်၏။ ပညတ္တိသဒ္ဒါမျိုးမည်သည် ပရမတ္ထဓမ္မကို မသိကြသူလူခပ်သိမ်း တို့ပြုလုပ်တိုင်းဖြစ်၍နေသောသဒ္ဒါမျိုးတို့ပေတည်း။

ဥပရိပဏ္ဏာသပါဠိတော်၊ အရဏဝိဘင်္ဂသုတ်၌။ ။ဇနပဒ နိရုတ္တိံ နသေဝေယျ၊ သမညံနာတိဓာဝေယျဟူ၍လာ၏၊ ။ထို တွင် ဇနပဒနိရုတ္တိဆိုသည်ကား၊ ထိုကဲ့သို့သော ပညတ္တိသဒ္ဒါ မျိုးကိုဆိုသည်၊ နသေဝေယျဆိုသည်ကား ထိုသို့သောပညတ္တိ သဒ္ဒါမျိုးတို့၏အရာနိုက်အရပ်ဒေသချင်းချင်းခေါ်ဝေါ်ပုံမတူကြ ဘဲ၊ကွဲလွဲထူးခြားရှိနေကြရာမှာ။ သူ့အခေါ်သာမှန်သည်၊ ငါ့အ ခေါ်သာမှန်သည်ဟု၊အယူသန်၍ အငြင်းသန်၍မနေအပ်၊ အရပ် အခေါ်အတိုင်းကိုသာ ခေါ်ဝေါ်လိုက်လျော ပြောဆိုရမည်ဟူ

လိုသည်။ အဘဲ့ကြောင့်နည်းဟူမူ။ ထိုသဒ္ဒါမျိုးသည် အရပ်နေသူလူအများခေါ် ရာဖြစ်စတမ်းမျိုးဖြစ်ပေသောကြောင့်တည်း။ ။

သမညာ့နာတိစာဝေယျဆိုသည်ကား။ပညတ္တိသဒ္ဒါမျိုးကိုသမညာဆိုသည်။ထိုပညတ္တိသဒ္ဒါမျိုးကိုခေါ် ဝေါ် ပြောဆိုရာနှိုက် ပညတ္တိသဒ္ဒါမျိုး၏ဆိုင်ရာ၊ ပညတ်အနက်မျှတွင်ရွေ့ အနက်ယူရမည်။ ပရမတ္ထအနက်ဘက်သို့ကျူးလွန်၍ မသွားစေရဟူလိုသည်။ ၊

ဃဋဆိုလျှင် ထိုသဒ္ဒါ၏ဆိုင်ရာသည် သဏ္ဌာန ပညတ်အနက်မျှသာဖြစ်ရကား။ သဏ္ဌာနပညတ်ကိုဆိုသည်ဟုသိရာ၏။ အိုး၌ရှိသောဓာတ်ရှစ်ပါးတို့ကို။ ဃဋဆိုသည်ဟု မသိရာ၊ သိခဲ့သော် ပညတ္တိသဒ္ဒါဖြစ်လျက်နှင့် ပညတ္တိအနက်တွင်ရွေ့မနေ၊ပညတ္တိအနက်ကိုလွန်ကျူး၍ မသိမဆိုင်ရာပရမတ္ထဓမ္မဘက်သို့ ပြေးသွားမှားလေ၏။ပရမတ္ထဓမ္မတို့ကိုအိုး၏အတ္တဟုစွပ်စွဲခြင်းဖြစ်၏။သာရဟုစွပ်စွဲခြင်းဖြစ်၏ဟုအတ္တဒိဋ္ဌိ၏ အချက်ပေတည်း။ ။ဤအရာနှိုက်ဒိဋ္ဌိကိုပရာမာသဓမ္မာဟူ၍ အဘိဓမ္မာနှိုက်ဟောတော်မူရာမှာ။ပရာမာသဆိုသည်ကား။ဟုတ်သည့်အတိုင်း ကို ကျူးလွန်၍ မဟုတ်မတရားအမှားအလွဲစွပ်စွဲခြင်းဆိုလိုသည်။အထက်က ပြခဲ့သောသမညာအဘိဓာဝနသည်လည်းပရာမာသပင်တည်း။ ။

ဤဃဋသဒ္ဒါ ဥဒါဟရဏ်တခုကို ပြဆိုလိုက်သဖြင့်။ အတ္တဇီဝ။ သတ္တ။ပုဂ္ဂလ။မနုဿ။ဒေဝ ဗြဟ္မ။ပုရိသရုက္ခတိဏ။ရထ။သကဋ မဉ္စ။ပီဌစသည်တို့၌လည်း၊ဃဋသဒ္ဒါဥဒါဟရဏ်အတိုင်းအကုန်မြှော်လေ။ ။ပရမတ္ထတရားသဘောမည်သည်၊ ကြိယာသက်သက်မျှသာဖြစ်ကြ၏ ထိုကြောင့်ကြိယာမျှထက်ပိုရို၍ သဏ္ဌာန်ပညတ်ဒြဗ်ဝတ္ထုထင်မြင်လာသော်။အဏုမြူမျှပင်ဖြစ်သော်လည်း သဏ္ဌာနပညတ်အနက်ဟူ၍သာမှတ်။ ကာလအားဖြင့်၊ တမိနစ်၊ တစက္ကန့် သန္တာန်အရှည်ထင်မြင်ခဲ့သော်သန္တတိပညတ်အနက်ဟူ၍သာမှတ်၊ထိုသန္တတိပညတ်တို့မူကား ဓမ္မဝဝတ္ထာနဉာဏ်တွင် မပယ်နိုင်သေး။ အနိစ္စာနုပဿနာ ဉာဏ်သို့ရောက်မှ ပယ်နိုင်သည်၊

www.dhammaransi.com



ထိုသဏ္ဌာနပညတ်သည် ဇီဝဒြဗ္ဗ၏အရာဖြစ်၏။ ဇီဝဟူသည် လည်းအတ္တ၏ အညွန့်အသားပေတည်း၊ အနိစ္စာနုပဿနာဉာဏ် အလုပ်သည် ထိုဇီဝဒြဗ္ဗ ကိုပယ်ချက်မှုပေတည်း။ဇီဝနှင့်အနိစ္စတာ သည်ဆန့်ကျင်ဘက်တည်း။

—⊰⊱ ○ ⊰⊱—

ဥညဝတီရဟန်းတော်များက၊အောက်ပါအမေးပုစ္ဆာ (၈) ချက်ကို၊ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား ကြီးထံ၊အဖြေရေးသားပေးသနားတော်မူပါမည့် အကြောင်းရှိသေစွာ လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) ရဟန်းတို့၏ဥစ္စာဖြစ်သောကျောင်းပစ္စည်းများကို ခိုးသူ တို့-ခိုးယူရာနိုက်၊ဥစ္စာရှင်ဖြစ်သောရဟန်းမှုကား၊ အစိုးရတရား သူကြီးများထံတရားစွဲဆိုခြင်းကိုမပြု။ရင်းရဟန်းအား၊ အမြဲကိုး ကွယ်နေသူ-လှူဒါယကာတို့ကသာဘရားစွဲဆိုခြင်းကိုပြုသည့်အ တွက်။အစိုးရ တရားသူကြီးများသည်၊ ရင်းခိုးသူအား အမှုအား လျော်စွာရာဇဒဏ်ကိုပေးအံ့။ ဥစ္စာရှင်ဖြစ်သောရဟန်းအား၊ အာ ပတ်မှလွတ်ကင်းပါမည်လော။

(၂) ရဟန်းတို့သည်၊ခွေငွေစသည်များကိုရှာနေသူလှူဒါယကာ တို့အား၊ ချေးငှါးအပ်နှံထားရာနိုက်၊ ရင်းဒါယကာသည်ဥစ္စာ ရှင်ရဟန်းအားပြန်၍ မပေးမဆပ်ခြင်းကြောင့်၊ ဆိုင်ရာတရားသူ ကြီးများထံတောင်းခံရာ-တရားသူကြီးများက၊ချေးရင်းငွေနှင့်ကျ ကုန်သော စရိတ်ငွေတို့ပါပေးလျော်စေဟုစီရင်ချက်ချပေးသော ကြောင့်၊ ရင်းဒါယကာသည်ချေးရင်းငွေနှင့် ကျကုန်သောစရိတ် ငွေတို့ပါ တရားလိုဖြစ်သောရဟန်းအားပေးလျော်ရခြား‌အံ့။ ချေး ရင်းငွေထက်ပိုရှိသော စရိတ်ငွေကို–ဒဏ်ဟူ၍ ဆိုသင့်ပါမည် လော၊

www.dhammaransi.com



(၃) ဟောင်းနွမ်းယွင်းယိုကွဲပြိုပျက်စီးရှိနေပြီးသော စေတီတော်ကိုဖြိုဖျက်၍၊ မဟာရံတံတိုင်းနှင့် ဘုရားရုပ်ပွါးဆင်တုမျှကိုသာချန်ထားပြီးလျှင်။ ၎င်းအုဋ်ကျောက်အင်္ဂတေများကိုအခြားတရပ်သို့ ရွှေ့ပြောင်းရပုံထား၍။ ၎င်းအရံတွင်းနှိုက် ဘုရားသိမ်တော်ဆောက်လုပ်ကောင်းပါမည်လော။

(၄) လူဖြစ်သောဒါယကာတို့သည်၊ ကာလပိုင်းခြား၍ရှစ်ပါးဆယ်ပါးသီလများကိုခံယူဆောက်တည်၍နေရာ။ မသာအသုဘအလှူစရပ်စသည်နှိုက်ငါးပါးသီလကိုခံယူသော်လည်း၊ သီလမပျက်ခံယူကောင်း၏ဟုအချို့အယူရှိကြ၏။ ၎င်းစကားသည်ကျမ်းဂန်များနှင့်ညီညွတ်ပါမည်လော။

(၅) ရဟန်းသံဃာတော်များထင်ရှားရှိလျက်။ ဘုရားရုပ်ပွါးဆင်းတုတော်ထံမှာ သီလခံယူသော်လည်း၊ သီလမရဟု အချို့သောပုဂ္ဂိုလ်တို့။ ထုတ်ဆိုမိန့်ဟပြောဆိုကြ၏။ ထိုစကားသည်ဘုရားအလိုတော်ကျ။ ဗုဒ္ဓမတည်း။ ကျမ်းပြုလိမ်မာ။ အဋ္ဌကထာဆရာ၏အယူနှင့်တူပါမည်လော။

(၆) ချောမောသန်းကြွယ်။တင့်တယ်လျောက်ပတ်သောစေတီတော်မြတ်၏အရံအကာ မဟာရာမ်တံတိုင်းကို ဖြိုဖျက်၍ ၎င်းဘုရားအတွင်းအောက်မြေအပြင်နှိုက် သမန္တာလင်းအခင်းပြုလုပ်ကောင်းပါမည်လော။

(၇) ဝေရိဝိသဘာဂ—ဝဋ္ဋဖြစ်သောသံဃာသည်။ ကျောင်းတိုက်အနီးရှိလျက်၊၎င်းပုဂ္ဂိုလ်တို့အား ဝတ်ကိုမကြားဘဲပရိဝတ်မာနတ်ဆောက်တည်ရာ၊ရူဋ္ဌဝါပါဠိအဋ္ဌကထာတို့နှင့်ညီညွတ်ပါမည်လော။

(၈) လူအဖြစ်သို့ ရောက်ပြီးသော ပုဂ္ဂိုလ်တို့သည်၊ မိမိနေထိုင်ခဲ့သောကျောင်းကို ငါပိုင်ဆိုင်သောကျောင်းဟု ပြောဆိုကြရာ၊ထိုသူတို့ပိုင်ဆိုင်ထိုက်မပိုင်ဆိုင်ထိုက်ကြောင်းများကို သိလိုပါသည်ဘုရား၊

www.dhammaransi.com



၁၂၈၂–ခု၊ သီတင်းကျွတ်လဆုတ်(၁၀)ကိန်နေ့

# ကျေးဇူးရှင်
# လယ်တီဆရာတော်ဘုရားကြီး

ဖြေကြားတော်မူသော–ဥဒေတိပုဏ္ဏာအဖြေ။

လျှောက်လွှာပါ(၈)ချက်တို့တွင်။(၁)ပထမအချက်၌၊ရဟန်းတို့၏ဥစ္စာဖြစ်သောကျောင်းပစ္စည်းများကို၊ခိုးသူတို့ခိုးယူရာနိုက်၊ ဥစ္စာရှင်ဖြစ်သောရဟန်းမူကား၊ အစိုးရတရားသူကြီးများထံ တရားစွဲဆိုခြင်းကိုမပြု။ ၎င်းရဟန်းအားအမြကိုးကွယ် နေသူ၊လူဒါယကာတို့ကသာ၊တရားစွဲဆိုခြင်းကိုပြုသည့်အတွက်၊ အစိုးရတရားသူကြီးများသည်၊၎င်းခိုးသူအား၊အမှုအားလျော်စွာ၊ ရာဇဒဏ်ကိုပေးအံ့၊ဥစ္စာရှင်ဖြစ်သော ရဟန်းအား၊ အာပတ်မှလွတ်ကင်းပါမည်လော။ ။ဤကားအမေး။

(၁) အဖြေကား။ ။ရဟန်းအားအမြကိုးကွယ်နေသူ၊လူဒါယကာတို့ကသာတရားစွဲဆိုရာ၌၊(၁)ပစ္စည်းရှင် ရဟန်းတော်၏စေခိုင်းခြင်းပယောဂနှင့်လွတ်ကင်း၍၊လူဒါယကာတို့က အလိုအလျောက်စွဲဆိုခြင်းတပါး၊(၂)ပစ္စည်းရှင်ရဟန်းတော်က၊ သင်တို့တရားစွဲကြကုန်သောဟုတိုက်တွန်း၍လူဒါယကာတို့စွဲဆိုခြင်းတပါးဟူ၍နှစ်ပါးရှိ၏။ ထိုတွင်(၁)လူဒါယကာတို့ အလိုအလျောက်တရားစွဲဆိုရာ၌၊လူဒါယကာတို့ကတရားစွဲဆိုခြင်းကို ပြုသည့်အတွက်၊အစိုးရတရားသူကြီးများက၊၎င်းသူခိုးအား၊ အမှုအားလျော်စွာ၊ရာဇဒဏ်ထိုပေးသော်လည်းပစ္စည်းရှင်ရဟန်းတော်မှာ၊ တစုံတခု၊မှုဖြစ်မရှိ၊လွတ်ကင်းလေ၏၊ (၂)ရဟန်းတော်၏တိုက်တွန်းချက်နှင့်၊ လူဒါယကာတို့စွဲဆိုရာနိုက်မူကား၊ ရဟန်းတော်ကိုယ်တိုင်စွဲဆိုသည်နှင့်အတူတူပင်ဖြစ်၏၊ ရဟန်းတော်၏ တိုက်တွန်း

www.dhammaransi.com



ချက်သည်လည်း။ ဥဒ္ဒိဿ။အနုဒ္ဒိဿဟူ၍နှစ်ပါးရှိ၏။ ထိုတွင်၊ဥဒ္ဒိဿဆိုသည်ကား။ ခိုးသူ၏နာမည်ကို ထုတ်ဘော် ပြောကြား၍ တိုက်တွန်းခြင်းတည်း။ ။အနုဒ္ဒိဿဆိုသည်ကား။ ခိုးသူ၏နာမည်ကိုထုတ်ဘော် ပြောခြင်းကိုမပြုမူ၍ တိုက်တွန်းခြင်းတည်း။ ထိုတွင်၊ဥဒ္ဒိဿနှိုက်။အစိုးရတရားသူကြီးတို့က။ ငွေဒဏ်ကြေးဒဏ်တပ်ခဲ့သော်၊ပစ္စည်းရှင်ရဟန်းတော်မှာ ဘဏ္ဍာစားထိုက်၏။ အနုဒ္ဒိဿမှာမူကား။ အစိုးရတရားသူကြီးတို့က။ ခိုးသူအားငွေဒဏ်၊ကြေးဒဏ်တပ်သော်လည်း။ဘဏ္ဍာစားမထိုက်၊ တစုံတခုမျှပြစ်မရှိဟုမှတ်လေ၊

(၁) ပဌမပုစ္ဆာအဖြေပြီး၏။

---

(၂)ဒုတိယအချက်နှိုက်။ ရဟန်းတို့သည်၊ ရွှေငွေစသည်များကို။ရှာနေသူလူဒါယကာတို့အား၊ ချေးငှား အပ်နှံ ထားရာနှိုက်။ ၎င်းဒါယကာသည်။ ဥစ္စာရှင်ရဟန်းအား။ ပြန်၍မပေးမဆပ်ခြင်းကြောင့်ဆိုင်ရာတရားသူကြီးများထံတောင်းခံရာတရားသူကြီးများက။ချေးရင်းငွေနှင့်၊ကျကုန်သောစရိတ်ငွေတို့ပါ။ ပေးလျော်စေဟုစီရင်ချက်ပေးသောကြောင့်။၎င်းဒါယကာသည်။ ချေးရင်းငွေနှင့်ကျကုန်သောစရိတ်ငွေတို့ပါ။ တရားလိုဖြစ်သောရဟန်းအားပေးလျော်ရငြားအံ့။ ချေးရင်းငွေထက်ပိုရှိသော စရိတ်ငွေကိုဒဏ်ငွေဟူ၍ဆိုသင့်ပါမည်လော၊ ။ဤကားအမေး။

(၂) အဖြေကား။ ။ချေးရင်းငွေထက်အပိုအမိုကုန်ကျသောစရိတ်ငွေကိုဒဏ်ဟူ၍မဆိုသင့်။အကြောင်းမူကား။ ရာဇဝတ်မှုရကိုကြူးလွန်မှုအတွက်၊ထောင်ဒဏ်ဖြစ်စေ၊ကြိမ်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေတပ်ရာနှိုက်သာ၊ ဒဏ်ဟူ၍ဆိုသင့်သည်၊ ဤအရာ၌ကား။တရားနိုင်သူတရားလိုနှိုက်။အပိုအမိုကုန်ကျသော တရားစရိတ်ကို၊တရားရှုံးသူတရားခံကကျခံစေဟူ၍ ဆုံးဖြတ်ခြင်းသည်။

မြန်မာဓမ္မသတ်တို့၌၎င်း။ ဓာန္တိယရာဇသတ်တို့၌၎င်း၊ ဆုံးဖြတ်မြဲအရိုးအစဉ်ဖြစ်ပေသည်၊ သို့သော်တရားနိုင်သူ ရဟန်းတော်ကအပိုအမိုကျန်ကျသော စရိတ်လျော်ကြေးများကို ခံယူခြင်းငှာမအပ်။ ချေးငှားအပ်နှံရင်းဖြစ်သောငွေကိုသာ ကပ္ပိယနည်းလမ်းအားဖြင့် ခံယူအပ်၏။

(၂) ဒုတိယအဖြေပြီး၏။

(၃) တတိယအချက်၌၊ ဟောင်းနွမ်းယွင်းယို၊ ကွဲပြိုပျက်စီးရှိနေပြီးသောစေတီတော်ကိုဖြိုဖျက်၍၊ မဟာရံတံတိုင်းနှင့်ဘုရားရုပ်ပွါးဆင်းတုမျှကိုသာ ချန်ထားပြီးလျှင်၊ ၎င်းအခွင့်ကျောက်အင်္ဂဘောများကိုအခြားတရပ်သို့ရွှေ့ပြောင်းရုံထား၍၊ ၎င်းအရံတွင်း၌၊ ဘုရားသိမ်တော်ဆောက်လုပ်ကောင်းပါမည်လော။ သို့မဟုတ်၊ ခဏ္ဍသိမ်ဆောက်လုပ်ကောင်းပါမည်လော။ ။ဤကားအမေး။

(၃) အဖြေကား။ ။အဘိုးတန်ခြင်း။ အကျိုးကျေးဇူးများခြင်းနှင်းယှဉ်ရာ၏။ နောက်လုပ်သောအဆောက်အဦးက။ အဘိုးမတန်အကျိုးကျေးဇူးသည်းမများရှိခဲ့သော်။ မဆောက်လုပ်ကောင်း။ နောက်လုပ်သောအဆောက်အဦးက။ အဘိုးသာ၍တန်ခဲ့သော်၎င်း အကျိုးကျေးဇူးသာ၍များခဲ့သော်၎င်း။ ဆောက်လုပ်ကောင်း၏။

(၃) တတိယအဖြေပြီး၏။

---

(၄) စတုတ္ထအချက်နှိက်။ လူဖြစ်သောဒါယကာတို့သည်။ ကာလပိုင်းခြား၍ရှစ်ပါး၊ ဆယ်ပါးသီလများကိုခံယူဆောက်တည်၍ နေရာ။ မသာအသုဘအလှူစရေပ်စသည်နှိက်၊ ငါးပါးသီလကိုခံယူကြသူလူအများနှင့်အတူလိုက်၍ငါးပါးသီလကိုခံယူသော်လည်း။ သီလမပျက်ခံယူကောင်း၏ဟု အချို့အယူရှိကြ၏။ ၎င်းစကားသည်ကျမ်းဂန်များနှင့်ညီညွတ်ပါမည်လော၊ ။ဤကားအမေး။

www.dhammaransi.com



(၄) အဖြေကား။ ၊ခံယူပြီးသော ရှစ်ပါး ဆယ်ပါးသီလများ ပျက်ရန်အကြောင်းနှစ်ပါးသာကျမ်းဂန်များလာ၏။ နှစ်ပါးဆိုသည်ကား။ကာလ အပိုင်းအခြားအတွင်း၌။ သိက္ခာပုဒ်ကိုလွန်ကျူး၍ ပျက်ခြင်းတပါး။ ကာလအပိုင်းအခြားလွန်၍ပျက်ခြင်းတပါးဟူ၍ နှစ်ပါးတည်း။ဆယ်ပါးသီလကိုခံယူပြီးသောသူသည်။ ရှစ်ပါးသီလ။ငါးပါးသီလများကိုတဖန်ခံယူခဲ့သော်ငြား။ ရှစ်ပါးသီလကိုခံယူပြီးသောသူသည်။ငါးပါးသီလကိုခံယူခဲ့သော်ငြား။ခံယူပြီးသော သီလပျက်သည်ဟူ၍။ သီလပျက် အင်္ဂါ၌မလာ။ စင်စစ်မူကား။ နောက်ထပ်မံ၍ခံသောငါးပါးသီလသည်။ ဆယ်ပါးရှစ်ပါးသီလတို့၌အတွင်းဝင်လျက်ရှိသောကြောင့်၊ဆယ်ပါးရှစ်ပါးတို့ကို။ တစိတ်တဒေသအားဖြင့်ထောက်ပံ့သကဲ့သို့သာဖြစ်ပေ၏။

## (၄) စတုတ္ထပုစ္ဆာအဖြေပြီး၏။

---

(၅) ပဉ္စမအချက်၌။ရဟန်းသံဃာတော်များထင်ရှားရှိလျက် ဘုရားရုပ်ပွါးဆင်းတုတော်ထံမှာသီလခံယူသော်လည်း။ သီလမရဟုအချို့သောပုဂ္ဂိုလ်တို့ထုတ်ဆင့်မိန့်ဟ ပြောဆိုကြ၏။ ထိုစကားသည်ဘုရားအလိုတော်ကျ။ ဗုဒ္ဓမတည်း။ ကျမ်းပြုလိမ်မာ။ အဋ္ဌကထာဆရာ၏အယူနှင့်တူပါမည်လော။ ။ဤကားအမေး။

(၅) အဖြေကား။ ၊လူတို့သီလ၌သီလခံယူသူ၏ နှုတ်ပဋိညာဏ်အတွက်ရသည်မဟုတ်–လူတို့အားသီလပေးမှုမည်သည် သိက္ခာပုဒ်အစဉ်ကို။ကြေပြွန်စွာရရှိခဲ့သော်။ ရဟန်းများအထံသို့မသွားမူ၍။စေတီရှိရာသို့မသွားမူ၍မိမိနေရာ၌ပင်လျှင်။ မိမိအလိုအလျောက်၊ နှုတ်မြွက်၍ဆောက်တည်လျှင်လည်း ရတော့သည်သာဖြစ်၏၊ဘုရားရုပ်ပွါးဆင်းတုတော်ထံမှာ ခံရာနှိုက် ဆိုဘွယ်မရှိ၊ သီလလည်းရ၏။ဘုရားကိုရှိသေမှုကုသိုလ်လည်းပွါးများ၏။ ထို့

www.dhammaransi.com



ကြောင့်။ ရဟန်းသင်္ဃာတော်များထင်ရှားရှိလျက်။ ဘုရားရုပ်ပွါး ဆင်းတုတော်ထံမှာခံယူသော်လည်း။ သီလမရဟု ဆိုကြသော ပုဂ္ဂိုလ်များ၏စကားသည်။ ကျမ်းဂန်မရှိ။ ယုတ္တိမရ။ မန္ဒပုဂ္ဂိုလ်တို့၏စကားသာတည်း။

## (၅) ပဉ္စမပုစ္ဆာအဖြေပြီး၏။

(၆) ဆဋ္ဌပုစ္ဆာ၌။ ချောမောခန့်ကြယ်။ တင့်တယ်လျောက်ပတ်သောစေတီတော်မြတ်၏ အရံအကာ မဟာရံတံတိုင်းကို ဖြိုဖျက်၍ရင်းဘုရားအတွင်းအောက်မြေအပြင်နှိုက် သမန္တာလင်း အခင်းပြုလုပ်ကောင်းပါမည်လော။ ။ဤကားအမေး။

(၆) အဖြေကား။ ။အကျိုးကျေးဇူးချင်းနှိုင်းယှဉ်ရာ၏။ မဟာရံတံတိုင်းရှိနေသည့် အကျိုးကျေးဇူးအောက်။ သမန္တာလင်း အကျိုးကျေးဇူးကနည်းပါးခဲ့လျှင်မလုပ်ကောင်း။ သမန္တာလင်းအကျိုးကျေးဇူးကများမြတ်ခဲ့လျှင်လုပ်ကောင်း၏။

## (၆) အဖြေပြီး၏။

(၇) သတ္တမပုစ္ဆာနှိုက်။ ။ဝေရိဝိသဘာဂ-ဝဂ္ဂဖြစ်သော သံဃာသည်။ ကျောင်းတိုက် အနီးရှိလျက်။ ၎င်းပုဂ္ဂိုလ်တို့အား ဝတ်ကိုမကြားဘဲ ရိဝတ်မာနတ်ဆောက်တည်ရာ၊ ရှုဋ္ဌဝါပါဠိအဋ္ဌကထာတို့နှင့်ညီညွတ်ပါမည်လော၊ ။ဤကားအမေး။

(၇) အဖြေကား၊ ။ကြားတိုက်သောအရပ်ဒေသဋ္ဌာနဥပစာ အတွင်း၌ရှိနေခဲ့သော်။ ဝေရိဝိသဘာဂဖြစ်ခဲ့ပါလျှင် အပြစ်မရှိဟု ပါဠိအဋ္ဌကထာတို့နှိုက်အနုတ်မရှိ။ ထို့ကြောင့်။ ကြားထိုက်သော အရပ်ဒေသဋ္ဌာနဥပစာ အတွင်းဖြစ်ခဲ့သော်၊ ဝေရိဝိသဘာဂဖြစ်

www.dhammaransi.com



သော်လည်းကြားရမည်။ ကြားလျှင်။အနာရောစနဒုက္ကဋ်ရွတ်ကွ ဒဖြစ်လိမ့်မည် ကြားထိုက် သောဥပစာဆိုသည်ကား။ ရဟန်းတို့၏အဆင်းကိုမြင်သော်ရင်း၊အသံကိုကြားသော်ရင်း။ နီးသည်ဖြစ်စေ၊ဝေးသည်ဖြစ်စေ။ ဟစ်ဪ်ႈ သော်လည်းကြားအပ်၏။ အဆင်းကိုမမြင်ရာ။အသံကိုမကြားရာ၌မူကား။ ကျောင်းတိုက်မှအပနိုက်ဖြစ်ခဲ့သော်။တဆဲ့နှစ်တောင်ဥပစာသည် ကြားထိုက်သောဥပစာဖြစ်၏။ကျောင်းတိုက်ထွင်း၌ဖြစ်ခဲ့သော်။ ထိုကျောင်းတိုက်တခုလုံးသည်ကြားထိုက်သောဥပစာဖြစ်၏၊ ဤဥပစာအတွင်း၌။ ရဟန်းရှိမှန်းသိလျက်နှင့်ကြားမူ၍။အာရုဏ်တက်ခဲ့သော်၊ ဝတ္တဘေဒဒုက္ကဋ်လည်းသင့်၏။ရတ္တိစ္ဆေဒလည်းဖြစ်၏။ ရဟန်းရှိမှန်းမသိ၍မကြားခဲ့သော်။ ဝတ္တဘေဒဒုက္ကဋ်ကားလွတ်၏။ ရတ္တိစ္ဆေဒမူကားဖြစ်တော့သည်သာလျှင်တည်း။ ။ဋီကာတို့၌မူကား။နိက္ခိတ္တဝတ်သားဖြစ်ခဲ့သော်။ကျောင်းတိုက်အတွင်းနိုက်ဖြစ်သော်လည်း။ တဆဲ့နှစ်တောင်မျှသာအာရောစနခေတ်ဖြစ်သည်ဟု။ရှင်ပဒုမဝါဒ တွင်ဘွင့်ဆိုကြ၏။ဆင်ခြင်ကြလေ။

## သတ္တမပုစ္ဆာအဖြေပြီး၏။

---

(၁) အဋ္ဌမပုစ္ဆာနိုက်။ ။လူအဖြစ်သို့ရောက်ပြီးသောပုဂ္ဂိုလ်တို့သည်။မိမိနေထိုင်ခဲ့သောကျောင်းကို ငါပိုင်ဆိုင်သောကျောင်းဟုပြောဆိုကြရာ။ထိုသူတို့ပိုင်ဆိုင်ထိုက်မပိုင်ဆိုင်ထိုက်ကြောင်းများကိုသိလိုပါသည်။ ။ဤကားအမေး။

(၁) အဖြေကား။ ။ထိုကျောင်းသည်ထိုရဟန်း၏ပုဂ္ဂလိကအဖြစ်နှင့်ရစေ ာက်ချ၍ လှူသောကျောင်းဖြစ်ခဲ့အံ့။ ။လူထွက်၍သွားသော်သည်း။ထိုသူ၏သန္တကပင်ဖြစ်၏။သို့သော်-ထိုလူထွက်သည်ထိုကျောင်းသည်ငါ၏သန္တကဖြစ်သည်ဟုရောင်းချ၍စားခြင်းငှာလည်းမအပ်၊ဖျက်ဆီးခြင်းငှာလည်းမအင်။ သဥ္စါဒေယျပိနိပါတ ဖြစ်၏။သဥ္စါဒေယျပိနိပါတဆိုသည်ကား။ ပစ္စည်းရှင်ဒါယကာတို့

www.dhammaransi.com



က။နောင်သံသရာကျိုးကိုယုံကြည်အားကိုး၍လှူဒါန်းသောပစ္စည်းလေးပါးတို့ကိုသဃ်ာအကျိုး,သာသနာအကျိုးမှတပါးသောအရာနှင့်။ပေးစွန့်ရောင်းချခြင်းကိုပြုခြင်းတည်း။လောကနှင့်။အလွဲသုံးစားမှုဟုခေါ် ၏။ဝိနည်းတော်နှင့်။ဒုက္ကဋ်အာပတ်သင့်သည်ဟုလာ၏။သုတ္တန်တို့နှင့်မူကား။အလွန် အပြစ်ကြီးသည်ဟုလာ၏။ ထို့ကြောင့်။ သဒ္ဓါဒေယျ–လှူဒါန်း၍ထားသော ကျောင်းပစ္စည်းမျိုး။ပရိက္ခာရာဘဏ္ဍာမျိုး။ ဘုရားဆင်းတု၊စာထုပ်။ စာအုပ်စသည်တို့ကိုငါ၏ပုဂ္ဂလိကသန္တကဖြစ်သည်ဟု။ အလွဲသုံးစားမှုကိုပြုခြင်းငှာမထိုက်ဆင်ခြင်ကြလေကုန်၊

(ဂ) အဋ္ဌမပုစ္ဆာအဖြေပြီး၏။

---

၁၂ဂ၃-ခု။ဘန်ခုံးလဆုတ် (၁၂) ရက်နေ့၊
ကျေးဇူးရှင်ဆရာတော်ဘုရားကြီးထံလျှောက်လွှာစာ။

ဟသ်ာတမြို့အပိုင်၊ ကွင်းကောက်ရွာ။ တောင်ဘက်ကျောင်းကြီးနေ။ ဘုရားတပည့်တော်ရှင်ရာဇိန္ဒ–ရှိသေ့စွာ ရှိခိုးဝပ်တွားလျှောက်ထားခံ့ပါသည် ကျေးဇူးတော်သခင် ဆရာတော်အရှင်မြတ်ဘုရား၊ ၊လျှောက်ထားရန်မှာ၊ အောက်ပါ အဓိကရုဏ်းများကိုတပည့်များအား သနားတော်မူသောအားဖြင့်။ ဆရာတော်ဘုရားအစွင့်သာတော်မူသောအခါ ဝိနိစ္ဆယချပေးတော်မူရန် ရှိသေ့စွာလျှောက်ခံ့ပါသည်အရှင်မြတ်ဘုရား၊

(၁) အချက်အဓိကရုဏ်းမှာ။ ဥပသမ္ပဒါပေက္ခ သာမဏေတပါးသည်၊ ဆရာပေးပြီးသင်္ကန်းကိုချွတ်ပြီးလျှင် လူဝတ်ဝတ်၍ ၂–ရက်၃-ရက်နေပြီးမှဆရာ့ထံမှာသင်္ကန်းမတောင်းဘဲ၊ မိမိအလျောက်သင်္ကန်းကို ပြန်ဝတ်နေခြင်း၊ ၎င်းသာမဏေ၏ အစစ်ခံချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်ဘုရား၊ ၊သင်္ကန်းကို

www.dhammaransi.com



ချွတ်စဉ်အခါ ဤသက်နိုးကို သရဲ့ထံ မရောက်မီ ခရီးအကြား၌ ရဟန်းတွေ့လျှင်ရဟန်းထံတောင်း၍သည်းမည်။မတွေ့လျှင် မိမိအလျောက်ဝတ်၍ သရဲ့ထံ ပြန်မည်ဟူသော ဥဿာဟ မပျက်မကွက်ရှိပါသည်ဘုရား။ဝတ်စဉ်မအပ်သည်ကိုမသိပါ။ နေ့ဝတ်ပြီးလျှင် ညဉ့်ဝတ်တက်သည့်အခါ သိလပြန်ခံလျှင် သာမဏေဖြစ်သည်ဝတ်ကောင်းသည်မှတ်ထင်၍ဆရာအဖြစ်တင်မည်ကြောက်သောကြောင့်ဝတ်မိပါသည်ဘုရား။ ။ဤအကြောင်းကို ၂-ရက်ခန့်ကြာမှသိရပါသည်။ ။ဤအမှုလွန်ကျူးသူသာမဏေကိုဥပသမ္ပဒအဖြစ်ကိုချီးမြှောက်ပေးသင့်မပေးသင့်၊ ဆရာတော်ဘုရား၏အမိန့်သံနာခံမှတ်သားလို၍ လျှောက်ထားရခြင်း ဖြစ်ပါသည်၊ ကျေးဇူးတော်ရှင်ဆရာတော်အရှင်သူမြတ်ဘုရား။

(၂) အချက်လျှောက်ထားရန်မှာ။မင်းဘေးကြောင့်မိမိအလိုအလျောက် သက်နိုးဝတ်လာသောသူသည် မင်းချင်းယောကျ်ားထက်ချပ်ပါနေသဖြင့် နှိပ်စက်ကလူပြုမည် ကြောက်သောကြောင့် ရဟန်းကောင်းများနှင့် ဆွမ်းအတူ စားခြင်းစသော သံဝါသများကိုပြုမိပါသည်။ ခိုးလို၍ကပ်လိုလှည့်ဖြားလိုသောစိတ်မရှိပါဘုရား။ ထိုသူသည်။သံဝါသထေနကမှာ သက်ဝင်မည် မသက်ဝင်မည်ကို အမိန့်သံနာခံ မှတ်သားလိုပါသည် ဆရာတော် အရှင်မြတ်ဘုရား။

www.dhammaransi.com



## ဟသ်ာတဒိစတြိတ်ကွင်းကောက်ရွာ။ ကျောင်းကြီးဘုန်းတော်ကြီး ဦးရာဇိန္ဒအရှင်မြတ် လျှောက်လွှာစာ။

## ၎င်းလျှောက်ချက်အရ။ ၁၂၈၃-ခုနှစ်။ ဝါခေါင်လဆန်း (၁၀) ရက်။ နတ်ကြီးချောင်းကျောင်း သယ်တိဆရာတော် ဘုရားကြီး ဖြေဆိုချက်။

လျှောက် လွှာပါ စကားရပ်၌။ သက်န်းကိုချုတ်စဉ်အခါ။ ဤ သင်္ကန်းကို ဆရာ့ထံ မရောက်မီ ခရီးအကြား၌ ရဟန်းတွေ့လျှင် ရဟန်းထံတောင်း၍ဆည်းမည်၊ မတွေ့လျှင်မိမိအလျောက်ဝတ်၍ ဆရာ့ထံပြန်မည်ဟူသော ဥဿာဟမပျက်မကွက်ရှိပါသည်ဟူ ၍ထွက်ဆိုချက် အထင်အရှားပါရှိသောကြောင့်။ ဝတ်မြဲရုံမြဲဖြစ် သောထိုသင်္ကန်း၌တဘန်ဝတ်ရန်ဥဿာဟရှိသည့်အတွက် ဝတ် ဆဲအခါ၌လိဂ်ထေနကအပြစ်မှလွတ်၏ဟုမှတ်။ ထို့ကြောင့်အဋ္ဌက ထာ၌။ သစေပိကာသာယေသဥဿာဟော။ကာသာယာနိအပနေ တွာ မေထုနံပဋိသေဝိတွာပုနကာသာယာနိနဝါသေတိနေဝ ထေ ယျသံဝါသကောဟောတိ,ဟူ၍မိန့်၏။ ။(ခရီးအကြား၌ရဟန်း တွေ့လျှင်။ ရဟန်းထံတောင်း၍ဆည်းမည်ဟု) ထွက်ဆိုချက်ပါရှိ ရာ၌။လူဝတ်လဲသောအခါ၌ လူဝတ်လဲသောအကြောင်းကိုရဟန်း အားပြောကြားမည်ဟူသော အနက်အဓိပ္ပါယ်သည်လည်းပြီးစီး တော့သည်သာလျှင် ဖြစ်သောကြောင့် ဝတ်ဆဲအခါ၌ သုဒ္ဓစိတ်ရှိ ကြောင်းထင်ရှားသည်ဖြစ်၍လည်း။ဝတ်ဆဲအခါ၌ လိဂ်ထေနကအ ပြစ်မှလွတ်၏ဟုမှတ်။၎င်းလျှောက်လွှာ၌ဝတ်စဉ်အခါမအပ်သည် ကိုမသိပါ၊နေ့အခါနှိုက်ဝတ်ပြီးလျှင်။ ညဉ့်အခါ၌ဝတ်တက်သည့် အခါသိသပြန်ခံလျှင် သာမဏေဖြစ်သည် ဝတ်ကောင်းသည်ဟု မှတ်ထင်ခြင်းများသည်လိဂ်ထေနကအပြစ်မှလွတ်ကင်းစေတတ် သောအချက်ကြီးဖြစ်၏။ ။ထို့ကြောင့်အဋ္ဌကထာ၌၊

www.dhammaransi.com



အပရောဒဟရသာမဏေရော။ မဟာနေတ္တောဝါပန အဗျတ္တော။ သောပုရိမနယေနေဝ ဥပ္ပဗ္ဗာဇိတွာ ဃရေ ဝေဠုဂေါရက္ခကာဒီနိ ကမ္မာနိကာတုံ နဇ္ဇာနာတိ။တမေနံ ဉာတကာ။တာနိယေဝ ကာသာယာနိ အစ္ဆာဒေတွာ။ထာလကံဝါ။ပတ္တံဝါ။ဟတ္ထေဒတွာ။ ဂစ္ဆသမဏောဝဟောဟီတိ ဃရာနိဟရန္တိ။ သောဝိဟာရံဂစ္ဆတိ။ နေဝနံ ဘိက္ခူဇာနန္တိ။ အယံဥပ္ပဗ္ဗဇိတွာ ပုနသယမေဝ ပဗ္ဗဇိတောတိ၊နာပိသယံဇာနာတိ။ ယောဝေံပဗ္ဗဇတိ။ သောထေယျသံဝါသကောနာမ ဟောတီတိ သစေတံ ပရိပုဏ္ဏဝဿံဥပ သမ္ပာဒေန္တိ ဥပသမ္ပန္နော-ဟုမိန့်၏။

ဆရာနှင့်တွေ့သောအခါ မိမိလူဝတ်သဲမှုကို ဆရာအား ပြောကြားခြင်းကိုမပြုရာ၌မူကား။ ။(၁)သက်သက်လိမ်လည်လို၍မပြောကြားခြင်း။(၂) ရှက်၍မပြောကြားခြင်း။(၃) ကြောက်၍မပြောကြားခြင်းဟူ၍သုံးမျိုးရှိ၏။ ထိုတွင်သက်သက်လိမ်လည်လို၍မပြောကြားရာ၌ထေနကဖြစ်၏။

## ထို့ကြောင့်အဋ္ဌကထာနှိုက်။

အထာပိဿ ဂဟနကာလေ အာစိက္ခိဿာမီတိ စိတ္တံဥပ္ပန္နံ ဟောတိ၊ဝိဟာရဉ္စဂန္တွာ ကုဟိံတွံ အာဝုသော ဂတောတိဝုတ္တော နဒါနိမံဣမေဇာနန္တီတိ ဝဉ္စေတွာနာစိက္ခတိ နာစိက္ခာမီတိ သဟဓုရနိက္ခေပနအယံပိထေယျသံဝါသကောဝ,ဟုမိန့်၏၊

ရှက်၍ မပြောကြားရာ၌ကား ထေနကအဖြစ်မှလွတ်၏၊ ထို့ကြောင့်ဝိမတိဝိနောဒနီဋီကာ၌။ ။ယောပနပထမံ ပဗ္ဗဇ္ဇာဝေမေ ဂဟိတာတိ၊

သညီကေဝလံ-အတ္တနော။ အန္တရာအတ္တနော။ သေတဝတ္ထနိဝါသနာဒိဝိပ္ပကာရံပကာသေတုံ။လဇ္ဇန္တောနကထေတိ။သောထေယျသံဝါသကောနဟောတိ,ဟုမိန့်တော်မူ၏။ ။ရှက်၍မပြောကြားရာ၌ထေနကအဖြစ်မှလွတ်သည်ဟူ၍ဋီကာ၌ဆိုသဖြင့်။ ဆရာကို

www.dhammaransi.com



ကြောက်၍မပြောကြားရာ၌လည်း၊ ထေနကအပြစ်မှ လွတ်တော့သည်သာဟုမှတ်အပ်၏၊

## (၁) အဖြေပြီး၏။

(၂) အချက်ချော်ကြောက်ထားရန်မှာ။ ။မင်းဘေးကြောင့်မိမိအလိုအလျောက်သက်နိုးဝတ်လာသောသူသည်၊မင်းချင်းယောက်ျားထက်ချပ်ပါနေသဖြင့်နှိပ်စက်ကလူ ပြုမည်းကြောက်သောကြောင့်။ ရဟန်းကောင်းများနှင့်ဆွမ်းအတူစားသောက်။ သံဝါသများကိုပြုမိပါသည်။ ခိုးလို,ဖ့က်လို,လှည့်ဖြားလိုသောစိတ်မရှိပါဘုရား။ ထိုလူသည်၊သံဝါသထေနကမှာသက်ဝင်မည်မသက်ဝင်မည်ကိုနာခံမှတ်သားလိုပါသည်ဆရာတော်အရှင်မြတ်ဘုရား။ ။ဟူသောပုဏ္ဏာ၌အဖြေကား၊ ။ထိုသူသည်။ သံဝါသထေနက၌ မသက်ဝင်။မသက်ဝင်ပုံကား။ ထိုသူမှာရဟန်းသာမဏေတို့အား ဟုတ်သည်အတိုင်းပြောကြားပါလျှင်၊ ရဟန်းသာမဏေတို့ကအပေါင်းခံကြမည်မဟုတ်။မိမိတကိုယ်တည်းသင်းခွဲ၍ နေပြန်လျှင်လည်း။ မင်းဘေးကလွတ်မည်မဟုတ်၊ထို့ကြောင့် ရဟန်းသာမဏေများနှင့်မပေါင်းလိုပါ။ မင်းဘေးအတွက် သက်သက်ပေါင်းရချေ၏၊ သုဒ္ဓစိတ်အမြဲဘည်သည်ဖြစ်၍။ သံဝါသထေနကနိုက်မသက်ဝင်လေသတည်း၊

ထို့ကြောင့်အဋ္ဌကထာနိုက်။ သံဝါသံနာဓိဝါသေတိ၊ ယာဝ သော သုဒ္ဓမာနသော။ ထေယျသံဝါသကောနာမ။ တာဝဧသ,န ဝုစ္စတိ၊ ။ဟုမိန့်၏။ ။သုဒ္ဓမာနသော,ဆိုသည်ကား။ရဟန်းသာမဏေများနှင့်မပေါင်းလိုဘဲ။မင်းဘေးအတွက်သက်သက်ကြောင့်ပေါင်းရသည်။မင်းဘေးငြိမ်းလျှင်။ငြိမ်းခြင်း၊ရဟန်းသာမဏေတို့အား။ ဟုတ်သည်အတိုင်းပြောကြားမည်ဟု အကြံရှိသည်ကို ဆိုသတည်း၊အသွင်ယူရာနိုက်၊ဘေးအတွက်သက်သက်နှင့်ယူလျှင်

www.dhammaransi.com



ထေနကမဖြင့်သကဲ့သို့။ဆွမ်းအတူစားခြင်းစသော သံဝါသကိုပြု
ရာနိုက်လည်း၊ဘေးအတွက်သက်သက်နှင့် ပြုရသည်ဖြစ်ခဲ့လျှင်။
ထေနကမဖြစ်နိုင်ဟုဆိုသည်။ ။ဤကားတေရသကဏ်ဋီကာ
နိုက်လာသော-ကေစိဝါဒအလိုတည်း။ ။ဋီကာဆရာ ကြီးတို့
ကားသံဝါသကိုပြုရာနိုက်။ ဘေးရှိ၍ ပြုရသော်လည်း။ ထေနက
အပြစ်မှမလွတ်ဟုဆိုလိုကြကုန်၏။ဆင်ခြင်၍ယူလေ။

ပြီး၏။

မြန်မာသက္ကရာဇ် ၁၂၇၁-ခု။တန်ဆောင်မုန်းလဆန်း
(၅) ရက်နေ့-ဥက္ကံ ဘုရားကြီးကျောင်းဘုန်းကြီး
တောင်းပန်လျှောက်ထားချက်ပုဏ္ဏာ ၅-ရပ်။

(၁) သဟဇာတာဓိပတိပစ္စည်း၌။မောဟမူနွေး-ဟသိတုပ္ပါဒ်
တို့သည်အဘယ်ကြောင့်ပစ္စည်းမထိုက်ပါသနည်း။

(၂) ဝတ္ထာရမ္မဏပုရေဇာတ နိသျှနိုက်အဘိညာဏ် နွေးရ
သင့်မရသင့်။ရသော်စိတ်ထိနှင့်တကွပစ္စည်းတပ်ပုံကိုသိလိုပါသည်။

(၃) ပကတူပနိဿယ-ဗလဝ ဖြစ်သော စိတ်ကိုသာ ပစ္စည်း
ကောက်ပါသည်။ ဒုဗ္ဗလဖြစ်သော စိတ်သည် ပစ္စည်းတပ်သင့်မ
တတ်သင့်။

(၄) ဇင်းပစ္စည်းနိုက် ပစ္စည်းထိုက်သော အချို့သောပညတ်
ဟူ၍သာဆိုပါသည်၊ အဘယ်သို့သောပညတ်သည် ပစ္စည်းထိုက်
သည်။အဘယ်ကဲ့သို့သောပညတ်သည် ပစ္စည်းမထိုက်သည်ဟု—
ခွဲခြမ်းဝေဘန်၍မိန့်တော်မူပါ။

(၅) ကမ္ဘာပျက်ရာတွင်-သုဒ္ဓါဝါသငါးဘုံ၏ ဖြစ်ပုံတည်ပုံ
အခြင်းအရာကိုသိလိုပါသည်ဘုရား၊

www.dhammaransi.com



## ဥက္ကံပုဏ္ဏာကိုကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး ဖြေဆိုချက်။

မြန်မာသက္ကရာဇ် ၁၂၇၁-ခု။တန်ဆောင်မုန်းလဆန်း ၅-ရက်နေ့ဥက္ကံဘုန်းကြီးတောင်းပန်လျှောက် ထားချက်ပုစ္ဆာ ၅-ရပ်ကိုအစဉ်အတိုင်း သိသာထင်ရှားရုံအကျဉ်းအားဖြင့် ဖြေဆိုပေအံ့။

(၁) သဟာဇာတာဓိပတိပစ္စည်းနှိုက်။ မောဟမူဒွေးဟာသိတုပ္ပါဒ်တို့သည် အဘယ့်ကြောင့်ပစ္စည်း မထိုက်ပါသနည်း။ ။ အမေး။

အဖြေကား။ ။မောဟမူဒွေးသည်။လောဘ,ဒေါသ,ဟူသော မူလတပါးမှကင်းသဖြင့် ရအပ်သောအခွင့်ရှိသည်ဖြစ်၍။ အလွန်အားကြီးသောမောဟနှင့်ယှဉ်သည်တကြောင်း။ သို့လောသို့လောတွေးတောသောအားဖြင့်။ ရွေ့ရှားတတ်သောဝိစိကိစ္ဆာနှင့် အာရုံနှိုက်အလွန်ပြန့်လွင့် တတ်သော ဥဒ္ဓစ္စနှင့်ယှဉ်သည် တကြောင်း။ ထိုအကြောင်းများကြောင့်။ အလွန်တုန်လှုပ်ခြင်းရှိ၏။ အလွန်တုန်လှုပ်ခြင်းရှိသောကြောင့်ဤစိတ်နှစ်ပါးနှိုက်ယှဉ်သောဝီရိယသည်လည်း ဝီရိယအဓိပတိကိစ္စမတတ်နိုင်၊ စိတ်သည်လည်း စိတ္တအဓိပတိကိစ္စမတတ်နိုင်၊ဟာသိတုပ္ပါဒ်သည် ဘုရားရဟန္တာ တို့အား။ တွေ့ရှိရာ အရေးထူးအခွင့်ထူးတို့နှိုက် ဉာဏ်အထူးဖြစ်ပေါ်မှုကို အစွဲပြု၍ရတ်တရက်အားဖြင့်၊ ပြုံးမှုရွှင်မှုမျှသာဖြစ်ချေ၍၊ အာရုံ၌အနက်အနဲသက်ဝင်မှုမရှိ။ ထို့ကြောင့်၊ ထိုစိတ်၌ရှိသော ဝီရိယသည်၊ဝီရိယာဓိပတိမတတ်။ စိတ်သည်လည်း စိတ္တာဓိပတိမတတ်၊ ထို့ကြောင့်သဟာဇာတာဓိပတိပစ္စည်း၌ မောဟမူဒွေးဟာသိတုပ္ပါဒ်တို့သည်၊သဟာဇာတာဓိပတိပစ္စည်းကိုမရထိုက်ကြလေကုန်။

www.dhammaransi.com



(၂) ဝဏ္ဏာရမ္မဏာပုရေစာတနိဿျှ၌။ အဘိညာဉ်ဖွေးရသင့် မရသင့်။ ရသော်စိတ်ထိနှင့်တကွပစ္စည်းတပ်ပုံကိုသိလိုပါသည်။ ။ ဤကားအမေး၊

အဖြေကား။ ။အချို့သောနောက်ဖြစ်သုံးချက်ရဇယား၌။ ဝဏ္ဏာရမ္မဏာပုရေစာတနိဿျပစ္စယုပ္ပန်တွင်အဘိညာဉ်ဖွေးမပါ။ ။ မပါခြင်းအကြောင်းကား။ ဝဏ္ဏာရမ္မဏာပုရေစာတ ပစ္စည်းမည်သည်မရဏာသန္နအခါသာရနိုင်၏။ အဘိညာဉ်ဖွေးသည်။ မရဏာသန္နစောကိစ္စမတပ်နိုင်။ မရဏာသန္နစောသည် ကာမစောများ၌သာဖြစ်နိုင်၏ဟုနှလုံးပိုက်၍။ ထိုသုံးချက်ရများ၌၊ ဝဏ္ဏာရမ္မဏာပုရေစာတနိဿျပစ္စယုပ္ပန်တွင်။ အဘိညာဉ်ဖွေးမပါလေသတည်း။ ။ ရှေးရှေးသောသုံးချက်ရဟောင်းများ၌ကား၊ ၎င်းပစ္စယုပ္ပန်တွင်အဘိညာဉ်ဖွေးသည်ပါရှိ၏။ ။ပါရှိခြင်းအကြောင်းကား။ ။မရဏာသန္နစောမည်သည်၊ ကာမစော၌သာ ဖြစ်သင့်သည်မဟုတ်။ ဈာန်စော, အဘိညဉ်စော များသည်လည်း။ မရဏာသန္နစော ဖြစ်နိုင်၏။ အထောက်ကား။ ။အထခေါါအာယသ္မာဒဗ္ဗော မလ္လပုတ္တော။ ဘဂဝန္တံ အဘိဝါဒေတွာ။ ပဒက္ခိဏံကတွာ ဝေဟာသံ အဗ္ဘုဂ္ဂန္တွာအါကါသေအန္တလိက္ခေပလ္လင်္ကေနနိသီဒိတွာတေဇောဓါတုံ။ သမာပဇ္ဇိတွာ ဝုဋ္ဌဟိတွာ ပရိနိဗ္ဗာယိ။ ။ဥဒါန်းပါဠိဟော်စာအုပ်နံပါတ် ၁၁၁။ ကြောင်းရေ-၂၉၊ ။ဝုဋ္ဌဟိတွာ ပရိနိဗ္ဗာယီတိဈာနဒ္ဓိစိတ္တတော ဝုဋ္ဌဟိတွာ ဘဝင်္ဂစိတ္တေန ပရိနိဗ္ဗာယိ။ ။ ၎င်းအဋ္ဌကထာ။ ။ဤပါဠိအဋ္ဌကထာများကိုထောက်၍။ အဘိညာဉ်စောသည်မရဏာသန္နစောဖြစ်နိုင်ကြောင်းကိုသိအပ်၏။ ။ ကောင်းကင်နိုက်။ ဒဗ္ဗမထေရ်ထက်ဝယ်ဖွဲ့ခွေနေရာနိုက်၊ အဘိညာဉ်စိတ်ထိတခဏ်း။ ။တေဇောကသိဏ်းဈာန်ကိုဝင်စား၍။ ထိုဈာန်မှထ၍ပရိနိဗ္ဗာန်စံရာနိုက်။ အဘိညာဉ်စိတ်ထိတခဏ်း၊ ထိုတွင်နောက်အခဏ်းနိုက်။ ရှေးဦးစွာ အဝဇ္ဇာန်၏အဝဇ္ဇာန်ပါဒက-ဈာန စိတ်ထိတစ်ဆောက်တည်မှုဟူသော အဝဇ္ဇာန်စိတ်ထိနှစ်။ အဘိညာဉ်၏ပါဒကဈာနစိတ်ထိသုံး။ အဘိညာဉ်စိတ်ထိလေး။ ထိုတွင်အဝဇ္ဇာန်

www.dhammaransi.com



၏ပါဒကျောနုဝိတ်ဖြစ်ပုံကား။ ဘဝင်စလန။ ဘဝင်ပြစ္ဆေဒ နှစ်ကြိမ်။မနောဒွါရာဝဇ္ဇန်း။ပရိကံ၊ဥပစာ။အနုလုံ။ဂေါတြဘူ။ ရူပါဝစရ ပထမဈာန်ဇောများစွာ။ ထိုနောင်ဘဝင်အဓိဋ္ဌာန်ဝိထိဖြစ်ပုံကား။ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ။နှစ်ကြိမ်။ မနောဒွါရာဝဇ္ဇာန်း၊ မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၇-ကြိမ်။ ထိုနောင်ဘဝင်။ ဤဝိထိဖြင့်၊ ငါ၏ကိုယ်မှတေဇောဓာတ်သည် မီးတောက်မီးလျှံထ၍။ဤခန္ဓာကိုယ်ကိုလောင်စေသတည်းဟုဓိဋ္ဌာန်၏။

အဘိညာဥ်၏ ပါဒကဈာနဝိထိမှာ။ ရှေးပါဒကဈာနဝိထိအတိုင်းပင်။ ။အဘိညာဥ်ဝိထိဖြစ်ပုံကား။ ဘဝင်စလန။ဘဝင်ုပစ္ဆေဒနှစ်ကြိမ်။မနောဒွါရာဝဇ္ဇန်း။ပရိကံ။ဥပစာ။အနုလုံ။ဂေါတြဘူ။မဟာကြိယာပရိကံဇော၄ကြိမ်၊ ထိုနောင်ရူပါဝစရအဘိညာဥ်ဇောတကြိမ်။ ထိုနောင်ဘဝင်တကြိမ်။ ထိုနောင် ပရိနိဗ္ဗာနစုတိတကြိမ်၊ဤကားအဘိညာဥ်ဝိထိဖြစ်ပုံတည်း။

ပစ္စည်းတပ်ပုံကား။ဤဝိထိနှိုက်၊အလုံးစုံသောစိတ်သည်၊စုတိစိတ်မှပြန်ရေသည်ရှိသော် ၁၇-ချက်မြောက်သောဘဝင်စိတ်နှင့်အတူဥပါဒ်သောဟဒယ ဝတ္ထုတခုကိုသာ မှီကြကုန်၏။ ဤဝိထိနှိုက်။အလုံးစုံးသောစိတ်တို့သည်။ဟဒယဝတ္ထုတခုနှိုက်သာမှီကြကုန်၏။ ။အဘိညာဥ်နှင့်တကွသော ဝိထိစိတ်တို့ သည်လည်း။ ရှေးအဓိဋ္ဌာန်ချက်အတိုင်း။ ရူပကာယခန္ဓာကိုယ်ကို အာရုံပြုကြကုန်၏။ထိုဟဒယဝတ္ထုသည်၊ရူပကာယခန္ဓာကိုယ်နှိုက် အတွင်းဝင်လျက်ရှိ၏။ထို့ကြောင့်၊ ထိုဟဒယဝတ္ထုသည် ရှေးနှိုက်ဖြစ်၍၊ အဘိညာဥ်နှင့်တကွသော ထိုဝိထိစိတ်တို့မှီရာဝတ္ထုလည်းဖြစ်။ အာရုံပြုရာလည်းဖြစ်သောကြောင့်ဝတ္ထာရမ္မဏပုရေဇာတပစ္စည်းမည်၏။

(၃) ပကတူပနိဿယနှိုက်။ဗလဝဖြစ်သောစိတ်ကိုသာ ပစ္စည်းကောက်ပါသည်၊ ဒုဗ္ဗလဖြစ်သောစိတ်သည်၊ ပစ္စည်းတပ်သင့်မတပ်သင့်။ ။ဤကားအမေး။

www.dhammaransi.com



အဖြေကား။ ။ဒုဗ္ဗလဖြစ်သောစိတ်သည်ပစ္စည်းမတပ်သင့်။ မတပ်နိုင်ပုံကား။ ။လမ်းခရီးသွားရာနိုက်။ထိုလမ်းတလျှောက်တွင်အဆင်းအမျိုးမျိုး။အသံအမျိုးမျိုးအစရှိသောအာရုံတို့သည် ထိုပုဂ္ဂိုလ်၏ခြောက်ဒွါရတို့နိုက်၊ထိုက်သည်အားလျော်စွာ ထင်ခြင်း၊ထိခိုက်ခြင်းသို့ရောက်ကြကုန်၏၊ ဝိထိစိတ်တို့သည်လည်း။ ဘဝင်ခြားလျက်၊မရှဲအောင်ဖြစ်ကြကုန်၏။ထိုပုဂ္ဂိုလ်သည်လည်း မိမိနေရာသို့ရောက်သောအခါနိုက်။ထိုအာရုံတို့တွင်အချို့ကိုသာ အမှတ်ရနိုင်၏။ အချို့ကိုအမှတ်မရနိုင်။ ဤကားကိုယ်တွေ့ဒိဋ္ဌပေတည်း။ ။ဤနိုက်ပြန်၍အမှတ်ရနိုင်ခြင်း၊မရနိုင်ခြင်းသည်ရှေး၌ဖြစ်ခဲ့သောဝိထိစိတ်များ၏ဗလဝ,ဒုဗ္ဗလအထူးကို အစွဲပြု၍ဖြစ်ရလေသတည်း။ ။ထိုတွင်ရှေးနိုက်ဗလဝဖြစ်သောစိတ်သည်သာ လျှင်နောက်၌ အမှတ်ရသောစိတ်အား ပကတူပနိဿယပစ္စည်းတပ်၏။ရှေး၌ဒုဗ္ဗလဖြစ်သော စိတ်သည်ကားနောက်၌ အမှတ်ရသောစိတ်ကိုမဖြစ်စေနိုင်သောကြောင့်။ ပကတူပနိဿယ ပစ္စည်းမတပ်။ ဤယုတ္တိကိုထောက်၍ လောကနိုက်ပကတူပ နိဿယပစ္စည်း ဖြစ်ပုံအလုံးစုံကိုမြင်လေ၊

(၄) ၎င်းပစ္စည်းနိုက်ပစ္စည်းထိုက်သော အချို့သောပညတ်ဟူ၍သာဆိုပါသည်။ အဘယ်ကဲ့သို့ ပညတ်သည် ပစ္စည်းထိုက်သည်။အဘယ်ကဲ့သို့ပညတ်သည်ပစ္စည်း မထိုက်သည်ဟုခွဲခြမ်းဝေဘန်၍မိန့်တော်မူပါ။ ။ဤကားအမေး။

အဖြေကား။ ။ကသိုဏ်းပဋိဘာဂနိမိတ်တည်းဟူသောပညတ်အထူးသည်၊အထက်အရှုပ်ချာန်ကိုရခြင်းငှာကျေးဇူးပြုနိုင်သော ပညတ်အထူးဖြစ်၍။ ထိုကသိုဏ်းပဋိဘာဂနိမိတ် ပညတ်မျိုးကို ပစ္စည်းထိုက်သောအချို့သောပညတ်ဟုပြောရိုးဆိုးရိုးရှိကြ၏။ပုဂ္ဂလောပိ ဥတူပိ ဘောဇနံပိ သေနာသနံပိ ဥပနိဿယပစ္စယေန ပစ္စယောဟူ၍ဟောတော်မူသောကြောင့်၊သဗ္ဗညုဗုဒ္ဓဟူသောပညတ်အထူး။အရိယသံဃ,ဟူသောပညတ်အထူး။ မာတာပိတုအာစရိယ,ဟူသောပညတ်အထူး။ ဤသို့စသောပုဂ္ဂလပညတ်များသည်

www.dhammaransi.com



လည်း ပစ္စည်းထိုက်သော ပညတ်ပင်ဖြစ်သည်ဟု ဆိုရန်ရှိ၏။ ဝိဒူ တတ်သုံးပုံတည်းဟူသော အက္ခရာဝဏ္ဏနာမပညတ်တို့သည်လည်း အနက်ကိုသိသောဉာဏ်အားလျော်စွာကျေးဇူးပြုနိုင်၏။ လောက၌ ပြောဆို၍နေကြသော နာမပညတ်များသည် ထို့ အတူပင်တည်း။

(၅) ကမ္ဘာပျက်ရာတွင်၊ သုဒ္ဓါဝါသငါးဘုံ၏ဖြစ်ပုံတည်ပုံ အခြင်းအရာကို သိလိုပါသည်ဘုရား။ ။ဤကားအမေး။

အဖြေကား။ ။ကမ္ဘာပျက်ရာ၌ မီးဖျက်သောကမ္ဘာ၌ ပဌမဈာန်ဘုံတိုင်အောင်ပါဝင်လေ၏။ ရေဖျက်သောကမ္ဘာ၌ ဒုတိယဈာန်သုံးဘုံတိုင်အောင်ပါဝင်လေ၏။ လေဖျက်သောကမ္ဘာ၌ တတိယဈာန်းသုံးဘုံတိုင်အောင်ပါဝင်လေ၏။ ဝေဟပ္ဖိုလ်ဘုံ၊ အသညသတ်ဘုံ၊ သုဒ္ဓါဝါသငါးဘုံတို့သည် ကမ္ဘာပျက် ဘေးမှ အခါခပ်သိမ်းလွတ်ကြကုန်၏။ ထို့ကြောင့် ထိုဘုံများသည် ကမ္ဘာပျက် ကမ္ဘာတည်မှုနှင့်စပ်၍ ဖြစ်ပုံတည်ပုံ အထူးကို ဆိုဘွယ်မရှိ။ အထူးကိုဆိုဘွယ်ရှိသည်မှာမူကား။ ဘုရားပွင့်ခြင်းမရှိသော သုညကမ္ဘာတွေ အသင်္ချေကြုံကြိုက်၍ နေသောအခါ၌ ထိုသုဒ္ဓါဝါသဘုံများသည် အဘယ်သို့ဖြစ်၍နေပါသနည်းဟု မေးရန်ရှိ၏။ ။(အဖြေကား) သုဒ္ဓါဝါသ ငါးဘုံတို့တွင် အကနိဋ္ဌဘုံ သည် ကမ္ဘာတသောင်းခြောက်ထောင် အသက်တမ်းရှိ၏။ လောက၌ ကမ္ဘာတသောင်းခြောက်ထောင်လွန်၍ သုညကမ္ဘာ တွေ့ကြုံကြိုက်သောအခါနှိုက်။ ထိုသုဒ္ဓါဝါသဘုံမှာ ဘုံများသာရှိ၍ ဗြဟ္မာမရှိကြကုန်ပြီ။ မင်းတို့၏ စံနန်းတော်ဟောင်းများကဲ့သို့ဖြစ်၍ နေသည်ဟု အဋ္ဌကထာတို့၌ ဆိုပေ၏။ ဤသုဒ္ဓါဝါသပြဿနာသည်။ ရှေးအခါ၌ သီဟိုဠ်ကျွန်းမှာဖြစ်ဘူး၏။ ဖြစ်ဘူးပုံကား။ မြတ်စွာဘုရားတို့၏ ပွင့်တော်မူကြရာဇာတိခေတ် ဖြစ်သော စကြဝဠာတသောင်း၌ သုဒ္ဓါဝါသငါးဘုံနှင့်တကွ သုံးဆဲ့ဘုံ အသီးအသီးရှိကြသကဲ့သို့။ ဇာတိခေတ်မှအလွတ်ဖြစ်သော စကြဝဠာအနန္တတို့မှာ သုဒ္ဓါဝါသငါးဘုံနှင့်တကွ သုံးဆဲ့ဘုံ အသီးအသီး ရှိကြလိမ့်မည်လော။ မရှိလိမ့်မည်လောဟု အမေးပုစ္ဆာဖြစ်ဘူး၏။ ထိုပုစ္ဆာပြဿနာသည်

www.dhammaransi.com



မန္တလေးမြို့တည်နန်းတည် ပဌမသင်္ဂါယနာတင် မင်းတရားကြီး ထံသို့ ရောက် လေ၏။ မင်းတရားကြီးက ငါတို့ ကျေးဇူး ရှင် စံ ကျောင်းဆရာတော်ဘုရားကြီးကိုဖြေဆိုရန်လွှဲအပ်၏၊ ဆရာတော် ဘုရားကြီးသည် အဘိဓမ္မတ္ထ ဝိဘာဝနီအမည်သော အဘိဓမ္မာ ဝတာရဋီကာအဆိုနှင့် ဖြေဆိုလိုက်လေ၏။ ၎င်းဋီကာအဆိုကား။ ထိုစကြာဝဠာ အနန္တတို့မှာ လည်းသုဒ္ဓါဝါသငါးဘုံနှင့်တကွ။ သုံးဆဲ့ တ ဘုံ အသီး အ သီး ရှိကြ ၏၊ သို့သော်။ သုဒ္ဓါဝါသ ငါး ဘုံ. မည် သည်။ အ ရိ ယာ ပုဂ္ဂိုလ် တို့ သာ နေ ရာ ဖြစ် ၏။ ထို့ကြောင့် စ ကြာ ဝ ဠာ အ နန္တ တို့ မှာ။ အရိ ယာ ပုဂ္ဂိုလ် ဟူ ၍မရှိ။ထိုသို့သုဒ္ဓါဝါသဘုံတို့မှာ။ အရိယာပုဂ္ဂိုလ် အဘယ်မှာ ရနိုင် မည်နည်းဟုဆိုရန်ရှိ၏။ ဤဇာတိခေတ် စကြာဝဠာ တသောင်းမှ အရိယာဗြဟ္မာများသည်ဝိဝေကသုခအကျိုးငှါသွား၍နေကြသည် ဟု၎င်းဋီကာအဆိုရှိ၏။အချို့ကဆိုကြပြန်၏။ စကြာဝဠာသည်။အ နန္တဖြစ်၍ သုဒ္ဓါဝါသဘုံသည်လည်းအနန္တဖြစ်၏၊ ဤဇာတိခေတ် စကြာဝဠာတသောင်းမှ အရိယာဗြဟ္မာများသည်၊ ထိုသုဒ္ဓါပါသ အနန္တတို့နိုက်။အနန္တ အပြားရောက်နိုင်ခွင့်မရှိ။၊ထို့ကြောင့် ဤဇာ တိခေတ်စကြာဝဠာတသောင်း၌သာ။ သုဒ္ဓါဝါသ,ငါးဘုံနှင့်တကွ။ သုံးဆဲတဘုံအသီးအသီးရှိကြ၏။ ထိုစကြာဝဠာ အနန္တတို့၌ မူ ကား။သုဒ္ဓါဝါသဘုံဟူ၍မရှိကြပြီ။ပုထုဇဉ်တို့၏နေရာ။ ၂၆—ဘုံ သာရှိကြ၏ဟု ယူသင့်ကြောင်းကိုဆိုကြကုန်၏။ အချို့ကလည်း ဤသို့ဆိုကြကုန်သေး၏၊ ထိုစကြာဝဠာအနန္တတို့မှာလည်းဘုရား ပွင့်ရာဇာတိခေတ်ပေါင်းတသောင်းစီအသီးအသီးရှိကြ၏။ဘုရား လည်းအသီးအသီးပွင့်ကြ၏။အရိယာပုဂ္ဂိုလ်နှင့်တကွသုဒ္ဓါဝါသ ငါးဘုံနှင့်တကွ။ ၃၁ ဘုံအသီးအသီးရှိကြ၏ဟုဆိုကြကုန်သေး ၏။အဋ္ဌကထာတို့၌မူကား။ ဤဇာတိခေတ်မှတပါး၊ စကြာဝဠာအ နန္တတို့နိုက်။ ဘုရားတို့၏ပွင့်ခြင်းမရှိကြောင်းကိုဆိုကြ၏၊ ကြိုက် ရာယူကြလေကုန်၊

ဥက္ကံပုဏ္ဏာအဖြေပြီး၏။

www.dhammaransi.com



မုံရွာမြို့၊ ကျေးဇူးရှင်လယ်တီဆရာတော် ဘုရားကြီးသည်။ ၁၂၈၀-ပြည့်နှစ်။ကဆုန်လပြည့်ကျော် (၃) ရက်နေ့။ စစ်ကိုင်းတောင်ရိုး၊ဓိတ္တသုခချောင်နှိုက်သီတင်းသုံးတော်မူစဉ်၊ရန်ကုန်မြို့သရက်တောကျောင်းတိုက် ဘုန်းကြီးဦးရဝိန္ဒ မေးလျှောက်ချက်ကိုအောက်ပါအတိုင်းဖြေဆိုတော်မူသည်။

—⊱○⊰—

(၁) သက္ကာယဒိဋ္ဌိဟူသောပုဒ်နှိုက်။ သက္ကာယဟူသော ပုဒ်တပိတ်အရ မည်သည့်ဘရားကိုတရားကိုယ်အဖြစ်ဖြင့် ကောက်သင့်ကြောင်း။

(၂) ဘုရားရဟန္တာအရိယာအရှင်မြတ်တို့နှိုက်။ မဂ်ပယ်ပြီးမှ။ ကြွင်းကျန်ရှိနေသော ပဉ္စုပ္ပန်လောကီခန္ဓာရသည်။ သက္ကာယမည်မမည်-ဟူသောအမေးနှိုက်။ အဖြေကား။ ။ကတမောစ ဘိက္ခဝေ သက္ကာယော၊ပဉ္စုပါဒါနက္ခန္ဓာတိဿဝစနီယံ၊ကတမေ ပဉ္စ။သေယျထိဒံ ရူပုပါဒါနက္ခန္ဓော။ဝေဒနူပါဒါနက္ခန္ဓော။သညူပါဒါနက္ခန္ဓော၊သင်္ခါရူပါဒါနက္ခန္ဓော။ ဝိညာဏုပါဒါနက္ခန္ဓောဒံယံဝုစ္စတိဘိက္ခဝေသက္ကာယော။ ။ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။အန္တဝဂ်တတိယသုတ်—ပေါင်—၅၀-ဟံသာဝတီရိုက်။ စာအုပ်မျက်နှာနံပါတ်—၁၁၆-ကြောင်းရေ-၁၂။ ။သက္ကာယောသက္ကာယောတိ အာဝုသော သာရိပုတ္တဝုစ္စတိ။ကတမောနုခေါ အာဝုသော။သက္ကာယောတိပဉ္စိမေအာဝုသော။ ဥပါဒါနက္ခန္ဓာ။ သက္ကာယောဝုတ္တော ဘဂဝတာ။ကတမေပဉ္စ။ ရူပုပါဒါနက္ခန္ဓော။ ဝေဒနူပါဒါနက္ခန္ဓော။ သညူပါဒါနက္ခန္ဓော။သင်္ခါရူပါဒါနက္ခန္ဓော။ဝိညာဏုပါဒါနက္ခန္ဓော ဣမေခေါအာဝုသောပဉ္စုပါဒါနက္ခန္ဓာ။သက္ကာယောဝုတ္တောဘဂဝတာတိ၊ ။သဠာယတနသံယုတ်ပါဠိတော်။ ပေါင်=၅၀-ဟံသာဝတီတိုက်ရိုက်။စာအုပ်မျက်နှာနံပါတ် ၁၈၈ ကြောင်းရေ-၉။

www.dhammaransi.com



ဤပါဠိတော်များကိုထောက်၍၊ ပထမပုစ္ဆာအရ။ သင်္ကာယဆို သည့်ကား။ ဥပါဒါနက္ခန္ဓာငါးပါးကိုဆိုသည်ဟုသိအပ်၏။ ။ သင်္ကာယဟူသောပုဒ်အနက်မှာလည်း။ ။သင်္ကာယဒိဋ္ဌိတိ ဝိဇ္ဇမာနဋ္ဌေန သတိခန္ဓပဉ္စကသင်္ခါတေကာယေဒိဋ္ဌိ,ဟူသောအဋ္ဌသာလိနီပါဠိနှင့်အညီ။သန္တော်သံဝိဇ္ဇမာနောကာယောတိသက္ကာယော, ဟုဝိဂြိုဟ်ပြု၊ ။သန္တော်သံရိဇ္ဇမာနော။ပရမတ္ထအားဖြင့်ထင်ရှားရှိ သော၊ ကာယော။ ရုပ်အပေါင်းအရ။ နာမ်အပေါင်းအရ တည်း၊ ဣတိ၊ထို့ကြောင့်။သက္ကာယော။ သက္ကာယမည်၏ဟု၊ ဤပုဒ်အ‑ နက်ကိုမှတ်လေ။

ပထမပုစ္ဆာအဖြေပြီး၏။

---

ဒုတိယပုစ္ဆာမှာလည်း၊ ဘုရားရဟန္တာ အရှင်မြတ် တို့နိုက် မဂ်ပယ်ပြီးမှ၊ ကြွင်းကျန်ရှိနေသောပဉ္စုပ္ပန်လောကီ ခန္ဓာရသည် ပရမတ္ထအားဖြင့်ထင်ရှားရှိသော ရုပ်အပေါင်း, နာမ်အပေါင်းပင် ဖြစ်လေသောကြောင့် သက္ကာယမည်သည်သာလျှင်ဖြစ်၏။သက္ကာ ယမမည်ဟုမဆိုထိုက်၊ ။သို့သော်။ကတမေစတိက္ခဝေသက္ကာ ယောပဥ္စုပါဒါနက္ခန္ဓာတိ ဿဝစနီယံ,ဟူသည်နှင့်အညီ၊ ဥပါဒါန် လေးပါးတို့၏အာရုံဖြစ်သောလောကီခန္ဓာရသည်သာလျှင်သက္ကာ ယမည်သင့်ပါသည်။ ။ဘုရားရဟန္တာတို့၌ ဥပါဒါန်တို့ကိုပယ် ပြီးဖြစ်လေသောကြောင့်။ဘုရားရဟန္တာတို့၏ခန္ဓာရသည် ဥပါဒါ နက္ခန္ဓာမဟုတ်ပြီဆိုငြားအံ့။ဘုရားရဟန္တာတို့၌ဥပါဒါန် ၄ ပါးမရှိ ငြားသော်လည်း၊ ဘုရားရဟန္တာတို့၏ခန္ဓာရသည်။ မယ်တော်, ခမည်းတော်,ဆွေတော်,မျိုးတော်,အစရှိသောသူတပါးတို့၏ဥပါ ဒါန်တို့၏စွဲလမ်းရာအာရုံဖြစ်ကောင်းလျက်ရှိသောကြောင့်။ဥပါဒါ နက္ခန္ဓာမည်သည်သာလျှင်တည်း။ ။ဥပမာကား။ရွှေငွေပုလဲပတ္တ မြား။ဝတ်စားတန်ဆာအစရှိသည်တို့သည်၊ထိုဝတ္ထုတို့၌အဇ္ဈတ္တ

ဥပါဒါန်မရှိကုန်ပြားသော်သည်း၊ လုဘ်နှိုက်ရှိသောဥပါဒါန်တို့၏ ခွဲလမ်းရာအာရုံဖြစ်လေသောကြောင့်။ ဥပါဒါနက္ခန္ဓာတို့ချည်းသာ တည်း။ ။ရဟန္တာအရှင်မဟာကစ္စည်း၏ကိုယ်ခန္ဓာ၌ခွဲလမ်းသော ယသသူဌေးသားဝတ္ထု။ ဥပ္ပလဝဏ်ရဟန္တာ မထေရီမ၏ကိုယ် ခန္ဓာ၌ခွဲလမ်းသောသာလသူဌေးသားဝတ္ထုများကိုထောက်လေ။ ။ အချို့သောသူတို့သည်။မြတ်စွာဘုရား၏ခန္ဓာတော်၌ကေသာ,လော မာ,စသောဒွတ္တိံသာကာရအစုတို့သည်လည်း။ လောကီမဟုတ် ကုန်လောကုတ္တရာသာ ဖြစ်ကုန်၏ဟု ယူကြကုန်၏။ ထိုအယူမှု ကား။အင်္ဂုတ္တိုရ်အဋ္ဌကထာနှင့် တိုက်ရိုက် ပယ်ဖျက်လျက် ရှိ လေ၏။

ဒုတိယပုစ္ဆာအဖြေပြီး၏။

---

(၃) သဗ္ဗေ သတ္တာ မရိဿန္တိ။
မရဏန္တံ ဟိ ဇီဝိတံ။
ယထာကမ္မံ ဂမိဿန္တိ။
ပုညပါပဖလူပဂါ။

ဟူသောဂါထာ၏အဖွင့်နေတ္တိပါဠိတော်၌။ ။

သဗ္ဗေ သတ္တာ တိ အရိယာ စ။ အနရိယာ စ၊ သက္ကာယ ပရိယာပန္နာ စ။ သက္ကာယဝီတိဝတ္တာ စ,ဟူသောပါဠ်၌၊ သက္ကာယ ပရိယာပန္နပုဂ္ဂိုလ်ဟူသည်မည်သည့်၊ ပုဂ္ဂိုလ်မျိုး သက္ကာယဝီတိ ဝတ္တပုဂ္ဂိုလ်ဟူသည်မည်သည့်ပုဂ္ဂိုလ်မျိုးကို ကောက်ယူရမည် ကိုဖြင်း၊မရိဿန္တီတိ ဒွီဟိ မရဏေဟိ။ဒန္တမရဏေန စ။ အဒန္တမရ ဏေန စ,ဟူသောပါဠ်၌။ဒန္တမရဏ,အဒန္တမရဏသေခြင်းဟူသည်

www.dhammaransi.com



မည်သည့်ပုဂ္ဂိုလ်တို့၏ သေခြင်းမျိုးဖြစ်မည်ကိုရှင်း သိလိုပါသည် ဟူသောတတိယအမေး၌။ ။အဖြေကား။

ယေပိတေဘိက္ခဝေဒေဝါ။ဒီဃာယုကာဝဏ္ဏဝန္တော၊သုခဗဟုလာ။ဥစ္စေသုဝိမာနေသုစိရဋ္ဌိတိကာ။ တေပိတထာဂတဿဓမ္မဒေသနံသုတွာ။ယေဘုယျေနဘယံ သံဝေဂံ သန္တာသံ အာပဇ္ဇန္တိ။ အနိစ္စာဝကိရဘောမယံသမာနာနိစ္စမှာတိအမညိမှ။ အဒ္ဓုဝါဝကိရဘောမယံသမာနာဓုဝမှာတိအမညိမှ။အသဿတာဝကိရဘောမယံသမာနာသဿတမှာတိအမညိမှ။ မယံပိကိရဘော အနိစ္စာ အဒ္ဓုဝါ အသဿတာသက္ကာယ ပရိယာပန္နာတိ ဧဝံမဟိဒ္ဓိကော ဘိက္ခဝေ တထာဂတော သဒေဝကဿ လောကဿ ဧဝံမ ဟေသက္ခော ဧဝံမဟာနုဘာဝေါတိ။

ယဒါဗုဒ္ဓေါအဘိညာယ။ ဓမ္မစက္ကံပဝတ္တယိ။ သဒေဝကဿ လောကဿ။သတ္ထာအပ္ပဋိပုဂ္ဂလော ။သက္ကာယဉ္စ နိရောဓဉ္စ။ သက္ကာယဿစသမ္ဘဝံ။အရိယံစဋ္ဌင်္ဂိကံမဂ္ဂံ။ဒုက္ခူပသမဂါမိနံ။ ။ ယေပိဒီဃာယုကာဒေဝါ။ ဝဏ္ဏဝန္တော ယသဿိနော။ ဘီတာ, သန္တာ,မာပါဒုံ။သီဟဿေဝိတရေမိဂါ။ ။အဝီတိဝတ္တာသက္ကာယံ။အနိစ္စာကိရဘောမယံ၊သုတွာအရဟတော ဝါကျံ။ဝိပ္ပမုတ္တဿ တာဒိနောတိ။ ။

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်ခန္ဓနိယဝဂ်စတုတ္ထသုတ်-နံပါတ်-၆၁။

ဤပါဠိတော်ကိုထောက်၍ သက္ကာယ၌ ရှိနေကြသောပုထုဇဉ်ပုဂ္ဂိုလ်တို့ကိုသက္ကာယပရိယာပန္နပုဂ္ဂိုလ်တို့ဟူ၍။ သက္ကာယ ဒိဋ္ဌိကျွတ်လွတ်ပြီးသော အရိယာပုဂ္ဂိုလ်တို့ကို။ သက္ကာယဝီတိဝတ္တပုဂ္ဂိုလ်တို့ဟူ၍မှတ်လေ။

မရဏမေးခွန်း၌လည်း။ ကာလမရဏလိုဒန္ဓမရဏ ဆိုသည်၊ အကာလမရဏကို-အဒန္ဓမရဏဆိုသည်ဟုမှတ်ယူလေ။

တတိယပုစ္ဆာအဖြေပြီး၏။

———

www.dhammaransi.com



(၄) လူများနှင့်။ဧွေးဝက်ကြက်ငှက်စသော တိရစ္ဆာန်တို့၏ ပဋိသန္ဓေတည်နေပုံသဏ္ဍာဟအစဉ်ကိုကျမ်းဂန်များ၌ ခွဲခြမ်း၍ပြသည်ကိုမတွေ့မိသဖြင့်။ အတူတူပင်ယူရမည်၊သို့တည်းမဟုတ် တခြားစီပင်ယူရမည်ကိုရှင်း,သိလိုပါသည်ဟူသော စတုတ္ထမေးခွန်းနှိုက်အဖြေကား။ ။ဧင်းသဏ္ဍာဟအစဉ်မှာ။လူတို့နှိုက်ဧင်း။ လူနှင့်အသက်တမ်းတူမျှသောတိရစ္ဆာန်တို့၌ဧင်းမှတ်ရမည်။ ။ လူတို့မှာသည်း။ယခုကာလတရာ့တမ်း၌သာမှတ်ရမည်။ ထို့ထက် အသက်အလွန်ရှည်သောတမ်းအလွန်တိုသော တမ်းများ၌မှာမူကား။ထိုထိုတမ်းအားလျော်စွာယူသင့်သည်။

စတုတ္ထပုစ္ဆာအဖြေပြီး၏။

---

၁၂၀၄-ခု။ကဆုန်လပြည့်ကျော်(၈)ရက်နေ့စွဲနှင့်ထပ်မံ၍ပျောက် ထားလိုက်သော—စကားအချက်ရတွင်။ တတိယပုစ္ဆာအဖြေမှာ၊ သဏ္ဍာယပရိယာပန္နပုဂ္ဂိုလ်။ ဧင်းဝိတိဝတ္တပုဂ္ဂိုလ်ဟု နှစ်ရပ်ဒုက္ခပြု၍ဟောတော်မူရကား။သဏ္ဍာယပရိယာပန္နဟူသောပထမပုဒ်ကို သဏ္ဍာမိတ်ပွဲရိသ်သမာသ်ပြုလုပ်၍ ပရမတ္ထအားဖြင့်ထင်ရှားရှိသောရုပ်အပေါင်းနာမ်အပေါင်းဟုအနက်ပေး၍၊ ဧင်းနှိုက်အကျုံးဝင်ရကားဘုရားရဟန္တာအရိယာအရှင်များကိုလည်း သဏ္ဍာယပရိယာပန္နဟူသောပထမပုဒ်သို့ သွင်းမည်ဆိုလျှင်။ ဤနေရာ၌ပါဠိတော်နှိုက်မည်ကဲ့သို့ သွင်းသင့်ကြောင်းကို ထပ်မံ၍ပျောက်ထားအသနားခံပါသည်ဟူသော စကားနှိုက် ဘုရားရဟန္တာအရိယာအရှင်များကိုလည်း သဏ္ဍာယပရိယာပန္န ဟူသောပထမပုဒ်သို့သွင်းမည်ဆိုလျှင်။ဟူသောစကားသည်မသင့်။ ။အကြောင်းမူကား။ထိုထိုဘုရားရဟန္တာအရိယာအရှင်များသည် သဏ္ဍာယပရိယာပန္နပုဂ္ဂိုလ်များမဟုတ်၊သဏ္ဍာယဝိတိဝတ္တ ပုဂ္ဂိုလ်များဖြစ်ပေသောကြောင့်သဏ္ဍာယပရိယာပန္နပုဂ္ဂိုလ်များ မဟုတ်ပေ။သဏ္ဍာ

www.dhammaransi.com



ယစိတိဝတ္တုပုဂ္ဂိုလ်များ ဖြစ်ပေသောကြောင့်တည်း။ ။ဤအရာ၌ပရိယာယပန္နဖြစ်ပုံ,ဝိတိဝတ္တုဖြစ်ပုံကို ပြဆိုလို့က်ဦးအံ့။ ဝေါဟာရသည်ဓမ္မဝေါဟာရ,ပုဂ္ဂလဝေါဟာရဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင်ဓမ္မဝေါဟာရ ဆိုသည်ကား။ ပရမတ္ထဓမ္မတို့၏ အမည်ပေတည်း။ ။ပုဂ္ဂလဝေါဟာရဆိုသည်ကား။ပုဂ္ဂိုလ်တို့၏အမည်ပေတည်း၊ ။ထိုနှစ်ပါးတို့တွင်သဏ္ဍာယပရိယာယပန္န ဟူသောပထမပုဒ်ကိုသတ္တမိဘပ္ပုရိသ်သမာသ်ပြုလုပ်၍ပရမတ္ထအားဖြင့်ထင်ရှားရှိသော ရုပ်အပေါင်း နာမ်အပေါင်းဟု အနက် ပေး၍ ဟူသောစကားသည် ဓမ္မဝေါဟာရ စကားမျိုးဖြစ်၏။ ဤဓမ္မဝေါဟာရအလိုမှာဘုရားရဟန္တာအရှင်မြတ်တို့၏ သန္တာန်၌ မဂ်စိတ္တုပ္ပါဒ်ဖိုလ်စိတ္တုပ္ပါဒ်များကိုချန်လှပ်၍ကျန်ရှိသမျှသောခန္ဓာတော်တရလုံးသည်။တေဘုမ္မကဓမ္မချည်းဖြစ်၏၊ လောကိယ ဓမ္မချည်း ဖြစ်၏။ သဏ္ဍာယဓမ္မချည်းဖြစ်၏။ ။ဤကားဓမ္မဝေါဟာရအလိုပေတည်း။

ပုဂ္ဂလဝေါဟာရအလိုမှာမူကားထိုဘုရား ရဟန္တာအရှင်များသည်တေဘုမ္မကဓမ္မနှင့်အကျုံးမဝင်သောလောကုတ္တရာတုံနှင့်အကျုံးဝင်သောမဂ်စိတ္တုပ္ပါဒ် ဖိုလ်စိတ္တုပ္ပါဒ် တို့ကို အစွဲပြု၍ထိုဘုရားရဟန္တာအရှင်များသည် တေဘုမ္မကဘုံသားမဟုတ်။အနာသဝစတုတ္ထဘုံသားများဖြစ်ကြ၏။လောကိယဘုံသားများမဟုတ်လောကုတ္တရာဘုံသားများဖြစ်ကြ၏။ဥပမာကား ။ ရူပါဝစရဗြဟ္မာ့သန္တာန်နှိက်ဘဝင်စိတ္တုပ္ပါဒ်ချာန်စိတ္တုပ္ပါဒ်များကို ချန်လှပ်၍ကျန်ရှိသမျှသောဗြဟ္မာ့ခန္ဓာတရလုံးသည်။ကာမာဝစရ ခန္ဓာချည်းဖြစ်၏၊ ။ဤကားဓမ္မဝေါဟာရအလိုပေတည်း။ ။ပုဂ္ဂလဝေါဟာရအလိုမှာမူကား၊ ထိုရူပါဝစရဗြဟ္မာများသည်ကာမာဝစရဘုံ၌အကျုံးမဝင်သောဘဝင်စိတ္တုပ္ပါဒ်ချာန်စိတ္တုပ္ပါဒ်တို့ကို အစွဲပြု၍ထိုရူပါဝစရဗြဟ္မာများသည်ကာမာဝစရပုဂ္ဂိုလ်မဟုတ်၊ရူပါဝစရဘုံသားများသာဖြစ်ကြ၏။ ။ဤကား။ ပုဂ္ဂလဝေါဟာရအလိုပေတည်း။

www.dhammaransi.com



ဤဥပမာအတူ-ဘုရားဟောနွာအရိယာဟူသော ဝေါဟာရများသည်လည်း။ တေဘုမ္မကဓမ္မဟူသော သက္ကာယနှင့်အကျုံးမဝင်သော မဂ်စိတ္တုပ္ပါဒ်, ဖိုလ်စိတ္တုပ္ပါဒ် တို့ကို အစွဲပြု၍ ခေါ်ဝေါ်ကြရသောပုဂ္ဂလဝေါဟာရများဖြစ်ကြ၍။ သက္ကာယပရိယာပန္နဝေါဟာရမျိုးမဟုတ်။ သက္ကာယဝိတိဝတ္တဝေါဟာရ မျိုးသာ အမှန်ဖြစ်ပေသတည်။ ။ဘုရားဟောနွာ။အရိယာဟူသောလျှောက်ချက်စကားတွင်လည်း။အရိယာဟူသောစကားဖြင့်။သောတာပန် သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့ကိုယူရမည်။ ထိုပုဂ္ဂိုလ် များသည်သည်း။ သက္ကာယပရိယာပန္နပုဂ္ဂိုလ်များမဟုတ်၊ သက္ကာယဝိတိဝတ္တပုဂ္ဂိုလ်များသာဖြစ်ကြ၏။ ။ဖြစ်ကြပုံကား။ ။သောတာပန်ပုဂ္ဂိုလ်ဟူသော ဝေါဟာရများသည်။ တေဘုမ္မကဓမ္မဟူသောသက္ကာယ၌အကျုံးမဝင်သော သောတာပတ္တိမဂ် စိတ္တုပ္ပါဒ် ဖိုလ်စိတ္တုပ္ပါဒ်တို့ကိုအစွဲပြု၍ခေါ်ဝေါ်ကြရသော ပုဂ္ဂလဝေါဟာရများဖြစ်ကြ၍၊ သက္ကာယရိယာပန္နဝေါဟာရမျိုးမဟုတ်။သက္ကာယဝိတိဝတ္တဝေါဟာရမျိုးသာ အမှန်ဖြစ်သတည်း၊ ။သကဒါဂါမ်,အနာဂါမ်ပုဂ္ဂိုလ်တို့၌လည်း။ ဤနည်းအတူသိလေ၊ ။ဤသို့လျှင်၊ဓမ္မဝေါဟာရနှင့်။ပုဂ္ဂလဝေါဟာရခြားနားကြပုံကို နေရာကျသိပြီးမှ၊ပုဂ္ဂလဝေါဟာရနှင့်။သက္ကာယပရိယာပန္နပုဂ္ဂိုလ်မျိုး သက္ကာယဝိတိဝတ္တပုဂ္ဂိုလ်-၂-ပါးခြားနားပုံကိုလည်းရှင်းလင်းစွာ သိနိုင်လေသတည်း။ ။ထို့ကြောင့်၊ ယခင်အထက်ဖြေဆိုချက်တွင်ပါရှိသည့်အတိုင်း။ သက္ကာယ ဒိဋ္ဌိရှိနေကြသော ပုထုဇဉ်ပုဂ္ဂိုလ်တို့ကို၊ သက္ကာယပရိပန္န ပုဂ္ဂိုလ်တို့ဟူ၍၊ သက္ကာယဒိဋ္ဌိကျွတ်လွတ်ပြီးသော အရိယာပုဂ္ဂိုလ်တို့ကို သက္ကာယဝိတိဝတ္တပုဂ္ဂိုလ်တို့ဟူ၍သာမှတ်လေ၊

www.dhammaransi.com



(ဆရာတော်မှာကျန်းမမာရှိသည်နှင့် စာပေကျမ်းဂန်ကြည့်ရှုအခွင့်မရသေးရှိနေသောကြောင့်။အကျယ်ဝိတ္ထာရမဖြေလိုက်ရ။အကျဉ်းသင်္ခေပမျှသာဖြေလိုက်ရပေသည်။)

အမိန့်အရ-လယ်တီဝဏ္ဏိတ။

ခေတ္တစစ်ကိုင်း-မိတ္တသုခချောင်။

ကဆုန်လပြည့်ကျော် (၁၀) ရက်၊ ၁၂၈၀ ပြည့်နှစ်

---

ဥာဏ်အသင်း၊မာရ်အသင်း။ခန္ဓာအသင်းရှင်းလင်းချက်။

ဗုဒ္ဓဘာသာ၌အဓိသီလသိက္ခာ။အဓိစိတ္တသိက္ခာ။ အဓိပညာသိက္ခာဟူ၍သိက္ခာ ၃ပါးရှိ၏။ထိုသုံးပါးတို့တွင်။သီလသည်။လူတို့၏သီလ၊ရဟန်းတို့၏သီလ ဟူ၍နှစ်မျိုးရှိ၏။လူတို့၏သီလဆိုသည်ကား။ပဉ္စင်္ဂသီလ၊အဋ္ဌင်္ဂဥပေါသထသီလ။ဒသင်္ဂသီလဟူ၍သုံးပါးရှိ၏။ထိုသုံးပါးတို့တွင်၊ ပဉ္စင်္ဂသီလသည်လည်း။ ဝဏ္ဏနိသိတ, ဝိဝဏ္ဏနိသိတအားဖြင့် နှစ်ပါးရှိ၏၊ ထိုတွင် အပါယ်ဘေးမှ ကင်းလွတ်၍၊လူ့ဘဝ။ နတ်ဘဝကိုရခြင်းငှာ စောင့်ရှောက်အပ်သော သီလသည်ဝဏ္ဏနိသိတမည်၏ သံသရာဝဋ်မှကျွတ်လွတ်၍နိဗ္ဗာန်ကိုရခြင်းငှာစောင့်ရှောက်အပ်သော သီလသည်။ ဝိဝဏ္ဏနိသိတမည်၏။ ထိုအတူ အဋ္ဌင်္ဂဥပေါသထသီလ။ ဒသင်္ဂသီလ တို့သည်လည်း။ဝဏ္ဏသိတ၊ ဝိဝဏ္ဏနိသိတ ဟူ၍နှစ်ပါး၊ နှစ်ပါးစီရှိကြကုန်၏။ထိုတွင် ဝဏ္ဏနိသိတ သီလမျိုးသည်။ သီလသာမညသာမည်၏။ဝိဝဏ္ဏနိသိတသီလမျိုးသည်။ပါရမီသီလမျိုးဖြစ်၍။ ထိုသီလ

www.dhammaransi.com



သာမညထက်လွန်ကဲသောကြောင့်၊ အဓိသီလသိက္ခာမျိုးမည်၏။ ရဟန်းတို့၏သီလသည်၊ အာဒိဗြဟ္မစရိယသီလ၊ အဘိသမာစာရိကသီလဟူ၍ဝိနည်းပညတ်တော်၌လာသောသီလနှစ်မျိုး၊ ဣန္ဒြိယသံဝရသီလ၊ ပစ္စယသန္နိဿိတသီလ၊ အာဇီဝပါရိသုဒ္ဓိသီလဟူ၍ သုတ္တန်တို့၌လာသောသီလသုံးမျိုးဟူ၍၊ ငါးမျိုးရှိကြ၏၊ ထိုတွင် ဒွေမာတိကာပါတိမောက်၌လာသောသီလမျိုးသည်၊ အာဒိဗြဟ္မစရိယကသီလမျိုးမည်၏၊ ဝိနည်းမဟာဝါစူဠဝါပါဠိတော်တို့၌လာသောဥပဇ္ဈာယဝတ်၊ အာစရိယဝတ်အစရှိသောသီလမျိုးသည်၊ အဘိသမာစာရိကသီလမျိုးမည်၏။ ဣန္ဒြေခြောက်ပါးကို စောင့်ရှောက်ခြင်းသည်၊ဣန္ဒြိယသံဝရသီလမည်၏။ ပစ္စည်းလေးပါးတို့ကို၊ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ခြင်းသည်၊ပစ္စယသန္နိဿိတသီလမည်၏ အဓမ္မိယသဒ္ဓ ဖြစ်သောပစ္စည်းလေးပါးတို့ကိုကြဉ်ရှောင်၍ ဓမ္မိယလဒ္ဓဖြစ်သော ပစ္စည်းလေးပါးတို့ ကိုသာ မှီဝဲခြင်းသည်၊ အာဇီဝပါရိသုဒ္ဓိ သီလမည်၏၊ ရဟန်းတို့၏သီလသည်မူကား၊ ဝဍ္ဍနိဿိတသီလပင်ဖြစ်စေ၊ဝိဝဋ္ဋနိဿိတသီလပင်ဖြစ်စေ မြတ်စွာဘုရားသာသနာတွင်း၌သာပေါ်ပေါက်နိုင်သည်ဖြစ်၍၊လူတို့၏သီလထက်လွန်ကဲထူးမြတ်သောကြောင့်၊ အဓိသီလသိက္ခာသာမည်၏။ ၊သီလပြီး၏။

သမာဓိဆိုသည်ကား၊ဥပစာရဈာန်နှင့်တကွသော၊အပ္ပနာဈာန်သမာဓိများပေတည်း၊ အပ္ပနာဈာန် ဆိုသည်ကား၊ စတုက္ကနည်းအားဖြင့်၊ရူပါဝစရဈာန်လေးပါး၊ အရူပါဝစရဈာန်လေးပါးဟူ၍၊ သမာပတ်ရှစ်ပါး၊ဣဒ္ဓိဝိဓအဘိညာ၊ဒိဗ္ဗသောတအဘိညာ၊စေတောပရိယအဘိညာ၊ ပုဗ္ဗေနိဝါသာ နုဿတိ အဘိညာ၊ ဒိဗ္ဗစက္ခုအဘိညာ၊ ယထာ ကမ္မုပဂ အဘိညာဟူ၍ လောကီ အဘိညာခြောက်ပါး၊ ၊၅၍သမာပတ်ရှစ်ပါး၊ အဘိညာခြောက်ပါးသည်၊ သမာဓိမည်၏။ ထိုတွင်ဣဒ္ဓိဝိဓ အဘိညာဆိုသည်ကား၊ နတ်သိကြားများကဲ့သို့၊ မိမိကိုယ်ကို၊ ဝဏ္ဏန်ယောင်ဖန်ဆင်းခြင်း၊ နဂါးယောင်ဖန်ဆင်းခြင်းစသော၊ဖန်ဆင်းမှုများသည်ရှင်း၊နတ်သိကြား

www.dhammaransi.com



များကဲ့သို့။ကောင်းကင်မြေမိုး။ပျံဝဲ့ျ။ သွားလာနိုင်ခြင်းများသည် ဣဒ္ဓိဝိဓအဘိညာမည်၏။ဒိဗ္ဗသောတအဘိညာဆိုသည်ကား နတ်သိကြားတို့၏ နားကဲ့သို့။ အဝေး၌ရှိသော အသံကိုကြားနိုင်ခြင်း။နတ်တို့၏စကားသံကိုကြားနိုင်ခြင်းများသည် ဒိဗ္ဗသောတ အဘိညာမည်၏။ စေတောပရိယအဘိညာဆိုသည်ကား။ သူတပါးတို့၏စိတ်အကြံအစည်ကို သိနိုင်ခြင်းသည်၊ စေတောပရိယ အဘိညာမည်၏။ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဆိုသည်ကား။ ရှေးရှေးသောဘဝများစွာ ကမ္ဘာများစွာတို့ကို ပြန်၍ သိနိုင်ခြင်း. သည် ပုဗ္ဗေနိဝါသာနုဿတိအဘိညာမည်၏။ဒိဗ္ဗစက္ခုအဘိညာ ဆိုသည်ကား၊ နတ်သိကြားတို့၏ မျက်စိကဲ့သို့ အဆင်းသဏ္ဍာန်တို့ကိုမြင်နိုင်ခြင်းသည် ဒိဗ္ဗစက္ခုအဘိညာမည်၏။ ယထာကမ္မုပဂအဘိညာဆိုသည်ကား၊ သေလွန်၍ သွားသူတို့ကို ဘယ်ဘုံ ဘယ်ဘဝ၌ဖြစ်သည်ဟုသိနိုင်မြင်နိုင်ခြင်းသည် ယထာကမ္မုပဂ အဘိညာမည်၏။ ဤအဘိညာ သည်ကား။ ဒိဗ္ဗစက္ခု အဘိညာ အထူးပင်တည်း။ ။ဤသမာဓိသည်လည်း၊ဝဋ္ဋနိဿိတသမာဓိ ဝိဝဋ္ဋနိဿိတ သမာဓိဟူ၍ နှစ်ပါးရှိ၏။ ထိုတွင် ဗြဟ္မာ ပြည်သို့ ရောက်ခြင်းငှာ အားထုတ်၍ရရှိသောသမာဓိသည် ဝဋ္ဋနိဿိတ သမာဓိမည်၏။ ။ဤဝဋ္ဋနိဿိတဖြစ်သောအဘိညာခြောက်ပါး နှင့်တကွသော သမာပတ် ရှစ်ပါးသည် စကြဝဠာအနန္တ, ကမ္ဘာ အနန္တတို့မှာလည်းရှိကြ၏။ ထို့ကြောင့် သမာဓိသာမညမည်၏။ ယခုဘဝ၌ဝိပဿနာ၏အခြေ၊မဂ်၏အခြေ၊ ဖိုလ်၏အခြေဖြစ်စေခြင်းငှာ အားထုတ်၍ ရရှိသော အဘိညာသမာပတ်များသည် အဓိစိတ္တသိက္ခာမည်၏။ ။အဓိစိတ္တသိက္ခာပြီး၏။

ပညာဆိုသည်ကား။ခန္ဓာငါးပါး။အာယတနတဆဲ့နှစ်ပါး၊ဓာတ်တဆယ့် ရှစ်ပါး၊ ပဋိစ္စသမုပ္ပါဒ်တရား။ သစ္စာလေးပါး။ ဗောဓိပက္ခိယတရားတို့၌ ကျွမ်းကျင်လိမ္မာသောဉာဏ်ပညာသည်၎လည်း ကောင်း။အနိစ္စ။ဒုက္ခ၊ အနတ္တဟူသော လက္ခဏာရေး သုံးပါးတို့၌ ထိုးထွင်း၍သိနိုင်သော ဉာဏ်ပညာသည်လည်းကောင်း၊ ပညာ

www.dhammaransi.com



မည်၏။ဤပညာသည်ပင်လျှင်မြတ်စွာဘုရားသာသနာတွင်းနိုက်သာပေါ်ပေါက်နိုင်သော ပညာမျိုးဖြစ်၍ လွန်ကဲထူးမြတ် သောကြောင့်။အဓိပညာလည်းမည်၏။ ။အဓိပညာသိက္ခာပြီး၏၊

လောကုတ္တရာ မဂ္ဂင်ရှစ်ပါး၌ မှုကား၊ သမ္မာဝါစာ။ သမ္မာကမ္မန္တ၊သမ္မာအာဇီဝ။ဤမဂ္ဂင်သုံးပါးသည်၊အဓိသီလသိက္ခာမည်၏။ ။သမ္မာဝါယာမ။သမ္မာသတိ။သမ္မာသမာဓိ ဤမဂ္ဂင်သုံးပါးသည်၊အဓိစိတ္တသိက္ခာမည်၏။ ။သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပ။ ဤမဂ္ဂင်နှစ်ပါးသည်အဓိပညာသိက္ခာမည်၏။ ။ဗုဒ္ဓဘာသာနိုက်သီလ၊သမာဓိ။ပညာ။သိက္ခာခွဲခဏ်းပြီး၏။

ဤအရာ၌မေးဘွယ်ရှိ၏၊အဘယ်သို့မေးဘွယ်ရှိသနည်း ဟူမူကား၊ခန္ဓာငါးပါးအစရှိသည်တို့၌ ကျွမ်းကျင် လိမ္မာသော ပညာသည် သတ္တဝါတ်၏ကိုယ်ခန္ဓာ၌အကြောင်းအားလျော်စွာရှိနေကြသောဓမ္မတာတရားတို့ကိုရှိနေကြသည့်အတိုင်း သိမြင်ကြသည်ဖြစ်၍၊အံ့ဘွယ်သရဲ ထူးကဲသောတန်ခိုးအရေမျိုးမဟုတ်။ ဈာန်ဒိဗ္ဗအဘိညာစသောအဘိညာခြောက်ပါးတို့သည်သာလျှင်။ အံ့ဘွယ်သရဲထူးကဲသောတန်ခိုးအရာမျိုးဖြစ်၏။ ထို့ကြောင့် ခန္ဓာအစရှိသည်တို့၌ ကျွမ်းကျင် လိမ္မာသော ဉာဏ်ပညာကို အောက်ကျသောဒုတိယသိက္ခာ၌ထား၍၊ ဈာန်ဒိဗ္ဗအဘိညာစသော၊ အံ့ဘွယ်သရဲထူးကဲသော တန်ခိုးအရာမျိုးကို အထက်ကျသောတတိယတန်းထား၍ဆိုသင့်သည်မဟုတ်ပါလော။ ဤသို့မေးဘွယ်ရှိ၏၊

အဖြေကား၊ ။ဈာန်ဒိဗ္ဗအဘိညာစသောတန်ခိုးတို့၏ကိစ္စမည်သည်လောကကိုလွန်မြောက်သောအရာမဟုတ်၊လောက၌သာအသုံးကျသော တရားမျိုးပေတည်း။ ထိုစကားမှန်၏၊ ထိုအဘိညာခြောက်ပါးတို့၏ကိစ္စမျိုးသည် နတ်သိကြားတို့၏ ကမ္မဇိဒ္ဓိတန်ခိုးမျိုးနှင့်မတူကြ။ သူသူငါငါ သတ္တဝါတို့သည် နတ်ဘဝ သိကြားဘဝတို့ကိုများစွာရခဲ့လှလေကုန်ပြီ၊ကောင်းကင်မြေမိုဃ်း။ ပျံလျှိုးသွားလာနိုင်ဘူးကြလှလေကုန်ပြီ၊ လူတို့မကြားနိုင်သော ထိုထိုအသံမျိုးတို့ကိုလည်းကြားဘူးကြလှလေကုန်ပြီ၊ သူတပါးတို့စိတ်

www.dhammaransi.com



အကြီးလည်းသိဘူးကြလှလေကုန်ပြီ။ လွန်လေပြီးသော ရှေးရှေး
ဘဝ။ရှေးရှေးကမ္ဘာတို့ကိုလည်းသိဘူးကြလှလေကုန်ပြီ။ လူတို့မ
မြင်နိုင်ကြသောအဆင်း သဏ္ဍာန်တို့ကိုလည်း မြင်ဘူးကြလှလေ
ကုန်ပြီ၊သေလွန်၍သွားသူတို့၏ ဖြစ်ရာဘဝကိုလည်း သိဘူးကြလှ
လေကုန်ပြီ။လူ့ဘဝတို့၌ရသော့ရဟာန်းပြုကြကုန်ပြီးလျှင်။သမာပတ်
ရှစ်ပါးနှင့်တကွ။ ထိုလောကီအဘိညာခြောက်ပါးတို့သည် ရှိကြ
ကုန်သည်သာလျှင်တည်း။ ထို့ကြောင့် ဈာန်ဒိဗ္ဗဖအဘိညာ စသော
တန်ခိုးတို့၏ ကိစ္စမည်သည် လောကကို လွန်မြောက် နိုင်|သော
တရားမျိုးမဟုတ်။လောက၌သာ အသုံးကျပေသောတရားမျိုးပေ
တည်း၊ ။ခန္ဓာငါးပါးတို့နိုက်ကျွမ်းကျင်လိမ္မာသောပညာသည်
သာလျှင်လောကကိုလွန်မြောက်နိုင်သော ပညာမျိုးဖြစ်ပေ၏။ ထို
စကားမှန်၏။သတ္တဝါအပေါင်းတို့သည်၊အပါယ်ငရဲနိုက်တလဲလဲ
ကျရောက်၍နေကြရသည်ကားအတ္တဒိဋ္ဌိကြီး၏အတတ်ပေတည်း
ထိုအတ္တဒိဋ္ဌိကြီးကိုအကြွင်းအကျန်မရှိမပယ်နိုင်သေးသမျှကာလ
ပတ်လုံး။အထက်ပြဟ္မာ့ပြည်တို့မှသော်လည်းအပါယ်ငရဲသို့တလဲ
လဲကျရောက်၍နေကြရကုန်၏။ ခန္ဓာငါးပါးတို့၌ ကျွမ်းကျင်လိမ္မာ
သော့ပညာသည်သာလျှင်၊ ထိုအတ္တဒိဋ္ဌိကြီးကိုပယ်သတ်ရာပယ်
သတ်ကြောင်းလမ်းကောင်းလမ်းမြတ်ကြီးဖြစ်၏။ ၊ထိုအတ္တဒိဋ္ဌိ
ကြီးကိုအကြွင်းအကျန်မရှိပယ်သတ်နိုင်မှသာလျှင် အပါယ်ငရဲ၌
တလဲလဲကျမှုသည်၊တခါတည်းပျောက်ငြိမ်းလေ၏။ ။သံသရာ
လောကမှာလည်း၊ လွတ်ခွင့်လွတ်သမ်းကြီးပေါက်ရောက်လေ၏။
ထို့ကြောင့်ဈာန်ဒိဗ္ဗဖစသော လောကီအဘိညာများသည်။ အောက်
ကျသောဒုတိယသိက္ခာမျိုးသာဖြစ်ထိုက်၏၊ ။ခန္ဓာငါးပါးအစ
ရှိသည်တို့၌ကျွမ်းကျင်လိမ္မာသောပညာသည်သာလျှင်၊ အထက်
ကျသော တတိယတန်းမျိုး ဖြစ်ထိုက်၏။ ဤလည်းတရပ်။ တ
ကြောင်းမှာလည်းဘာသာတရားမျိုးတို့၌ဈာန်ဒိဗ္ဗဖအစရှိသောလော
ကီအဘိညာမျိုးကိုသုဘ်သိလကျွန်ပါဠိတော်-ကေဝဋ္ဋသုတ်။ စာ
အုပ်နံပါတ်–၁၇၄-၌၊ကေဝဋ္ဋအမည်ရှိသောသူကြွယ်သားသည်

www.dhammaransi.com



မြတ်စွာဘုရားကို ဤသို့လျှောက်၏၊ အရှင်ဘုရား ဤနာဠန္ဒ မြို့ကြီးသည်၊စည်ပင်သောမြို့ကြီးဖြစ်ပါသည်၊ တန်ခိုးအဘိညာဉ်နှင့်ပြည့်စုံသောရဟန်းတော်တပါးကိုတန်ခိုးအဘိညာဉ်ကိုပြ၍၊တရားဟောရန်ခွင့်ပြုတော်မူပါ၊ဟု သုံးကြိမ်တိုင်အောင် လျှောက်၏၊ မြတ်စွာဘုရားသည်သုံးကြိမ်တိုင်အောင်ပယ်တော်မူ၏။ ပယ်တော်မူပြီးလျှင်။ ဤသို့ဟောတော်မူ၏။ဒေသနာသည်ဣဒ္ဓိဒေသနာ၊အာဒေသနာ၊အနုသာသနီဒေသနာဟူ၍သုံးပါးရှိ၏။ထိုတွင်ဣဒ္ဓိဒေသနာဆိုသည်ကား။ရှေး၌ပြဆိုခဲ့ပြီးသောဣဒ္ဓိဝိဓတန်ခိုးကိုပြ၍တရားဟောခြင်းတည်း။အာဒေသနာဆိုသည်ကား။ ရှေး၌ပြဆိုခဲ့ပြီးသော စေတောပရိယအဘိညာဉ်ဖြင့်၊သူတပါးစိတ်အကြံကိုသိ၍။သိသည့်အတိုင်းပြောကြား၍တရားဟောခြင်းတည်း၊ အနုသာသနီဒေသနာဆိုသည်ကား။ဤကားအကုသိုလ်တည်း။ ဤကားကုသိုလ်တည်း။ အကုသိုလ်ကိုစွန့်ကြကုန်လော့၊ ကုသိုလ်တရားကို ပွါးများကြကုန်လော့ဟုတရားရှိသည့်အတိုင်းကို ဟုတ်တိုင်းမှန်တိုင်း ဆုံးမသောအားဖြင့်၊တရားဟောခြင်းတည်း၊ ထိုသုံးပါးတို့တွင် ဣဒ္ဓိဒေသနာ၊ အာဒေသနာနှစ်ပါးကိုငါဘုရားကဲ့ရဲ့တော်မူ၏။ ။ဣမံခေါကေဝဋ္ဋ၊ဣဒ္ဓိပါဋိဟာရိယေအာဒီနဝံသမ္ပဿမာနော၊ဣဒ္ဓိပါဋိဟာရိယေနအဋ္ဋီယာမိ၊ဟရာယာမိဇိဂုစ္ဆာမိဣမံခေါကေဝဋ္ဋ၊အာမိဒေသနာ။ပါဋိဟာရိယေအာဒီနဝံ သမ္ပဿမာနော၊ အာဒေသနာပါဋိဟာရိယေနအဋ္ဋီယာမိ၊ဟရာယာမိ။ဇိဂုစ္ဆာမိ၊ ။၎င်းသုတ်ပါဠိတော်-စာအုပ်နံပါတ်-၁၇၆။အနက်ကား၊ ။ကေဝဋ္ဋ၊ ကေဝဋ္ဋလုလင်။ခေါ။စင်စစ်၊ ဣဒ္ဓိပါဋိဟာရိယေ၊ တန်ခိုးပြာဋိဟာကိုပြခြင်း၌၊ဣမံအာဒီနဝံ။ဤသို့သောအပြစ်ကို၊သမ္ပဿမာနော။ မြင်သည်ဖြစ်၍၊ဣဒ္ဓိပါဋိဟာရိယေန၊တန်ခိုးပြာဋိဟာပြခြင်းမှ။ အဋ္ဋီယာမိ၊ငြီးငွေ့၏။ ဟရာယာမိ။ ရှက်စနိုး၏၊ ဇိဂုစ္ဆာမိ၊စက်ဆုပ်၏။ ။ကေဝဋ္ဋ။ ကေဝဋ္ဋလုလင်၊ အာဒေသနာ ပါဋိဟာရိယေန။ စိတ်အကြံကိုညွှန်ပြသောတန်ခိုးပြာဋိဟာ၌၊ခေါ၊စင်စစ်။ ဣမံအာဒီနဝံ၊ဤသို့သောအပြစ်ကို၊သမ္ပဿမာနော၊ မြင်သည်ဖြစ်၍၊အာ

www.dhammaransi.com



ဒေသနာပါဠိပဟာရိယေန။ စိတ်အကြံကိုညွှန်ပြသော တန်ခိုးပြာဋိဟာမှ။ အနုသာသနီယာ ဘိ။ ငြိုးငွေ့၏။ ဟာရာယာသိ။ ရှက်စနိုး၏။ ဖိဂုစ္ဆာမိ၊ စက်ဆုပ်၏။ ။ဤကား အနက်၊

ဤပါဠိတော်၌ ဤသို့သောအပြစ်ဆိုသည်ကား၊ လောကနိုက် ဂန္ဓာရီမည်သော ဝိဇ္ဇာမျိုး၊ စိန္တာမဏိမည်သော ဝိဇ္ဇာမျိုးသည် ရှိကြ၏။ ဣဒ္ဓိဝိဓတန်ခိုးပြာဋိဟာကိုရင်း၊ အာဒေသနာ တန်ခိုးပြာဋိဟာကိုရင်း၊ လူအပေါင်းတို့အားပြ၍၊ ဗုဒ္ဓဘာသာတရားကိုဟော ခဲ့သည်ရှိသော်။ သဒ္ဓါပညာနည်းပါးသောသူအပေါင်းတို့က။ ဗုဒ္ဓဘာသာသည်။ ဂန္ဓာရီဝိဇ္ဇာမျိုး၊ စိန္တာမဏိဝိဇ္ဇာမျိုးပေတည်း။ ထိုဝိဇ္ဇာမျိုးသည်လည်း။ ကမ္ဘာလောက၌ရှိကြမြဲဓမ္မတာဖြစ်၏။ သံသရာဝဋ်မှ ကျွတ်ကြောင်းလွတ်ကြောင်းမဟုတ်ဟု မှတ်ယူကြကုန်ရာ၏။ ဤကား အပြစ်ပေတည်း။ ။မြတ်စွာဘုရားသည် ဤသို့သောအပြစ်ကိုမြင်တော်မူ၍၊ တန်ခိုးပြခြင်းမျိုးကို ကဲ့ရဲ့တော်မူ၏။

ဝိနည်းပါဠိတော်၌မူကား၊ ရဟန်းတော်တို့-လူသတ္တဝါတို့အား တန်ခိုးပြမှုကိုမပြုကြစေရန်။ အာပတ်တပ်၍ပညတ်တော်မူ၏။ ။ နဘိက္ခဝေဂိဟိနံ ဥတ္တရိမနုဿဓမ္မံ ဣဒ္ဓိပါဋိဟာရိယံဒဿေတဗ္ဗံ။ ယောဒဿေယျအာပတ္တိဒုက္ကဋဿ။ ။စူဠဝဂ်ပါဠိတော်။ ခုဒ္ဒက ဝတ္ထုခန္ဓက၊ စာအုပ်နံပါတ်-၂၁၉။ ကြောင်းရေ-၁၈၊ ။အနက်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ဥတ္တရိမနုဿဓမ္မံ၊ လူတို့၏ကုသိုလ်တရားများထက်လွန်ကဲသော၊ ဣဒ္ဓိပါဋိဟာရိယံ၊ တန်ခိုးပြာဋိဟာပြမှုကို။ ဂိဟိနံ၊ သတ္တဝါတို့အား၊ နဒဿေတဗ္ဗံ။ မပြအပ်။ ယော၊ အကြင်ရဟန်းသည်၊ ဒဿေယျ၊ ပြငြားအံ့။ ဒုက္ကဋဿ၊ ဒုက္ကဋ်အပြစ်သို့၊ အာပတ္တိ၊ ရောက်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊

ဤပါဠိတော်၌၊ ဥတ္တရိမနုဿဓမ္မဆိုသည်ကား၊ သမာပတ်ရှစ်ပါး၊ ဣဒ္ဓိဝိဓစသောအဘိညာခြောက်ပါး၊ မဂ်လေးပါး၊ ဖိုလ် ၄-ပါး နိဗ္ဗာန်တရားများပေတည်း။ ထိုအလုံးစုံကိုပင် လူသတ္တဝါတို့အား

www.dhammaransi.com



ဖြစ်ခြင်းကိုပယ်တော်မူ၏။ထို့ကြောင့်။ ဗုဒ္ဓဘာသာ၌။ငါသည်။ဘယ်ဈာန်ကိုရသည်။ဘယ်သမာပတ်ကိုရသည်။ ဘယ်အဘိညာဉ်ကိုရသည်ဟူ၍မပြောအပ်။ထိုအတူ။ငါသည်။ သောတာပန်ဖြစ်သည်။ သကဒါဂါမ်ဖြစ်သည်၊ အနာဂါမ်ဖြစ်သည်။ ရဟန္တာဖြစ်သည်။ ငါ၌ဘယ်ကိလေသာ ငြိမ်းပြီဟူ၍မပြောအပ်။ ဥတ္တရိမနုဿဓမ္မကိုသာပယ်တော်မူသည်မဟုတ်၊ အထက်သုတ္တန်၌ လာရှိသည့်အတိုင်း၊ ဂန္ဓာရီဝိဇ္ဇာမျိုး၊ စိန္တာမယဝိဇ္ဇာမျိုး အစရှိသောဝိဇ္ဇာမယိဒ္ဓိတန်ခိုးအမျိုးမျိုးကိုလည်းပယ်တော်မူသည်သာတည်း။ ။ ထိုတန်ခိုးမျိုးကိုသာ ပယ်တော်မူသည်မဟုတ်သေး။ လောက၌ရှိနေကြသောမှော်အတတ်မျိုးတို့ကိုလည်းပယ်တော်မူ၏။

ဤစကားနှိုက်။မှော်အတတ်မျိုးသည်၊ လက်ျာလမ်း။ လက်ဝဲလမ်းဟူ၍နှစ်မျိုးရှိကြ၏၊ လက်ျာလမ်းကို။ နတ်မှော်ဟူ၍လည်းခေါ်ကြ၏။သမာဓိမှော်ဟူ၍လည်းခေါ်ကြ၏၊ ။လက်ဝဲလမ်းကိုဘီလူးမှော်ဟူ၍လည်းခေါ်ကြ၏။ ကဝေမှော်ဟူ၍လည်းခေါ်ကြ၏၊ထိုတွင်လက်ျာမှော်သည်၊ ဝေဿဝဏ္ဏမှော်၊မဟောသဓမှော်စသောအားဖြင့်အလွန်များပြား၏။ထိုမှတပါးလည်းဈဒ္ဓိဝိဇ္ဇအစရှိသောအဘိညာဉ်တန်ခိုးမျိုးသည်။သဒ္ဓါ,ပညာမရှိကြသောလူသတ္တဝါအပေါင်းတို့ကို။ ဘာသာတရားအရာနှိုက်။ လွန်စွာမှောက်မှားစေတတ်၏။မှောက်မှားစေပုံကား၊ ။ဒေဝဒတ္တော ပဉ္စာဘိညော ဒိဗ္ဗစက္ခုကော။ ပဉ္စန္နံ အဘိညာဏံ မဂ္ဂကေဌိတံ၊ ။မူလပဏ္ဏာသအဋ္ဌကထာ။သာရေပမသုတ်အဘွင့်၌ဆို၏။ ။အနက်ကား၊ ။ ဒေဝဒတ္တော၊ရှင်ဒေဝဒတ်သည်၊ပဉ္စာဘိညော။ အဘိညာဉ်ငါးပါးကိုရ၏။ဒိဗ္ဗစက္ခုကော။ဒိဗ္ဗစက္ခုအဘိညာဉ်သည်လည်းပဉ္စန္နံ အဘိညာဏံ၊အဘိညာဉ်ငါးပါးတို့၏၊မဂ္ဂကေ၊ အထွတ်အထိပ်နှိုက်၊ ဌိတံ၊ တည်၏။ ။အနက်။ ။ထိုရှင်ဒေဝဒတ်သည်၊အဇာတသတ်မင်းသားအား။ ထိုအဘိညာဉ်တို့ကိုပြလေ၏။ အဇာတသတ်မင်းသားသည်။ထိုအဘိညာဉ်တို့ကို။ ကိုယ်တိုင်တွေ့မြင်ရ၍၊ ရှင်ဒေဝဒတ်သည်၊ရှင်ဂေါတမထက် တန်ခိုးကြီးသည်ဟုမှတ်ယူပြီးလျှင်။ ရှင်

www.dhammaransi.com



ဒေဝဒတ်အထံသို့။ ရထားငါးရာနှင့်နေ့စဉ်ခစား၏။ ဆွမ်းချက်ဝတ်ငါးရာအမြဲတည်၏။ သဒ္ဓါပညာနည်းပါးကြသောရာဇဂြိုဟ်ပြည်သူပြည်သားတို့သည်လည်း။ ရှင်ဒေဝဒတ်အားများစွာခစားကြကုန်၏ ထိုအခါရှင်ဒေဝဒတ်သည်။ အဇာတသတ်မင်းသားအား ဤသို့ပြောဆို၏။ ဒကာတော်မင်းသား။ ခမည်းတော်ကိုသတ်၍ရှင်ဘုရင်လုပ်လော့။ ငါသည်ရှင်ဂေါတမကိုသတ်၍ဘုရားလုပ်မည်ဟုပြောလေ၏။ အဇာတသတ်မင်းသားသည် ခမည်းတော်ကိုသတ်၍ မင်းပြုလေ၏။ ပိတုဃာတကကံကြီးထိုက်လေ၏။ တန်ခိုးအတွက်မှောမှားချက်ကြီးပေတည်း။ ရှင်ဒေဝဒတ်သည်လည်း။ မြတ်စွာဘုရားကိုသတ်ခြင်းငှာ။ အဇာတသတ်မင်းအား။ လေးသမားငါးရာတို့ကိုစေလွှတ်ရမည်ဟုဆိုလေ၏။ အဇာတသတ်မင်းသည်။ လေးသမားငါးရာတို့ကိုစေလွှတ်လေ၏။ တန်ခိုးအတွက် မှောက်မှားချက်ကြီးပေတည်း။ သို့သော်မြတ်စွာဘုရား တန်ခိုးတော်ကြောင့်။ မသတ်နိုင်ကြဘဲတရားတော်ကိုနာခံ၍ ပြန်ကြလေ၏။ တဘန်ဂိဇ္ဈကုဋ်တောင်ခြေစင်္ကြံတော်မှအထက်၌ ကြီးစွာသောကျောက်လုံးကြီးကိုမောင်းဆင်၍ ထားပြီးလျှင် မြတ်စွာဘုရား စင်္ကြံကြွစဉ်အခါ။ မောင်းကိုဖြတ်ချလေ၏။ တောင်ခုလတ်၌ရှိနေသောကျောက်လုံးကြီးနှစ်ခုသည်ထွက်၍ခံသဖြင့် ။ထိုကျောက်လုံးကြီးသည်အောက်သို့ မကျနိုင် ရှိလေ၏။ ကျောက်လုံးချင်း ထိခိုက် ရာမှကျောက်လွှာငယ်တခုသည်လွင့်စင်၍ မြတ်စွာဘုရား၏ခြေတော်ကြား၌ တိမှန်လေ၏။ မှန်ရာ၌ သွေးခြည် ဥလေ၏။ ဒေဝဒတ်မှာ။ လောဟိတုပ္ပါဒကကံကြီး ထိုက် လေ၏။

။တဘန် မြတ်စွာဘုရားကိုသတ်ရန်အနည်းနည်း ကြံဘန်အားထုတ်သော်လည်း။ မသတ်နိုင်ရှိသောအခါ။ ဗုဒ္ဓဘာသာမှဂိုဏ်းခွဲ၍ ဘုရား အသီးအခြားဘာသာအသီးအခြားလုပ်မည်ဟု ကြံပြီးလျှင်။ သံဃာသင်းခွဲမှုကိုပြုလေ၏။ သံဃဘေဒကကံကြီးထိုက်လေ၏။ တန်ခိုးအတွက်မှောက်မှားချက်ကြီးပေတည်း။

။ဤအကြောင်း များကိုကား။ ဝိနည်းစူဠဝါပါဠိတော် သံဃဘေဒကခန္ဓကတွင် အကျယ်လာ

www.dhammaransi.com



ပေ၏။ ဤသို့လျှင်တန်ခိုး အဘိညာမည်သည်၊ လူသတ္တဝါတို့ကို ဘာသာတရားအရာ၌လွန်စွာမှောက်မှားစေတတ်၏၊ တန်ခိုးကို အရင်းပြုပြီးလျှင် ကောင်း မြတ်သော ဘာသာကို ပယ်ဖျက်၍၊ ဘာသာမှားကြီးအသီးသီးဖြစ်၍ သွားတတ်၏၊ ပညာသတိရှိကြ လေကုန်၊

ရှေးအခါ၌ငါတို့မြန်မာနိုင်ငံတွင် မာရ်အသင်း၊ဉာဏ်အသင်း ခန္ဓာအသင်းဟူ၍ဖြစ်ပေါ်ဘူး၏။မာရ်အသင်းဆိုသည်ကား၊ငါတို့ သည်ယခုဘဝတွင် မာရ်ငါးပါးကို အောင်နိုင်ကြကုန်ပြီဟု ယူ သောအသင်းပေတည်း။မာရ်ငါးပါးဆိုသည်ကား(၁)ဒေဝပုတ္တ မာရ်တပါး (၂) ကိလေသမာရ်တပါး (၃) အဘိသင်္ခါရ မာရ် တပါး (၄) ခန္ဓမာရ်တပါး (၅) မစ္စုမာရ်တပါး။ဤကားမာရ်ငါး ပါးတည်း။ထိုသူတို့၏အလိုအားဖြင့်။မာရ်ငါးပါးကိုအောင်ပုံကား (၁)ငါတို့သည်၊သေသည်မှနောက်၌နတ်သား၊ နတ်သ္မီးဖြစ်ခြင်း ကိုအလိုမရှိကြကုန်ပြီ။ဤကားဒေဝပုတ္တမာရ်ကို အောင်ပုံတည်း။ (၂)ငါတို့၌ဘဝကိုသာယာသောတဏှာမရှိကြကုန်ပြီ၊ ဤကား ကိလေသာမာရ်ကိုအောင်ပုံတည်း၊ ။(၃)ငါတို့သည်ကုသိုလ် ကံအကုသိုလ်ကံကိုမပြုကြကုန်ပြီ။ ဤကားအဘိသင်္ခါရမာရ်ကို အောင်ပုံတည်း။ ။(၄)ငါတို့သည်သေသည်မှနောက်၌ ဘာ ခန္ဓာအသစ်ကိုအလိုမရှိကြကုန်ပြီ၊ ဤကားခန္ဓာမာရ်ကိုအောင်ပုံ တည်း။ ။(၅) ခန္ဓာမာရ်ကိုအောင်လျှင်၊ ဘဝအဆက်ဆက် သေခြင်းမှ ကင်းလွတ် သဖြင့်၊ မစ္စုမာရ်ကိုလည်း အောင်လေ တော့သည်၊ဤကား ဤသူတို့အလိုအားဖြင့်မာရ်ငါးပါးကိုအောင် ပုံတည်း၊

ကျမ်းဂန်အလိုနှင့်(၁)ဒေဝပုတ္တမာရ်ဆိုသည်ကား၊ ဝသဝတ္တီ မာရ်နတ်မင်းကိုဆိုသတည်း၊ ။(၂)ကိလေဿမာရ်ဆိုသည်ကား တထောင့်ငါးရာကိလေသာကိုဆိုသတည်း(၃)အဘိသင်္ခါရမာရ် ဆိုသည်ကား။ကုသိုလ်ကံအကုသိုလ်ကံ ၂ ပါးကိုဆိုသတည်း၊ (၄)ခန္ဓမာရ်ဆိုသည်ကား၊ပဋိသန္ဓေခန္ဓာ၊အနာဂတ်ခန္ဓာနှစ်ပါးကိုဆို

www.dhammaransi.com



သတည်း။ ။(၅)မစ္စုမာရ်ဆိုသည်ကား။ပစ္စုပ္ပန်ဘဝ၌သေရခြင်း အနာဂတ်ဘဝ၌သေရခြင်းများကိုဆိုသတည်း။ထိုတွင် (၁)ဒေဝ ပုတ္တမာရ်ကိုအောင်ခြင်းသည်။ မာရ်စစ်သည် ဗိုလ်ပါကိုဖြိုဖျက် သောအားဖြင့်အောင်ခြင်း၊မာရ်မင်း၏အရာကိုလွန်သောအားဖြင့် အောင်ခြင်းဟူ၍နှစ်ပါးရှိ၏။ထိုတွင်မြတ်စွာဘုရားသည်ဗောဓိပင် ရွှေပလ္လင်၌နေတော်မူစဉ်။ ရွှေပလ္လင်ကိုလုယက်ခြင်းငှါ ချီတက်၍ လာသော။ မာရ်စစ်သည်ဗိုလ်ပါအပေါင်းတို့ကို။ ပါရမီလက်နက် ဖြင့်ဖြိုဖျက်အောင်မြင်တော်မူခြင်းသည်။မာရ်စစ်သည်ဗိုလ်ပါကို အောင်မြင်ခြင်းမည်၏။လောကီလောကုတ္တရာ။အပ္ပနာဈာန်ကိုဝင် စား၍နေသောသူ၏စိတ်ကို၊မာရ်နတ်ကြီးသည်မမြင်နိုင်၊မတွေ့နိုင် ထို့ကြောင့်၊ထိုအပ္ပနာဈာန်ကိုဝင်စားတော်မူခြင်းသည်၊ မာရ်မင်း ၏အရာကိုလွန်သောအားဖြင့်အောင်ခြင်းမည်၏။( ၂) ကိလေသာ တို့ကိုမဂ် ၄ ပါးတို့ဖြင့်၊အကြွင်းမဲ့ပယ်ခြင်းသည်၊ကိလေသမာရ် ကိုအောင်မြင်ခြင်းမည်၏၊(၃)ကိလေသာတို့ကိုအကြွင်းမဲ့ပယ်သ ဖြင့်လည်း။ ကုသိုလ်ကံအကုသိုလ်ကံတို့ကိုလည်းစွန့်ပယ်နိုင်ခြင်း သည်။ အဘိသင်္ခါရမာရ်ကိုအောင်မြင်ခြင်းမည်၏။ (၄) ပစ္စုပ္ပန် ခန္ဓာကိုအောင်မြင်ခြင်းမည်သည်ကား။ ပစ္စုပ္ပန်ခန္ဓာတို့နှင့်လက္ခ ဏာရေးသုံးပါးတို့ကို အမြင်ပေါက်သဖြင့်။ ထိုခန္ဓာတို့နှင့်တွယ် တာလျက်ရှိသော။ တဏှာ၊ မာန။ ဒိဋ္ဌိတို့ကိုပယ်နိုင်ခြင်းသည်၊ ပစ္စုပ္ပန်ခန္ဓမာရ်ကိုအောင်မြင်ခြင်းမည်၏။ ယခုလူ့ဘဝ၌သမ္ဗုတိ သစ္စာဟူသောတဏှာကိုပယ်သဖြင့်။နောက်အနာဂတ်ဘဝ၌၊ခန္ဓာ တို့၏ ဖြစ်ပေါ်ခြင်းကိုပယ်နိုင်ခြင်းသည် အနာဂတ် ခန္ဓမာရ်ကို အောင်မြင်ခြင်းမည်၏။ (၅) ခန္ဓမာရ်-၂-ပါးကိုအောင်မြင်သည့် အတိုင်း။မစ္စုမာရ် ၂ ပါးကိုလည်း အောင်မြင်တော်မူ၏။ ။ဤ ကားကျမ်းဂန်တို့၌လာသောမာရ်ငါးပါးကိုအောင်မြင်ပုံတည်း။

မာရ်အောင်ခဏ်းပြီး၏။

---

www.dhammaransi.com



ဉာဏ်အသင်းဆိုသည်ကား။ သဗ္ဗညုတ ဉာဏ်တော်အသင်း ဟုဆိုလို၏။ ငါကိုသည်၊ သဗ္ဗညုတဉာဏ်တော်ကိုသာ ဘုရားအစစ်ဟုယုံကြည်၏။ ခန္ဓာတော်ကိုဘုရားအစစ်ဟုမယုံကြည်၊ သဗ္ဗညုတဉာဏ်တော်ကိုသာ ငါတို့ကိုးကွယ်၏၊ ခန္ဓာတော်ကိုငါတို့ မကိုးကွယ်။ ဓာတ်တော်၊ မွေတော်၊ စေတီတော်၊ ပုထိုးတော်၊ ရုပ်ပွါးတော်၊ ဆင်းတုတော်များကိုလည်း။ ငါတို့ မကိုးကွယ်ဟုယူသောအသင်းပေတည်း။ ၊ထိုအယူသည်မှား၏။ မှားပုံကား သဗ္ဗညုတဉာဏ်တော်သည်သာလျှင်၊ ခပ်သိမ်းသောတရားကိုအဟုတ်အမှန်သိတော်မူနိုင်၏။ ဝေနေယျ သတ္တဝါတို့၏ အကျိုးကိုရွက်ဆောင်တော်မူသောအခါ၌မူကား၊ သဗ္ဗညုတ ဉာဏ်တော်ကြီး သက်သက်နှင့်ဆောင်ရွက်နိုင်သည်မဟုတ်။ ခန္ဓာတော်နှင့်ဆောင်ရွက်ရ၏။ ထို့ကြောင့်၊ ခန္ဓာတော်သည်လည်း။ ဝေနေယျသတ္တဝါတို့၏ ကိုးကွယ်ရာကြီးအစစ်ဖြစ်၏။ ခန္ဓာတော်နှင့်စပ်သောဓာတ်တော်၊ မွေတော်၊ စေတီတော်၊ ပုထိုးတော်၊ ရုပ်ပွါးတော်၊ ဆင်းတုတော်များသည်လည်း၊ ဉာဏ်တော်၊ ခန္ဓာတော်များကို အာရုံပြု၍ ကိုးကွယ်သည့်အတွက်၊ ကုသိုလ်ကောင်းမှုဖြစ်၍၊ အကျိုးရှိသည်သာဖြစ်၏။

ဝေနေယျသတ္တဝါတို့၏အကျိုးကို၊ ခန္ဓာတော်နှင့်ဆောင်ရွက်မှုဆိုသည်ကား၊ ဝေနေယျသတ္တဝါတို့ရှိနေရာ၊ မြို့ရွာနိုင်ငံသို့၊ ခန္ဓာတော်ဖြင့် ဒေသစာရီ လှည့်လည် တော်မူခြင်း။ တရားဓမ္မတို့ကို ဟောတော်မူခြင်း၊ ကိုယ်တော်မြတ်အထံသို့ ရောက်လာကြကုန်သောလူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့ကို၊ တရားဓမ္မဆုံးမပြောဟောခြင်းအစရှိသည်တည်း။ ၊အချို့သောသူတို့ကား၊ သဗ္ဗညုတဉာဏ်တော်မည်သည်၊ ကမ္ဘာလောကကြီး၌အမြဲတည်ရှိ၏။ အကြင်ပုဂ္ဂိုလ်သည်၊ ထိုသဗ္ဗညုတ ဉာဏ်တော်ကြီးကို၊ မိမိစိတ်သန္တာန်သို့ရောက်အောင်ကျင့်ဆောင်နိုင်၏။ ထိုပုဂ္ဂိုလ်ကိုလောက၌ဗုဒ္ဓဘုရားဟူ၍ခေါ်ဝေါ် အပ်၏။ ထိုဘုရားသည်၊ အသက်ဝိညာဉ်တော်တည်ရှိသမျှကာလပတ်လုံး၊ ဝေနေယျသတ္တဝါတို့ကို ကယ်

www.dhammaransi.com



တင်နိုင်၏။ အသက်ဝိညာဉ်တော်ချုပ်ဆုံး၍။ ပရိနိဗ္ဗာန်စံသောအခါ၌မူကား။ ကယ်တင်ခြင်းငှါမတတ်နိုင်ပြီ၊ ထို့ကြောင့်။ ပရိနိဗ္ဗာန်စံလွန်ပြီးသောဘုရားကို။ ဆည်းကပ်ကိုးကွယ်၍အကျိုးမရှိ။ သဗ္ဗညုတဉာဏ်တော်သည်လည်း၊ ထိုဘုရားပရိနိဗ္ဗာန်စံလွန်သောအခါနောက်၌ပွင့်တော်မူလတံ့သောဘုရားလောင်း၏ဆိုင်ရာဖြစ်၏။ ထို့ကြောင့်နောက်နိုက်ပွင့်တော်မူလတံ့သော ဘုရားလောင်းကို ဆည်းကပ် ကိုးကွယ်ရခြင်းသည်။ နောင်ဘုရားဖြစ်သော အခါ၌။ ကယ်တင်ပေလိမ့်မည်ဖြစ်၍အကျိုးရှိ၏၊ ယခုအခါ၌ရှင်ဂေါတမဘုရားသည် ပရိနိဗ္ဗာန် စံလွန်ပြီးဖြစ်၍, မည်သူတယောက်ကိုမျှကယ်တင်နိုင်တော့မည်မဟုတ်။ ရှင်ဂေါတမကို။ ဆည်းကပ်ကိုးကွယ်၍။ အကျိုးမရှိ။ နောင်ပွင့်တော်မူလတံ့သော အရိမေတ္တေယျမြတ်စွာဘုရားအလောင်းတော်ကိုဆည်းကပ်ကိုးကွယ်လျှင်၊ နောင်ဘုရားဖြစ်သောအခါကယ်ဆယ်ပေလိမ့်မည်ဖြစ်၍ အကျိုးရှိ၏ဟုယူကြကုန်၏။ ထိုအယူ၌မည်သူတယောက်ကိုမျှ ကယ်တင်နိုင်တော့သည်မဟုတ်။ ရှင်ဂေါတမကိုဆည်းကပ်ကိုးကွယ်၍ အကျိုးမရှိဟူသောအယူသည်မှား၏။ အဘယ်ကြောင့်နည်းဆိုသော် ရှင်ဂေါတမသည့်ပရိနိဗ္ဗာန်စံလွန်ပြီးဖြစ်ငြားသော်လည်း။ ရှင်ဂေါတမ၏ကယ်တင်မှုကြီးသည်မူကား။ နောင်သာသနာတော် အနှစ်ငါးထောင်ရှိသည်တိုင်အောင်၊ လူလောက။ နတ်လောက။ ဗြဟ္မာလောကတို့၌တည်ထွန်းလျက်ရှိ၏။ ရှိပုံကား၊ ရှင်ဂေါတမသည်။ သဗ္ဗညုတဉာဏ်ကိုရ၍ဘုရားအဖြစ်သို့ရောက်ပြီးလျှင်။ လေးဆဲ့ငါးနှစ်ပတ်လုံးဓမ္မက္ခန္ဓာဒေသနာပေါင်း ရှစ်သောင်းလေးထောင်တို့ကို တည်ထားတော်မူ၏။ ထိုဓမ္မက္ခန္ဓာတို့တွင်။ မိမိတို့နှင့် သက်ဆိုင်ရာဓမ္မက္ခန္ဓာဒေသနာတို့ကိုကောင်းစွာကျင့်ဆောင်ကြသော လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့သည်မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့ကိုရနိုင်ကြကုန်၏။ ယခုအခါရှင်ဂေါတမ ပရိနိဗ္ဗာန်စံလွန်ပြီးဖြစ်ငြားသော်လည်း။ ထိုဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်တို့သည်နောင်သာသနာတော်အနှစ်ငါးထောင်တိုင်အောင်

www.dhammaransi.com



တည်ရှိလတံ့သည်သာဖြစ်၏။ ဓမ္မက္ခန္ဓာဒေသနာတော်တည်ရှိသမျှကာလပတ်လုံး၊ မိမိတို့နှင့်သက်ဆိုင်ရာဓမ္မက္ခန္ဓာဒေသနာတို့ကို ကောင်းစွာကျင့်ဆောင်ကြသော လူနတ်ပြဟ္မာသတ္တဝါ အပေါင်းတို့သည်၊လူချမ်းသာ၊နတ်ချမ်းသာ၊ပြဟ္မာချမ်းသာ၊ မဂ်ချမ်းသာ၊ဖိုလ်ချမ်းသာ၊နိဗ္ဗာန်ချမ်းသာတို့ကိုရနိုင်ကြကုန်၏။ ထိုကြောင့်ရှင်ဂေါတမကယ်တင်မှုသည်။ နောင်သာသနာတော်အနှစ်ငါးထောင်ရှိသည်တိုင်အောင်လူ့လောက၊နတ်လောက၊ ပြဟ္မာလောကတို့၌တည်ထွန်းလျက်ရှိ၏ဟု မှတ်ယူအပ်၏။ ဥပမာကား၊ ရောဂါမျိုးအနာမျိုးတို့နှိုက်၎င်း၊ ဆေးဝါးဓာတ်စာတို့၌၎င်း အလွန်လိမ်မာသောဆရာဝန်ကြီးသည်ရှိသတတ်။ထိုဆရာဝန်ကြီးသည်၊အလွန်လိမ်မာသည်အလျောက်။ ဆေးကျမ်း၊ ဓာတ်ကျမ်းတို့ကိုစီရင်၍ထားခဲ့ပေရာ၏။ထိုဆရာဝန်ကြီးသည်သေလွန်၍သွားသော်လည်း။ထိုဆေးကျမ်း၊ ဓာတ်ကျမ်းတို့သည်လောက၌တည်ရှိသမျှကာလပတ်လုံး၊အနာရောဂါရှိသောသူတို့ကို။ ထိုဆရာဝန်ကြီး၏ ကယ်တင်မှုသည်တည်ရှိသည်သာလျှင်ဖြစ်သကဲ့သို့တည်း။ ။နောင်ပွင့်တော်မူလတံ့သောအရိမေတ္တေယျမြတ်စွာဘုရား၏ ကယ်တင်မှုဆိုသည်လည်း။ဤဓမ္မက္ခန္ဓာဒေသနာတရားတို့ကိုဟောမှုပင်တည်း။ဒေသနာတရားကိုလွှတ်၍တန်ခိုးတော်နှင့်ကယ်တင်သည်မဟုတ်၊ထိုအခါ၌သတ္တဝါ အပေါင်းတို့သည်လည်း။ မိမိနှင့်သက်ဆိုင်ရာဓမ္မက္ခန္ဓာကိုကောင်းစွာ ကျင့်ဆောင်နိုင်မှုသာလျှင်၊မဂ်ချမ်းသာဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ များကို ရနိုင်ကြကုန်၏။ဘုရားကိုကြည်ညိုရုံသက်သက်မျှဖြင့်၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊နိဗ္ဗာန်ချမ်းသာများကိုရနိုင်ကြသည်မဟုတ်၊ အရိမေတ္တေယျဘုရားပွင့်တော်မူမည့်အခါကာလသည်၊အလွန်ဝေးကွာလှသေး၏။ ရှင်ဂေါတမသာသနာကွယ်လွန်ပြီးနောက်၌။ မဟာပထဝီ မြေကြီးသည်။အထက်သို့တယူဇနာခန့်တက်မှပွင့်တော်မူလတံ့၊သာသနာနှစ်ခုတို့၏အကြား၌၊သာသနာပကာလတွင်။ လူ့ဘဝ၊နတ်ဘဝနှင့်ဆိုးသောဘဝပေါင်းကုဋေများစွာကျင်လည်ကြရလတံ့၊ သာသနာပ

www.dhammaransi.com



ကာလ၌ကျင်လည်ကြသည့်အခါ။ ဗိဒ္ဓိအမှောက်အမှားအမျိုးမျိုး၊ ဒုစ္စရိုက်အဓိက်အခဲ အမျိုးမျိုး။ အပါယ်ဆင်းရဲအမျိုးမျိုးတို့နှင့်အဘယ်မျှလောက်ကြုံကြိုက်ကြရ လိမ့်ဦးမည်မသိ။ အရိမေတ္တေယျဘုရားကိုအားကိုးရန် အခွင့်သည်၊ ဤမျှလောက်ခက်ခဲ လှချေ၏။ အရိမေတ္တေယျ အလောင်းတော် နတ်သားကြီးသည်၊ဤခက်ခဲမှုကြီးမှလွတ်မြောက်အောင်ကယ်တင်နိုင်လိမ့်မည်မဟုတ်။ ယခုရှိနေသော ရှင်ဂေါ တမ၏ ဓမ္မက္ခန္ဓာတော် များသည် သာလျှင်။ ကောင်းစွာ ကျင့်ဆောင်သော သူတို့ကို ဤခက်ခဲမှုကြီးမှ လွတ်မြောက်အောင်ကယ်တင်နိုင်လတံ့။ ။ပညာသတိရှိကြစေကုန်။

ဤသဗ္ဗညုတဉာဏ်တော်အသင်းသားတို့၏အယူ၌၊ သဗ္ဗညုတဉာဏ်တော်သည်။ အဘယ်၌ကျင်လည်ကျက်စားပါသနည်းဟုမေးရာ၏၊ဝိနည်း၊သုတ္တန်၊အဘိဓမ္မာဟူသော ပိဋကတ်သုံးပုံ၌ကျင်လည်ကျက်စားသည်၊အထူးအားဖြင့်၊အဘိဓမ္မာခုနစ်ကျမ်း၌ကျင်လည်ကျက်စား၏။ ထိုကြောင့်၊ အဘိဓမ္မာ ခုနစ်ကျမ်းကိုတတ်သိလိမ္မာခြင်းရှိသောသူသည်သာလျှင်၊သဗ္ဗညုတဉာဏ်ကိုတွေ့ရသောသူမည်၏။အဘိဓမ္မာကိုတတ်သိလိမ္မာခြင်း မရှိသောသူသည်သဗ္ဗညုတဉာဏ်ကိုမတွေ့။အဘိဓမ္မာနှင့် ဝေးကွာသောသူသည်၊သဗ္ဗညုတဉာဏ်နှင့်အလွန်ဝေးကွာ၏။

အဘိဓမ္မာကိုငြင်းပယ်သောသူသည်၊သဗ္ဗညုတဉာဏ်တော်ကိုငြင်းပယ်သောသူမည်၏။ ထို့ကြောင့်။ သဗ္ဗုတ ဉာဏ်တော်အသင်းနှိုက်။ ထိုအသင်း သားများသည်။ သဗ္ဗုတဉာဏ်တော်ကိုတွေ့ဘူးကြသောသူများဟုတ်၏လော။ မဟုတ်၏လော။သဗ္ဗညုတဉာဏ်တော်နှင့် နီးစပ်သောသူများဟုတ်၏လော၊ မဟုတ်လောဟုစုံစမ်းဘွယ်ရှိချေ၏။ ။ဉာဏ်တော်အသင်း၌စိစစ်ချက် ပြီး၏၊

ခန္ဓာအသင်းဟူရာ၌၊ သဗ္ဗညုတဉာဏ်တော်သည်လည်းပါရှိ၏။သီလဂုဏ်တော်သည်လည်းပါရှိ၏။ သမာဓိဂုဏ်တော်သည်လည်းပါရှိ၏၊ပညာဂုဏ်တော်သည်လည်းပါရှိ၏၊နာမကာယခန္ဓာတော်သည်လည်းပါရှိ၏၊ ရူပကာယခန္ဓာတော် သည်လည်းပါရှိ

www.dhammaransi.com



၍၊အလုံးစုံကိုပင်ကိုးကွယ်၍၊ကိုးကွယ်ခြင်းသည်လည်း သုံးပါးရှိ ၍၊သုံးပါးဆိုသည်ကား၊ဗုဒ္ဓဘာသာသာဘာဝသို့ရောက်၍၊မိမိသန္တာန် ၌ကုသိုလ်တရားတို့၏များစွာဖြစ်ပွါးခြင်း၊အသိအလိမ္မာတရားတို့ ၏များစွာဖြစ်ပွါးခြင်း၊ဤသို့ မိမိသန္တာန်၌ ရရှိပြီးသော ကျေးဇူး တော်တို့ကိုမြော်ထောက်၍၊ အလွန်ကျေးဇူး ကြီးလှပေသည်ဟု ဆည်းကပ်မြတ်နိုး၊ ရှိခိုးပူဇော်ခြင်းတပါး၊ ရှေ့သို့အသစ်အသစ် ဖြစ်လတံ့ သောကုသိုလ်ပွါးများမှု၊အလိမ္မာပွါးများမှုတို့ကိုအလို ရှိ၍၊ဆည်းကပ်မြတ်နိုး၊ ရှိခိုးပူဇော်ခြင်းတပါး၊ မိမိနှက်ရရှိပြီး၊ ရရှိလတံ့သောကျေးဇူးတို့ကိုမငဲ့မူ၍၊သက်သက်အားဖြင့် သီလ ဂုဏ်တော် သမာဓိဂုဏ်တော်၊ ပညာဂုဏ်တော်တို့ကို၊ကြည်ညို လေးမြတ်သောအားဖြင့်၊ဆည်းကပ်မြတ်နိုး၊ရှိခိုးပူဇော်ခြင်းတပါး ဟူ၍၊ ကိုးကွယ်ခြင်း သုံးပါးရှိ၏၊ ဤသုံးပါးလုံးသည်၊ သူတော် ကောင်းတို့၏အလေ့အလာကြီးဖြစ်၏၊ပညာရှိတို့၏အလေ့အလာ ကြီးဖြစ်၏၊ ၊ဤအရာနှက်၊ ၊ကိံ ေတဝဏ္ဏလိ၊ဣမိနာမေပုတိ ကာယေန ဝိဒ္ဓေနယောဟိဝဏ္ဏလိ ဓမ္မံနပဿတိ၊ သောမံနပဿ တိ၊ ယောဓမ္မံပဿတိ၊သောမံပဿတိ, ဟူ၍လာသော ဝက္ကလိ သံယုတ်ပါဠိတော်၌ရှင်းလင်းဘွယ်ရှိသည်ကို၊ သာသနဝိသော ဓနီ၊ဌက်တွင်းစာအုပ်အဖြေ၌ရှင်းလင်းခဲ့ပြီ၊

ခန္ဓာအသင်း၌ရှင်းလင်းချက်ပြီး၏။

---

အရိယာပုဂ္ဂိုလ်ဟူသောစကားနှက်၊အရိယာဆိုသည်ကား၊ ၊ ဖြူစင်သည့်စင်ကြယ်သည်ဟုဆိုလို၏၊ထိုအရိယာသည်၊လောကီ အရိယာ၊လောကုတ္တရာအရိယာဟူ၍ ၂မျိုးရှိ၏၊ထိုတွင်လောကီ အရိယာဆိုသည်ကား၊လူဖြစ်စေ၊ရသေ့ရဟန်းဖြစ်စေ၊ အကြင် ပုဂ္ဂိုလ်သည်၊ဖြူစင်သောသီလရှိ၏၊ ဒုစ္စရိုက်တရားတို့ကို ရှောင် ကြဉ်၏၊သုစရိုက်တရားတို့ကိုကျင့်ဆောင်၏၊ မေတ္တာ,ကရုဏာ'

www.dhammaransi.com



မုဒိတာ,ဥပေက္ခာဟူသောဗြဟ္မဝိဟာရတရား ၄ပါးနှင့်ပြည့်စုံ၍။ ခန္ဓာ၀ါးပါး။ ရုပ်နာမ်တရားတို့နှိက်။ငါ၏ အတ္တဟု စွဲလမ်းသော။ အတ္တဒိဋ္ဌိကို မူကား။ မ ပယ် နိုင် စွဲလမ်း မြဲ စွဲလမ်း လျက် ရှိ၍။ ထိုပုဂ္ဂိုလ် သည်လော ကီအရိ ယာ မည်၏။ အ ဘယ် ကြောင့် နည်း ဆိုသော်၊ ခန္ဓာ ငါးပါး ရုပ်နာမ် တရား တို့၌ ငါ၏ အတ္တ ဟု စွဲ လမ်း ခြင်း သ ည်။ ၊လော ကီ ဘုံ သား လူ အ များ တို့၏ ဓမ္မတာ ဖြစ်၏။ ထို ဓမ္မ တာကို မလွန်နိုင် သော ကြောင့်။ လော ကီအရိယာ ဟူ၍ ဆိုအပ်၏။ အရိယာစစ် မဟုတ်ဘဲလျက်။ လူ့ အများတို့က၊ အရိယာဟူ၍ခေါ် ဝေါ် သမုတ်ကြ သောကြောင့်။ သမ္မုတိအရိယာလည်းမည်၏၊ထိုပုဂ္ဂိုလ်သည်၊အတ္တဒိဋ္ဌိကိုမပယ် နိုင်သောကြောင့်။ မိမိသန္တာန်၌ဖြစ်လေရာရာအစဉ်ပါရှိ၍နေသော ဒုစ္စရိုက်ဟောင်းအနန္တကိုလည်းမပယ်နိုင်၊အတ္တဒိဋ္ဌိရှိနေသည့်အ တွက်။ရှေ့သို့ဖြစ်လတံ့သောဒုစ္စရိုက်သစ်တို့ကိုလည်းမပယ်နိုင်။ ဒုစ္စရိုက်ဟောင်း။ ဒုစ္စရိုက် သစ်တို့ကို မပယ်နိုင်သည့် အတွက် ကြောင့်၊ရှေ့သို့ကျရောက်လတံ့သောအပါယ်ဘဝတို့ကိုလည်း မ ပယ်နိုင်။ယခုဘဝ၌ကျင့်ဆောင်သော ကုသိုလ်၏အစွမ်းကြောင့်၊ လူ့ဘဝ၊ နတ်ဘဝသို့ကျင်လည်ပြီးလျှင်။ အပါယ်ဘုံဘဝသို့ တ လည်လည်ကျရောက်မြဲကျရောက်ခွင့်ရှိနေ၏။ ။ဤကား လော ကီအရိယာ၏အလားပေတည်း။

လောကုတ္တရာအရိယာဆိုသည်ကား၊လူဖြစ်စေ။ရသေ့ရဟန်း ဖြစ်စေ။အကြင်ပုဂ္ဂိုလ်သည် ဖြူစင်သောသီလရှိ၍။ဒုစ္စရိုက်တရား ကိုရှောင်ကြဉ်၍၊သုစရိုက်တရားတို့ကိုကျင့်ဆောင်၍။မေတ္တာ,က ရုဏာ,မုဒိတာ,ဥပေက္ခာဟူသောဗြဟ္မဝိဟာရတရားလေးပါးနှင့် ပြည့်စုံ၍။ခန္ဓာငါးပါး။ရုပ်နာမ်တရားတို့၌အနိစ္စဥာဏ်၊ဒုက္ခဥာဏ် အနတ္တဥာဏ်အမြင်ပေါက်၍၊ ငါ၏အတ္တဟုစွဲလမ်းသောအတ္တဒိဋ္ဌိ ကိုလည်းပယ်နိုင်၍၊ထိုပုဂ္ဂိုလ်သည်.လောကုတ္တရာအရိယာမည် ၏။အဘယ်ကြောင့်နည်းဆိုသော်၊ခန္ဓာငါးပါးရုပ်နာမ်တရားတို့၌ ငါ၏အတ္တဟုစွဲလမ်းခြင်းသည်၊၊လောကီဘုံသား လူအများတို့၏

www.dhammaransi.com



ဝဋ္ဋဘာဖြစ်၏။ ထိုဝဋ္ဋဟာကို လွန်နိုင်စွန့်နိုင်သောကြောင့်။ လောကုတ္တရာအရိယာဟူ၍ဆိုအပ်၏။ အထက်နိဗ္ဗာန်သို့ ရောက်သောဘဝတိုင်အောင်အရိယာအစစ်အမြဲဖြစ်လေသောကြောင့်ပရမတ္ထအရိယာလည်းမည်၏၊ထိုပုဂ္ဂိုလ်သည် အတ္တဒိဋ္ဌိကိုပယ်နိုင်သောကြောင့်။မိမိသန္တာန်၌ဖြစ်လေရာရာ အစဉ်ပါရှိ၍နေသောဒုစ္စရိုက်ဟောင်းအနန္တကိုလည်း အကြွင်းအကျန်မရှိပယ်နိုင်၏၊ ဒုစ္စရိုက်ဟောင်း။ဒုစ္စရိုက်သစ်တို့ကိုပယ်နိုင်သည့်အတွက်ကြောင့်၊ရှေ့သို့ကျရောက်လတံ့သောအပါယ်ဘဝတို့ကိုလည်းအကြွင်းအကျန်မရှိပယ်နိုင်၏၊ အထက်နိဗ္ဗာန်သို့ရောက်သည့် ဘဝတိုင်အောင်မြင့်မြတ်သောလူ့ဘဝ,နတ်ဘဝတို့၌သာကျင်လည်ရလေ၏။ ၊ ဤကားလောကုတ္တရာအရိယာ၏အလားပေတည်း။ ။ဗုဒ္ဓဘာသာ၌၊ဤလောကုတ္တရာအရိယာကိုသာ အရိယာ ပုဂ္ဂိုလ်ဟုဟောတော်မူ၏၊

အရိယာစစ်တမ်းပြီး၏၊

---

ရဟန္တာပုဂ္ဂိုလ်ဟူသောစကား၌၊ရဟန္တာဆိုသည်ကား၊ ကိလေသာတရားတို့ကိုအကြွင်းအကျန်မရှိပယ်ခြင်းကြောင့်၊လူနတ်ဗြဟ္မာတို့၏ပူဇော်အထူးကိုခံထိုက်သောပုဂ္ဂိုလ်ဟူ၍ဆိုလို၏။ ထိုရဟန္တာသည်လည်း၊သမ္မုတိရဟန္တာ၊ ပရမတ္ထရဟန္တာဟူ၍-၂မျိုးရှိ၏။ ထိုတွင်သမ္မုတိရဟန္တာဆိုသည်ကား၊ အကြင်ပုဂ္ဂိုလ်သည်၊ဈာန်အဘိညာဉ်တန်ခိုးနှင့်ပြည့်စုံ၏၊ကောင်းကင်မြေမိုးစယ်း၊ပျံ့လျှိုးသွားလာနိုင်၏၊သူတပါးတို့စိတ်အကြံကိုသိနိုင်၏။ရှေးဘဝ။နောင်ဘဝတို့ကိုလည်းများစွာမြင်နိုင်၏။အနိစ္စဉာဏ်ဒုက္ခဉာဏ်အနတ္တဉာဏ်ကိုမူကားမရနိုင်၊အတ္တဒိဋ္ဌိကိုမျှမပယ်နိုင်၊ထိုပုဂ္ဂိုလ်သည်၊ရဟန္တာအစစ်မဟုတ်ပါဘဲလျက်။ လောကီလူအများတို့ကရဟန္တာဟုသမုတ်ကြသောသမ္မုတိရဟန္တာမည်၏၊ ထိုပုဂ္ဂိုလ်သည်။အထက်ဗြဟ္မာ့ဘုံသို့ပင်ရောက်သော်လည်း၊အတ္တဒိဋ္ဌိကိုမျှ

www.dhammaransi.com



မပယ်နိုင်သောကြောင့်အပါယ်ငရဲသို့တလည်လည်ကျခွင့်ရှိနေ၏၊ ပရမတ္ထရဟန္တာဆိုသည်ကား၊အကြင်ပုဂ္ဂိုလ်သည်၊ အတ္တဒိဋ္ဌိမှစ၍၊ခပ်သိမ်းသောကိလေသာတို့ကို အကြွင်းအကျန်မရှိ ပယ်၏၊ ကုသိုလ်ကံ၊အကုသိုလ်ကံတို့ကိုလည်းစွန့်နိုင်၏၊လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့နှိက်နောက်တဘန်ပဋိသန္ဓေနေခွင့်မရှိ၊ အနုပါဒိသေသနိဗ္ဗာန်သို့သာရောက်လေ၏၊ထိုပုဂ္ဂိုလ်သည်၊ ပရမတ္ထရဟန္တာမည်၏၊ဗုဒ္ဓဘာသာနှိက်၊ ထိုပရမတ္ထရဟန္တာကို၊ ရဟန္တာဟူ၍ဟောတော်မူ၏၊

ရဟန္တာစစ်တမ်းပြီး၏၊

---

နိဗ္ဗာန်စစ်တမ်းကိုပြဆိုရာ၏၊နိဗ္ဗာန်ဆိုသည်ကား၊ မီးဆဲ့တပါးတို့၏ငြိမ်းရာဖြစ်သောအသခ်တဓာတ်ကိုနိဗ္ဗာန်ဆို၏၊ ထိုစကား၌၊ မီးဆဲ့တပါးဆိုသည်ကား၊(၁)ရာဂမီးတပါး၊ (၂)ဒေါသမီးတပါး၊ (၃)မောဟမီးတပါး၊(၄)ဇာတိမီးတပါး၊ (၅)ဇရာမီးတပါး၊(၆) မရဏမီးတပါး၊(၇)သောကမီးတပါး၊(၈)ပရိဒေဝမီးတပါး၊ (၉) ဒုက္ခမီးတပါး၊(၁၀)ဒေါမနဿမီးတပါး၊ (၁၁)ဥပါယာသမီးတပါးဟူ၍၊မီး-၁၁-ပါးရှိ၏၊ ၊ဤမီး-၁၁-ပါးတို့၏ ငြိမ်းရာဖြစ်သော၊အသခ်တဓာတ်သည်နိဗ္ဗာန်မည်၏၊

တနည်း၊ ၊နိဗ္ဗာန်ဆိုသည်ကား၊သံသရာဝဋ်မှ၊ လွတ်ငြိမ်းခြင်းကိုဆိုသတည်း၊ဤစကား၌၊(က)သံသရာ ဟူသည်အဘယ်နည်း၊(ခ)ဝဋ်ဟူသည်အဘယ်နည်း၊ (ဂ)လွတ်ငြိမ်းခြင်း ဟူသည်အဘယ်နည်း၊

(က) သံသရာဆိုသည်ကား၊တဘုံမှသည့်တဘုံသို့၊တဘဝမှသည်တဘဝသို့၊ မရပ်မနား ပြောင်းရွှေ့ပြေးသွား၍ နေကြရသည်ကိုသံသရာဆိုသတည်း၊ဆိုသံသရာသည်၊ (၁)အပါယ်သံသရာကြီးတပါး၊(၂)ကာမသုဂတိသံသရာကြီးတပါး၊(၃)ဗြဟ္မာ

www.dhammaransi.com



သံသရာကြီးဘပါးဟူ၍သံသရာကြီးသုံးချောင်းသုံးသွယ်ရှိ၏။ ထိုတွင်(၁)အပါယ်သံသရာကြီးဆိုသည်ကား။ငရဲဘုံ,တိရစ္ဆာန်ဘုံ,ပြိတ္တာဘုံ,အသုရကာယ်ဘုံ။ဤအပါယ်လေးဘုံကြီးကိုအပါယ်သံသရာကြီးဟုဆိုသတည်း၊ထိုအပါယ်သံသရာကြီးသည်၊လွန်လေပြီးသောအတိတ်အဘို့၌လည်း။ကမ္ဘာအဆက်ဆက်။ဘဝအဆက်ဆက်အားဖြင့်အစဟူ၍မရှိ၊အနန္တရှည်လျား၏။နောက်လာလတံ့သောအနာဂတ်အဘို့၌လည်း၊ကမ္ဘာအဆက်ဆက်။ဘဝအဆက်ဆက်အားဖြင့်အဆုံးဟူ၍မရှိ၊အနန္တရှည်လျား၏။ ။အပါယ်သံသရာကြီးပြီး၏။

(၂) ကာမသုဂတိသံသရာကြီးဆိုသည်ကား။လူ့ဘုံ။ နတ်ပြည်ခြောက်ထပ်နတ်ဘုံ။၊ဤကာမသုတိ-၇-ဘုံကြီးကို။ ကာမသုဂတိသံသရာကြီးဟုဆိုသတည်း။ဤကာမသုဂတိသံသရာကြီးသည်လည်းလွန်လေပြီးသောအတိတ်အဘို့နိုက်။ ကမ္ဘာအဆက်ဆက်။ဘဝအဆက်ဆက်အားဖြင့်အစဟူ၍မရှိ။ အနန္တရှည်လျား၏။နောက်အနာဂတ်အဘို့၌လည်း။ ကမ္ဘာအဆက်ဆက်။ ဘဝအဆက်ဆက်အားဖြင့်အဆုံးဟူ၍မရှိ။အနန္တရှည်လျား၏။ ။ကာမသုဂတိသံသရာကြီးပြီး၏။

(၃) ဗြဟ္မာသံသရာကြီးဆိုသည်ကား။ရူပဗြဟ္မာ-၁၆-ဘုံ။ အရူပဗြဟ္မာ-၄-ဘုံ။ ဤဗြဟ္မာပေါင်း-၂၀-ကို။ ဗြဟ္မာသံသရာကြီးဟုဆိုသတည်း။ထိုဗြဟ္မာသံသရာကြီးသည်လည်း။ လွန်လေပြီးသောအတိတ်အဘို့နိုက်။ ကမ္ဘာအဆက်ဆက်။ ဘဝအဆက်ဆက်အားဖြင့်အစဟူ၍မရှိ။ အနန္တရှည်လျား၏။ နောက်လာလတံ့သောအနာဂတ်ကာလအဘို့၌လည်း။ကမ္ဘာအဆက်ဆက်။ဘဝအဆက်ဆက်အားဖြင့်၊အဆုံးဟူ၍မရှိ။အနန္တရှည်လျား၏။ ။ဗြဟ္မာသံသရာကြီးပြီး၏။

သံသရာကြီး-၃-ချောင်း-၃-သွယ်ပြီး၏။

www.dhammaransi.com



(ခ) ဝဋ်ဆိုသည်ကား။ ။အဘန်တလဲလဲလည်၍ နေသည်ကိုဆို၏။ထိုဝဋ်သည်၊သာမညအားဖြင့်။(၁)ကိလေသဝဋ်တပါး။(၂)ကမ္မဝဋ်တပါး။(၃)ဝိပါကဝဋ်တပါးဟူ၍ဝဋ် ၃-ပါးရှိ၏။ ဝိသေသအားဖြင့်မူကား၊ အပါယ်သံသရာကြီး၏ ဆိုင်ရာဖြစ်သော ကိလေသဝဋ်၊ကမ္မဝဋ်။ဝိပါကဝဋ်ဟူ၍သုံးပါးတရပ်။ ကာမသုဂတိသံသရာကြီး၏ဆိုင်ရာဖြစ်သောကိလေသဝဋ်။ကမ္မဝဋ်။ဝိပါကဝဋ်ဟူ၍သုံးပါးတရပ်။ပြဟ္မာသံသရာကြီး၏ဆိုင်ရာဖြစ်သော ကိလေသဝဋ်။ကမ္မဝဋ်၊ဝိပါကဝဋ်ဟူ၍သုံးပါးတရပ်ဟူ၍ဝဋ်တရား သုံးပါးသုံးလီရှိ၏။

ထိုတွင်အပါယ်သံသရာကြီး၏ဆိုင်ရာဝဋ်သုံးပါး၌။ ကိလေသဝဋ်ဆိုသည်ကား။ ။အတ္တဒိဋ္ဌိကြီးကိုဆို၏။သက္ကာယဒိဋ္ဌိလည်းခေါ်၏၊ ။အတ္တဒိဋ္ဌိဆိုသည်ကား၊ သတ္တဝါတို့၌မိမိ၏ကိုယ်ခန္ဓာကြီးကိုငါ၏အတ္တတည်း။ငါ၏ကိုယ်တည်းဟုအစဉ်အမြဲမှတ်ယူစွဲလမ်းမှုကြီးသည်အသီးသီးရှိကြ၏။ ထိုမှတ်ယူ စွဲလမ်းမှုကြီးကို အတ္တဒိဋ္ဌိဟုဆို၏။ ဤအတ္တဒိဋ္ဌိကြီးသည် အပါယ်သံသရာကြီး၏ ဆိုင်ရာကိလေသာဝဋ်မည်၏။

ကမ္မဝဋ်ဆိုသည်ကား၊ ။အတ္တဒိဋ္ဌိတင်းလင်းရှိနေသော၊သတ္တဝါတယောက်တယောက်မှာ၊ ဒုစ္စရိုက်ကံဟောင်းအနန္တတို့သည်၊ ဖြစ်လေရာရာဘဝတို့၌အစဉ်အမြဲပါရှိ၍နေကုန်၏။

ရှေ့သို့ဖြစ်လတံ့ ဒုစ္စရိုက်ကံသစ်အနန္တတို့သည်လည်း၊ ရှေ့ရှုတည်ရှိ၍နေကုန်၏။ဤဒုစ္စရိုက်ကံဟောင်းအနန္တ။ ဒုစ္စရိုက်ကံသစ်အနန္တတို့သည်ကမ္မဝဋ်မည်ကုန်၏။

ဝိပါကဝဋ်ဆိုသည်ကား။ ။ငရဲသားကိုယ်ခန္ဓာအနန္တ။တိရစ္ဆာန်ကိုယ်ခန္ဓာအနန္တ။ ပြိတ္တာကိုယ်ခန္ဓာအနန္တ၊ အသုရကာယ်ကိုယ်ခန္ဓာအနန္တတို့သည်၊ဝိပါကဝဋ်မည်၏။

ဤဝဋ်-၃-ပါးကိုအဘယ်ကြောင့်အပါယ်သံသရာကြီး၏ဆိုင်ရာဟူ၍ဆိုသနည်းဟူမူကား။အတ္တဒိဋ္ဌိရှိနေကြသောပုထုဇဉ်သတ္တ

www.dhammaransi.com



ဝါတို့ကို၊ အပါယ်လေးပါးသို့ဆွဲငင်၍ချတတ်သောကြောင့်အပါယ် သံသရာ၏ဆိုင်ရာဟူ၍ဆိုသတည်း။

ချပုံကား၊ ။အတ္တဒိဋ္ဌိရှိနေကြသောသတ္တဝါတို့သည်၊ တရံတခါ ကုသိုလ်ကံကြောင့်လူ့ဘဝ၌ဖြစ်ကြရကုန်သော်လည်း။ စိတ်ထဲနှလုံးထဲနှိုက်အတ္တဒိဋ္ဌိကြီးနှင့်တကွ ဒုစရိုက်ကံဟောင်းအနန္တပါရှိလျက်နေသောကြောင့်၊ ထိုကုသိုလ်ကံအစွမ်ကုန်၍ သေဆုံးကြသောအခါ၊ အတ္တဒိဋ္ဌိကြီးနှင့်ဒုစရိုက်ကံဟောင်းအနန္တတို့က။ ထိုလူသတ္တဝါတို့ကိုအောက်အပါယ်ငရဲသို့အတွင်ဆွဲငင်၍ချကြကုန်၏။ တရံတခါသောကုသိုလ်ကံကြောင့်။ နတ်ပြည်ခြောက်ထပ်နတ်ဘဝတို့၌ဖြစ်ကြရကုန်သော်လည်း။ စိတ်ထဲနှလုံးထဲ၌၊ အတ္တဒိဋ္ဌိကြီးနှင့်တကွဒုစရိုက်ကံဟောင်း အနန္တပါရှိလျက်နေသောကြောင့်၊ ထိုကုသိုလ်ကံအစွမ်းကုန်၍ သေဆုံးကြသောအခါ၊ အတ္တဒိဋ္ဌိကြီးနှင့်ဒုစရိုက် ကံဟောင်း အနန္တတို့က ထိုနတ် သတ္တဝါ တို့ကို အောက်အပါယ်ငရဲသို့၊ အတင်းဆွဲငင်၍ချကြကုန်၏။ ။တရံတခါသောကုသိုလ်ကံကြောင့်-၂၀-သောဗြဟ္မာ့ဘုံ ဗြဟ္မာ့ဘဝတို့၌ဖြစ်ကြရကုန်သော်လည်း။ စိတ်ထဲနှလုံးထဲ၌၊ အတ္တဒိဋ္ဌိကြီးနှင့်တကွဒုစရိုက်ကံဟောင်းအနန္တပါရှိလျက်နေသောကြောင့်။ ထိုကုသိုလ်အစွမ်းကုန်၍ သေဆုံးကြသောအခါ။ အတ္တဒိဋ္ဌိကြီးနှင့် ဒုစရိုက်ကံဟောင်းအနန္တတို့က။ ထိုဗြဟ္မာသတ္တဝါတို့ကိုအောက်အပါယ်ငရဲသို့အတွင်ဆွဲငင်၍ချကြကုန်၏။ ။အပါယ်ငရဲသို့ ကျရောက်ကြကုန်သောလူနတ်ဗြဟ္မာသတ္တဝါတို့သည်လည်း။ အပါယ်ငရဲမှာဘဝပေါင်းတသိန်းနှင့်လည်း မလွတ်နိုင်ကြရ။ ဘဝပေါင်းတသန်းနှင့်လည်းမလွတ်နိုင်ကြရ။ ဘဝပေါင်းတကုဋေနှင့်လည်း မလွတ်နိုင်ကြရ။ နက်သည်ထက်နက်သော အပါယ်ငရဲသို့ ဘဝ အဆက်ဆက်မြုပ်နစ်၍သွားကြရကုန်၏။ ဤအရာ၌၊ နခသိခသုတ်ဒေသနာတော်ကြီးကာဏကစ္ဆပေါပမသုတ်ဒေသနာတော်ကြီးများကိုပြဆိုရာ၏။ ပြဆိုပုံကား၊ တရံရောအခါမြတ်စွာဘုရားသည်၊ လက်သည်းတော်ပေါ်၌မြေမှုန့်တို့ကိုတင်ထားပြီးလျှင်၊ ရဟန်းတို့ကိုဤသို့မိန့်

www.dhammaransi.com



တော်မူ၏။ရဟန်းတို့၊ငါ၏လက်သည်းတော်ပေါ်၌တင်ထားသော မြေမှုန့်နှင့်၊မဟာပထဝီမြေအပြင်၌ရှိသော မြေမှုန့်သည်၊ အဘယ်ကများသနည်းဟုမိန့်တော်မူ၏။ရဟန်းတို့ကဤသို့လျှောက်ကြ၏၊ လက်သည်းတော်ပေါ်၌ တင်ထားသောမြေမှုန့်က အလွန်နည်းလှပါ၏။မဟာပထဝီမြေအပြင်၌ရှိသော မြေမှုန့်ကအလွန်များလှပါ၏ ဟုလျှောက်ကြကုန်၏။ ထိုအခါမြတ်စွာဘုရားကဤသို့မိန့်တော်မူ၏။ ။"ဧဝမေဝခေါဘိက္ခဝေအပ္ပကာတေသတ္တာ။ယေမနုဿာ စုတာမနုဿေသုပစ္စာဇာယန္တိ။ တေဧဝသတ္တာဗဟုတရာယေမ နုဿာစုတာအပါယေသုပစ္စာဇာယန္တိ"။ ။ဟူ၍ဟောတော်မူ၏၊ ။အနက်ကား။ဘိက္ခဝေ။ရဟန်းတို့။ဧဝမေဝခေါ။ဤမြေမှုန့် ဥပမာနှင့်တူစွာသာလျှင်။ ယေသတ္တာ။အကြင်သတ္တဝါတို့သည်၊ မနုဿာ။လူပြည်မှ။စုတာ၊ စုတေကြကုန်သည်ဖြစ်သော်။ မနုဿေသု။လူ့ပြည်တို့၌၊ ပစ္စာဇာယန္တိ။ တဖန်ဖြစ်ကြရကုန်၏၊ တေသတ္တာ။ထိုသတ္တဝါတို့သည်။အပ္ပကာ။အလွန်နည်းလှကုန်၏၊ ယေသတ္တာ၊ အကြင်သတ္တဝါတို့သည်။ မနုဿာ။ လူ့ပြည်မှ။ စုတာ။ စုတေကြကုန်သည်ဖြစ်သော်။ အပါယေသု။ အပါယ်လေးဘုံ တို့၌။ ပစ္စာဇာယန္တိ။တဖန်ဖြစ်ကြရကုန်၏။တေဧဝသတ္တာ၊ ထိုသတ္တဝါတို့သည်သာလျှင်။ဗဟုတရာ။အလွန်များလှကုန်၏။ ။ဤကား နခသိခသုတ်ဒေသနာတော်ကြီးပေတည်း။

တရံရောအခါ၊မြတ်စွာဘုရားသည်။ရဟန်းတို့ကိုခေါ်တော်မူ၍ ဤသို့မိန့်တော်မူ၏။ရဟန်းတို့။ငါဟောလတံ့သောစကားကိုစဉ်းစားကြကုန်လော့၊ ဤမဟာသမုဒ္ဒရာကြီးအတွင်း၌၊ လိပ်ငယ်တကောင်သည်ရှိလေရာ၏။ထိုလိပ်ငယ်သည်။မျက်စိနှစ်ဘက်လည်း အစုံပျက်စီးလျက်ရှိရာ၏၊ထိုလိပ်ကာဏ်းငယ်သည်။နက်စွာသော ရေထဲ၌ငုပ်၍။ဦးလှည့်မိရာသွားလာ၍နေ၏၊ နှစ်ပေါင်းတရာပြည့်သောအခါ၌။အထက်ရေအပြင်သို့တကြိမ်ဘကြိမ်မျှသာဦးခေါင်း ပေါ်၏၊ ဤသမုဒ္ဒရာကြီးအတွင်းနှိုက်ပင်လျှင်။ အပေါက်တခုသာ ရှိသော။လှည်းထမ်းပိုးတခုသည်ရှိလေရာ၏။ထိုတမ်းပိုးတုံးသည်

www.dhammaransi.com



လည်း။ ရေလိုက်ရေချောင်းလိုက် မြောချင်တတ်တိုင်း မြော၍နေလေရာ၏၊ ။ရဟန်းတို့။ထိုထမ်းပိုးတုံးသည်။ လိပ်ကာဏ်းငယ်ဦးခေါင်းပေါ် ရာအရပ်သို့ဆိုက်ရောက်ပြီးလျှင်၊ လိပ်ကာဏ်းငယ်ဦးခေါင်းသည်။ ထမ်းပိုးတုံး၏အပေါက်နှိုက်စွပ်မိလေရာ၏။ ဤကဲ့သို့စွပ်မိသောအခွင့်သည်။ ကြုံကြိုက်နိုင်ပါမည်လောဟု မေးတော်မူ၏။ ကြုံကြိုက်နိုင်ရာမရှိပါဘုရားဟု လျှောက်ကြ ကုန်ပြီးလျှင်။ကမ္ဘာမည်သည်အလွန်အသက်ရှည်လှသည်ဖြစ်ပါ၍။ကမ္ဘာမပျက်ဆုံးမီအတွင်းနှိုက်။ မပျက်မစီးတည်ရှိနေကြပါက။ ထိုလိပ်ကာဏ်းငယ်၏ဦးခေါင်းနှင့် ထိုထမ်းပိုးပေါက်သည်၊ တကြိမ်တခါမျှစွပ်မိသော်စွပ် မိရာပါသေး၏ဘုရားဟုလျှောက်ထားကြကုန်၏၊

ထိုအခါ။မြတ်စွာဘုရားကဤသို့မိန့်တော်မူ၏။ထိုလိပ်ကာဏ်းငယ်၏ဦးခေါင်းနှင့်ထိုထမ်းပိုးပေါက်၏ စွပ်မိရန်အရေးသည်၊ အလွန်ခဲယဉ်းသည်မဆိုလောက်သေး။ ထိုထက် အဆတရာမက၊ အဆတထောင်မက၊ခဲယဉ်းသောအရာသည်ရှိသေး၏၊ အဘယ်ပါနည်းဆိုသော်။ဤလူ့ပြည်မှသေလွန်၍။အပါယ်ငရဲ၌ကျရောက်လေသောသူသည်၊ ဤလူ့ပြည်သို့ တဘန်ပြန်၍ရောက်နိုင်ရန် အရေးသည်။ ထိုလိပ်ကာဏ်း၏ဦးခေါင်းနှင့် ထိုထမ်းပိုးပေါက်၏စွပ်မိနိုင်ရန်အရေးထက်၊ အဆတရာမက၊ အဆတထောင်မက၊ ခဲယဉ်းလှ၏ဟု ဟောတော်မူပြီးလျှင်။ ။"တံကိဿဟေတု နဟေတ္တဘိက္ခဝေ။အတ္ထိဓမ္မစရိယာသမစရိယာ ကုသလကိရိယာ ပုညကိရိယာ၊အညမညခါဒိကာဧတ္ထဘိက္ခဝေဝတ္တတိ" ဟူ၍ အကြောင်းကိုဟောတော်မူ၏၊ ။အနက်ကား။ ၊တံ၊ထိုသို့ရနိုင်ရန်ခဲယဉ်းသောအမှုသည်။ ကိဿဟေတု။ အဘယ်ကြောင့်နည်းဟူမူကား။ဘိက္ခဝေ၊ရဟန်းတို့၊ဧတ္ထ။ဤကျရောက်လေရာအပါယ်ဘုံဘဝနှိုက်၊ဓမ္မစရိယာ၊ သူတော်ကောင်းတရားကို ကျင့်မှုမည်သည်၊ နဟိအတ္ထိ။ မရှိတော့သည်သာလျှင်တည်း။ သမစရိယာ၊ ညီညွတ် ငြိမ် သက်သော သုစရိုက်တရား ဆယ်ပါးကို ကျင့်မှု

www.dhammaransi.com



မည်သည်။ နဟိအတ္ထိ။ မရှိတော့သည်သာလျှင်တည်း။ ကုသလကိရိယာ၊ ကုသိုလ်ကမ္မပထတရားဆယ်ပါးကိုပြုရန်အခွင့်သည်။ နဟိအတ္ထိ။ မရှိတော့သည်သာလျှင်တည်း။ ပုညကိရိယာ။ ဒါန, သီလ, ဘာဝနာ ပုည ကြိယဝတ္ထုဆယ်ပါးကိုအားထုတ်မှုသည်။ နဟိအတ္ထိ။ မရှိတော့သည်သာလျှင်တည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတ္ထ။ ဤကျရောက်လေရာအပါယ်ဘုံဘဝ၌။ အညမညခါဒိကာ။ နိုင်ရာနိုင်ရာ။ အချင်းချင်းသတ်စားမှုသည်သာလျှင်။ ဝတ္တတိ။ အမြဲဖြစ်ပွါးချေ၏၊ ဤကားအနက်။ ။ဤပါဠိတော်ကိုထောက်၍၊ အပါယ်ဘဝသို့ကျရောက်လေသောလူအပေါင်းတို့သည်။ လူ့ဘဝ၊ နတ်ဘဝသို့တဘန်ပြန်ရောက်နိုင်ရန်အရေးအလွန်တရာ ကွာဝေးခဲ့ယဉ်းလှကြောင်းသိရ၏။ အပါယ်ဘဝပေါင်း၊ သောင်းသိန်းကုဋေ အသင်္ချေများစွာကြာပြီးမှ၊ လူ့ဘဝနတ်ဘဝသို့ တကြိမ်တခါမျှသာရနိုင်ကြောင်းကိုသိရ၏။ ထို့ကြောင့်၊ မနုဿတ္တဘာဝေါ။ လူတို့အဖြစ်မည်သည်။ ဒုလ္လဘော။ ရခဲလှ၏ဟူ၍လည်း ဟောတော်မူပေ၏၊ ဤပါဠိဒေသနာတော်များကို ထောက်ထား၍၊ သံသရာ၌ကျင်လည်နေကြကုန်သော။ ပုထုဇဉ်သတ္တဝါတို့မှာ၊ ကမ္ဘာပျက်၍နေသောအခါ၌ အထက်ဗြဟ္မာပြည်မှာနေကြရကုန်၏။ ကမ္ဘာတည်ထောင်၍လာသောအခါ၌မူကား။ အထက်ဗြဟ္မာပြည်မှ လျောကျကုန်၍၊ အပါယ်လေးဘုံ၌သာ အကြာကြီးကြာ၍နေကြရကုန်၏၊ လူဘုံနတ်ဘုံသို့တရံတခါမျှသာရောက်လာနိုင်ကြသည်ဟုသိအပ်၏။ ဤကားအပါယ်သံသရာကြီးနှင့်။ အပါယ်သံသရာကြီး၏ဆိုင်ရာဝဋ်သုံးပါး၏အလားကိုပြဆိုချက်တည်း။

ကာမသုဂတိသံသရာကြီး၏ ဆိုင်ရာဝဋ်သုံးပါး၌၊ ကိလေသဝဋ်ဆိုသည်ကား။ ကာမတဏှာကြီးကိုဆိုသတည်း။ ကာမတဏှာကြီးဆိုသည်ကား၊ မျက်စိအရသာ အကောင်းကြိုက်ကြီးတပါး။ နားအရသာ အကောင်းကြိုက်ကြီးတပါး၊ နှာခေါင်းအရသာ အကောင်းကြိုက်ကြီးတပါး၊ လျှာအရသာ အကောင်းကြိုက်ကြီးတပါး၊ ကိုယ်အင်္ဂါအရသာအကောင်းကြိုက်ကြီးတပါးဟူ၍ ငါးပါး

www.dhammaransi.com



ရှိ၏၊ထိုကာမတဏှာကြီးသည်လည်း။ အဇ္ဈတ္တဒိဋ္ဌိနှင့်ယှဉ်သောဒိဋ္ဌိသမ္ပယုတ်တဏှာကြီးတပါး၊ ဒိဋ္ဌိနှင့်မယှဉ်သော ဒိဋ္ဌိဝိပ္ပယုတ်တဏှာကြီးတပါးဟူ၍နှစ်ပါးရှိ၏၊ ထိုတွင်။ ဒိဋ္ဌိသမ္ပယုတ်တဏှာကြီးသည်၊အဇ္ဈတ္တဒိဋ္ဌိရှိ၏။အဘော်သဟဲကြီးဖြစ်၍၊လူသတ္တဝါနတ်သတ္တဝါ၊တို့ကို။အပါယ်ငရဲသို့ချမှု၍၊အဇ္ဈတ္တဒိဋ္ဌိနှင့်အလားတူလေ၏။ အဇ္ဈတ္တဒိဋ္ဌိတွင်ပါဝင်လေ၏၊ ဒိဋ္ဌိဝိပ္ပယုတ်တဏှာကို အသီးတုတ်ဆိုအပ်၏၊

ကာမဝဋ်ဆိုသည်ကား၊ လူ့ဘဝလူ့ချမ်းသာ။ နတ်ဘဝနတ်ချမ်းသာကို တောင့်တ၍ပြုအပ်သော၊ ဒါန, သီလ, ဘာဝနာ, ကုသိုလ်များကိုဆို၏။ ၊ဝိပါကဝဋ်ဆိုသည်ကား၊ လူဘဝ။ လူခန္ဓာ။နတ်ဘဝ၊နတ်ခန္ဓာတွေကို၊ဝိပါကဝဋ်ဆိုသည်၊

ဤကား။ကာမသုဂတိသံသရာကြီး၏ ဆိုင်ရာဝဋ်သုံးပါးကိုပြဆိုချက်တည်း၊ဗြဟ္မာသံသရာကြီး၏ဆိုင်ရာဝဋ်သုံးပါး၌။ ကိလေသာဝဋ်ဆိုသည်ကား၊ ဘဝတဏှာကြီးကိုဆိုသတည်း၊ ဘဝတဏှာကြီးဆိုသည်ကား။ရူပါဝစရကုသိုလ်ဈာန်တရား။ အရူပါဝစရကုသိုလ်ဈာန်တရားများသည်ကမ္မဘဝမည်၏။ ထိုဈာန်တို့၏အကျိုးဖြစ်သော ဝိပါက်ခန္ဓာတရားများ သည်။ဥပပတ္တိဘဝမည်၏၊ ထိုကမ္မဘဝ။ ဥပပတ္တိဘဝတို့နှိက်။ သာယာ သောတဏှာ ကြီးသည်။ဘဝတဏှာမည်၏၊ ၊ဤကားကိလေသာဝဋ်ကိုပြဆိုချက်တည်း။ ၊ကမ္မဝဋ်ဆိုသည်ကား၊ရူပါဝစရကုသိုလ်ဈာန်တရား အရူပါဝစရကုသိုလ်ဈာန်တရားများကို၊ ကမ္မဝဋ်ဟုဆိုသတည်း၊ ထိုဈာန်တို့၏ အကျိုးဖြစ်သော ဝိပါက်ခန္ဓာတွေကို၊ ဝိပါကဝဋ်ဟုဆိုသတည်း။

ဤကားဗြဟ္မာသံသရာကြီး၏ဆိုင်ရာဝဋ်သုံးပါးကိုပြဆိုချက်တည်း၊ ၊သံသရာကြီးသုံးပါးနှင့်၊ ဝဋ်သုံးပါးသုံးလီကို ပြဆိုချက်ပြီး၏၊

နိဗ္ဗာန်သည်၊ပဌမနိဗ္ဗာန်၊ဒုတိယနိဗ္ဗာန်။ တတိယနိဗ္ဗာန်ဟူ၍ သုံးပါးအပြားရှိ၏၊ထိုတွင်အပါယ်သံသရာ၏ဆိုင်ရာဝဋ်သုံးပါးမှ

လွတ်ငြိမ်းမှုသည်၊ပထမနိဗ္ဗာန်မည်၏။ ကာမသုဂတိ သံသရာ၏ ဆိုင်ရာဝဋ်သုံးပါးမှလွတ်ငြိမ်းမှုသည်ဒုတိယနိဗ္ဗာန်မည်၊ ဗြဟ္မာ သံသရာ၏ဆိုင်ရာဝဋ်သုံးပါးမှလွတ်ငြိမ်းမှုသည် တတိယနိဗ္ဗာန် မည်၏၊ပုထုဇဉ်သတ္တဝါတို့မှာမူကား။ပထမနိဗ္ဗာန်သို့ရောက်နိုင် ကြရန်အလွန်အရေးကြီးလှ၏၊ ပထမနိဗ္ဗာန်သို့ ရောက်ကြရန်အ ရေးဆိုသည်ကား။အတ္တဒိဋ္ဌိကြီးကိုအမြစ်အရင်းနှင့်တကွသမုစ္ဆေ ဒပဟာန်ဖြင့် ပယ်ဖြတ်နိုင်ရန်၊ အနတ္တဝိပဿနာ အလုပ်ကြီးပေ တည်း။အကြင်အခါ၌ကား၊ အနတ္တဝိပဿနာအလုပ်သည် ပေါက် ရောက်ထမြောက်၏။ ထိုအခါမှစ၍ ထိုပုဂ္ဂိုလ်မှာ။အတ္တဒိဋ္ဌိကြီး သည်အပြီးတိုင်ချုပ်ငြိမ်းလေ၏။အတ္တဒိဋ္ဌိကြီးအပြီးတိုင်ချုပ်ငြိမ်း သည်နှင့်တပြိုင်နက်၊ ထိုသူမှာ အနမတဂ္ဂသံသရာကာ ပါရှိ၍နေ သောဒုစ္စရိုက်ကံဟောင်းအနန္တတို့သည်အကုန်ချုပ်ငြိမ်းလေကုန် ၏။ဒုစ္စရိုက်ကံသစ်အနန္တတို့သည်လည်း။ အကုန်မျိုးဓာတ် ပြတ် လေကုန်၏။အပါယ်သံသရာကြီးမှတခါတည်းကျွတ်လွတ်လေ၏။ ထိုသူမှာလူ့ဘဝ၊နတ်ဘဝ၊ ဗြဟ္မာ့ဘဝတို့သာကျန်လေ၏။ ဤ၌ အတ္တဒိဋ္ဌိကြီးချုပ်ငြိမ်းမှု၊ဒုစ္စရိုက်ကံဟောင်းအနန္တတို့၏ချုပ်ငြိမ်း မှု။ဒုစ္စရိုက်ကံသစ်အနန္တတို့၏ချုပ်ငြိမ်းမှု၊ နောင်ဖြစ်လတံ့သော အပါယ်ဘဝအနန္တတို့၏ချုပ်ငြိမ်းမှု။ ဤချုပ်ငြိမ်းမှုကြီး လေးပါး သည် ပထမနိဗ္ဗာန်မည်၏။ထိုသူသည်လည်း။ထိုစကား၌ပင်လျှင် ပထမနိဗ္ဗာန်သို့ရောက်လေ၏၊ ထိုပထမနိဗ္ဗာန်သို့ရောက်သည်နှင့် တပြိုင်နက်။ပုထုဇဉ်အဖြစ်မှကျွတ်လွတ်လေ၏၊ သောတာပန် အ ရိယာအဖြစ်သို့ရောက်လေ၏။လောကီဘုံသားအဖြစ်မှကျွတ်လွတ် လေ၏၊လောကုတ္တရာဘုံသားအဖြစ်။ပထမနိဗ္ဗာန်ဘုံသား အဖြစ် သို့ရောက်လေ၏။နောင်ဘဝအဆက်ဆက်တို့မှာလည်း။လူ့ဘဝ၌ ဖြစ်သောအခါ၊ လူ့ချမ်းသာ၊နိဗ္ဗာန်ချမ်းသာကြီးအကျိုးနှစ်ပါးကို၊ စွယ်စုံခံစားရ၏။ နတ်ပြည်ဗြဟ္မာပြည်တို့၌ ဖြစ်သောအခါ။ နတ် ချမ်းသါ၊ဗြဟ္မာချမ်းသါတို့နှင့်တကွ၊နိဗ္ဗာန်ချမ်းသာကြီးကိုစွယ်စုံ ခံစားရ၏၊ဤစကား၌။လူချမ်းသာ၊နတ်ချမ်းသာဗြဟ္မာချမ်းသာကြီး

များကိုခံစားရပုံမှာ။ သိသာထင်ရှားပြီ နိဗ္ဗာန်ချမ်းသာကိုအဘယ်သို့ခံစားရသနည်းဟူမူကား။ ထိုသူသည်၊ အတ္တဒိဋ္ဌိရှိနေကြသော ပုထုဇဉ်သတ္တဝါတို့ကို တွေ့မြင်ရသောအခါ၊ ဤသူများ သည်။ အပါယ်သံသရာကြီးနှိုက်နစ်မွန်းရန်ရှိနေကြချေ၏။ ငါမှာမူကား။ ထိုအပါယ်သံသရာကြီးမှ လွတ်ငြိမ်းပေပြီဟု ဝမ်းမြောက်ခြင်း ဖြစ်ရာ၏။ ဤကားဖြစ်လေရာဘုံဘဝတ်နှိုက် ပထမနိဗ္ဗာန်ကြီးကို ခံစားရပုံတည်း။ ဤပထမနိဗ္ဗာန်ချမ်းသာကြီးသည်၊ လေးကျွန်းလုံး ကိုအစိုးရသော စကြာမန္ဓာတ်မင်းကြီးတို့၏ စည်းစိမ်ချမ်းသာ ထက်၊ အဆရာ ထောင်မက မြင့်မြတ်၏။ ပုထုဇဉ်နတ်မင်းကြီး ပုထုဇဉ် ဗြဟ္မာမင်းကြီးတို့၏ စည်းစိမ်ချမ်းသာထက်။ အဆရာ ထောင်မကမြင့်မြတ်၏။ ထို့ကြောင့်။ ဓမ္မပဒပါဠိတော်၌။

ပထဗျာ ဧကရဇ္ဇေန၊
သဂ္ဂဿ ဂမနေနဝါ။
သဗ္ဗလောကာဓိ ပစ္စေန၊
သောတာပတ္တိ ဖလံဝရံ။ ။

ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ပထဗျာ။ လေးကျွန်း တခွင်၊ မြေအပြင်နှိုက်၊ ဧကရဇ္ဇေန၊ တယောက်ထည်းသောစကြာ မင်းကြီးဖြစ်ရသည်ထက်၎င်း။ သဂ္ဂဿ၊ နတ်ပြည်ခြောက်ထပ်သို့။ ဂမနေနဝါ၊ နတ်မင်းကြီးအဖြစ်နှင့်ရောက်ရသည်ထက်၎င်း။ သဗ္ဗ လောကာဓိပစ္စေန၊ အလုံးစုံသောလောကကိုအစိုးရသော ဗြဟ္မာ မင်းကြီးဖြစ်ရသည်ထက်၎င်း၊ သောတာပတ္တိဖလံ။ သောတာပတ္တိ ဖိုလ်သို့ရောက်ရ ခြင်း သည်။ ဝရံ။ မြတ်လှလေ၏။ ။ဟူ၍ဟော တော်မူ၏။ ။အဘယ်ကြောင့်မြတ်သနည်းဆိုသော်၊ ထိုပုထုဇဉ် ဖြစ်ကြသော စကြာမင်းကြီး။ နတ်မင်းကြီး။ ဗြဟ္မာမင်းကြီးတို့မှာ၊ အပါယ်သံသရာ ကြီးကရှေ့ ကဆီး ၍နေ၏၊ အပါယ်ငရဲသို့ကျ ရောက်ခွင့်ကြီးတင်းလင်းရှိနေ၏။ ။အတ္တဒိဋ္ဌိကြီးကျွတ် ငြိမ်းပြီး

www.dhammaransi.com



သောသူမှာအပါယ်သံသရာကြီးမှ ကျွတ်လွတ်ပြီးဖြစ်၍မြတ်လေသည်။

ပထမနိဗ္ဗာန်ကြီးပြီး၏။

---

ပဌမနိဗ္ဗာန်သို့ရောက်ပြီးသော သူသည်၊ ဒုတိယနိဗ္ဗာန်သို့ရောက်ခြင်းငှာ။ လူခန္ဓာနတ်ခန္ဓာတို့၌၊ လက္ခဏာရေး သုံးပါးကိုပွါးများအားထုတ်ရာ၏။ ဒုက္ခလက္ခဏာ ထင်မြင်အောင် အရေးကြီးလှ၏၊ လူခန္ဓာနတ်ခန္ဓာတို့၌၊ ဒုက္ခလက္ခဏာ ကောင်းစွာ ထင်မြင်သောအခါ။ ကာမတဏှာဟူသော ကိလေသာဝဋ်ကြီးသည်။ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းလေ၏။ ကာမတဏှာ ချုပ်ငြိမ်းသည်နှင့်တပြိုင်နက်။ ထိုပုဂ္ဂိုလ်၌ရှိသော ကာမကုသိုလ်ကံသည်လည်း။ ကာမတဏှာတည်းဟူသော အဘော်သဟဲကင်းသဖြင့်။ ကာမဘုံ၌ ပဋိသန္ဓေအကျိုးကိုမပေးနိုင်ကြကုန်ပြီ၊ ချုပ်ငြိမ်းသည်မည်ကုန်၏၊ အထက် ဗြဟ္မာ သံသရာ ကြီးသာကျန်ရှိ၏။ ထိုသူမှာ။ နှောင်လာလတံ့သော ကာမသုဂတိ သံသရာ အနန္တကြီးသည် အပြီးတိုင်ချုပ်ငြိမ်းလေ၏။ ထိုသူသည်၊ ဒုတိယနိဗ္ဗာန်သို့ရောက်လေ၏။ ထိုချုပ်ငြိမ်းမှု ကြီးသုံးပါးသည်။ ဒုတိယ နိဗ္ဗာန် ကြီးပေတည်း၊

ဒုတိယနိဗ္ဗာနကြီးပြီး၏။

---

ဒုတိယနိဗ္ဗာန်သို့ရောက် ပြီးသောသူသည်၊ တတိယနိဗ္ဗာန်သို့ရောက်ခြင်းငှာ။ ဗြဟ္မာခန္ဓာတို့၌။ လက္ခဏာရေးသုံးပါးကို ပွါးများအားထုတ်ရာ၏၊ ဒုက္ခလက္ခဏာကိုထင်မြင်အောင်အရေးကြီးလှ၏၊ ဒုက္ခလက္ခဏာဆိုသည်ကား၊ ထိုဗြဟ္မာခန္ဓာတို့၌ရှိသော။ အနိစ္စဘေးကြီး။ ဇာတိဇရာရဏဘေးကြီးကိုဆိုသတည်း။ ဗြဟ္မာခန္ဓာ

www.dhammaransi.com



တို့၌၊ဒုက္ခလက္ခဏာကောင်းစွာထင်မြင်သောအခါ၊ ဘဝတဏှာ
တည်းဟူသောကိလေသာဝဋ်ကြီး။ အကြွင်းအကျန်မရှိ၊ အကုန်
ချုပ်ငြိမ်းလေ၏၊ထိုဘဝတဏှာကြီးချုပ်ငြိမ်းသည်နှင့်တပြိုင်နက်
ထိုပုဂ္ဂိုလ်သန္တာန်၌အကျိုးပေးတတ်သော၊ကာမကုသိုလ်၊ရူပကု
သိုလ်၊အရူပကုသိုလ်တို့သည်-အကျိုးမပေးတတ်သော၊ကာမကြိ
ယာ၊ ရူပကြိယာ၊အရူပကြိယာအဖြစ်သို့ရောက်ကြကုန်၏။ ချုပ်
ငြိမ်းသည်မည်ကုန်၏။ထိုသူမှာနောင်လာလတံ့သောဖြဟ္ဘာသံသ
ရာအနန္တကြီးသည်၊အပြီးတိုင်ချုပ်ငြိမ်းလေ၏။ထိုသူသည့်တတိ
ယနိဗ္ဗာန်သို့ရောက်လေ၏။ထိုဘဝပစ္စုပ္ပန်ခန္ဓာကိုယ်မျှသာ ကျန်ရှိ
၏။ထိုခန္ဓာကိုယ်သည်။ ထိုဘဝအဆုံး ပရိနိဗ္ဗာန်စံရာ၌ ချုပ်ဆုံး
လေ၏။ထိုချုပ်ငြိမ်းမှုကြီးသုံးပါးသည်။ တတိယနိဗ္ဗာန်ကြီး ဖြစ်
ပေသတည်း။

တတိယနိဗ္ဗာန်ကြီးပြီး၏။

ဤကားဗုဒ္ဓဘာသာ၌နိဗ္ဗာန်ကြီး-၃-ပါးကိုပြဆိုချက်ပေတည်း။

---

သင်္ခတပရမတ်၊အသင်္ခတပရမတ်။ ဤပရမတ်နှစ်ပါးခွဲနည်းကို
မေးလျှောက်ချက်နိုက်။

အဝိဇ္ဇာပစ္စယာသင်္ခါရာ။သင်္ခါရပစ္စယာဝိညာဏံ။ဝိညာဏပစ္စ
ယာနာမရူပံ။နာမရူပပစ္စယာ သဠာယတနံ။ သဠာယတနပစ္စယာ
ဖဿော။ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ တဏှာ
ပစ္စယာဥပါဒါနံ၊ဥပါဒါနပစ္စယာဘဝေါဘဝပစ္စယာဇာတိ။ ဇာတိ
ပစ္စယာဇရာ,မရဏံ။ သောက, ပရိဒေဝ,ဒုက္ခ,ဒေါ မနဿုပါယာ
သာသမ္ဘဝန္တိ၊ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒ

www.dhammaransi.com



ယောဟောတိ။ ။ဤဒေသနာသည်၊သင်္ခတပရမတ်အဆက်ပွါး ၍နေပုံကိုဟောတော်မူသောဒေသနာတော်ပေတည်း။

အဝိဇ္ဇာပစ္စယာ။ သစ္စာလေးပါးတရားတို့ကို မသိမမြင်မထင် မလင်းခြင်းတည်းဟူသော အဝိဇ္ဇာ တရား ထင်ရှား ရှိ နေ ခြင်း ကြောင့်၊သင်္ခါရာ။ ဘဝကိုပြုပြင်တတ်သော ကုသိုလ်ကံ, အကု သိုလ်ကံဟူသောသင်္ခါရတရားတို့သည်၊သမ္ဘ ဝန္တိ။ ဖြစ်ကုန်၏။ သင်္ခါရပစ္စယာ၊သင်္ခါရတရားထင်ရှားရှိနေခြင်းကြောင့်။ဝိညာဏံ နောက်ဘဝတွင် ပဋိသန္ဓေဝိညာဏ်။ ပဝတ္တိ ဝိညာဏ်တည်း ဟူ သောဝိညာဏ်၆-ပါးအကျိုးတရားသည်၊ သမ္ဘဝတိ။ ဖြစ်ကုန်၏။ ဝိညာဏပစ္စယာ။ ဝိညာဏ်-၆-ပါး ထင်ရှားဖြစ်ပေါ် ခြင်းကြောင့်၊ နာမရူပံ၊ဝိညာဏ်၏ အခြံအရံဖြစ်သော ဖဿ, ဝေဒနာ, အစရှိ သောနာမ်တရား၊ ပထဝီအာပေါ်, အစရှိသောရုပ်တရား။ ဤနာမ ကာယ, ရူပကာယ, တရားနှစ်ပါးသည်။ သမ္ဘဝတိ။ ထင်ရှားဖြစ် ပေါ် ၏။နာမရူပပစ္စယာ။နာမကာယရူပကာယ တရားနှစ်ပါးထင် ရှားဖြစ်ပေါ်ခြင်းကြောင့်၊အဠာယတနံ။လူအများတို့၏သက်ရောက် ရာရေဆိပ်ကြီးသဘွယ်ဖြစ်သောစက္ခာယတန,သောတာ ယတန, ဃာနာယတန,ဇိဝှါ ယတန, ကာယာယတန, မနာယတန, ဟုဆို အပ်သော -၆- ပါးသောအာယတနတရားသည်၊ သမ္ဘဝတိ၊ထင် ရှားဖြစ်ပေါ်၏။ သဠာယတနပစ္စယာ၊ အာယတနတရား-၆-ပါး ထင်ရှားဖြစ်ပေါ် ခြင်းကြောင့်၊ဖဿော၊ အာရုံကို ထိခိုက် ခြင်း တည်းဟူသော ဖဿ တရား-၆-ပါးသည်။ သမ္ဘဝတိ။ ထင်ရှား ဖြစ်ပေါ် ၏၊ ဖဿပစ္စယာ ဖဿ တရား-၆-ပါး ထင်ရှား ဖြစ်ပေါ် ခြင်းကြောင့်၊ဝေဒနာ၊အာရုံ၏ အရသာကို ခံစားခြင်း တည်းဟူ သော ဝေဒနာတရား=၆-ပါးသည်၊ သမ္ဘဝတိ။ ထင်ရှားဖြစ်ပေါ် ၏၊ဝေဒနာပစ္စယာ။ ဝေဒနာ-၆ပါးထင်ရှားဖြစ်ပေါ် ခြင်းကြောင့်။ တဏှာ၊အာရုံနှိုက်တပ်မက်မောခြင်းဟူသော ရူပတဏှာ အစရှိ သော တဏှာ -၆- ပါးသည်၊ သမ္ဘ ဝတိ၊ ထင် ရှား ဖြစ် ပေါ် ၏။ တဏှာ ပစ္စယာ၊ တဏှာ—၆-ပါးထင်ရှားဖြစ်ပေါ် ခြင်းကြောင့်။

www.dhammaransi.com



ဥပါဒါနံ။ အပြင်း အထန် စွဲလမ်းခြင်း ဟူသော ကာမုပါဒါန် ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်ဟု ဆိုအပ်သော ဥပါဒါန်တရားလေးပါးသည်၊ သမ္ဘဝတိ။ ဖြစ်၏။ ဥပါဒါနပစ္စယာ။ ဥပါဒါန်တရားလေးပါးထင်ရှားဖြစ်ပေါ်ခြင်းကြောင့်။ ဘဝေါ၊ သံသရာ၏အကျိုးစီးပွါးဖြစ်သောသုစရိုက်တရား၊ ဒုစရိုက်တရားဟူသော။ ကာမဘဝတရားဝိပါက်နှာမက္ခန္ဓာ ကမ္မဇရုပ်ဟုဆိုအပ်သောဥပပတ္တိဘဝတရား ဤဘဝတရား နှစ်ပါးသည်။ သမ္ဘဝတိ။ ဖြစ်၏။ ဘဝပစ္စယာ။ ဘဝတရားနှစ်ပါးထင်ရှားဖြစ်ပေါ်ခြင်းကြောင့် ဇာတိ။ ပဋိသန္ဓေအဘန်ဘန်နေရခြင်းတည်းဟူသောဇာတိတရားသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဇာတိပစ္စယာ။ ဇာတိတရား ထင်ရှားဖြစ်ပေါ်ခြင်းကြောင့်။ ဇရာမရဏံ၊ အဘန်ဘန် အိုရခြင်းတည်းဟူသောဇရာတရား။ အဘန်ဘန် သေရခြင်းတည်းဟူသော မရဏတရား၊ ဤဇရာမရဏတရားနှစ်ပါးသည်၎င်း။ သောက,ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ။ စိုးရိမ်ပူပန်ရခြင်း အမျိုးမျိုးတည်းဟူသော သောကတရား၊ ငိုကြွေး မြည်တမ်း ရခြင်းတည်း ဟူသောပရိဒေဝတရား၊ ကိုယ်၏ဆင်းရဲခြင်း တည်းဟူသော ဒုက္ခတရား။ စိတ်၏ဆင်းရဲခြင်းတည်းဟူသောဒေါမနဿတရား၊ သက်ကြီးရှိုက်ငင် ပင်ပန်းရခြင်း တည်းဟူသော ဥပါယာသတရားတို့သည်၎င်း။ သမ္ဘဝန္တိ။ ဖြစ်ကုန်၏။ ဧဝံ။ ဤသို့၊ ကေဝလဿ၊ ချမ်းသာသုခနှင့်မရောမယှက်သက်သက်သော။ ဧတဿဒုက္ခက္ခန္ဓဿ၊ ဤဒုက္ခသစ္စာတရားအစု၏။ သမုဒယော။ မပြတ်မစဲအမြဲဖြစ်ပွါးရခြင်းသည်။ ဟောတိ။ ဖြစ်၏၊

အဝိဇ္ဇာယတွေဝအသေသဝိရာဂနိရောဓာ၊ သင်္ခါရနိရောဓော သင်္ခါရနိရောဓာ။ ဝိညာဏနိရောဓော။ ဝိညာဏနိရောဓာ၊ နာမရူပနိရောဓော။ နာမရူပနိရောဓာ၊ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော။ ဖဿနိရောဓာ၊ ဝေဒနာနိရောဓော၊ ဝေဒနာ နိရောဓာ တဏှာ နိရောဓော။ တဏှာနိရောဓာ၊ ဥပါဒါနနိရောဓော၊ ဥပါဒါန နိရောဓာ ဘဝနိရောဓော။ ဘဝ

www.dhammaransi.com



နိရောဓ ဇာတိနိရောဓော၊ဇာတိနိရောဓာဇရာ, မရဏံ,သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿုပါယာသာနိရုဇ္ဈန္တိ။ဧဝမေတဿကေဝလဿဒုက္ခက္ခန္ဓဿနိရောဓော ဟောတိ။ ။ဤ ဒေသနာ သည်။အသင်္ခတပရမတ်ကိုဟောတော်မူသောဒေသနာပေတည်း။

အဝိဇ္ဇာယတွေဝ။အဝိဇ္ဇာ၏သာလျှင်၊ အသေသဝိရာဂနိရောဓာ၊နောင်ဘဘန်ဖြစ်မပေါ် ရန်အကြွင်းအကျန်မရှိဘဲ အရိယာမဂ်ဖြင့်ချုပ်ငြိမ်းခြင်းကြောင့်၊ သင်္ခါရနိရောဓော။ နောင်ဘဝအသစ်အသစ်ကိုပြုပြင်တတ်သောကုသိုလ်, အကုသိုလ်, သင်္ခါရတရားတို့၏ချုပ်ငြိမ်းခြင်းသည်၊ဟောတိ၊ ဖြစ်၏။သင်္ခါရနိရောဓာ၊သင်္ခါရတရားတို့၏ချုပ်ငြိမ်းခြင်းကြောင့်။ဝိညာဏနိရောဓော၊ နောင်ဘဝအသစ်ဟုဆိုအပ်သောပဋိသန္ဓေဝိညာဏ်၏ချုပ်ငြိမ်းခြင်းသည်။ဟောတိ။ဖြစ်၏။ဝိညာဏနိရောဓာဝိညာဏ်ချုပ်ငြိမ်းခြင်းကြောင့်။နာမရူပနိရောဓော။နာမကာယ,ရူပကာယတရားနှစ်ပါးတို့၏ချုပ်ငြိမ်းခြင်းသည်၊ ဟောတိ။ဖြစ်၏။နာမရူပနိရောဓာ။ နာမကာယ,ရူပကာယ,တရားနှစ်ပါးချုပ်ငြိမ်းခြင်းကြောင့်။သဠာယတနနိရောဓော၊အာယတနတရား ၆ ပါးတို့၏ချုပ်ငြိမ်းခြင်းသည်၊ဟောတိဖြစ်၏။သဠာယတနနိရောဓာ။ အာယတနတရား-၆-ပါးတို့၏ချုပ်ငြိမ်းခြင်းကြောင့်။ဖဿနိရောဓော။ဖဿတရား-၆-ပါးတို့၏ ချုပ်ငြိမ်းခြင်းသည်၊ဟောတိ၊ဖြစ်၏။ဖဿနိရောဓာ၊ ဖဿတရား ၆ပါးတို့၏ချုပ်ငြိမ်းခြင်းကြောင့်။ဝေဒနာနိရောဓော၊ ဝေဒနာသရား၆-ပါးတို့၏ချုပ်ငြိမ်းခြင်းသည်။ ဟောတိ။ဖြစ်၏၊ ဝေဒနာနိရောဓာဝေဒနာ။တရား ၆ ပါးတို့၏ ချုပ်ငြိမ်းခြင်း ကြောင့်။ တဏှာနိရောဓော၊တဏှာတရား ၆ပါးတို့၏ချုပ်ငြိမ်းခြင်းသည်။ဟောတိ။ဖြစ်၏၊ တဏှာနိရောဓာ။တဏှာတရား ၆ ပါးတို့၏ချုပ်ငြိမ်းခြင်းကြောင့်။ ဥပါဒါနနိရောဓော၊ ဥပါဒါန်တရားလေးပါးတို့၏ ချုပ်ငြိမ်း ခြင်းသည်၊ဟောတိဖြစ်၏၊ဥပါဒါနနိရောဓာ၊ ဥပါဒါန်တရားလေးပါးတို့၏ချုပ်ငြိမ်းခြင်းကြောင့်။ ဘဝနိရောဓော။ဘဝတရားနှစ်ပါးတို့၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ။ဖြစ်၏။ဘဝနိရောဓာ။

www.dhammaransi.com



ဘဝတရား-၂-ပါးတို့၏ ချုပ်ငြိမ်းခြင်းကြောင့်၊ ဇာတိနိရောဓော၊ ပဋိသန္ဓေအသစ်အသစ်ဖြစ်ပေါ်မှု၏ ချုပ်ငြိမ်းခြင်းသည်၊ ဟောတိ ဖြစ်၏။ဇာတိနိရောဓာ၊ ပဋိသန္ဓေအသစ်အသစ်ဖြစ်ပေါ်မှုချုပ်ငြိမ်းခြင်းကြောင့်။ ဇရာ,မရဏံ,အဘန်ဘန်အိုရခြင်း,အဘန်ဘန် သေရခြင်းဟူသောဇရာ,မရဏ,တရားနှစ်ပါး သည်ငှင်း။ သောက,ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ။ အဘန်ဘန်စိုးရိမ် ရခြင်း, အဘန်ဘန်ငိုကြွေးရခြင်း,အဘန်ဘန် ကိုယ်၏ဆင်းရဲရခြင်း, အဘန်ဘန်စိတ်၏ဆင်းရဲရခြင်,အဘန်ဘန်သက်ကြီးရှိုက်တငင်ငင်ပင်ပန်းရခြင်းတို့သည်ငှင်း။နိရုဇ္ဈန္တိ၊ အရဟတ္တမဂ်ဖြစ်ပေါ် ဆဲခဏ၌အဝိဇ္ဇာနှင့်တကွ ချုပ်ငြိမ်းကြ လေကုန်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ ချမ်းသာသုခနှင့် မဘက်။ သက်သက်သော၊ ဧတဿ ဒုက္ခက္ခန္ဓဿ။ ထိုဒုက္ခသစ္စာတရားအစု၏။ နိရောဓော။ချုပ်ငြိမ်းခြင်းသည်။ဟောတိ၊ဖြစ်၏။

ဤဒေသနာနိုက်။အဝိဇ္ဇာသည်သင်္ခါရမတ်မည်၏။အဘယ်ကြောင့်သင်္ခါရမတ်မည်သနည်းဟူမူ၊ အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော,ဟူသော ပါဠိနှင့်အညီ၊အာသဝတည်းဟူသော အကြောင်းတရားတို့၏ဖြစ်ပွါးမှုကြောင့်။ အဝိဇ္ဇာသည် အသစ်အသစ်ဖြစ်ပေါ်မှုထင်ရှားရှိနေသောကြောင့်၊ သင်္ခါရမတ်ခေါ် ပေသတည်း။

ထိုအဝိဇ္ဇာ၏နောင်တဘန်ဖြစ်ပေါ်ရန်အကြွင်းအကျန်မရှိ၊အရိယာမဂ်၏အစွမ်းဖြင့်အကုန်အစင်ချုပ်ငြိမ်းခြင်းသည်၊ အသင်္ခတပရမတ်မည်၏၊ အဘယ်ကြောင့် အသင်္ခတခေတ် ပရမတ်မည်သနည်းဟူမူ၊အာသဝနိရောဓာအဝိဇ္ဇာနိရောဓော,ဟူသောပါဠိနှင့်အညီ။ အာသဝတည်းဟူသောအကြောင်းတရားတို့၏ချုပ်ငြိမ်းခြင်းကြောင့်၊အဝိဇ္ဇာ၏အသစ်အသစ်ဖြစ်ပေါ်မှုမရှိသောချုပ်ငြိမ်မှုဖြစ်လေသောကြောင့်၊ ထိုချုပ်ငြိမ်းမှုကို အသင်္ခတပရမတ် ခေါ်ပေသတည်း၊

www.dhammaransi.com



## နိဗ္ဗာန်၏ဘာဝ,အဘာဝကိုပြခြင်း။

ဤသို့လျှင်။အဝိဇ္ဇာဟူသောသင်္ခတပရမတ်၏ အသစ်အသစ်ဖြစ်ပေါ်မှုမရှိခြင်းဟူသောအဝိဇ္ဇာ၏အဘာဝသည်။အသင်္ခတပရမတ်မည်၏။ ။ဤစကား၌။အဘာဝဆိုသော်လည်း။အဝိဇ္ဇာ၏မရှိခြင်းကိုဆို၏။သန္တိလက္ခဏာအားဖြင့်မူကား၊အရိုးအစဉ်ထင်ရှားရှိသောဘာဝကြီးတပါးပင်ဖြစ်၏။ ။သင်္ခါရချုပ်ငြိမ်းမှုစသည်တို့၌လည်း။ဤနည်းအတူ။ အဘာဝနှင့် ဘာဝနှစ်ပါးကိုခြားနား၍သိလေ။

ဤဒေသနာ၌၊အဝိဇ္ဇာချုပ်ခြင်းကြောင့်သင်္ခါရချုပ်သည်။သင်္ခါရချုပ်ခြင်းကြောင့်ဝိညာဏ်ချုပ်သည်အစရှိသည်ဖြင့်။အဆင့်အဆင့်ဟောတော်မူရသည်မှာလည်း အကြောင်းအကျိုး ဖြစ်ထိုက်သောတရားအစဉ်သို့လိုက်၍ဟောတော်မူခြင်းမျှသာတည်း။ ထိုတရားတို့၏ချုပ်ငြိမ်းမှုမှာမူကား။အရဟတ္တမဂ်ခဏနှိုက် အဝိဇ္ဇာချုပ်ငြိမ်းမှုတွင်တပေါင်းတည်းပါလေ၏၊ အဝိဇ္ဇာချုပ်ငြိမ်းမှုနှင့်တစုတည် သောချုပ်ငြိမ်းမှုဖြစ်လေ၏၊ ထိုချုပ်ငြိမ်းမှုသည်ထိုပုဂ္ဂိုလ်ခန္ဓပရိနိဗ္ဗာန်စံသည်မှနောက်၌၊အနမတဂ္ဂသံသရာနှင့်အမျှ နိစ္စထာဝရတည်ရှိလေ၏။ ထိုချုပ်ငြိမ်းမှုတွင် ငရဲဘဝအဆက်ဆက် အနန္တချုပ်ငြိမ်းမှုလည်း ပါဝင်လေ၏၊ တိရစ္ဆာန် ဘဝအဆက်ဆက် အနန္တချုပ်ငြိမ်းမှု ပြိတ္တာဘဝအဆက်ဆက် အနန္တချုပ်ငြိမ်းမှု၊ အသုရကာယ်ဘဝအဆက်ဆက် အနန္တ ချုပ်ငြိမ်းမှုလည်းပါဝင်လေ၏။ ထိုအတူလူ့ဘဝအဆက်ဆက်အနန္တ ချုပ်ငြိမ်းမှု၊နတ်ဘဝအဆက်ဆက်အနန္တချုပ်ငြိမ်းမှု၊ ဗြဟ္မာ့ဘဝအဆက်ဆက်အနန္တချုပ်ငြိမ်းမှုတို့လည်းပါဝင်လေကုန်၏။

အဝိဇ္ဇာ၏ချုပ်ငြိမ်းမှုဟူသောစကားတွင်။ ဤမျှလောက်ကြီးကျယ်သော အသင်္ခတ ပရမတ်နယ်ကြီးသည် အသိဉာဏ်တွင်ထင်မြင်ထင်လျှားရှိလေ၏။ထိုပုဂ္ဂိုလ်၏သန္တာန်တွင်။ ရှေးသို့အစဉ်ဖြစ်ပွါးလတံ့သော သင်္ခတတရားတို့၏ ချုပ်ငြိမ်းမှု၏သာ

R, No. 288 62.

www.dhammaransi.com



လျှင်တခုတည်းဖြစ်သည်မဟုတ်သေး၊လွန်လေပြီးသော အတိတ်သံသရာ၌၊ပရိနိဗ္ဗာန်စံကြကုန်ပြီးသောခပ်သိမ်းသောဘုရားပစ္စေကဗုဒ္ဓါ’ရဟန္တာတို့၏အသခ်တခေတ်ပရမတ်နိဗ္ဗာန်ကြီးနှင့်လည်း၊တခုတည်းရောမိလေ၏၊ယခုဘုရားသာသနာတော်မှာ။ ပရိနိဗ္ဗာန်စံကြသောပုဂ္ဂိုလ်တို့၏အသခ်တခေတ်ပရမတ်နိဗ္ဗာန်ကြီး, နောင်အနမတဂ္ဂသံသရာတွင်ပရိနိဗ္ဗာန်စံကြကုန်လတံ့သောဘုရားပစ္စေကဗုဒ္ဓါ’ရဟန္တာတို့၏အသခ်တခေတ်ပရမတ်နိဗ္ဗာန်ကြီးနှင့်လည်းတခုတည်းဖြစ်လေ၏။

ဥပါဒ်စွန်း,ဘင်စွန်း,ရှေ့အစွန်း,နောက်အစွန်း,အောက်အစွန်း,အထက်အစွန်း။လက်ဝဲအစွန်း။ လက်ယာအစွန်း မရှိသော အနိမိတ္တတရားဖြစ်၍ပစ္စုပ္ပန်အတိတ်အနာဂတ်ကာလအပြားအားဖြင့်လည်းကွဲပြားခြင်းမရှိ၊ပုဂ္ဂိုလ်သန္တာန်အားဖြင့်လည်းကွဲပြားခြင်းမရှိလေ၊

ဤကားအနမတဂ္ဂသံသရာတွင်။အစဉ်ထာဝရတည်ရှိသောအသခ်တခေတ်ပရမတ်နိဗ္ဗာန်ကြီး၏၊သန္တိသဘောဟူသောပရမတ္ထသဘာဝအားဖြင့်ထင်ရှားရှိနေပုံကိုပြဆိုချက်တည်း။

## နိဗ္ဗာန်၏အမေးလေးချက်ကိုပြခြင်း။

အဝိဇ္ဇာ၏မရှိခြင်းတည်းဟူသောအဘာဝကို၊နိဗ္ဗာန်ဟူ၍ဆိုခဲ့သော်၊ထိုနိဗ္ဗာန်သည်။အဘယ်သို့လျှင်ပရမတ္ထအားဖြင့်ထင်ရှားရှိပါသနည်း၊အဘယ်သို့လျှင် ပရမသုခဖြစ်နိုင်ပါသနည်း၊ အဘယ်သို့လျှင်အနန္တဂုဏ်ကျေးဇူးနှင့်ပြည့်စုံနိုင်ပါသနည်း။ အဘယ်သို့လျှင်အပ္ပမေယျဂမ္ဘီရဖြစ်နိုင်ပါသနည်း။အမေးလေးချက်။

www.dhammaransi.com



## နိဗ္ဗာန်သည်ပရမတ္ထအားဖြင့်ထင်ရှား ရှိပုံကိုပြခြင်း။

ထိုအဝိဇ္ဇာ၏အဘာဝဟုဆိုအပ်သောနိဗ္ဗာန်သည်။သန္တိလက္ခဏာအားဖြင့်အရိုးအစဉ်ထင်ရှားသောဘာဝကြီးတပါး ဖြစ်ပေ၍။ ပရမတ္ထအားဖြင့်ထင်ရှားရှိပေ၏။

ထင်ရှားရှိပုံကား၊ ခပ်သိမ်းသော မြတ်စွာဘုရား တို့သည်။ ဘုရားအဖြစ်သို့မရောက်မီ ရှေးကာလ၌၊ သစ္စာလေးပါးတရားကို ထိုးထွင်း၍မသိခြင်းတည်းဟူသောအဝိဇ္ဇာတရားရှိနေကြကုန်၏။ အဝိဇ္ဇာတရားရှိနေသည့်အတွက်ကြောင့်၊သင်္ခါရအစရှိသော သံသရာဝဋ် တရား တို့သည်လည်း ရှိနေကြကုန်၏။ အဆုံးဘဝသို့ရောက်၍အရဟတ္တမဂ်ဉာဏ်ကြီးကို ရကြသောအခါ၌၊ ထိုဝိဇ္ဇာတရားသည်အကြွင်းအကျန်မရှိချုပ်ငြိမ်းကွယ်ပျောက် အဘာဝအဖြစ်သို့ရောက်လေ၏။

အဘာဝဟူသော်လည်း၊ အဇတာကာသကောင်းကင်ကဲ့သို့၊ အချည်းနှီး, တုစ္ဆ, နိရတ္ထက, အဘာဝမျိုးမဟုတ်၊ ထိုမြတ်စွာဘုရားတို့မှာ၊ထိုခဏမှစ၍ ခပ်သိမ်းသောကိလေသာတို့၏ ချုပ်ငြိမ်းခြင်းဒုတိယဘာဝမှစ၍ခပ်သိမ်းသောဝဋ်ဒုက္ခတို့၏ချုပ်ငြိမ်းခြင်းဟူသောသန္တိလက္ခဏာနှင့်တကွ။ အနမတဂ္ဂ သံသရာတွင် အရိုးအစဉ်အားဖြင့် ထင်ရှားလျက်ရှိနေသော ပရမတ္ထဘာဝကြီး တပါးဖြစ်ပေ၏။ ၊ထိုနိဗ္ဗာန်သည်၊ဤသို့လျှင်ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။

## နိဗ္ဗာန်သည်ပရမသုခဖြစ်ပုံကိုပြခြင်း။

ထိုနိဗ္ဗာန်သည်၊အဘယ်သို့လျှင်ပရမသုခဖြစ်နိုင်ပါသနည်း။

လူ့ခြမ်းသာအပေါင်းတို့တွင်။ လောကျွန်းလုံးကိုအစိုးရသော စကြာမင်းတို့၏ချမ်းသည်၊အကြီးအကျယ်ဆုံးသောချမ်းသာဖြစ်

www.dhammaransi.com



၏၊ထိုစကြာမင်းချမ်းသာသည်၊အနိစ္စမျိုးစင်စစ်ဖြစ်၏။ ပျက်စီးခြင်းသည်လျှင်အဆုံးရှိ၏။ထိုစကြာမင်းကြီးသည်လည်း။ အဝိဇ္ဇာအစရှိသော ကိလေသဝဋ်,ကမ္မဝဋ်,ဝိပါကဝဋ်,တို့မှ။ကျွတ်လွတ်ခြင်းမရှိသေးသောကြောင့်။ ယခုနေ့စကြာမင်း။ နောက်နေ့၌ခွေးဘဝ,ဝက်ဘဝ,အစရှိသော အပါယ်ဘဝါသို့ကျရောက်ရန်။ ဝဋ်ဒုက္ခဘေးကြီးတင်းလင်းရှိနေ၏။

ထိုအဝိဇ္ဇာ၏ချုပ်ငြိမ်းခြင်းတည်းဟူသော နိဗ္ဗာနသုခသည်မူကား။နိစ္စမျိုးဖြစ်၏။အနမတဂ္ဂသံသရာတွင်။ ဘယ်အခါမှပျက်ဆုံးခြင်းမရှိ။မြတ်စွာဘုရားတို့သည်လည်း အဝိဇ္ဇာအစရှိသောကိလေသဝဋ်, ကမ္မဝဋ်,ဝိပါကဝဋ်တို့မှ ကျွတ်လွတ်ကြ လေကုန်သောကြောင့်။ခွေးဘဝဝက်ဘဝအစရှိသော အပါယ်ဘဝတို့နှင့်တကွ။ ခပ်သိမ်းသောဘဝသို့ကျရောက်ခြင်းမရှိကြကုန်ပြီ၊ ဤသို့လျှင်လေးကျွန်းလုံးကို အစိုးရသော စကြာမင်းကြီး၏ အကြီးအကျယ်ဆုံးသောလူ့ချမ်းသာထက်။ဤအဝိဇ္ဇာ၏ချုပ်ငြိမ်းခြင်းတည်းဟူသော နိဗ္ဗာန်သုခသည်။အဆသိန်းသန်းမက။သာလွန်မြင့်မြတ်သောပရမသုခကြီးဖြစ်ပေ၏။

နတ်ချမ်းသာအပေါင်းတို့တွင်လည်း။သိကြားမင်းကြီးနတ်မင်းကြီးတို့၏ချမ်းသာသည်၊အကြီးကျယ်ဆုံးသောချမ်းသာဖြစ်၏။ ။ ဗြဟ္မာချမ်းသာအပေါင်းတို့တွင်လည်း။ မဟာဗြဟ္မာမင်းကြီးတို့၏ချမ်းသာသည်။ အကြီးကျယ်ဆုံးသောချမ်းသာဖြစ်၏။ ။ဤနတ်မင်းကြီး,ဗြဟ္မာမင်းကြီးတို့၏ချမ်းသာသည်၊အနိစ္စမျိုးစင်စစ်သာဖြစ်ကုန်၏။ပျက်စီးခြင်းလျှင် အဆုံးရှိကြကုန်၏၊ ထိုသိကြားမင်းကြီး,နတ်မင်းကြီး,မဟာ ဗြဟ္မာမင်းကြီးတို့သည်လည်း၊ အဝိဇ္ဇာအစရှိသောကိလေသဝဋ်၊ကမ္မဝဋ်၊ဝိပါကဝဋ်တို့မှ၊ ကျွတ်လွတ်ခြင်းမရှိကြသေးသောကြောင့်၊ ယခုနေ့သိကြားမင်းကြီး,နတ်မင်းကြီး,မဟာဗြဟ္မာမင်းကြီး၊နောက်နေ့၌ကြခွေးဘဝ။ဝက်ဘဝအစရှိကုန်သောအပါယ်ဘဝသို့ကျရောက်ရန် ဝဋ်ဒုက္ခဘေးကြီးတင်းလင်းရှိနေကြကုန်၏။

www.dhammaransi.com



အဝိဇ္ဇာ၏ချုပ်ငြိမ်းခြင်းတည်းဟူသောနိဗ္ဗာနသုခသည်မူကား နိစ္စမျိုးဖြစ်၏။ အနမတဂ္ဂသံသရာတွင်ဘယ်အခါမှ ပျက်ဆုံးခြင်းမရှိ၊ မြတ်စွာဘုရားတို့သည်လည်း၊ အဝိဇ္ဇာအစရှိသောကိလေသာဝဋ် ကမ္မဝဋ်၊ ဝိပါကဝဋ်တို့မှ ကျွတ်လွတ်ကြလေ ကုန်သောကြောင့်။ ခွေးဘဝ။ ဝက်ဘဝအစရှိသောအပါယ်ဘဝတို့နှင့်တကွ။ ခပ်သိမ်းသောဘသို့ကျရောက်ခြင်းမရှိကြကုန်ပြီ။

ဤသို့လျှင်၊ နတ်မင်းကြီး၊ သိကြားမင်းကြီး၊ မဟာဗြဟ္မာမင်းကြီးတို့၏အကြီးကျယ်ဆုံးသောနတ်ချမ်းသာဗြဟ္မာချမ်းသာထက် ဤအဝိဇ္ဇာ၏ချုပ်ငြိမ်းခြင်းတည်းဟူသောနိဗ္ဗာနသုခသည်။ အဆံသိန်းသန်းမကသာလွန်မြင့်မြတ်သောပရမသုခကြီးဖြစ်ပေ၏။ ။ ဤသို့လျှင်ပရမသုခဖြစ်နိုင်၏။

---

## နိဗ္ဗာန်သည်အနန္တဂုဏ်ကျေးဇူးနှင့် ပြည့်စုံပုံကိုပြခြင်း။

ထိုနိဗ္ဗာန်သည်။အဘယ်သို့လျှင်အနန္တဂုဏ်ကျေးဇူးနှင့်ပြည့်စုံနိုင်ပါသနည်း။

အနမတဂ္ဂသံသရာနိုက်။တထောင့်ငါးရာ ကိလေသာတို့တွင် တခုတခုသောကိလေသာဝဋ္ဋ၏အကျိုးယုတ် အကျိုးမဲ့ကြီးသည် အနန္တကြီးကျယ်ကုန်၏။ အဝိဇ္ဇာချုပ်ငြိမ်းခဲ့သည် ရှိသော်။ ထိုတထောင့်ငါးရာကိလေသာတို့၏ချုပ်ငြိမ်းမှုသည်၊ အကုန်လုံးပါဝင်လေ၏။ထိုတခုတခုသောကိလေသာဝဋ္ဋ၏အကျိုးယုတ်,အကျိုးမဲ့ကြီးအနန္တတို့သည်လည်း အကုန်ချုပ်ငြိမ်းကြလေကုန်၏။ ထိုအကျိုးမဲ့ကြီးအနန္တတို့၏ ချုပ်ငြိမ်းမှုသည်။ နိဗ္ဗာန်၏ အနန္တဂုဏ်ကျေးဇူးဖြစ်လေ၏။

ကမ္မဝဋ်အနန္တတို့၏ချုပ်ငြိမ်းမှု။ ဝိပါကဝဋ် အနန္တတို့၏ချုပ်ငြိမ်းမှုတို့ကိုအစွဲပြု၍လည်း၊နိဗ္ဗာန်၏အနန္တဂုဏ်ကျေးဇူးတို့ကိုဆိုလေ။ဤသို့လျှင်နိဗ္ဗာန်သည်အနန္တဂုဏ်ကျေးဇူးနှင့်ပြည့်စုံနိုင်၏၊

www.dhammaransi.com



## နိဗ္ဗာန်၏အပ္ပမေယျဂမ္ဘီရကိုပြခြင်း။

ရူပသင်္ခါ ဝိမုတ္တဿခေါ မဟာရာဇ တထာဂတော အပ္ပမေယျောဂမ္ဘီရော။ သေယျထာပိမဟာသမုဒ္ဒေါ၊ ဝေဒနာသင်္ခါဝိမုတ္တော။လ။သညာသင်္ခါဝိမုတ္တော။လ။သင်္ခါရသင်္ခါဝိမုတ္တော။လ။ ဝိညာဏသင်္ခါဝိမုတ္တော။လ။ သေယျထာပိ မဟာသမုဒ္ဒေါ။ ဟူသော၊ကောသလသံယုတ်ပါဠိတော်နှက်အဓိပ္ပါယ်ကား။ ရဟန္တာပုဂ္ဂိုလ်၏သန္တာန်နှက်။ သတ္တဝါဟူသောပညတ်သည်၊ သဘောအားဖြင့်ရှိသည်မဟုတ်၊ သဘောအားဖြင့်ရှိသော ပရမတ္ထတရားကိုအမှီပြု၍ သိအပ်ခေါ်ဝေါ်အပ်သော ပညတ်တရားမျှသာဖြစ်၏။ ထိုပညတ်သည်လည်း။ ခန္ဓာပရိနိဗ္ဗာန်မစံမီ ရှေးအဘို့နှက်။ သင်္ခတဖြစ်သော ရုပ်နာမ်တို့၏အပေါ်နှက်သာလျှင် ထင်မြင်နိုင်၏။ပညတ်နိုင်၏။ ခန္ဓာပရိနိဗ္ဗာန်စံပြီးသည်နောက်၊ အသင်္ခတဖြစ်သောနိဗ္ဗာန်ဟူသော ပရမတ္ထတရားသည်ကား။ အလွန်သိမ်မွေ့သောတရားဖြစ်ချေ၍။ထိုတရား၏အပေါ်၌မထင်မြင်နိုင်၊မပညတ်နိုင်။မဟာသမုဒ္ဒရာတွင်းသို့သက်ဆင်းသောသူသည်။ထောက်ရာတည်ရာဟူ၍။ တစုံတခုကိုမျှမရနိုင်သကဲ့သို့။ ထိုနိဗ္ဗာန်သို့ဆိုက်ရောက်သောသတ္တဝါသည်၊ ထိုနိဗ္ဗာန်၌ပုဂ္ဂိုလ် သတ္တဝါဟူသောပညတ်၏ဘည်ရာမှီရာတစုံတခုသော ထောက်ရာတည်ရာကိုမရသပြီ၊နိဗ္ဗာန်သည် မဟာသမုဒ္ဒရာသဘွယ် နက်နဲသကဲ့သို့၊ထိုပညတ်သည်လည်းမဟာသမုဒ္ဒရာသဘွယ်နက်နဲလေ၏။ထိုကြောင့် အပ္ပမေယျောဂမ္ဘီရော သေယျထာပိ–ဟူ၍ ဟောတော်မူသည် မှတ်ရမည်၊

—⊳●◯◀⊲—

## နိဗ္ဗာန်မှာရုပ်ထူးနာမ်ထူးမရှိကြောင်းကိုပြခြင်း၊

နိဗ္ဗာနံသုခမရူပဂတိကန္တိဝိညာယတိ–ဟူသောအနုဋီကာပါဠိ၌မှာသည်။နိဗ္ဗာန်ကို၊သုခမရုပ်-၁၆-ခုနှင့်။ဓမ္မာယတန, ဓမ္မဓာတ်၌

www.dhammaransi.com



အကျုံးဝင်ခြင်းတူသောကြောင့်၊ သုခုမရူပဂတိကံဟုဆိုသည်။ နိဗ္ဗာန်သည်၊အလွန်သိမ်မွေ့သောရုပ်နှင့် အလားတူသောကြောင့် ဆိုသည်မဟုတ်။

နိဗ္ဗာန်ကိုနာမ်ဟုခေါ် ရသည့်မှာလည်း၊ စိတ်နာမ်စေတသိက် နာမ်မျိုးဖြစ်၍ခေါ် ရသည်မဟုတ်၊ရုပ်တရားကဲ့သို့ စမ်းသပ်တွေ့ ထိ၍သိနိုင်သောတရားမျိုးမဟုတ်၊အမည်နာမကိုအစဉ်မှီးပြီးလျှင် အနက်သဘောကို ဆင်ခြင်၍ သိရသောကြောင့်၊ နာမ်ဟူ၍ခေါ် လေသည်။

နိဗ္ဗာန်မှာ၊အမှန်အားဖြင့်၊ ဝဋ်ဒုက္ခဘေးတို့မှငြိမ်းခြင်းတည်း ဟူသောသန္တိသဘောသည်သာလျှင်၊ အသင်္ခတနိဗ္ဗာန်အမည်ဖြစ် ၏။ ထိုနိဗ္ဗာန်မှာတည်ရာမှီရာခန္ဓာဟူ၍တစုံတခုမျှမရှိပြီ၊ ခန္ဓာမရှိ သည့်အတွက်ကြောင့်၊ ပရိနိဗ္ဗုတ ဟူ၍လည်း ခေါ် စရာပညတ် လည်းမရှိပြီ။

သဿတဒိဋ္ဌိဖြစ်ပုံကိုပြခြင်း။

အကယ်၍၊ထိုနိဗ္ဗာန်မှာ၊ထိုခန္ဓာသည်ရှင်း၊ထိုပရိနိဗ္ဗုတပုဂ္ဂိုလ် သည်ရှင်း၊ ကြေနှိသည်ဆိုငြားအံ့၊ သဿတဒိဋ္ဌိ အမှန်ဖြစ်၏။ သဿတဒိဋ္ဌိဆိုသည်ကား၊ ထိုခန္ဓာကိုပင်ထိုပုဂ္ဂိုလ်၏အတ္တပြု၍၊ ထိုအတ္တနှင့်ထိုပုဂ္ဂိုလ်သည်၊ ခန္ဓာပရိနိဗ္ဗာန်စံရာ၌ ချုပ်ဆုံခြင်းမရှိ ဟူ၍၊အနုပါဒိသေသနိဗ္ဗာန်ဘက်သို့ ကူးပြောင်းတည်နေသည်ဟု ယူခြင်းသည်၊ သဿတဒိဋ္ဌိမည်၏။

ဥစ္ဆေဒဒိဋ္ဌိဖြစ်ပုံကိုပြခြင်း။

ဥစ္ဆေဒဒိဋ္ဌိဆိုသည်ကား၊ ခန္ဓပရိနိဗ္ဗာန်မစံမီရှေးအခါ၌၊ ထို ခန္ဓာကိုပင်၊ထိုပုဂ္ဂိုလ်၏ အတ္တဟူ၍စွဲယူခဲ့ပြီးလျှင်၊ ထိုအတ္တနှင့်ထို

www.dhammaransi.com



ပုဂ္ဂိုလ်သည်၊ခန္ဓာပရိနိဗ္ဗာန်စံရာတွင် အကုန်ချုပ်ဆုံးလေ၏ဟုယူခြင်းသည်၊ဥစ္ဆေဒဒိဋ္ဌိမည်၏၊

---

## သဿတဒိဋ္ဌိဖြစ်ပုံကိုပြခြင်း။

ဤအရာ၌၊သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိဟူသောအယုတ်တရားနှစ်ပါးနှင့်သဿတဒိဋ္ဌိဟူသောမဇ္ဈိမပဋိပဒါတို့၏ အထူးကို ပြဆိုရာ၏။

အထူးဆိုသည်ကား။ခန္ဓပရိနိဗ္ဗာန်စံခြင်းသို့ မရောက်မီရှေးကာလ၌၊ခန္ဓာကိုပင်ပုဂ္ဂိုလ်သတ္တဝါ၏အတ္တပြု၍။ ပုဂ္ဂိုလ်သည်အမှန်ရှိ၏။သတ္တဝါသည်အမှန်ရှိ၏။ အတ္တသည်အမှန်ရှိ၏ဟု။ ခိုင်မြဲစွာယူရှိကြသောသူတို့၏ အယူမှာ။ ခန္ဓပရိနိဗ္ဗာန်နှင့်စပ်လျှင်။ သဿတဒိဋ္ဌိသော်လည်းဖြစ်ရာ၏။သို့မဟုတ်,ဥစ္ဆေဒဒိဋ္ဌိသော်လည်းဖြစ်ရာ၏၊ထိုအယုတ်တရားနှစ်ပါးဟူသော လမ်းလွဲလမ်းမှားကို။ ဘယ်လိုနည်းနှင့်မှမရှောင်သာပြီ။အဘယ်ကြောင့်နည်းဆိုသော်။ ခန္ဓပရိနိဗ္ဗာန် မစံမီနောက်ကာလကပင်၊ ခန္ဓာကိုပင် ပုဂ္ဂိုလ် သတ္တဝါ၏အတ္တပြု၍၊ပုဂ္ဂိုလ်သည်အမှန်ရှိ၏၊ သတ္တဝါသည်အမှန်ရှိ၏။အတ္တသည်အမှန်ရှိ၏ဟုခိုင်မြဲသောယူခြင်းဟူသောအတ္တဒိဋ္ဌိကြီးအရင်းခံရှိနေသောကြောင့်ဘည်း။ထိုအတ္တဒိဋ္ဌိ အရင်းခံရှိနေသောသူတို့မှာ။သေသောအခါနှင့်စပ်လျှင်။ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးတွင်၊တပါးပါးသို့ရောက်လေတော့သည်၊

ထိုကြောင့် ကထာ ဝတ္ထုပါဠိတော်၌။ ။ပရိနိဗ္ဗုတော ပုဂ္ဂလော အတ္ထတ္ထမှိ၊ နတ္ထတ္ထမှိတိ။ ဒေတ္ထတ္ထမှိတိ အာမန္တာ။ ပရိနိဗ္ဗုတော ပုဂ္ဂလော သဿတောတိ နဟေဝံဝတ္တဗ္ဗေ-ဟူ၍ရင်း ။ နတ္ထတ္ထမှိတိအာမန္တာ၊ ။ပရိနိဗ္ဗုတော ပုဂ္ဂလော ဥစ္ဆိန္နောတိ နဟေဝံဝတ္တဗ္ဗေ-ဟူ၍ရင်း၊ ။အစွန်းနှစ်ဘက် မလွတ်နိုင်ချက်ကိုဟောတော်မူပေ၏။

www.dhammaransi.com



ခန္ဓပရိနိဗ္ဗာန်မစံမီရှေးကာလကပင်၊ ထိုခန္ဓာသည်၊ ပုဂ္ဂိုလ်သတ္တ ဝါမဟုတ်။ ပုဂ္ဂိုလ်သတ္တဝါ၏အတ္တလည်းမဟုတ်။ သဘာဝဓမ္မ သက်သက်သာဖြစ်၏။ ထိုခန္ဓာမှအလွတ်ပုဂ္ဂိုလ်ဟူ၍သတ္တဝါဟူ ၍ အတ္တဟူ၍ သဘောအားဖြင့်မရှိပြီဟုသိမြင်သောဉာဏ်သည် သမ္မာဒိဋ္ဌိမည်၏၊ ထိုသမ္မာဒိဋ္ဌိဉာဏ်အမြင်ရှိသောသူတို့မှာ။ အတ္တ ဒိဋ္ဌိအရင်းခံ မရှိသည်အတွက်ကြောင့်၊ ခန္ဓ ပရိနိဗ္ဗာန်နှင့် စပ်၍။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိသို့ရောက်ဘွယ်မရှိပြီ။ မဇ္ဈိမပဋိပဒါ၌ တည်လေ၏။

---

## မဇ္ဈိမပဋိပဒါကိုပြခြင်း။

မဇ္ဈိမပဋိပဒါဆိုသည်ကား၊ အဝိဇ္ဇာရှိသည်ရှိသော်၊ သင်္ခါရ စသောဝဋ်တရားတို့သည်။ ဘဝအဆက်ဆက်ဆက်လက်ဖြစ်ပွါး ၍ သာနေကုန်၏။ ဥစ္ဆေဒသို့ရောက်သည်မရှိ၊ အရဟတ္တမဂ်သို့ ရောက်၍၊ အဝိဇ္ဇာအကုန်ချုပ်ငြိမ်းလျှင်၊ သင်္ခါရစသောဝဋ်တရား တို့သည်၊ ထိုဘဝမှနောက်၌ ဖြစ်ပေါ်ခြင်းမရှိကြကုန်ပြီ။ ။ဤ ကားမဇ္ဈိမပဋိပဒါတည်း။

ဤမဇ္ဈိမပဋိပဒါလမ်း၌၊ အတ္တဒိဋ္ဌိ ဟူသောအရင်းခံ မရှိသည် အတွက်ကြောင့်၊ သေကြသောအခါနှင့်စပ်လျဉ်း၍၎င်း၊ ခန္ဓာပရိ နိဗ္ဗာန်စံမှုနှင့်စပ်လျဉ်း၍၎င်း၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဟူသောအ ကိုင်းအခက်ဒိဋ္ဌိနှစ်ပါးဖြစ်ပွါးဘွယ်မရှိပြီ။ ။ဤတွင်၍ကားအထူး ထူးအထွေထွေမေးခြင်းကိုဖြေဆိုချက်ပြီး၏။

ဤမျှလောက်သောစကားစဉ်ဖြင့်။ လူ၊ ရှင်၊ ရဟန်းတို့၏ဉာဏ် အလင်း ပေါက်မြောက်ရန် ဖြေကြားသော အဖြေ ကျမ်းသည်၊ ၁၂၇၉-ခု၊ တန်ဆောင်မုန်းလအတွင်း၊ ပြီးစီး အောင်မြင်ခြင်းသို့ ရောက်၏။

---

www.dhammaransi.com



ပြည်သူတို့အတွက်နှိုးဆော်ချက်။

သဗ္ဗကောဝိဒကိစ္စေသု။
ဇနိန္ဒဿံ ယထာ ပန၊
သမ္ဗာသဒ္ဓေ မဟာထေရော။
ပဿန္တု၊ဿ ယထာ ပန။ ။

သဗ္ဗကောဝိဒကိစ္စေသု။ အလုံးစုံသောလိမ္မာရေး ကိစ္စကြီးတို့၌။ မဟာထေရော။ ကျေးဇူးရှင်လယ်တီဆရာတော် ဘုရားကြီးသည်။ယထာပန သမ္ဗာသဒ္ဓေ။အကြင်သို့မူကား၊ အလိမ္မာဉာဏ်ရကြောင်း၊ အလိုကောင်းဆန္ဒတော်ကြီးသည်။ အဟွိ။ အမြဲပင်ရှိတော်မူ၏။ တထာပနဇနိန္ဒဿံ။ ထိုသို့မူကား, အလိမ္မာ ဉာဏ်ရကြောင်း, အလိုကောင်းဆန္ဒကြီးရှိတော် မူသည့်အတိုင်း။ ဇနာ။ တိုင်းသူပြည်သား၊လူများအပေါင်းတို့သည်၊ ကောဝိဒါယ။ အရာရာတို့နိုက်အလိမ္မာဉာဏ်ရောင်၊ ဝင်းပြောင်ထိန်လင်းကြစေခြင်း အကျိုးငှါ။ပဿန္တု။ပေါက်ရောက်ထင်မြင်အောင်ကြည့်ရှုနိုင်စေကုန်သတည်း။

---

ဝန်ထောက်မင်း-ဦးရွှေစံအောင်

## လျှောက်ထားစာ။

ဘုရားတပည့်တော် မောင်ရွှေစံအောင် ရှိခိုးလျှောက်ထားပါသည်ကျေးဇူးရှင်ဘုရား၊

တေနာဟ ကေဠိသဉ္စ ် နဒုတိယမဏ္ဍိတိ။ ။ဟူ၍ဝိသုဒ္ဓိမဂ်ဋီကာဥပသမာနုဿတိအခွင့်တွင်ပါရှိပါကြောင်း၊

မြစ်ရေယဉ်ကဲ့သို့တသန်တည်းစီးလျက်နေသော ရဟန္တာ၏ ပရမတ္ထခန္ဓာအစဉ်တခုကို၊ အပြင်ဘက်က နေ၍ရှုသော ဉာဏ်

www.dhammaransi.com



အား။ ၎င်းခန္ဓာသည်ခဏတ္တယသို့ ရောက်တတ်သော တရားဟု ထင်လိမ့်မည်။မြစ်ထဲ၌စီးနေသောရေတပေါက်သည်။ တနေရာမှ တနေရာသို့ ရွေ့သည်တွင်၊ ပဌမနေရာ၌ဖြစ်သော ရေပေါက်သည် ဒုတိယနေရာသို့ ရောက်သော်၊ ရှေးရေပေါက်ချုပ်၍ နောက်ရေပေါက်ဥပါဒ်သည်ဟု ပြောဆိုရဘိသကဲ့သို့။ ခန္ဓာအစဉ် ၌လည်း ပရမတ္ထတရားတို့အစဉ်မပြတ် ပြောင်းလဲရွေ့သွား နေသည်တွင် ရှေးခဏ၌ဖြစ်သောပရမတ္ထတရားတို့သည်ချုပ်ပြီးမှ၊ နောက်ခဏနိုက်တရားသစ်ဥပါဒ်သည်ဟုပြောဆိုကြ၏။ ဤအရာ၌သမနန္တရပစ္စည်း ဆက်ပုံကို ကောင်း စွာ နားလည်လျှင်။ ဥပါဒ်။ဌီ။ ဘင်ဟူသောအခိုက်အတန့် ခဏငယ်တို့သည်လည်း၊ မဟာကာလကြီးကိုစိတ်ဖြင့် ခွဲစိတ်၍ရအပ်သောကာလပညတ်ပင်ဖြစ်ကြောင်းကို သိရလတံ့၊ ဤသို့ပညတ်ဖြင့် တင်၍ ဥပါဒ်သည်ဟု ဆိုရသောကြောင့်၊ခန္ဓာအစဉ်ကိုဇာတိဓမ္မဟူ၍၎င်း။ ဌီ၊ဘင်တို့ဖြင့်ရင့်ရော်ပျက်စီးသည်ဟူ၍ ဆိုရသောကြောင့်။ ဝိပရိဏာမ ဓမ္မဟူ၍၎င်း ခေါ်ဝေါ်ရပြန်၏၊ ထိုကြောင့် ထိုခန္ဓာအစဉ်သည် အကြောင်းနှင့်စပ်၍ ဖြစ်သည်ဟု ထင်မြင် ရသောကြောင့် သင်္ခတဓမ္မ ဟူ၍၎င်း၊ ပစ္စည်းတို့နှင့်စပ်လျက် ဖြစ်မည်ဟု ထင်မြင်သောကြောင့် သပစ္စယဓမ္မဟူ၍၎င်း၊ခေါ်ဝေါ်ပြောဆိုရပြန်၏။ ၎င်းပရမတ္ထခန္ဓာသည် သံဝိဇ္ဇမာနတရားဖြစ်သောကြောင့် ကောင်းစွာဖြစ်ဆဲဖြစ်သောပစ္စုပ္ပန္နဓမ္မဟုထင်ရမည်။

သို့ရာတွင်ထိုခန္ဓာအစဉ်ကိုပင်အတွင်းကနေ၍။ ဝါ။ထိုးထွင်း၍သိသော ပဋိဝေဓဉာဏ်အား။အဇာတ၊အဝိပရိဏာမ။ အသင်္ခတ။အပစ္စယ။ကာလဝိမုတ်ဟုထင်လိမ့်မည်။ ။အဘယ်ကြောင့်ဆိုသော်။ ရဟန္တာတပါးသည်၊ဖိုလ်ဝင်၍နိဗ္ဗာန်ဟုဆိုအပ်သောအရဟတ္တဖိုလ်ကိုအာရုံပြုခိုက်။ကာလပညတ်။ အာကာသပညတ်စသောပညတ်ဟူသမျှကို လွှတ်၍။ဝါ။လွန်၍ အတွင်းကနေ၍ သိလိမ့်မည်။ ဤသို့မိမိအာသဝေါကုန်ပြီးသောခန္ဓာကို မိမိအတွင်းကဝင်၍၊ ဝါ။ထိုးထွင်း၍သိသည့်အခိုက်၊ သင်္ခါရ၏ အကြောင်း

နိမိတ်တရုံတရာကိုအာရုံမပြုပေပြီ၊ ထိုကြောင့် အပြင်ကသိမှု၊ အတွင်းကသိမှုဟု ဆိုအပ်သော သိပုံနှစ်မျိုး ကိုလိုက်၍၊ ပရမတ္ထတရားတခုတည်းပင်၊ သင်္ခတ၊ အသင်္ခတဟု ပရိယာယ်နှစ်မျိုးကို ရသည်၊ ထိုနည်းအတူ နိဗ္ဗာန်သည် တခုသောတရားဖြစ်ပါလျက် သိပုံနှစ်မျိုးကို လိုက်၍ သဥပါဒိသေသ နိဗ္ဗာန်၊ အနုပါဒိသေသ နိဗ္ဗာန်ဟုပရိယာယ်နှစ်မျိုးထွက်ပြန်သည်၊ ထိုကြောင့် ပရိယာယ်ဝေပုစ်ကိုလွှတ်၍ ပရမတ်ဆတ်ဆတ်ဆို ပြောဆိုရမည်ဆိုလျှင်၊ ရဟန္တာ၏ ခန္ဓာသည်ပင်နိဗ္ဗာန်၊ နိဗ္ဗာန်သည်ပင် ခန္ဓာဖြစ်တော့သည်။ ဤသို့ယူမှသာလျှင်။ ။နိဗ္ဗာနမ္ပိခန္ဓ ပဋိဗဒ္ဓမေဝ ဟူ၍ ဝိသုဒ္ဓိမဂ်ဋီကာ၌လာသောစကားရပ်၊ ။နိဗ္ဗာနမ္ပိဟိခန္ဓေပဋိစ္စသညာပနတောသရီရသ္မိံယေဝ ပညပေသိ’ဟူ၍ သာရတ္ထဒီပနီ၌လာသောစကားရပ်၊ ။အညော ခန္ဓာ၊ အညံ နိဗ္ဗာနံ၊ အညော ပုဂ္ဂလောတိ နဟေဝံ ဝတ္တဗ္ဗော’ဟူ၍ ကထာဝတ္ထု၌လာသောစကားရပ်။ ။ဣမသ္မိံယေဝကဠေဝရေဗျာမမတ္တေသမနကေသဝိညာဏကေလောကဉ္စ ပညပေမိ၊ လောကသမုဒယဉ္စ၊ လောကနိရောဓဉ္စ၊ လောကနိရောဓဂါမိနိဉ္စပဋိပဒဉ္စ ဟူ၍ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌လာသော စကားရပ်တို့နှင့် ညီညွတ်မည်၊ ၎င်းစကားတို့နှင့်သဥပါဒိသေသနိဗ္ဗာန်ဟူ၍မဆိုဘဲ၊ နိဗ္ဗာန်ဟူ၍သာဆိုသည်၊ ထိုကြောင့် ပရိယာယ်နိဗ္ဗာန် တစိတ်တဒေသကိုသာမှတ်သင့်၊

ဤသို့ယူသည်ရှိသော် အနုပါဒိသေသနိဗ္ဗာန်နှင့် ခန္ဓာရှိရာရောက်သောကြောင့် ခန္ဓပရိနိဗ္ဗာန်ဟူသောစကားနှင့်မဆန့်ကျင်ပြီလောဟုပြောအံ့၊ ဆန့်ကျင့်မည်မထင်၊ အဘယ်ကြောင့်ဆိုသော်၊ ခန္ဓာပရိနိဗ္ဗာန်ဟူသော စကားသည် အပြင်ဘက်က သိကြရှုကြသောသူအပေါင်းအတွက် ပြောဆိုသောစကားဟု မှတ်ရန်ရှိ၏၊ အပြင်ဘက်ကသိရှိရကြပြီးသောဥပဓိဟုဆိုအပ်သောခန္ဓာကြမ်းကြီးသည် ချုပ်ငြိမ်းလေငြားသော်လည်း၊ အလွန်သိမ်မွေ့နက်နဲလှ၍ အတွင်းကသာသိထိုက်သိအပ်သော သန္တိဝဏ္ဏခန္ဓာ နှ၏အ

www.dhammaransi.com



စဉ်သည်ကားထင်ရှားရှိသည်သာဟုယူရန်သင့်၏။ဤသို့ထင်ရှား ရှိသော်လည်း။ခန္ဓာဟူသောပညတ်ဟောင်းကိုစွန့်၍၊ ရူပါဒိသင်္ခါ ဝိမုတ္တဟု မြတ်စွာဘုရား ကိုယ်တော်မြတ်သည်။ကောသလမင်း ကြီးအားဟောတော်မူလေသည်။ဤသို့ဟောခြင်းမှာ အပြင်ဘက် ကသိသောသူတို့အဘို့ဖြစ်ပေသည်၊

ရူပသင်္ခါဝိမုတ္တဆိုသော်လည်း။ အနုဋီကာဆရာက၊ နိဗ္ဗာန် သုခမရူပဂတိကန္တိ ဝိညာယတိ'ဟု ဆိုသော ကြောင့်၊ သညာ သင်္ခါဝိမုတ္တ၊လ၊ ဝိညာဏသင်္ခါဝိမုတ္တဟု ဆိုသော်လည်း၊ မူလ ယမိုက်အဋ္ဌကထာဆရာအလိုအားဖြင့်၊ နာမဓမ္မာတိ စတ္တာရော အရူပိနောခန္ဓာနိဗ္ဗာနဉ္စဟု ဆိုသောကြောင့် နိဗ္ဗာန်ကိုနာမ်ဘက် သို့ဆွဲ၏။ထိုကြောင့် ရုပ်နာမ်ကြမ်းမဟုတ် သော်လည်း ရုပ်နာမ် အလားရှိသော။ဝါ။ခန္ဓာဟုမခေါ်ဆိုအပ်သော်လည်း ခန္ဓာအလား ရှိသောအသင်္ခတဓာတ်ပရမတ္ထတရားကိုနိဗ္ဗာန်ဟူ၍ရင်း။နိဗ္ဗာန်၏ ပရိယာယ် အသွယ်သွယ်ဖြင့် တန်းဆာဆင်၍ အပြင်ဘက်ကသိ ကြသောပုထုဇဉ်လောကီသားတို့အဘို့ဟောရပေသည်။

ဤသို့ဆိုအပ်ပြီးသော သန္တိဝန္တခန္ဓာအစဉ်သည် သဿတ လည်းမဟုတ်။ဥစ္ဆေဒလည်းမဟုတ်ဖြစ်ပါလျက် အဘယ်ကြောင့် သဿတဓုဝဟု ဆရာတို့ဆိုကြပြန်သနည်းဟူမူ၊ အတွင်းက၀င် ၍သိသောသူ၏အသိဉာဏ်မှာ။ ဥပါဒ်။ဌီ။ဘင်,ဟူသော ပညတ်မ ထင်သော်လည်း၊ အစဉ်မပြတ်ဖြစ်နေသောကြောင့်၊ ဓုဝန္တိ နိဗ္ဗာ နဿေ၀ အဓိ၀စနံ ဘ၀ိတုံ အရဟတိဟူသော သဒ္ဒနီတိဆရာ စကားအရ ဓုဝဟုခေါ်ထိုက်သည်၊ ဤသို့အတွင်းအပြင် သိခြင်း ဖြင့်ပရမတ်တခုတည်းသည် သင်္ခတ။အသင်္ခတဟုနှစ်မျိုး ကွဲနေပုံ ကိုယူလျှင်သင့်မည်။မသင့်မည်ကိုသိလိုပါသည်ဘုရား။

ရွှေစံအောင်၊

www.dhammaransi.com



# နိဗ္ဗာန်ပုစ္ဆာအဖြေကျမ်း။

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

နိုင်ငံခြား-ဗုဒ္ဓဘာသာ-သာသနာပြုအသင်းကြီးတွင်အကြီး
အချုပ်ဖြစ်တော်မူသောလယ်တီဆရာတော်ထံ့မှပေးစာ။

၁၂၇၉-ခု၊တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့။

မောင်ရွှေစံအောင် လျှောက်လွှာပါ။ တေနာဟ ဧကော ြသစ္စံ နဒုတိယမတ္ထိ -ဟူသောဝိသုဒ္ဓိမဂ်ဋီကာ။ ဥပသမာနုဿတိ- အဘွင့်စာမျက်နှာနံပါတ် ၂၉၂-စာကြောင်းရေ ၂၃-၌ အဓိပ္ပါယ် ကား၊ တဏှာ၏အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်းတခုသည်သာ လျှင်၊ ဒုက္ခ၏ချုပ်ငြိမ်းခြင်းအမှန်အစစ်ဖြစ်၏၊ ဤမှတပါး၊ တိတ္ထိ ဆရာတို့ဟောအပ်သော-၂-ခုမြောက်ဖြစ်သောဒုက္ခချုပ်ငြိမ်းခြင်း အမှန်အစစ်မည်သည်မရှိဟုဆိုလိုသည်။

ပြင်သိ၊ အတွင်းသိဟူသောသိခြင်းနှစ်ပါး၌၊ ပြင်သိဆိုသည် ကား။ ပုထုဇန်အဘို့၌တည်ရှိကြကုန်သော ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်တို့၏အနုဗောဓဉာဏ်ကိုဆိုသတည်း။ ။အနုဗောဓဉာဏ် ဆိုသည်ကား၊ မဂ်ဉာဏ်၏ကိစ္စဖြစ်သော ပဋိဝေဓခေါ် သောထိုး ထွင်းခြင်းသို့မရောက်မီ၊ရှေးအဘို့၌ လက္ခဏာရေးသုံးပါးကိုအာ ရုံပြု၍ဖြစ်သော။ဝိပဿနာဉာဏ်သုံးပါးကိုအနုဗောဓခေါ် သည်။

အတွင်းသိဆိုသည်ကား။မဂ်ဉာဏ်၏ကိစ္စဖြစ်သော ထိုးထွင်း ၍သိခြင်းသို့ရောက်သောအရိယာပုဂ္ဂိုလ်တို့၏ပဋိဝေဓဉာဏ်ကို ဆိုသတည်း။

အရိယာပုဂ္ဂိုလ်တို့သည်။ အရိယာမဂ်ဉာဏ်၏ ခဏ၌ သစ္စာ လေးပါးကိုထိုးထွင်း၍သိခြင်းတည်းဟူသော ပဋိဝေဓဉာဏ်သို့ ရောက်ကြလေကုန်၏၊

www.dhammaransi.com



ထိုတွင်။ ဒုက္ခသစ္စာကိုထိုးထွင်း၍သိခြင်းဆိုသည်ကား။ ဒုက္ခသစ္စာကိုဖုံးလွှမ်းလျက်ရှိနေသောမောဟတရားကိုပယ်သတ်ခြင်းတည်း။

သမုဒယသစ္စာကို ထိုးထွင်း၍သိခြင်းဆိုသည်ကား။ တဏှာကိုပယ်ခြင်းတည်း။

နိရောဓသစ္စာကိုထိုးထွင်း၍သိခြင်းဆိုသည်ကား။ ထိုတဏှာ၏ချုပ်ငြိမ်းခြင်းဟူသောနိဗ္ဗာန်ကိုအာရုံပြုခြင်းတည်း။

မဂ္ဂသစ္စာကိုထိုးထွင်း၍ သိခြင်းဆိုသည်ကား၊ မဂ္ဂင်ရှစ်ပါးတို့ကိုတလုံးတစည်းတည်းဖြစ်ပေါ်စေခြင်းတည်း။ ။ဤသို့ကိစ္စလေးပါးသည် မဂ်ခဏ၌တပြိုင်နက်တချက်တည်းပြီးစီး၍ သွားသည်ရှိသော်။ ထိုပုဂ္ဂိုလ်သန္တာန်မှာ ထိုခဏမှစ၍ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော အမိုက်တရားသည်ပျောက်ကင်း၍၊ ထိုပုဂ္ဂိုလ်မှာ သစ္စာလေးပါးတရားတို့သည် အခါခပ်သိမ်းအထင်အလင်းဖြစ်၍တည်လေကုန်၏။ ထိုပုဂ္ဂိုလ်သည် ဘယ်အခါမဆိုအလိုရှိသောအခါ အလိုရှိသောသစ္စာကို လွယ်ကူစွာအာရုံပြု၍ကြည့်ရှုနိုင်၏။ ။ဤသို့ဖြစ်သည်ကို၊ သစ္စာလေးပါးကိုထိုးထွင်း၍သိခြင်းဟုဆိုသတည်း။

ဥပမာကား။ တယောက်သောသူမှာ မျက်စိနှစ်ဘက်တို့၌တိမ်သလာတွေထူထပ်စွာဖုံးလွှမ်း၍နေ၏။ တခုသောအဆင်းကိုမျှ မမြင်ရရှိနေ၏။ တရံသောအခါ။ ထိုသူမှာဝိဇ္ဇာမယပညာလမ်းမှဖြစ်သော အလွန်ကောင်းမြတ်သော မျက်စဉ်းဆေးတခုကို ရလေ၏၊ ထိုသူသည်အိပ်ရာ၌ လျောင်း၍ ထိုမျက်စဉ်းကို မျက်စိနှစ်ဘက်၌ ခပ်၍အိပ်လေ၏။ ထိုသူသည်မျက်စိနာဒုက္ခဖြင့်နေ့ရက်များစွာ မအိပ်ရရှိသည်နှင့်၊ ထိုမျက်စဉ်းအတွက်ချမ်းသာသုခရသဖြင့် အိပ်စက်၍အပျော်ကြီးပျော်လေ၏။ ထိုမျက်စဉ်း၏ အာနိသင်ကြောင့်။ တိမ်သလာတို့သည် ခဏခြင်းအကုန်ကင်းပျောက်၍ မျက်စိတို့သည်။ မိမွေးတိုင်းဘမွေးတိုင်းအလင်းရကုန်၏။ ထိုသူသည်မူကား။ အိပ်ပျော်ကျူးသည်ဖြစ်၍၊ နံနက်မိုးသောက်မှ နိုးလေ၏။

www.dhammaransi.com



မျက်လုံးတို့သည်မူကား။ ထိုညဉ့်သန်းခေါင်မတိုင်မီကပင်အလင်းရကြကုန်၏၊ အလင်းရသည်နှင့်တပြိုင်နက်ထိုသူသည်၊ သူအများကဲ့သို့အဆင်းတို့ကိုမြင်စွမ်းနိုင်သောအဖြစ်သို့ရောက်လေ၏။ ထိုသူမျက်စိမြင်ပြီဟု၍ဆိုထိုက်လေ၏၊ အိပ်ပျော်၍နေသည့်အတွက်ကြောင့်မူကား၊ ဘယ်အဆင်းကိုမျှအာရုံမပြုရသေး၊ ဤဥပမာအတိုင်းမှတ်လေ။

ထိုအတွင်းသိ၊ အပြင်သိ နှစ်ပါးတွင်၊ အပြင်သိခေါ် သောအနုဗောဓဉာဏ်၏သိခြင်းသည်၊ ခန္ဓာတို့၏ဖြစ်မှု၊ ရင့်မှု။ ပျက်မှုတို့ကိုပဋိဝေဓဉာဏ် ပေါက်ရောက်နိုင်ရန် လျော်ကန်စွာမျှသာ သိနိုင်လေ၏။ ဟုတ်မှန်သည့်အတိုင်းအလင်းပေါက်အောင် ထိုးထွင်း၍သိနိုင်သည်မဟုတ်သေး။ ၊အတွင်းသိခေါ် သောပဋိဝေဓဉာဏ်၏သိခြင်းသည်ကား။ ခန္ဓာတို့၏ဖြစ်မှု၊ ရင့်မှု။ ပျက်မှုတို့ကိုဟုတ်မှန်သလောက်အလင်းပေါက်အောင်ထိုးထွင်း၍သိနိုင်လေ၏၊

ထိုကြောင့်၊ မြစ်ရေအယဉ်ကဲ့သို့ တသွင်သွင် စီးလျက်နေသောရုပ နာမ်၏ပရမတ္ထခန္ဓာအစဉ်တခုကိုအပြင်ကနေ၍ရှုသောပုထုဇန်ဉာဏ်အား ၎င်းခန္ဓာသည် ခဏတ္တယသို့ ရောက်တတ်သောတရားဟုလျော်ကန်စွာထင်မြင်လေ၏။

အတွင်းကနေ၍ ရှုသောအရိယာဉာဏ်အား။ ထိုခန္ဓာသည်၊ ခဏတ္တယသို့ရောက်မှုနှင့်တကွ အလင်းပေါက်အောင်ထိုးထွင်း၍သိမြင်လေ၏။

ထိုအတူ၊ မြစ်ရေ၌စီးသွားသောရေပေါက်ဥပမာကဲ့သို့၊ ထိုခန္ဓာအစဉ်၌လည်းပရမတ္ထတရားတို့အစဉ်မပြတ် ပြောင်းလဲ၍ ရွေ့သွားနေသည်တွင်၊ ရှေးခဏ၌ဖြစ်သော ပရမတ္ထတရားတို့သည် ချုပ်ပြီးမှ နောက်ခဏနှိက် တရားသစ်ဥပါဒ်သည်ဟု ဝိပဿနာယောဂီပုထုဇန်တို့၏ဉာဏ်တွင်၊ အကြမ်းအားဖြင့်သာ ထင်မြင်နိုင်၏၊ အရိယာပုဂ္ဂိုလ်တို့၏ဉာဏ်၌သာလျှင်၊ ရှေးခဏ၌ဖြစ်သောပရမတ္ထတရားတို့သည် ချုပ်ပြီးသည်မှနောက်ခဏ၌ တရားသစ်

www.dhammaransi.com



ဥပါဒ်သည်ဟု ဟုတ်မှန်သည့်အတိုင်း အလင်းပေါက်အောင် တိုး ထွင်းထင်မြင်နိုင်လေ၏။

ငင်းနောက်''ဤအရာ၌။ ဥပါဒ်၊ ဌီ။ ဘင်ဟူသော အခိုက်အတန့် ခဏငယ်တို့သည်လည်း၊ မဟာကာလကြီးကို စိတ်ဖြင့်ခွဲစိတ်၍ရ အပ်သောကာလပညတ်ပင် ဖြစ်ကြောင်းကိုသိရလတ့်'' ဟူသော စကားနှိုက်၊ ဥပါဒ်။ ဌီ။ ဘင်ဟူသောအခိုက်အတန့်ခဏငယ်တို့ သည်။အသီးအသီးပရမတ္ထတရားအထူးကို အစွဲပြု၍ ခေါ်ဝေါ်ရ သော ကာလပညတ်တရားတို့ပေတည်း။ ။ထိုတွင် ပရမတ္ထ တရားအထူးဆိုသည်ကား။စ၍ဖြစ်ပေါ် မှုကိုဇာတိဟုခေါ် ၏။စ၍ ဖြစ်ပေါ် မှုသည်ကား ပရမတ္ထတရားအထူးပေတည်း။ ဇာတိဆို သည်ကား နာမပညတ်အထူးပေတည်း။ ဖြစ်ပေါ် ပြီးလျှင် ချုပ် ခြင်းသို့မရောက်မီတည်နေမှုကိုဌီဟုခေါ် ၏။တည်နေမှုသည်ကား ပရမတ္ထတရားအထူးပေတည်း၊ဌီဆိုသည်ကားနာမပညတ်အထူး ပေတည်း။ ဤတည်နေမှု၌ ရင့်ခြင်းတည်းဟူသော ဇရာတရားကို ပရမတ္ထတရားအထူးဟု ယူလေ၏။ တည်နေမှုအဆုံး၌ ချုပ်ပျက် ကွယ်ပျောက်ခြင်းသို့ ရောက်သည်ကို ဘင်ဟုခေါ် ၏။ ချုပ်ပျက် ကွယ်ပျောက်ခြင်းသည်ကား။ ပရမတ္ထတရား အထူး ပေတည်း။ ဘင်ဆိုသည်ကား နာမပညတ်အထူးပေတည်း။ ။ဤသို့လျှင် ဥပါဒ်၊ဌီ။ဘင်ဟူသော နာမပညတ်။ ခဏငယ်ဟူသော ကာလ ပညတ်တို့သည်။ဇာတိ။ဇရာ၊ မရဏဟူသော ပရမတ္ထတရား အ ထူးတို့ကိုအစွဲပြု၍ ခေါ်ဝေါ်ပိုင်းခြားကြရကုန်၏။ ဤအရာ၌လည်း ပုထုဇနိတို့သည်၊ထိုဇာတိ။ဇရာ၊ မရဏတို့ကိုအကြမ်းအားဖြင့် သာမြင်နိုင်ကြကုန်၏။ အရိယာ ပုဂ္ဂိုလ်တို့သည်သာလျှင် ထိုဇာ တိ။ ဇရာ။မရဏ,တို့ကိုမျက်တောင်တခတ်လျှပ်တပြက်အတွင်း မှာပင်များစွာမြင်နိုင်ကြကုန်၏။

ငင်းနောက်''ပညတ်ဖြင့် တင်၍ ဥပါဒ်သည်ဟု ဆိုရသော ကြောင့်ခန္ဓာ အစဉ်ကိုဇာတိဓမ္မဟူ၍ငင်း၊ ဌီဘင်တို့ဖြင့်ရင့်ရော် ပျက်စီးသည်ဟု ဆိုရသောကြောင့် ဝိပရိဏာမဓမ္မဟူ၍ငင်းခေါ်

www.dhammaransi.com



ဝေါ် ရပြန်၏။ထိုခန္ဓာအစဉ်သည်၊ အကြောင်းနှင့် စပ်၍ဖြစ်သည်ဟုထင်မြင်ရသောကြောင့်သင်္ခတဓမ္မဟူ၍၎င်း။ ပစ္စည်းတို့နှင့်စပ်လျက်ဖြစ်သည်ဟုထင်မြင်ရသောကြောင့် သပ္ပစ္စယဓမ္မဟူ၍၎င်းခေါ် ဝေါ် ပြောဆိုရပြန်၏,,ဟူသောစကား၌။ ခန္ဓာအစဉ်၌အသစ်အသစ် ဖြစ်ပေါ်ခြင်းတည်း ဟူသော ပရမတ္ထ သဘောသည်ဧကန္တရှိသည်ဖြစ်၍။ထိုသဘောအားလျော်သော ဥပါဒ်ဟူသောပညတ်။ ဇာတိဓမ္မဟူသော ပညတ်တို့သည် ဉာဏ်၌ပေါ်လာရကုန်၏။ ထိုအတူ ထိုခန္ဓာအစဉ်၌ ရင့်ရော်ပျက်စီးခြင်းဟူသောပရမတ္ထသဘောသည်ဧကန္တရှိသည်ဖြစ်၍ထိုသဘောအားလျော်စွာ။ဝိပရိဏာမဓမ္မဟူသောပညတ်သည် ဧကန္တဉာဏ်၌ပေါ်လာရ၏။ထိုခန္ဓာအစဉ်သည်၊ အကြောင်းနှင့်စပ်၍ ဧကန္တစင်စစ်ဖြစ်သည်ဖြစ်၍။ထိုသဘောအားလျော်စွာသင်္ခတဓမ္မဟူ၍၎င်း။ သပ္ပစ္စယဓမ္မဟူ၍၎င်းခေါ်ဆိုရပြန်၏။

၎င်းနောက်“ပရမတ္ထခန္ဓာသည် သံဝိဇ္ဇမာနတရား ဖြစ်သောကြောင့်ကောင်းစွာဖြစ်ဆဲဖြစ်သောပစ္စုပ္ပန္နဓမ္မဟုထင်ရမည်,, ဟူသောစကား၌။သံဝိဇ္ဇမာနဟူသောဝေါဟာရသည်ကောင်းစွာဖြစ်ဆဲသော ပစ္စုပ္ပန္နဓမ္မကိုသာ ဆိုလိုရင်းမဟုတ်။ အတိတ်အနာဂတ်ဖြစ်သောကာလသုံးပါး၌ပင်ပရမတ္ထသဘောအားဖြင့်ထင်ရှားရှိသည်ကိုဆိုသောဝေါဟာရဖြစ်သည်။

၎င်းနောက်“ထိုခန္ဓာအစဉ်ကိုပင် အတွင်းက နေ၍။ ဝါ။ ထိုးထွင်း၍သိသော ပဋိဝေဓဉာဏ်အား အဇာတ။ အဝိပရိဏာမ၊ အသင်္ခတ။ အပ္ပစ္စယ၊ ကာလဝိမုတ်ဟုထင်လိမ့်မည်,, ဟူသောစကား၌။ဗာလပုထုဇန်တို့၏ စိတ်မှာသာ သန္တတိပညတ်ဖုံးလွှမ်းမှုကြောင့်အဇာတ။အဝိပရိဏာမ၊အသင်္ခတ၊အပ္ပစ္စယဟုထင်ရ၏၊ အရိယာတို့၏ဉာဏ်၌မူကား။ ထိုသန္တတိပညတ်ကိုဖေါက်ထွင်းနိုင်သောပဋိဝေဓသို့ရောက်သည်ဖြစ်၍ ထိုခန္ဓာအစဉ်သည်အမြဲလျှင်ဇာတိဓမ္မ၊ဝိပရိဏာမဓမ္မ။သင်္ခတဓမ္မ။ သပ္ပစ္စယဓမ္မဟုဟုတ်မှန်တိုင်းထင်ရ၏။

www.dhammaransi.com



ငင်းနောက်“အဘယ်ကြောင့် ဆိုသော်။ ရဟန္တာတပါးသည် ဖိုလ်ဝင်၍နိဗ္ဗာန်ဟုဆိုအပ်သော အရဟတ္တဖိုလ်ကို အာရုံပြုခိုက် ကာလပညတ်။အာကာသပညတ်စသောပညတ်ဟူသမျှကို လွှတ်၍။ဝါ။လွှန်၍အတွင်းကနေ၍သိလိမ့်မည်။ဤသို့မိမိအာသဝေါကုန် ပြီးသောခန္ဓာကို။မိမိအတွင်းဝင်၍။ဝါ။ထိုးထွင်း၍သိသည့်အခိုက် သင်္ခါရ၏အကြောင်း နိမိတ်တစုံတရာကို အာရုံမပြုပေပြီ,, ဟူသောစကား၌၊ဖိုလ်ဝင်သောရဟန္တာသည် ဖိုလ်ဝင်စားဆဲခဏ၌ နိဗ္ဗာန်ကိုသာအာရုံပြု၏။အရဟတ္တဖိုလ်ကိုအာရုံမပြု၊ နိဗ္ဗာန်သည် ကားအသင်္ခတ တရားတည်း။ အရဟတ္တဖိုလ်သည်ကားစိတ်စေ တသိက်တရားအရဖြစ်သောသင်္ခတတရားပေတည်း။ ထိုပုဂ္ဂိုလ် သည်ထိုခဏ၌ကာလပညတ်၊ အာကာသပညတ် စသောပညတ် ဟူသမျှ့တို့ကိုငင်း။ အရဟတ္တဖိုလ်စသောခန္ဓာဟူသော သင်္ခတ ပရမတ်တရားတို့ကိုငင်း။ လွှတ်၍။ဝါ။လွှန်၍။ ပဋိဝေဓဉာဏ်ဖြင့် နိဗ္ဗာန်ကိုသာအာရုံပြုလေ၏။ အာသဝေါကုန်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်သည်ဖိုလ်ဝင်စားဆဲခဏ၌၊ မိမိခန္ဓာမှ အလွတ်ဖြစ်သော နိဗ္ဗာန်ကိုသာအာရုံပြု၏။မိမိခန္ဓာကိုအာရုံမပြု။

ငင်းနောက်“အပြင်ကသိမှု။ အတွင်းကသိမှုဟု ဆိုအပ်သော သိပုံနှစ်မျိုးကိုလိုက်၍ ပရမတ္ထတရား တခုတည်းပင်သင်္ခတ။အ သင်္ခတဟုပရိယာယ် နှစ်မျိုးကိုရသည်,,ဟူသော စကား၌အပြင် သိမှုအတွင်းသိမှု နှစ်ပါးကို ရှေး၌ထင်ရှားစွာ ပြဆိုခဲ့ပြီ။ ထိုသိ မှုနှစ်ပါးသည်သင်္ခတတရားတို့ကို လျောက်နစွာသိမှု။ ထိုးထွင်း၍ သိမှု၊ဤမျှသာခြားနားကြကုန်သည်။ ထိုကြောင့် ပရမတ္ထတရား တခုသည်။သိပုံနှစ်မျိုးကိုလိုက်၍သင်္ခတတရား။ အသင်္ခတတရား ဟုပရိယာယ်နှစ်မျိုးမရှိ။ သင်္ခတတရားမျိုးသည် ဘယ်အခါမှာမှ အသင်္ခတဟူသော ပရိယာယ်ကို မရနိုင်။ အသင်္ခတတရားမျိုး သည်သည်း ဘယ်အခါမှာမှ သင်္ခတ ဟူသော ပရိယာယ်ကိုမ ရနိုင်လေ။ အဘယ်ကြောင့် ဤသို့ ဆိုနိုင်ပါသနည်းဟူမူ။ ဓမ္မ သံဂဏီဒုကမာတိကာနိုက်။သပ္ပစ္စယာဓမ္မာ။ အပ္ပစ္စယာဓမ္မာဟူ၍

www.dhammaransi.com



၎င်း။ သင်္ခတဓမ္မာ။ အသင်္ခတဓမ္မာ ဟူ၍၎င်း ။နှစ်ဘို့ နှစ်ရာသာ လာရှိချေသည်။ သင်္ခတ,အသင်္ခတ,နှစ်မည် ရသော တတိယအ ဘို့အရာမလာချေ။ ။အဘိဓမ္မေ အဘာဝေါပိ။ နိသေဓေယေ ဝသဗ္ဗထာ။ဟူသောဋီကာကျော်စကားနှင့်အညီ။ အဘိဓမ္မာတွင် တစုံတခုသောနေရာမှာမှမဟောသည်ရှိသော်။ ထိုတရားသည်မ ရှိပြီဟုမြစ်ပယ်ခြင်းဖြစ်လေသောကြောင့်သင်္ခတအသင်္ခတနှစ်မည် ရသောတခုသော တရားမျှမရှိဟု မြစ်ပယ်အပ်လေသည်။ ။ သုတ္တန်၌လည်း။ ။ဒွေမာဘိက္ခဝေ ဓာတုယော သင်္ခတာစဓာ တုအသင်္ခတာစဓာတု။ဣမာခေါဘိက္ခဝေဒွေဓာတုယော။ ။ဟူ ၍နှစ်ဘို့နှစ်ရာသာလာရှိချေသည်။သင်္ခတ, အသင်္ခတနှစ်မည်ရသော် တတိယအဘို့ဟူ၍မလာချေ။ ။ဤအရာ၌။ကထာဝတ္ထုပါဠိတော် ပုဂ္ဂလကထာကြီးရှိလေပြီ။

၎င်းနောက်"ပရိယာယ်ဝေဝစ်ကိုလွှတ်၍ ပရမတ်ဆတ်ဆတ် ကိုပြောဆိုရမည်ဆိုလျှင်။ ရဟန္တာ၏ခန္ဓာသည်ပင်နိဗ္ဗာန်။ နိဗ္ဗာန် သည်ပင် ခန္ဓာဖြစ်တော့သည်" ဟူသော စကား၌။ ပရိယာယ် ဝေဝစ်ဆိုသည်ကား။အပြင်သိတွင်ပြဆိုခဲ့သော ဥပါဒိန္နဘင်္ဂတော ငယ်အစဉ်၊ဇာတိဓမ္မ။ဝိပရိဏာမဓမ္မ။သင်္ခတဓမ္မ။ သပစ္စယဓမ္မကို ကိုဆိုလိုသည်။ ။ပရမတ်ဆတ်ဆတ် ဆိုသည်ကား။ အတွင်း သိတွင်ပြဆိုခဲ့သောအဇာတ။အဝိပရိဏာမ။ အသင်္ခတ။အပစ္စယ။ ကာလဝိမုတ်ဘို့ကိုဆိုလို၏။ ဤအဖြေတွင်ရှေ့၌ရှင်းလင်းခဲ့ပြီးဖြစ် ၍ရဟန္တာ၏ ခန္ဓာသည်နိဗ္ဗာန်မဟုတ်။နိဗ္ဗာန်သည်ရဟန္တာ၏ခန္ဓာ မဟုတ်ဟုထင်ရှားလေပြီ။

၎င်းနောက်"ဤသို့ယူမှသာလျှင်။ နိဗ္ဗာနဓာတုခန္ဓပဋိဗဒ္ဓမေဝ၊ ဟူ ၍ဝိသုဒ္ဓိမဂ်ဋီကာ၌ လာသောစကားရပ်၊ ။နိဗ္ဗာနဓာတုဟိခန္ဓေပဋိဗဒ္ဓ ပညာပနတောသရီရဿယေဝပညပေသိ။ ဟူ၍သာရတ္ထ ဒီပနီ၌ လာသောစကားရပ်။ ။အညေခန္ဓာ။ အညံနိဗ္ဗာနံ။ အညောပုဂ္ဂ လောတိ နဟေဝံဝတ္တဗ္ဗံ။ ဟူ၍ကထာဝတ္ထု၌ လာသော စကား ရပ်။ ။ဣမသ္မိံယေဝကဠေဝရေဗျာမမတ္တေသမနကေသဝိညာ

www.dhammaransi.com



ဏာကေလောကသ္မိံ ပညပေမိ လောကသမုဒယ ဉ္စလောက နိရောဓဉ္စ လောကနိရောဓ ဂါမိနိံပဋိပဒဉ္စ။ ဟူ၍ သဂါထာဝဂ္ဂသံ ယုတ်ပါဠိတော်လာသောစကားရပ်တို့နှင့်ညီညွတ်မည်’’ဟူသော စကား နှက်။ ခန္ဓာသည် ပင်လျှင် နိဗ္ဗာန်။ နိဗ္ဗာသည် ပင်လျှင် ခန္ဓာဟုယူခဲ့သည်ရှိသော်၊ နိဗ္ဗာနမ္ပိခန္ဓပဋိဗဒ္ဓမေဝ။ ဟူသောမိမိ ကိုးကားရင်း ဝိသုဒ္ဓိမဂ်ဋီကာနှင့်ပင် မညီညွတ်လေ။ မညီညွတ် ပုံကား။ ကာယပဋိဗဒ္ဓ ဟူသော စကားမျိုး၌။ ကာယဟူသောစ ကားဖြင့်ခြေလက်စသောကိုယ်အင်္ဂါကိုယူရမည်။ ကာယပဋိဗဒ္ဓ ဟူသောစကားဖြင့် ကိုယ်အင်္ဂါမဟုတ်သော။ ကိုယ်အင်္ဂါနှင့်စပ် သောအဝတ်သက်န်းစသည်ကိုယူရသည်။ ထိုအတူ၍လည်း။ ခန္ဓပဋိဗဒ္ဓမေဝဟူသောစကားဖြင့် ခန္ဓာမဟုတ်သော ခန္ဓာနှင့်စပ် သောတရားကိုနိဗ္ဗာန်ဟုယူရသည်။ ။ခန္ဓာနှင့်စပ်သောတရားဆို သည်ကား၊အဝိဇ္ဇာ၏ချုပ်ငြိမ်းခြင်း။ တဏှာ၏ချုပ်ငြိမ်းခြင်း၊ ကိ လေသာတို့၏ချုပ်ငြိမ်းခြင်း၊ နာမ်ရုပ်တရားတို့၏ ချုပ်ငြိမ်းခြင်း ဟူသောစကားမျိုး၌။ ချုပ်ငြိမ်းခြင်းဟူသောနိဗ္ဗာန်ကို။ အဝိဇ္ဇာ။ တဏှာ၊ကိလေသာ။ နာမ်ရုပ်ဟူသောခန္ဓာတို့နှင့် ဘက်စပ်၍သိ ရ ပြောဟောရသောကြောင့်။ နိဗ္ဗာနမ္ပိခန္ဓပဋိဗဒ္ဓမေဝ။ ဟူသော စကားကိုဆိုပေသတည်း။ထိုစကားဖြင့်ပင်လျှင်။ ခန္ဓာသည်နိဗ္ဗာန် မဟုတ်၊ နိဗ္ဗာန်သည် ခန္ဓာမဟုတ်ဟုထင်ရှားလေသတည်း။ ။ နိဗ္ဗာနမ္ပိဟိခန္ဓေ ပဋိစ္စပညာပနတောသရီရသ္မိံယေဝ ပညပေသိ။ ဟူသော ဒုတိယစကားသည်၊ ခန္ဓပဋိဗဒ္ဓမေဝဟူသောပထမ စကားနှင့်တထပ်ထည်းပင်တည်း။ ။အညေခန္ဓာ။ အညံနိဗ္ဗာနံ။ အညောပုဂ္ဂလောတိ၊ နဟောဝံဝတ္တဗ္ဗေ။ ဟူသော တတိယစကား မှာလည်း။အညေခန္ဓာ။အညံနိဗ္ဗာနံ ဟူသော စကာနှစ်ရပ်ကား အ မှန်ပင်ဖြစ်၏။အညောပုဂ္ဂလော ဟူသောစကားသည်ကား အမှန် မဟုတ်၊ ထိုကြောင့် နဟောဝံ ဝတ္တဗ္ဗေဟု ပယ်ချက်ထွက်ရ လေ သတည်း၊ထိုကြောင့်ရဟန္တာ၏ ခန္ဓာသည်နိဗ္ဗာန်မဟုတ်၊ နိဗ္ဗာန် သည်ရဟန္တာ၏ ခန္ဓာမဟုတ်ယူသော်လည်း၊ ဤပါဠိနှင့် မဆန့်

www.dhammaransi.com



ကျင်လေ။ ။ဣမသ္မိံယေဝ ကဠေဝရေဗျာမမတ္တေ သမနကေ သဝိညာဏကေလောကဉ္စ ပညပေမိလောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိပဒဉ္စ။ ဟူသော စတုက္က စကားမှာလည်း။ဣမသ္မိံယေဝကဠေဝရေ ဟူသော အာဓာရပုဒ်နှင့်။လောကဉ္စဟူသောပုဒ်။ လောကသမုဒယဉ္စ ဟူသောပုဒ်။ လောကနိရောဓ ဂါမိနိပဒဉ္စ ဟူသော ပုဒ်တို့သည် အပေါင်းအစိဘ်အာဓေရအာဓာရ် ဖြစ်ကြကုန်၏၊ လောကနိရောဓဉ္စ ပုဒ်သည်ကား။ခန္ဓပဋိဗဒ္ဓမေဝ ဟူသောပုဒ်၌ပြဆိုခဲ့သည့်အတိုင်း။ အဝိဇ္ဇာ၏ချုပ်ငြိမ်းခြင်း။တဏှာ၏ချုပ်ငြိမ်းခြင်းစသည်ဖြင့်။ ခန္ဓာနှင့်စပ်လျက်ရှိသောကြောင့်။ ဣမသ္မိံယေဝ ကဠေဝရေ လောကနိရောဓဉ္စပညပေမိ။ဟူ၍ဟောတော်မူပေ၏။ထိုကြောင့်ခန္ဓာသည်နိဗ္ဗာန်မဟုတ်နိဗ္ဗာန်သည်ခန္ဓာမဟုတ်ဟု ယူသော်လည်း။ ဤပါဠိနှင့်မဆန့်ကျင်လေ။

၎င်းနောက်“၎င်းစကားတို့၌ သဥပါဒိသေသ နိဗ္ဗာန်ဟူ၍ မဆိုဘဲ။နိဗ္ဗာန်ဟူ၍သာဆိုသည်။ ထိုကြောင့်ပရိယာယ်နိဗ္ဗာန် တစိတ်တဒေသကိုသာမှတ်သင့်„ ဟူသော စကား၌။ ပရိယာယ်နိဗ္ဗာန်တစိတ်တဒေသဆိုသည်ကား။ သဥပါဒိသေသ နိဗ္ဗာန်ကိုဆိုလို၏။ထိုသဥပါဒိသေသနိဗ္ဗာန်သည်ပရိယာယ် နိဗ္ဗာန်မဟုတ်။မုချသတ်သတ်ပရမတ်နိဗ္ဗာန်ပင်ဖြစ်သတည်း၊ ဖြစ်ပုံကား။ အရဟတ္တမဂ်ခဏ၌ အဝိဇ္ဇာစသောကိလေသာတို့၏ ချုပ်ငြိမ်းခြင်းသည်ပရိယာယ်ချုပ်မဟုတ်။တဘန်ဖြစ်ပေါ် ခြင်းအကြွင်းအကျန်မရှိသောပရမတ္ထချုပ်ကြီးပင် ဖြစ်ပေသတည်း။ ထိုနိဗ္ဗာန်တစိတ်တဒေသကိုမမှတ်သင့်၊ အနုပါဒိသေသ နိဗ္ဗာန်နှင့် တကွ အကုန်လုံးကိုနိဗ္ဗာန်ဆိုသည်ဟု မှတ်သင့်သည်ဟု ဆိုလို၏၊ ထိုစကားမှန်လှပေ၏။ရဟန္တာ၏ခန္ဓပရိနိဗ္ဗာန်စံပြီးသည်မှနောက်၌။အနန္တရဘဝမှစ၍ နောင်အနမတဂ္ဂသံသရာ၌ အနာဂတ်ခန္ဓာတို့၏ ချုပ်ငြိမ်းမှုသည်လည်း။ထိုရဟန္တာ၏ သန္တာန်တွင်အဝိဇ္ဇာချုပ်ငြိမ်းမှုနှင့်တခုတည်း ပင်ဖြစ်လေသောကြောင့်၊ ထိုအနုပါဒိ သေသ

နိဗ္ဗာန်ကိုပြောဆိုရာ၌လည်း။ အဝိဇ္ဇာ၊ တဏှာ၊ ကိလေသာ၊ နာမ်ရုပ်ဟူသောခန္ဓာတို့နှင့် ဘက်စပ်၍ ပင်ပြောဆို ရလေသတည်း။ နောင်အနာဂတ်ကို မြော်၍ ပြောရာ၌လည်း။ အနန္တရဘဝမှစ၍ နောင်ဘဝအဆက်ဆက်တို့သည်။ ထိုရဟန္တာပုဂ္ဂိုလ်၏ သန္တာန်မှာ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းလေကုန်၏ဟု။ ဘဝအဆက်ဆက်ဟူသောခန္ဓာနှင့်စပ်လျဉ်း၍ ပြောဆိုရလေသတည်း။ ဤသို့ပြောဆိုမှု၌ခန္ဓာနှင့်အမြဲစပ်လျဉ်းလျက် ရှိသောကြောင့်။ နိဗ္ဗာနမ္ပိ ခန္ဓပဋိဗဒ္ဓမေဝ ဟူသောစကား။ နိဗ္ဗာနမ္ပိဟိ ခန္ဓေပဋိစ္စပညာပနတောဟူသော စကားတို့ကို ဆိုကြပေကုန်၏။ ခန္ဓပရိနိဗ္ဗာန်စံပြီးသည်မှနောက်၌။ ကိလေသာအာသဝေါကုန်ပြီးသော ထိုရဟန္တာ၏အလွန်သိမ်မွေ့သောခန္ဓာ အစဉ်သည်နောင် အနမတဂ္ဂသံသရာနှင့်အမျှ၊ အနုပါဒိသေသနိဗ္ဗာန်နှင့်တတူတကွနိစ္စဓုဝအဖြစ်ဖြင့် ပါရှိ၍နေသောကြောင့်ဆိုသည်မဟုတ်ပေ။ ဤမျှသော စကားရပ်တို့ဖြင့်။ "ဤသို့ယူသည်ရှိသော် အနုပါဒိသေသနိဗ္ဗာန် ခန္ဓာရှိရာရောက်သောကြောင့်။ ခန္ဓပရိနိဗ္ဗာန်ဟူသောစကားနှင့် မဆန့်ကျင်ပြီလောဟူငြားအံ့။ ဆန့်ကျင်မည် မထင်။ အဘယ်ကြောင့် ဆိုသော်ခန္ဓပရိနိဗ္ဗာန် ဟူသောစကားသည်။ အပြင်ဘက်ကသိကြရှုကြသောသူအပေါင်းအတွက်ပြောဆိုသောစကားဟု မှတ်ရန်ရှိ၏၊ အပြင်ဘက်ကသိရှိရကြပြီးသောဥပစာဟု ဆိုအပ်သောခန္ဓာကြမ်းကြီးသည် ချုပ်ငြိမ်းလေငြားသော်လည်း။ အလွန်သိမ်မွေ့နက်နဲလှ၍အတွင်းကသာ သိအပ်သိထိုက်သောသန္တတိဝဋ္ဋခန္ဓာနှ၏အစဉ်သည်ကား။ ထင်ရှားရှိသည်သာဟု ယူရန်သင့်၏။" ဟူသောစကားတို့ကိုဖြေဆိုခြင်းကိစ္စပြီးလေ၏။

၎င်းနောက်၌။ ရူပသင်္ခါဝိမုတ္တော ခေါမဟာရာဇ တထာဂတောအပ္ပမေယျောဂမ္ဘီရော။ သေယျထာပိမဟာသမုဒ္ဒေါ။ ဝေဒနာသင်္ခါဝိမုတ္တော။ လ။ သညာသင်္ခါဝိမုတ္တော။ လ။ သင်္ခါရသင်္ခါဝိမုတ္တော။ လ။ ဝိညာဏသင်္ခါဝိမုတ္တော။ လ။ သေယျထာပိမဟာသမုဒ္ဒေါ၊ ဟူသောကောသလ သံယုတ်ပါဠိတော်၌၊ အဝိပ္ပါယ်

www.dhammaransi.com



ကား။ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌သတ္တဝါဟူသောပညတ်သည် သဘောအားဖြင့် ရှိသည်မဟုတ်။ သဘောအားဖြင့် ရှိသော ပရမတ္ထတရားကိုအမှီပြု၍သိအပ် ခေါ်ဝေါ်အပ်သော ပညတ်တရားမျှသာဖြစ်၏။ထိုပညတ်သည်လည်း။ ခန္ဓပရိနိဗ္ဗာန်မစံမီ ရှေးအခါ၌၊သင်္ခါဘဖြစ်သော ရုပ်နာမ် ခန္ဓာတို့၏အပေါ်၌သာလျှင် ထင်ဖြင်နိုင်၏။ပညတ်နိုင်၏။ခန္ဓပရိနိဗ္ဗာန် စံပြီးသည့်နောက်အသင်္ခတဖြစ်သောနိဗ္ဗာန်ဟူသော ပရမတ္ထတရားသည်ကား အလွန်သိမ်မွေ့သောတရားဖြစ်၍၊ ထိုတရား၏အပေါ်၌မထင် မြင်နိုင်။ မပညတ်နိုင်။ မဟာသမုဒ္ဒရာတွင်းသို့ သက်ဆင်းသောသူသည် ထောက်ရာ တည်ရာဟူ၍တစုံတခုမျှမရနိုင်သကဲ့သို့။ထိုနိဗ္ဗာန်သို့ ဆိုက်ရောက်သောသတ္တဝါသည်၊ထိုနိဗ္ဗာန်၌ ပုဂ္ဂိုလ်သတ္တဝါဟူသောပညတ်၏တည်ရာမှီရာတစုံတခုသောထောက်ရာ တည်ရာကိုမရလေပြီ။နိဗ္ဗာန်သည်မဟာသမုဒ္ဒရာသဘွယ် နက်နဲသကဲ့သို့။ ထိုပညတ်သည်လည်း။မဟာ သမုဒ္ဒရာသဘွယ်နက်နဲလေ၏။ ထိုကြောင့်အပ္ပမေယျော ဂမ္ဘီရောသေယျထာပိဟူ၍ ဟောတော်မူသည်ဟုမှတ်ရမည်။ပြင်ဘက်သိသောသူတို့အခါ်ဟုမမှတ်ရာ။ ။ နိဗ္ဗာန်သုခမဂ္ဂပဂတိကန္တိဝိညာယတိဟူသော အနုဋီကာပါဌ်မှာလည်း၊နိဗ္ဗာန်ကိုသုခမရုပ်-၁၆-ခုနှင့်။ဓမ္မာယတန၊ ဓမ္မာတ်၌ အကျုံးဝင်ချင်းတူသောကြောင့်။ သုခမဂ္ဂပဂတိကံဟု ဆိုလိုသည်။ နိဗ္ဗာန်သည်အလွန်သိမ်မွေ့သောရုပ်နှင့်အလား တူသောကြောင့် ဆိုသည်မဟုတ်။ ။နိဗ္ဗာန်ကိုနာမ်ဟုခေါ်ရသည်မှာလည်း။ စိတ်နာမ်၊စေတသိတ်နာမ်မျိုးဖြစ်၍ခေါ်ရသည်မဟုတ်။ ရုပ်တရားကဲ့သို့စမ်းသပ်တွေ့ထိ၍သိနိုင်သောတရားမျိုးမဟုတ်။ အမည်နာမကိုအစဉ်မှီးလျက်အနက်သဘောကိုဆင်ခြင်၍ သိရသောကြောင့် နာမ်ဟူ၍ခေါ်လေသည်။

ငင်းနောက် "ထိုကြောင့်၊ ရုပ်နာမ်ကြမ်းမဟုတ်သော်လည်း။ ရုပ်နာမ်အလား ရှိသော။ ဝါ၊ ခန္ဓာဟုမခေါ် ဆိုအပ်သော်လည်း၊ ခန္ဓာအလားရှိသောအသင်္ခတဓာတ် ပရမတ္ထတရားကိုနိဗ္ဗာန်ဟူ၍

www.dhammaransi.com



၎င်းနိဗ္ဗာန်၏ပရိယာယ်အသွယ်သွယ်တို့ဖြင့် တန်းဆာဆင်၍ အပြင်ကသိကြသော ပုထုဇန် လောကီသားတို့ အဘို့ ဟောရပေသည်''ဟူသောစကား၌။ နိဗ္ဗာန်သည် ရုပ်နာမ်ကြမ်းလည်း မဟုတ်။ရုပ်နာမ်အလားလည်းမရှိ။ရုပ်နာမ်ကြမ်းတို့နှင့် အလွန်ဝေးကွာသောသဘောရှိ၏။ ခန္ဓာဟူ၍လည်းမဆိုအပ်။ ခန္ဓာအလားလည်းမရှိ။ ခန္ဓာအလားနှင့် အလွန်ဝေးကွာသော သဘောရှိ၏။ ရုပ်နာမ်အလားရှိသော။ ခန္ဓာအလားရှိသော အသင်္ခတဓာတ်ပရမတ်ဟူ၍လည်းမရှိ။ ၎င်းနိဗ္ဗာန်ကိုပရိယာယ် အသွယ်သွယ်တို့ဖြင့်တန်းဆာဆင်၍ ဟောတော်မူခြင်းသည်။ အပြင်ဘက်ကသိကြသော ပုထုဇန်လောကီသားတို့အဘို့ ဟောရသည် မဟုတ်၊ ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိဟူသော တရားဂုဏ်တော်ပုဒ်နှင့် အညီ၊ကလျာဏ ပုထုဇန်ပုဂ္ဂိုလ်တို့နှင့် တကွ။ ပဋိဝေဓဉာဏ်သို့ ပေါက်ရောက်ပြီးသောအရိယာ ပုဂ္ဂိုလ်တို့၏။ အဘို့ဟောရပေသည်။

၎င်းနောက်''ဤသို့ဆိုအပ်ပြီးသောသန္တိဝဏ္ဏခန္ဓာအစဉ်သည် သသာံတလည်းမဟုတ်။ ဥစ္ဆေဒလည်း မဟုတ်ဖြစ်ပါလျက်။အဘယ်ကြောင့်သဿတ။ဥဝဟုဆရာတို့ဆိုကြ ပြန်သနည်းဟူမူ။ အတွင်းကဝင်၍သိသောသူ၏ အသိဉာဏ်မှာ။ ဥပါဒ်။ဌီ။ဘင်ဟူသောပညတ်မထင်သော်လည်း၊အစဉ်သဖြင့်ဖြစ်နေသောကြောင့်။ ဒုဝန္တိ နိဗ္ဗာနသောဝအဓိဝစနံ ဘဝိတုံ အရဟာတိ၊ဟူသောသဒ္ဒနီတိဆရာစကားအရ၊ ဒုဝဟုခေါ်ထိုက်သည်'' ဟူသောစကား၌။ သန္တိဝဏ္ဏခန္ဓာအစဉ်ဆိုသည်ကား၊ မိမိ၏အလိုအားဖြင့် အနုပါဒိသေသနိဗ္ဗာန်၌တည်ရှိသော၊ အလွန်သိမ်မွေ့သော ရုပ်ဝိသေသနာမ်ဝိသေသဟူသောခန္ဓာအစဉ်ကိုဆိုလို၏။ ထိုခန္ဓာအစဉ်သည် ဝဋ်ဒုက္ခဘေးတို့မှငြိမ်းခြင်းဇေးခြင်းဟူသော သန္တိဂုဏ်နှင့်ပြည့်စုံသောကြောင့် သန္တိဝဏ္ဏခန္ဓာမည်၏၊ ထိုခန္ဓာသည်ပင်လျှင်နိဗ္ဗာန်ဖြစ်၏၊ထိုခန္ဓာသည်ပင်လျှင် ပရိနိဗ္ဗုတပုဂ္ဂိုလ်လည်းဖြစ်၏ဟုဆိုလိုသည်၊ ဤစကား၌အမှန်အားဖြင့် ဝဋ်ဒုက္ခဘေးတို့မှငြိမ်း

www.dhammaransi.com



ဇေးခြင်း တည်းဟူသော သန္တိသဘော သည်သာလျှင် အသစ်တ
နိဗ္ဗာန်အမှန်ဖြစ်၏။ ထိုနိဗ္ဗာန်မှာ တည်ရာမှီရာခန္ဓာဟူ၍ တစုံတခု
မျှမရှိပြီ။ ခန္ဓာမရှိသည့် အတွက်ကြောင့် ပရိနိဗ္ဗုတ ဟူ၍လည်း
ခေါ်စရာ ပုဂ္ဂိုလ်မရှိပြီ၊ အကယ်၍ ထိုနိဗ္ဗာန်မှာ ထိုခန္ဓာသည်
ငှင်း။ ထိုပရိနိဗ္ဗုတ ပုဂ္ဂိုလ်သည်ငှင်း ဇကန်ရှိသည် ဆိုငြားအံ့။
သဿတဒိဋ္ဌိအမှန်ဖြစ်၏။ သဿတဒိဋ္ဌိဆိုသည်ကား။ ထိုခန္ဓာကို
ပင်။ ထိုပုဂ္ဂိုလ်၏အတ္တဟုပြု၍ ထိုအတ္တနှင့် ထိုပုဂ္ဂိုလ်သည် ခန္ဓာရှိ
နိဗ္ဗာန်စံရာ၌ ချုပ်ဆုံးခြင်းမရှိမူ၍။ အနုပါဒိသေသနိဗ္ဗာန်ဘက်သို့
ကူးပြောင်းတည်နေသည်ဟုယူခြင်းသည်သဿတဒိဋ္ဌိမည်၏။ ၊
ဤလျှောက်လွှာ၌"အတွင်းကဝင်၍သိသောသူ၏အသိဉာဏ်တွင်
ထင်မြင်ချက်"ဆိုသမျှသည် သဿတဒိဋ္ဌိ အခြင်း အရာချည်းပေ
တည်း။ ၊ဥစ္ဆေဒဒိဋ္ဌိဆိုသည်ကား။ ခန္ဓာပရိနိဗ္ဗာန်မစံမီရှေးအ
ဘို့၌ထိုခန္ဓာကိုပင်ထိုပုဂ္ဂိုလ်၏အတ္တဟူ၍စွဲယူခဲ့ပြီ လျှင်။ထိုအတ္တ
နှင့်ထိုပုဂ္ဂိုလ်သည်ခန္ဓာပရိနိဗ္ဗာန်စံရာတွင် အကုန်ချုပ်ဆုံးလေ၏
ဟုယူခြင်းသည်ဥစ္ဆေဒ ဒိဋ္ဌိမည်၏။

ဤအရာ၌ သဿတဒိဋ္ဌိ၊ဥစ္ဆေဒ ဒိဋ္ဌိဟူသော အယုတ် တရား
နှစ်ပါးနှင့်။ သမ္မာဒိဋ္ဌိဟူသောမဇ္ဈိမ ပဋိပဒါတို့၏အထူးဆိုပြဆိုရာ
၏ အထူးဆိုသည်ကား။ခန္ဓာပရိနိဗ္ဗာန်စံခြင်းသို့မရောက်မီရှေးကာ
လ၌။ခန္ဓာကိုပင်ပုဂ္ဂိုလ်သတ္တဝါ၏အတ္တဟုပြု၍။ပုဂ္ဂိုလ်သည်အမှန်ရှိ
၏၊ သတ္တဝါသည်အမှန်ရှိ၏၊အတ္တသည်အမှန်ရှိ၏ဟုခိုင်မြဲစွာယူ
ကြသောသူတို့၏အယူမှာ။ ခန္ဓာပရိနိဗ္ဗာန်နှင့်စပ်လျှင်သဿတဒိဋ္ဌိ
သော်လည်းဖြစ်ရမည်။ သို့မဟုတ် ဥစ္ဆေဒဒိဋ္ဌိသော်လည်း ဖြစ်ရ
မည်။ထိုအယုတ်တရားနှစ်ပါးဟူသော လမ်းလွဲလမ်းမှားကိုဘယ်
လိုနည်းနှင့်မှမရှောင်သာပြီ။ အဘယ်ကြောင့်နည်းဆိုသော်၊ ခန္ဓာပ
ရိနိဗ္ဗာန်မစံမီရှေးကာလကပင်၊ခန္ဓာကိုယ်ကို၊ ပုဂ္ဂိုလ်သတ္တဝါ၏
အတ္တပြု၍။ပုဂ္ဂိုလ်သည်အမှန်ရှိ၏၊သတ္တဝါသည်အမှန်ရှိ၏၊ အတ္တ
သည်အမှန်ရှိ၏ဟု ခိုင်မြဲစွာယူခြင်းဟူသောအတ္တဒိဋ္ဌိကြီးအရင်း
ခံရှိနေသောကြောင့်တည်း၊ထိုအတ္တဒိဋ္ဌိအရင်းခံရှိနေသော သူတို့

မှာသောသောအခါနှင့်စပ်လျှင်။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးတွင်တပါးပါးသို့ရောက်လေတော့သည်။ ထိုကြောင့်ကထာဝတ္ထုပါဠိတော်၌ကား၊ပရိနိဗ္ဗုတော ပုဂ္ဂလော အတ္ထတ္ထမှီတိ အာမန္တာ။ပရိနိဗ္ဗုတော ပုဂ္ဂလော သဿတော တိန ဟောဝံ ဝတ္တဗ္ဗေဟူ၍ရင်း။ ။ နတ္ထတ္ထမှီတိ အာမန္တာ၊ ပရိနိဗ္ဗုတော ပုဂ္ဂလော ဥစ္ဆိန္နောတိ န ဟေဝံ ဝတ္တဗ္ဗေဟူ၍ရင်း၊ အစွန်း နှစ်ဘက် မလွတ်နိုင် ချက်ကို ဟောတော်မူပေ၏။ ။ခန္ဓာပရိနိဗ္ဗာန်မစံမီ၊ရှေးကာလကပင်။ထိုခန္ဓာသည်ပုဂ္ဂိုလ်သတ္တဝါမဟုတ်။ပုဂ္ဂိုလ်သတ္တဝါ၏အတ္တလည်းမဟုတ်၊ သဘာဝဓမ္မသက်သက် သာဖြစ်၏၊ ထိုခန္ဓာမှ အလွတ်ပုဂ္ဂိုလ်ဟူ၍၊ သတ္တဝါဟူ၍၊အတ္တဟူ၍သဘောအားဖြင့်မရှိပြီဟုသိမြင်သောဉာဏ်သည် သမ္မာဒိဋ္ဌိမည်၏။ ထိုသမ္မာဒိဋ္ဌိဉာဏ်အမြင်ရှိသော သူတို့မှာ၊ အတ္တဒိဋ္ဌိ အရင်းခံ မရှိသည့် အတွက်ကြောင့်။ခန္ဓာပရိနိဗ္ဗာန်နှင့်စပ်၍သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိသို့ရောက်ဘွယ်မရှိပြီ။မဇ္ဈိမပဋိပဒါ၌ကားတည်လေ၏။ ။မဇ္ဈိမပဋိပဒါဆိုသည်ကား၊ အဝိဇ္ဇာရှိသည့်ရှိသော် သင်္ခါရစသော ဝဋ်တရားတို့သည် ဘဝအဆက်ဆက် ဆက်လက်ဖြစ်ပွါး၍သာ နေကုန်၏။ ဥစ္ဆေဒသို့ ရောက်သည်မရှိ။အရဟတ္တမဂ်သို့ရောက်၍ အဝိဇ္ဇာအကုန်ချုပ်ငြိမ်းလျှင် သင်္ခါရစသောဝဋ်တရားတို့သည် ထိုဘဝမှနောက်၌ ဖြစ်ပေါ်ခြင်း မရှိကြကုန်ပြီ။ ဤမဇ္ဈိမ ပဋိပဒါ လမ်းပေတည်း၊ ။ဤမဇ္ဈိမပဋိပဒါလမ်း၌၊ အတ္တဒိဋ္ဌိဟူသောအရင်းခံမရှိသည် အတွက်ကြောင့်၊ သေကြသောအခါနှင့် စင်လျဉ်း၍ရင်း၊ခန္ဓာပရိနိဗ္ဗာန်စံမှုနှင့်စင်လျဉ်း၍ရင်း၊သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဟူသောအကိုင်းအခက်ဒိဋ္ဌိနှစ်ပါးဖြစ်ပွါးဘွယ်ရမပြီ၊ ။ဤအချက်နိုက်ကြွင်းကျန်သော စကားရပ်မှာ အထူးဖြေဆိုဘွယ်မရှိလှပြီ။

“ဤသို့အတွင်းအပြင်သိခြင်းဖြင့် ပရမတ်တခုတည်းသည့်သင်္ခတ၊ အသင်္ခတဟု နှစ်မျိုးကွဲနေပုံကို ယူလျှင် သင့်မည်မသင့်

www.dhammaransi.com



မည်'' ဟူသောနောက်ဆုံးစကား၌၊ပရမတ္ထဓမ္မတခုတည်းသည် ပင်လျှင်အပြင်သိအစွမ်းဖြင့်သဘ်တဖြစ်၏။ အတွင်းသိအစွမ်းဖြင့် အသဘ်ကဖြစ်၏ဟုဆိုလို၏။ ။အဓိပ္ပါယ်မှာမူကား။ခန္ဓာတရားတို့ တွင်တခုခုသောတရားသည်။ အပြင်မှသိကြသော လောကီဘုံ သားတို့၏ဘာက်၌သာ ဥပါဒ်၊ဌီ၊ဘင်ကို မမြင်နိုင်ကြသည် ဖြစ်၍။ နိစ္စသညာစသော ဝိပလ္လာသ တရားတို့၏ ဖုံးလွှမ်းမှုကြောင့်။ အ သဘ်ကအရိပ်အသွင် ထင်မြင်ကြလျက်ရှိ၏၊ အနိစ္စသညာဆိုသည် ကား။ ဤသတ္တဝါတို့မှာ မွေးတနေ့ သေတနေ့ဟု အယူရှိကြ၏။ မွေးတနေ့ဆိုသည်ကား။တသက်လုံးတွင်အစဆုံးနေ့နှိက်ဖြစ်ပေါ် ပေါက်ပွါးမှု တကြိမ်သာရှိ၏။ သေတနေ့ ဆိုသည်ကား၊ထိုဘဝ တွင်နောက်ဆုံးနေ့တနေ့၌ သေဆုံးမှု တကြိမ်သာရှိ၏။ ထိုမွေးနေ့ သေနေ့နှစ်ပါးတို့၏အကြားနှိက် နှစ်အသင်္ချေ်ပင်ရှည်သော်လည်း အသစ်အသစ် ဖြစ်ပေါ်ပေါက်ပွားမှုဟူ၍လည်းမရှိပြီ။ သေဆုံးမှု ဟူ၍လည်း မရှိလေပြီဟူ၍ ယခု လောကတွင် ဗဟုဿုတ မရှိ သောသူအများတို့ မှတ်ထင်သိမြင်၍နေကြသောအရာသည် နိစ္စ သညာ၊နိစ္စစိတ္တ၊နိစ္စဒိဋ္ဌိမှုပေတည်း။ပုဂ္ဂလ၊သတ္တ၊ အတ္တ၊ ဇီဝများ သည်ပညတ်မျိုးဖြစ်၍ အသဘ်ဘမျိုးပေတည်း။ ခန္ဓာကိုပုဂ္ဂိုလ်ဟူ ၍ စွဲလမ်းခြင်း သည် သဘ်တ ဖြစ်သော ခန္ဓာကို အသဘ်တ ဖြစ် သောပုဂ္ဂိုလ်ပြုလုပ်၍ယူခြင်းဖြစ်၏၊ထိုအတူ ခန္ဓာကိုသတ္တဝါဟူ ၍၊အတ္တဟူ၍ဇီဝဟူ၍စွဲလမ်းခြင်းသည် သဘ်တဖြစ်သောခန္ဓာကို အသဘ်တဖြစ်သောသတ္တဝါ၊ အတ္တ၊ဇီဝဟုစွဲလမ်း ခြင်း ဖြစ်၏။ ခန္ဓာတရားတို့တွင် တခုခုသော တရားသည် အတွင်းမှ သိကြ သော ဝိပဿနာယောဂီဖြစ်သော ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်အရိ မှုယာပုဂ္ဂိုလ်တို့ဘာက်၌ကား။ဥပါဒ်၊ဌီ၊ဘင်တို့ကို အလင်းမြင်နိုင် ကြကုန်သည်ဖြစ်၍၊ နိစ္စသညာစသောဝိပလ္လာသတရားတို့ကို တ ဒင်္ဂပဟာန်၊ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန်အားဖြင့် ပယ်ရှား နိုင်ခြင်းကြောင့်သဘ်တအသွမ်အလင်းထင်မြင်ကြလျက်ရှိ၏၊

ဤသို့လျှင်ဥပါဒ်၊ဌီဘင်တို့နှင့်၏အစဉ်အဆက်ဖြစ်ပင်တုံပျက်တုံ နေကြသော ခန္ဓာတရားတို့သည် ဝိပလ္လာသ အပြည့် အစုံရှိနေ သောပုထုဇနတို့၏ ထင်မြင်ချက်၌သာ၊အသစ်တ အရိပ်အသွင် ရှိနေကြကုန်၏။ မိမိတို့၏သဘာဝအားဖြင့်မူကား အဘယ်အခါမှာ မှအသစ်တမဖြစ်နိုင်ကြကုန်၏။ ။အနုဗောဓဉာဏ်၊ပဋိဝေဓဉာဏ် နှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့၏ ဉာဏ်၌မူကား။ ပုဂ္ဂိုလ်သတ္တဝါစ သော အသစ်တအရိပ်အသွင် ထင်ချက်မရှိကြကုန်ပြီး။ အခါခပ် သိမ်းဖြစ်ခြင်း။ရင့်ခြင်း။ ပျက်ဆုံးခြင်းဟူသော ဇာတိမီး။ဇရာမီး မရဏမီး အမြဲတောက်လောင်၍နေသော သစ်တအရိပ် အသွင် ထင်ရှားလျက်ရှိနေကြကုန်၏။

ထိုကြောင့် အတွင်းအပြင် သိခြင်းဖြင့် ပရမတ်တရတည်း သည် သစ်ဘ။အသစ်ဘနှစ်မျိုးကွဲရိုးမရှိ။ မိမိတို့၏သဘာဝအား ဖြင့်သာလျှင် ခန္ဓာတရားတို့သည် သစ်တသာ အမှန်ဖြစ် ကုန်၏။ ဘယ်အခါမှာမှ အသစ်တအဖြစ်သို့မရောက်ကြကုန်။ ခန္ဓာတရား တို့နှင့် သဘောအားဖြင့်အလွန်ဝေးကွာလျက်ရှိသော ဝဋ်ဒုက္ခတို့ ၏ချုပ်ငြိမ်းခြင်းဟူသော နိဗ္ဗာန်တရား သည်မူကား နိစ္စရူပအား ဖြင့်အသစ်တအဖြစ်၌သာအမြဲတည်၏။ဘယ်အခါမှာမှ သစ်တအ ဖြစ်သို့မရောက်လေပြီ။

ဤအရာ၌ဝဋ်ဒုက္ခတို့၏ချုပ်ငြိမ်းခြင်းဟူသော နိဗ္ဗာန်ဘက်၌ ခန္ဓာဟူသောရုပ်တရားနာမ်တရားမရှိကြောင်းကိုဤပါဠိတော်တို့ ဖြင့်ပြဆိုရာ၏။

ဧဝဥ္စခေါသော ဘိက္ခုပဥှောပုစ္ဆိတဗ္ဗော။
ကတ္ထအာပေါစပထဝီ၊တေဇောဝါယောနဂါဓတိ။
ကတ္ထဒီဃဥ္စရဿဥ္စ၊အဏုံထူလံသုဘာသုဘံ၊
ကတ္ထနာမဥ္စရူပဥ္စ၊အသေသံဥပရုဇ္ဈတီတိ။ ။
တတြဝေယျာကရဏံဘဝတိ။ ။

www.dhammaransi.com



ဝိညာဏံအနိဒဿနံ၊ အနန္တံ သဗ္ဗတောပဘံ၊
ဧတ္ထအာပေါစပထဝီ၊ တေဇောဝါယောနဂါဓတိ။
ဧတ္ထဒီဃဉ္စရဿဉ္စ၊ အဏုံထူလံသုဘာသုဘံ၊ ။
ဧတ္ထနာမဉ္စရူပဉ္စ၊ အသေသံဥပရုဇ္ဈတိ။
ဝိညာဏဿနိရောဓေန၊ ဧတ္ထေတံဥပရုဇ္ဈတီတိ။

ဟူသောဒီဃနိကာယ်၊ သုက်သီလက္ခန်ပါဠိတော်၊ ။ကေဝဋ္ဋသုတ်။စာမျက်နှာနံပါတ်—၁၈၁၊

အတ္ထိဘိက္ခဝေတဒါယတနံ။ ယတ္ထနေဝပထဝီ။ နအာပေါ၊ န တေဇော။နဝါယော၊ နအာကာသာနဉ္စာယတနံ။ နဝိညာဏဉ္စာယ တနံ၊ နအာကိဉ္စညာယတနံ။ နနေဝသညာနာသညာယတနံ၊ နာ ယံလောကော။ နပရလောကော။ နဥဘောစန္ဒိမသူရိယာ၊တဒတြာ ပါဟံဘိက္ခဝေနေဝအာဂတိံ ဝဒါမိ။နဂတိံ၊နဌိတိံ။ နစုတိံ။ နဥပ ပတ္တိံ။ အပတိဋ္ဌံ အပ္ပဝတ္တံ အနာရမ္မဏ မေဝတံ။ ဧသေဝန္တော ဒုက္ခဿာတိ။ ။ဟူသောဥဒါန်းပါဠိတော်။ပါဋလိဂါမဝဂ်။ တ ဒါယတနသုတ်။စာမျက်နှာနံပါတ်-၁၁၇။ဟံသာဝတီတိုက်ထွက် စာအုပ်နံပါတ်ဖြစ်သည်၊ ။ဤပါဠိတော်များကိုထောက်၍။နိဗ္ဗာန် ၌အလွန်သိမ်မွေ့သောခန္ဓာအလားရှိသောတစုံတခုသော တရား မရှိပြီဟုသိအပ်၏။

ကေဝဋ္ဋသုတ်ပါဠိ၌အနက်ကား။ ။ဘိက္ခု။ရဟန်း၊ ဧ သော ပဥှော၊ဤပြဿနာကို၊ဧဝံခေါ၊ ဤသို့လျှင်၊ ပုစ္ဆိတဗ္ဗော။ မေး အပ်၏။ ။ကတ္ထ၊အဘယ်၌။အာပေါစ၊ရေဓာတ်သည်၎င်း။ပထဝီ စ၊မြေဓာတ်သည်၎င်း။တေဇောစ။မီးဓာတ်သည်၎င်း။ ဝါယောစ၊ လေဓာတ်သည်၎င်း။နဂါဓတိ။ထောက်ရာတည်ရာမရနိုင်သနည်း ကတ္ထ၊အဘယ်၌၊ ဒီဃဉ္စ၊ အရှည်သည်၎င်း။ ရဿဉ္စ၊ အတိုသည် ၎င်း၊အဏုံစ၊အသေးသည်၎င်း၊ ထူလဉ္စ၊ အကြီးသည်၎င်း။ သု ဘဉ္စ၊ တင့်တယ်သောဝတ္ထုသည်၎င်း။ အသုဘဉ္စ၊ မတင့်တယ် သောဝတ္ထုသည်၎င်း။ နဂါဓတိ၊ထောက်ရာတည်ရာ မရနိုင်သ

နည်း။ကတ္ထ၊အဘာယ်၌။နာမဉ္စ။ နာမ်ခန္ဓာသည့်၎င်း။ ရူပဉ္စ။ ရုပ်ခန္ဓာသည့်၎င်း၊အသေသံ၊အကြွင်းမရှိ။ ဥပရုဇ္ဈတိ။ချုပ်သနည်း။ဣတိ။ ဤသို့၊ပုစ္ဆိတဗ္ဗော၊မေးအပ်၏၊ ။တတြ။ထိုအမေး၌။ ဝေယျာကရဏံ။အဖြေသည်။ဘဝတိ။ဖြစ်၏၊ ။ယံခမ္ဗဓာတုံ။အကြင်တရားသဘောသည်။ဝိညာဏံ။ အရိယာတို့၏ဉာဏ်ဖြင့်သာ အထူးသိအပ်၏။ အနိဒဿနံ။ ဤကဲ့သို့ဟုညွှန်ပြစရာ ဥပမာလည်းမရှိ။ အနန္တံ။ ဖြစ်ခြင်းပျက်ခြင်းမရှိသည်ဖြစ်၍ရှေ့အစွန်းနောက်အစွန်းလည်းမရှိ။သဗ္ဗတောပဘံ။ခပ်သိမ်းသောအရပ်တို့၌ထွန်းတောက်ပလျက်ရှိ၏။ဧတ္ထ၊ဤတရားသဘော၌၊ အာပေါစ၊ ရေဓာတ်သည်၎င်း၊ပထဝီစ။မြေဓာတ်သည်၎င်း၊တေဇောစ။ မီးဓာတ်သည်၎င်း။ ဝါယောစ၊လေဓာတ်သည်၎င်း။ နဂါဓတိ၊ ထောက်ရာတည်ရာမရနိုင်။ဧတ္တ။ ဤတရား၌။ဒီဃဉ္စ။ အရှည်သည်၎င်း၊ ရဿဉ္စ၊ အတိုသည်၎င်း။ အဏုံစ၊ အသေးသည်၎င်း။ ထူလဉ္စ။ အကြီးသည်၎င်း။သုဘဉ္စ၊ တင့်တယ်သောဝဏ္ဏသည်၎င်း။ အသုဘဉ္စ။ မတင့်တယ်သောဝဏ္ဏသည်၎င်း၊ နဂါဓတိ။ ထောက်ရာ တည်ရာမရနိုင်၊ ။ဧတ္ထ၊ဤတရား၌၊နာမဉ္စ၊ နာမ်သည်၎င်း။ ရူပဉ္စ၊ရုပ်သည်၎င်း၊အသေသံ၊အကြွင်းမရှိ၊ဥပရုဇ္ဈတိ။ချုပ်၏။ဝိညာဏဿ၊ ပဋိသန္ဓေဝိညာဏ်၏၊နိရောဓေန၊ဖြစ်ပေါ်ခြင်းမရှိသောအားဖြင့် ချုပ်ခြင်းကြောင့်၊ ဧတ္ထ၊ဤဝိညာဏ်၏ ဖြစ်ပေါ်ခြင်းမရှိ ချုပ်ခြင်းဟူသောနိဗ္ဗာန်၌၊ ဧတံ၊ ဤရေဓာတ်၊မြေဓာတ်အစရှိသော အလုံးစုံသည်၊ဥပရုဇ္ဈတိ၊ချုပ်ငြိမ်းလေ၏ ဣတိ၊ ဤသို့၊ ဝေယျာကရဏံ၊ အဖြေသည်။ဘဝတိ။ဖြစ်၏။

ဤပါဠိတော်၌၊ နိဗ္ဗာန်မှာရေဓာတ်၊ မြေဓာတ်၊ မီးဓာတ်၊ လေဓာတ်များသည်ထောက်ရာ တည်ရာမရဆိုသောကြောင့်၊ အလုံးစုံသောရုပ်ဟူသမျှသည်၊ နိဗ္ဗာန်မှာမရှိဟု သိအပ်၏၊ နိဗ္ဗာန်မှာ အရှည်အတို၊အကြီး၊အငယ်၊တင့်တယ်သောဝဏ္ဏ၊ မတင့်တယ်သောဝဏ္ဏများသည် ထောက်ရာတည်ရာ မရဆိုသောကြောင့်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အတ္တ၊ ဇီဝစသော ပညတ် များ သည်လည်း

www.dhammaransi.com



နိဗ္ဗာန်မှာမရှိဟုသိအပ်၏။ နိဗ္ဗာန်မှာ နာမ်ခန္ဓာ၊ ရုပ်ခန္ဓာများသည် အကြွင်းမရှိချုပ်ငြိမ်းသည်ဟုဆိုခြင်းကြောင့်။ ရုပ်ကြမ်း၊ နာမ်ကြမ်းမဟုတ်သေးသည်း။ရုပ်နာမ်အလားရှိသောအလွန်သိမ်မွေ့သောတရား အကြွင်းအကျန်ဟူ၍လည်း နိဗ္ဗာန်မှာမရှိ။ခန္ဓာဟုမခေါ်ဆိုအပ်သေးသည်း။ ခန္ဓာအလားရှိသော အလွန့်သိမ်မွေ့သောတရားအကြွင်းအကျန်ဟူ၍လည်း နိဗ္ဗာန်မှာမရှိဟု ဆိုအပ်၏။ချုပ်ငြိမ်းခြင်းဟူသောနိရောဓသည်နှစ်မျိုးရှိ၏။အကြောင်းတို့၏ညီညွတ်ခြင်းကိုစွဲ၍ ဖြစ်ပေါ် ပြီးသောတရား၏ပျက်ဆုံးခြင်းဟူသောဘင်္ဂနိရောဓလည်းတပါး၊ အကြောင်းတို့၏ ချုပ်ငြိမ်းခြင်းကြောင့်ဖြစ်ပေါ် ခြင်းဟူ၍ ပင်မရှိခြင်းတည်းဟူသော အနုပ္ပါဒနိရောဓလည်းတပါး။ ထိုတွင်ဝိညာဏဿနိရောဓေနဟူသော ပါဠိ၌ ဘင်္ဂနိရောဓကိုမလိုအပ်၊အနုပ္ပါဒနိရောဓကိုသာလိုအပ်၏။ ။ဤပါဠိတော်၌ဝိညာဏဿဒ္ဒါနှစ်ချက်ပါသည့်တွင်။ ရှေ့ဝိညာဏဿဒ္ဒါ၌အာရုံကိုသိခြင်းဟူသော အနက်ကို မယူအပ်။ အရိယာတို့၏ဉာဏ်ဖြင့်အထူးသိအပ်၏ဟူသောအနက်ကိုသာယူအပ်၏။

ဥဒါန်းပါဠိ၌အနက်ကား။ ၊ဘိက္ခဝေ၊ ရဟန်းတို့။ တဒါယတနံ၊ ထိုသို့သဘောရှိသောမှီခိုရာ၊ ခိုကိုးရာတရား အထူးသည်။ အတ္ထိ၊ရှိ၏။ယတ္ထ၊အကြင်တရား၌။ ပထဝီ၊ မြေဓာတ်သည်လည်း။ နေဝအတ္ထိ၊မရှိ။အာပေါ။ ရေဓာတ်သည်လည်း၊ နအတ္ထိ၊မရှိ။ တေဇော၊မီးဓာတ်သည်လည်း၊နအတ္ထိ၊ မရှိ၊ဝါယော၊ လေဓာတ်သည်လည်း၊ နအတ္ထိ၊ မရှိ၊ အာကာသာနဉ္စာယတနံ။ အာကာသာနဉ္စာယတနနာမက္ခန္ဓာလေးပါး သည်လည်း။ နအတ္ထိ၊ မရှိ။ ဝိညာဏဉ္စာယတနံ၊ ဝိညာဏဉ္စာယတန နာမက္ခန္ဓာလေးပါး သည်လည်း၊ နအတ္ထိ။မရှိ။ အာကိဉ္စညာယတနံ။ အာကိဉ္စညာယတန နာမက္ခန္ဓာလေးပါးသည်လည်း၊ နအတ္ထိ။မရှိ၊ နေဝသညာနာသညာယတနံ။ နေဝသညာ နာသညာယတန နာမက္ခန္ဓာ လေးပါးသည်လည်း နအတ္ထိ၊မရှိ၊အယံလောကော၊ဤပစ္စုပ္ပန်လောကမည်သည်လည်း၊ နအတ္ထိ၊မရှိ၊ပရလောကော၊ တမလွန်လောက မည်သည်လည်း၊

www.dhammaransi.com



နအတ္ထိ။မရှိ'ဥဘော၊ နှစ်ပါးကုန်သော။ စန္ဒိမသူရိယာ၊ လ။ နေတို့သည်လည်း။နသန္တိ။မရှိကုန်။ ဘိက္ခဝေ။ရဟန်းတို့။အပိ။ စင်စစ်။ တတြ၊ထိုတရားအထူး၌။အာဂတိံ။ တခြားတပါးမှ လာရောက်ခြင်းကိုလည်း၊အဟံ။ငါဘုရားသည်၊ နေဝ ဝဒါမိ။မဟော၊ ဂတိံ၊ ထိုမှဘဝတပါးသို့လားခြင်းကိုလည်း။နဝဒါမိ၊ ငါမဟော။ဌိတိံ၊ ထိုတရားနှိုက်တည်နေခြင်းကိုလည်း။နဝဒါမိ။ငါမဟော၊ စုတိံ။ ထိုမှဘဝတပါးသို့ရွေ့ရှားခြင်း ကိုလည်း။ နဝဒါ မိ။ ငါမဟော။ ဥပပတ္တိံ၊ထိုမှရွေ့ရှား၍ဘဝတပါးသို့ ကပ်ရောက်ခြင်းကိုလည်း။ နဝဒါမိ။ငါမဟော။တံ။ ထိုတရားအထူးသည်၊အပတိဋ္ဌံ။မဟာသမုဒ္ဒရာကဲ့သို့ထောက်တည် ရာသည်လည်း။နအတ္ထိ။မရှိ။အပ္ပဝတ္တံ။ အစဉ်မပြတ်ဖြစ်နေခြင်းသည်လည်း၊ နအတ္ထိ၊ မရှိ၊ အနာရမ္မဏမေဝ။ စိတ်စေတသိက်တရားတို့ကဲ့သို့။ တခြားတပါးသောအာရုံပြုခြင်းမရှိသည်သာလျှင်တည်း။ ဧသေဝ ဧသောဧဝ၊ ဤတရားအထူးသည်သာလျှင်၊ ဒုက္ခဿ၊ သံသာရဝဋ်ဒုက္ခ၏၊ အန္တော။ အဆုံးတရားပေတည်း၊ ၊အဓိပ္ပါယ်ဆိုသာပြီ။

လျှောက်လွှာ၌။ "ရုပ်နာမ်ကြွင်းမဟုတ်သော်လည်း၊ ရုပ်နာမ်အလားရှိသော၊ဝါ၊ခန္ဓာဟု မဆိုအပ်သော်လည်း ခန္ဓာအလားရှိသောအသင်္ခတဓာတ် ပရမတ်ကို နိဗ္ဗာန်ဟူ၍ ဟောရပေသည်ဟူသောစကားသည်။အဘိဓမ္မာနှင့်ဆန့်ကျင်၏။ ဆန့်ကျင်ပုံကား။ အဘိဓမ္မာနှိုက်။ရူပိနောဓမ္မါ။အရူပိနောဓမ္မာဟူ၍ရုပ်ဟုတ်မဟုတ်နှစ်ဘို့နှစ်ရသာလာသောကြောင့်။ ရုပ်ကြွင်းမဟုတ်သော်လည်း၊ ရုပ်ကြွင်းအလားရှိသော နေဝရူပိနာရူပိဟူသော တတိယကောဋ္ဌိမရှိကြောင်းကိုသိအပ်၏၊ ။စိတ္တာဓမ္မာ။ နောစိတ္တာဓမ္မာဟူ၍၎င်း။စေတသိကာဓမ္မာ။နောစေတသိကာဓမ္မာဟူ၍၎င်း၊ စိတ်ခန္ဓာဟုတ်မဟုတ်၊စေတသိက်ခန္ဓာဟုတ်မဟုတ် နှစ်ဘို့နှစ်ရသာ လာသောကြောင့်၊ နာမ်ခန္ဓာကြွင်းမဟုတ်သော်လည်း။ နာမ်ခန္ဓာအ

www.dhammaransi.com



လား ရှိသော။ နေဝစိတ္တနာဝစိတ္တ၊ နေဝစေတသိက။ နာဝစေတသိကဟူသော၊ တတိယကောဋ္ဌမရှိကြောင်းကိုသိအပ်၏။

ဤတွင်ရွှေ့ကား။ မောင်ရွှေစံအောင်၏ လျှောက်လွှာကို
ဖြေဆိုချက်ပြီး၏။

---

ဤဖြေဆိုချက်နှင့်မကျေမလည်ရှိသေးလျှင်ထပ်မံ၍လျှောက်။
သတိပေးချက်။

ဤကဲ့သို့နက်နဲသော တရားအချက်ကြီးများကို ဆုံးဖြတ်ရာ၌။ အစွန်အဖျားဖြစ်သောဋီကာစကားအတိုအစနှောင်းများကို အားကိုး အားထားမပြုရာ။ ပါဠိတော်ကြီးများကိုသာ အားကိုး အားထားပြုရာ၏။

—⊙—

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အပဏ္ဏာဒိကရဏံသိယာ အကုသလံ သိယာ ဇဗျာကတံ နတ္ထိ။ အာပဏ္ဏာဒိကရဏံကုသလံ။ ။ဟူသော ပါဠိတော်သည်၊ တိုက်ရိုက်ရှိတိုင်း၊ အာပတ်အကုန်အလုံးစုံတို့ကိုခြုံ၍သိအပ်သော နိတ္တဒ္ဓေသနာပါလော၊ သို့တည်းမဟုတ်။ အချို့အဝက်၌သာအချက်ဝိသေသနှင့်သိအပ်သောနေယျတ္ထဒေသနာပါလော, မေးရန်ရှိ၍၊ အာပဏ္ဏာဓိကရဏံ။ ။သ။ သန္တာယဘာသိတဝသေန အတ္ထော ဝေဒိတဗ္ဗော,မိန့်၊ နေယျတ္ထဒေသနာဟူလို။

အဘယ့်ကြောင့်နေယျတ္ထ ဒေသနာအဖြစ်ကို သိနိုင်ပါသနည်း မေးရန်ရှိ၍၊ ဇာတိရေကောဉပကပြတော်မူလိုရကား။ ။ယသ္မိံ ဟိ

www.dhammaransi.com



ပထမဝိဓာနာဒိကေ အာပတ္တာဓိကရဏေကုသလစိတ္တံအင်္ဂံ ဟော
တိ၊ တသ္မိံသတိ, နသက္ကာဝတ္တုံနတ္ထိ။ အာပတ္တာဓိကရဏံကုသ
လန္တိ,မိန့်။ ။ကုသလစိတ္တံ အင်္ဂံ ဟောတိ၌။ အာပတ္တိသမုဋ္ဌာ
ပကစိတ်ကိုအင်္ဂါဆိုသည်ဟု ဋီကာတို့ဘွင့်ကြ၏။ ။တသ္မိံ။ထို
ကုသိုလ်စိတ်အင်္ဂါ ဖြစ်ထိုက်သော ပထမဝိဓာနအစရှိသော အာ
အာပတ္တာဓိ ကရဏ်းသည်။ သတိ၊ရှိသည်ရှိသော်။ ဝါ၊ရှိသော
ကြောင့်။ဟောတုလက္ခဏာတည်း။ ။ဇာတိယာသတိဇရာမရဏံ
ဟောတိ၊ဘဝေသတိ,ဇာတိဟောတိ,၌ကဲ့သို့မှတ်။ ။သာရတ္ထ
ဒီပနီ၌။ ။တသ္မိံသတိတိတသ္မိံကုသလစိတ္တေ၊အာပတ္တိဘာဝေ
နဂဟိတေသတိ,ဟုဘွင့်၍အဘူတပရိကပ္ပလက္ခဏာကြံ၏။

ကုသိုလ်စိတ်သည်၊အာပတ်ဖြစ်ခဲ့သည်ရှိသော်။နတ္ထိအာပတ္တာ
ဓိကရဏံကုသလံ,ဟုဟောတော်မူခြင်း၌ မတတ်ကောင်း။ကု
သိုလ်စိတ်အာပတ် မဖြစ်သောကြောင့်သာ။ ထိုသို့ဟောခြင်း၌
တတ်ကောင်း၍ထိုသို့ဟောတော်မူသည်ဟုအဓိပ္ပါယ်ဆိုလို၏။ ။
ယသ္မိံ,ဟူသောအနိယတ်နှင့်မထပ်မိသောကြောင့်၊တအစွဲလည်း
ပျက်၏။ ။နတ္ထိအာပတ္တာဓိကရဏံကုသလံကို။ နိတတ္ထဒေသနာ
အနေနှင့်ထင်မှတ်စွဲလမ်းရင်း ရှိကြသောကြောင့်။ မိမိအလိုနှင့်ဆွဲ
ဆွဲငင်ငင်ဘွင့်သည်ဖြစ်၍။ အဓိပ္ပါယ်လည်းချွတ်၏။ ။နသက္ကာ
ဝတ္တုံဝတ္တဗ္ဗ,ဟောလျက်လည်းရှိပြန်ခဲ့ပြန်၏။ ။တသ္မာနယိဒံအင်္ဂပ္ပ
ဟောနကစိတ္တံသန္ဓာယဝုတ္တံ၊ ကား,လဒ္ဓဂုဏ်၊ ။ပထမဝိဓာနစ
သောသစိတ္တကပဏ္ဏတ္တိဝဇ္ဇ အာပတ်မျိုးတို့၌ ကုသိုလ်စိတ်သည်
ဧကန္တအင်္ဂပ္ပဟောနကဖြစ်၏။ ကုသိုလ်စိတ် အင်္ဂပ္ပဟောနကဖြစ်
သဖြင့်လည်း။ ထိုစိတ်နှင့် ယှဉ်သော ကုသိုလ် စေတနာသည်။
ဧကန္တ ကုသိုလ်အာပတ်ဖြစ်၏။ ထိုသို့ဖြစ်သည်ရှိသော်။ ကုသိုလ်
အာပတ္တာဓိကရဏ်းဧကန္တရှိသည်သာဖြစ်၍။အင်္ဂပ္ပဟောနကစိတ်
ကိုရည်၍ဟောတော်မူခဲ့လျှင်၊ နတ္ထိအာပတ္တာဓိကရဏံ ကုသလံ
ဟုမဟောသင့်၊ဟောလျက်ရှိပြန်သောကြောင့် လည်း။ဤဒေသန
သည်၊အင်္ဂပ္ပဟောနကစိတ်ကိုရည်၍ဟောတော်မူသော ဒေသနာ

www.dhammaransi.com



မဟုတ်ဟုဆိအပ်သည်ဟူလို၊ အဖြောင့်အဓိပ္ပါယ်။ အင်္ဂပွဟောန ကစိတ်ကိုမရည်ခဲ့သော်၊ အဘာယ်ကိုရည်ပါသနည်းမေးရန်ရှိ၍။ ဣဒံပနသန္တာယဝုတ္တံ, မိန့်။ ။ဣဒံ၊သရုပ်ကိုထုတ်ပြလိုသောဆရာ သည်။ ရှေးဦးစွာဝဏ္ဏေတဗ္ဗကိုပြလို၍၊ ။ယံတာဝအာပတ္တာဓိက ရဏံလောကဝဇ္ဇံ၊ တံဧကန္တတော အကုသလမေဝ။ တတ္ထသိ ယာအကုသလန္တိ ဝိကပ္ပေါနတ္ထိ,မိန့်။ ။လောကဝဇ္ဇအာပတ်မျိုး သည်။ ဧကန္တအကုသိုလ်အာပတ်မျိုးသာဖြစ်ရကား။ ရံခါအကု သိုလ်ဟုဆိုရန်ဝိကပ်မရှိ။ ထိုကြောင့်။ လောကဝဇ္ဇအာပတ်မျိုးကို ရည်၍ဟောသော ဒေသနာလည်းမဟုတ် ဟူလိုသည်။ ။ဤမျှ သောစကားရပ်တို့ဖြင့်။ ဤဒေသနာတော်သည်၊ သစိတ္တကပဏ္ဏတ္တိ ဝဇ္ဇအာပတ်မျိုးနှင့်လည်းမဆိုင်။ လောကဝဇ္ဇအာပတ်မျိုးနှင့်လည်း မဆိုင်ဟုပြတော်မူ၍၊ အာပတ်-၄-မျိုးတို့တွင်။ အစိတ္တကပဏ္ဏတ္တိ ဝဇ္ဇအာပတ်တမျိုးသာကျန်ရှိ၏။ ဝဏ္ဏေတဗ္ဗကိုပြပြီး၍။ ဂဟေတဗ္ဗ ကိုပြလိုသောကြောင့်။ ယံပနပဏ္ဏတ္တိဝဇ္ဇံ၊ တံယသ္မာသစိတ္တ ဣမံ အာပတ္တိံ ဝီတိက္ကမာမီတိ။ ဝီတိက္ကမန္တဿေဝ အကုသလံဟောတိ၊ အသဉ္စိစ္စပနကိဉ္စိအဇာနန္တဿသဟသေယျာဒိဝသေန၊ အာပဇ္ဇ တောအဗျာကတံဟောတိ။ တသ္မာတတ္ထသဉ္စိစ္စာသဉ္စိစ္စဝသေန။ ဣမံဝိကပ္ပဘာဝံသန္ဓာယဣဒံဝုတ္တံ၊ အာပတ္တာဓိကရဏံ သိယာအ ကုသလံ။ သိယာအဗျာကတံ။ နတ္ထိအာပတ္တာဓိကရဏံကုသလန္တိ, မိန့်၊ ဤဝါကျ၌။ သဉ္စိစ္စပုဒ်ဖြင့်။ ဝတ္ထုဝိဇာနနစိတ်ကို။ ဣမံအာ ပတ္တိံဝီတိက္ကမာမိပုဒ်ဖြင့်။ ပဏ္ဏတ္တိဝိဇာနနစိတ် ဝီတိက္ကမဝိဇာနန စိတ်-၂ပါးကိုပြတော်မူသည်။ ။အသဉ္စိစ္စပနကိဉ္စိအဇာနန္တ ဿပုဒ်ဖြင့်။ ထိုစိတ်-၃ ပါးမှကင်းရှင်းသည်ကိုပြတော်မူသည်။ ။ အစိတ္တက သမုဋ္ဌာနသော သဟသေယျအစရှိသော၊ အစိတ္တက ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်တို့၌သာလျှင်။ ရံခါသဉ္စိစ္စပက္ခ၌ သင့်သော အာပတ်တမျိုး။ ရံခါအသဉ္စိစ္စပက္ခ၌သင့်သောအာပတ်တမျိုး၊ ဤ သို့ အာပတ်နှစ် ဝိကပ်ကိုရအပ်သည်။ နှစ်ဝိကပ်တို့ တွင်လည်း။ သဉ္စိစ္စပက္ခဖြစ်ခဲ့မူ။ အကုသိုလ်အာပတ်သာဖြစ်၏။ အသဉ္စိစ္စပက္ခ

www.dhammaransi.com



ဖြစ်ခဲ့မှု။ အဗျာကတအာပတ်သာဖြစ်၏၊ အကုသိုလ်အာပတ်ဟူ၍ ညှပ်စရာမရှိပြီ။

ပထဝီခနနစသော သစိတ္တကပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်တို့မှာ။ အနာပတ္တိအသဉ္စိစ္စအဇာနန္တဿ။ဟူ၍အနာပတ္တိဝါရ၌ဟောတော်မူသောကြောင့်။အသဉ္စိစ္စအဇာနန္တဿပက္ခ၌။အာပတ်ပင်မရှိ၊ အနာပတ္တိသာဖြစ်၏။ထို့ကြောင့်။သဉ္စိစ္စအသဉ္စိစ္စနှစ်ဝိကပ်ကိုမရအပ်။ လောကဝဇ္ဇတို့တွင်၊သတ္တစိတ္တကဝဇ္ဇတို့၌။ထိုအတူအနာပတ္တိ၊အသဉ္စိစ္စအဇာနန္တဿဟုအနာပတ္တိဝါရလာ၏၊ ၊သုရာပါနသိက္ခာပုဒ်၌ကားထိုသို့မလာ။ ဤသဉ္စိစ္စအသဉ္စိစ္စနှစ်ဝိကပ်ပင်ရသင့်သကဲ့သို့ရှိ၏။ဤသုရာပါနအာပတ်၌အလွန်ဝါဒများပြား၏။

ပါဠိတော်၌ဝိဝါဒါဓိကရဏ်း၏ပဋိနိဒ္ဒေသ၌။ယံကုသလစိတ္တောဝိဝဒတိ။ဣဒံဝုစ္စတိဝိဝါဒါဓိကရဏံကုသလံ,အစရှိသည်ဖြင့်ဟောတော်မူသကဲ့သို့။ဤအာပတ္တာဓိကရဏ်း၏ပဋိနိဒ္ဒေသဝါဒ၌လည်း ယံကုသလစိတ္တောအာပဇ္ဇတိ၊ဣဒံဝုစ္စတိအာပတ္တာဓိကရဏံကုသလံ။အစရှိသည်ဖြင့်ဟောတော်မူရာပါသည်မဟုတ်လော။ ထိုသို့ဟောတော်မူခဲ့ပါလျှင်၊ နိဒ္ဒေသ၌လည်း။ အာပတ္တာ ဓိကရဏံ သိယာကုသလံသိယာ။ အကုသလံသိယာ။ အဗျာကတံ,ဟု ဖြစ်သင့်လေရာ၏၊အဘယ်ကြောင့်ထိုသို့မဟောပါသနည်းမေးရန်ရှိ၍၊ သစေပန ယံကုသလစိတ္တောအာပဇ္ဇတိ။ ဣဒံဝုစ္စတိအာပတ္တာ ဓိကရဏံကုသလန္တိ ဝဒေယျအစိတ္တကာနံပန ဧဠကလောမ ပဒသောဓမ္မသမုဋ္ဌာနာနံပိကုသလတ္တံ အာပဇ္ဇေယျ,မိန္နံ။ ။ယံ အကြင်အာပတ်သို့၊ ကုသလစိတ္တော။ ကုသိုလ်စိတ်နှင့်ပြည့်စုံဆဲဖြစ်၍၊ အာပဇ္ဇတိ၊ ၏။ပေး၊ စိတ်သည်အာပတ်မှုကိုစေ့ဆော်အားထုတ်သောအာပတ္တိသမုဋ္ဌာပကစိတ်တမျိုး။ ။အာပတ်သင့်ဆဲအခါ၌ထင်ရှားရှိ၍နေကာမျှဖြစ်သောသမင်္ဂီမတ္တစိတ်တမျိုး:ဟူ၍ ၂-မျိုးရှိ၏။ ။ယံကုသလံ စိတ္တေနအာပဇ္ဇတိ။ ဣဒံဝုစ္စတိအာပတ္တာဓိကရဏံကုသလံ,ဟုကရိယာနှင့်ဆိုရာ၌။ အာပတ်မှုကို စေ့ဆော်သောအာပတ္တိသမုဋ္ဌာပကအာ ပတ္တိအင်္ဂစိတ်ကိုသာရ၏။ ။ယံ

www.dhammaransi.com



ကုသလစိတ္တောအာပဇ္ဇတိ,ဟူ၍ဟောတော်မူသောပရိဝါပါဠိတော်မျိုးတို့၌ကား။အင်္ဂပ္ပဟောနကစိတ်၊သမင်္ဂိမတ္တစိတ်-၂မျိုးနှင့်ပင်ဆက်ဆံ၏။ ။သမင်္ဂိမတ္တစိတ်ဆိုသည်ကား။ ညဉ့်အခါသဟာသေယျလောက်သောနေရာ၌။ ရဟန်းသည်လျောင်း၍ အိပ်နေ၏။ မာတုဂါမသည်ဝင်၍အိပ်၏။ ထိုရဟန်းသည်လည်း မာတုဂါမဝင်၍ အိပ်သည်ကိုမသိ။ မာတုဂါမ အိပ် သည်နှင့် တပြိုင်နက်။ ရဟန်းမှာအာပတ်သင့်၏။ ထိုအာပတ်သင့်ဆဲအခါ၌၊ ကမ္မဋ္ဌာန်းစသည်ကိုနှလုံးသွင်းသော ကုသိုလ်စိတ် ဖြစ်ဆဲသော်လည်းကြုံရာ၏၊ ကာမဝိတက်စသည့်တို့ကြံဘန်သော အကုသိုလ်စိတ်ဖြစ်ဆဲသော်လည်းကြုံရာ၏။ အိပ်ပျော်ဆဲ့ဖြစ်၍ ဘဝင် အဗျာကတ စိတ်ဖြစ်ဆဲသော်လည်းကြုံရာ၏။ ။ရဟန္တာပုဂ္ဂိုလ်ဖြစ်၍။ .အဗျာကတစိတ်ဖြစ်ဆဲ့သော်လည်းကြုံရာ၏။ ဤစိတ်မျိုးကား အာပတ်မှုကိုရှေ့ရှု၍စေ့ဆော်သော စိတ်မျိုးမဟုတ်၊သမင်္ဂိမတ္တစိတ်မျိုးသာတည်း။ ။ယံကုသလစိတ္တောအာပဇ္ဇတိ။ ဣဒံဝုစ္စတိ အာပတ္တာဓိကရဏံကုသလံဟူ၍ဟောတော်မူသည်ရှိသော်။ ထိုသမင်္ဂိမတ္တစိတ်မျိုးကိုပင်အာပတ်ဟူ၍ ဆိုရလိမ့်မည်၊ စင်စစ်မူကား၊ထိုသမင်္ဂိမတ္တစိတ်မျိုးသည်။အာပတ်မဟုတ်။အင်္ဂပ္ပဟောနကဖြစ်သောအာပတ္တိ သမုဋ္ဌာပကစိတ်နှင့်ယှဉ်သော စေတနာ ဓမ္မသည်သာအာပတ်စင်စစ်ဖြစ်၏။ ဋီကာတို့၌ကား၊ အာပတ်၏အင်္ဂါနှင့်အာပတ်ကိုပဘေဒူပစာပြု၍အာပတ်၏ အင်္ဂါဖြစ်သောစိတ်သည်ပင်လျှင်အာပတ်လည်းမည်၏ဟုဆိုကြကုန်၏၊ ။ဆိုဘွယ်အထူးမှုကား။အစိတ္တကအာပတ်မျိုးဘို့နိုက်။ အာပတ်သင့်သောအမှုကိုစေ့ဆော်သောစိတ်သည်လည်း။ အာပတ်၏အင်္ဂါမဟုတ်။ အာပတ္တိသမုဋ္ဌာပကမဟုတ်။အင်္ဂပ္ပဟောနကမဟုတ်။ အဘဲ့ကြောင့်နည်းဟူမူ၊အစိတ္တကမျိုးဖြစ်၍၊ ထိုသို့သောစိတ်မရှိဘဲနှင့်ပင်သင့်သည်သာဖြစ်သောကြောင့်တည်း။

သဟာသေယျ၌။ မာတုဂါမအိပ်၍နေသည်နှင့် သည်ကိုသိ၍။ အာပတ် သင့်မည်ကိုသိလျက်နှင့်ပင်။ သင့်ပလေစေဟု လွန်ကြူး

www.dhammaransi.com



လိုသောစိတ်နှင့်စေ့ဆော်အားထုတ်၍ အိပ်ရာ၌ပင်လျှင်။ ထိုစိတ်သည်အာပတ်၏အင်္ဂါမဟုတ်။ အိပ်သောလျောင်းသော အခြင်းအရာအားဖြင့်ဖြစ်သောရုပ်အစုသည်သာ အာပတ်၏အင်္ဂါလည်းမည်၏။ အာပတ်လည်းမည်၏။ ။အဋ္ဌကထာ၌ပြဆိုသော၊ ဒွေကလောမပဒသောဓမ္မသမုဋ္ဌာန်ရှိသော၊အစိတ္တကပဏ္ဏတ္တိဝဇ္ဇမျိုးဆိုသည်လည်း၎င်းသဘောသဘောယျစသည်တို့ပင်တည်း။ ကုသလတ္တံ အာပဇ္ဇေယျ၌။သမင်္ဂီမတ္တအရာ၌တည်သောကုသိုလ်စိတ်ကိုအာပတ္တာဝိကရဏ်းဟူ၍ဟောခဲ့သည်ရှိသော်။ အစိတ္တကအာပတ်မျိုးသင့်ဆဲခဏ၌ရှိနေသောကုသိုလ်စိတ်ကိုလည်း အာပတ်ဟူ၍ဆိုရာ၏။ ထိုသို့ဆိုရခဲ့သည်ရှိသော်။ အစိတ္တကမျိုးဖြစ်သော၊ ဒွေကလောမအာပတ်ပဒသော ဓမ္မအာပတ်မျိုးကိုလည်း ကုသိုလ်အာပတ်ဟူ၍ ဆိုရာ၏ဟူလိုသည်။ ။သိုးမွေးကိုယူဆောင်၍။-၃—ယူဇနာကိုကုသိုလ်စိတ်နှင်လွန်သောအခါ၌၎င်း။လူသာမဏေကိုကုသိုလ်စိတ်နှင့် ပုဒ်ပြိုင်စာချသောအခါ၌၎င်း။ ကုသိုလ်စိတ်ထင်ရှားရှိနေသောကြောင့်။ထိုအာပတ်များသည်ကုသိုလ်အာပတ်ပင်ဖြစ်သင့်သည်မဟုတ်လော။ မေးရန်ရှိ၍။ နစတဗ္ဗာဝိဇ္ဇမာနံပိကုသလစိတ္တံ အာပတ္တိယာအင်္ဂံ ဟောတိ,ဝိန္။ ။ဤနိုက်။အာပတ္တိယာအင်္ဂံ နှဟောတိကို၊ အာပတ္တိနှဟောတိ ဘိအဋ္ဌော-ဟု၊ ဋီကာတို့ဘွင့်ကြ၏။တနည်းကား။

အာပတ္တာ ဓိကရဏံ သိယာ၊ အကုသလံသိယာ အဗျာကတံ နတ္ထိ။အာပတ္တာဓိကရဏံကုသလံ၌။ သိယာသဒ္ဒါကား။ ကေစ္စပရိယာယ်တည်း။ သိယာ၊ အချို့သောအာပတ်ကား။ ပေး၊ အစိတ္တကဖြစ်သောလောက ဝဇ္ဇပဏ္ဏတ္တိဝဇ္ဇနှစ်မျိုးသည်၊ အသဉ္စိစ္စဖြစ်၍-သိယာအဗျာကတံ၌ဝင်၏။ သစိတ္တကဖြစ်သော လောကဝဇ္ဇအာပတ်မျိုးသည်။ သဉ္စိစ္စအကုသလဓမ္မမျိုးကောန်ဖြစ်၍။ သိယာအကုသလံ၌ဝင်၏။ သစိတ္တကပဏ္ဏတ္တိဝဇ္ဇ အာပတ်မျိုး၌ မူကား။ ပညတ်တော်ကိုသိလျက်ကျူးလွန်၍သင့်သောအာပတ်ဖြစ်အံ့။သိယာအကုသလံ၌ဝင်၏။ပညတ်တော်ကိုမူကားမသိ။ဝဏ္ဏုပိတိက္က

www.dhammaransi.com



မမှားကိုသာသိ၍ပြုရာ၌ကား၊ ကုသိုလ်အာပတ်၊ အကုသိုလ်အာပတ်၊ အဗျာကတအာပတ်သုံးမျိုးထွက်၍၊ ရဟန်းသည်ပညတ်၊ ဝတ္ထု၊ ဝီတိက္ကမ ၃-မျိုးကိုသိလျက်၊ မြက်သစ်ပင်ကိုဖျက်ဆီးခဲ့အံ့၊ အကုသိုလ်အာပတ်ဧကန်ဖြစ်၏၊ သိယာ အကုသလံ၌ဝင်၏၊ ပညတ်တော်ရှိသည့်ကိုမသိမူ၍၊ ဘုရားကိုကြည်ညိုသောစိတ်ဖြင့်၊ စေတီပြင်မှာ၊ မြက်သစ်ပင်ကို တူးဖြတ်ခုတ်ထွင်ရာ၌၊ ပုထုဇဉ်သေက္ခဖြစ်ခဲ့အံ့၊ ကုသိုလ်စိတ်သည်အင်္ဂါ၊ ကုသိုလ်စေတနာသည်အာပတ်ဖြစ်၏၊ ရဟန္တာဖြစ်ခဲ့အံ့၊ ကြိယာစိတ်သည်အင်္ဂါ၊ ကြိယာစေတနာသည်အာပတ်ဖြစ်၏၊ ပုထုဇန်သေက္ခဖြစ်၍ မြက်သစ်ပင်တို့ကိုအဒါသနှင့်တူးဖြတ်ခုတ်ထစ်ခဲ့အံ့၊ အကုသိုလ်စိတ်သည်အင်္ဂါ၊ အကုသိုလ်စေတနာသည်အာပတ်ဖြစ်၏၊ ဤအကုသိုလ်စိတ်၊ အကုသိုလ်စေတနာသည်သည်း၊ သိယာအကုသလံ၌ဝင်၏၊ ပြဆိုခဲ့ပြီးသော သဉ္စိစ္စအတ္ထိ ရှိသော ကုသိုလ် အာပတ် ကြိယာအာပတ်-၂-မျိုးသည် ကျန်ရှိ၍နေ၏၊ ပညတ်တော်ကိုသာမသိသည်၊ ဝတ္ထုနှင့် ဝီတိက္ကမကို မူကား၊ ကြောင်ကြောင် သိ၍ပြု ကြသော အမှု အာပတ်ရဖြစ်သောကြောင့်၊ သဉ္စိစ္စအတ္ထိရှိသည်ဟုဆိုသတည်း။ ။ ပညတ်တော်ကို မသိသော်လည်း ဝတ္ထု ဝီတိက္ကမကို လျက်နှင့် ပညတ်တော်ကိုကျူးလွန်မှုဖြစ်လေသောကြောင့်၊ ဝိနည်းဝေါဟာရအားဖြင့်၊ သဉ္စိစ္စအတ္ထိရှိသောအာပတ်ရကိုသိယာအကုသလံ၌ပါဝင်သည်ဟု ယူရမည်၊ ပေါရာဏဂဏ္ဌိပုဒ်၌ကား၊ ကုသိုလ်ပင်ဖြစ်သော်လည်း၊ အာပတ်ဖြစ်ခဲ့၍ကောင်းသောအကျိုးကိုမပေးနိုင်သောကြောင့်၊ ဝိနည်းဝေါဟာရအားဖြင့်အဗျာကတ ဆိုသည်ဟု ယူလို၏၊

အဗျာကတ၏ပဋိနိဒ္ဒေသ၌၊ ယံအဇာနန္တော၊ အသဉ္ဇာနန္တော၊ အစေတွာ အနဘိဝိတရိတွာ ဝီတိက္ကမော၊ ဟုလာ၏၊ ပြဆိုခဲ့ပြီးသော ထိုအမှုရကား၊ ဝတ္ထု၊ ဝီတိက္ကမကိုသိလျက် လွန်ကျူးသောဇာနန္တသဉ္စိစ္စမှုရဖြစ်ခဲ့၏၊ ထိုကြောင့်၊ ဂဏ္ဌိပုဒ် အယူကို ဆင်ခြင် လေ၊ ဝိနည်းဝေါဟာရအလိုအားဖြင့်၊ ထိုကုသိုလ်ကြိယာရသည်၊ အကု

www.dhammaransi.com



သိုလ်မည်၏ဟု ဆိုခဲ့သော်။ ဝိနည်းအဘိဓမ္မာ ဆန့်ကျင်ရာ၏ဆို ငြားအံ့။ ထိုကုသိုလ်ကြိယာဝရသည်။ အဘိဓမ္မာအလို ကုသိုလ်သ ဘောကြိယာသဘောကို စွန်သည်ကားမဟုတ်။ ပညတ်တော်ကို လွန်ကျူးမှုဖြစ်ခဲ့၍၊ဝိနည်းတော်အလို ကဲ့ရဲ့ဘွယ်သောအမှုဖြစ်ခဲ့ ၏။သဘောကိုမစွန့်သည့် အတွက်ကြောင့်။ အဘိဓမ္မာအလို ကု သိုလ်ကြိယာပင်အမှန်ဖြစ်၏။ပညတ်တော်ကိုလွန်ကျူးမှုဖြစ်သည့် အတွက်ကြောင့်၊ဝိနည်းတော်အလို အကုသိုလ်ဟုဆိုရ၏။ တပါး ကိုတပါး။ပစ်ပယ်ခြင်းမရှိသောကြောင့်မဆန့်ကျင်လေ။

ဥပမာကား။ တခုသောစန္ဒကူးနံ့သာတုံးသည်။ မစင်တွင်းမှာ ကျ၍နေရာ၏၊သူ-၂-ယောက်မြင်ကြလေရာ။ တယောက်သောသူ က။စန္ဒကူး၏သဘောကိုမြော်၍၊စန္ဒကူးသည်ကောင်းလေစွဟုဆို ပေရာ၏။တယောက်သောသူက။ မစင်မှာနစ်၍နေသည်ကိုမြော်၍ စန္ဒကူးသည်မကောင်းလေစွဟုဆိုပေရာ၏။ ၂-ယောက်အဆိုသည် ကိုယ့်လမ်းနှင့်ကိုယ်အမှန်ချည်းဖြစ်ကြ၏။ ဆန့်ကျင်သည်မဆိုရ။ ဤဥပမာကဲ့သို့တည်း။ဤကား။အာပတ္တာဓိကရဏံသိယာအကုသ လံအစရှိသောပါဠိတော်ကို။ဝိနည်းတော်အလိုအားဖြင့် သဗ္ဗာပတ္တိ သာဓာရဏနိတဏ္ဍဒေသနာယူ၍ပြောဆိုသောနည်းတည်း။ ။ တရပ်။

ယခုအခါအလုံးစုံသောအာပတ်ဟူသမျှတို့ကို၊ကုသလတိက် အဘိဓမ္မာဒေသနာတော်နည်းအားဖြင့်ဝေဘန်သောအဋ္ဌကထာကို ပြဆိုပေအံ့။ ။အဏ္ဏိသိက္ခာပဒံကုသလံ။အဏ္ဏိအကုသလံ။အဏ္ဏိအ ဗျာကတံ၊ဣတ္တိ သေဝဟိ အာပတ္တိသမုဋ္ဌာပကစိတ္တာနိ အဋ္ဌကာမ ဝစရကုသလစိတ္တာနိ။ဒွါဒသအကုသလစိတ္တာနိ၊ဒသကာမာဝစရ ကြိယာစိတ္တာနိ၊ ကုသလတောစ ကြိယာတောစ။ ဒွေအဘိညာ စိတ္တာနိတိ၊တဏ္ဍယံကုသလံ၊စိတ္တေနအာပဇ္ဇတိ၊ တံကုသလံ နုတ ရေဟိ နုတရံသဗ္ဗဒွေတံ အာပတ္တိယံယုဇ္ဇတိ သိက္ခာပဒသိသေန ပနအဋ္ဌကထာသုဒေသနာအာရုဠှာ၊ ။ပထမပါရာဇိကပကိဏ္ဏ ကကထာအဋ္ဌကထာပါဠ္ဌ်၊ဤအဋ္ဌကထာ၌၊ သဗ္ဗဒွေတံအာပတ္တိယံ

www.dhammaransi.com



ယုစ္စတိ,ဟူသောအချုပ်စကားဖြင့်ရှေ့၌အတ္တိသိက္ခာပဒံ ကုသလံ။ အတ္ထိအကုသလံ။အတ္ထိအဗျာကတံ’ဟူသောဝါကျမှာ၊ အတ္ထိအာပတ္တိကုသလာ။အတ္ထိအကုသလာ၊ အတ္ထိအဗျာကတာဟု,ပြင်ဆင်၍အဖြောင့်ကိုသိလေ၊ ။ယံကုသလစိတ္တေနအာပဇ္ဇတိ၊တံကုလံ ဇုတရေဟိဇုတရံ ဟူသော ဝါကျမှာလည်း ယံကုသလစိတ္တေန အာပဇ္ဇတိ၊သာကုသလာဇုတရေဟိ ဇုတရာ’ဟုအဖြောင့်သိလေ။ ဇုတရေဟိဇုတရာ၌။ယံကုသလစိတ္တေနအာပဇ္ဇတိ။ သာအကုသလာ။ယံအဗျာကတစိတ္တေနအာပဇ္ဇတိ။သာအဗျာကတာ,ဟုဘော်ပလ။

နွတ္တိ သေဝဟိအာပတ္တိသမုဋ္ဌာပကစိတ္တာနိကိုထောက်၍။ယံကုသလစိတ္တေနအာပဇ္ဇတိ၌။ယံ၊ အကြင်ကုသိုလ်စေတနာတည်းဟူသောအာပတ်သို့၊ကုသလစိတ္တေန၊ကုသိုလ်စိတ်ဖြင့်။အာပဇ္ဇတိ ရောက်၏ဟု။ကြိယာသာဓက တမကရိုက်းအနက်ပေး၍၊ အင်္ဂပ္ပဟောနကစိတ်ဝိသေသကိုသာယူအပ်၏။ ။ယံ။အကြင်အာပတ်သို့။ ကုသလစိတ္တေန။ကုသိုလ်စိတ်နှင့်တကွ။အာပဇ္ဇတိ။ရောက်၏။ဟု။ သဟတ္ထအနက်ပေး၍။ သမင်္ဂီမတ္တစိတ်သာမညကိုမယူအပ်၊ နတ္ထိအာပတ္တာဝိကာရဏံကုသလံဟူသော ပါဠိတော်ကို၊နိတတ္တဒေသနာဟု ဖွဲ့လမ်းမှုရှိသော။ သာရတ္ထဒီပနီ ဋီကာဆရာ ကား။ သမင်္ဂီမတ္တစိတ်ကိုအရဆွဲ၍၊ အလွဲလွဲအချော်ချော်ဘွင့်ဆိုလေ၏၊ ယံကုသလစိတ္တော အာပဇ္ဇတိ, ဆိုလျှင် သမင်္ဂီမတ္တ စိတ်ကိုရ၏။ ကုသလစိတ္တေန အာပဇ္ဇတိ ဆိုလျှင်။အင်္ဂပ္ပဟောနက စိတ်ကိုရ၏။ ။ဤအဋ္ဌကထာ၌ကား။ ။အင်္ဂပ္ပဟောနကစိတ်ကိုသာပြဆိုရင်းပေတည်း။ ။အင်္ဂါနှင့်အာပတ်ထပ်တူကျ၏။ဝိတ်ကားအင်္ဂါ စေတနာကားအာပတ်ယူလျှင်ကွဲကြ၏၊ သိုးမွေးကိုယူဆောင်၍၊ ၃-ယူဇနာကိုလွန်မှု။ပုဒ်ပြိုင်ရှတ်ဆို၍ လူသမဏောကို စာချမှုတို့၌၊ ကုသိုလ်စိတ်ထင်ရှားရှိလေပါသော်လည်း။ထိုသို့သောစိတ်မျိုးမရှိဘဲနှင့်ပင်သင့်နိုင်သောအစိတ္တကအာပတ်မျိုးဖြစ်သောကြောင့် ထိုကုသိုလ်စိတ်သည်အာပတ်၏အင်္ဂါမဟုတ်၊ထိုကုသိုလ်စိတ်နှင့်

www.dhammaransi.com



ယှဉ်သော ကုသိုလ်စေတနာသည်။အာပတ်မဟုတ် ဟူလိုသည်။ စိတ်သည် အာပတ်၏အင်္ဂါဖြစ်ခဲ့လျှင် စိတ်နှင့်ယှဉ်သောစေတနာသည်ကြောင့် အာပတ်ဖြစ်တော့သည်ဖြစ်၍။အင်္ဂါကိုသာအင္ဂကထာ၌ပဓာနပြု၍ဆို၏။ ။ငိုကာဆရာတို့၌ကား။အာပတ်ကိုဆိုလိုရင်းအရာ၌ာန၌။အင်္ဂါကို အင္ဂကထာဆိုသောကြောင့်၊ အင်္ဂါနှင့်အာပတ်မခြားကြဟုယူကြကုန်၏။ ထိုအမှုတို့၌။ ကုသိုလ် စိတ်သည်အင်္ဂါမဟုတ်ဟုဆို၏။အဘယ်သည်အင်္ဂါဖြစ်ပါသနည်း။ရန်၊ ။ ကာယဝစီဝိညတ္တိဝသေနပနစလိတပ္ပဝတ္တာနံ ကာယဝါစာနံ အညတရမေဝအင်္ဂံ၊တဒ္ဓရူပက္ခန္ဓပရိယာပန္နတ္တာအဗျာကတံမိန္တိ၊ ။ ကာယဝိညတ္တိဝသေနစလိတကာယော အင်္ဂံ။ ဝစီဝညတ္တိဝသေန ပဝတ္တဝါစာအင်္ဂံဆိုလိုသည်။ ကာယဝိညတ်နှင့် သဟဇာတ်ဖြစ်သော။ရူပကာယကိုယ်အင်္ဂါ၊ ဝစီဝိညတ်နှင့်သဟဇာတ်ဖြစ်သော ဝိတ္တဇသဒ္ဒါဝါစာနှုတ်ကိုယ်အင်္ဂါ။ဤနှစ်ပါးသည်။ အာပတ်၏အင်္ဂါ ဖြစ်၏။ဤအင်္ဂါ ၂ ပါးသည်။ရူပက္ခန္ဓာ၌အကျုံးဝင်သောကြောင့်အဗျာကတသာဖြစ်၏။ဤအင္ဂကထာပါဌ်၌။အာပတ်နှင့်,အင်္ဂါထပ်မိလျက်ရှိ၏။ဝိညတ် ၂ ပါးသည်အင်္ဂါ၊သဟဇာတ်ရုပ်ရသည် အာပတ်ဟုယူလျှင်ကွဲကြ၏။ ဝိတ္တိနိဿာနေရာမျိုးဖြစ်၍။ အင္ဂကထာဆရာလည်းနှုတ်တက်ရာမိန့်သတည်း။ ။ထိုကာယဝိညတ် ဝစီဝိညတ်ကိုဖြစ်စေတတ်သောကုသိုလ်စိတ်သည်မူကား၊ အာပတ်၏အင်္ဂါမဟုတ်။သမင်္ဂီမတ္တအရာ၌တည့်လေ၏။အသိ ၃ မျိုးနှင့်ပြည့်စုံလျက်လွန်ကြူးသည်ဖြစ်၍၊ အကုသိုလ်စိတ်ပင် ဖြစ်သော်လည်း။ ထိုအစိတ္တကမျိုးတို့၌၊စိတ်သည်အင်္ဂါလည်းမဖြစ်ထိုက်။ အာပတ်လည်းမဖြစ်ထိုက်။ရုပ်သည်သာအင်္ဂါအာပတ်ဖြစ်ထိုက်၏။အစိတ္တကအာပတ်ခပ်သိမ်းတို့မှာ။ ဤနည်းချည်း။ထိုကြောင့်မင်လျှင် အစိတ္တကခေါ်ပေသတည်း၊

ဤမျှသောစကားရပ်တို့ဖြင့်၊အာပတ္တာဒိကရဏံသိယာ။အကုသလံသိယာ၊ အဗျာကတံနတ္ထိအာပတ္တာဓိကရဏံ ကုသလံ,ဟူသောပါဠိတော်သည်။ သဥ္စိတ္တ,အသဥ္စိတ္တဟူသော အချက်ဝိသေသ

www.dhammaransi.com



ကိုပဓာနပြု၍ဟောတော်မူသောနေယျတ္ထပါဠိတော်သာတည်း၊ ။ ထို ၂-ချက်ကိုလည်းတခုတခုသော သိက္ခာပုဒ်၌အလှည့်အလည် ဝိကပ်အားဖြင့် ရသည်ကို လိုရင်တည်း၊ ထို-၂-ချက် ကိုလည်း။ အစိတ္တကပဏ္ဏတ္တိဝဇ္ဇအာပတ်မျိုးတို့၌သာလျှင်ရအပ်၏၊ သစိတ္တကပဏ္ဏတ္တိဝဇ္ဇအာပတ်မျိုး လောကဝဇ္ဇအာပတ်မျိုးတို့၌ မရအပ် ထို့ကြောင့် ဤပါဠိတော်ကို။ သဒ္ဒါယအဓိသိတနေယျတ္ထဒေသနာ ဟူ၍သာသိအပ်သည်ဟုဆုံးဖြတ်တော်မူသတည်း။ ။တရပ်၊

ဤသို့လျှင်အဋ္ဌကထာဆရာမြတ်ကြီးသည် အာပတ္တာဓိကရဏံသိယာ၊ လ။ နတ္ထိအာပတ္တာဓိကရဏံ ကုသလံ, ဟူသော ပါဠိတော်၏နေယျတ္ထဒေသနာဖြစ်ကြောင်းကိုရင်း။ ယင်းပါဠိတော်ဖြင့် သိရမည့်အချက် အနက်ဝိသေသကိုရင်း၊ သမထခန္ဓကအဋ္ဌကထာ၌နေရာတကျဘွင့်ပြတော်မူပေ၏၊ ကုသလတိက်အလာအဘိဓမ္မာဒေသနာတော်နည်းအားဖြင့်အဖြောင့်မချနေရာကျသိရမည် နိတတ္ထစကားကို။ ဤပကိဏ္ဏကကထာ၌အသေအချာပြဆိုတော်မူပေ၏၊ ။ထိုသို့အဋ္ဌကထာဆရာဘွင့်ပြတော်မူပါလျှက်။အရပ်ရပ် သောဂဏ္ဌိပုဒ်ဆရာဝဇိရဗုဒ္ဓိဋီကာဆရာ၊ သာရတ္ထဒီပနီဋီကာ ဆရာတို့သည်။ နတ္ထိအာပတ္တာဓိကရဏံ ကုသလံ,ဟူသော ပါဠိ တော်ကို။ နိတတ္ထဒေသနာဟု စွဲလမ်းမှုရှိနေကုန်သည့်အတွက် ကြောင့်။ဤပကိဏ္ဏကကထာအရာ၌ရင်း။ အထက်သမထခန္ဓက အဋ္ဌကထာ၌ရင်း။အဘွင့်အဆိုချော် ချွတ်တိမ်းပါးလျက်ရှိကြကုန် ၏၊ဝိမတိဝိနောဒနီဋီကာဆရာမူကား။ ဒုဗ္ဗဒေါသသိက္ခာပုဒ် အဋ္ဌကထာဝယ်။ဂွေးဂွေးဂဏ္ဌိ ဆရာ ဋီကာဆရာတို့လက်ထက်နှိုက် လည်းမရှိ၊ယခုကာလ၌လည်း မရှိကြသော အာဒိကမ္မိကသာအနာတ္တိဘိဝစနတော,အစရှိသော။ မသူတယူ။ မှုပျက်ပါဌ်ပျက်။ဝါကျပျက်ဝါကျ ပိုကြီး ကိုတွေ့ရှိ၍ နေသည့် အတွက်ကြောင့်ရင်း။ ပရမတ္ထ ဓမ္မသဘာဝ တို့နှိုက် အသိဉာဏ်မပြန့်ဖြူးသည့် အတွက် ကြောင့်၊ အာပတ်ကိုကုသိုလ်အကုသိုလ်အဗျာကတမချပရမတ် ဆိုခဲ့လျှင်။ဆန့်ကျင်ရန်အမှု။အကြောင်းတုအကြောင်းယောင်တွေ

www.dhammaransi.com



ကိုများစွာကြီးပြဆို၍။ပါဠိအဋ္ဌကထာတို့နှင့်စွဲလမ်းသော ပကိဏ္ဏကဝါဒကို။အားကျ၍ဘွင့်ဆိုလေ၏။

ဤဝိမတိဝိနောဒနီဋီကာဆရာသည်၊ ဤအာပတ္တိသဘာဝဝိနိစ္ဆယအရာ၌ရင်း။ ဥဒကုက္ခေပသိမ်။ သတ္တဗ္ဘန္တရသိမ်အရာ၌ရင်း။လွန်စွာအားထုတ်၍ဘွင့်ဆို၏။ဘွင့်ဆိုသမျှသည်လည်းပညာရှိပုဂ္ဂိုလ်တို့ရယ်ဘွယ်အလွန်ကောင်း၏။သတိမူကြလေကုန်။

ပြဆိုခဲ့ပြီးသောပကိဏ္ဏကကထာ၌ရင်း၊ဒုဋ္ဌဒေါသသိက္ခာပုဒ်အဋ္ဌကထာ၌ရင်း။သမထခန္ဓကအဋ္ဌကထာ၌ရင်း။ ဤ-၃-ဌာနတို့၌ဝိမတိဝိနောဒနီဋီကာသည်ရေစရာမရှိ။ယူစရာမရှိ။ ယုတ္တိတုယုတ္တိယောင်တွေနှင့်။ ပါစင်အောင်လွဲလှ၏။ ။ယုတ္တိတုယုတ္တိယောင်တွေ၏အဖြေကိုအလိုရှိကြလျှင်၊ ဒလမြို့-တော်ကူးကြီးရွာသရက်တောကျောင်းတိုက်ဆရာတော် အရှင်ဇာဂရတောင်းပန်ချက်နှင့်ရေးပေးသောအာပတ္တိသဘာဝဝိနိစ္ဆာယမှာကြည့်လေ။

ပြီးပြီ၊

၁၂၆၄-ခု၊ကဆုန်လဆန်း-၈-ရက်
လယ်တီဆရာတော်။

---

နမော တဿဘဂဝတော အရဟတောသမ္မာသမ္ဗုဒ္ဓဿ။

ဝါဆိုသက်နိုးအမေး။

(၁) အာဝုသော၊ငါ့ရှင်။ဘဂဝတော။မြတ်စွာဘုရားသည်။ ယံဝဿဝါသိကံနာမ။ အကြင် ဝါဆို သင်္ကန်း မည်သည်ကို၊ ပညတ္တံ။ပညတ်တော်မူအပ်၏၊ ဒါယကာနံ၊ ဝါဆိုသင်္ကန်း ကိုလှူ

www.dhammaransi.com



ဒါန်းကြသူ ဒါယကာဒါယိကာမအပေါင်း၊ သူတော်ကောင်းတို့အား။သဒ္ဓါဗုဒ္ဓိယာ၊ သဒ္ဓါတရား ပွါးများကြစေခြင်း အကျိုးငှာ။တသာ။ထိုဝါဆိုသက်န်း၏။ ကာရဏံ။ အကြောင်းအရာကို။တေသင်ငါ့ရှင်အား။ ပုစ္ဆိဿံ၊ မေးမြန်းပါအံ့။ ယထာဝိနယံ၊ ဝိနည်းကျမ်းဂန်လာရှိသည်အားလျော်စွာ။တွ°။သင်ငါ့ရှင်သည်။ ဗျာကရောဟိ။ ဖြေဆိုလျှောက်ကြားပါလော။

(၂) သာဂုသာရ။ငါ့ရှင်။နတ်လူတို့သခင်။သုံးလောကထိပ်တင်၊သုံးခွင်လုံးမကိုန်၊သုံးတိုက်လုံးနတ်။သုံးလောကဥက္ကဋ္ဌသည့် ပညတ်တော်မူပေသောဤဝါဆိုသက်န်းသည်။ ။ဝဿံဝသန္တိ တိဝဿဝါသာ။ဝဿဝါသနိ°အရပုာတိတိဝဿဝါသိကာ၊ ။ဟူသောဝစနတ္ထနှင့်လျော်ညီစွာ။တခုသောတိုက်တာ၌။ဝါဆိုဝါကပ်၍၊ဝါမပြတ်ဝါမကျိုး။ ကျင့်သိက္ခာမညှိုးဘဲ။ ဖြိုးမောက်သောအကျင့်ဝတ်နှင့်၊ ဝါကျွတ်သော ရဟန်းတို့သည်သာ ရယူခြင်းငှာထိုက်တန်သောဗျုပ္ပတ္တိနိမိတ်၊ဂုဏ်သိမ်ဟိတ်ကြောင့်ဇဝင်း။ ။ဝဿဝါသနံ့ဇုဒန္တိ ဝဿဝါသိကာံ။ဟူသောဝစနတ္ထနှင့်လျော်ညီစွာတခုသောတိုက်တာ၌။ဝါဆိုဝါကပ်၍၊ဝါမပြတ်ဝါမကျိုးသောရဟန်းတို့၏သာ ပိုင်ဆိုင်ရာသော ပဝတ္တနိမိတ်၊ ဂုဏ်သိမ်ဟိတ်ကြောင့်ဇဝင်း။ဝဿဝါသိကမည်၏။ ။ဤသို့သောဝစနတ္ထ။ဝိဂ္ဂဟကြောင့်၊ဝဿဝါသိက၊ နာမသညာ-ခေါ်မည့်သာသော။ဤဝါဆိုသက်န်းသည်၊ ။အဋ္ဌမဘိက္ခုဝေမာတိကာ။စီဝရဿဥပ္ပါဒါယသိမာယဒေတိ၊ ကထိကာယဒေတိ၊ သိက္ခာပညတ္တိယာဒေတိ။သံဃဿဒေတိ၊ ဥဘတောသံဃဿဒေတိဝဿံဝုဋ္ဌာသံဃဿဒေတိ၊အာဒိဿဒေတိ၊ပုဂ္ဂလဿဒေတိ။ ။ဟူ၍။ဝိနည်းမဟာဝါပါဠိတော်မြတ်၌၊ ပညတ်တော်မူပေသော သင်္ကန်းဖြစ်ရာ၊ရှစ်ဖြာသောမာတိကာပုဒ်တို့တွင်။အဘယ်မာတိကာပုဒ်မှာ ပါဝင်ပေသနည်း-ငါ့ရှင်။

(၃) လူမင်းတကာတို့၏ဥက္ကဋ္ဌ၊နတ်မင်းတကာတို့၏ခေါင်ဖျားသိကြားမင်းတကာတို့၏ရာဇာဗြဟ္မာမင်းတကာတို့၏မကိုဋ်၊

www.dhammaransi.com



အမြိုက်ဥသျှောင်။သုံးလောကတိုက်ဘောင်၌။ အရိုက်မှောင်ပယ် ရှားသည့်ဘုရားတည်းဟူသော နေမင်းကြီးသည်။ ပညတ်တော် မူပေသောသက်န်းဖြစ်ရာ။ရှစ်ဖြာသောမာတိကာပုဒ်တို့တွင်။ ဝဿံ ဝုဋ္ဌာသံဃဿဒေတိ၊ဟူသော မာတိကာပုဒ်မှာ၊ပါဝင်သောဟူ၍ ဆိုပြီ။ ထိုဝါဆို သက်န်းသည်။ အဘယ်မျှ အပြား ရှိပေသနည်း။ ငါ့ရှင်။

(၄) ဘုန်းတော်အနန္တ။ကံတော်အနန္တ။စကြာဝဠာ။ကမ္ဘာ မြေမိုးစပ်း။ဖြန်းဖြန်းကျိုးမျှ။တန်ခိုးတော်အနန္တတို့၏တည်ရာ။အမ္ဗာ သမ္ဗုဒ္ဓ၊ အတုလမှန်ကူ။ဖြစ်တော်မူသော သဗ္ဗညုရှင်စော၏သ ဘောတော်အလိုကို၊မပိုမယုတ်။အဟုတ်အမှန်။အမြင်သန်သဖြင့်။ ဥာဏ်ဗလဝ။ကြီးမြင့်တော်မူလှသောအဋ္ဌကထာဆရာသည်။ ။ သစေသံဃိကော၊ သဒ္ဓါဒေယျော စာတိ။ ဒွေစီဝရပစ္စယာ ဟောန္တိ,ဟူ၍။ သေနာသန ခန္ဓကအဋ္ဌကထာကျမ်းမြတ်၌၊ မိန့် ဆိုအပ်သည်နှင့်အညီ။ဝါဆိုသက်န်းအကျိုးငှာ။ ထာဝရလှူဒါန်း၍ ထားအပ်သောလယ်ယာ ဥယျာဉ်စသည်တို့မှဖြစ်သောသံဃိက ဝါဆိုသက်န်းလည်းတမျိုး၊သမယအခါ။ဆိုက်တိုက်လာမှ။ သဒ္ဓါ ကုန်အားသမျှ၊ လှူဒါန်းကြသောသဒ္ဓါဒေယျဝါဆိုသက်န်းလည်း တမျိုးဟူ၍။ဝါဆိုသက်န်းအပြား—၂—ပါးရှိသောဟူ၍ဆိုပြီ။ ။ ထိုဝါဆိုသက်န်းကို၊ လှူဒါန်းသူဒါယကာဒါယိကာမတို့အား အ ဘယ်လ။အဘယ်နေ့မှစ၍။ ရဟန်းတော်တို့က။နှိုးဆော်သမှု။ မေး မြန်းမှုကို။ပြုရပါသနည်း-ငါ့ရှင်။

(၅) အာသဠှိဇုဏှပက္ခ၊ ပဉ္စမိတောပဋ္ဌာယ။ ဝဿဝါသိ ကံပုစ္ဆိတဗ္ဗံ။ ။ဟူ၍၊ဇုဋ္ဌမတည်၊ကျမ်းပြုသခင်။ အရှင်မဟာ ဇုဋ္ဌထေရ်သည်၊ သေနာသနခန္ဓကအဋ္ဌကထာကျမ်းမြတ်။ မိန့်ဆိုအပ်သည်နှင့်အညီ။ ဂါဆိုသက်န်း လှူဒါန်းသူ ဒါယကာဒါ ယိကာမတို့အား၊ ဝါဆိုလဆန်း( ၅ )ရက်နေ့မှစ၍။ရဟန်းသံဃာ တော်တို့က၊ နှိုးဆော်သမှုမေးမြန်းမှုကိုပြုရသောဟူ၍ဆိုပြီ။ အ

www.dhammaransi.com



ဘယ်သို့သောသူတို့အား။ နှီးဆော်သမှုမေးမြန်းမှုကို၊ ပြုခြင်းငှာ အဝ်ပါသနည်း-ငါ့ရှင်။

(၆) ယံတော ပကတိံသာ လဗ္ဘတိ,ဟူသောအဋ္ဌကထာပါဠိနှင့်အညီ။နှစ်စဉ်ထာဝရ။ လှူနေကြဖြစ်သော ဒါယကာဒါယိကာမတို့ကိုသာ။နှီးဆော်သမှု။မေးမြန်းမှုကိုပြုခြင်းငှါအပ်စပ်သောဟူ၍ဆိုပြီ။အဘယ်အကြောင်းကြောင့်နှီးဆော်သမှု။ မေးမြန်းမှုကို။ပြုရပါသနည်း-ငါ့ရှင်။

(၇)ကဒါစိပိတိမနုသာဒေန္တိ။ အစရှိသော အဋ္ဌကထာပါဠိနှင့်အညီ၊နှစ်စဉ်ထာဝရ။လှူနေကြဖြစ်သော ဒါယကာဒါယိကာမတို့ကိုသာ။နှီးဆော်သမှု။ မေးမြန်းမှုကို။ပြုရသောဟူ၍ဆိုပြီ။တိုက်တွင်းရှိသင်္ဃာတော်တို့အား။ဝါဆိုသင်္ကန်းလက်မှတ်ကို အဘယ်နေ့ရက်မှာပေးအပ်ရပါသနည်း—ငါ့ရှင်။

(၈) အသဠှိဗ္ဗ ဂတာယ။ အသဠှိယာ ပုရိမကော ဂါဟေတဗ္ဗော။ ။ဟူသောပါဠိတော်မြတ်။ မှုခပါဠိနှင့်အညီ၊ တိုက်နေမဟာထေရ်သင်္ဃာတို့။ကျောင်းနေဥချမှတ်၊ ဝါဆိုနေ့ရက်မြတ်ဝယ်၊ကပ္ပိယသင်္ကန်းလှူဒါန်းသူဒါယကာ၏၊မည်သညာနာမနှင့်။စီဝရထည်းရေကို။ငွေစက္ကူလွှင်လွှင်၌။ခွဲမင်နှင့်ရေးမှတ်၍။ ပေးအပ်ရကြောင်းကိုဆိုပြီ။အဘယ်ရက်လ။သမယသည်။ ဘုရားသခင်လက်ထက်တော်မှစ၍။ယနေ့တိုင်ပင်။ချစ်ရှင်မြတ်စွာ။ ။သာသနာဝယ်။အခါတွင်ဆန်း။ ရှင်မခန်းသည်။ သင်္ကန်းပွဲသမယဖြစ်ပါသနည်း-ငါ့ရှင်။

(၉) စီဝရဒါနသမယောနာမ၊ အနတ္ထတေ ကထိနေဇကော ကတ္တိကမာသော၊ ။ဟူသောပါဠိတော်မြတ်။ မှုခပါဠိနှင့်အညီ၊ အဇဋာဝေ့၊အာကာသေ။ငွေဘုံရပဟတ်။ရောင်နဝင်းရုံ။ပြောင်လင်းထုံ။စန်းရုံနတ်နှင့်။ နက္ခတ်တံခွန်။ပုလဲပန္နယ်။ ရှုစဖွယ်။ကြယ်အမွန်တို့။အဌာန်မြိုင်မြိုင်၊ဗဟိုမြင့်မြိုး။စွင့်စွင့်မိုး၊ တန်ခိုးရောင်ပြိုင်ကြသည့်။ဂနိုင်အပြင်၊မြိုင်တခွင်ဝယ်။အိုင်စဉ်တသျှောက်။ ငါးမည်ကြာမျိုး။ဖြာဖြာမိုး၊ ဖြိုးဖြိုးမောက်လျှင်၊အံ့လောက်အမှု၊ရေအပြင်

www.dhammaransi.com



လုံး။ပြားပိတုန်းသို့။ အုန်းအုန်းသံ ဆူကြ၍။ ပြည်းတော်သူပေါင်း။ ကြွလက်စုံထိန်ဝေနှင့်။စိန္တေမှာညှောင်ရေလောင်း၍။ဆုတောင်း သည့်သမယ၊ သိတင်းကျွတ် လပြည့်ကျော်တရက်။ ထိုနေ့မှ။ နောက်လပြည့်တန်ဆောင်မုန်း။ဤတလလုံးလုံးမှာ။တပြည်လုံး။တမြို့လုံး။အုံးအုံးဆူသိမ့်သိမ့်သဲ။သာဝတ္ထိရွှေပြည်သူတို့။ သင်္ကန်းလှူ သဘင်နွှဲကြသည့်။ သင်္ကန်ပွဲသမယသည်။ ဘုရားလက်ထက် တော်မှစ၍။ယနေ့တိုင်ပင်။ ချစ်ရှင်မြတ်စွာ။ သာသနာဝယ်၊အခါ တွင်သန်း၊ ရှင်မခန်း၊သင်္ကန်ပွဲသမယဖြစ်သောဟူ၍ဆိုပြီ။ ဝါဆို သင်္ကန်း။ လှူဒါန်းသူဒါယကာဒါယိကာမကို့မှာ။ မိမိတို့ဆောက် လုပ်အပ်သော။ကျောင်းရှိသောဒါယကာလည်းရှိသည်၊ ကျောင်း ကားမရှိ။ မိမိတို့ပြုလုပ်အပ်သော စေတီပုထိုး ဗောဓိအိမ်၊သိမ် တံဆောင်းရေတွင်း၊ ရေကန်စသည်ရှိသော သူလည်းရှိသည်။ ထာဝရဝတ္ထု။ တစုံတခုမျှမရှိသော သူလည်းရှိသည်၊ ထိုသူတို့ သင်္ကန်းကို။အဘယ်သို့ သင်္ကန်းလက်မှတ်ပေးအပ်ရပါသနည်း— ငါ့ရှင်၊

(၁၀) သဒ္ဓါဒေယျပစ္စည်း၌။ ဝါဆိုသင်္ကန်းလက်မှတ်၊ပေးအပ် သည်များကိုလျှောက်ဆို၍သိအပ်ပေပြီ။ဝါဆိုသင်္ကန်း အကျိုး၌။ ထာဝရလှူဒါန်း၍ထားသော လယ်ယာ ဥယျာဉ်တို့မှ ဖြစ်သော တကြုပ္ပါဒပစ္စည်း၊ ဝါဆိုသင်္ကန်းအကျိုး၌။ ထာဝရလှူဒါန်း၍ ကြွေးမြီအတိုးအပွါး၊ချထားသောဥပနိက္ခေပပစ္စည်း။ဤသံဃိက ပစ္စည်းများကိုအဘယ်သို့ပြုရပါသနည်း—ငါ့ရှင်။

(၁၁) ထိုသို့သဒ္ဓါဒေယျတမျိုး။သံဃိကပစ္စည်းတမျိုး။ ဤနှစ် မျိုးသောသင်္ကန်းပစ္စည်းတို့၌တိုက်တာရှိရဟန်းတို့အား။ သင်္ကန်း လက်မှတ်ပေးအပ် ချထားရာသော အစီအရင် များကို။ ငါ့ရှင် လျှောက်ထား၍ခြားနားစွာသိရပေပြီ။ဤသို့မေးအပ်သော၊ နံပါတ် လက်မှတ်ကိုခံယူပြီးသောရဟန်းသံဃာတို့သည်၊ဝါတွင်းသုံးလ ပတ်လုံးအဘယ်သို့ပြုကြရပါသနည်း—ငါ့ရှင်။

www.dhammaransi.com



(၁၂) သစေမနုဿာဝဒန္တိ။ ယဿအမှာတံဝဿဝါသိကံ ပါပုဏာတိသောတေမာသံပါနိယံဥပဇ္ဈာတု၊ အစရှိသောအဋ္ဌကထာပါဠ်နှင့်အညီ။ကျောင်းကိုသုတ်သင်ခြင်း။ ကျောင်းတလင်းကို တံမြက်တလင်းလှည်းခြင်း။စေတီဗောဓိယင်ပြင်တို့၌၊ တံမြက်တလင်းလှည်းခြင်း။ဗောဓိပင်ကိုနေ့စဉ်ရေလောင်းခြင်း အစရှိသော ဝတ်နိဗဒ်တို့ကို။ဝါတွင်းသုံးလပတ်လုံးအားထုတ်ကြရ သောဟူ၍ ဆိုပြီ၊ ထိုဝါတွင်းသုံးလပတ်လုံး။ သေနာသနဝတ်။ စေတီယင်္ဂဏဝတ်၊ဗောဓိယင်္ဂဏဝတ်တို့ကို ကောင်းမွန်စွာအားထုတ်ပြီးမှ။ သက်နိုးပွဲနေ့မတိုင်မီအကြား၊ အရပ်တပါးသို့၊ ပြောင်းသွားသော ရဟန်း။ လူ၏ဘောင်သို့ သက်လျှောသော ရဟန်းတို့သည်။ ထို သက်နိုးကိုရခြင်းငှါထိုက်ပါသလော—ငါ့ရှင်။

(၁၃) ထိုသူတို့သည်။ ယူလိုသော်ရခြင်းငှါ ထိုက်ပါသည် ဟူ၍ဆိုပြီ။ဤတိုက်တာတွင်၊ ဒုတိယဝါမှာမှ ဝါဆိုရသောဒုတိယဝါသားရဟန်း၊ ဝါဆို၍ပြီးမှဝါကျိုးဝါပျက်ကြသော ဆိန္နဝဿ ရဟန်းများသည်။ ထိုသက်နိုးကိုယူလိုသော်ရခြင်းငှါထိုက်ပါသ လော—ငါ့ရှင်။

(၁၄) ပစ္ဆိမဝဿူပနာယိက ဒိဝသေပန။ သစေ ကာလံ ဃောသေတွာသန္နိပတိတေသံဃော။အစရှိသောအဋ္ဌကထာပါဠ် နှင့်အညီ။ဤတိုက်တာတွင်။ ဒုတိယဝါမှာမှဝါဆိုရသောဒုတိယ ဝါသားရဟန်းများမှာ။ ပထမဝါသားရဟန်းများနှင့်မခြား၊ အတူ ယူထိုက်ရထိုက်ပါသည်၊ ဝါကျိုးဝါပျက်သော ရဟန်းတို့မှာပ ကတိအားဖြင့်။ရထိုက်သောအခွင့်မရှိ၊ ကတိကဝတ်သော်လည်း ရှိမှအပလောကနုကံပြု၍သော်လည်းပေးပါမှရထိုက်ပါသည်ဟူ၍ ဆိုပြီ။ဤတိုက်တာမှာလှူကြသောဝါဆိုသက်နိုးအစရှိသောသံဃိက ပစ္စည်းဝတ္ထုများကို အခြားတပါးသော တိုက်တာ၌။ဝါဆိုဝါ ကျွတ်သောရဟန်းတို့သည်၊ ဤတိုက်တာ၌ ဝါဆိုဝါကျွတ်သော ရဟန်းတို့နှင့်မခြားမကွဲ၊တတိုက်ထဲကဲ့သို့၊ တလုံးတစည်းထဲအ

www.dhammaransi.com



ညီအမျှရထိုက်ယူထိုက်သောနည်းလမ်းသည်။ ကျမ်းဂန်မှာရှိပါသလော–ငါ့ရှင်။

(၁၅) ဤသို့လျှင်။ဤတိုက်ဤတာ၌ဝါဆိုသောရဟန်းတို့အား သက်နိုးလက်မှတ်ပေးအပ်ရာသောအစီအရင်များကိုရင်း၊သက်နိုး လက်မှတ်ကိုခံယူပြီးသောရဟန်းတို့၏ ဝါတွင်းသုံးလပတ်လုံးပြုရ သောအစီအရင်းများကိုရင်း။ ငါ့ရှင်ဖျော်ကြားထား၍ခြားနားစွာသိ ရပေပြီ။သီတင်းကျွတ်လပြည့်ကျော် တရက်နေ့နံနက်။ အာရုဏ် တက်သည်မှစ၍။တန်ဆောင်မုန်းလပြည့်နေ့တိုင်။ဤတလအတွင်း သက်နိုးပွဲသမယသို့ဆိုက်ရောက်သောအခါ။သက်နိုးရှင်ဒါယကာ တို့သည်။အဘယ်သို့လှူဒါန်းကြကုန်သနည်း။ငါ့ရှင်။

(၁၆) အခါနေ့ရက်၊ ချိန်းချက်ရပေါင်း။ ချိမ့်ချိမ့်ညောင်းမျှ။ ကျောင်းသို့လာ၍လှူဒါန်းနည်းတပါး၊ မိမိတို့၏ဝါဆိုသက်နိုး။ ကျ ရောက်ရာရဟန်းကို။ စံခန်းနေရာ။ အိမ်ဂေဟာသို့ပင့်၍ လှူဒါန်း နည်းတပါးဟူ၍ ၂ ပါးအပြားရှိသောဟူ၍ဆိုပြီ။ ထိုနည်း ၂ ပါး တို့တွင်။ ကျောင်းတိုက်သို့လာ၍လှူဒါန်းသောနည်းမှာ၊ အပိုအမို မပါ၊ ဝါဆိုဦးအခါက။ စာရင်းချမှတ်။ ပေးအပ်သည့်အတိုင်းသာ လှူဒါန်းသူလည်းရှိလိမ့်မည်။ညာတိမျိုးဆွေ။ အချွေအရံ။မိသင်္ဂဟ များပြားလှသော။ ဒကာ့မျက်နှာကြီး။ ဒကာ့မမျက်နှာကြီးဖြစ်ပေ ၍။နောက်တိုးနောက်ပွါး၊၊အများပါရှိသူလက်းရှိပေလိမ့်မည်။ ထို သက်နိုးတို့ကိုအဘယ်သို့ရထိုက်ပါသနည်းငါ့ရှင်၊

(၁၇) ထိုနည်း ၂ ပါးတို့တွင်။ ကျောင်းတိုက်သို့လာ၍လှူ ဒါန်းသော နည်းကို ဖျော်ဆို၍သိရပေပြီ၊ ဝါဆိုသက်နိုး။ ကျ ရောက်သည့်ရဟန်းကို၊၊စံခန်းနေရာ၊ အိမ်ဂေဟာသို့ပင့်ဆောင် ခေါ် ယူ၍လှူဒါန်းသောနည်းလမ်းမှာ။ အဘယ်သို့ ရယူထိုက်ပါ သနည်းငါ့ရှင်။

(၁၈) သီတင်းကျွတ် လပြည့်ကျော် -၁-ရက်နေ့မှစ၍။ တ ပေါင်းလပြည့်နေ့တွင်။ ငါးလအတွင်းနိုက်ဝါဆိုသက်နိုးကို လှူ

www.dhammaransi.com



ဒါန်းပါ၏ဆို၍လှူခဲ့သည်ရှိသော်။ အဘယ်သူ ရထိုက်ပါသနည်း ငါ့ရှင်။

(၁၉) တပေါင်းလပြည့်ကျော် (၃) ရက်နေ့မှစ၍၊ ဝါဆိုလပြည့်နေ့တိုင်။ နွေလေးလအတွင်းနှိက်၊ ဝါဆိုသင်္ကန်းလှူဒါန်းပါ၏ဆို၍လှူခဲ့သည်ရှိသော်။ အဘယ်သို့ပြုအပ်ပါသနည်းငါ့ရှင်၊

(၂၀) အချို့အချို့သောဒါယကာတို့သည်၊ ငါကျွတ်သောအခါ၊ ဝါဆိုသင်္ကန်းလှူဒါန်းပါမည်ဟုစာရင်းချမှတ်ပြီးသည်နောက် တစုံတခုသော အကြောင်းရှိခဲ့၍။ ဝါကျွတ်သည့်တိုင်အောင် မဆောင်ရွက်နိုင်ကြရှိသည်နှင့်။ ဝါတွင်းမှာပင်လှူကြကုန်၏။ ထိုဒါယကာတို့၏ဝါဆိုသင်္ကန်းကို၊အဘယ်သို့ပြုရပါသနည်းငါ့ရှင်၊

(၂၁) သာဓုသာဓု-ငါ့ရှင်၊ သုံးခွင်လုံးမကိုင်၍၊ သုံးတိုက်လုံးနတ်။သုံးရပ်ဘုံသူ။နတ်လူဗြဟ္မာ။သတ္တဝါတို့၏။ အချာအချုပ်။ အနုတ္တရ။ဓမ္မသာမိ။ မုနိသယမ္ဘူ။ ဖြစ်တော်မူပေသော။ သဗ္ဗညုရှင်စောသည်၊ ဟောကြားပညတ်တော်မူအပ်သော ဝိနည်းတော်အလာ၊ ဝါဆိုသင်္ကန်း။ကပ်လှူပုံနည်းလမ်းများကို။ကျမ်းဂန်ပါဠိ၊လာရှိတိုင်းအစီအရင်နှင့်။ ငါ့ရှင်ကဖြေကြား၍။ အများသဘော။ ဒါယကာဒါယိကာမအပေါင်း သူတော်ကောင်းတို့။ ကောင်းစွာကြားသိရပေကုန်ပြီ၊ ။ဓမ္မတာနှိ။ ကျမ်းဂန်တို့နှင့်ညီညွတ်စွာ ဖြစ်လာသောယခုနှစ်ဝါဆိုသင်္ကန်းမှာ။အဘယ်ရှာသူ။သင်္ဃါပြုတို့ ကပ်လှူသောသင်္ကန်းဖြစ်ပါသနည်းငါ့ရှင်၊

(၂၂) သာဓုသာဓု-ငါ့ရှင်၊ဘုရင်တကာတို့၏အထွဋ်။တမွတ်ဥသျှောင်၊ သောင်းလောကတိုက်ဘောင်၌။ မင်းခေါင်မင်းဖျား၊ မင်းတရားကြီးဖြစ်တော်မူပေသော သဗ္ဗညုရှင်စောသည်၊ မိန့်ဟောပညတ်။ထုတ်ပြန်ဟော်မူအပ်သော၊ မုခပါဠ်ဗျာဒိတ်။ဝိနည်းတော်ရွှေတံဆိပ်ကို၊ ကရဝိက်ငှက်မင်း၊ ဟေမဝန္တာမြိုင်ရဂုံက။ ခွန်းသံရုံညွှင်းသကဲ့သို့၊ ရှင်းလင်းစွာဖြေကြား၍၊ အများသဘော။ နားထောင်သူဒါယကာတို့။ကောင်းမွန်စွာသိကြရသဖြင့်။မြတ်မုနိ ဘဂဝါ၊ စောရှင်ချစ်သာသာသနာဝယ်၊ ကြည်သဒ္ဓါညွတ်ညောင်း၊

www.dhammaransi.com



ဥပုသ်သည့်အပေါင်းတို့။ ဘောင်းပန်ချက်အမှုကို။ ကရုဏာ ရှေ့ထားလျက်။ တရားကျမ်းဂန်နှင့်အညီ၊ လယ်တီတိုက်သဃ်ာတို့။ နေရာကြစီစဉ်အပ်သော။ ဤဝါဆိုသက်နိုးလျှဒါန်းမှု ကုသိုလ်ကို။ များလူမိုလ်နတ်အပေါင်း၊ ဆော် ပဲ့တင် ရိုက် ညောင်း အောင်၊ သောင်းသောင်းသာ ရုခေါ် ကြစေ။

ဝါဆိုသက်နိုးအမေးပြီး၏၊

---

# ဝါဆိုသက်နိုးအဖြေ။

(၁) ဧဝယတု။ ။အာမဘန္တေ။ဘန္တေ၊အရှင်ဘုရား။ဘဂဝါ။ မြတ်စွာဘုရားသည်။ ယံဝဿဝါသိကံနာမ၊ အကြင်ဝါဆိုသက်နိုးမည်သည်ကို။ ပညတ္တံ။ပညတ်တော်မူအပ်၏၊ ဒါယကာနံ။ ဝါဆိုသက်နိုးကိုလှူဒါန်းကြသူ ဒါယကာ, ဒါယိကာ မအပေါင်းသူတော်ကောင်းတို့အား။သဒ္ဓါဗုဒ္ဓိယာ၊ သဒ္ဓါတရားပွါးများကြပါစေ ခြင်း အကျိုးငှါ၊ တဿ၊ ထိုဝါဆိုသက်နိုး၏။ ကရဏံ၊ အကြောင်းအရာကို။ တေ။ အရှင်ဘုရားအား။ ယထာဝိနယံ။ဝိနည်းကျမ်းဂန်လာရှိသည်အားလျော်စွာ။ အဟံ၊အကျွန်ုပ်သည်။ ဗျာကရိဿာမိ။ ဖြေဆိုလျှောက်ကြားပါအံ့၊ ယထိစ္ဆိတံ။ အလိုတော်ရှိတိုင်း။ပုစ္ဆ၊ မေးတော်မူပါလော။

(၂) အဗ္ဘိမာဘိက္ခဝေ မာတိကာ။စီဝရဿ ဥပ္ပါဒါယ သီမာယဒေတိ။ ကထိကာယဒေတိ။ သိက္ခာ ပညတ္တိယာ ဒေတိ။ သံဃဿဒေတိ၊ ဥဘတော သံဃဿဒေတိ၊ ဝဿံဝုဋ္ဌ သံဃဿဒေတိ။အာဒိဿဒေတိ၊ပုဂ္ဂလဿဒေတိ။ ။ဟူ၍ဝိနည်းမဟာဝါပါဠိတော်မြတ်နိူင်း။ပညတ်တော်မူပေသောသက်နိုးဖြစ်ရာ ၅စ်ဖြာ

www.dhammaransi.com



သောမာတိကာပုဒ်တို့တွင်၊ ဝဿံဝုဋ္ဌာသံဃဿဒေတိ, ဟူသော မာတိကာပုဒ်မှာပါဝင်ပါသည်ဘုရား။

(၃) သစေသံဃဿ ကောသန္တိုဒေယျာစာတိ။ ဒွေစီဝရပဋ္ဌယာ ဟောန္တိ၊ ဟူသောံသေနာသနခန္ဓက အဋ္ဌကထာကျမ်းမြတ်၊ မိန့်အပ်သည်နှင့်အညီ၊ ဝါဆိုသက်နိုးအကျိုးငှါ။ ထာဝရလှူဒါန်း၍ ထားအပ်သော၊ လယ်, ယာ, ဥယျာဉ်စသည်တို့မှဖြစ်သော သံဃ ကဝါဆိုသက်နိုးဘမျိုး။ သမယအခါ။ ဆိုက်တိုက်လာမှ။ သန္တကုန် အားသမျှ လှူဒါန်းကြသောသန္တိုဒေယျဝါဆိုသက်နိုးတမျိုးဟူ၍။ ဝါဆိုသက်နိုးအပြား ၂ ပါးရှိပါသည်ဘုရား။

(၄) အာသဠိံ ဇုဏှပက္ခပဋ္ဌမိတောပဋ္ဌာယ ဝဿဝါသိကံ ဒါတုံ တဗ္ဗံ။ ဟူသောသေနာသန၊ ခန္ဓကအဋ္ဌကထာ၊ မိန့်အပ်သည် နှင့်အညီ။ ဝါဆိုသက်နိုးလှူဒါန်းသူ-ဒါယကာ, ဒါယိကာမတို့အား ဝါဆိုလဆန်း(၆)ရက်နေ့မှစ၍ရဟန်းယဟ်သာတော်တို့က။ နှိုးဆော် သမှု။ မေးမြန်းမှုကိုပြုရပါသည်ဘုရား။

(၅) ယတောပကတိယာလ ဗ္ဘတိ။ ဟူသောအဋ္ဌကထာပါဌ် နှင့်အညီ။ နှစ်စဉ်ထာဝရလှူနေကြဖြစ်သောဒါယကာ ဒါယိကာမ တို့ကိုသာ။ နှိုးဆော်သမှု၊ မေးမြန်းမှုကိုပြုခြင်းငှါ အပ်စပ်ပါသည် ဘုရား။

(၆) ကဒါစိဟိမနုဿာဒေန္တိ၊ အစရှိသောအဋ္ဌကထာပါဌ်နှင့် အညီ။ နှစ်စဉ်ထာဝရလှူနေကြပင်ဖြစ်သော်လည်း၊ အစာရေစာ ရှားပါးခြင်းအစရှိသော အကြောင်းကြောင့်၊ လုံးလုံးမလှူနိုင်ကြ သောနှစ်လည်းရှိပါသည်။ အချို့သူကသာလှူနိုင်၍၊ အချို့သူက မ လှူနိုင်သောနှစ်လည်းရှိပါသည်။ လှူနေကြမလျော့ ၃ပေါ့၍ အချိုအ ခက်သာလှူနိုင်ကြသောနှစ်လည်းရှိပါသည်၊ နိုင်ငံပြည်ရွာ။ သာ ယာဝပြောသ၍၊ လှူနေကြထက်ပို၍လှူလိုကြသောနှစ်လည်းရှိပါ သည်၊ တင်ကူး၍ မေးမြန်းခြင်းအမှုကိုမပြုဦးဘဲ။ လှူမြဲတိုင်းစာ ရင်းနှင့်တိုက်တွင်းရှိသံဃာတို့အား၊ ဝါဆိုသက်နိုးလက်မှတ်ကို ပေးအပ်ချထားခဲ့သည်ရှိသော်၊ သိတင်းဝါကျွတ်ခဲ့၍၊ သက်နိုးပွဲ

www.dhammaransi.com



သမယ။ ချိန်အခါကျလတ်သော်၊ လက်မှတ်နှင့်သက်နိုး။ သူတာလှမ်း ငါတနဲ့။ အလွဲလွဲအချော်ချော်၊ ဖြစ်တို့ရန်အရေးကို။ ရှေ့ဦးကမြင် မြော်၍။ နှိုးဆော်သမှု။ မေးမြန်းမှုကိုပြုရပါသည်ဘုရား။

(၇) အပဒ္ဓုဂတာယ အာသင္ဃယာ ပုရိမကော ဂါဟော တဗ္ဗော။ ဟူသောပါဠိတော်မြတ်။ ရခပါဌ်နှင့်အညီ။ တိုက်တာနေမ ဟာဝေးရှိသဗ္ဗာတို့။ ကျောင်းနေရာချမှတ်၊ ဝါဆိုသည့်ရက်မြတ် ဝယ်။ ကပ္ပိယသက်နိုး။ လှူဒါနိုးသူဒါယကာ၏ ခည်သညာနာမနှင့်။ စိဝရထည်ရေကို။ ငွေစက္ကူလွှင်လွှင်တွင်၊ ရွှေမင်နှင့်ရေးမှတ်၍။ ပေးအပ်ရပါသည်ဘုရား။

(၈) စိဝရဒါနသမယောနာမ၊ အနတ္ထုဝ္တေ ကထိနေ ဧကော ကတ္တိကမာသော။ ။ဟူသောပါဠိတော်မြတ်။ ရခပါဌ်နှင့်အညီ။ အဇ္ဈာဝေ့။ အာကာသေ၊ ငွေဘုံရဟာတ်၊ ရောင်နေဝင်းရုံ၊ ပြောင် လင်းထုံ။ စန်းယုံနတ်နှင့်။ နက္ခတ်တံခွန်။ ပုလဲဗုနှယ်။ ရှုစဘွယ် ကြယ်အပွန်တို့။ အဖုန်မြိုင်မြိုင်။ ဗဟိုမြင့်ဖြိုး။ စွင့်စွင့်မိုး၊ တန်ခိုး ရောင်ပြိုင်ကြသည့်။ ဂနိုင်အပြင်။ မြိုင်တခွင်။ အိုင်စဉ်တသျှောက်၊ ငါးမည်ကြာမျိုး။ ဖြာဖြာမိုး။ ဖြိုးဖြိုးမောက်လျှင်။ အံ့ဖွယ်သက်အမှု။ ဝေပြင်အလုံး၊ ပျားပိတုံးတို့။ အုံးအုံးသံဆူကြ၍။ ပြည်တော်သူ ပေါင်း။ ကြာလက်ရုံထိန်ဝေနှင့်။ ပင်္ကေမှာညောင်ရေလောင်း၍။ ဆု တောင်းသည့်သမယ။ သီတင်းကျွတ်လပြည့်ကျော် (၁) ရက် ထို နေ့မှ။ နောက်လပြည့်တန်းဆောင်မုန်း။ ဤတလလုံးလုံး၊ တပြည် လုံး၊ တမြို့လုံး။ အုန်းအုန်းဆူသိမ့်သိမ့်သဲ။ သာဝတ္ထိပြည်သူတို့။ သက်နိုးလှူသဘင် နွဲကြသည့်။ သက်နိုးပွဲသမယသည်။ ဘုရား လက်ထက်တော်မှစ၍၊ ယနေ့ထက်တိုင်ပင်။ ချစ်ရှင်မြတ်စွာ။ သာ သနာဝယ်။ အခါတွင်ဆန်း။ ရှင်မခန်းသည့်။ သက်နိုးပွဲသမယဖြစ် ပါသည်ဘုရား။

(၉) တေသံတေသံ သေနာသနေဘိက္ခူနံ။ ဝဿဝါသိကံဂါ ဟေတဗ္ဗံ။ ။ဟူသောအဋ္ဌကထာပါဌ်၊ မိန့်အပ်သည်နှင့်အညီ။ ဤ တိုက်ဤတာတွင်၊ ကျောင်းရှိသော ဒါယကာတို့၏ သက်နိုးကို။

www.dhammaransi.com



သူ့ကျောင်းနှင့်သူ့ ဝယ်အပ်ရပါသည်။ ။မနုဿာထူပ်ကတွာ ဝဿာဝါသိကံဂါဟာပေန္တိ၊အစရှိသောအဋ္ဌကထာပါဠိနှင့်အညီ၊ ကျောင်းမဟုတ်သောစေတီပုထိုးစသည်ရှိသောသူတို့၏သင်္ကန်းကို၊ထိုစေတီပုထိုးစသည်တို့အနီးအပါးနိုက်၊ ကျောင်းလက္ခဏာ ရှိသောသစ်ပင်မဏ္ဍာပ်များမှာ ကပ်၍ပေးအပ်ပါသည်၊ "ယေသံ ပနသေနာသနံ နတ္ထိ။ ကေဝလံပစ္စယာမေဝ ဒေန္တိ။ တေသံပစ္စယံ အဝဿဝါသိကေ သေနာသနေ ဂါဟေတုံဝဋ္ဋတိ"။ ဟူသောအဋ္ဌကထာပါဠိနှင့်အညီ။ ဤတိုက်ဤတာတွင်းမှာ၊ ထာဝရဝတ္ထု၊ ကံ္ဘုမ္မွမရှိသောသူတို့၏သင်္ကန်းကို၊ ကျောင်းဒကာမရှိ၍ ဝါဆိုသင်္ကန်းမရှိသောကျောင်းမှာဆက်ကပ်လှူဒါန်းရပါသည်ဘုရား။

(၁၀) တတြုပ္ပါဒေပန။ ကပ္ပိယကာရကာပုန္တ[?]တဗ္ဗာ။ ။ အစရှိသည်ဖြင့်လာသောအဋ္ဌကထာပါဠိနှင့်အညီ၊ ကပ္ပိယကာရက ပြုလုပ်သူတို့ကို မေးမြန်း၍။ ရဟန်းတော် တပါး တပါး လျှင် သင်္ကန်းလျာ ပိတ်ပုဆိုး မည်ရွေ့ မည်မျှ ကပ်လှူပါမည် ဆိုလျှင် ထိုသူတို့အဆိုအတိုင်းပေးအပ်ရပါသည်၊ သင်္ကန်းလျာပိတ်ပုဆိုး ကားမရှိ ရွှေငွေအသပြာ၊ ပိုက်ဆံ,ဒင်္ဂါး။ ပျောင်းစပါးသာ ရှိပါ သည်ဆိုလျှင်။ထိုရွှေငွေအသပြာ၊ ပိုက်ဆံဒင်္ဂါး၊ ပျောင်းစပါးဟူ သောဝေါဟာရသည်၊ စာရင်းလက်မှတ်ပေးအပ်ခြင်း၌အပ်စပ် သောဝေါဟာရမဟုတ်သည်ဖြစ်ပါ၍။ ဆန်ဟူသော ရှဋ္ဌမ[?]စကား ပိတ်ဖျင်ဟူသောရှဋ္ဌမ[?]စကားဖြင့်ရေးသားတင်မှတ်၍ပေးအပ်ရပါ သည်ဘုရား၊

(၁၁) သစေမနုဿာဝဒန္တိ၊ ယဿ အမှာကံ ဝဿ ဝါသိ ကံပါပုဏာတိ၊သောတေမာသံပါနိယံဥပဋ္ဌာပေတု။ အစရှိသော အဋ္ဌကထာပါဠိနှင့်အညီ။ ကျောင်းကိုသုမ်သင်ခြင်း၊ ကျောင်းတ လင်းကိုတံမြက်တလင်းလှည်းခြင်း၊ စေတီယင်ပြင် ဗောဓိ ယင် ပြင်တို့နိုက်တံမြက်တလင်းလှည်းခြင်း။ ဗောဓိပင်ကို နေ့စဉ် ရေ လောင်းခြင်းအစရှိသောဝတ်နိဗဒ်တို့ကို၊ ဝါတွင်း သုံးလပတ်လုံး အားထုတ်ကြရပါသည်ဘုရား။

www.dhammaransi.com



(၁၂) တေမာသံပါနိယံဥပဋ္ဌပေတွာ ဝိဟာရမဂ္ဂစေတိယင်္ဂဏဗောဓိယင်္ဂဏာနိ ဓဝိတွာ။ ဗောဓိရုက္ခေ ဥဒကံ သိဉ္စိတွာ ပဏ္ဏတ္တော ဝိဇ္ဇမန္တော ပိ, ဝဿဝါသိကံလဘတိယေဝ၊ ။ဟူသောအဋ္ဌကထာပါဠိ မိန့်အပ်သည်နှင့်အညီ။ ဝါတွင်းသုံးလပတ်လုံး။သေနာသနဝတ်။စေတီယင်္ဂဏဝတ်။ ဗောဓိယင်္ဂဏဝတ်တို့ကို ကောင်းမွန်စွာ ထားထုတ်ပြီးမှ။ သင်္ကန်းပွဲနေ့မတိုင်မီအကြား။ အရပ်တပါးသို့ပြောင်းသွားသောရဟန်း။လူ၏ဘောင်သို့သင်္ကန်းလျှောသောရဟန်းတို့သည်။ ထိုသင်္ကန်းကိုယူလိုသော် ရခြင်းငှါထိုက်ပါသည်ဘုရား။

(၁၃) ပစ္ဆိမဝဿုပနာယိ ကဒိဝသေပန။ သစေကာလံဂေါသေတွာ။သမ္မုခီဘူတေသံဿော၊ ။အစရှိသောအဋ္ဌကထာပါဠိနှင့်အညီ။ ဤတိုက်ဤတာတွင်။ဒုတိယဝါမှာမှဝါဆိုရသော ဒုတိယဝါသား။ရဟန်းများမှာ၊ ပထမဝါသားရဟန်းများနှင့်မခြား။ အတူယူထိုက်ရထိုက်ပါသည်။ ။ဝါးကျိုးဝါပျက်သောရဟန်းတို့မှာ။ ပကတိအားဖြင့်ရထိုက်သောအခွင့်မရှိ။ ကတိကဝတ်သော်လည်းရှိမှ။အပလောကနကံပြု၍ သော်လည်းပေးပါမှ ရထိုက်ပါသည်ဘုရား၊

(၁၄) ကတိကာယဒေတိ, သမ္ဗဟုလာ။ အာဝါသာသမဏာလာဘာပေဟာန္တိ၊ ။အစရှိသောပါဠိတော်မြတ်။ ရှုပါဠိနှင့်အညီ၊၂ တိုက် ၂ တာပင်ဖြစ်စေ၊ထိုထက်အလွန်ဆယ်တိုက်ဆယ်တာပင်ဖြစ်စေအညီအညွတ်ကတိကဝတ်ပြု၍ထားကြသောတိုက်တာချင်းချင်းဖြစ်ခဲ့ပါမူ၊ တခုသောတိုက်တာမှာ လှူဒါန်းသောဝါဆိုသင်္ကန်းအစရှိသောသံဃိကပစ္စည်း ဝတ္ထုများကိုတခြားတပါးသောတိုက်တာ၌၊ ဝါဆို ဝါကျွတ်သော ရဟန်းတို့သည်၊ ဤ တိုက်တာ နှိက် ဝါဆို ဝါကျွတ် သောရဟန်းတို့နှင့် မခြားမကွဲ၊ တတိုက်ထဲကဲ့သို့၊ တလုံးတစည်းထဲအညီအမျှရ ထိုက်ယူသောနည်းလမ်းသည်။ကျမ်းဂန်အထင်အရှားရှိပါသည်ဘုရား။

www.dhammaransi.com



(၁၅) အခါနေ့ကျော်။ ချိန်းချက်ရပေါင်း၊ ချိမ့်ချိမ့် ပြောင်းမျှ။ ကျောင်းသို့လာ၍လှူဒါန်းနည်းတပါး၊ မိမိတို့၏ဝါဆိုသင်္ကန်း ကျရောက်ရာရဟန်းကို။ စံခန်းနေရာ။ အိမ်ဂေဟာသို့ ပင့်ယူ၍လှူဒါန်းနည်းတပါးဟူ၍။ ၂-ပါးအပြားရှိပါသည်ဘုရား။

(၁၆) ဣဒံ ဝဿာဝါသိကံ။ အမှာကံသေနာသနေ ဝုဋ္ဌဘိက္ခူနံ ဒေမာတိ ဝုတ္တေ ယသ္မိံ ဂါဟိတံ တသ္မိံ ဝဿေ ပါ[illegible]။ အစရှိသောအဋ္ဌကထာပါဠိနှင့်အညီ၊ အပိုအမိုမပါ။ ဝါဆိုလဦးက။ စာရင်းချမှတ်ပေးသည့်အတိုင်းသာလှူဒါန်းသူဖြစ်ခဲ့လျှင်၊ ထိုသင်္ကန်း [illegible]သကာ၏ ကျောင်းပေါ်မှာဝါကျွတ်သော ရဟန်းတို့သာ ရထိုက်ပါသည်၊ ယင်းသို့မဟုတ်။ ဤကျောင်းပေါ်မှာ ဝါဆိုဝါကျွတ်သောအရှင်တို့အားလှူဒါန်းပါ၏ဆို၍လှူခဲ့လျှင်။ ထိုကျောင်းပေါ်မှာဝါကျွတ်သောရဟန်းတို့သာရထိုက်ပေသည်။ သို့သော်လည်းမဟုတ်ဤကျောင်းအားလှူပါ၏ဆို၍လှူဒါန်းခဲ့လျှင်တိုက်ရှိသံဃာပိုင်ဆိုင်ပါသည်ဘုရား၊

(၁၇) သစေပန ဥဘောပိ စာရံ နေတွာ ဘောဇေတွာ သယမေဝ ပါဒမူလေ ဌပေတွာ၊ ယံ ယဿ ဣန္တံ တဒေဝ တဿ ဟောတိ၊ ၊ဟူသောအဋ္ဌကထာပါဠိနှင့်အညီ၊ အိမ်သို့ပင့်ဆောင်၍ ဆွမ်းကွမ်းကျွေးမွေး၍ လှူဒါန်းသည်ရှိသော်။ ထိုရဟန်းတို့ သာမဏေတို့ပင်ရပါသည်ဘုရား၊

(၁၈) စီဝရမာသတော ပဋ္ဌာယ၊ ယာဝ ဟေမန္တဿ ပစ္ဆိမော ဒိဝသော၊ ၊အစရှိသောအဋ္ဌကထာပါဠိနှင့်အညီ၊ ထိုသို့ဆို၍လှူဒါန်းခဲ့သည်ရှိသော်။ ထိုတိုက်တာအတွင်း၊ ကထိန်ခင်းသည်ဖြစ်စေ မခင်းသည်ဖြစ်စေ။ ထိုတိုက်တာမှာဝါကျွတ်သောရဟန်းတို့ရထိုက်ပါသည်ဘုရား၊

(၁၉) ဂိမှာနံ ပဌမဒိဝသတော ပဋ္ဌာယ၊ ဝုတ္တေ ပန မာတိကာ အာရောပေတဗ္ဗာ၊ အစရှိသောအဋ္ဌကထာပါဠိနှင့်အညီ။ လွန်ခဲ့ပြီးသောအတိတ်ဝါကိုရည်၍လှူသလော။ သို့တည်းမဟုတ်။ လာလတံ့သောအနာဂါတ်ဝါကိုရည်၍လှူသလောဟုမေးမြန်း၍၊ အတိတ်

www.dhammaransi.com



ဂါကိုရည်ပါသည်ဆိုခဲ့လျှင်၊ အတိတ်ဝါကျွတ်သော ရဟန်းတို့ရ ထိုက်ပါသည်၊ အနာဂါတ်ဝါကိုရည်ပါသည်ဆိုခဲ့လျှင်၊ အလှူခံ၍ထားပြီးမှ၊ ဝါဆိုနေ့သို့ကျသောအခါ။ ဝေခြမ်း၍ ယူရပါသည် ဘုရား။

(၂၀) ထိုဒါယကာတို့၏ ဝါဆိုသင်္ကန်းကို။ ဝါဆိုနေ့တွင် သင်္ကန်း...တ် ခံယူရှိသော ရဟန်းတို့အား ပေးအပ်ရပါ သည်၊ ။ယေနဂဟိတံတေနဝဿဇ္ဈေဒါနကာတမ္ဗောကရော တိစေ ဇာံသံဃိကံဟောတိ။ ဟူသော-အဋ္ဌကထာဝိရဿိကွာပုဒ် အဋ္ဌကထာပါဠိနှင့်အညီ။ ဝါတွင်းအခါတွင် ထိုသင်္ကန်း...ကုန်သောရဟန်းတို့သည်။ ဝါပျက်ခြင်း။ ဝါကျိုးခြင်း မရှိပေရ။ ကောင်းမွန်စွာစောင့်ထိန်းပေါကုန်သည်၊ ဝါဆိုသင်္ကန်းဟူသော အမည်ဖြင့်၊ လှူဒါန်းသောသံဃိကသင်္ကန်းမည်သည်။ ဝါမပျက်။ ဝါမကျိုးသောရဟန်းတို့သာ ရထိုက်ပါသည်၊ ဝါကျိုးခြင်း ဝါပျက်ခြင်းရှိခဲ့သော် သံဃာကို ပြန်၍ တဘန်ပေးအပ် ရပါသည် ဘုရား။

(၂၁) ဂန္ဓမာဒန။ စိတြကူနှင့်၊ သုဒဿန။ စသည်အမွန်။ ဟေမဝန္တာ။ မဟာဂနိုင်။ မြှိုင်အတုလွတ်။ နဝဒတ်ဘွဲ့ဆိုင်။ နတ်ရေအိုင် ကျယ်ပြန့်တည်းလွှတ်လိုက်သည့်။ ကတွတ်ရေနှုယ်။ မြစ်ငယ်မြစ် ကြီးအသီးသီးတို့တွင်၊ အံ့ချီးမကုန်။ သာမျိုးရုံ။ ယမုန်ဂင်္ဂါ။ စံဘွယ်မာ ဖြင့်၊ သလ္လာဝတီအမည်ရှိသော။ နဒီရေရှင်။ မြစ်စဉ်တလျှောက်။ ကောက်ကောက်စင်းစင်း။ ရေပ်ခပင်းငယ်၊ သတင်းမြိုးမော်၊ ဟိုး ဟိုးကျော်လျက်။ ရှင်ကော်ဘုရား။ မိန့်ပေါ်ကြား။ သုံးပါးသာသနာ၊ အဝါပြောင်ပြောင်။ အရောင်ရွှန်းရွှန်း၊ အစဉ်တွန်းလျက်၊ တောင် ကျွန်းဗေယျုံ။ သပြေဘုံထက်။ မဂ္ဂါ-လှေကူး။ အထူးကြေညာ၊ ရပ်ဂါမာ၊ သဒ္ဒါပွင့်လင်း၊ နှလုံးစင်းသည့်၊ သိတင်းဥပုသ်သည် ဒါယကာ,ဒါယိကာမအပေါင်းတို့ဘွတ်ညောင်းကြည်ဖြူ၊ ...ရာဘေး။ ခန္ဓာနှင့်ဝေးစေဘို့၊ အရေးယူလျက်။ နိဗ္ဗူသောင်ကမ်း၊ ...သမ်းသည့်ဖေးချမ်းရာမှန်၊ ပြည်နိဗ္ဗာန်သို့၊ လျင်မြန်ရောက်

www.dhammaransi.com



ကြောင်း။ ကုသိုလ်စောဖြစ်။ သောမနဿကို၊ မပြတ်လောင်းလျက် အပေါင်းတူရုံ။ မဂ္ဂင်ရှစ်ယာဉ်တော်မှာ။ ရွှင်ပျော်ပျော်အတူဆုံ၍။ ခေမာဘုံနန်းအမတကိုလှမ်းကြမည်ကြံခဲလျက်။ ထူးကဲသည့်ပုည ခုဝါတွင်းသုံးလပတ်လုံး။ နေ့ညဥ့်စဥ်မပြတ်၊ သင်္ကန်းစိတ်စော ဖြစ်နှင့်။ သောမနဿ ရွှင်ရွှင်။ သူ့ထက်ငါပြိုင်ဆင်၍စိမ့်ခါယက် ချုပ်။ ရွှေဖန်ရေဆိုးအုပ်၍။ ပြုလုပ်လှူဒါန်းသောသ[illegible]ဒ်ပါသည် ဘုရား။

ဝါဆိုသင်္ကန်းအမေးအဖြေပြီး၏။

---

## လယ်တီပုဏ္ဏာအဖြေပေါင်းချုပ်ကျမ်းကြီး
## ပထမတွဲ — ဤတွင်ပြီးပြီ။

ဒုတိယတွဲရိုက်ဆဲမှာ၊ ။အလွန်တရာခဲခက်သောပုစ္ဆာရပ် အမျိုးမျိုးနှင့်။ ဗုဒ္ဓဘာသာလူမျိုးတို့အပေါ်တွင်။ မောက်မော်စော် ကား။ ပလွှားသော-ဘာသာတပါးတို့၏ကျမ်းစာအယူတို့ကို။ နှာ သံမထူနိုင်အောင်။ ဘက်ပြိုင်ယှဉ်ပြ၊ နှိပ်နယ်ဖြေရှင်းခြင်းစသော၊ ယထာဓမ္မဝိနိစ္ဆယအမျိုးမျိုးဘို့ပါရှိပါသဖြင့်။ ယခုကြိုဇောင်၍၊ တင်ရင်လက်မှတ်ရေးထိုးထားတော်မူကြရန်၊ တောင်းပန်ဘော်ပြ လိုက်ပါသည်။

မန်နေဂျာ၊

လယ်တီတရားသတင်းစာတိုက်။

နံပါတ် ၄၇—၅၁, လမ်း—ရန်ကုန်မြို့၊

